ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏

ပရမတ္ထသံခိပ်ကျမ်းကို

လယ်တီ ပဏ္ဍိတ-ဆရာဦးမောင်ကြီး *M.A.*

ဖွင့်ဆိုရေးသားအပ်သော

# ပရမတ္ထသံခိပ်ဋီကာ

( ဒုတိယတွဲ )

ဘုံပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ ခရစ် ၁၉၇၅

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏

ပရမတ္ထသံခိပ်ကျမ်းကို

လယ်တီ ပဏ္ဍိတ-ဆရာ ဦးမောင်ကြီး *M.A.*

ဖွင့်ဆိုရေးသားအပ်သော

# ပရမတ္ထသံခိပ်ဋီကာ

( ဒုတိယတွဲ )

ဘုံပိုင်း၊ ရုပ်ပိုင်း၊ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၁၉ ကောဇာ ၁၃၃၇ ခရစ် ၁၉၇၅

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A..,M.S.,B.L.
(မှတ်ပုံတင်အမှတ် ၀၇၇၉/၀၅၂၂) က ပုံနှိပ်ထုတ်ဝေသည်။

# နိဒါန်း

## အဘိဓမ္မာနှင့် အဘိဓမ္မာဂန္ထန္တရများ

(မိလိန္ဒမင်း) အို-အရှင်နာဂသိန်၊ ဗုဒ္ဓရှင်တော်ဘုရား ပြုလုပ်တော်မူခဲ့သည့် ခဲယဉ်းသော အရာ ရှိပါသလားဘုရား။

(အရှင်နာဂသိန်) ရှိပါသည်။

(မိလိန္ဒမင်း) ရှိလျှင် အဘယ်အရာပါနည်း။

(အရှင်နာဂသိန်) ဗုဒ္ဓရှင်တော်ဘုရားသည် အာရုံတခုတည်းတွင် ဖြစ်ကြသည့် နာမ်တရားဖြစ်ကြသော ဤစိတ် စေတသိက်တရားများကို "ဤတရားသဘောကား ဖဿပေတည်း၊ ဤတရားသဘောကား ဝေဒနာပေတည်း၊ ဤတရားသဘောကား သညာပေတည်း၊ ဤတရားသဘောကား စေတနာပေတည်း၊ ဤတရားသဘောကား စိတ်ပေတည်း" ဟု ပိုင်းခြားဝေဖန်ကာ ဟောတော်မူခြင်းမှာ ခဲယဉ်းစွာ ပြုရသည့် အရာမည်ပါသည်။

(မိလိန္ဒမင်း) ဥပမာပြုတော်မူပါဦးဘုရား။

(အရှင်နာဂသိန်) မင်းကြီး။ ယောကျ်ားတဦးဦးသည် လှေဖြင့် မဟာသမုဒ္ဒြာအတွင်းသို့ သက်ဝင်ပြီးနောက် လက်ခုပ်ဖြင့် ရေကိုယူကာ "ဤရေသည် ဂင်္ဂါမြစ်ရေတည်း၊ ဤရေသည် ယမုနာမြစ်ရေတည်း၊ ဤရေသည် သရဘူမြစ်ရေတည်း၊ ဤရေသည် မဟီမြစ်ရေတည်း"ဟု သိနိုင်ရာပါသလား။

(မိလိန္ဒမင်း) သိနိုင်စရာ မရှိပါဘုရား။

(အရှင်နာဂသိန်) မင်းကြီး။ အာရုံတခုတည်းတွင် ဖြစ်ကြသည့် နာမ်တရားဖြစ်ကြသော ဤစိတ် စေတသိက်တရားများကို။ပ။ ပိုင်းခြားဝေဖန်ကာ ဟောကြားတော်မူရခြင်းမှာ ဤရေကို အသိခက်သည်ထက် အလွန်ခဲယဉ်းစွာ ပြုတော်မူသည့်အရာ ဖြစ်ပါသည်။

(မိလိန္ဒမင်း) ကောင်းလှပါပေ၏ အရှင်ဘုရား။

အထက်ပါ မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့၏ မေးဖြေပုံ စကားများကို ထောက်ထားခြင်းအားဖြင့် အဘိဓမ္မတ္ထသဘာဝတို့၏ ခက်ခဲ နက်နဲပုံကိုရင်း၊

အဘိဓမ္မတ္ထသဘာဝတို့ကို ထုတ်ဖော်ဟောကြားရန် ခက်ခဲပုံကိုငင်း၊ ထိုအဘိ-ဓမ္မတ္ထသဘာဝတို့၏ တည်ရာ အဘိဓမ္မပိဋကာ၏ ခက်ခဲနက်နဲပုံကိုငင်း သိသာနိုင်ပေသည်။

သုတ္တန်ပိဋကသည်ကား သတ္တဝါတို့၏ အလိုအဇ္ဈာသယစသည်တို့ကို လိုက်၍ ဟောကြားတော်မူသော ဒေသနာတော်တို့၏ တည်ရာဖြစ်ပေသည်။ အဘိဓမ္မပိဋကသည်ကား မည်သည်ကိုမှ မငဲ့ဘဲ ယထာဓမ္မသဘာဝရှိသည့်အတိုင်း အကြွင်းအကျန်မရှိ ဟောကြားတော်မူသော စကားတော်တို့၏ တည်ရာဖြစ်ပေသည်။ ထိုသို့ သုတ္တန်ပါဠိတော် (စကားစဉ်) ထက် သာလွန်ထူးခြားသော ပါဠိတော် (စကားစဉ်) ဖြစ်သောကြောင့် အဘိဓမ္မာဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ထိုအချက်ကို အတန်ငယ် ပြပါဦးအံ့— သုတ္တန်ပါဠိတော်ဝယ် ခန္ဓာငါးပါး ဆိုလျှင် တစိတ်တဒေသအားဖြင့်သာ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရပေလိမ့်မည်။ အဘိဓမ္မာ၌ကား သုတ္တန္တဘာဇနီနည်း, အဘိဓမ္မဘာဇနီနည်း, ပဥှပုစ္ဆကနည်းများဖြင့် အကြွင်းအကျန်မရှိ စုံစုံလင်လင် ဟောကြားတော်မူရကား သုတ္တန်ပါဠိတော် (စကားစဉ်) ထက် သာလွန်ထူးခြားပုံကို တွေ့ရမည်ဖြစ်၏။ ထို့အတူ သုတ္တန်အရာဝယ် အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ဣန္ဒြေ ၂၂-ပါး၊ အင်္ဂါ ၁၂-ပါးရှိ ပစ္စယာကာရ (=ပဋိစ္စသမုပ္ပါဒ်) တို့ကို တစိတ်တဒေသ အားဖြင့်သာ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရမည်ဖြစ်၏၊ အဘိဓမ္မာပါဠိတော်၌ကား အကြွင်းမရှိ ဝေဖန်ဟောကြားတော်မူပုံများကို တွေ့ရမည်ဖြစ်၏၊ ဤသို့လည်း သုတ္တန်ဓမ္မထက် သာလွန်ထူးခြားသည့် ဓမ္မဖြစ်သောကြောင့် အဘိဓမ္မ (အဘိဓမ္မာ) ဟု ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ထို့ပြင် အဘိဓမ္မတ္ထသဘာဝ၏ ဂမ္ဘီရဂုဏ်နှင့် ပြည့်စုံကြောင်းကို သိသာစေရန် သာဂရလေးမျိုး (ပင်လယ်လေးမျိုး) ကိုလည်း သိမှတ်သင့်ပေသည်။

( ၁ ) သံသာရသာဂရ=သံသရာပင်လယ်။ ( ၂ ) ဇလသာဂရ=ရေပြင်ပင်လယ်။ ( ၃ ) နယသာဂရ=နည်းပင်လယ်။ ( ၄ ) ဉာဏသာဂရ= ဉာဏ်ပင်လယ်ဟူ၍ ကျယ်ဝန်းနက်နဲလှသော ပင်လယ်ကြီး လေးမျိုးရှိလေသည်။

ထိုလေးမျိုးတို့တွင် ခန္ဓာ, အာယတန, ဓာတ်တို့မပြတ်ဖြစ်ပွါးနေသည့်အစဉ်ကို သံသရာပင်လယ် (=သံသာရ သာဂရ) ဟု ခေါ်လေသည်။ ဤသတ္တဝါများ ဘယ်အခါက စတင်ဖြစ်ပွါးခဲ့သည်ဟု မသိနိုင် (မပိုင်းခြားနိုင်) ရကား ကျယ်ဝန်းနက်နဲလှပုံကို ခန့်မှန်းနိုင်ပေသည်။

ရှစ်သောင်းလေးထောင် သီခေါင်နက်ကျယ် ပင်လယ်ကြီးမျိုးကို ရေပင်လယ် (=ဇလ သာဂရ)ဟု ခေါ်လေသည်။ ထိုပင်လယ်ကြီး၌ ရေတင်းပေါင်း အရာ ဟူ၍၎င်း, အထောင်ဟူ၍၎င်း, အသောင်း အသိန်းဟူ၍၎င်း နှိုင်းယှဉ်ဖွယ်ရာ ပမာဏပြုနိုင်ဖွယ်ရာမရှိ၊ အသင်္ချေယျ အပ္ပမေယျသာလျှင် ဖြစ်ပေသည်။

နိကာယ်ငါး၀ ပိဋကသုံးပုံ ဟူသော ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်ကို နည်းပင်လယ်(=နယသာဂရ)ဟု ခေါ်ဝေါ်လေသည်။

သဗ္ဗညုတဉာဏ်တော်ကို ဉာဏ်ပင်လယ် (=ဉာဏသာဂရ) ဟု ခေါ်ဝေါ်၏၊ "ဤကား သံသရာပင်လယ်ဖြစ်သည်၊ ဤကား ရေပင်လယ်ဖြစ်သည်၊ ဤကား နည်းပင်လယ်ဖြစ်သည်"ဟု အခြားသော ဉာဏ်မျိုးဖြင့် စုံလင်စွာ ခွဲခြား သိမြင် နိုင်စွမ်း မရှိနိုင်ချေ။ သဗ္ဗညုတဉာဏ်ဖြင့်သာ ပြည့်စုံစွာ ခွဲခြား သိမြင်နိုင်စွမ်း ရှိသည်။ ထို့ကြောင့် သဗ္ဗညုတဉာဏ်သည် ဉာဏ်ပင်လယ် မည်လေသည်။

ထိုသို့ ကျယ်ဝန်းနက်နဲတော်မူလှသော သဗ္ဗညုတဉာဏ်တော်ဖြင့် ပိုင်းခြား ဝေဖန်၍ ဟောပြတော်မူရာ နယသာဂရ ဉာဏ်ပင်လယ်ကြီးတွင် သုတ္တန္တပါဠိ ထက် သာလွန်ထူးခြားသည့် အဘိဓမ္မပါဠိတော်သည် ကျမ်းအားဖြင့် (၁) ဓမ္မသင်္ဂဏီ၊ (၂) ဝိဘင်း၊ (၃) ဓာတုကထာ၊ (၄) ပုဂ္ဂလပညတ်၊ (၅) ကထာဝတ္ထု၊ (၆) ယမိုက်၊ (၇) ပဋ္ဌာန်းဟူ၍ ၇-ကျမ်းရှိလေသည်။

ထို ၇-ကျမ်းတို့တွင် ဓမ္မသင်္ဂဏီပါဠိတော်၌ (၁) စိတ္တဝိဘတ္တိ=၈၉-ပါးသော စိတ်တို့ကို ဝေဖန် ဟောပြရာ စကားစဉ် (=စိတ္တုပ္ပါဒကဏ္ဍ)။ (၂) ရူပ-ဝိဘတ္တိ=ရုပ်တို့ကို ဝေဖန်ဟောပြရာ စကားစဉ် (=ရူပကဏ္ဍ)။ (၃) နိက္ခေပ-ရာသိ=မူလ,ခန္ဓ,ဒွါရ,ဘူမိစသည်ဖြင့် ချုံး၍ထားရာ တရားစု (=နိက္ခေပကဏ္ဍ)။ (၄) အတ္ထုဒ္ဓါရ= ပိဋက သုံးပုံဟူသော ဗုဒ္ဓစကားတော်၏ အနက်ကို ထုတ်ဖော်ပြဆိုရာ အဋ္ဌကထာကဏ္ဍဟူ၍ အပိုင်းကြီး လေးပိုင်းတို့ဖြင့် ဝေဖန် ဟော ကြားတော်မူသည်။

ဝိဘင်းပါဠိတော်၌ (၁) ခန္ဓဝိဘင်း၊ (၂) အာယတနဝိဘင်း၊ (၃) ဓာတုဝိဘင်း၊ (၄) သစ္စဝိဘင်း၊ (၅) ဣန္ဒြိယဝိဘင်း၊ (၆) ပစ္စယာကာရ= ပဋိစ္စသမုပ္ပါဒဝိဘင်း၊ (၇) သတိပဋ္ဌာနဝိဘင်း၊ (၈) သမ္မပ္ပဓာနဝိဘင်း၊ (၉) ဣဒ္ဓိပါဒဝိဘင်း၊ (၁၀) ဗောဇ္ဈင်္ဂဝိဘင်း၊ (၁၁) မဂ္ဂင်္ဂဝိဘင်း၊ (၁၂) ဈာနဝိဘင်း၊ (၁၃)အပ္ပမညာဝိဘင်း၊ (၁၄) သိက္ခာပဒဝိဘင်း၊ (၁၅) ပဋိ-သမ္ဘိဒါဝိဘင်း၊ (၁၆) ဉာဏဝိဘင်း၊ (၁၇) ခုဒ္ဒကဝတ္ထုဝိဘင်း၊ (၁၈) ဓမ္မ-ဟဒယဝိဘင်းဟူ၍ ၁၈-ပိုင်းခွဲကာ ဝေဖန် ဟောကြားတော်မူသည်။ (ဣန္ဒြိယ ဝိဘင်း၌ သုတ္တန္တဘာဇနီ မရှိခြင်း၊ ပစ္စယာကာရဝိဘင်း၌ ပဉှပုစ္ဆက မရှိခြင်း၊

သိက္ခာပဒဝိဘင်း၌ သုတ္တန္တဘာဇနီမရှိခြင်းမှတပါး ဤဝိဘင်းတို့၌ ဆိုခဲ့သော နည်း ၃-နည်းတို့ဖြင့် အပြည့်အစုံ ဟောကြားထားသည်ကို တွေ့ရမည်ဖြစ်၏)။

ဓာတုကထာပါဠိတော်၌ (၁) သင်္ဂဟော အသင်္ဂဟော၊ (၂) သင်္ဂဟိတေန အသင်္ဂဟိတံ၊ (၃) အသင်္ဂဟိတေန သင်္ဂဟိတံ၊ (၄) သင်္ဂဟိတေန သင်္ဂဟိတံ၊ (၅) အသင်္ဂဟိတေန အသင်္ဂဟိတံ၊ (၆) သမ္ပယောဂေါ ဝိပ္ပယောဂေါ၊ (၇) သမ္ပယုတ္တေန ဝိပ္ပယုတ္တံ၊ (၈) ဝိပ္ပယုတ္တေန သမ္ပယုတ္တံ၊ (၉) သမ္ပယုတ္တေန သမ္ပယုတ္တံ၊ (၁၀) ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တံ၊ (၁၁) သင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ (၁၂) သမ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံ၊ (၁၃) အသင်္ဂဟိတေန သမ္ပယုတ္တံ ဝိပ္ပယုတ္တံ၊ (၁၄) ဝိပ္ပယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံဟူသော ၁၄-ချက်တို့ဖြင့် ဝေဖန် ဟောကြားတော်မူထားပုံကို တွေ့ရမည် ဖြစ်၏။

ပုဂ္ဂလပညတ်ပါဠိတော်၌ (၁) ခန္ဓပညတ်၊ (၂) အာယတနပညတ်၊ (၃) ဓာတုပညတ်၊ (၄) သစ္စပညတ်၊ (၅) ဣန္ဒြိယပညတ်၊ (၆) ပုဂ္ဂလပညတ် ဟူသော ခြောက်မျိုးတို့ဖြင့် ဝေဖန် ဟောကြားတော်မူချက်များကို တွေ့ရမည် ဖြစ်၏။

ကထာဝတ္ထုပါဠိတော်၌ သကဝါဒဆိုင်ရာ သုတ်ပေါင်းငါးရာ၊ ပရဝါဒဆိုင်ရာ သုတ်ပေါင်းငါးရာ နှစ်ရပ်ပေါင်း သုတ်ပေါင်း တထောင်တို့ကို ချုံးကာ ဝေဖန် ထားချက်များကို တွေ့ရမည်ဖြစ်၏။ (၎င်းမှာ မူလစကားစဉ်အားဖြင့် ယခု လက်ရှိ ပေမူ စာအုပ်မူများအတိုင်း မဟုတ်ချေ။ မူရင်း သံဂါယနာတင်စဉ်က ဒီဃနိကာယ် သုတ်သုံးကျမ်းမျှ ပမာဏရှိလေသည်၊ ၎င်းကို တဖန် အကျယ်ချဲ့ ပြန်လျှင် အခြား အဘိဓမ္မာကျမ်းများအတိုင်း အနန္တ အပရိမာဏ ဖြစ်လေ သည်)။

ယမိုက်ပါဠိတော်၌ (၁) မူလယမိုက်၊ (၂) ခန္ဓယမိုက်၊ (၃) အာယ- တနယမိုက်၊ (၄) ဓာတုယမိုက်၊ (၅) သစ္စယမိုက်၊ (၃) သင်္ခါရယမိုက်၊ (၇) အနုသယ ယမိုက်၊ (၈) စိတ္တယမိုက်၊ (၉) ဓမ္မယမိုက်၊ (၁၀) ဣန္ဒြိယ ယမိုက်ဟူသော ဆယ်ချက်တို့ဖြင့် ဝေဖန် ဟောကြားတော်မူထားပုံများကို တွေ့ရမည်ဖြစ်၏။

ပဋ္ဌာန်းပါဠိတော်၌ (၁) ဟေတုပစ္စည်း၊ (၂) အာရမ္မဏပစ္စည်းစသော ပစ္စည်းအားဖြင့် ဦးစွာ ၂၄-ပစ္စည်းမျှ ဝေဖန် ဟောကြားတော်မူထားပုံတို့ကို တွေ့ရမည်ဖြစ်၏။

**ဓမ္မအနုလောမ** ၆-ကျမ်း၊ ပစ္စနီယလောမ ၆-ကျမ်း၊ အနုလောမပစ္စနီယ ၆-ကျမ်း၊ ပစ္စနီယာနုလောမ ၆-ကျမ်းအားဖြင့် ၂၄-ကျမ်းရှိလေသည်၊ ထို့ကြောင့် ပဋ္ဌာန်း ၂၄-ကျမ်းဟုလည်း အတိုကောက် ခေါ်ဝေါ်လေ့ရှိကြသည်။

ထိုအဘိဓမ္မာ ၇-ကျမ်း၏အဖွင့် အဋ္ဌကထာများကို(ရှေးဟောင်း အဋ္ဌကထာ များနှင့်တကွ အဘိဓမ္မပိဋကမှတပါးဖြစ်သော အခြား ပိဋကပါဠိတော်တို့ကို မှီငြမ်းပြုကာ) ဒုတိယအဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသက ပြုစုတော် မူခဲ့လေသည်။ ထိုသို့ ပြုစုတော်မူရာဝယ်—

(၁) ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့်အဋ္ဌကထာကို "အဋ္ဌသာလိနီ"ဟူ၍ရှင်း။

(၂) ဝိဘင်းပါဠိတော်၏ အဖွင့်အဋ္ဌကထာကို သမ္မောဟဝိနောဒနီဟူ၍ရှင်း အမည်မှည့်ကာ ပြုစုတော်မူခဲ့လေသည်၊ ထို ၂-ကျမ်းတို့ကို စူဠဗုဒ္ဓ-ဃောသ တောင်းပန်သဖြင့် ရေးသားပြုစုခြင်းဖြစ်ကြောင်းကိုလည်း ဖော်ပြတော်မူခဲ့လေသည်။

(၃) ကျန်ခါတုကထာစသော ငါးကျမ်းတို့၏ အဖွင့်အဋ္ဌကထာများကိုမူ အမည်သီးခြား မပေးတော့ဘဲ ရေးသား ပြုစုတော်မူခဲ့လေသည်။ ဤ အဘိဓမ္မာ ငါးကျမ်းကို ဖွင့်ဆိုသည့် အဋ္ဌကထာများကို ယခုအခါ 'ပဉ္စပကရဏ' - ဝါ 'ပဉ္စပကြိုဏ်'ဟု ခေါ်တွင် မှတ်သားကြလေသည်။ ကျဉ်းကျဉ်းမျှသာ ပြုစုတော်မူခဲ့သောကြောင့် အမည်အထူး မပေး ခဲ့ဟန်တူလေသည်၊ မည်သူ တောင်းပန်၍ ရေးရကြောင်းကိုလည်း ဖော်ပြတော်မမူခဲ့ချေ။ ပဋ္ဌာန်း အဋ္ဌကထာ နိဂုံးတွင် "သဒ္ဓါယ သမာရဒ္ဓါ"ဟု ပါသည်ကို ထောက်သဖြင့် စေတနာသဒ္ဓါအလျောက် ရေးသားခြင်းဖြစ်သည်-ဟု ယူဆဖွယ်ရှိလေသည်။

ထိုအဋ္ဌကထာတို့၏ အဖွင့်ဋီကာများကို အာနန္ဒ (အာနန္ဒာ) မည်သော အရှင်မြတ်က ပြုစုတော်မူခဲ့လေသည်။ ၎င်းဋီကာများကို ဗုဒ္ဓပိဋကဆိုင်ရာဋီကာ တို့တွင် အဦးအစ အရင်းမူလဖြစ်သောကြောင့် မူလဋီကာဟု ခေါ်ဝေါ်လေ့ ပြုကြလေသည်။

တဖန် ထိုမူလဋီကာ၏ အဖွင့်ကို ဇမ္ဗူဒိပ်တောင်ပိုင်း (=ဒက္ခိဏဇမ္ဗူဒီပ) နာဂပဋ္ဋနမြို့ ဆီးပင်ဆိပ်ကျောင်းနေ (=ဗဒရတိတ္ထဝိဟာရဝါသီ) အာစရိယ-ဓမ္မပါလ အရှင်မြတ်က ပြုစုတော်မူခဲ့ပြန်လေသည်။ အနုဋီကာဟူ၍ ခေါ်ဝေါ် ထင်ရှားလေသည်။ အာစရိယဓမ္မပါလကို ဒုတိယအဋ္ဌကထာဆရာကြီးဟုလည်း ခေါ်ကြသည်။

ထို့ပြင် ပင်းယခေတ်၌ မြို့သစ်မြို့(=အဘိနဝပုရ) ပိန္နဲပင်ကျောင်းတိုက်တော်နေ(=ပနသာရာမဝါသီ)အရှင်ဉာဏကိတ္တိအရှင်မြတ်၏ ယောဇနာကျမ်းများနှင့် ဂူဠတ္ထဒီပနီဂဏ္ဌိ၊ အရှင်တိလောကဂုရုဆရာတော်၏ ဓာတုကထာ ဋီကာဝဏ္ဏနာ။ ဟံသာဝတီမြို့ စောင်းတူဆရာတော် အရှင်မဟာနာမထေရ်၏ မဓုသာရတ္ထဒီပနီ(=မဓုဋီကာ)စသော ကျမ်းများလည်း ပေါ်ထွက်ခဲ့လေသည်။

(ထိုမှတပါး မြန်မာဘာသာဂဏ္ဌိကျမ်းများ, နိဿယကျမ်းများ, အကောက်ကျမ်းများ ရှိသေးသော်လည်း ကျယ်မည်စိုး၍ မပြလိုက်ပါ)။

## လက်သန်းအဋ္ဌကထာများ

ထိုသို့ ရှေးဆရာတို့သည် အဘိဓမ္မာ ၇-ကျမ်း၏ အဖွင့်ကျမ်းများကိုသာမက အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းရုံး၍ ပြဆိုရာ အဋ္ဌကထာကလေးများကိုလည်း ပြုစုတော်မူခဲ့ကြပေကုန်၏။

ထိုအဋ္ဌကထာကလေးများကို (၁) စကားပြေသက်သက်ဖြင့်ဖြစ်စေ (၂) ဂါထာများဖြင့်ဖြစ်စေ (၃) ဂါထာစကားပြေ ၂-မျိုးလုံး ရောနှော၍ဖြစ်စေ ရေးသားပြုစုတော်မူခဲ့ကြလေရာ ၎င်းတို့ကို မြန်မာတို့က **လက်သန်းအဋ္ဌကထာများ**ဟု ခေါ်ဝေါ်လေ့ပြုခဲ့ကြလေသည်။

မြန်မာဘာသာ လက်သန်း အဋ္ဌကထာဟု ခေါ်ဝေါ်ကြသည်မှာ လက်မ လက်သန်းဟူသကဲ့သို့ အကျဉ်းချုပ်မျှသာ ဖော်ပြသည့် ကျမ်းငယ်မျိုးဖြစ်သောကြောင့် ခေါ်ဝေါ်ဟန်တူသည်ဟု နန်းမတော်ဝန် ပိဋကတ်တော်အုပ်မင်း ဦးယံက ဖော်ပြခဲ့လေသည်။

အချို့ဆရာကြီးများကမူ အကျဉ်းအချုပ်မျှသာ(မှတ်သားအပ်သောကျမ်း) မျိုးဖြစ်သောကြောင့် လက္ခဏ်း=လက္ခန်းဟု ခေါ်ရာမှ လက်သန်းဖြစ်လာခဲ့မည်ဟု ကြံဆကြလေသည်။

သို့ရာတွင် အကျဉ်းရုံးသည့်ကျမ်းတိုင်းကို လက်သန်းအဋ္ဌကထာဟု မခေါ်ကြောင်း သတိပြုအပ်ပေသေးသည်၊ အကျဉ်းရုံးသည်ဟုဆိုသော်လည်း အထိုက်အလျောက် အကျဉ်းရုံးမှုမျိုးကို လက်သန်းအဋ္ဌကထာဟု ခေါ်လေ့မရှိပေ၊ များစွာ ကျက်လွယ်-သင်လွယ်-ဆောင်လွယ် မှတ်လွယ်စေရန် အကျဉ်းရုံးသည့် အဋ္ဌကထာမျိုးကိုမှ လက်သန်းအဋ္ဌကထာဟု ခေါ်ဝေါ်လေ့ရှိခဲ့ကြပေသည်။

ဉပမာ-အရှင်မဟာဗုဒ္ဓဃောသပင် ပြုစုတော်မူသည့် ဝိသုဒ္ဓိမဂ်သည် သုတ္တန်, ဝိနည်း, အဘိဓမ္မာဟူသော တိပိဋကပါဠိ အဋ္ဌကထာများကို တကျမ်းတည်းဖြင့် အကျဉ်းရုံးထားသောကျမ်းဖြစ်ပေ၏၊ သို့ရာတွင် များစွာပြောပလောက်အောင်

မကျဉ်းသေး မသေးငယ်သေးသဖြင့် ဝိသုဒ္ဓိမဂ်ကို လက်သန်းအဋ္ဌကထာဟု မည်သည့်အခါကမျှ မခေါ်ဝေါ်ခဲ့ကြပေ။

ထို့ထက် ထင်ရှားအောင်ပြရပါလျှင် အရှင်ဗုဒ္ဓဒတ္တ, အရှင်ဗုဒ္ဓဃောသ, အရှင်ဓမ္မပါလတို့၏ အဋ္ဌကထာများမှ ထုတ်နုတ်၍ အမည်မသိ ဆရာတော်တပါးက သုတ္တသင်္ဂဟအဋ္ဌကထာကိုငင်း၊ သီဟိုဠ်မဟာဝိဟာရကျောင်းတိုက်နေ အရှင်ဗုဒ္ဓပိယ၏တပည့် အရှင်သိဒ္ဓတ္ထက သာရတ္ထသင်္ဂဟအဋ္ဌကထာကိုငင်း အကျဉ်းရုံးကာ ပြုစုတော်မူခဲ့ကြလေသည်၊ သို့ရာတွင် ထိုကျမ်းများသည် ပြောပလောက်အောင် များစွာ အကျဉ်းရုံးကာ ရေးသားပြုစုကြသည့် ကျမ်းများ မဟုတ်ကြပေ၊ ထို့ကြောင့် လက်သန်းဟု မခေါ်ဝေါ်ခဲ့ကြပေ။

သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတြာသည် ဝိနည်းအဋ္ဌကထာများကို အကျဉ်းရုံးကာ "ပါဠိမုတ္တက-ဝိနိစ္ဆယ"များစွာတို့ကို ထည့်သွင်းလျက် ဝိနယသင်္ဂဟမည်သော အဋ္ဌကထာကို ပြုစုတော်မူခဲ့လေသည်၊ ထိုဝိနယသင်္ဂဟ အဋ္ဌကထာကိုမူ ဝိနည်းသင်္ဂြိုဟ်ဟူ၍ငင်း ဝိနည်းလက်သန်းဟူ၍ငင်း အနည်းအကျဉ်းမျှသာ ခေါ်ဝေါ်ခဲ့ကြလေသည်။

ယနေ့အထိ ထင်ရှားသော လက်သန်းအဋ္ဌကထာများမှာ အောက်ပါအတိုင်း ဖြစ်လေသည်—

(၁) အဘိဓမ္မတ္ထသင်္ဂဟ (အနုရုဒ္ဓါ)
(၂) ပရမတ္ထဝိနိစ္ဆယ (အနုရုဒ္ဓါ)
(၃) နာမရူပပရိစ္ဆေဒ (အနုရုဒ္ဓါ)
(၄) အဘိဓမ္မာဝတာရ (ဗုဒ္ဓဒတ္တ)
(၅) ရူပါရူပဝိဘာဂ (ဗုဒ္ဓဒတ္တ)
(၆) သစ္စသင်္ခေပ (ဓမ္မပါလ)
(၇) ပရမတ္ထဗိန္ဒု (ကျစွာမင်းကြီး)
(၁) ဝိနယဝိနိစ္ဆယ (ဗုဒ္ဓဒတ္တ)
(၂) ဥတ္တရဝိနိစ္ဆယ (ဗုဒ္ဓဒတ္တ)
(၃) ခုဒ္ဒသိက္ခာ (ဓမ္မသိရိ)
(၄) မူလသိက္ခာ (မဟာသာမိ)

ဤမှတပါး နာမစာရဒီပက, မောဟဝိစ္ဆေဒနီ, ခေမာပကရဏ စသော အဘိဓမ္မာ လက်သန်းအဋ္ဌကထာများ၊ သီမာလင်္ကာရစသော ဝိနည်းလက်သန်း အဋ္ဌကထာများ ရှိခဲ့သော်လည်း အသုံးအစွဲ မများလှသဖြင့် မထင်ရှားကြပေ။

## အဘိဓမ္မာလက်သန်းအဋ္ဌကထာများ

အဘိဓမ္မာလက်သန်းအဋ္ဌကထာတို့တွင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းသည် အသုံးအများဆုံး အတွင်ကျယ်ဆုံး အထင်ရှားဆုံး ကျမ်းဖြစ်ခဲ့လေသည်၊ မဂဓဘာသာ အဘိဓမ္မာ (၇) ကျမ်း၏ သင်ပုန်းကြီးသဖွယ် နှစ်ပေါင်းအစဉ်အဆက် မပြတ် ထိုကျမ်းကို လက်စွဲပြုကြကာ သင်ကြားပို့ချခဲ့ကြလေသည်။

ထိုကျမ်းကို သီဟိုဠ်ကျွန်း ဝင္ကဂါမဏိမင်းလက်ထက် ထိုဝင္ကဂါမဏိမင်း၏ မိဖုရားဖြစ်သော သောမဒေဝီဆောက်လှူသည့် ကျောင်းတော်၌ရင်း မူလအမည်ရှိသော အမတ်ဆောက်လှူသည့် ကျောင်းတော်၌ရင်း အလှည့်အလည် သီတင်းသုံးတော်မူသည့် အရှင်အနုရုဒ္ဓါသည် "နမ္မ" အမည်ရှိသော (ကပ္ပိယ) ဒါယကာ၏ တောင်းပန်ချက်အရ ပြုစုတော်မူခဲ့သည်ဟု ဝိသတ္တပကာသနီခေါ် မဟာဝင ဋီကာ၌ ပြဆိုလေသည် [ထိုဋီကာအရ အဘိဓမ္မတ္ထသင်္ဂဟနိဂုံး၌ပါသည့် စကားရပ်များကိုလည်း အနက်မှန်ကန်စွာ ပေးနိုင်ခွင့်ရလေသည်။]

(ဣန္ဒိယနိုင်ငံ)ကိဋ္ဌိပုရတိုင်း ကာဝေရိမြို့ဖွား ဇာတိဖြစ်ကြောင်း, တမ္ဗတိုင်း? တဥ္စမြို့၌ ရင်း သီဟိုဠ်ကျွန်း၌ရင်း (အခါအားလျော်စွာ) သီတင်းသုံးကြောင်းတို့ကို ပရမတ္ထဝိနိစ္ဆယ နိဂုံး၌ ဖော်ပြထားပေ၏။

ထိုကျမ်းကို မြန်မာနိုင်ငံ၌ "သင်္ဂြိုဟ်"ဟူ၍ရင်း "သင်္ဂဟ" ဟူ၍ရင်း အဖျားကို ဆွတ်၍ခေါ် ဝေါ်သော်လည်း အဘိဓမ္မတ္ထသင်္ဂဟကို ဆိုလိုသည်ဟု နားလည် သည်အထိ တွင်ကျယ်ခဲ့လေသည်၊ စင်စစ်ကား "သင်္ဂြိုဟ်" (သင်္ဂဟ) ဟူသော ဝေါဟာရမှာ အများနှင့်ဆိုင်သော အခေါ်မျိုးသာ ဖြစ်လေသည်။

ထိုကျမ်း၌ အဘိဓမ္မာ (၇) ကျမ်း၏သဘောများကို အပိုင်းကြီး ၉-ပိုင်း ပိုင်းကာ တပိုင်း-တပိုင်းတွင်လည်း အပိုင်းငယ်များ (အခဏ်းငယ်များ) ဖွဲ့ကာ ဖွဲ့ကာ ရေးသားထားလေသည်၊ အခဏ်းငယ်တိုင်း လိုလိုပင် အဘိဓမ္မာ၏ သရုပ် သဘောများကို စုဏ္ဏိယစကားပြေဖြင့်ရင်း နိဂုံးချုပ် ဆောင်ပုဒ်ဂါထာများဖြင့် ရင်း ဖော်ပြတော်မူလေသည်၊ ထိုသို့ ဖော်ပြရာတွင် ရှေ့နောက် အစီအစဉ်အား ဖြင့်ရင်း သုံးနှုန်းပြသခြင်းအားဖြင့်ရင်း အပိုအလိုမရှိဘဲ အလွန်ပင် စေ့စပ်သိပ် သည်းလှပေသည်၊ ကြားဝင်စရာစကား မရှိသကဲ့သို့ပင်ဖြစ်လေသည်၊ စကားပင် ကျဉ်းသော်လည်း "နဲနဲနှင့် ကျဲကျဲဝိုင်း"ဟူသော မြန်မာစကားကဲ့သို့ အနက် အားဖြင့် အဘိဓမ္မာ (၇)ကျမ်းလုံးကိုပင် "ငုံ"မိလေသည်။

လယ်တီဆရာတော် ဘုရားကြီးကမူ အဘိဓမ္မတ္ထသင်္ဂဟသည် အဘိဓမ္မာ ၇-ကျမ်းကိုသာမက ပိဋက ၂-ပုံကိုပင် အကျဉ်းရုံးမိသကဲ့သို့ ဖြစ်သည်ဟု မိန့်မှာ တော်မူလေသည်။ (ပရမတ္ထသံခိပ် ကျမ်းဦးပိုင်း အမှာတွင် ကြည့်ပါ)

ထို့ကြောင့် သင်္ဂြိုဟ်ကျမ်း၏ အနက်ကိုဆွဲ၍ ဆန့်မည်ဆိုပါက ပိဋကဉာဏ်ရှိလျှင် ရှိသည်နှင့်အမျှ ဉာဏ်ကျယ်လျှင် ကျယ်သည်နှင့်အမျှ ဆွဲ၍ ဆန့်နိုင်လေသည်။

ဤသင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါပင် ရေးသားတော်မူသည့် ဂါထာပေါင်း ၁၁၄၄-ရှိ ပရမတ္ထဝိနိစ္ဆယကျမ်းနှင့် ဂါထာ ၁၈၅၇-ရှိ နာမရူပပရိစ္ဆေဒကျမ်းတို့မှာ အဘိဓမ္မာ (၇) ကျမ်း၏ အနက်အဓိပ္ပါယ်တို့ကို အကျဉ်းရုံးသည့် ကျမ်းများပင်ဖြစ်လေသည်၊ သို့ရာတွင် အဘိဓမ္မာစာပေလောက၌ အဘိဓမ္မတ္ထ သင်္ဂဟကဲ့သို့ အသုံးအစွဲ မများခဲ့ကြပေ။

အဆိုပါ ပရမတ္ထဝိနိစ္ဆယနှင့် နာမရူပပရိစ္ဆေဒကျမ်းတို့မှာ "ပဇ္ဇ" ကျမ်းမျိုး ဖြစ်ကြပေသည်။ ထို့ပြင် ပရမတ္ထဝိနိစ္ဆယမှာ အမည်နှင့်လိုက်လျောစွာ အဆုံး အဖြတ်သဘောများကို သက်ဝင်အောင် (ရေးမှန်းမသိ) ရေးသားသည့် ကျမ်း မျိုးလည်းဖြစ်ပေသည်။ ဥပမာ——

တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာသုရာ ဂတာ။

ဟူသောစကားမျိုးကို အမှတ်မဲ့အားဖြင့် ရိုးရိုးပြဆိုချက်ဖြစ်သည်ဟု ထင် မှတ်ဖွယ်ရှိသော်လည်း အသေအချာကြည့်လျှင် အဆုံးအဖြတ်သဘော သက် ရောက်သည်ကို တွေ့ရလေသည်၊ ထို့ကြောင့်ပင် ထိုစကားကို ကိုး၍ ဋီကာဆရာ ကြီးများကလည်း မှာထားဆုံးဖြတ်သည့် အချက်များကို တွေ့ရလေသည်။ ပရ မတ္ထဝိနိစ္ဆယ၌ ဤကဲ့သို့ အဆုံးအဖြတ်သဘောမျိုး သက်ဝင်သည့်စကားရပ်ပေါင်း အများပင် ပါရှိလေသည်။ထို့ပြင် အဆုံးအဖြတ် သဘောများစွာပါသည့်အတိုင်း တခါတရံ မိမိ၏အယူ (မိမိ၏အကြိုက်) မဟုတ်ဘဲ ရှေးဆရာတို့၏ အယူများကို လည်း စုံလင်စေရန် ဖော်ပြတတ်လေသည်။ ဥပမာ——ဤသင်္ဂြိုဟ်ကျမ်း၌ တဒါရုံ ၂-ကြိမ်ကျမှုကို ဖော်ပြတော်မူလေသည်။ မဏိမဉ္ဇူကာယ်ဆောင် ဆရာတို့ကမူ တဒါရုံတကြိမ် ကျမှုကိုလည်း အလိုရှိတော်မူကြလေသည်။ ၎င်းကို အရှင် မဟာဗုဒ္ဓဃောသက ပယ်ခဲ့လေသည်။ ပရမတ္ထဝိနိစ္ဆယ၌ကား "သကိံ ဒွေ ဝါ တဒါလမ္ဗံ"ဟု မဏိမဉ္ဇူကာယ်ဆောင် ဆရာတို့၏ ဝါဒကိုပါ ဖော်ပြထားလေသည်။ ထို့ကြောင့် အဘိဓမ္မာ၏ သရုပ်သဘောသက်သက်ကို စကားလွယ်လွယ်နှင့် မပို မလို သင်ကြားလိုသူများအဖို့ မဆီလျော်လှချေ။

ထိုအရှင်ပင် ရေးသားသည့် နာမရူပပရိစ္ဆေဒမှာလည်း အဘိဓမ္မာ (၇) ကျမ်း၏သဘောများကို အကျဉ်းရုံးသည့် ကျမ်းပင်ဖြစ်သော်လည်း ယောဂါဝစရ ပုဂ္ဂိုလ်များအား(ကျမ်းအမည်နှင့်လိုက်လျောစွာ) နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန် စေရန် (ဝါ) ကမ္မဋ္ဌာန်းလုပ်ငန်းသဘော၌ များစွာ အထောက်အပံ့ရစေရန် ရေး သားသည့် နှုတ်ငုံဆောင်ကျမ်းမျိုး ဖြစ်ပေသည်။ ထို့ကြောင့်ပင် အဘိဓမ္မတ္ထ သင်္ဂဟကဲ့သို့ အဘိဓမ္မာအခြေပြုရေးအတွက် ပို့ချသင်ကြားမှု မများခဲ့ချေ။

အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို နှစ်ပေါင်းများစွာ ပို့ချသင်ကြားခဲ့ကြသည်နှင့် အမျှ ထိုကျမ်း၏ အဖွင့်ဋီကာကျမ်းများ၊ နိဿယပြန် ကျမ်းများ၊ ဒီပနီကျမ်းများ၊ အမေးအဖြေကျမ်းများ၊ လင်္ကာ (ကဗျာ) ပြန် ကျမ်းများ၊ ဂဏ္ဌိကျမ်းများလည်း မှိုပေါက်သကဲ့သို့ ပေါ်ထွက်ခဲ့ကြလေသည်။

အဘိဓမ္မာလက်သန်း အဋ္ဌကထာများ အနက် အရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရ အဋ္ဌကထာသည်၎င်း၊ အရှင်ဓမ္မပါလ၏ သစ္စသံခိပ်အဋ္ဌကထာသည်၎င်း၊ ဒုတိယအသုံးအစွဲအများဆုံး အထင်ရှားဆုံး အဋ္ဌကထာများဖြစ်သည်ဟု ဆိုနိုင်ပေသည်။

အရှင်ဗုဒ္ဓဒတ္တမှာ ကဗျာဝါသနာပါသော ဆရာကြီးတဦးဖြစ်သည့် အတိုင်း အဘိဓမ္မာကျမ်းကို ရေးသားရာ၌လည်း များစွာချောမော ပြေပြစ်ရုံမျှမက ကဗျာဆန်လှသည်ကို တွေ့ရ၏၊ ကျမ်းပြုဆရာကိုယ်တိုင်ကလည်း "မဓုရံ မတိဝဍ္ဎနံ"ဟု ကျမ်းဦး၌ ဝန်ခံထားပေသည်၊ ကျမ်းပြုဆရာကိုယ်တိုင် "ဝက္ခာမိ သမာသေန"ဟူ၍၎င်း ပဉ္စမနိဒ္ဒေသ၌ "ဂန္ထဝိတ္ထာရဘီတေန၊ သံခိတ္တံ ပန်ဒိ မယာ"ဟူ၍၎င်း ပြဆိုမှာထားချက်များ ရှိသည်မှာ မှန်ပါ၏။ သို့ရာတွင်—အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနှင့် နှိုင်းစာမည်ဆိုပါက များစွာ ကျယ်ဝန်းရုံမျှမက စကားပိုသည့်နေရာ လိုသည့်နေရာများလည်း ရှိနေသည်ဟု ဆိုနိုင်ပေသည်။ အာရုံပြုနှင့် ပတ်သက်၍ ဂါထာဖွဲ့စီထားပုံများသည်၎င်း ဘုံပုဂ္ဂိုလ်, စိတ်ရခဲ့ဝေပုံများအတွက် ဖွဲ့စီထားပုံများသည်၎င်း စုံလင်ရုံမျှမက ချောမော ပြေပြစ်လှသဖြင့် ကျက်မှတ်ချင်စရာ ကောင်းလှပေသည်။ သို့ရာတွင် အဘိဓမ္မာ သင်ကြားပို့ချသူများက ထိုကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟလောက် မကြိုက်နှစ်သက်ခဲ့ကြချေ။

ရူပါရူပဝိဘာဂကျမ်းမှာမူ အစဉ်အလာ မှတ်သားချက်အရ အရှင်ဗုဒ္ဓဒတ္တ ရေးသည်ဟု ဆိုသော်လည်း အကြောင်းကြောင်းကို ထောက်ထားခြင်းအားဖြင့် အရှင်ဗုဒ္ဓဒတ္တ၏ လက်ရာ ဟုတ်မှ ဟုတ်ပါ့မလားဟုပင် သံသယဖြစ်မိပေသည်။ ရုပ် ၂၈-ပါးနှင့် စိတ် စေတသိက် အရေအတွက်များလောက်သာ ပါသဖြင့် သရုပ်သဘောလည်း မစုံချေ၊ ကျဉ်းလွန်းလှပေသည်။

သစ္စသံခိပ်အဋ္ဌကထာမှာ (သစ္စာလေးပါးမှလွတ်သော ဘုရားဟောဒေသနာမည်သည် မရှိ၊ သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိ)ဟူသော အဆိုများအတိုင်း သစ္စာလေးပါးကို မူတည်ကာ ပရမတ္ထသဘောများကို ဒုတိယအဋ္ဌကထာဆရာကြီးဟု ထင်ရှားသော အရှင်ဓမ္မပါလကိုယ်တိုင် အကျဉ်းရုံးရေးသားသည့် "ပဇ္ဇ" ကျမ်းမျိုး ဖြစ်ပေသည်။ အဘိဓမ္မတ္ထသင်္ဂဟထက်ပင် အချို့အချက်များ၌ အသေးစိတ်ကာ ဖော်ပြထားသော်လည်း တကျမ်းလုံး ခြုံကြည့်ပါမူ အဘိဓမ္မတ္ထသင်္ဂဟလောက် သင်ကြားရန် မလွယ်ကူဟု ဆိုရပေ

မည်။ ကျမ်းဂန်အားဖြင့်လည်း အဘိဓမ္မတ္ထသင်္ဂဟာထက်ပင် များစွာ အကျဉ်းရုံး ထားသည်ကို တွေ့ရ၏။ “ပဇ္ဇ”ကျမ်းမျိုး ဖြစ်သည့်အတိုင်း ဂါထာအနေအထား ကိုင်ကာ လူတို့နှုတ်တွင် အလွန်ထင်ရှားပြီး ဖြစ်သည့် ပရမတ္ထဝေါဟာရများ အစား မထင်ရှားလှသော ဝေါဟာရများဖြင့် အစားထိုးညှပ်ရသည့် အချက် များလည်း ရှိလေသည်။ ဥပမာ—ပထဝီကို ဘူ, တေဇောကို အနလ, ဝါယော ကို အနိလဟု သုံးပုံမျိုးပေတည်း။ (ရှုပ် ဘူ, ပါ, နလာ, နိလံ။)

လက်သန်းအဋ္ဌကထာတို့တွင် အသေးငယ်ဆုံး အဋ္ဌကထာကား ကျစွာမင်း ကြီး ရေးသားထားသည့် ပရမတ္ထဗိန္ဒုအဋ္ဌကထာပင် ဖြစ်လေသည်။ သေးငယ်လှ သည့်အလျောက် အဘိဓမ္မာသရုပ်သဘောများလည်း အသင့်အတင့်သာ ပါလေ သည်။ သို့ရာတွင် ထိုကျမ်းပါ“ပေါ-ပါယေ မာနဝေ ဒေဝေ”စသောဘုံ၌ ပုဂ္ဂိုလ် ဖြစ်ပုံ ဂါထာဆောင်ပုဒ်ကိုမူ စာသင်သားမှန်က မရသူ ရှားပေသည်။

ထိုကျမ်းကို မူလက မင်းများနှင့် မောင်းမငယ်များအတွက်သာ ရည်ရွယ် ရေးသားခြင်းဖြစ်သည်ဟု အမှတ်အသားရှိသည့်အတိုင်း စာသင်သားများ အတွက် သင်ရိုးသင်တန်းအဖြစ် ပို့ချမှု မရှိခဲ့လှချေ။ “ငုံလွန်းကလည်း ထုံးနည်း ဥပဒေ၊ ပါလေနိုင်ရာ၊ မရှိပါခဲ့”ဟူ၍ ကုသပျို့သစ်တွင် မုံရွေးဆရာတော်ကြီး မိန့်ဆိုသကဲ့သို့ ကျဉ်းလွန်းလှသောကြောင့် အသုံးမဝင် ရှိခဲ့ရလေသည်။

## သင်္ဂြိုဟ်ဋီကာကျမ်းများ

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အဖွင့် ပါဠိဘာသာဋီကာကျမ်းတို့တွင် ဋီကာ ဟောင်း, (ဋီကာကျော်ခေါ်) အဘိဓမ္မတ္ထဝိဘာဝိနီ, သင်္ခေပဝဏ္ဏနာဋီကာ, အဘိဓမ္မတ္ထသင်္ဂဟဒီပနီ, ပရမတ္ထဒီပနီစသော ဋီကာကျမ်းများသည် ထင်ရှား သော ကျမ်းများဖြစ်ကြလေသည်။

ထိုဋီကာတို့တွင်လည်း ဋီကာကျော်မှာ အစဉ်အလာကပင် ကြိုက်နှစ်သက်သူ အများဆုံး, အသုံးအစွဲ(အပို့အချ)အများဆုံး ဋီကာဖြစ်ခဲ့လေသည်။

ယခုအခါ ဋီကာဟောင်းအနေအားဖြင့် တစောင်မျှသာ ထင်ရှားလေသည်။ သို့ရာတွင် ဋီကာကျော်ကျမ်းဦး၌—

ပေါရာဏေဟိ အနေကာပိ၊
ကတာ ယာ ပန ဝဏ္ဏနာ။
န တာဟိ သက္ကာ သဗ္ဗတ္ထ၊
အတ္ထော ဝိညာတဝေ ဣဓ။

ဟူသော စကားအရ ဋီကာကျော် မပေါ်မီက ဋီကာဟောင်းအများပင် ရှိခဲ့ကြောင်း သိသာပေသည်။

လက်ရှိဋီကာဟောင်းနှင့် ဋီကာကျော်တို့ကို ယှဉ်ကြည့်မည်ဆိုပါက ဋီကာကျော်ကို(ဝါ-ဋီကာသစ်ကို)ရေးသင့်၍ ရေးခြင်းဖြစ်ကြောင်း အလွန်ပင် သိသာနိုင်ပေသည်၊ (ဋီကာဟောင်းကို အရှင်သာရိပုတ္တ၏တပည့် အရှင်နဝဝိမလပြုစုသည်ဟု ဆိုကြသည်ကား စဉ်းစားဖွယ်ရှိလေသည်၊ အဘယ့်ကြောင့်ဆိုသော် တဆရာတည်းတပည့်ဖြစ်လျှင် ပေါရာဏဋီကာဟောင်းဟု ခေါ်နိုင်ဖွယ်မရှိသောကြောင့်ပေတည်း။)

ဋီကာကျော်ကို ပြုစုသည့်ပုဂ္ဂိုလ်မှာ ဝိနယသင်္ဂဟအဋ္ဌကထာ, သာရတ္ထဒီပနီဋီကာစသည်တို့ကို ပြုစုတော်မူသော အရှင်သာရိပုတ္တ အရှင်မြတ်ကြီး၏ ထင်ရှားသော တပည့်ကြီးတဦးဖြစ်သည့် အရှင်သုမင်္ဂလသာမိပေတည်း။ ထို့ကြောင့် ဋီကာကျော်ကျမ်းဦး၌—

　　သာရိပုတ္တံ မဟာထေရံ၊
　　ပရိယတ္တိဝိသာရဒံ။
　　ဝန္ဒိတွာ သိရသာ ဓီရံ၊
　　ဂရုံ ဂါရဝဘာဇနံ။

ဟု မိမိဆရာအား ရိုသေစွာ ရှိခိုးထားသည်ကို တွေ့ရလေသည်။

ဋီကာကျော်နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် မှတ်သားဖွယ် အရေးအခင်းပေါင်းများစွာ ဖြစ်ပေါ်ခဲ့ဘူးလေသည်။

အဘိဓမ္မတ္ထဝိဘာဝိနီကို ဋီကာကျော်ဟု မခေါ်မီ(ဝါ-အင်းဝထူပါရုံဒါယကာနရပတိကြီးလက်ထက်မတိုင်မီ)က အဖွင့်အပြ ရှင်းလင်းပေါ်လွင် သိသာလှသောကြောင့်၎င်း, ဝါကျအနေအထားနှင့် ပြဿပုံအားဖြင့် တင့်တယ်လှပသောကြောင့်၎င်း "ဋီကာလှ"ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

နရပတိကြီးလက်ထက် မိန်းမကိုယ်ဝန်ဆောင် တရွက်ခန့်ရှိ စာများကိုပင် နှုတ်ငုံဆောင်နိုင်သော အရိယဝံသအရှင်မြတ်သည် ထိုမျှလောက် စာပေတို့ကို နှုတ်လွတ်ရသော်လည်း ကျမ်းဂန်မတတ်၊ စာပေမတတ်ဖြစ်၍ နေလေသည်။ (ဝါ-သဘောမပေါက်ဖြစ်၍ နေလေသည်။)

ထို့ကြောင့် စစ်ကိုင်းတွင် ကျမ်းဂန်တတ် ဆရာတော်များထံ နည်းခံရန်ဟု ရည်ရွယ်၍ ပင်းယဘက်မှ ကူးခဲ့ပြီးနောက် ရေငုံဘုန်းတော်ကြီးထံ စာဝါတောင်းမည်ဟု ပုညစေတီ၏ အရှေ့မြောက် မကျည်းပင်တောဝ၌ တဲဆောက်၍ နေကာ ဆည်းကပ်ရှာလေသည်။

ထိုရေငုံဘုန်းတော်ကြီးကား အလဟဿစကား ပြောမိမည် စိုးသဖြင့် အားချိန်တွင် ရေငုံ၍သာ နေလေ့ရှိသောကြောင့် "ရေငုံဘုန်းတော်ကြီး"ဟု ထင်ရှားခြင်း ဖြစ်လေသည်။

အရှင်အရိယဝံသ ဆည်းကပ်ရာတွင် ၂-ရက်တိုင်တိုင် စကား မပြောရပေ၊ ဝတ်ဖြည့်ရုံ ဖြည့်ကာ ပြန်ခဲ့ရရှာလေသည်။ သုံးရက်မြောက်သော နေ့၌ကား အရှင်အရိယဝံသက ပြန်ခါနီးတွင် ထိုင်သည့် သားရေနယ်ကို အသံမြည်အောင် ခေါက်သိမ်းလေရာ ထိုအခါမှ အသံကို ကြားသဖြင့် လှည့်ကြည့်ပြီးနောက် ရေကို ထွေး၍ မေးမြန်းတော်မူလေသည်။ စာဝါတောင်းရန် လာရောက်ပါကြောင်းကို လျှောက်ထားရာတွင် ရေငုံဘုန်းတော်ကြီးက သင်ကြားဘူးသည့် ကျမ်းဂန် များကို မေးမြန်းစစ်ဆေးတော်မူလေ၏။ ထိုအခါ "မသင်ကြား မလေ့ကျက်ဘူး သည့် သင်ရိုးကျမ်းဂန် မရှိသလောက်ပင် ရှိနေပြီ"ဟု ရေငုံဘုန်းတော်ကြီးက မိန့်ရာ အရှင်အရိယဝံသက "စာမတတ်သေး၍ လာခဲ့ရပါကြောင်း"ကို ပြန်လည် လျှောက်ထားလေ၏။ ထိုအခါမှ ဘုန်းတော်ကြီးက "အိမ်း ငါ့မှာ တနေ့ စာသုံးဝါ ပို့ချနေရပေသည်။ မွန်းယိမ်းလျှင် ပုညစေတီသို့ တက်၍ တံမြက်ဝတ် ပြုရသည်။ အားလပ်ချိန်ဟု မရှိပေပြီ၊ သို့ရာတွင် တံမြက်ဝတ် ပြုချိန်တွင် လက်သန်းဋီကာ(=ဋီကာကျော်)ကို သင်တော့"ဟု ခွင့်ပြုတော်မူလိုက်လေ၏။

ရေငုံဘုန်းတော်ကြီးသည် အထူးထူးသော နည်းနာတို့ကို ပို့ချတော်မူလေရာ အရှင်အရိယဝံသသည် ၂-ရက်သာ လာပြီး နောက်မလာဘဲနေလေ၏။ ၂-ရက် အတွင်း သင်ကြားပြသတော်မူလိုက်သည့် နည်းတို့ကို မှီ၍ ၂-ရက် ၃-ရက် ကြာအောင် ဆင်ခြင်သုံးသပ်ရင်း နေတော်မူမိလေ၏။ "ကျမ်းဂန်တတ်သည် စာတတ်သည် ဆိုကြသည်မှာ သည်လိုကိုး"ဟု သဘောအပေါက်ကြီး ပေါက်ကာ "ဋီကာ့နှယ် ကျော်ရော့ဟယ်"ဟု အရှင်အရိယဝံသ ဆိုမိသည်ကို အကြောင်း ပြု၍ ဋီကာကျော်ဟု ခေါ်စမှတ်ပြုခဲ့ကြောင်း စကားအစဉ် ရှိလေသည်။ အရှင် အရိယဝံသလည်း ၂-ရက် ၃-ရက်ကြာမှ ဆရာကို လျှောက်ရန် သတိရကာ လာခဲ့လေ၏။

ရေငုံဘုန်းတော်ကြီးကလည်း "ပင်းယပုဂ္ဂိုလ်ဟာ ၂-ရက်သာ စာသင်ရသေး သည်၊ မလာ၊ မကျန်းမမာ ဖြစ်နေလေသလား"ဟု တွေးတောကာ ကြည့်ရှု မေးမြန်းရန် စေလွှတ်လိုက်သည့် တပည့်များနှင့် အရှင်အရိယဝံသတို့ လမ်းတွင် ဆုံမိကြလေသည်။

ရှေ့တော်သို့ ရောက်၍ အကြောင်းကို လျှောက်လေလျှင် ဘုန်းတော်ကြီးက "သည်လိုဆိုလျှင် လက်သန်းဋီကာကို နှစ်ကမ္ဘတ်လောက် သင်ရုံနှင့် စာတတ်ခဲ့ပေ ပြီ၊ဋီကာရဲ့ကျေးဇူးကို ဆပ်သောအားဖြင့် အဖွင့်တစောင်ရေးပါ"ဟု တိုက်တွန်း တော်မူလေ၏။

အရှင်အရိယဝံသလည်း ပုညစေတီ အရှေ့မြောက်ဘက်ချောက်တွင် ကျေးသံ ငှက်သံမကြားသည့် အချိန်ရောက်မှ ဋီကာကျော်၏အဖွင့် မဏိသာရမဉ္ဇူသာကို

ရေးသားစီရင်တော်မူလေ၏။ ရေး၍ ပြီးသမျှကိုလည်း သိတင်းနေ့တိုင်း ပုည စေတီယင်ပြင်တော်၌ သံဃာတော်အများ၏ရှေ့တွင် ဖတ်ကြား၍ ပြတော်မူလေ သည်၊ တချိန်တွင် ပုဂံမှ ဘုရားဖူးလာသည့် ကိုယ်တော်တပါးသည် ထိုသို့ ဖတ် ကြားနေခိုက် အစွန်အဖျားမှ နားထောင်၍နေကာ ပဌမတကြိမ်“ဧ”ဟူ၍ရင်း နောက်တကြိမ်“ဧ”ဟူ၍ရင်း ဆိုလေရာ ထိုဆိုသောနေရာတို့ကိုလည်း မှတ်သား ထားလေသည်၊ ကျောင်းသို့ ပြန်ရောက်ပြီးနောက် “ဧ”ဆိုသည့် ပဌမနေရာတွင် ဝါကျထပ်နေသည်ကိုရင်း၊ ဒုတိယ“ဧ”ဟု ဆိုသည့်နေရာတွင် “ဣမံ ဂန္ထံ”ဟု စွဲရ မည်ကို “ဣဒံ ဂန္ထံ”ဟု စွဲထားမိသည်ကိုရင်း တွေ့ရလေ၏။ (မြင်းကောင်းခွါလိပ် သဘောပေတည်း)။

ဤတွင်မှ အဆိုပါ ကိုယ်တော်ကို ရအောင် ရှာဖွေ၍ ပင့်စေပြီးနောက် အကြောင်းကို အမိန့်တော်ရှိလေရာ ထိုပုဂ္ဂိုလ်က “ကျောက်စရစ်ကို ဆုပ်ပြီး တိုက်နံရံကို ပစ်ပါက တစေ့မကျန် မှန်လေသကဲ့သို့ မဏိသာရမဉ္ဇူသာတွင် မိန့်ဆို လေသမျှ လိုရာအနက်သို့ ဆိုက်ရောက်သည်သာဖြစ်ကြောင်း၊ သို့ရာတွင် ဝါကျ တချက်ထပ်ခြင်း၊အစွဲတချက်မှားခြင်းကိုသာ ကြား၍ ဧ-ဧ ဟု နှစ်ကြိမ်ဆိုမိပါ ကြောင်း”လျှောက်ရာ မိမိဝတ်ရုံသည့် ဒုကုဋ်ကို ထိုအရှင်သို့ လှူတော်မူလေ၏၊ ထိုနောက်လည်း ဘုရင်မင်းခေါင်ထံ ထိုပုဂ္ဂိုလ်၏ အကြောင်းကို သိစေသဖြင့် တံဆိပ်တော် အလှူခံရလေ၏။

အရှင်အရိယဝံသလည်း ကျမ်းပြုရုံမက စာပေ့ါချကာ နေလေ့ရှိသဖြင့် တပည့် အများ ပြန့်ပွါးခဲ့လေသည်။

ဤအရှင်အရိယဝံသ စာတတ်သည်ကို အကြောင်းပြု၍ ယခင်“ဋီကာလှ”ဟု ခေါ်ရာမှ ‘ဋီကာကျော်’’ဟု ပြောင်း၍ ခေါ်ခဲ့ကြခြင်း ဖြစ်လေသည်။

[ထိုအရှင်အရိယဝံသသည် မူလဋီကာ ဒွါရကထာအဖွင့်မျှသာ ပြီးစီးသော မဏိ- ဒီပဋီကာနှင့် ဥပသာရပုဒ်,နိပါတ်ပုဒ်တို့၏ အနက်အနေအထားများကိုပြဆိုရာ ဂန္ထာဘရဏ သဒ္ဒါငယ်ကျမ်းကိုလည်း ရေးသားတော်မူခဲ့လေသည်]။

**ဋီကာကျော်နိသျကျမ်း။** ။ဋီကာကျော်နိသျတို့လည်း အများအပြား ပေါ် ထွက်ခဲ့လေရာ ထိုနိသျတို့တွင် (အကျဉ်းအတွက်) နေရင်းနိသျ ဗားကသနိသျနှင့် (အကျယ်အတွက်) ပြည်နိသျတို့မှာ အထင်အရှား ဆုံး ဖြစ်ကြလေသည်။

**အဘေဂ္ဂုသာရဒီပနီ။** ။ဟံသာဝတီဆင်ဖြူများရှင် မင်းတရားကြီး၏ သမီးတော် သီဝလိဒေဝီမင်းသမီး၏ ဆရာ ရှင်တိပိဋကစရဲ မဟာသုဝဏ္ဏ- ဒီပပြုစုသည့် အဘေဂ္ဂုသာရဒီပနီဋီကာခေါ် စုဋ္ဌဋီကာကား ဋီကာကျော်၏အဖွင့် ပင် ဖြစ်ပေသည်။

**ဋီကာကျော်နိယံ။** ။မြန်မာနိုင်ငံကို အင်္ဂလိပ်မင်းတို့ အုပ်စိုးစဉ်က ထင်ရှားကျော်စောသော ဆရာတော်ကြီး တပါးဖြစ်သည့် မာန်လည်ဆရာတော်ဘုရားကြီးကလည်း "ဋီကာကျော်နိယံ" ဟူ၍ပင် ရေးသားတော်မူခဲ့လေသည်။

**ဋီကာကျော်ယောဇနာ ၂ကျမ်း။** ။ထို့ပြင် ရှေးဆရာတို့က ဋီကာကျော်ယောဇနာဟောင်းပါဌ်ကို ရေးသားတော်မူခဲ့ကြ၏။ယောဇနာသစ် (ဝိဘာဝိနီယောဇနာ) ကို ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက် မှန်ကျောင်းဆရာတော် အရှင်ဉာဏိန္ဒာသဘ (နောက်-လူထွက်ကာ ဆရာကြီးဦးစံအောင်) ဟု ထင်ရှားသောပုဂ္ဂိုလ် စီရင်တော်မူလေသည်။

**ဋီကာကျော်၏ဉာဏ်စွမ်း။** ။ထိုမျှလောက် ဆရာအစဉ်အဆက် မပြတ်နှစ်သက်ခဲ့ကြသော ဋီကာကျော်ကျမ်းကို—

"ဒိနေဟိ စတုဝီသေဟိ၊
ဋီကာ'ယံ နိဋ္ဌိတာ ယထာ။
တထာ ကလျာဏသင်္ကပ္ပါ၊
သီဃံ သိဇ္ဈန္တု ပါဏိနံ"။

ဟူသောစကားအတိုင်း ၂၄-ရက်အတွင်း ပြီးအောင်ရေးသည်ဟု ဆိုသောကြောင့် အရှင်သုမင်္ဂလသာမိ၏ဉာဏ်ကို ချီးကျူး၍မဆုံး ဖြစ်ရလေသည်။

သို့ရာတွင် လက်သန်းအင်္ဂုဋ္ဌကထာ၏ သီဟိုဠ်နိသျ (ဗျာချာ=ဆန္နယ) ကို အရှင်သုမင်္ဂလသာမိ၏ဆရာ အရှင်သာရိပုတ္တကိုယ်တိုင် ရေးသားတော်မူခဲ့ပြီးဖြစ်သည့်ပြင် ဋီကာကျော်စကားများမှာလည်း ထိုနိသျနှင့်ဆင်တူသည့် စကားများ ပါနေသဖြင့် ချီးမွမ်းဖွယ်မရှိလှကြောင်း တဖက်ကဆိုကြပြန်လေသည်။

မှန်ပေသည်၊ မိမိဆရာ၏နိသျကို အားထားသလောက် အားထားပေလိမ့်မည်၊ သို့ရာတွင် ကိုယ်ပိုင်ဉာဏ်ဖြင့် ဖွင့်ပြသည့်စကားရပ်ပေါင်းများစွာပါသည်ကိုလည်း သတိပြုရန်လိုပေသည်၊ထို့ပြင် အရှင်သာရိပုတ္တမပေါ်မီကရှိနှင့်သော အရှင်ဗုဒ္ဓဒတ္တ၏ အဘိဓမ္မာဝတာရစသော စကားတို့မှ ထုတ်နုတ်သကဲ့သို့ ထင်ရအောင် ထပ်တူကျသောစကားများကိုကား အဘယ်သို့ ဆိုကြမည်နည်း၊ ထို့ပြင် အရှင်သုမင်္ဂလသာမိပင် သဂ္ဂိုဟ်ထက်ပင် ကျယ်ဝန်း စုံလင်သော အဘိဓမ္မာဝတာရ၏ အဖွင့် အဘိဓမ္မတ္ထဝိကာသိနီကို ရေးသားခဲ့ပေရာ ထိုအချက်ကိုထောက်ထားခြင်း အားဖြင့်လည်း အရှင်သုမင်္ဂလသာမိ၏ ပင်ကိုယ်ဉာဏ်ကို ချိန်ဆနိုင်စရာရှိပေသည်၊ နောက်ဆုံး ထိုမျှလောက်ရှိသည့်ကျမ်းကို သီဟိုဠ်ဘာသာမှ ပါဠိဘာသာသို့ ပြန်သည်ထားဦးတော့ ၂၄-ရက်အတွင်း ထိုမျှလောက် ကောင်းမွန်အောင် ပြန်နိုင်သည်ဟု ဆိုလျှင်ပင် ချီးမွမ်းအံ့သြဖွယ် ကောင်းလှပေတော့သည်။

## သင်္ခေပဝဏ္ဏနာ

အဘိဓမ္မတ္ထသင်္ဂဟ၏ လက်သန်းအဋ္ဌကထာတို့တွင် ဒုတိယတန်းစားအားဖြင့် ထင်ရှားသော သင်္ခေပဝဏ္ဏနာဋီကာကို ရေးသားပြုစုသူကား ဒုတိယ ဆပဒ္ဒ အရှင်မြတ်ပေတည်း။ ထိုအရှင်မြတ်ကား ပုသိမ်မြို့ ဆပ္ပဒ (ဆပဒ ?) ရွာသား ဖြစ်၏။ ဘွဲ့-အရှင်ဓမ္မကေတုဖြစ်၏။ ထိုအရှင်သည် မြန်မာနိုင်ငံ အင်းဝခေတ် ထုပါရုံဒါယကာ နရပတိကြီးလက်ထက် ပုဂံမြို့တွင် ပိဋကတ်စာပေများကို သင်ကြားပြီးနောက် ၈၀၀-ခုဌ် သီဟိုဠ်သို့ ကူးတော်မူသည်၊ သီဟိုဠ်တွင် သီရိ-ပရက္ကမဗာဟုမင်းကိုအမှီပြုကာ သာသနာ့အညစ်အကြေးများကို သုတ်သင်တော် မူရုံမျှမက ဇယဝဍ္ဎန (ကော့တေ)မြို့၌ သိမ်သမုတ်တော်မူခဲ့လေသည်၊ ထိုနောက် မြန်မာနိုင်ငံသို့ ပြန်ကြွလာကာ ဇာတိဆပ္ပဒရွာ၌၎င်း, စစ်ကိုင်းချောက်၌၎င်း, ပုဂံမြို့၌၎င်း သီတင်းသုံးတော်မူသည်၊ ဒုတိယဆပ္ပဒဟု ကျော်စောထင်ရှားသည်၊ သင်္ခေပဝဏ္ဏနာဋီကာ, သုတ္တနိဒ္ဒေသစသော ကျမ်းများကို စီရင်တော်မူသည်၊ အချို့ကမူ သင်္ခေပဝဏ္ဏနာကို ပုဂံခေတ် အရှင်သဒ္ဓမ္မဇောတိပါလ (ပထမ-ဆပ္ပဒ မထေရ်) စီရင်တော်မူခဲ့သည်ဟု ဆိုကုန်၏။ (ထိုကျမ်းတို့၏ နိဂုံးများ၌ ဘွဲ့ သဒ္ဓမ္မဇောတိပါလ-ဟု ပါသည်)

ထိုဋီကာကို ကြည့်ရသည်မှာ ဋီကာကျော်ကို များစွာ လေးစားပုံရသည် "ဋီကာကျော်ကို ကျန်ရစ်ခဲ့အောင်-ဝါ-ဋီကာကျော်ထက် သာအောင်" ဟု ရည်ရွယ်ခြင်း ဟုတ်ဟန်မတူ၊ ဋီကာကျော်မှာ ကောင်းမွန်ပြည့်စုံလှပေပြီ၊ သို့ရာတွင် ထူးခြားမှတ်သားဖွယ်အချို့ကို ဖြည့်စွက်ဖော်ပြမည်ဟူသော အနေ မျိုးဖြင့် ရေးသားဟန်တူလေသည်၊ ထိုရည်ရွယ်ချက်အတိုင်း "စုဘန္တရံ သန္ဓိဌာနံ၊ ပ-အာ-တ-အာ-ဇ-အာ-ဝေါ-အာ" စသော ကိစ္စသင်္ဂဟဆိုင်ရာ ဂါထာဆောင်ပုဒ် ကလေးများနှင့် သစ္စာအနက် ၁၆-ချက်ဆိုင်ရာ အာဝိဘာဝနာကာရများအတွက် "သ, မ, နိ, ဒု, နိ, မ, သ, မ, နိ, ဒု၊ ဝိဘင်္ဂေ ကမတော ပဌမေန ဝိနာ" စသော ဆောင်ပုဒ်ကလေးများမှာ မှတ်သားကျက်မှတ်ရန် ကောင်းလှလေသည်။

## အဘိဓမ္မတ္ထသင်္ဂဟဒီပနီ

အဘိဓမ္မတ္ထသင်္ဂဟဒီပနီကို ငယ်မည် ဦးဆိုင်၊ ဘွဲ့-ဦးဉာဏဝံသ၊ (ဉာဏဝံသဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ) စလင်းမြို့ အရှေ့ရပ် မြို့သူကြီးကျောင်း၌ သီတင်းသုံးတော်မူစဉ် ၁၁၆၃-ခု။ (၄၂-ဝါအရ၌) စီရင်တော်မူသည်၊ ပန်းလှ ဆရာတော်ဟု ထင်ရှားသည်၊ ဋီကာကို စလင်းဋီကာဟုလည်း ခေါ်ကြသည်။

ထိုဋီကာမှာ ဒက္ခိဏာရာမဘုရားကြီးဆရာတော် ငယ်စဉ်ကပြုစုတော်မူသည့် အဘိဓမ္မတ္ထသင်္ဂဟဂဏ္ဌိနှင့် တူညီသည့် ပြဆိုချက်ပေါင်း အများအပြား ပါလေသည်။

## ပရမတ္ထဒီပနီ

မြန်မာနိုင်ငံ ဒိပဲယင်းမြို့နယ် စိုင်ပြင်ရွာ ဦးထွန်းသာ ဒေါ်ကျုံးတို့၏ သားရတနာဖြစ်တော်မူသော (၁၂၀၀-ခုနှစ်ဖွား) အဂ္ဂမဟာပဏ္ဍိတနှင့် ဒေါက်တာဘွဲ့ရ လယ်တီ ဆရာတော်ဘုရားကြီး (ဘဒ္ဒန္တဉာဏ) သည် ပြန်လွန်တော်မမူမီ အတွင်း (၁၂၇၅-ခုနှစ်အထိ) ဒီပနီကျမ်းပေါင်း မြောက်မြားစွာတို့ကို စီရင်ပြုစုတော်မူခဲ့လေသည်။

အနယ်နယ်သို့ လှည့်လည်ကာ တရားရေအေး အမြိုက်ဆေးကိုလည်း တိုက်ကျွေးတော်မူခဲ့လေသည်။

အထူးသဖြင့် အဘိဓမ္မာသာသနာတော်မြတ်ကြီး ထွန်းကား ပြန့်ပွါးစေရန် ရေးသားမှု, ဟောကြားမှုတို့ကို အားသွန်ဆောင်ရွက်တော်မူလေ့ရှိလေသည်။

ထိုသို့ဆရာတော်ဘုရားကြီးပြုစုတော်မူသည့် ပါဠိမြန်မာကျမ်းပေါင်းများစွာတို့တွင် "ပရမတ္ထဒီပနီ" မည်သော အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့် ဋီကာကျမ်းကြီးလည်း အပါအဝင်ဖြစ်လေသည်၊ ထိုကျမ်းကြီးကို ယခင်ပေါ်ပြီး ဋီကာဟောင်းများကို ထောက်ကာ "(လယ်တီ) ဋီကာသစ်" ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏၊ လယ်တီဆရာတော် ပြုစုတော်မူသောကြောင့် "(သင်္ဂြိုဟ်) လယ်တီဋီကာ" ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏၊ "မဟာဋီကာ" ဟူ၍လည်း ခေါ်ဝေါ်လေ့ပြုကြ၏။

လယ်တီ ဆရာတော်ဘုရားကြီးသည် ထိုကျမ်းကို ပြုစုရန် မန္တလေးမြို့ မင်းတုန်းမင်းနှင့် သီပေါမင်းတို့လက်ထက် မန္တလေးမြို့၏မြောက်ပြင် မင်္ဂလာကျုံးတော်အနီး (မဟာဇောတိကာရာမ) စံကျောင်းတိုက်ကြီး၏ ဦးစီးနာယက "သုဒဿနမဇ အတုလာဓိပတိ သီရိပဝရ မဟာဓမ္မ ရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ စံကျောင်းဆရာတော် ဘုရားကြီး၏ အထံတော်၌ ပိဋက ၃-ပုံကို သင်ကြားကာ သီတင်းသုံးတော်မူစဉ် ကပင် လေ့လာ စုဆောင်းတော်မူခဲ့လေသည်။

ထိုသို့ ဋီကာသစ်ပြုစုရန် လေ့လာစုဆောင်းရခြင်းမှာလည်း (၁) ထိုခေတ် ထိုအခါက နက်နဲထက်မြက် ပညာစက်နှင့် ပြည့်စုံတော်မူကြသည့် ဆရာတော်ဘုရားကြီးအပေါင်းတို့သည် အဘိဓမ္မာနှင့်စပ်လျဉ်း၍ မူလဋီကာကျမ်း အနုဋီကာကျမ်းတို့ကိုသာ အသုံးပြု ပို့ချတော်မူလေ့ရှိကြပြီးလျှင် အဘိဓမ္မတ္ထဝိဘာဝိနီကျမ်း မဏိသာရမဉ္ဇူသာကျမ်းတို့ကို အသုံးပြု ပို့ချလေ့မရှိကြသောကြောင့် ၎င်း (၂) ထိုဆရာတော်ကြီးတို့သည် ကိုယ်တိုင် အသုံးမပြု မပို့ချကြရုံသာမက အဘိဓမ္မတ္ထဝိဘာဝိနီ၌ မှားယွင်းချွတ်ချော်ချက် များစွာပါကြောင်း၊ မဏိသာရမဉ္ဇူသာဋီကာမှာမူ ဖွဲ့အိတ်ကြီးသဖွယ် အနှစ်မပါ အကာအတိ ကျမ်းလေးရှိ

ရှိသော ဋီကာဖြစ်ကြောင်းတို့ကို မိန့်မြွက်တော်မူကြကာ အသုံးအစွဲမပြုရန် သင်ကြားပို့ချမှု မပြုရန် တားမြစ်တော်မူကြသောကြောင့်ရင်း (၃) ထိုဆရာတော်ဘုရားကြီးများ၏ မိန့်တော်မူချက်များအရ ကိုယ်တိုင်သိမြင်ရန် (လယ်တီဆရာတော်ဖြစ်မည့်) အရှင်ဉာဏထေရ်ကိုယ်တိုင် ဋီကာကျော်တွင် ပါသည့်အချက်များကို ပါဠိတော် အဋ္ဌကထာတို့၌ လာသော စကားအချက်တို့နှင့် စပ်ဖက်ညှိနှိုင်းကာ စိစစ်တော်မူလေ့ရှိရာမှ မှားယွင်း ချွတ်ချော်ချက်တို့ကို ကိုယ်တိုင်သိမြင်တော် မူလေသောကြောင့်ရင်း ဋီကာသစ်ရေးသားရန် အကြံဖြစ်တော်မူခဲ့လေသည်။

ထိုအခါမှစ၍ ပိဋက ၃-ပုံမှ အဘိဓမ္မာဆိုင်ရာ အချက်အလက်တို့ကို များစွာစုဆောင်းမှတ်သားတော်မူခဲ့လေသည်။

သို့ရာတွင် ထိုစုဆောင်းမှတ်သားချက်များမှာ မန္တလေးမြို့ကို မီးဘေးကြီးသင့်သောအခါတွင် မီးလောင်ကျွမ်း၍ ကုန်သဖြင့် ဋီကာရေးရန် စိတ်အကြံသည်လည်း တန့်ရွှေ့ငြိမ်းစဲတော်မူခဲ့လေသည်။

ထို့နောက် ၁၂၄၇-ခုတွင် မန္တလေးမြို့မှ မုံရွာမြို့သို့ ကြွလာကာ မုံရွာမြို့ မြောက်ဘက် လယ်တီကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် စာပေပို့ချတော်မူသော အခါမှာမှ ယခင်မှတ်သားရင်း အချက်တို့ကို ရရှိတော်မူသည့်ပြင် ဓမ္မန္တေဝါသိက တပည့်အပေါင်းတို့က အဘိဓမ္မတ္ထသင်္ဂဟ၏ အဖွင့်ဋီကာတစောင် ရေးသားတော်မူရန် တောင်းပန်ကြလေသဖြင့် ပရမတ္ထဒီပနီ (ဋီကာသစ်) ကို ရေးသားတော်မူခြင်း ဖြစ်လေသည်။ ( ထိုကျမ်း၏အဖွင့် အနုဒီပနီကိုလည်း ထိုဆရာတော်ဘုရားကြီးပင် ရေးသားတော်မူလေသည် )။

ထိုသို့ ပရမတ္ထဒီပနီခေါ် အဘိဓမ္မတ္ထသင်္ဂဟ ဋီကာသစ်ကြီး ပေါ်ထွက်လာသောအခါ အဋ္ဌကထာဋီကာတို့နှင့်တကွ နိကာယ်ငါးရပ် ပိဋကသုံးပုံ အလုံး ·ံကို အကုန်မွှေနှောက် တိုက်ဆိုင်ကာ ရေးသားထားပုံများကြောင့်ရင်း, ·က်သားဖွယ် အာစရိယဝါဒများနှင့် ထူးခြားဆန်းကြယ်သည့် သဒ္ဒါအဆုံး ·ဖြတ် အနက်အဆုံးအဖြတ်များ ပါရှိလာသောကြောင့်ရင်း, ကြည်လင်သန့်ရှင်းသော ပုဒ်ဗျည်းအက္ခရာ သဒ္ဒါအနေအထားများဖြင့် ရေးသားထားသောကြောင့်ရင်း ပညာရှိတို့က များစွာပင် ကောင်းတင်းပြောပ ချီးကျူးကြလေကုန်၏။

သို့သော် အဘိဓမ္မတ္ထဝိဘာဝိနီ (ဋီကာကျော်) ၌ မသင့်သော အချက်များကို ပြဆို ဆုံးဖြတ်ချက်များအတွက် ဋီကာကျော်ကို ရိုသေ လေးစား အားထားကြည်ညိုရင်းစွဲ ရှိကြကုန်သော ပညာရှင်အပေါင်းတို့က မခံမရပ်နိုင် ဖြစ်ကြကာ

ပါဠိဘာသာဖြင့်ရင်း၊ မြန်မာဘာသာဖြင့်ရင်း ပြန်လည်ချေပသည့် ကျမ်းပေါင်း အများအပြား ပေါ်ထွက်၍ လာကြလေသည်။ အဘိဓမ္မာဋီကာမိုး ရွာသော ခေတ်ဟုပင် သုံးနှုန်းပြောဆိုကြလေသည်။ အစုစု လေးဆယ်ကျော်မျှ ရှိသော ဟူ၏။

ယင်းသို့ များပြားလှစွာသော ဋီကာများအနက် ထင်ရှားသည့် ဋီကာအချို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

၁။ ပုခန်းကြီးမြို့အရှေ့ တလိုင်းကုန်းရွာဇာတိ ၁၂၁၉-ခုဖွား တလိုင်းကုန်း ဆရာတော် ဦးဝိမလ အရှင်မြတ် (၁၂၆၇-ခုတွင် အပြီး) ရေးသားတော်မူသည့် **အဏုရဋီကာ** (၎င်းကို တလိုင်းကုန်းဋီကာဟုလည်း ခေါ်ကြသည်။)

၂။ သာယာဝတီ ဒိစတြိတ် ကျောက်သောင်ရွာ ဇာတိ (၁၂၃၀-ခုဖွား) မိုးညှင်းမြို့ ဝေဇယန္တာရာမ ကျောင်းတိုက် ဆရာတော် ဦးနာဂိန္ဒသာမိ (၁၂၇၆-ခုတွင် အပြီး)ရေးသားသည့် **မဟာအတုလဋီကာ**။

၃။ ချောင်းဦးမြို့ ဓမ္မာရုံဆရာတော် ဦးဒီပမာလာ(အဂ္ဂမဟာပဏ္ဍိတ)စီရင်တော်မူသည့် **ပရမတ္ထဝိသောဓနီ ဋီကာသစ်ပါဌ်** (ထိုဋီကာကို စကားကျဉ်းကျဉ်းနှင့် ထိရောက်ကြောင်း ချီးမွမ်းလေ့ရှိကြ၏။)

၄။ (၁၂၇၁-ခု တပေါင်းလကွယ်နေ့ အပြီး ရေးသားသည့်) ဖားကူးဆရာတော် ဦးသာဂရ အရှင်မြတ်၏ **အနုဝိဘာဝနီပါဌ်**။

## ပရမတ္ထသံခိပ်

ပရမတ္ထဒီပနီကျမ်းပြု လယ်တီ ဆရာတော်ဘုရားကြီးသည် (ပါဠိဘာသာ) အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို တိုက်ရိုက် မသင်ကြားနိုင်သည့် ပုဂ္ဂိုလ်တို့က အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ သရုပ် သဘောတို့ကို အမြန် တတ်မြောက်နိုင်ရန် မြန်မာဘာသာ ကဗျာကျမ်းငယ်တစောင် ပြုစုပါမည့်အကြောင်း တောင်းပန် လျှောက်ထားချက်အရ "ပရမတ္ထသံခိပ်"မည်သော ကျမ်းငယ်ကို ရေးသား စီရင်တော်မူလေသည်။ ထို့ကြောင့် ယင်းကျမ်းဦး၌ "ပရမတ် သင်္ဂြိုဟ်၊ တတ်မြောက်လို၊ လူဗိုလ် တောင်းပန်-ဘိ"ဟူ၍၎င်း၊ "သင်္ဂြိုဟ်ဉာဏ်လောက်၊ အမြန်ရောက်၊ သံပေါက် ဆိုပိမ့်-သိ"ဟူ၍၎င်း ကိုယ်တော်တိုင် စပ်ဆို ဖော်ပြတော်မူခဲ့လေသည်။

ထို မြန်မာဘာသာ ပရမတ္ထသံခိပ်ကျမ်းငယ်သည် မြန်မာနိုင်ငံအနှံ့ ပြန့်ပွါးကာ အမျိုးသမီးငယ်ကလေးများကပင် နှုတ်ငုံဆောင်၍ ထားတတ်ကြလေသည်၊ ထိုအခါက ပရမတ္ထသံခိပ်ကဗျာသံတို့ဖြင့် နိုင်ငံအနှံ့ ငြတ်လွှံ့အောက်ထက် သံပြိုင်ဆက်၍ ရွတ်လျက်တထွေ မေးဖြေတတန် ပို့ချသံမပြတ် တလစပ် အား ထုတ်ကြလေကုန်၏။

## ပရမတ္ထသံခိပ် ဋီကာ

လယ်တီ ဆရာတော်ဘုရားကြီး စီရင်တော်မူသည့် ပရမတ္ထဒီပနီ ကျမ်းကြီးကို အလွယ်တကူ သိမြင် နားလည်နိုင်ရန် မြန်မာဘာသာ ပြန်ဆို ရေးသားပါမည့် အကြောင်းကို ပညာရှိအပေါင်းတို့က လယ်တီ ဆရာတော် ဘုရားကြီး၏ တပည့် လယ်တီ-ပဏ္ဍိတ (နောက် ဆရာ-ဦးမောင်ကြီး၊ မဟာ ဝိဇ္ဇာ)ကို တောင်းပန် တိုက်တွန်းကြလေကုန်၏။

လယ်တီပဏ္ဍိတသည် ထိုပုဂ္ဂိုလ်တို့၏ တောင်းပန်တိုက်တွန်းချက်အရ "တချက် ခုတ်-နှစ်ချက်ပြတ်"ဆိုသကဲ့သို့ (၁) ပရမတ္ထဒီပနီကျမ်းကြီး၏ မြန်မာဘာသာ ပြန်လည်းဖြစ်၊ (၂) ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့် ဋီကာလည်း ဖြစ်စေရန် အဘိဓမ္မတ္ထသဘာဝ ပန်းခိုင်ကြီးသဖွယ်ဖြစ်သော ဤပရမတ္ထသံခိပ် ဋီကာကျမ်း ကို ကြိုးပမ်း ပြုစုတော်မူခြင်းဖြစ်ပေ၏။ (ဤ နှစ်ချက်တို့ကို သံခိပ်ဋီကာ၏ ကျမ်းဦး၌ရှင်း, စိတ်ပိုင်း ဋီကာ၏ အစ၌ရှင်း လယ်တီပဏ္ဍိတကိုယ်တိုင် ပြဆိုခဲ့ လေသည်။)

ဤသို့ ရေးသားပုံအခြင်းအရာနှင့်စပ်လျဉ်း၍ "သတ္တိသမီးငယ်တို့ပင် ကြည့် လွယ်နိုင်ကြစေရန် သဒ္ဒါရေးအတွက်နှင့် များစွာ စိစစ် စိတ်ဖြာခြင်းကို မပြုဘဲ အဓိပ္ပါယ်သဘောကိုသာ စိစစ်၍ ရေးသားပေအံ့သတည်း"ဟု ကိုယ်တိုင် မှာ ထားခဲ့သည့်အတိုင်း (၁) သဒ္ဒါရေးနှင့် စပ်လျဉ်း၍ များစွာ စိစစ်လေ့ မရှိ ခြင်း၊ (၂) သတ္တိသမီးငယ်များပင် ကြည့်ရှုနိုင် (သဘောပေါက်နိုင်) စေရန် ရေးသားခြင်းဟူသော အချက် နှစ်ရပ်တို့ကို တွေ့ရပေသည်။

ကျမ်းပြုဆရာက ဤသို့ပင်မှာထားသော်လည်း ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုဘိသကဲ့သို့ မိမိတတ်ကျွမ်းသည့်ပညာရပ်များကို စာသင်သားတို့အား ပေးကမ်း ဝေငှလိုသည့်စေတနာဖြင့် အချို့နေရာ၌ ပထမအချက်နှင့်စပ်လျဉ်း၍ ထိန်းသိမ်း လိုက်နာခြင်း မရှိခဲ့ပေ။ သဒ္ဒါရေးနှင့်စပ်လျဉ်း၍ အသိပေးတန်သင့်သောအချက် ဆုံးဖြတ်သင့်သောအချက်တို့၌ အတန်ပင်ကျယ်ဝန်းစွာ ရေးသားဆုံးဖြတ်ပုံတို့ကို လည်း ဤကျမ်း၌ အတော်ကလေး တွေ့ရပေသည်၊ ဤကား ကျမ်းပြုသူ၏ မြိုသိပ်၍မရသော စေတနာကြောင့် ဖြစ်သည်ဟု ဆိုရပေမည်၊ ဒုတိယအချက်နှင့် စပ်လျဉ်း၍ကား ပါဠိဘာသာ မသင်ဘူးသူ, အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းကို တိုက်ရိုက် မသင်နိုင်သူများပင် ကျယ်ဝန်းလှသည့် အဘိဓမ္မာ သဘောတို့ကို နားလည်နိုင် သဘောပေါက်နိုင်ကြစေရန် အားသွန် ကြိုးစား ရေးသားထား ပုံများကို တွေ့ရပေသည်၊ ထို့ကြောင့် ဒုတိယအချက်နှင့်စပ်လျဉ်း၍ အစ အဆုံး အပြည့်အဝ လိုက်နာထားသည်ဟု ဆိုရပေမည်၊ (သဒ္ဒါရေးနှင့် စပ်လျဉ်းသည့်

အမှာ အထား အဆုံးအဖြတ်များကို သီးသန့်စကားချပ်များသဖွယ် ဖြစ်သည် ဟုလည်း မှတ်ယူနိုင်ပေသည်)။

ထို့ပြင် ပရမတ္ထသဘာဝ၌ စိန္တာမယဉာဏ် ထက်သန်စူးရှ ပြည့်ဝ ရင့်ကျက်တော်မူလှသော လယ်တီဆရာတော်ဘုရားကြီး၏ လက်ဝေခံ တပည့်ရင်းဖြိုဖြို (ပရမတ္ထဒီပနီတွင် ရေးသားချက်များမှ အလွတ်ဖြစ်သည့်) [illegible] ဘုရားကြီး၏ အာဘော်ပေါင်း အများအပြားပင် ဤဋီကာ၌ ပါဝင်၍ [illegible] များကိုလည်း တွေ့ရပေသည်။

ထို့ကြောင့် အဘိဓမ္မတ္ထ သဘာဝကို ကျနပိုင်ပိုင် လှမ်းကိုင်လိုသူတို့သည် ဤပရမတ္ထသံခိပ်ဋီကာကျမ်းကို ကြိုးပမ်းစေ့စေ့ ကြည့်ရှုလေ့လာတော်မူနိုင်ကြပါစေ ကုန်သတည်း။

# လယ်တီပဏ္ဍိတ
# ဆရာ ဦးမောင်ကြီး အတ္ထုပ္ပတ္တိ

ဤပရမတ္ထသံခိပ် ဋီကာကျမ်းပြု လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ ဇာတိကား မုံရွာမြို့တောင်ဘက် ခုနစ်မိုင်အကွာရှိ ညောင်ဖြူပင်ရွာကြီး ဖြစ်လေသည်။ ဆရာကြီးသည် အဆိုပါ ညောင်ဖြူပင်ရွာကြီးနေ အဖ လယ်ပိုင်ရှင် ဦးရောက်[၁]၊ အမိ ပဌမသံဂါယနာတင် မင်းတုန်းမင်းလက်ထက် အပျိုတော်စာတော်ဖတ် ဒေါ်ထပ်[၂] တို့မှ ၁၂၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၉ ရက်နေ့တွင် ဖွားမြင်ခဲ့လေသည်။ မိဘတို့က သန့်ရှင်းဖြူစင် သွင်ပြင်လက္ခဏာရှိသည်ကို အကြောင်းပြုကာ မောင်သန့်စင်ဟု မှည့်ခေါ်ကြလေသည်။

“ကေပုတ္တမနုရက္ခေ” ဟူသော ဥပမာစကားအတိုင်းပင် မိဘတို့သည် တဦးတည်းသောသားဖြစ်သည့် မောင်သန့်စင်ကို အထူးတလည် ထိန်းသိမ်းယုယပြုစုစောင့်ရှောက်၍လာကြရာမှ ခုနစ်နှစ်သားအရွယ်သို့ အရောက်တွင် ညောင်ဖြူပင်ရွာ မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ အပ်နှံကြလေသည်။ ထိုကျောင်းမှာပင် စာပေသင်ကြား နေထိုင်ရင်း ကိုးနှစ်သားအရွယ်သို့ အရောက်တွင် ဆရာ မိဘတို့က ရှင်သာမဏေ အဖြစ်သို့ သွတ်သွင်း ချီးမြှင့်ခဲ့ကြလေသည်။ သာမဏေဘွဲ့မှာ ရှင်ပဏ္ဍိစ္စဖြစ်သည်။

ထိုသို့ရှင်သာမဏေ အဖြစ်သို့ တက်ရောက်ပြီးနောက် မကြာမီ အတွင်းမှာပင် မိခင်ဒေါ်ထပ် ကွယ်လွန်လေ၏၊ ထို့ကြောင့် သာမဏေအဖြစ်မှ ထွက်ကာ ဖခင်အိုကြီးနှင့်အတူတကွ နေထိုင်ရင်း မရမ်းပင်ကျောင်း ဘုန်းတော်ကြီးထံ၌လည်း စာပေပညာများကို ဆက်လက်သင်ကြား၍ နေခဲ့လေသည်၊ မောင်သန့်စင် ၁၃-နှစ်သား အရွယ်တွင် ဖခင်ကြီး ဦးရောက် ကွယ်လွန်ခဲ့ပြန်လေသည်။

ဤသို့ မိကွဲ ဖကွဲ စိတ်ဆင်းရဲလျက် ရေဝဲပုံဟန် လောကဓံအဖြစ်ရှုပ်၌ နစ်မြုပ်မှု မကင်းနိုင်ဖြစ်ကာ သာမဏေဝတ်လိုက် လူထွက်လိုက် ဖြစ်၍နေခဲ့လေ၏။ အသက် ၁၈-နှစ်သို့ ရောက်သော အခါ၌ကား စတုတ္ထအကြိမ်မြောက် သာမဏေ အဖြစ်သို့ ဝင်ရောက်ခဲ့ပြီးနောက် ၁၂၅၈-ခု တပေါင်းလဆန်း ၈-ရက်နေ့တွင် မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီး၏ ခြေတော်ရင်းသို့ ဆိုက်ရောက်ခဲ့ရလေသည်။ လယ်တီဆရာတော်ဘုရားကြီးက ရှင်ပဏ္ဍိစ္စကို ရှင်ပဏ္ဍိတဟု ပြောင်းလဲမှည့်ခေါ်

---

(၁) ဦးရောက်လေးဟုလည်း အမှတ်အသားတွေ့ရသည်။

(၂) ဒေါ်ထပ်ကြီးဟုလည်း အမှတ်အသားတွေ့ရသည်။

တော်မူလေ၏။ ဤသို့လျှင် နေရိပ်တခါ နေပူတလှည့်ဆိုသကဲ့သို့ ဘဝခရီးစဉ် ရှိနေခဲ့ရာမှ ညောင်ညိုပင်ကြီး၏ အရိပ်ကို ခိုကိုး ရသကဲ့သို့ လယ်တီဆရာတော်ဘုရားကြီး၏ အထံ၌ ခိုကိုးကာ ပိဋကတ် အခြေခံ ကျမ်းဂန် ပညာအရပ်ရပ် ဟူသော အသီးအပွင့်တို့ကို အသင့်လွယ်ကူ ဆွတ်ယူစားသုံးခဲ့ရလေတော့၏။

အသက် ၂၀-အပြည့် (၁၂၆၀ ပြည့် တပေါင်းလပြည့်ကျော် ၈-ရက်နေ့) ၌ ရဟန်းအဖြစ်သို့ တက်ရောက်ခဲ့လေသည်။

ရဟန်းဘဝ၌ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ အလုံးစုံကို အကုန်တတ်မြောက်ခဲ့သည်သာမက ရာဇဝင်, နီတိ, ကဝိဉစ္စာ ကဗျာအတတ် စသော ပညာရပ် အသီးသီးတို့၌လည်း ပွန်းတီးတတ်မြောက်တော်မူလေရကား လယ်တီတိုက်ကြီးအတွင်း၌ (ရဟန်း ၃-ဝါမပြည့်မီကပင်) စာချ ပုဂ္ဂိုလ်အဖြစ်သို့ ဆိုက်ရောက်တော်မူခဲ့လေ၏။ စာဆိုကဝိ ပညာရှိတပါး အဖြစ်ဖြင့်ရင်း တရားဟော (ဓမ္မကထိက) ပုဂ္ဂိုလ်တပါးအဖြစ်ဖြင့်ရင်း ထင်ရှားကျော်စောတော်မူလေ၏။

ရဟန်း ၃-ဝါ ရသောအခါ ရန်ကုန်မြို့ ပုဇွန်တောင်ရပ်နေ ဆရာလွန်းအမည်ရှိသောပုဂ္ဂိုလ်က မကျဉ်းလွန်း မကျယ်လွန်း ပါဠိမြန်မာ အဘိဓာန်ကျမ်း တစောင် ပြုစုပါရန် တောင်းပန်လျှောက်ထားချက်ကို လက်ခံကာ အဘိဓာန်ပြုစုရာဝယ် သာသနောပကာရ ဘာသာဖြစ်သည့် သင်္ကရိုက်ဘာသာကို တတ်မြောက်မှသာလျှင် ပိုမိုပြည့်စုံအောင် စွမ်းဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်းကို ယုံကြည်သည့်အတိုင်း မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးထံသို့ သွားကာ သင်္ကရိုက်ဘာသာ စာပေများကို သင်ကြား လေ့လာတော်မူလေ၏။

ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက အရှင်ပဏ္ဍိတအား လယ်တီတိုက်မှလာသူဖြစ်သောကြောင့်ရင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်သောကြောင့်ရင်း၊လယ်တီပဏ္ဍိတဟူ၍ ခေါ်ဝေါ်တော်မူလေရာ ထိုအခါမှစ၍ "လယ်တီပဏ္ဍိတ" ဟု တွင်ခဲ့လေသည်။

လယ်တီပဏ္ဍိတသည် ရဟန်း ၅-ဝါအရ (အသက် ၂၄-နှစ်အရွယ်) ကပင် ပါဠိစာပေ, သင်္ကရိုက်စာပေ နှစ်ထွေသိမြင် ပညာရှင်တဦး အဖြစ်သို့ ဆိုက်ရောက်ခဲ့သည့်အတိုင်း ၇-ဝါအရတွင် ပစ္စယမဉ္ဇူရီ, ဓါတ်မဉ္ဇူရီ, ဤယခု-ပရမတ္ထသံခိပ်ဋီကာ စသော ကျမ်းတို့ကို ရေးသားပြုစုခဲ့လေသည်။

အသက် ၃၀ (ရဟန်းဝါ ၉-ဝါအရ) တွင်[၁] ရဟန်းအဖြစ်မှ လူ့ဘောင်သို့ဆင်းသက်လာပြီးနောက် ပျဉ်းမနားမြို့ ဦးအောင်ဒွန်း ဒေါ်ငြိမ်းတို့၏ သမီး

---

၁။ ရဟန်း ၇-ဝါအရတွင်ဟုလည်း အမှတ်အသား တွေ့ရသည်။

မမကြီးနှင့် အကြောင်းပါခဲ့လေသည်။ ထိုအခါမှစ၍ (လယ်တီပဏ္ဍိတ) ဆရာ ဦးမောင်ကြီးဟု စတင် ထင်ရှားခဲ့လေသည်။

ဦးမောင်ကြီးသည် ပျဉ်းမနားမြို့တွင် သုံးနှစ်ခန့်၊ မန္တလေးမြို့တွင် တနှစ်ခန့် နေပြီးနောက်(ခရစ် ၁၉၁၁-ခုနှစ်ခန့်တွင်) ရန်ကုန်မြို့သို့ ရောက်လာခဲ့လေသည်။

ရန်ကုန်မြို့သို့ ရောက်လာပြီးနောက် ပထမဆုံးအကြိမ် ဦးရွှေကြူးထုတ်သော မြန်မာ့အလင်းမဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်လေသည်။ ထိုအခါက မြန်မာ့အလင်းမဂ္ဂဇင်းတွင် မောင်သောကဝတ္ထု၊ သကုဏ္ဍလဝတ္ထုနှင့် ခင်မြင့်ကြီး ဝတ္ထုတို့ကို ရေးလေသည်။

ထို့ပြင် ကမ္ဘာကျော် ရှိတ်စပီးယားဝတ္ထုများကို ဦးရွှေကြူးက အင်္ဂလိပ် ဘာသာမှ မြန်မာဘာသာပြန်လျက် ဖတ်ပြသည်ကို ဆရာဦးမောင်ကြီးက လိုက်လံမှတ်သားကာ မြန်မာလူမျိုးတို့အတွက် ဆီလျော်အောင် ရေးသားခဲ့လေ သည်။

၎င်းတွင် ခင်မြင့်ကြီးဝတ္ထုစသည်တို့ကို မန္တလေး မောင်ခင်မောင်ဟူသော အမည်ဖြင့် ရေးသားလေသည်။ ဆရာဦးမောင်ကြီးသည် မိမိ၏ ဘဝတစိပ် တဒေသကို ဖြည့်စွက်မွမ်းမံကာ ၎င်းခင်မြင့်ကြီးဝတ္ထုကို ရေးသားခြင်း ဖြစ်မည်ဟု အချို့ပုဂ္ဂိုလ်များက ထင်မြင်ချက် ပေးကြလေသည်။ ထိုသို့ ထင်မြင်ချက်ပေးမည် ဆိုက ပေးစရာအကြောင်းများ ရှိနေပုံကိုလည်း တွေ့ရပေသည်။ယင်းတို့ကား—

(၁) ဆရာဦးမောင်ကြီး၏မိခင်မှာ ပဉ္စမသံဂါယနာတင် မင်းတုန်း မင်း၏ နန်းတော်အတွင်း စာတော်ဖတ် ဒေါ်ထပ်(ကြီး)ဖြစ်၏။

ခင်မြင့်ကြီးဝတ္ထု၌ ဇာတ်လိုက် မောင်သန်းညွန့်၏ မိခင်မှာ ပဉ္စမ သံဂါယနာတင် မင်းတုန်းမင်း၏ နန်းတော်အတွင်း၌ စာတော်ဖတ် ခင်ခင် ဖြစ်၏။

(၂) ဆရာဦးမောင်ကြီး၏ ငယ်မည်မှာ မောင်သန့်စင် (ဟု သောကြာနံနှင့် စသောအမည်)ဖြစ်၏။

ခင်မြင့်ကြီးဝတ္ထု၏ ဇာတ်လိုက်အမည်မှာလည်း မောင်သန်းညွန့် ဖြစ်၏။

(၃) ဆရာဦးမောင်ကြီး၏ ပဌမဇနီးမှာ ဒေါ်မမကြီးဖြစ်၏။
ခင်မြင့်ကြီးဝတ္ထု၌ ဇာတ်လိုက် မောင်သန်းညွန့်၏ ချစ်သူမှာလည်း ခင်မြင့်ကြီးဖြစ်၏။

(၄) ဒေါ်မမကြီးမှာ ပျဉ်းမနားသူဖြစ်၏။
ခင်မြင့်ကြီးမှာ ပျဉ်းမနားနှင့် မဝေးသော တောင်ငူမှဖြစ်၏။

မြန်မာ့အလင်းမဂ္ဂဇင်း ပျက်စီးသွားသောအခါ ဆရာဦးမောင်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ပြန်လေ၏၊ ထိုမဂ္ဂဇင်း၌ သန်းသန်း ဝတ္ထုနှင့် အခြားဝတ္ထုတိုများကို ရေးသားလေသည်။

ဆရာဦးမောင်ကြီးသည် ပညာ့အလင်းမဂ္ဂဇင်းသို့ ရောက်ပြီးနောက် စိတ်ပျက်ဖွယ် အကြောင်းများနှင့် တွေ့ကြုံရသောကြောင့် မုံရွာမြို့သို့ ပြန်သွားကာ နေထိုင်ပြန်လေသည်။

ခရစ် ၁၉၂၃-ခုတွင် ဒဂုန်မဂ္ဂဇင်းမှ ခေါ်ယူပြန်သောကြောင့် ထိုနှစ်မှစ၍ ဒဂုန်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖြစ် လုပ်ကိုင်ဆောင်ရွက်လေသည်။ ဆယ်နှစ်ခန့်ကြာမျှ အုပ်ချုပ်လုပ်ကိုင်လေရာ မြန်မာနိုင်ငံတွင် ထင်ရှားကျော်စောသော စာပေဘဏ်တိုက်သဖွယ် အထက်တန်းကျလှသည့် မဂ္ဂဇင်းကြီးတစောင် ဖြစ်ခဲ့လေသည်။

ဆရာဦးမောင်ကြီး၏ ပဌမဇနီးမှ သားယောကျ်ားတဦး (ဦးတင်ဦး) ကို ဖွားမြင်လေသည်၊ ပဌမဇနီး ကွယ်လွန်ပြီးနောက် အကြောင်းပါသော ဒုတိယဇနီး(ဒေါ်ဧ)မှ သမီး ဒေါ်တင်ဥကို ဖွားမြင်လေသည်။

ဆရာဦးမောင်ကြီးသည် လောကီ လောကုတ္တရာ ကျမ်းဂန်စာပေများစွာတို့ကို ရေးသားပြုစုသူ ဖြစ်သောကြောင့် ခရစ် ၁၉၃၄-ခုနှစ်တွင် ၎င်းအား ရန်ကုန်တက္ကသိုလ်မှ **M.A.**(မဟာဝိဇ္ဇာ)ဘွဲ့ဖြင့် ချီးမြှင့်ခဲ့လေသည်။

ဤသို့ စာပေရေးသားမှုများကိုသာမက ထိုအခါက နိုင်ငံနှင့် အမျိုးအတွက် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆောင်ရွက်လျက်ရှိသော တို့ဗမာအစည်းအရုံးကြီး၏ နာယက သခင်ကိုယ်တော်မှိုင်းနှင့် တွဲဖက်ကာ သခင်လူငယ်များကို ထိထိရောက်ရောက် ကူညီခဲ့လေသေးသည်။ မကွယ်လွန်မီကလေးတွင် တို့ဗမာအစည်းအရုံးဝင်(သခင် ဦးမောင်ကြီး)အဖြစ် ခံယူခဲ့လေသည်။

၁၃၀၁-ခု နယုန်လဆန်း ၆-ရက်နေ့ (အသက် ၆၁-နှစ်)တွင် မုံရွာမြို့၌ ကွယ်လွန်လေသည်။

ဆရာဦးမောင်ကြီးသည် ကျမ်းဂန်စာအုပ်ပေါင်း ၄၀၀-ကျော်မျှ ပြုစုခဲ့သည်ဟု ဆိုပေရာ ထိုကျမ်းဂန်စာအုပ်တို့တွင် ပါဠိအဘိဓာန်ချုပ်၊ပါဠိစာရေးသင်၊ ပါဠိစကားသင် စသည်တို့ကို ကြည့်ပါက ပါဠိဆရာကြီး (ပါဠိတတ် ပညာရှင်ကြီး) တဦးဖြစ်ကြောင်း ထင်ရှားသည်။

စာဏကျနီတိ၊ သကုန္တလဝတ္ထုစသည်တို့ကို ကြည့်ပါက သက္ကတဘာသာတတ် (သက္ကတပညာရှင်ကြီး)တဦးဖြစ်ကြောင်း ထင်ရှားသည်။

ဝိထိမဉ္ဇရီ၊ ပစ္စယမဉ္ဇရီ၊ ပရမတ္ထသံခိပ်ဋီကာ၊ ယမိုက်အဖြေကျမ်းကြီး၊ ပဋ္ဌာန်း အမေးအဖြေစသည်တို့ကို ကြည့်ပါက ဗုဒ္ဓဘာသာ အဘိဓမ္မာဆရာကြီး တဦး ဖြစ်ကြောင်း ထင်ရှားသည်။

သဒ္ဒမဉ္ဇရီစသော ကျမ်းဂန်များနှင့် အခြားသဒ္ဒါအဆုံးအဖြတ်များကို ကြည့် ပါက ပါဠိသဒ္ဒါဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

နီတိမာလာ၊ နီတိမဉ္ဇရီ၊ သူရဿတိနီတိစသည်တို့ကို ကြည့်ပါက ထိပ်တန်း နီတိဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

ဝေဿန္တရာဂီတိ၊ ကုသဂီတိ၊ ဘဂဝါဂီတိ စသည်တို့ကို ကြည့်ပါက ထိပ်တန်း ပါဠိကဗျာဆရာကြီးတဦးကဲ့သို့ ဖြစ်ကြောင်း ထင်ရှားသည့်ပြင်၊ ၎င်း၏ အခြား မြန်မာကဗျာများကို ကြည့်ပါက ထိပ်တန်းမြန်မာကဗျာဆရာကြီး တဦးဖြစ် ကြောင်း ထင်ရှားသည်။

ဒေသနာမဉ္ဇရီ၊ သာခုသုန္ဒရီ၊ သောတမာလာ၊ ဓမ္မစကြာအမေးအဖြေ စသည် တို့ကို ကြည့်ပါက (ဗုဒ္ဓဘာသာ) ဓမ္မကထိကပုဂ္ဂိုလ်ကြီး တဦးဖြစ်သည့်ပြင်၊ ယပ်လှဲရေး ဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

ထေရာဘာသာပြန်၊ ထေရီဘာသာပြန် စသည်တို့ကို ကြည့်ပါက ပါဠိ (တိပိဋက) မြန်မာပြန် ဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

ရာဇဝင်သံခိပ်၊ တပင်ရွှေထီး စသည်တို့ကို ကြည့်ပါက (မြန်မာ) ရာဇဝင် ဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

တပင်ရွှေထီး၊ နတ်သျှင်နောင်၊ ဗညားနွဲ့စသည့် ရာဇဝင်ဝတ္ထုတို့ကို ကြည့်ပါက ရာဇဝင်ဝတ္ထုရေးဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

ခင်မြင့်ကြီး၊ တင်တင်မြ၊ သန်းသန်း၊ ရွှေပြည်ကြီး စသည်တို့ကို ကြည့်ပါက ခေတ်ဝတ္ထုရေးဆရာကြီး တဦးဖြစ်ကြောင်း ထင်ရှားသည်။

အချုပ်အားဖြင့် ဆရာဦးမောင်ကြီးသည် ဤဆိုခဲ့သော အချက်အားလုံး တို့နှင့် ကိုက်ညီသည့် ဗုဒ္ဓဘာသာ မြန်မာပညာရှိကြီး တဦးဖြစ်သည်ဟု ဆိုရ ပေမည်။

ထိုမျှမက မျိုးချစ်စာပေဆရာကြီး တဦးဟူ၍ငှင်း၊ သခင်အသင်းဝင် မျိုးချစ် နိုင်ငံရေးပုဂ္ဂိုလ်ကြီး တဦးဟူ၍ငှင်း ဆိုရပေဦးမည်။

ဤသို့လျှင် မြန်မာနိုင်ငံတွင် စာအရေးသားနိုင်ဆုံး ပုဂ္ဂိုလ်ကြီးတဦးအဖြစ် အသိအမှတ်ပြုကြရသော ဆရာဦးမောင်ကြီးပြုစုခဲ့သည့် ကျမ်းဂန်စာအုပ်ပေါင်း ၄၀၀-ကျော်အနက်မှ ထင်ရှားသည့် ကျမ်းဂန်စာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပေသတည်း။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး ပြုစုခဲ့သည့် ကျမ်းများ

**အဘိဓမ္မာဆိုင်ရာကျမ်းများ**

၁။ ပဋ္ဌာန်းဒုမေးအဖြေ။
၂။ ပရမတ္ထသံခိပ်အမေးအဖြေ။
၃။ ပရမတ္ထသံခိပ်ဋီကာ-ပဌမ(ရှင်း-ဒု) (ရှင်း-တ)။
၄။ ဝိထိမဉ္ဇရီ။
၅။ ပစ္စယမဉ္ဇရီ။

**သုတ္တန္တဆိုင်ရာကျမ်းများ**

၁။ ထေရာဘာသာပြန်(ပ-ဒု-တ)။
၂။ မဟာသတိပဋ္ဌာန်မေးဖြေ။
၃။ အနတ္တလက္ခဏသုတ်မေးဖြေ။
၄။ အနတ္တစက္ခုကျမ်း။
၅။ ဓမ္မစကြာ(၆)စောင်တွဲ။
၆။ ထေရီဘာသာပြန်(ပ-ဒု-တ-စ-ပဉ္စမ)။
၇။ ဓမ္မစကြာအမေးအဖြေ။
၈။ ဝိမာနဝတ္ထုဘာသာပြန်။

**နီတိဆိုင်ရာကျမ်းများ**

၁။ နီတိမဉ္ဇရီ(ပ-ဒု)။
၂။ စာဏကျနီတိ(ပ-ဒု-တ)။
၃။ နီတိမာလာ(ပ-ဒု)။
၄။ သူရဿတီနီတိ(ပ-ဒု)။
၅။ သုတ္တန္တနီတိ။
၆။ တိပိဋကနီတိ(ပ-ဒု-တ)။

**သဒ္ဒါဆိုင်ရာကျမ်းများ။**

၁။ သဒ္ဒမဉ္ဇူရီ။
၂။ သဒ္ဒသခိပ်အမေးအဖြေ။
၃။ သဒ္ဒမျက်လုံး ဗျာကရဏ်းကျမ်း( ပ-ဒု )

**ရာဇဝင်ဆိုင်ရာကျမ်းများ။**

၁။ မြန်မာရာဇဝင်သံခိပ်။
၂။ တပင်ရွှေထီး ( ပ-ဒု-တ-စ )။
၃။ နတ်သျှင်နောင် ( ပ-ဒု-တ )။
၄။ ဗညားနွဲ့။

**ဝတ္ထုများ။**

၁။ ခင်မြင့်ကြီးဝတ္ထု (ပ-ဒု-တ-စ-ပဥ္စမ)။
၂။ တင်တင်မြဝတ္ထု (ပ-ဒု-တ)။
၃။ ရွှေပြည်ကြီးဝတ္ထု (ပ-ဒု)။
၄။ သန်းသန်းဝတ္ထု (ပ-ဒု)။
၅။ မောင်သောကအိပ်မက်ခန်း (ပ-ဒု)။
၆။ သကုန္တလဝတ္ထု (သက္ကတဘာသာပြန်)။

**တရားစာများ။**

၁။ ဒေသနာမဉ္ဇူရီ (ပ-မှ-မ)။
၂။ သောတမာလာ (၁၂-တွဲ)။
၃။ သာဓုသုန္ဒရီ (၁၂-တွဲ)။

**ပါဠိဘာသာဆိုင်ရာကျမ်းများ။**

၁။ ပါဠိအဘိဓာန်ချုပ်။
၂။ ပါဠိစာရေးသင်။
၃။ ပါဠိစကားသင်။

**ပါဠိကဗျာဆိုင်ရာကျမ်းများ။**

၁။ ဘဂဝါဂီတိ။
၂။ ဝေဿန္တရာဂီတိ (ပ-ဒု-တ)။
၃။ ကုသဂီတိ

**အထွေထွေ။**

၁။ အလင်္ကာနိသျ (ချနက်)။

၂။ ဆန်းနိသျ (ချနက်)။

၃။ သာသနသမ္ပတ္တိဒီပနီ။

၄။ သာသနဝိပတ္တိဒီပနီ။

၅။ ဥရောပ ဗုဒ္ဓဘာသာအလင်းပြ။

၆။ သုကုမာရမဂ္ဂဒီပနီ အမေးအဖြေ။

၇။ သမ္မာဒိဋ္ဌိဒီပနီ။

၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိ။

၉။ လန်ဒန်ပါဠိဒေဝီနိသျ။

၁၀။ လယ်တီဆရာတော်ဘုရား ဘုန်းတော်ဘွဲ့။

၁၁။ ကဗျမဥ္ဇရီ (လက်ရေးကော်ပီ) (ပ-ဒု)

၁၂။ မန်လည်ထေရုပ္ပတ္တိ (အကျဉ်း)

[ဤအထ္ထုပ္ပတ်ကို ရေးသားရာတွင် အခြေခံပြုရန် စာပေဗိမာန်အသင်းမှ မြန်မာ့စွယ်စုံကျမ်းအတွက် စုဆောင်းရေးသားထားသည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး အထ္ထုပ္ပတ်လက်ရေးကော်ပီကို ကြည့်ရှုခွင့်ပြုသဖြင့်၎င်း ဆရာကြီး၏ တပည့်ဒဂုန် ဦးစန်းငွေက အချို့အချက်များကို ပြောကြားသဖြင့်၎င်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။]

## ကြီးကြပ်ပြင်ဆင် စိစဥ်သည့် ပုဂ္ဂိုလ်များ

၁။ ဝဏ္ဏကျော်ထင်-ဦးသာတင်(မာဃ) (ဗုဒ္ဓသာသနာအဖွဲ့ စာပြင်မှူးချုပ်)

၂။ ဦးကျော်ထွတ် (ပိဋကတ်မြန်မာပြန်ဌာန ဒုတိယအယ်ဒီတာချုပ်)

၃။ ဦးလှမောင် M.A., M.S., B.L. (ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မီတီ အတွင်းရေးမှူး)

# (မူလ) နိဒါန်း

(၁) အဘိ အတိရေကတ္ထ အဘိဝိသိဋ္ဌတ္ထ တို့ကြောင့် သုဒ္ဒသ သုနိပုဏ သုဂမ္ဘီရ အတက္ကာဝစရ အဘိဝိစိတြကထာ ယထာဓမ္မသာသနာ ပရမတ္ထဒေသနာတော်သည် အဘိဓမ္မာဟူသော အမည်ထူးကို ရပေကြောင်း။

(၂) ထိုအဘိဓမ္မာဒေသနာတော်မြတ်ကို နတ်လူတို့၏ သခင် ဘုန်းခြောက်ပါးရှင် ဘုရားသျှင်သည် ခုနစ်ဝါရ မြောက်တော်မူသောအခါ တာဝတိံသာ နတ်ပြည်ကြီးဝယ် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက် နတ်ဗြဟ္မာ အပေါင်းတို့အား ဟောကြားတော်မူအပ်ပေကြောင်း။

(၃) ပညာတေဒဂ်ရ ဘုရားညာရုံး ပုံနှုန်းတူဘိ သာရိပုတ္တရာ အသျှင်သည် ထိုအဘိဓမ္မာ ဒေသနာတော်မြတ်ကြီးကို မနုဿလူ့ဘုံ၌ လက်မှန်ရှေးဦး ပကတူးမဆွ ပို့ချတီထွင်၍ ဟောကြားတော်မူသည်ကို အစပြုပြီးလျှင် ပထမသင်္ဂါယနာတင်ပွဲကြီး, ဒုတိယ သင်္ဂါယနာတင်ပွဲကြီး, တတိယ သင်္ဂါယနာတင်ပွဲကြီး, ပေါတ္ထကာရုဠ စတုတ္ထ သင်္ဂါယနာတင်ပွဲကြီး, သေလက္ခရာရုဠ ပဉ္စမ သင်္ဂါယနာတင်ပွဲကြီးများဖြင့် အဆင့်အဆင့် လင်းလင်းပွင့်လျက် ယခုထက်တိုင်ပင် ထိုအဘိဓမ္မာ ဒေသနာတော်မြတ်ကြီးသည် ထွန်းလင်းစည်ကားလျက် ရှိနေကြောင်း။

(၄) ထိုသို့ နက်နဲကျယ်ဝန်းလှစွာသော ဉာဏသာဂရ-ဉာဏသမုဒ္ဒရာ ထိုအဘိဓမ္မာဒေသနာတော်မြတ်ကြီးကို အကျဉ်းချုပ်အားဖြင့် လွယ်လွယ်ကူကူ တတ်သိကြစေရန် ရည်သန် ရိုရင်းတော်မူပြီးလျှင် သီဟိုဠ်ကျွန်း အသျှင်အနုရုဒ္ဓါမထေရ်သည် "အဘိဓမ္မတ္ထသင်္ဂဟ" မည်သော သင်္ဂြိုဟ်လက်သန်းကျမ်းကို ပါဠိဘာသာအားဖြင့် ရေးသားစီရင်တော်မူပေကြောင်း။

(၅) ပါဠိဘာသာ ဂါထာစုဏ္ဏိယတို့ဖြင့် ရေးသားစီရင်ဟော်မူအပ်သော ထိုအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပါဠိဘာသာတို့၌ လေ့လာကျွမ်းကျင်ခြင်း မရှိကြကုန်သော မြန်မာလူမျိုးတို့သည် သက်ဝင်သင်ကြားကြရန် အတန်တန်ခဲယဉ်းကြပြန်ကုန်ရကား ထိုသူများအတွက် လွယ်လွယ်ကူကူ သင်ယူတတ်မြောက်ကြစေရန် ထိုသင်္ဂြိုဟ်ကျမ်းကိုပင် မှီငြမ်းပဓာန နိဿယတခုပြု၍ "**ပရမတ္ထသံခိပ်**" မည်သော ကျမ်းကို ငါတို့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် မြန်မာဘာသာ အလင်္ကာတို့ဖြင့် ကောင်းစွာ ချုံးရုံး၍ ရေးသားတော်မူပြန်ပေကြောင်း။

(၆) အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏ အနက်ဆန်းကြယ် အဓိပ္ပါယ်တို့ကို အသွယ်သွယ်သော ပါဠိတော်နည်း, အဋ္ဌကထာနည်းတို့ဖြင့် တန်းဆာဆင်ပြီးလျှင် ကြည်လင်သန့်ရှင်းသော ဗျည်းနေပုဒ်သွား သဒ္ဒါအလားတို့နှင့် ပြည့်စုံသော **ပရမတ္ထဒီပနီ** မည်သော သင်္ဂြိုဟ်မဟာဋီကာ ကျမ်းကြီးကိုလည်း မာဂဓီဘာသာဖြင့် ငါတို့၏ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးပင် ရေးသားတော်မူပေကြောင်း။

(၇) ဤပရမတ္ထဒီပနီ ဋီကာကြီး၌ ပါရှိသော အနက်ဆန်းကြယ် အဓိပ္ပါယ်တို့သည် "ပရမတ္ထသံခိပ်" ကျမ်း၏ အဖွင့်ဋီကာကို ရေးသားရန် အသင့်စုဆောင်းပြီးရှိနေသော အဓိပ္ပါယ်နက် သဘောအချက်တို့ ဖြစ်ပေကြောင်း။

(၈) ပါဠိဘာသာ၌ လေ့လာကျွမ်းကျင်ခြင်း မရှိကုန်သော အတ္တမာမက ပုဂ္ဂိုလ်တို့သည် ထိုပရမတ္ထဒီပနီဋီကာကြီး၏ အနက်အဓိပ္ပါယ်တို့ကို အလွယ်တကူ သိရှိကြရန် မြန်မာဘာသာ သက်သက်ဖြင့် ချောပြေသန့်ရှင်းစွာ ရေးသားရန် အတန်တန် တိုက်တွန်းသည်သာမက ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့်ဋီကာကို ရေးသားရန်လည်း တောင်းပန်တိုက်တွန်းကြကြောင်း။

(၉) ထို့ကြောင့် "တချက်ခုတ် နှစ်ချက်ပြတ်" ဆိုသော "အမ္ဗသေစန ဂရုန္ဟာပန" နည်းကဲ့သို့ ပရမတ္ထဒီပနီဋီကာကြီး၏ မြန်မာသက်သက် အဓိပ္ပါယ်ပြန်ချက်လည်း ဖြစ်လေအောင် ပရမတ္ထသံခိပ်ကျမ်း၏ အဖွင့်ဋီကာလည်း ဖြစ်လေအောင် ဖော်ပြလတ္တံ့သော ကျမ်းကို ရေးသားရသည် ဖြစ်ကြောင်း။

(၁၀) ဤကျမ်းသည် ပရမတ္ထဒီပနီဋီကာကြီး၏ အနက်အဓိပ္ပါယ်တို့ကို မြန်မာဘာသာသက်သက်ဖြင့် ရေးသားအပ်သောကြောင့် **မြန်မာပရမတ္ထဒီပနီ** လည်းမည်၏။ ပရမတ္ထသံခိပ်ကျမ်းကို ပဓာနထား၍ ဖွင့်ပြသောကြောင့် **ပရမတ္ထသံခိပ်ဋီကာ** လည်းမည်၏။ အဘိဓမ္မာ၏ သဘောအချက် အနက်အဓိပ္ပါယ်တို့ကို ပန်းခိုင်ပုံနှုန်း စုရုံးကုံးသီ ပြရာဖြစ်သောကြောင့် "**အဘိဓမ္မတ္ထမဉ္ဇရီ**" ကျမ်း လည်းမည်ကြောင်း။

(၁၁) ဤကျမ်း၌ ပါရှိသော အနက်အဓိပ္ပါယ်တို့သည် ငါတို့၏ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ပရမတ္ထဒီပနီဋီကာကြီး၏ အနက်အဓိပ္ပါယ်များဖြစ်ကြောင်း။

(၁၂) ဤကျမ်းကို ကြည့်ရှုကြကုန်သော သူတို့သည် ပရမတ္ထဒီပနီ ဋီကာကြီး၏ အနက်အဓိပ္ပါယ်များကို သိရှိသည့်ပြင် ပရမတ္ထသံခိပ်ကျမ်း၏ ဝိတ္ထာရ အနက် သဘောအချက်တို့ကို ပြက်ပြက်ထင်ထင် သိမြင်နိုင်ကြကုန်လိမ့်မည် ဖြစ်ကြောင်း။

L.D. PANDITA
24-4-08

# ပရမတ္ထသံခိပ်ဋီကာ (ဒုတိယတွဲ)

## မာတိကာ-အချုပ်


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း (အသစ်) .... .... .... | က - ပ |
| (၂) | သောတဒ္ဒါရဝီထိနှင့် တဒနုဝတ္တကမနောဒ္ဒါရဝီထိတို့ ပရမတ္ထသဒ္ဒကို အာရုံပြုပုံ .... .... | ၅၇၆ |
| (၃) | နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိတို့သည် သဒ္ဒပညတ်ကိုသာ အာရုံပြုပုံ .... .... .... | ၅၇၆ |
| (၄) | အက္ခရာအသံ နှစ်ခုသုံးခုစသည်ပါသည့် စကားသံများကို ကြားရာ၌ ဝီထိတိုးလာပုံ .... .... | ၅၇၇ |
| (၅) | သင်္ကေတဂ္ဂဟဏဝီထိ, သမ္ဗန္ဓဂ္ဂဟဏဝီထိ, ဝိနိစ္ဆယဝီထိတို့လည်း ဖြစ်သင့်ကြောင်း မိန့်ဆိုကြပုံ .... .... | ၅၇၇ |
| (၆) | ဘာသာခြားစကားသံကို နားလည်သူ၌ ဘာသာပြန်ဝီထိ ဖြစ်သင့်ပုံ .... .... .... | ၅၇၈ |
| (၇) | ပြောဆိုသူ ဝဒန္တပုဂ္ဂိုလ်၌ အတ္ထဂ္ဂဟဏဝီထိပြီးမှ နာမဂ္ဂဟဏဝီထိဖြစ်ပုံ .... .... .... | ၅၇၈ |


ပစ္စည်းပိုင်း ငွေပါဘာ ပြီး၏။

# ပရမတ္ထသံခိပ်ဋီကာ ဒုတိယတွဲ

## အမှားပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| ပရိတ္တာဘာဘုံ | ပရိတ္တသုဘာဘုံ | ၄၄ | ၂၅ |
| အရူပိ | အရူပိ | ၅၁ | ၁၁ |
| ၅-ဘုံသား | ၆-ဘုံသား | ၅၆ | ၂၅ |
| ၈-ပါးရှိ၏ | ၁၀-ပါးရှိ၏ | ၅၇ | ၆ |
| ၉-ခုသာတည်း | ၁၉-ခုသာတည်း | ၅၇ | ၇ |
| မိဘုရား | မိဖုရား | ၆၀ | ၃ |
| ကမ္ဘာရေယက်တွင် | ကမ္ဘာလေယက်တွင် | ၆၉ | ၁၅ |
| များထက်တင်သော | များယက်တင်သော | ၇၀ | ၂၅ |
| ကုန်ခန်းနိုင်သော | ကုန်မန်းစေနိုင်သော | ၈၅ | ၁၂ |
| ယောက်ပုံမှုကို | သတ်ဖြတ်မှုကို | ၈၅ | ၁၀ |
| ပဖြစ်စေနိုင်ကောင်းသော | မဖြစ်စေနိုင်ကောင်းသောကြောင့် | ၈၇ | ၂၀ |
| အပရပရိယာယေတိ | အပရပရိယာယေတိ | ၉၄ | ၃၀ |
| ပါကဌာနစတုက္ကပြီး၏ | ပါကကာလစတုက္ကပြီး၏ | ၁၀၀ | နောက်ဆုံး |
| အာယုက္ခယမရဏတခုသာ | ကမ္မက္ခယမရဏတခုသာ | ၁၅၁ | ၁၆ |
| စက်,သော,ကာ,ဇီ | စက်,သော,ဃာ,ဇီ | ၁၇၅ | ၁၄ |
| ကမ္မဇဘူတလက္ခဏော | ကမ္မဇဘူတပသာဒလက္ခဏော | ၁၇၉ | ၁၁ |
| ယသဒ်တတရားတို့ဟူ၍ | သဒ်တတရားတို့ဟူ၍ | ၂၀၉ | ၁၉ |
| ပ,ဘာ,ဇီ,ဝေ | ပ, ဘာ, ဇီဝေ | ၂၁၃ | ၁၁ |
| မထိလာ မငြိလာသော်လည်း | ထိလာငြိလာသော်လည်း | ၂၁၇ | ၂၅ |
| ၁-ချက်မြောက်စိတ်က | ၁၆-ချက်မြောက်သောစိတ်က | ၂၂၆ | ၁၁ |
| ၁-ချက်မြောက်သောစိတ် | ၁၆-ချက်မြောက်သောစိတ် | ၂၂၆ | ၁၃ |
| ရုပ် ၃၂ | စိတ် ၃၂ | ၂၂၇ | ၂၅ |
| ရုပ် ၁၉ | စိတ် ၁၉ | ၂၂၀ | ၂၃ |
| ဋီကာဟောင်းဆရာကား | ဋီကာသစ်ဆရာကား | ၂၄၃ | ၂၅ |
| သဥပါဒိသေသော | ဥပါဒိသေသော | ၂၆၆ | ၂၉ |
| အာရုံအမျိုး | အာရုံအမျိုးမျိုး | ၂၉၁ | ၁၀ |

# အမှားပြင်ဆင်ချက်

| အမှား | အမှန် | စာမျက်နှာ | ကြောင်းရေ |
|---|---|---|---|
| အနုညာ | အနုညာ | ၂၉၇ | ၁၉ |
| ဆန္ဒ, စိတ္တ, ဝီမံသ | စိတ္တ, ဝီရိယ, ဝီမံသ | ၃၀၃ | ၁၇ |
| သဒ္ဓဟာန | သဒ္ဒဟာန | ၃၀၄ | ၃ |
| သမ္မောပျောင်မည်သော | သမ္မောမိမည်သော | ၃၁၉ | ၁၆ |
| သမုဒယော | ဒုက္ခသမုဒယော | ၃၄၉ | ၆ |
| ပြုန်တီးခြင်း | ပြုန်းတီးခြင်း | ၃၉၄ | ၁၇ |
| မြည်းတမ်းပု | မြည်တမ်းမှု | ၃၉၂ | ၁၂ |
| ပစ္စယုပ္ပန်ထင်ရှားမှုဆဲ | ပစ္စုပ္ပန်ထင်ရှားမှုဆဲ | ၄၂၂ | ၂၆ |
| ပစ္စယုပ္ပန်ရှိဆဲ | ပစ္စုပ္ပန်ရှိဆဲ | ၄၂၆ | ၂ |

# ပရမတ္ထသံခိပ်ဋီကာ

## ဒုတိယတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၅-ဘုံပိုင်း(ဝီထိမုတ်ပိုင်း)ဋီကာ

### (က) ကမ္ဘာမြေကြီးကို ပြဆိုခန်း

**ဘုံမည်ပုံ။** ။"ဘဝန္တိ ဧတ္ထာတိ ဘူမိ"။ ဧတ္ထ၊ ဤဌာနစု၌။ ဘဝန္တိ၊ ဖြစ်ကြရကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ဘူမိ၊ ဘုံမည်၏။ ဤဝစနတ္ထနှင့်အညီ သဝိညာဏက, အဝိညာဏကဝတ္ထုဗြဗ်တို့၏ ဖြစ်ရာဌာနသည် ဘုံမည်၏။

တာဝတိံသာဘုံ, စတုမဟာရာဇ်ဘုံ, လူ့ဘုံတို့၏တည်ရာ ကမ္ဘာခေါ်သော ဤမြေကြီး-ကြီးသည် တော, တောင်, သမုဒ္ဒရာ, သီဒါခုနစ်တန်, သတ္တရဘ္ဘန် တောင်စဉ်ခုနစ်ခွေ, မဟာနေရုမြင်းမိုရ်တောင် စသော အဝိညာဏကဝတ္ထု၊ လူစသော သဝိညာဏကဝတ္ထုတို့၏ တည်ရာကြီး ဖြစ်ပေ၏။ ထိုကမ္ဘာမြေကြီးသည် ရေအပြင်၌ တည်ရ၏၊ ထိုကမ္ဘာကို ခံသော ရေသည် လေအပြင်၌ တည်ရ၏၊ ထိုလေသည် အဇဋာကာသ ကောင်းကင်ကြီး၌ တည်လျက် ရှိ၏။ တစုံတရာ အခုအခံဟူ၍ မရှိပြီ။

(၂၄၅) ကိုးသိန်းခြောက်သောင်း၊ အထုပေါင်း၊ တည်ရှောင်း အောက်ခံ-လေ။

**လေထုကြီး။** ။ကမ္ဘာကြီးကို ထမ်းဆောင်သည့်ပိုး၍နေသော လေထုကြီးသည် ယူဇနာပေါင်း ကိုးသိန်းနှင့်ခြောက်သောင်း အထုရှိ၏။ အနံ အလျားအားဖြင့်မူကား အနန္တစကြဝဠာနှင့် တဆက်တည်း ရှိလေသဖြင့် အနန္တ

ကျယ်ဝန်း၏။ အပိုင်းအခြား မရှိ။ အထက်ကောင်းကင်၌ နေ့၊လ၊နက္ခတ်တာရာတို့သည် အခုအခံမရှိ တည်နေကြကုန်သကဲ့သို့ ဤမြေကြီးသည်လည်း အခုအခံမရှိသော အဇဋာခွင် လေအပြင်၌ တည်နေ၏။ လူ့ပြည်ကနေ၍ အထက်သို့ မော်ကြည့်လျှင် ထိန်ထိန်တောက်လင်း၍နေသော နက္ခတ်တာရာတို့ကို မြင်ရသကဲ့သို့ ကမ္ဘာမြေထု ရေထုတို့၏ အောက်ကနေ၍ လေအပြင်ထဲက မော်ကြည့်လျှင် ရေရောင်တို့ဖြင့် ပြောင်ပြောင်တောက်လျက် တည်ရှိသော ဤကမ္ဘာမြေကြီးကို မြင်ရလိမ့်မည်ဖြစ်၏။

(၂၄၆) လေးသိန်းရှစ်သောင်း၊အထုပေါင်း၊တည့်ရှောင်းလေထက်-ရေ၊

ရေပြင်ကြီး။ ။ကမ္ဘာကိုခံသော လေပြင်ကြီး၏ အထက်၌ ရေပြင်ကြီး တည်လျက်ရှိ၏။ ၎င်းရေပြင်ကြီးသည် လေထု၏ ယက်ဝက်မျှ ထုပေသဖြင့် ယူဇနာပေါင်း လေးသိန်းရှစ်သောင်း အထုရှိ၏။ အလျားအနံမှုကား အတူတကွ ဖြစ်ဖော်ဖြစ်ဖက် ပျက်ဖော်ပျက်ဖက်ဖြစ်သော အာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာကုဋေတသိန်းအောက် တပြင်လုံးမှာ တသားတည်း တည်လျက်ရှိ၍ လွန်စွာ ကျယ်ဝန်းလှ၏။ ၎င်း အာဏာခေတ် စကြဝဠာကုဋေတသိန်းတို့၏ အောက်အပြင်၌ တခဲနက် တည်ရှိသော ရေထုကြီးကို အောက်သို့ မယိုမကျရလေအောင် အောက်ကခံလျက်ရှိသော ကမ္ဘာလေသည် အထက်သို့ အတင်းပင့်၍ မပြတ်မစဲ တဟုန်တည်း တိုက်၍နေသည်။ နံပါး လေးမျက်နှာ စကြဝဠာဘပါးသို့ မစီးမသွားရအောင် ရေ၏ဘက်ဝန်းကျင် ပတ်လည် အာဏာခေတ်၏ နံပါးရှိ အထက်အဇဋာကာသနှင့် အောက်အဇဋာကာသ ထုတ်ခြင်းပေါက် ဟင်းလင်းပွင့်၍နေသော အပေါက်ကြီးပြင့်လည်း အောက်ခံ ကမ္ဘာလေ၊ အထက် အဇဋာကာသလေတို့သည် ဆန့်ကာ ဧန့်ကာ အမြဲမပြတ် တိုက်ခတ်ဆီးကာ၍ နေ၏။ ထို့ကြောင့် ကမ္ဘာကိုခံသော ရေထုကြီးသည် အာဏာခေတ်နှင့်အမျှ မတ်မတ်တည်တံ့၍ နေ၏။ ၎င်းရေ၏ အထက် အပြင်ကလည်း သိလာပထဝီဟုဆိုအပ်သော ကျောက်ဖျာကြီးများလည်း အုပ်ဖုံးလျက် ရှိ၏။ ထို့ကြောင့် ကမ္ဘာကိုခံသော ရေသည် အောက်ကလည်း လေ၊ နံဘေးပတ်လည်ကလည်း လေ၊ အထက်ကလည်း ကျောက်ဖျာအားဖြင့် အလုံးစုံ ဘင်းပိတ်ကြီးဖြစ်၍ နေ၏။ ရေစင်အတွင်း၌ ထားသော ရေကဲ့သို့ ဖြစ်၍နေ၏။

(၂၄၇) နှစ်သိန်းလေးသောင်း၊အထုပေါင်း၊တည့်ရှောင်းရေထက်-မြေ။

မြေထုကြီးနှင့် စကြဝဠာ။ ။ကမ္ဘာကိုခံသော ရေ၏ အပေါ်၌ မြေထုကြီး တည်နေ၏။ ထိုမြေထုကြီးသည် ရေထု၏ ထက်ဝက်မျှရှိ၍ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း အထုရှိ၏။ ဤမြေပြင်ကြီးသည် တခုတခုသော စကြဝဠာအဘို့အဘို့အားဖြင့် အဝိုင်းအဝိုင်းကြီးတွေ ဖြစ်၍ တည်၏။

ဤရေပေါ်၌ တည်သော မြေဝိုင်း မြေဝန်းတခုကို စကြဝဠာတခု တခုဟု ဆို၏။ တခုတခုသော စကြဝဠာအဝိုင်းအဝန်းသည် ဗီလာတည့်တည့် ဖြစ်၏။ တိုင်းတာသည့်ရှိသော် ဗျက် ယူဇနာပေါင်း တသန်းနှစ်သိန်းသုံးထောင့်လေးရာ့ငါးဆယ် ရှိ၏။ အဝန်းအဝိုင်းအလိုက် ပတ်လည်တိုင်းတာသည့်ရှိသော် ယူဇနာပေါင်း သုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ ငါးဆယ် ရှိ၏။

(**စက္ကဝါဠ**ဟူသောပုဒ်၌"စက္ကမိဝ ဝါဠတေ ပ္လဝတေတိ စက္ကဝါဠော"။စက္ကမိဝ၊ စက်ဝန်း စက်ဝိုင်းကဲ့သို့။ ဝါဠတေ ပ္လဝတေ၊ ရေမှပေါ်၍နေသည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ စက္ကဝါဠော၊ စက္ကဝါဠ မည်၏)။

ရေအပြင်၌ လင်ပန်းတွေကို ချ၍ထားရာ အဝိုင်းအဝိုင်း စက်ဝန်းတွေကဲ့သို့ ပေါလောမျော၍ နေ၏။ ထိုအတူ စကြဝဠာခေါ်သော ကမ္ဘာဝိုင်းတွေလည်း ရေအပြင်၌ အဝိုင်းအဝိုင်းတွေဖြစ်၍ ပေါလောမျောနေ၏။

အာကာသခေတ်တွင်း အပြည့်ရှိသော ကမ္ဘာရေပြင်ကြီးမှ ပေါ်၍ပေါ်၍နေကြသော မြေဝိုင်းကလေးတွေ ဆိုလိုသည်။ အကနိဋ္ဌဘုံမှနေ၍ အောက်ကမ္ဘာဝိုင်းတွေကိုကြည့်လိုက်လျှင် ရေအပြင်၌ ဥ၍ထားသော ဘားဥကလေးတွေကို မြင်ရဘိသကဲ့သို့ ရေအပြင်၌ ပေါလောနေသော စကြဝဠာ ကမ္ဘာမြေဝိုင်း ကလေးတွေကို အလင်း မြင်ရလိမ့်မည် ဖြစ်၏။ စကြဝဠာတခုတခုသည် မြေဖြင့် ထည့်၍ထားအပ်သော ကျောက်ခွက်များနှင့်လည်း တူ၏။ ကျောက်ခွက်၏ နခမ်း လက်ရမ်းကဲ့သို့ စကြဝဠာ၏လက်ရမ်း ဝရန်တာ နခမ်းခေါ်သော စကြဝဠာတောင်များလည်း ရှိ၏။ ထိုစကြဝဠာတောင်သည် ကမ္ဘာရေ၏ အထက် သိလာပထဝီမြေနှင့် တဆက်တည်း တသားတည်း နံပါး ဝန်းကျင် ပတ်လည် တလျှောက်လုံး၌ ဝန်းဝိုင်း၍ အထက်သို့ မတ်မတ် ပေါ်လာ၏။ ၎င်းတောင်ကို စကြဝဠာတောင်ဟူ၍၎င်း, စကြဝဠာနခမ်းဟူ၍၎င်း, စကြဝဠာခါးပန်းဟူ၍၎င်း, စကြဝဠာလက်ရမ်းဟူ၍၎င်း, စကြဝဠာဝရန်တာဟူ၍၎င်း, စကြဝဠာ တံတိုင်း ထရံကြီးဟူ၍၎င်း ခေါ်ဝေါ်အပ်၏။ ဤစကြဝဠာတောင်သည် မြေအပြင်မှ ယူဇနာပေါင်း တသိန်း ခြောက်သောင်း ရှစ်ထောင် မြင့်၏။

၎င်းစကြဝဠာ ကျောက်ခွက်ကြီးထဲ၌ ပံသုခေါ်သော မြေများ, မြင်းမိုရ်တောင်, တောင်စဉ်ခုနစ်ထပ်များ, သမုဒ္ဒရာများ တည်လျက် ရှိ၏။ ၎င်း စကြဝဠာ၏ အထက်၌ စကြဝဠာ၏ မီးခွက်သဖွယ် မီးအိမ်သဖွယ်ဖြစ်သော နေမင်းလည်း ရှိ၏၊ လမင်းလည်း ရှိ၏။ ထိုပြင် စကြဝဠာတခုလုံးကို စိန်စီသောဖိတာန် မျက်နှာကျက်ကြီးကို အုပ်ထားဘိသကဲ့သို့ ကြယ်တာရာတို့ဖြင့် စီခြယ်အပ်သော ကောင်းကင် ဖိတာန်ကြီးသည် ဖြန့်မိုးအုပ်ခြုံ၍ ထား၏။

**လောကန္တရ။** ။လင်ပန်းသုံးခု ကျောက်ဝိုင်း သုံးခု သုံးခုကို စပ်၍ စပ်၍ ထားဘိသကဲ့သို့ စကြဝဠာကမ္ဘာမြေဝိုင်း သုံးခု သုံးခု စပ်၍ တည်၏။ ၎င်းစကြဝဠာ ကမ္ဘာမြေဝိုင်း သုံးခုတို့၏ အကြား အကြားဖြစ်သော အပေါက်ကြီးသည် အောက်သို့ ကမ္ဘာရေတိုင်အောင် ထုတ်ချင်းခတ် နက်၏။ အထက်သို့ ကောင်းကင် တိုင်အောင် ပေါက်လာ၏။ ၎င်း ချောက်ကြီးကို "လောကန္တရ"ဟု ခေါ်ဝေါ်အပ်၏။ "လောကာနံ အန္တရံ လောကန္တရံ"။ လောကာနံ၊ ကမ္ဘာလောကသုံးခုတို့၏။ အန္တရံ၊ အကြား အပေါက်ကြီးတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောကန္တရံ၊ လောကန္တရ မည်၏။ ထိုလောကန္တရကို ကမ္ဘာချောက်ကြီးဟူ၍ ခေါ်ဝေါ်အပ်၏။ ၎င်းကမ္ဘာချောက်ကြီးသည် ယူဇနာ ရှစ်ထောင် ကျယ်၏။ စကြဝဠာတောင်ကြီး ပိတ်ဆီးလျက် ရှိသောကြောင့် နေရောင် လရောင်ဟူ၍ တရံတခါမျှ မရောက်စဘူး အထူး မှောင်ကျ၍ နေ၏။ ၎င်းမှောင်ကြီးကို ကမ္ဘာမှောင်ကြီး ခေါ်ဝေါ်အပ်၏။ ၎င်းကမ္ဘာချောက်ကြီး၏ အောက်တည့်တည့် ကမ္ဘာမှောင်ထဲ၌ တည်ရှိသော ရေသည် အလွန်တရာ အေး မြ၏။ သတ္တဝါတို့ကို အေးခြင်းဖြင့် ရုတ်တရက် သေစေ၏။ ၎င်း ရေအစုကို ကမ္ဘာရေချမ်းအိုးကြီးဟူ၍ ခေါ်ဝေါ်အပ်၏။

**လောကန္တရိက်ငရဲ။** ။ဤ "လောကန္တရ"ဟုဆိုအပ်သော ကမ္ဘာချောက်ကြီး ကမ္ဘာမှောင်ကြီးထဲ၌ ပေါက်ပေါက်ရှာရှာ ငရဲသူတို့ လာ၍ နေကြကုန်၏။ ထိုငရဲကို လောကန္တရိက=လောကန္တရိက်ငရဲဟူ၍ ခေါ် ဝေါ်အပ်၏။ "လောကန္တရေ ဇာတာတိ လောကန္တရိကာ"။ လောကန္တရေ၊ ကမ္ဘာချောက်မှောင်ကြီး၌။ ဇာတာ၊ ဖြစ်ကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောကန္တရိကာ၊ လောကန္တရိက်တို့ မည်ကုန်၏။ ထိုလောကန္တရိက် ငရဲသူတို့သည် လင်းနို့များကဲ့သို့ စကြဝဠာတောင်နံဘေးကို တွယ်ကပ်၍နေကြ ရကုန်၏။ အစာဟူ၍လည်း မရှိ၊ အလင်းဟူ၍လည်း မရ၊ ကမ္ဘာ မှောင်ကျ၍ နေကြရရှာကုန်၏။ အချင်းချင်း တကောင် တကောင် ထိခိုက်မိသောအခါ အစာမှတ်သဖြင့် ရုတ်တရက် ဖမ်းလိုက်လေရာ အပယ်ကောင် နှစ်ကောင်လုံးပင် ဒွန်တွဲ၍ ကမ္ဘာရေချမ်းအိုးကြီးထဲသို့ ကျရောက်လေကုန်၏။ ထိုအခါ ရေပြင်မှာ ဆားလျှော်ကြီးမှောက်ဘိသကဲ့သို့ မြွမြွကြေ၍ သေကြရရှာကုန်၏။ ကံမကုန် သေးလျှင် တဖန်ထပ်၍ ငရဲသူ ဖြစ်ရပြန်ကုန်၏။

"သီတောဒကေန နဿန္တိ၊ လောကန္တရေ မဟာတမေ။
အပါယိကာ အဟော ဘောန္တော၊ ဘာရိယံ ကမ္မမာပနံ"။

လောကန္တရေ၊ လောကအပေါက် ကမ္ဘာချောက်ကြီး၌။ မဟာတမေ၊ လောကပိတ်နှောင်၊ ကမ္ဘာမှောင်ကြီးထဲ၌။ သီတောဒကေန၊ လောကဓမ္မတာ၊

ကမ္ဘာရေအေးဖြင့်။ အပါယိကာ၊ လောကန္တရိက် အပါယ်ကောင်တို့သည်။
နသဿန္တိ၊ ဆားခံရေကျ၊ ပမာဏသို့၊ မွမွပျက်စီး၊ သေကြီး သေရလေကုန်၏။
ဘောဂန္တော၊ အို-အချင်းတို့၊ ကမ္မမာပန်၊ ကံဖန်ဆင်းသော အမှုများသည်။
အဟောဘာရိယံ၊ ခြောက် ကြောက်ဖွယ်ကြီးပါတကား။

အာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာ ကုဋေတသိန်းသည် တွဲကာနှောင်ကာ ဆက်လျက်တည်း၊ အောက်ခံရေပြင်လည်း တပြင်တည်း ခံလျက်ရှိ၏။ စကြဝဠာကုဋေတသိန်း၏ ပြင်ဘက်၌ကား စကြဝဠာချင်း မဆက်မတွယ် မရော မနှောရအောင် ကျယ်ဝန်းလှစွာသော အဇဋာကာသကောင်းကင်ကြီး ခြားလျက်ရှိ၏။ ၎င်းကောင်းကင်ကြီး၏ ဝေးလှစွာသော ဟိုဘက်၌ကား ဤ အာဏာခေတ်ကဲ့သို့ စကြဝဠာတွေ သုံးခုသုံးခု တွဲနှောင်ကာ တွဲနှောင်ကာ တည်ရှိပြန်ကုန်၏၊ စကြဝဠာအဆုံးမရှိပြီ အနန္တကြီးပေတည်း။

**ကမ္ဘာကိုခံသောလေ။** ။ယခင်ပြဆိုခဲ့ပြီးသော အာဏာခေတ်၏ ပြင်ဘက်ရှိ ကောင်းကင်ကြီး၌ကား အောက်ကမ္ဘာကို ခံသော လေသည် အတင်း အထက်သို့ ဆန်၍ ကန်၍ တိုက်၏။ ထိုလေကြီး အတွက်ပင် ကမ္ဘာကိုခံသောရေသည်လည်း စီးဆင်း၍ မသွားဘဲ ရှိချေသည်။ ကမ္ဘာပျက်သောအခါ၌လည်း ဤလေကြီးအတွက် ဤအာဏာခေတ်မှ ကမ္ဘာမီးကြီးသည် အခြားပြင်ဘက်ခေတ်များသို့ ကူး၍ မလောင်ချေ။ ကမ္ဘာရေလည်း အခြား ခေတ်သို့ စီး၍ အခြားခေတ်ရှိ ကမ္ဘာတွေကို မဖျက်ချေ။ အခြားခေတ်က ကမ္ဘာမီးများသည်လည်း ငါတို့အာဏာခေတ်သို့ ကူး၍ မလောင်ချေ။ စကြ-ဝဠာအနန္တ ရှိလေသောကြောင့် ဘယ်ခါဏမဆို ကမ္ဘာသည် ပျက်ဆဲလည်း ရှိကြ၏။ တည်ဆဲလည်း ရှိကြ၏။ ကမ္ဘာလောကကြီး၏ ဖြစ်ပုံအရာသည် လွန်စွာဆန်းကြယ်၏။ သဗ္ဗညုဘုရားတို့၏ အရာသာတည်း။

**(၂၄၇) သိလာ, ပံသု၊ မြေနှစ်ခု၊ အထု ထက်ဝက်ဝေ။**

**ကျောက်မြေ,ရွှံ့မြေတို့၏အထု။** ။ကမ္ဘာရေပေါ်၌ တည်ရှိသော မြေထု နှစ်သိန်း လေးသောင်းတွင် သိလာခေါ်သော ကျောက်မြေထက်ဝက် ပံသုခေါ်သော ရွှံ့မြေထက်ဝက် ရောလျက် ရှိသောကြောင့် ကျောက်မြေသည် ယူဇနာပေါင်း တသိန်းနှစ်သောင်း ထု၏။ ရွှံ့မြေလည်း ယူဇနာပေါင်း တသိန်းနှစ်သောင်း ထု၏။ ကျောက်မြေသည် အောက်က တည်၏။ ဤသိလာပထဝီဟု ဆိုအပ်သော ကျောက်ခွက်ဝိုင်းကြီးကိုပင် စကြဝဠာ ဟု ခေါ်ရလေသည်။ စကြဝဠာတောင်ခေါ်သော ကမ္ဘာလက်ရန်းကြီးသည် ပံသုပထဝီ၏ ပတ်လည်ဝန်းကျင်မှ တက်၍ ပေါက်၏။

**မြင်းမိုရ်တောင်နှင့် သတ္တရဘန်။** ။မြင်းမိုရ်တောင်ကြီးသည် သီလာပထဝီ၏ အလည်ဗဟိုတည့်တည့် ချက်မှ ပေါက်၏။ ၎င်းမြင်းမိုရ်တောင်ကို ကမ္ဘာ၏ချက်ကြီးဟု ခေါ်ဝေါ်အပ်၏။ စကြဝဠာတောင်နှင့် မြင်းမိုရ်တောင်အကြားမှာမှ ပံသုပထဝီတည်၏၊ မြင်းမိုရ်တောင်သည် မြေအပြင်မှ ယူဇနာပေါင်း တသိန်းခြောက်သောင်းရှစ်ထောင် မြင့်၏။ မြင်းမိုရ်တောင်ကြီးကို တံတိုင်းခုနစ်ထပ် ဝန်းရံဘိသကဲ့သို့ သတ္တရဘန်ခေါ်သော တောင်ကြီးခုနစ်လုံးတို့သည်လည်း အစဉ်အတိုင်း တဝက်တဝက် နိမ့်ရှိုင်းလျက် ပတ်လည်ခွေဝိုက်၍ တည်ကုန်၏။ ထိုတောင်စဉ်ခုနစ်ထပ်တို့၏ အကြားအကြား၌ ချိုမြိန် အေးမြ လှစွာသော ရေပြည့်သော သီဒါသမုဒ္ဒရာကြီးတို့သည်လည်း အဆင့်အဆင့် ခွေပတ်၍ တည်ကုန်၏။ ထိုတောင်စဉ်ခုနစ်ထပ်တို့ကို မြင်းမိုရ်တောင်ထိပ်မှနေ၍ ကြည့်လျှင် မြင်းမိုရ်တောင်ကြီးကို တက်ရန် လှေခါးခုနစ်ထစ်နှင့်တူစွာ မြင်ရ၏။

**ကျွန်းကြီးလေးကျွန်း။** ။သတ္တရဘန် တောင်စဉ်တို့၏ ပြင်ဘက်၌ မြင်းမိုရ်တောင်၏ လေးမျက်နှာတွင် ကျွန်းကြီးလေးကျွန်း တည်ရှိချေ၏။

**ဇမ္ဗူဒီပါတောင်ကျွန်း။** ။ငါတို့တောင်ကျွန်းကို ဇမ္ဗူဒီပါကျွန်းဟူ၍ ခေါ်ဝေါ်ကြ၏။ "ဇမ္ဗုယာ လက္ခိတော ဒီပေါတိ ဇမ္ဗူဒီပေါ"။ ဇမ္ဗုယာ၊ ဇမ္ဗုသပြေပင်ဖြင့်။ လက္ခိတော၊ မှတ်သားအပ်သော။ ဒီပေါ၊ ကျွန်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇမ္ဗူဒီပေါ၊ ဇမ္ဗူဒီပါမည်၏။ ကျွန်းဦး၌ ဇမ္ဗုသပြေပင်ကြီး ရှိသတတ်။ ထိုသပြေပင်ကို အစွဲပြု၍ ဇမ္ဗူဒီပါဟု ခေါ်ဝေါ်ရလေ၏ ဟူလို။ ဤဇမ္ဗူဒီပါကျွန်းကို ဟိမဝန္တာတောင်, ဂန္ဓမာဒနတောင်, ကေလာသတောင်, စိတ္တကူဋတောင် စသော တောင်ကြီးတို့ဖြင့် တန်းဆာဆင်အပ်၏။ ဂင်္ဂါ, ယမုနာ, သရဘူ, အစိရဝတီ, မဟီဟူ၍ ထင်ရှားသော မြစ်ကြီးငါးသွယ် ထို့ပြင် ဣန္ဒု, နမ္မဒါစသော မြစ်တို့ဖြင့်လည်း တန်းဆာဆင်အပ်၏။ ထို့ပြင် အနေ၁တတ္တအိုင်, ဆဒ္ဒန္တအိုင်, ကုဏာလအိုင်ကြီးတို့ဖြင့်လည်း တန်းဆာဆင်အပ်၏။ လင်္ကာဒီပ, နာဂဒီပ စသော ကျွန်းငယ်တို့ဖြင့်လည်း ဝန်းရံအပ်၏။ ဇမ္ဗူဒိပ်ကျွန်းသည် ကျွန်း၏အချက်အရာ အပ္ပရာဇိတဌာန မဇ္ဈိမမဏ္ဍလဟု ဆိုအပ်သော ဗောဓိပင်ပေါက်ရာ ဘုရားပွင့်ရာ မြေမြတ်ရှိသည်၏ အဖြစ်ကြောင့်လည်း လွန်စွာ ထင်ရှားကျော်စော၏။ ဘုရား, ပစ္စေကဗုဒ္ဓ, သာဝကဗောဓိတို့၏ ပွင့်ရာ နိဗ္ဗာန်ကူးရာ ဆိပ်ကြီးကမ်းကြီးလည်း ဖြစ်၏။ ပါရမီစသော သံသရာစီးပွါးကို ရှာကြံ၍ လွန်စွာစီးပွါးဖြစ်ထွန်းရာ ဌာနကြီးလည်း ဖြစ်၏။ နိဗ္ဗာန်သို့ ပေါက်ရောက်စေနိုင်သော လောကုတ္တရာပညာ, ဈာန်အဘိညာဏ်အမျိုးမျိုးကို ရစေနိုင်သော လောကီပညာများကို သင်ကြားရာ

မဟာသိပ္ပံကျောင်းကြီးလည်း ဖြစ်၏။ ဤကား ကုသိုလ်တည်း၊ ဤကား အကုသိုလ်တည်း။ ဤအမှုကို ပြုကြရမည်၊ ဤအမှုကို မပြုကြရဟူ၍ အမိန့် ချမှတ်ရာ သံသရာ တရားရုံးကြီးလည်း ဖြစ်၏။ လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာဟုဆိုအပ်သော လောကီသုခစု၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဟုဆိုအပ်သော လောကုတ္တရာသုခစုကို ဝယ်ယူရာ ဈေးရုံကြီး လည်းဖြစ်၏။ ဤသို့လျှင် ဇမ္ဗူဒီပါ လက်ျာကျွန်းမြတ်သည် လွန်စွာ ထူးမြတ်သော ကျွန်းကြီးဖြစ်လေသတည်း။

မြင်းမိုရ်တောင်၏ အနောက်ဘက်၌ရှိသော ကျွန်းသည် အပရဂေါယာန ကျွန်းမည်၏၊ ၎င်းကျွန်း၌ ကျွန်းဦးတံခွန် သစ်ပင်မွန်ကား ထိမ်ပင်ကြီးပေ တည်း။

မြင်းမိုရ်တောင်၏ မြောက်ဘက်၌ရှိသော ကျွန်းသည် "ဥတ္တရကုရု" ကျွန်း မည်၏၊ ၎င်းကျွန်း၌ ကျွန်းဦးတံခွန် သစ်ပင်မွန်ကား ပဒေသာပင်ကြီး ပေတည်း။

မြင်းမိုရ်တောင်၏ အရှေ့မျက်နှာ၌ရှိသော ကျွန်းသည် "ပုဗ္ဗဝိဒေဟ" ကျွန်း မည်၏၊ ၎င်းကျွန်း၌ ကျွန်းဦးတံခွန် သစ်ပင်မွန်ကား ကုက္ကိုပင်ကြီးပေတည်း။

စကြဝဠာမင်း၏ အဖြစ်ကိုရလျှင် ဤကျွန်းကြီး ၄-ကျွန်းကို အစိုးရ၏။ ဤကျွန်းကြီး ၄-ကျွန်းကို နှစ်ထောင်သော ကျွန်းငယ်တို့ဖြင့် ဝန်းရံအပ်၏။

**သမုဒ္ဒရာကြီးများ။** ။ကျွန်းကြီး လေးကျွန်းနှင့် ကျွန်းငယ်နှစ်ထောင်တို့၏ ပြင်ဘက်၌ စကြဝဠာတောင်သို့ ဆိုက်ရောက်အောင် မဟာသမုဒ္ဒရာကြီးတို့သည် ပတ်လည်ခွေဝိုက်၍ တည်ကုန်၏၊ ၎င်းသမုဒ္ဒရာကြီး အတွင်း၌ အလွန်ကြီးကျယ်လှသော "ဗလဝါမုခ" မည်သော ဝဲကတော့ကြီး လည်း ရှိချေ၏။ သိလာပထဝီ၏ အထက် ပံသုပထဝီမြေ၏အတွင်း၌ကား ငရဲ ကြီးရှစ်ထပ်နှင့် ငရဲငယ်များ ရှိကြကုန်၏။

ကမ္ဘာမြေကြီးကို ပြဆိုခန်း ပြီး၏။

---

## (ခ) ဘုံကို ပြဆိုခန်း

(၂၄၉) သိဋ္ဌုဝ်း,ကာလ၊သဃ်ာတ၊ဒွယ-ရောရူဝ၊။
(၂၅၀) တာပန,ဒွိ၊အဝီစိ၊တည်ရှိ ငရဲရွာ။
(၂၅၁) သောင်းငါးထောင်စီ၊သချ်ာညီ၊ ရှင်လီ ခြား ဆကွာ။

ဤဖြင့် ငရဲကြီး ရှစ်ထပ်နှင့် ၎င်းငရဲကြီးတို့၏ အကွာအဝေးကို ပြဆို၏။

ငရဲကြီး ၈-ထပ်။ ။ငရဲကြီးရှစ်ဘုံကား (၁) သဉ္ဇီဝ=သဉ္ဇိုဝ်းငရဲ။ (၂)ကာလသုတ္တ=ကာလသုတ်ငရဲ။ (၃) သင်္ဃာတ=သင်္ဃာတငရဲ။ (၄)ရောရုဝ=ရောရုဝငရဲ။ (၅)မဟာရောရုဝ=မဟာရောရုဝငရဲ။(၆)တာပန=တာပနငရဲ။ (၇) မဟာတာပန=မဟာတာပနငရဲ။ (၈) အဝီစိ=အဝီစိငရဲ။ ဤကား ငရဲကြီးရှစ်ဘုံတည်း။ ထိုငရဲကြီးရှစ်ထပ်တို့တွင် သဉ္ဇိုဝ်းငရဲကြီးသည် လူ့ပြည်နှင့် အနီးဆုံးဖြစ်၏။ ငရဲကြီးရှစ်ထပ်တို့တွင် အထက်ဆုံး ငရဲဘုံကြီးဖြစ်၏။

## (၁) သဉ္ဇိုဝ်းငရဲ

ရှင်းသဉ္ဇိုဝ်းငရဲကြီးသည် လူ့ပြည်နှင့် ယူဇနာပေါင်း တသောင်းငါးထောင်ကွာဝေးသော အောက်မြေအတွင်း၌ တည်၏။

"သံပုနပ္ပုနံ ဇီဝန္တိ ဧတ္ထာတိ သဉ္ဇီဝေါ"။ ဧတ္ထ၊ ဤငရဲဘုံ၌။ သံပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဉ္ဇီဝေါ၊ သဉ္ဇီဝမည်၏။ ဝါ၊ သဉ္ဇိုဝ်းမည်၏။

ဤသဉ္ဇိုဝ်းငရဲကြီးသည် အလျှံတပြောင်ပြောင် တောက်လောင်သော သံမြေအပြင် ရှိ၏။ အသင်္ချေယျ အနန္တဖြစ်သော ငရဲသူသတ္တဝါတို့ဖြင့် ပြည့်နှက်ကျပ်တည်း၍ နေ၏။ ထိုငရဲ၌ ငရဲထိန်းကြီးတို့သည် အလျှံတပြောင်ပြောင် ထိန်ထိန်လောင်သော ထက်လှစွာသော ထားလှံစသော လက်နက်ကြီးတို့ဖြင့် သတ်ခတ် ရိုက်ပုတ် ထိုးခုတ်ပစ်သတ်ကြကုန်၏။ ငရဲသူတို့၏ ဦးခေါင်းကို အပိုင်းပိုင်း ဖြတ်ကြကုန်၏။ ထိုအတူ လက်ခြေတို့ကိုလည်း အပိုင်းအပိုင်း ဖြတ်ကြကုန်၏။ သံမြေအပြင်၌ လူးလဲ၍နေကြကုန်သော ငရဲသူသတ္တဝါတို့ကို ကြီးစွာသော သံတင်းပုတ်ကြီးတို့ဖြင့် အတင်း ထုနှက်ကြကုန်၏။ အသားအရေ အရိုးအကြောတို့သည် ကြေမွကြကုန်၏။ သွေးတို့သည် မြေကြီးဖြစ်၍ လှိုင်းတံပိုးတို့နှင့်တကွ ပြင်းထန်စွာ စီးသွားကုန်၏။ ထိုအသွေးအသားအလုံးစုံတို့ကို သံမြေမှ ထ၍ ထ၍ မီးလုံးကြီး တခါ တခါ ဟပ်လျှင် အကြွင်းအကျန်မရှိ လောင်ကျွမ်း၍ သွားကြကုန်၏။ ထိုသို့ပင် ဖြစ်ကြကုန်သော်လည်း မကျွတ်မလွတ်ကြရကုန်ဘဲ ကံစီရင်မှုကြောင့် တဖန်ပင် ဥပပါတ်ဇာတိအားဖြင့် ပကတိဖြစ်မြဲ ဖြစ်ပြန်ကြရကုန်၏။ ကံမကုန်သရွေ့ မကျွတ်မလွတ်ကြကုန်ဘဲ အမြဲ ခံကြရကုန်၏။ အနှစ် အသိန်း, အနှစ် အသန်း, အနှစ် အကုဋေပေင် ကြာသော်လည်း ထပ်ကာ ထပ်ကာ အသက်ရှည်၍ ခံမြဲ ခံကြရကုန်၏။ ထို့ကြောင့် "သဉ္ဇီဝ" ငရဲကြီးဟု ခေါ်ဝေါ်ရလေသည်။ ယူဇနာတသောင်းကျယ်သော ထိုသဉ္ဇိုဝ်းငရဲကြီးသည် အနန္တ များပြားလှသော ရန်သူတို့ကို ခုတ်စင်းသတ်ဖြတ်ရာ မဟာ

သင်းချိုင်းတော်ကြီးနှင့် တူ၏။ များလှစွာသော တိရစ္ဆာန် သားသတ္တဝါတို့ကို သတ်ဖြတ်ရာ သားသတ်ရုံ နွားသတ်ရုံကြီးနှင့်လည်း တူ၏။

## (၂) ကာလသုတ်ငရဲ

သဥ္ဇိုဝ်းငရဲကြီးအောက် အစောက်ယူဇနာ တသောင်းငါးထောင် ဝေးကွာသော မြေလိုဏ် ဥမင်ကြီးအတွင်း၌ ယူဇနာတသောင်းကျယ်လျက် တည်ရှိသော ငရဲဘုံကြီးသည် ကာလသုတ် ငရဲကြီးမည်၏။

"ကာလသုတ္တာနိ ပါတေတွာ ဝါသိ ပရသု ကုဒါရီအာဒီဟိ တစ္ဆန္တိ တွေ နိဗ္ဗတ္တေ သတ္တေတိ ကာလသုတ္တော"။ တွေ၊ ဤငရဲကြီး၌။ နိဗ္ဗတ္တေ၊ ဖြစ်၍ နေကြကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ ကာလသုတ္တာနိ၊ မည်းနက်သော မျဉ်းကြောင်းတို့ကို။ ပါတေတွာ၊ ချ၍။ ဝါသိ ပရသု ကုဒါရီအာဒီဟိ၊ ပဲခွပ်၊ ပုဆိန်၊ ထားမ၊ လွှငယ် လွှကြီး စသည်တို့ဖြင့်။ တစ္ဆန္တိ၊ ရွေကြ ခုတ်ကြ တိုက်ခွဲကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာလသုတ္တော၊ ကာလသုတ်မည်၏။

ဤကာလသုတ်ငရဲကြီးသည် အလျှံပြောင်ပြောင် တောက်သော သံမြေအပြင်ဝယ် အသချေ်ယျ အနန္တ များလှစွာသော ငရဲသူငရဲသားတို့ဖြင့် ပြည့်နက်ကျပ်တည်းစွာ ရှိ၏။

ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်သော လက်နက်အမျိုးမျိုးတို့ဖြင့် ပစ်ခတ်ကြကုန်ပြီးလျှင် သံမြေအပြင်၌ လှဲကြကုန်၏။ ငရဲသူတို့သည် လှဲ၍ အိပ်ကြရကုန်၏။ ထိုသို့ ငရဲသူတို့ သံမြေ၌ လှဲ၍ နေကြကုန်စဉ် ငရဲထိန်းတို့သည် ထန်းလုံးပမာဏရှိသော သံပနက်ကြီးတို့ဖြင့် မလှုပ်မယှက်နိုင်ကုန်အောင် ခိုင်မြဲစွာ သံမြေ၌ စိုက်နှက်ကြကုန်၏။ ထို့နောင် လွှသမားသည် သစ်တုံးကို တိုက်ခွဲရန် မျဉ်းသားဘိသကဲ့သို့ ငရဲသူတို့ကို မည်းနက်သော မျဉ်းတို့ဖြင့် သားကြကုန်၏။ လက်သမား လွှသမားကြီးတွေ ဖြစ်ကြကုန်သော ငရဲထိန်းတို့သည် အိမ်မိုးတခြမ်း ပမာဏရှိသော ထားမကြီးတို့ဖြင့်၎င်း၊ တခြမ်းပွဲ့သော ကျောက်တောင်ပမာဏရှိသော ပဲခွပ်၊ ပုဆိန်တို့ဖြင့်၎င်း၊ မျဉ်းကြောင်းအတိုင်း လိုက်၍ ခုတ်ကြ ခွဲကြ မြှောင့်ကြ စိတ်ကြကုန်၏။ အလွှာ အလွှာ ခွါ၍ ခွါ၍ ရွေကြကုန်၏။ ကြီးမားထက်မြက်သော အစွယ်ရှိသော ငရဲလွှကြီးတို့ဖြင့်လည်း တိုက်ခွဲကြကုန်၏။ သစ်တုံးကြီးတွေ ဖြစ်ကြကုန်သော ငရဲကောင်တို့သည် အပြားအပြား ပျဉ်ပြားကြီးတွေ ဖြစ်ကြကုန်၏။ အစိတ်အစိတ်တွေ ဖြစ်ကြကုန်၏။ ထိုပြင် အကြမ်းခွဲခြင်း အနုစိတ်ခွဲခြင်း စသော အမျိုးမျိုးသော တိုက်ခွဲခြင်း၊ အကြမ်းရွေခြင်း အနုရွေခြင်း စသော အမျိုးမျိုးသော ရွေခြင်းတို့ကို အဆင့်အဆင့် ပြုကြကုန်၏။ ငရဲထိန်းဖြစ်ကြကုန်သော လက်သမား

လူသမားတို့ ပြုတိုင်း ငရဲကောင်သစ်တုံးတွေမှာ စင်း၍ ပက်လက် အသာခံ၍ နေကြရကုန်၏။ ထိုသို့ ခုတ်ဒုပ် ရွေအပ် စဉ်းအပ်သော အစိတ်အမွှာ အလွှာ အချပ်တို့ကို တသုတ်တသုတ် သံမြေမှ ထ၍ ထ၍ လာသော ငရဲမီးလုံးကြီးသည် ဝါး၍ ဝါး၍ သွားပြန်သဖြင့် အလုံးစုံ လောင်ကျွမ်း ပျက်စီးကြပြန်ကုန်၏။

ငရဲသူသတ္တဝါတို့သည် ကံစွမ်းမကုန်သမျှ ဥပပါတ်ဇာတိအားဖြင့် ပကတိ ထပ်ကာ ထပ်ကာ ဖြစ်၍ ဆင်းရဲစွာ ခံကြရကုန်၏။ ယူဇနာတသောင်း အပြန့် ကျယ်သော ဤကာလသုတ်ငရဲကြီးသည် ရန်သူအများတို့ကို ထားမကြီးတို့ဖြင့် ရွေ၍ ပဲခွပ်တို့ဖြင့် ခုတ်လှီး၍ လှံကြီးတို့ဖြင့် တိုက်ခွဲ၍ သတ်ရာဖြတ်ရာ မဟာ သင်းချိုင်းတော်ကြီးနှင့် တူ၏။ ထို့ပြင် အမျိုးမျိုးသော ခွဲစိတ်ခြင်းတို့ဖြင့် ခွဲစိတ်ရာ ကြီးလှစွာသော လှစက်ရုံကြီးနှင့်လည်း တူ၏။

## (၃) သင်္ဃာတငရဲကြီး

ကာလသုတ်ငရဲကြီး၏ အောက် အစောက်ယူဇနာပေါင်း တသောင်း ငါးထောင် ဝေးကွာသော မြေလိုဏ်ဥမင်ကြီးအတွင်း၌ အပြန့် ယူဇနာတသောင်း ကျယ်လျက် တည်ရှိသော ငရဲဘုံကြီးသည် သင်္ဃာတငရဲကြီးမည်၏။

"မဟန္တာ ဇလိတာ အယောပဗ္ဗတာ သံဃာတေန္တိ စုဏ္ဏဝိစုဏ္ဏံ ကရောန္တိ ဧတ္ထ နိဗ္ဗတ္တေ သတ္တေတိ သံဃာတော"။ ဧတ္ထ၊ ဤငရဲဘုံ၌။ နိဗ္ဗတ္တေ၊ ဖြစ်ကြ ကုန်သော။ သတ္တေ၊ သတ္တဝါတို့ကို။ မဟန္တာ၊ ကြီးကျယ်မြင့်မားကုန်သော။ ဇလိတာ၊ အလျှံတပြောင်ပြောင် တောက်လောင်ကုန်သော။ အယောပဗ္ဗတာ၊ သံတောင်တို့သည်။ သံဃာတေန္တိ၊ အဖန်တလဲလဲ အမြဲကြိတ်ဝါးကြကုန်၏။ စုဏ္ဏဝိစုဏ္ဏံ၊ မုန့်မှုန့်ညက်ညက် ကြေမွသည့်ကို။ ကရောန္တိ၊ ပြုကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သံဃာတော၊ သံဃာတမည်၏။

ဤသင်္ဃာတငရဲကြီးသည် အလျှံတပြောင်ပြောင် တောက်လောင်သော သံမြေအပြင်၌ ထန်းပင်ကြီးတို့ပမာ မတ်မတ်ရပ်တည်၍ နေကြကုန်သော ငရဲသူ သတ္တဝါတို့ဖြင့် ပြည့်နှက်ကြပ်တည်းစွာ ရှိ၏။ ငရဲသူသတ္တဝါတို့သည် သုံးဂါဝုတ် မျှလောက် ကြီးကျယ်သော ကိုယ်လည်း ရှိကြကုန်၏။ အောက်သံမြေအတွင်း၌ ခါးသို့တိုင်အောင် မြုပ်သော ကိုယ်ရှိကြကုန်သဖြင့် တစုံတရာ သွားလာလှုပ်ရှား ခြင်းကို မတတ်နိုင်ကြကုန်။

ထန်းတောကြီးများ, ပေတောကြီးများ, ကွမ်းသီးပင်တောကြီးများ, အုန်း ပင်တောကြီးများတို့ကဲ့သို့ အထက်သို့ မတ်မတ်ရပ်လျက်တည်သောကိုယ် ရှိကြ ကုန်၏။ ထိုသို့ မတ်မတ်ရပ်တည်၍ နေကုန်သည့်အခါ အရပ် လေးမျက်နှာမှ ကြီးကျယ် မြင့်မားလှစွာကုန်သော မီးလျှံပြောင်ပြောင် ထိန်ထိန်လောင်သော

ငရဲတောင်ကြီးတို့သည် အလှည့်အလည်အားဖြင့် ကြီးမားသောအသံကို မြည်ဟည်း ကြိမ်းဟိန်းလျက် သံတလိမ့်ကြီးတို့ပမာ ရက်စက်စွာ ကြိတ်နင်း၍ အတင်း တဟုန်တည်း သွားကုန်၏။ သတ္တဝါတို့၏ အကုသိုလ် ကံအတွက်ကြောင့် ကမ္ဘာတည်ဦး ပကတူးကပင် အထူး ဖြစ်ပွါး၍နေကြကုန်သော ငရဲသံတောင်ကြီးတို့သည် အလှည့်ကျစီ လည်၍သွားကြရန် စက်ဆင်၍ ထားအပ်ကုန်ဘိသကဲ့သို့ မပြတ်မလပ် တခုပြီးလျှင်တခု ကြိတ်ဝါး နင်းနယ်၍ နေကြကုန်၏။

အရှေ့အရပ်၌ရှိသော သံတောင်ကြီးသည် အမုန်ရစ်သော ဆင်ကြီးပမာ ကြီးကျယ်စွာသော အသံကို မြည်ဟည်းလျက် ငရဲသူသတ္တဝါတို့ကို အတင်း နင်းနယ် ကြိတ်ဝါးပြီးလျှင် အနောက်အရပ်သို့ မောင်းနှင်၍ သွားလေ၏။ ထိုအခါ သွေးဝ၍နေသော မြေ့သတ္တဝါများကို ပြင်းထန်စွာဘိနှိပ်၍ ညှစ်လိုက်ဘိသကဲ့သို့ သွေးဟုန်တို့သည် သမုဒ္ဒရာလှိုင်းကြီးတို့မျှမက တဟုန်တည်း ထ၍ထ၍ ငရဲတံတိုင်းကြီးကို ခတ်ကြလေကုန်၏။ သတ္တဝါတို့သည်လည်း ညက်ညက်ကြေကြေရကုန်၏။ ထိုအခါ တဟုန် တဟုန် ထ၍ ထ၍လာသော ငရဲမီးလျှံကြီးသည် ထိုသွေးလှိုင်းကြီးတွေကို အတင်း လောင်မြိုက်၍ သွားလေကုန်၏။ ထိုအခါ သတ္တဝါတို့သည် မိမိတို့ကံ စီမံလေသည့်အတွက် ယခင်က နည်းအတိုင်းပင် ထန်းတော အုန်းတောကြီးတို့ပမာ ထပ်ကာ ထပ်ကာ ဖြစ်ပေါ်လာပြန်ကုန်၏။

အရှေ့အရပ်၌ရှိသော သံမီးတောင်ကြီးသည် အနောက်အရပ်သို့ သွားလေလျှင် တောင်အရပ်၌ရှိသော သံမီးတောင်ကြီးသည် စက်ခလုတ် အလှည့်ကျလာသဖြင့် မိမိလည်း မြောက်အရပ်သို့ အတင်းသွားရန် အသင့်ပြင်ဆင်လျက်ရှိနေ၏။ ထိုနောက် မကြာမီပင် ငရဲသူသတ္တဝါတို့ကို အတင်း နင်းနယ် ကြိတ်ဝါး၍ မြောက်အရပ်သို့ မောင်းနှင်ကာ သွားလေ၏။ ထိုသို့ မြောက်အရပ်သို့ သွားရာ၌လည်း အရှေ့အရပ်မှ သံတောင်ကြီးသည် အနောက်အရပ်သို့နင်းနယ်၍ သွားသောအခါကဲ့သို့ပင် သွေးလှိုင်းထခြင်း, မီးလောင်ခြင်း စသည်တို့သည် ဖြစ်ကုန်၏။

တောင်အရပ်၌ရှိသော သံမီးတောင်ကြီးသည် မြောက်အရပ်သို့ နင်းနယ်၍ သွားလေလျှင် ယခင်အနောက်သို့သွားလေသောသံတောင်ကြီးသည် အနောက်အရပ်၌ရှိသော ငရဲသံတံတိုင်းကြီးကို တိုက်ခတ်မိ၍ အတင်းပင် တဟုန်တည်း သတ္တဝါတို့ကို နင်းနယ် ကြိတ်ဝါးပြီးလျှင် အရှေ့အရပ်သို့ မောင်းနှင်၍ လာပြန်၏။

အနောက်အရပ်မှ အရှေ့အရပ်သို့ သံတောင်ကြီး ပြန်၍မောင်းနှင်လေလျှင် တောင်အရပ်မှ မြောက်သို့သွားလေသော သံတောင်ကြီးသည်လည်း မြောက်

အရပ်၌ရှိသော ငရဲသံတံတိုင်းကြီးကို ပြင်းစွာ တိုက်ခတ်မိပြန်သဖြင့် အတင်း တဟုန်တည်း ငရဲသူသတ္တဝါတို့ကို နှင်းနယ်ကြိတ်ဝါးလျက် တောင်အရပ်သို့ပြန်၍ လာပြန်၏။ ဤသို့သောနည်းဖြင့် သံတောင်ကြီး နှစ်လုံးတို့သည် အလှည့်စီ အားဖြင့် ကမ္ဘာတည်သည်မှအစပြု၍ ကမ္ဘာပျက်သည်တိုင်အောင် ကြိတ်ဝါး နှင်းနယ်၍ နေ၏။ ငရဲသူသတ္တဝါတို့သည် ကံမကုန်မချင်း ဥပပါတ်ဇာတိအားဖြင့် ထပ်ကာ ထပ်ကာ ဖြစ်၍ဖြစ်၍ နေကြရကုန်၏။ ကံမကုန်သမျှ မလွတ်ကြရ လေကုန်။

အယောနဂေဟိ သံဃာတော၊ ယထာဝါရံ ဘိဘဋ္ဋိတော။
လောဟိတောမိသုသံပုဏ္ဏော၊ အဟော ဟေသ ဘယာနကော။

သံဝေဂ ဂါထာ

ဟော၊ အိုအချင်းတို့။ အယောနဂေဟိ၊ အလျှံညီးညီး သံတောင်ကြီးတို့ဖြင့်။ ယထာဝါရံ၊ အကြိမ်သင့် အလှည့်သင့်။ ဝါ၊ တလှည့်စီ တလှည့်စီ။ သံဃာတော၊ ကြိတ်ရာဖြစ်သော။ အဘိဘဋ္ဋိတော၊ အတင်းဘိ၍ နှင်းနယ်ရာဖြစ်သော။ လောဟိတောမိသုသံပုဏ္ဏော၊ သွေးတည်းဟူသော် လှိုင်းတံပိုးကြီးတို့ဖြင့် အမြဲ ပြည့်လျှံ၍နေသော။ သော ဧသော၊ ထိုသဃာတငရဲကြီးသည်။ အဟော ဘယာ-နကော၊ ခြောက် တုန်ဆွဲကြက်သီး၊ သက်ပြန်ငြီး၍၊ ကြောက်ကြီး ကြောက်မက် ဖွယ် ပါတကား။

## (၄) ရောရုဝငရဲ

သဃာတငရဲကြီး၏အောက် အစောက်ယူဇနာ တသောင်းငါးထောင် ဝေး ကွာသော မြေလိုဏ်ဥမင်အတွင်း၌ ယူဇနာပေါင်း တသောင်းအပြန့် ကျယ်လျက် တည်သော ငရဲဘုံကြီးသည် ရောရုဝငရဲကြီး မည်၏။

"မဟန္တေဟိ သဒ္ဒေဟိ နိစ္စကာလံ ရုဝန္တိ ဧတ္ထ နိဗ္ဗတ္တာ သတ္တာတိ ရောရု-ဝေါ"။ ဧတ္ထ၊ ဤငရဲဘုံ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြကုန်သော။ သတ္တာ၊ ငရဲသူ သတ္တဝါတို့သည်။ မဟန္တေဟိ၊ ကြီးကျယ်ပြင်းထန်စွာကုန်သော။ သဒ္ဒေဟိ၊ အသံ တို့ဖြင့်။ နိစ္စကာလံ၊ မရပ်မစဲ အမြဲမပြတ်။ ရုဝန္တိ၊ ငိုကြွေးမြည်တမ်းကြရကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရောရုဝေါ၊ ရောရုဝမည်၏။

ရောရုဝသည် ဓူမရောရုဝ, ဇာလရောရုဝဟူ၍ နှစ်ပါးရှိ၏။ ဓူမရောရုဝဆိုသည် ကား ဤ သာမညရောရုဝပင်တည်း။ ။ဇာလရောရုဝ ဆိုသည်ကား မဟာ ရောရုဝ ငရဲကြီးပေတည်း။

ဤရောရုဝငရဲကြီးသည် အလျှံပြောင်ပြောင် တောက်သော သံမြေအပြင် လည်း ရှိ၏။ တကမ္ဘာပတ်လုံးတည်သော အလွန်ငနဲ့ယား စပ်ခါးခြစ်တူး အထူး ပူလောင်သော အခိုးအငွေ့တို့ဖြင့် ပြည့်၍နေ၏။ ထိုရောရုဝငရဲ၌ အသချေ့ယျ အနန္တ များလှစွာသော ငရဲသူသတ္တဝါတို့သည် သုံးဂါဝုတ်မျှ ကြီးကျယ်သော ကိုယ်ကာယရှိကုန်၏။ တောင်ခေါင်း, တွင်း, လိုဏ်များသို့ အတင်းစီးဝင်သော ရေတို့ကဲ့သို့ ပြဆိုအပ်ပြီးသော စပ်ငနဲ့ခြစ်တူး အထူးပူလောင်သော အခိုးအငွေ့ တို့သည် ငရဲသူတို့၏ ကိုယ်တွင်းသို့ ဒွါရကိုးပေါက်မှ လျှောက်၍ အတင်းဝင်ကြ ကုန်၏။ ထိုပြင် မွေးညှင်းပေါက်စသည်တို့မှလည်း အတင်း သက်ဝင်ကြကုန်၏။ ငရဲသူတို့၏ တကိုယ်လုံး၌ရှိသော အသား, အရိုး, ရိုးတွင်းခြင်ဆီ မကျန် အလုံးစုံ ပြန့်နှံ့၍ မွှေနှောက်ချောက်ချားကြကုန်၏။ အလွန်ပူပြင်းသော သံအိုးကင်း အထက်၌ ဖုတ်လှော်အပ်သော အမဲတစ်မှ အခိုးတချောင်းချောင်း ထဘိ သကဲ့သို့ ငရဲသားတို့၏ တကိုယ်လုံးမှ အခိုးတချောင်းချောင်း ထကုန်၏။ ပြင်းလှစွာသော အဆိပ်အနံ့ကို ရှူရှိုက်မိသောသူသည် သေလုခါနီးတွင် တလိမ် လိမ်တလွန့်လွန့် တွန့်ကာတွန့်ကာ နေရဘိသကဲ့သို့ ငရဲသူသတ္တဝါတို့သည် အခိုး တချောင်းချောင်း ထွက်သောကိုယ်ဖြင့် ဖျတ်ဖျတ်လူးလွန့် တွန့်ကာတွန့်ကာ နေကြရကုန်၏။ မခံမရပ်နိုင်အောင် ပူလောင်ကျိန်းစက်လှကုန်သဖြင့် ဟစ်ကာ ဟစ်ကာ ပြင်းစွာ ငိုကြွေးကြရကုန်၏။ ဤရောရုဝငရဲကြီးသည် များလှစွာ သော ရန်သူတို့ကို အဆိပ်အခိုးအငွေ့ပေါသော မီးခိုးတို့ဖြင့် ကျပ်တင်၍ သတ်ဖြတ် သုတ်သင်ရာ မဟာသင်းချိုင်းတော်ကြီးနှင့် တူ၏။

## (၅) မဟာရောရုဝငရဲ

မဟာရောရုဝငရဲကြီးသည် ရောရုဝငရဲကြီး၏အောက် အစောက်ယူဇနာ တသောင်းငါးထောင် ဝေးကွာသော မြေလိုဏ်ဥမင်ကြီးအတွင်း၌ ယူဇနာ ပေါင်း တသောင်း အပြန့်ကျယ်လျက် တည်ရှိ၏။

"မဟန္တော ရောရုဝေါတိ မဟာရောရုဝေါ"။ မဟန္တော၊ ရောရုဝငရဲထက် ကြီးလေးပြင်းထန်သော။ ရောရုဝေါ၊ ရောရုဝငရဲကြီးတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟာရောရုဝေါ၊ မဟာရောရုဝမည်၏။

မဟာရောရုဝငရဲသည်လည်း ရောရုဝငရဲမျိုးပင်တည်း။ သာမညရောရုဝငရဲ ထက် ကြီးလေးသော ဆင်းရဲရှိသောကြောင့်သာ မဟာသဒ္ဒါဖြင့် အထူးပြု၍ မဟာရောရုဝငရဲကြီး ခေါ်ရလေသည်။ မဟာရောရုဝငရဲကြီးကား ဇာလ-ရောရုဝ ငရဲကြီးပင်တည်း။ ဤငရဲကြီးသည် အလျှံပြောင်ပြောင် တောက် သော သံမြေအပြင်ရှိ၏။ ငရဲသူသတ္တဝါတို့၏ ကိုယ်ခန္ဓာအတွင်းသို့ အတင်းဝင် တတ်သော မီးလျှံတို့ဖြင့်လည်း ပြည့်၍နေ၏။ ချောင်းငယ်မြောင်းငယ်မကျန်

လျှောက်၍ စီးဝင်တတ်သော ရေတို့ကဲ့သို့ ထိုမီးလျှံတို့သည် ငရဲသူသတ္တဝါတို့၏ ကိုယ်တွင်းသို့ အတင်းလျှောက်၍ ဝင်ကြကုန်၏။ အဆိပ်နှင့်တကွသော မီးလျှံတို့သည် ငရဲသူသတ္တဝါတို့၏ ကိုယ်တွင်း၌ ရှိကုန်သော အသွေးအသား အအူ အသည်းတို့ကို အမြဲစွဲငြိ၍ တောက်လောင်ကုန်၏။ ငရဲသူသတ္တဝါတို့သည် မီးကျီးခဲတို့ကို လှောင်၍ထားအပ်သော အိမ်ကြီး တိုက်ကြီးတို့သဖွယ် ဖြစ်ကြကုန်၏။ မရပ်မတည်နိုင်အောင် လွန်စွာ ဆင်းရဲကြကုန်သဖြင့် ကျယ်စွာသော အသံတို့ကို ဟစ်ကာဟစ်ကာ ပြင်းစွာ ငိုကြွေးကြရကုန်၏။ ကံမကုန်သမျှ ကာလပတ်လုံး မလွတ်နိုင်ကြလေကုန်။ ဤ မဟာရောရုဝငရဲကြီးသည် ရန်သူအများတို့ကို မီးပန်း မီးရှူးအိုးတို့ဖြင့် မီးလောင်တိုက်သွင်း၍ သတ်ဖြတ်ရာ မဟာသင်းချိုင်းတော်ကြီးနှင့် တူ၏။

## (၆) တာပနငရဲ

မဟာရောရုဝငရဲကြီး၏အောက် အစောက်ယူဇနာ တသောင်းငါးထောင် ကွာဝေးသော မြေလိုဏ်ဥမင်ကြီးအတွင်း၌ ယူဇနာပေါင်း တသောင်း အပြန့်ကျယ်လျက် တည်ရှိသော ငရဲဘုံကြီးသည် တာပနငရဲကြီး မည်၏။

"နိစ္စလေ သတ္တေ တာပေတိ ဧတ္ထာတိ တာပနော"။ ဧတ္ထ၊ ဤငရဲဘုံ၌။ နိစ္စလေ၊ မတုန်လှုပ်ဘဲ မြဲကြီးမြဲကုန်သော။ သတ္တေ၊ ငရဲသတ္တဝါတို့ကို။ တာပေတိ၊ ပူလောင်စေ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တာပနော၊ တာပနမည်၏။

ဤငရဲကြီးသည် အလျှံပြောင်ပြောင် တောက်သော သံမြေအပြင်ဝယ် အသခ်ျေယျ အနန္တ ပြည့်နှက် ကျပ်တည်း၍နေသော ငရဲသူတို့ ပြည့်လျက်ရှိ၏၊ ထိုငရဲသူတို့သည် သံမြေမှ ပေါက်၍လာသော အလျှံပြောင်ပြောင် တောက်သော သံတံကျင်တို့ဖြင့် ထိုးလျှိုကုန်သည်ဖြစ်၍ တည်နေကြရကုန်၏။ သံမြေမှ အမြစ်စိုက်၍ ပေါက်သော သံတံကျင်တို့သည် အောက်ဒွါရမှသည် အထက် ဦးခေါင်းတိုင်အောင် ပေါက်လေ၏။ ခြေနှစ်ဖက်တို့သည် ရဲရဲညီသော သံမြေ၌ ထောက်တည်ကုန်၏။ ထိုခြေနှစ်ဖက်တို့ကို မြဲမြံစွာ သံပနက်တို့ဖြင့် ရိုက်နှက်စွဲတွယ်၍ ထားအပ်ကုန်၏။ လက်ျာလက်ရုံးမှ ထိုးလျှိုအပ်သော သံတံကျင်သည်လည်း လက်ဝဲလက်ရုံးသို့ ထုတ်ချင်း ပေါက်သွားလေ၏။ သံတံကျင်တို့မှလည်း အလျှံပြောင်ပြောင် တောက်သော မီးတို့သည် ဟုန်းဟုန်း ထကုန်၏။ ထိုသို့ အမျိုးမျိုးသော သံတံကျင်တို့ဖြင့် ထိုးလျှိုအပ်ကုန်သည်ဖြစ်၍ မလှုပ်နိုင်သော ငရဲသတ္တဝါကောင်ကြီးတွေကို ရဲရဲညီသော ကောက်နယ်တလင်းခန့်မျှလောက်သော သံပုပြားကြီးတို့ဖြင့် လာ၍ လာ၍ ကပ်ကြကုန်၏။ ပန်းဘဲဖိုဝမှ ထုတ်၍ ချလိုက်သော သံပြားကြီး၏ မြည်သံကဲ့သို့ တရှဲရှဲ မြည်၍မြည်၍ နေကုန်၏။ လွန်စွာ ပူပန် ပြင်းပြလှသဖြင့် ရှုန်းကာ ရှုန်းကာ လှုပ်ရှားလိုပါသော်လည်း အတင်း

တပ်လျှိစွဲနှက်၍ ထားအပ်သော သံတံကျင် သံပနက်တို့ကြောင့် မလှုပ်ရှားဘဲ အတင်းကြဲ၍သာ ခံကြရကုန်၏။ ကံမကုန်သမျှ လွတ်ခွင့် မရရှာကြလေကုန်။ ဤတာပနငရဲကြီးသည် သံတံကျင်ထိုးလျှို၍ ကားတင်၍ သတ်ရာ သံပုအပ်၍ သတ်ရာ မဟာသင်းချိုင်းတော်ကြီးနှင့် တူ၏။

## (၄) မဟာတာပနငရဲ

တာပနငရဲကြီးအောက် အစောက်ယူဇနာ တသောင်းငါးထောင် ဝေးကွာသော မြေလိုဏ်ဥမင်ကြီးအတွင်း၌ ယူဇနာပေါင်း တသောင်း အပြန့်ကျယ်လျက် တည်ရှိသော ငရဲဘုံကြီးသည် မဟာတာပနငရဲကြီးမည်၏။

"မဟန္တော တာပနော မဟာတာပနော"။ မဟန္တော၊ ပဌမတာပန ငရဲကြီးထက် ဒုက္ခအဘို့အားဖြင့် ကြီးလေး ပြင်းထန်လှစွာသော။ တာပနော၊ ငရဲကြီးတမျိုးသည်။ မဟာတာပနော၊ မဟာတာပနမည်၏။

ဤမဟာတာပနငရဲကြီးသည် အလျှံညီးညီး အရှိန်ကြီးသော သံမြေအပြင် တို့ဖြင့် ပြည့်၏။ ကြီးကျယ်မြင့်မားလှစွာကုန်သော သံဖြင့်ပြည့်သော မီးတောင်ကြီးတို့သည်လည်း ထင်ရှားရှိကြကုန်၏။ ထိုမီးတောင်ကြီးတို့မှ အမြဲမပြတ် တောက်လောင်၍ နေသော မီးတောက်မီးလျှံတို့ဖြင့်လည်း ရဲရဲညီး၍နေ၏။ ထိုတောင်ကြီးတို့၏ ထက်ဝန်းကျင် ပတ်လည်တို့၌လည်း ထန်းတောကြီး ပေတောကြီးတို့ပမာ လွန်စွာထူထပ် များပြားလှစွာသော သံတံကျင်တောကြီး တို့သည်လည်း ရှိကြကုန်၏။ ထိုသံတံကျင်တို့သည် အရင်းမှအဖျားတိုင်အောင် မီးလောင်ကြကုန်လျက် မော့သောအဖျား ထက်မြက်သောအဖျား ရှိကြကုန်၏။ ငရဲသူသတ္တဝါတို့ကို စူးရန် ဖောက်ရန် အမြဲမြော်လင့်၍ အသင့်တည်ရှိကြကုန် ၏။နွားကျောင်းသားတို့သည် မိမိတို့နွားအုပ်ကြီးကို မြက်ပေါသော တောင်ကြီး ပေါ်သို့ မောင်းနှင်၍ တင်ကြကုန်ဘိသကဲ့သို့ ငရဲထိန်းတို့သည်လည်း ကြီးမား ထက်မြက် မီးစက်မီးလျှံပါသော လက်နက်အမျိုးမျိုးတို့ဖြင့် ရိုက်နှက်ပုတ်ခတ်ကြ ကုန်ပြီးလျှင် ငရဲသူသတ္တဝါများကို တအုပ်ကြီး တသိုက်ကြီး အလျှံပြောင်ပြောင် တောက်သော သံတောင်ကြီးပေါ်သို့ မောင်းနှင်၍တင်၏။ မတက်မနေရအောင် အတင်းတက်စေ၏။ မခံမရပ်နိုင်အောင် ညှဉ်းဆဲခြင်းဖြင့် ပူပြင်းစွာ ခံကြရကုန် သော ငရဲသတ္တဝါတို့သည် သံတောင်ကြီးပေါ်သို့ တက်ကြရကုန်၏။ တောင်ခု လတ် တခု၌ အစဉ် တည်ရှိကြကုန်သော ငရဲဆူးပင်ကြီးတို့သည် ငရဲသူတို့ကို အသင့်မြော်ငံ့လျက် ရှိကြကုန်သဖြင့် ရောက်လာသမျှသော ငရဲသူတို့၏ ဝမ်းကို ဖောက်၍ အအူအသည်းတို့ကို စူးဝင်ကြကုန်၏။ ကောက်သောအဖျားရှိသော ဆူးတို့သည် အအူအသည်းတို့ကို ချိတ်ကာချိတ်ကာ ဆွဲယူကြကုန်၏။ မျက်လုံး

ကို စူးဝင်၍ မျက်လုံးအိမ်ကို အတင်း ဆွဲယူကြကုန်၏။ ငရဲထိန်းတို့သည် အတင်း မောင်းနှင်အပ်ကုန်သဖြင့် တောင်ခြေသို့ ပြန်လည်ခွင့် မရကြကုန်ဘဲ တောင်ထိပ်သို့သာ အတင်းပြေး၍ တက်ကြရကုန်၏။ တောင်ထိပ်သို့ ကျရောက်သောအခါ အငွေ့ပြင်းထန် စပ်ငန်ပူလောင်သော အဆိပ်ခိုးနှင့် ရောနှောသော လေပြင်း မုန်တိုင်းတို့သည် ငရဲသူသတ္တဝါကိုကို အတင်းတိုက်လွှင့်၍ ချကုန်၏၊ ပြင်းစွာသော လေမုန်တိုင်း ကျသောခိုက်တွင် လက်ပံပင်မှ ကြွေလွင့်သော လဲမှို့တို့ကဲ့သို့ ငရဲသူသတ္တဝါတို့သည်လည်း အဆိပ်နှင့်ရောသော လေမုန်တိုင်းကြီးတို့ တိုက်ခတ်အပ်ကုန်သဖြင့် မိးတောင်ကြီးမှ ဖရိုဖရဲ လွင့်၍ ကျရကုန်၏။ ထိုအခါ တောင်ခြေ၌ရှိသော သံတံကျင်တောသို့ ကျရောက်လေကုန်၏။ အသင့်မြှော်လင့်လျက်ရှိသော သံတံကျင်တို့၏ အဖျား၌စူးဝင်သော ကိုယ်ရှိကြကုန်လျက် ကြီးမားလေးလံလှစွာသော ဆင်းရဲကြီးကို တွေ့ရပြန်ကုန်၏။ တံခွန်တိုင်တို့၏ အဖျား၌ စွပ်၍ထားအပ်သော ငှက်ရုပ်, နဂါးရုပ်, ဟင်္သာရုပ် စသည်တို့ကဲ့သို့ သံတံကျင်ထိပ်ဖျား၌ စွပ်မိကြကုန်ပြီးလျှင် မမြင့်ဝံ့ မရှုဝံ့ လွန့်ကာလွန့်ကာ နေကြရကုန်၏။ ထိုအခါ ငရဲထိန်းတို့သည် အလျှံခဲရဲညီသောသံတွေခဲတို့ဖြင့် ပစ်ခတ်ကုန်သော်ငြား၊ သံမှိန်း သံခက်ရင်းတို့ဖြင့် ထိုး၍သော်ငြား အောက်မြေအပြင်သို့ တဖန် ကျစေကုန်၏။ သံမြေသို့ကျရောက်သော ငရဲသူတို့ကို ပြဆိုခဲ့ပြီး နည်းအတိုင်း တဖန်ပင် သံတောင်ကြီးသို့ တက်စေကြပြန်ကုန်၏။ ဤသို့လျှင် အပြန်ပြန် အလှန်လှန် အဖန်တသိန်းမက ဆင်းရဲ၍ တောင်ကြီးသို့ တက်ကြရကုန်၏။ ကံမကုန်သမျှ မလွတ်ကြရကုန်သေး။

ဆိုဖွယ် အထူးကား ဤမဟာတာပနငရဲကြီးသည် မိမိတို့၏ လင်ယောကျ်ား အပေါ်တွင် မသိလေးစား စော်ကားနိုင်နင်းသော မိန်းမဖျင်းတို့၏ ခံရာကျရာ ဖြစ်၏၊ လင်ယောကျ်ားကို နိုင်လိုမင်းတက် ရက်စက်ကြမ်းကြုတ် မိန်းမယုတ်တို့သည် ဤမဟာတာပနငရဲကြီး၌ ကျရောက်ကုန်၏ဟူ၍ သံကိစ္စဇာတ်၌ မြတ်စွာဘုရား ဟောတော်မူ၏။

ဤမဟာတာပနငရဲကြီး၌ သံမီးပြောင်ပြောင် ဒုက္ခတောင်သို့ တက်သောသူတို့ကား လင်ယောကျ်ားကို နိုင်လိုမင်းထက် ရက်စက်ကြမ်းကြုတ် မိန်းမယုတ်သတ္တဝါ အများတို့ပေတည်း။ ထိုပြင် မိမိတို့၏ အရှင်သခင် လင်ယောကျ်ားတို့ကို သူဇာနတ်သွီးသည် အရှင်သခင်လင်ဖြစ်သော သိကြားမင်းကြီးကို အမျိုးမျိုးသော ရိုသေမှုဖြင့် ဂရုကတ ခယ မြတ်လေး လုပ်ကျွေးဘိသကဲ့သို့ ရိုရိုသေသေ လုပ်ကျွေး ခစားသော မိန်းမမြတ်တို့သည် ထိုမဟာတာပနငရဲကြီးများသို့ သွားရမည်ကို ထားဘိ၊ သတင်းစကားကိုမျှ မကြားရဘဲ ဘဝဆက်တိုင်း လူကောင်း ဘဝတို့၌ ဘုန်းပညာရှိ ပကတိ လူယောကျ်ားကောင်း နတ်ယောကျ်ားကောင်း ဖြစ်ကြရကုန်သည် ဟူ၍ နာရဒဇာတ်၌ မြတ်စွာဘုရား ဟောတော်မူ၏။

ထို့ကြောင့် မဟာတာပန ငရဲကြီးမှ လွတ်ကင်း၍ ရှင်းရှင်းလင်းလင်း ယောကျ်ားကောင်းကြီးများ ဖြစ်ကြရန် သခင်လက်ရှိဖြစ်ကြကုန်သော မိန်းမ များတို့သည် မိမိတို့၏ လင်ယောကျ်ားတို့ကို စော်ကားမလို နိုင်လိုမပြု ဂရုကတ ခယ မြတ်လေး ဦးစားပေးလျက် လုပ်ကျွေးခစားကြကုန်ရာ၏။

## ဥယျောဇန် ဂါထာ

ပုမဘာဝ မိစ္ဆန္တိ ယာ၊ မဟာတာပနဘာယိကာ။
သပတိံ ပရိစာရေယျ၊ သုဇာဒေဝိဝ ဝါသဝံ။

ယာ၊ အကြင်မိန်းမသည်။ ပုမဘာဝံ၊ ယောကျ်ားကောင်းဇာတ် ဘဝမြတ်ကို။ ဣစ္ဆန္တိ၊ မြော်မြင်ထဲသို ပညာပို၍ အလိုရှိတတ်ပေ၏။ မဟာတာပနဘာ-ယိကာ၊ မဟာတာပန ဒုက္ခဘိစီး မီးတောင်ကြီးကိုလည်း အပြီးကြောက်တတ် ရှာပေ၏။ သာ၊ ထိုပညာရှိလတ် မိန်းမမြတ်သည်။ ဝါသဝံ၊ ဝတိန်သေ့နှင်း သိကြားမင်းကို။ သုဇာဒေဝိ၊ သုဇာတွင်ခေါ် သိကြားကတော်သည်။ ပရိစာ-ရေတိဣဝ၊ ခယ မြတ်လေး လုပ်ကျွေးရိုသေဘိသကဲ့သို့။ သပတိံ၊ မိမိ၏ လင် ယောကျ်ားကို။ ပရိစာရေယျ၊ ခယ မြတ်လေး လုပ်ကျွေးရိုသေရာ၏။

## (ဂ) မဟာအဝီစိငရဲကြီး

မဟာတာပနငရဲကြီး၏အောက် အစောက်ယူဇနာ တသောင်းငါးထောင် ဝေးကွာသောအရပ်၌ တည်ရှိသော ငရဲဘုံကြီးသည် မဟာအဝီစိငရဲဘုံကြီး မည်၏။ ဤမဟာအဝီစိငရဲကြီးသည် ငရဲဘုံတို့တွင် အောက်ဆုံးဘုံကြီးပေတည်း။ သီလာပထဝီခေါ်သော ကျောက်မြေကို အခြေစိုက်လျက် တည်၏။ အကျယ် အားဖြင့် ယူဇနာတသောင်း ကျယ်၏။ အလယ်တည့်တည့် ငရဲမကြီးခေါ်သော အဝီစိငရဲနေပြည်တော်ကြီးသည် အထု ကိုးယူဇနာရှိသော သံတံတိုင်းကြီးဖြင့် ဝန်းဝိုင်း၍ ထားအပ်၏၊ အထက်နှင့်အောက် အစောက်ယူဇနာ တရာရှိ၏၊ တောင်နှင့်မြောက် အရှေ့နှင့်အနောက်တို့လည်း ယူဇနာတရာစီပင် ရှိ၏။ အထက် မျက်နှာအပြင် အောက်မျက်နှာအပြင်တို့၌လည်း အလျား ယူဇနာတရာ၊ အနံ ယူဇနာတရာ၊ ထု ကိုးယူဇနာရှိသော သံပြားကြီးတို့ဖြင့် အသေပိတ်၍ ထား အပ်၏၊ အဝီစိငရဲမ နေပြည်တော်ကြီးသည် လေးထောင့်စပ်စပ်ရှိသော သံ သေတ္တာကြီးနှင့် တူ၏။

ဤအဝီစိငရဲမကြီးသည် ကံကြီးထိုက်၍ နှစ်ကြီးကျကုန်သော ငရဲသူသတ္တဝါ တို့နှင့် ငရဲမီးတို့ကို အပြည့်အနှက်ထည့်၍ထားရာ ကမ္ဘာ့သံသေတ္တာကြီးမည်၏။ ထို အဝီစိငရဲမကြီး၏ နံပါးလေးမျက်နှာတို့၌ သံတံခါးကြီးလေးခုတို့လည်း

ရှိကုန်၏၊ ကံကုန်၍ လွတ်ခွင့်ရရှိသော ပုဂ္ဂိုလ်တို့ရှိခဲ့လျှင် ထိုတံခါးကြီးသည် အသင့်ပင် ဟင်းလင်းပွင့်လျက် ရှိ၏။ ဤတံခါးဖြင့် ထွက်ကြရကုန်၏။

ဝိဂ္ဂိုဟ်ကား "သတ္တာနံ ဝါ အဂ္ဂိဇာလာနံ ဝါ ဒုက္ခဝေဒနာနံ ဝါ နတ္ထိ ဝီစိ အန္တရံ ဧတ္ထာတိ အဝီစိ"။ ဧတ္ထ၊ ဤငရဲဘုံကြီး၌။ သတ္တာနံ ဝါ၊ ငရဲသူသတ္တဝါတို့၏၎င်း။ အဂ္ဂိဇာလာနံ ဝါ၊ ငရဲမီးလျှံတို့၏၎င်း။ ဒုက္ခဝေဒနာနံ ဝါ၊ ဆင်းရဲလှစွာ ဒုက္ခဝေဒနာတို့၏၎င်း။ ဝီစိ အန္တရံ၊ အကြားအလပ်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အဝီစိ၊ အဝီစိမည်၏။ သံတံတိုင်းကြီးလေးခုတို့၏ အတွင်း၌ ကံအားလျော်စွာ ကျရောက်၍ ဆင်းရဲခံနေကြရကုန်သော သတ္တဝါတို့သည် သံသေတ္တာကြီး၏အတွင်း၌ မုန်ညင်းစေ့တို့ကို သိပ်နှက်၍ ထားအပ်ကုန်ဘိသကဲ့သို့ အသိပ်အနှက် တခဲနက် ပြည့်၍နေကြကုန်၏။ သတ္တဝါ လွတ်လပ်သောနေရာဟူ၍ တစုံတရာမျှ မရှိလေ။ ဤကား သတ္တဝါတို့၏ အကြားအလပ်ဟူ၍ မရှိ ပြည့်နှက်၍နေပုံတည်း။

အောက်သံမြေမှ ထသော မီးလျှံတို့သည် အထက် သံအမိုးကြီးသို့ တိုင်အောင် ယူဇနာတရာ တက်လေကုန်၏။ အထက် သံအမိုးကြီးမှ ဆင်း၍ ဖြာထွက်၍ ကျသော မီးလျှံတို့သည်လည်း အောက်သံမြေအပြင်သို့ တိုင်အောင် တခဲနက် ဖြာထွက် ယိုစီးကြကုန်၏။ အရှေ့,အနောက်,တောင်,မြောက်ဖြစ်သော အရပ်လေးမျက်နှာတို့၌ ရှိကြကုန်သော သံတံတိုင်းကြီးတို့မှ အထက်သို့ ပြန့်နှံ့သော မီးလျှံတို့သည် ဟိုတံတိုင်းမှ သည်တံတိုင်း သည်တံတိုင်းမှ ဟိုတံတိုင်းသို့ တိုင်ရောက်အောင် ထုတ်ချင်းခတ် လျှိုထွင်း၍ ပြန့်နှံ့ကြလေကုန်၏။ ငရဲမကြီး၏ အပတို့သို့လည်း ယူဇနာ တရာစီ တရာစီတိုင်အောင် ထွက်၍ ပြန့်နှံ့ကြကုန်၏။ ထိုကြောင့် ထိုအဝီစိငရဲကြီး၌ အရှေ့နှင့်အနောက် ယူဇနာ သုံးရာ့တဆယ့်ရှစ်၊ တောင်နှင့်မြောက် ယူဇနာ သုံးရာ့တဆယ့်ရှစ်၊ အထက်နှင့်အောက် ယူဇနာ သုံးရာ့တဆယ့်ရှစ်အားဖြင့် အားလုံးပေါင်း ယူဇနာ ကိုးရာ့ငါးဆယ့်လေးရှိသော အရပ်အတွင်း၌ မီးတောက်မီးလျှံမရှိသော နေရာဌာနဟူ၍ နှမ်းစေ့တလုံးခန့်မျှ ကွက်လပ်မရှိဘဲ တခဲနက် ဘင်းပိတ် မီးလုံးကြီး ဖြစ်၍နေ၏။ ဤကား မီးလျှံတို့၏ အကြား ကွက်လပ်မရှိပုံတည်း။

ဤဘင်းပိတ် ဖြစ်သော မီးလုံးကြီးထဲ၌ ကျရောက်ကြကုန်သော ငရဲသူသတ္တဝါတို့၏ အတွင်း,အပ ကိုယ်ခန္ဓာတခုလုံး၌ ဘယ်နေရာမှာမှ သုခဝေဒနာဖြစ်၍ ချမ်းသာရာရသောနေရာ ရှိလေသေး၏ဟူ၍ အနည်းငယ်မျှ မရှိ။ ကာယပသာဒ ပါရှိသော ကလာပ်တိုင်း ကလာပ်တိုင်းကို စွဲငြိ၍ အလွန်ပြင်းထန်လှစွာသော ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့ကို အမြဲခံစားကြရကုန်၏။ ဒုက္ခ-ဝေဒနာ၏ ကွက်လပ်ဟူ၍ မရှိ။ ထိုပြင် ငရဲသို့ကျရောက်သော ပဋိသန္ဓေ ဥပါဒ်

ခဏမှအစပြု၍ စုတိခဏသို့တိုင်အောင် နှစ်ပေါင်း အသိန်း, နှစ်ပေါင်း အသန်း, နှစ်ပေါင်း အကုဋေ,နှစ်ပေါင်း အသင်္ချေယျ,အပ္ပမေယျ, အနန္တကာလအတွင်း၌ မျက်စိတမှိတ် လျှပ်တပြက်ခန့် ကာလမျှ ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့မှ လွတ်လပ်သော အချိန်ကာလဟူ၍ မရှိ၊ အမြဲပင် ဒုက္ခဝေဒနာတို့ဖြင့် ကုန်လွန်သော အချိန်တို့သာ ဖြစ်ကုန်၏။ ဤကား ဒုက္ခဝေဒနာတို့၏ အကြားအလပ် မရှိပုံတည်း။

ဤသို့လျှင် (၁) သတ္တဝါတို့၏ ကွက်လပ်မရှိခြင်း။ (၂) မီးလျှံတို့၏ ကွက်လပ်မရှိခြင်း။ (၃) ဒုက္ခဝေဒနာတို့၏ ကွက်လပ် မရှိခြင်းဟု ဆိုအပ်သော ကွက်လပ်မရှိခြင်း သုံးပါးတို့ကြောင့် ထိုငရဲကြီးကို "အဝီစိ"ငရဲကြီးဟူ၍ ခေါ်ဆိုရလေသည်။ ကံ၏အစွမ်း ဥပပါတ်ခန္ဓာတို့၏အစွမ်း ဖြစ်ကြပေကုန်သော ကြောင့် နေ့စဉ်ပင် မရပ်မနား ကျရောက်သော ငရဲသူသတ္တဝါတို့ဖြင့် မဆန့်ဟူ၍လည်း မရှိချေ။ လာလာသမျှသော ငရဲသူတို့ကို မပယ်မလှန် အလုံးစုံ လက်သင့်ခံနိုင်သော သတ္တိလည်း ရှိချေ၏။ ။အဝီစိငရဲကြီးပြီး၏။

ဤကား ငရဲကြီးရှစ်ဘုံပေတည်း။

ကျမ်းဂန်တို့၌ ငရဲကြီးရှစ်ဘုံတို့သည် ငါတို့ဇမ္ဗူဒီပါကျွန်း၏ အောက်တည့်တည့်၌ အစဉ်လိုက် တည်ရှိကြကုန်၏ ဟုဆိုကုန်၏။ လူ့ပြည်နှင့် အဝီစိဘုံသည် ယူဇနာ တသိန်းနှစ်သောင်း ဝေးကွာ၏။ လူ့ပြည်သည် ပံသုပထဝီမြေကြီး၏ ထိပ်ပြင်၌ တည်၏။ အဝီစိသည် သိလာပထဝီ၏ ထိပ်ပြင်၌ တည်၏။ဤငရဲကြီးရှစ်ဘုံတို့သည် သတ္တဝါတို့ကို အောက်ကခံလျက် ထောင်၍ထားဘိသကဲ့သို့ ဖြစ်ကုန်၏။သတ္တဝါတို့ကို အမြဲမပြတ် မော်ကာ မော်ကာ မြော်ကြည့်ကြကုန်လျက် စောင့်စား ငံ့လင့်သကဲ့သို့ ဖြစ်ကြကုန်၏။ ရေဆင်းသော ဆည်၏အဝတွင် ထောင်၍ထားအပ်ကုန်သော မြုံးကြီးတို့နှင့် တူကုန်၏။ သတ္တဝါတို့၏ စိတ်စရိုက်တို့သည်လည်း အဓောဂမနိယဖြစ်၍ အောက်သို့သာ ကိုင်းရှိုင်းလျက် ရှိကြကုန်၏။ "ပါပသ္မိံ ရမတိ မနော"ဟူ၍ ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သောအတိုင်း သတ္တဝါတို့၏ စိတ်သဘောသည် မကောင်းမှု၌သာ ပျော်ပိုက်လိုက်စားလိုကုန်၏။ ထိုသို့ မကောင်းမှု၌ ပျော်ပိုက်လိုက်စားလေသမျှသည် နောက်အခါကာလ ပြဆိုခဲ့ပြီးသော ငရဲကြီးရှစ်ပြည်ထောင်သို့သာ သွားကြရန် စရိတ်စုဆောင်းကြသည် မည်၏။ ငရဲဘုံကြီးသည် သတ္တဝါတို့၏ အမြဲနေရာ ကိုယ်ပိုင်အိမ်ကြီးများနှင့် တူ၏ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ဆိုကုန်၏။ လူ့ပြည် နတ်ပြည်စသော သုဂတိဘုံများသည် ခဏခေတ္တ တည်းခိုရသော ဒိမ်ငှါးတို့နှင့်သာ တူကုန်၏။ ထိုကြောင့် အမျိုးမျိုးသော နှိပ်စက်ခြင်းတို့ဖြင့် အတင်းနှိပ်စက်ရာဖြစ်သော အပါယ်ဘုံကြီးတို့မှ လွတ်ကင်းရန်

မမေ့မလျော့ မပေါ့မတန်သော အပ္ပမာဒတရားကိုသာ မနေမနား အားထုတ်ကုန်ရာ၏။

သတ္တေ နိစ္စမုလ္လောကေန္တိ၊ နိရယာ ဘော အဓောဂ္ဂိတာ။
မာ တေ တုမှေ ပကစိုတ္ထ၊ တေ ဟိ တိဒုက္ခဒါယကာ။

ဘော၊ အိုအချင်းတို့။ အဓောဂ္ဂိတာ၊ ငါတို့အောက်၌ တည်လျက်ရှိကြကုန်သော။ နိရယာ၊ ငရဲကြီး ရှစ်ပြည်ထောင်တို့သည်။ နိစ္စံ၊ အမြဲမပြတ်။ သတ္တေ၊ သတ္တဝါတို့ကို။ ဥလ္လောကေန္တိ၊ လည်တမြော်မြော် မော်၍ကြည့်ကြကုန်၏။ တေ၊ ထိုငရဲကြီးတို့သည်။ တုမှေ၊ သင်တို့ကို။မာ အပကစိုတ္ထ၊ အတင်းဆွဲ၍ ဆွဲ၍ မသွားကြစေကုန်လင့်။ ဟိ၊ အဘယ်ကြောင့်နည်းဟူမူကား။ တေ၊ ထိုငရဲကြီး ရှစ်ပြည်ထောင်တို့သည်။ အတိဒုက္ခဒါယကာ၊ နက်နက်နဲနဲ သဲသဲနစ်နစ် ခြစ်ခြစ် တူးတူး အထူးထူး ပြင်းပြသော ဒုက္ခကြီးတို့ကိုသာ ပေးတတ်ကုန်၏။

ငရဲကြီးရှစ်ထပ် ပြီး၏။

---

အရံငရဲငယ် ၂၅၆

(၂၅၂) ဘင်,ပြာ,လက်,သန်၊အစဉ်ရံ၊ လေးတန်-ဥဿဒါ။

ဤဖြင့် ဥဿဒငရဲငယ်လေးပါးကို ပြဆို၏။

**ဥဿဒငရဲ။** ။ဥဿဒငရဲလေးပါးကား— (၁) ဘင်ပုပ်ငရဲ၊ (၂) ပြာပူငရဲ၊ (၃) လက်ံတောငရဲ၊ (၄) သန်လျက်တောငရဲ၊ ဤလေးပါးတို့တည်း။ ထိုဥဿဒငရဲငယ်တို့သည် ငရဲမကြီး၏ မီးလျှံဆုံးရာ ပြင်ပ၌ အရပ်ရှစ်မျက်နှာ ပတ်လည်ဝန်းဝိုင်း၍ တည်ကုန်၏။

ငရဲကြီး တဘုံတဘုံမှာပင် တမျက်နှာ တမျက်နှာတို့၌ ဥဿဒငရဲ လေးထပ်ရံလျက်ရှိ၏။ ထိုကြောင့် ငရဲကြီး တဘုံတဘုံမှာ ဥဿဒငရဲပေါင်း ၃၂-ခုရှိ၏။ ငရဲကြီးရှစ်ဘုံလုံးပေါင်း၍ ရေတွက်လျှင် ဥဿဒငရဲငယ်ပေါင်း ၂၅၆-ခု ရှိ၏ဟု သိရာသည်။

သံကိစ္စဇာတ်၌ကား ငရဲကြီး တခုတခု၌ ဥဿဒငရဲငယ်ပေါင်း ၁၆-ထပ် ရှိ၏ဟု လာ၏။ ရှစ်မျက်နှာဖြင့် မမြှောက်ဘဲ လေးမျက်နှာဖြင့် မြှောက်သောကြောင့် ၁၆-ဖြစ်သည်။ ၎င်းအလိုအတိုင်း ငရဲကြီးရှစ်ဘုံပေါင်း၍ ရေတွက်လျှင် ဥဿဒငရဲပေါင်း ၁၂၈-ခု ရှိ၏။

"ဥဿိဒန္တိ နာနာဒုက္ခာ ဧတ္ထာတိ ဥဿဒါ"။ ဧတ္ထ၊ ဤငရဲဘုံတို့၌။ နာနာဒုက္ခာ၊ အမျိုးမျိုးသော ဆင်းရဲတို့သည်။ ဥဿိဒန္တိ၊ ပြန့်ပြောကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥဿဒါ၊ ဥဿဒမည်ကုန်၏။

**ဘင်ပုပ်ငရဲ။** ။ဥဿဒငရဲလေးမျိုးတို့တွင် ဘင်ပုပ်ငရဲကြီးသည် အတွင်းဆုံးသော ငရဲဖြစ်၏။ အနက်အားဖြင့် ယူဇနာတရာ ရှိ၏။ မြို့ကို ရှုံ့ညွှန်ကျုံးကြီးဝိုင်း၍ တည်ဘိသကဲ့သို့ ငရဲမြို့မကြီးတို့ကို ရှစ်မျက်နှာပတ်လည် ကျုံးကြီးသဏ္ဍာန် ဝိုင်း၍တည်၏။သတ္တဝါတို့၏ ကံအားလျော်စွာ ကမ္ဘာနှင့်အမျှ တည်ရှိသော မစင်ဘင်ပုပ်တို့ဖြင့် ပြည့်လျှံ၍ နေ၏၊ မစင်ဘင်ပုပ် ပင်လယ်ကြီးပေတည်း။ ကမ္ဘာ့အိမ်သာကြီးဟူ၍လည်း ခေါ်ဝေါ်အပ်၏။ ထိုဘင်ပုပ်တို့၏ အနံ့သည် အတွင်းယူဇနာတရာတိုင်အောင် ပျံ့နှံ့၏၊ ထိုအနံ့တို့သည် ပကတိလူသားတို့ဖြစ်လျှင် ရုတ်တရက် အသည်းကြွေအောင် အူသိမ်အူမကြွေအောင် ပျို့အန်စေနိုင်ကုန်၏၊ ရုတ်တရက် ရင်ကွဲအောင် နံစေ၏။ ဘင်ပုပ်ပင်လယ်ကြီးအတွင်း၌ ကြီးကျယ်စွာသော ပိုးလောက်တို့သည် လူးလွန့်ပျော်ပါးလျက် ရှိနေကြကုန်၏။ ထက်မြက်သော နှုတ်သီး ရှိကြကုန်၏၊ ပမာဏအားဖြင့် ပိန်းကောလှေကြီး ပမာဏမျှမက ရှိကြကုန်၏။

ထိုငရဲ၌ ခံရပုံမှာ—ငရဲမြို့မကြီးသို့ ကျရောက်ပြီးသော သူတို့သည် ကံအားလျော်စွာ ကျွတ်လွတ်ခွင့်ဆိုက်၍ ကျွတ်ယွတ်ကြရကုန်၏၊ ဥဿဒငရဲ၌ ခံလှည့်ဆိုက်ကြပြန်ကုန်လျှင် ငရဲမြို့မကြီးမှ ထွက်လျှင်ပင် ငြိမ်းသက်သာခွင့်ကို မရကြကုန်သေးဘဲ ဤဘင်ပုပ်ငရဲကြီးသို့ ကျရောက်ကြပြန်ကုန်၏။ ထိုအခါ ပြဘိုခဲ့ပြီးသော ပိုးလောက်ကြီးတို့သည် အတင်းဝိုင်း၍ အုံကြကုန်၏။ "ကြက်ငယ်တကောင် ကြောင်တထောင်"ဆိုဘိသကဲ့သို့ ငရဲသူသတ္တဝါ၏ အရေစု, အသားစု, အအူ, အသည်း, ဦးနှောက်, မျက်လုံးစသည်တို့ကို အတင်းကိုက်ဝါး၍ စားသောက်စုတ်မျိုကြကုန်၏။ ထိုပြင် အရိုးတို့ကို ဖောက်၍ ရိုးတွင်းခြင်ဆီကို သောက်ကြကုန်၏၊ ဤသို့သော ဆင်းရဲဒုက္ခကြီးကို ကံမကုန်မခြင်း အပြန်ပြန် အလှန်လှန် ခံ၍ နေကြရကုန်၏။ ဤဘင်ပုပ်ငရဲကို ပါဠိဘာသာအားဖြင့် "ဂူထ"ငရဲဟု ခေါ်ဝေါ်အပ်၏။

**ပြာပူငရဲ။** ။ဘင်ပုပ်ငရဲမှထွက်သော အနံ့တို့၏ ပျံ့နှံ့ရာ ယူဇနာတရာ၏ ပြင်ဘက်၌ အနက်ယူဇနာတရာရှိသော ပြာပူငရဲကြီးသည် ထိုဘင်ပုပ်ငရဲကြီး၏ အရပ်ရှစ်မျက်နှာမှ ထက်ဝန်းကျင် ဝိုင်း၍တည်၏၊ ဤငရဲသည် တကမ္ဘာပတ်လုံးတည်သော ရဲရဲညီသော အမှုန့်အမှုန့်ဖြစ်သော ပြာပူတို့ဖြင့် ပြည့်လျှံလျက်ရှိ၏၊ ပြာပူပင်လယ်ကြီးပေတည်း။

ပြာပူတို့၏ အပူရှိန်တို့သည် အတွင်း, အပ ထက်ဝန်းကျင် ယူဇနာတရာစီ ပျံ့နှံ့ကုန်၏။ ယူဇနာတရာ ဝေးကွာသောအရပ်၌ နေသောသူကို ရုတ်တရက် ခဏခြင်းပင် ကျွမ်းစေနိုင်ကုန်၏။နှစ်ပေါင်းများစွာ ဘင်ပုပ်ငရဲ၌ ခံပြီး၍ ကံအားလျော်စွာ ဘင်ပုပ်ငရဲမှ ကျွတ်လွတ်၍လာကြသော ငရဲသူတို့သည် ဤပြာပူငရဲကြီးထဲသို့ ကျရောက်ဆဲခဏတွင်ပင်လျှင် ရဲရဲပူသောပြာ၌ ချအပ်သော မုန်ညင်းစေ့

နှမ်းစေ့များသည် ဖျစ်ဖျစ်မြည်၍ ပေါက်ကုန်သကဲ့သို့ရင်း, ရဲရဲညီသော ပြာပူ၌ ချအပ်သော ကောက်ညှင်းစပါးစေ့တို့သည် ဘောင်း, ဘောင်း, ဘောင်း, ဘောင်းမြည်ကုန်လျက် ပေါက်ပေါက် ပွင့်ကြကုန်ဘိသကဲ့သို့ရင်း ကြီးစွာသော ငရဲသားတို့၏ ခန္ဓာကိုယ်တို့သည် ပြင်းစွာ မြည်ကုန်လျက် ပေါက်ကွဲကြလေကုန်၏။ ဗုန်းဆံကြီးကွဲလေရာ အစိတ်စိတ် အမြွာမြွာ ဖြာ၍ ကြဲလေဘိသကဲ့သို့ အရိုးတခြား အသားတခြား အစိတ်စိတ် အမြွာမြွာ ကြဲပြန့်လွင့်စင်ကြလေကုန်၏။ ရိုးတွင်းခြင်ဆီကို လောင်ကျွမ်းစွဲငြိလေရာ ဝါးတွင် ယမ်းသွတ်၍ အသေပိတ်ပြီးကာ မီးဖြင့် ရှို့လေသကဲ့သို့ အရိုးတို့သည်လည်း အတင်း ပေါက်ကွဲကြပြန်ကုန်၏။ တရံတခါ မီးတွင်းသို့ ချအပ်သော ဘယောင်းလုံးကဲ့သို့ အလုံးစုံ ကြေမွနူးနပ်၍ အရည်တွေတွေ စီးဆင်းလေကုန်၏။ တရံတခါ ပြာပူ၌ချအပ်သော အမဲခြောက်ကဲ့သို့ တွန့်ကာလိမ်ကာ ကွေးကွေးကောက်ကောက် ဖြစ်ကြလေကုန်၏။ ကြေမွပျက်စီးလေသော်လည်း ဥပပါတ်ဇာတိအားဖြင့် ပကတိ ထပ်ကာထပ်ကာ ဖြစ်ရကုန်၏။ ကံမကုန်သမျှ အဖန်တလဲလဲ ခံ၍နေကြရကုန်၏။ ဤပြာပူငရဲကို ပါဠိဘာသာအားဖြင့် "ကုက္ကုဠ"ငရဲခေါ်၏။

**လက်ပံတောငရဲ။** ။ထိုကုက္ကုဠ ပြာပူငရဲမှ ထွက်သော အပူရှိန်တို့၏ ပျံ့နှံ့ရာ ယူဇနာတရာ၏ ပြင်ဘက်၌ အနံအားဖြင့် ယူဇနာတရာ အမြင့်အားဖြင့် ယူဇနာတရာရှိသော လက်ပံတောကြီးသည် ပြာပူငရဲကို ရစ်မျက်နှာ ပတ်ဝိုက်၍ တည်၏။ ထိုလက်ပံပင်၌ရှိသော ဆူးတို့သည် သံဖြင့် ပြီးကုန်၏။ အလွန် ထက်မြက်ကြကုန်၏။ ငရဲသူသတ္တဝါတို့ကို စူးရှရန် မြော်လင့်သော အဖျားရှိကြကုန်၏။ထား သန်လျက်ကြီးတို့နှင့် တူသော အရွက်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိကုန်၏။ အောက်၌မူကား သင်ဓုန်းသွားဖြင့် စီခင်းအပ်သော မြေပြင်ရှိ၏။ ဆင်ကောင်ကြီးမျှရှိသော ကျီးလင်းတတို့၏နေရာ ခွေးနက်ကြီးတို့၏နေရာ ဖြစ်၏။ ပြာပူငရဲ၌ နှစ်ပေါင်းများစွာ ခံနေကြပြီး၍ ကံအားလျော်စွာ ကျွတ်လွတ်၍ ပြေးထွက်ခဲ့ကြရာ ဤလက်ပံတောငရဲသို့ ဝင်ရောက်ကြရပြန်ကုန်၏၊ လက်ပံတောငရဲသို့ ဝင်ရောက်မိသည်နှင့်တပြိုင်နက် ကြမ္မာလေတို့သည် တိုက်ခတ်အပ်ကုန်သဖြင့် ထားလှံအတိဖြစ်သော လက်ပံရွက်တို့သည် ထိုသူတို့၏ ဦးခေါင်းထက်၌ ထားမိုး လှံမိုးရွာကုန်ဘိသကဲ့သို့ ကြွေကျကုန်၏။

ငရဲသူတို့သည် ထားမိုး လှံမိုးကြီး မိသောသူတို့ကဲ့သို့ သွေးခဲ သွေးတုံးအတိ ဖြစ်ကြလေကုန်၏။ အချို့သော သံလက်ပံရွက်တို့သည် ငရဲသူတို့၏ ကိုယ်ခန္ဓာတို့၌ တန်းလန်း စူးဝင်၍ နေကုန်၏။ ထိုသို့ အတိဒုက္ခ ရောက်နေကျကုန်စဉ် အားနာသနားခြင်း မဲ့ကုန်သော ငရဲခွေးနှင့် ကျီးလင်းတတို့သည် အရှင်လတ်လတ် ကိုက်၍စားရန် ပေါက်၍ ဆိတ်၍ စားရန် အတင်းဝိုင်း၍ လိုက်ကြကုန်၏။

ထိုအခါ ငရဲသူသတ္တဝါတို့သည် ငရဲခွေးနှင့် ကျီးလင်းတတို့၏ ဘေးကြောင့် ပြေးလေကုန်ရာ အောက်၌ရှိသော သင်ဓုန်းသွားဖြင့်ပြီးသော သံမြေ၌ ပြေးရကုန်သဖြင့် ခြေတပြင်လုံးကို သင်ဓုန်းသွားရှမှုကြောင့် ဘိုင်းဘိုင်းကြီး လဲကြရကုန်၏။ ထိုအခါ ခွေး, ကျီး, လင်းတတို့သည် ဝိုင်းအုံ ဖိစီးပြီးလျှင် အရှင်လတ်လတ် စားကြကုန်၏။ အသားကုန်လျှင် ရိုးတွင်းခြင်ဆီကို ဖောက်၍ သောက်ကြကုန်၏။ အချို့သော ငရဲသူ သတ္တဝါတို့သည် လက်ပံပင်ကြီးသို့ အတင်းပြေး၍ တက်ကြကုန်၏။

ထိုအခါ လက်ပံဆူးချွန်ကြီးတို့သည် ငရဲသူတို့ တက်လာရာအောက်သို့ အဖျား လှည့်၍ ခံကြကုန်၏။ တက်လာသော ငရဲသူတို့၏ အူမ အူသိမ်တို့ကို ချိတ်၍ ဆွဲကုန်၏။ မျက်စိကို ချိတ်၍ ဆွဲကုန်၏။ တကိုယ်လုံး စူးရှလျက်နှင့်ပင်လျှင် အောက်၌ရှိသော ငရဲခွေးစသည်တို့၏ ဘေးကြောင့် အထက်သို့သာ တက်ကြရကုန်၏။ အခွသို့ရောက်လျှင် လက်ပံရွက်တို့သည် ထားမိုး လှံမိုးရွာကုန်သကဲ့သို့ ထိုငရဲသူတို့၏ တကိုယ်လုံးအပေါ်၌ ကျကုန်၏။ အထက်၌ရှိသော ကျီး လင်းတ တို့သည်လည်း ထက်လှစွာသော သံနှုတ်သီးတို့ဖြင့် ဦးနှောက်ကို ဖောက်၍ သောက်ကြကုန်၏။ ဤသို့သော ဒုက္ခများကို ခံနေရသည့်အတွက် လွန်စွာ ဆင်းရဲလှသဖြင့် တဖန်အောက်သို့ ဆင်းပြန်ရာ လက်ပံဆူးကြီးတို့သည် ငရဲသူတို့ ဆီသို့ မှော့ပြီးလျှင် အထက်သို့ အဖျားထောင်၍ နေကြကုန်၏။ လာလာသမျှ သော ငရဲသူတို့၏ တကိုယ်လုံးကို အတင်းစူးရှကြလေကုန်၏။ ထိုသို့ စူးရှလျက် နှင့်ပင် အထက်၌ရှိသော ဒုက္ခဘေးကြီးကို မခံမရပ်နိုင်ကုန်သဖြင့် အောက်သို့သာ ဆင်းကြရကုန်၏။ အောက်သို့ရောက်ပြန်ပါသော်လည်း ချမ်းသာခွင့်မရ ယခင် ပြဆိုပြီးသောအတိုင်း ငရဲခွေးတို့နှင့် ကျီး လင်းတတို့၏ ဘေးကို တွေ့ကြုံရပြန် ကုန်၏။ သင်ဓုန်းသွားအတိပြီးသော သံမြေ၌ ပြေးရကုန်၏။ ကံမကုန်မခြင်း မကျွတ် မလွတ်ကြရလေကုန်။ ဤ လက်ပံတောငရဲကို ပါဠိဘာသာအားဖြင့် "သိမ္ဗလိဝန"ငရဲဟူ၍ ခေါ်ဝေါ်အပ်၏။

**သန်လျက်တောငရဲ။** ။လက်ပံတောငရဲကြီး၏ ပြင်ဘက်၌ ထိုလက်ပံတော ငရဲကြီးနှင့် အလားတူစွာ အနံအားဖြင့် ယူဇနာတရာ၊ အမြင့်အားဖြင့် ယူဇနာတရာရှိသော သန်လျက်နှင့်တူသော အရွက်ရှိသော "အသိပတ္တ"မည်သော သစ်တောကြီးသည် လက်ပံတော ငရဲကြီးကို အရပ် ရှစ်မျက်နှာမှ ဝိုင်းဝန်း၍ တည်၏။ လက်ပံတောငရဲ၌ နှစ်ပေါင်းများစွာ ခံကုန် ပြီး၍ ကံအားလျော်စွာ လွတ်၍လာကြကုန်သော ငရဲသူသတ္တဝါတို့သည် ဤ အသိပတ္တမည်သော သန်လျက်တောငရဲသို့ ဝင်ရောက်ကြရပြန်ကုန်၏။ ခံရပုံမှာ— လက်ပံတောငရဲနှင့် တူ၏။ လက်ပံတောမှာ ဆူးရှိသည်။ ဤ သန်လျက်တော

ငရဲမှာ ဆူးမရှိချေ။ ဤမျှသာ ထူးတော့သည်။ ဤငရဲကို ပါဠိဘာသာအားဖြင့် "အသိပတ္တ"ငရဲဟု ခေါ်ပေါ်၏။ ဤကား ဉဿဒငရဲလေးမျိုးကို ပြဆိုချက်တည်း။

## ဉဿဒငရဲငယ်ငါးမျိုး

(၂၅၃) ဘင်, ပြာ, လက်, သန်၊ မြစ်, ဒး ရုံ၊ ငါးတန် တနည်းမှာ။

ဤဖြင့် ဉဿဒငရဲသည် တနည်းအားဖြင့် ငါးပါးရှိသေး၏ဟု ပြဆို၏။

**ဉဿဒငရဲငါးလုံး**။ ။ဘင်ပုပ်ငရဲ, ပြာပူငရဲ, လက်ပံတောငရဲ, သန်လျက်တောငရဲ, ဝေတ္တရဏီကြိမ်ပိုက်ချောင်းငရဲ ဤ ငါးပါးတည်း။

**ဝေတ္တရဏီငရဲ**။ ။ဒေဝဒူတသုတ်၌ ဝေတ္တရဏီ=ကြိမ်ပိုက်ချောင်းငရဲဟူ၍ အသီးအခြား လာ၏၊ နေမိဇာတ်၌ ၎င်း ဝေတ္တရဏီငရဲ လာ၏။ သံကိစ္စဇာတ်၌ကား ဤဝေတ္တရဏီငရဲကို အသီးအခြား တခုမထားဘဲ အသိပတ္တမည်သော သန်လျက်တောငရဲ၏ အရံ ပြု၍ ထား၏။

**ကြိမ်ပိုက်ချောင်းငရဲ**။ ။ဤဝေတ္တရဏီမည်သောငရဲသည် သန်လျက်တောငရဲ၏ ပြင်ဘက်၌ ရှစ်မျက်နှာပတ်လည် ဝိုက်လျက် တည်၏၊ ဝေတ္တရဏီမြစ် ငရဲပေတည်း။ ၎င်းဝေတ္တရဏီမြစ်သည် အလွန် စပ်ငန်သောရေရှိ၏။ ကြေးနီပူရေတို့ဟူ၍လည်း ဆိုကြကုန်၏။ အဟုန်နှင့်တကွ ပြင်းစွာစီးဆင်းသော ရေအယဉ်လည်း ရှိ၏။ ရေပြင်၏ အထက်၌ အလွန်ထက်သော သံဆူးသံရှက်တို့ဖြင့်ပြည့်သော ထန်းလုံးပမာဏရှိသော ကြိမ်နွယ်တို့သည် ကမ်းနှစ်ဘက်ကို ကူးရှက်ကြကုန်လျက် ပိုက်ကွန်ကြီးတို့သဖွယ် ရှုပ်ထွေးမြွေးရှက်၍ တည်ကုန်၏။ ၎င်းကြိမ်နွယ်တို့၏အောက်၌ ပေပင်လုံးကြီး, ထန်းပင်လုံးကြီး ပမာဏရှိကုန်သော အလွန်ထက်သော အဖျားရှိကုန်သော သံတံကျင်ကြီးတို့သည် မြစ်ပြင်တခုလုံး၌ စိုက်ထူလျက် ရှိကုန်၏။ ထိုပြင် ရေပြင်တခုလုံးကို ဖုံးလွှမ်းလျက်ဘည်သော သင်ခုန်းသွားကဲ့သို့ ထက်မြက်သော သံဆူးသံရှက်တို့ဖြင့် ပြည့်သော ကြာရိုးကြာရွက်တို့သည် မြစ်ပြင်တခုလုံး၌ အနှံ့အပြား တည်လျက်ရှိကြကုန်၏။

ထိုဝေတ္တရဏီမြစ်ကြီး၏ ဝဲ-ယာ ကမ်းတလျှောက်တို့၌ သံချွန် သံဆူးဘိုကို စိုက်ထားကုန်ဘိသကဲ့သို့၎င်း အလွန် ထက်မြက်သော အစွယ်ရှိသော ငြောင့်တို့ကို ထောင်၍ ထားကုန်ဘိသကဲ့သို့၎င်း ထက်မြက်သော အဖျားရှိသော အညှောက်တို့ဖြင့် ပြည့်သော သမန်းမြက်တော, ဖောင်းကားမြက်တောတို့သည် ၎င်း, ကြိမ်ပင်တော, ကလိမ်ပင်တောတို့သည်၎င်း ပေါက်ရောက် တည်ရှိကြကုန်၏။

သန်လျက်တောင်ရဲမှ ကံအားလျော်စွာ လွတ်ထွက်၍လာကြကုန်သော ငရဲသူတို့သည် ဤဝေတ္တရဏီ ကြိမ်ပိုက်တောင်ရဲသို့ ဆိုက်ရောက်လာကြပြန်ကုန်၏။ ဝေတ္တရဏီမြစ်ကို ရံ၍နေကုန်သော အဆူးရှိသော မြက်တော ကြိမ်တောကြီးတို့ကို မထိုးမဖောက်ဝံ့ကြကုန်သဖြင့် တွေ၍ နေကြကုန်ရာ နွားကျောင်းသားတို့သည် မြက်ဟောအတွင်းသို့ နွားအပေါင်းကို အတင်းရိုက်မောင်း၍ နှင်ကုန်ဘိသကဲ့သို့ ငရဲထိန်းတို့သည်လည်း အမျိုးမျိုးသော လက်နက် လှံတံတို့ဖြင့် ပစ်ခတ် ရိုက်နှက်ကြကုန်ပြီးလျှင် အဆူးရှိသော မြက်တော ကြိမ်တောကြီးထဲသို့ အတင်းမောင်းနှင်၍ သွင်းကြကုန်၏၊ တိုးဝင်စေကုန်၏။ ထိုမြက်တော ကြိမ်တောသို့ ဝင်မိသည်နှင့်တပြိုင်နက် ထူလှစွာသော သမန်းမြက်ညှောက်, ကြိမ်မြက်ညှောက်ကြီးတို့သည် ခြေဘဝါးမှသည် ခါးသို့တိုင်အောင် စူးဝင်ကုန်၏။ သမန်းမြက်ရွက်တို့သည်လည်း နက်စွာ ရှကြကုန်၏။ ထိုသို့သော ဒုက္ခကြီးတို့ကို တွေ့ကြိမ်၍ မသွားနိုင်ဘဲ လဲ၍နေကြကုန်ရာ ငရဲထိန်းတို့သည် ထက်လှစွာသော ခက်ရင်းခွတို့ဖြင့်၎င်း, လှံကြီးတို့ဖြင့်၎င်း ထိုးကော်၍ ဝေတ္တရဏီမြစ်ထဲသို့ ချကြကုန်၏။ ဝေတ္တရဏီမြစ်ထဲသို့ ချလိုက်ကြရာ ငရဲသူသတ္တဝါတို့သည် အလျှံပြောင်ပြောင်တောက်သော ကြိမ်နွယ် ကြိမ်ဆူးတို့၏ အပေါ်သို့ ကျရောက်လေကုန်၏။ လူတကိုယ်လုံး စူးရှ ပေါက်ကွဲသောဒုက္ခဖြင့် မထနိုင်ဘဲရှိကုန်၍ မရှုဝံ့ မမြင်ဝံ့ တလွန့်လွန့် နေကြရကုန်၏။ ထိုနောက် တရွေ့တရွေ့ ကြိမ်နွယ်တို့မှ အောက်သို့လျှော၍ ရေအပြင်သို့ ကျရောက်လေကုန်၏။ ရေအပြင်သို့ ကျသည်နှင့်တပြိုင်နက် ရေအပြင်၌ ပေါက်၍နေကြကုန်သော သံတံကျင်ကြီးတို့နှင့်တွေ့ကြုံကြကုန်သဖြင့် တံ့ပြင်၌ ထိုးသီအပ်သော ငါးတို့ကဲ့သို့ သံတံကျင် စူးဝင်ခြင်းကို ခံရကုန်၍ သံတံကျင်ဖျားဝယ် ကားရား မှောက်ခုံ တုန်တုန်လှုပ်လှုပ် လူးလွန့်၍ နေကြရပြန်ကုန်၏။ တဖန် အဟုန်နှင့်တကွ စီးသောရေ၏အတွက်ကြောင့် သံတံကျင်မှလွတ်၍ ကျလေကုန်ရာ လေအပြင်၌ ရှိကုန်သော ထက်သော အဆူးနှင့်ပြည့်စုံကုန်သော ကြာရွက်တို့ပေါ်သို့ ကျရောက်ပြန်ကုန်၏။

ထိုအခါ ကိုယ်ခန္ဓာတခုလုံးသည် စုတ်ကြီးဖြင့် ထိုးဆွ၍ ထားအပ်ကုန်ဘိသကဲ့သို့ဖြစ်၍ သွေးခဲအတိ သွေးတုံးအတိ ဖြစ်ကုန်၏။ တကိုယ်လုံးမှာ မစုတ်မပြတ်သော အရေဟူ၍ တစုံတရာမျှ မရှိ ပကတိ အနာတုံးကြီး အနာခဲကြီးဖြစ်လေ၏။ တဖန် ထိုကြာဖက်တို့မှ လျောကျလေကုန်သည်ရှိသော် အလွန်ခါးငန်စပ်ပူသော ဝေတ္တရဏီမြစ်ရေကြောသို့ ပေါလောမျောကာ ကျရောက်ရှာကြကုန်၏။ ထိုအခါ မသေမရှင် ထားဖြင့် မွမ်း၍ထားအပ်သောငါးကို ဆားရေ့ ငရုပ်ရေထဲသို့ ချလိုက်ဘိသကဲ့သို့ အထူး ကိုက်ခဲထိုးကျင်သော ဒုက္ခဝေဒနာကြီးကို ခံစားကြရလေကုန်၏။ မိမိတို့၏ ကံစွမ်း မကုန်မှဆုံးသမျှ ကာလပတ်လုံး လူးလာစုန်ဆန် မျောပါးကြကုန်လျက် ဤဝေတ္တရဏီကြိမ်ပိုက်ချောင်းငရဲကြီး၌ ခံကြ

ရကုန်၏။ ကံမကုန်သမျှ မလွတ်ကြရလေကုန်။ ဤကား ဝေတ္တရဏီငရဲကြီး၏ အခြင်းအရာပေတည်း။

**ဝေတ္တရဏီသဒ္ဒါ၏အဓိပ္ပါယ်။** ။ဝေတ္တသဒ္ဒါသည် ကြိမ်ကိုဟော၏။ ဝေတြကား ထိုဒေတူပင်။ "ဝေတြံ ဧတ္တောတိ ဝေတြဏီ"။ ဧတ္ထ၊ ဤငရဲမြစ်၌။ ဝေတြံ၊ ကြိမ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝေတြဏီ၊ ဝေတြဏီမည်၏။ ။ပေါက္ခရဏီ သဒ္ဒါကဲ့သို့ ရုပ်ပြီးစေ။

**ဥဿဒငရဲ ၃၂၀။** ။ဝေတ္တရဏီငရဲနှင့်တကွ ဥဿဒ ငရဲ ၅ ခု ရှိပြန်သောကြောင့် ငရဲကြီး တခုတခုမှာ အရပ်ရှစ်မျက်နှာပတ်လည်ဝိုင်း၍ တည်ကုန်သဖြင့် ၅-ခုကို ရှစ်ခုဖြင့်မြှောက် ၄၀-ဖြစ်၏။ ငရဲကြီး တထပ်တထပ်မှာ ဥဿဒငရဲငယ်ပေါင်း ၄၀-ရှိ၏။ ငရဲကြီးရှစ်ထပ်ပေါင်းလျှင် ဥဿဒငရဲပေါင်း ၃၂၀ ရှိ၏။

ဆက်၍ ဆိုဦးအံ့ — ကံကုန်ချိန်သို့ ရောက်သောအခါ ငရဲထိန်းတို့သည် သံများချိတ်တို့ဖြင့် ဝေတ္တရဏီမြစ်တွင်းမှ ကမ်းထိပ်သို့ ဆွဲ၍ တင်ကြကုန်၏။ ကမ်းပေါ်သို့ ရောက်လျှင် သင်တို့သည် အဘယ်ကို အလိုရှိကြကုန်သနည်းဟု မေးကြကုန်၏။ ထမင်းကို လိုပါသည်၊ ရေကို လိုပါသည်ဟု ပြောကြသောအခါ ငရဲထိန်းတို့သည် ရဲရဲညီသော သံတွေခဲတို့ကို ထမင်းဟူ၍ ပေးကြကုန်၏။ ရဲရဲ တောက်သော သံပူရေတို့ကို ရေဟူ၍ ပေးကြကုန်၏။ အတင်းပင် ·အစားခိုင်း, အသောက်ခိုင်းကြကုန်၏။ လွန်စွာကြောက်ကြကုန်သဖြင့် မစားဝံ့မသောက် ဝံ့ဘဲ ရှိကြကုန်လျှင် ငရဲထိန်းတို့သည် ရဲရဲပူသောသံကောက်တို့ဖြင့် ငရဲသူတို့၏ ပစပ်ကို ချိတ်ဆွဲ၍ ဖွင့်ကြကုန်၏။ ထိုနောက်မှ သံတွေခဲ သံပူရေတို့ကို ပါးစပ် တွင်းသို့ အတင်းနင်း၍ သိပ်ကြလောင်းကြကုန်၏။ သံတွေခဲနှင့် သံပူရေတို့ သည် ခံတွင်းမှစ၍ အအူ အသည်းတိုင်အောင် အကုန်လောင်ကျွမ်းစေပြီးမှ အောက်ဒွါရသို့ ဆင်းကြလေကုန်၏။ ဤမျှလောက်သော ဆင်းရဲကြီးတို့ကို ခံစား ကြရကုန်၏။

**ငရဲကံကုန်မှု-မကုန်မှု။** ။ငရဲကံကုန်လျှင် ဤနေရာမှလွတ်ကြ၍ လူ့ပြည်စသော သုဂတိဘုံများသို့ ထိုက်သည်အားလျော်စွာ သွားကြ ရကုန်၏။ ငရဲကံ မကုန်သေးလျှင် ငရဲထိန်းတို့သည် တဖန်ခြေကိုကိုင်၍ အလယ်ငရဲမကြီးအတွင်းသို့ ပစ်ချပြန်ကုန်၏။ ထိုငရဲမကြီးမှာ နှစ်ပေါင်းများစွာ ခံရပြီးမှ ပြဆိုခဲ့ပြီးသောအတိုင်း ဥဿဒငရဲငါးဘုံတို့၌ စုန်ဆန်လူးလာ ခံရပြန် ကုန်၏။ ကံမကုန်လျှင် အပြန်ပေါင်းအရာမက အထောင်မက ခံကြရလေ ကုန်၏၊ လွတ်ခွင့် မရလေကုန်။

အကုသိုလ်ကံတပါး ဆက်လက်ခွင့်မရသည်ကို ငရဲကံကုန်သည်ဟု ဆိုရ၏။ အကုသိုလ်ကံတို့သာ အားကြီးစွာ ရှိကုန်၍ ကုသိုလ်ကံ အလွန်နည်းပါးကြသော သူတို့မှာမူကား ငရဲကံကုန်ရန် အလွန်ဝေးလှ၏။

ကမ္ဘာပျက်မှပင် မဟာအဝီစိငရဲကြီးမှ လွတ်ခွင့်ရကြလတ္တံ့သော သတ္တဝါတို့သည် အသင်္ချေယျ အနန္တ ရှိကြကုန်၏ဟု အဋ္ဌကထာတို့၌ ဆိုတော်မူကုန်၏။

ကာဏကစ္ဆပေါပမာ, နခသိခေါပမာတို့ဖြင့်လည်း သိရာ၏။

ပြဆိုအပ်ကုန်ပြီးသော ဥဿဒငရဲတို့မှတပါး များစွာသော ငရဲတို့သည်လည်း ရှိကုန်သေး၏။

**ငရဲအမျိုးမျိုး။** ။ကောကာလိကသုတ်၌ အဗ္ဗုဒငရဲ, နိရဗ္ဗုဒငရဲစသောအားဖြင့် ငရဲဆယ်မျိုး လာ၏၊ ထိုပြင် ပဟာသငရဲ, လောဟကုမ္ဘီငရဲ၊ နေမိဇာတ်၌လာသော ငရဲအမျိုးမျိုး၊ နာရဒဇာတ်၌လာသော ငရဲအမျိုးမျိုး၊ ရာဇဂြိုဟ်မြို့ ပတ်လည်ဝန်းကျင်၌ရှိသော ငရဲအမျိုးမျိုးစသောအားဖြင့် ငရဲငယ်တို့သည် များစွာရှိကုန်၏။

**ငရဲထိန်းများ။** ။ငရဲထိန်းတို့သည်ကား စတုမဟာရာဇ်အဝင်အပါ ဖြစ်ကြကုန်သော ဘီလူးမျိုး, ရက္ခိုုသ်မျိုး, နတ်ဆိုးနတ်ဝါးတို့ပေတည်း။ ထိုယုတ်မာကြမ်းတမ်းသော နတ်တို့သည် အလွန်တရာ ကြမ်းကြုတ်လှစွာသော မိမိတို့၏ သဘောဓလေ့ကို အလိုလိုက်ကြကုန်သဖြင့် ငရဲဘုံတို့သို့ လာပြီးလျှင် ငရဲသူ သတ္တဝါတို့ကို အမျိုးမျိုးသော ညှဉ်းဆဲခြင်းတို့ဖြင့် ညှဉ်းဆဲကြကုန်၏။ မည်သူတစုံတယောက်ကမှ ထိုနတ်ဆိုးတို့ကို ငရဲထိန်းပြုလုပ်ကြကုန်ဟု အရာပေးသည် မဟုတ်ကြကုန်။ ဝေမာနိကပြိတ္တာမင်းမျိုး ဖြစ်ကြပေကုန်သော ဝေဿဘူ နေ့ာတ္တိ အစရှိကုန်သော ယမမင်းကြီးတို့သည် ငရဲသူ သတ္တဝါတို့ကို ကယ်ဆယ်ခြင်းအကျိုးငှါ အရံငရဲငယ်တို့၌ ရုံးထိုင်ကြကုန်၏။ စစ်ဆေး မေးမြန်းကြကုန်၏။ ထိုယမမင်းကြီးတို့လည်း စတုမဟာရာဇ် အပါအဝင်တို့ပေတည်း။ ထိုအရံငရဲငယ်စု အလုံးစုံတို့နှင့်တကွ ငရဲကြီး တပြည်တပြည်ကို ယူဇနာ တသောင်း, တသောင်းကျယ်သည်ဟု ဆိုခဲ့ပေသည်။

## အပါယ် ၄-ဘုံကို ပြဆိုခန်း

(၂၅၄) ငရဲ, တိရိစ်၊ ပြိတ္တ, အသုရာ၊ ဤလေးဖြာ၊ အောက်ရွာ ပါယ်ဘူမိ။

ဤဖြင့် အပါယ် ၄-ဘုံကို ပြဆို၏။

ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ။ ဤ ၄-ဘုံသည် အပါယ်ဘုံ မည်၏။

**ငရဲဘုံ**။ ။ငရဲကို ပါဠိဘာသာအားဖြင့် နိရယ ခေါ်သည်။ ကြီးပွါးခြင်းကိုငင်း, ချမ်းသာကြောင်းကိုငင်း အယဟူ၍ ဆိုအပ်၏။ ဝိဂ္ဂြိုဟ်ကား "နတ္ထိ အယော ဧတ္ထာတိ နိရယော"။ ဧတ္ထ၊ ဤဘုံ၌။ အယော၊ ကြီးပွါးခြင်းသည်။ ဝါ၊ ချမ်းသာကြောင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ နိရယော၊ နိရယမည်၏။ "နိရယောဝ ဘူမီတိ နိရယဘူမိ"။ နိရယောဝ၊ ကြီးပွါးခြင်းမရှိရာသည်သာလျှင်။ ဘူမိ၊ သတ္တဝါတို့၏ဖြစ်ရာဘုံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိရယဘူမိ၊ နိရယဘုံမည်၏။ ဤနိရယဘုံ၏ သရုပ်နှင့်တကွ အခြင်းအရာ အာကာရများကို အောက်၌ ပြဆိုအပ်ပြီ။

**တိရစ္ဆာန်ဘုံ**။ ။တိရစ္ဆာနဟူသောပါဠိစကားမှ တိရစ္ဆာန်ဟု ဖြစ်လာသည်။ "မနုဿာဝိယ ဥဇ္ဇာ အဟုတွာ တိရော အဥ္စိတာတိ တိရစ္ဆာနာ"။ မနုဿာဝိယ၊ လူတို့ကဲ့သို့။ ဥဇ္ဇာ၊ အထက်သို့မြင့်ကုန်သည်။ အဟုတွာ၊ မဖြစ်ကုန်မူ၍။ တိရော၊ ဖီလာ။ ဝါ၊ ကန့်လန့်။ အဥ္စိတာ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တိရစ္ဆာနာ၊ တိရစ္ဆာန်မည်ကုန်၏။ လူတို့သည် ပုံသဏ္ဌာန်အားဖြင့် အထက်သို့မြင့်၍ စွင့်စွင့်မတ်မတ် ဖြစ်ကုန်၏။ တိရစ္ဆာန်တို့ကား ထိုသို့မဟုတ်ကြကုန်။ လေးဘက်ထောက်, နှစ်ချောင်းထောက်, ခြေမဲ့လက်မဲ့ စသောအားဖြင့် နံဘေးဖီလာသို့ ကန့်လန့်ရှည်၍သာ ဖြစ်ကြကုန်၏။ ထိုကြောင့် တိရစ္ဆာန်ဟု ဆိုရလေသည်။ တနည်းအားဖြင့် ဈာန်တရား, မဂ်ဖိုလ်တရားတို့မှ ဖီလာသွားသောကြောင့် တိရစ္ဆာန်ဟူ၍လည်း ဆိုသင့်၏။

**ပြိတ္တာဘုံ**။ ။ပေတဟူသော ပါဠိစကားမှ ပိတ္တာဟူ၍ငင်း, ပြိတ္တာဟူ၍ငင်း ဖြစ်လာသည်။ "ပေစ္စ ဣတာ ဂတာတိ ပေတာ"။ ပေစ္စ၊ ဖဲကြဉ်၍။ ဣတာ ဂတာ၊ သွားရှာလေကုန်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပေတာ၊ ပေတမည်ကုန်၏။ ဝါ၊ ပြိတ္တာမည်ကုန်၏။ ဤဝိဂ္ဂြိုဟ်ဖြင့် ဤဘဝမှ စုတိဖဲကြဉ်၍ ဘဝတပါး ပြောင်းသွားလေသည်ကို ပေတဟူ၍ ဆိုသည်။ သေသောသူဟူသမျှ ကာလကံတတို့ကို ပေတဟူ၍ ခေါ်ဝေါ်ရိုးရှိချေ၏။ နတ်ပြည်သို့ သွားသောသူကိုပင် ပေတဟူ၍ ခေါ်ဝေါ်ရိုးထုံးစံရှိ၏။ အဘိဓာန် အနေကတ္ထဝဂ်၌—

တီသု ပေတော ပရေတော စ၊ မတေ စ ပေတယောနိဇေ။

ဟူ၍ လိင်သုံးပါးရှိသော ပေတသဒ္ဒါ, ပရေတသဒ္ဒါများသည် သေလေပြီးသူ၌ငင်း, ပြိတ္တာမျိုး၌ငင်း ဖြစ်၏ဟု ပြဆို၏။ ဤနေရာ၌ကား ချမ်းသာအပေါင်းမှ ကြဉ်ဖဲ၍ ဒုက္ခထဲသို့ သွားရလေသူ၊ သုခနှင့်ဝေးကွာသူ ဖြစ်ကြကုန်သော စတုတ္ထပါရာဇိက, လက္ခဏသံယုတ်များ၌လာသော တတိယ အပါယ်ဘုံသား ပြိတ္တာများကို ရအပ်ယူအပ်ကုန်၏။

**အသုရာဘုံ။** ။အသုရကာယ ဟူသော ပါဠိစကားမှ အသုရကာယ်ဟူ၍ ဖြစ်လာသည်။ အသုရကာယ ဟူသောပုဒ်၌ န-ပုဒ်,သုရ-ပုဒ်,ကာယ-ပုဒ်။ "ဘုရန္တိ ဣဒ္ဓိဝိသေသေန ဒိဗ္ဗန္တီတိ သုရာ"။ ဣဒ္ဓိဝိသေသေန၊ တန်ခိုးအထူးဖြင့်။ သုရန္တိ ဒိဗ္ဗန္တိ၊ ထွန်းတောက်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုရာ၊ သုရတို့မည်ကုန်၏။ တနည်းကား။ "သုဋ္ဌု ရမန္တိ ကာမသုခရတိံ ပစ္စနုဘဝန္တီတိ သုရာ"။ ကာမသုခရတိံ၊ ကာမဂုဏ်ချမ်းသာတည်းဟူသော မွေ့လျော်ဖွယ်ကို။ ရမန္တိ ပစ္စနုဘဝန္တိ၊ ပျော်ပျော်ပါးပါး ခံစားစံစားကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုရာ၊ သုရတို့မည်ကုန်၏။ ဤဝိဂ္ဂြိုဟ်ဖြင့် အထက်ဘုံ၌ဖြစ်ကုန်သော နတ်တို့ကို ရစေ။ "န သုရာတိ အသုရာ"။ သုရာ၊ နတ်တို့သည်။ န၊ မဟုတ်ကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုရာ၊ အသုရတို့ မည်ကုန်၏။

**အသုရာငါးမျိုး။** ။အသုရာတို့သည်––(၁) ပေတစိတ္တအသုရာ။ (၂) ဝိနိပါတိကအသုရာ။ (၃) ဝေမာနိကအသုရာ။ (၄) လောကန္တရိက် အသုရာ။ (၅) ကာလကဉ္ဇိက အသုရာဟူ၍ ငါးပါးအပြားရှိကုန်၏။ ထိုတွင် ဇဂ်သုတ် အသုရသံယုတ် စသည်တို့၌ လာကုန်သော ဝေပစိတ္တိပဟာရာဒ အစရှိကုန်သော နတ်တို့ကို အထက် တာဝတိံသာနတ်တို့နှင့် တူကုန်သောကြောင့်၎င်း၊ ထိုအထက်နတ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သောကြောင့်၎င်း၊ အသုရာဟူ၍ ဆိုအပ်ကုန်၏။

"သုရသဒိသာ သုရပဋိပက္ခာ ဝါတိ အသုရာ"။ သုရသဒိသာ၊ နတ်တို့နှင့်တူကုန်၏။ ဝါ၊ တနည်းကား။ သုရပဋိပက္ခာ၊ နတ်တို့နှင့်ဆန့်ကျင်ဘက်ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုရာ၊ အသုရမည်ကုန်၏။ ဤဝေပစိတ္တိအစရှိကုန်သော အသုရာတို့ကို ဘုံအားဖြင့် တာဝတိံသာဘုံသားတို့၌ သာ ပေါင်း၍ ရေတွက်အပ်ကုန်၏။ ထိုအသုရာတို့သည် သိကြားမင်း၏ ရှေးဦးစွာ တာဝတိံသာသို့ ရောက်နှင့်ကြသော သူတို့ပေတည်း။ နောက်မှ မာဃမည်သော သိကြားမင်း ရောက်လာ၍ တာဝတိံသာမှ ထွက်ပြေးလျှောသက်ကြကုန်ပြီးလျှင် မြင်းမိုရ်တောင်၏အောက် မြေနောက်သုံးခုတို့၏အလယ် ရတနာသံပြင် သခွတ်ပင်ဖြင့် စံစားကြသော နတ်တို့ပေတည်း။ သိကြားမင်းကြီး၏ ယောက္ခမ သိကြားမင်းနှင့် ရန်ဘက်ဖြစ်ကြသော သူတို့ပေတည်း။ သဂါထာဝဂ္ဂယက္ခ သံယုတ်၌လာသော ဝိနိပါတိကတို့ကို အထက်နတ်တို့အောက် ယုတ်ညံ့သေးသိမ်ကုန်သောကြောင့် အသုရာ ခေါ်ဝေါ်အပ်ကုန်၏။ "ခုဒ္ဒကာ သုရာတိ အသုရာ"။ ခုဒ္ဒကာ၊ သိမ်ငယ်ကုန်သော။ သုရာ၊ နတ်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုရာ၊ အသုရတို့မည်ကုန်၏။ ဤဝိနိပါတိက အသုရာတို့ကို စတုမဟာရာဇ်ဘုံသားအဖြစ်ဖြင့် ရေတွက်အပ်ကုန်၏။

**ယမမင်းတို့ကို အသုရာ၌ထည့်သွင်းရပုံ။** ။ဝေသာဘူ, နေ့ာတ္ထိ အစရှိကုန်သော ဝေမာနိက ယမမင်းကြီးတို့ကို တစိတ်တဒေသအားဖြင့် နတ်တို့နှင့်တူကုန်သောကြောင့် အသုရာဟူ၍ ဆိုအပ်ကုန်၏။ "ဧကဒေသေန သုရသဒိသာတိ အသုရာ"။ ဧကဒေသေန၊ တစိတ်တဒေသ အားဖြင့်။ သုရသဒိသာ၊နတ်တို့နှင့်တူကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။အသုရာ၊ အသုရတို့မည်ကုန်၏။

ဤဝေမာနိက ယမရာဇာတို့ကို အချို့သောနေရာ၌ အသုရကာယဟူ၍ဆိုအပ်၏။ ဤဝေမာနိက အသုရာတို့ကိုလည်း စာတုမဟာရာဇ်၌သွင်း၍ ရေတွက်အပ်ကုန်၏။ ဝိနိပါတိကအသုရာ, ဝေမာနိကအသုရာတို့သည် အချို့တိဟိတ်ဖြစ်ကုန်၏။ အချို့ ဒွိဟိတ်ဖြစ်ကုန်၏။ အချို့ အဟိတ်ဖြစ်ကုန်၏ဟူ၍ အဋ္ဌကထာတို့၌ ဆို၏။ ဝေသာဘူ, နေ့ာတ္ထိအစရှိကုန်သော ဝေမာနိက ယမမင်းကြီးတို့သည် ကြီးသောတန်ခိုးဣဒ္ဓိပါဒ် အာနုဘော် ရှိကြကုန်သဖြင့် ဗိမာန်နှင့် စံနေကြကုန်သော ပြိတ္တာဘုရင် ပြိတ္တာမင်းကြီးတို့ပေတည်း။ထိုဝေမာနိက ယမမင်းကြီးတို့သည် ငရဲသူသတ္တဝါတို့၌ လွန်စွာသနားခြင်း ကရုဏာရှိကြ လေကုန်သောကြောင့် အောက်ငရဲဘုံတို့၌ ငရဲမင်းကြီး၏ ရာထူးကို ခံယူသိမ်းပိုက်ကြကုန်၏။ ထိုကြောင့် ပြိတ္တာဘုံနှင့် ငရဲဘုံများကို ယမလောကဟူ၍၎င်း, ယမဝိသယဟူ၍၎င်း ခေါ်ဆိုအပ်၏။ ယမမင်းကြီး၏ ပိုင်ရာဆိုင်ရာ အုပ်ချုပ်ရာ နယ်ကြီးများ ဆိုလိုသည်။

**ငရဲထိန်းများ။** ။ထိုပြင် ရေဝတီ ဗိမာနဝတ္ထု၌ ယက္ခဟူ၍၎င်း, နာရဒဇာတ်၌ ရက္ခသဟူ၍၎င်း လာရှိကုန်သော စာတုမဟာရာဇ်ဘုံသား စော်ကားကြမ်းကြုတ် ယုတ်ယုတ်မာမာ ရက်စက်စွာ ပြုလေ့ရှိကုန်သော နတ်ဆိုးနတ်ကြမ်းတို့သည် ရှိကြကုန်၏။ ထိုနတ်ဆိုးတို့သည် ငရဲပြည်တို့၌ အထူးထူးသော ကမ္မကရဏတို့ဖြင့် ငရဲသူသတ္တဝါတို့ကို သွား၍သွား၍ ညှဉ်းဆဲကြကုန်၏။ ငရဲပြည်တို့၌ အမျိုးမျိုးသော ညှဉ်းဆဲမှုတို့ဖြင့် ညှဉ်းဆဲရန် လှည့်လည်ကြကုန်၏။ ထိုနတ်ဆိုးတို့ကို 'နိရယပါလ'ငရဲထိန်းတို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုငရဲထိန်းတို့ကို 'ကာလ'ဟူ၍၎င်း, 'ဥပကာလ'ဟူ၍၎င်း အမည်အမျိုးမျိုးတို့ဖြင့် နာရဒဇာတ်၌ မှည့်ခေါ်အပ်ကုန်၏။ ထိုငရဲထိန်း နတ်ဆိုးတို့၏ အပေါ်၌လည်း ယမမင်းကြီးတို့၏ အာဏာသည် ပျံ့နှံ့လျက် တည်၏။ ယမမင်းကြီးတို့၏ လက်ပါးစေတို့ဟူလို။

**လောကန္တရိက်ငရဲသူသတ္တဝါတို့ကိုလည်း** ဗုဒ္ဓဝံသအဋ္ဌကထာ နိဒါန်း ဇာတိဒုက္ခအဖွင့်များ၌ အသုရကာယဟူ၍ ခေါ်ဆို၏။ ထိုလောကန္တရိက် ငရဲသူတို့ကို ကား အချင်းခပ်သိမ်း သုရဂုဏ်မှ ကင်းဆိတ်ကုန်သောကြောင့် အသုရာဟူ၍ ခေါ်ဝေါ်အပ်ကုန်၏။ "သုရ ဂုဏ ရဟိတာတိ အသုရာ"။ သုရဂုဏရဟိတာ၊

နတ်ဟုဆိုအပ်သော သုရဂုဏ်မှ ကင်းကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုရာ၊ အသုရာတို့မည်ကုန်၏။ ဤလောကန္တရိက်အသုရာတို့ကို ငရဲဘုံ၌သွင်း၍ ရေတွက်အပ်ကုန်၏။ ကာလကဥ္စိက ပြိတ္တာတို့ကိုကား အချင်းခပ်သိမ်း သုရဘာဝမှ ကင်းဆိတ်ကြကုန်သောကြောင့် အသုရာဟူ၍ ဆိုအပ်ကုန်၏။ "သုရ-ဘာဝရဟိတာတိ အသုရာ"။ သုရဘာဝရဟိတာ၊ နတ်ဖြစ်ကြောင်းမှ ကင်းကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အသုရာ၊ အသုရတို့မည်ကုန်၏။ ဤနေရာ၌ကား ကာလကဥ္စိကပြိတ္တာအသုရကာယ်တို့ကိုသာ အလိုရှိအပ်ကုန်၏။

**အသုရကာယ်မည်ပုံ။** ။"အသုရာနံ ကာယာတိ အသုရကာယာ"။ အသုရာနံ၊ အသုရာတို့၏။ ကာယာ၊ အပေါင်းတို့တည်း။ ဣတိ-တသ္မာ၊ ထိုကြောင့်။ အသုရကာယာ၊ အသုရကာယ်မည်ကုန်၏။

**အပါယ်နှင့်ဘုံ။** ။ဤလေးဘုံကို အပါယ်လေးဘုံဟုဆိုအပ်၏။ထိုတွင် ငရဲဘုံသည် နေရာဌာန အသီးအခြားရှိ၏။ ကြွင်းသော တိရစ္ဆာန်စသော ဘုံတို့ကား နေရာဌာန အသီးအခြားဟူ၍ မရှိကုန်။ အချို့တို့သည် မြေပေါ်၌ ရှိကုန်၏။ အချို့တို့သည် သမုဒ္ဒရာ၌ ရှိကုန်၏။ အချို့တို့သည် တောင်ထဲ ချောက်ကမ်းထဲ၌ ရှိကုန်၏။ အချို့တို့သည် မြေကြီးထဲ၌ ရှိကုန်၏။ အချို့တို့သည် ကောင်းကင်၌ ရှိကုန်၏။ ဇာတိကိုရင်း, ခန္ဓာကိုရင်း, ခန္ဓာ၏ဖြစ်ရာအရပ်ကိုရင်း ဘုံဟူ၍ ဆိုအပ်၏။

**အပါယ်၏အဓိပ္ပါယ်။** ။"ယေဘုယျေန အယတော အပဂတာ ဧတ္ထ နိဗ္ဗတ္တာတိ အပါယော"။ ဧတ္ထ၊ ဤလေးဘုံ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ယေဘုယျေန၊ ဖြင့်။ အယတော၊ ကြီးပွါးခြင်း ချမ်းသာရန်အခွင့်မှ။ အပဂတာ၊ ကင်းဆိတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အပါယော၊ အပါယ်မည်၏။ "အပါယော ဧဝ ဘူမိ အပါယဘူမိ"၊ ဝိဂ္ဂိုဟ်ဆို။ ဤအပါယ်လေးဘုံကို ဆင်းဆင်းရဲရဲ လားရာကျရာ ဖြစ်၍ ဒုဂ္ဂတိဟူ၍ ဆိုအပ်၏။ "ဒုက္ခေန ဂန္တဗ္ဗာတိ ဒုဂ္ဂတိ"။ ဒုက္ခေန၊ ဆင်းရဲငြိုငြင်သဖြင့်။ ဂန္တဗ္ဗာ၊ ရောက်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒုဂ္ဂတိ၊ ဒုဂ္ဂတိမည်၏။ ။အပါယ်လေးဘုံ ပြီး၏။

**ကာမ သုဂတိ ၇-ဘုံကို ပြဆိုခန်း**

(၂၅၅) လူ,စ,တာ,ယာ၊ တုသ်,နိမ္မာ၊ ဝသာ-ပြည် ဝတ္တိ။

ဤဖြင့် ကာမသုဂတိ ၇-ဘုံကို ပြဆို၏။

**ကာမသုဂတိ ၇-ဘုံ။** ။(၁) မနုဿဘုံ။ (၂) စာတုမဟာရာဇိကဘုံ။ (၃) တာဝတိံသာဘုံ။ (၄) ယာမာဘုံ။ (၅)တုသိတာဘုံ။ (၆)နိမ္မာနရတိဘုံ။ (၇)ပရနိမ္မိတဝသဝတ္တီဘုံ။ဤကားကာမသုဂတိ ၇-ဘုံတည်း။

မနုဿဘုံ။ ။ မနုဿ ဟူသောပုဒ်၌ မန ပုဒ်, ဥဿ ပုဒ်။ "ဥဿိတော မနော ဧတေသန္တိ မနုဿာ"။ ဧတေသံ၊ ထိုသူတို့အား။ ဥဿိတော၊ စိုက်ထူစွင့်စွင့်၊ အလွန်မြင့်သော။ မနော၊ စိတ်နေနှလုံးနေသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မနုဿာ၊ မနုဿမည်ကုန်၏ ဝါ၊ လူမည်ကုန်၏။ ထင်စွာပြဆိုအံ့— အနန္တစကြာဝဠာတို့၌ ရှိရှိသမျှ မနုဿဟူ၍ ခေါ်ဝေါ်အပ်ကုန်သော သူတို့သည် နတ်ဘုံစသော အခြားဘုံသားတို့ထက် ထက်မြက်သောစိတ် ရဲရင့်သောစိတ် ဆန်းကြယ်သောစိတ် ရှိကြကုန်၏။ အဘယ်ကြောင့်နည်းဟူမူ— ကုသိုလ်အရာ၌ ကုသိုလ်ဖြစ်ပွါးရန် ကုသလကမ္မပထ အပေါက်အလမ်းကြီးတို့သည်၎င်း၊ အကုသိုလ်ဖြစ်ပွါးရန် ပဥ္စာနန္တရိယကံစသော အကုသလကမ္မပထ အပေါက်အလမ်းကြီးတို့သည်၎င်း ဤလူ့ဘုံ၌သာလျှင် ရှိကုန်၏။ အခြားဘုံတို့၌ စုံလင်စွာ မရှိကြလေကုန်။ ထိုကြောင့် ကုသိုလ်အရာ အကုသိုလ်အရာတို့၌ မြင့်သောစိတ် ထက်သောစိတ် ရဲသောစိတ် ဆန်းကြယ်သောစိတ် ရှိကြကုန်သည်။

လူ့ဘုံတို့တွင်လည်း ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားတို့သည် လွန်လွန်ကဲကဲ ရဲသောစိတ် ထက်သောစိတ် ဆန်းကြယ်သောစိတ် ရှိကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းသားမှ တပါးသော လူဟူသမျှတို့ကိုကား ဇမ္ဗူဒိပ်ကျွန်းသူ ကျွန်းသားတို့နှင့် အသွင် အပြင် အဆင်းသဏ္ဌာန် တူကုန်သောကြောင့်သာလျှင် မနုဿဟူ၍ ဆိုရကုန်သည်။ ဤ ငါတို့ စကြာဝဠာတိုက်တွင်း၌မူကား ဆိုဖွယ် အထူး မလိုပြီ၊

မြတ်စွာဘုရားရှင်သည်လည်း အင်္ဂုတ္တရနိကာယ်၌—

တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ ကတမေဟိ တီဟိ ဌာနေဟိ[၁]။ သူရာ စ သတိမန္တော စ ဣဓ ဗြဟ္မစရိယဝါသော စ[၂]။

ဟူ၍ ဟောတော်မူ၏။

အနက်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ တီဟိ ဌာနေဟိ၊ သုံးပါးသောအရာဌာနတို့ဖြင့်။ ဇမ္ဗုဒီပကာ၊ ဇမ္ဗူဒိပ်ကျွန်း၌ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ ဥတ္တရကုရုကျွန်း၌ဖြစ်ကုန်သော။ မနုဿေစ၊ လူတို့ကို၎င်း။ တာဝတိံသေ ဒေဝေစ၊ တာဝတိံသာနတ်တို့ကို၎င်း။ အဓိဂ္ဂဏှန္တိ၊ သာလွန်လွှမ်းမိုးနိုင်ကုန်၏။ ကတမေဟိ တီဟိ ဌာနေဟိ၊ အဘယ်အရာ ဌာနသုံးပါးတို့ဖြင့်နည်း ဟူမူကား။ သူရာစ၊ ရဲရင့်သောအရာ၎င်း။ သတိမန္တောစ၊ ခိုင်မြဲသောသတိရှိသောအရာ၎င်း။ ဣဓဗြဟ္မစရိယဝါသောစ၊ ဤဇမ္ဗူဒိပ်ကျွန်း၌သာ မြတ်သော

၁။ ဆဋ္ဌမူ၌ "ဌာနေဟိ" ဟု ထပ်၍မပါ။

၂။ ဆဋ္ဌမူတို့၌ စ-သဒ္ဒါများ မပါ။

အကျင့်ကို ကျင့်နိုင်ခြင်းငှာ၊ ဣတိ၊ ဤဥာန သုံးပါးတို့ဖြင့်။ အဓိဂုဏာနိ၊ သာလွန်လွှမ်းမိုးနိုင်ကုန်၏။

အကွရစိန္တက သဒ္ဒပါရဂူဆရာတို့ကား "မနုနော အပစ္စာတိ မနုဿာ"။ မနုနော၊ မနုမည်သော သမ္မတမင်းကြီး၏။ အပစ္စာ၊ သားတို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ မနုဿာ၊ မနုဿတို့မည်ကုန်၏။ ကပ်ဦးကာလ၌ လူအပေါင်းတို့ ညီညာစွာ တင်မြှောက်အပ်သော မဟာသမ္မတမင်းကြီးကို မနု ဟူ၍ဆိုအပ်၏။

ယခုတိုင် ရှိကြကုန်သော လူတို့သည်လည်း ထိုမနုမည်သော မဟာသမ္မတမင်းကြီး၏ နည်းနာနယ ဥပဒေသများကို မလွန်မကျူးဘဲ လိုက်နာကြကုန်၏။ မနုဝမ္မ၌ တည်ကြကုန်၏။ ထိုကြောင့် ယခုတိုင်ရှိသော လူတို့သည် မနုမည်သော မဟာသမ္မတမင်းကြီး၏ သားအရာ၌ တည်ကြကုန်၏ ဟူ၍ ဆိုကုန်၏။ "မနုဿာနံ ဘူမိတိ မနုဿဘူမိ"။

**စာတုမဟာရာဇ်ဘုံ။**　။စာတုမဟာရာဇိကဟူသော ပုဒ်မှ စာတုမဟာရာဇ်ဟူ၍ ဖြစ်လာ၏။ ဓတရဋ္ဌ, ဝိရုဋ္ဌက, ဝိရူပက္ခ, ကုဝေရ ဟူ၍ ဆိုအပ်သော နတ်မင်းကြီးလေးပါးတို့ကို စတုမဟာရာဇာဟူ၍ ဆိုအပ်ကုန်၏။ အကြင်နတ်တို့သည် ထိုနတ်မင်းကြီးလေးပါးတို့၏ အုပ်စိုးခြင်းကို ခံကြရကုန်၏။ ထိုနတ်မင်းကြီးတို့၏ လက်အောက်ခံတို့ ဖြစ်ကုန်၏။ နတ်မင်းကြီးလေးပါးတို့ကို ခစားကြရကုန်၏။ ထိုနတ်မျိုးတို့ကို စာတုမဟာရာဇ်နတ်ဟူ၍ ဆိုအပ်ကုန်၏။ "စတုမဟာရာဇေသု ဘတ္တိ ဧတေသန္တိ စာတုမဟာရာဇိကာ"။ ဧတေသံ၊ ထိုနတ်တို့အား။ စတုမဟာရာဇေသု၊ နတ်မင်းကြီးလေးပါးတို့၌။ ဘတ္တိ၊ ဆည်းကပ်ခစားခြင်းအလုပ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ စာတုမဟာရာ-ဇိကာ၊ စာတုမဟာရာဇိကမည်ကုန်၏။

ထင်ရှားစေအံ့ — ဓတရဋ္ဌနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ အလယ်ခုလတ်အရှေ့ဘက်နံပါး၌ တည်နေလျက် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏၊ ဝိရုဋ္ဌကနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ တောင်ဘက်နံပါး၌ တည်နေလျက် ကုမ္ဘဏ်နတ်တို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏၊ ဝိရူပက္ခနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ အနောက်ဘက်နံပါး၌ တည်နေလျက် နတ်နဂါးတို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏၊ ကုဝေရနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်ဘက်နံပါး၌ တည်နေလျက် နတ်ဘီလူးတို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏။

**ဂန္ဓဗ္ဗ။**　။ထိုစကားရပ်၌ ဂန္ဓဗ္ဗနတ်မည်ကြောင်းကား "ပဋိသန္ဓိဝသေန ဂန္ဓ-ရုက္ခေသု အပ္ပေတ္တိ ဥပဂစ္ဆန္တီတိ ဂန္ဓဗ္ဗာ"။ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။ဂန္ဓရုက္ခေသု၊ မွှေးနံ့ကြိုင်ရှင် နံ့သာပင်တို့၌။ အပ္ပေတ္တိ ဥပဂစ္ဆန္တိ၊

ကပ်ရောက်ကြကုန်၏။ ဤတိတသ္မာ၊ ထိုကြောင့်။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်တို့မည်ကုန်၏။ နံ့သာပင်၌ ပဋိသန္ဓေတွယ်၍ နံ့သာပင်၌ နေသောနတ်မျိုးတို့ ဟူလို။ ထိုဂန္ဓဗ္ဗနတ်တို့သည် မူလဂန္ဓဗ္ဗနတ်, သာရဂန္ဓဗ္ဗနတ် စသောအားဖြင့် ဆယ်ပါး အပြားရှိကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ အိုးစရည်းကြီးတမျှ ကြီးမားသော ဝမ်းပိုက်နှင့် ကြီးမားသော ဝှေးစေ့ရှိကုန်သော ဒါနဝရက္ခိုသ်တို့ကို ကုမ္ဘဏ္ဍ=ကုမ္ဘဏ်ဟူ၍ ဆိုအပ်ကုန်၏[၁]။ နာဂ ယက္ခတို့ကား ထင်ရှားကုန်ပြီ။

ဆိုအပ်ခဲ့ပြီးသော စာတုမဟာရာဇိကနတ်မျိုးတို့သည် များသောအားဖြင့် လွန်စွာ ရက်စက်ကြမ်းကြုတ်ကြကုန်၏၊ ရက်ရက်စက်စက် ပြုလုပ်လေ့ရှိကြကုန်၏၊ အချင်းချင်းကိုသော်ငြင်း, လူတို့ကိုသော်ငြင်း, အမျိုးမျိုးသော ညှဉ်းဆဲခြင်းတို့ဖြင့် နှိပ်စက်ညှဉ်းဆဲကြကုန်၏၊ အစိုးရဖြစ်သော နတ်မင်းကြီးလေးပါးတို့သည် ထိုလက်အောက်နတ်ဆိုးတို့ကို အချင်းချင်းကိုသော်ငြင်း, လူတို့ကိုသော်ငြင်း မညှဉ်းဆဲကြစေအံ့သောငှါ အဆင့်ဆင့် ဘုရင်ခံနတ်များကိုလည်း ထားပေကုန်၏။ စစ်ဗိုလ်ချုပ် နတ်အကြပ်ဖြစ်သော နတ်တို့ကိုလည်း ခန့်ထားပေကုန်၏။ ဒီဃနိကာယ် ပါထေယျဝဂ်လာ အာဋာနာဋိယသုတ်ထွက်ကို ဤနေရာ၌ ဆိုအပ်၏။ ယက္ခော၊ ဘီလူးထီး။ ယက္ခိနီ၊ ဘီလူးမ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်ဖို။ ဂန္ဓဗ္ဗီ၊ ဂန္ဓဗ္ဗနတ်မ။ ကုမ္ဘဏ္ဍော၊ ကုမ္ဘဏ်နတ်ဖို။ ကုမ္ဘဏ္ဍီ၊ ကုမ္ဘဏ်နတ်မ။ နာဂေါ၊ နဂါးဖို။ နာဂီ၊ နဂါးမ။ ဤသို့လျှင် လေးမျိုးသော အဝရုဒ္ဓက နတ်ဆိုး နတ်ဝါးမျိုးတို့သည် အာဋာနာဋိယသုတ်၌ လာကုန်၏။

**ယက္ခ**။ ။ထိုတွင် ကိုယ်ရောင်ကိုယ်ဝါ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသော လူမဟုတ်သော အမနုဿသတ္တဝါမျိုးကို ယက္ခဟူ၍ငြင်း၊ ဒေဝဟူ၍ငြင်း၊ ဒေဝတာဟူ၍ငြင်း ဆိုအပ်၏။ ကိုယ်ရောင်ကိုယ်ဝါမှ ကင်း၍ ကျက်သရေမဲ့ အရုပ်အဆင်းမဲ့ ဆိုးဘိုးဝါးဝါး အမနုဿသတ္တဝါကို ယက္ခဟူ၍သာ ဆိုအပ်၏။ ဒေဝစသည်ဖြင့် မဆိုအပ်။ တောစိုးသစ်ပင်ကြီး စသည်၌ တည်သော ဗိမာန်ဝယ် ပျော်စံသောနတ်မျိုးကို ရုက္ခဒေဝ=ရုက္ခစိုဝ်းနတ်ဟူ၍ ခေါ်ဝေါ်အပ်၏။ သစ်ပင်တွင်း သစ်ခေါင်းတွင်း၌ဖြစ်သော နတ်မျိုးကို ဂန္ဓဗ္ဗနတ်ဟူ၍ ခေါ်ဆိုအပ်၏။ ထိုဂန္ဓဗ္ဗနတ်မျိုးကို သစ်ဘီလူးဟူ၍ ယခုကာလ၌ ခေါ်ဝေါ်ကြကုန်၏။

---

၁။ ကုမ္ဘဏ္ဍာတိ ဒါနဝ ရက္ခသာ ဟူ၍ငြင်း, ကုမ္ဘဏ္ဍာနာမ မဟောဒရာ, ဝိသာလက္ခာ ရက္ခသာ ဝေ ဟူ၍ငြင်း ပြဆိုသော ပရမတ္ထဒီပနီအတိုင်း ရေးခြင်းဖြစ်ကြောင်း သိရသည်။ အမရကောသ ၁-၁၂-၌ ဒါနဝကို အသုရာဟော ၁၀-ပုဒ်၌ သွင်း၍ ပြသည်။ အဘိဓာနပ္ပဒီပိကာ ၁-၁၄-၌ ဒါနဝကို အသုရာသာမန်ဟော ၄-ပုဒ်၌ ပြသည်။ ဗုဒ္ဓဘာသာကျမ်းဂန်များ၌ ဒါနဝဘီလူးအကြောင်း များစွာပါသည်။

ရက္ခဇိုဝ်းနတ်တို့သည် မိမိမှီခိုရာ သစ်ပင်သေလေလျှင် အခြားသို့ ပြောင်းရွှေ့နေရကုန်၏၊ သစ်တုံးမှာ နေရိုး မရှိကုန်ပြီ။ သစ်ဟုလူးခေါ်သော ဂန္ဓဗ္ဗနတ်တို့သည်ကား သစ်ဟုံးဖြစ်၍ ဆွေးသည်တိုင်အောင် မှီခို၍ နေနိုင်ကုန်၏။ အိမ်တိုင် ကျောင်းတိုင်တို့၌ အမျက်ဆိုး ပါသည်။ သစ်ခြောက် ပါသည်ဟု ပြောဆိုသည်ကား ထိုဂန္ဓဗ္ဗနတ်ကို ပြောဆိုရာကျလေ၏။

**ဇောဂနီစုန်း**။ ။ရှေးရှေးဘဝတို့၌ ယုတ်ညံ့သော ပါပကံကို ပြုခဲ့ဘူးကုန်သော အချို့သော ဂန္ဓဗ္ဗနတ်တို့သည် လူမိန်းမတို့၏ ကိုယ်တွင်း ဝမ်းတွင်း၌လည်း ဖြစ်လာကြကုန်၏။ထိုဂန္ဓဗ္ဗနတ်မျိုးတို့ကို ပေဒင်ကျမ်း, ဆေးကျမ်း, မှော်ကျမ်းတို့၌ ယောဂိနီနတ်ဟူ၍၎င်း၊ ဇောဂိနီ နတ်ဟူ၍၎င်း ခေါ်ဝေါ်ကြကုန်၏။ ထိုဇောဂိနီနတ်တို့သည် မိမိတို့အမှတ်အသားထားကြကုန်သောအတိုင်း ညဉ့်အခါ ညဉ့်အခါတို့၌ မိမိတို့ တန်ခိုးအပျိုးမျိုးတို့ဖြင့် ကျက်စားကြကုန်၏။ ထိုသို့ ကျက်စားသောညဉ့်အခါတို့၌ ထွန်းပတတ်သော အလေ့ ရှိကုန်သောကြောင့် ပါဠိဘာသာအားဖြင့် "ဇုဏှာ" ဟူ၍ ဆိုအပ်ကုန်၏။ "ဇုသန္တိ ဒိပ္ပန္တိတိ ဇုဏှာ"။ ဇုသန္တိ ဒိပ္ပန္တိ၊ ထွန်းတောက်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇုဏှာ၊ ဇုဏှာမည်ကုန်၏။ ၎င်း ဇုဏှာ သည် မြန်မာဘာသာသို့ ရောက်သောအခါ ဇုဏ်းဟူ၍ ဖြစ်လာ၏၊ ယခုအခါ၌ကား "စုန်း"ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

'ယောဂိနီ, ဇောဂိနီ, ဇုဏ်း, စုန်း'ဟူ၍ ခေါ်ဝေါ်အပ်သော ဂန္ဓဗ္ဗနတ်၏ တည်နေရာ မိန်းမတို့ကို စုန်းမဟူ၍ ခေါ်ဝေါ်ကြကုန်၏။ ထိုစုန်းမတို့သည် မိမိတို့ ကိုယ်တွင် ကိန်းအောင်းသော ဂန္ဓဗ္ဗနတ်၏ အစွမ်းသတ္တိကြောင့် အခြားသော သူကို နှိပ်စက်ခြင်း, ဖမ်းစားခြင်းစသော ပါပကမ္မများကို ပြုလုပ်နိုင်ကြကုန်၏။ ပဋိသန္ဓေတည်နေသည်မှစ၍ ဂန္ဓဗ္ဗနတ် ထပ်ကြပ်ပါလာသော မိန်းမကို ဝမ်းတွင်း စုန်းမဟူ၍ ခေါ်ဝေါ်ကြကုန်၏။ ဗူးရှိသည် ဗူးသွင်းသည်ဟု ပြောဆိုကြသည်ကား ထိုဂန္ဓဗ္ဗနတ်ကို ပြောဆိုရာ ကျလေ၏၊ ဗူးဟူ၍ မရှိချေ။

**ကုမ္ဘဏ် ရက္ခိုသ်**။ ။ကြီးသော ဝမ်းဗိုက်ရှိကြကုန်သော ကျယ်သော ပြူးသော နီသောမျက်စိရှိကြကုန်သော ရက္ခိုသ်တို့ကို ကုမ္ဘဏ်ဟူ၍ ဆိုကုန်၏။ ထိုကုမ္ဘဏ်တို့ကို ယခုလောက၌ ဥစ္စာစောင့်ဟူ၍ ခေါ်ဝေါ်အပ်ကုန်၏။ "ရတနာဒီနိ ရက္ခိတွာ အသန္တိ ဘက္ခန္တိတိ ရက္ခသာ"။ ရတနာဒီနိ၊ ရတနာစသည်တို့ကို။ ရက္ခိတွာ၊ စောင့်ကြပ်၍။ အသန္တိ ဘက္ခန္တိ၊အစိမ်းဝါး၍ စားတတ်သောက်တတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရက္ခသာ၊ ရက္ခသမည်ကုန်၏။ ဝါ၊ ရက္ခိုသ်မည်ကုန်၏။

---

၁။ ဇောဂိနီ=ယောဂိနီ အတူတူပင် ဖြစ်၏။ (ဇ-ကို ယ-ပြု) နာရာယဏီ, ဂေါရီ, သာကမ္ဘရီ, ဘီမာ, စာမုဏ္ဍီ, ပါရဝတီ, ဘဒြကာလီ, ရုဒြာဏီ, ဒုရ်ဂါ စသော ၆၄-ဦးတို့ကိုလည်း ခေါ်သည်ဟု သင်္ကရိုက်စာများ၌ ပြကြ၏။

**ရက္ခိုသ်။** ။ထိုရက္ခိုသ်တို့သည် ဝေပုလ္လတောင်ယံ၌ မဏိဇောတိရသ်ပတ္တမြား ရတနာကို စောင့်ရှောက်ကြကုန်၏၊ ဟိမဝန္တာအတွင်း၌ရှိသော အဗ္ဘန္တရသရက်ပင်ကြီးကိုလည်း စောင့်ရှောက်ကြကုန်၏။ ထိုပြင် တောထဲ တောင်ထဲ၌ရှိသော ရတနာအမျိုးမျိုးတို့ကိုလည်း စောင့်ရှောက်ကြကုန်၏၊ တောစိုးသစ်ပင်ကြီးတို့ကိုလည်း စောင့်ရှောက်ကြကုန်၏၊ထူးမြတ်သော ဆေးပင် အမျိုးမျိုး ပန်းပင်အမျိုးမျိုး နံ့သာပင်အမျိုးမျိုးတို့ကိုလည်း စောင့်ရှောက် ကြကုန်၏၊ မြစ်ကြီး, အိုင်ကြီး စသည်များကိုလည်း စောင့်ရှောက်ကြကုန်၏၊ မိမိတို့ စောင့်ရှောက်အပ်သော ဝတ္ထုအပေါ်၌ တစုံတရာ ကျူးလွန်လာသော သူများကိုလည်း တန်ခိုးဖြင့် သတ်ဖြတ်၍ စားကြကုန်၏၊ စာတုမဟာရာဇ် နတ်မင်းကြီးတို့ကလည်း စားရန်အခွင့် သောက်ရန်အခွင့်များကို နယ်စား ပယ်စားပြု၍ ပေးကြကုန်၏၊ ဤအကြောင်းများသည် ဇာတ်အဋ္ဌကထာစသည် တို့၌ ထင်ရှားလှ၏။

**နဂါး။** ။တောင်၏အတွင်း၌သော်၎င်း, မြေ၏အတွင်း၌သော်၎င်း ဖြစ်ကြကုန် သော ဝသုန္ဓရနတ်မျိုး ဘုမ္မဒေဝနတ်မျိုးများကို ဤအရာ၌ နဂါး ဟူ၍ ဆိုအပ်ကုန်၏။ ထိုနဂါးမျိုးတို့ကိုပင်လျှင် မဟာပရိနိဗ္ဗာနသုတ်၌ ပထဝီ ဒေဝဟူ၍ ခေါ်ဝေါ်အပ်ကုန်၏။ ထိုနဂါးမျိုးတို့၏ ကစားမြူးထူးခြင်း အားကြီး လေကုန်သောကြောင့် တရံတခါ မြေကြီးတုန်လှုပ်ခြင်း ဖြစ်ရ၏။ ထိုနတ်နဂါး တို့၏ မန္တာန်များကို ဗြဟ္မဇာလသုတ်၌ ဝတ္ထုဝိဇ္ဇာဟူ၍၎င်း, ဘူမိဝိဇ္ဇာဟူ၍၎င်း ခေါ်ဝေါ်အပ်၏။ ထိုနဂါးမျိုးတို့တွင် အချို့သော နဂါးတို့သည် တန်ခိုးလည်း ကြီးကြကုန်၏၊ သူတပါးတို့ကို ဖမ်းစားနှောင့်ရှက်နိုင်သော သတ္တိလည်း ရှိကြ ကုန်၏။ မကောင်းမှုကို ပြုရန် အရေး၌ လွန်စွာ ပျော်ပါးသောစိတ် ရှိကြကုန် ၏၊ ရက်စက်ကြမ်းကြုတ်သော အမှုများကိုလည်း ပြုလိုကြကုန်၏။ထိုသို့သဘော ရှိသော နတ်နဂါးတို့သည် ကစားကြူးလိုသဖြင့်၎င်း, စားလို သောက်လိုခြင်း ကြူးသဖြင့်၎င်း ငရဲဘုံ ပြိတ္တာဘုံတို့၌ လှည့်လည်သွားလာခြင်းများကို ပြုလုပ် ကြကုန်၏။ ထိုနတ်နဂါးတို့သည် တရံတခါ မိမိတို့ အသွင်အပြင်ဖြင့်လည်း သွားလာကြကုန်၏၊ တရံတခါ ခွေးယောင်, လင်းတယောင်, ကျားယောင်, ခြင်္သေ့ယောင်စသည်တို့ဖြင့်လည်း သွားလာလှည့်လည်ကြကုန်၏။ ငရဲသူသတ္တဝါ ပြိတ္တာသတ္တဝါတို့ကို အမျိုးမျိုးသော ညှဉ်းဆဲခြင်းဖြင့်လည်း ညှဉ်းဆဲကြကုန်၏၊ မိမိတို့လည်း တရံတခါ စားကြကုန်၏။ဤသို့ ပြဆိုအပ်ပြီးသော နတ်မျိုးတို့သည် စာတုမဟာရာဇ်နတ်မျိုးတို့ပေတည်း။ပြဆိုပြီး စကားရပ်တို့ကို ထိုထိုသုတ္တန်တို့၌ ၎င်း, ဇာတ်အဋ္ဌကထာတို့၌၎င်း, ဗေဒင်ကျမ်းတို့၌၎င်း ပညာရှိတို့ ဆင်ခြင်၍ သိအပ်ကုန်၏။ ။စာတုမဟာရာဇ် ပြီး၏။

**တာဝတိံသာ။** ။တာဝတိံသာ ဟူသော စကား၌ မာဃလုလင် အမှူးရှိကုန်သော အတူတကွ ကုသိုလ်ပြုဘက် ကောင်းမှုပြုဘက်ဖြစ်ကြကုန်သော သုံးကျိပ်သုံးယောက်သော သူတို့၏ ဖြစ်ရာဖြစ်သော ဒုတိယနတ်ဘုံကို တေတ္တိံသဘုံဟူ၍ ဆိုအပ်၏။ ၎င်းတေတ္တိံသကို နိပ္ဖတ္တိသဒ္ဒါနည်းအားဖြင့် သဒ္ဒါချင်း ပြောင်းလဲ၍ တာဝတိံသာဟု ခေါ်ဝေါ်ရလေသည်။ "တေတ္တိံသ ဇနာ နိဗ္ဗတ္တန္တိ ဧတ္ထာတိ တေတ္တိံသာ"။ ဧတ္ထ၊ ဤနတ်ဘုံ၌။ တေတ္တိံသဇနာ၊ သုံးကျိပ်သုံးယောက်သောသူတို့သည်။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေတ္တိံသာ၊ တေတ္တိံသာမည်ကုန်၏။ "တေတ္တိံသာ ဧဝ နိရုတ္တိနယေန တာဝတိံသာ"။ တေတ္တိံသာဧဝ၊ တေတ္တိံသ သဒ္ဒါသည်သာလျှင်။ နိရုတ္တိနယေန၊ နိရုတ္တိနည်းအားဖြင့်။ တာဝတိံသာ၊ တာဝတိံသာမည်၏။ "သဟဿံ စာတုမဟာရာဇိကာနံ သဟဿံ တာဝတိံသာနံ"ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်မြတ်၌ မြတ်စွာဘုရားဟောတော်မူသည်နှင့်အညီ စကြဝဠာအနန္တ ကမ္ဘာအနန္တတို့၌လည်း ဤတာဝတိံသာဘုံသည် ထင်ရှားရှိ၏။ ဇနဝသဘ သုတ်၌ ဟောတော်မူအပ်သောအတိုင်း ဤတာဝတိံသာဘုံသည် သိကြားမင်းရာထူး၌ တည်ကြကုန်သော ပဇာပတိ, ဝရုဏ, ဤသာန စသော သုံးကျိပ်သုံးပါးသော နတ်မင်းကြီးတို့၏ နေရာဌာနကြီးဖြစ်၏၊ သုံးကျိပ်သုံးပါးတို့တွင် မာဃမည်သော သူသည် အကြီးဆုံးသော သိကြားမင်း၏အဖြစ်ကို ရလေ၏။ ထိုမာဃသိကြားသည် ယခုကာလ၌လည်း ထင်ရှားရှိလေသေး၏။ ထိုကြောင့် ထိုသုံးကျိပ်သုံးပါးသော သိကြားတို့ကို အစွဲပြု၍ ဒုတိယနတ်ဘုံကို တာဝတိံသာဟူ၍ ခေါ်ဝေါ်ရလေသည်။ ထိုသုံးကျိပ်သုံးပါးသော သိကြားတို့ကို စွဲ၍ ဆိုပြီးသော ဝိဂ္ဂဟ်ကိုလည်း ပြုရလေသည်။

**ယာမာနတ်ဘုံ။** ။ယာမာဟူသော စကား၌ တာဝတိံသာနတ်ဘုံ၏ အထက် တတိယနတ်ပြည်ကို အစိုးရသော နတ်မင်း နတ်ဘုရင်ကြီးသည် ယာမမည်၏၊ သုယာမလည်းမည်၏။ ထိုယာမမင်းကြီး၏ ဖြစ်ရာ တည်နေရာ ဖြစ်သောကြောင့် တတိယနတ်ဘုံကို ယာမာဘုံဟူ၍ ခေါ်ဝေါ်အပ်၏။ "ယာမနာမကဿ ဒေဝရာဇဿ နိဗ္ဗတ္တောတိ ယာမော"။ ယာမနာမကဿ၊ ယာမ အမည်ရှိသော။ ဒေဝရာဇဿ၊ နတ်မင်းကြီး၏။ နိဗ္ဗတ္တော၊ ဖြစ်ရာလောကတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ယာမော၊ ယာမမည်၏။ ထိုယာမာဘုံ၌ ဖြစ်သော နတ်တို့ကိုလည်း ဌာနူပစာရအားဖြင့် ယာမာနတ်တို့ဟူ၍ ဆိုအပ်ကုန်၏။

**တုသိတာနတ်ဘုံ။** ။တုသိတာဟူသောစကား၌ " တုသန္တိ ဧတ္ထ နိဗ္ဗတ္တာ ဒေဝါတိ တုသိတာ"။ ဧတ္ထ၊ ဤဘုံ၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ တုသန္တိ၊ ရွှင်မြူး နှစ်လို ပျို့ကြလေကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တုသိတာ၊ တုသိတာမည်ကုန်၏။ ကြီးကျယ်မြင့်မြတ်သော

စည်းစိမ်ကျက်သရေတို့နှင့် ပြည့်စုံကြကုန်သောကြောင့် ဤဘုံ၌ဖြစ်ရသော နတ်တို့သည် အမြဲမပြတ် ရွှင်ကြပျော်ကြနှစ်သက်ကြကုန်၏။ ထိုကြောင့် တုသိတာမည်လေသည်။

**နိမ္မာနရတီ။** ။နိမ္မာနရတီဟူသောစကား၌ "ယထာရုစိတေ ဘောဂေ သယ-မေဝ နိမ္မိနိတွာ နိမ္မိနိတွာ ရမန္တိ ဧတ္ထာတိ နိမ္မာနရတီ"။ဧတ္ထ၊ ဤဘုံ၌။ ယထာရုစိတေ၊ အလိုရှိတိုင်းကုန်သော။ ဘောဂေ၊ စည်းစိမ်ဥစ္စာချမ်းသာအမျိုးမျိုးတို့ကို။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ နိမ္မိနိတွာ နိမ္မိနိတွာ၊ ဖန်ဆင်း၍ ဖန်ဆင်း၍။ ရမန္တိ၊ မွေ့လျော်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နိမ္မာ-နရတီ၊ နိမ္မာနရတီမည်၏။ ဤဘုံ၌ဖြစ်ကုန်သော နတ်တို့သည် မိမိတို့အလိုရှိကြကုန်သည်တို့ကို မိမိတို့အလိုရှိကြကုန်သောအတိုင်း ကိုယ်တိုင်သဘောကျ ဖန်ဆင်းကာ ဖန်ဆင်းကာ ပျော်မွေ့ကြကုန်၏။ ထိုကြောင့် နိမ္မာနရတီဘုံ မည်လေသည်။

**ပရနိမ္မိတဝသဝတ္တီ။** ။ပရနိမ္မိတဝသဝတ္တီဟူသောစကား၌ "အတ္တနော ရုစိံ ဉတွာ ပရေဟိ နိမ္မိတေသု ဘောဂေသု ဝသံ ဝတ္တေန္တိ ဧတ္ထာတိ ပရနိမ္မိတဝသဝတ္တီ"။ ဧတ္ထ၊ ဤဘုံ၌။ အတ္တနော၊ မိမိ၏။ ရုစိံ၊ အလိုကို။ ဉတွာ၊ သိ၍။ ပရေဟိ၊ တပါးသောနတ်တို့သည်။ နိမ္မိတေသု၊ အသင့်ဖန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်ချမ်းသာတို့၌။ ဝသံ၊ အလိုကို။ ဝတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပရနိမ္မိတဝသဝတ္တီ၊ ပရနိမ္မိတဝသဝတ္တီမည်၏။ ဤဘုံ၌ဖြစ်သော နတ်တို့သည် မိမိတို့ကိုယ်တိုင် ဖန်ဆင်း၍ မသုံးဆောင်ကြကုန်။ မိမိတို့အလိုကိုသိ၍ အသင့်အသင့် ဖန်ဆင်းအပ်ကုန်သော စည်းစိမ်ချမ်းသာတို့ကိုသာ သက်သက် ခံစား စံစားကြကုန်၏။ ထိုကြောင့် ပရနိမ္မိတဝသဝတ္တီမည်ချေသည်။ ။ကာမသုဂတိ ၇-ဘုံသရုပ် ပြီး၏။

### ကာမသုဂတိ ၇-ဘုံတို့၏အကွာအဝေး

**(၂၅၆) လေးသောင်းနှစ်ထောင်၊ အကွာဆောင်၊ လူ့ဘောင် ဆင့်ဆင့်သိ။**

ဤဖြင့် ကာမသုဂတိ ၇-ဘုံတို့၏ အကွာအဝေးကို ပြဆို၏။

လူ့ဘုံမှ အထက်ယုဇနာပေါင်းလေးသောင်းနှစ်ထောင်ဝေးကွာသောအရပ်၌ စာတုမဟာရာဇ်ဘုံ တည် ရှိ၏။ ၎င်းစာတုမဟာရာဇ်ဘုံသည် ယုဂန္ဓိုရ်တောင်ထိပ်နှင့်မျှသော မြင်းမိုရ်တောင်၏ ထက်ဝက်ခုလတ် ခါးပန်းသတ်၌ တည်နေ၏။ ဌာနရင်းကိုသာဆိုသည်။ အချို့စာတုမဟာရာဇ်နတ်တို့ကား မြေ၌လည်း နေကြကုန်၏။ ရေ၌၎င်း, တော,တောင်စသည်တို့၌၎င်း နေကြကုန်သေး၏။

စာတုမဟာရာဇ်ဘုံမှ အထက်ယူဇနာပေါင်း လေးသောင်းနှစ်ထောင် ဝေးကွာသော မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ပြည် တည်ရှိ၏။ ထိုတာဝတိံသာနတ်ပြည်သည် ယူဇနာပေါင်း တသောင်းကျယ်ပြန့်၏။ ဝေဇယန္တာပြာသာဒ်, ပင်လယ်ကသစ်ပင်, ပဏ္ဍုကမ္ဗလာ, နန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ် စသည်တို့ဖြင့် တန်းဆာဆင်အပ်၏။ သိကြားမင်း၏ စံရာ အယုဇ္ဈမည်သော နတ်မြို့ဖြင့်လည်း တင့်တယ်၏။

တာဝတိံသာမှ အထက် ယူဇနာပေါင်း လေးသောင်းနှစ်ထောင် ဝေးကွာသော ကောင်းကင်ပြင်၌ ယာမာ ဘုံတည်၏။ပ။ နိမ္မာနရတိဘုံမှ အထက်ယူဇနာပေါင်း လေးသောင်း နှစ်ထောင် ဝေးကွာသော ကောင်းကင်ပြင်၌ ပရနိမ္မိတဝသဝတ္တီ ဘုံတည်၏။

**ကာမသုဂတိ ၇-ဘုံ။** ။ပြဆိုအပ်သော ၇-ဘုံကို ကောင်းမွန်ချမ်းသာစွာ လားအပ် ရောက်အပ်သောကြောင့် သုဂတိဘုံဟူ၍ ဆိုအပ်၏။ "သုခေန ဂန္တဗ္ဗာတိ သုဂတိ"။ သုခေန၊ ချမ်းသာသဖြင့်။ ဂန္တဗ္ဗာ၊ လားအပ် ရောက်အပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သုဂတိ၊ သုဂတိ မည်၏။ ကာမနယ်တွင်ပါသော သုဂတိဘုံ ဖြစ်ပြန်သောကြောင့် ကာမသုဂတိ ၇-ဘုံ ဟူ၍ ဆိုရပြန်လေသည်။

## ကာမ ၁၁-ဘုံ

**(၂၅၇) သုဂတိ သတ်၊ ပါယ် လေးရပ်၊ ဧက်ဒသ် ကာဘူမိ။**

ဤဖြင့် အပါယ်လေးဘုံ ကာမသုဂတိ ၇-ဘုံတည်းဟူသော ၁၁-ဘုံတို့၏ ကာမဘုံမည်ကြောင်းကို ပြဆို၏။

**ကာမ ၁၁-ဘုံ။** ။"ဩဠာရိကေန ကာမရာဂေန ကာမီယတီတိ ကာမော"။ ဩဠာရိကေန၊ ရုန့်ရင်းကြမ်းတမ်းသော။ ကာမရာဂေန၊ ကာမရာဂသည်။ ကာမီယတိ၊ အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာမော၊ ကာမမည်၏။"ကာမောဝ ဘူမိ ကာမဘူမိ"ဟုဝိဂ္ဂြိုဟ်ဆို။ ရူပ,အရူပဘုံမြတ်များသို့ သွားရန် အမိစိတ္တ သမထစျာန်တို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဖြစ်သော ကာမဘုံ၌သာ ပျော်ပါးလေ့ရှိသော တရားသည် ကာမရာဂ မည်၏။ အိမ်ဝက်တို့သည် ညစ်နွမ်းဆိုးယုတ်သော ဘင်ပုပ်စသော ဝတ္ထုတို့ကို ပုပ်သိုးလေလေ တိုး၍ နှစ်သက်လေလေဖြစ်သကဲ့သို့ ရုန့်ရင်းသော ကာမရာဂသည်လည်း ပညာမျက်စိရှိသော ပုဂ္ဂိုလ်တို့က ယုတ်မာ ပုပ်သိုး ဆိုးညစ်လှ၏ဟု သမုတ်အပ်သော ဝတ္ထုနှင့် တွေ့ရလေလေ အားကြီးတိုး၍ နှစ်သက်လေလေသာ ဖြစ်၏။ ကာမရာဂ၏ နှစ်သက်အပ်သော အယုတ်တမာ ဝတ္ထုမျိုးတို့သည်လည်း ကာမဘုံထဲ၌သာ ရှိကုန်၏။ ရူပဘုံစသည်တို့၌ မရှိကုန်။ ထိုကြောင့် ကာမဘုံ

သည် ကာမတဏှာ၏ ဂေါစရဂါမ်ကြီး ဖြစ်၏။ အစား အသုံး ကြူးလှစွာသော ကာမတဏှာသည် အမျိုးမျိုးသော ကာမဂုဏ်ဝတ္ထုတို့ဖြင့်လည်း စား၍ မဝ သောက်၍ မဝ၊ တ,လျှ ပိန်ကြုံလျက်သာ ရှိရလေ၏။

ကာမတဏှာသည် မီးနှင့် တူ၏၊ ကာမဂုဏ်ဝတ္ထုများသည် ထင်း, ဆီ စသော မီးစာနှင့် တူ၏၊ မီးသည် လောင်အပ်သော မီးစာတို့ဖြင့် ဘယ်ခါကာလမှ တင်းတိမ် ရောင့်ရဲခြင်း မရှိလေသကဲ့သို့ ကာမတဏှာသည်လည်း ကာမဂုဏ် လောင်စာတို့ဖြင့် တင်းတိမ်သည်ဟူ၍ မရှိ။ ပြိတ္တာတို့ခံတွင်းကို သမုဒ္ဒရာ လေးစင်းနှင့်မျှသော ရေကို ကုန်အောင် လောင်းသော်လည်း ဝသည်ဟူ၍ မရှိ၊ ငတ်မြဲ ငတ်သကဲ့သို့ ကာမတဏှာတည်းဟူသော ပြိတ္တာမကြီးသည်လည်း ကာမဂုဏ် တည်းဟူသော ရေတို့ဖြင့် ကမ္ဘာအနန္တ သံသရာအနန္တ သောက်ပါသော်လည်း မဝနိုင်ချေ၊ အမြဲမပြတ် ငတ်လျက်သာ နေ၏။ ထို့ကြောင့် နေမိဇာတ်၌ ကာမ ၁၁-ဘုံကို ပြိတ္တာဘုံဟူ၍ ဆိုလေသည်။

ကာမဘုံသားတို့သည် အဖော် အပေါင်းမဖက် သက်သက် တယောက် အထီးထီးနေသဖြင့် ချမ်းသာခွင့်ကို မရနိုင်ကြကုန်။ ရူပါရုံစသော အဖော် အဖက်ကို ရမှသာ ချမ်းသာသုခကို ရနိုင်ကြကုန်၏။ ထို့ကြောင့် ကာမဘုံသား တို့သည် အဖော်အပေါင်း ဦးခေါင်းထောင်ကာ အမြဲမပြတ် မျှော်လင့်လျက်သာ နေကြရကုန်၏။

> ပေတေယျ သုခ သံယုတ္တံ၊ ပိပါသ ဆာတ ပီဠိတံ။
> ဒုတီယသာတကံ ကာမံ၊ ဇေဂုစ္ဆေယျုံ န ကိံ ဗုဓာ။

ပေတေယျ သုခ သံယုတ္တံ၊ ပြိတ္တာတို့၏ သုခနှင့်တူသော ချမ်းသာခြင်းနှင့် အလျဉ်းယှဉ်၍ နေထသော။ ပိပါသဆာတပီဠိတံ၊ ကာမဂုဏ်တည်းဟူသောရေစာ ဖြင့် မွတ်သိပ် ဆာလောင်၍ နေထသော။ ဒုတီယသာတကံ၊ အဖော်အဖက်ရှိမှ သက်သာခွင့် ချမ်းသာရေးကို ရနိုင်သော။ ကာမံ၊ ကာမဘုံကြီးကို။ ဗုဓာ၊ ပညာရှိ တို့သည်။ ကိံ န ဇေဂုစ္ဆေယျုံ၊ အဘယ်ကြောင့် မရွံဘဲ ရှိကုန်အံ့နည်း။

ကာမ ၁၁ ဘုံ ပြီး၏။

---

## ရူပါဝစရ ဗြဟ္မာ့ဘုံကို ပြဆိုခန်း

(၂၅၈) **ပါရိသဇ္ဇာ၊ ရောဟိတာ၊ မဟာဗြဟ္မာ ဣတိ။**

ဤဖြင့် ရူပါဝစရပထမဈာန် ဗြဟ္မာ ၃-ဘုံကို ပြဆို၏။

**ဗြဟ္မာအနက်။** ။"ဗြူဟန္တိ ဝုဍ္ဎန္တိ အတိပဏီတေဟိ ဈာနာဒိဂုဏေဟိတိ ဗြဟ္မာနော"။ အတိပဏီတေဟိ၊ အလွန် မွန်မြတ်ကုန်သော။

ဈာနာဒိဂုဏောဟိ၊ ဈာန်အစရှိသောဂုဏ်တို့ဖြင့်။ ဗြူဟန္တိ ဝုဍ္ဎန္တိ၊ ကြီးပွါးကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗြဟ္မာနော၊ ဗြဟ္မာတို့မည်ကုန်၏။ ကာမဘုံသားတို့သည် ကာမဂုဏ်ဝတ္ထု များလေလေ သဋ္ဌေးကြီးဘွဲ့ကိုရ၍ ကြီးပွါးလေလေ ဖြစ်ကုန်သကဲ့သို့ ဗြဟ္မာတို့သည် ကာမဂုဏ်ဝတ္ထု မှုနိုင်သမျှ မှုပြာကျ၍ ပဌမဈာန်စသော တရားကြွယ်ဝလေလေ ဗြဟ္မာသဋ္ဌေးမင်းကြီးဘွဲ့ကိုရ၍ ကြီးပွါးလေလေဖြစ်ကုန်၏။ ထိုသို့ဈာန်ဖြင့် ကြီးပွါးကြကုန်သောကြောင့် ဗြဟ္မာ မည်ကြပေကုန်သည်။

**ဗြဟ္မာအပြား။** ။ထိုဗြဟ္မာတို့သည် ရူပဗြဟ္မာ, အရူပဗြဟ္မာဟူ၍ ၂-မျိုး ရှိကုန်၏။ ရူပဗြဟ္မာသည်လည်း ပဌမဈာန်ဗြဟ္မာ စသည်ဖြင့် အဆင့်ဆင့် ပြားလေ၏။

**ရူပ-ပဌမဈာန် ၃-ဘုံ။** ။ပဌမဈာန် ဗြဟ္မာဘုံသည် ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံဟူ၍ ၃-ပါးရှိ၏။

**ဗြဟ္မပါရိသဇ္ဇာဘုံ။** ။"ပရိသတိ ဘဝါတိ ပါရိသဇ္ဇာ"။ ပရိသတိ၊ ပရိသတ်အရာ၌။ ဘဝါ၊ ဖြစ်ကုန်သည်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါရိသဇ္ဇာ၊ ပါရိသဇ္ဇာ မည်ကုန်၏။ ဂဏပူရက=ဂိုဏ်းပြည့်ရုံ ပရိသတ်စည်ကားရုံ ဖြစ်သော ပုဂ္ဂိုလ်တို့ ဟူလို။ "မဟာဗြဟ္မာနံ ပါရိသဇ္ဇာတိ ဗြဟ္မပါရိသဇ္ဇာ"။ မဟာဗြဟ္မာနံ၊ ဗြဟ္မာမင်းကြီးတို့၏။ ပါရိသဇ္ဇာ၊ ပရိသတ်အရာ၌ တည်သော ဗြဟ္မာတို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇာမည်ကုန်၏။ မဟာဗြဟ္မပါရိသဇ္ဇာ ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် မဟာသဒ္ဒါကို ချေ၍ ဗြဟ္မပါရိသဇ္ဇာ ဆိုရလေသည်။ မဟာဗြဟ္မာမင်းကြီး၏ ကျေးကျွန် အစေအပါး အလုပ်အကျွေးဖြစ်ကုန်သော ဗြဟ္မာငယ်တို့သည် ဗြဟ္မပါရိသဇ္ဇာမည်ကုန်၏။ "ဗြဟ္မပါရိသဇ္ဇာနံ နိဗ္ဗတ္တာတိ ဗြဟ္မပါရိသဇ္ဇာ"။ ဗြဟ္မပါရိသဇ္ဇာနံ၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာငယ်တို့၏။ နိဗ္ဗတ္တာ၊ ဖြစ်ရာဘုံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇာမည်၏။ ။ဘုံကိုရစေ။

**ဗြဟ္မပုရောဟိတာဘုံ။** ။"ပုရေ ဥစ္စေ ဌာနေ ဌိတဟန္တိ တိဋ္ဌန္တီတိ ပုရောဟိတာ"။ ပုရေ ဥစ္စေ ဌာနေ၊ ရှေ့ကျ၍ မြင့်မြတ်သောနေရာ၌။ ဌိတဟန္တိ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပုရောဟိတာ၊ ပုရောဟိတ်မည်ကုန်၏။ "မဟာဗြဟ္မာနံ ပုရောဟိတာတိ ဗြဟ္မပုရောဟိတာ"။ မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာမင်းကြီးတို့၏။ ပုရောဟိတာ၊ ပုရောဟိတ်တို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတ် မည်ကုန်၏။ မဟာဗြဟ္မာမင်းကြီးတို့၏ မှူးကြီးမတ်ကြီးသဖွယ် ပုရောဟိတ်ကြီးတို့သဖွယ်ဖြစ်ကုန်သော ဗြဟ္မာလတ်တို့ကို ဗြဟ္မာပုရောဟိတ်ဟူ၍ ဆိုအပ်ကုန်၏။ ဘုံကိုရအောင် ဝိဂ္ဂိုဟ်ဆိုလေဦး။

**မဟာဗြဟ္မာဘုံ။** ။"မဟန္တာ ဗြဟ္မာနော တိ မဟာဗြဟ္မာနော"။ မဟန္တာ၊ ကြီးမြတ်ကုန်သော။ ဗြဟ္မာနော၊ ဗြဟ္မာတို့တည်း။ ဣတိ- တသ္မာ၊ ထိုကြောင့်။ မဟာဗြဟ္မာနော၊ မဟာဗြဟ္မာ မည်ကုန်၏။

သံခိရုပ္ပတ္တိသုတ်၌ "သဟဿော ဗြဟ္မာ၊ ဒွိသဟဿော ဗြဟ္မာ၊ တိ- သဟဿော ဗြဟ္မာ"ဤသို့စသည် ဟောတော်မူအပ်ကုန်သော အဓိပတိဗြဟ္မာ တို့ကို မဟာဗြဟ္မာ ဆိုရလေသည်။ စကြဝဠာတထောင်အတွင်း၌ အစိုးရသော ဗြဟ္မာသည် သဟဿဗြဟ္မာ မည်၏၊ စကြဝဠာနှစ်ထောင်အတွင်း၌ အစိုးရသော ဗြဟ္မာသည် ဒွိသဟဿဗြဟ္မာ မည်၏၊ စကြဝဠာသုံးထောင်အတွင်း၌ အစိုးရ သောဗြဟ္မာသည် တိသဟဿဗြဟ္မာ မည်၏။

ဤပထမဈာန်ဗြဟ္မာဘုံ ၃-ခုတို့သည် တပြင်တည်း၌ အညီအညွတ် တည်ကုန် ၏။ အဆင့်ဆင့် တည်သည် မဟုတ်ကုန်။

လောက၌ လူများအပေါင်းတို့သည် အသီးသီး မိမိတို့ ကိုးကွယ်ဆည်းကပ် အပ်သော နတ်တို့သည် ရှိကြကုန်သည် ဖြစ်ကုန်၏။ အချို့တို့သည် မဟာ ဒေဝနတ်ကို ကိုးကွယ်ကြကုန်၏။ အချို့ကား ဝါသုဒေဝနတ်ကို[1] အချို့ကား မဟေသရနတ်မင်းကြီးကို အချို့ကား ပရမေသွရနတ်မင်းကြီးကို[2] အချို့ကား ယမနတ်ကို ကိုးကွယ်ကြကုန်၏။ ထိုပြင် အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ ရုက္ခစိုးနတ် စသည်တို့ကလည်း မဟာဒေဝစသော နတ်ကြီးတို့ကို တဆင့် ကိုးကွယ်ကြကုန်၏။ ထိုအိမ်စောင့်နတ်များကိုလည်း လူတို့က ထိုက်သည့် အလျောက် ဆည်းကပ်ကြကုန်၏။ ထိုစကားရပ်၌ မဟာဒေဝစသော နတ် ကြီးတို့ကဲ့သို့ မဟာဗြဟ္မာကို မှတ်အပ်၏။ အိမ်စောင့်နတ်၊ ရုက္ခစိုးနတ် စသည် တို့ကဲ့သို့ ပုရောဟိတ်ဗြဟ္မာတို့ကို မှတ်အပ်ကုန်၏။ လူတို့ကဲ့သို့ ပါရိသဇ္ဇာဗြဟ္မာ ငယ်တို့ကို မှတ်အပ်ကုန်၏။ လူ့ပြည်၌ ရှင်ဘုရင်တို့နှင့် မဟာဗြဟ္မာ တူ၏။ အသီးသီး ရာထူးရှိကြကုန်သော မှူးကြီးမတ်ကြီး စသည်တို့နှင့် ပုရောဟိတဗြဟ္မာ

---

၁။ ဝါသုဒေဝ, ဟရိ,ကဏှ, စက္ကပါဏိ, ကေသဝသဒ္ဒါတို့ ဗိဿဏိုးကို ခေါ်ကြောင်း အဘိဓာနပ္ပဒီပိကာ ၁-၁၆-၌ ဖြစ်၏။

၂။ အဘိဓာနပ္ပဒီပိကာ ၁-၁၆ ၌ မဟိဿရ,သိဝ, သူလီ,ဣဿရ,ပသုပတိတို့ကို ပရိ ယာယ်တူ ပြသည်။ နိသျသစ်၌ မဟာဒေဝဟု အနက်ပြန်သည်။ ဤပရိယာယ်တူများ၌ မဟိဿရ-ဟု ပါနေသည်ကိုလည်း သတိပြုသင့်သည်။ မဟိဿရ (သက္ကတ မဟေသွရ) ကိုပင် မြန်မာ၌ မဟေသရ ခေါ်ခြင်းဖြစ်၏။ပရမေသဒ္ဒါ၊ပရမေသွရ(ပရမိဿရ) သဒ္ဒါတို့က လည်း သိဝနှင့် ဗိဿဏိုတို့ကိုပင် ခေါ်ဝေါ်ခြင်း ဖြစ်ကြောင်း သက္ကတကျမ်းများ၌ ဆိုကြ၏။ ဆရာဦးမောင်ကြီးကား အမည်ခွဲ၍ ကိုးကွယ်ပုံလောကကို ရည်ရွယ်ရေးသားဟန်တူသည်ဟု ယူမှ မှတ်သင့်ဖွယ်ရှိ၏။

တူ၏။ အရာအထူးမရှိ ဆင်းရဲသားကျွန်တော်မျိုးတို့နှင့် ပါရိသဇ္ဇာဗြဟ္မာ တူ၏။ မဟာဗြဟ္မာကို တန်ခိုးကြီးမားသဖြင့် လက်အောက်ဗြဟ္မာတို့က ဘုရားဟူ၍ ထင်မှတ် ကိုးကွယ်ကြကုန်၏။ လူ့ပြည်၌ ထာဝရဘုရားဟူ၍ ခေါ်ဝေါ် သမုတ် အပ်သောသူတို့သည်လည်း မဟာဗြဟ္မာကြီးတို့သာတည်း။ ငါတို့ရေးသားအပ် သော သမ္မာဒိဋ္ဌိဒီပနီ၌လည်း ဤအခြင်းအရာများကို ဆိုဘူးလေပြီ။

ပုရောဟိတ်ဗြဟ္မာတို့သည် မဟာဗြဟ္မာတို့ကို ပကတိအဆင်းအားဖြင့် မမြင် ကြရကုန်၊ မဟာဗြဟ္မာတို့၏ နေရာကိုလည်း မသိကြကုန်။ ဗြဟ္မပါရိသဇ္ဇာ တို့သည် မဟာဗြဟ္မာတို့ကိုငင်း၊ ဗြဟ္မပုရောဟိတ်တို့ကိုငင်း မမြင်ကြရကုန်၊ ထိုဗြဟ္မာတို့၏ နေရာကိုလည်း မသိကြကုန်။ အကြင်အခါ၌ အထက်အထက် ဗြဟ္မာတို့သည် သြဠာရိကဖြစ်သော ခန္ဓာကြမ်းကို ဖန်ဆင်း၍ မိမိတို့ကိုယ်ကို အောက်အောက်ဗြဟ္မာငယ်တို့အား ပြကြကုန်၏။ ထိုအခါမှသာလျှင် ဗြဟ္မာ ငယ်တို့က မြင်ကြရကုန်၏။

ထိုကြောင့် ဇနဝသဘသုတ် အဋ္ဌကထာ၌ "ဟေဋ္ဌိမ ဟေဋ္ဌိမာ ဟိ ဒေဝါ ဥပရိမဒေဝါနံ သြဠာရိကံ ကတ္ဝာ မာပိတမေဝ အတ္တဘာဝံ ပဿိတုံ သက္ကောန္တိ"[၁] ဟူ၍ ဆို၏။ ဤအဋ္ဌကထာအလိုအားဖြင့် အောက်အောက်နတ်တို့သည်လည်း အထက်နတ်တို့၏ ပကတိအသွင်ကို မမြင်နိုင်ဟု ထင်ရှား၏။

ဗြဟ္မနိမန္တနသုတ်အဋ္ဌကထာ၌ "ဗြဟ္မာနံ ပကတိရူပံ ကဿစိ အာပါထံ န ဂစ္ဆတိ"ဟူ၍ ဆို၏။ ထိုစကားကို အထက်အထက် ဗြဟ္မာတို့၏ ပကတိအသွင် အပြင်ကို အောက်အောက်ဖြစ်သော ဗြဟ္မာနတ်လူတို့ မမြင်နိုင်ကြောင်းကိုရည်၍ ဆိုသည်ဟု မှတ်ရာ၏။ အောက်အောက်ဖြစ်သော ဗြဟ္မာတို့၏ ပကတိအသွင် အပြင်ကိုကား အထက်အထက်ဖြစ်သော ဗြဟ္မာတို့သည် ပကတိအားဖြင့် ထင် နိုင် မြင်နိုင်ကြကုန်၏။ သုမေဓာဗျာဒိတ်ခံသော ဗျာဒိတ်ပွဲကြီး, တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ မြတ်စွာဘုရား ဆင်းကြွတော်မူသော ဒေဝေါရောဟနပွဲကြီး စသည်တို့၌ လူနတ်ဗြဟ္မာတို့သည် အချင်းချင်း မြင်ကြကုန်၏ဟု ကျမ်းဂန်၌ လာရှိ၏။ ထိုသို့မြင်ရခြင်းသည် မြတ်စွာဘုရားနှင့် ရဟန္တာအရှင်မြတ်တို့၏ တန်ခိုး အစွမ်းကြောင့် ဖြစ်ကြရကုန်၏ဟု ယူရန်သင့်၏။ ။ပထမစျာန်သုံးဘုံ ပြီး၏။

(၂၅၉) **ပရိတ္တာဘာ၊ ပမာဏာ၊ ဘဿာဘုံ-တြိ။**

ဤဖြင့် ဒုတိယစျာန်သုံးဘုံကို ပြဆို၏။

**ရူပဒုတိယစျာန်၃-ဘုံ။** ။ဒုတိယစျာန် သုံးဘုံတို့ကား ပရိတ္တာဘာဘုံ, အပ္ပ- မာဏာဘာဘုံ, အာဘဿရာဘုံတို့ပေတည်း။

---

၁။ ဟေဋ္ဌာ ဟေဋ္ဌာ ဟိ ဒေဝတာ ဥပရူပရိဒေဝါနံ သြဠာရိကံ ကတ္ဝာ မာပိတမေဝ အတ္တဘာဝံ ပဿိတုံ သက္ကောန္တိ။ဆဋ္ဌမူ၊ မဟာဝဂ္ဂ၊ ၅၊ ဇနဝသဘသုတ်အဖွင့်၊ ၂၃၃။

**ပရိတ္တာဘာဘုံ။** ။"ပရိတ္တာ အာဘာ ဧတေသန္တိ ပရိတ္တာဘာ"။ ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊ သေးငယ်သော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိကသ္မာ၊ ထိုကြောင့်။ ပရိတ္တာဘာ၊ ပရိတ္တာဘာမည်ကုန်၏။ အထက်ဗြဟ္မာတို့ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ မကြီးကျယ်၍ သေးငယ်သော ကိုယ်ရောင်ရှိသော ဗြဟ္မာကို ပရိတ္တာဘာဗြဟ္မာ ခေါ်သည်။

**အပ္ပမာဏာဘာဘုံ။** ။"အပ္ပမာဏာ အာဘာ ဧတေသန္တိ အပ္ပမာဏာဘာ"။ ဧတေသံ၊ထိုဗြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းမသိ ပမာဏမရှိသော။ အာဘာ၊ အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အပ္ပမာဏာဘာ၊ အပ္ပမာဏာဘာမည်ကုန်၏။ အတိုင်းမသိ ပမာဏမရှိအောင် ကိုယ်ရောင်ထွန်းပသော ဗြဟ္မာကို အပ္ပမာဏာဘာဗြဟ္မာ ခေါ်သည်။

**အာဘဿရဘုံ။** ။"အာဘာ သရန္တိ နိစ္ဆရန္တိ ဧတေသူတိ အာဘဿရာ"။ ဧတေသု၊ ထိုဗြဟ္မာတို့၌။ အာဘာ၊ အရောင်အဝါတို့သည်။ သရန္တိ နိစ္ဆရန္တိ၊ ရှန်းရှန်းစက်စက် များစွာထွက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အရောင်တို့၏ ထွက်ရာဖြစ်သောသတ္တဝါကြောင့်။ အာဘဿရာ၊ အာဘဿရာမည်ကုန်၏။

ဤဒုတိယဈာန်ဗြဟ္မာသုံးမျိုးတို့တွင် ပရိတ္တာဘာဗြဟ္မာတို့သည် ပါရိသဇ္ဇာဗြဟ္မာငယ်မျိုးတို့ပေတည်း။ အပ္ပမာဏာဘာ ဗြဟ္မာတို့သည် ပုရောဟိတ် ဗြဟ္မာအလတ်မျိုးတို့ပေတည်း။ အာဘဿရာဗြဟ္မာတို့သည် မဟာဗြဟ္မာမျိုးတို့ပေတည်း။ ထိုဒုတိယဈာန်ဘုံ၌ အကြီးအမှူးဗြဟ္မာ အစိုးရဗြဟ္မာမင်းကြီး ဆိုလိုသည်။ ။ဒုတိယဈာန် သုံးဘုံ ပြီး၏။

**(၂၆၀) ရိတ္တာသုဘာ၊ပမာဏာ၊ကိဏှာ ဘုံ-တြိ။**

ဤဖြင့် တတိယဈာန်သုံးဘုံကို ပြဆို၏။

**ရူပတတိယဈာန် ၃-ဘုံ။** ။တတိယဈာန် သုံးဘုံတို့ကား ပရိတ္တာဘာဘုံ, အပ္ပမာဏသုဘာဘုံ, သုဘကိဏှာဘုံတို့ပေတည်း။

**ပရိတ္တာဘာဘုံ။** ။တခဲနက် မကွဲမပြား တသားတည်း ငြိမ်သက်သော အရောင်ကို သုဘာဟူ၍ ဆိုအပ်၏။ "ပရိတ္တာ သုဘာ ဧတေသန္တိ ပရိတ္တသုဘာ"။ ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊ သေးငယ်သော။ သုဘာ၊ မကွဲမပြား တသားတည်းငြိမ်သက်သော အရောင်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပရိတ္တသုဘာ၊ ပရိတ္တသုဘာမည်ကုန်၏။

**အပ္ပမာဏသုဘာဘုံ။** ။"အပ္ပမာဏာ သုဘာ ဧတေသန္တိ အပ္ပမာဏသုဘာ"။ ဧတေသံ။ ထိုဗြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းမသိ ပမာဏမရှိသော။ သုဘာ၊ မကွဲမပြား တသားတည်း ငြိမ်သက်သော

အရောင်သည်။ **အတ္ထ**၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အပ္ပမာဏသုဘာ၊ အပ္ပ-မာဏသုဘာမည်ကုန်၏။

**သုဘကိဏှာဘုံ**။ ။"သုဘာဟိ အာကိဏ္ဏာတိ သုဘကိဏှာ"။ သုဘာဟိ၊ မကွဲမပြား တသားတည်း ငြိမ်သက်သောအရောင်တို့ဖြင့်။အာ-ကိဏ္ဏာ၊ ပြွမ်းသော ဗြဟ္မာတို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဘကိဏှာ၊ သုဘကိဏှာမည်ကုန်၏။

ဤတတိယစျာန် ၃-ဘုံတို့၌ ပရိတ္တသုဘာ ဗြဟ္မာတို့သည် ပါရိသဇ္ဇာ ဗြဟ္မာ အငယ်မျိုးတို့ပေတည်း။ အပ္ပမာဏသုဘာဗြဟ္မာတို့သည် ပုရောဟိတ်ဗြဟ္မာ အလတ်တို့သာတည်း။ သုဘကိဏှာဗြဟ္မာတို့သည် မဟာဗြဟ္မာတို့သာတည်း။ ထိုတတိယစျာန် ၃-ဘုံ၌ အကြီးအမှူး ဗြဟ္မာမင်းကြီး ဆိုလိုသည်။

**ဗြဟ္မာဘုံတို့အမည်ခေါ်တွင်ပုံ**။ ။(သုဘာကိဏ္ဏာကို သုဘကိဏှာ ဟူ၍လည်း ဆိုတတ်ကြသေး၏။ အာကို ရဿပြု။ ဏ-တလုံးကို ဟပြု)။

ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံ၌ရှိသော ဗြဟ္မာတို့သည် ပကတိ ကိုယ်ရောင်အားဖြင့် လွန်စွာ ထွန်းပကြကုန်၏။ ထိုကြောင့် ထိုကိုယ်ရောင်တို့၏ အစွမ်းအားဖြင့် ပရိတ္တာဘာ အစရှိသော အမည်သည် ထင်ရှား၏။ ဗြဟ္မပါရိသဇ္ဇာ အစရှိသော အမည်သည်မူကား ပထင်ရှားလေ။ ထိုကြောင့်ပင်လျှင် ဝေရဥ္စသုတ်၌ ပထမစျာန်ဗြဟ္မာတို့ကို "ဗြဟ္မကာယိကာ ဒေဝါ"ဟူ၍ ဟောတော်မူ၏။ ဒုတိယစျာန်ဗြဟ္မာတို့ကို "အာဘာ ဒေဝါ"ဟူ၍ ဟောတော်မူ၏။ တတိယစျာန်ဗြဟ္မာတို့ကို "သုဘာ ဒေဝါ"ဟူ၍ ဟောတော်မူ၏။

ဒုတိယစျာန် ၃-ဘုံတို့သည် တပြင်တည်း တည်ကုန်၏။ တတိယစျာန် ၃-ဘုံ တို့သည်လည်း တပြင်တည်းပင် တည်ကြကုန်သည်။ ။တတိယစျာန်သုံးဘုံ ပြီး၏။

## စတုတ္ထစျာန် ၇-ဘုံ

### (၂၆၁) ဖလာဝေဟာပ်၊ သညသတ်၊ နှစ်ရပ် တပြင်သိ။

ဤဖြင့် တပြင်တည်း တည်သော ဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ်ဘုံတို့ကို ပြဆို၏။

**ဝေဟပ္ဖိုလ်**။ ။"ဝိပုလံ ဖလံ ဧတေသန္တိ ဝေဟပ္ဖလာ"။ ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ဝိပုလံ၊ ပြန့်ပြောကြီးကျယ်သော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝေဟပ္ဖလာ၊ ဝေဟပ္ဖလာမည်ကုန်၏။ တနည်းကား "ဈာနာနုရူပံ ဝိသေသေန ဤဟိတံ အနေဠ္ဌိတံ ပုညဖလံ ဧတ္ထ

အတ္ထီတိ ဝေဟပ္ဖလာ”။ ဧတ္ထ၊ ဤပြဟ္မာတို့၌။ ဈာနာနုရူပံ၊ဈာန်အားလျော်စွာ။ ဝိသေသေန၊ အထူးသဖြင့်။ဤဟိတံ အနေဥ္စတံ၊ မတုန်မလှုပ်ကြီးပွါးခိုင်ခံ့သော။ ပုညဖလံ၊ ကုသိုလ်၏အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝေဟပ္ဖလာ၊ ဝေဟပ္ဖလာတို့မည်ကုန်၏။ အဓိပ္ပါယ်ကား—လှုပ်ရှား ယိမ်းယိုင်တတ်သော သောမနဿဈာန်တို့ကြောင့် ဖြစ်ကုန်သော ပထမဈာန်ဘုံ, ဒုတိယဈာန်ဘုံ, တတိယဈာန်ဘုံ အပြင်တို့သည် ကမ္ဘာကို ဖျက်ဆီးတတ်ကုန်သော မီး, ရေ, လေတည်းဟူသော အန္တရာယ်တို့ကြောင့် မြေကြီးနှင့် အတူတကွပင် ပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။ ထိုကြောင့် ထိုအောက်ပြဟ္မာဘုံတို့၌ ကောင်းမှု၏ အကျိုးသည် ခိုင်မြဲတည်တံ့သည်ဟူ၍ မရှိ၊ လှုပ်ရှားသည် မည်ကုန်၏။ ထိုစကားမှန်၏၊ အောက်ပြဟ္မာဘုံတို့တွင် အသက်အရှည်ဆုံးသော သုဘကိဏ်ဘုံ ပြဟ္မာတို့၏ အသက်သည် ခြောက်ဆယ့်လေးကမ္ဘာ ရှိကုန်၏။ ထိုခြောက်ဆယ့်လေးကမ္ဘာ ဆိုသောစကားကိုလည်း ထိုသုဘကိဏ်ဘုံ၌ အစစွာ ဘုံတည်လျှင် တည်ခြင်းဖြစ်သော အာဒိကပ္ပိက ပြဟ္မာတို့ကိုသာ ရည်၍ ဆိုအပ်လေသည်။ နောက်နောက်၌ ဖြစ်ကုန်သော သုဘကိဏ်ပြဟ္မာတို့၏ အသက်သည် မူကား ၆၃-ကမ္ဘာ၊ ၆၂-ကမ္ဘာ၊ ကမ္ဘာ ၆၀၊ ကမ္ဘာ ၅၀-စသည်ဖြင့် ယုတ်လျော့လေရာ၏။ ထိုကြောင့် ထိုအောက်ပြဟ္မာဘုံတို့၏ အသက်တမ်းသည် ကံစွမ်းရှိသလောက် မရှည်နိုင်ချေ။ လှုပ်ရှားသောကံအကျိုး ရှိကြသည်မည်၏။

ဥပေက္ခာနှင့်ယှဉ်သော ပဉ္စမဈာန်ကြောင့် ဖြစ်ကြကုန်သော ဝေဟပ္ဖိုလ်စသော ပြဟ္မာတို့၏ အသက်သည်မူကား လျော့တုံ ဆုတ်တုံဟူ၍ မရှိပြီ။ ထိုပဉ္စမဈာန် ပြဟ္မာတို့၏ဖြစ်ရာ ဝေဟပ္ဖိုလ်စသော ဘုံတို့မှာ ကမ္ဘာကို ဖျက်ဆီးတတ်သော မီးစသောအန္တရာယ်တို့လည်း မရှိကြလေကုန်။ ထိုကြောင့် ထိုဘုံ၌ဖြစ်ကြသော ပြဟ္မာတို့သည် ကမ္ဘာငါးရာဆိုလျှင် ယုတ်လျော့လေသည်ဟူ၍ မရှိ။ ငါးရာတိတိ အသက်ရှည်ကြလေကုန်သည်။ ထိုကြောင့် ဝေဟပ္ဖိုလ်စသောဘုံတို့၌ ကံ၏အကျိုးသည် လှုပ်ရှားသည် မမည်ချေ။ ကြီးပွါးနိုင်သလောက် ကြီးပွါးသည် မည်၏။ ခိုင်ခံ့နိုင်သလောက် ခိုင်ခံ့သည် မည်ချေ၏။ ထိုကြောင့် “ဈာနာနုရူပံ ဝိသေသေန ဤဟိတံ အနေဥ္စတံ ပုညဖလံ ဧတ္ထ အတ္ထီတိ ဝေဟပ္ဖလာ” ဟူသော ဝိဂ္ဂြိုဟ်ကို ဆိုအပ်ပေသတည်း။

**အသညသတ်ဘုံ။** ။“အသညသတ္တ” ဟူသော ပုဒ်၌ “နတ္ထိ သညာမုခေန စတ္တာရော အရူပက္ခန္ဓာ ဧတေသန္တိ အသညာ”။ ဧတေသံ၊ ထိုပြဟ္မာတို့အား။ သညာမုခေန၊ သညာကိုအရင်းတည်သဖြင့်။ ဝါ၊ အမူးပြုသဖြင့်။ စတ္တာရော၊ လေးပါးကုန်သော။ အရူပက္ခန္ဓာ၊ နာမ်ခန္ဓာတို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။အသညာ၊ အသညာမည်ကုန်၏။ “အသညာ စ တေ သတ္တာ စာတိ အသညသတ္တာ”။ အသညာစ၊ သညာအမူးရှိသော နာမ်

ခန္ဓာတို့လည်း မရှိကုန်။ တေ၊ ထိုနာမ်ခန္ဓာမရှိကုန်သည့်တို့ဟူသည်။ သတ္တာစ၊ သတ္တဝါတို့လည်း ဟုတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အသညသတ္တာ၊ အသညသတ်တို့မည်ကုန်၏။ အသညသတ်ဗြဟ္မာတို့သည် နာမ်ခန္ဓာမရှိ ရုပ်ခန္ဓာ ရှိကုန်သောကြောင့် ကေဝေါကာရသတ္တဝါတို့ မည်ကုန်၏။ စိတ်စေတသိက်တို့ မရှိကုန်လျှင် သတ္တဝါမဟုတ်တန်ကုန်ရာဟူ၍ ထင်မြင်တွေးတောဖွယ် ရှိသော ကြောင့် အသညာဟူ၍သာ မဆိုဘဲ သတ္တသဒ္ဒါကို ထည့်ရလေသည်။ ထိုသတ္တ သဒ္ဒါဖြင့် စိတ်ဝိညာဏ်မရှိသော်လည်း သတ္တဝါစင်စစ် ဟုတ်၏ဟု ပြ၏။

ဤ ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံ နှစ်ခုတို့သည် တပြင်တည်း၌ တည်နေ ကုန်၏။

**(၂၆) အဝိဟ်, အတပ်၊ သုဒဿ,သီ၊ အကနိ၊ငါးလီ ဘုံသုဒ္ဓိ။**

ဤဖြင့် သုဒ္ဓါဝါသ ၅-ဘုံကို ပြလို၏။

**သုဒ္ဓါဝါသ ၅-ဘုံ။** ။သုဒ္ဓါဝါသ ၅-ဘုံတို့ကား (၁) အဝိဟာဘုံ (၂) အတပ္ပါ-ဘုံ (၃) သုဒဿာဘုံ (၄) သုဒဿီဘုံ (၅) အကနိဋ္ဌ ဘုံတို့ပေတည်း။

**သုဒ္ဓါဝါသဘုံမည်ကြောင်းကား။** ။" သုဒ္ဓါနံ အနာဂါမိ အရဟန္တာနမေဝ အာဝါသာတိ သုဒ္ဓါဝါသာ"။ သုဒ္ဓါနံ၊ စင်ကြယ်ကုန်သော။ အနာဂါမိအရဟန္တာနမေဝ၊ အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာ ပုဂ္ဂိုလ်တို့၏သာလျှင်။အာဝါသာ၊နေရာတို့တည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ သုဒ္ဓါ-ဝါသာ၊ သုဒ္ဓါဝါသမည်ကုန်၏။ ရုန့်ရင်းကြမ်းတမ်းကုန်သော ကာမရာဂါနုသယ, ပဋိဃာနုသယတို့၏ မရှိခြင်းကြောင့် လွန်စွာ စင်ကြယ်တော်မူကြ ကုန်သော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့၏ နေရာဖြစ်ပေကုန်သောကြောင့် သုဒ္ဓါဝါသ မည်ကုန်၏ ဟူလို။ ဤသုဒ္ဓါဝါသ ၅-ဘုံတို့သည် အဆင့်ဆင့် တည်ကုန်၏။

(၁) **အဝိဟာ၌** "အပ္ပကေန ကာလေန အတ္တနော ဌာနံ န ဝိဇဟန္တီတိ အဝိဟာ"။ အပ္ပကေန၊ အနည်းငယ်သော။ ကာလေန၊ အခါကာလဖြင့်။ အတ္တနော၊မိမိ၏။ ဌာနံ၊ နေရာဌာနကို။ န ဝိဇဟန္တိ၊ မစွန့်ကြကုန်။ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဟာ၊ အဝိဟာတို့မည်ကုန်၏။

(၂) **အတပ္ပါ၌** "န ကေနစိ စိတ္တပရိဠာဟေန တပ္ပန္တီတိ အတပ္ပါ"။ကေနစိ၊ တစုံတခုသော။ စိတ္တပရိဠာဟေန၊ စိတ်ပူလောင်ခြင်းဖြင့်။န တပ္ပန္တိ၊ မပူမလောင် ကြကုန်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အတပ္ပါ၊ အတပ္ပါမည်ကုန်၏။

(၃) **သုဒဿာ၌** " ပရိသုဒ္ဓေဟိ ပသာဒ, ဒိဗ္ဗ, ဓမ္မ, ပညာစက္ခူဟိ သမ္မန္နတ္တာ သုဋ္ဌု ပဿန္တီတိ သုဒဿာ"။ ပရိသုဒ္ဓေဟိ၊ လွန်စွာ စင်ကြယ်ကုန်

သော။ ပသာဒ,ဒိဗ္ဗ,ဓမ္မ,ပညာစက္ခုဟိ၊ ပသာဒစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ပညာစက္ခုတို့နှင့်။ သမ္ပန္နတ္တာ၊ ပြည့်စုံသည်၏အဖြစ်ကြောင့်။ သုဋ္ဌု၊ ကောင်းစွာ။ ဝါ-အလွန်။ ပဿန္တိ၊ မြင်စွမ်းနိုင်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဒဿာ၊ သုဒဿာမည်ကုန်၏။

(၄) **သုဒဿီ၌** "တတော အတိသယေန သုဋ္ဌု ပဿန္တီတိ သုဒဿိနော"။ တတော၊ ထိုသုဒဿာပြဟ္မာတို့ထက်။ အတိသယေန၊ လွန်ကဲသောအားဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ပဿန္တိ၊ မြင်စွမ်းနိုင်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သုဒဿိနော၊ သုဒဿီမည်ကုန်၏။ (သုဒဿီဟူသောပုဒ်၌ ဤအက္ခရာသည် အတိသယအနက်ကို ထွန်းပြ၏)။

(၅) **အကနိဋ္ဌ၌** "အတ္တနော ဥပရိ အညဿ ဘူမန္တရဂတဿ ရူပိပြဟ္မုနော နတ္ထိတာယ နတ္ထိ ရူပီနံ သတ္တာနံ မဇ္ဈေ ကေနစိ ဂုဏေန ကနိဋ္ဌဘာဝေါ ဧတေသန္တိ အကနိဋ္ဌာ"။ အတ္တနော၊ မိမိ၏။ ဥပရိ၊ အထက်ဆင့်၌။ အညဿ၊ တပါးသော။ ဘူမန္တရဂတဿ၊ဘုံတပါး၌တည်သော။ရူပိပြဟ္မုနော၊ရူပပြဟ္မာ၏။ နတ္ထိတာယ၊ မရှိလေသောကြောင့်။ ဧတေသံ၊ ထိုပြဟ္မာတို့အား။ရူပီနံ၊ ရုပ်ရှိကြကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ မဇ္ဈေ၊ အလယ်၌။ ကေနစိဂုဏေန၊ တစုံတခုသောဂုဏ်ဖြင့်။ ကနိဋ္ဌဘာဝေါ၊ သေးသိမ်သည်၏အဖြစ်သည်။နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အကနိဋ္ဌာ၊ အကနိဋ္ဌမည်ကုန်၏။

ဝေဟပ္ဖိုလ်, အသညသတ်, သုဒ္ဓါဝါသ ၅-ဘုံ၊ ဤ ၇-ဘုံတို့သည် စတုတ္ထစျာန်ဘုံတို့ မည်ကုန်၏။

ပထမစျာန် ၃ ဘုံမှစ၍ အကနိဋ္ဌတိုင်အောင်သော ၁၆-ဘုံတို့သည် ရူပဘုံမည်ကုန်၏။ ။ရူပပြဟ္မာဘုံ ပြီး၏။

**(၂၆၃) အာကာ,ဝိညာ၊အာကိဉ္စာ၊နေဝ-အရူပိ။**

ဤဖြင့် အရူပလေးဘုံကို ပြ၏။

**အရူပ ၄ဘုံ။** ။အရူပလေးဘုံတို့ကား အာကာသာနဉ္စာယတနဘုံ,။ပ။ နေဝသညာနာသညာယတနဘုံတို့တည်း။

အာကာသာနဉ္စာယတနစသော ပုဒ်တို့၏ ဝိဂ္ဂြိုဟ်ကို စိတ်ပိုင်း၌ ဆိုအပ်ပြီ။ "အာကာသာနဉ္စာယတနဿ ဘူမိ အာကာသာနဉ္စာယတနဘူမိ"။ အာကာသာနဉ္စာယတနဿ၊ အာကာသာနဉ္စာယတနစျာန်၏။ ဘူမိ၊ တည်ရာဘုံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အာကာသာနဉ္စာယတနဘူမိ၊ အာကာသာနဉ္စာယတနဘုံမည်၏။ ဝိညာဏဉ္စာယတနဘူမိ စသည်တို့၌လည်း ဤအတိုင်း ဝိဂ္ဂြိုဟ်ဆိုလေ။ အကြင်မျှလောက်သော ကောင်းကင်အရပ်ကို ပြန့်နှံ့၍ အာကာသာ-

နဉ္စာယတနစျာန်ဟူ၍ ခေါ်ဝေါ်အပ်သော နာမက္ခန္ဓာလေးပါးတို့သည် တည်ကြကုန်၏။အာကာသာနဉ္စာယတန ခန္ဓာနှင့်တကွသော ထိုတည်ရာကောင်းကင်အရပ်သည် အာကာသာနဉ္စာယတနဘုံ မည်၏။ ဝိညာဏဉ္စာယတနဘုံစသည်တို့၌လည်း ထိုအတူ သိလေ။

**စတုဝေါကာရဘုံ။** ။ဤလေးဘုံတို့သည် ရုပ်ခန္ဓာကင်း၍ နာမ်ခန္ဓာလေးပါးမျှသာ ရှိသောကြောင့် စတုဝေါကာရဘုံ မည်ကုန်၏။

အရူပလေးဘုံတို့သည် အဆင့်ဆင့် တည်ကြကုန်၏။ ။အရူပလေးဘုံ ပြီး၏။

### ဗြဟ္မာဘုံတို့၏ အကွာအဝေး

(၂၆၄) ငါးသန်း ငါးသိန်း၊ ရှစ်ထောင်ချိန်း၊ ခြားကိန်း ဆင့်ဆင့်သိ။

ဤဖြင့် ကာမဘုံမှရင်း,ဗြဟ္မာဘုံအချင်းချင်းရင်း အခြားအကွာကို ပြဆို၏။ ပရနိမ္မိတဝသဝတ္တီဘုံမှ ပထမစျာန်ဗြဟ္မာ ၃-ဘုံတိုင်အောင် ယူဇနာပေါင်း ၅၅၀၈၀၀၀-ဝေးကွာ၏။ပထမစျာန် ၃-ဘုံမှ ဒုတိယစျာန် ၃-ဘုံတိုင်အောင်လည်း ၅၅၀၈၀၀၀ ပင် ဝေး၏။ပ။ ဝေဟပ္ဖိုလ်ဘုံ, အသညသတ်ဘုံတို့မှ အဝိဟာဘုံတိုင်အောင်လည်း ၅၅၀၈၀၀၀-ပင် ဝေး၏။ပ။ အကနိဋ္ဌဘုံမှ အာကာသာနဉ္စာယတနဘုံတိုင်အောင်လည်း ၅၅၀၈၀၀၀-ပင် ဝေးကွာ၏။ပ။ အာကိဉ္စညာယတနဘုံမှ နေဝသညာနာသညာယတနဘုံ တိုင်အောင်လည်း ၅၅၀၈၀၀၀-ပင် ဝေးကွာ၏။

(၂၆၅) ကုဋေ့ခုနစ်၊ သန်းမှာတစ်၊ သိန်းရှစ်,သောင်းပဥ္စာ။
(၂၆၆) ထောင်မှာကားဆ၊ လူ့-နေဝ၊ ဝေးလှယူဇနာ။

ဤဖြင့် လူ့ဘုံမှ အထက်ဘဝဂ်ခေါ်သော နေဝသညာနာသညာယတနဘုံတိုင်အောင် ယူဇနာခရီး အကွာအဝေးကို ပြ၏။

လူ့ပြည်ဟု ဆိုအပ်သော ပံသုပထဝီမြေအပြင်မှသည် အထက်နေဝသညာနာသညာယတနဘုံတိုင်အောင် ယူဇနာပေါင်း ၇၁၈၅၆၀၀၀-ဝေးကွာ၏။ ကာမသုဂတိ ၇ ဘုံတို့၏ အချင်းချင်း ဝေးကွာပုံစသည်တို့ကို ပေါင်း၍တွက်လျှင် သေချာစွာ သိရလတ္တံ့။

ဘုံဘဝတို့၏ အထွတ်အဖျားဆုံးဖြစ်သောကြောင့် နေဝသညာနာသညာယတနဘုံကို ဘဝဂ္ဂ=ဘဝဂ်ဟူ၍ ဆိုအပ်၏။

**၃၁-ဘုံ။** ။ကာမ ၁၁-ဘုံ, ရူပ ၁၆-ဘုံ, အရူပ ၄-ဘုံအားဖြင့် ဘုံသည် ၃၁-ဘုံရှိ၏။

**သတ္တာဝါသ ဘုံကိုး၀။** ။ဤဘုံခန်းအရာ၌ သတ္တာဝါသ ဘုံကိုး၀ ဆိုသည်ကို ပြဦးအံ့—

(၁) နာနာတ္တကာယ နာနာတ္တသညီဘုံ။
(၂) နာနာတ္တကာယ ဧကတ္တသညီဘုံ။
(၃) ဧကတ္တကာယ နာနာတ္တသညီဘုံ။
(၄) ဧကတ္တကာယ ဧကတ္တသညီဘုံ။
(၅) အသညီဘုံ။

(၆-၉) အရူပလေးဘုံအားဖြင့် သတ္တာဝါသ ဘုံကိုးဝဖြစ်၏။ ဝေဖန်ပုံကား—

ကိုယ်ခန္ဓာသဏ္ဌာန် ထူးထွေ ကွဲပြားသည်ကား နာနာတ္တကာယမည်၏၊ ပဋိသန္ဓေဝိညာဏ် ထူးထွေ ကွဲပြားသည်ကား နာနာတ္တသညီ မည်၏။ ကိုယ်သဏ္ဌာန် တူမျှသည်ကား ဧကတ္တကာယမည်၏။ပဋိသန္ဓေဝိညာဏ်တူမျှသည်ကား ဧကတ္တသညီမည်၏။ ဤသို့ မှတ်လင့်ဦး။

(၁) ကာမသုဂတိ ၇-ဘုံ၌ရှိသော သတ္တဝါတို့သည် ကိုယ်ခန္ဓာပုံပန်းလည်း အထူးထူး အထွေထွေ ကွဲပြားကြကုန်၏။ ပဋိသန္ဓေစိတ်လည်း အထူးထူး ကွဲပြားကြကုန်၏။ ထို့ကြောင့် ကာမသုဂတိ ၇-ဘုံသည် နာနာတ္တကာယ နာနာတ္တသညီဘုံမည်၏။

(၂) အပါယ်လေးဘုံ၌ သတ္တဝါတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန်အားဖြင့် အထူးထူး အထွေထွေ ကွဲပြားကြကုန်၏၊ပဋိသန္ဓေဝိညာဏ်သည်ကား အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏတခုသာဖြစ်၍ တူမျှကုန်၏။ ပထမစျာန် ၃-ဘုံ၌ရှိသော ဗြဟ္မာသတ္တဝါတို့သည်လည်း ကိုယ်ခန္ဓာပုံသဏ္ဌာန် အမျိုးမျိုးရှိကြကုန်၏။ ပဋိသန္ဓေဝိညာဏ်မူကား ပထမစျာန်ဝိပါက် တခုမျှသာဖြစ်၍ တူကုန်၏။ထို့ကြောင့် အပါယ်လေးဘုံနှင့် ပထမစျာန် ၃-ဘုံတို့သည် နာနာတ္တကာယ ဧကတ္တသညီမည်ကုန်၏။

(၃) ဒုတိယစျာန် ၃-ဘုံ၌ရှိသော ဗြဟ္မာတို့သည် ကိုယ်ခန္ဓာပုံသဏ္ဌာန် တူကြကုန်၏။ ပဋိသန္ဓေဝိညာဏ်တို့သည်မူကား ဒုတိယစျာန်, တတိယစျာန် ဝိပါက်မျိုး ဖြစ်ကြ၍ ကွဲပြားကုန်၏။ ထို့ကြောင့် ဒုတိယစျာန် ၃-ဘုံသည် ဧကတ္တကာယ နာနာတ္တသညီမည်၏။

(၄) တတိယစျာန် ၃-ဘုံဗြဟ္မာတို့သည် ကိုယ်ခန္ဓာပုံပန်းလည်း တူကုန်၏၊ စတုတ္ထစျာန်ဝိပါက်တည်းဟူသော ပဋိသန္ဓေဝိညာဏ်လည်း တူကုန်၏။ဝေဟပ္ဖိုလ်ဘုံ,သုဒ္ဓါဝါသ ၅-ဘုံဗြဟ္မာတို့သည် ကိုယ်သဏ္ဌာန်အားဖြင့်လည်း တူကုန်၏။ ပဉ္စမစျာန်ဝိပါက်တည်းဟူသော ပဋိသန္ဓေဝိညာဏ်လည်း တူကုန်၏။ ထို့ကြောင့် တတိယစျာန် ၃-ဘုံ၊ အသညသတ်ကြဉ်သော စတုတ္ထစျာန် ၆-ဘုံ၊ ဤ ၉-ဘုံတို့သည် ဧကတ္တကာယ ဧကတ္တသညီမည်ကုန်၏။

(၅) အသညသတ်ဘုံသည် နာမ်မရှိ၍ အသညီဘုံမည်၏။

(၆) အရူပလေးဘုံတို့သည်လည်း မိမိတို့၏ အမည်ရင်းအတိုင်း အာကာ-သာနဉ္စာယတနဘုံစသည် မည်ကုန်၏။

အသညသတ်ဘုံ၌ နာမ်ခန္ဓာ မရှိ၍ ကေတ္တ နာနာတ္တ မဆိုသင့်။ အရူပဘုံ၌ ရုပ်ခန္ဓာ ကိုယ်သဏ္ဍာန်မရှိ၍ ကေတ္တနာနာတ္တ မဆိုသင့်ချေ။

**သင်္ဂဟကဗျာ**

**"သတ် သုကာမ၊ ကာသညာ၊ နာနာချည်းသာ သိ။**

"ပ,စျာန်သုံးရပ်၊ ပါယ်လေးရပ်၊ နာနတ်-သေညီ။
"ဒု,စျာန်သုံး၀၊ ကောယ၊ နာန သညာရှိ။
"တ,ဘုံသုံး၀၊ စ,ဘုံ-ဆ၊ ကေချည်းသာ သိ။
"သညသတ်မှာ၊ အသညာ၊ လေးဖြာ အရူပိ။
"သတ္တာဝါသ၊ ဘုံကိုး၀၊ သိကြလေကုန်ဘိ။

သတ္တဝိညာဏဋ္ဌိတိဟူ၍ ခေါ်ဝေါ်အပ်သော ဝိညာဏ်၏တည်ရာ ဘုံ ၇-ပါး ရှိပြန်၏။ ဝေဖန်ပုံကား—ယခင်ကိုးပါးတွင် အသညသတ်နှင့် နေဝသညာ-နာသညာယတန ၂-ဘုံကို နုတ်၍ ကြွင်း ၇-ဘုံသည် ဝိညာဏဋ္ဌိတိဘုံမည်၏။ အသညသတ်ဘုံမှာ ဝိညာဏ် မရှိသောကြောင့် နုတ်ရသည်။ နေဝသညာ-နာသညာယတနဘုံမှာလည်း ထင်ရှားသောဝိညာဏ် မရှိသောကြောင့် ဤ ဝိညာဏဋ္ဌိတိအရာ၌ နုတ်ပယ်ရလေသည်။ ပဥ္စဝေါကာရဘုံ စသည်များကို အောက်၌ ဝေဖန်၍ ပြဆိုခဲ့ပြီ။

ဘုံခန်း ပြီး၏။

---

## (ဂ) ပဋိသန္ဓေခန်း

### အဟိတ်ပဋိသန္ဓေ

**(၂၆၇) ဥ-သန္တီရီ၊ အကု-ဝိ၊ သန္ဓိ အပါယ်ရွာ။**

ဤဖြင့် အပါယ်လေးဘုံသားတို့၏ ပဋိသန္ဓေစိတ်ကို ပြဆို၏။

**အပါယ် ၄-ဘုံသားတို့၏ ပဋိသန္ဓေ။** ။အပါယ်လေးဘုံ၌ ရှိကုန်သော ပုဂ္ဂိုလ်တို့သည် ဤအကုသလဝိပါက် သန္တီရဏ စိတ်ဖြင့် ပဋိသန္ဓေတည်နေကြကုန်၏၊ ၎င်းပဋိသန္ဓေစိတ်သည် ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေမည်၏။ ထိုအဟိတ်ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေတည်နေသော အပါယ်

လေးဘုံသားတို့ကိုလည်း ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ကုန်၏။ ပဋိသန္ဓေ, ဘဝင်, စုတိ သုံးပါးတို့သည် တူကုန်မြဲဖြစ်ကြ၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် အပါယ်လေးဘုံသားတို့၏ ဘဝင်စိတ်လည်း မည်၏။ စုတိစိတ်လည်း မည်၏။

(၂၆၈) ကု,ဒွိ-ဥ-သန်၊ လူယုတ်ကြန်၊ နတ်ထံဘုန်းမဲ့ဖွာ။

၌ဖြင့် သုဂတိအဟိတ်ပဋိသန္ဓေစိတ်ကို ပြဆို၏။

သုဂတိအဟိတ်ပဋိသန္ဓေ။ ။ပဋိသန္ဓေအခါ စက္ခုစသော ကြွန်အင်္ဂါယုတ်လျော့ ချို့ယွင်း၍ ဇစ္စန္ဓ စသည်ခေါ်ရသော လူများတို့သည်၎င်း၊ စာတုမဟာရာဇ်ဘုံ၌ အဝင်အပါ ဘုန်းကံမဲ့သော ဝိနိပါတိကအသုရာ ခေါ်သော ဘုမ္မဇိုဝ်းနတ်မျိုးဖြစ်သော ဘီလူး,သမ္ဘက်,တစ္ဆေ,မြေဘုတ်,အစိမ်း,သားရဲ အစရှိသော နတ်ဆိုးတို့သည်၎င်း ရှိကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေတည်နေကြကုန်၏။ ထိုပဋိ-သန္ဓေကား အဟိတ်ပဋိသန္ဓေတည်း။ သုဂတိဘုံ၌ဖြစ်ရသောကြောင့် သုဂတိအဟိတ်ပဋိသန္ဓေ ခေါ်၏။ ထိုပဋိသန္ဓေစိတ်ဖြင့် ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့သည်လည်း သုဂတိအဟိတ်ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် လူ့ပြည်၌ ဖြစ်ကြသည့် စာတုမဟာရာဇ်နတ်မျိုးတို့သာ ဖြစ်ကြကုန်၏။

ခဲ့၍ပြဆိုအံ့---"ဇာတိယာ အန္ဓော ဇစ္စန္ဓော"။ ဇာတိယာ၊ ပဋိသန္ဓေအားဖြင့်။ အန္ဓော၊ ကန်းသောသူတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇစ္စန္ဓော၊ ဇစ္စန္ဓမည်၏။အကြင်ပုဂ္ဂိုလ်အား စက္ခုကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သောကံကြောင့် ပဋိသန္ဓေတည်နေခြင်းကို ရအပ်၏။ ထိုပုဂ္ဂိုလ်သည် ဇစ္စန္ဓပုဂ္ဂိုလ်မည်၏။

ထိုအတူ ပဋိသန္ဓေအားဖြင့် နားပင်းသောသူ၊ သောတပသာဒချို့သောသူသည် ဇာတိဗဓိရ(ဇစ္စ-ဗဓိရ)မည်၏။

ပဋိသန္ဓေအားဖြင့် ဃာနပသာဒချို့သောသူသည် ဇစ္စဃာနကမည်၏။

ပဋိသန္ဓေအားဖြင့် ဇိဝှါပသာဒ, ကာယပသာဒချို့သည်ဟူ၍ မရှိ။ စက္ခု, သောတ, ဃာန, ဘာဝတို့သာလျှင် ပဋိသန္ဓေအားဖြင့် ချို့ကောင်းလေသည်။ ထိုကြောင့် "စက်, သော, ဃာ, ဘာ၊ ဤလေးဖြာ၊ ရံခါ ချို့ကောင်းစွာ"ဟူ၍ ရုပ်ပိုင်း၌ ဆိုလတ္တံ့။

ပဋိသန္ဓေအားဖြင့် စကားမပြောမဆိုနိုင်ဘဲ အ,၍နေသောသူသည် ဇာတိမူဂ မည်၏။ ပဋိသန္ဓေအားဖြင့် အရှေ့အနောက်စသော အရပ်ဒေသမျှကို မသိဘဲ နုံနသောသူသည် ဇာတိဇဠမည်၏[၁]။ ပဋိသန္ဓေအားဖြင့် စိတ်ဖောက်ပြန်၍ နေသော ဝမ်းတွင်းရူးသည် ဇစ္စုမ္မတ္တကမည်၏။

---

၁။ လယ်တီဆရာတော်ကြီး၏ ပရမတ္ထဒီပနီ၌ကား "ဇဠေဠ"ဟု ရှိသည်။

ကာမဂုဏ်ဟူသော အကြောင်းကြောင့် ပန်းစုတ်ခြင်းစသော ယုတ်ယုတ်မာမာ အမှုမျိုးကို ပြုလုပ်ရသောသူသည် ပဏ္ဍက=ပဏ္ဍုက်မည်၏။

ယောကျ်ားတလ မိန်းမတလ စသည်ဖြင့် ဖြစ်ပျက်ပြောင်းလဲ၍ ယောကျ်ားဖြစ်တုံ မိန်းမဖြစ်ဟုံ နိမိတ်အစုံရှိသောသူသည် ဥဘတောဗျဉ္ဇနက=ဥဘတောဗျည်းမည်၏။ "ဥဘတော ဗျဉ္ဇနံ ယဿာတိ ဥဘတောဗျဉ္ဇနကော"။ ယဿ၊ အကြင်သူအား။ ဥဘတော၊ ယောကျ်ားမိန်းမ နှစ်ပါးစုံမှ။ ဗျဉ္ဇနံ၊ လိင်နိမိတ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥဘတောဗျဉ္ဇနကော၊ ဥဘတောဗျည်းမည်၏။

ယောကျ်ားမဟုတ် မိန်းမမဟုတ် နှစ်ပါးစုံမှလွတ်၍ လိင်နိမိတ်နှစ်ပါးမှ ကင်းသောသူသည် နပုံသက=နပုန်းမည်၏။

အကြင် သူသည် ပကတိစကားပြောဆိုရာတို့၌လည်း တလုံး တလုံးသော အက္ခရာကို လွန်စွာကြီး အားထုတ်၍ ပြောဆိုရ၏။ လွန်စွာ အားထုတ်၍ ပြောဆိုပါသော်လည်း ချောချောပြေပြေ မရှိ။ ထစ်ထစ် ငေါ့ငေါ့ ရှိ၏။ သူတပါးတို့ကို နားလည်အောင် မပြောစွမ်းနိုင်။ မမ်းစွဲသောသူ မည်၏။ ထိုသူသည် မမ္မဝစနပုဂ္ဂိုလ် မည်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဇစ္စန္ဓစသော ပုဂ္ဂိုလ်တို့သည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်ဖြင့် ပဋိသန္ဓေ တည်နေကြကုန်၏။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနှင့်တပြိုင်နက် စက္ခု, သောတ စသည်တို့ ဖြစ်သည် မဟုတ်ကုန်။ မိမိတို့ ဖြစ်ခွင့် ကြုံသောကာလသို့ ရောက်မှသာလျှင် ဖြစ်ကြကုန်၏။

**ဇစ္စန္ဓစသည် မည်ပုံ။** ။စက္ခုစသည်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော ကံဖြင့် ပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်တို့အား ပဝတ္တိအခါ၌ ထို ပဋိသန္ဓေကို ဖြစ်စေသော ဇနကကံကြောင့်ရင်း၊ အခြား တပါးသော ကံကြောင့်ရင်း စက္ခုစသည်တို့သည် စင်စစ် ဖြစ်ပေါ်ကြရကုန်၏။ စက္ခုစသည်တို့ကို ဖြစ်ပေါ်စေရန် မစွမ်းနိုင်သော ကံဖြင့် ပဋိသန္ဓေနေကြကုန်သော ပုဂ္ဂိုလ်တို့အား စက္ခုဖြစ်သင့်သော ပဝတ္တိအခါသို့တိုင်ရောက်သော်လည်း တစုံတခုသော အကြောင်းကြောင့် စက္ခုစသည် ဖြစ်ပေါ်ကုန်၏ဟု မရှိလေကုန်။ ထိုကြောင့် ဇစ္စန္ဓစသော အဖြစ်သည် ပဋိသန္ဓေခဏ၌သာလျှင် ပြီးစီးကြကုန်၏ဟူ၍ သိအပ်၏။ ထိုပြင် "အာယတနာနံ ပဋိလာဘော ဇာတိ"ဟူ၍ ဟောတော်မူခြင်းကြောင့် စက္ခု၏ ဖြစ်ပေါ်ရန် ထိုက်သောကာလသည် စက္ခု၏ဇာတိ မည်၏။ စက္ခု၏ ပဋိသန္ဓေ မည်၏။ ထိုစက္ခုဖြစ်သင့်သောကာလ၌ စက္ခုမဖြစ်ပေါ်သောသူကို ဇစ္စန္ဓ

ဟူ၍ ခေါ်ဝေါ်အပ်၏။ ဤသို့လျှင် မိမိတို့၏ ဖြစ်ပေါ်ရန် သင့်လျော်သော ကာလ၏အစွမ်းအားဖြင့် ဇစ္စန္ဓ, ဇာတိဗဓိရစသည် မည်ကုန်၏။ ဤသို့ ကာလ အားဖြင့် ပိုင်းခြား၍ ယူလိုက်သည်ရှိသော် စကားပြောဆိုချိန်တန်လျက် စကား မပြောဆိုနိုင်သော သူ စသည်များကို ဇာတိမူဂ စသည် မည်ကုန်၏ဟူ၍ ထင်ရှား သန့်ရှင်းသော အနက်အဓိပ္ပါယ် ပြီးစီး၏ဟူ၍လည်း ဆရာကြီးတို့ ဆိုကြကုန်၏။

**ဇစ္စန္ဓဟူ၍ မခေါ်ဝေါ်ထိုက်သူများ။** ။အချို့သော သူတို့သည်ကား ဇစ္စန္ဓ ဟူသည် အမိဝမ်းတွင်းက မျက်စိမပါဘဲ မွေးဖွားလာသောသူတည်း။ ထိုကြောင့် ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့သည် အမိဝမ်းတွင်းမှ စက္ခုမပါဘဲ မွေးဖွားသည်ဟူ၍ မရှိကုန်ဟု ဆိုကြကုန်၏။ ထို စကား မသင့်ချေ။ အကြောင်းမူကား ဤလောက၌ အမိဝမ်းတွင်းရှိ စက္ခု မပါဘဲ မွေးဖွားလာသောသူတို့ပင်သော်လည်း အချို့တို့သည် ဒွိဟိတ် တိဟိတ် တို့နှင့် မခြား လက်မှုပညာစသော သိပ္ပဉာဏ်၊ ကျမ်းဂန်ပညာ ဗေဒင်ပညာ စသော ဝိဇ္ဇာဉာဏ်တို့၌ စူးစူးရှရှ ထက်ထက် မြက်မြက် ရှိကြကုန်သောကြောင့် တည်း။ ထိုဝမ်းတွင်းကပင် ကန်း၍လာသောသူတိုင်းကို ဇစ္စန္ဓဟူ၍ချည်း မခေါ် ထိုက်သေး။ ထိုစကား မှန်၏။ ဘုရားအလောင်းတော်ကြီးတို့နှင့် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့ကို ချန်ထား၍ ကြွင်းကုန်သော ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့သည် အမိဝမ်းတွင်း၌ ကိန်းအောင်းခိုက် သူတပါးတို့၏ ပယောဂကြောင့်သော်၎င်း၊ အမိ၏ဓာတ်သဘာဝမညီညွတ်ခြင်းစသည်တို့ကြောင့်၎င်း စက္ခု၏ ပျက်စီးခြင်း, သောတ၏ပျက်စီးခြင်းတို့သည် အများပင် ရှိကြကုန်ရာ၏။ ထိုသို့ အကြောင်း မညီညွတ်သဖြင့် ဖြစ်ပေါ်ပြီးမှ ပျက်သည်တို့ကို ဇစ္စန္ဓဟူ၍ မှတ်သင့်သည် မဟုတ်ကုန်။

**ယက္ခနတ်။** ။စတုမဟာရာဇ် အဝင်အပါ ဘုန်းကံမဲ့သော နတ်တို့ဆိုသည်ကား ဘုမ္မဿိတနတ်, ဝိနိပါတိကအသုရာနတ်တို့ပေတည်း။ ဘုမ္မဿိတ နတ်ဆိုသည်ကား တန်ခိုးကြီးသော ဘုမ္မဇိုဝ်းနတ်ကြီးတို့ကို မှီ၍ နေကုန်သော နတ်ငယ်တို့ပေတည်း။ ထင်ရှားစေအံ့ "ဘူမိယံ ဇာတာတိ ဘုမ္မာ"။ ဘူမိယံ၊ မြေအပြင်၌။ ဇာတာ၊ ဖြစ်သောနတ်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဘုမ္မာ၊ ဘုမ္မ မည်ကုန်၏။ ဤဝိဂ္ဂဟ်ဖြင့် မြေနှင့်စပ်၍တည်ကြကုန်သော သစ်ပင် ဗိမာန်, တောင်ဗိမာန်စသည်တို့၌ ဖြစ်ကုန်သော အာဋဝက, သာတာဂိရိ, ဟေမ- ဝတစသော ဣဒ္ဓိမန္တနတ် တန်ခိုးကြီးများသည် ဘုမ္မဒေဝ=ဘုမ္မဇိုဝ်းနတ် မည် ကုန်၏။ ထိုဘုမ္မဇိုဝ်းနတ်ကြီးတို့ကို ဗလိနတ်စာပေးသဖြင့် အရှိအသေ အလေး အမြတ် ပူဇော်အပ်သောကြောင့် ယက္ခဟူ၍လည်း ဆိုအပ်ကုန်၏။

"ယက္ခီယန္တီတိ ယက္ခာ"။ ယက္ခီယန္တိ၊ ပူဇော်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ယက္ခာ၊ ယက္ခ မည်ကုန်၏။

**ဘုမ္မဿိတနတ်-ဝိနိပါတိကအသုရာ။** ။အကြင် နတ်တို့သည်မူကား ဘုမ္မနတ်မျိုး ဖြစ်ကြကုန်လျက် သေးနုတ်သိမ်ငယ်သော ဟီနဩမကကုသိုလ်ကံအတွက်ဖြစ်ရသောကြောင့် ခံစား စံစားပွယ် ကြီးကျယ်သော စည်းစိမ်ချမ်းသာ မရှိကြကုန်။ ဆင်းရဲငြိုငြင်စွာ အသက်မွေးကြရကုန်လျက် လှည့်လည်ကြရကုန်၏။ ထိုနတ်ယုတ် နတ်ညံ့တို့သည် တန်ခိုးကြီးကုန်သော ဘုမ္မနတ်မင်းကြီးတို့၏ အဖျားအနား ကပ်ပါးကပ်မြောင် ကျေးကျွန်ဖြစ်ကြကုန်၏။ ဘုမ္မနတ်မင်းကြီး၏ ပရိသတ်၌ ပါဝင်ကြကုန်၏။ ဘုမ္မနတ်မင်းကြီးတို့ကို မှီ၍ နေကြရကုန်၏။ ထိုကြောင့် ဘုမ္မဿိတနတ်တို့ မည်လေကုန်၏။ ထိုနတ်တို့သည် မိမိတို့ကိုယ်ပိုင် ဘုံဗိမာန်မရှိကြရကုန်သဖြင့် တောချုံပုတ်ပေါင်းတို့၌၎င်း၊ လျှိုရိုး မြောင်ရိုးတို့၌၎င်း၊ ဟောင်းမြင်းသောလိုဏ်အို့ ဂူအိုကြီးတို့၌၎င်း၊ သုသာန်, သင်းချိုင်း စသည်တို့၌၎င်း၊ ထိုထိုဆိတ်ကွယ်ရာအရပ်တို့၌၎င်း၊ မှီခိုကပ်ရပ်၍ နေကြကုန်၏။ ထိုဘုမ္မဿိတနတ်မျိုးတို့သည်ပင်လျှင် ဝိနိပါတိကအသုရာလည်း မည်ကုန်၏။ "ဝိရူပါ ဟုတွာ ဘဝန္တရေ နိပတန္တီတိ ဝိနိပါတိကာ"။ ဝိရူပါ၊ အဆင်းမလှကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဘဝန္တရေ၊ ဘဝတပါး၌။ နိပတန္တိ၊ ကျရောက်ဖြစ်ရတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိနိပါတိကာ၊ ဝိနိပါတိက မည်ကုန်၏၊ "ဝိနိပါတိကာ စ တေ အသုရာ စာတိ ဝိနိပါတိက-အသုရာ"။ ဝိနိပါတိကာ စ၊ ဝိနိပါတိကတို့လည်း ဟုတ်ကုန်၏။ တေ၊ ထိုဝိနိပါတိကတို့ဟူသည်။ အသုရာ စ၊ အသုရာတို့လည်း ဟုတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိနိပါတိကအသုရာ၊ ဝိနိပါတိကအသုရာ မည်ကုန်၏။

ထိုဝိနိပါတိက အသုရာတို့သည်ကား ရွာ၏အနီးအပါး ဥပစာတို့၌၎င်း၊ ရွာ၏အတွင်း၌သော်၎င်း၊ ဆိတ်ငြိမ်ရာတို့၌ ကပ်ခိုနေထိုင်ကုန်ပြီးလျှင် ရွာသူရွာသားတို့ စွန့်ပစ်အပ်ကုန်သော ထမင်းလုံး, ဟင်းလုံး မုံ့ကျန်, မုံ့ကြွင်းတို့ကို၎င်း၊ ငါး,အမဲ စသည်တို့ကို၎င်း စားသောက်ကြကုန်၏။ ထိုသို့သော အကျန်အကြွင်းတို့ကို မရကြကုန်လျှင် သူငယ်တို့ကို တစုံတရာ ရောဂါဖြစ်အောင် ဖမ်းစားကြကုန်၏၊ တတ်နိုင်ကြကုန်လျှင် လူကြီးတို့ကိုပင် ချောက်လှန့်ကြကုန်၏၊ တရံတခါ လူတို့ကို ပူးဝင်၍ အစာတောင်းကြကုန်၏။ ဤသို့ သေးနုပ်သိမ်ငယ်သော အမှုများကို ပြုလုပ်ကြပြီးလျှင် အသက်မွေးကြရကုန်၏။ ထိုသို့ ဆိုအပ်ခဲ့ကုန်ပြီးသော ဘုမ္မဿိတနတ်, ဝိနိပါတိကအသုရာနတ်တို့သည်လည်း အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် ပဋိသန္ဓေ နေကြကုန်၏။

သို့ရာတွင် အချို့သော ဝိနိပါတိကအသုရာတို့သည် ထိုစိတ်ဖြင့် ပဋိသန္ဓေ မနေကြကုန်။ ဒွိဟိတ်, တိဟိတ်လည်း ရှိကုန်၏။ ထိုကြောင့် ပိယင်္ကရမာတာ, ဥတ္တရမာတာ,မဟ္မဂုတ္တာ, ဖုဿမိတ္တာ စသော ဝိနိပါတိကအသုရာတို့သည် တရားထူးကိုရ၍ သောတာပန်များ ဖြစ်နိုင်ကြကုန်သည်။

(၂၆၉) ရှစ်-မဟာဝိ၊ သုဂတိ၊ သန္ဓိ-ခုနစ်ရှာ။

**ကာမသုဂတိ ပဋိသန္ဓေများ။** ။ကာမသုဂတိ ၇-ဘုံ၌ရှိသော ဒွိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့သည် မဟာဝိပါက် ၈-ခုတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေ တည်နေကြကုန်၏။ ဉာဏဝိပ္ပယုတ်ဝိပါက် လေးခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေတည်နေသောသူသည် ဒွိဟိတ်ပုဂ္ဂိုလ် မည်၏။ အဘယ်ကြောင့်နည်းဟူမူ—ဝိပ္ပယုတ်ဝိပါက်မှာ ဟိတ် ၂-ပါးရှိသောကြောင့်တည်း။ ဉာဏသမ္ပယုတ်ဝိပါက်လေးခုတို့တွင် တခုခုဖြင့် ပဋိသန္ဓေတည်နေသောသူသည် တိဟိတ်ပုဂ္ဂိုလ်မည်၏။ အဘယ်ကြောင့်နည်းဟူမူ—သမ္ပယုတ်ဝိပါက်မှာ ဟိတ် ၃-ပါးရှိသောကြောင့်တည်း။

**ကာမပဋိသန္ဓေဆယ်ပါး။** ။ဒုဂ္ဂတိအဟိတ် ပဋိသန္ဓေစိတ်တခု၊ သုဂတိအဟိတ် ပဋိသန္ဓေစိတ်တခု၊ သဟိတ်ပဋိသန္ဓေ ၈-ခု၊ ဤသို့လျှင် ကာမပဋိသန္ဓေစိတ်ပေါင်း ၁၀-ရှိ၏။ ကာမဘဝင်စိတ်, ကာမစုတိစိတ်တို့သည်လည်း ၁၀-တို့သာတည်း။

(၂၇၀) မဟဂ္ဂတ၊ ဝိပါက၊ ဗြဟ္မသန္ဓိသာ။

ဤဖြင့် ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်ကို ပြဆို၏။

**မဟဂ္ဂုတ်ပဋိသန္ဓေစိတ် ၉-ပါး။** ။ဗြဟ္မာတို့သည် မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေ နေကြကုန်၏။ မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့သည် ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့ပေတည်း။ ဝေဖန်လျှင်—

**ရူပပဋိသန္ဓေ ငါးပါး။** ။ပထမစျာန်ဝိပါက်စိတ်သည် ပထမစျာန်ဘုံသားတို့၏ ပဋိသန္ဓေစိတ် မည်၏။

ဒုတိယစျာန်ဝိပါက်စိတ်, တတိယစျာန်ဝိပါက်စိတ် ၂-ခုတို့သည် ဒုတိယစျာန်ဘုံသားတို့၏ ပဋိသန္ဓေ မည်ကုန်၏။

စတုတ္ထစျာန်ဝိပါက်စိတ်သည် တတိယစျာန်ဘုံသားတို့၏ ပဋိသန္ဓေ မည်၏။

ပဉ္စမစျာန်ဝိပါက်စိတ်သည် အသညသတ်ကြဉ်သော စတုတ္ထစျာန် ၅-ဘုံသားတို့၏ ပဋိသန္ဓေ မည်၏။

**အရူပပဋိသန္ဓေ ၄-ပါး။** ။အာကာသာနဉ္စာယတနဝိပါက်စိတ်သည် အာကာသာနဉ္စာယတနဘုံသားတို့၏ ပဋိသန္ဓေ မည်၏။ ။ နေဝသညာနာသညာယတနဝိပါက်စိတ်သည် နေဝသညာနာသညာယတနဘုံသားတို့၏ ဝိပါက်စိတ် မည်၏။

ဤကား ဗြဟ္မာတို့၏ နာမ်ပဋိသန္ဓေ ကိုးပါးတည်း။

(၂၃၁) ကလာပ်ဇီဝိ၊ ရုပ်သာ၇ှိ၊ သန္ဓိ-အသညာ။

**အသညသတ် ရုပ်ပဋိသန္ဓေ။** ။အသညသတ်ဘုံသားတို့သည်ကား ဇီဝိတနဝ-ကလာပ် ကမ္မဇရုပ်ဖြင့်သာလျှင် ပဋိသန္ဓေနေကြကုန်၏၊ ၎င်းတို့မှာ နာမ်ဟူ၍ တစုံတရာမျှ မရှိချေ။

ပြဟ္မာတို့၏ ပဋိသန္ဓေသည် နာမ်ပဋိသန္ဓေ ၆-ပါး ရုပ်ပဋိသန္ဓေတပါး၊ ဤသို့အားဖြင့် ၇-ပါးရှိ၏။ ကာမပဋိသန္ဓေ ၁၀-နှင့် ပေါင်းလျှင် ပဋိသန္ဓေ ၂၀ ရှိ၏။ နာမ်ပဋိသန္ဓေကား ၁၉-ခုသာတည်း။

## ပဋိသန္ဓေ,ဘဝင်,စုတိစိတ် ၃-ပါး ဘူခြင်း

(၂၃၂) ဘဝတခု၊ သန်,ဘွင်,စု၊ သုံးခု ထပ်စမြဲ။

ဤဖြင့် တခုတခုသောဘဝတို့၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်၊ ဤ ၃-ပါးတို့၏ အလုံးစုံ တူကြောင်းကို ပြဆို၏။

ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် သုံးပါးတို့သည် တရားကိုယ်လည်း တူရ၏။ အာရုံစသည်များလည်း တူရ၏။ ဥပမာ အကုသလဝိပါက် ဥပေက္ခာ-သန္တီရဏနှင့် ပဋိသန္ဓေတည်နေခဲ့သော ပုဂ္ဂိုလ်သည် စုတိသောအခါ၌လည်း ထိုဥပေက္ခာသန္တီရဏစိတ်ဖြင့်သာ စုတိရလေ၏။ ပဋိသန္ဓေစိတ်,စုတိစိတ်အကြား တို့၌ အာရုံသစ် ထိခိုက်လာမှု မရှိသဖြင့် ဆဋ္ဌဒွါရိကဝီထိစိတ်တို့ မပေါ်ပေါက်လာကုန်သော အခိုက်တို့မှာ ဖြစ်ဖြစ်သမျှသော ဘဝင်ခေါ်ရသော စိတ်တို့သည်လည်း ထိုဥပေက္ခာသန္တီရဏ စိတ်တို့ပင်တည်း။ ပဋိသန္ဓေစိတ်သည် နိမိတ် ၃-ပါးတို့တွင် ကံကို အာရုံပြုခဲ့ငြားအံ့၊ ဘဝင်,စုတိတို့သည်လည်း ကံကိုသာ အာရုံပြုကြရကုန်၏။ ပဋိသန္ဓေစိတ်သည် ကမ္မနိမိတ်ကို အာရုံပြုခဲ့ငြားအံ့၊ ဘဝင်,စုတိတို့သည်လည်း ကမ္မနိမိတ်ကို အာရုံပြုခဲ့ကြကုန်၏။ ဂတိနိမိတ်၌လည်း ထိုအတူပင် သိရာ၏။ အလုံးစုံသော သတ္တဝါတို့၏ အလုံးစုံသော ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သည် အလုံးစုံ တူကုန်သည်ဟူ၍ မှတ်ရာ၏။ ထိုအဓိပ္ပါယ်စုကိုပင်လျှင် သေချာစွာ ထပ်မံ၍ပြခြင်းငှါ—

(၂၃၃) ဘုံ,ဇာတ်, သံ, သင်၊ အာ-ငါးအင်၊ သန်,ဘွင်,စု မကွဲ။

ဟူ၍ ဆိုရပြန်သည်။

ပဋိသန္ဓေ, ဘဝင်,စုတိစိတ်တို့သည် ဘူမိ,ဇာတိ,သမ္ပယုတ္တ, သင်္ခါရ, အာရမ္မဏ ဟုဆိုအပ်သော ဘုံ,ဇာတ်, သမ္ပယုတ်, သင်္ခါရ, အာရုံ, အလုံးစုံ အကွဲအပြားမရှိ။ ထပ်တူထပ်မျှ ဖြစ်ကုန်၏ ဟူလို။

အနည်းငယ်အားဖြင့် ကာလကွဲသောအရာတချက်ကား ပစ္စုပ္ပန် ရုပ်အာရုံကို အာရုံပြု၍ စုတိလေသော ပုဂ္ဂိုလ်၏ မရဏာသန္နဝီထိ၌ ပစ္စုပ္ပန်ရုပ်အာရုံသည် စုတိနှင့်ပြိုင်၍ မချုပ်ဘဲ နောက်ဘဝသစ် ပဋိသန္ဓေနှင့်သော်၎င်း၊ ပဋိသန္ဓေနောင် ဘဝင်နှင့်သော်၎င်း ပြိုင်၍ ချုပ်ခဲ့ငြားအံ့။ ထိုဘဝသစ်၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့သည် ကာလကွဲကို အာရုံပြုမိလေကုန်၏။ ပဋိသန္ဓေသည် ပစ္စုပ္ပန်ကို အာရုံပြု၏။ ဘဝင်, စုတိတို့သည် အတိတ်ကို အာရုံပြုရကုန်၏။ ဤကား ကာလကွဲသောအချက်တည်း။

ပဋိသန္ဓေခန်း ပြီး၏။

---

## (ဿ) အသက်တမ်းကို ပြဆိုခန်း

(၂၃၄) လူ့, ဘူမဇိုဝ်း၊ ပါယ်လေးမျိုး၊ သက်ဇိုဝ်းမြဲမရှိ။

ဤဖြင့် လူ, စာတုမဟာရာဇ်အပါအဝင်ဖြစ်သော ဘုမ္မဒေဝ=ဘုမ္မဇိုဝ်းနတ်၊ အပါယ်လေးဘုံသားတို့၏ အသက်တမ်း အမြဲမရှိကြောင်းကို ပြဆို၏။

အသက်တမ်း "အာယုပရိစ္ဆေဒ"ဆိုသည်ကား တခုသောဘုံ၌ အကျုံးဝင်ကုန်သော သတ္တဝါအလုံးစုံတို့နှင့် ဆက်ဆံသော အမြဲမှတ်သားတိုင်းတာအပ်သော ပမာဏကို ဆိုသည်။ မြေဥတု, ရေဥတု, လေ, နေပူစသည်တို့ကို အမှီပြု၍ အသက်တမ်း ဆုတ်တုံ တက်ဘုံ ဖြစ်နေသော လူ့ပြည်၌မူကား ထိုသို့ အသက်အပိုင်းအခြား အမြဲမရှိနိုင်ချေ။ လူတို့မှာ အသက်တမ်း အမြဲမရှိဟု ဆိုသော စကားသည် ဇမ္ဗူဒီပါ၌ ဖြစ်ကြကုန်သော လူတို့ကိုသာလျှင်ရည်၍ ဆိုအပ်သည်ဟူ၍ ဆရာတို့ မိန့်တော်မူကုန်၏။

ထင်ရှားစေအံ့—ဇမ္ဗူဒိပ်ကျွန်း၌သာလျှင် ကပ်အမျိုးမျိုးရှိ၍ အသက်တမ်း ဆုတ်ဟုံ တက်တုံများ ရှိကုန်၏၊ အခြားကျွန်းတို့၌ ထိုကဲ့သို့ အသက်၏ အတိုးအဆုတ် မရှိကြလေကုန်။ဥတ္တရကုရုခေါ်သော မြောက်ကျွန်း၌ အသက်တထောင် အမြဲ နေကြရကုန်၏။ ပုဗ္ဗဝိဒေဟခေါ်သော အရှေ့ကျွန်း၊ အပရဂေါယာနခေါ်သော အနောက်ကျွန်းတို့၌ အသက်ငါးရာ အမြဲ နေကြရကုန်၏။ ထိုကျွန်းတို့၌ အသက်တထောင် ရှည်သည်။ ငါးရာရှည်သည်ဟု ဆိုရခြင်းသည် ကမ္ဘာဦးကာလမှစ၍ ငါးရာ တထောင် အမြဲ မဟုတ်တန်ရာ။ ကမ္ဘာဦးကာလ၌မူကား ငါတို့ဇမ္ဗူဒိပ်ကျွန်းမှာကဲ့သို့ အသက်အသင်္ချေပင် ရှည်ကြကုန်ရာ၏။ ထိုနောက် အသင်္ချေယျတမ်းမှ ဆုတ်၍ တထောင်သို့အရောက်တွင် မဆုတ်မတက်ဘဲ တည်တံ့၍ နေသည်။ ငါးရာသို့ အရောက်တွင် တည်တံ့၍ နေသည်ဟူ၍ ယူသင့်၏။ မြတ်စွာဘုရားရှင်သည်လည်း —

ဥတ္တရကုရုကာ မနုဿာ အမမာ အပရိဂ္ဂဟာ နိယတာယုကာ အဝသေသာယုနာ။

စသည်ဖြင့် ဟောတော်မူ၏။

အနက်ကား—ဥတ္တရကုရုကာ မနုဿာ၊ ဥတ္တရကုရုကျွန်းသူတို့သည်။ အမမာ၊ ငါ့ဟာ, ငါ့ဟာဟူ၍ မစွဲလမ်းကြကုန်။ အပရိဂ္ဂဟာ၊ သိမ်းပိုက် သိမ်းခြင်း မရှိကြကုန်။ အဝသေသာယုနာ၊ အသခြေ၊ယျကပ်မှ ဆုတ်၍ ကြွင်းသော အသက်တမ်းဖြင့်။ နိယတာယုကာ၊ အမြဲရှည်သော အသက်တမ်း ရှိကြကုန်၏။ ဤပါဠိတော်၌ အဝသေသာယုနာ ဟူသောပါဌ်ဖြင့် ကမ္ဘာဦးကာလအခါ၌ တထောင်တမ်းမဟုတ်၊ ထိုကမ္ဘာဦးကာလ အသက်တမ်းမှ ဆုတ်ယုတ်၍ ကြွင်းသော အသက်တထောင်တမ်းဟူ၍ သိသာထင်ရှား၏။

ငါတို့ဇမ္ဗူဒိပ်ကျွန်းနှင့် နေအတူ, လအတူ, နက္ခတ်တာရာအတူ, သမုဒ္ဒရာရေပြင် အတူတူ, မြင်းမိုရ်သတ္တရဘ္ဘန် အတူဖြစ်ကြကုန်သော သုံးကျွန်းတို့၌လည်း ငါတို့ကျွန်းမှာကဲ့သို့ အညီအညွတ် ဖြောင့်ဖြောင့်မတ်မတ် ကျင့်ခြင်း, ကွေ့ကွေ့ ကောက်ကောက် မဖြောင့်မမတ်ကျင့်ခြင်းတို့ကြောင့် ဖြစ်ရကုန်သော နေ, လ, နက္ခတ်တာရာ တို့၏ ဖြောင့်မှန်စွာ သွားခြင်း ကွေ့ကွေ့ကောက်ကောက် လိမ်လိမ်လွန့်လွန့် တွန့်တွန့်ချိတ်ချိတ် သွားခြင်းတို့သည်လည်း ရှိတန်ကုန်ရာ၏။ ထိုသို့ နက္ခတ်တာရာတို့၏ အသွားအလာ မမှန်မှုကြောင့် ဥတုအာဟာရတို့၏ ဖောက်ပြန်မှုတို့သည်လည်း ရှိကုန်ရာ၏။ ထိုကြောင့် ထိုကျွန်းသုံးပါးတို့၌လည်း အသက်တမ်း၏ ဆုတ်တုံ တက်တုံမျှသည် အလျဉ်းပင် မရှိဟု မယူသာချေ။ ငါတို့ ဇမ္ဗူဒိပ်ကျွန်း၌ကား တရားစောင့်ကြ၍ နေ,လ,နက္ခတ် ဖြောင့်မတ်၍ ဥတုသမ္ပတ္တိကိုက်သောအခါ အသခြေ၊လည်း နေကြရကုန်၏။ တရားပျက်၍ နက္ခတ်တာရာ အသွားကောက်, ဥတုအာဟာရ ဖောက်ပြန်ခိုက်တွင် ၁၀-နှစ်မျှပင် တိုသောအသက် ရှိကြရကုန်၏။

**ဘုမ္မဇိုဝ်းတို့သက်တမ်း။**　။မြေအပြင်၌ ဖြစ်၍ ဘုမ္မဒေဝ ဘုမ္မဇိုဝ်းနတ်တို့သည်လည်း ထိုအတူ အသက်တမ်းမမြဲကြကုန်။ အာဠဝက, သာတာဂိရိ, ဟေမဝတ, သူစိလောမ, ခရလောမ ဘီလူးကြီး တို့သည် အန္တရကပ် တကပ်လုံးလုံးပင် အသက်ရှည်ကြကုန်၏။ အချို့သော ဘုမ္မဇိုဝ်း နတ်တို့သည် တရက်-နှစ်ရက် စသည် နေကြရကုန်၏။

**အပါယ်လေးဘုံသက်တမ်း။**　။အပါယေသု ဟိ ကမ္မမေဝ ပမာဏံ၊ ယာဝ ကမ္မံ န ခီယတိ၊ တာဝ စဝနာဘာဝတော။ (ဟူ၍ရင်း)။

စတုန္န် အပါယာနံ အပါယိကပုဂ္ဂလာနံ အာယုပ္ပမာဏ ဂဏနာယ နိယမော နတ္ထိ။ တတ္ထ ယေဘုယျေန ကမ္မပမာဏတ္တာ။ (ဟူ၍ရင်း)။

ဤသို့စသည်ဖြင့် ကျမ်းဂန်လာသောကြောင့် အပါယ်လေးဘုံတို့၌ အသက်တမ်း အမြဲမရှိ။ အကုသိုလ်ကံသာလျှင် ပမာဏဖြစ်ကြ၏။ ထိုစကား မှန်၏— ကောသလမင်းကြီး၏ မလ္လိကာမိဘုရားကြီးသည် အဝီစိငရဲကြီး၌ ကျရောက်ရလေသော်လည်း ကံငယ်သည်၊ လူတို့အရေအတွက် ၇-ရက်မျှဖြင့် ကျွတ်လွတ်ရလေ၏။ ဒေဝဒတ် စသည်တို့မူကား အလွန်ကြီးသောကံ ဖြစ်လေသည့်အတွက် အလွန်ကြာရှည်စွာ ငရဲ၌ ခံရလိမ့်မည်သာ ဖြစ်၏။

အနုဋီကာဆရာ, ဇိနာလင်္ကာရဋီကာ ဆရာတို့ကား ငရဲ၏ အသက်တမ်းကို ပြတော်မူကုန်သေး၏။ ထင်ရှားစွာသိလွယ်ရန် လူတို့၏ အရေအတွက်ဖြင့် ဆိုအံ့။

လူတို့၌ အနှစ်ကိုးသန်းသည် သဉ္ဇီဝငရဲကြီး၌ တရက် ဖြစ်၏။

၎င်း ကိုးသန်းကို လေးဆတက် ပွါးသည်ရှိသော် သုံးကုဋေခြောက်သန်း ဖြစ်၏။ ထိုနှစ်ပေါင်း သုံးကုဋေခြောက်သန်းသည် ကာလသုတ် ငရဲကြီး၌ တရက်ဖြစ်၏။

ဤသို့လျှင် အဆင့်ဆင့် လေးဆတက်၍ ဆဋ္ဌမမြောက် တာပနငရဲကြီးတိုင်အောင် ငရဲတို့၏ တရက်တရက် အရေအတွက်ကို သိရာ၏။

ဆဋ္ဌမမြောက် တာပနငရဲကြီး၌ တရက်သည် လူတို့နှစ်အရေအတွက်အားဖြင့် ကုဋေ ကိုးရာနှစ်ဆဲ့တကုဋေနှင့် အနှစ်ခြောက်သန်း ရှိ၏။ ပြဆိုခဲ့ပြီးသောအတိုင်း မိမိတို့၏ ရက်ဖြင့် ရက်ပေါင်း ၃၀-သည် တလမည်၏၊ မိမိ မိမိတို့၏ လဖြင့် လပေါင်း ၁၂-သည် တနှစ်မည်၏။

မိမိ မိမိ တို့၏ နှစ်ဖြင့် သဉ္ဇီဝ၌ အနှစ်ငါးရာ အသက်တမ်းရှိ၏။ ကာလသုတ်၌ တထောင်ရှိ၏။ သင်္ဃာတ၌ နှစ်ထောင်ရှိ၏။ ရောရုဝ၌ လေးထောင်ရှိ၏။ မဟာရောရုဝ၌ ရှစ်ထောင်ရှိ၏။ တာပန၌ တသောင်းခြောက်ထောင်ရှိ၏။ အန္တရကပ်၏ ထက်ဝက်သည် မဟာတာပနငရဲကြီး၏ အသက်တမ်းဖြစ်၏။ အန္တရကပ် တခုသည် အဝီစိငရဲကြီး၏ အသက်တမ်းဖြစ်၏။ (သာရတ္ထဒီပနီ၌ကား မဟာကပ်ကမ္ဘာကြီးကို အဘို့ရှစ်ဆယ်ပုံ၍ တပုံခန့်ပမာဏသည် အဝီစိငရဲကြီး၏ အသက်တမ်းဟူ၍ ဆို၏)။

## ငရဲသက်သံပေါက်

သဉ္ဇီဝ၌မှာ၊ တရက်သာ၊ လူမှာကိုးသန်းရှိ။
ဤနည်းပေါ်တွင်၊ လေးဆတင်၊ ခြောက်ခွင်ငရဲသိ။
သုံးရက် သုံးလ၊ သုံးနှစ်မျှ၊ တွက်ကြလေကုန်ဘိ။
သဉ္ဇီဝ၌မှာ၊ နှစ်ငါးရာ၊ ကာ-မှာတထောင်ရှိ။
သံဃာတမှာ၊ နှစ်ထောင်သာ၊ ရောမှာ-လေးထောင်သိ။

မဟာရောရု၊ ရှစ်ထောင်ရှု၊ သူ့နှစ်တွက်ရေဘိ။
သောင့်ခြောက်ထောင်ရ၊ တာပန၊ ကာလရှည်ပေဘိ။
မဟာတာပန်၊ အန္တရံ၊ ကပ်မှန် ထက်ပက်သိ။
အဝီစိမှာ၊ တကပ်သာ၊ အန္တရာဟုသိ။

အန္တရကပ်တကပ်၏ အရှည်အကြာ ပမာဏကား မဟာပထဝီမြေကြီးသည် အထက်သို့ တယူဇနာခန့် တက်မြင့်သည်နှင့် အညီအမျှ ကြာသောဟူ၏။ဤကား အနုဋီကာဆရာ, ဇိနာလင်္ကာရဋီကာဆရာကြီးတို့၏ အဆိုပေတည်း။

အဘိဓမ္မာကျမ်းဂန်များ၌ အသက်တမ်းပမာဏကို မဆို၊ ကံသည်သာ ပမာဏဟူ၍ ဆိုအပ်သောစကားများနှင့် ဆန့်ကျင်သည် မဟုတ်လော ဟူမူ— ဤသို့ ဖြေဖြန်နိုးနှေ့ရာ၏။ဤလူ့ပြည်တို့၌ တရာတမ်းဆိုလျှင် ထိုအခါ နှစ်ရာနေရသူ မရှိ။ နှစ်ရာတမ်းဆိုလျှင် ထိုအခါ သုံးရာနေရသူ မရှိ။ ဤသို့ အထက်ဖြစ်သော အသက်တမ်းတခုနှင့် ရောရှက်ခြင်း မရှိရသည်ကို အသက်တမ်းဆိုရ၏။ ငရဲတို့၌ကား ထိုကဲ့သို့ ရောရှက်ခြင်း မရှိသည် မဟုတ်၊ သဉ္ဇိဝ်း၌ အသက်တမ်းငါးရာ ဆိုသော်လည်း ကံအားလျော်စွာ တထောင်နေရသူလည်း ရှိ၏၊ နှစ်ထောင်နေရသူလည်း ရှိ၏၊ သုံးထောင်, လေးထောင်စသည် နေရသူလည်း ရှိ၏၊ အထက်ဖြစ်သော အသက်တမ်းတို့နှင့် ကူးရှက်၏၊ ထို့ကြောင့် အပါယ်လေးဘုံတို့၌ အသက်တမ်းမရှိဟု အဘိဓမ္မာကျမ်းဂန်တို့၌ ဆိုပေသည်။ ယေဘုယျအားဖြင့်မူကား သဉ္ဇိဝ်း၌ ငါးရာနေရသူ များ၏၊ ကာလသုတ်၌ တထောင်နေရသူ များ၏။ ငရဲသက် ငါးရာမျှလောက် ငရဲ၌ ကျစေနိုင်သော ကံသည် သဉ္ဇိဝ်းငရဲ၌ အကျိုးပေး၏။ဤသို့စသည်ဖြင့် ယူလျှင် မဆန့်ကျင်ပေ။

လူတို့၌ တရာတမ်းဆိုသော်လည်း ဆယ်နှစ်နေရသူ၊ တလနေရသူ စသည် ရှိလေသကဲ့သို့ သဉ္ဇိဝ်း၌လည်း အနှစ်တရာနေရသူ အနှစ်ငါးဆယ်နေရသူများလည်း ရှိတန်ရာသေး၏။မလ္လိကာမိဖုရားတို့ကို ထောက်လေ။မြတ်စွာဘုရားသည်လည်း အပါယ်လေးဘုံတို့၌ အသက်တမ်းကို မဟောဘဲ၊ ဒေဝဒူတသုတ်၌ ကံသာလျှင် ပမာဏဟူ၍ ဟောတော်မူ၏။ မဟာအဝီစိငရဲကြီး၏ အရံဖြစ်သော အဗ္ဗုဒငရဲစသော ဆယ်ပြည်ထောင်သော ငရဲတို့၌ကား အသက်တမ်းကို ဟောတော်မူပြန်၏။

**ပြိတ္တာ, အသုရကာယ်တို့သက်တမ်း။** ။အပါယ်လေးဘုံတို့တွင် ပြဆိုအပ်ပြီးသောနည်းဖြင့် ငရဲဘုံတို့၌ ယေဘုယျ အသက်တမ်း ရှိသေး၏။ ပြိတ္တာဘုံ, အသုရကာယ်ဘုံတို့၌ကား ယေဘုယျ အသက်တမ်း မရှိချေ။ ထိုစကား မှန်၏။ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ဖုဿဘုရား ရှေ့လက်ထက်တော်အခါတွင် အတူတကွ ပြုလုပ်ခဲ့ကြဘူးသော

အကုသိုလ်ကံကြောင့် ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် အဖန်ဖန် ငရဲ၌ ကျရောက်ကြကုန်ပြီး၍ ဤကမ္ဘာ၌ ကမ္ဘာဦးကာလမှစ၍ မကျွတ်မလွတ်ရသော ပြိတ္တာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါတို့ဘုရားသခင်၏ လက်ထက် တော်တွင်မှ ကျွတ်လွတ်ကုန်၏ဟု ကျမ်းဂန်၌ လာရှိ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့၏ ကျောင်းကို မီးတိုက်ခဲ့ဘူးသော အကုသိုလ်ကြောင့် အဝီစိငရဲ၌ အန္တရကပ်ပတ် လုံး ခံရပြီး၍ ယခုအခါ ဂိဇ္ဈကုဋ်တောင်၌ ယူဇနာ ၂၅-ရှိသော ကိုယ်ဖြင့် ဖြစ်နေ ရသော စပါးကြီးမြွေပြိတ္တာကြီးသည် ကျွတ်လွတ်ရန် အပိုင်းအခြားမရှိသေးဟု ကျမ်းဂန်၌ လာရှိ၏။ သံဃိကဘောဇဉ်ကို မတရားသဖြင့် စားသောက်မှုကြောင့် ၂၅-ယူဇနာရှိသောကိုယ်ဖြင့် ဖြစ်နေရသော ကျီးပြိတ္တာကြီးသည်လည်း ကျွတ် လွတ်ရန် ကာလအပိုင်းအခြား မရှိသေးဟု ကျမ်းဂန်လာ၏။ ဤသို့စသည်ဖြင့် ပြိတ္တာမျိုးတို့သည် အသင်္ချေယျ အနန္တ များလှကုန်၏။ ကျမ်းဂန်တို့၌ ပြိတ္တာ တို့ကို ဆိုသောအရာသည် ငရဲခန်းများထက် ကျယ်ဝန်း၏။ ပေတဝတ္ထုဟူ၍ ပြိတ္တာကျမ်းတခု ထွက်၏။ လက္ခဏသံယုတ်ဟူ၍ ပြိတ္တာသံယုတ်တကျမ်း ထွက်၏။ ထိုအတူ အသုရာတို့လည်း များကုန်၏။ တိရစ္ဆာန်တို့ကား ထင်ရှားကုန်ပြီ။ ကျေးဇူးရှင် ဆရာတော်ဘုရား ရေးသားတော်မူအပ်သော ဘာဝနာဒီပနီမှာ အပါယ်ခန်း ကျယ်ဝန်း၏။

(၂၇၅) ငါးဆယ် နှစ် သာ၊ လူတို့ရွာ၊ စ-မှာတရက်သိ။
(၂၇၆) ရက်သုံးဆယ် လ၊ ဆဲ့နှစ်လ၊ စ-မှာ တနှစ်ရှိ။
(၂၇၇) ငါးရာထိုနှစ်၊ သက်တမ်းဖြစ်၊ လူ-နှစ် ကိုးသန်းထိ။

ဤဖြင့် စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းကို ပြဆို၏။

**စာတုမဟာရာဇ်နတ်သက်။** ။လူတို့၏ နှစ်ပေါင်းငါးဆယ်သည် စာတုမဟာရာဇ် နတ်ပြည်၌ တနေ့နှင့်တညဥ့်ဟုဆိုအပ်သော တရက် မျှသာ ဖြစ်၏။ ထိုရက်ဖြင့် ရက်ပေါင်း ၃၀-သည် စာတုမဟာရာဇ်နတ်တို့၏ တလဖြစ်၏။ ထိုလဖြင့် လပေါင်း ၁၂-သည် စာတုမဟာရာဇ်နတ်ပြည်၌ တနှစ် ဖြစ်၏။ ထိုသို့ စာတုမဟာရာဇ်နှစ်ဖြင့် နှစ်ပေါင်းငါးရာသည် စာတုမဟာရာဇ် နတ်တို့၏ အသက်တမ်းဖြစ်၏။ ထိုစာတုမဟာရာဇ်နတ်တို့၏ အနှစ်ငါးရာသည် လူတို့၏ နှစ်အရေအတွက်ဖြင့် နှစ်ပေါင်း ကိုးသန်းရှိ၏။

စာတုမဟာရာဇ်နတ်သက် အနှစ်ငါးရာဟူသော စကားကို ယေဘုယျနည်း အားဖြင့် ဆိုအပ်သော စကားဟု မှတ်ရာ၏။ ထိုစကား သင့်စွ။ ကဿပမြတ်စွာ ဘုရား၏ တပည့်ဖြစ်ကုန်သော သောတာပန်နတ်သားတို့သည် စာတုမဟာရာဇ် အဝင် ကောင်းကင်ပြင်ဗိမာန်တို့၌ နေမိမင်းကြီး၏ လက်ထက်တိုင် ရှိကြကြောင်း ကို နေမိဇာတ်အဋ္ဌကထာ၌ ဆို၏။ ထိုကြောင့် အချို့ကုန်သော အာကာသဋ္ဌ

စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းသည်လည်း အပိုင်းအခြား မရှိ၊ ကံသာလျှင် ပမာဏဖြစ်၏ဟု ဆိုထိုက်၏။ ထိုနတ်တို့သည် ဘဝအဆင့်ဆင့် ထပ်ကာထပ်ကာ ဖြစ်ကြကုန်သည်ဟူ၍ ယူခြင်း ကြံစည်ခြင်းငှါလည်း မထိုက်ကြကုန်။ ထိုစကား မှန်၏၊သောတာပန်တို့မည်သည် အလွန်ဆုံးအားဖြင့် ခုနစ်ဘဝထက်ကာမဘုံတွင် ပဋိသန္ဓေ တည်နေရိုး မရှိ။ ကဿပဘုရား၏ လက်ထက်တော်မှ နေမိမင်းကြီးဘဝတိုင်အောင်သော စပ်ကြားကာလအတွင်းသည်လည်း ထိုနတ်ပြည်၌ အကြိမ်ပေါင်းတထောင် ထပ်၍ဖြစ်လောက်ရုံမက ရှည်လျားသည်သာဖြစ်၏။ ထို့ကြောင့် ထိုနေမိဇာတ်၌လာသော အာကာသဋ္ဌနတ်တို့ကို လွန်စွာအသက်ရှည်သော စာတုမဟာရာဇ်နတ်မျိုးတို့ဟူ၍ သိအပ်ကုန်၏။

**(၂၄၈) အနှစ်တရာ၊လူတို့ရွာ၊ တာဝှာ တရက်သိ။**
**(၂၄၉) သူ့ရက်,လ,နှစ်၊ အစဉ်ဖြစ်၊ တာ,နှစ် တထောင်ရှိ။**

ဤဖြင့် တာဝတိံသာနတ်တို့၏ အသက်တမ်းကို ပြဆို၏။

**တာဝတိံသာနတ်သက်။** ။လူတို့၏ နှစ်ပေါင်းတရာသည် တာဝတိံသာနတ်ပြည်၌ တရက်ဖြစ်၏၊ ထိုရက်ဖြင့် ရက်ပေါင်း ၃၀-သည် တလမည်၏၊ ထိုလဖြင့် လပေါင်း ၁၂-လသည် တနှစ်မည်၏၊ ထိုနှစ်ဖြင့် နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်တို့၏ အသက်တမ်းမည်၏။ ထိုတာဝတိံသာနတ်တို့၏ အနှစ်တထောင်သည် လူတို့၏ နှစ်အရေအတွက်အားဖြင့် သုံးကုဋေခြောက်သန်း ရှိ၏၊ (တာဝတိံသာနတ်တို့သည် စာတုမဟာရာဇ်နတ်တို့ထက် လေးဆပို၍ အသက်ရှည်ကုန်၏။)

စာတုမဟာရာဇ်၌ အနှစ်ငါးရာ၊ တာဝတိံသာ၌ အနှစ်တထောင်ဟု ဆိုရာ၌ နှစ်ဆမျှ သာသကဲ့သို့ ဖြစ်၏။ သို့ရာတွင် စာတုမဟာရာဇ်ဘုံ၌ နှစ်လသည် တာဝတိံသာ၌ တလမျှ ရှိ၏။ ထို့ကြောင့် မူလရက်ပင် ထမ်းပိုးသာလွန်ပြီး ဖြစ်ရာတွင် အသက်တမ်းလည်း ထမ်းပိုးသာလွန်ပြန်သောကြောင့် လေးဆတက်ဖြစ်လေသည်။

တာဝတိံသာ၌ အနှစ်တထောင်ကို စာတုမဟာရာဇ်နတ်တို့၏ နှစ်အားဖြင့် ရေတွက်လျှင် နှစ်ထောင်ဖြစ်၏။ ထို့ကြောင့် စာတုမဟာရာဇ် နတ်တို့ထက် တာဝတိံသာနတ်တို့က လေးဆသာလေသည်။

**(၂၅၀) ဤနည်းနှင်နှင်၊လေးဆတင်၊ ထက်ခွင် ဘုံဇီဝိ။**

ဤဖြင့် ယာမာစသော အထက် ကာမာဝစရနတ်ပြည် ၄-ဘုံတို့၏ အသက်တမ်းကို ပြဆို၏။

**ယာမာစသော ၄-ဘုံတို့၏ သက်တမ်း။** ။လူတို့၏ အနှစ် ၂-ရာသည် ယာမာ၌ တရက်မည်၏၊ ဆိုခဲ့ပြီးသောအတိုင်း လ, နှစ်ကို သိလေ။ ယာမာနတ်တို့၏ နှစ်အားဖြင့် နှစ်ပေါင်း ၂ထောင်သည် ထိုယာမာနတ်တို့၏ အသက်တမ်းမည်၏။ ယာမာနတ်တို့သည် တာဝတိံသာ နတ်တို့ထက် လေးဆ အသက်ကြီး၏၊ ယာမာနှစ်ပေါင်း ၂-ထောင်ကို တာဝတိံသာနတ်တို့၏ နှစ်ဖြင့် ရေတွက်လျှင် လေးထောင်ရှိ၏။ ယာမာနတ်တို့၏ အသက်တမ်းသည် လူတို့အရေအတွက်အားဖြင့် တဆဲ့လေးကုဋေလေးသန်း ရှိ၏။

လူတို့၏ အနှစ်လေးရာသည် တုသိတာ၌ တရက်ဖြစ်၏၊ လ, နှစ်တို့ကို သိလေ။ တုသိတာနတ်တို့၏ အနှစ်လေးထောင်သည် ထိုတုသိတာနတ်တို့၏ အသက်တမ်းဖြစ်၏။ တုသိတာနတ်သည် ယာမာနတ်တို့ထက် လေးဆအသက်ကြီး၏။ တုသိ-တာနတ်တို့၏ အနှစ်လေးထောင်သည် ယာမာဘုံ၌ ရှစ်ထောင်ရှိ၏။ တုသိတာနတ်တို့၏ အသက်တမ်းသည် လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနစ်ကုဋေခြောက်သန်း ရှိ၏။

လူတို့၏ အနှစ်ရှစ်ရာသည် နိမ္မာနရတိဘုံ၌ တရက်ဖြစ်၏၊ လ, နှစ်တို့ကို သိလေ။ နိမ္မာနရတိနတ်တို့၏ နှစ်ပေါင်းရှစ်ထောင်သည် ထိုနိမ္မာနရတိနတ်တို့၏ အသက်တမ်း ဖြစ်၏။ ထိုနိမ္မာနရတိနတ်တို့၏ အသက်တမ်းသည် လူတို့အရေအတွက်အားဖြင့် ကုဋေနှစ်ရာ့သုံးဆယ် အနှစ်လေးသန်း ရှိ၏။ နိမ္မာနရတိနတ်တို့သည် တုသိတာနတ်တို့ထက် လေးဆ အသက်ကြီး၏။ နိမ္မာနရတိနတ်သက် ရှစ်ထောင်သည် တုသိတာဘုံ၌ တသောင်းခြောက်ထောင် ဖြစ်၏။

လူတို့၏ နှစ်ပေါင်း တထောင့်ခြောက်ရာသည် ပရနိမ္မိတဝသဝတ္တိဘုံ၌ တရက်ဖြစ်၏၊ လ, နှစ်တို့ကို သိလေ။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ နှစ်ပေါင်းတသောင်းခြောက်ထောင်သည် ထိုနတ်တို့၏ အသက်တမ်း ဖြစ်၏၊ လူတို့၏ အရေအတွက်အားဖြင့် ကုဋေကိုးရာ့နှစ်ဆယ့်တကုဋေ အနှစ်ခြောက်သန်း ရှိ၏။ ပရနိမ္မိတဝသဝတ္တိနတ်တို့သည် နိမ္မာနရတိနတ်တို့ထက် အသက်လေးဆ ကြီး၏။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက် တသောင်းခြောက်ထောင်သည် နိမ္မာနရတိဘုံ၌ သုံးသောင့်နှစ်ထောင် ရှိ၏။

လေးဆတက်ဆိုသောစကားကို အနည်းငယ် ဆိုဦးအံ့။ တာဝတိံသာစသော အထက်အထက်နတ်တို့သည် အောက်အောက်နတ်တို့ထက် လေးဆ အသက်ကြီး၏။ ရက်, လ, နှစ်အားဖြင့် အောက်အောက်နတ်တို့ထက် နှစ်ဆကြီး၏။ အသက်တမ်းအားဖြင့်လည်း နှစ်ဆကြီး၏။ ရက်, လ, နှစ်တို့၏ နှစ်ဆထက်, အသက်တမ်းတို့၏ နှစ်ဆတက် နှစ်ပါးကို ပေါင်းလျှင် လေးဆတက် ဖြစ်၏။ ထို့ကြောင့် "ဤနည်းနှင်နှင်၊ လေးဆတင်၊ ထက်ခွင် ဘုံဇိဝိ"ဟူ၍ ဆိုလေသည်။

လူတို့၏ နှစ်အားဖြင့် မြှောက်လျှင် ရှင်းလင်းစွာ လေးခါတက်ရလေသည်။ မြှောက်ပုံမှာ လူတို့၏အရေအတွက်အားဖြင့် စာတုမဟာရာဇ်နတ်သက် အနှစ်ကိုးသန်းကိုတည်၊ လေးခုနှင့်မြှောက်၊ သုံးကုဋေ ခြောက်သန်းဖြစ်၏။ ၎င်းသည် တာဝတိံသာနတ်တို့၏ အသက်တမ်းဖြစ်၏။ ဤနည်းအတိုင်း အထက်အထက်ဘုံတို့၌လည်း လေးဆမြှောက်၍ တက်လေ။

နတ်သက် ပြီး၏။

---

## ဗြဟ္မာတို့၏ သက်တမ်း

**ကပ် ၄-ပါး။** ။ဗြဟ္မာတို့၏ အသက်ကို တိုင်းတာ၍ ပြရန် ကပ် ၄-ပါးကို ရှေးဦးစွာ မှတည်၍ ဆိုပေလတ္တံ့။

### (၂၀၁) အာယု, အန္တရ၊ အသင်္ချ၊ မဟာလေးမျိုးကပ်။

ကပ်သည်— (၁) အာယုကပ် (၂) အန္တရကပ် (၃) အသင်္ချေယျကပ် (၄) မဟာကပ်ဟူ၍ လေးပါးအပြားရှိ၏။

**ကပ်မည်ပုံ။** ။"ကပ္ပေတိ အနိစ္စဘာဝေန ဝိနာသံ ဂစ္ဆတီတိ ကပ္ပေါ"။ အနိစ္စ-ဘာဝေန၊ မမြဲသည်၏ အဖြစ်ကြောင့်။ ကပ္ပေတိ၊ ပျက်စီးတတ်၏။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကပ္ပေါ၊ ကပ္ပမည်၏။ ဝါ၊ ကပ်ကမ္ဘာမည်၏။

**အာယုကပ်။** ။ထိုလေးပါးတို့တွင် သတ္တဝါတို့၏ ဆုတ်တုံ တက်တုံ အသက်တမ်းသည် အာယုကပ်မည်၏။ ကမ္ဘာဦးအခါ အသင်္ချေယျတမ်းမှ တဖြည်း တဖြည်း ဆုတ်၍လာရာ ၁၀-နှစ်သို့ ဆိုက်ရောက်၏။ တဖန် နှစ်ဆယ်တမ်း တက်၍ တက်၍ လာပြန်ရာ အသင်္ချေယျတမ်းသို့ ရောက်ပြန်၏။ ထိုသို့ သတ္တဝါတို့၏ အသက်တမ်း ဆုတ်တုံ တက်တုံ ဖြစ်နေသည်ကို အာယုကပ္ပ= အာယုကပ်ခေါ်၏။

ဆိုဖွယ်အနည်းငယ်ကား ပါထေယျဝဂ် စက္ကဝတ္တိသုတ်ပါဠိတော်၌ "အသီတိ-ဝဿသဟဿာယုကာနံ မနုဿာနံ ပုတ္တာ စတ္တာလီသဝဿသဟဿာယုကာ အဟေသုံ"စသည်ဖြင့် ဆုတ်ကပ် အသက်တမ်း၏ထမ်းပိုး ထမ်းပိုးဆုတ်ကြောင်း၊ ထမ်းပိုး ထမ်းပိုး တက်ကြောင်းကို ဘုရားဟောတော်မူ၏။ လောကပညတ္တိကျမ်း၌ကား "ဝဿသတေ နိက္ခန္တေ ဒသဝဿာနိ ဟာယန္တိ"စသည်ဖြင့် အနှစ် တရာ တရာလျှင် ဆယ်နှစ် ဆယ်နှစ် ဆုတ်ယုတ်ကြောင်း၊ တက်သောအခါ ထမ်းပိုး ထမ်းပိုးတက်ကြောင်းကို ဆို၏။အချို့ဆရာတို့ကား အနှစ်တရာ တရာလျှင် တနှစ် တနှစ်သာ ဆုတ်၏။ တက်ကပ်တွင်မူကား ထမ်းပိုး ထမ်းပိုး တက်၏ဟု ဆိုတော်

ပျက်သောအခါတို့၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် အလုံးစုံအားဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ကြကုန်၏။ အောက်ဘုံတို့၌ နေစရာလည်း မရှိကုန်ပြီ။

အထာနုပုဗ္ဗေန မစ္ဆ, ကစ္ဆပါဒိ ကာလင်္ကတွာ ဗြဟ္မလောကေ နိဗ္ဗတ္တန္တိ နေရယိကသတ္တာပိ။

(ဝိသုဒ္ဓိမဂ်။)

ဈာန်ကို ရမှလည်း ဗြဟ္မာ့ဘုံ၌ ဖြစ်နိုင်ကုန်သောကြောင့် အပါယ်လေးဘုံသားတို့သည် ကံအားလျော်စွာ အပါယ်ဘုံမှ ကျွတ်လွတ်ကြကုန်၍ နတ်ပြည်၌ ဖြစ်ကြကုန်၏။ ထိုနတ်ပြည်မှ ဈာန်ကို ရ၍ ဗြဟ္မာ့ဘုံသို့ သွားကြကုန်၏ဟု ယူရာ၏။

**မီးဖျက်သောကမ္ဘာ။** ။မီးဖျက်သောကမ္ဘာ၌ နေနှစ်စင်း ပေါ်လာသောအခါ မြစ်ငယ် ချောင်းငယ် အိုင်ငယ်ဟူသမျှတို့သည် ခန်းခြောက်လေကုန်၏။ ညဉ့်အချိန်ပျောက်၍ နေ့သက်သက် ဖြစ်လေ၏။ နေ ၃-စင်း ပေါ်လာသောအခါ ဂင်္ဂါစသော မြစ်ကြီးတို့သည် ခန်းခြောက်ကုန်၏။ နေ ၄-စင်းပေါ်လာသောအခါ အနောတတ္တ, ဆဒ္ဒန္တစသော အိုင်ကြီး အင်းကြီးတို့သည် ခန်းခြောက်ကုန်၏။ နေ ၅-စင်းထွက်သောအခါ သမုဒ္ဒရာကြီးလေးစင်းတို့နှင့် သီဒါ ၇-တန်တို့သည် ခန်းခြောက်ကုန်၏။ နေ ၇ စင်းထွက်သောအခါ၌ စကြဝဠာအလုံး တဟုန်းဟုန်း အခိုးထ၍ပြင်းထန်စွာ မီးကြီး လောင်လေ၏။ အာဏာခေတ်တပြင်လုံး မှုန်မျှမကျန်အောင် အကြွင်းမဲ့ လောင်လေ၏။ ရှိရှိသမျှ သင်္ခါရတို့သည် လောင်ကျွမ်း၍ ထပ်မံပြီးကာ လောင်စရာမရှိမှ မီးငြိမ်းလေ၏။ ထိုအခါ အာဏာခေတ်တခုလုံးသည် မှောင်တိုက်ကြီးအတိဖြစ်၍ နေ၏။ ဤအဓိပ္ပါယ်စုကိုရည်၍—

လောကဗျူဟာ၊ နတ်ကာမာတို့၊ မေတ္တာပွါးကြ၊ ကြီးမိဖကို၊ တုပ်ကွမြတ်လေး၊ လုပ်ကျွေးကြပါ၊ ကြွေးကြော်လာ၍၊ သတ္တဝါများ၊ ဈာန်ကိုပွါးလျက်၊ စံလားဗြဟ္မာ၊ ကာလကြာက၊ဒုတိယာ နေ၊ ပေါ်လာချေသော်၊ မြစ်ငယ်ရေခြောက်၊ ညဉ့်လည်း ပြောက်၏၊ သုံးမြောက်လေးစင်း၊ ငါးစင်းဆဌ၊ သတ္တမ နေ၊ ပေါ်ထွက်ချေသော်၊ ခြောက်လေ မြစ်ကြီး၊ အိုင်ကြီးသမုဒ္ဒရာ၊ စက္ကဝါခိုးထ၊ မီးလျှံကြွ၍၊ သင်္ခါရခပင်း၊ ပြာမကြွင်းခဲ့၊ ဟင်းလင်းထက်အောက်၊ မိုက်မှောင်ရောက်သည်၊ ကွယ်ပျောက်လုံးစုံ မမြဲတည်း။

ဟူ၍ မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီး ဆိုတော်မူ၏။

**ကမ္ဘာသစ်ဖြစ်ပေါ်လာပုံ။** ။သံဝဋ္ဋဋ္ဌာယီကပ်ကြီး ကုန်လွန်လေသည့်နောက် သတ္တဝါတို့၏ ကံအားလျော်စွာ ကမ္ဘာသစ်ပေါ်ပေါက်ရန် သံဝဋ္ဋကပ် ဖြစ်လာ၏။ ကမ္ဘာကို မျိုးပေးသော ကမ္ဘာပြုမိုးတို့သည် တစတစ ကြီးပွါးတိုးတက်၍ ရွာလေ၏။ ကမ္ဘာပြုမိုးရေတို့သည် အောက်၌ ခံရာ မြေကြီးမရှိဘဲ အဘယ်သို့ တည်သနည်းဟူမူ—"တံ ဥဒကံ ဟေဋ္ဌာ တိရိယဉ္စ ဝါတော သမုဋ္ဌဟိတွာ ဃနံ ကရောတိ။ ပရိဝဋ္ဋုမံ ပဒုမိနိပတ္တေ ဥဒကဗိန္ဒုသဒိသံ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ကမ္ဘာမီးလောင်ရာ၌ ကမ္ဘာမြေကြီးနှင့် ကမ္ဘာကို ခံသော ရေတို့ကိုသာ လောင်လေသည်။ ကမ္ဘာကိုခံသော လေကြီးကိုမူကား လောင်ရန် အထည်မရှိ၍ မလောင်နိုင်ချေ။ ထိုကမ္ဘာလေကြီးသည် စကြဝဋ္ဌာ အနန္တ တဆက်တည်း တည်၏။ ထိုကမ္ဘာလေသည် ပျက်လေသော အာဏာခေတ်ဟု ဆိုအပ်သော စကြဝဋ္ဌာ ကုဋေတသိန်းအတွင်းမှာ အောက်ကလည်း ခံလျက် ရှိလေ၏။ မပျက်သော အခြားခေတ် ကမ္ဘာနံရံကြီးကို မှီ၍ အထက်သို့ ပင့်လျက် တိုက်၍လည်း နေ၏။ ထိုကြောင့် ကမ္ဘာလေသည် အောက်ကလည်း ခံလျက်ရှိ၏။ နံဘေး ဗီလာကလည်း ကာလျက်ရှိ၏။ ကမ္ဘာမိုးရေတို့သည် စကြဝဋ္ဌာ ကုဋေတသိန်းအတွင်း ကမ္ဘာရေထက်တွင် တလုံးတခဲတည်း ရေလုံးကြီး ရေပေါက်ကြီးဖြစ်၍ နေ၏။ ပဒုမာကြာဖက်ပေါ်၌ ကျရောက်သော ရေပေါက်ကဲ့သို့ ဖြစ်လေ၏။ မစီးမသွားဘဲ မတ်မတ် တည်၍ နေ၏။ ထိုရေသည် တရွေ့တရွေ့ အမြွေးတက်ကာ လျော့ကျ ဆုတ်ယုတ်လာသဖြင့် ကျောက်မြေ ရွှံ့မြေအဖြစ်သို့ ရောက်ရချေ၏။

မြေကြီးဖြစ်ပေါ်လာသောအခါ ဗြဟ္မာတို့သည် စုတိလာ၍ ဤကမ္ဘာသစ်၌ ဖြစ်ကြကုန်၏။ ထိုအခါ နေ လ မရှိကြကုန်သေး။ မိမိတို့ ကိုယ်ရောင်ဖြင့်သာလျှင် သွားလာ လှည့်ပတ်ကြကုန်၏။ ထိုကမ္ဘာဦးကာလ အာဏာခေတ် တပြင်လုံးသည် စကြဝဋ္ဌာ အခြား မရှိ တပြင်တည်းပင် ရှိကုန်သေး၏။ "စန္ဒိမ, သူရိယာနံ ပန ပါတုဘာဝဒိဝသေယေဝ သိနေရု, စက္ကဝါဠ, ဟိမဝန္တပဗ္ဗတာ ပါတုဘဝန္တိ။ တေ စ ခေါ အပုဗ္ဗံ အစရိမံ ဖဂ္ဂုဏပုဏ္ဏမဒိဝသေယေဝ ပါတုဘဝန္တိ" ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ တခုသော တပေါင်းလပြည့်နေ့တွင်မှ သတ္တဝါတို့၏ ကံအားလျော်စွာ နေ, လ, နက္ခတ်တာရာ, သီဒါ, သတ္တရဘ္ဘန်, စကြဝဋ္ဌာတောင် စသည် ပေါ်လာကုန်၏။ ထိုအခါမှ ဤမှာ စကြဝဋ္ဌာ ကမ္ဘာမြေဝိုင်းကလေးတခု၊ ဟိုမှာ စကြဝဋ္ဌာ ကမ္ဘာမြေဝိုင်းကလေးတခုဟု ခေါ်ဝေါ်ရလေသည်။ ကမ္ဘာဦးကာလ၌မူကား အာဏာခေတ် တပြင်လုံး စည်မျက်နှာကဲ့သို့ ညီညွတ်စွာ ရှိ၏။ အလိုရှိတိုင်း ပျော်သာ မြူးသာ လူးလွန့်သာ၏။ စကြဝဋ္ဌာ, မြင်းမိုရ်တောင်ကြီးစသည်တို့ ပေါ်လာသောအခါ၌မူကား ကျဉ်းကျဉ်း မြောင်းမြောင်း မကွန့်မမြူး မလူးမလွန့်သာ ဖြစ်လေ၏။ စကြဝဋ္ဌာ တခု

တခုသည် သတ္တဝါတို့လျောင်သော ထောင် တခု တခုနှင့် တူ၏။ ဤစကြဝဠာ ကမ္ဘာတည်ပုံများသည် ထိုထိုကျမ်းဂန်တို့၌ များ၏။ အကျဉ်းချုပ်အားဖြင့် သိမှတ် လွယ်ရန် မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရား ဤသို့ ကဗျာသံခိပ် ရေးသားတော်မူလေသည်။

ထိုနောင်ကမ္ဘာ၊ ပြုမိုးရွာသော်၊ လောင်ရာတလျောက်၊ လေခံ
ထောက်သား၊ခန်းခြောက်စဉ်သင့်၊ရှေးတိုင်းဖြင့်လျှင်၊ တည်လင့်ထက်ဘုံ၊
မြေရောက်တုံသော်၊ ဝါယုံဆို့နေ၊ ရေစင်ရေသို့၊ တည်နေမယို၊ ခန်းတိုင်း
မိုလျက်၊ ရေချိုအထက်၊ မြေချိုတက်သား၊ ထို့ထက်ဗြဟ္မာ၊ စုတေလာ၍၊
ရသာပထဝီ၊ ထိုမြေဆီကို၊ လုပ်ချီသုံးဆောင်၊ တဏှာလောင်လျက်၊
ကိုယ်ရောင်ကွယ်ပျောက်၊ မိုက်မှောင်ရောက်၍၊ အကြောက်ရခါ၊ ရဲကြ
ရာဘို့၊ လျော်စွာဆန္ဒ၊ နေနှင့်လတို့၊ ပေါ်ကြထင်ရှား၊ နက္ခတ်များလည်း၊
လှည့်သွားဖြစ်ကြ၊ တပေါင်းလဟု၊ ပုဏ္ဏာရက်တွင်း၊ ဆပ်ထမင်းသို့၊
ကုန်းကျင်းစုံစွာ၊ ဖြစ်ကြလာ၏၊ ရသာမြေကို၊ စားလေတုံမှို၊ တဏှာ
ဘို့၍၊ တချို့မလှ၊ တချို့လှတည်း၊ ဆင်းလှသသူ၊ မလှသူကို၊ မာန်မူ
သည်တွက်၊ မြေချိုညက်လည်း၊ ကွယ်ဝှက်ပြန်ဘိ၊ ဘူမိပပ္ပဋက၊ မြေလွှာ
မြနှင့်၊ ပဒါလတာ၊ ထို့တူ လာ၏၊ ရသာလိုပေး၊ ထင်းနှင့်ဝေးသည့်၊
သလေးဆန်စင်၊ စားလေလျှင်မူ၊ မစင်ငယ်ကြီး၊ ဖြစ်စေပြီး၍၊ ယိုစီး
ဘို့ရာ၊ ထွက်ဘို့ငှါဟု၊အမာဝပေါက်၊ ဘောဝ်လည်း ရောက်၏၊ တယောက်
တယောက်၊ မေထုန်မြောက်အောင်၊ သွေဖောက် ယုတ်မာ၊ ကျင့်သည်
တာကြောင့်၊ ပညာရှိများ၊ မြစ်တားမောင်းမဲ၊ ညှဉ်းဆဲပုတ်ခတ်၊ ပြုလေ
အပ်၍၊ခိုကပ်ဘို့ငှါ၊အိမ်ရာထူဆောက်၊ လူပျင်းနောက်သို့၊ နည်းလျှောက်
သိမ်းဆည်း၊ ထိုကတည်းက၊ ဘွဲလည်းမြွေးရှက်၊ ရိပ်ရာကွက်မှ၊ မထွက်
လာထ၊ညည်းတွားကြ၏၊ထားရရေးသား၊သူ့ပိုင်းခြားက၊ ခိုးငြားမဆိုင်၊
သုံးကြိမ်တိုင်သော်၊စွဲကိုင်ခဲတုတ်၊ခတ်ပုတ်ရှက်ထွေး၊နိုင်မဟေးလို့၊ စုဝေး
တိုင်ပင်၊ များထက်တင်သော၊ ဗုဒ္ဓကုံမြတ်၊ ဗောဓိသတ်ကို၊ ချဉ်းလတ်
ပန်ထွာ၊ သမုတ်ပါ၍၊ မဟာသမ္မတ၊ ခတ္တိယနှင့်၊ ရာဇအပြား၊ မည်သုံးပါး
ဖြင့်၊ ထင်ရှားလူ့ဘောင်၊ စတည်ထောင်ခဲ့၊ ထိုနောင်ဗြာဟ္မဏ၊ အမျိုး
စသည်၊ ဝဏ္ဏာလေးပြား၊ ဤသို့အားဖြင့်၊ တရားသွေကွက်၊ ယွင်းချော်
ပျက်၍၊ အသက်တိုလျ၊ ပါပကသည်။ ။ဓမ္မလူတွင် ထွန်းသတည်း။

**ရေဖျက်သောကမ္ဘာ။** ။ရေဖျက်သော ကမ္ဘာ၌လည်း မီးဖျက်သော ကမ္ဘာ တွင် ဒုတိယနေထွက်ပေါ် ချိန်နှင့် မျှသော ကာလ၌ ရေငန်မိုးကြီးရွာ၍ ထိုကမ္ဘာဖျက်ရေငန်မိုးရေ ထိရာ ထိရာ ကြေမွလျက် ရေနှင့်

တကွ အလုံးစုံ ရှိရှိသမျှသော သင်္ခါရတို့သည် ကြေမွ ပျက်စီး လေကုန်၏။ အာကာသခေတ် စကြဝဠာတို့နှင့်အမျှ တခဲနက် မှောင်တိုက်ကြီးဖြစ်၍နေလေ၏။

**လေဖျက်သောကမ္ဘာ။** ။လေဖျက်သောကမ္ဘာ၌လည်း ဆိုခဲ့ပြီးသောအတိုင်း ဒုတိယ နေပေါ်ချိန်တွင် လေကြမ်းထ၍ အစဉ်အတိုင်း မှုန့် မှုန်ကြမ်း ကျောက်စရစ် ကျောက်ခဲ ကျောက်ဆောင် သစ်ပင်ကြီး ငယ် တောင်ငယ် တောင်ကြီး မြေကြီး မြင်းမိုရ်တို့သည် ဦးစောက်ပြောင်းပြန် ထက်အောက်လံ၍ မိုးယံ ကောင်းကင်သို့ လွင့်ပစ်တင်မြှောက်လေ၏။ အထက် ကောင်းကင် လဟာပြင်မှာ မြင်းမိုရ်တောင်ချင်းချင်း စကြဝဠာတောင်ချင်းချင်း မြင်းမိုရ်နှင့်စကြဝဠာတို့သည် သင့်ရာ သင့်ရာ တိုက်ခတ်ကြကုန်သဖြင့် မှုန့်မျှမကျန် ကြေမွပျက်စီးလေကုန်၏။ ထိုလေဖျက်သောအခါ၌ စကောတွင်း လင်ပန်းတွင်း မှာ ဆီးဖြူသီး သဖန်းခါးသီးတို့ကို ထည့်၍ လှုပ်ခါသကဲ့သို့ အာကာသခေတ်တည်းဟူသော ကောင်းကင်လင်ပန်းကြီးထဲ၌ ကုဋေတသိန်းမျှလောက်ကုန်သော ဆီးဖြူသီး သဖန်းခါးသီးနှင့်တူသော မြင်းမိုရ်တောင် စကြဝဠာတောင်တို့သည် အချင်းချင်း အတင်းရိုက်ခတ်ကြကုန်၏။ ကမ္ဘာလေကြီးကြောင့် ကြေမွ ပျက်စီးလေသောအခါတို့၌ အာကာသခေတ် တပြင်လုံးသည် မှောင်တုံး မှောင်ခဲကြီးဖြစ်၍ နေ၏။ ။ကမ္ဘာစ၍ တည်ပုံမှာ ပြဆိုခဲ့ပြီးသောအတိုင်းပင်တည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသောအတိုင်း (၁) ပျက်ဆဲ သံဝဋ္ဋအသင်္ချေယျကပ် (၂) ပျက်သောအတိုင်း တည်နေသော သံဝဋ္ဋဋ္ဌာယီကပ် (၃) ကမ္ဘာစ၍ဖြစ်ဆဲ ဝိဝဋ္ဋကပ် (၄) ဖြစ်ပြီးသောအတိုင်း တည်နေသော ဝိဝဋ္ဋဋ္ဌာယီကပ်၊ ဤ အသင်္ချေယျကပ်ပေါင်းလေးခုသည် ၈ကမ္ဘာခေါ်သော မဟာကပ်ကြီးတခု မည်၏။ ထိုကြောင့်—

**(၂၈၃) သင်္ချေလေးဖြာ၊ အပေါင်းမှာ၊ မဟာကမ္ဘာမှတ်။**

ဟူ၍ဆို၏။

ဝိသုဒ္ဓိမဂ်၌လည်း "ဣမာနိ စတ္တာရိ အသင်္ချေယျာနိ ဧကော မဟာကပ္ပေါ ဟောတိ" ဟူ၍ဆို၏။

**မဟာကပ်ကြီး၏ ရှည်ကြာပုံ။** ။ထိုကမ္ဘာခေါ်သော မဟာကပ်ကြီးသည် လွန်စွာရှည်ကြာ၏။အလျား အနံ့တယူဇနာ အစောက် တယူဇနာရှိသော တခဲနက် မာလှစွာသော ကျောက်တောင်ကြီးကို နူးညံ့သိမ်မွေ့လှစွာသော ဝါဂွမ်းစိုင်ဖြင့် အနှစ်တရာမှ တခါ အနှစ်တထောင်မှ တခါ ပွတ်တိုက်လေရာ ထိုကျောက်တောင်ကြီးသည် ကုန်သော်ကုန်ရာ၏။ မဟာကပ်သည် မကုန်ရာဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

**အသင်္ချေယျကပ်လေးခု ရှည်ကြာပုံ။** ။မဟာကပ်ကြီးကို လေးဘို့ပြု၍ ပထမ အဘို့သည် ဖြစ်ဆဲ ဝိဝဋ္ဋကပ်မည်၏။ ဒုတိယအဘို့သည် ဖြစ်ပြီးအတိုင်း တည်နေသော ဝိဝဋ္ဋဋ္ဌာယီကပ်မည်၏၊ တတိယ အဘို့သည် ပျက်ဆဲ သံဝဋ္ဋဋ္ဌာယီကပ်မည်၏၊ ပျက်ပြီးသောအတိုင်း တည်နေ သောစတုတ္ထအဘို့သည် သံဝဋ္ဋဋ္ဌာယီကပ် မည်၏။ (ဤသို့စီစဉ်မှ အလျဉ်းသင့် သည်)။

**သတ္တဝါတို့ နေရာကပ်နှင့် မနေရာကပ်။** ။ဤလေးကပ်တို့တွင် ဒုတိယဖြစ်သော ဝိဝဋ္ဋဋ္ဌာယီကပ်၌သာ သတ္တဝါတို့နေ ကြရကုန်သည်။ ကြွင်း ၃-ကပ်တို့၌ကား သတ္တဝါတို့၏နေရာ ကပ်မဟုတ်ကုန်။ ထိုအခါ၌ သတ္တဝါတို့သည် ဗြဟ္မာဘုံ၌ နေကြရကုန်၏။ သံသရာ၌ ကျင်လည်ကြ ရကုန်သော သတ္တဝါတို့သည် ဗြဟ္မာဘုံ၌ ကာလအားဖြင့် ကြာမြင့်၏၊ ပဋိသန္ဓေ အားဖြင့် ကာမဘုံ၌များ၏။

**သုညနှင့် အသုညကမ္ဘာ။** ။ကမ္ဘာတည်လာ၍ ထိုကမ္ဘာ၌ တရားဥဿုံ အလုံးစုံ ကို အကုန်သိမြင်တော်မူနိုင်သော မြတ်စွာဘုရား ပွင့်တော်မူရအံ့သော ကမ္ဘာသည် အသုညကမ္ဘာမည်၏၊ ထိုဘုရားရှင်တို့ ပွင့် တော်မမူအံ့သော ကမ္ဘာသည် ဘုရားသုဉ်းသောကြောင့် သုညကမ္ဘာ မည်၏။

**ဘုရားပွင့်သောကမ္ဘာများနှင့် ကြာနိမိတ်။** ။နိမိတ်လက္ခဏာအားဖြင့် ကမ္ဘာ တည်ဦး ပကတူးအခါတွင် မာရ် ငါးပါးကို အောင်မြင်၍ သစ္စာလေးပါးကို သိမြင်ရာ မဟာဗောဓိ အပရာဇိတ ပလ္လင်မြေသည် ရှေးဦးစွာပေါ် သည် ဟူ၏။ အပရာဇိတမဏ္ဍိုင် မြေဦးကိုင်၌ ကမ္ဘာ့ လက္ခဏာ ကြာပေါက်၍လာ၏၊ ထိုကြာရုံ၌ အပွင့် ပွင့်လျှင် ဘုရားပွင့်လတ္တံ့ သောကမ္ဘာဟူ၍ ဗြဟ္မာတို့ သိကြကုန်၏။ အပွင့်မပါလျှင် ဘုရားသုဉ်းသော သုညကမ္ဘာဟူ၍ သိကြကုန်၏။ ထိုကြာရုံ၌ ကြာပွင့်တခုလျှင် ဘုရားတဆူပွင့် လတ္တံ့သော သာရကမ္ဘာမည်၏။ ။ကြာပွင့် ၂-ခုပါလျှင် ၂-ဆူပွင့်လတ္တံ့ သော မဏ္ဍကမ္ဘာမည်၏။ ။ကြာပွင့် ၃-ခုပါလျှင် ၃-ဆူပွင့်လတ္တံ့သော ဝရ ကမ္ဘာမည်၏။ ။ကြာလေးပွင့်ပါလျှင် ၄-ဆူပွင့်လတ္တံ့သော သာရမဏ္ဍကမ္ဘာ မည်၏။ ။ကြာပွင့် ၅-ခုပါလျှင် ဘုရား ၅-ဆူပွင့်လတ္တံ့သော ဘဒ္ဒကမ္ဘာမည်၏။ ဤငါးတို့ကမ္ဘာကား ဘုရား ၅-ဆူတို့၏ ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာမြတ်ကြီးပေ တည်း။ ။ထိုကြောင့် လောကဝိဒူမော်ကွန်း၌—

ပေါ်ဦးကမ္ဘာ၊ လက်မွန်စွာသား၊ မဂ်လာ မြစ်၊ အာဏာခေတ်ကို၊
ထစ်ထစ်ရိုက်ကြူး၊ မိုးလုံးမြူးသော်၊ ငုံဖူးညွန့်ကိုက်၊ မဏ္ဍိုတိုက်ထက်၊

သမိုက်အပြင်၊ ပလ္လင်ရတနာ၊ တည်ရာတော်ချက်၊ ဘုမ္မိနက်ကား၊ အပျက် နောက်သေး၊ အဖြစ်ရှေးတည့်၊ နက်လေးနှစ်ထောင်း၊ မြေဦးခေါင်းနှင့်၊ ပွင့်ညောင်းမုံအာ၊ ပဒုမ္မာကို၊ သုညာသည၊ ကမ္ဘာ့နိမိတ်၊ ဘုရာ့ဟိတ် လျှင်၊ ဆိတ်အံ့ပွင့်လော၊ သဘောသိငါ၊ ကြည့်အံ့လာသည်၊ သုဒ္ဓါဝါသာ၊ ပြဟ္မာများတို့၊ပတ္တမြားပွင့်ချပ်၊ မမြင်လပ်မူ၊ ဤကပ်အလို၊ဖိုလ်ဖလဌာန်၊ နိဗ္ဗာန်ဟောကြား၊ တရားသတင်း၊ နတ်ကြောင်းကင်း၍၊ အလင်းမရှိ၊ မိုက်အတိဖြင့်၊ ဝိစိမြေထဲ၊ ငရဲပြည်ရွာ၊ စည်ပြောစွာလိမ့်၊ ခက်ဖြာငုံဖူး၊ ပန်းဦးခိုင်ဆင့်၊ လှိုင်ပေတင့်ကား၊ တပွင့်တဆူ၊ ဆွတ်ယူခန့်ချုံး၊ နှစ်သုံး လေးငါး၊ ဘုရားနှင့်ကြာ၊ အပါဆတ်ဆတ်။ ပြဟ္မာဘတ်၍၊ သတ္တပတ် သဘင်၊ မော်ကွန်းတင်သည်။ ။သို့စင်မဖြစ် တောင်းဘဲတည်း။ ။ဟူ၍ စပ်ဆို၏။

## ကမ္ဘာပျက်ပုံ

**(၂၀၅) မီး,ခုနစ်တန်၊ ရေတတန်၊ ရှစ်ပြန်ဆုံး-လေစောတ်။**

ဤဖြင့် ကမ္ဘာကို ဖျက်ဆီးတတ်သော သံဝဋ္ဋကပ် ၃-မျိုးတို့၏ ဖြစ်စဉ်ကို ပြဆို၏။

**မီး,ရေ,လေဖျက်ပုံ။**　 ။အစဉ်အတိုင်း ဆက်၍ မီးဖျက်သော ကမ္ဘာသည် ၇-ကမ္ဘာရှိ၏။ ရှစ်ကမ္ဘာမြောက်တွင် ရေဖျက်သော ကမ္ဘာပေတည်း။ ဤသို့လျှင် မီးဖျက်သော ကမ္ဘာ ၇-ခု၊ ရေဖျက်သော ကမ္ဘာ တခုဟူ၍ ရှစ်ခုရှစ်လီ သွားရာ၏။ ရှစ်ခုရှစ်လီစေ့သည့် ၆၄-ကမ္ဘာမြောက်တွင် ရေဖျက်မည့်အခါ လေဝင်၍ ဖျက်၏။ ကမ္ဘာပေါင်း ခြောက်ဆယ့်လေးကမ္ဘာကို စီ၍ထား။ ဤ ၆၄-ကမ္ဘာတွင် မီးဖျက်သောကမ္ဘာပေါင်း ၅၆-ပါးရှိ၏။ ရေ ဖျက်သောကမ္ဘာပေါင်း ၇-ကမ္ဘာရှိ၏။ လေဖျက်သောကမ္ဘာသည် နောက်ဆုံး ကမ္ဘာတခုဌသာ ရှိ၏။ ဤကိုရည်၍—

သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ။

ဟူ၍ ရှေးဆရာတို့ ဆိုကုန်၏။ ထင်ရှားသိသာရန် ကမ္ဘာပျက်ပုံ ဝီထိကို ပြပေအံ့—

မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။ မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။
မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။ မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။
မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။ မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။
မီး,မီး,မီး,မီး,မီး,မီး,မီး,-ရေ။ မီး,မီး,မီး,မီး,မီး,မီး,မီး,-လေ။

ဤကား ကမ္ဘာပျက်ပုံ အစီအစဉ် ဝီထိပုံပေတည်း။

ကမ္ဘာပေါင်း ၆၄-ကမ္ဘာရှိမှ လေဖျက်သောကမ္ဘာတခုမျှ ပါရှိလေသည်။ ၆၄-ကမ္ဘာစေ့ပြန်လျှင် ဤနည်းအတိုင်း မီးဖျက်သောကမ္ဘာကစ၍ တဖန် ၆၄-ကမ္ဘာပျက်ပြန်၏။ အနမတဂ္ဂသံသရာ၌ ရှိသမျှ အနန္တစကြဝဠာ ကမ္ဘာတွေကို မီး,ရေ,လေ သုံးပါးတို့ ဖျက်ဆီး၍ နေကုန်သည်။ မဟာဘုတ်လေးပါးတို့တွင် မီးဓာတ်,ရေဓာတ်,လေဓာတ် ဤ ၃-ပါးတို့သည် အားရှိ၍လာသော အခါ ကမ္ဘာကြီးကိုပင် ဖျက်ဆီးနိုင်လေကုန်သည်။ ကမ္ဘာတည်သောအခါ သူတို့ပင် တည်ကြကုန်သည်။

### ကမ္ဘာပျက်ရာ၌ပါသော ဗြဟ္မာဘုံများ

(၂၈၆) ပ,၃,တ ထွေ၊ ဈာန်ဘုံဗွေ၊ မီး,ရေ,လေ,နယ်မှတ်။

ဤဖြင့် သံဝဋ္ဋသုံးပါးတို့ဖြင့် ကမ္ဘာကြီး ပျက် စီးသောအခါ ပါဝင်သော ဗြဟ္မာဘုံတို့ကို ပြဆို၏။

**မီး,ရေ,လေဖျက်ရာဗြဟ္မာဘုံများ။** ။မီးဖျက်သောကမ္ဘာ၌ ပထမဈာန်သုံးဘုံ အကုန်ပါလေ၏၊ ထို့ကြောင့် ပထမဈာန် ၃-ဘုံသည် မီး၏နယ်မည်၏။ ရေဖျက်သောကမ္ဘာ၌ ဒုတိယဈာန် ၃-ဘုံ အကုန်ပါလေ၏။ ထို့ကြောင့် ဒုတိယဈာန် ၃-ဘုံသည် ရေ၏နယ်မည်၏။ လေဖျက်သောကမ္ဘာ၌ တတိယဈာန် ၃-ဘုံ အကုန်ပါလေ၏။ ထို့ကြောင့် တတိယဈာန် ၃-ဘုံသည် လေ၏နယ်မည်၏။ စတုတ္ထဘုံတို့ကား တစုံတရာသော ဖျက်ဆီးမှုတို့ဖြင့် ထိခိုက်နိုင်သောဘုံ မဟုတ်ကြကုန်။ ထို့ကြောင့်—

"အဂ္ဂိနာ ဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ"။

ဟူ၍ ရှေးဆရာတို့ ဆိုကုန်၏။ အနက်ကား။ အာဘဿရာ၊ အာဘဿရာဘုံ အုပ်စိုးသော ဒုတိယဈာန်ဘုံမှ။ ဟေဋ္ဌာ၊ အောက် တပြင်လုံး၌။ အဂ္ဂိနာ၊ ကမ္ဘာမီးဖြင့်။ ဝိနဿတိ၊ ပျက်စီး၏။ သုဘကိဏှတော၊ သုဘကိဏှာဘုံ အုပ်စိုးသော တတိယဈာန် ၃-ဘုံမှ။ ဟေဋ္ဌာ၊ အောက်တပြင်လုံး၌။ အာပေန၊ ကမ္ဘာရေဖြင့်။ ဝိနဿတိ၊ ပျက်စီး၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်တပြင်လုံး၌။ ဝါတေန၊ ကမ္ဘာလေဖြင့်။ ဝိနဿတိ၊ ပျက်စီး၏။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ လောကော၊ လောကကြီးသည်။ ဝိနဿတိ၊ ပျက်စီးရလေ၏။

### ဇာတိ,အာဏာ,ဝိသယခေတ် သုံးပါး

(၂၈၇) ဇာတိ,အာဏာ၊ဝိသယာ၊ သုံးဖြာ လောကခေတ်။

ဤဖြင့် ခေတ်သုံးပါးကို ပြဆိုပြန်၏။

**ခေတ်မည်ပုံနှင့် ခေတ် ၃-ပါး။** ။"ခိပန္တိ ဥပ္ပဒ္ဒဝသေန သင်္ခါရာ ဧတ္ထာတိ ခေတ္တံ"။ ဧတ္ထ၊ ဤအရာ၌။ သင်္ခါရာ၊ ရှိရှိသမျှ သင်္ခါရတို့သည်။ ဥပ္ပဒ္ဒဝသေန၊ ဥပဒ်ဖြစ်ပေါ်သည်၏အစွမ်းအားဖြင့်။ ခိပန္တိ၊ ပစ်ချကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ခေတ္တံ၊ ခေတ္တမည်၏။ သင်္ခါရတို့၏ ဖြစ်ရာပစ်ချရာသည် ခေတ်မည်၏ ဟူလို။

ထိုခေတ်သည် ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်ဟူ၍ ၃-ပါးအပြားရှိ၏။ ထိုတွင် စကြဝဠာပေါင်းတသောင်းသည် ဇာတိခေတ်မည်၏။ စကြဝဠာပေါင်း ကုဋေတသိန်းသည် အာဏာခေတ်မည်၏။ စကြဝဠာ အသင်္ချေယျ အနန္တသည် ဝိသယခေတ် မည်၏။ ထိုကြောင့်—

(၂၀၈) သောင်း,သိန်း ကုဋေ၊ အသင်္ချေ၊ သုံးထွေ အစဉ်ဟာ်။

ဟူ၍ဆိုပေသည်။

**ဇာတိခေတ်။** ။မြတ်စွာဘုရားရှင်တို့၏ ပဋိသန္ဓေတည်နေသောအခါ ဖွားတော်မူသောအခါ ဘုရားပွင့်တော်မူသောအခါ ဓမ္မစကြာတရားဟောတော်မူသောအခါ တန်ခိုးပြာဋိဟာပြတော်မူသောအခါ အဘိဓမ္မာတရားဟောတော်မူသောအခါ အာယုသင်္ခါရလွှတ်တော်မူသောအခါ ပရိနိဗ္ဗာန်စံတော်မူသောအခါတို့၌ တပြိုင်နက် တချက်တည်း နိမိတ်ကြီးပြရာ ဖြစ်သောကြောင့် ဇာတိခေတ်ခေါ်သည်။

**အာဏာခေတ်။** ။ရတနသုတ်ပရိတ်, မေတ္တသုတ်ပရိတ်, အာဋာနာဋိယသုတ်ပရိတ်စသော ပရိတ်တော် အာဏာတော်တို့၏ ပြန့်နှံ့ရာဖြစ်သောကြောင့် အာဏာခေတ်ခေါ်သည်။

**ဝိသယခေတ်။** ။သဗ္ဗညုမြတ်စွာဘုရားတို့၏ သဗ္ဗညုတဉာဏ်တော်၏ ကျွန်းမြူးကျက်စားရာအာရုံဖြစ်သောကြောင့် ဝိသယခေတ်ခေါ်သည်။

မီး,ရေ,လေတို့ ဖျက်သောအခါကာလတို့၌ စကြဝဠာကုဋေတသိန်းသည် အလုံးစုံ ပျက်စီးလေ၏။ အာဏာခေတ်ဟုဆိုအပ်သော စကြဝဠာကုဋေတသိန်းသည် ဖြစ်လျှင်အတူ တူ ပျက်လျှင် အတူတူ ဖြစ်ဖော်ဖြစ်ဖက် ပျက်ဖော်ပျက်ဖက် မည်ချေ၏။ ထိုကြောင့်—

(၂၀၉) ဖြစ်ပျက်နှစ်ဖြာ၊ အတူမှာ၊ အာဏာခေတ်ဟုမှတ်။

ဟူ၍ဆိုပေသည်။

ဝိသုဒ္ဓိမဂ်၌လည်း—

"ကောဋိသတသဟဿေကံ၊ စက္ကဝါဠံ ဝိလီယတိ။
ကပ္ပိတေန ယဒါ လောကော၊ သလိလေန ဝိနဿတိ"။

စသည်ဖြင့် စကြဝဠာကုဋေတသိန်း တပြိုင်နက်ပျက်စီးကြောင်းကို ဆို၏။ အာဏာခေတ်၏ ပြင်ဘက်၌ရှိသော စကြဝဠာတို့ကိုမူကား ကူးဆက်၍ မဖျက်ဆီးနိုင်။ အာဏာခေတ်ပြင်ဘက် စကြဝဠာတို့ ပျက်စီးရာတို့၌လည်း ထို့အတူ ဤအာဏာခေတ်ကို ကူးရှက်၍ မဖျက်ဆီးချေ။ စကြဝဠာသည် အသင်္ချေယျ အနန္တရှိနေသောကြောင့် ဘယ်အခါမဆို ပျက်ဆဲလည်း ရှိကြကုန်၏။ တည်ဆဲလည်း ရှိကြကုန်၏။ စကြဝဠာကုဋေ တသိန်း၏ အောက်၌ ရှိသော ရေပြင်ကြီးသည် တသားတည်း တဆက်တည်း ရှိနေသောကြောင့် ပျက်လျှင် အတူ ပျက်၍ ဖြစ်လျှင်အတူ ဖြစ်ရလေသည်။ ဤမှနောက်၌ ဗြဟ္မာတို့၏ အသက်တမ်းကို ဆိုပေလတ္တံ့။

## ဗြဟ္မာတို့၏ အသက်တမ်း

(၂၉၀) ကပ်အန္တရ၊ ကော် ဝီသ၊ ဗြဟ္မပါရိ-သက်။

## ပထမဈာန် ၃-ဘုံသက်တမ်း

ဗြဟ္မပါရိသဇ္ဇာသက်တမ်း။ ။ဗြဟ္မပါရိသဇ္ဇာတို့သည် အန္တရကပ်ပေါင်း ၂၁-ကပ် ကျော်ကျော် အသက်ရှည်ကုန်၏။ အသင်္ချေယျကပ် တခုမှာ အန္တရကပ်ပေါင်း ၆၄-ကပ် ရှိ၏။ဗြဟ္မပါရိသဇ္ဇာတို့၏ အသင်္ချေယျကပ်၏ သုံးပုံတပုံ သုံးဘို့တဘို့ သုံးပိုင်းတပိုင်း အသက်ရှည်ကြခြင်းကြောင့် အန္တရကပ်ပေါင်း ၂၁-ကပ်သာသာ ၂၁-ကပ်ကျော်ကျော် ဆိုသည်။ ၆၄-ကပ်ကို ၃-ပိုင်း ပိုင်းလျှင် ၂၁ ကပ်နှင့် ၃ ပိုင်းတပိုင်း။ တကပ်၏ ၃ ပိုင်းတပိုင်း ရှိ၏။ "အပ္ပကံ ဦနံ ဝါ အဓိကံ ဝါ ဂဏနူပဂံ န ဟောတိ"ဟူသည်နှင့်အညီ အနည်းငယ်ပိုလွန်သည်ကို စကားတခု မပြုလေဘဲသဖြင့် "ကပ်အန္တရ၊ ကော် ဝီသ၊ ဗြဟ္မပါရိသက်" ဟူ၍ ဆိုပေသည်။

(၂၉၁) ကပ်အန္တရ၊ ဗာတ္တိံသ၊ ဗြဟ္မပုရော-သက်။

ဗြဟ္မပုရောဟိတာတို့သက်တမ်း။ ။အန္တရကပ်ပေါင်း ၃၂- ကပ်သည် ဗြဟ္မပုရောဟိတာတို့၏ အသက်တမ်းပေတည်း။ အသင်္ချေယျကပ်၏ ထက်ဝက် အသက်ရှည်ကုန်သည်။

(၂၉၂) ခြောက်ဆဲ့လေးဖြာ၊ သင်္ချေယျာ၊ မဟာဗြဟ္မာ-သက်။

**မဟာဗြဟ္မာတို့သက်တမ်း။**　။အန္တရကပ်ပေါင်း ၆၄၊ အသင်္ချေယျကပ် တခုသည် မဟာဗြဟ္မာတို့၏ အသက်တမ်း မည်၏။ ဤပထမစျာန် ၃-ဘုံသည် မီး,ရေ,လေ ဖျက်ဆီးရာတို့၌ တခါမျှ လွတ်လေသည် မရှိ။ ဖျက်တိုင်းပင် ပါရလေသောကြောင့် ထိုဘုံ၌ဖြစ်သော ဗြဟ္မာတို့သည် မဟာကပ်တခုမျှ အသက်မရှည်နိုင်ကြလေကုန်။

**ပထမစျာန်ဘုံများ ပျက်ပုံ,တည်ပုံ။**　။တေဇောသံဝဋ္ဋကပ်၌ ပထမစျာန် ၃-ဘုံသည် ပျက်သောအခါ နောက်ဆုံးမှ ပျက်၍ ဖြစ်သောအခါ ရှေးဦးစွာဖြစ်ပေ၏။ ထိုကြောင့် ဝိဝဋ္ဋအသင်္ချေယျကပ်၏ နောက်ထက်ဝက်အပိုင်းနှင့် သံဝဋ္ဋအသင်္ချေယျကပ်၏ နောက်ထက်ဝက်အပိုင်းကို စပ်၍ အသင်္ချေယျကပ်တခု။ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျ ကပ်တခု။ ဤသို့ ရသမျှ အဓိပ္ပါယ်ကိုယူ၍ ထိုပထမစျာန်ဘုံသည် အသင်္ချေယျ ၂-ကပ်စာ အသက်ရှည်ကြ၏။ ထိုကြောင့် မဟာဗြဟ္မာတို့မှာ အသင်္ချေယျ ၂-ကပ်။ဗြဟ္မပုရောဟိတ်တို့မှာ မဟာဗြဟ္မာတို့၏ ထက်ဝက် ဗြဟ္မပါရိသဇ္ဇာတို့မှာ မဟာဗြဟ္မာတို့၏ သုံးပုံ တပုံ အသက်ရှည်၏ ဟူ၍လည်း ယူသင့်သေး၏၊ သေချာစွာ စဥ်းစားလေ။ တခုသောကာ၏ အတွက်ကြောင့် တခုတည်းသောဘုံမှာပင် အကျိုးပေးခြင်း ရှိကြကုန်သော်လည်း ရရှိခဲ့သောစျာန်၏ အထက်အနိမ့် အဆင့်ဆင့်ရှိလေသောကြောင့် အသက်တမ်း မတူဘဲရှိကြလေသည်။ဟီနပထမစျာန်ကြောင့် ဗြဟ္မပါရိသဇ္ဇာဖြစ်ရ၏။　မဇ္ဈိမပထမစျာန်ကြောင့် ဗြဟ္မပုရောဟိတ်ဖြစ်ရ၏။ ပဏီတ ပထမစျာန်ကြောင့် မဟာဗြဟ္မာဖြစ်ရ၏။ ဤသို့ အကြောင်းဖြစ်သော စျာန်ကွဲပြားမှုကြောင့် ပထမစျာန်ဘုံဗြဟ္မာတို့လည်း အသက်မတူဘဲ ကွဲပြားကြကုန်သည်။

**ဒုတိယစျာန်ဘုံဗြဟ္မာတို့သက်တမ်း**

(၂၉၃) နှစ်,လေး,ရှစ်သာ၊ ကပ်မဟာ၊ သုံးဖြာ ၃-ဘုံ-သက်။

ဤဖြင့် ဒုတိယစျာန် ၃-ဘုံ ဗြဟ္မာတို့၏ အသက်တမ်းကို ပြဆို၏။

ကမ္ဘာခေါ်သော မဟာကပ်နှစ်ခုသည် ပရိတ္တာဘာဗြဟ္မာတို့၏ အသက်တမ်းပေတည်း။ မဟာကပ်လေးခုသည် အပ္ပမာဏာဘာဗြဟ္မာတို့၏ အသက်ဟမ်းပေတည်း။ မဟာကပ်ရှစ်ခုသည် အာဘဿရာဗြဟ္မာတို့၏ အသက်တမ်းပေတည်း။ ရေဖျက်သောအခါမှ ဒုတိယစျာန် ၃-ဘုံ ပါရှိလေသည်။ မီးဖျက်သောအခါ၌မူကား ထိုဒုတိယစျာန်ဘုံ မပါချေ။ ထိုကြောင့် မဟာကပ် ၂-ကပ်စသည်ဖြင့် အသက်ရှည်နိုင်ကုန်သည်။

## တတိယစျာန်ဘုံပြဟ္မာတို့သက်တမ်း

(၂၉၄) ရှစ်ကမ္ဘာတွင်၊ ထမ်းပိုးတင်၊ သုံးခွင်-တဘုံ-သက်။

ဤဖြင့် တတိယစျာန် ၃-ဘုံ ပြဟ္မာတို့၏ အသက်တမ်းကို ပြဆို၏။

မဟာကပ် ၁၆-ခုသည် ပရိတ္တသုဘာပြဟ္မာတို့၏ အသက်တမ်းပေတည်း။ မဟာကပ် ၃၂-ခုသည် အပ္ပမာဏသုဘာပြဟ္မာတို့၏ အသက်တမ်း ပေတည်း။ မဟာကပ် ၆၄-ခုသည် သုဘကိဏှပြဟ္မာတို့၏ အသက်တမ်းပေတည်း။ မီး ရေတို့ ဖျက်ရာတွင် ထိုတတိယစျာန် ၃-ဘုံ မပါလေဘဲ လေဖျက်သော ကမ္ဘာတွင်မှ ပါလေသောကြောင့် ၆၄-ကပ်ဘိုင်တိုင်ပင် အသက်ရှည်နိုင်လေသည်။ကမ္ဘာပေါင်း ၆၄-ကပ် ၆၄-ကပ်ရှိမှ လေတကြိမ် တကြိမ်သာ ဖျက်လေသည်။

## စတုတ္ထစျာန်ဘုံပြဟ္မာတို့သက်တမ်း

(၂၉၅) ဝေဟပ်ဖ်သညာ၊ ကင်ငါးရာ၊ သုဒ္ဓါထမ်းပိုးတက်။

ဤဖြင့် စတုတ္ထစျာန်ပြဟ္မာ ၇-ဘုံတို့၏ အသက်တမ်းကို ပြဆို၏။

မဟာကပ်ငါးရာတို့သည် ဝေဟပ္ဖိုလ်ပြဟ္မာတို့၏ အသက်တမ်း ပေတည်း။ အသညသတ်ပြဟ္မာတို့၏ အသက်တမ်းသည်လည်း မဟာကပ် ၅၀၀-ပင်ဖြစ်၏။ ထိုငါးရာကို ထမ်းပိုးတက်လျှင် အစဉ်အတိုင်း သုဒ္ဓါဝါသပြဟ္မာတို့၏ အသက်တမ်း ဖြစ်၏။ မဟာကပ်တထောင်သည် အဝိဟာပြဟ္မာတို့၏ အသက်တမ်းဖြစ်၏။ မဟာကပ် နှစ်ထောင်သည် အတပ္ပါပြဟ္မာတို့၏ အသက်တမ်းဖြစ်၏။ မဟာကပ် လေးထောင်သည် သုဒဿာပြဟ္မာတို့၏ အသက်တမ်းဖြစ်၏။ မဟာကပ်ရှစ် ထောင်သည် သုဒဿီပြဟ္မာတို့၏ အသက်တမ်းဖြစ်၏။ မဟာကပ်တသောင်း ခြောက်ထောင်သည် အကနိဋ္ဌပြဟ္မာတို့၏ အသက်တမ်းဖြစ်၏။ ဤစတုတ္ထစျာန် ဘုံ၌မူကား ကမ္ဘာကိုဖျက်ဆီးတတ်သော မီး ရေ လေတို့အတွက် တစုံတရာ အသက်တမ်း ဆုတ်ယုတ်ဖွယ် မရှိလေပြီ။

## အရူပပြဟ္မာတို့သက်တမ်း

(၂၉၆) နှစ်သောင်း၊ လေးသောင်း၊ ခြောက်သောင်းတလှစ်၊ ရှစ်သောင်း လေးထောင်၊ သချာဆောင်၊ အခေါင် ဘုံဘဝဂ်။

ဤဖြင့် အစဉ်အတိုင်း အရူပလေးဘုံပြဟ္မာတို့၏ အသက်တမ်းကို ပြဆို၏။

ပထမအရူပဘုံ၌ မဟာကပ်ပေါင်း နှစ်သောင်း အသက်တမ်းရှိ၏။ ဒုတိယ အရူပဘုံ၌ မဟာကပ်ပေါင်း လေးသောင်း အသက်တမ်းရှိ၏။တတိယအရူပဘုံ၌ မဟာကပ်ပေါင်း ခြောက်သောင်း အသက်တမ်းရှိ၏။ စတုတ္ထအရူပဘုံ၌ မဟာ

ကပ်ပေါင်း ရှစ်သောင်းလေးထောင် အသက်တမ်းရှိ၏။ ။ဗြဟ္မာတို့၏အသက်တမ်း ပြီး၏။

ဤသို့လျှင် အလွန်ရှည်ကြာလှစွာသော ကမ္ဘာကြီးတွေကို ရေတွက်၍ အသက်ရှည်ကုန်သော ဗြဟ္မာတို့ပင်သော်လည်း သခါရဓမ္မနယ်ကို မလွန်နိုင်ကြကုန်သေးသဖြင့် အသက်တမ်းကုန်လျှင် ကံအားလျော်စွာ ဖရိုဖရဲ ကျလိုရာကျ တင်လိုရာတင် အဆင်သင့်သည့်အတိုင်း ဖြစ်ကြရကုန်၏။ ဝိနိပါတသဘောကို မလွန်နိုင်ကြလေကုန်။

ဒီဃာယုကာပိ ဗြဟ္မာနော၊ ဣဒ္ဓိမန္တော ဇုတိန္ဓရာ။
ပတန္တိ ယထာကမ္မံ တေ၊ စဝန္တိ အပရာပရံ။

ဣဒ္ဓိမန္တော၊ တန်ခိုးအာနုဘော်ကြီးမားကုန်သော။ ဇုတိန္ဓရာ၊ အရောင်အဆင်းကို ဆောင်ကုန်သော။ ဒီဃာယုကာ၊ အလွန်တရာ ရှည်ကြာသော အသက်ရှိကြကုန်သော။ ဗြဟ္မာနောပိ၊ ဗြဟ္မာတို့ပင်သော်လည်း။ အပရာပရံ၊ အဆင့်ဆင့်။ စဝန္တိ၊ စုတိကြရကုန်၏။ တေ၊ ထိုဗြဟ္မာကြီးတို့သည်။ ယထာကမ္မံ၊ ကံအားလျော်စွာ။ ပတန္တိ၊ သံသရာဝဲ၌။ အဖန်တလဲလဲ ကျရောက်ပြန်ရကုန်၏။

အသက်တမ်းကို ပြဆိုခန်း ပြီး၏။

---

## (င) ကံကို ပြဆိုခန်း

**ကိစ္စအားဖြင့် ကံ ၄-မျိုး။** ။ကိစ္စအားဖြင့်—(၁) ဇနကကံ (၂) ဥပတ္ထမ္ဘကကံ (၃) ဥပပီဠကကံ (၄) ဥပဃာတကကံ ဟူ၍ လေးပါးရှိ၏။

(၂၉၇) ပဋိသန္ဓိ၊ ပဝတ္တိ၊ ဝိပါက်ကဋတ္တာ။
(၂၉၈) ဖြစ်ပွါးစေမှု၊ ကျေးဇူးပြု၊ ကု,ကု ဇနကာ။

ဤဖြင့် ဇနကကံကို ပြဆို၏။

**ဇနကကံ။** ။ပဋိသန္ဓေအခါ,ပဝတ္တိအခါတို့၌ ဝိပါက်တည်းဟူသော နာမက္ခန္ဓာ, ကဋတ္တာရုပ်ဟု ဆိုအပ်သော ရူပက္ခန္ဓာကို ဖြစ်စေနိုင်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာစုသည် ဇနကကံမည်၏။ (ကမ္မဇရုပ်ကို ကဋတ္တာရုပ်ခေါ်သည်)။

ကမ္မပထမြောက်သော ကံတို့သည်သာလျှင် ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်ကုန်၏။ ပဝတ္တိအခါ၌မူကား ကမ္မပထမြောက်သည်ဖြစ်စေ မမြောက်သည်ဖြစ်စေ ကုသိုလ်, အကုသိုလ်စေတနာမှန်လျှင် အကျိုးကို ဖြစ်စေနိုင်၏။ အယုတ်သဖြင့်

ပဉ္စဒွါရဝီထိ၌ဖြစ်သော ပဉ္စဒွါရိကစေတနာသည်လည်း ပဝတ္တိအကျိုးကို ပေးနိုင်၏။ အိပ်မက်၌ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာသည်လည်း ပဝတ္တိအကျိုးကို ပေးနိုင်၏။

"ဝိပါကက္ခန္ဓ ကမ္မဇရူပါနိ ဇနေတီတိ ဇနကံ"။ ဝိပါကက္ခန္ဓ ကမ္မဇရူပါနိ၊ ဝိပါက်ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇနကံ၊ ဇနကကံမည်၏။

(၂၉၉) ထောက်ပံ့သမျှ၊ ကျေးဇူးပြု၊ ဥပတ္ထမ္ဘကာ။

ဤဖြင့် ဥပတ္ထမ္ဘကကံကို ပြဆို၏။

**ဥပတ္ထမ္ဘကကံ**။ ။"ကမ္မန္တရံ ဝါ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ။ ကမ္မန္တရံ ဝါ၊ ကံတပါးကိုသော်ငြင်း။ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ၊ ကံတပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကိုငြင်း။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပတ္ထမ္ဘကံ၊ ဥပတ္ထမ္ဘကကံမည်၏။

အကျိုးပေးခြင်းငှါ အခွင့်မရသေးသော ကုသိုလ်, အကုသိုလ်စေတနာသည်ငြင်း၊ အကျိုးပေးပြီးဖြစ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာသည်ငြင်း ဥပတ္ထမ္ဘကကံမည်၏။ ထိုဥပတ္ထမ္ဘကကံသည် ဇနကကံလည်း ဟုတ်၏။ သို့ရာဘွင် မိမိကိုယ်တိုင် အကျိုးမပေးခင်သော်ငြင်း၊ အကျိုးပေးပြီးမှသော်ငြင်း ကံတပါးကို ထောက်ပံ့သော ကံပေတည်း။ ထိုကြောင့် ဥပတ္ထမ္ဘက ဆိုရလေ၏။ကံတပါးကြောင့်ဖြစ်နေသော ရုပ်ခန္ဓာအစဉ်, နာမ်ခန္ဓာအစဉ်များကိုလည်း ထောက်ပံ့သေး၏။ ကျမ်းဦးအစ၌ ရတနတ္တယပဏာမစေတနာများကဲ့သို့မှတ်။

ဝိသုဒ္ဓိမဂ်၌ ဥပတ္ထမ္ဘကကံသည် ဝိပါက်ကို မဖြစ်စေနိုင် အကျိုးမပေးနိုင်ဟု ဆို၏။ထိုစကားကို အကျိုးပေးရန် အလှည့်မသင့် အခွင့်မရသေးသော ဥပတ္ထမ္ဘကကံကိုသာ ရည်၍ ဆိုသည်ဟု မှတ်ရာ၏။ ထိုစကား မှန်၏—အကြောင်းညီညွတ်ခဲ့ပါလျှင် တစုံတခုသော ကံသည် ပဝတ္တိအကျိုးမျှကိုမှ မပေးနိုင်သည်ဟူ၍ မရှိချေ။ ကံတပါးကို ထောက်ပံ့မှုမည်သည်ကား အကျိုးပေးရန် အခွင့်မရသေးသော တပါးသော ဇနကကံကို အကျိုးပေးနိုင်အောင် အခွင့်ပြုခြင်းပင်တည်း။ အကျိုးပေးဘို့ အချိန်ကို ရအောင် ရွက်ဆောင်မှု ဆိုလိုသည်။ ထိုသို့ ကံတပါးကို ထောက်ပံ့မှုသည် သေခါနီး မရဏာသန္နအခါတို့၌ ထင်ရှားလှ၏။ ထိုစကားမှန်၏—ထိုမရဏာသန္နအခါ၌ ကုသိုလ်ဇောစောလျှင် ပဋိသန္ဓေကို ဖြစ်စေလတ္တံ့သော တပါးသော ကုသိုလ်ဇနကကံသည် အခွင့်ရလေ၏။ အကုသိုလ်ဇောစောသည်ရှိသော် ပဋိသန္ဓေကို ဖြစ်စေလတ္တံ့သော တပါးသော အကုသိုလ်ဇနကကံသည် အခွင့်ရလေ၏။ ဣဘိဝုတ်ပါဠိတော်၌လည်း—

(၁) ဣမသ္မိံစာယံ သမယေ၊ ကာလင်္ကိရိယာထ ပုဂ္ဂလော[၁]။
သဂ္ဂမှိ ဥပပဇ္ဇေယျ၊ စိတ္တဥ္စိဿ ပသာဒိတံ။

(၂) ဣမသ္မိံစာယံ သမယေ၊ ကာလင်္ကိရိယာထ ပုဂ္ဂလော[၁]။
နိရယေ ဥပပဇ္ဇေယျ၊ စိတ္တဥ္စိဿ ပဒူသိတံ။

ဟူ၍ ဟောတော်မူ၏။

ဣမသ္မိံသမယေစ၊ ဤအခါ၌ကား။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကာလင်္ကိရိယာထ၊ သေလွန်ရာ၏။ သဂ္ဂမှိ၊ နတ်ပြည်၌။ ဥပပဇ္ဇေယျ၊ အကယ်၍ ဖြစ်ရငြားအံ့။ ဟိ၊ စင်စစ်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ပသာဒိတံ၊ သဒ္ဓါယှဉ်၍ ကြည်လင်လေ၏။ (ဤကား သုက္ကပက္ခ)။

ဣမသ္မိံ သမယေစ၊ ဤအခါ၌ကား။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ကာလင်္ကိရိယာထ၊ သေလွန်ရာ၏။ နိရယေ၊ ငရဲ၌။ ဥပပဇ္ဇေယျ၊ အကယ်၍ ဖြစ်ရငြားအံ့။ ဟိ၊ စင်စစ်။ အဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ပဒူသိတံ၊ ဖျက်ဆီးလေ၏။ ဝါ၊ အကုသိုလ်အဘို့ဖြင့် ဖျက်ဆီးအပ်လေ၏။

ပဝတ္တိအခါ၌လည်း ထိုဉပတ္ထမ္ဘကကံကို များသောအားဖြင့် ရအပ်၏။ ကံတပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကို ထောက်ပံ့မှုမည်သည်ကား တစုံတခုသော မိမိမှတပါးသော ကုသိုလ်ကံသည်ရင်း၊ အကုသိုလ်ကံသည်ရင်း အကျိုးပေးခွင့်ကို ရသဖြင့် ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်အစဉ်ကို ဖြစ်စေ၏။ ထိုသို့ အခွင့်မရှိသော ကံတပါးကြောင့် ဖြစ်နေသော နာမ်ခန္ဓာအစဉ် ရုပ်ခန္ဓာအစဉ်၏ ပျက်စီးစေတတ်သော အန္တရာယ်အမျိုးမျိုးကို ပယ်ရှား၍ အသက်၏ အစောင့် အရှောက် အရံအတားတို့ကို ဆောင်နှင်းလျက် ရှည်မြင့်စွာ တည်တံ့အောင် ဖြစ်စေမှုတည်း။ ထိုသို့သော ဥပတ္ထမ္ဘကကံမျိုးကို ရည်တော်မူ၍—

အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤအရာ၌ ကုသိုလ်ဖြစ်သော ဥပတ္ထမ္ဘကကံသည် အကုသိုလ်ဇနကကံကြောင့် ဖြစ်သော ခန္ဓာအစဉ်ကို မထောက်ပံ့ဟူ၍ မဆိုထိုက်။ အကုသိုလ်ဥပတ္ထမ္ဘကကံသည်လည်း ကုသိုလ်ကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို မထောက်ပံ့ဟူ၍ မဆိုထိုက်ချေ။ ထင်ရှားစေအံ့— အကုသိုလ်ကံကြောင့် ဖြစ်နေကြရကုန်သော တန်းခိုးအာနုဘော် အရှိန်အဝါ ကြီးမားကုန်သော နဂါး, ဂဠုန် စသည်တို့၏ ခန္ဓာအစဉ်သည် ပဝတ္တိအခါ ရှေးက ပြုခဲ့ဘူးသော ကုသိုလ်ဥပတ္ထမ္ဘကကံသည်

[၁] ဆဠမူ၌ "ဣမမှိ စာယံ သမယေ၊ ကာလံ ကယိရာထ ပုဂ္ဂလော"ဟု ပါရှိသည်။

ထောက်ပံ့အပ်သည်ဖြစ်၍ ချမ်းသာကောင်းမွန် ကြီးပွါးစည်ကားခြင်း စသည်ဖြင့် ဖြစ်ရ၏။ ထိုအတူ ကုသိုလ်ကံကြောင့် ဖြစ်ရကုန်သော အချို့ကုန်သော ဝိနိပါ-တိကအသုရာစသည်တို့၏ ခန္ဓာအစဉ်သည်လည်း ပဝတ္တိအခါ၌ ရှေးကပြုခဲ့ဘူးသော အကုသိုလ်ဥပတ္ထမ္ဘကကံသည် ထောက်ပံ့အပ်သည်ဖြစ်၍ ကြာမြင့်စွာ ဆင်းရဲဒုက္ခကို ခံ၍နေရ၏။

(၃၀၀) နှိပ်စက်ညှဥ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဘိစီးပြု၊ ဥပပီဠကာ။

ဤဖြင့် ဥပပီဠကကံကို ပြဆို၏။

**ဥပပီဠကကံ။** ။"ကမ္မန္တရံ ဝါ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ ဥပပီဠေတီတိ ဥပပီဠကံ"။ ကမ္မန္တရံ ဝါ၊ ကံတပါးကိုင်း။ ကမ္မနိဗ္ဗတ္တ-ခန္ဓသန္တာနံ ဝါ၊ ကံတပါးကြောင့် ဖြစ်သော ခန္ဓာအစဉ်ကိုင်း။ ဥပပီဠေတိ၊ ကပ်၍နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပပီဠကံ၊ ဥပပီဠကကံမည်၏။ ကံတပါးကိုင်း ကံတပါးကြောင့် ဖြစ်၍နေသော ခန္ဓာအစဉ်ကိုင်း ဆုတ်ယုတ်လျော့ပါးလေအောင် ညှိုးနွမ်းသိမ်ငယ်လေအောင် ဘိစီးနှိပ်စက်သော ကုသိုလ် အကုသိုလ်စေတနာစုသည် ဥပပီဠကကံမည်၏။ ထို ဥပပီဠကကံသည် ဇနကကံလည်း ဟုတ်၏။ သို့ရာတွင် မိမိ၏ အကျိုးပေးရန် အခွင့်ကို မရခင်သော်၎င်း၊ အကျိုးပေးပြီးသော နောက်မှသော်၎င်း၊ အကျိုးပေးရန် အကြိမ်အလှည့်ကို ယူဆဲအခါ၌သော်၎င်း ကံတပါးကို အားနည်းသိမ်ငယ်လေအောင် နှိပ်စက်လေ၏။ ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုလည်း နှိပ်စက်ဘိစီးလေ၏။ ထိုကြောင့် ဥပပီဠကကံ ခေါ်ရ၏။

**ဥပပီဠကကံ၏ နှိပ်စက်ပုံ။** ။ထိုစကားရပ်၌ ဥပပီဠကကံ၏ ကံတပါးကို နှိပ်စက်မှုမည်သည်ကား မိမိမှတပါးသော ဇနကကံတခုကို အနိုင်အထက် အားနည်းအောင် ပြုမူပေတည်း။ ထိုစကား မှန်၏။ ကံတို့မည်သည် ပြုလုပ်ဆဲအခါ၌ အားကြီးပင် ကြီးပါသော်လည်း နောက်အခါတို့၌ ဆန့်ကျင်ဘက်ဖြစ်သော ကံတပါး၏ နှိပ်စက်ညှဥ်းပန်းမှုကို ခံရသည်ရှိသော် အားအစွမ်းကုန်ခန်းခြင်းသို့ ရောက်ရပြန်ကုန်၏။ ထိုသို့ နှိပ်စက်မှုကို ခံရကုန်သည်ရှိသော် အထက်အထက်ဘုံ၌ အကျိုးပေးလတ္တံ့သည် ဖြစ်ကုန်သော်လည်း အောက်အောက်ဘုံတို့၌သာလျှင် အကျိုးပေးကြရကုန်၏။ ဘုန်းတန်းခိုးကြီးသော ဌာနတို့၌ ဖြစ်လတ္တံ့သော သဘောရှိကုန်သော်လည်း ဘုန်းငယ် တန်းခိုးငယ်သော ဌာနတို့၌ ဖြစ်စေကုန်၏။ ထိုအတူ အမျိုးမြတ်၌ အကျိုးပေးလတ္တံ့ ဖြစ်ကုန်သော်လည်း အမျိုးယုတ်၌ အကျိုးပေးကုန်၏။ အသက်ရှည်၍ ဥစ္စာ စည်းစိမ်များသောအမျိုး၌ အကျိုးပေးလတ္တံ့ ဖြစ်ကုန်သော်လည်း အသက်တို၍ စည်းစိမ်ဥစ္စာနည်းပါးသော အမျိုး၌ အကျိုးပေးကုန်၏။ ယောကျ်ားဘဝ၌

အကျိုးပေးလတ္တံ့ ဖြစ်ကုန်သော်လည်း မိန်းမဘ၀တို့၌ရင်း, နပုန်းဘ၀တို့၌ရင်း အကျိုးပေးကုန်၏။ အဆင်းလှသောဘ၀၌အကျိုးပေးလတ္တံ့ ဖြစ်ကုန်သော်လည်း အရုပ်ဆိုးသောဘ၀၌ အကျိုးပေးရကုန်၏။ အင်္ဂါကြီးငယ် စုံစုံလင်လင် အကျိုးပေးလတ္တံ့ ဖြစ်ကုန်သော်လည်း စက္ခုချို့တဲ့ခြင်းစသော သူကန်းဘ၀,သူဆွံ့ဘ၀, သူအ ဘ၀, သူနူဘ၀တို့၌ အကျိုးပေးကုန်၏။ ထိုအတူ ကံကုံပြုလုပ်အားထုတ်စဉ် မဟာအဝီစိငရဲကြီး၌ အကျိုးပေးလတ္တံ့သော အကုသိုလ်ကံပင် ဖြစ်သော်လည်း နောက်အခါတို့၌ အားကြီးသော ကုသိုလ်ဥပပီဠကကံ၏ နှိပ်စက်မှုကို ခံရသည် ရှိသော် အဝီစိငရဲကြီး၌ အကျိုးမပေးနိုင်။ ဥဿဒငရဲငယ်တို့၌ရင်း ပြိတ္တာဘုံ, အသုရကာယ်ဘုံ, တိရစ္ဆာန်ဘုံတို့၌ရင်း အကျိုးပေးရလေ၏။ အဖကိုသတ်၍ ပိတုဃာတကကံထိုက်သော အဇာတသတ်မင်းကြီးကို ထောက်လေ။

**ဥပပီဠကကံ၏ နှိပ်စက်ပုံသဘော။** ။ဥပပီဠကကံ၏ ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို နှိပ်စက်ဖိစီးမှုကို ဆိုအံ့။ တပါးသော ဇနကကံကြောင့် တခုသောဘ၀၌ဖြစ်လေသော သတ္တဝါ၏ ပဋိသန္ဓေအခါမှစ၍ အမှတ်မရှိ တရံတခါတို့၌ ထိုသတ္တဝါတို့၏ ကိုယ်ခန္ဓာတို့၌ ရောဂါအန္တရာယ်တို့ကို ဖြစ်စေ၏။ ရာထူးဌာနန္တရ၏ ယုတ်နိမ့်ခြင်းကိုလည်းပြု၏။ လယ်ယာ, ဥယျာဉ်, နွား, ကျွဲတို့၏ ပျက်စီးခြင်းကိုလည်း ပြု၏။ စည်းစိမ် ဥစ္စာတို့၏ ပြုန်းတီးခြင်းကိုလည်း ပြု၏။ သားမယား ဆွေမျိုး မိတ်ဆွေတို့၏ ပျက်စီးခြင်းကိုပြု၍ ဆင်းရဲစေ၏။ ဤသို့ ဖြစ်စေမှုများသည် ဥပပီဠကကံ၏ ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို နှိပ်စက်မှုများ မည်ချေသည်။

**ဥပတ္ထမ္ဘကကံ၏ ထောက်ပံ့ပုံ။** ။(ဥပတ္ထမ္ဘကကံကိုလည်း ထို ဥပပီဠကကံနှင့် ပြန်ဘက်ပြု၍ သိလေ)။ ဥပပီဠကကံကား ကံဘပါးကို နှိပ်စက်သည်၊ ဥပတ္ထမ္ဘကကံကား ကံတပါးကို ထောက်ပံ့သည်၊ နှိပ်စက်မှုကိုခံရလျှင် မိမိရှိရင်းအစွမ်း ဆုတ်ယုတ်၏။ ထောက်ပံ့မှုကိုခံရလျှင် မိမိ ရှိရင်းအစွမ်း တိုးတက်၏။ ကုသိုလ်, အကုသိုလ် နှစ်ပါးလုံးပင် ဝေဖန်၍ ရှိလေ၏။ ကံတို့မည်သည် ပြုလုပ်အားထုတ်စဉ်က အားနည်းပင် နည်းပါးသော်လည်း နောက်အခါတို့၌ အားကြီးသောကုသိုလ်ကံ၏ ထောက်ပံ့မှုကိုရင်း၊ အကုသိုလ်ကံ၏ ထောက်ပံ့မှုကိုရင်း ခံရကုန်သည်ရှိသော် အတိုင်းထက်အလွန် အားရှိ၍ လာ၏။ ။ဤစကားရပ်ကား ဥပတ္ထမ္ဘကကံ၏အတွက် ဆိုသော စကားရပ် ပေတည်း။

**ကံ၏ အကျိုး ၂-မျိုး။** ။ဆက်၍ပြဦးအံ့—ကံ၏ အကျိုးသည် (၁) ဝိပါကဖလ၊ (၂) နိဿန္ဒဖလဟူ၍ ၂-မျိုး ရှိ၏။

**ဝိပါကဖလ။** ။ထိုနှစ်မျိုးတို့တွင် ကံကိုလုပ်သောသူ၏အပေါ်၌သာ ကျရောက် ဖြစ်ပွါး၍ အကျိုးပေးသော အရာမျိုးသည် ဝိပါကဖလ မည်၏။ အကျိုးရင်းလည်း ခေါ်၏။ မုချ အကျိုးလည်း ခေါ်၏။ ထို ဝိပါကဖလ သည် အခြားသောသူတို့နှင့် တစုံတရာမျှ မသက်ဆိုင်ချေ။

**နိဿန္ဒဖလ။** ။နိဿန္ဒဖလသည်ကား မိမိနှင့်စပ်လျဉ်းရှိသော သူတပါးတို့နှင့် သော်လည်း စပ်ဆိုင်နိုးနွှေသလျက် ရှိ၏။ အကျိုးဖျားလည်း မည်၏။ သာမညအကျိုးလည်း မည်၏။ နိဿန္ဒဖလ၏ သူတပါးတို့နှင့်လည်း စပ်ဆိုင်ကြောင်းကို လောသကတိဿ၏ အလောင်းတယောက်ကြောင့် အိမ်ခြေ တထောင်ရှိသော ရွာ၏ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်၍ သရေတိုက်ခြင်း၊ မိတ္တဝိန္ဒက တယောက်အတွက်ကြောင့် သင်္ဘောသား ငါးရာတို့နှင့်တကွ ပင်လယ်ပြင်၌ သင်္ဘောရပ်တည်၍ ဆင်းရဲခြင်း စသော ဝတ္ထုများကို ထောက်၍ သိရာ၏။

ကမ္မဇရုပ်အစဉ်လျှင် ဦးစီးဦးကိုင်ဖြစ်ကုန်သော မျက်စိစသည်တို့တွင် အကြွင် အကြွင် ကံကြောင့် စက္ခုပါလမထေရ် စသည်တို့ကဲ့သို့ တစုံတရာ ပျက်စီး ချို့ယွင်းလေ၏။ ထိုသို့ ပျက်စီး ချို့ယွင်းအောင်ပြုသော ကံကား ဥပဃာတက ကံအရာ၌ ရေတွက်သင့်၏။

**(၃၀၁) ပြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။**

ဤဖြင့် ဥပဃာတက ကံကို ပြဆို၏။

**ဥပဃာတကကံ။** ။"ကမ္မန္တရံ ဝါ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ ဥပဃာတေတီတိ ဥပဃာတကံ"။ ကမ္မန္တရံ ဝါ၊ ကံတပါးကိုင်း။ ကမ္မနိဗ္ဗတ္တ-ခန္ဓသန္တာနံ ဝါ၊ ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုရင်း။ ဥပဃာတေတိ၊ ကပ်၍ သတ်ဖြတ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဥပဃာတကံ၊ ဥပ-ဃာတကကံ မည်၏။ ဇနကကံတပါးကိုရင်း, ထိုကံတပါးကြောင့်ဖြစ်သော ခန္ဓာ အစဉ်ကိုရင်း အပြီးအဆုံး ဖြတ်တတ်သော အတင်း ရက်စက်စွာပြုသောကံသည် ဥပဃာတကကံ မည်၏။

**ဥပစ္ဆေဒကကံ။** ။ဥပဃာတကကံကို ဥပစ္ဆေဒကကံဟူ၍ မဇ္ဈိမနိကာယ် အဋ္ဌ-ကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ ဆို၏။ ဥပဃာတကနှင့် ဥပစ္ဆေဒက အနက်တူ၏။ "ဥပဆိန္ဒတီတိ ဥပစ္ဆေဒကံ"။ ဥပ-ဆိန္ဒတိ၊ ကပ်၍ ဖြတ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဥပစ္ဆေဒကံ၊ ဥပစ္ဆေ-ဒက မည်၏။

ဥပဃာတကကံသည် ဇနကကံလည်း ဟုတ်၏၊ သို့ရာတွင် မိမိ အကျိုးမပေး ခင်သော်ရင်း, အကျိုးပေးပြီးမှသော်ရင်း, အကျိုးပေးရန် အကြိမ်အလှည့်ကို

ယူဆဲသော်ငှင်း ကံတပါးကို အတင်း သတ်ဖြတ်မှု၊ ကံတပါးကြောင့် ဖြစ်သော ခန္ဓာအစဉ်ကို အတင်း သတ်ဖြတ်မှုကြောင့် ဥပဃာတက မည်လေသည်။ ဤ ဥပဃာတကကံ၏ ဇနကကံတပါးကို အတင်း သတ်ဖြတ်မှုသည် မရဏာသန္န အခါ၌ လွန်စွာ ထင်ရှားလှ၏။ ထင်ရှားစေအံ့—ထိုမရဏာသန္နအခါ၌ ပထမ ရှေးဦးစွာ အကုသိုလ်ကံ၏ အစွမ်းကြောင့် ဒုဂ္ဂတိနိမိတ်ထင်လာစဉ် နောက်တဖန် ကုသိုလ်ကံသည် ထိုရှေးထင်ရင်းရှိသော ဒုဂ္ဂတိနိမိတ်တို့ကို ပယ်လှင့် မြစ်တားလျက် သုဂတိနိမိတ်တို့ကို ထင်စေ၏။ လက်ငင်း နတ်ပြည်သို့ ရောက်စေ၏။

ကုသိုလ်ကံ၏ အစွမ်းကြောင့် သုဂတိနိမိတ် ထင်လာစဉ် နောက် တဖန် အကုသိုလ်ကံသည် ထိုရှေးထင်ရင်းရှိသော သုဂတိနိမိတ်တို့ကို ပယ်လှင့်မြစ်တားလျက် ဒုဂ္ဂတိနိမိတ်ကို ထင်စေ၏။ လက်ငင်း အပါယ်ဘုံသို့ ရောက်စေ၏။ ဒုဋ္ဌ- ဂါမဏိမင်းကြီး၏ ဝတ္ထုစသည်ကို ထောက်၍ သိလေ။

အင်္ဂုတ္တိုရ်အဋ္ဌကထာကြီး၌ ကုသိုလ်ကံ, အကုသိုလ်ကံများကို ကုန်ခန်းနိုင်သော မဂ်ကံသည်လည်း ကံတပါးကိုဖြစ်သော ဥပဃာတကကံပင်တည်းဟူ၍ ဆို၏။ အင်္ဂုလိမာလဝတ္ထုစသည်ကို ထောက်၍ သိရာ၏။ ဤပစ္စက္ခဘဝ၌ ရအပ် ကုန်သော မဟဂ္ဂုတ်ကံတို့သည်လည်း အကုသိုလ်တည်းဟူသော ကံတပါးကို သတ်ဖြတ်တတ်သောကြောင့် ဥပဃာတကကံအရာ၌ သင်္ဂြိုဟ်သင့်၏။ ဒေဝ ဒတ်ကို ထောက်၍သိလေ။

ကံတပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို ဥပဃာတကကံ၏ ထောက်ပံ့မှုကို ဆိုအံ့—ထိုထိုဘဝဇာတ်တို့၌ အသက်တမ်းသည်ငှင်း ဇနကကံ၏အစွမ်းသည်ငှင်း မကုန်ခန်းသေးဘဲ ထင်ရှားရှိကြကုန်စဉ်ပင်လျှင် တစုံတခုအခွင့်မရှိသော အပြစ် ကိုပြုတတ်သော ကံ၏အစွမ်းအားကြောင့် ကလလရေကြည် တည်နေသော အခါမှစ၍ အမှတ်မဲ့ တစုံတခုသော စပ်ကြားကာလ၌ တစုံတခုသောရောဂါ ကြောင့်ငှင်း ဘေးကြောင့်ငှင်း သူတပါးတို့၏ လုံ့လပယောဂကြောင့်ငှင်း လတ်တလော သေကြေပျက်စီးရကုန်၏။ ထိုသို့ လတ်တလောခြင်း ပျက်စီးမှု သည် ကံဘပါးကြောင့်ဖြစ်သော ခန္ဓာအစဉ်ကို ဥပဃာတကကံ၏ အတင်းဖြတ်မှု မည်ချေသည်။

ဤ၌ ဆိုဖွယ်အထူးကား—ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာတို့၌ ကံဘပါးကိုငှင်း ကံတပါးကြောင့်ဖြစ်နေသော ခန္ဓာအစဉ်ကိုငှင်း ထောက်ပံ့မှု, နှိပ်စက်ဘိစီးမှု, အတင်းဖြတ်မှုတို့သည် ကုသိုလ်ကံ အကုသိုလ်ကံ ၂-ပါးလုံးနှင့်ပင် စပ်ဆိုင်ကုန်၏ဟူ၍ သဘောပိုက်တော်မူ၍ ဇနကကံ၌ ကုသိုလ် အကုသိုလ်စေတနာ နှစ်ပါး၊ ဥပတ္ထမ္ဘကကံ၌လည်း နှစ်ပါး၊ ဥပပီဠကကံ၌လည်း နှစ်ပါး၊ ဥပဃာတကကံ၌ လည်း နှစ်ပါး၊ ဤကုသိုလ်, အကုသိုလ်နှစ်ပါးစီ နှစ်ပါးစီပြု၍ ဝေဖန်တော်မူ၏။

မဇ္ဈိမနိကာယ်အဋ္ဌကထာကြီး၌ကား ဖွင့်အပ်သော သံဝဏ္ဏေတဗ္ဗသုတ် အားလျော်စွာ ဥပတ္ထမ္ဘကစသော ကံသုံးပါးတို့သည် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုသာ ထောက်ပံ့ခြင်း, နှိပ်စက်ခြင်း, အတင်းသတ်ဖြတ်ခြင်းကို ပြုကြကုန်၏။ ဥပတ္ထမ္ဘကကံသည် ကုသိုလ်သက်သက်တည်း, ဥပပီဠက, ဥပဃာတကကံတို့ကား အကုသိုလ်သက်သက်တို့သာတည်းဟူ၍ ဆို၏၊ ထိုသို့ဆိုသော မဇ္ဈိမနိကာယ် အဋ္ဌကထာ၏စကားကို ထို၏အဖွင့်ဖြစ်သော မဇ္ဈိမနိကာယ်ဋီကာ, အင်္ဂုတ္တိုရ်ဋီကာတို့၌ မနှစ်သက်ယောင်ပြု၍ ဆို၏။ ဝိသုဒ္ဓိမဂ်အဖွင့် မဟာဋီကာ၌ကား ထိုဝါဒကို ကေစိဝါဒပြုလေ၏။ သို့သော်လည်း မဇ္ဈိမနိကာယ် သုဘသုတ်၏ အဖွင့် အဋ္ဌကထာစကားကို ကေစိဝါဒဟူ၍ မဆိုသင့်။ မိမိဖွင့်အပ်သော သံဝဏ္ဏေတဗ္ဗ သုတ်အားလျော်စွာ ဖွင့်ဆိုပေသောကြောင့် အသီးအခြားဖြစ်သော ပါဠိတော်နည်းပေတည်းဟု မှတ်ယူသင့်၏။ ထိုစကားသင့်၏။ ထိုမဇ္ဈိမ-နိကာယ် သုဘသုတ်ပါဠိတော်၌ "အပ္ပါယုကသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ၊ ယဒိဒံ ပါဏာတိပါတီ ဟောတိ"။ ဤသို့စသည်ဖြင့် ဥပဃာတကကံကို ပါဏာတိပါတအစွမ်းဖြင့် ဟောတော်မူ၏။ "ဗဟွာဗာဓသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ၊ ယဒိဒံ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ"ဟူ၍ ဥပပီဠက-ကံကို ဝိဟိံသာစသည်တို့၏အစွမ်းဖြင့် ဟောတော်မူ၏။ "ဒီဃာယုကသံဝတ္တ-နိကာ သော မာဏဝ ပဋိပဒါ၊ ယဒိဒံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ" ဟူ၍ ဥပတ္ထမ္ဘကကံကို ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း ဝိရတီကုသိုလ်အစွမ်းဖြင့် ဟောတော်မူ၏။ ဤသို့ ဟောတော်မူသောနည်းသည် လူ့ဘဝသို့ ရောက်ရသော သတ္တဝါတို့၏ အစွမ်းအားဖြင့် ဟောကြားတော်မူအပ်သော ပါဠိတော်နည်းပေတည်းဟု မှတ်ယူသင့်၏။ ဤပါဠိတော်အလိုအားဖြင့် ဥပတ္ထမ္ဘကသည် ကုသိုလ်ဖြစ်၏။ ဥပပီဠက, ဥပဃာတကတို့သည် အကုသိုလ်တို့ ဖြစ်ကုန်၏။ ထိုကိုဖွင့်သော အဋ္ဌကထာဆရာလည်း ထိုပါဠိတော် နည်းအတိုင်းပင် ဖွင့်တော်မူပေသည်။

ယေဘုယျအားဖြင့် မှတ်ဖွယ်အချုပ်မှာ—သုဂတိဘုံ၌ ထောက်ပံ့သော ဥပတ္ထမ္ဘကသည် ကုသိုလ်ပေတည်း။ နှိပ်စက်သော ဥပပီဠက, သတ်ဖြတ်သော ဥပဃာတကတို့ကား အကုသိုလ်တို့ပေတည်း။ ဒုဂ္ဂတိဘုံ၌ ထောက်ပံ့မှု ဥပတ္ထမ္ဘက ကား အကုသိုလ်ပေတည်း။ နှိပ်စက်မှု ဥပပီဠက, သတ်ဖြတ်မှု ဥပဃာတကတို့ ကား ကုသိုလ်ကံတို့ပေတည်း။ ထောက်ပံ့မှု, နှိပ်စက်မှု, သတ်ဖြတ်မှုဆိုသည်မှာ သတ္တဝါကိုထောက်ပံ့မှုစသည် ဆိုလိုရင်း မဟုတ်။ ကုသိုလ်ကံကို အကုသိုလ်ကံက ထောက်ပံ့သည် နှိပ်စက်သည် သတ်ဖြတ်သည်ဟူ၍ရင်း၊ အကုသိုလ်ကံကို ကုသိုလ် ကံက ထောက်ပံ့သည် နှိပ်စက်သည် သတ်ဖြတ်သည်ဟူ၍ရင်း ဆိုလိုရင်းပေ

တည်း။ ။ကံ၏အကျိုးကို ထောက်ပံ့မှု နှိပ်စက်မှု သတ်ဖြတ်မှုများကိုလည်း ကုသိုလ်အကုသိုလ်နှစ်ပါးနှင့် ဝေဖန်၍ သိလေ။

ဤဇနကစသော ကံလေးပါးသည် ကိစ္စ၏အစွမ်းဖြင့် ဆိုအပ်သော ကံလေးပါးပေတည်း။ ကံတို့ပြုသော အမှုကိစ္စဟု ဆိုလိုသည်။ ထိုကိစ္စလေးပါးတို့ကား (၁) ဖြစ်စေမှု။ (၂) ထောက်ပံ့မှု။ (၃) နှိပ်စက်ဘိစီးမှု။ (၄) သတ်ဖြတ်မှုတို့ပေတည်း။

ထင်ရှားစေဦးအံ့—တခုသော ပါဏာတိပါတ စေတနာသည် လေးပါးသောကိစ္စတို့ကို ဆောင်ရွက်ပြုလုပ်၍ ပြီးစီးစေ၏။ ပုံကား—ထိုပါဏာတိပါတ စေတနာသည် အကြင်မျှလောက် အကျိုးပေးခွင့်ကို မရလေသေး၊ ထိုမျှလောက် ကာလပတ်လုံး အကြောင်းအခွင့် သင့်တင့်ကြိုက်ကြုံသည်အားလျော်စွာ ရံခါ ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကိစ္စကို ဆောင်ရွက်၏၊ ရံခါ နှိပ်စက်ခြင်း ဥပပီဠက ကိစ္စကို ဆောင်ရွက်၏၊ ရံခါ သတ်ဖြတ်ခြင်း ဥပဃာတကကိစ္စကို ဆောင်ရွက်၏။ အကြင်အခါ၌ အကျိုးပေးရန် အခွင့်အလမ်းကို ရလေ၏။ ထိုအခါ၌မူကား "တခုသောစေတနာသည် တခုသောပဋိသန္ဓေကို ဖြစ်စေ၏။ တခုသောဘဝကို ဖြစ်စေ၏"ဟူ၍ အဋ္ဌသာလိနီ စိတ္တုပ္ပါဒကဏ္ဍ သာကေတပဉှာ ၃၀၇-၌ ဟောတော်မူသောအတိုင်း ထိုပါဏာတိပါတစေတနာသည် တခုသော အပါယ်ဘဝကို ဖြစ်စေ၏။ ထိုသို့ တခုသော ပဋိသန္ဓေအကျိုးကို ဖြစ်စေပြီးသည်၏ နောက်၌ကား တစုံတရာမျှ ပဋိသန္ဓေအကျိုးကို မပေးနိုင်လေပြီ။ ပဋိသန္ဓေကို ဖြစ်စေမှုကိစ္စ, ဘဝသစ်ထူထောင်မှုကိစ္စကား သွန်လေ၏၊ သဉ်းလေ၏။ ပဝတ္တိအကျိုးကိုမူကား ဘဝအရာသော်ငြင်း, ဘဝအထောင်သော်ငြင်း, ဘဝအသိန်းသော်ငြင်း, ကမ္ဘာအသန်းသော်ငြင်း အကျိုးပေးနိုင်၏။ ပဝတ္တိအကျိုးဆိုသည်ကား ထောက်ပံ့မှု, နှိပ်စက်မှု, သတ်ဖြတ်မှုတို့ပေတည်း။ ဤအရာ၌ ဓမ္မဒိန္နာမည်သော ဥဇ္ဇေနီမင်းကြီး၏ မိဖုရားဝတ္ထုကိုထောက်၍ သိရာ၏။

ထိုပါဏာတိပါတစေတနာသည် အရိယာဖြစ်ပြီးသောပုဂ္ဂိုလ်၏ ခန္ဓာအစဉ်ကိုငြင်း၊ ပုထုဇ္ဇန်ပင်ဖြစ်သော်လည်း ကောင်းသောစိတ်ဖြင့် အစဉ်မပြတ် ထုံအပ်သော သူတော်ကောင်း၏ ခန္ဓာအစဉ်ကိုငြင်း အကျိုးပေးခွင့် ရခိုက်ဖြင့်၍ သတ်ဖြတ်လေ၏။ ထိုအခါ၌ကား မိမိသည် သတ်ဖြတ်ရုံသာ သတ်ဖြတ်ရ၍ မိမိ၏အကျိုးဖြစ်သော ဝိပါက်များကို မဖြစ်စေနိုင်ကောင်းသော ကံတပါး၏ အကျိုးပေးခွင့်ကိုသာ ပြုရလေ၏။ ပုဂ္ဂိုလ်သည် အရိယာသူတော်ကောင်း ဖြစ်ပေသောကြောင့် ပါဏာတိပါတတည်းဟူသော မိမိ၏ ယုတ်မာသော ဝိပါက်များကို ထိုပုဂ္ဂိုလ်တို့၌ မဖြစ်စေနိုင်ဘဲ ရှိလေသည်။ အကြင်အခါ၌မူကား ဒုဿီလ,ပါပစိတ္တသမင်္ဂီဖြစ်သော သူယုတ်မာ၏ ခန္ဓာအစဉ်ကို ဖြတ်လေ၏။ ထို

အခါ၌မူကား ပါကာတိပါတစေတနာသည် မိမိကိုယ်တိုင် သတ်ဖြတ်၍ မိမိ၏ အကျိုးကိုလည်း ဖြစ်စေနိုင်လေသည်။ တကြိမ်မျှ ပဋိသန္ဓေအကျိုးကို ပေးပြီး သောနောက်၌မူကား ပဋိသန္ဓေအကျိုးကို ဖြစ်စေသည်ဟူ၍ မရှိ။ ဘဝများစွာ ကမ္ဘာများစွာတို့၌ သတ်ဖြတ်ခြင်းဟူသော ပဝတ္တိအကျိုးတို့ကိုသာ ဖြစ်စေနိုင် တော့၏။ ဤအရာ၌ ရှင်မဟာမောဂ္ဂလာန်၏ဝတ္ထု, သာမာဝတီဝတ္ထု, ဝဂ္ဂုမုဒါ- တီရိယဝတ္ထု, ဒူသိမာရဝတ္ထု, ကလာဗုရာဇဝတ္ထုတို့ကို ထောက်၍ သိအပ်ကုန်၏။

ဤဥပစ္ဆေဒကကံသည် တိရစ္ဆာန်တို့၌ များစွာဖြစ်၏။ ထို့ကြောင့် အလွန် အားရှိသော အကုသိုလ်ကံသည် အားနည်းသော ကုသိုလ်ကံတပါးကိုရှင်း ထိုကံကြောင့်ဖြစ်သော ခန္ဓာအစဉ်ကိုရှင်း မဖြတ်နိုင်ဟူ၍ မဆိုသင့်။ အကုသိုလ် ကံချင်းချင်းလည်း သတ်ဖြတ်သေးသည်ဟူ၍ ယူသင့်၏။ ထို့ကြောင့် မဇ္ဈိမ နိကာယ် အဋ္ဌကထာ၌—

ဗဟုကသ္မိံ ဟိ အကုသလကမ္မေ အာယူဟိတေ ဗလဝကမ္မံ ဒုဗ္ဗလကမ္မဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ။

ဟူ၍ဆို၏။

အနက်ကား—ဟိ၊ အထူးကား။ ဗဟုကသ္မိံ၊ များစွာသော။ အကုသလ- ကမ္မေ၊ အကုသိုလ်ကံကို။ အာယူဟိတေ၊ အားထုတ်အပ်သည်ရှိသော်။ ဗလဝကမ္မံ၊ အားကြီးသော ကံသည်။ ဒုဗ္ဗလကမ္မဿ၊ အားနည်းသောကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟိတွာ၊ တားမြစ်၍။ အတ္တနော၊ မိမိ၏။ ဝိပါကဿ၊ အကျိုး ဝိပါက်၏။ ဩကာသံ၊ အခွင့်ကို။ ကရောတိ၊ ပြု၏။

တကြောင်းကား ပဝတ္တိအခါ၌သော်လည်း ကံတပါးကြောင့်ဖြစ်နေသော ဘဝင်အစဉ်ကို မဖြတ်မူ၍ စက္ခုဒသက,သောတဒသက,ဃာနဒသက,ဇိဝှါဒသက အစဉ်တို့တွင် တစုံတခုသော ဒသကအစဉ်၏ အချင်းခပ်သိမ်း ပြတ်ဆုံးမှု ပျက် စီးမှုများသည် ဤဥပဃာတက,ဥပစ္ဆေဒကကံ၏ သတ္တိပင်တည်းဟူ၍ ဆိုသင့်၏။

မဟာဋီကာ, အင်္ဂုတ္တိုရ်ဋီကာတို့၌ ဥပပီဠကကံသည် တပါးသောကံ၏ အကျိုးဝိပါက်ကို ဖြတ်၏၊ မိမိ၏အကျိုးဝိပါက်ကိုမူကား မဖြစ်စေနိုင်ဟု ဆို၏။ ထိုစကားကို "သုခဒုက္ခံ ပီဠေတိ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ"ဟူသော အဋ္ဌကထာ ပါဌ်ကို ရှု၍ ဆိုဟန် လက္ခဏာ တူ၏။ "အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ"ဟူသော အဋ္ဌကထာစကားရပ်၌ ဥပပီဠကသည် သုခအစဉ်ကိုရှင်း ဒုက္ခအစဉ်ကိုရှင်း ရှည်မြင့်စွာ တည်တံ့အောင် မပေးနိုင်ဟူ၍သာ အဓိပ္ပါယ်ယူသင့်၏။ ဥပဃာတက ကဲ့သို့ ဘဝင်အစဉ်နှင့်တကွ ကံတပါး၏ဝိပါက်ကို အကြွင်းမဲ့ ဖြတ်သည် မဟုတ် ချေ။ ။ကိစ္စစတုက္ကကံလေးပါး ပြီး၏။

## ပါကဒါနပရိယာယကံ ၄-ပါး

ယခုအခါ အကျိုးပေးပုံ အလှည့်အကြိမ်အားဖြင့် ကံလေးပါးကို ပြဆိုပေလတ္တံ့။

**ပါကဒါနပရိယာယ** ကံလေးပါးတို့ကား (၁) ဂရုကံ (၂) အာသန္နကံ (၃) အာစိဏ္ဏကံ (၄) ကဋတ္တာကံ၊ ဤလေးပါးတို့ပေတည်း။

**(၃၀၂) ကံတပါးတို၊ မတားနိုင်ရာ၊ အားကြီးလှာ၊ သညာ-ဂရုက။**

ဤဖြင့် ဂရုကကံကို ပြဆို၏။

**ဂရုကံ။** ။"ကမ္မန္တရေဟိ ပဋိဗာဟိတုံ အသက္ကုဏေယျတ္တာ ဂရုကံ ကမ္မန္တိ ဂရုကႋကမ္မံ"။ ကမ္မန္တရေဟိ၊ ကံတပါးတို့သည်။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ အသက္ကုဏေယျတ္တာ၊ မတတ်ကောင်းသည်၏ အဖြစ်ကြောင့်။ ဂရုကံ၊ ကြီးလေးသော။ ကမ္မံ၊ ကံတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂရုကကမ္မံ၊ ဂရုကကံမည်၏။ ကံတပါးတို့သည် တားမြစ်ခြင်းငှါ မတတ်နိုင်ကြကုန်သဖြင့် သေသည်၏ အခြားမဲ့၌ အမြဲ အကျိုးပေးသော ကံသည် ဂရုကကံမည်၏။

**အကုသိုလ်ဂရုကံ ၆-ပါး။** ။အကုသိုလ်အဘို့၌ ပဉ္စာနန္တရိယကံ, နိယတမိစ္ဆာဒိဋ္ဌိကံတို့သည် ဂရုကကံမည်ကုန်၏။ 'မိဗ,ရဟန်၊ လောဟိတံ၊ ဘေဒံ,နန္တရိ' ဟူသည်နှင့်အညီ (၁) အမိကို သတ်မှု (၂) အဖကို သတ်မှု (၃) ရဟန္တာကို သတ်မှု (၄) ဘုရားသခင်ကို သွေးစိမ်းတည်အောင် ပြုလုပ်မှု (၅) သံဃာကို သင်းခွဲမှုများသည် ပဉ္စာနန္တရိယကံမည်၏ (၆) "နတ္ထိ ဒိန္နံ,နတ္ထိ ယိဋ္ဌံ"(လှူလျှင် အကျိုးမရှိ) စသည်ဖြင့် ခိုင်ခံ့စွဲယူအပ်သော အယူမျိုးသည် နိယတမိစ္ဆာဒိဋ္ဌိ မည်၏။ ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံသည် ဂရုကကံမည်၏။

ထိုအနန္တရိယကံများသည် အခြားမဲ့ဘဝ၌ မြဲသော အကျိုးပေးရှိ၏။

တခုသောသတ္တဝါ၌ မဟဂ္ဂုတ်စေတနာ အများရှိလေသည့်အနက် အားရှိဆုံးသော မဟဂ္ဂုတ်စေတနာသည် အကျိုးပေးခွင့်ရ၍ ဂရုကကံမည်လေ၏။ ကြွင်းသော မဟဂ္ဂုတ်စေတနာတို့သည် အကျိုးမပေးနိုင်ကုန်ပြီ။ ထိုအားရှိသော မဟဂ္ဂုတ်ကံသည် မိမိအောက် အားနည်းသော မဟဂ္ဂုတ်ကံမျိုးသည်ရင်း အခြားသော ကုသိုလ်ကံမျိုးသည်ရင်း တစုံတခုသော အကြောင်းဖြင့် မတားမြစ်အပ်သောကြောင့် ဂရုကကံမည်လေ၏။

တယောက်သောသတ္တဝါ၌ အနန္တရိယကံတို့ကို တပါးရင်း, နှစ်ပါးရင်း,သုံးပါးရင်း ပြုလုပ်အပ်ကုန်၏။ ထို မိမိပြုလုပ်အပ်သော အနန္တရိယကံတို့တွင် အားရှိဆုံးသော အနန္တရိယကံသည် အကျိုးပေးခွင့်ရလျှင် ဂရုကကံမည်လေ၏။ ထို အားရှိစွာသော ဂရုကကံသည် မိမိအောက် အားနည်းသော ဂရုကကံမျိုး

သည်ငှင်း အခြားသော အကုသိုလ်ကံမျိုးသည်ငှင်း မတားမြစ်အပ်သော ကြောင့် ဂရုကကံ မည်လေ၏။

**ကုသိုလ်ဂရုကံများ။** ။လောကုတ္တရာကုသိုလ်များသည်ကား စင်စစ် ဂရုက မည်ထိုက်လေ၏။ ထိုလောကုတ္တရာ ကုသိုလ်တို့သည် ကာလကို မလင့်ဘဲ အနန္တရပစ္စည်းတပ်၍ အခြားမဲ့၌ပင် အကျိုးကိုပေးနိုင် ကုန်၏။ ထို့ကြောင့် လောကုတ္တရာကုသိုလ်ကို အကာလိကဟူ၍ ဆိုအပ်၏။ မဟဂ္ဂုတ်ကုသိုလ်စေတနာသည်မူကား ဝ.ေ့တခါ ပမာဒတရားကြောင့်ငှင်း, နီဝရဏတရား ထပ်မံဖြစ်ပေါ်မှုကြောင့်ငှင်း, နိကန္တိတရား ပိတ်ပင်ဟန့်တား မှုကြောင့်ငှင်း အကျိုးမပေးဘဲ အဟောသိကံ ဖြစ်လေသေး၏။ လောကုတ္တရာ ကုသိုလ်သည်မူကား တစုံတရာမျှ အဟောသိကံ ဖြစ်ခွင့်မရှိ။ တစုံတခုသော အကြောင်းနှင့်မှ အကျိုးမပေးရန် တားဆီးကန့်ကွက်၍ မရနိုင်သော တရားမျိုး ဖြစ်၏။

(၃၀၃) **သေဆုံးလုမှ၊ ပြုသော်ငှင်း၊ အဟောင်းပေါ်လာ၊ ကံနှစ်ဖြာ၊ သညာ အာသန္န။**

ဤဖြင့် အာသန္နကံကို ပြဆို၏။

**အာသန္နကံ။** ။"မရဏာသန္နကာလေ ကတံဝါ အနုဿရိတံဝါ ကမ္မန္တိ အာသန္န-ကမ္မံ"။ မရဏာသန္နကာလေ၊ သေခါနီးကာလ၌။ ကတံဝါ၊ ပြုအပ်သည်လည်းဖြစ်သော။ အနုဿရိတံဝါ၊ အောက်မေ့အပ်သည်လည်းဖြစ် သော။ ကမ္မံ၊ကံတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်၊ အာသန္နကမ္မံ၊ အာသန္န-ကံမည်၏။

**အာသန္နကံ ၂-မျိုး။** ။သေခါနီးမှပြုအပ်သော အာသန္နကတကံတမျိုး၊ ရှေး ကပြုခဲ့ဘူး၍ သေခါနီးမှ အမှတ်ရသော အာသန္နာ-နုဿရိတကံ တမျိုး။ ဤ ၂-မျိုးသည် အာသန္နကံမည်၏။

သေခါနီးမှပြုအပ်သောကံမည်သည်ကား အန္တိမဖြစ်သော မရဏာသန္နဇော ဝီထိ၏ ရှေ့အဘို့ဖြစ်၍ အနီးဆုံးသောကာလ၌ ပြုအပ်သော ကုသိုလ်ကံ, အကု သိုလ်ကံစု ပေတည်း။ မိစ္ဆာဒိဋ္ဌိကံသည်ငှင်း, ဝိပဿနာစသည်၏ အစွမ်းအား ဖြင့် ဖြစ်သော သမ္မာဒိဋ္ဌိကံသည်ငှင်း၊ အန္တိမဖြစ်သောမရဏာသန္နဝီထိ၌ပင် လည်း အာသန္နကတကံမည်၏။ဤကိုရည်၍ မြတ်စွာဘုရားရှင်သည်လည်း"မရဏ-ကာလေဝါဿ ဟောတိ မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိ သမတ္တာ သမာဒိန္နာ"ဟူ၍ ဟော တော်မူ၏။ ဤပါဠိဖြင့် မနောဒွါရမရဏာသန္နဝီထိ၌ ဖြစ်သော မိစ္ဆာဒိဋ္ဌိကံ,

သမ္မာဒိဋ္ဌိကံများသည် ပဋိသန္ဓေအကျိုးကို ပေး၏။ ထိုမှတပါးသော မရဏာသန္နဝီထိ၌ ဖြစ်သော ကံများသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ဟု သိအပ်၏။

(၃၀၄) နေ့ရှည်လေ့ကျက်။ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်ပြဲ အာစိဏ္ဏ။

ဤဖြင့် အာစိဏ္ဏကံကို ပြဆို၏။

**အာစိဏ္ဏကံ။** ။"အာစိယတိ ပုနပ္ပုနံ ကရီယတီတိ အာစိဏ္ဏကံ"။ အာစိယတိ၊ လွန်စွာဆည်းပူးအပ်၏။ ပုနပ္ပုနံ၊ အဖန်ဖန်။ ကရီယတိ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ အာစိဏ္ဏကံ၊ အာစိဏ္ဏကံမည်၏။ ဝါသနာစရိုက်အထုံလိုက်၍ နေ့ရှည်လများ ကာလလျားအောင် ပွါးများပြုလုပ်အပ်သော ဒါနသီလစသော ကုသိုလ်ကံမျိုး, ပါဏာတိပါတစသော အကုသိုလ်ကံမျိုးသည် အာစိဏ္ဏကံမည်၏။ တကြိမ်ပင် ပြုအပ်ဘူးသော်လည်း ထိုပြုမိသည်ကို အထပ်ထပ် သတိရကာ ဝမ်းမြောက်မှုကို ဖြစ်စေတတ်သော ကံမျိုးသည်ငှင်း, နောက်တဖန် ပူပန်မှုကို ဖြစ်စေတတ်သော ကံမျိုးသည်ငှင်း အာစိဏ္ဏကံပင်မည်၏။

(၃၀၅) သုံးပါးမှလျှင်၊ အလွတ်ထင်၊ သညာ-ကဋတ္တ။

ဤဖြင့် ကဋတ္တာကံကို ပြဆို၏။

**ကဋတ္တာကံ။** ။"ကဋတ္တာ ကမ္မန္တိ ကဋတ္တာကမ္မံ"။ ကဋတ္တာ၊ ပြုအပ်ပြီးသောကြောင့်။ ကမ္မံ၊ ကံမည်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကဋတ္တာကမ္မံ၊ ကဋတ္တာကံမည်၏။ ဆိုအပ်ပြီး ရှေ့ကံသုံးပါးမှ လွတ်သော ကံစုသည် ကဋတ္တာကံမည်၏။ ဂရုကကံစသော ရှေ့ကံ ၃-ပါးတို့သည်သာ ယခုဘဝတွင်သာ ပြုအပ်သော သတ္တမဇော အဆုံးဇောဖြစ်သော ဥပပဇ္ဇဝေဒနီယကံတို့ပေတည်း။

ရှေးရှေးဘဝတို့၌ ပြုအပ်ပြီးသော အလယ်ဇော ၅-ချက်ဟု ဆိုအပ်သော အပရာပရိယာယကံစုသည်ငှင်း, ယခုဘဝ၌ ပြုအပ်သမျှသော သာမညကံစုသည်ငှင်း ကဋတ္တာကံမည်၏။ ဂရုကကံလည်း မဟုတ်၊ အာသန္နကံလည်း မဟုတ်၊ အာစိဏ္ဏကံလည်းမဟုတ်၊ အမှတ်မရှိ ကမ္မပထမြောက်အောင် ပြုပြုသမျှသော သာမညကံစု ဆိုလို၏။

မဟာဋီကာ၌ကား ရှေးရှေးဘဝတို့၌ ပြုအပ်သောကံစုသည်သာ ကဋတ္တာကံမည်၏ဟု ဆို၏။ ဤဘဝ၌ပြုအပ်သော ကဋတ္တာကံစုကို မဆို။ ထိုစကားသည် အဋ္ဌကထာနှင့် ဆန့်ကျင်၏။ အဋ္ဌကထာ၌ "တေဟိ ပန တီဟိ မုတ္တံ ပုနပ္ပုနံ လဒ္ဓါသေဝနံ ကဋတ္တာ ဝါ ပန ကမ္မံ နာမ ဟောတိ"ဟူ၍ အဋ္ဌကထာ၌ ဆို၏။ ထိုရှေးကံသုံးပါးမှ လွတ်သော အဖန်ဖန် အာသေဝနသတ္တိဖြင့် ထုံအပ်သော

ကံသည် ကဋတ္တာကံမည်၏ ဟူလို။ (ဤသို့ သာမညအားဖြင့် အဋ္ဌကထာ၌ ဆိုတော်မူ၏)။

**ပါကဒါနပရိယာယကံ ၄-ပါးတို့ အကျိုးပေးခွင့်အလှည့်အစဉ်။** ။ဤသို့ ပြဆိုအပ်ပြီးသော ကံလေးပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံရှိ၍ နေကုန်လျှင် ဂရုကကံသည် အနန္တရဘဝ၌ အကျိုးပေးခွင့်ကို ရလေ၏။ ထိုဂရုကကံ မရှိလျှင် အာသန္နကံသည် အကျိုးပေးခွင့်ကို ရ၏။ ထိုအာသန္နကံ မရှိလျှင် အာစိဏ္ဏကံသည် အကျိုးပေးခွင့်ကို ရလေ၏။ ထိုအာစိဏ္ဏကံ မရှိလျှင် ကဋတ္တာကံသည် အကျိုးပေးခွင့်ကို ရလေ၏။ဤကံလေးပါးသည် အကျိုးပေးခွင့် အလှည့်အကြိမ် အားဖြင့် ဆိုအပ်လေသောကြောင့် ပါကဒါနပရိယာယကံ လေးပါးမည်၏။

ဤအရာ၌ ဤသို့ ပုစ္ဆာထုတ်ရာ၏။ အဘယ်ကြောင့် အာသန္နကံကို အာစိဏ္ဏကံ၏ ရှေးဦးပထမထား၍ ဆိုရပါသနည်း။အင်္ဂုတ္တိုရ် တိကနိပါတ်ပါဠိတော်၌ "ယဂ္ဂရုကံ၊ ယဗ္ဗဟုလံ၊ ယဒါသန္နံ၊ ကဋတ္တာ ဝါပန ကမ္မံ "ဟူ၍ အာစိဏ္ဏကံကို အာသန္နကံ၏ ရှေးဦးစွာဟောသည် မဟုတ်ပါလော၊ အဋ္ဌကထာကြီးတို့၌လည်း ပါဠိတော်နည်းအစဉ်အားဖြင့် ပါကဒါနဝါရ အကျိုးပေးခွင့် အလှည့်အကြိမ်ဟု ဖွင့်ပြတော်မူကုန်သည် မဟုတ်ပါလောဟူမူ " ယဗ္ဗဟုလံ "ဆိုသည်ကား အာစိဏ္ဏကံပင်တည်း။ ဤသို့ ဖြေဆိုရာ၏။

သဘောအားဖြင့် အားရှိအားမဲ့ ဗလဝ ဒုဗ္ဗလကို ရည်တော်မူ၍ အာစိဏ္ဏကံကို အာသန္နကံ၏ ရှေးဦးစွာ ဟောတော်မူအပ်လေသည်။ ထိုပါဠိတော်နည်းအစဉ်သည်လည်း ရံခါ ရံဖန် ပါကဒါနပရိယာယဟု ဆိုအပ်သော အကျိုးပေးခွင့် အစဉ်လည်း ဖြစ်လိမ့်မည်ဟု မြော်တော်မူ၍ အဋ္ဌကထာဆရာကြီးတို့လည်း ထိုပါဠိတော်အစဉ်အတိုင်းပင် ပါကဒါနပရိယာယကို ဖွင့်ဆိုတော်မူကြကုန်သည်။ ထိုစကားမှန်၏—စိတ်ကို ရှင်လန်းနှစ်သိမ့်စေခြင်းငှါရင်း၊ ပူပန်စေခြင်းငှါရင်း မတတ်နိုင်သည်ဖြစ်၍ အားနည်းလှစွာသော အာသန္နကံသည် အားကြီးသော အာစိဏ္ဏကံကို ဆုတ်နစ်စေခြင်းငှါ မတတ်နိုင်သည်လည်း ရှိ၏။ စင်စစ်မူကား မဟာကမ္မဝိဘင်္ဂသုတ်ပါဠိတော်၌ "ပုဗ္ဗေဝါဿ တံ ကတံ ဟောတိ ကလျာဏကမ္မံ သုခဝေဒနီယံ"စသည်ဖြင့် အကုသိုလ်အာစိဏ္ဏကံရှိသော အချို့သောပုဂ္ဂိုလ်၏လည်း ကုသိုလ်ဖြစ်သော အာသန္နကံကြောင့် နတ်ပြည်သို့ သွားရကြောင်းကို ဟောတော်မူ၏။ ထိုအတူ ကုသိုလ်အာစိဏ္ဏကံရှိသော အချို့သောသူ၏လည်း အကုသိုလ်ဖြစ်သော အာသန္နကံကြောင့် အပါယ်သွားရကြောင်းကို ဟောတော်မူ၏။ ဤအရာ၌ တမ္ဗဒါဌိကမည်သော ခိုးသူကြီး၏ဝတ္ထု၊ မဟာဝါတကာလမည်သော ဥပါသကာ၏ဝတ္ထု၊ ဓမ္မာသောကမင်းကြီး၏ ဝတ္ထုများကို ထောက်၍ သိရာ၏။

ဆိုခဲ့ပြီးသောစကားဖြင့် အာသန္နကံနှင့် အာစိဏ္ဏကံ ၂-ပါးတို့သည် အားတူအားမျှဖြစ်ကြကုန်လျှင် အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေးနိုင်၏ဟု သိသာထင်ရှား၏။ ထို့ကြောင့် အာသန္နကံကို ရှေးဦးစွာ ဆိုပေသတည်း။ ဆုံးဖြတ်ချက်မှာ အာသန္နကံ, အာစိဏ္ဏကံနှစ်ပါးတို့တွင် အားရှိသောကံသည် ရှေးဦးစွာ အကျိုးပေး၏။ အားတူမျှလျှင် အာသန္နကံသည် ရှေးဦးစွာ အကျိုးပေး၏ဟု ယူသင့်၏။ ကေန်သတ်သတ် ဆုံးဖြတ်ရန် အကြောင်းမရှိ။ ဝိဘာဝိနီ၌ကား အဋ္ဌကထာ၌ပါရှိသော နွားအိုကြီးဥပမာကိုပြ၍ အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေးသည်ဟု ကေန္တ လိပ်ခဲတင်းလင်း ဆို၏။အဋ္ဌကထာ၌ကား ကေန်ဆိုအပ်သည် မဟုတ်၊ ထိုအဋ္ဌကထာ၌ပြအပ်သော နွားအိုကြီးဥပမာ၌ နောက်ကျ၍ ခြံဝ၌ အိပ်နေရသော နွားအိုကြီးသည် နံနက် ခြံမှထွက်သောအခါ ရုတ်တရက် ထကြွခြင်းငှါ မစွမ်းနိုင်ပါသည်ကိုလည်း နေ့စဉ်အမြဲ ရှေးဦးစွာ ခြံမှထွက်ရန် ကေန်အကြောင်းလည်း မရှိချေ။ ။ပရိယာယစတုက္က ပြီး၏။

## ပါကဌာနကံ ၄-ပါး

ယခုအခါ အကျိုးပေးရာဌာန၏ အစဉ်အားဖြင့် ပါကဌာနစတုက္ကကံ လေးပါးကို ပြပေလတ္တံ့။

**(၁၀၆) ဒိဋ္ဌဓမ္မ၊ ဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည်ကလေးဖြာ။**

**ပါကဌာန စတုက္က ကံလေးပါးကား။** ။(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ (၂) ဥပပဇ္ဇဝေဒနီယကံ (၃) အပရာပရိယာယဝေဒနီယကံ (၄) အဟောသိကံ။ ဤလေးပါးတည်း။

**(၁၀၇) မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဓော၀ဦးသာ။**

ဤဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံကို ပြဆို၏။

**ဒိဋ္ဌဓမ္မဝေဒနီယကံ။** ။မျက်မှောက်ပစ္စက္ခဖြစ်သော ပစ္စုပ္ပန်ဘဝကို ဒိဋ္ဌဓမ္မ ခေါ်၏။ "ဝေဒီယတိ အနုဘူယတီတိ ဝေဒနီယံ"။ ဝေဒီယတိ အနုဘူယတိ၊ ခံစားအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝေဒနီယံ၊ ဝေဒနီယမည်၏။ ဤသို့ ဝိဂ္ဂြိုဟ်ဆို၍ ခံစားအပ်သော အကျိုးတရားသည် ဝေဒနီယမည်၏။ "ဒိဋ္ဌဓမ္မဝေဒနီယံ ဖလံ ဧတဿာတိ ဒိဋ္ဌဓမ္မဝေဒနီယံ"။ ဧတဿ၊ ထိုပုဂ္ဂိုလ်အား။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်ဘဝ၌။ ဝေဒနီယံ၊ ခံစားအပ်သော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယမည်၏။ မျက်မှောက်သော ဘဝ၌ အကျိုးကိုပေးသောကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ ဇောခုနစ်ကြိမ်တို့တွင် ပဌမဇော စေတနာပေတည်း။

(၁၀၈) ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပ ဆုံးဇော သာ။

ဤဖြင့် ဥပပဇ္ဇဝေဒနီယကံကို ပြဆို၏။

**ဥပပဇ္ဇဝေဒနီယကံ။** ။"ဒိဋ္ဌဓမ္မဿ သမီပေ အနန္တရေ ပဇ္ဇိတဗ္ဗော ဂန္တဗ္ဗောတိ ဥပပဇ္ဇော"။ ဒိဋ္ဌဓမ္မဿ၊ မျက်မှောက်ဘဝ၏။ သမီပေ၊ အနီးဆုံးဖြစ်သော။ အနန္တရေ၊ အခြားမဲ့ဘဝ၌။ ပဇ္ဇိတဗ္ဗော ဂန္တဗ္ဗော၊ ရောက်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပပဇ္ဇော၊ ဥပပဇ္ဇမည်၏။ ဤဝိဂြိုဟ်ဖြင့် မျက်မှောက်ဘဝမှ စုတိ၍ ဖြစ်ရသော ဒုတိယဘဝကို ရစေ။ "ဥပပဇ္ဇေ ဝေဒနီယံ ဖလံ ဧတဿာတိ ဥပပဇ္ဇဝေဒနီယံ"။ ဧတဿ၊ ထိုကံအား။ ဥပပဇ္ဇေ၊ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌။ ဝေဒနီယံ၊ ခံစားအပ်သော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယမည်၏။ မျက်မှောက်ဘဝ၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေးသော ကံသည် ဥပပဇ္ဇဝေဒနီယကံမည်၏။ ဇောအားဖြင့် သတ္တမဇောစေတနာ ပေတည်း။

(၁၀၉) ပရံပရ၊ အနမတဂ်၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊ အလယ်ဇောငါးဖြာ။

ဤဖြင့် အပရပရိယာယဝေဒနီယကံကို ပြဆို၏။

**အပရပရိယာယဝေဒနီယကံ။** ။အပရပရိယာယဝေဒနီယပုဒ်။ အပရ + ပရိယာယ + ဝေဒနီယ သုံးပုဒ်ခွဲလေ။ "ပရိယာယတိ ပုနပ္ပုနံ အာဂစ္ဆတီတိ ပရိယာယော"။ ပရိယာယတိ၊ အလှည့်သင့် အကြိမ်သင့် ဖြစ်တတ်၏။ ပုနပ္ပုနံ၊ အဖန်ဖန်။ အာဂစ္ဆတိ၊ လာတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပရိယာယော၊ ပရိယာယမည်၏။ ဤ၌ ဒိဋ္ဌဓမ္မဘဝ ဥပပဇ္ဇဖြစ်သော ဒုတိယဘဝတို့မှ တပါးသော ဘဝအစုကို အပရဟူ၍ ဆိုအပ်၏။ "အပရော စ သော ပရိယာယော စာတိ အပရပရိယာယော"။ အပရော စ၊ မျက်မှောက်ဘဝ, ဥပပဇ္ဇဘဝတို့မှ တပါးသော ဘဝလည်း ဟုတ်၏။ သော၊ ထိုအပရဟူသည်။ ပရိယာယော စ၊ အဖန်ဖန်လည်း လာရောက်ဖြစ်ပေါ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အပရပရိယာယော၊ အပရပရိယာယမည်၏။ မျက်မှောက်ဘဝ,ဥပပဇ္ဇဘဝတို့မှတပါး အနာဂတ် တတိယဘဝမှစ၍ အနမတဂ္ဂ အနာဂတ်သံသရာတပြင်လုံး၌ရှိသော ဘဝစုကို ရစေ။

**'အပရပရိယာယ'နှင့် 'အပရာပရိယ'တို့ကို စိစစ်ချက်။** ။ဝိသုဒ္ဓိမဂ်မဟာဋီကာ အင်္ဂုတ္တိုရ်ဋီကာတို့၌လည်း"အပရပရိယာယေဟိ ဒိဋ္ဌဓမ္မာနန္တရာနာဂတေ အညသ္မိံ အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ"ဟူ၍ အပရပရိယာယသဒ္ဒါနက်ကို ဖွင့်ပြ၏။

သုတ်ပါဠိတော်တို့၌ ဤအပရပရိယာယကို အပရေ ဝါ ပရိယာယေဟူ၍၎င်း အပရာပရေ ဝါ ပရိယာယေဟူ၍၎င်း နှစ်ချက်ပင် ဟောလျက်ရှိ၏။ ပဌမပါဠိအတိုင်းဖြစ်လျှင် အပရပရိယာယဟုပင်တည်း။ ဒုတိယပါဠိအတိုင်း ပုဒ်ပြီးလျှင် အပရာပရပရိယာယဟူ၍ ဖြစ်နေသင့်၏။ သို့ရာတွင် အလယ်၌ တည်ရှိသော အပရ, သဒ္ဒါတခုကို ချေ၍ အပရာပရိယဟူ၍ အလယ်၌ ဒီဃပြုပြီးလျှင် ယ,အက္ခရာ တလုံး မပါဘဲ ရွတ်ဆိုရေးသားကြ၏။ ဤအပရာပရိယပုဒ်အတိုင်းလည်း တည်၍ ဖွင့်ဆိုကြကုန်၏။ ထိုအပရာပရိယဟူသော ပုဒ်သည် အလုံးစုံသော အဋ္ဌကထာတို့၌၎င်း,ဋီကာကြီးတို့၌၎င်း မရှိလေ။ ပါဠိတော်နှင့်လည်း မညီလေ။ ပါဠိတော်၌ "အပရေ ဝါ ပရိယာယေ ဝိပါကံ ပဋိသံဝေဒေတိ"ဟူ၍၎င်း။ "အပရာပရေ ဝါ ပရိယာယေ ဝိပါကံ ပဋိသံဝေဒေတိ"ဟူ၍၎င်း ဟောတော်မူ၏။ ထို့ကြောင့် အပရပရိယာယပုဒ်သည်သာလျှင် သင့်မြတ်၏ မုချမှတ်ယူသင့်၏။

"အပရပရိယာယေ ဝေဒနီယံ ဖလံ ဧတဿာတိ အပရပရိယာယဝေဒနီယံ"။ ဧတဿ၊ ထိုကံအား။ အပရပရိယာယေ၊ ဒိဋ္ဌဓမ္မဘဝ,ဥပပဇ္ဇဘဝမှ တပါးသော။ အပရပရိယာယဘဝစု၌။ ဝေဒနီယံ၊ ခံစားအပ်သော။ ဖလံ၊ အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အပရပရိယာယဝေဒနီယံ၊ အပရပရိယာယဝေဒနီယကံမည်၏။

**ပါကဌာနကံတို့၏ အကျိုးပေးရာ နယ်အပိုင်းအခြား။** ။မျက်မှောက်ဘဝသည် ဒိဋ္ဌဓမ္မဝေဒနီယ ကံ၏ နယ် ဖြစ်၏။ ဒုတိယဘဝသည် ဥပပဇ္ဇဝေဒနီယကံ၏ နယ်ဖြစ်၏။ ထိုဘဝနှစ်ခုတို့မှ တပါးသော တတိယဘဝမှစ၍ အနမတဂ္ဂ အနာဂတ်သံသရာတပြင်လုံး၌ ရှိရှိသမျှသော အပရပရိယာယဘဝစုသည် အပရပရိယာယဝေဒနီယကံ၏နယ် ဖြစ်၏။ ထို အပရပရိယာယဘဝစု၌ အကျိုးပေးသောကံသည် အပရပရိယာယဝေဒနီယကံမည်၏။ ဇောအားဖြင့် အလယ်ဇောငါးချက်တွင် ပါရှိသော စေတနာပေတည်း။

**ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိအကျိုးပေးပုံ။** ။ကံ၏ အကျိုးသည် ပဋိသန္ဓေ အကျိုး, ပဝတ္တိအကျိုး ဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် တခုသောစေတနာကံသည် တခုသောပဋိသန္ဓေအကျိုးကိုသာ ပေးနိုင်၏။ ပဝတ္တိအကျိုးကိုမူကား တခုသောစေတနာသည် ဘဝများစွာတို့၌ အကျိုးပေးနိုင်သည်။ ထို့ကြောင့် တတိယဘဝမှစ၍ အနမတဂ္ဂအနာဂတ် သံသရာ၌ အကျိုးပေးနိုင်၏ ဆိုသော်လည်း ပဋိသန္ဓေအကျိုးကိုမူကား စေတနာ တခုသည် နှစ်ခုသောပဋိသန္ဓေကို မပေးနိုင်ဟု မှတ်ရာ၏။ ပဝတ္တိအကျိုးကိုမူကား အနမတဂ္ဂအနန္တပင် ပေးနိုင်ရာ၏။

(၃၁၀) **ကံအဟောသိ၊ ကျိုးမရှိ၊ တြိ-စေတနာ။**

ဤဖြင့် အဟောသိကံကို ပြဆို၏။

**အဟောသိကံ။** ။"အဟောသိနာမကံ ကမ္မန္တိ အဟောသိကမ္မံ"။ အဟောသိ-နာမကံ၊ အဟောသိမည်သော။ ကမ္မံ၊ ကံတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်၊ အဟောသိကမ္မံ၊ အဟောသိကံမည်၏။ "အဟောသိကမ္မံ ဘဝိဿတိကမ္မံ အတ္ထိကမ္မံ န တဿ ဝိပါကော"ဟူသော ပါဠိတော်ကို ရည်၍ အာဒိလဒ္ဓနာမအားဖြင့် အဟောသိကံဟူ၍ ဆရာကြီးတို့ အမည်ပေးတော်မူကြ ကုန်သည်။ ဆိုအပ်ခဲ့ပြီးသော ပထမဇောစေတနာ, အလယ်ဇောငါးခုစေတနာ, အဆုံးဇောစေတနာတို့သည်ပင်လျှင် အကြောင်းမသင့် အခွင့်မသာကုန်သဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးကြကုန်ဘဲ အလိုလို သုဉ်း၍ သွန်၍ မြုံ၍ ကွယ်ပ၍ သွားသောကံမျိုးသည် အဟောသိကံမည်၏။

ထင်ရှားစေအံ့—ဇောခုနစ်ကြိမ်တို့တွင် ပထမဇောမှစ၍ တတိယဇောတိုင် အောင်သော ဇော ၃-ချက်တို့သည် ထက်သောဇောတို့ပေတည်း။ ပဉ္စမဇောမှ စ၍ သတ္တမဇောတိုင်အောင်သော ဇော ၃-ချက်တို့သည် သက်သော ဇော ကျသောဇောတို့ မည်ကုန်၏။ အလယ်ဖြစ်သော စတုတ္ထဇောသည် သိခါပတ္တ အထွတ်အထိပ်သို့ ရောက်သောဇော မည်၏။

**ဇောသုံးရပ်တို့၏ အားရှိ အားမဲ့။** ။ပထမဇောသည် အာသေဝနပစ္စည်းကို မရ၊ အစဆုံးဇောဖြစ်၍ အားနည်း၏။ သတ္တမဇောစေတနာသည် အာသေဝနပစ္စည်းကိုရသော်လည်း အရှိန်အဟုန် ဆုံးရာ ဇောပြတ်ရာဌာနတွင် ဖြစ်ရ၍ အားနည်းပြန်၏။ အလယ်ဇောငါးချက် တို့ကား အားရှိကြကုန်၏။

**ဇောအသီးသီးတို့၏ အကျိုးပေးပုံ။** ။အကျိုးပေးဟန်ကို ဥပမာနှင့်တကွ ပြဆို အံ့—လောက၌ ကောက်ပဲ စသည်တို့ ကဲ့သို့ တနှစ်တွင်တခါမျှ ကြီးပွါး၍ အသီးအပွင့်ကိုဆောင်သော သစ်ပင်တို့သည် လည်း ရှိကြကုန်၏။ ထိုပြင် တနှစ်ကျော်ကျော် နှစ်နှစ်ခန့်မျှ အသက်ရှည်၍ အသီးအပွင့်ကိုဆောင်သော သစ်ပင်တို့သည်လည်း ရှိကြကုန်၏။ ထိုပြင် သရက် ပင်, အင်ကြင်းပင် အစရှိသော အနှစ်ကြာမြင့်စွာ အသက်ရှည်သော သစ်ပင်မျိုး တို့သည်လည်း ရှိကြကုန်၏။ ထိုစကားရပ်၌ တနှစ်အတွင်း ကြီးပွါးသော သစ်ပင် နှင့်တူစွာ ပထမဇောစေတနာကို မှတ်အပ်၏။ တနှစ်ကျော်ကျော် နှစ်နှစ်ခန့်မျှ အသက်ရှည်သော သစ်ပင်မျိုးကဲ့သို့ သတ္တမဇောစေတနာကို မှတ်အပ်၏။ သရက်ပင်, အင်ကြင်းပင်, ပိတောက်ပင် စသော သစ်ပင်ကြီးမျိုးကဲ့သို့ အလယ် ဇောစေတနာကို မှတ်အပ်၏။

ဆက်ဦးအံ့—တနှစ်တမိုးမျှ အသက်ရှည်ကြကုန်သော မြက်မျိုး, ကောက်စပါးမျိုး, ပဲမျိုးတို့သည် အနှစ်သာရ မရှိကြကုန်။ အနှစ်သာရမရှိကြကုန်သောကြောင့်ပင်လျှင် အားနည်းကြကုန်၏၊ အရှည်မခံကြကုန်၊ တာရှည်စွာ မတည်နိုင်ကြကုန်။ ထိုကြောင့် လျင်မြန်စွာ ကြီးပွါးကြကုန်၏။ လျင်မြန်စွာ အပွင့်ကိုဆောင်ပြီးကာ အသီးကို ဖြစ်စေကုန်၏။ လျင်မြန်စွာ မှည့်ရင့်ကြစေကုန်၍ အမြစ်နှင့်တကွ ပျက်စီးကြလေကုန်၏။ နွေကာလတခုကို မကူးမကျော်နိုင်ကြကုန်။ နောက်မိုးတခုကို မှီအောင် မတည်နိုင်ကြကုန်။ ဤအရာ၌ သေသောမရဏကာလနှင့် နွေအခါတူ၏။ နောက်မိုးတခုနှင့် ဒုတိယဘဝသစ်တူ၏။ တနှစ်ကျော်ကျော် နှစ်နှစ်ခန့်လောက် အသက်ရှည်ကြကုန်သော သစ်ပင်ငယ်မျိုးတို့သည် အတော်အတန် အနှစ်အသား ရှိကြကုန်၏။ အတော်အတန် အသားရှိသောကြောင့်ပင်လျှင် အနည်းငယ် ကြာမြင့်သော ကာလဖြင့် တဖြည်းဖြည်းကြီးပွါးကြကုန်၏။ ပထမစိုက်ပျိုးသော မိုးအခါတွင် ကြီးပွါးကြကုန်၏။ အပွင့်အသီးတို့ကိုမူကား မဆောင်နိုင်ကုန်သေး။ တခုသော နွေကို ကူးမြောက်၍ ဒုတိယမိုးခါတိုင်အောင် မှီကြ တည်ကြကုန်၏။ ဒုတိယမိုးတွင် အပွင့်အသီးကိုဆောင်ကြကုန်၏။ နောက်တဖန် နွေတခုကို မကူးကျော်နိုင်ကုန်ဘဲ ပျက်စီးကြရကုန်၏။ အင်ကြင်းပင်ကြီး, သရက်ပင်ကြီးစသော သစ်ပင်ကြီးမျိုးတို့သည်ကား များစွာ အနှစ်သာရ ရှိကြကုန်၏။ လွန်စွာ အားရှိကြကုန်၏။ အနှစ်ငါးဆယ်သော်၎င်း, တရာသော်၎င်း, ထို့ထက် အလွန်သော်၎င်း တည်နိုင်ကြကုန်၏။နွေအဆင့်ဆင့်တို့ကို ကျော်နင်းနိုင်ကုန်၏။မိုးခါဆင့်ဆင့်တို့ကိုလည်း မှီကြကုန်၏။ နှေးနှေး ကြီးပွါးကြကုန်၏။ တနှစ်တွင်မှ တတောင်သော်၎င်း, နှစ်တောင်သော်၎င်း ကြီးပွါးကြကုန်၏။ ဆယ်နှစ်-ဆယ့်ငါးနှစ် စသည် ကြာမြင့်မှ အသီးအပွင့်ကို ဆောင်ကြကုန်၏။

**ပထမဇောအကျိုးပေးပုံ။**　။ထို ဥပမာနှင့်တူစွာ ပထမဇော စေတနာသည် အချင်းခပ်သိမ်း အာသေဝနပစ္စည်းကို မရသောကြောင့် အားနည်း၏။ အနှစ်သာရ မရှိ။ ထိုကြောင့် တခုသောဘဝသစ် ပဋိသန္ဓေသစ်ကို ထူထောင်ခြင်းငှါ မတတ်နိုင်ချေ။ တခုသော မရဏကာလကို ကျော်လွန်ကူးမြောက်၍ ဒုတိယဘဝ၌ အကျိုးမပေးနိုင်ချေ။ ဤဘဝ၌ပင်လျှင် အကျိုးပေးရ၏။ အကြောင်း အခွင့် သင့်မှသာလျှင် အကျိုး ပေးနိုင်သည်။ အကြောင်းအခွင့် မသင့်လျှင် အကျိုး သုဉ်းလေ သွန်လေ၏။

**သတ္တမဇောအကျိုးပေးပုံ။**　။သတ္တမဇောစေတနာသည် အာသေဝနပစ္စည်းကို ရသောကြောင့် ပထမဇော စေတနာထက် အတော်အတန် အားရှိ၏။ ဖြည်းဖြည်းနှေးနှေး အကျိုးပေး၏။ ဤပစ္စက္ခဘဝ၌ အကျိုး မပေးနိုင်ချေ။ ဒုတိယဖြစ်သော ဥပပဇ္ဇဘဝ၌သာ အကျိုးပေးရ၏။

အာသေဝနပစ္စည်းကို ရ၏ဆိုသော်လည်း ထက်မြက်သော အာသေဝနပစ္စည်းကို ရသည် မဟုတ်၊ အရှိန်အဟုန် စဲလုခါနီးဖြစ်၍ နုံ့သော ဆဋ္ဌဇောမှ အာသေဝန ပစ္စည်းကိုရ၍ မိမိလည်း အားနည်း၏။ ထိုအပြင် အဆုံးသတ် အားနည်းစွာသော ဇောအရှိန် သေရာတွင် ဖြစ်ရသဖြင့် အားနည်း၏။ ထိုကြောင့် ဒုတိယဘဝ၏ မရဏကာလကို ကျော်လွန်၍ တတိယဘဝ စသည်၌ အကျိုး မပေးနိုင်ချေ။ ဒုတိယဘဝ၌သာလျှင် အကျိုးပေး၏။ အကြောင်းအခွင့် သင့်ပါမှ အကျိုး ပေးသည်။ အကြောင်းအခွင့် မသင့်လျှင် အကျိုး သုဉ်းပြန်လေ၏။

**အလယ်ဇော ၅-ချက် အကျိုးပေးပုံ။** ။အလယ်ဇော ၅-ချက် စေတနာတို့ သည်မူကား အာသေဝနပစ္စည်းကို ကောင်းစွာ ရကြကုန်သောကြောင့် လွန်စွာ အားရှိကြကုန်၏။ အနုစ်သာရ ပြည့်ဝကြကုန်၏။ သစ်ပင်ကြီးမျိုးတို့ပမာ ရှည်ကြာမှ အကျိုးကို ပေးနိုင်ကုန်၏။ တတိယဘဝမှစ၍ အနာဂတ်သံသရာ၌ အမှတ်မရှိသောဘဝ၌ အကျိုးပေးနိုင် ကုန်၏။ အရဟတ္တဖိုလ်သို့ ရောက်သည်တိုင်အောင် အစဉ် လိုက်ကုန်၏။ အရ-ဟတ္တမဂ်ဖြင့် သတ်အပ်ကုန်၍ အရဟတ္တဖိုလ်သို့ရောက်လျှင် အကျိုးမပေးနိုင်ကြ ကုန်ပြီ။

**ဒိဋ္ဌဓမ္မဝေဒနီယကံ**သည် ကာကဝလိယသေဋ္ဌေး, ကလာဗုမင်း, စိဉ္စမာဏ-ဝိကာစသည်တို့ကဲ့သို့ ထင်ထင်ရှားရှား လောလောလတ်လတ် အကျိုးပေးသည် လည်း ရှိ၏။ မထင်မရှား အကျိုးပေးသည်လည်း ရှိ၏။ဤလောက၌မကောင်းမှု ဒုစ္စရိုက်ကို ပြုကျင့်၍ သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကို ခံရမှု, ထိုက်သည့် အလျောက် အစိုးရအပြစ်ဒဏ်များကို ခံရခြင်းအမှုများသည် အကုသိုလ် ဒိဋ္ဌ-ဓမ္မဝေဒနီယကံ၏ သတ္တိများပေတည်း။ ကောင်းသောအမှုကို ပြု၍ သူတော် ကောင်းစသည်တို့၏ ချီးမွမ်းခြင်း, ချီးမြှောက်ထောက်ပံ့ခြင်းကို ခံရမှု,ထိုက်သည့် အလျောက် လောကီဝတ္တရားဖြင့် အစိုးရမင်းတို့၏ အချီးအမြှောက်ကို ခံရခြင်း အမှုများသည်လည်း ကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ သတ္တိများပေတည်း။ ဉာဏ-ဝိဘင်းအဋ္ဌကထာ၌ "ဧကံ ဒိဋ္ဌဓမ္မဝေဒနီယံ ဝိပါကံ ဒေတိ၊ သေသာနိ အဝိပါ-ကာနိ"ဟူသောပါဠ်ဖြင့် တခုသော ဒိဋ္ဌဓမ္မဝေဒနီယကံသည်သာလျှင် အကျိုး ပေး၏။ ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့သည် အကျိုးမပေးကုန်ဟု ဆို၏။ ထို စကားသည် အကြောင်းမသင့်၍ အကျိုးပေးခွင့် မရမှုများလှသော ဒိဋ္ဌဓမ္မ-ဝေဒနီယတို့ကို ရည်၍ဆိုသော စကား ဖြစ်ဟန် လက္ခဏာ တူ၏။ တခုသော ပစ္စက္ခပစ္စုပ္ပန်, ဒိဋ္ဌဓမ္မဘဝသည် တခုသော ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အရာသာတည်း ဟူ၍ဆိုခြင်းငှါ မတတ်သာချေ။ များစွာသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့၏ အကျိုး ပေးရာဟူ၍ မုချ ဆိုထိုက်၏။

ဥပပဇ္ဇဝေဒနီယကံအရာ၌ ဉာဏဝိဘင်းအဋ္ဌကထာတွင် "ဧကံ ဥပပဇ္ဇဝေဒ-နီယံ ပဋိသန္ဓိံ အာကဍ္ဎတိ၊ သေသာနိ အဝိပါကာနိ"ဟူသောပါဠိဖြင့် တခုသော ဥပပဇ္ဇဝေဒနီယကံသည်သာလျှင် ပဋိသန္ဓေအကျိုးကို ပေး၏။ ကြွင်းသော ဥပပဇ္ဇဝေဒနီယကံတို့သည် အကျိုး မပေးကုန်ဟု ဆို၏။ ထိုစကားကို ပဋိသန္ဓေအကျိုးကိုရည်၍ ဆိုအပ်သည်ဟု မှတ်ရာ၏။ စင်စစ်မူကား ဒုတိယဘဝ မကုန်မချင်း တသန္တာန်လုံးသည် ဥပပဇ္ဇဝေဒနီယကံဟူသမျှတို့၏ အကျိုးပေးရာနယ်ဖြစ်ပေသဖြင့် ပဋိသန္ဓေအကျိုးကို မပေးသော ကြွင်းသော ဥပပဇ္ဇဝေဒနီယကံတို့သည် ပဝတ္တိအကျိုးကို ပေးကုန်၏။ ၎င်းဒုတိယဘဝ၌ တစုံတရာ အကျိုးပေးခွင့် မရလျှင် အဟောသိကံ ဖြစ်လေ၏။

ဤအရာ၌ ကုသိုလ် အကုသိုလ် ၂-ပါးရောနှောသော မိဿကကံကို ပြု၍ အခြားမဲ့ ဒုတိယဘဝ၌ ကောင်းကျိုး မကောင်းကျိုးကို ခံကြရကုန်သော ဝေမာနိက ပြိတ္တာတို့၏ဝတ္ထု, အသုရကာယ်တို့၏ဝတ္ထု စသည်များကို ထောက်၍ ဥပပဇ္ဇဝေဒနီယကံ၏ ဒုတိယဘဝ၌ ပဝတ္တိအကျိုးပေးကြောင်းကို သိရာ၏။ ဝိဘာဝိနီ၌ — "ပဋိသန္ဓိယာ ပန ဒိန္နာယ ဇာတိသတေပိ ပဝတ္တိဝိပါကံ ဒေတိ" ဟူသော ပါဠိဖြင့် ဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေ အကျိုးကို ပေးပြီးနောက် ဘဝအရာ၌သော်လည်း ပဝတ္တိအကျိုးကို ပေး၏ဟု ဆို၏။ ထိုစကားသည် ကံချင်းချင်း ရောရှက် ထွေးရှုပ်စေသည့်ပြင် အဋ္ဌကထာနှင့်လည်း ဆန့်ကျင်၏။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "ဒိဋ္ဌဓမ္မဝေဒနီယံ, ဥပပဇ္ဇဝေဒနီယံ, အပရာပရိယာယ-ဝေဒနီယန္တိ တေသံ သကမ္မံ နတ္ထိ၊ ယထာဌာနေယေဝ တိဋ္ဌန္တိ"ဟူသောပါဠိဖြင့် ဒိဋ္ဌဓမ္မဝေဒနီယစသော ကံသုံးပါးတို့၏ အကျိုးသည် ရောရှက်ထွေးရှုပ်ခြင်းမရှိ မိမိတို့ဆိုင်ရာဌာနတွင်သာ အကျိုးပေး တည်ခိုင်ကြကုန်၏ဟု ဆို၏။ ထိုစကားကို ပဋိသန္ဓေအကျိုးကိုသာ ရည်၍ ဆိုသည်ဟူ၍လည်း မဆိုထိုက်။ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး ၂-ပါးလုံးကို ဆိုသည်ဟု မှတ်ယူထိုက်၏။ ထို့ကြောင့် ဥပပဇ္ဇ-ဝေဒနီယကံသည် ပဝတ္တိအကျိုးကို ပေးသော်သည်း ဒုတိယဘဝ၌သာ အကျိုးပေးနိုင်သည်။ ဘဝအရာ၌ အကျိုးမပေးနိုင်ဟု သိရာ၏။ အနမတဂ္ဂ ဘဝများစွာ၌ အကျိုးပေးသောကံစုကား အပရာပရိယာယ ဝေဒနီယကံပေတည်းဟု မှတ်ရာ၏။ အချင်းချင်း နယ်ကို မလွန်ကျူးစေရာ။ မဟဂ္ဂုတ် ကုသိုလ်ကံများသည် အခြားမဲ့၌ အကျိုးပေးမြဲသောကြောင့် သတ္တမဇောအရာ၌ တည်၏။ ဥပပဇ္ဇဝေဒနီယကံဟူ၍ ဆိုထိုက်၏။ များစွာသော မဟဂ္ဂုတ်ကုသိုလ်စေတနာတို့တွင် တခုသောစေတနာ အကျိုးပေးလျှင် ကြွင်းသော မဟဂ္ဂုတ်စေတနာစုသည် အဟောသိကံဖြစ်လေ၏။

**မဟဂ္ဂုတ်ဇောနှင့် ကာမဇောတို့ကို** အမြွက်ဆိုအံ့—မဟဂ္ဂုတ်ဇောစေတနာတို့သည် သလေးထမင်းနှင့်တူ၏။ ကာမဇောစေတနာတို့သည် သလေးစပါးနှင့်တူကုန်၏။ ချက်ပြီးသောထမင်းသည် စားသင့်သောအချိန်၌ မသုံးမစားဘဲ ထားလျှင် သိုးပုပ်လေ၏။ သလေးစပါးသည်မူကား နှစ်ရှည်လများ ထားသော်လည်း သိုးပုပ်သည်ဟူ၍ မရှိချေ။ ထိုအတူ မဟဂ္ဂုတ်ဇောစေတနာတို့သည် အနန္တရဘဝတွင် အကျိုးပေးပါမှ မပေးလျှင် သုဉ်းလေ၏၊ အဟောသိကံ ဖြစ်လေ၏။

**ကာမဇောစေတနာများ**မူကား နိဗ္ဗာန်ရသောဘဝတိုင်အောင် မသိုးမပုပ် အကျိုးပေးနိုင်လေ၏။ မဟဂ္ဂုတ်စေတနာတို့သည် ဤပစ္စက္ခဘဝ၌ပင်လျှင် ဆန့်ကျင်ဘက်ဖြစ်သော နီဝရဏတရားတို့၏ ဘိစီးမှုကို ခံရကုန်သည်ရှိသော် အကျိုး သုဉ်းဖျင်းပြြန်ကုန်၏။ ထို့ကြောင့် မဟဂ္ဂုတ်ကံများသည် လွန်စွာ မခိုင်မခံ့ အားနည်းလှ၏ဟု သိသာ၏။

**မင်စေတနာသည်**မူကား ဒိဋ္ဌဓမ္မဝေဒနီယကံ အမြဲဟု ဆိုသင့်၏။ ထိုမင်စေတနာတို့သည် အကျိုးဖြစ်သော ဖိုလ်အား အနန္တရပစ္စည်းတပ်လျက် လက်ငင်း အကျိုး ပေးကုန်၏။အနန္တရိယကံငါးပါးတို့သည်လည်း ဒုတိယဘဝ၌ အကျိုးပေး မြဲကုန်၏။ ထိုအနန္တရဖြစ်သော ဒုတိယဘဝသည်လည်း သတ္တမဇောစေတနာ၏ နယ်ဖြစ်၏။ ထို့ကြောင့် ပဉ္စာနန္တရိယကံငါးပါးတို့ကို သတ္တမဇောစေတနာတို့ သာတည်း, ဥပပဇ္ဇဝေဒနီယကံတို့သာတည်းဟူ၍ ဆိုအပ်ကုန်၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌လည်း "ဒုဗ္ဗလာပိ အန္တိမဇဝနစေတနာ သန္နိဋ္ဌာနကိစ္စဝိသေသယုတ္တတာယ ဖလဝိပစ္စနေ သတ္တိဝိသေသယုတ္တာ ဟောတီတိ ဥပပဇ္ဇဝေဒနီယာ, အနန္တရိကာ စ သာ ဟောတိ"ဟူ၍ ဆို၏။ ။အပရာပရိယာယကံကား ထင်ရှားပြီ။

**အဟောသိကံ။** ။ဤသုံးပါးသောကံတို့သည်ပင်လျှင် မိမိ မိမိတို့၏ဆိုင်ရာ နယ်ပယ်၌သာနည်း အကျိုးပေးခွင့်ကို မရကြကုန်သည် ရှိသော် အဟောသိကံအဖြစ်သို့ ရောက်ကြကုန်၏။

**ကံတို့၏ကာလနယ်ပယ်သတ်မှတ်ခြင်း။** ။ဒိဋ္ဌဓမ္မဝေဒနီယ စသော ကံသုံးပါး တို့၏ နယ်နိမိတ် ကန့်သတ်ရန်မှာ ပစ္စက္ခဘဝ၏ စုတိဖြင့် ဒိဋ္ဌဓမ္မဝေဒနီယကံကို နယ်သတ်ရာ၏။ အနန္တရဒုတိယ ဘဝဖြင့် ဥပပဇ္ဇဝေဒနီယကံကို နယ်သတ်ရာ၏။ပရိနိဗ္ဗာနစုတိဖြင့် အပရာပရိယာယ ကံကို နယ်နိမိတ်သတ်မှတ်ရာ၏။ ။ပါကဋ္ဌာနစတုက္က ပြီး၏။

## ဒုစ္စရိုက် ၁၀-ပါး

ယခုအခါ ဒွါရသုံးပါးဖြင့် ကံဖြစ်ပုံကို ဆိုပေလတ္တံ့။

**(၃၁၁) သက်သတ်,ခိုးမှု၊ ကာမေသု၊ သုံးခုကာယကံ။**

**(၃၁၂) မုသာ,မိတ်ခွဲ၊ ဆဲရေးပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်း ဝစီကံ။**

**(၃၁၃) သူ့ပိုင်နက်ကို၊ ကိုယ့်ဘက်ညွတ်စေ၊ အသေတောင့်တ၊ ပါပဒိဋ္ဌိ၊ အယူပြီ၊ တြိ-မနောကံ။**

ဤဖြင့် ဒုစ္စရိုက်ဆယ်ပါးကို ပြဆို၏။

ဒုစ္စရိုက်ဆယ်ပါးကား—

(၁) ပါဏာတိပါတ=သူ့အသက်ကိုသတ်မှု။

(၂) အဒိန္နာဒါန=သူ့ဥစ္စာကိုခိုးမှု။

(၃) ကာမေသုမိစ္ဆာစာရ=သူ့အိမ်ကို မှောက်မှောက်မှားမှား လွန်ကျူးမှု။ (ဤသုံးပါးသည် ကာယဒုစ္စရိုက် ၃-ပါးမည်၏)။

(၄) မုသာဝါဒ=မဟုတ်မမှန် ပြောဆိုမှု။

(၅) ပိသုဏာဝါစာ=ချောပစ်ကုန်းတိုက်မှု။

(၆) ဖရုသဝါစာ=ကြမ်းတမ်းစွာ ပြောဆိုမှု။

(၇) သမ္ဖပ္ပလာပဝါစာ=အနက်မှကင်း အပြိန်အဖျင်း ပြောဆိုမှု။(ဤလေးပါးသည် ဝစီဒုစ္စရိုက်လေးပါးမည်၏)။

(၈) အဘိဇ္ဈာ=သူတပါးစည်းစိမ်ကို တောင့်တကြံစည်မှု။

(၉) ဗျာပါဒ=သူတပါးပျက်စီးစေလိုမှု။

(၁၀) မိစ္ဆာဒိဋ္ဌိ=အယူအကျင့်မှောက်မှားမှု။ (ဤသုံးပါးသည် မနောဒုစ္စရိုက် ၃-ပါး မည်၏။

ဤကား ဒုစ္စရိုက်ဆယ်ပါးတည်း။ အကုသိုလ်တို့၏ဖြစ်ရာ အပေါက်အလမ်းကြီးတွေ ဖြစ်သောကြောင့် အကုသလကမ္မပထလည်း ခေါ်၏။

**(၁) ပါဏာတိပါတ။** ။ထိုတွင် (၁) ပါဏာတိပါတဠ်"ပါဏံ အတိပါတေန္တိ တေနာတိ ပါဏာတိပါတော"။ တေန၊ ဤတရားဖြင့်။ ပါဏံ၊ သတ္တဝါတို့၏ အသက်ကို။ အတိပါတေန္တိ၊ အလွန်ချတတ်ကုန်၏။ ဝါ၊ သတ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါဏာတိပါတော၊ ပါဏာတိ

ပါတမည်၏။ အတိပါတေန္တိ ဆိုသည်ကား မိမိပကတိသဘောအားဖြင့် သတ္တဝါ တို့၏ ရုပ်ခန္ဓာမှ မကျဘဲ မခွါဘဲ မပြတ်ဖြစ်ပေါ်နေသော ဇီဝိတိန္ဒြေကို တစုံ တခုသော ပယောဂဖြင့် အတင်းကျစေမှု ချမှု သတ္တဝါတို့၏ ရုပ်ခန္ဓာနှင့် ခွင်းမှု ကွင်းစေမှုကို ဆိုသည်။ တပါးသော သတ္တဝါ၌ သတ္တဝါဟု အမှတ်ရှိသည်ဖြစ်၍ ထိုသတ္တဝါ၏ အသက်ဇီဝိတိန္ဒြေအစဉ်ကို ဖြတ်တတ်သော ကာယပယောဂ,ဝစီ ပယောဂကြောင့်ဖြစ်သော သတ်တတ်သော ဝဓကစေတနာသည် ပါဏာတိပါတ မည်၏။ ပါဏာတိပါတ၏ အင်္ဂါသည် အောက်ပါအတိုင်း ငါးပါးဖြစ်၏။

## ပါဏာတိပါတအင်္ဂါ ၅-ပါး

(၁) ပါဏော=သတ္တဝါလည်း မှန်စေ။

(၂) ပါဏသညိတာ=သတ္တဝါအမှတ်လည်း ရှိစေ။

(၃) ဝဓကစိတ္တံ=သတ်လိုသော စိတ်ရှိသည်လည်း ဖြစ်စေ။

(၄) ပယောဂေါ=လုံ့လပြုသည်လည်း ဖြစ်စေ။

(၅) တေန မရဏံ=ထိုလုံ့လဖြင့် သေသည်လည်း ဖြစ်စေ။

ဤကား ပါဏာတိပါတကံမြောက်ရန် အင်္ဂါငါးပါးပေတည်း။

**ပါဏာတိပါတအင်္ဂါတို့နှင့် ပယောဂ ၆-ပါး။** ။ထိုငါးပါးတို့တွင် ပယောဂသည် ခြောက်ပါးရှိပြန်၏။ခြောက်ပါးကား—

(၁) သာဟတ္ထိက=ကိုယ်တိုင်သတ်ခြင်း။

(၂) အာဏတ္တိက=သတ်ရန် စေခိုင်းခြင်း။

(၃) နိဿဂ္ဂိယ=တစုံတရာဖြင့် ပစ်ခတ်၍ သတ်ခြင်း။

(၄) ထာဝရ=ထား လုံစသည် ပြုလုပ်၍ အမြဲထာဝရ သေစေကြောင်းကို ပြုလုပ်ခြင်း။

(၅) ဝိဇ္ဇာမယ=ဆေးဝါးမန္တရားစသည်ဖြင့် သတ်ခြင်း။

(၆) ဣဒ္ဓိမယ=တစုံတခုသော တန်းခိုးအာနုဘော်ဖြင့် သတ်ခြင်း။ ဤကား ပါဏာတိပါတ၏ ပယောဂ ခြောက်ပါးတည်း။

မိမိကိုယ်ကို မိမိသတ်ရာ၌ ပါဏာတိပါတ မဖြစ်။ "သယမေဝ အတ္တနော ဇီဝိ-တိန္ဒြိယံ ပါတေန္တဿ ပါဏာတိပါတော နာမ နတ္ထိ"။ (ပရမတ္ထဒီပနီမဟာဋီကာ။)

(၂) **အဒိန္နာဒါနု၌** ဥစ္စာရှင်သည် သိမ်းဆည်းအပ်သည်ဖြစ်၍ မပေးအပ်သော ဝတ္ထုသည် အဒိန္နမည်၏။ "အဒိန္နံ အာဒိယန္တိ ဧတေနာတိ အဒိန္နာဒါနံ"။ ဧတေန၊ ဤတရားဖြင့်။ အဒိန္နံ၊ အရှင်မပေးအပ်သော ဥစ္စာကို။ အာဒိယန္တိ၊ ခိုးယူကုန်၏။ ဣတိတသ္မာ၊ ထိုသို့ခိုးယူကြောင်းဖြစ်သော သတ္တိကြောင့်။ အဒိန္နာဒါနံ၊ အဒိန္နာဒါနမည်၏။ သူတပါးတို့ သိမ်းဆည်းအပ်သော ဥစ္စာပစ္စည်း၌ သိမ်းဆည်းသူ အရှင်ရှိ၏ဟု မှတ်ထင်လျက် ထိုဥစ္စာရှင်နှင့် ဥစ္စာကို ခွင်းတတ်သော။ ဝါ၊ ဥစ္စာရှင်လက်မှ လွတ်အောင် ပြုတတ်သော ပယောဂကြောင့် ဖြစ်ပေါ်သော လုယက်သိုဝှက်မှုစေတနာသည် အဒိန္နာဒါနမည်၏။ အဒိန္နာဒါန၏ အင်္ဂါသည် အောက်ပါအတိုင်း ငါးပါးဖြစ်၏။

**အဒိန္နာဒါန် အင်္ဂါ ၅-ပါး**

(၁) ပရပရိဂ္ဂဟိတ=သူတပါးသိမ်းဆည်းအပ်သော ဝတ္ထုမှန်စေ။

(၂) ပရပရိဂ္ဂဟိတသညိတာ=သူတပါးသိမ်းဆည်းအပ်၏ဟု အမှတ်ရှိစေ။

(၃) ထေယျစိတ္တ=ခိုးလိုသော စိတ်လည်း ရှိစေ။

(၄) ပယောဂ=လုံ့လပြုသည်လည်း ဖြစ်စေ။

(၅) အဝဟာရ=ဆောင်ယူသည်လည်း ဖြစ်စေ။

ဤကား အဒိန္နာဒါန၏ အင်္ဂါငါးပါးတို့တည်း။ ပယောဂသည် ပါဏာတိပါတမှာကဲ့သို့ ခြောက်ပါးပင် ရှိ၏။ မိမိဥစ္စာကို သူတပါးဥစ္စာထင်၍ ခိုးယူခြင်း, သူတပါးဥစ္စာကို မိမိဥစ္စာထင်၍ ခိုးယူခြင်းတို့၌ အဒိန္နာဒါန် မဖြစ်။

(၃) **ကာမေသုမိစ္ဆာစာရ၌** "ကာမေသု မိစ္ဆာ စရန္တိ ဧတေနာတိ ကာမေသုမိစ္ဆာစာရော"။ ဧတေန၊ ဤတရားဖြင့်။ ကာမေသု၊ ကာမတို့၌။ မိစ္ဆာ၊ မှောက်မှောက်မှားမှား မတရားသောအားဖြင့်။ စရန္တိ၊ ကျင့်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရမည်၏။ မသွားမရောက်သင့်သော အဂမနီယဝတ္ထုတို့၌ မဂ်ချင်းချင်း ယှဉ်တွဲပေါင်းစပ်မိအောင် ပြုတတ်သော ကာယပယောဂကြောင့် ဖြစ်သော သာယာခြင်း စေတနာသည် ကာမေသုမိစ္ဆာစာရမည်၏။ ကာမေသုမိစ္ဆာစာရ၏ အင်္ဂါသည် အောက်ပါအတိုင်း လေးပါးရှိ၏။

**ကာမေသုမိစ္ဆာစာရ အင်္ဂါ ၄-ပါး**

(၁) အဂမနီယဝတ္ထု=မသွားမလာအပ်သော ဝတ္ထုလည်းဖြစ်စေ။

(၂) တသ္မိံ သေဝနစိတ္တံ= ထိုမသွားမလာအပ်သော ဝတ္ထု၌ မှီဝဲလိုသော စိတ်ရှိသည်လည်းဖြစ်စေ။

(၃) ပယောဂေါ=လုံ့လပြုခြင်း။
(၄) မဂ္ဂေနမဂ္ဂပဋိပတ္တိအဓိဝါသံ=မဂ်အချင်းချင်း ပူးယှဉ်သည်၌ သည်းခံသာယာခြင်း။

ဤပယောဂသည်ကား သာဟတ္ထိက ပယောဂ တပါးပင်တည်း။

**အဂမနီယဝတ္ထု၊ ၂၀။** ။အဂမနီယဝတ္ထုဟူသော ပုဒ်၏အရ ယောကျ်ားတို့မှ ၁ မသွားမလာ ကောင်းသော မိန်းမ နှစ်ကျိပ်ရှိ၏။

နှစ်ကျိပ်ကား—

(၁) မာတုရက္ခိတ=အမိစောင့်ရှောက်အပ်သောမိန်းမ။
(၂) ပိတုရက္ခိတ=အဖစောင့်ရှောက်အပ်သောမိန်းမ။
(၃) မာတာပိတုရက္ခိတ=မိဖနှစ်ပါးစောင့်ရှောက်အပ်သောမိန်းမ။
(၄) ဘဂိနိရက္ခိတ=အစ်မ ညီမစောင့်ရှောက်အပ်သောမိန်းမ။
(၅) ဘာတုရက္ခိတ=မောင်ကြီး မောင်ငယ်စောင့်ရှောက်အပ်သောမိန်းမ။
(၆) ဉာတိရ‹ တ=သွေးစပ်သော အမျိုးစောင့်ရှောက်အပ်သောမိန်းမ။
(၇) ဂေါတ္တရက္ခိတ=အနွယ်စောင့်ရှောက်အပ်သောမိန်းမ။
(၈) ဓမ္မရက္ခိတ=တရားစောင့်အပ်သောမိန်းမ။
(၉) သပရိဒဏ္ဍာ=ဒဏ်ထားအပ်သောမိန်းမ။
(၁၀) သာရက္ခာ=အစောင့်အရှောက် အရှင်ရှိသောမိန်းမ။

(ဤကား ရက္ခိတနှင့်စပ်သော မိန်းမတကျိပ်တည်း)။

(၁) ဓနက္ကီတ=ဥစ္စာဖြင့်ဝယ်ယူအပ်သောမယား။
(၂) ဆန္ဒဝါသိနီ=အလိုဆန္ဒတူ၍နေသောမယား။
(၃) ဘောဂဝါသိနီ=စည်းစိမ်ကို မြော်မြင်၍နေသောမယား။
(၄) ပဋဝါသိနီ=အဝတ်အထည်ကို မြော်မြင်၍နေသောမယား။
(၅) ဩဒပတ္တကိနီ=ရေခွက်တခု၌ လက်ချ၍ ပေါင်းဖက်သောမယား။
(၆) ဩဘဋစုမ္ဗဋာ=ခေါင်းခုဝန်ထုပ်ကိုချ၍နေသောမယား။
(၇) ဓဇာဟဋာ=စစ်တံခွန် လွှင့်ရာမှ ဆောင်အပ်သော မယား။ ဝါ၊ သုံ့မယား။
(၈) ကမ္မကာရီဘရိယာ=အိမ်၌ အမှုလုပ်ဆောင်ရင်း ယူသောမယား။

(၉) ဒါသိဘရိယာ=ကျွန်မ မယား။
(၁၀) မုဟုတ္တိကာ=ခေတ္တမယား။
(ဤကား မယားမျိုး ၁၀-ဦး တည်း)။

**ကာမေသုမိစ္ဆာစာရထိုက်,မထိုက်ဆုံးဖြတ်ချက်။** ။ဤ ၂-ကျိပ်သောမိန်းမတို့၌ သွားလာ ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ ထို့ကြောင့် "မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်း သိပ်လည်း၊ မအိပ်လေရာ"ဟူ၍ ရှေးဆရာတို့ စပ်ဆို၏။

မိန်းမအတွက်မှာ သပရိဒဏ္ဍာ, သာရက္ခာ မိန်းမနှစ်ယောက်နှင့် နောက်မယား ဆယ်ယောက် ပေါင်း တကျိပ်နှစ်ယောက်သော မိန်းမတို့မှာ မိမိတို့လင်မှ ကပါး သော ယောကျ်ားတို့နှင့် သွားလာဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။

မာတုရက္ခိတစသော ရှေ့မိန်းမရှစ်ယောက်တို့မှာ မိမိတို့၏အတွေ့ကို ပိုင်သော အရှင်သခင် လင်ယောကျ်ားမရှိ၊ မိမိတို့သာ ပိုင်သောကြောင့် မည်သည့် ယောကျ်ားနှင့်မဆို သွားလာ ကျူးလွန်သော်လည်း ကာမေသုမိစ္ဆာစာရကံ မထိုက်၊ ယောကျ်ားတို့မှာသာ ထိုက်ရလေသည်။

ပြဆိုအပ်ပြီးသော မိန်းမ ၁၂-ယောက်တို့သည် လူဇာတ် မဟုတ်သော တိရစ္ဆာန်ယောကျ်ားတို့နှင့် ကျူးလွန်သော်လည်း ကာမေသုမိစ္ဆာစာရဖြစ်၏။ မလ္လိကာမိဖုရားကြီး၏ ဝတ္ထုကိုထောက်။

ဘူရိဒတ်နဂါးမင်းကြီးသည် သီလဆောက်တည်ကြောင်း၊ ယုန်,ဖျံ,မြေခွေး, မျောက်တို့သည်လည်း သီလဆောက်တည်ကြောင်းကို ကျမ်းဂန်တို့၌ လာရှိသော ကြောင့် တိရစ္ဆာန်တို့မှာလည်း ငါးပါး, ရှစ်ပါးစသော သီလများလည်း ရှိသည်ပင် ဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်ချင်းချင်းသော်ငြား, လူစသည်၌ သော်ငြား မသွားလာအပ်သော အဂမနီယဝတ္ထု၌ သွားလာလွန်ကျူးလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ မဂ္ဂေန မဂ္ဂပဋိပတ္တိအရ မဂ်သည် ပဿာဝမဂ်, ဝစ္စမဂ်, မုခမဂ်ဟူ၍ ၃-ပါးရှိ၏။ ထိုမဂ် ၃-ပါးလုံး၌ပင် ကျူးလွန်က ကံထိုက် ၏ဟု ဆုံးဖြတ်တော်မူကုန်၏။

ယောကျ်ားချင်းချင်းသော်လည်း ဝစ္စမဂ်, မုခမဂ်တို့၌ သွားလာကျူးလွန် လျှင် ကာမေသုမိစ္ဆာစာရဖြစ်၏ဟု ဆရာကြီးတို့ အလိုရှိတော်မူကုန်၏။ ထုံးစံ ဓမ္မတာဖြစ်၍သာ မိန်းမကို ကာမေသုမိစ္ဆာစာရဝတ္ထု အထည်ကိုယ် ဆိုရသည်။ ယောကျ်ားကိုလည်း ကာမေသုမိစ္ဆာစာရ အထည်ကိုယ်ကြီးဟူ၍လည်း ဆိုသင့် ၏ဟု သဘောနှစ်သက်တော်မူကုန်၏။

ထိုပြင် ညဥ့်မှောင်မိုက်၌ ကိုယ်ပိုင်မဟုတ် အဂမနီယဝတ္ထုကို ကိုယ်ပိုင်သောဂမနီယဝတ္ထုထင်၍ သွားလာသော ယောကျ်ား၊ ထိုသို့ သွားလာစဉ် မိမိ၏အရှင်သခင်ထင်၍ အသာသည်းခံ၍နေသော မိန်းမတို့အားလည်း ကာမေသု-မိစ္ဆာစာရကံ ထိုက်သင့်ပေသည်။ အဘယ်ကြောင့်နည်းဟူမူ—အဂမနီယဝတ္ထုဟူ၍သာ အင်္ဂါ၌ ပါရှိ၏။ အဂမနီယဝတ္ထုသညိတာဟူ၍ မပါသောကြောင့်တည်း။ အချို့ဆရာတို့ကား အဂမနီယဝတ္ထုဟူ၍ အမှတ်ရှိပါမှ ကာမေသုမိစ္ဆာ-စာရကံ ထိုက်သင့်သည်၊ မသိ၍ မှားကြရာ၌ မထိုက်သင့်ဟု ယူလိုကုန်၏။ အဂမနီယဝတ္ထုသညိတာ ဟူ၍ အင်္ဂါတပါး တိုး၍ ကာမေသုမိစ္ဆာစာရ၏ အင်္ဂါကို ငါးပါးထားလိုကုန်၏။ သို့ရာတွင် အဋ္ဌကထာကြီး၌ လေးပါးမျှသာ ပြဆိုပြီးရှိ၍ မလွန်ဆန်သာချေ။ ဘယ်နည်းနှင့်မဆို အဂမနီယဝတ္ထု၌ ကျူးလွန်လျှင် ကံထိုက်သည်ဟု ကေန်မှတ်ယူထိုက်၏။ အချို့သော ဆရာတို့ကား မိမိက ပယောဂကို မပြုဘဲ ကြောင့်ကြမစိုက်ဘဲ မိမိအပေါ်တွင် သူမတယောက်လာ၍ သူ့တတ်တိုင်း ပယောဂစိုက်၍ ကျူးလွန်ရာ သာယာသော်လည်း မှိဝဲလိုသော စိတ်ရှိသော်လည်း ကမ္မပထမမြောက်ဟု ယူတော်မူကြပြန်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ—အင်္ဂါလေးပါးတို့တွင် ပယောဂအင်္ဂါ ချို့သောကြောင့်တည်းဟု ယူတော်မူကြကုန်၏။

သေဝနပယောဂကို ယေဘုယျနည်းအားဖြင့် ရသင့်ရထိုက်၍ အဋ္ဌကထာဆိုတော်မူသည်။ ထိုပယောဂသည် ဧကန္တမုချအင်္ဂါ မဆိုသင့်။ အကယ်၍ပယောဂရှိပါမှ မိစ္ဆာစာရကံထိုက်သည်ဆိုလျှင် မိန်းမတို့၌ ပယောဂဗျာပါရသည်လွန်စွာနည်းပါး၏။ ထိုကြောင့် မာတုဂါမတို့၌ ကာမေသုမိစ္ဆာစာရကံ မြောက်ခဲနိုင်မျှ ဖြစ်ရာ၏။ ထိုကြောင့် ပယောဂအင်္ဂါကို များစွာ အရေးကြီးသောအချက်၌ မထားဘဲ အဂမနီယဝတ္ထု၌ မဂ်ချင်းချင်း ပူးယှဉ်၍ သာယာလျှင်ကံမြောက်၏ဟု အရေးကြီးစွာ ဆုံးဖြတ်သင့်၏။

ဘိက္ခုနီဒူသကကံကိုလည်း ကာမေသုမိစ္ဆာစာရကံ၌ပင် သွင်း၍ ရေတွက်အပ်၏။ သိက္ခာပဒဝိဘင်းအဋ္ဌကထာ၌ ထင်ရှားစွာ ဆိုပြီ။

**သုရာပါနအဆုံးအဖြတ်။** ။ဤအရာ၌ သုရာပါနကံကို ပြဆိုအံ့—ငါးပါးသီလစသည်၌ သုရာပါနကံသည် ပါဝင်ပါလျက် ဘယ်အတွက်ကြောင့် ဤအကုသလကမ္မပထအရာတွင် ထိုသုရာပါနကံကို မဆိုရပါသနည်း။ မြတ်စွာဘုရားရှင်သည်လည်း—

> သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိ-ကံ။ ယောစ သဗ္ဗလဟုကော သုရာမေရယပါနဿ ဝိပါကော၊ သော

မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်ကား—“ရဟန်းတို့ သေရည်သေရက်သောက်ခြင်းသည် များစွာပွါးအပ်သည်ရှိသော် အကြိမ်များစွာ ပြုအပ်သည်ရှိသော် ငရဲဘုံ၌ ဖြစ်စေတတ်၏၊ တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ်၏၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏၊ သေရည်သေရက်သောက်စားခြင်း၏ အောက်ထစ်ဆုံး သေးငယ်သော ပေါ့သော အကြင်အကျိုးသည် ရှိ၏၊ ထိုအောက်ထစ်ဆုံး သေးငယ်သော ပေါ့သော အကျိုးသည် လူဖြစ်လျှင် သူရူး သူနှမ်း ဖြစ်စေတတ်၏”။ (ဤကား ပါဠိလျှောက် အဓိပ္ပါယ်တည်း။)

အဋ္ဌကထာကြီးတို့၌လည်း “ကောဋ္ဌာသတော ပဉ္စပိ ပါဏာတိပါတာဒယော ကမ္မပထာဝေ” ဟူ၍ ဆိုကုန်၏။ ကောဋ္ဌာသအားဖြင့် ပါဏာတိပါတစသော ကံငါးပါးတို့သည် ကမ္မပထတို့ပေတည်း ဟူလို။

ဤသို့လျှင် ပါဠိတော်ကြီး, အဋ္ဌကထာကြီးတို့၌ သုရာပါန၏ ကြီးလေးသော အပြစ်ရှိကြောင်း စသည်များကို ဟောကြားမိန့်ဆိုအပ်လျှင် ဤအကုသလကမ္မပထအရာတွင် အဘယ်ကြောင့် သုရာပါနကံ မပါလေသနည်း။ (ဤကား စောဒနာ။)

ဤသို့ဖြေဆိုရာ၏—မူလဋီကာ၌ ထိုသုရာပါနသည် သဘော သဘာဝ တူမျှသောအားဖြင့် ကာမေသုမိစ္ဆာစာရ၌ အကျုံးဝင်၏။ အကုသိုလ်ဓမ္မကို ကျေးဇူးပြုတတ်သော ဥပကာရသတ္တိအားဖြင့် အကုသလကမ္မပထ ဆယ်ပါးလုံး၌ပင် အကျုံးဝင်၏ဟူ၍ ဆိုတော်မူ၏။

တဿ သဘာဂတ္တေန မိစ္ဆာစာရေ။ ဥပကာရကတ္တေန ဒသသု ကမ္မပထေသု အနုပဝေသော။

(ဤကား ပါဠိ)။

ဤပါဠိ၌ “သဘာဂတ္တေန မိစ္ဆာစာရေ” ဟူသောပါဠိကိုရည်၍ ဋီကာကျော်၌ “သုရာပါနံပိ ဧတ္ထေဝ သင်္ဂယှတိတိ ဝဒန္တိ ရသသခါတေသု ကာမေသု မိစ္ဆာစာရ-ဘာဝတော” ဟူ၍ ဆိုလေသည်။

ပဋိသမ္ဘိဒါမဂ်ဋီကာ၌ ဥပကာရကသတ္တိကို ရည်၍ “သုရာပါနံ ဟိ မဒဿ ပစ္စယော၊ မဒေါ အပုညပထဿ” ဟု ဆိုလေသည်။ ဟိ၊ ထင်စွာဆိုဦးအံ့။ သုရာပါနံ၊ သုရာပါနသည်။ မဒဿ၊ မူးယစ်ခြင်း၏။ ပစ္စယော၊ အကြောင်းတည်း၊ မဒေါ၊ မူးယစ်ခြင်းသည်။ အပုညပထဿ၊ မကောင်းမှုတရားဖြစ်ပွါးရန်

အပေါက် အလမ်း၏။ ပစ္စယော၊ အကြောင်းရင်းကြီးပေတည်း။ ဤကား အနက်။ အဓိပ္ပါယ်ကား အကြင်သူသည် သေရည်သေရက်ကို သောက်စား၍ မူးယစ်မှုကြောင့် ပါဏာတိပါတစသည်တို့တွင် တပါးပါးသောကံကို ကမ္မပထ မြောက်အောင် ကျူးလွန်၏။ ထိုသူ၏ သေရည် သေရက် သောက်စားမှုသည် ထိုပါဏာတိပါတစသောကံ၏ အားကြီးစွာသော အကြောင်းရင်းကြီး ဖြစ်၏။ ပုဗ္ဗစေတနာအရာ၌လည်း တည်လေ၏။ ထိုပါဏာတိပါတစသော ကံ၏ ပုဗ္ဗစေတနာအရာ၌ တည်သော သုရာပါနကံသည်သာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်၏။ ထိုသို့မဟုတ်သော သုရာပါနကံသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ဥပမာအားဖြင့် ပုဗ္ဗစေတနာ, အပရစေတနာတို့မည်သည် ကမ္မပထမြောက်သော ကုသိုလ်ကံအကုသိုလ်ကံတို့၏ အနီးအနား၌ တည်၍ အခြံအရံဖြစ်ကုန်မှသာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်ကုန်သည်။ ထိုသို့မဟုတ်သော ပုဗ္ဗစေတနာ, အပရစေတနာတို့သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်သကဲ့သို့၊ ထိုအတူပင် သုရာပါနကံကိုလည်း မှတ်ယူအပ်၏။

ကမ္မပထသုတ် ပါဠိတော်တို့၌ သရုပ်နှင့်တကွ ဟောတော်မူအပ်သောကံတို့သည်ပင်လျှင် ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်သည်တို့လည်း ရှိသေး၏။ ကမ္မပထသုတ်၌ သရုပ်အားဖြင့် ဟောတော်မမူအပ်ကုန်သော ကံတို့သည် ပဋိသန္ဓေကို ပေးကုန်၏ဟု စင်စစ်မှတ်ယူရန် အချက်လည်း သက်သက် ခဲယဉ်းကုန်၏။

**ကမ္မပထမြောက်ခြင်းအင်္ဂါ။** ။အကြင်ကံတို့သည် စင်စစ်ကေန် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော သတ္တိရှိကြကုန်၏။ ထိုကံတို့ကိုသာလျှင် ကမ္မပထသုတ်၌ သရုပ်အားဖြင့် ဟောတော်မူအပ်ကုန်၏ဟု မှတ်ရာ၏။ အကြင်ကံတို့သည် အနေကန္တိက ဖြစ်ကုန်၍ ပဋိသန္ဓေအကျိုးကို ပုံသေ ပေးနိုင်သည် မဟုတ်ကုန်။ ထိုသို့သဘောရှိသော ကံတို့ကိုမူကား ကမ္မပထသုတ်၌ သရုပ်အားဖြင့် ဟောတော်မမူအပ်ကုန်သည်သာ ဖြစ်ကုန်၏ဟု မှတ်ရာ၏။ ထိုကြောင့်ပင်လျှင် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ "ကုသလာကုသလာပိစ ပဋိသန္ဓိဇနကာယေဝ ကမ္မပထာတိ ဝုတ္တာ၊ ဝုတ္တာဝသေသာ ပဋိသန္ဓိဇနနေ အနေကန္တိကတ္တာ ကမ္မပထာတိ န ဝုတ္တာ" ဟူ၍ ဆို၏။ ကုသလာကုသလာပိစ၊ ကုသိုလ်အကုသိုလ်တို့ကိုလည်း။ ပဋိသန္ဓိဇနကာယေဝ၊ ပဋိသန္ဓေအကျိုးကိုဖြစ်စေနိုင်ကုန်မှသာလျှင်။ ကမ္မပထာတိ၊ ကမ္မပထတို့ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဝုတ္တာဝသေသာ၊ ဆိုအပ်ပြီးသောကံတို့မှတပါးသော ပဋိသန္ဓေအကျိုးကိုပေးရန် အမြဲမဟုတ်ကုန်သော ကုသိုလ်အကုသိုလ်တို့ကို။ ပဋိသန္ဓိဇနနေ၊ ပဋိသန္ဓေကို ဖြစ်စေရာ၌။ အနေကန္တိကတ္တာ၊ ဧကန္တမဟုတ်သောကြောင့်။ ကမ္မပထာတိ၊ ကမ္မပထတို့ဟူ၍။ န ဝုတ္တာ၊ မဆိုအပ်ကုန်။ (ဤကားအနက်)

ဤအဋ္ဌကထာပါဌ်၌ "ဝုတ္တာဝသေသာ"၏အရ ပဋိသန္ဓေအကျိုးကို ကေန်ပေးနိုင်သည်မဟုတ်သော ဓမ္မတို့ကား သုရာပါနစသည်နှင့် သုရာပါနမှ ရှောင်ကြဉ်ခြင်း စသည်တို့ပေတည်း။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ဋီကာ၌ "ဝုတ္တာဝသေသာတိ သုရာပါနာဒယော, တဗ္ဗိရမဏာဒယောစ" ဟူ၍ ဖွင့်လေသည်။ ဤသို့ကျမ်းဂန်တို့၌ လာသောကြောင့် ဤသုရာပါနကံသည် ပဋိသန္ဓေအကျိုးကို ပေးမှု၌ ကေန္တမဟုတ် အနေကန်သာ ဖြစ်၏။ ထို့ကြောင့် ကမ္မပထအရာ၌ မပါမဝင်နိုင်သည်ဟူ၍ ဖြေဆိုဆုံးဖြတ်သင့်၏။ အကြင် သုရာပါနကံသည် တဒါသန္နပုရေစာရိကဖြစ်၍ ကမ္မပထမြောက်သော ကံ၏ ရှေ့ပါး၌ ပုဗ္ဗစေတနာအရာ၌ တည်၏၊ ထိုသုရာပါနသည် ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်သဖြင့် ထိုသုရာပါန၏ အနီးအပါးတွင်ဖြစ်သော အကုသလကမ္မပထ ဆယ်ပါးတို့တွင် တပါးပါး၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်လေ၏ ဟူ၍ ဆုံးဖြတ်ရာ၏။

ထင်ရှားစေဦးအံ့—

**သုရာပါန၏ကိစ္စသည်** (၁) ပဋိသန္ဓေကို ဖြစ်စေတတ်သော ပဋိသန္ဓိဇနနကိစ္စ (၂) ကံကို ဖြစ်စေတတ်သော ကမ္မဇနနကိစ္စဟူ၍ ၂-ပါးရှိ၏၊ ထိုတွင် ပဋိသန္ဓေကိုဖြစ်စေတတ်သော ကိစ္စထက် ကံကိုဖြစ်စေတတ်သော ကိစ္စသည် အားကြီး၏၊ ပြန့်နှံ့လျက် တည်၏။ ထိုသို့ ကမ္မဇနနကိစ္စဖြင့် ငရဲသို့ ရောက်စေတတ်ကြောင်းကိုရည်၍ ကုမ္ဘဇာတ်ပါဠိတော်၌—

ယံ ဝေ ပိဝိတွာ ဒုစ္စရိတံ စရန္တိ၊
ကာယေန ဝါစာယ စ စေတသာ စ။
နိရယံ ဝဇန္တိ ဒုစ္စရိတံ စရိတွာ၊
တဿာ ပုဏ္ဏံ ကုမ္ဘမိမံ ကိဏာထ။

ဟူ၍ ရွတ်ဆိုပြီးလျှင် သိကြားမင်းသည် သေအရက်သည်ဟန် ဆောင်၍ လူ့ဘောင်တွင် အရောင်းလာ၏။ အနက်ကား—ဘောန္တော၊ အိုအချင်းတို့။ ယံ၊ အကြင်သေရည်ကို။ ပိဝိတွာ၊ သောက်၍။ ကာယေန စ၊ ကိုယ်ဖြင့်၎င်း။ ဝါစာယ စ၊ နှုတ်ဖြင့်၎င်း။ စေတသာ စ၊ စိတ်ဖြင့်၎င်း။ ဒုစ္စရိတံ၊ ဒုစ္စရိုက်မှုကို။ ဝေ၊ စင်စစ်။ စရန္တိ၊ ကျင့်ကြကုန်၏။ ဒုစ္စရိတံ၊ ဒုစ္စရိုက်ကို။ စရိတွာ၊ ပြုကျင့်ပြီး၍။ နိရယံ၊ ငရဲသို့။ ဝဇန္တိ၊ သွားကြရကုန်၏။ တဿာ၊ ထိုသို့ ဂုဏ်အထူးနှင့် ပြည့်စုံသော သေရည်ဖြင့်။ ပုဏ္ဏံ၊ ပြည့်သော။ ဣမံ ကုမ္ဘံ၊ ဤအိုးကို။ ကိဏာထ၊ ဝယ်ကြကုန်လော့။ ။ဆိုခဲ့ပြီးသော ကိစ္စ ၂-ပါးစုံကို သိမ်းကျုံးတော်မူ၍ "သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ။ပ။ သံဝတ္တနိကံ" ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။

အကြောင်အကြောင် သုတ္တန်ပါဠိတော်တို့၌ သံဝတ္တနိကသဒ္ဒါဖြင့် ဟောတော်မူအပ်၏၊ ထိုသို့သံဝတ္တနိကသဒ္ဒါဖြင့် ဟောတော်မူအပ်သော သုတ္တန်တို့၌ ဧကန္တဖြစ်သော အဓိပ္ပါယ်ကို မယူဘဲ ယထာလာဘနည်းအားဖြင့် ရသင့်သော အဓိပ္ပါယ်ကိုသာ ယူအပ်သည်ဟု မှတ်ရာ၏။ ထို့ကြောင့် မူလဋီကာ၌ "ပုနဗ္ဘဝံ ဒေတိ ပုနဗ္ဘဝါယ သံဝတ္တတီ"ဟူသော ပါဌ်ကို ဖွင့်ပြရာတွင် "ကမ္မသဟဇာတာ ပုနဗ္ဘဝံ ဒေတိ ကမ္မသဟာယဘူတာ ပုနဗ္ဘဝံ သံဝတ္တတီ"ဟူ၍ ယထာလာဘနည်းဖြင့် ဖွင့်ပြတော်မူသည်။ အချို့ဆရာတို့ကား ဤသို့ ပါဠိတော်၏ အဓိပ္ပါယ်သဘောသွားကို စုံစမ်းတော်မမူကြကုန်ဘဲ "သုရာမေရယပါနံ ဘိက္ခဝေ"စသော အင်္ဂုတ္တိုရ်ပါဠိတော်ကို အားကိုးအားထားပြု၍ သုရာပါန၏ ဧကန္တကမ္မပထအဖြစ်ကို ရေးသားဆုံးဖြတ်တော်မူကြကုန်၏။ ထိုဆရာတို့ ရေးသားဆုံးဖြတ်မှုသည် ပါဠိတော်တို့၏ သဘောဓမ္မတာကို ဆင်ခြင်မှု ကင်းသည်မှတပါး အခြားအကြောင်း မထင်ချေ။

ထိုမှတဖန် အောက်၌ ပြဆိုအပ်ပြီးသော "ကောဋ္ဌာသတော ပဥ္စပိ ကမ္မပထာဝေ ဟောတိ"ဟူသော အဋ္ဌကထာဝါကျ၌ အဓိပ္ပါယ်စင်စစ်မှာ ပါဏာတိပါတစသော ကံငါးပါးတို့သည် စေတနာတရားတို့သာ ဖြစ်ကုန်သောကြောင့် ကောဋ္ဌာသအားဖြင့် ကမ္မပထတို့သာလျှင် ဖြစ်ကုန်၏ဟု ဆိုလိုသည်။ စေတနာမည်သည် ကမ္မပထမြောက်သည်ဖြစ်စေ ကမ္မပထမမြောက်သည်ဖြစ်စေ အဘိဓမ္မာဓမ္မသင်္ဂဏီ၌ ဟောတော်မူအပ်သော ကောဋ္ဌာသအဘို့အစုအားဖြင့် ကမ္မပထသာ မည်ကုန်၏။ ကမ္မကောဋ္ဌာသတွင် အကျုံးဝင်ကုန်၏ဟူ၍သာ ဆိုလိုရင်းဖြစ်၏။ စျာနကောဋ္ဌာသ၌ အကျုံးဝင်သော တရားမျိုး မဟုတ်ဟု ဆိုလိုသည်။ "ကမ္မပထာဝေ" ဟူသောပါဌ်၌ "ဝေ"သဒ္ဒါဖြင့် စျာနကောဋ္ဌာသစသည်ကို နှစ်စေ၏။ ထို့ကြောင့် ၎င်းပါဌ်ကို ဖွင့်ပြသော မူလဋီကာ၌ "ကမ္မပထာဝေါတိ ကမ္မပထကောဋ္ဌာသိကာဝေ"ဟူ၍ ဆိုအပ်၏။ ထိုကိုဖွင့်သော အနုဋီကာ၌လည်း "ကမ္မပထကောဋ္ဌာသိကာဝေ န စျာနကောဋ္ဌာသိကာ" ဟူ၍ ဆို၏။ ဓမ္မသင်္ဂဏီပါဠိတော်၌ စိတ္တုပ္ပါဒကဏ္ဍတွင် နာမက္ခန္ဓာတို့ကို ကမ္မပထကောဋ္ဌာသ, စျာနကောဋ္ဌာသ စသည်ဖြင့် အစုအစု အဖွဲ့အဖွဲ့ အသင်းအသင်းပြု၍ နာမ်တရားတို့ကို ဟောကြားတော်မူ၏။ ပါဏာတိပါတအစ သုရာပါနအဆုံးရှိသော ကံငါးပါးတို့သည် တရားကိုယ်အားဖြင့် စေတနာတို့သာ ဖြစ်ကုန်၏။ထိုစေတနာသည် ဓမ္မသင်္ဂဏီပါဠိတော်တွင် ကမ္မပထကောဋ္ဌာသ၌ တည်၏။ ထို့ကြောင့် ပါဏာတိပါတစသော ကံငါးပါးတို့ကို ကောဋ္ဌာသအားဖြင့် ကမ္မပထတို့သာ တည်းဟူ၍ အဋ္ဌကထာဆရာတို့ ဆိုတော်မူသည်။

"ကောဋ္ဌာသတော"ဟူသော ဘိန္နာဓိကရဏဝိသေသနပုဒ် တင်းလင်းဖြင့် ဆိုတော်မူသည်။ ကမ္မပထသုတ်အရာနှင့် ဆိုင်၍ ကမ္မပထမြောက်သည်ဟူ၍

ဆိုလိုရင်း မဟုတ်ဟု မှန်သောအနက်ကို မှတ်ရာ၏။ အချို့သော ဆရာတို့သည် ကား ဤသို့သော အနက်သွားကို စဉ်းစားတော် မမူမိကုန်သဖြင့် ဤအဋ္ဌကထာ ဝါကျဖြင့်ပင်လျှင် သုရာပါနကံသည် အသီးအခြား ကမ္မပထကံကြီးတခုဟူ၍ အတင်းဆုံးဖြတ်တော်မူကြကုန်၏။ ထိုသို့ဆုံးဖြတ်မှုသည် ထိုဆရာတို့၏ ဉာဏ် သွား မနှံ့မပြားသော အဖြစ်မှတပါး အခြားအကြောင်း မရှိချေ။ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ကား အချင်းခပ်သိမ်း သုရာပါနကံ၏ ကမ္မပထမဟုတ်ကြောင်းကို ပြဆို၏။ ထိုစကား မှန်၏၊ ခုဒ္ဒကပါဌအဋ္ဌကထာ၌ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ,မုသာဝါဒအရာတို့၌ ကာယကံ ဝစီကံအဖြစ်ကိုရင်း ကမ္မပထ အဖြစ်ကိုရင်း သေချာစွာ အသီးအခြား ဆို၏။ သုရာပါနအရာသို့ ရောက်သော အခါ ကာယကမ္မမေဝ”ဟု သုရာပါနကံ၏ ကာယကံမျှကိုသာ ဆို၏။ ကမ္မပထ အဖြစ်ကို မဆို။ “ကာယကမ္မမေဝ”ဟူသော ပါဌ်၌ “ဧဝ”သဒ္ဒါဖြင့် ဝစီကံအဖြစ် ကမ္မပထအဖြစ်များကို နှစ်စေသည်။ ထိုအတူ ဓာတုသံယုတ်အဋ္ဌကထာ၌လည်း သုရာပါနကံ၏ ကမ္မပထအဖြစ်ကို ပယ်ရှားတော်မူ၏။ ထိုခုဒ္ဒကပါဌအဋ္ဌကထာ, ဓာတုသံယုတ္တအဋ္ဌကထာတို့၌ သုရာပါန၏ ပဋိသန္ဓိဇနနကိစ္စသည် အနေကန္တိက ဖြစ်သောကြောင့် ကမ္မပထကို အလျင်းပယ်ဟန်လက္ခဏာ တူချေသည်။ ဤသို့ ပြဆိုသောအတိုင်း ဆုံးဖြတ်လျှင် အလုံးစုံသော အဋ္ဌကထာဋီကာတို့သည် တညီ တညွတ်တည်း နှီးနှောမိကြကုန်၏။

“သုရာမေရယပါနေ ပါစိတ္တိယံ” (ပါဠိတော်။)

အစိတ္တကံ၊ လောကဝဇ္ဇံ၊ အကုသလစိတ္တံ၊ မဇ္ဇပါနံ သာမဏေရာနံ သစိတ္တကံ ပါရာဇိကဝတ္ထု (အဋ္ဌကထာ။)

ဤသို့လာသော ဝိနည်းဘက်ဆိုင်ရာ ကျမ်းဂန်တို့အလိုအားဖြင့် ရဟန်းတို့ မှာ သေရည်သေရက်ဟူ၍ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သောက်လျှင် သီလ ပျက်၏၊ ပါစိတ်အာပတ် သင့်၏၊ လူသာမဏေတို့မှာ သေရည် သေရက်မှန်း သိလျက်နှင့် လွန်ကျူးသောက်စားမှ သီလပျက်သည်။ ကမ္မပထမြောက်,မမြောက် ကိုကား ယခင်ပြဆိုဆုံးဖြတ်ခဲ့ပြီးသော နည်းဖြင့် သိလေ။ (ဤကား သုရာပါန ၏ အဆုံးအဖြတ်ပေတည်း။)

**ကာယ ၃-မျိုး။** ။ပြဆိုအပ်ပြီးသော ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသု- မိစ္ဆာစာရ သုံးပါးတို့သည် ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယကံမည်ကုန်၏။ ချဲ့ဦးအံ့—

“**ကာယကမ္မ**”ဟူသော ပုဒ်၌ “ကာယ”သည်—(၁) သသမ္ဘာရ ကာယ (၂) ပသာဒ ကာယ (၃) စောပနကာယဟူ၍ ၃-ပါးရှိ၏။

(၁) ထိုတွင် ဆံစသော ၃၂-ပါးသော ကောဋ္ဌာသတို့၏ တည်ရာဖြစ်သော ကိုယ်သည် သသမ္ဘာရကာယ မည်၏။

(၂) ကာယဝိညာဏ်စိတ်၏ မှီရာဖြစ်သော ကာယပသာဒသည် ပသာဒ-ကာယ မည်၏။

(၃) ကိုယ်ခန္ဓာ၏ လှုပ်မှု, ရှားမှုဟု ဆိုအပ်သော ကာယဝိညတ်သည် စောပနကာယ မည်၏။ ဤအရာ၌ စောပနကာယကို အလိုရှိအပ်၏။

**ကာယ,ဒွါရ,ကံ။** ။ထိုကာယဝိညတ်သည်ပင်လျှင် ပါဏာတိပါတစသော ကံတို့၏ ဖြစ်ရာ အပေါက်ဝ ဖြစ်သောကြောင့် "ကာယဒွါရ" လည်း မည်ပြန်၏။ "ကာယဒွါရေ ယေဘုယျေန ပဝတ္တံ ကမ္မန္တိ ကာယကမ္မံ"။ ကာယဒွါရေ၊ ကာယဒွါရ၌။ယေဘုယျေန၊များသောအားဖြင့်။ပဝတ္တံ၊ဖြစ်သော။ ကမ္မံ၊ ကံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာယကမ္မံ၊ ကာယကံမည်၏။ ပြဆိုခဲ့ပြီးသော ကာယဝိညတ်ဟုဆိုအပ်သော ကာယဒွါရသည် တစုံတခုသော လုံ့လပြုချက် လှုပ်ရှားချက်ဖြင့် ဖြစ်ပေါ်လာသော အခါ၌သာလျှင် သူတပါးတို့၏ အသက်ကို သတ်ဖြတ်နိုင်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း, သူ့အိမ်ရာကိုပြစ်မှားခြင်း ကိစ္စများသည် ပြီးစီးနိုင်၏။ ကာယကံစေတနာတို့သည်လည်း ကာယဒွါရတို့၏ ဖောက်ပြန်လှုပ်ရှားမှု ဖြစ်ပေါ်မှသာလျှင် မိမိတို့၏ အာယူဟနကိစ္စကို ရွက်ဆောင်နိုင်ကြကုန်၏။ ထိုကြောင့် ကာယကံဟူ၍ ဆိုအပ်ကုန်သည်။

"မနောပုဗ္ဗင်္ဂမာ ဓမ္မာ မနောသေဋ္ဌာ မနောမယာ"ဟူ၍ မြတ်စွာဘုရား ဟောတော်မူခြင်းကြောင့် အလုံးစုံသော ကံစေတနာဟူသမျှတို့သည် ပုဗ္ဗင်္ဂမ ဖြစ်သော သမ္ပယုတ္တမနောနှင့်ကင်း၍ ဖြစ်နိုင်သည် မဟုတ်ကြကုန်။ ထိုကြောင့် မနောတည်းဟူသော ဒွါရသည် အလုံးစုံသော ကံဟူသမျှတို့နှင့် ဆက်ဆံလျက် ရှိ၏။ သာမညဖြစ်၏။ ထိုကြောင့် ကံဟူသမျှတိုင်းကိုပင် အထူးပြုခြင်းငှါ မတတ်နိုင်လေ။

စင်စစ်မူကား ကာယဒွါရ, ဝစီဒွါရတို့သည် ကံဟူသမျှတို့နှင့် မဆက်ဆံကုန်။ ဝိသေသတို့ ဖြစ်ကုန်၏။ ထိုကြောင့် ကံကို အမျိုးမျိုးကွဲပြားအောင် အထူးပြုနိုင်ကုန်၏။ ဒုစရိုက် ၁၀-ပါးတို့တွင် ပါဏာတိပါတစသော ရှေ့ ၇-ပါးတို့သည် သမ္ပယုတ်ဖြစ်သော ပုဗ္ဗင်္ဂမ မနောသက်သက်ဖြင့် မပြီးနိုင်ကြကုန်။ ကာယဒွါရ, ဝစီဒွါရတို့ ပါရှိကုန်မှသာလျှင် ပြီးစီးနိုင်ကြကုန်၏။ ထိုကြောင့်ပင်လျှင် ကာယ-သဒ္ဒါ, ဝစီသဒ္ဒါတို့ဖြင့် အထူးပြု၍ ကာယကံဟူ၍ရင်း, ဝစီကံဟူ၍ရင်း ဆိုအပ်လေကုန်သည်။

ကာယဒွါရ၌ ဖြစ်သမျှသည် ကာယကံမည်၏။ ဝစီဒွါရ၌ ဖြစ်သမျှသည် ဝစီကံမည်၏ဟူ၍လည်း ပုံသေတပ်အပ် ကေန္တမဆိုထိုက်သေး၊ ကာယဒွါရ၌ ဖြစ်သမျှသည် ကာယကံမည်၏။ ဝစီဒွါရ၌ ဖြစ်သမျှသည် ဝစီကံမည်၏ဟူ၍ ပုံသေမုချဆိုလျှင် ရှုပ်ထွေးရောရှက်သော အနက်အဓိပ္ပါယ်သည် ဖြစ်ပေါ်လာလိမ့်မည် ဖြစ်၏။ရှုပ်ထွေးပုံမှာ--ပါဏာတိပါတမှု, အဒိန္နာဒါနမှုဟူသည် အကြင်အခါ အာဏတ္တိကပယောဂဖြင့် နှုတ်မြွက်၍ သတ်စေရာ ခိုးစေရာတို့၌ ပါဏာတိပါတ, အဒိန္နာဒါနတို့သည် ဝစီဒွါရ၌ ဖြစ်သောကြောင့် ဝစီကံ မည်ကုန်ရာ၏။ ကာယကံဟူသောအမည်ကို စွန့်ကြကုန်ရာ၏။ပါဏာတိပါတ, အဒိန္နာဒါနတို့သည် ဒွါရနှစ်ပါးတို့နှင့် ဆက်ဆံလျက်ရှိသောကြောင့် ကာယကံ,ဝစီကံဟူသော အမည်နှစ်ပါးတို့ဖြင့်လည်း ထင်ရှားကုန်ရာ၏။ မုသာဝါဒစသော ဝစီကံလေးပါးတို့သည် တရံတခါ လက်ကိုပြခြင်း, မျက်စိမှိတ်ခြင်း, လည်ညိတ်ခြင်းစသော ကာယဒွါရအမှုအရာဖြင့် ပြီးစီးကြကုန်၏။ ထိုအခါ မုသာဝါဒ စသည်တို့သည် ကာယဒွါရ၌ ဖြစ်ကုန်သောကြောင့် ကာယကံမည်ကုန်ရာ၏။ ဝစီကံဟူသော အမည်ကို စွန့်ကုန်ရာ၏။ ဒွါရနှစ်ပါးတို့နှင့် ဆက်ဆံလျက် ရှိပြန်ကုန်သောကြောင့် ဝစီကံ, ကာယကံ ဟူသော အမည်နှစ်ပါးတို့ဖြင့်လည်း ထင်ရှား ကုန်ရာ၏။ ဤကား ထွေးရှုပ် ရောရှက်ပုံတည်း။

ထိုသို့ မရော မရှက်စိမ့်သောငှါ "ကာယဒွါရေ ယေဘုယျေန ပဝတ္တံ ကမ္မံ ကာယကမ္မံ" ဟူ၍ ယေဘုယျ သဒ္ဒါဖြင့် ဝိသေသနပြု၍ ဆိုခဲ့ပေသည်။ ဤယေဘုယျသဒ္ဒါဖြင့် ပြဆိုအပ်ပြီးသော ထွေးရှုပ် ရောရှက်မှုတို့ကို ပယ်ရှားအပ်ကုန်၏။ ဥပမာ——တော၌ ကျင်လည်ကျက်စားလေ့ရှိသော မုဆိုးကို ရွာ၌ပင် နေသော်လည်း "ဝနစရက" (တောမုဆိုး) ဟူ၍၎င်း၊ စစ်ပွဲတွင် အသုံးပြုနေကျ ဖြစ်သော ဆင်ကို စစ်ပွဲမဟုတ်ရာ မြို့တွင်း ရွာတွင်းတို့၌ နေသော်လည်း "သင်္ဂါမာဝစရ"(စစ်ဆင်)ဟူ၍၎င်း ခေါ်ဝေါ်အပ်သကဲ့သို့ များသောအားဖြင့် ကာယဒွါရ၌သာ ဖြစ်နေကျဖြစ်သော ပါဏာတိပါတစသော ကာယကံ ၃-ပါးတို့သည် ရံခါ ရံဖန် ဝစီဒွါရ၌ဖြစ်ကုန်သော်လည်း ကာယကံဟူသော အမည်ကို မစွန့်ကြကုန်။ များသောအားဖြင့် ဝစီဒွါရ၌သာ ဖြစ်နေကျဖြစ်သော မုသာဝါဒစသော ကံလေးပါးတို့သည် ရံခါ ရံဖန် ကာယဒွါရ၌ ဖြစ်ကုန်သော်လည်း ဝစီကံဟူသောအမည်ကို မစွန့်ကြပေကုန်။ မနောကံတို့သည်လည်း ကာယဒွါရ, ဝစီဒွါရဟု ဆိုအပ်သော ဒွါရတပါးတို့၌ လှုပ်လည် ဖြစ်ပွါးကုန်သေး၏။ ထိုသို့ ဖြစ်ကုန်သော်လည်း လှုပ်လည် ဖြစ်ပွါးရုံမျှတို့သာ ဖြစ်ကြကုန်၏။ ကာယဒွါရ, ဝစီဒွါရဟု ဆိုအပ်သော ဒွါရတပါးတို့သည် မနောကံ၏ ပြီးစီးကြောင်း အင်္ဂါ မဟုတ်ကြလေကုန်။ ထိုကြောင့် မနောကံတို့ကို အသီးအခြား ထားအပ်ကုန်၏။ ။ကာယကံ ပြီး၏။

**သံခိပ်-၄၆၁ ၂—၈—ပ-မ-ဗ-သ-စ**

## ဝစီဒုစ္စရိုက်လေးပါးတို့တွင်

(၄) **မုသာဝါဒ၌**"မုသာ"သဒ္ဒါသည် မဟုတ်မမှန်သောအနက်ကို ဟောသော နိပါတ်ပေတည်း။

"မုသာ ဝဒန္တိ ဧတေနာတိ မုသာဝါဒေါ"။ ဧတေန၊ ဤတရားသဘောဖြင့်။ မုသာ၊ ချွတ်ချွတ် ယွင်းယွင်း။ ဝါ- ဖောက်ဖောက် မှားမှား။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဆိုကြောင်းဖြစ်သော သတ္တိကြောင့်။ မုသာဝါဒေါ၊ မုသာဝါဒ မည်၏။ သူတပါးကို ချွတ်ယွင်း တိမ်းပါး ဖောက်မှားစေလိုမှုကို ရှေ့ထား၍ ချွတ်ယွင်း ဖောက်မှားစေတတ်သော ကာယပယောဂ, ဝစီပယောဂ ကို ဖြစ်စေတတ်သော အကုသိုလ်စေတနာသည် မုသာဝါဒမည်၏။ ထိုမုသာဝါဒသည် သူတပါးတို့၏ အကျိုးစီးပွါးကို ဖျက်ဆီးနိုင်မှသာလျှင် ကမ္မပထ မြောက်၏။ မဖျက်ဆီးပါမူကား မုသာဝါဒကံသာလျှင် ဖြစ်၏။ မုသာဝါဒ၏ အင်္ဂါသည် အောက်ပါအတိုင်း လေးပါးဖြစ်၏။

### မုသာဝါဒအင်္ဂါ ၄-ပါး

(၁) အတထံဝတ္ထု=မဟုတ်မမှန်သော ဝတ္ထုလည်းဖြစ်စေ။

(၂) ဝိသံဝါဒနစိတ္တတာ=လှည့်စားလိုသောစိတ်ရှိသည်လည်းဖြစ်စေ။

(၃) ပယောဂေါ=လုံ့လပြုသည်လည်းဖြစ်စေ။

(၄) တဒတ္ထဝိဇာနနံ=လှည့်စားသောစကား၏အနက်အဓိပ္ပါယ်ကို သူတပါး နားလည်သည်လည်းဖြစ်စေ။ ဤလေးပါးတည်း။

ပယောဂသည် --- သာဟတ္ထိက, အာဏတ္တိက, ထာဝရအားဖြင့် သုံးပါးရှိ၏။

(၅) **ပိသုဏဝါစာ၌** "ပိသတိ ပရေသံ အညမညသာမဂ္ဂိံ သံစုဏ္ဏေတိ ပရိဘိန္ဒတိ မိထုဘေဒံ ကရောတိ ဧတာယာတိ ပိသုဏာ"။ ဧတာယ၊ ဤစေတနာဖြင့်။ ပရေသံ၊ သူတပါးတို့၏။ အညမညသာမဂ္ဂိံ၊ အချင်းချင်း ညီညွတ်မှုကို။ ပိသတိ သံစုဏ္ဏေတိ၊ ကြိတ်ချေတတ်၏။ ပရိဘိန္ဒတိ၊ ဖျက်ဆီးတတ်၏။ မိထုဘေဒံ၊ မိတ်ပျက်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပိသုဏာ၊ ပိသုဏမည်၏။

တနည်းကား---"အတ္တနော ပိယဘာဝံ ပရေသဥ္စ မိတ္တသုညဘာဝံ ကရောတိ ဧတာယာတိ ပိသုဏာ"။ ဧတာယ၊ ဤစေတနာဖြင့်။ အတ္တနော၊ မိမိကို။ ပိယဘာဝဥ္စ၊ ချစ်အပ်သည်၏ အဖြစ်ကို လည်းကောင်း။ ပရေသဥ္စ၊ သူတပါး တို့၏လည်း။ မိတ္တသုညဘာဝံ၊ မိတ်သုဉ်းသည်၏ အဖြစ်ကို။ ဝါ၊ မိတ်ပျက် သည်၏ အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။

ပိသုဏာ၊ ပိသုဏမည်၏။ "ဝဒန္တိ တောယာတိ ဝါစာ" ။တောယ၊ ဤစေတနာဖြင့်။ ဝဒန္တိ၊ ဆိုကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဆိုကြောင်းဖြစ်သော သတ္တိကြောင့်။ ဝါစာ၊ ဝါစာမည်၏။ "ပိသုဏာ စ သာ ဝါစာ စာတိ ပိသုဏဝါစာ" အနက်လွယ်ပြီ။ အကျွမ်းတဝင် ချစ်ခင်ညီညွတ်သူတို့ကို ကွဲပြားစေလိုသော စိတ်ကို ရှေ့ထားသဖြင့် ကွဲပြားစေကြောင်း ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေနိုင်သော သံကိလိဋ္ဌစေတနာသည် ပိသုဏဝါစာမည်၏။ ထိုပိသုဏဝါစာသည် ပြောလိုက်သောအတိုင်း အချင်းချင်း စိတ်ဝမ်းကွဲပြားကြမှသာလျှင် ကမ္မပထ မြောက်၏။ စိတ်ဝမ်းမကွဲလျှင် ကမ္မပထ မမြောက်။ ပိသုဏဝါစာကံမျှသာဖြစ်၏။ ပိသုဏဝါစာ၏ အင်္ဂါသည် အောက်ပါအတိုင်း လေးပါးရှိ၏။

### ပိသုဏဝါစာ အင်္ဂါ ၄-ပါး

(၁) ဘိန္ဒိတဗ္ဗော=ခွဲအပ်သောသူလည်း ဖြစ်စေ။

(၂) ဘေဒပုရေက္ခာရော=ကွဲပြားစေလိုသောစိတ်ကို ရှေ့ထားသည်လည်း ဖြစ်စေ။

(၃) ပယောဂေါ=လုံ့လပြု၍ ကုန်းတိုက်သည်လည်းဖြစ်စေ။

(၄) တဒတ္ထဇာနနံ= ထို ကုန်းစကား၏အနက်ကို သိသည်လည်း ဖြစ်စေ။

(၆) **ဖရုသဝါစာ၌** "ဟဒယံ ဖရုမာနာ ဥသတိ ဒဟတီတိ ဖရုသာ"။ ဟဒယံ၊ စိတ်နှလုံးကို။ ဖရုမာနာ၊ ပြန့်နှံ့စေလျက်။ ဥသတိ ဒဟတိ၊ ပူလောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဖရုသာ၊ ဖရုသမည်၏။ "ဖရုသာ စ သာ ဝါစာ စာတိ ဖရုသဝါစာ"။အနက်လွယ်ပြီ။ ဇာတ်အားဖြင့် ဆဲရေးခြင်း (ဇာတိ-အက္ကောသ) အစရှိသည်တို့တွင် တပါးပါးဖြင့် စွပ်စွဲ၍ သူတပါးတို့၏ စိတ်နှလုံးကို ထိခိုက်စေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ဒုဋ္ဌဒေါသစေတနာသည် ဖရုသဝါစာမည်၏။ ဤဖရုသဝါစာသည် ဆဲရေးအပ်သောပုဂ္ဂိုလ်၏ မျက်မှောက်၌ ဖြစ်ပါမှ ကမ္မပထမြောက်၏ဟု ဆိုကြကုန်၏။ မျက်ကွယ်၌လည်း ကမ္မပထမြောက်၏ဟု ယူကြကုန်သေး၏။ သူတပါးကို ဆဲရေးပြီး၍ မှားမှန်းသိသဖြင့် ကန်တော့သော ပုဂ္ဂိုလ်အား ကန်တော့အပ်သောသူ အဝေး၌တည်နေ၍ မျက်ကွယ်ဖြစ်သော်ငြား သေပြီးမှသော်ငြား ကန်တော့ခြင်းကိစ္စ ထမြောက် အောင်မြင်လေဘိသကဲ့သို့၊ ထိုအတူ မျက်ကွယ်၌ တည်သောသူကို ဆဲရေးသော်ငြား သေလေပြီးသောသူကို ဆဲရေးသော်ငြား ဖရုသဝါစာကံထိုက်၏ဟူ၍ ဒီဃနိကာယ်ဋီကာဆရာ, မဇ္ဈိမနိကာယ်ဋီကာဆရာတို့ အလိုရှိတော်မူကုန်၏။ ဆဲရေးလိုသောစိတ်ဖြင့် "ကြမ်းသော တောကျွဲမကြီးသည် နင့်ကို လိုက်၍ ခတ်ပါစေ၊ ခိုးသူဓားပြတို့သည် နင့်ကို အပိုင်းအပိုင်း ခုတ်ဖြတ်ပါစေ၊

နှင့်ဦးခေါင်းကို မိုးကြိုးခုနှစ်စင်း ခွဲပါစေ"စသည်ဖြင့် ကျိန်ခြင်းအမှုများသည်လည်း ဖရုသဝါစာ ကမ္မပထမြောက်၏ဟု ဆိုကြကုန်၏။

(၇) သမ္ဖပ္ပလာပဥ္စ "သာခုဇနေဟိ အဓိဂန္တဗ္ဗံ သံသုခံ ဟိတဥ္စ ဖလတိ ဘိန္ဒတိ ဝိနာသေတီတိ သမ္ဖံ"။ သာခုဇနေဟိ၊ သူတော်ကောင်းတို့သည်။ အဓိဂန္တဗ္ဗံ၊ ရောက်အပ်သော။ သံ သုခဥ္စ၊ ချမ်းသာအမျိုးမျိုးကိုင်း။ သံ ဟိတဥ္စ၊ အကျိုးစီးပွါး အမျိုးမျိုးကိုင်း။ ဖလတိ ဘိန္ဒတိ၊ ခွဲဖျက်တတ်၏။ ဝိနာသေတိ၊ ပျက်စီးစေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ဖံ၊ သမ္ဖမည်၏။ အကျိုးအကြောင်းမှ ကင်းသော ပဋိဘာနဉာဏ်ဖြင့် ထင်ရာတတ်တိုင်း ဆန်းဆန်း ကြွယ်ကြွယ် ပြုလုပ်ကြံဖန်၍ ဘာရတညီနောင်တို့ စစ်ထိုးခြင်း, သီတာဒေဝီကို ဒသဂီရိဆောင်ယူခြင်း စသော အနတ္ထသံဟိတာဝတ္ထု စကားလေ စကားလွင့်များကို ရစေ။ ထိုစကားမျိုး၌ မျက်မှောက်ဘဝတွင် အကျိုး အကြောင်းကို သိသောဉာဏ်, အကျိုးစီးပွါးကို သိသောဉာဏ်၏ ကြီးပွါးမှုကို ပြတတ်သော ပုဒ်အက္ခရာလည်း မပါမရှိ၊ တမလွန်ဘဝ၌ အကျိုးစီးပွါးကို ကြီးမားစေနိုင်သော ပုဒ်အက္ခရာလည်း မရှိချေ။ ထိုကြောင့် ထိုစကားမျိုးကို စကားလေ စကားလွင့် စကားဖျင်း စကားသုဉ်းဟူ၍ ဆိုအပ်ပေ၏။

"သမ္ဖံ ပလပန္တိ ဧတေနာတိ သမ္ဖပ္ပလာပေါ"။ ဧတေန၊ ဤစေတနာသဘောဖြင့်။ သမ္ဖံ၊ အကျိုးမပွါး အလကား စကားစုကို။ ပလပန္တိ၊ အထူးထူး အပြားပြား တဟားဟား ပြောဆိုတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပမည်၏။ အကျိုးမရှိ အကြောင်းမရှိသော စကားလေ စကားလွင့်တို့ကို သူတပါးတို့အား သိစေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ယုတ်မာသောစေတနာဖျင်းသည် သမ္ဖပ္ပလာပမည်၏။ ထိုသမ္ဖပ္ပလာပသည် သီတာဒေဝီကို ဒသဂီရိယူဆောင်ခြင်း စသော မဟုတ်မဟတ် ကြံစည်၍ ဆန်းဆန်းကြွယ်ကြွယ် ပြောဆိုအပ်သော စကားမျိုးတို့၌သာလျှင် သမ္ဖပ္ပလာပ ကမ္မပထ မြောက်၏။ ဟုတ်မှန်သော ဇာတ်ဝတ္ထုများကို ပြောဆိုရာ၌ရင်း လောက၌ အဟုတ်အမှန်ဖြစ်ပေါ်သော ဆန်းကြယ်သော အရာဌာနများကို ပြောဆိုရာ၌ရင်း ကမ္မပထ မမြောက်။ မဟုတ်မမှန်သောဝတ္ထုကို ပြောဆိုသော်လည်း နားထောင်သော သူတို့က အဟုတ် အမှန်အားဖြင့် ယုံကြည်ကြပါမှ ကမ္မပထ မြောက်၏။ မယုံကြည်လျှင် ကမ္မပထ မမြောက်။ မဟုတ်သော ဝတ္ထုဆန်းများကို အဆန်းတကြယ် ပြောမှုကြောင့် သမ္ဖပ္ပလာပကံ မျှသာ ဖြစ်၏။

ထိုပြင် ရာဇကထာ စောရကထာ စသော သုံးဆယ့်နှစ်ပါးသော တိရစ္ဆာန ကထာတို့ကို ပြောကြားရာတို့၌လည်း သမ္ဖပ္ပလာပ ကမ္မပထမမြောက်၊ ကံမျှသာ

ဖြစ်၏။ ထိုရာဇကထာစသည်ကို သာယာသောအားဖြင့် အားပါးတရ ဝမ်းမြောက် ဝမ်းသာ ပြောဆိုမှုသာ သမ္ဖပ္ပလာပကံ မြောက်၏။ ထိုသို့မဟုတ်ဘဲ အကျိုးနှင့်စပ်လျဉ်း၍သော်၎င်း အကြောင်းနှင့် စပ်လျဉ်း၍သော်၎င်း ပြောဆိုရာတို့၌ သမ္ဖပ္ပလာပကံ မဖြစ်။ အကျိုးရှိသောစကားပင် ဖြစ်၏။ သူတပါးတို့ကို ပြောဆိုဆုံးမရာဘို့၌ ရှေးကဖြစ်ဘူးသော ဝတ္ထုသက်သေကို ပြောပြ၍ အကျိုးသင့် အကြောင်းသင့် ညွှန်ကြားခြင်းမည်သည် သူတော်ကောင်းတို့၏ ထုံးစံဓမ္မတာပေတည်း။

ဤသမ္ဖပ္ပလာပသည် များစွာ အချိန်ကို ဖြုန်းတီး၍ ပစ်တတ်ချေ၏။ အကျိုးစီးပွါးတို့ကိုလည်း ဖျက်ဆီးတတ်ချေ၏။ မြတ်စွာဘုရားတို့သည် ထိုသမ္ဖပ္ပလာပ၏ အပြစ်ကို များစွာ မြင်တော်မူလေ၏။ ထိုကြောင့်ပင် "ဒိဋ္ဌံ ဝေါ ဘိက္ခဝေ သန္ဒိပတိတာနံ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ တုဏှီဘာဝေါ ဝါ"ဟူ၍ ဆုံးမတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဒိဋ္ဌံ သန္ဒိပတိတာနံ၊ နှစ်ဦးနှစ်ဝ ဆုံမိကြကုန်သည်ရှိသော်။ ဓမ္မီ ဝါ ကထာ၊ တရားနှင့်စပ်ဆိုင်သောစကား၎င်း။ တုဏှီဘာဝေါ ဝါ၊ နှုတ်ကို ပိတ်၍ တိတ်တိတ်နေမှု၎င်း။ ဣတိ၊ ဤသို့။ ဒွယံ၊ နှစ်ပါးကို။ ကရဏီယံ၊ ပြုကျင့်အပ်၏။ ဤကား အနက်။ သမ္ဖပ္ပလာပအင်္ဂါသည် အောက်ပါအတိုင်း နှစ်ပါးရှိ၏။

**သမ္ဖပ္ပလာပအင်္ဂါ ၂-ပါး**

(၁) နိရတ္ထကထာပုရေက္ခာရော= အကျိုးမဲ့သောစကားသို့ ရှေးရှုခြင်း။
(၂) ကထံ= ထိုအကျိုးမဲ့သောစကားကို ပြောဆိုခြင်း။

ပြဆိုအပ်ကုန်ပြီးသော မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့သည် ဝစီကံမည်ကုန်၏။

**ဝါစာ ၄-မျိုး။** ။**ဝစီကမ္မ** ဟူသော ပုဒ်၌ ပြောမှု ဆိုမှု နှုတ်အမူအရာသည် "ဝစီ" မည်၏။ "ဝစီ" နှင့် "ဝါစာ" အတူတူပင်တည်း။

ထိုဝါစာသည်— (၁) သဒ္ဒဝါစာ (၂) ဝိရတိဝါစာ (၃)စေတနာဝါစာ (၄) စောပနဝါစာဟူ၍ လေးပါးရှိ၏။

(၁) ထိုတွင် စကားသံသည် သဒ္ဒဝါစာမည်၏။
(၂) ဝစီဒုစ္စရိုက်မှ ရှောင်ကြဉ်မှုသည် ဝိရတိဝါစာမည်၏။
(၃) ဝစီဝိညတ်ကိုဖြစ်စေတတ်သော စေတနာသည် စေတနာဝါစာမည်၏။
(၄) စကား၌ပါရှိသော မိမိ၏အလိုကို သူတပါးတို့ သိစေနိုင်သော အမူအရာထူးသည် စောပနဝါစာ မည်၏။ ထိုစောပနဝါစာသည် ဝစီဝိညတ်ပင်တည်း။

ဤနေရာ၌ စောပနဝါစာကို အလိုရှိအပ်၏။ ထိုစောပနဝါစာသည် မုသာဝါဒစသော ကံလေးပါးတို့၏ ဖြစ်ရာ အပေါက်အလမ်းကြီးဖြစ်လေသောကြောင့် ဒွါရလည်းမည်၏။ "ဝစီဒွါရေ ယေဘုယျေန ပဝတ္တံ ကမ္မန္တိ ဝစီကမ္မံ"။ ဝစီဒွါရေ၊ ဝစီဝိညတ်တည်းဟူသော စောပနဝစီဒွါရ၌။ ယေဘုယျေန၊ များသောအားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ကမ္မံ၊ ကံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝစီကမ္မံ၊ ဝစီကံမည်၏။ ကာယကမ္မ၌ ဖွင့်ဆိုအပ်ပြီးသောအတိုင်း အကျယ်သိလေ။ ။ဝစီကံပြီး၏။

မနောဒုစ္စရိုက် ၃-ပါးတို့တွင်—

(၈) **အဘိဇ္ဈာ** ၌ "အဘိဇ္ဈာယန္တိ အဿာဒမတ္တေ အဍ္ဍတ္ထာ ပရဘဏ္ဍာဿ အတ္တနော ပရိဏာမနဝသေန ဝေါယာတိ အဘိဇ္ဈာ"။ ဝေါယာ၊ ဤတရားသဘောအားဖြင့်။ အဿာဒမတ္တေ၊ သာယာကာမျှ၌။ အဍ္ဍတ္ထာ၊ မတည်မူ၍။ ပရဘဏ္ဍာဿ၊ သူတပါးတို့၏ဥစ္စာဘဏ္ဍာကို။ အတ္တနော၊ မိမိဆီသို့။ ပရိဏာမန-ဝသေန၊ ညွတ်စေသည်၏ အစွမ်းအားဖြင့်။ အဘိဇ္ဈာယန္တိ၊ အတိုင်းထက် အလွန် တစိန်းစိန်း ကြည့်ရှု ကြံစည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အဘိဇ္ဈာ၊ အဘိဇ္ဈာမည်၏။

သူတပါးတို့၏ စည်းစိမ်ဥစ္စာ ဘဏ္ဍာ အခမ်းအနားတို့ကို မြင်ရသည်ရှိသော် သာယာခြင်း တပ်မက်ခြင်း အနေမျှတွင် ရပ်တန့်ခြင်း မရှိမူ၍ ဤဥစ္စာဘဏ္ဍာသည် ငါ၏ဥစ္စာ ဖြစ်ပါမူကား ကောင်းလေစွဟူ၍ မိမိဥစ္စာ ပြုလုပ်၍ စိတ်ဖြင့် ကြံစည်မှုသည် အဘိဇ္ဈာမည်၏။ ကမ္မပထ မမြောက်၏။ သူတပါးတို့၏ ဥစ္စာကို မြင်လျှင် မိမိဆီသို့ စိတ်မညွတ်စေဘဲ သူတပါးတို့၏ ဥစ္စာအနေနှင့်ပင် သဘောထား၍ "ဤဥစ္စာမျိုးကို ငါရလျှင် ကောင်းလေစွ။ သူတပါးတို့ထံမှ ခေတ္တခဏ ငှါးရမ်း၍ ငါသုံးဆောင်ရလျှင် ကောင်းလေစွ။ ဝယ်ယူ၍ သုံးဆောင်ရလျှင် ကောင်းလေစွ"ဟူ၍ သာယာမှုသည်ကား အဘိဇ္ဈာ ကံမျှသာလျှင် ဖြစ်၏။ အဘိဇ္ဈာကမ္မပထ မမြောက်။ ထိုကြောင့် အဋ္ဌကထာတို့၌ "ပရဘဏ္ဍ ဝတ္ထုကေဟိ လောဘေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ။ ယာဝ န အဟော ဝတ ဣဒံ မမဿာတိ အတ္တနော ပရိဏာမေတိ"ဟူ၍ ဆို၏။

**အဘိဇ္ဈာ၏အင်္ဂါသည် အောက်ပါအတိုင်း ၂-ပါးရှိ၏။**

(၁) ပရဘဏ္ဍံ=သူတပါး၏ ဥစ္စာဘဏ္ဍာလည်း ဖြစ်စေ။

(၂) အတ္တနောပရိဏာမနံ=မိမိသို့ ညွတ်စေသည်လည်း ဖြစ်စေ။

(၉) **ဗျာပါဒ**၌ "ဗျာပါဒေန္တိ ပရသတ္တေ ဝိနာသံ အာပန္နေ ကတွာ စိန္တေန္တိ ဧတေနာတိ ဗျာပါဒေါ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ပရသတ္တေ၊

တပါးသော သတ္တဝါတို့ကို။ ဝိနာသံ၊ သေကျေ ပျက်စီးခြင်းသို့။ အာပန္နေ၊ ရောက်သည်ဘို့ကို။ ကတ္ဓာ၊ ပြု၍။ ဗျာပါဒေန္တိ-စိန္တေန္တိ၊ ကြံစည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗျာပါဒေါ၊ ဗျာပါဒမည်၏။ အယုတ်သဖြင့် ခြင်္ခမှုက်ကြမ်းပိုးကို အစပြု၍ "ဤသတ္တဝါတို့သည် သေကျေ ပျက်စီး ပြုန်းတီးကြစေကုန်သတည်း၊ ဤသတ္တဝါတို့သည် သေကျေ ပျက်စီး ပြုန်းတီးကြပါကုန်မူကား ကောင်းလေစွ၊ နောင် မတိုးပွါးဘဲ နေပါကုန်မူကား ကောင်းလေစွ၊ ကြာမြင့်စွာ မတည်ပါကုန်မူကား ကောင်းလေစွ၊ ဤသတ္တဝါတို့သည် ဘယ်ခါကာလမှ သေကျေ ပျက်စီးပြုန်းတီးကြပါကုန်လိမ့်မည်နည်း" စသည်ဖြင့် သတ္တဝါတပါး၏ အသက်ခန္ဓာ ပျက်စီးမှုဆိုက်အောင် ကြံစည်ခြင်းသည် ဗျာပါဒကမ္မပထမည်၏။ ထိုသို့ အသက်ခန္ဓာပျက်စီးမှုသို့ မရောက်ဘဲ ကြံစည်မှုကား ကမ္မပထ မမြောက်၊ ကံသာလျှင် မြောက်၏။ ထိုကြောင့် အဋ္ဌကထာတို့၌ "ပရသတ္တဝတ္ထုကေဟိ ကောဓေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ။ယာဝ န အဟော ဝတာယံ ဥစ္ဆိဇ္ဇေယျ ဝိနဿေယျာတိ တဿ ဝိနာသံ စိန္တေတိ"ဟူ၍ ဆို၏။

ဗျာပါဒ၏အင်္ဂါသည် အောက်ပါအတိုင်း ၂-ပါးရှိ၏။

(၁) ပရသတ္တော=သတ္တဝါတပါးလည်း ဖြစ်စေ။

(၂) ဝိနာသစိန္တာ=ထိုသတ္တဝါ၏ ပျက်စီးမှုကိုလည်း ကြံစည်စေ။

(၁၀) **မိစ္ဆာဒိဋ္ဌိ၌** "မိစ္ဆာ ပဿန္တိ ဧတာယာတိ မိစ္ဆာဒိဋ္ဌိ"။ ဧတာယ၊ ဤတရားသဘောဖြင့်။ မိစ္ဆာ၊ မှောက်မှောက် မှားမှား။ ပဿန္တိ၊ မြင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိမည်၏။

ကံကိုငင်း, ကံ၏အကျိုးကိုငင်း အချင်းခပ်သိမ်း တားမြစ်တတ်သော နတ္ထိကမိစ္ဆာဒိဋ္ဌိ, အဟေတုကမိစ္ဆာဒိဋ္ဌိ, အကြိယမိစ္ဆာဒိဋ္ဌိ သုံးပါးတို့သည်သာလျှင် ကမ္မပထမြောက်ကုန်၏။ (ဒသဝတ္ထုကဒိဋ္ဌိသည် နတ္ထိကဒိဋ္ဌိ၌ အကျုံးဝင်၏။) မြတ်စွာဘုရားရှင်၏ ဒေသနာတော်ကို တားမြစ်၍ဖြစ်သော အရိဋ္ဌသာမဏေ, ကဏ္ဍသာမဏေတို့၏ မိစ္ဆာဒိဋ္ဌိမျိုးတို့သည်လည်း ကမ္မပထ မြောက်ကုန်၏ဟူ၍ ဆိုကုန်၏။

နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ, ခြောက်ဆယ့်နှစ်ပါးသော ဒွါသဋ္ဌိဒိဋ္ဌိတို့သည် မိစ္ဆာဒိဋ္ဌိ ကမ္မပထမျိုး မဟုတ်ကုန်။ မိစ္ဆာဒိဋ္ဌိကံတို့သာတည်း။

**မိစ္ဆာဒိဋ္ဌိအင်္ဂါသည်** အောက်ပါအတိုင်း ၂-ပါးရှိ၏။

(၁) အတ္ထဝိပရီတတာ=ယူအပ်သော အနက်ဒြပ်၏ မဟုတ်မမှန် ဖောက်ပြန်ခြင်း။

(၂) တထာဥပဋ္ဌာနံ=ထိုသို့ ဖောက်ပြန်သောအတိုင်း ထင်ခြင်း။

**မနောကံ။** ။ပြဆိုအပ်သော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည် မနောကံမည်ကုန်၏။ ဤအရာ၌ ကုသိုလ်ဇောစိတ်, အကုသိုလ်ဇောစိတ်စုသည် မနောမည်၏။ ထိုမနောသည်ပင်လျှင် ကံတို့၏ဖြစ်ရာ အပေါက်အလမ်းကြီးတွေဖြစ်သောကြောင့် ဒွါရလည်းမည်ပြန်၏။ "မနောဒွါရေ ယေဘုယျေန ပဝတ္တံ ကမ္မန္တိ မနောကမ္မံ"။ မနောဒွါရေ၊ မနောဒွါရ၌။ ယေဘုယျေန၊ များသောအားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ကမ္မံ၊ ကံတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ မနောကမ္မံ၊ မနောကံမည်၏။ ဤမနောကံ ၃-ပါးတို့သည် အကြင်အခါ ကိုယ်အမူအရာ, နှုတ်အမူအရာတို့ကို မလှုပ်မရှားစေဘဲ မနောဒွါရ၌သာလျှင် ပြီးစီးကြကုန်၏။ ထိုအခါ ဤကံ ၃-ပါးတို့သည် ဝိညတ်နှင့်ကင်း၍ ဖြစ်ကြကုန်၏။ အကြင်အခါ ကိုယ်အမူအရာ, နှုတ်အမူအရာတို့ကို လှုပ်ရှားစေ၍ ကာယဒွါရ, ဝစီဒွါရတို့၌ ပြီးစီးကြကုန်၏။ ထိုအခါ ဝိညတ်နှင့်တကွ ဖြစ်ကြကုန်၏။ ဤသို့ ဖြစ်၍ မနောကံ ၃-ပါးတို့သည် ဒွါရသုံးပါးလုံး၌ပင် ဖြစ်ကြကုန်၏။ သို့ရာတွင် ယေဘုယျအားဖြင့် မနောဒွါရ၌သာ ဖြစ်ကြကုန်၏။ အခြားဒွါရတို့၌ကား အနည်းငယ်မျှ တခါတရံသာ ဖြစ်ကြကုန်၏။ ထိုကြောင့် ယေဘုယျေနဟူ၍ ဆိုအပ်ပေသည်။

အကုသလ ကမ္မပထ ၁၀-ပါးတို့တွင် ရှေ့ ၇-ပါးတို့၌လည်း ထိုသတ္တဝါကို သတ်အံ့၊ ထိုဥစ္စာကို ခိုးအံ့ စသည်ဖြင့် ဖြစ်သော သံဝိဓာနစိတ်အမူအရာသည် ပြဋ္ဌာန်းလျက်ရှိနေ၏။ ထိုစိတ္တဗျာပါရသည် ပါဏာတိပါတ စသည်ကို ပြုရာ၌ ကာယပယောဂ, ဝစီပယောဂတို့နှင့် ကင်း၍ ကံမြောက်အောင် မတတ်နိုင်။ ထိုကြောင့် ရှေ့ ၇-ပါးတို့၌ကား ကာယ, ဝစီတို့သည် အင်္ဂါကြီးတပါးတပါး ဖြစ်ကုန်သည်။ ထိုကံ ၇-ပါးတို့ကို ကာယကံ,ဝစီကံဟူ၍ ခေါ်ဝေါ်အပ်ကုန်သည်။ ထိုပါဏာတိပါတစသည်၌ အဘိဇ္ဈာစသော သမ္ပယုတ်တရားတို့သည် စေတနာ၏ အခြံအရံ အပေါင်းအသင်း နောက်လိုက်နောက်ပါ ဖြစ်ကြကုန်၍ ဂဏပူရက အဗ္ဗောဟာရိက ဖြစ်ကုန်၏။ အဘိဇ္ဈာစသော နောက်ကံ ၃-ပါးတို့သည်မူကား ကာယဒွါရ, ဝစီဒွါရတို့၌ တရံတခါ ဖြစ်ကြကုန်သော်လည်း ကာယ,ဝစီတို့သည် အဘိဇ္ဈာစသော ကံတို့၏ အင်္ဂါမဟုတ်ကြလေကုန်။ ထိုထိုသို့သော အခြင်းအရာအားဖြင့် ကြံစည်ခြင်း မနောဒွါရမျှသည်သာလျှင် ကံမြောက်ရန် အင်္ဂါကြီး ဖြစ်ပေ၏။ ထိုကြောင့် အဘိဇ္ဈာစသည်တို့သည် မနောကံ မည်လေကုန်သည်။

**ကမ္မဘေဒနှင့် ကမ္မပထဘေဒ။** ။ဆိုအပ်ပြီးသော ဒုစ္စရိုက် ၁၀-ပါးတို့သည် ကမ္မပထဘေဒ, ကမ္မဘေဒဟူ၍ နှစ်မျိုးရှိ၏။

ထိုတွင် ပြဆိုအပ်ပြီးသော မိမိတို့၏ အင်္ဂါပယောဂတို့နှင့် ပြည့်စုံစွာ ဖြစ်ရသော ဒုစ္စရိုက်သည် ကမ္မပထဘေဒဒုစ္စရိုက်မည်၏။ အင်္ဂါပယောဂတို့နှင့် မပြည့်စုံဘဲ သာမညဖြစ်ရသော ဒုစ္စရိုက်စုသည် ကမ္မဘေဒဒုစ္စရိုက် မည်၏။

ကမ္မပထဘေဒကံသည် ပဋိသန္ဓေအကျိုးကို ပေးနိုင်၏။ ကမ္မဘေဒသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ဤကား အထူးတည်း။

ကုသိုလ်ကံဖြစ်စေ, အကုသိုလ်ကံဖြစ်စေ ကမ္မပထဘေဒသို့ မရောက်ဘဲ ဖြစ်ကုန်၏။ ထိုကံတို့ကိုမူကား ကာယဒွါရ၌ဖြစ်လျှင် ကာယကံဟူ၍ ခေါ်ဝေါ် အပ်ကုန်၏။ ဝစီဒွါရ၌ဖြစ်လျှင် ဝစီကံဟူ၍ ခေါ်ဝေါ်အပ်ကုန်၏။ ဝိညတ်မဖက် သက်သက် မနောဒွါရ၌ ဖြစ်ပေါ်လျှင် မနောကံ မည်ကုန်၏။ ဖြစ်ရာဒွါရဖြင့် အမြဲ မှတ်ရာ၏။

**ပဋိသန္ဓေအကျိုးကိုပေးသောစေတနာ။** ။ကမ္မပထမြောက်သော ကံ၏ ပုဗ္ဗစေတနာ, အပရစေတနာတို့သည် ပဋိသန္ဓေအကျိုးကို ဖြစ်စေမှု၌ ဧကန္တိက မဟုတ်၊ အနေကန္တိကသာဟူ၍ ပဋိသမ္ဘိဒါမဂ်ဋီကာ၌ ဆို၏။ ထို့ကြောင့် ထိုပုဗ္ဗစေတနာ, အပရစေတနာတို့သည် ဗလဝပစ္စည်းကိုရလျှင် ပဋိသန္ဓေအကျိုးကို ပေး၏။ ဗလဝပစ္စည်းကို မရလျှင် ပဋိသန္ဓေအကျိုးကို မပေးဟု ဆုံးဖြတ်သင့်၏။

**အကုသလကမ္မပထတရားတို့၏ တရားကိုယ်များ။** ။ ထိုဒုစရိုက် ၁၀-ပါးတို့တွင် တရားကိုယ်အားဖြင့် ရှေ့ ၇-ပါးတို့သည် စေတနာဓမ္မတို့ပေတည်း။ နောက် မနောကံ ၃-ပါးတို့သည် စေတနာသမ္ပယုတ်ဖြစ်သော လောဘ, ဒေါသ, ဒိဋ္ဌိတို့ပေတည်း။

မူလအားဖြင့် ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒတို့သည် ဒေါသကြောင့် ဖြစ်ကုန်၏။ ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိတို့သည် လောဘကြောင့် ဖြစ်ကုန်၏။ ကြွင်းသော ၄-ပါးတို့သည် ရံခါ လောဘကြောင့် ဖြစ်ကုန်၏။ ရံခါ ဒေါသကြောင့် ဖြစ်ကုန်၏။ မောဟသည်မူကား သဗ္ဗာကုသလသာဓာရဏ တရားဖြစ်၍ အကုသလကမ္မပထ ဆယ်ပါးလုံး၏ မူလ ရေသောက်မြစ်ကြီး ဖြစ်ပေ၏။

**(၁၁၄) ကိုယ်တိုင်,တိုက်တွန်း၊ချီးမွမ်း,စိတ်တူ၊ပွါးပြန်မူ၊မှတ်ယူ လေးဆယ်ကံ။**

ဤဖြင့် ဒုစရိုက်လေးဆယ်ကို ပြဆို၏။

**ဒုစရိုက် ၄၀။** ။ဒုစရိုက် ၁၀-ပါးတို့တွင် တပါးပါးသည် (၁) ကိုယ်တိုင် ပြုလုပ်သော သာဟတ္ထိကဒုစရိုက်။ (၂) သူတပါးကို ပြုလုပ်စေသော အာဏတ္တိကဒုစရိုက်။ (၃) သူတပါးပြုလုပ်နေသည်ကို ချီးမွမ်းသော ထောမနာဒုစရိုက်။ (၄) သူတပါးပြုလုပ်သည်ကို စိတ်ဆန္ဒတူမျှသော သမာဆန္ဒဒုစရိုက် ဟူ၍ လေးပါး လေးပါးစီ ရှိသဖြင့် ဒုစရိုက်ပေါင်း ၄၀-ရှိ၏။ အင်္ဂုတ္တိုရ်ပါဠိတော်, အဋ္ဌကထာတို့၌ ကျယ်စွာ ဆိုပြီ။ ။အကုသိုလ်ကံ ပြီး၏။

## သုစရိုက် ၁၀-ပါး

ယခုအခါ ကာမာဝစရ ကုသိုလ်ကံစုကို ပြဆိုလတ္တံ့။

(၃၁၅) **ကာ-ဒု,သုံးပါး ကြဉ်ရှောင်ငြား၊ သုံးပါး ကာယကံ။**

ဤဖြင့် ကုသိုလ်ကာယကံ ၃-ပါးကို ပြဆို၏။

**ကုသိုလ်ကာယကံ ၃။** ။ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရဟူ၍ ဆိုအပ်သော ကာယဒုစ္စရိုက် ၃-ပါးမှ ရှောင်ကြဉ်လျှင် ကုသိုလ်ကာယကံ ၃-ပါးဖြစ်၏။ ကာယသုစရိုက်လည်းခေါ်၏။ ပါဏာတိပါတ ဝိရတီ, အဒိန္နာဒါနဝိရတီ, ကာမေသုမိစ္ဆာစာရဝိရတီတို့ ပေတည်း။

(၃၁၆) **နှုတ်-ဒု,လေးပါး၊ ကြဉ်ရှောင်ငြား၊ လေးပါး ဝစီကံ။**

ဤဖြင့် ကုသိုလ်ဝစီကံ ၄-ပါးကို ပြဆို၏။

**ကုသိုလ်ဝစီကံ ၄။** ။မုသာဝါဒ။ပ။သမ္ဖပ္ပလာပဟူ၍ ဆိုအပ်သော ဝစီဒုစ္စရိုက် ၄-ပါးမှ ရှောင်ကြဉ်လျှင် ကုသိုလ်ဝစီကံ ၄-ပါးဖြစ်၏။ ဝစီသုစရိုက် လေးပါးဟူ၍လည်း ခေါ်ဝေါ်အပ်၏။ မုသာဝါဒဝိရတီ, ပိသုဏဝါစာဝိရတီ, ဖရုသဝါစာဝိရတီ, သမ္ဖပ္ပလာပဝိရတီတို့ ပေတည်း။

(၃၁၇) **အနဘိဇ္ဈာ၊ အဗျာပါနှင့်၊ သမ္မာဒိဋ္ဌိ၊ ဖြောင့်မှန်သိ၊ တြိ-မနောကံ။**

ဤဖြင့် ကုသိုလ်မနောကံ ၃-ပါးကို ပြဆို၏။

**ကုသိုလ်မနောကံ-၃။** ။အဘိဇ္ဈာ မဟုတ်လျှင် အနဘိဇ္ဈာဖြစ်၏။ သူ့ပိုင်နက် သူ့ဥစ္စာကို သူ့ပိုင်နက် သူ့ဥစ္စာအနေအားဖြင့် စိတ်သဘော ကြည်ကြည်ဖြူဖြူ ဖြစ်မှုပေတည်း။ တရားကိုယ်အားဖြင့် အလောဘ စေတသိက်ကို ကောက်လေ။ ဗျာပါဒမဟုတ်လျှင် အဗျာပါဒဖြစ်၏။ သတ္တဝါ တပါးကို ဒုသက်ခန္ဓာ ချမ်းသာစည်ကားစေမှုပေတည်း။ တရားကိုယ်အားဖြင့် မေတ္တာခေါ်သော အဒေါသစေတသိက်ကို ကောက်လေ။ မိစ္ဆာဒိဋ္ဌိမဟုတ်လျှင် သမ္မာဒိဋ္ဌိဖြစ်၏။ "အတ္ထိ ဒိန္နံ, အတ္ထိ ယိဋ္ဌံ" (လှူလျှင် အကျိုးရှိ၏) စသည်ဖြင့် ပြသော သဘောဖြောင့် လမ်းမှန်များပေတည်း။တရားကိုယ်အားဖြင့် အမောဟ စေတသိက်ကို ကောက်လေ။ သုစရိုက် ၁၀-ပါးပေတည်း။ "ကုသလကမ္မပထ ၁၀-ပါး" ဟူ၍လည်း ခေါ်ဝေါ်အပ်၏။

**ကုသလကမ္မပထ တရားတို့၏ တရားကိုယ်များ။** ။တရားကိုယ်အားဖြင့် ရှေ့ ၇-ပါးမှာ ဝိရတီစေတသိက်ကို ကောက်ရာ၏။ နောက်မနောကံ ၃-ပါးမှာ ပြဆိုခဲ့ပြီးအတိုင်းပင်တည်း။

ပါဏာတိပါတဝိရတီစသော သုစရိုက်များသည် အကိရိယသမုဋ္ဌာန် ကုသိုလ်မည်၏။ ကိုယ်, နှုတ်, စိတ် အမူအရာတို့ကို မလှုပ်မရှားဘဲနှင့် ရှောင်ကြဉ်မှု သက်သက်ကြောင့် ဖြစ်ကုန်သောကြောင့် အကိရိယသမုဋ္ဌာန်ဟူ၍ ခေါ်ဝေါ်အပ်ကုန်သည်။ ကာယကံကုသိုလ် စသည်ဖြင့် ခေါ်ရသည်မှာ ရှောင်ကြဉ်အပ်သောကံ၏ ဖြစ်ရာဒွါရဖြင့် အပြန်အလှန် မှတ်၍ ခေါ်ဝေါ်ရလေသည်။ ကိရိယသမုဋ္ဌာန် ကုသိုလ်များမှာ ဖြစ်ရာဒွါရနှင့် လိုက်၍ ကာယကံကုသိုလ် စသည်ဖြင့် ခေါ်ဝေါ်ရာ၏။

**ကုသိုလ်ကံ အရာ၌ ကာယကံ ကုသိုလ် စသည်ဖြင့် ခေါ်ဝေါ်ကြောင်းကို အမြွက်မျှဆိုဦးအံ့—**

ကုသိုလ်အရာ၌ ကာယကံစသည်ဖြင့် ခေါ်ဝေါ်ကြောင်းသည် ပရိယာယ် ၂-ပါးရှိ၏။ ထိုတွင် ပြဆိုလတ္တံ့သော ပုညကြိယာ ဝတ္ထု ၁၀-ပါးတို့တွင် ဒါနစသော တခုတခုသော ပုညကြိယာ ဝတ္ထုသည် အကြင်အခါ ကိုယ်အမူအရာ လှုပ်ရှားမှုကြောင့် အောင်မြင်ပြီးစီး၏၊ ထိုကံသည် ကာယကံ ကုသိုလ်မည်၏။ အကြင်အခါ ဝစီကံလှုပ်ရှားမှုကြောင့် အောင်မြင်ပြီးစီး၏၊ ထိုကံသည် ဝစီကံ ကုသိုလ်မည်၏။ အကြင်အခါ ကာယ,ဝစီ နှစ်ပါးတို့နှင့် ကင်း၍ မနောဒွါရဖြင့် ပြီးစီး၏၊ ထိုကံသည် မနောကံကုသိုလ် မည်၏။ ဤကား ပရိယာယ်တမျိုးပေတည်း။ ဤပရိယာယ်သည် "မေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိ စေဝ ရဟော စ။ မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိ စေဝ ရဟော စ" ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော သုတ္တန်ပါဠိတော်တို့၌ များစွာလာရှိ၏။ အဋ္ဌသာလိနီ ဒွါရကထာ၌လည်း ဒါနမယစသော ကုသိုလ်တပါးပါး၏ ကာယကံအဖြစ် ဝစီကံအဖြစ် မနောကံအဖြစ်များကို ထင်ရှားစွာ ဝေဖန်လျက်ရှိလေ၏။

ပရိယာယ်တပါးမှုကား အကြင်ဒုစ္စရိုက်မှု ဖြစ်ပေါ်လာသည်ရှိသော် ကိုယ်အမူအရာသည် မသန့်ရှင်း မစင်ကြယ်ဖြစ်၏။ ကာယသံဝရ ပျက်စီး၏။ အကြင်ကုသိုလ် ဖြစ်ပေါ်လာသည်ရှိသော် တဒင်္ဂပဟာန်စသည်တို့တွင် တပါးပါးသော ပဟာန်ဖြင့် ထိုဆိုပြီးသော ဒုစ္စရိုက်မှုကို ဖျက်ဆီးပယ်ရှား၍ ကိုယ်အမူအရာကို စင်ကြယ်အောင် သုတ်သင်ပေ၏။ ကာယသံဝရကို ဖြည့်ပေ၏။ ထိုကုသိုလ်မျိုးကို ကာယစောပန ကိုယ်အမူအရာ လှုပ်ရှားမှုကင်းသော်လည်း ကာယသံဝရကိစ္စကို အမှူးပြုသဖြင့် ကာယကံကုသိုလ် ဟူ၍ ခေါ်ဝေါ် အပ်၏။ ကာယသုစရိုက် ဟူ၍လည်း ဆိုအပ်၏။ ကုသိုလ်ဝစီကံ၌လည်း ထိုနည်းအတူ ဝေဖန်၍သိလေ။

ကာယဒွါရကို စင်ကြယ်စေမှု၊ ကာယသံဝရကို ဖြည့်မှု၊ ဝစီဒွါရကို စင်ကြယ်စေမှု၊ ဝစီသံဝရကိုဖြည့်မှုတို့မှ တပါးသော ရှိရှိသမျှကုသိုလ်တို့သည် ဒွါရ ၃-ပါး၌

ဖြစ်ကြကုန်သော်လည်း မနောဒွါရကို သုတ်သင်စင်ကြယ်စေ၍ မနောသံဝရကို ဖြည့်ကြကုန်သောကြောင့် မနောကံကုသိုလ်မည်ကုန်၏။ မနောသုစရိုက်လည်း မည်ကုန်၏။ ဤကား ပရိယာယ်တမျိုးတည်း။ ဤပရိယာယ်သည် များစွာသော ကမ္မပထနှင့် စပ်ဆိုင်သော သုတ္တန်တို့၌ လာရှိကုန်၏။ အဋ္ဌသာလိနီ ဒွါရကထာ၌ လည်း လာရှိ၏။ ဤ ၂-ပါးသော ပရိယာယ်တို့တွင် မြတ်စွာဘုရား၏ သာသနာ တော်မြတ်၌ ကုသိုလ်တရားကို ဖြည့်ဆည်းပူးမှု မည်သည် အရေးအကြီးဆုံး အားဖြင့် အကုသိုလ်ကို ပယ်ရှားရန် အလို့ငှါသာ ဖြစ်၍ နောက်၌ပြအပ်သော ပရိယာယ်သည်သာလျှင် ပဓာနလိုရင်း အချက်ဟူ၍ မှတ်ယူထိုက်၏။

**ပုညကြိယာဝတ္ထု ၁၀ ပါး။** ။ကုသိုလ်တရားတို့၏ ဖြစ်ရာသည် ပုညကြိယ ဝတ္ထု မည်၏။ ထိုပုညကြိယ ဝတ္ထုတို့သည် အောက်ပါအတိုင်း ဆယ်ပါးရှိကုန်၏။

( ၁ ) ဒါန=ပေးကမ်းစွန့်ကြဲမှု။
( ၂ ) သီလ=ကာယကံ ဝစီကံ ကို စောင့်ရှောက်မှု။
( ၃ ) ဘာဝနာ=သမထ ဝိပဿနာ ဘာဝနာ ပွါးမှု။
( ၄ ) အပစာယန=ကြီးသူကို ရိုသေခစားမှု။
( ၅ ) ဝေယျာဝစ္စ= အမှုကောင်းကို ရွက်ဆောင်မှု။
( ၆ ) ပတ္တိဒါန=အမျှ ပေးဝေမှု။
( ၇ ) ပတ္တာနုမောဒန=သာဓု ခေါ်မှု။
( ၈ ) ဓမ္မဿဝန=သူ့တရားကို ကြားနာမှု။
( ၉ ) ဓမ္မဒေသနာ=ကိုယ်က တရားဟောမှု။
( ၁၀ ) ဒိဋ္ဌိဇုကမ္မ=အယူ ဖြောင့်မတ်မှု။

ထိုဆယ်ပါးတို့ကို ရည်၍—

**(၃၁၈) ဒါ,သီ,ဘာ,ပူ၊ ကြောင့်ကြမှုနှင့်၊ အလှူဝေငှ၊ အမျှသာဓု၊ သူ့တရားနာ၊ သိရာပြောလို၊ ကံကိုကိုးရိုး၊ ဆယ်မျိုးဝတ္ထု၊ ပုညမှု၊ သုခပွါးများရန်။**

ဟူ၍ ဆိုတော်မူသည်။

( ၁ ) ဒါန။ ။"ဒိယျတိ ဧတေနာတိ ဒါနံ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ဒိယျတိ၊ ပေးလှူအပ်၏။ ဣတိတသ္မာ၊ ထို့သို့ပေးလှူကြောင်း ဖြစ်သော သဘ္ဘိကြောင့်။ ဒါနံ၊ ဒါနမည်၏။ ဤဝိဂြိုဟ်ဖြင့် အလှူဝတ္ထုကို စွန့်လွှတ်ကြောင်းဖြစ်သော စေတနာကိုရစေ။ ဤဒါန စသော ပုညကြိယဝတ္ထု

တို့မှာ ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာဟူ၍ စေတနာသုံးပါး အပြား ရှိ၏။ ဤကိုရည်၍—

(၃၁၉) ပုဗ္ဗေ,မုဉ္စ၊ ပရ,ကြည်ဖွာ၊ စေတနာ၊ သုံးဖြာ သီးသီးဖန်။

ဟူ၍ ဆိုတော်မူ၏။

**စေတနာ ၃-ပါး။** ။ဤဒါနအရာ၌ အလှူခံပုဂ္ဂိုလ်၏ လက်သို့- ဒေမိ, ဒမ္မိ ဟူသော ပစ္စုပ္ပန်ကြိယာဖြင့် စွန့်လွှတ် လှူဒါန်းသော အခိုက်၌ဖြစ်သော စေတနာသည် မုဉ္စစေတနာမည်၏၊ ဤမုဉ္စစေတနာ အခိုက်၏ ရှေ့အဘို့၌ ဒါနမယ ကုသိုလ်ကို ငါပြုပေအံ့ဟူ၍ ကြံစည်သည်ကစ၍ အလှူ ဝတ္ထုကို ရှာမှီးခြင်းကို ပြုလုပ်သော ကာလတို့၌ ဒါနအတွက် ရည်စူး၍ဖြစ်သော ဒွါရ ၃-ပါးတို့၌ဖြစ်သော ကုသိုလ်စေတနာစုသည် ပုဗ္ဗစေတနာမည်၏။ မုဉ္စ စေတနာ ပြီးမြောက်၍ နောက်အဘို့၌ မိမိပြုအပ်သော ဒါနကို "ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော" ဟူသော နည်းဖြင့် အဖန်ဖန် အထပ်ထပ် မပြတ်ဆင်ခြင်အောက်မေ့မှု၊ ဝမ်းမြောက်ဝမ်းသာမှုများ၌ ပါရှိသော ကုသိုလ်စေတနာစုသည် အပရစေတနာမည်၏။ ဤပုဗ္ဗစေတနာ,အပရစေတနာ တို့သည် ပြဆိုအပ်ပြီးသောအတိုင်း အားကြီးသော ဗလဝပစ္စည်းကို ရကုန်မှသာ လျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်ကုန်၏။ ဗလဝပစ္စည်းကို မရကုန်လျှင် ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်ဟု သိအပ်၏။

**ပုညကြိယာဝတ္ထု ၃၀။** ။ထိုပြင် ပုညကြိယဝတ္ထုတို့တွင် တပါးတပါးမှာ ဟီန, မဇ္ဈိမ,ပဏီတဟူ၍ ၃-ပါး ၃-ပါးစီ ရှိပြန်၏။

**ဒါန ၃ မျိုး။** ။ထိုတွင် ယုတ်ညံ့သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ဖြင့်ဖြစ်သော ဒါနသည် ဟီနဒါနမည်၏။ အလယ်အလတ် ဖြစ်သော ဆန္ဒ စသည်တို့ဖြင့် ဖြစ်သောဒါနသည် မဇ္ဈိမဒါနမည်၏။ အမြတ်ဆုံးသော ဆန္ဒ စသည်တို့ဖြင့် ဖြစ်သောဒါနသည် ပဏီတဒါနမည်၏။

တနည်း ဝေဖန်ပုံကား—အကျော်အစော အချီးအမြောက်ကို ရလိုခံလို၍ ပြုအပ်သော ဒါနသည် ဟီနမည်၏။ ကုသိုလ်အကျိုးကို လိုလားတောင့်တ၍ ပြုအပ်သောဒါနသည် မဇ္ဈိမမည်၏။ ဤဒါနမှုသည် ပြုသင့်ပြုထိုက်သော အရာ ပေတည်း။ အရိယာသူတော်ကောင်းတို့၏ အလုပ်ဝတ္တရားကြီးပေတည်း ဟူ၍ နှလုံးပိုက်၍ အရိယာ၏အဖြစ်ကို အမှီပြု၍ ပြုလုပ်အပ်သောဒါနသည် ပဏီတ မည်၏။

တနည်း ဝေဖန်ပုံမှာ ဒါနပြုလုပ်၍ သူတပါးကို ကဲ့ရဲ့ခြင်း, မိမိကိုယ်ကို ချီးမြှောက်ခြင်း စသည်တို့ဖြင့် ပြုံးပြုံး ပြွမ်းပြွမ်း ညစ်နွမ်းသောဒါနသည် ဟီန

မည်၏။ လိုသို့ကား မည်စ်နွမ်း၊ သို့ရာတွင် လောကသံသရာ၌ သာယာဖွယ် အမျိုးမျိုး ချမ်းသာအမျိုးမျိုးတို့ကို မြော်မြင်၍ ပြုအပ်သောဒါနသည် မဇ္ဈိမ မည်၏။ မဂ်, ဖိုလ်, နိဗ္ဗာန် တည်းဟူသော လောကီမဖက် သက်သက်သော လောကုတ္တရာကို မြော်မြင်၍ ပြုအပ်သောဒါနသည် ပဏီတမည်၏။

တနည်း ဝေဖန်ပုံမှာ တဏှာကို အရင်းတည်၍ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိ အလို့ငှါ ပြုအပ်သောဒါနသည် ဟီနမည်၏။ မိမိတဦးတယောက်တည်း သံသရာမှ ထွက်မြောက်ရန်အတွက်နှင့် ကွက်ခြား၍ ပြုအပ်သော ဒါနသည် မဇ္ဈိမမည်၏။ မိမိနှင့်တကွ အလုံးစုံသောသတ္တဝါတို့ကို သံသရာမှ ကျွတ်လွတ် ထွက်မြောက်ကြ စေခြင်းငှါ ပါရမီမြောက်အောင် ရည်မှန်း၍ပြုအပ်သောဒါနသည် ပဏီတမည်၏။

ဤသို့ ဝေဖန်ချက်များသည် ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသတွင် လာရှိသော အတိုင်း ဝေဖန်ချက်များပေတည်း။ ဤဒါနအရာတွင် ပုဗ္ဗ, မုဥ္စ, အပရ သုံးမျိုး။ ဟီန, မဇ္ဈိမ, ပဏီတ သုံးမျိုးတို့ကို ဝေဖန်သကဲ့သို့ နောက်နောက်ဆိုလတ္တံ့သော သီလစသည်တို့၌လည်း ဝေဖန်၍ သိရာ၏။ အကျယ် မဆိုလတ္တံ့ ဖြစ်သည်။

(၂) **သီလ**။ ။"သီလယတိ ကာယ, ဝစီကမ္မာနိ သမ္မာဒဟာတီတိ သီလံ"။ ကာယဝစီကမ္မာနိ၊ ကာယကံ, ဝစီကံတို့ကို။ သီလယတိ သမ္မာဒဟာတိ၊ ငြိမ်ငြိမ်သက်သက် ကောင်းစွာ ထားတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သီလံ၊ သီလမည်၏။ (ဤသီလအကြောင်းကိုဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော သီလဝိနိစ္ဆယ စသည်များ၌ အကျယ် ရှိလေပြီ။ ဤအရာ၌ကား ပရမတ္ထဒီပနီဋီကာကြီးတွင် လာသောအတိုင်းမျှသာ ဆိုအံ့)။

**သီလလေးပါး**။ ။သီလသည်—(၁) ဘိက္ခုသီလ (၂) ဘိက္ခုနီသီလ (၃) သာမဏေရသီလ (၄) ဂဟဋ္ဌသီလဟူ၍ လေးပါးအပြားရှိ၏။

(၁) ရဟန်းယောကျ်ားတို့၏ သီလသည် ဘိက္ခုသီလမည်၏။
(၂) ရဟန်းမိန်းမတို့၏ သီလသည် ဘိက္ခုနီသီလ မည်၏။
(၃) သာမဏေတို့၏ သီလသည် သာမဏေရသီလ မည်၏။
(၄) အိမ်ရာထောင်သော လူတို့၏ သီလသည် ဂဟဋ္ဌသီလ မည်၏။

ထိုတွင် ဘိက္ခုသီလ, ဘိက္ခုနီသီလ နှစ်ပါးသည် ကမ္မဝါစာရွတ်ဘတ်မှုဖြင့် ပြီးစီးတည်ရှိ၏။ အထူးဆောက်တည် ခံယူဖွယ် မရှိ ဆိုလိုသည်။

**ဒုဿီလနှင့်အလဇ္ဇီ**။ ။ပါရာဇိကဝတ္ထုကို လွန်ကျူးသဖြင့်ရင်း, သိက္ခာကို ချသဖြင့်ရင်း, မူလကမ္မဝါစာ ဘတ်ရွတ်စဉ်က တစုံတရာ ချို့တဲ့၍ ပျက်စီးသဖြင့်ရင်း, အလုံးစုံသော ဘိက္ခုသီလ, ဘိက္ခုနီသီလတို့သည်

ပျက်စီးကုန်၏။ ထိုသို့ ဖြစ်သောအခါ ရဟန်းအသွင်အပြင် ရဟန်းပဋိညာဉ်ကို မစွန့်ဘဲ တည်မြဲတိုင်း တည်နေသော ပုဂ္ဂိုလ်ကို ဒုဿီလပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ ပါရာဇိကဝတ္ထုမှ တပါး သံဃာဒိသိသ်စသော အကြင်အကြင် သိက္ခာပုဒ်ကို လွန်ကျူးမိ၏။ ထိုထိုလွန်ကျူးအပ်သော သိက္ခာသံဝရသည်သာလျှင် ပျက်စီး၏၊ ရဟန်းသီလ မပျက်စီး။ တဖန် ကမ္မဝါစာဖြင့် ဆောက်တည်မှုကို ပြုဖွယ်မရှိ။ ထိုလွန်ကျူးမိ၍ ပျက်စီးသော သိက္ခာပုဒ်အတွက် ကုစားခြင်းအမှုကို ပြုသည် ရှိသော် သံဝရမှုသည် ပကတိအတိုင်းပင် ဖြစ်ပြန်၏။ စင်ကြယ်သည် ဆိုလို၏။ သိလျက် လွန်ကျူးမိသော်ငြား, ထိုသို့ လွန်ကျူးမိသည်ကို မကုစားဘဲ နေခဲ့ သော်ငြား, အဂတိလေးပါးသို့ လိုက်မှားသော်ငြား, ထိုပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ် မည်၏။ ဒုဿီလပုဂ္ဂိုလ် မဟုတ်ပေ။ (အလဇ္ဇီနှင့် ဒုဿီလ နှစ်ပါးတို့တွင် အလဇ္ဇီသည် ဝန်ပေါ့၏၊ ဒုဿီလသည် ဝန်လေး၏)။

သာမဏေတို့မှာ သရဏဂုံဖြင့် သီလဆောက်တည်မှုကိစ္စ ပြီးစီးပြည့်စုံ၏။ သရဏဂုံပျက်ခဲ့သော်ငြား, လိင်ကျကြောင်း အမှုတို့ကို ကျူးလွန်ခဲ့သော်ငြား အလုံးစုံ သိက္ခာပျက်၏။ သာမဏေမဟုတ်ပြီဟု ဆိုလိုသည်။ ထိုသို့ မဟုတ်လျှင် လိင်မကျ။ လိင်္ဂနာသနင်္ဂမှ တပါးသော အကြင်အကြင် သိက္ခာပုဒ်ကိုကျူးလွန်၏၊ ထို သိက္ခာပုဒ်သည်သာလျှင် ပျက်စီး၏။ တဖန် ထပ်မံစောင့်စည်းပြန်လျှင် ပြကတေ့အတိုင်းပင် ဖြစ်ပြန်၏။

**ဂဟဋ္ဌသီလ**အရာ၌ ပကတိလူသားတို့၏ သီလသည် သမာဒိယာမိ, ဝိရမာမိ စသော ဆောက်တည်ခံယူမှုဖြင့် ပြီးစီးပြည့်စုံ၏။ ငါးပါးသီလ စသည်တို့ကို တပေါင်းတည်းပြုလုပ်၍ "ပဉ္စင်္ဂသီလံ သမာဒိယာမိ" စသည်ဖြင့် ခံယူဆောက် တည်လျှင် တပေါင်းတည်း ပြီးစီးပြည့်စုံလေ၏။ ထိုသိက္ခာပုဒ်တို့အနက် တခု သော သိက္ခာပုဒ်ပျက်လျှင် အလုံးစုံ ပျက်စီး၏။ အလိုရှိလျှင် တဖန်ပြန်၍ ခံယူ ဆောက်တည်အပ်ကုန်၏။

"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ" စသည်ဖြင့် အသီး အသီး ခံယူဆောက်တည်ရာ၌ သိက္ခာပုဒ်တခုကို ကျူးလွန်လျှင် ထိုသိက္ခာပုဒ် သည်သာလျှင် ပျက်စီး၏။ ကြွင်းသောသိက္ခာပုဒ်တို့ မပျက်ကုန်။ ကာလကို ပိုင်းခြား၍ ခံယူလျှင် ထိုကာလအပိုင်းအခြားကို လွန်မြောက်သောအခါ ဆောက်တည်မှု ငြိမ်းစဲလေ၏။ လူတို့၏ ဒုဿီလအဖြစ်မှာ ငါးပါးသီလတို့တွင် တပါးပါးကို ကျူးလွန်လျှင် ဒုဿီလဖြစ်၏။ လူဒုဿီလဟူ၍ ခေါ်ဝေါ်အပ်၏။

**နိစ္စသီလ, အနိစ္စသီလ**နှစ်မျိုး ခွဲခြမ်းပုံမှာ——

**နိစ္စသီလ။** ။အကြင်သီလသည် အမြဲ စောင့်သုံးမှသင့်၏။ အမြဲအစွဲကျင့်ထိုက်၏။ နိစ္စ မကျင့်လျှင် အပြစ်ရှိ၏။ ထိုသီလမျိုးသည် နိစ္စသီလမျိုးပေတည်း။

**အနိစ္စသီလ။** ။"ဝိကာလဘောဇန"စသော အကြင်သီလမျိုးသည် နိစ္စ ကျင့်ဆောင်နိုင်လျှင် ကောင်းမြတ် သင့်လျော်၏။ များစွာသော ကုသိုလ်ကို ပွါးစေနိုင်၏။ အကုသိုလ်တို့ကို ပါးရှားစေနိုင်၏။ မတတ်နိုင်၍ အမြဲ မကျင့်ဆောင်နိုင်သော်လည်း အပြစ်မရှိ၊ ထိုသီလမျိုးသည် အနိစ္စသီလမျိုးပေတည်း။

**နိစ္စသီလများ။** ။ထိုတွင် ၂၂၇-ပါးသော သီလစသည် ရဟန်းတို့၏ နိစ္စသီလ မည်၏။ သာမဏေတို့၏ ဒသသီလသည် သာမဏေတို့၏ နိစ္စသီလဖြစ်၏။ ပကတိလူသားတို့မှာ ငါးပါးသီလသည် နိစ္စသီလဖြစ်၏။ ပကတိလူအဖြစ်မှ လွန်၍ ပဗ္ဗဇိတဂိုဏ်း၌ ဝင်ကြကုန်သော ဥပါသကာ, ဥပါသိကာတို့နှင့် ရသေ့ပရိဗိုဇ်တို့မှာ ဆယ်ပါးသီလသည် နိစ္စသီလ မည်ကုန်၏။ ထိုစကား မှန်၏။ ပြဆိုခဲ့ပြီးသောအတိုင်း မိမိ မိမိတို့နှင့်ဆိုင်သော နိစ္စသီလမျိုးတို့ကို စင်ကြယ်စွာ စောင့်ရှောက်ရမည် ဖြစ်၏။ စင်ကြယ်စွာ စောင့်ရှောက်သင့်၏။ မစောင့်ရှောက်သော ရဟန်းစသည်တို့မှာ အပြစ်ရှိ၏။ မစင်ကြယ်သော ပုဂ္ဂိုလ်, လူးလဲသော ပုဂ္ဂိုလ်, ညစ်နွမ်းသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ–မိမိတို့နှင့် သင့်လျော်ထိုက်တန်သဖြင့် မချွတ် ကျင့်ရမည်ဖြစ်သော အကျင့်ကို မကျင့်သောကြောင့်တည်း။

**အနိစ္စသီလများ။** ။ပကတိသာမည လူတို့မှာ အဋ္ဌင်္ဂ, ဥပေါသထသီလတို့သည် အနိစ္စသီလမည်၏။ ထိုစကားမှန်၏။ ထိုအဋ္ဌင်္ဂသီလသည် နိစ္စစောင့်သုံးလျှင်လည်း သင့်၏။ မစောင့်သုံးသော်လည်း အပြစ်မရှိ။ ထိုပကတိလူသားတို့မှာ ဒသသီလသည် အနိစ္စသီလပင်မည်၏။ စောင့်လျှင် အကျိုးရှိ၏၊ မစောင့်လျှင် အပြစ်မရှိ။

လူတို့၏ အသွင်အပြင်ဖြစ်သော အဝတ်အရုံများကို ပယ်ရှား၍ ဖန်ရည်ဆိုးစွမ်းသော အဝတ်များကို ဝတ်ဆင်သဖြင့် ပဗ္ဗဇိတဂိုဏ်း၌ အကျုံးဝင်ကုန်သော ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့မှာ ထိုဆယ်ပါးသီလသည် နိစ္စသီလဖြစ်၏။ စင်စစ် စောင့်ထိန်းရမည် ဖြစ်၏။ မစောင့်ထိန်းလျှင် အပြစ်ရှိ၏။ ပကတိလူသားတို့မှာ ငါးပါးသီလကို ဆောက်တည်သော်ငြား, မဆောက်တည်ဘဲသော်ငြား အမြဲ စောင့်ရှောက်ရပေလိမ့်မည် စင်စစ်ဖြစ်၏။ လွန်ကျူးရလိမ့်မည် မဟုတ်သကဲ့သို့ ထိုအတူ ပဗ္ဗဇိတအသွင်အပြင်ကို ဆောင်ယူကြကုန်သော ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့သည်လည်း ဆယ်ပါးသီလကို ခံယူ

သည်ဖြစ်စေ, မခံယူသည်ဖြစ်စေ အမြဲ စောင့်ရှောက်ရလိမ့်မည် စင်စစ် ဖြစ်၏။ ကျူးလွန်ရမည် မဟုတ်။ ကျူးလွန်လျှင် အပြစ်ရှိ၏။ ဖန်ရည်ဆိုးစွန်းသော အဝတ်ကို ဝတ်ဆင်၍ ပဗ္ဗဇိတအသွင်အပြင်ကို ဆင်သည်နှင့်တပြိုင်နက် ပြီးစီးတည်ရှိသော သီလမျိုးဖြစ်၏။

နိစ္စသီလမျိုးမှန်လျှင် ဆောက်တည်မှု ပဓာနမဟုတ်၊ ဇာတိသည်သာ ပဓာနဖြစ်၏။ အနိစ္စသီလမှန်လျှင် ဆောက်တည်ရ၏။

ရဟန်းတို့၏ ၂၂၇-ပါးသော နိစ္စသီလတို့သည် ဆောက်တည်မှ ရသည်မဟုတ်ကုန်၊ ကမ္မဝါစာနှင့်တကွ ပြီးစီးလေ၏။ ကောသနိက်ဓုတင်စသော သီလတို့သည်မူကား အနိစ္စသီလတို့သာ ဖြစ်ကုန်၏။ ထိုသီလတို့ကို ဆောက်တည်၍ ကျင့်အပ်ကုန်၏။

ပကတိလူတို့မှာ ငါးပါးသီလသည် နိစ္စသီလဖြစ်၏။ လူ့ဘဝကို ရသည်နှင့်တပြိုင်နက် ပြီးစီး၏။ ဆောက်တည်ဖွယ် မလိုပြီ။ ရှစ်ပါးသီလ, ဆယ်ပါးသီလများသည် အနိစ္စဖြစ်၍ ဆောက်တည်ခံယူ၍ ကျင့်အပ်လေသည်။

ပဗ္ဗဇိတအသွင်အပြင် ရှိကြကုန်သော ဥပါသကာ, ဥပါသိကာ ရသေ့ပရိဗိုဇ်တို့မှာ ဒသသီလသည် နိစ္စသီလဖြစ်၏။ အထူးဆောက်တည်ဖွယ် မလိုပြီ။ ပဗ္ဗဇိတအသွင်ကို ယူသည်နှင့်တပြိုင်နက် ပြီးစီးလေ၏။ ဓုတင်စသော သီလတို့ကားအနိစ္စဖြစ်၍ ခံယူဆောက်တည်အပ်ကုန်သည်။ ဤပြဆိုပြီးသော အဓိပ္ပါယ်တို့ကို ထောက်၍—

**(၃၂၀) ငါးပါး,ဆယ်ပါး၊ နိစ္စထား၊ ရှစ်ပါး ဥပုသ်ကံ။**

ဟူ၍ ဆိုတော်မူသည်။

(၃) **ဘာဝနာ၌။** ။"ဘာဝေတိ ဧတာယာတိ ဘာဝနာ"။ ဧတာယ၊ ဤတရားသဘောဖြင့်။ ဘာဝေတိ၊ ပွါးများတတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဘာဝနာ၊ ဘာဝနာမည်၏။ ကမ္မဋ္ဌာန်းပိုင်း၌ ပြဆိုအပ်လတ္တံ့သော သမထဘာဝနာ, ဝိပဿနာဘာဝနာနှစ်ပါးကို ရစေ။ ကမ္မဋ္ဌာန်းပိုင်း၌ ထင်ရှားလတ္တံ့။

(ဤနေရာ၌ ကာမာဝစရကုသိုလ်ကံကိုပြဆိုသော အရာဌာနဖြစ်၍ အပ္ပနာသို့မရောက်သော ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာတို့ကိုသာလျှင် အလိုရှိအပ်၏။ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်တော်များကို သင်ကြားလေ့ကျက်မှု အပြစ်မရှိသော အမှုအမျိုးမျိုး, လက်မှုပညာစသော အတတ်အမျိုးမျိုး, ဆေးဝါးစသော အတတ်အမျိုးမျိုးများကို ကုသိုလ်ဖြစ် သဘော

ထား၍သင်ကြားမှုများသည်လည်း ကာမာဝစရဘာဝနာ၌အကျုံးဝင်ကြလေ၏။ ဘာဝနာကုသိုလ်ဟူ၍ ခေါ်ဝေါ်သင့်သည် ဟူလို။)

(၄) **အပစာယန၌။** ။"အပစယန္တိ ဧတေနာတိ အပစာယနံ"။ ဧတေန၊ ဤတရားသဘောဖြင့်။ အပစယန္တိ၊ အရိုအသေပြုတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အပစာယနံ၊ အပစာယနမည်၏။ ရတနာသုံးပါး၌၎င်း မိခင်ဖခင်တို့၌၎င်း အမျိုးအဆွေတို့တွင် အသက်ကြီးသူ, ဂုဏ်ကြီးသူတို့၌၎င်း ဆရာသမားတို့၌၎င်း တရားစောင့်သော ရဟန်းပုဏ္ဏားတို့၌၎င်း တရားစောင့်သောမင်းတို့၌၎င်း၊ ထိုမှတပါး မိမိထက် ဂုဏဝုဍ္ဍိနှင့်ပြည့်စုံသော သူတို့၌၎င်း ထိုက်သည်အားလျော်စွာ ခရီးဦးကြိုဆိုခြင်း, ရှိခိုးခြင်း, လက်အုပ်ချီခြင်း, ဝပ်တွားတုံ့ကြို့ခြင်း, ၎ှလျိုးကိုင်းရှိုင်းခြင်း, အလိုက်သိစွာ ဝတ်ပြုခြင်း အစရှိသော ရိုသေမှုအမျိုးမျိုးကို ပြုခြင်းသည် အပစာယနမည်၏။ ထိုအပစာယနသည် ဤလောက၌ လူတကာတို့၏ မေတ္တာကို ဆောင်ယူနိုင်၏။ မိမိ၏ ပစ္စုပ္ပန်သံသရာတို့၌ ကြီးပွါးခြင်းကိုလည်း ရွက်ဆောင်နိုင်၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည်——

ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝဓမ္မေ စ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။

ဟူ၍ ပါဠိဇာတ် ပါဠိတော်၌ ဟောတော်မူ၏။ အနက်ကား- ဓမ္မဿ၊ တရားအရာ၌။ ကောဝိဒါ၊ လိမ်မာကြပေကုန်သော။ ယေနရာ၊ အကြင်လူအပေါင်းတို့သည်။ ဝုဍ္ဎံ၊ မိမိထက် တစုံတရာဖြင့် ကြီးသောသူကို။ အပစာယန္တိ၊ ရိုသေခယမ်းကြကုန်၏။ တေ၊ ထိုသူတို့သည်။ ဒိဋ္ဌေဝဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ပါသံသာ၊ ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ သုဂ္ဂတိံ၊ သုဂတိဘဝကောင်းသို့။ ဂစ္ဆန္တိ၊ သွားကြရကုန်၏။ ထို့ပြင် "အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော" စသည်ဖြင့်လည်း မြတ်စွာဘုရား ဟောကြားတော်မူ၏။

(၅) **ဝေယျာဝစ္စ၌။** ။"ဝိသေသေန အာဝရန္တိ ဥဿုက္ကံ အာပဇ္ဇန္တီတိ ဗျာဝဋာ"။ ဝိသေသေန၊ အထူးသဖြင့်။ အာဝရန္တိ၊ အားထုတ်တတ်ကုန်၏။ ဥဿုက္ကံ၊ ကြောင့်ကြစိုက်ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗျာဝဋော၊ ဗျာဝဋမည်၏။ ကြောင့်ကြစိုက်တတ်သော ပုဂ္ဂိုလ်ကို ရစေ။ "ဗျာဝဋဿ ကမ္မံ ဝေယျာဝစ္စံ"။ ဗျာဝဋဿ၊ ကြောင့်ကြစိုက်သောသူ၏။ ကမ္မံ၊ အမှုတည်း။ ဝေယျာဝစ္စံ၊ ကြောင့်ကြစိုက်သောသူ၏အမှု။ ဝေယျာဝစ္စ ပုညကြိယာဝတ္ထုကို ရစေ။ အပစာယန၌ ပြဆိုအပ်ကုန်ပြီးသော ရတနာသုံးပါးစသည်တို့၌ အာဂန္တုကဝတ်ကို ပြုလုပ်ဆောင်ရွက်ခြင်း၊ ဂမိကဝတ်ကို ဆောင်ရွက်ခြင်း၊ ဂိလာနဝတ်ကို ဆောင်ရွက်ခြင်း၊ အိုသော

သူတို့၏ဝတ်ကို ဆောင်ရွက်ခြင်း၊ သီတင်းသုံးဖော်တို့၏ အမှုကြီးငယ်ကိုကို ဆောင်ရွက်ခြင်း၊ သေနာသနဝတ်, စေတိယင်္ဂဏဝတ်, ဗောဓိယင်္ဂဏဝတ် စသည်များကို ဆောင်ရွက်ခြင်းများသည် ဝေယျာဝစ္စမည်၏။ အကျဉ်းချုပ်အားဖြင့် ကုသိုလ်ကောင်းမှုနှင့်စပ်လျဉ်းသော ထိုထိုအမှုအပျိုးမျိုးတို့ကို ကျော်စောစေမှု, ချီးမွမ်းစေမှု စသည်များကို မငဲ့ဘဲ သက်သက် စင်ကြယ် သန့်ရှင်းသောစိတ်၊ အကျိုးလိုလားသော စိတ်ဖြင့် မိမိ၏အမှုကိစ္စကြီးကဲ့သို့ ကိုယ်ရေးစိတ်ပါ အားထုတ်မှုသည် ဝေယျာဝစ္စမည်၏။

(၆) **ပတ္တိဒါနဋ္ဌ**။　။"ပဇ္ဇိတ္တာတိ ပတ္တိ"။ ပဇ္ဇိတ္တာ၊ ရအပ် ရောက်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပတ္တိ၊ ပတ္တိမည်၏။ မိမိရရှိပြီးသော ကုသိုလ်အဘို့သည် ဤအရာ၌ ပတ္တိမည်၏။

"ပတ္တိံ ဒဒန္တိ ဧတေနာတိ ပတ္တိဒါနံ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ပတ္တိံ၊ မိမိရအပ်သော ကုသိုလ်အဘို့ကို။ ဒဒန္တိ၊ ပေးကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပတ္တိဒါနံ၊ ပတ္တိဒါနမည်၏။ မိမိရအပ်ပြီးသော ကုသိုလ်အဘို့ကို သူတပါးတို့နှင့် အညီအမျှဝေခြမ်း၍ ဆက်ဆံအောင်ပြုမှုသည် ပတ္တိဒါနမည်၏။ အမျှဝေသည်ဟု ခေါ်ကြ၏။

(၇) **ပတ္တာနုမောဒန ဋ္ဌ**။　။"ပါပီယတီတိ ပတ္တိ"။ ပါပီယတိ၊ ပေးပို့အပ်၏။ ဝါ၊ ရောက်စေအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပတ္တိ၊ ပတ္တိမည်၏။ ဝမ်းမြောက်သော သူတပါးတို့ ရသင့်ရထိုက်သော ကုသိုလ်အဘို့သည် ဤအရာ၌ ပတ္တိမည်၏။ "ပတ္တိံ အနုမောဒန္တိ သာဓုကာရံ ဒဒန္တိ ဧတေနာတိ ပတ္တာနုမောဒနာ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ပတ္တိံ၊ သူတပါးကို ပေးပို့ကမ်းလှမ်းအပ်သော ကုသိုလ်အဘို့ကို။ အနုမောဒန္တိ၊ ဝမ်းမြောက်ကုန်၏။ သာဓုကာရံ၊ ကောင်းချီးမင်္ဂလာကို။ ဒဒန္တိ၊ ပေးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပတ္တာနုမောဒနံ၊ ပတ္တာနုမောဒနမည်၏။ သူတပါးတို့ ပေးဝေကမ်းလှမ်းအပ်သော ကုသိုလ်အဘို့ကို ဝမ်းမြောက်မှုသည် ပတ္တာနုမောဒနမည်၏။ သာခုခေါ်သည် ဆိုကြ၏။ သူတပါးတို့က အမျှမဝေဘဲ မိမိက အလိုလိုဝမ်းမြောက်မှုသည် ပတ္တာနုမောဒနမဟုတ်။ အဘယ်ကြောင့်နည်းဟူမူ—ပတ္တိလက္ခဏာမရှိသောကြောင့်တည်း။

**ပတ္တိ ၂ မျိုး**။　။ဆက်ဦးအံ့—ဤအရာ၌ ပတ္တိသည် (၁) ဥဒ္ဒိဿကပတ္တိ (၂) အနုဒ္ဒိဿကပတ္တိဟူ၍ နှစ်ပါးရှိ၏။

**ဥဒ္ဒိဿကပတ္တိ**။　။ထိုတွင် ရည်ညွှန်းကွက်ခြား၍ ပေးပို့အပ်သော ကုသိုလ်အဘို့သည် ဥဒ္ဒိဿကပတ္တိမည်၏။

**အနုဒ္ဒိဿိကပတ္တိ**။ ။မည်သူကိုဟု မရည်ညွှန်းဘဲ ပေးဝေအပ်သော ကုသိုလ် အဘို့သည် အနုဒ္ဒိဿိကပတ္တိ မည်၏။

မိမိကို ရည်ညွှန်း၍ ပေးပို့အပ်သော ဥဒ္ဒိဿိကပတ္တိကို ဝမ်းမြောက်သော သူအား ဒိဋ္ဌဓမ္မ၌ပင် အကျိုးခံစားရတတ်ချေ၏။ ဤပတ္တိဒါန, ပတ္တာနုမောဒန တို့သည် ဒါနကုသိုလ်တို့၌ အထူးထင်ရှားလှကုန်၏။

ထိုစကားမှန်၏။ ရည်ညွှန်းပိုင်းခြား၍ နတ်တို့အားရှင်း သူတပါးတို့၏ ပေးကမ်းမှုကိုမှီ၍ အသက်မွေးကြရကုန်သော ပရဒတ္တူပဇီဝီ ပြိတ္တာတို့အားရှင်း ဝေမာနိကပြိတ္တာတို့အားရှင်း ဝိနိပါတိကအသုရာတို့အားရှင်း ပတ္တိဒါနကိစ္စဖြင့် အမျှပေးဝေအပ်ကုန်သည်ရှိသော် ထိုသူတို့ကိုလည်း ပတ္တာနုမောဒနကိစ္စဖြင့် သာဓုအနုမောဒနာ ပြုကြကုန်သည်ရှိသော် ထိုသူယုတ်တို့၌ ရုတ်တရက်ပင် ဒိဋ္ဌဓမ္မအကျိုးထူးကို ခံစားကြရကုန်၏။

(၈) **ဓမ္မဿဝန** ၌။ ။"ဓမ္မံ သုဏန္တိ ဧတေနာတိ ဓမ္မဿဝနံ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ဓမ္မံ၊ တရားကို။ သုဏန္တိ၊ ကြားနာ ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဓမ္မဿဝနံ၊ ဓမ္မဿဝန မည်၏။ အကျိုးစီးပွါးအမျိုးမျိုးတို့နှင့် စပ်လျဉ်းသော တရားစကားကို ယောနိသော မနသိကာရစေတနာဖြင့် ကြားနာမှုသည် ဓမ္မဿဝနမည်၏။ အပြစ်မရှိသော အတတ်အမျိုးမျိုး ပညာအမျိုးမျိုးတို့ကို ပြောကြားရာတို့၌ ဝင်ရောက်နာကြား မှုသည်လည်း ဓမ္မဿဝန၌ အကျုံးဝင်၏။

(၉) **ဓမ္မဒေသနာ** ၌။ ။"ဓမ္မံ ဒေသေန္တိ ဧတာယာတိ ဓမ္မဒေသနာ"။ဧတာယ၊ ဤတရားသဘောဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေန္တိ၊ ဟောတတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာမည်၏။ အကျိုးစီးပွါးအမျိုးမျိုးနှင့် စပ်လျဉ်းသော တရားစကားကို ယောနိသောမနသိ ကာရစေတနာဖြင့် လာဘ, ယသ စသည်ကို မငဲ့ဘဲ ဟောကြားမှု၊ သူတပါးကို သိစေမှုသည် ဓမ္မဒေသနာမည်၏။ အပြစ်မရှိသော အတတ်အမျိုးမျိုး ပညာ အမျိုးမျိုးများကို သူတပါးတို့အား ပြောကြားမှု၊ သိစေမှု သည်လည်း ဓမ္မ ဒေသနာ၌ အကျုံးဝင်လေ၏။

(၁၀) **ဒိဋ္ဌိဇုကမ္မ** ၌။ ။"အတ္ထိ ဒိန္နန္တိ အာဒိနာ ဒသဝတ္ထုကသမ္မာဒိဋ္ဌိ ဥဇုံ ကရောန္တိ ဧတေနာတိ ဒိဋ္ဌိဇုကမ္မံ"။ ဧတေန၊ ဤတရားသဘောဖြင့်။ ဒိန္နံ၊အလှူ၏အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိံ၊ ဒသဝတ္ထုကသမ္မာဒိဋ္ဌိကို။ ဥဇုံ၊

ဖြောင့်မတ်စွာ။ ကရောန္တိ၊ ပြုကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇု-ကမ္မမည်၏။ နတ္ထိဒိန္နံ=(အလှူ၏အကျိုးသည်မရှိ စသည်ဖြင့် ယူမှားသော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိတို့မှ၎င်း၊ ဣဿရနိမ္မာနဒိဋ္ဌိစသည်တို့မှ၎င်း၊ ဒိဋ္ဌမင်္ဂလိက စသော ဒိဋ္ဌိတို့မှ၎င်း ကျွတ်လွတ်စင်ကြယ်၍ ထိုထို ဝတ္ထု သက်သေ တို့ဖြင့်၎င်း ယုတ္တိ အမျိုးမျိုး အကြောင်းအမျိုးမျိုးတို့ဖြင့်၎င်း စစ်ဆေးသုတ်သင်ပြီးလျှင် ကမ္မဿ-ကတာသမ္မာဒိဋ္ဌိဖြင့် ဖြူစင်စေမှု ဖြောင့်မှန်စေမှုသည် ဒိဋ္ဌိဇုကမ္မမည်၏။ သမ္မာဒိဋ္ဌိဒီပနီ, မဂ္ဂင်ဒီပနီကျမ်းတို့၌ မိစ္ဆာဒိဋ္ဌိအမျိုးမျိုး သမ္မာဒိဋ္ဌိအမျိုးမျိုးတို့သည် များစွာ ပါရှိလေကုန်၏)။

ပုညကြိယာဝတ္ထု ၁၀-ပါး ပြီး၏။

**ပုညကြိယာဝတ္ထုတို့ကို ၃-မျိုးခွဲခြားပုံ။** ။အကြင်အရာ၌ ဒါန, သီလ, ဘာဝနာဟူ၍ ပုညကြိယာဝတ္ထု သုံးပါးကို ပြဆိုလျက်ရှိ၏။ ထိုအရာ၌ ပုညကြိယာဝတ္ထု ၁၀-ပါးကို ၃-ပါး ဖြစ်အောင် ဝေဖန်ရာ၏။ ဝေဖန်သင့်ပုံမှာ—ဣဿာ, မစ္ဆရိယတို့နှင့် ဆန့်ကျင်ဖက်ဖြစ်သောကြောင့် ဒါနသဘောရှိကုန်သဖြင့် ပတ္တိဒါန, ပတ္တာနုမောဒနတို့ကို ဒါန၌ သွတ်သွင်းအပ်ကုန်၏။ စာရိတ္တသီလမျိုးဖြစ်သောကြောင့် အပစာယန, ဝေယျာဝစ္စတို့ကို သီလ၌ သွတ်သွင်းအပ်ကုန်၏။ "ကမ္မဋ္ဌာနဝိနိမုတ္တော ဓမ္မော နာမ နတ္ထိ" ဟူ၍ အဋ္ဌကထာဆရာတို့ ဆိုသောကြောင့် ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မတို့ကို ဘာဝနာသဘော ရှိကြကုန်သဖြင့် ဘာဝနာ၌ သွတ်သွင်းအပ်ကုန်၏။

ပတ္တိဒါနာ၊ နုမောဒါ၊ ဒါ၌ သွင်းယူလင့်။

ဝေယျာဝစ္စ၊ ပစာယ၊ သီလ မှတ်ယူလင့်။

ကြားမှု,ဟောမှု၊ ဒိဋ္ဌုဇု၊ ဘာ,ဟု သွင်းလေသင့်။

ထိုပြင် " သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ " စသည်ဖြင့် ဟောတော်မူအပ်သောကြောင့် ဓမ္မဒေသနာကို ဒါန၌ သွင်းလျှင်လည်း သင့်ရာ၏။ "ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမလက္ခဏံ" ဟူ၍ အဋ္ဌကထာဆိုသောကြောင့် ဒိဋ္ဌိဇုကမ္မကို ဒါန, သီလ, ဘာဝနာသုံးပါးတို့၌လည်း သွတ်သွင်းသင့်သေး၏။

ဤ ကုသလကမ္မပထ ၁၀-ပါး ပုညကြိယာဝတ္ထု ၁၀-ပါးတို့ဖြင့် ဖြစ်သော ကုသိုလ်စိတ်သည် မဟာကုသိုလ်စိတ် ရှစ်ပါးတို့ပေတည်း။

ကာမာဝစရကုသိုလ် ပြီး၏။

(၃၂၁) မဟဂ်ကိုးဖြာ၊ ဘာဝနာ၊ အပ္ပနာ မနောကံ။

**မဟဂ္ဂုတ်ကုသိုလ်ကံ။** ။ဤဖြင့် မဟဂ္ဂုတ်ကုသိုလ်စေတနာကံတို့၏ ဘာဝနာကံ, အပ္ပနာကံ, မနောကံဖြစ်ကြောင်းကို ပြဆို၏။

**မဟဂ္ဂုတ်ကံတို့ဖြစ်ကြောင်း ဘာဝနာ။** ။မဟဂ္ဂုတ်ကံတို့မည်သည် ဒါနစသည်တို့ဖြင့် မဖြစ်နိုင်ကုန်။ ကသိုဏ်းနိမိတ်စသည်ကို အာရုံပြု၍ ဘာဝနာပွါးမှုအတွက်ကြောင့်သာ ဖြစ်ကုန်၏။ ထို့ကြောင့် မနောကံတို့သာ ဖြစ်ပေကုန်သည်။ဒါနမယကံ,သီလမယကံတို့ မဟုတ်ကြပေကုန်။ ပဋ္ဌိသမ္ဘိဒါမဂ်ပါဠိတော်၌—

ပဌမဇ္ဈာနေန နီဝရဏာနံ။ ဒုတိယေန ဝိတက္ကဝိစာရာနံ၊ တတိယေန ပီတိယာ။ စတုတ္ထေန သုခဒုက္ခာနံ ပဟာနံ သီလံ၊ ဝေရမဏီ သီလံ၊ စေတနာ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။

ဟူ၍ အပ္ပနာကံတို့၏ သီလအဖြစ်ကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူခြင်းသည် မုချအားဖြင့် ဟောတော်မူအပ်သည် မဟုတ်၊ ပရိယာယ်အားဖြင့် ဟောတော်မူအပ်သည်ဟူ၍ မှတ်ယူသင့်၏။ ထိုဘာဝနာကံသည်လည်း အပ္ပနာသို့ ရောက်သော ဘာဝနာကံတို့ ပေတည်း။ ဘာဝနာတို့မည်သည် မနောဒွါရ၌သာ ပြီးစီးပြည့်စုံလေသောကြောင့် မဟဂ္ဂုတ်ကံတို့သည် ကေဝလ မနောကံတို့ ပေတည်း။ ။မဟဂ္ဂုတ်ကံပြီး၏။

(င) ကံကို ပြဆိုခန်း ပြီး၏။

---

## (စ) ကံ၏အကျိုးကို ပြဆိုခန်း

### ကာမာဝစရကံ၏အကျိုး

အကုသိုလ်ကံ၏ ပဋိသန္ဓေအကျိုးမှစ၍ ပြဆိုလတ္တံ့ —

(၃၂၂) ဥစ်-စေ,ကြဉ်လစ်၊ ကံဆဲ့တစ်၊ ဖြစ်စေ ပါယ်သန္ဓိ။

ဤဖြင့် အကုသိုလ်စေတနာ ၁၁-ပါးတို့၏ ပဋိသန္ဓေအကျိုးကို ပြဆို၏။

**အကုသိုလ်စိတ်စေတနာ ၁၁-ပါး၏ အပါယ်ပဋိသန္ဓေ အကျိုး။** ။ဥဒ္ဓစ္စစေတနာ ကြဉ်အပ်သော အကုသိုလ်စေတနာ ၁၁-ပါးတို့သည် အပါယ်ဘုံ၌ ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေနိုင်ကုန်၏။ အပါယ်ပဋိသန္ဓေဆိုသည်ကား အကုသလဝိပါက် ဥပေက္ခာသန္တီရဏ ပေတည်း။

**(၃၂၃) ဥဒ္ဓစ္စပါ၊ ဆဲ့နှစ်ဖြာမှု၊ ကာမေ့ရူပေ၊ ပဝတ္တေ၊ ဖြစ်စေ အကုဝိ။**

ဤဖြင့် ဥဒ္ဓစ္စစေတနာနှင့်တကွသော အကုသိုလ်စေတနာ ၁၂-ခုတို့၏ပဝတ္တိ အကျိုးကို ပြဆို၏။

**အကုသိုလ်စိတ်-စေတနာ ၁၂-ပါးတို့၏ပဝတ္တိအကျိုး။** ။အလုံးစုံသောအကုသိုလ်စေတနာ ၁၂-ခုတို့သည် ပဝတ္တိအခါတို့၌ အကုသလဝိပါက် ၇-ပါးတည်းဟူသော အကျိုးကို ဖြစ်စေနိုင်ကုန်၏။ ဘုံအားဖြင့် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ပဝတ္တိအကျိုးကို ဖြစ်စေနိုင်ကုန်သည်။ ရူပဘုံ၌ကား ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်ကြဉ်၍ ကြွင်းသော အကုသလဝိပါက် လေးခုတို့ကိုသာ ဖြစ်စေနိုင်၏ဟူ၍လည်း သိလေ။

**ဥဒ္ဓစ္စစိတ်စေတနာ၏ ပဋိသန္ဓေအကျိုးမပေးပုံ။** ။ စိစစ်ဖွယ်ကိုဆိုအံ့— ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်။ မပေးနိုင်ကြောင်းကား ဓမ္မသင်္ဂဏီပါဠိတော်၌ "ဒဿနေန ပဟာတဗ္ဗ တိက်"တွင် ထိုဥဒ္ဓစ္စကို ဟောတော်မမူဘဲ ဘာဝနာယ ပဟာတဗ္ဗတိက်၌သာလျှင် ထိုဥဒ္ဓစ္စကို ဟောတော်မူ၏။ ဟောပုံကား——

> စတ္တာရော ဒိဋ္ဌိဂတသမ္ပယုတ္တစိတ္တုပ္ပါဒါ ဝိစိကိစ္ဆာသဟဂတော စိတ္တုပ္ပါဒေါ။ ဣမေ ဒဿနေန ပဟာတဗ္ဗာ။

ဟူ၍၎င်း။

> ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ။ ဣမေ ဘာဝနာယ ပဟာတဗ္ဗာ။

ဟူ၍၎င်း။

> သေသာ ပန စတ္တာရော ဒိဋ္ဌိဂတဝိပ္ပယုတ္တစိတ္တုပ္ပါဒါ ဒွေ ပဋိဃသမ္ပယုတ္တစိတ္တုပ္ပါဒါ စ။ သိယာ ဒဿနေန ပဟာတဗ္ဗာ၊ သိယာ ဘာဝနာယ ပဟာတဗ္ဗာ။

ဟူ၍၎င်း ဟောတော်မူ၏။

**ပဋိသန္ဓေအကျိုးကို မပေးသောတရားများ။** ။ထင်ရှားစေအံ့ —အကြင်တရားကို ဒဿနေနပဟာတဗ္ဗတိက်၌ ဟောတောမမူအပ်ချေ။ ထိုတရားမျိုးသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ချေ။ အဘယ်ကြောင့်နည်းဟူမူ—ပဋ္ဌာန်းပါဠိတော်၌ ဒဿနေန ပဟာတဗ္ဗတရားတို့မှာသာ နာနာက္ခဏိက ကမ္မပစ္စည်းကို ထုတ်၍ ဟောတော်မူအပ်သောကြောင့်

ပေတည်း။ ထိုပြင် ဒဿနေန ပဟာတဗ္ဗမဟုတ်သော တရားတို့မှာ ထိုနာနာက္ခဏိက ကမ္မပစ္စည်းကို မဟောအပ်သောကြောင့်တည်း ဟူပေ။ ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူပုံကား—

> သဟဇာတာ ဒဿနေန ပဟာတဗ္ဗာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ ဒဿနေန ပဟာတဗ္ဗာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဟူ၍၎င်း။

> သဟဇာတာ ဘာဝနာယ ပဟာတဗ္ဗာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဟူ၍၎င်း ဟောတော်မူ၏။ ကမ္မပစ္စယသတ္တိကို ကြဉ်ထား၍ ပဋိသန္ဓေ အကျိုးကို ဖြစ်စေခြင်းမည်သည်လည်း မရှိမှတ်လေ။

**ဥဒ္ဓစ္စစေတနာ၏ပဝတ္တိအကျိုးပေးပုံ။** ။ထိုကဲ့သို့ ဥဒ္ဓစ္စစေတနာ၏ နာနာက္ခဏိက ကမ္မပစ္စည်းအဖြစ်မှ လွတ်ခဲ့ပါလျှင် ပဝတ္တိအကျိုးကိုလည်း မပေးနိုင်ဟုဆိုခြင်းငှါ ထိုက်သည်မဟုတ်ပါလော ဟူငြားအံ့။ ထိုသို့ကား မဆိုထိုက်ပေ။ အဘယ်ကြောင့်နည်းဟူမူ—ပဋိသမ္ဘိဒါဝိဘင်း ပါဠိတော်၌ ထိုဥဒ္ဓစ္စစေတနာ၏ ဝိပါက်များကို ထုတ်ဖော်၍ ဟောတော်မူချက် ရှိပေသောကြောင့်တည်း။ ဟောတော်မူပုံမှာကား—

> ကတမေ ဓမ္မာ အကုသလာ၊ ယသ္မိံ သမယေ အကုသလံ စိတ္တံ ဥပ္ပန္နံ ဟောတိ ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တံ ရူပါရမ္မဏံဝါ။ပ။ ဣမေ ဓမ္မာ အကုသလာ။ ဣမေသု ဓမ္မေသု ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။

ဟူ၍ ဟောတော်မူပေသည်။ ထိုကြောင့် ထိုဥဒ္ဓစ္စစေတနာသည် ပဝတ္တိ အကျိုးကို ပေးနိုင်၏ဟု သိရပေသည်။

စင်စစ်မှာ ထိုဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော အကုသိုလ်တို့ကို စုပေါင်း၍ ဟောတော်မူရာ ဒဿနေန ပဟာတဗ္ဗတိက်တွင် မပါမဝင်ရလေသောကြောင့် ပဋိသန္ဓေအကျိုးကို မပေးဟု သိသာ၏။ ပဋိသမ္ဘိဒါ ဝိဘင်းတွင် ထိုဥဒ္ဓစ္စ၏ အကျိုးဝိပါက်ကို ဟောတော်မူအပ်ပေသောကြောင့် ပဝတ္တိအကျိုးကိုမူကား ပေးနိုင်သေး၏ဟု သိသာ၏။

အရှင်ဗုဒ္ဓဒတ်ဆရာကား ပုထုဇ္ဇန်တို့၏ ဥဒ္ဒစ္စစေတနာသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂-ပါးစုံကို ပေးနိုင်၏။ သေက္ခတို့၌ဖြစ်သော ဥဒ္ဒစ္စစေတနာသည် နှစ်ပါးသောအကျိုးကို မပေးဟု ဆို၏။ ထိုစကားကို ဋီကာ စသည်တို့၌ ပယ်ကြ၏။

(၃၂၄) **ကာ-ကု,ရှစ်သာ၊ ကာသုမှာ၊ ကိုးဖြာ သုသန္ဓိ။**

ဤဖြင့် ကာမကုသိုလ်ဟု ဆိုအပ်သော မဟာကုသိုလ်ရှစ်ပါး၏ ပဋိသန္ဓေအကျိုးကို ပြဆို၏။

**မဟာကုသိုလ်စိတ် ၈-ပါး၏ ပဋိသန္ဓေအကျိုးပေးပုံ။** ။မဟာကုသိုလ် ရှစ်ပါးတို့သည် ကာမသုဂတိ ၇-ဘုံတို့၌ သုဂတိပဋိသန္ဓေကိုးပါးကို ဖြစ်စေနိုင်ကုန်၏။ ပဋိသန္ဓေ ၉-ပါးတို့ကား မဟာဝိပါက် ရှစ်ပါး, ကုသလဝိပါက် ဥပေက္ခာသန္တီရဏ တပါးတို့ပေတည်း။

(၃၂၅) **ဝိပါက်မဟာ၊ ကာ-သု,မှာ၊ ကာ,ရူ,ရှစ်-ကုဝိ။**

ဤဖြင့် မဟာကုသိုလ်စိတ်ရှစ်ပါး၏ ပဝတ္တိအကျိုးကို ပြဆို၏။

**မဟာကုသိုလ်စိတ် ၈-ပါး၏ ပဝတ္တိအကျိုးများ။** ။မဟာကုသိုလ်စေတနာ ၈-ခုတို့သည် ပဝတ္တိအခါ မဟာဝိပါက်ကို ဖြစ်စေရာ၌ ကာမသုဂတိ ၇-ဘုံ၌သာလျှင် ဖြစ်စေကုန်သည်။ ၎င်းမဟာဝိပါက်ရှစ်ပါးကို အပါယ်ဘုံ, အရူပဘုံတို့၌ မဖြစ်စေနိုင်ကုန်။

ပဝတ္တိအခါ အဟိတ်ကုသလဝိပါက်ရှစ်ခုကို ဖြစ်စေရာ၌ကား ကာမ ၁၁-ဘုံ ရူပ ၁၅-ဘုံတို့၌ ဖြစ်စေနိုင်ကုန်သည်။

## မဟာကုသိုလ်၏ အကျိုးများနှင့်

## အကျိုးပေးရာဘုံများ

မဟာကုသိုလ်၏ အကျိုးသည် မဟာဝိပါက်ရှစ်ပါး အဟိတ်ကုသလဝိပါက်ရှစ်ပါးအားဖြင့် ၁၆-ပါးရှိ၏။

ကာမသုဂတိ ၇-ဘုံ၌ အကျိုး ၁၆-ပါးလုံးကို ဖြစ်စေနိုင်သည်။

အပါယ်လေးဘုံတို့၌ အဟိတ်ကုသလဝိပါက် ၈-ခုတို့ကိုသာ ဖြစ်စေနိုင်ကုန်သည်။

ရူပ ၁၅-ဘုံတို့၌ ဃာနာဒိတ္တယကြဉ်သော အဟိတ်ကုသလဝိပါက် ၅-ခုတို့ကိုသာ ဖြစ်စေနိုင်ကုန်သည်။

မဟာကုသိုလ်စေတနာတို့သည် ပဝတ္တိအခါ အပါယ်လေးဘုံတို့၌ ကြီးကျယ်ခမ်းနားစွာသော စည်းစိမ် ချမ်းသာတို့ကို ဖြစ်စေ၍ တန်းခိုးကြီးကုန်သော နဂါး, ဂဠုန်, ဆင်အာဇာနည်, မြင်းအာဇာနည်, ခြင်္သေ့အာဇာနည် စသော သတ္တဝါတို့၏ ခန္ဓာအစဥ်၌ မိမိတို့သည် အကျိုးပေးခွင့်ကိုရ၍ ချမ်းသာသော အကျိုးတို့ကို ဖြစ်စေနိုင်ကုန်၏။ ဆိုပြီးသည်မှ တပါးကုန်သော အပါယ်ဘုံသားတို့၏ ခန္ဓာအစဥ်၌လည်း အကြင်အခါ ဣဋ္ဌာရုံနှင့် ပေါင်းဆုံမိ၏။ ထိုအခါ မဟာကုသိုလ်တည်းဟူသော မိမိတို့သည် အကျိုးပေးခွင့်ကိုရ၍ ကောင်းကျိုး ချမ်းသာကို ဖြစ်စေကြကုန်၏။ ထို့ကြောင့် မဟာကုသိုလ် စေတနာတို့သည် အပါယ်ဘုံတို့၌လည်း ပဝတ္တိအကျိုးကို ပေးစွမ်းနိုင်ကြပေကုန်သည်။ အပါယ်ဘုံသားတို့၌ ပဝတ္တိကောင်းကျိုးချမ်းသာဟူသမျှတို့သည် ကုသိုလ်ကံတို့၏ အကျိုးတို့သာတည်း။ အကုသိုလ်၏ အကျိုးတို့ မဟုတ်ကြလေကုန်။ "အဋ္ဌာနမေတံ အနဝကာသော ယံ ကာယဒုစ္စရိတဿ ဣဋ္ဌော ကန္တော မနာပေါ ဝိပါကော နိဗ္ဗတ္တေယျ" ဟူသော ဝိဘင်းပါဠိတော်ကို ထောက်လေ။

**မဟာကုသိုလ်၏ ရူပဘုံ၌ အကျိုးပေးကြောင်းမှာ။**

။ရူပါဝစရကုသိုလ်မည်သည် ဘုံတပါးနှင့်ဆိုင်၍ အာရုံတပါးကို အာရုံပြုလျက်ရှိသော ဝိပါက်မျိုးကို အကျိုးမပေးနိုင်။ ကာမရာဂကို အတင်းပယ်သတ်၍ အားထုတ်ခဲ့သော ကာမဝိရာဂဘာဝနာ၏အစွမ်းအားဖြင့် အပ္ပနာသို့ ဆိုက်ရောက်သော ကံအထူး ဖြစ်လေသောကြောင့် ကာမတဏှာ၏ အရာမဟုတ်သော နိမိတ်အာရုံကို အာရုံပြုသော မိမိတည်းဟူသော ရူပကုသိုလ်နှင့် အလုံးစုံတူသော ရူပဝိပါက်ကိုသာ ဖြစ်စေနိုင်၏။ အကျိုးပေး၏။ ကာမဝိပါက်များကို မဖြစ်စေနိုင် ဆိုလိုသည်။

**ရူပဘုံ၌ ကာမကုသိုလ်နှင့် အကုသိုလ် စေတနာတို့ ပဝတ္တိအကျိုးပေးပုံ။**

။ ထို့ကြောင့် ရူပဘုံ၌ဖြစ်သော အဟိတ်ကုသလဝိပါက် ၅-ခုတို့သည် ရူပကံ၏ အကျိုးမဟုတ်ဟု သိသာထင်ရှား၏။ ထိုသို့မဟုတ်လျှင် ကုသလဝိပါက်ဖြစ်၍ မဟာကုသိုလ်၏ အကျိုးပင်တည်းဟု မုချဆိုနိုင်လေ၏။ ထို့ကြောင့် မဟာကုသိုလ်စေတနာတို့သည် ရူပဘုံ၌လည်း ပဝတ္တိအကျိုးကို ဖြစ်စေနိုင်ကုန်သည်။ ( ရူပဗြဟ္မာတို့သည် ရံခါ အနိဋ္ဌာရုံနှင့် ပေါင်းဆုံမိ၍ စက္ခုဒွါရဝီထိ, သောတဒွါရဝီထိများဖြစ်ရာ၌ စက္ခုဝိညာဏ်စသော အကုသလဝိပါက် ၄-ခုတို့သည် အကုသိုလ်၏အကျိုးတို့တည်းဟူ၍ သိသာ၏။ ထို့ကြောင့် အကုသိုလ်တို့သည်လည်း ပဝတ္တိအခါ၌ ရူပဘုံ၌လည်း အကျိုးပေးနိုင်ကုန်၏ဟု သိသာ၏ )။

**မဟာကုသိုလ်အကျိုးပေး ကွဲပြားပုံများ။** ။ဤသို့ ပြဆိုအပ်ပြီးသော မဟာကုသိုလ်၏ အကျိုးပေးပုံ စကားသည် သာမညအားဖြင့် မခွဲမခြမ်းဘဲ ပြိုးပြွမ်း၍ဆိုအပ်သော စကားဖြစ်၏။ ခွဲခြမ်း၍ပြဆိုလျှင် အသီးအသီး ထူးခြားကြပြန်ကုန်၏။ အမြွက်ဆိုဦးအံ့—

**ကံ၏အကျိုး ၂-ပါး။** ။ကံ၏ အကျိုးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ဟူ၍ နှစ်ပါးရှိ၏။ ထိုတွင် ပဋိသန္ဓေသည် ကြီးကျယ်သောဌာနဖြစ်၏။ ထိုပဋိသန္ဓေဌာန၌ အကျိုးပေးသော ကံသည် မိမိ၏အစွမ်းသတ္တိအားလျော်စွာ မယုတ်မလွန်သောအကျိုးကို ပေး၏။ ပဝတ္တိအခါ၌မူကား အထူးထူးသောဌာနတို့၌ အထူးထူးသောကိစ္စတို့ဖြင့် အကျိုးပေးရ၏။ ထို့ကြောင့် ထိုပဝတ္တိအခါ၌ အကျိုးပေးသောကံသည် မိမိအစွမ်းသတ္တိနှင့် လျော်သော အကျိုးကို မပေးနိုင်။ ထိုစကား မှန်၏။ ကြီးမားသော ကံဖြစ်စေကာမူ သေးငယ်သော ပဉ္စဝိညာဏ်ဌာန၌ အကျိုးပေးခွင့် ရလျှင် အကျိုးပေးရာ ဌာနအားလျော်စွာ သေးငယ်သော အကျိုးကိုသာ ပေးရလေ၏။ သေးသိမ်သော ကံဖြစ်စေကာမူ တဒါရုံဌာန၌ အကျိုးပေးခွင့်ရလျှင် ဇော အားလျော်စွာ ကြီးမားသောအကျိုးကို ဖြစ်စေနိုင်၏။ ထို့ကြောင့် ပဝတ္တိအခါ၌ အကျိုးပေးမှုသည် အကြောင်းဖြစ်သော ကံ၏အစွမ်းနှင့် မညီမမျှဟု သိသာ၏။

**မဟာကုသိုလ်အသီးသီးအကျိုးပေးပုံ။** ။မဟာကုသိုလ်တို့တွင် အကြင်ကံသည် ၁၆-ပါးသော အကျိုးကို ဖြစ်စေနိုင်၏။ အကြင်ကံသည် ၁၂-ပါးသောအကျိုးကို ဖြစ်စေနိုင်၏။ အကြင်ကံသည် အဟိတ်ကုသလဝိပါက် ရှစ်ပါးကိုသာ ဖြစ်စေနိုင်၏ဟူ၍ အဆင့်ဆင့် ကွဲပြား ထူးခြားကြကုန်သေး၏။ ထိုသို့ကွဲပြားထူးခြားပုံကို သေချာစွာ ပြဆိုပေလတ္တံ့။

## (၁၂၆) ဟိတ်ဥက္ကဋ္ဌ၊ ဩမကံ၊ နှစ်တန် ခွဲဝေသိ။

**တိဟိတ်ကံနှင့်ဒွိဟိတ်ကံ။** ။မဟာကုသိုလ်ရှစ်ခုတွင် တိဟိတ်ကံလေးခု, ဒွိဟိတ်ကံလေးခု ပါရှိ၏။ ဉာဏသမ္ပယုတ်ကံသည် တိဟိတ်ကံတည်း။ ဉာဏဝိပ္ပယုတ်ကံသည် ဒွိဟိတ်ကံတည်း။

**ဥက္ကဋ္ဌကံနှင့်ဩမကကံ။** ။ထိုတွင် တိဟိတ်ကံသည်လည်း တိဟိတ်ဥက္ကဋ္ဌကံ, တိဟိတ်ဩမကကံဟူ၍ နှစ်ပါးရှိပြန်၏။ ဒွိဟိတ်ကံသည်လည်း ဒွိဟိတ်ဥက္ကဋ္ဌကံ, ဒွိဟိတ်ဩမကကံဟူ၍ နှစ်ပါးရှိပြန်၏။ မြင့်မြတ်ထက်သန်သောကံသည် ဥက္ကဋ္ဌကံမည်၏။ ယုတ်နိမ့်ညံ့ဖျင်းသောကံသည် ဩမက

ကံမည်၏။ တိဟိတ်ကံသည် အယုတ်,အမြတ် နှစ်မျိုး၊ ဒွိဟိတ်ကံသည်လည်း အယုတ်,အမြတ် နှစ်မျိုးရှိ၏ဟု ဆိုလိုသည်။

(၃၂၇) သု-ကုသလံ၊ ရှေ့နောက်ရံ၊ ထက်သန် ဥက္ကဋ္ဌ။

(၃၂၈) အကုသလံ၊ ရှေ့နောက်ရံ၊ ယုတ်ပြန် ဩမက။

ဤဖြင့် ဥက္ကဋ္ဌဖြစ်ကြောင်း၊ ဩမကဖြစ်ကြောင်းကို ပြဆို၏။

**ဥက္ကဋ္ဌနှင့် ဩမက ဖြစ်ကြောင်း အင်္ဂါရပ်များ။** ။အကြင်ကုသိုလ်၏ ရှေ့အဘို့ နောက်အဘို့တို့၌ ကုသိုလ်ခြံရံလျက်ရှိ၏။ ထိုကုသိုလ်မျိုးသည် ထက်သန်မြင့်မြတ်သော ဥက္ကဋ္ဌကုသိုလ်မည်၏။ အကြင်ကုသိုလ်၏ ရှေ့အဘို့ နောက်အဘို့တို့၌ အကုသိုလ်ခြံရံလျက်ရှိ၏။ ထိုကုသိုလ်မျိုးသည် ဩမကကုသိုလ်မျိုး မည်၏။ ယုတ်နိမ့်ညံ့ဖျင်းသော ကုသိုလ်ဆိုလိုသည်။

တကြောင်းမှာ အကြင်ကုသိုလ်ကို ပြုလုပ်ဆည်းပူးစဉ်အခါ ထကြွသောင်းကျန်းသော နီဝရဏတရားတို့ကိုင်း, အတ္တုက္ကံသန, ပရဝမ္ဘနစသော ပါပဓမ္မတို့ကိုင်း ကောင်းစွာသုတ်သင်ပယ်ရှား၍ ကောင်းမွန်သန့်ရှင်းစွာ ပြုလုပ်အပ်၏။ ထိုကုသိုလ်သည် ဥက္ကဋ္ဌကုသိုလ်မည်၏။ အကြင်ကုသိုလ်ကို ပြုလုပ်စဉ် ပြဆိုအပ်ပြီးသော အညစ်အကြေး အမိုက်အမှေးတို့ကို မသုတ်မသင်ဘဲ မစင်မကြယ် ရှုပ်ရှုပ်ထွေးထွေး ရောရောပြွမ်းပြွမ်း ပြုလုပ်အပ်၏။ ထိုကုသိုလ်သည် ဩမကကုသိုလ် မည်၏။

တကြောင်းမှာ အကြင်ကုသိုလ်ကို ပြုလုပ်ပြီးသော နောက်အခါ၌ "ငါ့မှာ အရတော်လေစွ၊ ငါ့မှာ အပြုရတော်လေစွ၊ ငါ့မှာ ဤသို့သော ကုသိုလ်မျိုးကို ပြုလုပ်ရပေပြီ"ဟူ၍ အဖန်ဖန် ဝမ်းမြောက်မှုဖြစ်၏။ ထိုကုသိုလ်သည် ဥက္ကဋ္ဌကုသိုလ်မည်၏။ အကြင်ကုသိုလ်ကို ပြုလုပ်ပြီးသော နောက်၌မူကား တစုံတခုသောအကြောင်းကြောင့် နှလုံးမသာလေသဖြင့် "ငါ့မှာ ရှုံးခြင်းကြီး ရှုံးလေစွ၊ ငါ့မှာ အပြုမှားလေစွ"စသည်ဖြင့် နောင်တဖန်ပူပန်မှုဖြစ်၏။ ထိုကုသိုလ်မျိုးသည် ဩမကကုသိုလ်မည်၏။

(၃၂၉) တိဥက်-တိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲ့ခြောက်သာ။

ဤဖြင့် တိဟိတ်ဥက္ကဋ္ဌကံ၏ အကျိုးစုကို ပြဆို၏။

**တိဟိတ်ဥက္ကဋ္ဌကံ၏ ပဋိသန္ဓေကျိုး ၁၆-နှင့်ပဝတ္တိကျိုး ၆၄။** ။တိဟိတ်ဥက္ကဋ္ဌကံ လေးခုတို့တွင် တခုခုသောကံသည် ထိုက်သည့်အားလျော်စွာ ပဋိသန္ဓေ အကျိုးအားဖြင့်

တိဟိတ်မဟာဝိပါက် ၄-ခုကို ဖြစ်စေနိုင်၏။ တိဟိတ်ပဋိသန္ဓေ ၄-ပါးကို ဖြစ်စေနိုင်၏ ဟူလို။ ပဝတ္တိအခါ၌ မဟာဝိပါက်ရှစ်ခု၊ အဟိတ်ကုသလဝိပါက်ရှစ်ခုဟုဆိုအပ်သော ၁၆-ပါးသော ဝိပါက်တို့ကို ဖြစ်စေနိုင်၏။ ပဝတ္တိအကျိုး ၁၆-ပါးကို ဖြစ်စေ၏ ဟူလို။ တိဟိတ်ဥက္ကဋ္ဌကံ လေးခုတို့တွင် တခုခုမှာ ပဋိသန္ဓေအကျိုး ၄-ပါး, ၄-ပါးစီ ဖြစ်သောကြောင့် ပဋိသန္ဓေအကျိုး ၄-ခု ၄-လီ ၁၆-ဖြစ်၏။ ပဝတ္တိအကျိုး ၁၆-ပါး ၁၆-ပါးစီဖြစ်သောကြောင့် ၁၆-လေးလီ ၆၄-ဖြစ်၏။ ထိုကြောင့် တိဟိတ်ဥက္ကဋ္ဌကံ၏ ပဋိသန္ဓေအကျိုး ၁၆-ပါး၊ ပဝတ္တိအကျိုး ၆၄-ပါးရှိ၏ဟု သိရာ၏။ ။သည်ကို ရည်၍—

**(၃၃၀) ဆဲ့ခြောက်-လေးလီ၊ လေး-လေးလီ၊ အညီ တိဥက်မှာ။**

ဟူ၍ ဆိုတော်မူသည်။

**စေတနာတခု၏ပဋိသန္ဓေနှင့်ပဝတ္တိအကျိုး။** ။ဆိုဖွယ်အထူးကို အမြွက်မျှဆိုဦးအံ့။ တခုသော စေတနာသည် တခုသော ပဋိသန္ဓေကို ဖြစ်စေ၏။ ဘဝတခုကိုသာ ဖြစ်စေ၏။ ပဝတ္တိဝိပါက်ကိုမူကား ဘဝအသင်္ချေတို့၌ပင် ဖြစ်စေနိုင်၏။ ဤ၌ စောဒနာဖွယ်ရှိသည်ကား —

"ကေပုပ္ဖံ ယဇိတွာန၊ သဟဿကပ္ပကောဋိယော။
ဒေဝေသု စ မနုဿေသု၊ သေသေန ပရိနိဗ္ဗုတော"။

အနက်ကား— ကေပုပ္ဖံ၊ တပွင့်သောပန်းကို။ ယဇိတွာန၊ ပူဇော်ခဲ့ဘူးသောကြောင့်။ သဟဿကပ္ပကောဋိယော၊ ကပ်ကုဋေ တထောင်တို့ပတ်လုံး။ ဒေဝေသု စ၊ နတ်ပြည်တို့၌ရှင်း။ မနုဿေသု စ၊ လူ့ပြည်တို့၌ရှင်း။ သံသရိတွာ၊ ကျင်လည်ပြီး၍။ သေသေန၊ အဆုံးဘဝ၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံရလေ၏။

ဤသို့ ဟောတော်မူအပ်သောကြောင့် တခုသော စေတနာသည် တခုသော ဘဝကိုသာ ဖြစ်စေနိုင်၏ဟူ၍ ဆိုသောစကားသည် သင့်ပါမည်လော ဟူမူ — သင့်၏ဟု ဆိုရာ၏။ မှန်၏။ ပုဗ္ဗစေတနာ, အပရစေတနာတို့နှင့်တကွ ကပ်ကုဋေပေါင်း တထောင်ပမာဏအကျိုးပေး၏ဟု ဆိုသင့်ပေသောကြောင့် သင့်မြတ်ပေသည်။ စိတ်တို့မည်သည် လက်ဖျစ်တတွက် လျှပ်တပြက်ကာလအတွင်း ကလေးမှာပင် ကုဋေတရာမက ဖြစ်နိုင်၏။ ထိုထက်ကာလကြာလျှင် ဆိုဖွယ်ရာမရှိ အတိုင်းမသိဖြစ်၏။ "သဟဿကပ္ပကောဋိယော" ဟူသောစကား၌လည်း အာယုကပ်ပေါင်း ကုဋေတထောင် ဘဝပေါင်းကုဋေတထောင်ဟူ၍ နေတ္တိအဋ္ဌကထာ၌ ဖွင့်ဆိုလျက်ရှိ၏။ ပုဗ္ဗစေတနာ, အပရစေတနာတို့၏ ပဋိသန္ဓေ အကျိုးပေးနိုင်ကြောင်းကို ကောသလသံယုတ်ဖြင့် သိရာ၏။ ၎င်းသံယုတ် အဋ္ဌကထာ၌ "ကေပိဏ္ဍပါတ ဒါနသ္မိံ ဟိ ကော စေတနာ ဒွေ ပဋိသန္ဓိယော န ဒေတိ"။

ပုဗ္ဗ, ပစ္ဆိမစေတနာဝသေန သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေ နိဗ္ဗတ္တော” ဟူ၍ ဆို၏။ (အနက်လွယ်၏)။

**တိဟိတ်ဩမကကံ၏ အကျိုး။** ။တိဟိတ်ကံပင် ဖြစ်သော်လည်း ဩမကကံ ဖြစ်လျှင် တိဟိတ်ဝိပါက်များကို မဖြစ်စေနိုင်။ ထို့ကြောင့် ပဋိသန္ဓေအခါ၌ ဒွိဟိတ်ဝိပါက်လေးခုကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ ၎င်းဒွိဟိတ်ဝိပါက်လေးခုနှင့် အဟိတ်ကုသလဝိပါက်ရှစ်ခု။ ပေါင်း ၁၂-ပါးသော ဝိပါက်တို့ကိုသာ ဖြစ်စေနိုင်သည်။

**ဒွိဟိတ်ဥက္ကဋ္ဌကံ၏ အကျိုး။** ။ဒွိဟိတ်ကံသည် ဥက္ကဋ္ဌကံပင်ဖြစ်သော်လည်း မိမိကပင် ဉာဏ်မရှိလေသောကြောင့် တိဟိတ်ဝိပါက်များကို မဖြစ်စေနိုင်။ ထို့ကြောင့် ဒွိဟိတ်ဥက္ကဋ္ဌသည် တိဟိတ်ဩမကကံနှင့်တူစွာ ပဋိသန္ဓေအကျိုး ၄-ပါး ပဝတ္တိအကျိုး ၁၂-ပါးတို့ကို ဖြစ်စေနိုင်၏။ သည်ကို ရည်၍——

(၃၃၁) တိဩ-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲနှစ်သာ။
(၃၃၂) ဒွိဥက်-ဒွိဝိ၊ လေးသန္ဓိ၊ ပဝတ္တိ ဆဲနှစ်သာ။

ဟူ၍ဆိုတော်မူသည်။

**တိဟိတ်ဩမကနှင့် ဒွိဟိတ်ဥက္ကဋ္ဌတို့၏ အကျိုး။** ။တိဟိတ် ဩမကကံ ၄-ပါး၊ ဒွိဟိတ် ဥက္ကဋ္ဌကံ ၄-ပါး၊ ပေါင်းလျှင် ရှစ်ပါးဖြစ်၏။ ထိုရှစ်ပါးတို့တွင် တပါးပါးသည် လေးပါး လေးပါးသော ပဋိသန္ဓေကို ဖြစ်စေနိုင်သောကြောင့် ပဋိသန္ဓေအကျိုး လေးခု ရှစ်လီ ၃၂-ပါးရှိ၏။ ဆိုပြီးကံရှစ်ပါးတို့တွင် တပါးတပါးသည် ၁၂-ပါး ၁၂-ပါးသော ပဝတ္တိဝိပါက်ကို ဖြစ်စေနိုင်သောကြောင့် ပဝတ္တိအကျိုး ၁၂ ပါးရှစ်လီ ၉၆-ပါး ရှိ၏။ ဤအဓိပ္ပါယ်ကို ရည်၍——

(၃၃၃) တိဩ-ဒွိဥက်၊ လေး-ရှစ်သုတ်၊ ရှစ်သုတ်-ဆဲ့နှစ်သာ။

ဟူ၍ဆိုတော်မူသည်။

**ဒွိဟိတ်ဩမက အကျိုး။** ။ဒွိဟိတ်ဩမကကံသည် မဟာကုသိုလ်တို့တွင် အညံ့ဆုံးသောကုသိုလ်မျိုးဖြစ်၍ မိမိနှင့်တူစွာ ဒွိဟိတ်ဝိပါက်ကိုမျှ မဖြစ်စေနိုင်ဘဲ ပဋိသန္ဓေအခါ၌ အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏကို ဖြစ်စေ၏။ ပဝတ္တိအခါ၌မူကား အဟိတ်ကုသလဝိပါက် ရှစ်ခုကို ဖြစ်စေ၏။ ထို့ကြောင့်——

**(၃၃၄) ဒွိဩ-ကုဝိ၊ သန်-သန္ဓိ၊ ပဝတ္တိ ကု-ဂျှစ်သာ။**

ဟူ၍ဆိုတော်မူသည်။

ဒွိဟိတ်ဩမကကံလေးခုတို့တွင် တခုသောကံသည်ပင်လျှင် ပဋိသန္ဓေ တခု တခုစီကို ဖြစ်စေသောကြောင့် ပဋိသန္ဓေအကျိုး ၁-ခု လေးလီ လေးခုဖြစ်၏။ ပဝတ္တိအခါ၌ ရှစ်ပါးရှစ်ပါးစီသောအကျိုးကို ဖြစ်စေသောကြောင့် ပဝတ္တိအကျိုး ၈-ခု လေးလီ ၃၂-ပါးဖြစ်၏။ ထိုကြောင့် ဒွိဟိတ်ဩမကကံ၏ ပဋိသန္ဓေအကျိုးသည် လေးပါးရှိ၏။ ပဝတ္တိအကျိုးသည် ၃၂-ပါးရှိ၏ဟုသိအပ်၏။ထိုကြောင့်—

**(၃၃၅) ဂျှစ်ခု-လေးလီ၊ တစ်·လေးလီ၊ အညီ-ဒွိဩမှာ။**

ဟူ၍ဆိုတော်မူသည်။

ဤသို့ ဝေဖန်ပြအပ်ပြီးသော အဓိပ္ပါယ်စုသည် တိပိဋကစူဠနာဂမထေရ်၏ ဝါဒပေတည်း။

ယခုအခါ၌ မောရဝါပိအရပ်၌ သီတင်းသုံးနေတော်မူသော မဟာဒတ္တမထေရ်၏ အယူကို ပြဆိုတော်မူခြင်းငှါ—

**(၃၃၆) ကံ,ဝိ,နှစ်ဆူ၊ အ,သ,မူ၊ အတူ ကေစိဝါ။**

ဟူ၍ဆိုတော်မူ၏။

**ကံနှင့် ဝိပါက်တူရမည် ဟူသောဝါဒ။** ။ထိုမဟာထေရ်၏ အလိုတော်မှာ ကံနှင့် ဝိပါက်သည် တူရမည်သာ ဖြစ်၏။ အသင်္ခါရိကကံဖြစ်လျှင် အသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေနိုင်၏။ သသင်္ခါရိကကံ ဖြစ်လျှင် သသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေနိုင်၏ဟူလို။ ဥပမာကား -- မှန်ပြင်၌ မျက်နှာရိပ်သည် အကြောင်းဖြစ်သော မျက်နှာနှင့် အချင်းခပ်သိမ်း တူမြဲ ဖြစ်ရ၏။ မျက်နှာလှုပ်လျှင် မှန်ပြင်၌ရှိသော မျက်နှာရိပ်လည်း လှုပ်ရ၏။ မျက်နှာငြိမ်လျှင် မှန်ပြင်၌ရှိသော မျက်နှာရိပ်လည်း ငြိမ်၏။ ကံသည် ပကတိ မျက်နှာနှင့် တူ၏။ ဝိပါက်သည် မှန်ပြင်၌ရှိသော မျက်နှာရိပ်နှင့် တူ၏ဟူ၍ စပ်ဟပ်လေ။ ပယောဂဖြင့် ပြီးစေအပ်သည်မဟုတ်၊ အကြောင်းရင်းဖြစ်သော ကံကြောင့် ပြီးစီးကြရကုန်သော ဝိပါက်တို့၏ ထက်မှု, နှုံ့မှုဟုဆိုအပ်သော အသင်္ခါရိကအဖြစ် သသင်္ခါရိက အဖြစ်များသည် ကံ၏အစွမ်းဖြင့်သာ ပြီးစီးနိုင်၏။ ပယောဂ၏ အစွမ်းအားဖြင့် ပြီးစီးသည် မဟုတ်ပေ။ အဟိတ်ဝိပါက်တို့မှာ မထင်မရှားသော ကိစ္စနှင့် ယှဉ်ကြကုန်သဖြင့် အားနည်းကြကုန်၏။ မထင်ရှားကြကုန်၊ ထိုကြောင့် ထိုအဟိတ်ဝိပါက်တို့သည် အသင်္ခါရိကကံ, သသင်္ခါရိကကံ နှစ်ပါးလုံးနှင့်ပင် သက်ဆိုင်ကုန်၏။ ဤကား မဟာဒတ္တမထေရ်၏ အလိုတော်

တည်း။ ဤဝါဒကို သင့်ဖွယ်ယုတ္တိ မရှိသောကြောင့် ကေစိဝါဒဟူ၍ အဋ္ဌကထာ စသည်တို့၌ ဆို၏။

ဆိုကြောင်းကား—ထိုဝိပါက်စိတ်တို့၏ အသင်္ခါရိကအဖြစ် သသင်္ခါရိကအဖြစ် များသည် ပဋိသန္ဓိကိစ္စ, တဒါရုံကိစ္စတို့နှင့် ဖြစ်ရသောအခါ ပုဗ္ဗပယောဂဟု ဆိုအပ်သော အကြောင်းထူး၏ မရှိမှု,ရှိမှုကို စွဲ၍သာ ဖြစ်သင့်၏။ ဝေးလှစွာ သော အကြောင်းကံဖြင့် အသင်္ခါရိက, သသင်္ခါရိကအဖြစ်ကို ဆိုခြင်းငှါ မထိုက်ပေ။ ထိုစကားမှန်၏။ ကံ၌ပါရှိသော အသင်္ခါရိကအဖြစ် သသင်္ခါရိက အဖြစ်များသည် ဘဝတပါး၌ ဝိပါက်တို့ကို အထူးပြုခြင်းငှါ တတ်စွမ်းနိုင်လိမ့် မည် မဟုတ်ကုန်။ ထိုကြောင့် ဝိပါက်၌ အသင်္ခါရိက, သသင်္ခါရိကအဖြစ်များ သည် ကံကြောင့်သာလျှင် ပြီးစီး၏ဟူ၍ မြဲစွာယူသော အရှင်မဟာဒတ္တ မထေရ်၏ ဝါဒကို ကေစိဝါဒဟူ၍ ဆိုတော်မူကြကုန်သည်။ ထိုကေစိဝါဒ၏ အလိုမှာ တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကံ ၂-ခုသည် ပဋိသန္ဓေအခါ၌ တိဟိတ် အသင်္ခါရိကဝိပါက် ၂-ခု၊ ပဝတ္တိအခါ၌ သသင်္ခါရိကဝိပါက် ၄-ခု ကြဉ်၍ ဝိပါက် ပေါင်း ၁၂-ခုကို ဖြစ်စေ၏။ တိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကကံနှစ်ခုသည် ပဋိသန္ဓေ အခါ၌ တိဟိတ်သသင်္ခါရိက ဝိပါက်နှစ်ခု၊ ပဝတ္တိအခါ၌ အသင်္ခါရိက ဝိပါက် လေးခုကို ကြဉ်၍ ဝိပါက်ပေါင်း ၁၂-ခုကို ဖြစ်စေ၏။

တိဟိတ်ဩမက အသင်္ခါရိကကံ နှစ်ခုနှင့် ဒွိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကံ နှစ်ခုတို့သည် ပဋိသန္ဓေအခါ၌ ဒွိဟိတ်အသင်္ခါရိကဝိပါက်နှစ်ခု၊ ပဝတ္တိအခါ၌ ဒွိဟိတ်အသင်္ခါရိကဝိပါက် နှစ်ခုနှင့် အဟိတ်ကုသလဝိပါက် ရှစ်ခုတို့ကို ဖြစ်စေ ကုန်၏။ တိဟိတ်ဩမက သသင်္ခါရိကကံနှစ်ခုနှင့် ဒွိဟိတ်ဥက္ကဋ္ဌ သသင်္ခါရိကကံ နှစ်ခုတို့သည် ပဋိသန္ဓေအခါ၌ ဒွိဟိတ် သသင်္ခါရိကဝိပါက်နှစ်ခု၊ ပဝတ္တိအခါ၌ ဒွိဟိတ် သသင်္ခါရိကဝိပါက်နှစ်ခု၊ အဟိတ်ကုသလဝိပါက် ရှစ်ခုတို့ကို ဖြစ်စေ ကုန်၏။ ဒွိဟိတ်ဩမကကံအဘွက်မှာ အထူးဆိုဖွယ် မရှိလေပြီ။

ကာမာဝစရကံ ပြီး၏။

---

## မဟဂ္ဂုတ်ကံတို့၏ အကျိုးကို ပြဆိုပေလတ္တံ့—

(၃၃၇) ဟိနံ့,မဇ္ဈိ၊ ပဏီတံ၊ သုံးချာန် ကိုယ်စီပြု။

**ဟီနစျာန်စသည်ဖြင့် ၃-မျိုးစီပြားပုံ။** ။ရူပါဝစရ ပထမစျာန်ကုသိုလ်စသော စျာန်ကုသိုလ် တခုခုသည် ဟီနစျာန်, မဇ္ဈိမစျာန်, ပဏီတစျာန်ဟူ၍ ၃-ပါး ၃-ပါးစီရှိ၏။ (ဟီနစျာန်ကို ပရိတ္တစျာန် ဟူ၍လည်း ဆိုသေး၏။ သေးငယ်သိမ်ဖျင်းသောစျာန် ဆိုလိုသည်)။

(၃၃၈) ဆန္ဒ,စိတ်,ဝီရိယ,ဝီမံသာ ဟူသော အဓိပတိ လေးပါးဖြင့် ဇောတို့၏ ဟီနစသည်ဖြစ်ပုံ ကွဲပြားမှု။

ဤဖြင့် ဇောနှင့် ၃-ပါး ကွဲပြားခြင်း၏ အကြောင်းယုတ္တိကို ပြဆို၏။

**ဇောနှင့် ၃-ပါးစီကွဲပြားရခြင်းအကြောင်း။** ။အကြင်ဇောနှင့်သည် အားထုတ်ပြုလုပ်စဉ်အခိုက်၌ ယုတ်ညံ့သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့နှင့် ယှဉ်၍ဖြစ်၏၊ ထိုဇောနှင့်သည် ဟီနဇောနှင့်မည်၏။ အကြင်ဇောနှင့်သည် အားထုတ်ပြုလုပ်စဉ် အခိုက်၌ အလယ်အလတ်ဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့နှင့် ယှဉ်၍ဖြစ်၏၊ ထိုဇောနှင့်သည် မဇ္ဈိမဇောနှင့် မည်၏။ အကြင်ဇောနှင့်သည် အားထုတ်ပြုလုပ်စဉ်အခိုက်၌ မြတ်သော တက်သန်သော ဆန္ဒ,စိတ္တ, ဝီရိယ,ဝီမံသတို့နှင့် ယှဉ်၍ဖြစ်၏၊ ထိုဇောနှင့်သည် ပဏီတဇောနှင့် မည်၏။ ဤကိုရည်၍ အဋ္ဌသာလိနီ အဋ္ဌကထာ၌ "ယဿ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ ဝီရိယံ ဝါ စိတ္တံ ဝါ ဝီမံသာ ဝါ၊ တံ ဟီနံ နာမ"စသည်ဖြင့် ဆိုတော်မူ၏။

တနည်းကား—အလေ့အကျင့် နည်းပါး၍ မပွါးများအပ်သော ဇောနှင့်သည် ဟီနဇောနှင့်မည်၏။ အတော်အတန် အလယ်အလတ် လေ့လာပွါးများအပ်သောဇောနှင့်သည် မဇ္ဈိမဇောနှင့်မည်၏။ လွန်စွာ လေ့ကျက်အပ် ပွါးများအပ်သောဇောနှင့်သည် ပဏီတဇောနှင့်မည်၏။ ဤကိုရည်၍ ယင်းအဋ္ဌကထာ၌ "ယံ အပ္ပဂုဏံ ဟောတိ၊ ဥပရိဇ္ဈာနဿ ပစ္စယော ဘဝိတုံ န သက္ကောတိ၊ ဣဒံ ပရိတ္တံ နာမ"ဟူ၍ ဆို၏။ ဝိသုဒ္ဓိမဂ်၌ "နာတိသုဘာဝိတော မဇ္ဈိမော သုဘာဝိတော ဝသိပတ္တော ပဏီတော"ဟူ၍ ဆို၏။ ဤနည်းကိုကား စပ်လျဉ်း၍ ဆိုလိုက်သည်။ ဤနေရာ၌ လိုရင်းမဟုတ်။

**ဟီနဇောနှင့်စသည်တို့အကျိုးပေးပုံများ**

**ပထမဇောနှင့်ဘုံ၌ အကျိုးပေးပုံ။** ။အကျိုးပေးပုံကို ဆိုအံ့။ ဟီန ဖြစ်သော ပထမဇောနှင့် ကုသိုလ်သည် ဗြဟ္မပါရိသဇ္ဇာဘုံ၌ ပထမဇောနှင့် ဝိပါက်ကိုဖြစ်စေ၏။

မဇ္ဈိမဖြစ်သော ပထမဇောနှင့်ကုသိုလ်သည် ဗြဟ္မပုရောဟိတာဘုံ၌ ပထမဇောနှင့် ဝိပါက်ကို ဖြစ်စေ၏။

ပဏီတဖြစ်သော ပထမဇောနှင့်ကုသိုလ်သည် မဟာဗြဟ္မာဘုံ၌ ပထမဇောနှင့် ဝိပါက်ကို ဖြစ်စေ၏။

**ဒုတိယဇောနှင့်ဘုံ၌ အကျိုးပေးပုံ။** ။ဟီနဖြစ်သော ဒုတိယ, တတိယဇောနှင့် ကုသိုလ်တို့သည် ပရိတ္တာဘာဘုံ၌ ဒုတိယ, တတိယဇောနှင့်ဝိပါက်ကို ဖြစ်စေကုန်၏။ မဇ္ဈိမဖြစ်သော ဒုတိယ, တတိယဇောနှင့် ကုသိုလ်သည် အပ္ပမာဏာဘာဘုံ၌ ဒုတိယ,တတိယဇောနှင့်ဝိပါက်ကို ဖြစ်စေကုန်၏။

ပဏီတဖြစ်သော ဒုတိယ, တတိယစျာန် ကုသိုလ်တို့သည် အာဘဿရာဘုံ၌ ဒုတိယ, တတိယစျာန်ဝိပါက်ကို ဖြစ်စေကုန်၏။ ဤ၌ ပဥ္စကနည်းအားဖြင့် စျာန် ငါးပါးရှိသည်၊ ဘုံသည်မူကား စတုက္ကနည်းနှင့် လျော်စွာ လေးမျိုးသာရှိ၏။ ပဥ္စကနည်းဖြင့် စျာန်ကို ပြဆိုသောကြောင့် ဒုတိယစျာန်, တတိယစျာန်ကုသိုလ် တို့သည် ဒုတိယစျာန်ဘုံ၌ ပေါင်းဆုံ၍ အကျိုးပေးကြရကုန်သည်။

**တတိယစျာန်ဘုံ၌ အကျိုးပေးပုံ။** ။ဟီနဖြစ်သော စတုတ္ထစျာန်ကုသိုလ်သည် ပရိတ္တသုဘာဘုံ၌ စတုတ္ထစျာန်ဝိပါက်ကို ဖြစ်စေ၏။ မဇ္ဈိမဖြစ်သော စတုတ္ထစျာန်ကုသိုလ်သည် အပ္ပမာဏသုဘာဘုံ၌ စတုတ္ထစျာန်ဝိပါက်ကို ဖြစ်စေ၏။ ပဏီတဖြစ်သော စတုတ္ထစျာန်ကုသိုလ်သည် သုဘကိဏှာဘုံ၌ စတုတ္ထစျာန်ဝိပါက်ကို ဖြစ်စေ၏။ အဘိညာဏ်ကိစ္စ မတပ်သော သာမညဖြစ်သော ပဥ္စမစျာန်သည် ဝေဟပ္ဖိုလ်ဘုံ၌ ပဥ္စမစျာန်ဝိပါက်ကို ဖြစ်စေ၏။

**စတုတ္ထစျာန်ဘုံ၌အကျိုးပေးပုံ**

**(၃၃၉) နာမ်ပျောက်ကင်းစေ၊ ဆုပန်ထွေ၊ သညေ ရူပ်အစု။**

ဤဖြင့် အသညသတ်ဘုံသို့ ရောက်ခြင်း၏အကြောင်းကို ပြဆို၏။

**အသညသတ်ဘုံသို့ ရောက်ရခြင်းအကြောင်း။** ။စတုတ္ထစျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် "စိတ်ရှိလေသည့် အတွက် ထပ်မက်ခြင်း, ပြစ်မှားခြင်း, တွေဝေခြင်း, ကျင်နာခြင်း စသော ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံကြရ၏။ ထိုစိတ်မရှိပါမူကား ထိုသို့သော ဒုက္ခတို့နှင့် မတွေ့မကြုံရာ၊ မျက်မှောက်သောဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်ရလေ၏။ ဒိဋ္ဌဓမ္မ- နိဗ္ဗာနပတ္တ ပုဂ္ဂိုလ်မည်၏" ဟူ၍ နှလုံးပိုက်သွင်းမိသဖြင့် စိတ်မရှိသောဘဝကို ရလိုရောက်လိုသော အာသာပတ္ထနာနှင့်တကွ ဝါယောကသိုဏ်း၌ သညာဝိရာဂ ဘာဝနာကို ပွါး၍ ပဥ္စမစျာန်ကို ဖြစ်စေ၏။ ထိုပဥ္စမစျာန်သည် နာမ်မရှိသော အသညသတ်ဘုံ၌ အကျိုးပေးလေ၏။ ၎င်းဘုံ၌ ပဋိသန္ဓေအခိုက် ဇီဝိတနဝက ကလာပ်ကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား ထိုကမ္မဇရုပ်သည်ပင်လျှင် အသညသတ် ပုဂ္ဂိုလ်တို့၏ ဘဝင် ဖြစ်လေ၏။

ပဥ္စမစျာန်ကိုရသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံ၌ဖြစ်ကြကုန်၏။

**(၃၄၀) ဣန္ဒြေငါးတန်၊ အစဉ်လွန်၊ ငါးတန် သုဒ္ဓါစု။**

**ဣန္ဒြေလွန်ကဲရာကိုစွဲ၍ သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ကြရပုံ။** ။သဒ္ဓိန္ဒြေလွန်ကဲသောပဥ္စမ စျာန်ိက အနာဂါမ်သည် အဝိဟာဘုံ၌ ဖြစ်လေ၏၊ ဝီရိယိန္ဒြေလွန်ကဲသော ပဥ္စမစျာန်ိက အနာဂါမ်

သည် အတပ္ပါဘုံ၌ ဖြစ်လေ၏၊ သတိန္ဒြေလွန်ကဲသော ပဉ္စမဈာန်ိက အနာဂါမ်သည် သုဒဿာဘုံ၌ ဖြစ်လေ၏၊ သမာဓိန္ဒြေလွန်ကဲသော ပဉ္စမဈာန်ိကအနာဂါမ်သည် သုဒဿီဘုံ၌ ဖြစ်လေ၏၊ ပညိန္ဒြေလွန်ကဲသော ပဉ္စမဈာန်ိက အနာဂါမ်သည် အကနိဋ္ဌဘုံ၌ ဖြစ်လေ၏။ ဤသို့ အစဉ်အတိုင်း ဣန္ဒြေငါးပါးနှင့် ဝေဖန်သိလေ။

**အရူပကုသိုလ်တို့၏ အကျိုးပေးပုံများ။** ။အရူပကုသိုလ်တို့တွင် အာကာသာနဉ္စာယတန ကုသိုလ်သည် အာကာသာနဉ္စာယတနဘုံ၌ အာကာသာနဉ္စာယတနဝိပါက်ကို ဖြစ်စေ၏။ ဤသို့စသည်ဖြင့် မိမိကုသိုလ်, မိမိဘုံ, မိမိဝိပါက်တို့ကို ဝေဖန်လေ။

## ဈာန်၏အကျိုးပေးပုံ အထွေထွေမှတ်သားဖွယ်

ဤအရာ၌ ဈာန်၏အကျိုးပေးမှုနှင့်စပ်လျဉ်း၍ ပကိဏ္ဏကကထာကို ဆိုဦးအံ့။

**အဘိညာဏ် စေတနာ၏အကျိုး။** ။အဘိညာဏ်စေတနာသည် စတုတ္ထဈာန်၏အကျိုးအာနိသံသအရာ၌ တည်၏။ ထိုကြောင့် ထိုအဘိညာဏ်မှာ တဆင့်ထပ်မံ၍ အကျိုးပေးဖွယ်မရှိဟူ၍ ဋီကာဆရာကြီးတို့ အလိုရှိတော်မူကုန်၏။ ထိုပြင် ထိုအဘိညာဏ်၏တန်းခိုးအမျိုးမျိုးဖန်ဆင်းမှု စသော ကိစ္စများသည် ဝိပါက်ကို ဖြစ်စေမှုကိစ္စထက်ပင် ကြီးကျယ်သေး၏။ ထိုအဘိညာဏ်သည် မိမိ၌ ရှိသမျှသော အစွမ်းသတ္တိဖြင့် တန်းခိုးဖန်ဆင်းခြင်း စသည်ကို ပြီးစေ၏။ ထိုကြောင့် တဖန်ဝိပါက်ကို ဖြစ်စေရန် အစွမ်းသည် တန်းခိုးဖန်ဆင်းမှုစသည်ကို ကြောင့်ကြစိုက်ရလေသည်နှင့် တပြိုင်နက်ကုန်ခန်းခြင်းသို့ ရောက်လေ၏။ ထိုကြောင့်လည်း အဘိညာဏ်သည် ဝိပါက်ကို မဖြစ်စေနိုင်ဟု အသင့်ယုတ္တိရှိ၏။ အချို့ဆရာတို့သည် သဘောတူသော ဇောမှ အာသေဝနပစ္စည်းကို မရခြင်းကြောင့် အဘိညာဏ်သည် ဝိပါက်ကို မဖြစ်စေနိုင်ဟု ဆို၏။ ထိုစကားကို ဆင်ခြင်သင့်၏။ မဂ်စေတနာလေးခုသည် သဘောတူသော စိတ်မှ အာသေဝနပစ္စည်းမရဘဲပင်လျှင် ဖိုလ်တည်းဟူသော ဝိပါက်ကို လက်ငင်းဖြစ်စေ၏။ ဤကိုထောက်စာ၍ အာဒိကမ္မိက အပ္ပနာဇောစေတနာ သမာပတ္တိဝီထိစု၌ ပထမဇောစေတနာတို့သည်လည်း သဘောတူသောစိတ်မှ အာသေဝနပစ္စည်းကို မရသောကြောင့် အကျိုးမပေးနိုင်ကုန်, ဝိပါက်ကိုမဖြစ်စေနိုင်ကုန်ဟူ၍ မဆိုထိုက်။ ထိုစေတနာတို့သည် မရဏာသန္နအခါ၌ အာသန္နကံအရာ၌ တည်လာပါကုန်မူကား အကျိုးပေးကုန်လိမ့်မည်ဟု မုချ ဆိုထိုက်ကုန်၏။ ထိုကြောင့် သဘောတူသောစိတ်မှ အာသေဝနကို မရ၍ အကျိုးမပေးနိုင်ဟု ဆိုသော ဟိတ်စကားကို ဆင်ခြင်သင့်လေသည်။

**ဈာန်သမာပတ်ပုဂ္ဂိုလ်နှင့် ဖြစ်ရာဘုံ။** ။သမာပတ်တို့ကို အလုံးစုံရရှိပြီးသော **ပုထုဇ္ဇန်, သောတာပန်, သကဒါဂါမ်,** အနာဂါမ်တို့သည် မိမိတို့ရရှိပြီးသော သမာပတ်တို့၏ အကျိုးပေးနိုင်ရာဖြစ်သော ဘုံတို့တွင် မိမိတို့အလိုရှိသောဘုံ၌ ဖြစ်နိုင်ကုန်၏။ ပုထုဇ္ဇန်ပုဂ္ဂိုလ်ဖြစ်၍ ကာမဘုံ၌ ဖြစ်လိုကျင်လည်လိုသော နိကန္တိရှိလျှင် ကာမဘုံတို့၌လည်း ဖြစ်နိုင်ကုန်၏။

**သောတာပန်, သကဒါဂါမ်** တို့သည်မူကား မိမိတို့ရရှိသောဈာန်မှ မဆုတ်မယုတ် မလျှောမသက်ကြကုန်လျှင် ကာမဘုံ၌ ဖြစ်လိုသော နိကန္တိဟူ၍ မရှိလေကုန်။ ကာမဘုံ၌ မဖြစ်ကုန်။ ဈာန်လျှောကျကုန်လျှင်သာ ကာမဘုံ၌ ဖြစ်ကြရကုန်၏။

**အနာဂါမ်** တို့မည်သည် ကာမဘုံ၌ ဖြစ်ရန်ကိစ္စ မရှိကြကုန်သဖြင့် ဈာန်ကို မရဘဲ စုတိသည်ဟူ၍ မရှိကြကုန်။ ထိုအနာဂါမ်တို့သည် အိပ်ပျော်၍နေကုန်စဉ် ထားလာက်နက်တို့ဖြင့် လည်ပင်းကိုဖြတ်၍ သတ်အပ်ကုန်သော်လည်း ဈာန်ကို မရဘဲ စုတိခြင်းသို့ မရောက်ကုန်။ ထိုစကား မှန်၏။ ထိုအနာဂါမ်တို့မှာ လွန်စွာ ပွါးများအပ်သော သမာဓိတရား ရှိကြလေကုန်၏။

**မိန်းမတို့ အမြင့်မြတ်ဆုံးအဆင့် မဟာဗြဟ္မာ မဖြစ်နိုင်ခြင်း။** ။မိန်းမ တို့သည် ယုတ်ညံ့သော အဇ္ဈာသယ ရှိကြကုန်သဖြင့် ဟီနဇ္ဈာသယမည်ကုန်သောကြောင့် သမာပတ် ၈-ပါးလုံးကို အကုန်အစဉ်ရကုန်၍ စုတိသည်၏ အခြားမဲ့ဘဝ၌ အကနိဋ္ဌဗြဟ္မာဘုံ၌ ဖြစ်ကြရကုန်သော်လည်း မဟာဗြဟ္မာမင်းမျိုးတို့၌ မဖြစ်ကြကုန်။ ပုရောဟိတ်ဗြဟ္မာမျိုး,ပါရိသဇ္ဇာဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြရကုန်၏။ ထိုကြောင့် "ယံ ဣတ္ထိ ဗြဟ္မတ္တံ ကရေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ" ဟူသော ပါဠိတော်ကို ဖွင့်ပြသော အဋ္ဌကထာတို့၌ "ဗြဟ္မတ္တန္တိ မဟာဗြဟ္မတ္တံ အဓိပ္ပေတံ၊ ဣတ္ထီ စ ဣမေ ဈာနံ ဘာဝေတွာ ကာလံကတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇတိ၊ န မဟာ-ဗြဟ္မာနံ" ဟူ၍ ဆို၏။ ဤအဋ္ဌကထာစကားရပ်၌ ဗြဟ္မပါရိသဇ္ဇာနံ ဟူသော စကား၌ ဗြဟ္မပုရောဟိတ်တို့ကိုလည်း သွင်း၍ ယူအပ်ကုန်၏။ အဘယ်ကြောင့် နည်းဟူမူ—ထိုဗြဟ္မပုရောဟိတ်တို့သည် သာမညအားဖြင့် မဟာဗြဟ္မာတို့၏ ပရိသတ်အရာ၌ ပါဝင်သောကြောင့်တည်း။ ဗြဟ္မပုရောဟိတ်တို့ကိုလည်း မဟာဗြဟ္မာတို့၏ ပရိသတ်အရာ၌ ပါဝင်၍ ဗြဟ္မပါရိသဇ္ဇာ ခေါ်သင့်ကြောင်းကို "အထခေါ ဘိက္ခဝေ သိခိ ဘဂဝါ အဘိဘုံ ဘိက္ခုံ အာမန္တေသိ၊ ပဋိဘာတု တံ ဗြာဟ္မဏ ဗြဟ္မုနော စ ဗြဟ္မပရိသာယ စ ဗြဟ္မပါရိသဇ္ဇာနဉ္စ ဓမ္မီကထာ" ဟူသော သံယုတ်ကို ထောက်၍ သိရာ၏။ ဤပါဠိတော်၌ ဗြဟ္မုနော ဟူသော ပါဠ်ဖြင့် မဟာဗြဟ္မာကို ယူအပ်၏။ ဗြဟ္မပရိသာယဖြင့် ပုရောဟိတ်ဗြဟ္မာကို ယူအပ်၏။ ဗြဟ္မပါရိသဇ္ဇာနံဖြင့် ဗြဟ္မပါရိသဇ္ဇာကို ယူအပ်၏။

“ယံ ဣတ္ထိ သက္ကတ္တံ ကရေယျ၊ မာရတ္တံ ကရေယျ၊ ဗြဟ္မတ္တံ ကရေယျ၊ နေတံ ဌာနံ ဝိဇ္ဇတိ” ဟူ၍ အဓိပတိဖြစ်သော သိကြားစသည်တို့နှင့် ကပေါင်းတည်း ဟောတော်မူအပ်သောကြောင့် အဓိပတိဖြစ်သော မဟာဗြဟ္မာမျိုးတို့၌သာလျှင် မာတုဂါမတို့ မဖြစ်နိုင်ကုန်။ လက်အောက် ဗြဟ္မာငယ် ၂ မျိုးတို့၌ကား ဖြစ်နိုင်ကုန်၏ ဟူ၍ သိသာ၏။

နေတ္တိပါဠိတော်၌မူကား “ဣတ္ထိ မဟာဗြဟ္မာ သိယာ၊ နေတံ ဌာနံ ဝိဇ္ဇတိ” ဟူ၍ သေချာစွာပင် ဟောချက်ရှိသောကြောင့် မိန်းမတို့သည် မဟာဗြဟ္မာမျိုးတို့၌သာ ဖြစ်ခွင့်မရကုန်။ လက်အောက် ဗြဟ္မာငယ် ၂-မျိုးတို့၌ကား ဖြစ်ခွင့် ရရှိကြကုန်၏ဟု စင်စစ် သိသာလေ၏။

ဤစကားရပ်ဖြင့် ဝေဟပ္ဖိုလ်စသော အထက်အထက် ဗြဟ္မာဘုံတို့၌လည်း ပါရိသဇ္ဇာဗြဟ္မာမျိုး,ပုရောဟိတ်ဗြဟ္မာမျိုး,မဟာဗြဟ္မာမျိုးတို့သည် အသီးအသီး ရှိကုန်၏ဟု သိသာထင်ရှားလေသည်။ သံယုတ်အဋ္ဌကထာ၌လည်း “ထေရာနံ ဟိ ဘဏ္ဍာဂါဟကဒဟရာဝိယ ဗြဟ္မာနံ ပါရိသဇ္ဇဗြဟ္မာနော နာမ ဟောန္တိ” ဟူ၍ဆို၏။ မထေရ်ကြီးတို့မှာ သပိတ်,သင်္ကန်းစသော ဘဏ္ဍာကို ယူဆောင်သိမ်းဆည်းသော သာမဏေငယ်များကဲ့သို့ ဗြဟ္မာတို့၌လည်း အခြွေအရံ ပါရိသဇ္ဇာဗြဟ္မာတို့ ရှိကုန်သည်ဟူ၍ ဆိုလိုသည်။ လိုရင်းမှာ မိန်းမတို့သည် မိမိတို့ရရှိသော ဈာန်အား လျော်စွာ ပဌမဈာန်ဘုံ၌လည်း ဖြစ်နိုင်ကုန်၏။ ဒုတိယဈာန်ဘုံ၌လည်း ဖြစ်နိုင်ကုန်၏။ပ။ စတုတ္ထဈာန်ဘုံ၌လည်း ဖြစ်နိုင်ကုန်၏။ သို့ပင်ဖြစ်ကုန်သော်လည်း ဖြစ်လေရာတို့၌ မဟာဗြဟ္မာမင်းကြီး မဖြစ်ကြကုန်။ လက်အောက် ဗြဟ္မာတို့သာလျှင် ဖြစ်ကုန်၏ ဟူလို။

**(၃၄၁) ဗြဟ္မပြည်မှာ၊ အရိယာ၊ အောက်ရွာ ဆင်းမရှိ။**

**ဗြဟ္မာ့ပြည်ရောက် အရိယာတို့ အောက်ဘုံသို့ မဆင်းတော့ပုံ။** ။ဗြဟ္မာ့ပြည်သို့ ရောက်လေကုန်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည် မိမိတို့၏ဖြစ်ရာဘုံမှ အောက်အောက်ဘုံသို့ သက်ဆင်း၍ ပဋိသန္ဓေနေရိုးမရှိကြကုန်။ (သောတာပန်, သကဒါဂါမ် ဗြဟ္မာတို့သည် ကိလေသဂတိအားဖြင့် ကာမဘုံသို့ သွားဖွယ်ရှိ၏။ ပုဂ္ဂလဂတိ အားဖြင့် ဗြဟ္မာဘုံသို့ ရောက်လျှင် ကာမဘုံကို မဆိုထားဘိ ဗြဟ္မာဘုံထဲမှာပင် အောက်အောက်ဘုံသို့ သက်၍ ပဋိသန္ဓေ မနေကုန်ပြီ)။

**(၃၄၂) သုဒ္ဓါဘုံမှာ၊ အရိယာ၊ နှစ်ခါ ထပ်မရှိ။**

**သုဒ္ဓါဝါသဘုံအသီးသီး၌ နှစ်ခါ ပဋိသန္ဓေ မနေပုံ။** ။သုဒ္ဓါဝါသငါးဘုံ၌ရှိသော အရိယာတို့သည် မိမိတို့၏ ဖြစ်ရာ ဘုံမှာပင် နှစ်ခါထပ်၍ ပဋိသန္ဓေနေရိုး မရှိကြကုန်။ အနာဂါမ်ဖြစ်လျှင်

အထက်ဘုံသို့ တက်လေ၏။ ရဟန္တာဖြစ်လျှင် မိမိဖြစ်ရာဘုံမှာပင် ပရိနိဗ္ဗာန် စံလေ၏။

**(၃၄၃) ဝေ,နေ,အက၊ သုံးဌာနမှာ၊ အရိယာ၊ သွားရာ ဘုံမရှိ။**

ဝေဟပ္ဖိုလ်ဘုံ,နေဝသညာနာသညာယတနဘုံ, အကနိဋ္ဌဘုံ၌ ရှိကြကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အောက်ဘုံသို့လည်း သက်ခွင့် မရှိ။ အထက်ဘုံသို့လည်း တက်ခွင့် မရှိကြကုန်။

ထိုတွင် အကနိဋ္ဌဘုံ၌ရှိသော အနာဂါမ်ပုဂ္ဂိုလ်သည် မိမိတို့ဘုံမှာလည်း တဖန်ထပ်မံ၍ ပဋိသန္ဓေနေခွင့် မရှိသဖြင့် ထိုဘုံ၌ တခုသောဘဝဖြင့်သာလျှင် ပရိနိဗ္ဗာန် စံရလေ၏။

ဝေဟပ္ဖိုလ်, နေဝသညာနာသညာယတနတို့၌ ဖြစ်သော သောတာပန်, သကဒါဂါမ်,အနာဂါမ်တို့သည် တခုသောဘဝနှင့် နိဗ္ဗာန်သို့ မရကြကုန်သေးလျှင် မိမိတို့ဖြစ်ရာဘုံ၌ပင်လျှင် ပရိနိဗ္ဗာန်မစံမခြင်း အထပ်ထပ်ဖြစ်ရကုန်၏။

ကာမအနာဂါမ် စုတိလျှင် ဗြဟ္မာပြည်သို့ သွားမြဲဖြစ်၏။ ဈာန်ကိုရသော သောတာပန်, သကဒါဂါမ် တို့သည်လည်း ဈာန်အနာဂါမ်မည်ကုန်၏။ ဈာန် မပျက်လျှင် ဗြဟ္မာပြည်သို့ သွားမှု မြဲကုန်၏။ ဤကား ပကိဏ္ဏကကထာတည်း။ မဟဂ္ဂုတ်ကံ ပြီး၏။

(စ) ကံ၏အကျိုးပေးပုံကို ပြဆိုခန်း ပြီး၏။

---

## (ဆ) မရဏုပ္ပတ္တိကို ပြဆိုခန်း

(ဝိထိမဥ္စရီကျမ်း မရဏာသန္နဝိထိ အရာ၌လည်း ဤမရဏုပ္ပတ္တိ၏ အဓိပ္ပါယ်ကို ပြဆိုအပ်လေပြီ။)

**(၃၄၄) အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန် နှစ်မျိုး၊ ကံဆိုးဖြတ်ချေ၊ သေမြဲပေ၊ လေးထွေ မရဏ။**

ဤဖြင့် မရဏလေးပါးကို ပြဆို၏။

**သေခြင်း ၄-မျိုး။** ။မရဏလေးပါးတို့ကား—

(၁) အာယုက္ခယ= အသက်တမ်းကုန်၍ သေခြင်း။

(၂) ကမ္မက္ခယ= ကံ၏အစွမ်းကုန်၍ သေခြင်း။

(၃) ဥဘယက္ခယ= အသက်တမ်း, ကံစွမ်းကုန်၍ သေခြင်း။

(၄) ဥပစ္ဆေဒက= ဥပဃာတကကံ သတ်ဖြတ်၍ သေခြင်းတို့ပေတည်း။

**အာယုက္ခယ မရဏ။** ။(၁) ထိုတွင် ကံ၏အာနုဘော် မကုန်သေးဘဲ ထိုထို သတ္တဝါတို့၏ ဇာတ်အမျိုးမျိုးတို့၌ ပိုင်းခြား မှတ်သားအပ်သော အသက်တမ်း၏ ကုန်ဆုံးလေသဖြင့် သေရခြင်းသည် အာယုက္ခယမရဏ မည်၏။

**ကမ္မက္ခယမရဏ။** ။(၂) ထိုထိုဘဝ၌ အားနည်း သိမ်ငယ်သော ကံကြောင့် ဖြစ်ရသော သတ္တဝါ၏ အသက်တမ်း မကုန် မဆုံး သေးဘဲလျက် သေရခြင်းသည် ကမ္မက္ခယမရဏမည်၏။

**ဥဘယက္ခယမရဏ။** ။(၃) အသက်တမ်းလည်း ကုန်ချိန်၊ မိမိ၏ ကံအစွမ်း လည်း ကုန်ချိန်သို့ ရောက်၍ သေရခြင်းသည် ဥဘယက္ခယမရဏ မည်၏။

**ဥပစ္ဆေဒကမရဏ။** ။(၄) အသက်တမ်းလည်းရှိသေးလျက် ကံအစွမ်းလည်း ရှိသေးလျက် ရှေးရှေး ဘဝတို့၌ ပြုအပ်သော ဥပဃာတကကံကြောင့်၎င်း၊ ဤဘဝ၌ပြုအပ်သော ဥပဃာတကကံကြောင့်၎င်း၊ အနာဆိုး ရောဂါဆိုးတို့နှင့် တွေ့ကြုံသေရခြင်း, မြေမျို၍သေရခြင်း, မိုးကြိုး ထိ၍ သေရခြင်း စသည်များသည် ဥပစ္ဆေဒကမရဏ မည်၏။

**အာယုက္ခယ မရဏ တခုသာ ရှိသင့်,မရှိသင့်။** ။ဤ၌ စောဒနာဖွယ် ရှိသည် ကား—သေသောသူအလုံးစုံ တို့မှာ ဘဝကိုဖြစ်စေတတ်သော ကံသည် ကုန်လေသည်သာ ကေန် မဟုတ်ပါ လော။ ထိုကြောင့် ကမ္မက္ခယမရဏ တခုသာလျှင် ရှိသင့်သည် မဟုတ်ပါလော။ အာယုက္ခယ, ဥဘယက္ခယ, ဥပစ္ဆေဒကတို့ ရှိဖွယ်မသင့်ကုန်သည် မဟုတ်ပါ လော။ ဤသို့ စောဒနာလျှင် ဤသို့ပြောကြား ရှင်းလင်းရာ၏။ မိမိသဘော အားဖြင့် ကံ၏အစွမ်း ကုန်လေသည်ကိုသာလျှင် ကမ္မက္ခယဟူ၍ ဤအရာ၌ အလိုရှိအပ်၏။ အခြားအကြောင်းများကြောင့် မတတ်သာလှ၍ ကံစွမ်း ကုန်ရသည်ကို မဆိုလို။

**အသက်တမ်းဖြစ်ပေါ်ပုံ အကြောင်းများ။** ။ထင်ရှားစေအံ့—ဆယ်နှစ်တမ်း, တရာတမ်း,တသိန်းတမ်း,အသင်္ချေ တမ်းစသော ထိုထိုသတ္တဝါတို့၏ အသက်တမ်းကို စီရင်ဖန်ဆင်းသော လက် သည်တို့ကား အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆံလျက်ရှိကုန်သော သတ္တဝါ တို့၏ အဇ္ဈတ္တသန္တာန်၌သော်၎င်း၊ ဗဟိဒ္ဓသန္တာန်၌သော်၎င်း ဖြစ်ကြကုန်သော ဥတု, အာဟာရတို့ပေတည်း။ ထို ဥတု,အာဟာရတို့သည် ထိုထိုအသက်တမ်း၏ တည်ဘို့မှု, တိုးပွါးမှု, ဆုတ်ယုတ်မှုများကို ပြုတတ်ကုန်သဖြင့် (၁) ဌိတိကရ, (၂) ဝုဍ္ဎိကရ, (၃) ဟာနိကရ ဥတုအာဟာရတို့ဟူ၍ သုံးပါးရှိကုန်၏။

ထိုတွင် လောကကြီး၌ အကုသိုလ်တရားတို့ ကြီးပွါးကုန်သည်ရှိသော် အသက်တမ်းဆုတ်ယုတ်မှုကို ပြုတတ်ကုန်သော ဟာနိကရ ဥတုအာဟာရတို့သည်လည်း ကြီးပွါးကြကုန်၏။

ကုသိုလ်တရားတို့ ကြီးပွါးကြကုန်သည်ရှိသော် အသက်တမ်း တိုးပွါးမှုကို ပြုတတ်ကုန်သော ဝုဍ္ဎိကရ ဥတုအာဟာရတို့သည်လည်း ကြီးပွါးကြကုန်၏။

ကုသိုလ် အကုသိုလ်နှစ်ပါးတို့သည် အညီအမျှ တည်တံ့ကြကုန်သည်ရှိသော် အသက်တမ်းတည်တံ့မှုကို ပြုတတ်ကုန်သော ဌိတိကရ ဥတုအာဟာရတို့သည် လည်း အညီအမျှ ဖြစ်ကြကုန်၏။

ထိုသုံးပါးသော ဥတုအာဟာရတို့ကြောင့် ရံခါ အသက်တမ်းဆုတ်ခြင်း၊ ရံခါ အသက်တမ်း တည်တံ့ခြင်း၊ ရံခါ အသက်တမ်း တိုးတက်ခြင်းများ ဖြစ်ရကုန်သည်။

ထိုသုံးပါးသော ဥတုအာဟာရတို့သည် ထိုထိုသတ္တဝါအမျိုး ဇာတ်တို့ကို လွှမ်းမိုးကြကုန်လျက် အသက်တမ်းကို ပိုင်းခြားကြကုန်၏။ ထို့ကြောင့် အသက် အသချေ်ရှည်စေနိုင်သော စကြဝတေးမင်းကြီး၏ဘဝကို ဖြစ်စေနိုင်သော ကံပင် ဖြစ်စေကာမူ ဆယ်နှစ်တမ်းကာလ၌ အကျိုးပေးခွင့်ရလျှင် ထိုခေတ်အခါနှင့် လျော်သော စည်းစိမ်ချမ်းသာနှင့် အစိုးရမှုများကို အကျိုးပေး၍ အသက် ဆယ်နှစ်ရှိလျှင် စုတိရ၍ ကံ၏အကျိုး ကုန်ဆုံးလိမ့်မည်သာ ဖြစ်၏။

ထိုထို ခေတ်ကာလအားလျော်စွာပင် ကံလည်း အကျိုးပေးရလေ၏။ အန္တိမဘဝိက သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူသော ဘုရားအဖြစ်ကိုရသော ဘဝ၌ အကျိုးပေးသောကံသည် အသက်အသချေ်တိုင်အောင် အကျိုးပေးနိုင် မည် မချွတ် ဖြစ်၏။ သို့ရာတွင် အလုံးစုံသော သတ္တဝါတို့နှင့် ဆက်ဆံလျက်ရှိသော ဥတုအာဟာရများ၏ ဩဇာအာဏာကို မလွန်နိုင်လေသဖြင့် ငါတို့ ဂေါတမမြတ်စွာဘုရားသည် ရှစ်ဆယ်မျှသာ အသက်ရှိတော်မူ၏။ ထို့ကြောင့် မဟာပဒါနသုတ် အဋ္ဌကထာ၌—

“သဗ္ဗေ ဗုဒ္ဓါ အသချေ်ယျာယုကာ၊ တေ ကသ္မာ အသချေ်ယျံ န အဋ္ဌံသူတိ။ ဥတုဘောဇနဝိပတ္တိယာ။ ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ ဝဍ္ဎတိပိ”။

ဟူ၍ ဆို၏။ ထိုသို့သော သဘောအဓိပ္ပါယ်များသော ဥတုဇရုပ်၊ အာဟာရဇရုပ် အစဉ်တို့သည် အာယုကပ် အသက်တမ်းအားလျော်စွာ ကိုင်းရှိုင်းကြကုန်သည်ရှိသော် အလွန်တရာ ကြီးကျယ်လှစွာသော ကံကြီးသော်မူလည်း မိမိ၏အကျိုးပေးရာ၌ မရှိခြင်းကြောင့် ကုန်ဆုံးရလေ၏။ ထိုသို့ ကုန်ဆုံးမှု

သည် မိမိ၏သဘောအားဖြင့် ကုန်ဆုံးသည် မမည်။ အသက်တမ်းအားလျော်စွာ ဖြစ်ကုန်သော ဥတုအာဟာရတို့ကို မလွန်ဆန်နိုင်ကုန်သဖြင့် ကုန်ဆုံးရလေသောကြောင့် ကမ္မက္ခယဟူ၍ မဆိုရ၊ အာယုက္ခယဟူ၍သာ ဆိုရ၏။

**ဥပစ္ဆေဒကမရဏ ဖြစ်ကြောင်းများ။** ။ဥပစ္ဆေဒက မရဏာ၌လည်း ဤနည်းအတိုင်း အဓိပ္ပါယ်ယူပုံကို သိရာ၏။ ဥပစ္ဆေဒကမရဏကို အကာလမရဏဟူ၍လည်း ဆိုကြ၏။ ထိုဥပစ္ဆေဒကမရဏသည် ဥပဃာတကကံကြောင့်လည်း ဖြစ်၏။ အခြားသော များစွာသော အကြောင်းတို့ကြောင့်လည်း ဖြစ်၏။

"အခြားသောအကြောင်းတို့"ဆိုသည်ကား ဝိသမပရိဟာရဇ, ဩပက္ကမိကစသော အကြောင်းတို့ ပေတည်း။

**ဝိသမပရိဟာရဇ** ဆိုသည်ကား ဆင်ခြင်စဉ်းစားတတ်သော နိသမ္မကာရီဉာဏ်မှ ကင်းကုန်သဖြင့် မသင့်မလျော်သော ပျက်စီးဖွယ် အကြောင်းမျိုးတို့၌ မိမိကိုယ်ကို မိမိ တိုက်တွန်းလေကုန်သဖြင့် ထိုထို သစ်ပင်ထက်, တောင်ထက်စသည်မှ ချော်ချွတ်လိမ့်ကျခြင်း၊ ထိုသို့အရပ်၌ တိမ်းလည်းမှောက်ခုံဖြစ်ခြင်းစသည်တို့ ပေတည်း။

ဩပက္ကမိကဆိုသည်ကား မိမိသည်ရင်း၊ မိမိမှတပါး မင်းစိုးရာဇာ, သူခိုးရန်သူ, သားရဲ, နတ် စသည်တို့၏ မတော်မတရား ပြုလုပ်မှုကြောင့် ဖြစ်ပေါ်သော အရာတို့ပေတည်း။ ချဲ့အံ့—တန်းခိုးရှိသော နတ်တို့သည် ပြင်းစွာ အမျက်ထွက်ကြကုန်သည်ရှိသော် အလုံးစုံသော တိုင်းကြီးကိုရင်း, မြို့ကြီးကိုရင်း, ကျွန်းကြီးကိုရင်း တပြိုင်နက် တချက်တည်း အကြွင်းမဲ့ ဖျက်ဆီးနိုင်ကုန်၏။ ဒဏ္ဍကတိုင်း, မဇ္ဈိမတိုင်း, ကလိင်္ဂတိုင်း, မာတင်္ဂတိုင်းတို့၏ နတ်တန်းခိုးကြောင့် ပျက်စီးမှုများကို ထောက်၍သိလေ၊ထိုနတ်တို့သည် အမျက်ထွက်ကုန်သည်ရှိသော် သူရဲသံဘက်တို့ကိုလည်း လွှတ်ကုန်၏၊ ဘီလူးတို့ကိုလည်း လွှတ်ကုန်၏၊ လူတို့ကို စားစေကုန်၏။ ဝေသာလီပြည်၌ ဘေးကြီး ၃-ပါး သင့်သောအခါကို ထောက်၍ သိလေ။ ရက္ခိုသ်တို့ကို လွှတ်ကုန်၏။ သောဏ,ဥတ္တရမထေရ်နှစ်ပါးတို့ သာသနာပြုရာ သုဝဏ္ဏဘုမ္မိတိုင်းကို ထောက်၍သိလေ။

ထိုကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်၌ "ယက္ခာ ဝါဠေ အမနုဿေ ဩဿဇ္ဇန္တိ၊ တေန ဗဟူ မနုဿာ ကာလံကရောန္တိ"ဟူ၍ ဟောတော်မူ၏။ အဋ္ဌကထာ၌လည်း "ယက္ခာတိ ယက္ခာဓိပတိ နော။ ဝါဠေ အမနုဿေ ဩဿဇ္ဇန္တီတိ စဏ္ဍယက္ခေ မနုဿပထေ ဝိဿဇ္ဇေန္တိ၊ တေ လဒ္ဓေါကာသာ မဟာဇနံ ဇီဝိတက္ခယံ ပါပေန္တိ" ဟူ၍ ဖွင့်ဆို၏။

အဓိပ္ပါယ်ကား—လူတို့အပေါ်၌ နတ်မင်းကြီးတို့သည် သနားညှာတာသဖြင့် စောင့်ရှောက်လျက် ရှိနေကြကုန်၏။ အကြင်အခါကာလ၌ လူတို့သည် မညီမညွတ် မသင့်မတင့် အကျင့်များကုန်သဖြင့် လူတို့အပေါ်၌ အကြည်ညိုပျက်ကြကုန်သောကြောင့် ရှေးကကဲ့သို့ စောင့်ရှောက်ခြင်း မပြုလေကုန်။ ဘီလူးသံဘက်တို့ကို အလိုရှိတိုင်း ပြုကြကုန်ဟု စေလွှတ်ကုန်သည် ဟူလို။ ဤသို့ပြဆိုအပ်ပြီးသော အကြောင်းတို့ကြောင့် လေရမှုသည် ဥပစ္ဆေဒကမရဏမည်ပေ၏။

ဆက်ဦးအံ့—ဤလောက၌ အသက်ကို ဖျက်ဆီးတတ်ကုန်သော အမှတ်မရှိ အမျိုးမျိုးသော အနာ, ရောဂါ, ဘေး, ဥပဒ္ဒဝ, ဒဏ္ဍတို့သည် ထင်ရှားကြကုန်၏။ ထို အနာရောဂါစသည်တို့သည် မိမိကံကြောင့် ဖြစ်ပေါ်၍ မိမိ၏ကိုယ်ခန္ဓာသို့ ရောက်မှ မိမိနှင့်ဆက်ဆံသည်ဟူ၍ မဆိုရကုန်။ သူတပါးတို့ကံကြောင့် ဖြစ်ကုန်သော်လည်း မိမိနှင့် ဆက်ဆံလျက် ရှိကုန်၏ဟူ၍ မှတ်အပ်ကုန်၏။ မိမိကံကြောင့် ဖြစ်ကုန်သော်လည်း သူတပါးတို့နှင့် ဆက်ဆံကုန်လျက် ရှိကုန်၏ဟူ၍ မှတ်အပ်ကုန်၏။ ကံနှင့်ကင်း၍ တစုံတခုသောအကြောင်းကြောင့် ဖြစ်ပေါ်ကုန်သော်လည်း မိမိနှင့်တကွ အလုံးစုံသောသူတို့နှင့် ဆက်ဆံ၏ဟူ၍ မှတ်အပ်ကုန်၏။ အလုံးစုံသော သတ္တဝါတို့၏ကံကြောင့် ဖြစ်ပေါ်ကြကုန်မှုကား ဆိုဖွယ်မရှိပြီ။ ဤအဓိပ္ပါယ်ကိုရည်၍ ဝိသုဒ္ဓိမဂ်၌—

"ယထာ စတုမဟာပထေ ဌပိတေ လက္ခမှိ သဗ္ဗဒိသာဟိ အာဂတာ သရ, သတ္တိ, တောမရ, ပါသာဏာဒယော နိပတန္တိ။ ဧဝံ ကာယေပိ သဗ္ဗုပဒ္ဒဝါ နိပတန္တိ" ဟူ၍ ဆို၏။

အနက်ကား—စတုမဟာပထေ၊ လမ်းမကြီးလေးခုပေါင်းဆုံရာ၌။ ဌပိတေ၊ စိုက်ထားအပ်သော။ လက္ခမှိ၊ မှတ်တိုင်ကြီး၌။ သဗ္ဗဒိသာဟိ၊ အားလုံးသော အရပ်မျက်နှာတို့မှ။ အာဂတာ၊ ရောက်လာကုန်သော။ သရ, သတ္တိ, တောမရ-ပါသာဏာဒယော၊ မြှား, လှံ, ခက်ရင်း, ကျောက်ခဲ စသည်တို့သည်။ နိပတန္တိ ယထာ၊ ကျရောက် ထိမှန်ကြကုန်သကဲ့သို့သာလျှင်။ ဧဝံ၊ ဤအတူ။ ဣမသ္မိံ ကာယေပိ၊ ဤကိုယ်ကာယကြီး၌လည်း။ သဗ္ဗုပဒ္ဒဝါ၊ အလုံးစုံသော ဘေးဥပဒ္ဒဝေါတို့သည်။ နိပတန္တိ၊ ကျရောက် ထိမှန်ကြကုန်၏။ အဓိပ္ပါယ်လွယ်ပြီ။

ဆိုအပ်ပြီးသော ဘေးဥပဒ်တို့သည် အကြင်မြို့ရွာနိုင်ငံတို့၌ ဖြစ်ပွါးကျရောက်ကြကုန်၏။ ထိုမြို့ရွာနိုင်ငံရှိ လူအပေါင်းတို့သည် အကြောင်းကြောင်း အရာရာတို့၌ လိမ္မာဉာဏ်ကင်းကြကုန်သဖြင့် ကုစားခြင်းငှါသော်၎င်း၊ ပယ်ရှားခြင်းငှါသော်၎င်း မတတ်နိုင်ကြကုန်သည်ဖြစ်အံ့။ ဖြစ်ပေါ်လာသော ဘေးဥပဒ်တို့သည် ကြီးစွာသော အကျိုးမဲ့ကြီးကို ပြုကုန်လိမ့်မည်သာ မချွတ်ဖြစ်၏။ လူအပေါင်း

တို့သည် ဥပစ္ဆေဒကကံ မနှိပ်စက်အပ်ကုန်သော်လည်း ထိုဘေးတို့မှ လွတ်နိုင်ကြမည် မဟုတ်ကုန်၊ သေသော်လည်း သေကုန်ရာ၏။ သေလုမျှောပါးသော ဒုက္ခကို ခံသော်လည်း ခံရကုန်ရာ၏။ ကုသိုလ်ကံပင် ဖြစ်သော်လည်း မိမိထက်အားကြီးသော အကြောင်းတခုခုမှ ဖြစ်ပေါ်လာသော ရောဂါဥပဒ်များကိုင်း, ဘေးဒဏ် အန္တရာယ်များကိုင်း တားမြစ်ခြင်းငှါ မစွမ်းနိုင်ချေ။ ဘေးဥပဒ်တို့ကသာလျှင် ထို ကုသိုလ်ကံကို တွန်းလှန်ဖြိုဖျက်၍ အတင်းနှိပ်စက်ကုန်ရာ၏။ ရေသည် မီးကို ငြိမ်းစေတတ်သည် ဆိုသော်လည်း ထိုရေသည် မိမိထက် အားအင်ကြီးမားသော မီးကို ငြိမ်းစေနိုင်သည် မဟုတ်။ မီးကသာလျှင် မိမိကို တွန်းလှန်ဖြိုဖျက်၍ အတင်းနှိပ်စက်လိမ့်မည်သာ ဖြစ်သကဲ့သို့ မှတ်။ ဤပြဆိုခဲ့ပြီးသော အကြောင်းတို့ဖြင့် သေမှုများသည် အကာလမရဏ, ဥပစ္ဆေဒကမရဏတို့သာတည်း။

**ကံကိုသာ မရိုးသင့်ကြောင်း။** ။ထိုကြောင့် သေခြင်းဟူသမျှသည် ကံကြောင့်သာလျှင် သေ၏, ကံကုန်၍သေ၏ဟူ၍ အမြဲအစွဲ ကံကိုသာလျှင် ရိုး၍မနေရာ။ အကယ်၍ ကံကိုသာလျှင် အမြဲရိုးလျှင် ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဖြစ်တတ်ချေ၏။ (ပုဗ္ဗေကတဟေတုဒိဋ္ဌိ အကြောင်းသည် သမ္မာဒိဋ္ဌိဒီပနီကျမ်း၌ ထင်ရှားစွာရှိလေပြီ)။

**ငရဲဘုံ၌လည်း ဥပစ္ဆေဒကမရဏရှိပုံ။** ။ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ အချို့သော ပြိတ္တာတို့သည် လူ့ပြည်၌ ရှိရစ်ကြကုန်သော ဆွေမျိုးဉာတိတို့က အလှူပေး၍ အမျှဝေသည့်အခိုက် ထိုကုသိုလ်အဘို့ကို ဝမ်းမြောက်ခြင်း သာဓုခေါ်ခြင်း ပတ္တိဒါနဖြစ်၍ ထိုခဏ၌ပင် စုတိ၍ သုဂတိဘုံ၌ ဖြစ်ကြရကုန်၏။ ထိုပြိတ္တာတို့၏ စုတိမှုသည် ကုသိုလ်ကံ သတ်ဖြတ်၍ သေမှုဖြစ်သောကြောင့် ဥပစ္ဆေဒကမရဏဟူ၍ ဆို၏။ ဤသို့ဆိုသော ဝိသုဒ္ဓိမဂ်ဋီကာဆရာ၏ စကားကို ထောက်၍ ယမမင်းကြီး စစ်ဆေးမေးမြန်းစဉ်အခါ ကောင်းမှုကို သတိရ၍ ထိုခဏ၌ပင် စုတိ၍ သုဂတိဘဝသို့ ပြန်ရောက်လာသော ငရဲသူ, ငရဲမီးလျှံ, ငံရဲသံတို့ကို တွေ့မြင်ကြားသိရ၍ ကံအားလျော်စွာ ရှုတ်တရက် ကောင်းမှုကို အမှတ်ရသဖြင့် စုတိ၍ သုဂတိဘုံသို့ ပြန်လာသော ငရဲသူတို့၏သေမှု စုတိများကိုလည်း ဥပစ္ဆေဒကမရဏဟူ၍ဆိုထိုက်၏။ ထိုကြောင့် ငရဲဘုံ၌လည်း ဥပစ္ဆေဒကမရဏရှိသည်ပင် ဖြစ်၏။

**နတ်ပြည်ခြောက်ထပ်၌ ဥပစ္ဆေဒကမရဏရှိပုံ။** ။ရှုတ်တရက် မြေမျို၍ အဝီစိသို့ ကျရောက်သော ဝသဝတ္တိဒုသိမာရ်နတ်, တာဝတိံသာဘုံရှိ အဓမ္မနတ်သား, သုပြဟ္မ နတ်မင်းကြီး၏ နတ်မိဖုရားငါးရာတို့၏ နတ်ပန်းပင်ထက်က ရှုတ်တရက် စုတိ၍ အဝီစိသို့ ကျရောက်လေသောအချက်။ စာတုမဟာရာဇ်, တာဝတိံသာတို့၌ အချင်းချင်း

အမျက်ထွက်၍ သေကြသော မနောပဒေါသိကနတ်, နတ်ပြည် ခြောက်ထပ်လုံး၌ အပျော်အပါးအားကြီး၍ စားချိန်ကို မစားမိလေသဖြင့် သေကြရကုန်သော ခိဍ္ဍာပဒေါသိကနတ်, ဘေးမဲ့ပေးရန် အလှူခံလာသော ရသေ့ငါးရာတို့ကို ပြစ်မှားမိသည့်အတွက် ရောဂါဆိုးကြီးစွဲကပ်၍ မကြာမီ သေရလေသော ဝေပစိတ္တိအသုရိန်တို့၏ သေမှုများသည်လည်း ဥပစ္ဆေဒကမရဏများ ပေတည်း။ ထိုကြောင့် နတ်ပြည်ခြောက်ထပ်၌လည်း ဥပစ္ဆေဒကမရဏ ရှိလေသည်ပင်ဟု မှတ်ရာ၏။

**ဥတ္တရကုရုကျွန်း၌ ဥပစ္ဆေဒကမရဏရှိသင့်ကြောင်း။** ။နတ်ပြည်တို့၌ ဥပစ္ဆေဒကမရဏရှိလျှင် လူ့ဘုံ ဖြစ်သော ဥတ္တရကုရုကျွန်း၌လည်း မချွပင် အကာလမရဏ, ဥပစ္ဆေဒကမရဏ ရှိလိမ့်မည်သာဖြစ်၏။ ထိုကြောင့် "ဌပေတွာ ပန နေရယိကာနံ ဥတ္တရကုရုဝါသီနံ ကေသဉ္စိ ဒေဝါနဉ္စ န ဟောတိ" ဟူသော ပါဠိဖြင့် ဥပစ္ဆေဒကမရဏသည် ငရဲသူတို့အားငှင်း၊ ဥတ္တရကုရုကျွန်းသူတို့အားငှင်း၊ အချို့သောနတ်တို့အားငှင်း မဖြစ်ဟူ၍ ဆိုသော အချက်ကို ဆင်ခြင်သင့်၏။

**ဗြဟ္မာ့ပြည်၌လည်း ဥပစ္ဆေဒကမရဏရှိသင့်ပုံ။** ။ထိုပြင် အသက်ရှည်ကြသော နတ်ပြည် ဗြဟ္မာပြည်တို့၌ ဖြစ်ရသော အလောင်းတော်ကြီးတို့သည် ထိုဘုံတို့၌ ပါရမီအဖြစ် နည်းသဖြင့် ငြီးငွေ့ကုန်ရကား စုတိ၍ လူ့ပြည်သို့ သက်ကြကုန်၏။ ထိုသို့ စုတိမှုကိုလည်း ဥပစ္ဆေဒကမရဏ၌ပင် သွတ်သွင်းအပ်၏။ ဤကိုထောက်၍ ဗြဟ္မာဘုံ၌လည်း ဥပစ္ဆေဒကမရဏ ရှိလေသည်ပင်ဟု ကြံဖွယ်ရှိ၏။

ဂေါဓိကမထေရ်တို့၏ မိမိကိုယ်ကို မိမိ ထားဖြင့် သတ်၍ ပရိနိဗ္ဗာန်စံယူ စုတိမှုများသည်လည်း ဥပစ္ဆေဒကမရဏပင်တည်း။ အမိဝမ်း၌ ကိန်းအောင်းတည်နေခိုက်ဖြစ်သော သူငယ်၏ ဝါယောဓာတ်ကြောင့် သေကျေပျက်စီးမှု ပိုးသတ္တဝါနှိပ်စက်မှုကြောင့် သေကျေပျက်စီးမှု ဥပစ္ဆေဒကကံကြောင့် သေကျေပျက်စီးမှုများသည်လည်း ဥပစ္ဆေဒကမရဏပင်တည်း။

**ကိုယ်ဝန်ပျက်ခြင်း ၃-မျိုး။** ။ဂဗ္ဘော ဟိ ဝါတေန ပါဏကေဟိ ကမ္မုနာ စာတိ တီဟိ ကာရဏေဟိ ဝိနဿတိ။

သီလက္ခန်အဋ္ဌကထာ။

ဟိ၊ မှန်၏။ ဂဗ္ဘော၊ ကိုယ်ဝန်သူငယ်သည်။ ဝါတေန၊ ဖောက်ပြန်သော ဝါယောဓာတ်ကြောင့်ငှင်း။ ပါဏကေဟိ၊ ပိုးသတ္တဝါတို့ကြောင့်ငှင်း။ ကမ္မုနာစ၊ ဥပစ္ဆေဒကကံကြောင့်ငှင်း။ ဣတိ၊ ဤသို့။ တီဟိ ကာရဏေဟိ၊ အကြောင်းသုံးပါးတို့ကြောင့်။ ဝိနဿတိ၊ ပျက်စီး၏။ ဤကားအနက်။

## မရဏာသန္နဇောဧ် အာရုံနိမိတ်များ

**သေခါနီး နိမိတ် ၃-မျိုး။** ။သေခါနီးသို့ ဆိုက်၍နေသော ပုဂ္ဂိုလ်အား (၁) ကံ (၂) ကမ္မနိမိတ် (၃) ဂတိနိမိတ် ဟူ၍ ဆိုအပ်သော နိမိတ်သုံးပါးတို့တွင် တပါးပါး ထင်လာကုန်၏။

(၃၄၅) **အကုသိုလ်နှင့်၊ ကုသိုလ်ကမ္မ၊ ဇနက၊ ခွင့်ရ ရှေးရှုကံ။**

ဤဖြင့် ကံအာရုံကို ပြဆို၏။

**ကံအာရုံ။** ။မိမိသန္တာန်မှာ ပါရှိ၍နေသော ယခုအခါ အကျိုးပေးခွင့်ကို ရရှိသဖြင့် အသင့် ရှေးရှုတည်ရှိသော အကုသိုလ်ဇနကကံ, ကုသိုလ်ဇနကကံများသည် ဤအရာ၌ ကံအာရုံမည်၏။

(၃၄၆) **ကံပြောက်ကြောင်းဟူ၊ ဆောက်အဦ၊ မှတ်ယူ နိမိတ္တံ။**

ဤဖြင့် ကမ္မနိမိတ်အာရုံကို ပြဆို၏။

**ကမ္မနိမိတ်အာရုံ။** ။ကံကို ပြုစဉ်အခိုက် ဆိုက်ပြီးမြောက်ရန် အဆောက်အဦ ဖြစ်သော တုတ်, လှံ စသော အာရုံခြောက်ပါး။ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်စသော အာရုံခြောက်ပါးသည် ကမ္မနိမိတ်မည်၏။ လယ်ဒွါရသံယုတ်၌ "ဂဝါဒိနိ ဝဓိတဗ္ဗာ ရာသိကတာနိ အင်္ဂုပဋ္ဌာဒိနိ ကမ္မနိမိတ္တာနိ ဉပဋ္ဌဟန္တိ" ဟူ၍ အဋ္ဌကထာဆရာ ဆိုသောကြောင့် ကံမြောက်ကြောင်း အဆောက်အဦသာလျှင် ကမ္မနိမိတ် မဟုတ်။ ထိုကံနှင့်စပ်လျဉ်းသမျှ ဝတ္ထုအာရုံတို့သည်လည်း ကမ္မနိမိတ်မည်ကုန်၏ဟူ၍ မှတ်အပ်၏။

(၃၄၇) **လားမည့်ဂတိ၊ ထိုမှာရှိ၊ ဂတိ နိမိတ္တံ။**

ဤဖြင့် ဂတိနိမိတ်ကို ပြဆို၏။

**ဂတိနိမိတ်။** ။ကံအားလျော်စွာ ဖြစ်လတ္တံ့သော ဘဝနိမိတ်သည် ဂတိနိမိတ်မည်၏။ သုဂတိနိမိတ်ဖြစ်လျှင် နတ်သမီး,ဘုံဗိမာန်,နတ်ပဒေသာပင်, ရေကန်, ဉယျာဉ် စသည်တို့ ထင်လာကုန်၏။ ဒုဂ္ဂတိနိမိတ်ဖြစ်လျှင် ငရဲမီး, ငရဲခွေး, တော, တောင်, ပင်လယ် စသည်တို့လည်း ထင်လာကုန်၏။ ရဲခါ ရဲဖန် လူနက်ကြီးတို့သည် မိမိကို အတင်းဆွဲကြမည် အဟန် ထင်လာတတ်၏။ ထိုသို့ ပြဆိုအပ်ပြီးသော နိမိတ်သုံးပါးတို့တွင် တပါးပါးသော နိမိတ် အာရုံသည် သေခါနီးသို့ရောက်သော သတ္တဝါအား ထင်လာတတ်ချေ၏။ ထိုကြောင့်—

(၃၄၈) **ထိုသုံးပါးတွင်၊ တအင်အင်၊ ထင်မြဲ ထုံးအမှန်။**

ဟူ၍ ဆိုပေသည်။

**နိမိတ် ထင်လာကြောင်းများ။** ။ထိုသို့ထင်လာမှုသည် ကံ၏အစွမ်းကြောင့်လည်း ထင်လာတတ်၏။ ထိုပြင် ဉာတိမိတ္တစသော သူတို့၏ ပယောဂစသည်တို့ကြောင့်လည်း ထင်လာတတ်ကုန်၏။ အကျိုးပေးလတ္တံ့သော ကံ၏အစွမ်းအားဖြင့် နိမိတ်ထင်မှုမည်သည် တွေတွေဝေဝေ သမ္မူဠ္ဌမရဏဖြင့် သေရသောသူ၊ မုဋ္ဌဿတိဖြစ်၍ သတိလွတ်ကင်းသော လူဖျင်းတို့အားသာလျှင် ဖြစ်ရ၏။ ထိုသို့မဟုတ် သတိခိုင်မြဲစွာနှင့် မတွေမဝေ သေရသောသူတို့မှာမူကား ကံ၏အစွမ်းကြောင့် ထင်မှုမည်သည် နည်းပါးရာ၏။ ထိုသူတို့အား သူတပါးတို့၏ ပယောဂဖြင့် ထင်စေအပ်သော အာရုံကိုပင် အာရုံပြု၍ သေနိုင်ကုန်၏။ မိမိ မပြတ် လေ့ကျက်အပ်သော အာရုံသည်လည်း ထင်လာတတ်၏။ ထိုသို့ ထင်မှုသည် ကံ၏သတ္တိကြောင့် ထင်မှု မဟုတ်ချေ။ ဓမ္မိကဉပါသကာ စသည်တို့ကဲ့သို့ မသေမီကပင် နတ်ပြည်က စောင့်ဆိုင်း၍ ယူလာကုန်သော သူတို့အား နတ်တို့၏ အာနုဘော်ကြောင့်လည်း နိမိတ်ထင်နိုင်၏။ ရေဝတီ စသည်တို့ကဲ့သို့ ငရဲသားတို့ အတင်းဆွဲခြင်းကို ခံ၍ စုတိရကုန်သော သူတို့အား ငရဲထိန်းတို့၏ အာနုဘော်ကြောင့်လည်း ထင်နိုင်၏။

**အသညသတ်မှ ကာမဘုံသို့လားရာ၌ နိမိတ်မထင်။** ။သေခါနီး၌ နိမိတ် ၃-ပါးတို့တွင် တပါးပါးထင်၏ဟူ၍ ဆိုသော်လည်း ယေဘုယျအားဖြင့်သာ ဆိုရလေသည်။ အသညသတ်ဘဝမှ ရုပ်စုတိဖြင့် စုတိ၍ ကာမဘုံသို့လာသော ပုဂ္ဂိုလ်တို့မှာ နိမိတ်ထင်ခွင့် မရှိလေပြီ။

**ရဟန္တာ၏မရဏာသန္နဝီထိ၌ နိမိတ်မထင်။** ။ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိ၌ ထင်လာသော အာရုံတို့ကို နိမိတ်သုံးပါးတို့တွင် တပါးပါးသော အာရုံဟူ၍ မဆိုထိုက်ကုန်။ အဘယ်ကြောင့်နည်းဟူမူ—နောင်တဖန် ဘဝသစ်၌ ဖြစ်ဖွယ်ကိစ္စ မရှိသောကြောင့်တည်း။ ထိုကြောင့် ထိုအာရုံကို ပဝတ္တိအခါ၌ဖြစ်သော အာရုံတို့ကဲ့သို့ သာမည အာရုံဟူ၍ ဆိုအပ်၏။

**ဒုဂ္ဂတိအာရုံနှင့် သုဂတိအာရုံ။** ။သုဂတိဘုံသို့ သွားလတ္တံ့သော ပုဂ္ဂိုလ်အား ကုသိုလ်နှင့် ဆိုင်သော ကောင်းမြတ်သော အာရုံတို့ ထင်လာကုန်၏။ ဒုဂ္ဂတိဘုံသို့ သွားလတ္တံ့သော ပုဂ္ဂိုလ်တို့အား အကုသိုလ်နှင့် ဆိုင်သော နိမိတ်ဆိုးတို့သည် ထင်လာကုန်၏။ ထိုကြောင့် အဋ္ဌကထာ၌—

သုဂတိဂါမိနံ ကုသလုပ္ပတ္တိပဟောဘုဘူတံ ပဏီတံ အာရမ္မဏံ အာပါတ မာဂစ္ဆတိ။

ဟူ၍ရှင်း။

ဒုဂ္ဂတိဂါမိနံ အကုသလုပ္ပတ္တိပဟောတုဘူတံ ဟီနာရမ္မဏံ အာပါတမာဂစ္ဆတိ။

ဟူ၍ရှင်း ဆို၏။

(၃၄၉) ထင်လာတုံက၊ ထိုအာရုံထဲ၊ တစဲစဲ၊ စွဲမြဲ စိတ်သန္တာန်။

**သေခါနီး၌ အချို့နိမိတ်အာရုံပြောင်းနိုင်ပုံ။** ။ထိုသို့ထင်လာသော အာရုံ၌သာ စိတ်တို့သည် တရစ်ဝဲဝဲ ကိုင်းရှိုင်း၍နေတတ်ကုန်၏။ ထိုသို့ တရစ်ဝဲဝဲနေ၏ ဆိုသော်လည်း အာရုံကို ပြောင်းလဲ၍ပေးလျှင် ရနိုင်သောအခွင့် ရှိသေး၏။ ထိုစကားမှန်၏။ အချို့သောသူတို့အား ကံ၏အစွမ်းကြောင့်ရှင်း, အခြားသော အကြောင်းကြောင့်ရှင်း, ရှေးဦးစွာ ဒုဂ္ဂတိဂါမိနိမိတ်အာရုံ ထင်လာသည်ရှိသော် ဒုဋ္ဌဂါမဏိမင်းကြီးကဲ့သို့ ပြုခဲ့ဘူးသော ကုသိုလ်အစု ကောင်းမှုအယဉ်တို့ကို နှလုံးသွင်း၍သော်ရှင်း, သောဏမထေရ်၏ ဖခင် ခမည်းတော်ကြီးကဲ့သို့ သေခါနီးဆဲဆဲ ခဏ၌ပင် လျှင် ကြည်ညိုဖွယ်ကောင်းသော ကုသိုလ်ကို ပြု၍သော်ရှင်း ရှေးထင်ရှင်း နိမိတ်ဆိုးတို့ကို ပယ်ဖျောက်၍ သုဂတိနိမိတ်တို့ကို ထင်စေနိုင်ကုန်၏။ သုဂတိ ဘဝသို့ သွားရကုန်၏။

ထိုအတူ အချို့သောသူတို့အားလည်း ရှေးဦးစွာ နိမိတ်ကောင်း ထင်လာ ပြီးမှ ဓမ္မာသောကမင်းကြီးကဲ့သို့ သေခါနီးဆဲဆဲအခါ တစုံတခုသော အကြောင်း ကြောင့် ဒေါမနဿကိုရှင်း၊ လောဘကိုရှင်း ဖြစ်စေ၍ အကုသိုလ်အကျိုးပေးခွင့် ရလေသဖြင့် တဖန် မကောင်းသော ပါပနိမိတ်တို့ကို ထင်စေတတ်ကုန်၏။ ဒုဂ္ဂတိဘဝသို့ ပစ်ချတတ်ကုန်၏။

**ကံနိမိတ်သည် အတိတ်သာ။** ။ထို ၃-ပါးသော နိမိတ်တို့တွင် ကံသည် အတိတ် စေတနာ အာရုံသာတည်း။ မနောဒွါရ၌ ထင်လာမြဲဖြစ်၏။ ထိုကြောင့်—

(၃၅၀) ကံအာရုံမှာ၊ အတိတ်သာ၊ ထင်ရာ မနောတည်း။

ဟူ၍ ဆိုတော်မူသည်။

**ကမ္မနိမိတ် ၂-မျိုး။** ။ကမ္မနိမိတ်သည် အတိတ်ကမ္မနိမိတ်, ပစ္စုပ္ပန်ကမ္မနိမိတ် ဟူ၍ နှစ်ပါးရှိ၏။

**အတိတ်ကမ္မနိမိတ်။** ။ချုပ်ဆုံး ပျောက်ကွယ်လေပြီးသော ကျောင်းသခ်မ်း စသော ကုသိုလ်ကမ္မနိမိတ်၊ ချုပ်ဆုံးပျောက်ကွယ်လေ ပြီးသော တုတ်လှံစသော အကုသိုလ်ကမ္မနိမိတ်စုသည် အတိတ်ကမ္မနိမိတ်မည်၏။ အာရုံအားဖြင့် ခြောက်ပါးပေတည်း။ ထိုအတိတ်ကမ္မနိမိတ်သည် မနောဒွါရ သက်သက်၌သာ ထင်လာ၏။ ထိုကြောင့်—

(၃၅၁) ကမ္မနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်ထွေ၊ ထင်လေ မနောတည်း။

ဟူ၍ ဆိုတော်မူသည်။

**ပစ္စုပ္ပန်ကမ္မနိမိတ်။** ။မချုပ်သေးဘဲ ထင်ရှားဆဲဖြစ်သော ကမ္မနိမိတ်စုသည် ပစ္စုပ္ပန်ကမ္မနိမိတ် မည်၏။ အာရုံအားဖြင့် ခြောက်ပါး ပင်တည်း။ ထို ပစ္စုပ္ပန်ကမ္မနိမိတ် အာရုံခြောက်ပါးသည် ခြောက်ဒွါရလုံး၌ ထင်နိုင်၏။ ထိုကြောင့်—

(၃၅၂) ယင်းနိမိတ္တံ၊ ပစ္စုပ္ပန်၊ ခြောက်တန် ဆဒွါရ။

ဟူ၍ဆိုတော်မူသည်။

**ဂတိနိမိတ်သည် ၆-ဒွါရ၌ ထင်နိုင်ပုံ။** ။ဂတိနိမိတ်သည် အာရုံခြောက်ပါးရှိ၏။ ထိုဂတိနိမိတ်ပစ္စုပ္ပန်သည် ခြောက်ဒွါရ လုံး၌ပင် ထင်နိုင်၏။ ထိုကြောင့်—

(၃၅၃) ဂတိခြောက်တန်၊ ပစ္စုပ္ပန်၊ ထင်နှံ ဆဒွါရ။

ဟူ၍ ဆိုတော်မူသည်။

**ဂတိနိမိတ်နှင့် အာရုံ, ကာလ, ဒွါရ။** ။ဤအရာ၌ ဂတိနိမိတ်အကြောင်းကို ဆိုဦးအံ့–အဋ္ဌကထာ၌ ဂတိနိမိတ်ကို အာရုံအားဖြင့် ရူပါရုံ,ကာလအားဖြင့် ပစ္စုပ္ပန်,ဒွါရအားဖြင့် မနောဒွါရ၌ ထင်၏ ဟူ၍သာ ဆို၏။ ထိုသို့ပင်ဆိုစေကာမူ ယုတ္တိကို ထောက်စာလျှင် နတ်ပြည် ခြောက်ထပ်မှ နတ်ရထားခြောက်ဆူတို့ဖြင့် မိမိတို့အထံသို့ သိုင်းသိုင်း ဝိုင်းဝိုင်း ညိုးညိုးညံညံ မွှေးမွှေးကြိုင်ကြိုင် ဧးဧးမြမြ လာကုန်သော အာရုံတို့ကို ဂတိနိမိတ် ပြု၍ စုတိကြကုန်သော ဓမ္မိကသီဘင်းသည်, ဒုဋ္ဌဂါမဏိမင်း စသည်တို့ကို ထောက်၍ ထိုဂတိနိမိတ်သည် ကမ္မနိမိတ်နှင့် တူစွာပင် အာရုံခြောက်ပါးလုံး ဖြစ်သင့်၏။ ပစ္စုပ္ပန်, အတိတ် ဖြစ်သင့်ကုန်၏။ ခြောက်ဒွါရတို့၌ ထင်နိုင်၏ဟု သိရာ၏။ ထိုသို့ ဂတိနိမိတ်နှင့် ကမ္မနိမိတ် သဘောတူ ဖြစ်ကြောင်းကိုလည်း "ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာလမ္ဗဏံ ဥပလဗ္ဘတိ" ဟူ၍ ဒွန္ဒဝါစက စ-သဒ္ဒါဆည်း၍ ကမ္မနိမိတ်နှင့် ဂတိနိမိတ်ကို အရှင်အနုရုဒ္ဓါ ဆရာ ဆိုတော်မူ၏။ ကံကိုမူကား ထူးသောအခိပ္ပါယ်ရှိလေသောကြောင့် "ကမ္မံ

ပန အတီတမေဝ”စသည်ဖြင့် ပက္ကန္တရဇောတက ပနသဒ္ဒါဖြင့် ငါကျပြောင်းလဲ၍ ဆိုတော်မူ၏။ ထိုသို့ ပြဆိုခဲ့ပြီးသောအတိုင်း စုတေကြကုန်သော ဓမ္မိကဥပါ-သကာ, ဒုဋ္ဌဂါမဏိမင်း စသည်တို့မှာ နတ်ရထား,နတ်သားစသည်တို့၏ အဆင်း ရူပါရုံကို နတ်တို့၏အာနုဘော်ကြောင့် ပသာဒစက္ခုဖြင့် မြင်အပ်၏။ နတ်ရထား သံ, နတ်တူရိယာသံ စသည်များကိုလည်း နားဖြင့် ကြားအပ်၏။ နတ်တို့၏ ဂန္ဓာရုံကိုသော်လည်း ဃာနပသာဒဖြင့် တွေ့အပ်၏။

ထို့အတူ ငရဲမှ မီးလျှံတက်ကာ လောင်မြိုက်၍ ပူပန်သောကိုယ်ဖြင့် မြေမျို၍ သေကြရကုန်သော ဒေဝဒတ်, နန္ဒလုလင် စသည်တို့အားငှင်း သင်ဝုန်းစက်တွင်း သို့ လတ်တလော သက်ဆင်းရသော မိတ္တဝိန္ဒကအားငှင်း,ဖောဋ္ဌဗ္ဗာရုံကို ကာယ ပသာဒဖြင့် တွေ့ထိအပ်၏။ ထိုကြောင့် ဂတိနိမိတ်သည်လည်း အာရုံခြောက်ပါး နှင့်ဆိုင်၍ ခြောက်ဒွါရမှာ ထင်နိုင်၏ဟု သိသာ၏။ ထိုပြင် အဆုံးစွန်သော ဝီထိ၏ ရှေ့အဘို့၌ ထင်နှင့်သော ပစ္စုပ္ပန်ဂတိနိမိတ်သည် နောက်နောက် ဝီထိ တို့၏ အာရုံဖြစ်လျှင် အတိတ်ဖြစ်နိုင်ပြန်၏။ ထိုကြောင့် ဂတိနိမိတ်သည် အတိတ် လည်းရှိ၏ဟု သိအပ်၏၊ ထိုသို့ အတိတ်ဖြစ်သော ဂတိနိမိတ်သည် မနောဒွါရ၌ ထင်ရမည်ဖြစ်၏။ ထို့ကြောင့်—

“ဂတိနိမိတ်၊ အတိတ်လွန်လေ၊ ပြားခြောက်ထွေ ထင်လေ မနောတည်း”

ဟူ၍ ဆိုသင့်သေး၏။

အဋ္ဌကထာသခင်၏ စကားကိုမူကား သန္တတိကိုရည်၍ ထိုဂတိနိမိတ်သည် ပစ္စုပ္ပန်ဟူ၍ ဆိုတော်မူသည်။ ထိုဂတိနိမိတ်၏ ပစ္စုပ္ပန်အဖြစ် မနောဒွါရဂ္ဂဟိတ အဖြစ်ကိုလည်း ယေဘုယျနည်းအားဖြင့် ဆိုတော်မူသည်ဟု အဓိပ္ပါယ်ယူသင့်၏။

သစ္စသံခိပ်,ဝိသုဒ္ဓိမဂ်ဋီကာတို့၌လည်း ဤသို့သောအဓိပ္ပါယ်မျိုးကို ဆိုလျက် ရှိလေ၏။ ( ဝီထိချပ်ပုံ, ပဋိသန္ဓေဖြစ်ပေါ်ပုံများမှာ ဝီထိမဥ္စရီကျမ်း မရဏာသန္န ခန်းတွင် ပါရှိလေပြီ )။

**ဘဝသစ်နှင့် အဝိဇ္ဇာ,တဏှာ,ကံဟူသော အကြောင်း ၃-ပါး။**　　။အဝိဇ္ဇာ,တဏှာ မကင်း မရှင်း သေးသဖြင့် ဘဝဘခုမှ စုတိလေသောပုဂ္ဂိုလ်အား စုတိနှင့်အခြားမရှိ အနန္တရ ပစ္စယုပ္ပန်အနေအားဖြင့် ဘဝသစ်၌ တဖန် ပဋိသန္ဓေဖြစ်ပေါ်ရပြန်၏။ ထိုသို့ ဘဝသစ်ကို ဖြစ်စေရာ၌ အဝိဇ္ဇာ, တဏှာ, ကံ ဟူ၍ အကြောင်းသုံးပါးရှိ၏။ ထိုသုံးပါးတို့တွင် အဝိဇ္ဇာသည် မရဏာသန္နအခါ၌ ထင်မြင်လာသော အာရုံသစ် ဘဝသစ်၏ အပြစ်များကို မထင်မမြင်နိုင်ရန် ဖုံးလွှမ်းလေ၏။ တဏှာသည် ထိုပုဂ္ဂိုလ်၏စိတ်အစဉ်ကို အာရုံသစ် ဘဝသစ်တို့သို့ ညွတ်စေ၏။ ကိုင်းရှိုင်းစေ၏။

ဇနကဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ထိုပုဂ္ဂိုလ်၏ ခန္ဓာအစဉ်ကို ဘဝသစ်၌ ချလေ၏။ ထို့ကြောင့်—

**(၃၅၃) အပြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ ကဏှာ ညွတ်စေမှု။**

**(၃၅၄) ကံသင်္ခါရ၊ ဇနက၊ ပစ်ချ ဖြစ်စေမှု။**

ဟူ၍ ဆိုတော်မူသည်။

**အဝိဇ္ဇာ, တဏှာ** တို့ကို အနုသယအခိုက် ရှိနေသည်တို့ကို ယူအပ်ကုန်၏။ အနုသယတို့မည်သည် ပဋိသန္ဓေသစ်ကို ဖြစ်စေရာ၌ အကုသိုလ်သင်္ခါရ၏ အဖော်သဟဲကြီးလည်း ဖြစ်ကုန်၏။ အကုသိုလ်သင်္ခါရ၏ အဖော်သဟဲကြီး ဖြစ်ပုံမှာ မှူကား ပြောဖွယ်မရှိပြီ။

**ကံသင်္ခါရ** ဆိုသည်ကို ပဋိသန္ဓေသစ်ကို ဖြစ်စေနိုင်သော စေတနာသင်္ခါရကိုင်း,ထိုနှင့် သမ္ပယုတ်ဖြစ်သော သင်္ခါရတို့ကိုင်း ယူအပ်ကုန်၏။ ထိုစေတနာသည် ပဋိသန္ဓေဝိညာဏ်အား နာနာက္ခဏိကကမ္မပစ္စည်း တပ်၏။ သမ္ပယုတ်သင်္ခါရတို့သည် ပဋိသန္ဓေ ဝိညာဏ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

**သင်္ခါရ။** ။တနည်းကား— မရဏာသန္နဇော၌ ပါရှိသော စေတနာကိုင်း၊ ထိုနှင့် သမ္ပယုတ်ဖြစ်သော ဖဿစသည်တို့ကိုင်း ဤနေရာ၌ သင်္ခါရဟူ၍ ဆိုအပ်ကုန်၏။ ထိုစကားမှန်၏။ ထိုသို့ပြအပ်သော သင်္ခါရတို့သည် ဇနကသတ္တိဖြင့် ပဋိသန္ဓေကို မဖြစ်စေနိုင်ကုန်သော်လည်း ဇနကကံတပါး၏ အကျိုးပေးခွင့်ကို စီမံဆောင်ရွက်၍ ပဋိသန္ဓေဖြစ်အောင် ပစ်ချတတ်ကြပေကုန်၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ "တဏှာအဝိဇ္ဇာနံ အပ္ပဟီနတ္တာ အဝိဇ္ဇာပဋိစ္ဆာဒိတာဒီနဝေ တသ္မိံ ဝိသယေ တဏှာ နာမေတိ၊ သဟဇာတသင်္ခါရာ ခိပန္တိ" ဟူ၍ဆို၏။

မူလဋီကာ၌လည်း "သဟဇာတသင်္ခါရာတိ စုတိအာသန္နဇဝနဝိညာဏသဟဇာတစေတနာ၊ သဗ္ဗေပိ ဝါ ဖဿာဒယော" ဟူ၍ ဖွင့်ဆို၏။

**အဝိဇ္ဇာ,တဏှာ,သင်္ခါရတို့ ဘဝသစ်ဖန်တီးပုံ။** ။အဆင်းတွင် တွန်းချလေသည် ဟူ၍ ဆိုသော စကားကဲ့သို့ သေခါနီးကာလအတွင်း အဝိဇ္ဇာ,တဏှာ,သင်္ခါရတို့သည် သတ္တဝါတို့ကို ဘဝသစ်တည်းဟူသော ချောက်ထဲသို့ အတင်း တွန်း၍ ချသည်နှင့် တူကုန်၏။ အဝိဇ္ဇာသည် အပြစ်ရှိသော်လည်း တစုံတရာအပြစ်ကို မမြင်အောင် ဖုံး၍ပေး၏။

တဏှာသည် သာယာဖွယ်မဟုတ်သော်လည်း သာယာဝေအောင် ဖြားယောင်း၏။ သင်္ခါရသည် အပြစ်မထင် ခင်မင်ဖွယ်ရာ ဟန်ဆောင်သော ဘဝသစ်၌ အတင်း တွန်း၍ ချပေ၏။

## စုတိ၏နောက်၌ ပဋိသန္ဓေနှောင်းပုံကို ပြဆိုပေလတ္တံ့

(၃၅၅) ဒု,သု,ဒွိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ တဆယ် ကာမသော။

**အဟိတ်စုတိနှင့် ဒွိဟိတ်စုတိနောင် ပဋိသန္ဓေများ။** ။ဒုဂ္ဂတိအဟိတ်စုတိ တခု၊ သုဂတိအဟိတ်စုတိ တခု၊ ဒွိဟိတ်စုတိ ၄-ခုတို့နောင် ကာမပဋိသန္ဓေ ၁၀-စီ နှောင်း၏။ ထိုပုဂ္ဂိုလ်တို့ စုတိလျှင် ကံအားလျော်စွာ ကာမ ၁၁-ဘုံ၌ ဖြစ်နိုင်၏။ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ်ဖြစ်နိုင်၏ ဟူလို။

ထိုပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေဉာဏ်ကင်းခြင်းကြောင့် ဈာန်ကို မရနိုင်ကြကုန်သဖြင့် ဗြဟ္မာဘုံ၌ မဖြစ်နိုင်ကြလေကုန်။

(၃၅၆) တိဟိတ်-ဒိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ နှစ်ဆယ် အကုန်ဟော။

**တိဟိတ်ဝိပါက်စုတိနောင် ပဋိသန္ဓေများ။** ။တိဟိတ်ဝိပါက်စုတိ ၄-ခုနောင် ပဋိသန္ဓေပေါင်း ၂၀ စီနှောင်း၏။ ပဋိသန္ဓေ ၂၀-ကား—ကာမပဋိသန္ဓေ-၁၀, ရူပပဋိသန္ဓေ-၅, အရူပပဋိသန္ဓေ-၄ အားဖြင့် နာမ်ပဋိသန္ဓေ ၁၉-ရှိ၏။ ၎င်းတွင် အသညသတ်ပဋိသန္ဓေဟု ဆိုအပ်သော ရုပ်ပဋိသန္ဓေတခုကို ထည့်၍ ပဋိသန္ဓေ ၂၀-ဖြစ်၏။ တိဟိတ်ပုဂ္ဂိုလ်စုတိလျှင် ကံအားလျော်စွာ ၃၁-ဘုံတို့တွင် ဘယ်မဆို သွားနိုင်၏ ဟူလို။ ရဟန္တာတိဟိတ်ဖြစ်လျှင် နိဗ္ဗာန်သို့ သွားလေ၏။

တိဟိတ်ပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေဉာဏ်ရှိကြကုန်သဖြင့် ဈာန် ၉-ပါးလုံးကို ရအောင် တတ်နိုင်ကုန်သောကြောင့် ဗြဟ္မာ့ပြည်တို့သို့လည်း သွားနိုင်ကုန်သည်။ မဂ်,ဖိုလ်တို့ကိုလည်း ရအောင် အားထုတ်နိုင်ကုန်သည်။ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်ကုန်သည်။ တိဟိတ်စုတိနောင် ပဋိသန္ဓေ ၂၀ ဆိုသော်လည်း ဈာန်ရတိဟိတ်, ဈာမရတိဟိတ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့ဖြင့် ဝေဖန်၍ သိလေ။

(၃၅၇) ငါး-ရူပဒိ၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ ဆယ်ခွန် ဒွိဟေတုကော။

ဤဖြင့် ရူပါဝစရစုတိနောက်၌ ပဋိသန္ဓေနှောင်းပုံကို ပြဆို၏။

**ရူပစုတိ နောင် ပဋိသန္ဓေများ။** ။ရူပါဝစရစုတိ ၅-ခုနောင် သဟိတ်ပဋိသန္ဓေ ၁၇-ခုသာ နှောင်း၏။ ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေ, သုဂတိအဟိတ်ပဋိသန္ဓေ, အသညသတ်ပဋိသန္ဓေများ မနှောင်းကုန်ပြီ။

ရူပပုဂ္ဂိုလ်တို့စုတိလျှင် ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်များ မဖြစ်နိုင်ကုန် ဟူလို။ အသညသတ်ဘုံ, အပါယ်လေးဘုံမှ ကြွင်းသော ၂၆-ဘုံတို့၌ ဖြစ်ကုန်၏။ သဟိတ်ပဋိသန္ဓေ ၁၇-ပါးတို့တွင် တပါးပါးဖြင့် ပဋိသန္ဓေတည်နေနိုင်ကုန်၏ ဟူလို။ ပုထုဇ္ဇန်,အရိယာအားဖြင့် ဝေဖန်လေဦး။

**ရူပဗြဟ္မာတို့စုတိနောင် အပါယ်မလားခြင်း။** ။ရူပါဝစရဘုံမှ စုတိသောပုဂ္ဂိုလ်တို့အား အားနည်းလှစွာသော ဒုစ္စရိုက်ကံသည် အကျိုးပေးခွင့် မရနိုင်ဟု မဆိုသင့်။ သို့သော်လည်း ထိုပုဂ္ဂိုလ်တို့သည် နီဝရဏတို့ကို ကောင်းစွာ ခွါကြကုန်သဖြင့် အပ္ပနာသို့ရောက်သော ဈာန်စိတ်အစဉ်ဖြင့် အမြဲမပြတ် ထုံစိမ်အပ်သော စိတ်အစဉ် ဒောအစဉ် ရှိကုန်သောကြောင့် ဇစ္စန္ဓစသောဘာကို ဖြစ်စေတတ်သော ဒွိဟိတ်ဥဿမကကံပင်သော်လည်း အကျိုးပေးခွင့်ကို မရလေ။ အကုသိုလ်၏ အကျိုးပေးခွင့်ကို မူကား ဆိုဖွယ်မရှိ။ ထိုကြောင့် ထိုရူပါဝစရဘုံမှ စုတိသောပုဂ္ဂိုလ်တို့သည် အဟိတ်များ မဖြစ်ကြလေကုန်သတည်း။

(၃၅၈) အရူပေ၊ စုတိမှနောက်၊ အောက်အရူ ရူ၊ ဒု,သု,ဒွိ,ပဉ်၊ ရှစ်,ခွန်,ခြောက်, ငါး၊ အငယ်အား၊ နှောင်းပြား သန္ဓိသေ။

ဤဖြင့် အရူပါဝစရစုတိ ၄-ခုနောက်၌ ပဋိသန္ဓေနှောင်းပုံကို ပြဆို၏။

**အရူပစုတိနောင် ပဋိသန္ဓေများ။** ။အရူပစုတိနောင် မိမိအရူပဘုံတွင်းမှာပင် အောက်အောက်ဖြစ်သော ပဋိသန္ဓေလည်း မနှောင်း၊ ရူပါဝစရ ပဋိသန္ဓေလည်း မနှောင်း၊ ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ် ပဋိသန္ဓေများလည်း မနှောင်းကုန်။ နှောင်းပုံမှာ—အာကာသာနဉ္စာယတနစုတိနောင် ကာမတိဟိတ်ပဋိသန္ဓေ ၄-ခု၊ အရူပပဋိသန္ဓေ ၄-ခုအားဖြင့် ရှစ်ခု နှောင်း၏။ ဝိညာဏဉ္စာယတနစုတိနောင် ယခင်ရှစ်ခုတွင် အာကာသာနဉ္စာယတန ပဋိသန္ဓေတခုကြဉ်၍ ခုနစ်ခု နှောင်း၏။ အာကိဉ္စညာယတနစုတိနောင် ယခင်ခုနစ်ခုတွင် ဝိညာဏဉ္စာယတနပဋိသန္ဓေတခု ကြဉ်ပြန်၍ ၆-ခုနှောင်း၏။ နေဝသညာနာသညာ ယတနစုတိနောင် ယခင် ၆-ခုတွင် အာကိဉ္စညာယတန ပဋိသန္ဓေတခုကြဉ်ပြန်၍ ပဋိသန္ဓေ ၅-ခု နှောင်း၏ ဟူလို။

**အရူပဗြဟ္မာတို့စုတိလျှင် တိဟိတ်ကာမဘုံသားဖြစ်ခြင်း။** ။အရူပဘုံသားတို့မှာ မိမိရရှိသောဈာန်၏ အောက်အောက် ဈာန်တို့သည် ငြိမ်းဆိတ်ကုန်၏။ သုဉ်းကုန်၏။ ထိုအောက်

အောက်စျာန်တို့ကို ထပ်မံ၍ အားထုတ်မှုလည်း မရှိကုန်။ ထိုကြောင့် ထို အရူပဘုံသားတို့သည် မိမိတို့ အရူပဘုံတွင်းမှာပင် အောက်အောက်ဘုံတို့၌ ဖြစ်လေ့မရှိကြကုန်။ ထို အရူပဘုံသား ပုထုဇ္ဇန်တို့သည် ပမာဒပက္ခ၌ ကည်၍ စျာန်ကိုလွှတ်ကြကုန်ပြီးလျှင် ဩရမ္ဘာဂိယသံယောဇဉ် ဆွဲငင်မှုကြောင့် ကာမ ဘုံသို့ လားကြရကုန်သော်လည်း ဒွိဟိတ်,အဟိတ်ပုဂ္ဂိုလ်များ မဖြစ်ကြလေကုန်။ ထိုပုဂ္ဂိုလ်တို့သန္တာန်မှာ တိဟိတ်ပဋိသန္ဓေကို ဖြစ်စေနိုင်သော တိဟိတ်ဥက္ကဋ္ဌ ဥပစာရစေတနာမှတပါး အခြားသော ဒုဗ္ဗလကံတို့သည် အကျိုးပေးခွင့် မရ နိုင်ကြကုန်။ ထိုကြောင့် ကာမဘုံသို့လာလျှင် တိဟိတ်တို့သာ ဖြစ်ရကုန်၏။ ထိုကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "န ဟိ တဿ ဥပစာရဇ္ဈာနတော ဗလဝတရံ နာမ ကမ္မံ အတ္ထိ" ဟူ၍ ဆို၏။ ၎င်းဋီကာ၌ "န ဟိ တဿ။ပ။ အတ္ထီတိ ဣမိနာ တတော စဝန္တာနံ ဥပစာရဇ္ဈာနမေဝ ပဋိသန္ဓိဇနကံ ကမ္မန္တိ ဒီပေတိ" ဟူ၍ ဖွင့်ဆို၏။

ထို အရူပပုဂ္ဂိုလ်တို့သည် အချင်းခပ်သိမ်း ရူပါဝစရစျာန်ကို အပြစ်မြင်၍ စွန့်ပယ်ကြကုန်သောကြောင့် ရူပါဝစရဘုံ၌ ပဋိသန္ဓေနေမှုလည်း မရှိကြလေကုန်။

**ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့သဘော။** ။ပြဆိုအပ်ပြီးသော စုတိ၏ နောက်၌ ဖြစ်ပေါ်သော ပဋိသန္ဓေတို့သည်ပင် ထိုပုဂ္ဂိုလ်၌ ဘဝင်ဖြစ်လေကုန်၏။ ထိုစိတ်ဖြင့်ပင် တဖန် စုတိရပြန်ကုန်၏။ စိတ်တခုဘည်းကိုပင်လျှင် ဘဝအသစ်ကို စပ်ဆက်မှုကိစ္စနှင့် ပဋိသန္ဓေစိတ်ခေါ်ရသည်။ ဘဝ၏အင်္ဂါအနေနှင့် ဘဝင်စိတ် ခေါ်ရသည်။ ဘဝ၏ ပြတ်ဆုံးချုပ်ကွယ်မှုအနေနှင့် စုတိခေါ်ရသည်။

(ဆ) မရဏုပ္ပတ္တိကို ပြဆိုခန်း ပြီး၏။

ဘုံပိုင်း ဋီကာ ပြီး၏။

# ၆-ရုပ်ပိုင်း ဋီကာ

## (က) ရူပ သမုဒ္ဒေသ

(၃၅၉) ပ,အာ,ဝါ,တေ၊ မြေ,ရေ,လေ,မီး၊ လွန်ပွါးစီး၊ ဘုတ်ကြီး စတုက္က။

ဤဖြင့် မဟာဘုတ်လေးပါးကို ပြဆို၏။

**မဟာဘုတ်လေးပါး။** ။ပထဝီ,အာပေါ,ဝါယော,တေဇော၊ ဤလေးပါးသော ရုပ်တို့သည် မဟာဘူတ = မဟာဘုတ် မည်ကုန်၏။ မြန်မာဝေါဟာရ အားဖြင့် မြေဓာတ်, ရေဓာတ်, လေဓာတ်, မီးဓာတ်ကြီးတို့ ပေတည်း။ ပထဝီဓာတ်သည် ခက်မာခြင်းလက္ခဏာရှိ၏။ အာပေါဓာတ်သည် ဖွဲ့စေးခြင်းလက္ခဏာရှိ၏။ ဝါယောဓာတ်သည် ထောက်ကန်လှုပ်ရှားခြင်းလက္ခဏာ ရှိ၏။ တေဇောဓာတ်သည် ပူခြင်း,အေးခြင်းလက္ခဏာရှိ၏။ ထို့ကြောင့်—

(၃၆၀) ခက်မာ,ဖွဲ့စေး၊ ပူ,အေးထောက်ကန်၊ ဤလေးတန်၊ မှတ်ရန် လက္ခဏာ။

ဟူ၍ ဆိုတော်မူ၏။

**ပထဝီ** ၌ "ပထယတီတိ ပထဝီ"။ ပထယတိ၊ သဟဇာတ်ရုပ်တရားတို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပထဝီ၊ ပထဝီ မည်၏။ သဟဇာတ်ရုပ်ကလာပ်တို့၏ တည်ရာမှီရာမြေအဖြစ်ဖြင့် ထင်ရှားသော တရားဖြစ်၍ ပထဝီမည်၏ ဟူလို။

တနည်းကား—"ပုထု ဘဝတီတိ ပထဝီ"။ ပုထု၊ ကြီးကျယ်စွာ။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပထဝီ၊ ပထဝီမည်၏။ တောင်ကြီး, မြင်းမိုရ်ကြီး စသောအားဖြင့် ကြီးကျယ်စွာ ဖြစ်တတ်သောကြောင့် ပထဝီမည်၏ ဟူလို။

### ပထဝီဓာတ်၏ အနက်လေးပါး

ပထဝီဓာတု၊ ပထဝီဓာတ်သည်။

(၁) ကက္ခဠ လက္ခဏာ=ခက်မာခြင်းလက္ခဏာရှိ၏။
(၂) ပတိဋ္ဌာန ရသာ=သဟဇာတ်ရုပ်တရားတို့၏ တည်ရာကိစ္စရှိ၏။
(၃) သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ=သဟဇာတ်ရုပ်တရားတို့ကို လက်ခံထားခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) သေသ မဟာဘူတတ္တယ ပဒဋ္ဌာနာ=ကြွင်းသော မဟာဘုတ်သုံးပါး အပေါင်းလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။

**ကက္ခဠလက္ခဏာရှင်းလင်းချက်။** ။အဘယ်ကြောင့် ပထဝီဓာတ်ကို ခက်မာခြင်း ကက္ခဠလက္ခဏာ ရှိ၏ဟူ၍သာ စပ်ဆိုအပ်ပါသနည်း။ နူးညံ့သိမ်မွေ့သော ပထဝီဓာတ်လည်း ရှိပါသေးသည် မဟုတ်လော ဟူမူ မှန်၏။ သို့ရာတွင် မိမိမှကြွင်းသော မဟာဘုတ် ၃-ပါးကို ထောက်၍ ဤပထဝီဓာတ်ကို ကက္ခဠလက္ခဏာရှိသည်ဟု ဆိုရပေသည်။ ကြွင်းသော မဟာဘုတ် ၃-ပါးတို့မှာမူကား ထိုသို့သောလက္ခဏာမရှိချေ။ ပထဝီဓာတ်တခုအတွင်း၌သာ အချင်းချင်းထောက်၍ ဤပထဝီသည် နူးညံ့၏။ ဤပထဝီသည် ခက်မာ၏ဟု ဆိုရချေသည်။ ထိုကြောင့်ပင်လျှင် မုဒုလက္ခဏာ, ကက္ခဠလက္ခဏာ ၂-ပါးတို့သည် ဒီဃ, ရဿ အရှည်, အတို ခေါ်ရသော အရာကဲ့သို့ မြဲတည်ခိုင်ခံ့သော အရာတို့ မဟုတ်ကုန်။

ထိုစကားမှန်၏။ နူးညံ့ သိမ်မွေ့သည် ဆိုရသော ပထဝီဓာတ် သည်လည်း ထိုထက်နူးညံ့သော ပထဝီဓာတ်နှင့် ထောက်စာပြန်လျှင် ကက္ခဠဖြစ်ရပြန်၏။ ခက်မာသော ကက္ခဠပထဝီလည်း ထိုထက် ခက်မာသော ကက္ခဠပထဝီဓာတ်နှင့် ထောက်စာပြန်သည်ရှိသော် မုဒုပထဝီ (နူးညံ့သိမ်မွေ့သောပထဝီ) ဖြစ်ရပြန်၏။

ဤဝတ္ထုသည် တို၏ ဆိုသော်လည်း ထိုထက် တိုသောဝတ္ထုနှင့် ထောက်စာပြန်လျှင် အရှည်ဖြစ်ပြန်၏။ ဤဝတ္ထုသည် ရှည်၏ ဆိုသော်လည်း ထိုထက် ရှည်သောဝတ္ထုနှင့် ထောက်စာပြန်သည်ရှိသော် အတိုဖြစ်ရပြန်သကဲ့သို့ မှတ်။

ထိုကြောင့် မိမိတည်းဟူသော ပထဝီဓာတ်တခုအတွင်း၌သာ အချင်းချင်း တဆင့်တဆင့် ထောက်၍ မုဒု=နူးညံ့သည်။ ကက္ခဠ=ခက်မာသည်ဟု ဆိုရလေသည်။ ကြွင်းသော မဟာဘုတ် ၃-ပါးတို့နှင့် ထောက်စာလျှင် ကက္ခဠသာလျှင် စင်စစ်ဖြစ်၏။ ထိုကြောင့် ပထဝီဓာတ်ကို ကက္ခဠလက္ခဏာရှိ၏ဟု ဆိုရလေသည်။

**အာပေါ်၌** "အာပေတိ သဟဇာတရူပါနိ ဗျာပေတွာ တိဋ္ဌတီတိ အာပေါ"။ အာပေတိ၊ စွတ်စိုတတ်၏။ သဟဇာတရူပါနိ၊ သဟဇာတ်ရုပ်တို့ကို။ ဗျာပေတွာ၊ နှံ့၍။ တိဋ္ဌတိ၊တည်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ အာပေါ၊အာပေါမည်၏။

တနည်းကား—"အပ္ပါယတိ သဟဇာတရူပါနိ သုဋ္ဌု ဗြူဟေတိ ဝဍ္ဎေတီတိ အာပေါ"။ အပ္ပါယတိ၊ ရောက်စေတတ်၏။ သဟဇာတရူပါနိ၊ သဟဇာတ်ရုပ်တို့ကို။ သုဋ္ဌု၊ ကောင်းစွာ။ ဗြူဟေတိ ဝဍ္ဎေတိ၊ကြီးပွါးစေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာပေါ၊ အာပေါမည်၏။

တနည်းကား—"သဟဇာတရူပါနိ အဝိပ္ပကိဏ္ဏာနိ ကတွာ ဘုသော ပါတိ ရက္ခတီတိ အာပေါ"။ သဟဇာတရူပါနိ၊ သဟဇာတ်ရုပ်တို့ကို။ အဝိပ္ပကိဏ္ဏာနိ၊

ဖရိုဖရဲ မကြဲသည်တို့ကို။ ကတွာ၊ ပြု၍။ ဘုသော၊ လွန်စွာ။ ပါတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာပေါ၊ အာပေါမည်၏။ အာပေါဓာတ်သည် စိုစွတ်ခြင်းသတ္တိဖြင့် သဟဇာတ်ရုပ်တရားတို့ကို အလုံးစုံနှံ့၍ တည်တတ်၏။ ထိုသဟဇာတ်ရုပ်တို့ကို ကြီးပွါးအောင်လည်း ရှက်ဆောင်တတ်၏။ သဟဇာတ်ရုပ်တရားတို့ကို ဖရိုဖရဲ တကွဲတပြားစီဖြစ်၍ မသွားနိုင်အောင်လည်း စောင့်ရှောက်တတ်၏။ သဟဇာတ်ရုပ်တို့ကို ငုံ၍ထားဘိသကဲ့သို့လည်း ပြုတတ်ချေ၏။

**အာပေါဓာတ်၏ အနက်လေးပါး**

အာပေါဓာတု၊ အာပေါဓာတ်သည်။

(၁) အာဗန္ဓန လက္ခဏာ=ဖွဲ့နှောင်ခြင်းလက္ခဏာရှိ၏။ တနည်းကား—
  (၁) ပဃ္ဃရဏ လက္ခဏာ=ယိုစီးခြင်းလက္ခဏာ ရှိ၏။
(၂) ဗြူဟန ရသာ=ကြီးပွါးစေခြင်းကိစ္စ ရှိ၏။
(၃) သမ္ပိဏ္ဍန ပစ္စုပဋ္ဌာနာ=တလုံးတစည်းတည်းပေါင်းရုံးခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
(၄) သေသ ဘူတတ္တယ ပဒဋ္ဌာန်။

(အာပေါဓာတ်သည် ပထဝီအစရှိသော ဝတ္ထုစု၌ ခိုင်မြဲစွာ အာဗန္ဓန လက္ခဏာကို ရှက်ဆောင်၏။ ထိုကြောင့် ကျောက်ခဲ, သံခဲ, စိန်ခဲ, သတ္တုခဲတို့၌ အာပေါဓာတ်သည် ဖွဲ့စည်းခြင်း လက္ခဏာကို ကောင်းစွာ ရှက်ဆောင်ခွင့် ရလေသည်။ အဖွဲ့လွန်လျှင် ယိုစီးခြင်း ပဃ္ဃရဏသဘောသို့ ရောက်လေ၏။ သံခဲကို မီးဖြင့်ကျိုချက်ရာ, ချိတ်ခဲကို မီးဖြင့်ကင်ရာ, ဖယောင်းခဲကို နေပူလှမ်းရာ စသည်တို့၌ ကြည့်။ ပဃ္ဃရဏသဘော ရပ်စဲလျှင် အာဗန္ဓနသဘောသို့ ရောက်၏။ သံရေ, ကြေးရေတို့ကို ရေထဲသို့ချရာ ချိတ်ရေ, ဖယောင်းရေတို့ကို ရေထဲသို့ ချရာတို့၌ ကြည့်)။

**ဝါယော** ၌ "ဝါယတိ သမီရေတိ ဘူတသင်္ဃာတံ ဒေသန္တရံ ဂမေတီတိ ဝါယော"။ ဝါယတိ သမီရေတိ၊ လှုပ်ရှားစေတတ်၏။ ဘူတသင်္ဃာတံ၊ ဘုတ်အစုကို။ ဒေသန္တရံ၊ တည်မြဲတိုင်းသောအရပ်မှ တပါးသောအရပ်သို့။ ဂမေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝါယော၊ ဝါယောမည်၏။

တနည်းကား—"ဝါယတိ သဟဇာတဓမ္မေ အပတမာနေ ကတွာ ဝဟတီတိ ဝါယော"။ ဝါယတိ၊ ဆောင်တတ်၏။ သဟဇာတဓမ္မေ၊ သဟဇာတ်ရုပ်တရားတို့ကို။ အပတမာနေ၊ လျောကျခြင်းမရှိသည်တို့ကို။ ကတွာ၊ ပြု၍။ ဝဟတိ၊ ရှက်ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝါယော၊ ဝါယောမည်၏။

ဝါယောဓာတ်သည် ရုပ်အစု ဘုတ်အစုကို တည်မြဲတိုင်းသောအရပ်မှ အခြားတပါးအရပ်သို့ ရောက်အောင် တိုက်လှုပ်တတ်၏။ သမီရဏလက္ခဏာကို ဆိုလိုသည်။ သဟဇာတ်ရုပ်တို့ကို အားနည်း၍ လျော့ကျသည်တို့ကို မဖြစ်စေရအောင် အမြဲ ထမ်းဆောင် သည်ပိုးတတ်၏။ ဝိတ္ထမ္ဘနလက္ခဏာကို ဆိုလိုသည်။ ကိုယ်လက်အင်္ဂါတို့၏ လှုပ်ရှားမှုမှစ၍ တုံး,တိုင်,သစ်ပင်တို့၏ လှုပ်ရှားမှု, မြေကြီး၏ လှုပ်ရှားမှု, ရထား စသည်တို့၏ အရပ်တပါးသို့ သွားမှု စသည်များသည် သမီရဏဝါယောဓာတ်၏ အစွမ်းသတ္တိပေတည်း။ ကျောက်ခဲကြီး, တောင်ကြီး စသော မတုန်မလှုပ် တည်တံ့သော ဝတ္ထုတို့၌ကား ဝိတ္ထမ္ဘန ဝါယောသည် ကိန်းအောင်းတည်ရှိ၏။ ကလာပ်တခုတည်းမှာပင် မချုပ်မခြင်း သဟဇာတ်ရုပ်တို့ကို ကျ၍ လျော့၍ မသွားအောင် ထမ်းဆောင်၍ ထားပေ၏။ တောင်ကြီး စသော ဝတ္ထုတို့၌လည်း အဆင့်ဆင့် ထမ်းဆောင်မှု ဝါယောဓာတ်ကြောင့် တဆင့်ထက်တဆင့် မြင့်ကာမြင့်ကာ တည်တံ့နိုင်ခြင်း ဖြစ်ရလေသည်။ ကမ္ဘာကို ခံသောလေ၏ ရေထု မြေထုကြီးများကို ထမ်းဆောင် ပင့်မြှောက်ထားသည်ကို ရှုလေ။

## ဝါယောဓာတ်၏ အနက်လေးပါး

ဝါယောဓာတု၊ ဝါယောဓာတ်သည်။

(၁) ဝိတ္ထမ္ဘန လက္ခဏာ=ထမ်းဆောင် ပင့်မြှောက်ခြင်း လက္ခဏာ ရှိ၏။ တနည်းကား—(၁) သမီရဏလက္ခဏာ=ရွေ့ရှားစေခြင်း,ရွေ့ခြင်း လက္ခဏာ ရှိ၏။

(၂) အပတမာန ဓာရဏ ရသာ=မကျစေဘဲ ဆောင်ခြင်းကိစ္စ ရှိ၏။

(၃) အဘိနီဟာရ ပစ္စုပဋ္ဌာနာ=ရွှေ့ရှုဆောင်ခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိ၏။

(၄) သေသ ဘူတတ္တယ ပဒဋ္ဌာန်။

**တေဇောသြ** "တေဇတိ တိက္ခဘာဝေန ပကာသတီတိ တေဇော"။ တေဇတိ၊ ထက်မြက်တတ်၏။ တိက္ခဘာဝေန၊ ထက်မြက်သော သဘောဂုဏ်ဖြင့်။ ပကာသတိ၊ ထင်ရှားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဇော၊ တေဇောမည်၏။

တနည်းကား— "တေဇေတိ သဟဇာတဓမ္မေ တိက္ခဘာဝံ ကရောတီတိ တေဇော"။ တေဇေတိ၊ ထက်မြက်စေ၏။ သဟဇာတ ဓမ္မေ၊ သဟဇာတ်တရားတို့ကို။ တိက္ခဘာဝံ၊ ထက်သည်၏အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တေဇော၊ တေဇောမည်၏။

တနည်းကား—"တေဇေတိ ပရိပါစေတီတိ တေဇော"။ တေဇေတိ ပရိပါစေတိ၊ ရင့်စေ ကျက်စေ၏။ ဣတိတသ္မာ၊ထိုကြောင့်။ တေဇော၊တေဇောမည်၏။

တေဇောဓာတ်သည် အေးမှု ပူမှုဟုဆိုအပ်သော ထက်မြက်သော တန်းခိုးဖြင့် ထင်ပေါ် ကျော်စောတတ်၏။ မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်တို့ကိုလည်း အေးမှု ပူမှုဖြင့် ထက်မြက်စေ၏။ ထက်မြက်အောင်ပြုပေ၏။ ရုပ်ကလာပ်တို့ကို လည်း ရင့်စေ၏။ ကျက်စေ၏။

**တေဇောဓာတ်၏ အနက်လေးပါး**

တေဇောဓာတု၊ တေဇောဓာတ်သည်။

( ၁ ) ဥဏှတ္တ လက္ခဏာ=လောင်ခြင်းလက္ခဏာရှိ၏။

( ၂ ) ပရိပါစန ရသာ=ချက်ခြင်း ကျက်စေခြင်း ကိစ္စရှိ၏။

( ၃ ) မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာနာ=နူးညံ့သည်ကို အစဉ်အတိုင်း ပေးခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) သေသ ဘူတတ္တယ ပဒဋ္ဌာန်။

**ဥဏှတ္တလက္ခဏာ၌** ဥဏှဆိုသည်ကား ပူသောအားဖြင့် ရင့်စေမှု၊ အေးသော အားဖြင့် ရင့်စေမှုကို ဆိုသည်။ တနည်းကား—ပူသောအားဖြင့် လောင်မှု၊ အေးသောအားဖြင့် လောင်မှုကို ဆိုသည်။ ထိုကြောင့် ထိုအေးမှု ပူမှုနှစ်ပါးစုံကို ခြုံမိစိမ့်သောငှါ ဥဏှတ္တလက္ခဏာဟု ဆိုပေသည်။

"ဥသတိ တာပနေန ဒဟတီတိ ဥဏှော"။ တာပနေန၊ ပူစေသဖြင့်။ ဥသတိ ဒဟတိ၊ လောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥဏှော၊ ဥဏှမည်၏။ ပူသော တေဇောဓာတ်ကို ရစေ။

"ဥသတိ သီတဘာဝေန ဒဟတီတိ ဥဏှော"။ သီတဘာဝေန၊ အေးသည်၏အဖြစ်ဖြင့်။ ဥသတိ ဒဟတိ၊ လောင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥဏှော၊ ဥဏှမည်၏။ အေးသော တေဇောဓာတ်ကို ရစေ။

ဥဏှသဒ္ဒါသည် အပူ၌သာ ထင်ရှား၏။ သို့ရာတွင် ထိုဥဏှသဒ္ဒါ၏ ဗျုပ္ပတ္တိ အရင်းမှာ လောင်မှုသာလျှင် ဖြစ်၏။ အေးမှုသည်လည်း လောင်တတ်သည် ဖြစ်၍ ဥဏှပင်မည်၏။ ထိုကြောင့် သီတသည်လည်း တေဇောဓာတ်၏ သဘော လက္ခဏာပေတည်းဟု သိအပ်၏။

ထိုကြောင့် မူလဋီကာ၌ "တေဇောဝ ဟိ သီတံ ဟိမပါတသမယာဒီသု သီတဿ ပရိပါစကတာ ဒဿနတော"ဟူ၍ ဆို၏။ ဟိ၊ မှန်၏။ သီတံ၊ အေးမှု သည်။ တေဇောဝ၊ တေဇောပင်လျှင် ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဟိမ ပါတ သမယာဒီသု၊ ဆီးနှင်းကျသောကာလ စသည်တို့၌။ သီတဿ၊ အေးမှု၏။ ပရိပါစကတာ ဒဿနတော၊ ရင့်စေတတ် ကျက်စေတတ်

သည်၏ အဖြစ်ကို မြင်ရသောကြောင့်တည်း။ ဤကားအနက်။ သမ္မောအဋ္ဌက ထာကြီး၌ သီတတေဇော၏ လောင်ကျွမ်းစေမှုကို လောကဏ္ဍရိက်ငရဲဖြင့် ပြဆို တော်မူ၏။

**ကြီးကျယ်ထင်ရှားဖြစ်ပေါ်တတ်သော သဘောရှိ၍ မဟာဘုတ်မည်ပုံ။** ဤသို့ပြ ဆိုအပ်ကုန်ပြီးသော ဓာတ်ကြီး လေးပါးတို့သည် "မဟာဘူတ"မည်ကုန်၏။ "သလက္ခဏတော သသမ္ဘာရတော စ မဟန္တာနိ ဟုတွာ ဘဝန္တိ ပါတုဘဝန္တီတိ မဟာဘူတာနိ"။ သလက္ခဏတော စ၊ မိမိတို့၏သဘောလက္ခဏာအားဖြင့်၎င်း။ သသမ္ဘာရတော စ၊ မိမိတို့၏ အဆောက်အဦအားဖြင့်၎င်း။ မဟန္တာနိ၊ ကြီးကျယ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဘဝန္တိ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်တို့ မည်ကုန်၏။

ဥပါဒါရုပ်တို့ကို ထောက်စာသည်မှိသော် ကက္ခဋစသော မိမိတို့၏ သဘော လက္ခဏာတို့သည် လွန်စွာ ကြီးကြကုန်၏။ ထိုကြောင့် သလက္ခဏတောဟူ၍ ဆိုပေသည်။

ဣန္ဒြိယဗဒ္ဓသန္တာန်၌ သမုဒ္ဒရာတို့၌ရှိသော ငါးကြီး, အသုရိန်ကြီး, ပြဟ္မာကြီး စသည်တို့သည်၎င်း၊ အနိန္ဒြိယဗဒ္ဓသန္တာန်၌ တောင်ကြီး, သမုဒ္ဒရာကြီး, မဟာ ပထဝီမြေကြီး, စကြဝဠာကြီး, မြင်းမိုရ်ကြီး, ကမ္ဘာကြီး စသည်တို့သည်၎င်း ရှိကြကုန်၏။ ထိုသို့ ကြီးကျယ်လှစွာသော အဆောက်အဦတို့သည် မဟာဘုတ် ကြီးလေးခုတို့၏ အဆောက်အဦတို့သာ ဖြစ်ကုန်၏။

ကက္ခဋတ္တလက္ခဏာ စသည်ဖြင့် တဆင့် တဆင့် ကြီးမားကြကုန်သော အဆောက်အဦကြီးတို့ ဖြစ်ကုန်၏။ ထိုကြောင့် သသမ္ဘာရတောဟူ၍ ဆိုပေ သည်။ ဤသို့ သဘောလက္ခဏာအားဖြင့် ကြီးကျယ်စွာ ထင်ရှားဖြစ်ပေါ်မှု အဆောက်အဦ သမ္ဘာရအားဖြင့်လည်း ကြီးကျယ်စွာ ထင်ရှားဖြစ်ပေါ်မှုတို့ကို စွဲ၍ မဟာဘူတ=မဟာဘုတ်ဟူ၍ ခေါ်ဝေါ်အပ်ကုန်သည်။

**အကြီးအကျယ် မှားယွင်းထင်မြင်စေတတ် သောကြောင့် မဟာဘုတ်မည်ပုံ။** တနည်းကား—"မဟန္တာနိ အဘူတာနိ ဧတ္ထာတိ မဟာဘူတာနိ"။ မဟန္တာနိ၊ ကြီးကျယ်ကုန်သော။ အဘူတာနိ၊ မှားယွင်းစေသမားတို့တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ မဟာဘူတာနိ၊ မဟာဘူတ မည်ကုန်၏။

အဓိပ္ပါယ်ကား—မျက်လှည့်ဆရာကြီးတို့သည် ရွှတ်တရက် ရွှေမဟုတ်သည်ကို ရွှေဟူ၍ ပြတတ်ကုန်၏၊ အဖြူမဟုတ်သည်ကို အဖြူ ထင်စေနိုင်ကုန်၏။ ထိုအတူ

မဟာဘုတ်တို့သည်လည်း မိမိတို့သည် ရွှေငွေမဟုတ်ကြကုန်ဘဲလျက် သတ္တဝါတို့ကို ရွှေစင်စစ် ငွေစင်စစ် ထင်အောင် လှည့်ပတ်တတ်ကြကုန်၏။ မိမိတို့သည် စိန်ကျောက်မဟုတ်ကြကုန်ဘဲလျက် စိန်ကျောက်စသည် ကောန် ပ ထင်မြင် မှားယွင်းစေကုန်၏။ မိမိတို့သည် မိန်းမ, ယောကျ်ားမဟုတ်ကြကုန်ဘဲလျက် ယောကျ်ားစစ်, မိန်းမစစ် ထင်အောင် လှည့်ပတ်တတ်ကုန်၏။ သာယာဖွယ်မဟုတ်သော ဘီလူးမတို့သည် လှည့်ပတ်ဖြားယောင်း၍ သာယာစေသကဲ့သို့ မဟာဘုတ်တို့သည် လည်း မိမိတို့သည် စင်စစ် သာယာအပ်ကုန်သည် မဟုတ်ကြဘဲလျက် သတ္တဝါတို့ကို သာယာအောင် အမျိုးမျိုး ဖြားယောင်းကုန်၏။ ထို့ကြောင့် ထိုမဟာဘုတ်ကြီးတို့သည် မျက်လှည့်သည်ကြီးတို့ပေတည်း။ ဘီလူးမကြီးတို့ပေတည်း။

**အံ့ဖွယ်ဖြစ်သောကြောင့် မဟာဘုတ်မည်ပုံ။** ။တနည်းကား— "မဟန္တာနိ အဗ္ဘုတာနီတိ မဟာဘူတာနိ"။

မဟန္တာနိ၊ ကြီးကျယ်ကုန်သော။ အဗ္ဘုတာနိ၊ အံ့ဩဖွယ်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်တို့မည်ကုန်၏။ မဟာဘုတ်တို့သည် စင်စစ် မိမိတို့မှာ အံ့ဩဖွယ်ရာ သတ္တိမရှိကြကုန်ဘဲ လောက၌ အံ့ဩဖွယ်ရာ တောကြီး တောင်ကြီးတို့ကို ဖန်ဆင်းကုန်၏။ ဂန္ဓမာဒနတောင်ကြီး, အနောတတ္တအိုင်ကြီး, မဉ္ဇူသကပန်းပင်ကြီး, မဏိဇောတိရသ်ပတ္တမြားရတနာကြီး, စကြာရတနာကြီး, နေဗိမာန်ကြီး,လဗိမာန်ကြီး,နက္ခတ်ကြီး,တာရာကြီး,ဥက္ကာကြီး စသော အံ့ဖွယ်သရဲများကို ဖန်ဆင်းတတ်ကုန်၏။ ထို့ကြောင့် ဓာတ်ကြီးလေးပါးတို့ကို မဟာအဗ္ဘုတဟူ၍ ဆိုအပ်ကုန်၏။

**အကြီး အကျယ် ဖောက်ပြန်တတ်သောကြောင့် မဟာဘုတ် မည်ပုံ။** တနည်းကား— "မဟန္တာနိ ဟုတွာ ဘူတာနိ ဝိကာရံ သမ္ပတ္တာနီတိ မဟာဘူတာနိ"။ မဟန္တာနိ၊ ကြီးကျယ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဘူတာနိ၊ ဖောက်ပြန်သောအားဖြင့် ဖြစ်ကုန်သည်တို့တည်း။ ဝိကာရံ၊ ဖောက်ပြန်ခြင်းသို့။ သမ္ပတ္တာနိ၊ ရောက်ကုန်သည်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ အကြီးအကျယ် ဖောက်ပြန်ကုန်သောကြောင့် မဟာဘုတ်မည်ကုန်၏ ဟူလို။ အနုပါဒိန္န အဝိညာဏက သန္တာန်၌ အကြီးအကျယ် ဖောက်ပြန်ပုံမှာ—

ဘူမိတော ဝုဋ္ဌိတာ ယာဝ၊ ဗြဟ္မလောကာ ဝိဓာဝတိ။
အစ္စိ အစ္စိမတော လောကေ၊ ဍယှမာနမှိ တေဇသာ။

စသော အဋ္ဌသာလိနီ ရူပကဏ္ဍဂါထာတို့နှင့်အညီ အကြီးအကျယ် ဖောက်ပြန်ထကြွ၍ ကမ္ဘာမီးကြီး ကမ္ဘာတေဇောကြီး လောင်သဖြင့် ပထမဈာန်ဗြဟ္မာဘုံတိုင်အောင် အကုန်ကျွမ်းလောင်မှု, ကမ္ဘာရေကြီး ဖောက်ပြန် ထကြွ တိုးတက်

သဖြင့် ဒုတိယစျာန်ပြဟ္မာဘုံတိုင်အောင် အကုန်ကျေမွပျက်စီးမှု၊ ကမ္ဘာလေကြီး ဖောက်ပြန်တကြွတိုက်ခတ်လေသဖြင့် တတိယစျာန်ပြဟ္မာဘုံတိုင်အောင် အလုံးစုံ မုန့်မှုန့်ညက်ညက် ကျေမှု စသည်များကို ထောက်၍ သိလေ။

**မြွေလေးကောင် ဥပမာနှင့် မဟာဘုတ်လေးပါး။** ။ဥပါဒိန္နက သဝိညာဏက သန္တာန်၌လည်း—

ပတ္ထဒ္ဓေါ ဘဝတိ ကာယော၊ ဒဋ္ဌော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊ ဟောတိ ကဋ္ဌမုခေဝ သော။

စသော ယင်း အဋ္ဌကထာ ဂါထာတို့နှင့်အညီ—

**ကဋ္ဌမုခ** မည်သော မြွေ၏ ကိုက်ခြင်းကို ခံရဘိသကဲ့သို့ ပထဝီဓာတ် ထကြွ ဖောက်ပြန်သည်ရှိသော် တောင့်တင်း ခက်ထန်သော ကိုယ်ရှိသဖြင့် ရောဂါ အမျိုးမျိုးကို ခံစားရခြင်း။

**ပူတိမုခ** မည်သော မြွေ၏ ကိုက်မှုကို ခံရဘိသကဲ့သို့ အာပေါဓာတ် ထကြွ ဖောက်ပြန်သည် ရှိသော် ပုပ်ဆွေးသောကိုယ်, ယိုစီးသောကိုယ် ရှိသည်ဖြစ်၍ အမျိုးမျိုးသော ရောဂါတို့ကို ခံစားရခြင်း။

**သတ္တမုခ** မည်သော မြွေ၏ ကိုက်မှုကို ခံရဘိသကဲ့သို့ ဝါယောဓာတ် ထကြွ ဖောက်ပြန်သည်ရှိသော် လေပြတ်သောကိုယ် လျော့ကျသော ခြေလက်အင်္ဂါ ရှိသောကိုယ်, မသယ်မဆောင်နိုင်သောကိုယ် ရှိသည်ဖြစ်၍ ရောဂါအမျိုးမျိုးကို ခံစားရခြင်း။

**အဂ္ဂိမုခ** မည်သော မြွေ၏ ကိုက်ခဲမှုကို ခံရဘိသကဲ့သို့ ပူလောင်ပြင်းပြသော ကိုယ်, အကွင်းအကွက် တေဇောပျက်သောကိုယ် ရှိသည်ဖြစ်၍ အမျိုးမျိုးသော ရောဂါတို့ကို ခံစားရခြင်း စသည်များကို ထောက်၍ သိလေ။

ထို့ကြောင့် မဟာဘုတ်တို့သည် အကြီးအကျယ်ဖောက်ပြန်တတ်သော တရားကြီးတို့ပေတည်း။ မဟာဘုတ်တို့ သင့်လျှင် ရှတ်တရက် သေကြကုန်၏။ ဗဟိဒ္ဓ သန္တာန်၌ မဟာဘုတ်ဖျက်လျှင် ရှတ်တရက် မြင်းမိုရ်တောင်ကြီးပင် ပျက်ရ၏။ မဟာဘုတ်တို့ ပြုပြင်လျှင် ရှတ်တရက်ပင် ကျွန်းကြီး, ကမ္ဘာကြီး စသည်များ ဖြစ်ရလေ၏။ ဤမျှလောက် ကြီးကျယ်သော တရားတို့ပေတည်း။

**ဂရုကဓာတ်-၂။ လဟုကဓာတ်-၂။** ။ထိုမဟာဘုတ်တို့တွင် ပထဝီ, အာပေါ တို့ကား ဂရုကဓာတ်တို့တည်း။ လေးလံသောဓာတ်တို့ ဆိုလိုသည်။ ဝါယော,တေဇောတို့သည် လဟုကဓာတ်တို့တည်း။ ပေါ့သောဓာတ်တို့ ဆိုလိုသည်။

**သဘာဂဓာတ်။** ။ပထဝီနှင့် အာပေါသည် ညီမျှသင့်တင့် သဘောတူသော သဘာဂဓာတ်မည်၏။ တေဇောနှင့်ဝါယောလည်း ထိုအတူ သဘာဂဓာတ်မည်၏။ ထို့ကြောင့် "မီးနှင့်ကား လေ၊ ရေနှင့် မြေ၊ မိတ်ဆွေ တော်ကြ၊ သဟာယ" ဟူ၍ ဆိုကြသည်။

**ဝိသဘာဂဓာတ်။** ။ပထဝီနှင့်ဝါယောကား မသင့်သော သဘောမတူသော ဝိသဘာဂဓာတ် ပဋိပက္ခဓာတ်တည်း။ အာပေါနှင့် တေဇောလည်း ထိုအတူ ဝိသဘာဂဓာတ် ပဋိပက္ခဓာတ်တည်း။ ထို့ကြောင့် "မီးနှင့်ကား ရေ၊ မြေနှင့် လေ၊ မိတ်ဆွေ မစပ်၊ ပဋိဃာတ်"ဟူ၍ ဆိုကြသည်။

**ကလာပ်တူ ကလာပ်ပြား ကျေးဇူးပြုပုံများ။** ။မဟာဘုတ်တို့သည် ကလာပ်တူ ချင်းချင်းဖြစ်လျှင် တပါးသည် တပါးအား သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတအားဖြင့် ငါးပစ္စည်း တပ်၏။

ကလာပ်ပြားဖြစ်သော မဟာဘုတ်တို့အား နိဿယ,အတ္ထိ,အဝိဂတအားဖြင့် သုံးပစ္စည်းတပ်၏။ ဣတရေသံ ဟိ သန္တတိမဟာဘူတာနံ နိဿယ, အတ္ထိ, အဝိဂတဝသေန ပစ္စယော ဟောတိ။ ဝိသုဒ္ဓိမဂ်။ ဤဝိသုဒ္ဓိမဂ်စကားကို ထောက်၍ ကလာပ်ပြားတို့အားလည်း နိဿယ, အတ္ထိ, အဝိဂတ ပစ္စည်းတတ်နိုင်ကြောင်းကို သိသာ၏။ သဟဇာတပစ္စည်းကိုမူကား ကလာပ်ပြား မတတ်နိုင်။ ကလာပ်တူကိုသာ တတ်နိုင်ကြောင်းကို သိသာ၏။

**ခြေတလှမ်းတလှမ်း၌ မဟာဘုတ်တို့၏ သတ္တိများ။** ။ဝိသုဒ္ဓိမဂ် စတုဓာတုဝဝတ္ထာန်အရာတွင် ဆိုသောအတိုင်း ခြေတလှမ်းတလှမ်း၌ ခြေကြွမှု ဥဒ္ဓရဏသည် တေဇော၏ သတ္တိပေတည်း။ ခြေကို ရှေ့သို့ တည့်တည့်လှမ်းမှု အတိဟရဏ၊ နံဘေးသို့ဖဲ့၍လှမ်းမှု ဝီတိဟရဏများသည် ဝါယော၏ သတ္တိတို့ ပေတည်း။ ကြွလှမ်းသောခြေကို အောက်သို့ချမှု အဝက္ခိပနသည် အာပေါ၏ သတ္တိတို့ပေတည်း။ ခြေကိုအောက်မြေ၌ တည်ထားမှု ပတိဋ္ဌာပန ဖိနှိပ်၍နင်းမှု ဥပ္ပီဠနတို့သည် ပထဝီ၏ သတ္တိတို့ ပေတည်း။

**မဟာဘုတ်တို့၏ သတ္တိကြီး ၄-မျိုး။** ။ဤကိုထောက်၍ တေဇောသည် အထက်သို့မြောက်ခြင်း တက်ခြင်းသတ္တိရှိ၏။ ဝါယောသည် နံဘေးရှစ်မျက်နှာသို့ လွင့်ခြင်းသတ္တိရှိ၏။ အာပေါသည် အောက်သို့ ကိုင်းရှိုင်းခြင်း လျှောသက်ခြင်း သတ္တိရှိ၏။ ပထဝီသည် တည်ခြင်း တံ့စားခြင်းသတ္တိရှိ၏ဟူ၍ သိသာထင်ရှား၏။ မဟာဘုတ်တို့၏ သဘောသည် အလွန်

ဆန်းကြယ်သော်အရာ ဖြစ်၏။ အစိန္တေယျဌာနကြီးတို့ဖြစ်၍ ဘုရားရှင်၏အရာ တို့ပေတည်း။

**ဥပါဒါရုပ်မည်ပုံ။** ။ဤမဟာဘုတ်တို့မှ တပါးသော ၂၄-ပါးသော ရုပ်တို့သည် မဟာဘုတ်တို့ကိုမှီ၍ ဖြစ်တတ်သောကြောင့် ဥပါဒါယရုပ် မည်ကုန်၏။ "မဟာဘူတာနံ ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါယရူပံ"။ မဟာဘူတာ- နံ၊ မဟာဘုတ်တို့ကို။ ဥပါဒါယ၊ စွဲမှီ၍။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပါဒါယရူပံ၊ ဥပါဒါယရုပ်မည်၏။ တနည်းကား— "ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ"။ ဥပါဒါယတိ နိဿယတိ၊ မှီ၍ဖြစ်တတ် ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပါဒါယံ၊ ဥပါဒါယမည်၏။ "ဥပါဒါယံ ဧဝ ရူပန္တိ ဥပါဒါယရူပံ"။ ဥပါဒါယံဧဝ၊ မှီ၍ဖြစ်တတ်သော တရားသည်ပင်လျှင်။ ရူပံ၊ ရုပ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပါဒါယရူပံ၊ ဥပါဒါယရုပ်မည်၏။ ဤဝိဂ္ဂဟ်ကိုကား—"ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ။ တမေဝ ရူပံ"ဟူသော မူလဋီကာစကားနှင့်အညီ ပြုအပ်ပေသည်။

(၃၆၁) စက်္ခုသော်တကာ၊ဇိ၊ ကာ်ငါးလီ၊ အကြည် ပသာဒ။

ဤဖြင့် ပသာဒရုပ် ၅-ခုကို ပြဆို၏။

**ပသာဒရုပ် ၅-ပါး။** ။ပသာဒရုပ် ၅-ခုတို့ကား စက္ခုပသာဒ။ပ။ကာယပသာဒ တို့ပေတည်း။

**စက္ခုပသာဒ၌** "စက္ခတိ သမဝိသမံ အာစိက္ခတိ ရူပံ ဝါ အဿာဒေတိ တံ ဝါ ဝိဘာဝေတီတိ စက္ခု"။ သမဝိသမံ၊ ညီညွတ်သည် မညီညွတ်သည်ကို။ စက္ခတိ အာစိက္ခတိ၊ ပြောကြားတတ်၏။ ဝါ၊ တနည်းကား—ရူပံ၊ ထင်လာသောရူပါရုံ ကို။ စက္ခတိ အဿာဒေတိ၊ သာယာတတ်၏။ ဝါ၊ တနည်းကား—တံ၊ ထို ထင်လာသော ရူပါရုံကို။ ဝိဘာဝေတိ၊ ထင်လင်းစေ၏။ ဣတိတသ္မာ၊ ထို ကြောင့်။ စက္ခု၊ စက္ခုမည်၏။ စက္ခုသည် ကုန်းကျင်း မြေပြင်စသည်တို့၏ ညီညွတ်သည် မညီညွတ်သည်ကိုလည်း ပြောကြားတတ်၏။ ထင်လာ ရောက်လာ သော ရူပါရုံကိုလည်း သာယာတတ်၏။ ထိုရူပါရုံကို ထင်လင်းစေ၏။ ထင်ထင် ရှားရှား ပြတတ်၏ ဟူလိုသည်။

**ပသာဒ။** ။"ပသီဒန္တီတိ ပသာဒါ"။ ပသီဒန္တိ၊ ကြည်လင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပသာဒါ၊ ပသာဒမည်ကုန်၏။

တနည်းကား—"ပသီဒန္တိ ဧတ္ထ စန္ဒမဏ္ဍလာဒီနိ အာရမ္မဏနိမိတ္တာနီတိ ပသာဒါ"။ ဧတ္ထ၊ ဤဌာန၌။ စန္ဒမဏ္ဍလာဒီနိ၊ လဝန်းအစရှိကုန်သော။ အာရမ္မဏနိမိတ္တာနိ၊ အာရုံနိမိတ်တို့သည်။ ပသီဒန္တိ၊ ကြည်ကြည်လင်လင်ထင်ကြ

ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပသာဒါ၊ ပသာဒမည်ကုန်၏။ အကြည်ကို ပသာဒခေါ်၏။

မှန်ပြင် ကြေးမုံပြင် ရေမနောက်သောရေပြင်များသည် ဥပစာ၌ရှိသော အာရုံအမျိုးမျိုးတို့၏ ထင်ရာဖြစ်သကဲ့သို့ ပသာဒတို့သည်လည်း မိမိတို့မှာ ကြည်လင်ခြင်း သဘောရှိကြကုန်သောကြောင့် နေဝန်း လဝန်းစသော ရူပါရုံအမျိုး, သဒ္ဒါရုံအမျိုးစသည်တို့၏ ထင်ရာဖြစ်ကုန်၏။ ကြည်လင်မှုကြောင့် ပသာဒဆိုရလေသည်။ "စက္ခုမေဝ ပသာဒေါတိ စက္ခုပသာဒေါ"။ စက္ခုမေဝ၊ စက္ခုသည်ပင်လျှင်။ ပသာဒေါ၊ ပသာဒတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုပသာဒေါ၊ စက္ခုပသာဒမည်၏။

**ဒိဋ္ဌမဏ္ဍလ**။ ။စက္ခုပသာဒသည် မျက်ဖြူဖြင့် ဝန်းဝိုင်းအပ်သော မျက်နက်ဝန်း၏ အလည်တည့်တည့်၌ သန်းဦးခေါင်းပမာဏ ရှိသော အရပ်၌ တည်၏။ ဤနေရာကို ပါဠိဘာသာဖြင့် ဒိဋ္ဌမဏ္ဍလဟူ၍ ခေါ်၏။ ကမ္ဗဇ မျက်မှန် ဆိုလိုသည်။ ခုနစ်ထပ်သော ဝါဂွမ်းစိုင်တို့ကို ဆီသည် ပြန့်နှံ့စိမ့်စို၍ တည်သကဲ့သို့ စက္ခုပသာဒသည်လည်း မျက်လွှာ ၇-ထပ်တို့ကို ပြန့်နှံ့စိမ့်စိုလျက်တည်၏။ ဤ စက္ခုပသာဒ တည်ရာဌာနကို ဗဟိဒ္ဓလေတို့ဖြင့် မထိမခတ် ရလေအောင် အပေါ်ရံ၌ ကြည်လင်သော အရေပါးဖြင့်လည်း ဖုံးလွှမ်းအပ်၏။ ဤ ဒိဋ္ဌမဏ္ဍလ ကမ္ဗဇမျက်မှန်ကလေး၌ ဥပစာကျ၍ ရှိရှိသမျှသော ရူပါရုံတို့သည် ထင်လာကြရကုန်၏။ သေးငယ်လှစွာသော မှန်ပြောင်းဝ၌ ကြီးကျယ်လှစွာသော တောကြီး, တောင်ကြီးစသော ရူပါရုံတို့သည် ထင်ကြရကုန်သကဲ့သို့ သေးငယ်လှစွာသော ကမ္ဗဇမျက်မှန်၌ ကြီးလှစွာသော နေဝန်း, လဝန်း, တောင်ကြီး,မြစ်ကြီး စသော ရူပါရုံတို့သည် ထင်လာကြရကုန်၏။

### စက္ခုပသာဒ၏ အနက်လေးပါး

စက္ခုပသာဒေါ၊ စက္ခုပသာဒသည်။

(၁) ရူပတဏှာ နိဒါန ကမ္မဇဘူတ ပသာဒ လက္ခဏော=ရူပတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ရူပါဘိဃာတ ရသော=ရူပါရုံ၌ ပုဂ္ဂိုလ်နှင့် စက္ခုဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။

(၃) စက္ခုဝိညာဏ နိဿယဘာဝ ပစ္စုပဋ္ဌာနော= စက္ခုဝိညာဏ်၏ မှီရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရဘူတ ပဒဋ္ဌာနော=ထိုစက္ခုပသာဒ၏တည်ရာ မဟာဘုတ် လျှင် ပဒဋ္ဌာန်ရှိ၏။

**သောတပသာဒ** ၌ "သုဏာတီတိ သောတံ"။ သုဏာတိ၊ ကြားနာ တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောတံ၊ သောတမည်၏။

တနည်းကား— "သုဏန္တိ သုယျန္တိ ဧတေနာတိ သောတံ"။ ဧတေန၊ ဤရုပ်ဖြင့်။ သုဏန္တိ၊ ကြားတတ်ကုန်၏။ သုယျန္တိ၊ ကြားအပ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ သောတံ၊ သောတမည်၏။ "သောတမေဝ ပသာဒေါ သောတပသာဒေါ"။

ဤသောတပသာဒသည် သသမ္ဘာရနား၏ အတွင်း၌ နူးညံ့သိမ်မွေ့သော အမွေးနီကလေးတို့ ပေါက်ရောက်၍ နေသော လက်စွပ်ကွင်းသဏ္ဌာန် ရှိသော အရပ်ဌာနကို ပြန့်နှံ့လျက် တည်၏။ ဝါယောဓာတ်နှင့်ပေါင်း၍လာသော သဒ္ဒါရုံ ဟူသမျှတို့သည် ဤသောတပသာဒ၏ ဥပစာရအရပ်တွင် တည်၍ ထင်ကြရ ကုန်၏။ သောတပသာဒသို့ ထိခိုက်၍ ထင်ကြသည် မဟုတ်ပေကုန်။ ဤသောတ ပသာဒကို ကမ္မဇအသံဖမ်းဓာတ်အိမ်ဟူ၍ ဆိုအပ်၏။

### သောတ၏ အနက်လေးပါး

သောတပသာဒေါ၊ သောတပသာဒသည်။

( ၁ ) သဒ္ဒတဏှာ နိဒါန ကမ္မဇဘူတ ပသာဒ လက္ခဏော=သဒ္ဒတဏှာ လျှင် အရင်းခံရှိသော ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

( ၂ ) သဒ္ဒါဝိဉ္ဆန ရသော=သဒ္ဒါရုံ၌ ပုဂ္ဂိုလ်နှင့် သောတဝိညာဏ်စိတ်ကို ဆွဲငင် ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။

( ၃ ) သောတဝိညာဏ နိဿယဘာဝ ပစ္စုပဋ္ဌာနော=သောတဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရဘူတ ပဒဋ္ဌာန်။

**ဃာနပသာဒ**၌ "ဃာယတီတိ ဃာနံ"။ ဃာယတိ၊နမ်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဃာနံ၊ ဃာနမည်၏။

တနည်းကား— "ဃာယန္တိ ဃာယီယန္တိ ဧတေနာတိ ဃာနံ"။ ဧတေန၊ ဤရုပ်ဖြင့်။ ဃာယန္တိ၊နမ်းကြကုန်၏။ ဃာယီယန္တိ၊နမ်းအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဃာနံ၊ ဃာနမည်၏။ "ဃာနမေဝ ပသာဒေါတိ ဃာနပသာဒေါ"။

ဈာနပသာဒသည် သသမ္ဘာရနေ့ခေါင်းပေါက်၏ အတွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသော ဌာနကို ပြန့်နှံ့လျက် တည်၏။ လေနှင့် အဖော်ပြု၍လာသော ဂန္ဓာရုံတို့သည် ဤဈာနပသာဒ၌ ထိခိုက်တိုးဝှေ့၍ ထင်ကြကုန်၏။

## ဈာန၏ အနက်လေးပါး

ဈာနပသာဒေါ၊ ဈာနပသာဒသည်။

( ၁ ) ဂန္ဓတဏှာနိဒါန ကမ္မဇဘူတ ပသာဒ လက္ခဏော=ဂန္ဓတဏှာလျှင် အကြောင်းရင်းရှိသော ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

( ၂ ) ဂန္ဓာဝိဉ္ဆန ရသော=ဂန္ဓာရုံ၌ ပုဂ္ဂိုလ်နှင့် ဈာနဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း လက္ခဏာရှိ၏။

( ၃ ) ဈာနဝိညာဏ နိဿယဘာဝ ပစ္စုပဋ္ဌာနော = ဈာနဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) ဃာယိတုကာမတာနိဒါန ကမ္မဇဘူတ ပဒဋ္ဌာန်။

ဇိဝှါပသာဒ ၌ အသက်ဟုဆိုအပ်သော ဇီဝိတ၏ အကြောင်းနိမိတ်ဖြစ်သော အသက်ရှည်ကြောင်းဖြစ်သော ရသာရုံကို ဇီဝိတဟူ၍ ဤနေရာ၌ ဆို၏။ "ဇီဝိတံ အဝှါယတီတိ ဇိဝှါ"။ ဇီဝိတံ၊ အသက်ရှည်ကြောင်းဖြစ်သောရသာရုံကို။ အဝှါယတိ၊ ခေါ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇိဝှါ၊ ဇိဝှါမည်၏။ (နိရုတ္တိနည်းဖြင့် ရုပ်ပြီးစေ)။ လျှာသည် ရသာရုံကို ခေါ်ဘိသကဲ့သို့ ဖြစ်၏။ ထိုကြောင့် ဇိဝှါမည်၏ ဟူလို။ သံသကရိုတ် ကျမ်းတို့၌ကား "ဇိဟွာ" ဟူ၍ ပုဒ်ရှိ၏။ "လေဟတီတိ ဇိဟွာ"။ လေဟတိ၊ လျက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇိဟွာ၊ ဇိဟွာမည်၏။ ဤသို့ဝိဂ္ဂြိုဟ်ပြု၍ နိရုတ္တိနည်းဖြင့် ပြီးစေလို၏။ "လိဟ" ဓာတ်တည်း။ မြန်မာတို့ကား လျှာဟူ၍ခေါ်၏။ လိဟ,ဓာတ်မှ လျှာ,ဖြစ်လာဟန်လက္ခဏာ တူ၏။ သက္ကတနှင့် လျော်၏။ ဤဝိဂ္ဂြိုဟ်ဖြင့် ဇိဝှါပသာဒကို မရ၊ သသမ္ဘာရဇိဝှါခေါ်သော လျှာပြင်ကို ရ၏။ ဤသသမ္ဘာရလျှာသည်—

"ပုရိသဿ ဟိ ဇာတဿ၊ ကုဌာရီ ဇာယတေ မုခေ။
ယာယ ဆိန္ဒတိ အတ္တာနံ၊ ဗာလော ဒုဗ္ဘာသိတံ ဘဏံ"။

သုတ္တနိပါတ်၊ ကောကာလိကသုတ်-၃၈၁စသော ဤပါဠိတော်တို့၌ထင်ရှား၏။

အနက်ကား—ဟိ၊ စင်စစ်။ ပုရိသဿ၊ လူသတ္တဝါသည်။ ဇာတဿ၊ ဖြစ်ပါလျက်။ မုခေ၊ ခံတွင်း၌။ ကုဌာရီ၊ လျှာတည်းဟူသော ထားမကြီးသည်။ ဇာယတေ၊ ဖြစ်လာ ပါလာ၏။ ဗာလော၊ လူမိုက်သည်။ ယာယ၊ အကြင်လျှာတည်း

ဟူသော ထားမကြီးဖြင့်။ ဒုဗ္ဗာသိတံ၊ ယုတ်မာသောစကားကို။ ဘဏံ ဘဏန္တော၊ ပြောဆိုလျက်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဆိန္ဒတိ၊ ဖြတ်ပိုင်းရာပလေ၏။ ဤသသမ္ဘာရဇိဝှါနှင့် တကွ ဖြစ်သောကြောင့် ဇိဝှါပသာဒကိုလည်း ဇိဝှါဟူ၍ ခေါ်ဝေါ်အပ်၏။ ထိုပြင် ဌာနူပစာရအားဖြင့်လည်း ဇိဝှါဟူ၍ ခေါ်ဝေါ်အပ်၏။ "ဇိဝှါဧဝ ပသာဒေါတိ ဇိဝှါပသာဒေါ"။

ဇိဝှါပသာဒသည် သသမ္ဘာရလျှာ၏ အလယ်ဗဟိုအချက် ကြာရွက်ဖျားသဏ္ဌာန်ရှိသောဌာနကို ပြန့်နှံ့၍ တည်၏။ အာပေါဓာတ်နှင့် ပေါင်း၍လာကုန်သော ရသာရုံတို့သည် ဇိဝှါပသာဒ၌ ထိ၍ ငြိ၍ ထင်ကြကုန်၏။

## ဇိဝှါ၏ အနက်လေးပါး

ဇိဝှါပသာဒေါ၊ ဇိဝှါပသာဒသည်။

(၁) ရသတဏှာ နိဒါန ကမ္မဇဘူတ လက္ခဏော = ရသာတဏှာလျှင် အကြောင်းရင်းရှိသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ရသာဝိဉ္ဆန ရသော=ရသာရုံ၌ ပုဂ္ဂိုလ်နှင့် ဇိဝှါဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း လက္ခဏာရှိ၏။

(၃) ဇိဝှါဝိညာဏ နိဿယဘာဝ ပစ္စုပဋ္ဌာနော=ဇိဝှါဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) တဒါဓာရဘူတ ပဒဋ္ဌာန်။

**ကာယပသာဒ၌** "ကုစ္ဆိတာနံ ကေသာဒီနံ ပါပဓမ္မာနဉ္စ အာယောတိ ကာယော"။ ကုစ္ဆိတာနံ၊ စက်ဆုပ်ဖွယ်ဖြစ်ကုန်သော။ ကေသာဒီနဉ္စ၊ ဆံပင် မွေးညှင်းစသော ကောဋ္ဌာသတို့၏ရင်း။ ပါပဓမ္မာနဉ္စ၊ တဏှာရာဂစသောအယုတ်တရားတို့၏ရင်း၊ အာယော၊ ဖြစ်ရာ ကြီးရာ ပွါးရာ စီးရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာယော၊ ကာယမည်၏။

ဤဝိဂ္ဂြိုဟ်ဖြင့် ဆံပင်စသော စက်ဆုပ်ဖွယ်ရာ ကောဋ္ဌာသတို့၏ တည်ရာဖြစ်သောကြောင့်ရင်း၊ တဏှာ, ရာဂ, မာန, ဒိဋ္ဌိစသော အယုတ်တရားတို့၏ တည်ရာဖြစ်သောကြောင့်ရင်း ဤသသမ္ဘာရကိုယ်ကြီးကို ကာယဟူ၍ ဆိုအပ်၏။

ထိုသသမ္ဘာရကာယနှင့် တကွဖြစ်လေ့ရှိသောကြောင့် ပသာဒကာယကိုလည်း ကာယဟူ၍ ဆိုအပ်၏။ ဌာနူပစာရအားဖြင့်လည်း ကာယဟူ၍ ဆိုအပ်၏။ "ကာယောဧဝ ပသာဒေါတိ ကာယပသာဒေါ"။

ကာယပသာဒသည်ကား တကိုယ်လုံးကို ပြန့်နှံ့၍ တည်၏။ ဝါဂွမ်းဆိုင်ကြီး တခုလုံးကို ဆီဆွတ်၍ ထားအပ်သကဲ့သို့ ဤသသမ္ဘာရတကိုယ်လုံးသည် ကာယပသာဒတို့ဖြင့် ပြည့်၍နေ၏။ ကမ္မဇပါစကတေဇောဓာတ်မီးဖို၏ တည်ရာဌာနဖြစ်၏။

**ကာယပသာဒမရှိသော ကိုယ်အစိတ်အပိုင်းများ။** ။ဆံပင်ဖျား, အမွေးဖျား, ခြေသည်းဖျား, လက်သည်းဖျား, သွား, အရိုး, ခြောက်တပ်သော အရေတို့၌ကား ကာယပသာဒ မရှိချေ။ ကာယပသာဒ မရှိသဖြင့်ပင်လျှင် ထိုအရပ်ဌာနတို့၌ ဖောဋ္ဌဗ္ဗာရုံ ထိခိုက်သော် သိတတ်သော ဝိညာဏ်စိတ် မဖြစ်ပေါ်။

**တကိုယ်လုံးပြန့်နှံ့၍တည်သော ရုပ်များ။** ။ဘာဝရုပ်, ကာယပသာဒ, သွေးဓာတ်, ဇီဝိတရုပ်, သည်းခြေဓာတ်, သုက်ဓာတ်။ ဤခြောက်ပါးတို့သည် တကိုယ်လုံးပြန့်နှံ့၍ တည်ကုန်၏။ ထိုကြောင့် ဆရာတို့သည်——

"ဘော,ပသာဒ၊ လောဟိတ၊ ဇီဝ,သည်းခြေ,သုက်"။
"ကိုယ်လုံးနှံ့ဖြာ၊ တည်နေရာ၊ ကျမ်းလာမှန်သမုတ်"*။

ဟူ၍ စပ်ဆိုတော်မူကြကုန်သည်။ ထဒ္ဓပထဝီနှင့် မိတ်ဆွေဖွဲ့၍ လာကုန်သော ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးတို့သည် ဤကာယပသာဒ၌ ထိ၍ ခတ်၍ ငြိစပ်၍ ထင်ကြကုန်၏။

**ကာယ၏ အနက်လေးပါး**

ကာယပသာဒေါ၊ ကာယပသာဒသည်။

(၁) ဖောဋ္ဌဗ္ဗတဏှာနိဒါန ကမ္မဇဘူတ ပသာဒ လက္ခဏော=ဖောဋ္ဌဗ္ဗတဏှာလျှင် အရင်းရှိသော ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ဖောဋ္ဌဗ္ဗာဝိဉ္ဆန ရသော=ဖောဋ္ဌဗ္ဗာရုံတို့၌ ပုဂ္ဂိုလ်နှင့် ကာယဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။

(၃) ကာယဝိညာဏ နိဿယဘာဝ ပစ္စုပဋ္ဌာနော= ကာယဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) တဒါဓာရဘူတာ ပဒဋ္ဌာနော=ထိုကာယ၏ တည်ရာဖြစ်သော မဟာဘုတ်လျှင် ပဒဋ္ဌာန်ရှိ၏။

---

* ဆရာတော်ဦးဗုဒ်၏ မဟာသတိပဋ္ဌာန် နိသျ-စသည်၌လာသည်။

**ပသာဒရုပ်တို့၏ ကြည်လင်ခြင်း အကြောင်း။** ။ဤ ပသာဒရုပ် ငါးခုတို့သည် ကမ္မဇမဟာဘုတ်တို့၏ ကြည်လင်မှုပေတည်း။ ကမ္မဇဖြစ်သော ဝိသေသမဟာဘုတ်တို့၏ဝိသေသအမူအရာတို့ပေတည်း။ ထိုပသာဒတို့သည် ပဉ္စဝိညာဏ်တို့၏ မှီရာဝတ္ထုအဖြစ်ကို ဆောင်ရွက်ကြကုန်၏။ ဤပသာဒတို့တွင် တခုခုသော ပသာဒသည် တောင်နန်းညာဖွား မင်းသားဥပရာဇ်နှင့် တူ၏။ ထိုမင်းသားကို အထိန်းတော်လေးယောက်တို့သည် ချီပွေ့ခြင်း, ရေချိုးခြင်း, တန်းဆာဆင်ခြင်း, ယပ်လေခတ်ခြင်း တည်းဟူသော ကိစ္စလေးပါးတို့ဖြင့် လုပ်ကျွေး ခစားကြရကုန်သကဲ့သို့ တခုတခုသော ပသာဒ တည်းဟူသော မင်းသားကို အထိန်းတော်တည်းဟူသော မဟာဘုတ် လေးပါးတို့သည် ခက်မာခြင်း, ဖွဲ့စေးခြင်း, ထောက်ကန်ရွေ့ရှားခြင်း, ပူအေးခြင်း တည်းဟူသော ကိစ္စလေးပါးတို့ဖြင့် လုပ်ကျွေးခစားကြရကုန်၏။ ထိုမင်းသားကို ခမည်းတော်ကြီး, ညီတော်, နောင်တော်, ဒေစ်မတော်, နှမတော်တို့သည် အမျိုးမျိုး ထောက်ပံ့ခြင်းတို့ဖြင့် ချီးမြှောက် ထောက်ပံ့ကြကုန်သကဲ့သို့ ပသာဒကို ဥတု, စိတ်, အာဟာရတရားတို့သည်လည်း ဥပတ္ထမ္ဘနကိစ္စဖြင့် ထောက်ပံ့ကြရကုန်၏။ ထိုမင်းသားကို ဒိသာပါမောက္ခဖြစ်သော သမားတော်ဆရာဝန်ကြီးသည် အစဉ်မပြတ် စောင့်ရှောက်အပ်သကဲ့သို့ ပသာဒကို ဇီဝိတိန္ဒြေတည်းဟူသော ဆရာဝန်ကြီးသည် အမြဲ စောင့်ရှောက်အပ်၏။ ထိုမင်းသားကို ဖွားဖက်တော်, အကြီးတော်တို့သည် ခြံရံအပ်ကုန်ဘိသကဲ့သို့ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့သည် ခြံရံအပ်ကုန်၏။

**ပသာဒရုပ် တို့သည် ပဉ္စဝိညာဏ် လောကကြီးထဲ၌ သတ္တဝါတို့၏ စိတ်သည် အသီးသီးတို့၏ မှီရာဝတ္ထုဖြစ်ကြပုံ။** ။အထူးထူးအထွေထွေ လွန်စွာ ဆန်းကြယ်၏။ စိတ် ဆန်းကြယ် မှုကြောင့် သညာ လည်း ဆန်းကြယ်လေ၏၊ သညာဆန်းကြယ်မှုကြောင့် တဏှာလည်း ဆန်းကြယ်လေ၏၊ တဏှာ ဆန်းကြယ်မှုကြောင့် ကံ ဆန်းကြယ်၏။ အကြောင်းဖြစ်သော ကံ၏ ဆန်းကြယ်မှုကြောင့် အကျိုးဖြစ်သော ကမ္မဇမဟာဘုတ်တို့သည် ဆန်းကြယ်ကုန်၏။ ကမ္မဇမဟာဘုတ်တို့၏ ဆန်းကြယ်မှုကြောင့် ပသာဒတို့သည် အထူးထူး အပြားပြား ဆန်းကြယ်ကြကုန်၏။ ထိုစကားမှန်၏။ သာမညအားဖြင့် ကမ္မဇမဟာဘုတ်ပင် ဖြစ်ကုန်သော်လည်း အချို့သည် စက္ခုပသာဒ၏ မှီရာဖြစ်ကုန်၏။ ပ။ အချို့သည် ကာယပသာဒ၏ မှီရာဖြစ်ကုန်၏။ ပသာဒသာမည ဖြစ်ကုန်သော်လည်း အချို့သည် ရူပါရုံ၏ ထင်ရာသာဖြစ်ကုန်၏။ အခြားအာရုံတို့၏ ထင်ရာ မဟုတ်ကုန်။ ပ။ အချို့သည် ဖောဋ္ဌဗ္ဗာရုံ၏ ထင်ရာ ဖြစ်ကုန်၏။ အခြားအာရုံတို့၏ ထင်ရာ မဟုတ်ကုန်။ အမျိုးမျိုး သဘောမတူဘဲ ကွဲပြားကြကုန်၏။ ဤမျှလောက်ပင် လောကကြီး ဆန်းကြယ်ပလေသည်။

## ဂေါစရရုပ် ၅-ပါး

**(၃၆၃) ရူ,သဒ်,ဂန်,ရံ၊ ဖောဋ္ဌဗ္ဗံ၊ ငါးတန် ဂေါစရ။**

ဤဖြင့် ဂေါစရရုပ်တို့ကို ပြဆို၏။

**ဂေါစရရုပ် ၅-ပါး။** ။ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ။ ဤငါးပါးတို့သည် ဂေါစရရုပ် မည်ကုန်၏။

ရူပဝ်၌ "ရူပယတိ အတ္တာနံ ပကာသေတီတိ ရူပံ"။ ရူပယတိ၊ ပြတတ်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ပကာသေတိ၊ ထင်ရှားဖော်ပြတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရူပံ၊ ရူပမည်၏။ အဆင်းတည်းဟူသော ဝဏ္ဏာယတနသည် ဂုဏ်ဖော်ချင်သောသူကဲ့သို့ မိမိကိုယ်ကို မိမိ ဖော်ပြတတ်လေသည်။

### ရူပ၏အနက်လေးပါး

ရူပံ၊ အဆင်းတည်းဟူသော ရူပါရုံသည်။

( ၁ ) စက္ခုပသာဒါ ဘိဃဋ္ဋန လက္ခဏံ=စက္ခုပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။

( ၂ ) စက္ခုဝိညာဏာလမ္ဗန ဘာဝ ရသံ=စက္ခုဝိညာဏ်၏ ဆွဲရာ တွယ်ရာ အဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

( ၃ ) တံ ဂေါစရဘာဝ ပစ္စုပဋ္ဌာနံ=ထိုစက္ခုဝိညာဏ်၏ ကျက်စားရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရ မဟာဘူတ ပဒဋ္ဌာနံ။

သဒ္ဒ၌ "သဗ္ဗတိ သောတဝိညေယျဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ"။ သဗ္ဗတိ၊ သွားတတ်၏။ သောတဝိညေယျဘာဝံ၊ သောတဝိညာဏ်၏ သိအပ်သော အာရုံအဖြစ်သို့။ ဂစ္ဆတိ၊ ရောက်ဘတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။

တနည်းကား—"သဒ္ဒီယတိ ကထီယတီတိ သဒ္ဒေါ"။ သဒ္ဒီယတိ၊ မြည်စေအပ်၏။ ကထီယတိ၊ ရွတ်ဆိုအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။

တနည်းကား—"သဒတိ ခဏေန ဝိဿရတိ ဝိပ္ပရတီတိ သဒ္ဒေါ"။ သဒတိ၊ ရွေ့ရှားတတ်၏။ ခဏေန၊ တခဏခြင်းဖြင့်။ ဝိဿရတိ ဝိပ္ပရတိ၊ ပြန့်နှံ့တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဒ္ဒေါ၊ သဒ္ဒမည်၏။ အသံတည်းဟူသော သဒ္ဒါယတနသည် သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်၏။ ရွတ်လည်း

ရွတ်ဆိုအပ်၏။ (အဝိညာဏက သဒ္ဒဖြစ်လျှင် မြည်စေအပ်၏)။ ရွတ်တရက် တခဏခြင်းပင်လျှင် ထိုထိုအရပ်ဌာနတို့ကို ပြန့်နှံ့ ရွှေရှားတတ်၏။

## သဒ္ဒ၏ အနက်လေးပါး

သဒ္ဒေါ၊ သဒ္ဒသည်။

( ၁ ) သောတပသာဒါ ဘိဃဋ္ဋန လက္ခဏော=သောတပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။

( ၂ ) သောတဝိညာဏာလမ္ဗနဘာဝ ရသော=သောတဝိညာဏ်၏ ဆွဲရာ တွယ်ရာ အဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

( ၃ ) တံ ဂေါစရဘာဝ ပစ္စုပဋ္ဌာနံ=ထိုသောတဝိညာဏ်၏ ကျက်စားရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရဘူတ ပဒဋ္ဌာန်။

ဂန္ဓ၌ "ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိ ပကာသေတီတိ ဂန္ဓော"။ ဂန္ဓယတိ၊ ပြတတ်၏။ အတ္တနော၊ မိမိ၏။ ဝတ္ထုံ၊ တည်ရာ အထည်ဝတ္ထုကို။ သူစေတိ ပကာသေတိ၊ ပြတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂန္ဓော၊ ဂန္ဓမည်၏။ အနံ့တည်းဟူသော ဂန္ဓသည် လေနှင့် မိတ်ဆွေဖွဲ့၍ ဥပစာတွင် တည်ရှိသော သူတို့၏ နှာခေါင်းသို့ ချဉ်းကပ်ပြီးလျှင် သူ၏ မိုရာဝတ္ထုကို ဖော်ပြသကဲ့သို့ ဖြစ်တတ်၏ ဟူလို။

## ဂန္ဓ၏အနက်လေးပါး

ဂန္ဓော၊ ဂန္ဓသည်။

( ၁ ) ဃာနပသာဒါဘိဃဋ္ဋန လက္ခဏော=ဃာနပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။

( ၂ ) ဃာနဝိညာဏာလမ္ဗနဘာဝ ရသော=ဃာနဝိညာဏ်၏ ဆွဲရာ တွယ်ရာအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

( ၃ ) တံ ဂေါစရဘာဝ ပစ္စုပဋ္ဌာနော=ထိုဃာနဝိညာဏ်၏ ကျက်စားရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရဘူတ ပဒဋ္ဌာန်။

ရသ၌ "ရသီယတိ အဿာဒီယတီတိ ရသော"။ ရသီယတိ အဿာဒီယတိ၊ သာယာအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ရသော၊ ရသမည်၏။

**ရသ၏ အနက်လေးပါး**

ရသော၊ ရသသည်။

(၁) ဇိဝှါပသာဒါဘိဃာတနလက္ခဏော=ဇိဝှါပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။

(၂) ဇိဝှါဝိညာဏာလမ္ဗနဘာဝ ရသော=ဇိဝှါဝိညာဏ်၏ ဆွဲရာ တွယ်ရာ အဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

(၃) တံ ဂေါစရဘာဝ ပစ္စုပဋ္ဌာနော=ထိုဇိဝှါဝိညာဏ်၏ ကျက်စားရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) စတုမဟာဘူတ ပဒဋ္ဌာန်။

**ဖောဋ္ဌဗ္ဗ၌** "ဖုသီယတီတိ ဖောဋ္ဌဗ္ဗံ"။ ဖုသီယတိ၊ တွေ့ထိအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗမည်၏။ တွေ့အပ် ထိအပ်သောသဘော သည် ဖောဋ္ဌဗ္ဗမည်၏။

**ဖောဋ္ဌဗ္ဗရုပ်၏ တရားကိုယ်များ။** ။ထိုဖောဋ္ဌဗ္ဗသည် တရားကိုယ် အသီးအခြား ဟူ၍ မရှိ။ ပထဝီ, တေဇော, ဝါယောသုံးပါး တို့ပင် ဖြစ်၏။ ကြမ်းတမ်းသော အတွေ့အထိ, နူးညံ့သော အတွေ့အထိ။ (ဤကား ပထဝီဖောဋ္ဌဗ္ဗတည်း။) အေးသော အတွေ့အထိ, ပူသော အတွေ့ အထိ။ (ဤကား တေဇောဖောဋ္ဌဗ္ဗတည်း)။ ကြွရွလှုပ်ရှားသော အတွေ့အထိ, ပျော့ပျော့အိအိဖြစ်သော အတွေ့အထိ။ (ဤကား ဝါယောဖောဋ္ဌဗ္ဗတည်း)။ ဤအတွေ့အထိ သုံးပါးတို့မှတပါး အခြားသော အတွေ့အထိဟူ၍မရှိ။ ဤ သုံးပါးသော အတွေ့အထိတို့သည် ကာယိကဒုက္ခကို ဖြစ်စေကုန်၏။ ကာယိက သုခကို ဖြစ်စေကုန်၏။

**ဖောဋ္ဌဗ္ဗ၏ အနက်လေးပါး**

ဖောဋ္ဌဗ္ဗော၊ ဖောဋ္ဌဗ္ဗာရုံသည်။

(၁) ကာယပသာဒါဘိဃာတန လက္ခဏော=ကာယပသာဒ၌ ထင်ခြင်း ထိခိုက်ခြင်း လက္ခဏာရှိ၏။

(၂) ကာယဝိညာဏာလမ္ဗနဘာဝ ရသော=ကာယဝိညာဏ်၏ ဆွဲရာ တွယ်ရာအဖြစ်ကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏။

(၃) တံ ဂေါစရဘာဝ ပစ္စုပဋ္ဌာနော=ထိုကာယဝိညာဏ်၏ ကျက်စား ရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) တဒါဓာရ မဟာဘူတ ပဒဋ္ဌာန်။

**အာပေါဓာတ်သည် ဖောဋ္ဌဗ္ဗမဖြစ်နိုင်ပုံ။** ။မဟာဘုတ် လေးပါးတို့တွင် အာပေါဓာတ်သည်ကား ကာယပသာဒဖြင့် တွေ့ထိနိုင်ကောင်းသော တရားမဟုတ်၊ ကာယဝိညေယျ မဟုတ်။ မနောဒွါရဖြင့်သာလျှင် သိကောင်းသောတရား ဖြစ်၏၊ မနောဝိညေယျ ပေတည်း။ အာပေါဓာတ်သည် ဘုတ်သုံးပါးတို့ကို ဖွဲ့စေးမှုကိစ္စကိုသာ ပြီးစေနိုင်၏။ ၎င်းကိစ္စသည်လည်း ကာယဝိညာဏ်ဖြင့် သိနိုင်စကောင်းသော ကာယဝိညေယျကိစ္စ မဟုတ်ချေ။ ပဂ္ဃရဏအာပေါလွန်သော ရေစသော၀တ္ထုဒြဗ် ဤကား အရည်တည်းဟူ၍ သိရမှုသည်လည်း ကာယဝိညာဏ်ဖြင့် သိရသည် မဟုတ်၊ ရှေးအဖို့၌ ပထဝီဖောဋ္ဌဗ္ဗကိုသော်၎င်း, တေဇောဖောဋ္ဌဗ္ဗကိုသော်၎င်း, ဝါယောဖောဋ္ဌဗ္ဗကိုသော်၎င်း စမ်းသပ်၍ သိပြီးသောနောက်မှ ဤကား အရည်တည်းဟူ၍ မနောဒွါရိကစိတ်ဖြင့် သိရလေသည်။ ထိုကြောင့် အာပေါသည် ဖောဋ္ဌဗ္ဗအရာ၌ ဝင်ခွင့်မရလေသည်။

**ဂေါစရရုပ် ၅-ခု,၄-ခု,၇-ခုစသည် ရေတွက်ပုံ။** ။သာမညရေတွက်လျှင် ဂေါစရ ၅-ခုရှိ၏။ ဖောဋ္ဌဗ္ဗမှာ မဟာဘုတ်သုံးပါးပင်ဖြစ်၍ ထိုမဟာဘုတ်တို့ကိုလည်း အောက်၌ယူခဲ့ပြီးသောကြောင့် တဖန်မယူဘဲ ဂေါစရရုပ်လေးခုဟူ၍ ဆိုသော်လည်း သင့်ပါ၏။ မဟာဘုတ်သုံးခုလုံးကို ဖောဋ္ဌဗ္ဗအနေနှင့် ယူပြန်၍ ဂေါစရရုပ်ခုနစ်ခုဟူ၍ ယူလျှင်လည်း သင့်၏။ များသောအားဖြင့် ဂေါစရရုပ်ခုနစ်ခုရှိ၏ဟူ၍ ဆိုရိုးပြုကြသည်။

**ဂေါစရ မည်ကြောင်းကား။** ။"ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော"။ ဧတ္ထ၊ ဤအရပ်၌။ ဂါဝေါ၊ နွားတို့သည်။ စရန္တိ၊ ကျက်စားကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါစရော၊ ဂေါစရမည်၏။ နွားတို့၏ မပြတ်ကျက်စားရာ သွားလာကြရာ နွားစားကျက်ကွင်းပြင်ကို ရစေ။ "ဂေါစရသဒိသာတိ ဂေါစရာ"။ ဂေါစရသဒိသာ၊ နွားစားကျက်နှင့် တူကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါစရာ၊ ဂေါစရမည်ကုန်၏။ ရူပါယတနစသော ဂေါစရရုပ် ၇-ပါးကို ရစေ။ နွားစားကျက် ကွင်းပြင်သည် နွားတို့၏ လူးလာပျော်ပါး ကျက်စားကြရာ ဖြစ်သကဲ့သို့ ရူပါယတနစသော ရုပ် ၇-ပါးတို့သည်လည်း ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့၏ ကျက်စားရာ ပျော်ပါးကွန့်မြူးရာ ဖြစ်ကုန်၏။

ဘာဝရုပ် ၂-ပါးစသည်

(၁၆၄) ဣတ္ထိ,ပုမ၊ ဘာဝနှစ်တန်၊ ဟဒယံ၊ တဖန် ဇီဝိတ။
(၁၆၅) ကဗဠီကာ၊ ရုပ်သြဇာ၊ သမ္ဘာ ဆဲ့ရှစ်ရ။

ဤဖြင့် ဣတ္ထိဘာဝရုပ် စသည်ကို ပြဆို၏။

ဇလတ္ထိဘာဝ, ပုမ္ဘာဝဟူသော ဘာဝရုပ်နှစ်ခု၊ ဟဒယရုပ်, ဇီဝိတရုပ်, ကဗဠီ-ကာရာဟာရရုပ်။

ဣတ္ထိဘာဝ၌ အဝိသဒါကာရဟု ဆိုအပ်သော မသန့်မရှင်း ရှုပ်ရှုပ်ထွေးထွေး မှုမှုယှုယှု ချွဲချွဲနွဲ့နွဲ့ သေးသေးသိမ်သိမ် အနေအားဖြင့် တည်ရှိသော ခန္ဓာပဋ္ဌကဖြစ်သည် ဣတ္ထိမည်၏။ "ဣတ္ထိယာ ဘာဝေါ ဣတ္ထိဘာဝေါ"။ ဣတ္ထိ-ယာ၊ မိန်းမ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဣတ္ထိဘာဝေါ၊ မိန်းမ၏ ဖြစ်ကြောင်း။

**ဣတ္ထိဘာဝ၏သဘောလက္ခဏာများ။** ။(၁) ဣတ္ထိလိင်္ဂ (၂) ဣတ္ထိနိမိတ္တ (၃) ဣတ္ထိကုတ္တ (၄) ဣတ္ထိအာကပ္ပ တို့၏ ဖြစ်ကြောင်းဖြစ်သော ဓာတ်သဘောတခုသည် ဣတ္ထိဘာဝမည်၏။ ဣတ္ထ-တ္တလည်း မည်၏။

ဤ၌ (၁) ပဓာန ပါကဋဖြစ်သော အလုံးအရပ် ကိုယ်သဏ္ဌာန်ကြီးသည် ဣတ္ထိလိင်္ဂမည်၏။ (၂) ကိုယ်သဏ္ဌာန်ကြီး၏ အတွင်း၌ သေးသွယ်ပြေပျောင်း လုံးလျောင်းသော လက်ခြေအင်္ဂါ, သေးငယ်နူးညံ့ မဖွံ့မထွားသောမျက်နှာ စသော အင်္ဂါအစိတ်အစိတ်သည် ဣတ္ထိနိမိတ္တမည်၏။ (၃) မိန်းမတို့နှင့်စပ်ဆိုင်သော ကစားမှုအမျိုးမျိုးတို့ဖြင့် ကစားခြင်း, ကွန့်မြူးခြင်း, တင့်တင့်တယ်တယ် ပြုခြင်း စသော အမူအရာကြိယာစုသည် ဣတ္ထိကုတ္တမည်၏။ (၄) မိန်းမတို့နှင့် ဆိုင်သော သွားပုံ, လာပုံ, ရှုပုံ, ကြည့်ပုံ, စောင်းပုံ, ငုံ့ပုံ, ပြုံးပုံ, ရယ်ပုံ, ကြုံ့ရုံ့ပုံ, ဆွဲဆွဲငင်ငင်ပြောဆိုပုံ စသော အမူအရာစုသည် ဣတ္ထိအာကပ္ပမည်၏။ ဤ ဣတ္ထိလိင်္ဂ, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့သည် ဣတ္ထိဘာဝရုပ်ကြောင့် သာလျှင် ဖြစ်ပေါ်ကြရကုန်၏။ ဣတ္ထိဘာဝရှိသော ခန္ဓာသဏ္ဌာန်၌သာလျှင် ဣတ္ထိလိင်္ဂစသောအရာတို့ ဖြစ်ပေါ်ကြကုန်၏။ ထိုကြောင့် ဣတ္ထိဘာဝရုပ်သည် ဣတ္ထိလိင်္ဂစသည်တို့၏ ဖြစ်ကြောင်းဘာဝ ဖြစ်ပေ၏။

**ဣတ္ထိန္ဒြေ။** ။ထိုဣတ္ထိလိင်္ဂစသည်တို့ကို အစိုးရသောကြောင့် ဣတ္ထိဘာဝရုပ်ကို ဣတ္ထိန္ဒြေဟူ၍ ဆိုရ၏။ မိန်းမတို့သည် ဣတ္ထိဘာဝရုပ်ကို လက်ကိုင်ရကြကုန်သောကြောင့် မိန်းမနှင့်စပ်ဆိုင်သမျှသော အမူအရာအမျိုးမျိုးတို့ကို သင်ပြသူဆရာမရှိဘဲ အလုံးစုံ တဘက်ကမ်းခပ် တတ်မြောက်ကြလေကုန်သည်။

## ဣတ္ထိဘာဝ၏ အနက်လေးပါး

ဣတ္ထိဘာဝေါ၊ ဣတ္ထိဘာဝရုပ်သည်။

(၁) ဣတ္ထိဘာဝ လက္ခဏော=မိန်းမဟူ၍ သိကြောင်း မိန်းမဟူသော စကား၏ဖြစ်ကြောင်း လက္ခဏာရှိ၏။

( ၂ ) ပကာသန ရသော=မိန်းမဟူ၍ ဖော်ပြခြင်း ကိစ္စရှိ၏။

( ၃ ) ဣတ္ထိလိင်္ဂါဒိ ဟေတုဘာဝ ပစ္စုပဋ္ဌာနော=ဣတ္ထိလိင် စသည်တို့၏ အကြောင်းအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။

( ၄ ) တဒါဓာရဘူတ ပဒဋ္ဌာန်။

ပုမ္ဘာဝ၌ ဝိသဒါကာရဟူ၍ ဆိုအပ်သော သန့်သန့်ရှင်းရှင်း ကျားကျား ယားယား ခွံ့ခွံ့ ငြားငြား မောက်မောက်မားမား အနေအားဖြင့် တည်ရှိသော ခန္ဓာပဋ္ဌကဒြဗ်သည် "ပုမ"မည်၏။ "အဖို"ဆိုလိုသည်။ "ပုမဿ ဘာဝေါ ပုမ္ဘာဝေါ"။ ပုမဿ၊ အဖို၏။ ဝါ၊ ယောကျ်ား၏။ ဘာဝေါ၊ ဖြစ်ကြောင်း တည်း။ ပုမ္ဘာဝေါ၊ အဖို၏ဖြစ်ကြောင်း။ ပုရိသဘာဝဟူ၍လည်း ဆိုအပ်၏။

**ပုရိသဘာဝ၏ သဘောလက္ခဏာများ။** ။(၁) ပုရိသလိင် (၂) ပုရိသနိမိတ္တ (၃) ပုရိသကုတ္တ (၄) ပုရိသအာကပ္ပတို့၏ ဖြစ်ကြောင်းဖြစ်သော ဓာတ်သဘောတခုသည် ပုမ္ဘာဝရုပ်မည်၏။ ပုမတ္တလည်း မည်၏။

ဤ၌ (၁) ပဓာနပါကဋဖြစ်သော အလုံးအရပ် ကိုယ်သဏ္ဌာန်ကြီး သည် ပုရိသလိင်မည်၏။ (၂) ကိုယ်သဏ္ဌာန်ကြီး၏ အတွင်း၌ ဖွံ့ဖြိုးထွားကျိုင်းသော ခြေလက်အင်္ဂါ ခွံ့ခွံ့ ငြားငြား မုတ်နားမုတ်ဆိတ် စသည်တို့နှင့် ပြည့်စုံသော မျက်နှာစသော အင်္ဂါအစိတ်အစိတ်သည် ပုရိသနိမိတ္တမည်၏။ (၃) ယောကျ်ားတို့နှင့် စပ်ဆိုင်သော ကစားမှုအမျိုးမျိုးတို့ဖြင့် ကစားခြင်း, ကွန့်မြူးခြင်း, အကြီးအကျယ် ပြုလုပ်ခြင်း စသော အမူအရာ ကြိယာစုသည် ပုရိသကုတ္တမည်၏။ (၄) ယောကျ်ားတို့နှင့် စပ်ဆိုင်သော သွားပုံ, လာပုံ, ပစ်ငင်လှမ်းကြွပုံ, ကြည့်ရှုစောင်းငဲ့ပုံ, ပြောဆိုပုံစသော အမူအရာစုသည် ပုရိသအာကပ္ပမည်၏။

ဤပုရိသလိင်စသော လေးပါးတို့သည် ပုမ္ဘာဝ ရုပ်ကြောင့်သာလျှင် ဖြစ်ပေါ်ကြရကုန်၏။ ပုမ္ဘာဝရှိသော ခန္ဓာသဏ္ဌာန်၌သာလျှင် ပုရိသလိင်စသောအရာတို့ ဖြစ်ပေါ်ကြရကုန်၏။ အခြားသော ခန္ဓာသဏ္ဌာန်တို့၌ မဖြစ်ပေါ်ကြကုန်။ ထို့ကြောင့် ပုမ္ဘာဝရုပ်သည် ပုရိသလိင်စသည်တို့၏ ဖြစ်ကြောင်းဘာဝ ဖြစ်ပေ၏။

**ပုရိသိန္ဒြေ။** ။ထိုပုရိသလိင် စသည်တို့ကို အစိုးရသောကြောင့် ပုရိသိန္ဒြေရုပ်ဟူ၍လည်း ခေါ်ဝေါ်ရ၏။

အလုံးစုံသော ယောကျ်ားတို့သည် ပုမ္ဘာဝရုပ် လက်ကိုင်ရှိကြကုန်သော ကြောင့် ယောကျ်ားတို့နှင့် စပ်ဆိုင်သော အမူအရာအမျိုးမျိုးတို့ကို သင်ပြသူ ဆရာမရှိဘဲ တဖက်ကမ်းခပ် အလိုလို တတ်ကြကုန်၏။

## ပုမ္ဘာဝ၏ အနက်လေးပါး

ပုမ္ဘာဝေါ၊ ပုမ္ဘာဝရုပ်သည်။

( ၁ ) ပုရိသဘာဝ လက္ခဏော=ယောကျ်ားဟူ၍ သိကြောင်း၊ယောကျ်ားဟူသောစကား၏ ဖြစ်ကြောင်း လက္ခဏာရှိ၏။

( ၂ ) ပကာသန ရသော=ယောကျ်ားဟူ၍ ဖော်ပြခြင်းကိစ္စရှိ၏။

( ၃ ) ပုလ္လိင်္ဂါဒိဟေတုဘာဝပစ္စုပဋ္ဌာနော=ပုလ္လိင်စသည်တို့၏ဖြစ်ကြောင်းလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

( ၄ ) တဒါဓာရ ပဒဋ္ဌာန်။

**နပုံသက။** ။ဤဘာဝရုပ်နှစ်ပါး မပါသောသူကို "နပုံသက=နပုံး" ဟူ၍ ခေါ်ဝေါ်အပ်၏။

**ဥဘတောဗျည်း။** ။ရံခါ ဣတ္ထိဘာဝရုပ် ရှိ၊ ရံခါ ပုမ္ဘာဝရုပ် ရှိသောသူကို "ဥဘတော ဗျဉ္ဇနက=ဥဘတောဗျည်း" ဟူ၍ ခေါ်ဝေါ်အပ်၏။

**ဟဒယဝတ္ထု** ၌ "ဟဒန္တိ သတ္တာ တံ တံ အတ္ထံ ဝါ အနတ္ထံ ဝါ ပူရေန္တိ ဧတေနာတိ ဟဒယံ"။ ဧတေန၊ ဤရုပ်တရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တံ တံ အတ္ထံ ဝါ၊ ထိုထိုအစီးအပွါးကိုငင်း။ တံ တံ အနတ္ထံ ဝါ၊ ထိုထိုအကျိုးမဲ့ကိုငင်း။ ဟဒန္တိ ပူရေန္တိ၊ ပြည့်စေကြကုန်၏။ ဝါ၊ ဖြည့်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟဒယံ၊ ဟဒယမည်၏။

တနည်းကား—"ဟဒန္တိ သတ္တာ ဣတော နာနာ ဝိတက္ကေ ဩသဇ္ဇန္တိ မုဉ္စန္တီတိ ဟဒယံ"။ ဣတော၊ ဤရုပ်တရားမှ။ သတ္တာ၊ သတ္တဝါတို့သည်။ နာနာဝိတက္ကေ၊ အထူးထူးသော အကြံအစည်တို့ကို။ ဟဒန္တိ ဩသဇ္ဇန္တိ မုဉ္စန္တိ၊ လွှတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟဒယံ၊ ဟဒယမည်၏။

တနည်းကား—"ဟရန္တိ ပရိဟရန္တိ တံ သတ္တာ ဇီဝိတံဝိယ ဒယန္တိ ရက္ခန္တိ စာတိ ဟဒယံ"။ သတ္တာ၊ သတ္တဝါတို့သည်။ တံ၊ ထိုရုပ်တရားကို။ ဟရန္တိ ပရိဟရန္တိ၊ ဆောင်ရွက်ကြကုန်၏။ ဇီဝိတံဝိယ၊ အသက်ကဲ့သို့။ ဟဒန္တိ ရက္ခန္တိ၊ စောင့်ရှောက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟဒယံ၊ ဟဒယမည်၏။ ဤဟဒယသည် မနောဓာတ် မနောဝိညာဏဓာတ်တည်းဟူသော စိတ်စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုလည်း မည်၏။ သမာသ်တွဲ၍ ဟဒယဝတ္ထုဟူ၍ ခေါ်ကြ၏။

ဤဟဒယဝတ္ထုသည် သသမ္ဘာရဖြစ်သော နှလုံးအိမ်အတွင်း၌ တလက်ဆွမ်းဝက်မျှလောက်သော သွေးကို ပြန့်နှံ့လျက် တည်ရှိ၏။ ဤဟဒယဝတ္ထုပေါ်၌ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ပေါက်ရောက် ဖြစ်ပေါ်ကြကုန်၏။

ဓမ္မသင်္ဂဏီပါဠိတော်၌ကား— တိက်, ဒုက်ဖွဲ့၍ ဟောတော်မူအပ်သောအရာဖြစ်သောကြောင့် ဒေသနာအစဉ် အလျဉ်းမသင့်လေသဖြင့်ရင်း၊ ဒေသနာအစဉ် ပျက်ပြားမည့်အတွက်ကြောင့်ရင်း၊ ဤဟဒယဝတ္ထုကို ဟောတော်မမူအပ်ချေ။ ပဋ္ဌာန်းပါဠိတော်၌သာလျှင် ဤဟဒယဝတ္ထုရုပ်ကို ဟောတော်မူအပ်ချေ၏။ ဟောပုံကား— "ဝတ္ထု ကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော၊ ဝတ္ထု အကုသလာနံ ခန္ဓာနံ နိဿယပစ္စယေန ပစ္စယော" အစရှိသည်တည်း။ ဤပါဠိတော်၌ ဝတ္ထုရုပ် ၆-ပါးတို့မှတပါး အခြားသော ဝတ္ထုရုပ်မည်သည်လည်း မရှိ။ ထိုဝတ္ထုရုပ် ခြောက်ပါးတို့တွင်လည်း စက္ခုဝတ္ထု။ပ။ကာယဝတ္ထု၊ ဤငါးပါးတို့သည်လည်း ကုသိုလ်, အကုသိုလ်တရားတို့၏ မှီရာ မဟုတ်ကုန်။ ပဉ္စဝိညာဏ်တို့၏ မှီရာသာလျှင် ဖြစ်ကြကုန်၏။ ထို့ကြောင့် ယခုပါဠိတော်၌ ဟောတော်မူအပ်သော ဝတ္ထုသည် စက္ခုဝတ္ထု စသည်ဘို့မှ တပါးသောဝတ္ထုဟူ၍ သိသာ၏။ စက္ခုဝတ္ထုစသည်တို့မှ တပါးသောဝတ္ထုကား အခြားမဟုတ် ဟဒယဝတ္ထုပင်တည်း။

## ဟဒယ၏ အနက်လေးပါး

ဟဒယံ၊ ဟဒယဝတ္ထုရုပ်သည်။

(၁) မနောဓာတု, မနောဝိညာဏဓာတူနံ နိဿယ ဘာဝ လက္ခဏံ= မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာ ဖြစ်ကြောင်းလျှင် လက္ခဏာရှိ၏။

(၂) တဒါဓာရဏ ရသံ=ထိုဓာတ်နှစ်ပါးကို အားကြီးစွာ ဆောင်ခြင်း ကိစ္စရှိ၏။

(၃) တဒုဗ္ဗဟ ပစ္စုပဋ္ဌာနံ=ထိုဓာတ်နှစ်ပါးကို ပင့်မြှောက်ထမ်းရွက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) တဒါဓာရဘူတ ပဒဋ္ဌာန်။

**ဇီဝိတ**၌ "ဇီဝန္တိ သဟဇာတဓမ္မာ ယေနာတိ ဇီဝိတံ"။ ယေန၊ အကြင်ရုပ်တရားဖြင့်။ သဟဇာတဓမ္မာ၊ အတူတကွဖြစ်သော သဟဇာတ်ရုပ်တရားတို့သည်။ ဇီဝန္တိ၊ အသက်ရှင်ကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဇီဝိတံ၊ ဇီဝိတမည်၏။ ဤဇီဝိတသည် သဟဇာတ်ရုပ်တရားတို့၏ အသက်သဖွယ် ဖြစ်၏။

အသက်ရှင်ကြောင်း ဖြစ်၏။ သဟဇာတ်ရုပ်တို့ကို အစဉ် စောင့်ရှောက်ခြင်း လက္ခဏာရှိ၏။ အသက်ရှင်စေခြင်းကိစ္စဖြင့် သဟဇာတ်ရုပ်တရားတို့၏ အပေါ်၌ အစိုးရဖြစ်ပေသောကြောင့် ဣန္ဒြိယဟူ၍လည်း ဆိုအပ်၏။ သမာသ်တွဲစပ်၍ ဇီဝိတိန္ဒြိယဟူ၍ ခေါ်ဝေါ်အပ်၏။

ဥပမာအားဖြင့် မျိုးခာတ်ကြောင့် ဖြစ်ပေါ်ကုန်သော ကြာပင်စသည်တို့သည် မူလရင်း မျိုးခာတ်ပျောက်ပျက် ချုပ်ဆုံးလေသော်လည်း ရေခာတ် စောင့်ရှောက်အပ်ကုန်သဖြင့် ရှည်မြင့်စွာ မသေဘဲ တည်နေကြကုန်သကဲ့သို့ ထိုအတူ ချုပ်လေပြီးသော အတိတ်ကံဟောင်းကြောင့် ဖြစ်ပေါ်ကြရကုန်သော ကမ္မဇရုပ်တို့သည် အကြောင်းမူလဖြစ်သော ကံပင်မရှိသော်လည်း ဇီဝိတရုပ် စောင့်ရှောက်အပ်ကုန်သောကြောင့် ဖြစ်စဉ်၏ အစွမ်းအားဖြင့် အနှစ်တရာ ပတ်လုံးသော်၎င်း, အနှစ်တသိန်း ပတ်လုံးသော်၎င်း, ကမ္ဘာငါးရာ ပတ်လုံး သော်၎င်း, ကမ္ဘာတသောင်းခြောက်ထောင် ပတ်လုံးသော်၎င်း အသက်ရှည် ကြကုန်၏။

**အသက်ရှင်သည်ဟူ၍ မဆိုရသောရုပ်များ။** ။ဇီဝိတိန္ဒြေရုပ်မှ ကင်းကြကုန်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် အသက်ရှင်သည်ဟူ၍ မမည်ကြကုန်။

ထင်ရှားစေအံ့—စိတ္တဇရုပ်စသည်တို့သည် တခုသော စိတ်ကြောင့်သော်၎င်း, ဥတုကြောင့်သော်၎င်း, အာဟာရကြောင့်သော်၎င်း ဖြစ်ကြရကုန်၏။ အကြောင်း ဖြစ်သော စိတ်စသည်တို့ ချုပ်ကြကုန်လျှင် မိမိတို့လည်း ချုပ်ကြရကုန်၏။ နောက်၌ ဆက်လက်၍ ဖြစ်ပေါ်ခြင်းငှါ မစွမ်းနိုင်ကြကုန်။ နောက်ထပ် အကြောင်းတရား တခုတခု ရှိပြန်မှ ဖြစ်ပေါ်နိုင်ကြပြန်ကုန်၏။ ထိုရုပ်တို့တွင် စိတ္တဇရုပ်တို့၏ သန္တတိပစ္စုပ္ပန်ကို တခုသော ဝီထိအစဉ်ဖြင့်၎င်း, တခုသော ဇောအစဉ်ဖြင့်၎င်း, တခုသော သမာပတ္တိဖြင့်၎င်း ပိုင်းခြားအပ်၏။

ဥတုဇရုပ်, အာဟာရဇရုပ်တို့၏ သန္တတိပစ္စုပ္ပန်ကိုလည်း သဘောတူဖြစ်သော ဥတု, အာဟာရတို့၏ အစွမ်းအားဖြင့် ပိုင်းခြားအပ်၏။

ကမ္မဇရုပ်တို့မှာမူကား သန္တတိပစ္စုပ္ပန်ဟူ၍ မရှိ။ တခုတခုသော ဘဝဖြင့် ပိုင်းခြားအပ်သော အဒ္ဓါပစ္စုပ္ပန်သာ ရှိ၏။ ဇီဝိတရုပ်သည် ပါစကခာတ်မီး ခေါ်သော တေဇောနှင့်တကွ ပေါင်းစပ်၍ တကိုယ်လုံး ရှိရှိသမျှသော ဥပါဒိန္နက ကမ္မဇရုပ်တို့ကို ပြန့်နှံ့၍တည်၏။

### ဇီဝိတ၏ အနက်လေးပါး

ဇီဝိတံ၊ ဇီဝိတိန္ဒြိယရုပ်သည်။

(၁) သဟဇာတာ နုပါလန လက္ခဏံ=သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။

(၂) ပဝတ္တန ရသံ=သဟဇာတ်ရုပ်တို့ကို အစဉ်ရှည်စွာ တည်၍စ ဖြစ်စေခြင်း ကိစ္စရှိ၏။

(၃) ကမ္မ သမုဋ္ဌာန ရူပသန္တတိ ဌပန ပစ္စုပဋ္ဌာနံ=ကမ္မဇရုပ်အစဉ်ကို ထားခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိ၏။

(၄) ဌပိတဗ္ဗ ဘူတပဒဋ္ဌာနံ[၁]=ထားအပ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

**ကဗဠီကာရအာဟာရ**၌ "ကဗဠံ ကရီယတီတိ ကဗဠီကာရော"။ ကဗဠံ၊ အလုတ်အလွေးကို။ ကရီယတိ၊ ပြုအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကဗဠီ-ကာရော၊ ကဗဠီကာရမည်၏။

**အာဟာရ**၌ "အာဟရီယတိ အဇ္ဈောဟရီယတီတိ အာဟာရော"။ အာဟ-ရီယတိ အဇ္ဈောဟရီယတိ၊ မျိုအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာဟာရော၊ အာဟာရမည်၏။ "ကဗဠီကာရော စ သော အာဟာရော စာတိ ကဗဠီကာရာ-ဟာရော"။ ကဗဠီကာရော စ၊ အလုတ်အလွေးကိုလည်း ပြုအပ်၏။ သော၊ ထိုကဗဠီကာရဟူသည်။ အာဟာရော စ၊ မျိုလည်း မျိုအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကဗဠီကာရာဟာရော၊ ကဗဠီကာရာဟာရမည်၏။ ဤဝိဂ္ဂြိုဟ်ဖြင့် ခဲဖွယ်ဘောဇဉ်စသော သသမ္ဘာရ ကဗဠီကာရအာဟာရကို ရ၏။ ဤကဗဠီ-ကာရအာဟာရ၌ ပါရှိသော ဓာတ်ဆိကို ဌာနူပစာရအားဖြင့် ကဗဠီကာရ အာဟာရဟူ၍ ဆိုအပ်၏။ အဝိနာဘာဝနည်းဖြင့်လည်း ကဗဠီကာရာဟာရ ဟူ၍ ဆိုအပ်၏။

တနည်းကား—"ကဗဠီကာရဘက္ခာနံ သတ္တာနံ အတ္တဘာဝံ ဘုသော ဟရတိ အဒ္ဓါနံ ပဝတ္တေတီတိ အာဟာရော"။ ကဗဠီကာရဘက္ခာနံ၊ ခဲဖွယ်ဘောဇဉ်စသော ကဗဠီကာရကို စားကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ အတ္တဘာဝံ၊ အတ္တဘောကို။ ဘုသော၊ လွန်စွာ။ ဟရတိ၊ ဆောင်တတ်၏။ အဒ္ဓါနံ၊ ရှည်သော အမွန်ကို။ ပဝတ္တေတိ၊ တည်စေ ဖြစ်စေ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာဟာရော၊ အာဟာရမည်၏။ "ကဗဠီကာရေ အာဟာရော

---

၁။ အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၃၅၉။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၇၇ တို့၌ "ယာပယိတဗ္ဗ ဘူတ ပဒဋ္ဌာနံ" ဟု ရှိကြသည်။

ကဗဠီကာရာဟာရော”။ ကဗဠီကာရေ၊ ခဲဖွယ်ဘောဇဉ်စသော ကဗဠီကာရ၌။ အာဟာရော၊ အတ္တဘောကို ဆောင်တတ်သော ဓာတ်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကဗဠီကာရာဟာရော၊ ကဗဠီကာရာဟာရမည်၏။ ဤသို့ ဝိဂ္ဂိုဟ်ဆို သည်ရှိသော် တိုက်ရိုက် ပရမတ္ထအာဟာရကို ရလေ၏။ သဘောအားဖြင့် မဟာ ဘုတ်တို့၌မှီ၍ တည်ရှိသော ရုပ်ဆီ ဓာတ်ဆီသည် အာဟာရရုပ်မည်၏။ တကိုယ် လုံး၌ရှိသော အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်၍နေသော ရသဓာတ်ရည်၏ အဆီအနှစ် ပေတည်း။ ထိုအာဟာရ တည်းဟူသော ဓာတ်ဆီသည် သတ္တဝါ တို့၏သန္တာန်၌ ဥပတ္ထမ္ဘကဗလဓာတ်ခေါ်သော အားအင်ကို ပြုစေတတ်၏။

**အာဟာရ-ရသဓာတ်ရည်။** ။ထင်ရှားစေဦးအံ့— မျိုအပ်သော အစာ အာဟာရ သသမ္ဘာရဝတ္ထုတို့သည် အစာအိမ်တွင်းသို့ ရောက်၍ တည်နေကြကုန်၏။ ထိုအခါ ပါစကဓာတ်မီးသည် ထိုစားအပ် မျိုအပ် သော အာဟာရတို့ကို ချက်ပြုတ်ပေါင်းနွှေးလေ၏။ ချက်အပ်ကုန်သည်ရှိသော် ဆီဆုံတွင် ကြိတ်အပ်သော နှမ်းတို့၏ ကြမ်းသောအရာစုသည် နှမ်းဖတ်ဖြစ်၍ သိမ်မွေ့နူးညံ့သော အရာတို့သည် ဆီအဖြစ်သို့ ရောက်ကုန်သကဲ့သို့ ထိုအတူ ကြမ်းသော အာဟာရတို့သည် အချို့ကား ကျင်ကြီးဖြစ်ကြကုန်၏။ အချို့ကား ကျင်ငယ်ဖြစ်ကြကုန်၏။ အချို့ကား ပါစကဓာတ်မီးလောင်၍ ကုန်ခန်းကုန်၏။ နူးညံ့သိမ်မွေ့သော အရာတို့သည် ရသဓာတ်ခေါ်သော အစာရည်အဖြစ်သို့ ရောက်ကုန်၏။

ထိုရသဓာတ်ရည်သည် ပါစကတေဇော၏ အစွမ်းဖြင့် ဖရဏဓာတ်လေသည် မှုတ်အပ် ဖြန့်အပ်သည်ရှိသော် ရေသည် မြောင်းကြီး မြောင်းငယ် အသွယ်သွယ် တို့သို့ စိမ့်ဝင်လေသကဲ့သို့ ရသဟရဏီ ခေါ်သော ရေမြောင်းကြီးငယ်တို့နှင့် တူသော တကိုယ်လုံးရှိ အကြောကြီး အကြောသေးတို့သို့ ပြန့်၍ စိမ့်ဝင်လေ၏။ ရသဓာတ်ရည်၏ စိမ့်ဝင်ရာ လမ်းတို့ကို ရသဟရဏီ အကြောဟူ၍ ခေါ်ဝေါ်ကြ ကုန်သည်။ ရသဟရဏီအကြောတို့သို့ စိမ့်ဝင်လေသော ရသဓာတ်ရည်၌ အနှစ် သာရဓာတ် အဆီဓာတ်သည် ရှိပြန်၏။ ထိုအဆီဓာတ်သည် အာဟာရရုပ်မည်၏။ ထိုဓာတ်ဆီသည် မိမိပြန့်နှံ့လေရာ အရပ်စု၌ အာဟာရဇရုပ်တို့ကို ဖြစ်စေ၏။ ဥပတ္ထမ္ဘက ဗလဓာတ် အားဓာတ်ကို ဖြစ်စေ၏။ တကိုယ်လုံး၌ရှိသော ရုပ်တို့ကို ထောက်ပံ့၍ အားတဆင့် ပေးလေ၏။

**ဩဇ။** ။ထိုအာဟာရဓာတ်ဆီကို ဩဇာဟူ၍လည်း ဆိုအပ်၏။ “ဥဒတိ ပသဝတီတိ ဩဇာ”။ ဥဒတိ ပသဝတိ၊ ပွါးတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဩဇာ၊ ဩဇာမည်၏။ ဩဇာသည် အာဟာရဇရုပ်ကိုလည်း ဖြစ်စေတတ်၏ မိမိတည်ရာ အထည်ဒြဗ်ကိုလည်း စောင့်ရှောက်ထောက်ပံ့တတ်၏။

**အာဟာရ၏ အနက်လေးပါး**

အာဟာရော၊ အာဟာရသည်။

(၁) ဩဇာ လက္ခဏော=ပွါးခြင်းလက္ခဏာရှိ၏။

(၂) ရူပါဟရဏ ရသော=ဩဇဋ္ဌမကရုပ်ကို ဆောင်ခြင်းကိစ္စရှိ၏။

(၃) ကာယုပတ္ထမ္ဘန ပစ္စုပဋ္ဌာနော=ရူပကာယကို ထောက်ပံ့ခြင်း ပစ္စု-ပဋ္ဌာန်၏။

(၄) အဇ္ဈောဟရိတဗ္ဗ ပဒဋ္ဌာနော = စားမျိုအပ်သော ကဗဠီကာရ အာဟာရလျှင် ပဒဋ္ဌာန်ရှိ၏။

**နိပ္ဖန္နရုပ်မည်ပုံ။** ။ပြဆိုအပ်ပြီးသော ရုပ် ၁၈-ပါးတို့သည် အကြောင်းလေးပါးတို့သည် တိုက်ရိုက် ဖြစ်စေအပ် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်ကုန်၏။ "ဥဇုကတောဝ ကမ္မာဒီဟိ ပစ္စယေဟိ နိပ္ဖါဒိတံ ရူပန္တိ နိပ္ဖန္နရူပံ"။ ဥဇုကတောဝ၊ တိုက်ရိုက်အားဖြင့်။ ဝါ၊ ဖြောင့်ဖြောင့်အားဖြင့်။ ကမ္မာဒီဟိ၊ ကံအစရှိကုန်သော။ ပစ္စယေဟိ၊ အကြောင်းလေးပါးတို့သည်။ နိပ္ဖါဒိတံ၊ ပြီးစေအပ် ဖြစ်စေအပ်သော။ ရူပံ၊ ရုပ်တည်း။ ဣတိတသ္မာ၊ ထို ကြောင့်။ နိပ္ဖန္နရူပံ၊ နိပ္ဖန္နရုပ်မည်၏။

အနိပ္ဖန္နရုပ်တို့ကဲ့သို့ မဟာဘုတ်တို့၏ဖြစ်ပေါ်မှု အမူအရာမျှကို စွဲ၍ ခေါ် ဝေါ်ရသော တရား မဟုတ်ကြကုန်။ ကံစသော အကြောင်းတို့ကြောင့် အထင် အရှား ဖြစ်ပေါ်သော ကံစသော အကြောင်းတို့၏ ဖြစ်စေမှုကို တိုက်ရိုက် ဖြောင့်ဖြောင့် လက်ကိုင်ရရှိသော ရုပ်တို့ ဆိုလိုသည်။

**သဘာဝရုပ်။** ။ဤနိပ္ဖန္နရုပ် ၁၈-ပါးတို့ကို သဘာဝရုပ်ဟူ၍လည်း ဆိုအပ်ကုန် ၏။ "ကက္ခဠတ္တာဒိနာ အတ္တနော သဘာဝေန သိဒ္ဓံ ရူပန္တိ သဘာဝရူပံ"။ ကက္ခဠတ္တာဒိနာ၊ ခက်မာခြင်းအစရှိသော။ အတ္တနော၊ မိမိ၏။ သဘာဝေန၊ သဘောအားဖြင့်။ သိဒ္ဓံ၊ ပြီးစီးထင်ရှားသော။ ရူပံ၊ ရုပ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သဘာဝရူပံ၊ သဘာဝရုပ်မည်၏။

အနိပ္ဖန္နရုပ်တို့ကဲ့သို့ အခြားသောရုပ်တို့၏ သဘောအမူအရာ အထူးထူးကို ထောက်၍ မှတ်အပ်သော ရုပ် မဟုတ်ကုန်။ ကက္ခဠတ္တစသော မိမိတို့ ကိုယ်စီ ကိုယ်စီ ပိုင်ပိုင်ဆိုင်ဆိုင် လက်ကိုင်ကိစ္စ အသီးအသီးတို့ဖြင့် ထင်ရှား ပြီးစီးသော ရုပ်တို့ ဆိုလိုသည်။ ဤနိပ္ဖန္နသဘော သဘာဝတို့ကို ရည်၍—

(၃၆၆) **ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါ်လော၊ သဘောသီးသီး၊ ကိုယ်စီပြီး၊ ရုပ်ကြီးနိပ္ဖန္န။**

ဟူ၍ ဆိုတော်မူသည်။

**သံခိပ်-ဋီ ၂-၁၃ —ပ-မ-ဗ-သ-စ**

ဤရုပ် ၁၁-ပါးတို့သည် ဥပ္ပါဒစသော သင်္ခတလက္ခဏာတို့နှင့်တကွ ဖြစ်ကုန်သောကြောင့် သလက္ခဏရုပ် လည်း မည်ကုန်၏။ ရုပ္ပနလက္ခဏာနှင့် ပြည့်စုံကုန်သောကြောင့် ရူပရုပ် လည်း မည်ကုန်၏။ အနိစ္စ ဒီစရှိသော လက္ခဏာရေး သုံးပါးသို့ တင်၍ သုံးသပ်ဆင်ခြင်ခြင်းငှါ ထိုက်ကုန်သောကြောင့် သမ္မသနရုပ် လည်း မည်ကုန်၏။

နိပ္ဖန္နရုပ် ၁၈-ပြီး၏။

---

## အနိပ္ဖန္နရုပ် ၁၀-ပါး

ယခုအခါ အနိပ္ဖန္နရုပ်တို့ကို ပြဆိုပေလတ္တံ့။

(၃၆၇) **ကလာပ်ခြားမျှ အာကာသဟည်၊ ကာယဝိညတ်၊ နှုတ်ဝိညတ်ကိုသိနှုတ်၊ လှုပ်မှု ရှားမှု နှုတ်ခုဝိညတ်၊ ရူပသ လဟု၊ မုဒု၊ ကမ္မည၊ ဝိကာရတော၊ ဖြေး လက္ခဏ်၊ ရုပ်ဆယ်တန်၊ အနိပ္ဖန္နတည်း။**

ဤဖြင့် အနိပ္ဖန္နရုပ် ၁၀-ကို ပြ၏။ အစဉ်အတိုင်းပြဆိုအံ့—

(၁) **အာကာသဓာတ်** "ကေ ဝေ ဝဗ္ဗယမ္ဘာရော ဝါ ရူပကလာပါ ဝါ ဝိသုံ ဝိသုံ ဘာဝေ ကာသန္တိ ပကာသန္တိ ဧတေနာတိ အာကာသော"။ ဧတေန၊ ဤဓာတ်ဖြင့်။ ဝေ တေ ဒဗ္ဗသမ္ဘာရာ ဝါ၊ ထိုထိုဒြပ်အဆောက်အဦတို့သည်ရင်း။ တေ တေ ရူပကလာပါ ဝါ၊ ထိုထို ရုပ်ကလာပ်တို့သည်ရင်း။ ဝိသုံ ဝိသုံ၊ အသီးအသီး။ ဘာဝေ၊ လွန်စွာ။ ကာသန္တိ ပကာသန္တိ၊ ထင်ရှားကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာကာသော၊ အာကာသမည်၏။

"ဤအာကာသရှိသည့်အတွက် ဤကား အပေါက်အဦတခုတည်း။ ဤကား ဝင်္ကပါတခုတည်း။ ဤကား ဟောင်ကြီးတည်း။ ဤကား သတ္တဝါတကောင်တည်း။ ဤကား သစ်ပင်တခုတည်း" ဟူ၍ အသီးအခြား ထင်ရှားကြကုန်၏။ "ဤကား ရုပ်ကလာပ်တခု" ဟူ၍ အသီးအခြား ထင်ရှားပေ၏။ ထို့ကြောင့် အာကာသသည် ထိုထို အထည်ဒြပ်၏ ထင်ရှားကြောင်း, ထိုထိုရုပ်ကလာပ်၏ ထင်ရှားကြောင်း ဖြစ်ပေ၏။ သဘောအားဖြင့် အယှဉ်းထုံးမဲ့သော ရုပ်ကလာပ်၌ တည်ကုန်သော မဟာဘုတ်တို့၏ အပိုင်းအခြား စည်းကမ်းတရားပေတည်း။ ရုပ်ကလာပ်တို့ကို တခုနှင့်တခု မထိမစပ်အောင် ခြား၍ထားသော အကြား အပေါက် သဘောတရားပေတည်း။ အန္တရာယ်ခြင်းမဲ့ပေတည်း။ ကလာပ်တို့ကို အသီးအသီး သားနားအောင် ပိုင်းခြားမှု ဆိုလိုသည်။

ပရိစ္ဆေဒရုပ်။ ။ထိုအာကာသကို ပရိစ္ဆေဒဟူ၍လည်း ဆိုအပ်၏။ "ပရိသမန္တ-တော ဆိန္ဒတိ ကလာပန္တရဘူတာနိ ကလာပန္တရဘူတေဟိ သဒ္ဓိံ အသမ္မိဿံ ကရောတီတိ ပရိစ္ဆေဒေါ"။ ပရိသမန္တတော၊ ယက်ဝန်းကျင်မှ။ ဆိန္ဒတိ၊ ပိုင်းဖြတ်တတ်၏။ ကလာပန္တရဘူတာနိ၊ ကလာပ်တပါး၌တည်သော ဘုတ်တို့ကို။ ကလာပန္တရဘူတေဟိ၊ ကလာပ်တပါး၌တည်သော ဘုတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝါ၊ တပေါင်းတည်း။ အသမ္မိဿံ၊ မရောမနှော မကူးမစက် မယှပ်မရှက်သည်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ ယသ္မာ၊ ထိုကြောင့်။ ပရိစ္ဆေဒေါ၊ ပရိစ္ဆေဒ မည်၏။ ကလာပ်တပါး၌တည်သော မဟာဘုတ်တို့ကို ကလာပ်တပါး၌တည်သော မဟာဘုတ်တို့နှင့် မရော မရှက် မကူး မစက် စေအောင် ပိုင်းခြားတတ်သော ကြောင့် ပရိစ္ဆေဒမည်၏ ဟူလို။

တနည်းကား—"မဟာဘူတေဟိ ပရိသမန္တတော ဆိန္ဒိယတီတိ ပရိစ္ဆေဒေါ"။ မဟာဘူတေဟိ၊ မဟာဘုတ်တို့သည်။ ပရိသမန္တတော၊ ယက်ဝန်းကျင်မှ။ ဆိန္ဒိယတိ၊ ပိုင်းခြားအပ်၏။ ဣတိ ယသ္မာ၊ ထိုကြောင့်။ ပရိစ္ဆေဒေါ၊ ပရိစ္ဆေဒမည်၏။ ကလာပန္တရမဟာဘုတ်တို့၏ ရောယှက်သောအားဖြင့် မထိအပ်သော အပေါက် ဟင်းလင်းသည် အာကာသပရိစ္ဆေဒမည်၏။ အိမ်၏အပေါက်ကို အိမ်ပေါက်ဟူ၍ ခေါ်ဝေါ်ဘိ သကဲ့သို့ ပရိစ္ဆေဒအာကာသသည် မဟာဘုတ်ပေါက် မည်၏။ ထိုအပေါက်ဟင်းလင်းကိုလည်း နံပါးထက်ဝန်းကျင်မှ ဝန်းဝိုင်း၍ မဟာဘုတ်တို့သည် ပိုင်းခြားအပ်၏၊ ပိုင်းရံအပ်၏။ ထိုသို့ထက်ဝန်းကျင်မှ ပိုင်းခြားအပ်၊ ဝန်းရံအပ်မှသာလျှင်လည်း အာကာသမည်သည် ရှိချေ၏။

ကလာပ်တခုအတွင်း၌မူကား အာကာသကို မရအပ်ချေ။

ထို့ကြောင့် အာကာသပရိစ္ဆေဒသည် မဟာဘုတ်တို့ ဝန်းဝိုင်းအပ်၊ ပိုင်းဖြတ်အပ်သော သဘောရှိချေ၏။

အာကာသသည် အပေါက်ဟင်းလင်းသဘောသက်သက်မျှဖြစ်သောကြောင့် ဥပါဒ်နှင့်တကွသော တရားကိုယ် အသီးမဟုတ်၊ တစုံတခုသော ကလာပ်တွင်းသို့ သွင်း၍ ရေတွက်အပ်သော တရားလည်း မဟုတ်။

**ဝိကာရရုပ်, လက္ခဏရုပ်** တို့သည် အာကာသပဓမ္မဖြစ်၍ အသီးအခြား တရားကိုယ်မရှိကြကုန်သော်လည်း အကြွင်းအကြွင်းရုပ်ကလာပ်တို့၌ ထင်ရှားပေါ်ထွက်ကြကုန်၏။ ထိုသို့ မိမိတို့ ပေါ်ထွက်ကြရာ ရုပ်ကလာပ်အတွင်းသို့ ပါဝင်ကြရလေကုန်၏။

ဤအာကာသပရိစ္ဆေဒသည် မူကား ထိုထိုရုပ်ကလာပ်တို့မှ အချင်းခပ်သိမ်း လွတ်ကင်း၍ ကလာပ်တို့၏ အပဟာရဖြစ်သောကြောင့် တစုံတခုသော ရုပ်

ကလာပ်၏ အပင်းအသင်း မဟုတ်ချေ။ ကလာပပရိစ္ဆေဒ ဖြစ်ချေ၏။ ကလာပ ဝိမုတ္တ အသဘာဝဓမ္မ ဖြစ်လေသောကြောင့် ထိုအာကာသ၌ တစုံတရာထိခိုက်မှု ပရိယာယ်လည်း မရှိချေ။ ထိုကြောင့် "အသမ္ဘိန္ဒ မဟာဘူတေဟိ" ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူ၏။

**အာကာသ၏ အနက်လေးပါး**

အာကာသော၊ အာကာသသည်။

(၁) ပရိစ္ဆေဒ လက္ခဏော=ကလာပ်တို့ကို မရောစပ်အောင် ပိုင်းဖြတ်ခြင်း လက္ခဏာရှိ၏။

(၂) ပရိယန္တ ပကာသန ရသော=ရုပ်ကလာပ်တို့၏ အစွန်ကလနားကို ထင်စွာပြခြင်း ကိစ္စရှိ၏။

(၃) မရိယာဒ ပစ္စုပဋ္ဌာနော=နယ်သန့်ပိုင်းခြား အရေးအသားလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရိစ္ဆိန္နရူပ ပဒဋ္ဌာနံ=ပိုင်းခြားအပ်သော ရုပ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤအာကာသ၏ ပိုင်းခြားနယ်သတ်မှုကြောင့် ရုပ်ကလာပ်အမျိုးမျိုးတို့၌ ၎င်း အထည်ဒြပ်အမျိုးမျိုးတို့၌၎င်း "ဤကား အထက်တည်း။ ဤကား အောက်တည်း။ ဤကား နံဘေးလေးဘက်တည်း။ ဤကား အရှေ့တည်း" စသည်ဖြင့် ထင်ရှားကြကုန်၏။ "ဤကား အလုံးတည်း။ ဤကား စတုရန်းတည်း။ ဤကား အဖြောင့်တည်း။ ဤကား အမြင့်အမောက်တည်း။ ဤကား အနိမ့်အရှိုင်းတည်း" စသည်ဖြင့်လည်း ထင်ရှားကုန်၏။

**ကာယဝိညတ်,ဝစီဝိညတ်တို့၌** "ပရံ ဝိညာပေတိ သယဥ္စ ဝိညာယတီတိ ဝိညတ္တိ"။ ပရံ၊ သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဥ္စ၊ မိမိသည်မူလည်း။ ဝိညာယတိ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညတ္တိ၊ ဝိညတ်မည်၏။ သူတပါးကိုလည်း သိစေတတ်၏။ မိမိလည်း သိအပ်သောကြောင့် ဝိညတ်မည်၏ ဟူလို။

**ကာယဝိညတ်မည်ပုံ။** ။"စလမာနကာယင်္ဂေန ဝိညတ္တီတိ ကာယဝိညတ္တိ"။ စလမာနကာယင်္ဂေန၊ လှုပ်ရှားသော ကိုယ်အင်္ဂါဖြင့် ဝိညတ္တိ၊ သူတပါးကိုလည်း သိစေတတ်, မိမိလည်း သိအပ်သော သဘောတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

**ဝစီဝိညတ်မည်ပုံ။** ။"ဝါစင်္ဂေန ဝိညတ္တီတိ ဝစီဝိညတ္တိ"။ ဝါစင်္ဂေန၊ ရွတ်ဆို အပ်သော စကားအမူအရာဖြင့်။ ဝိညတ္တိ၊ သူတပါးကို လည်း သိစေတတ်၏၊ မိမိလည်း သိအပ်သော သဘောတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။

**ကာယဝိညတ်။** ။လှုပ်ရှားသော ကိုယ်အမူအရာဖြင့် တစုံတရာသော အဓိပ္ပါယ်ကို သူတပါးတို့အား သိစေတတ်သော သဘော, မိမိလည်း သိအပ်သောသဘောသည် ကာယဝိညတ်မည်၏။

**ဝစီဝိညတ်။** ။ရွတ်ဆိုအပ်သော စကားသံ အမူအရာဖြင့် တစုံတရာသော အလိုကို သူတပါးကိုလည်း သိစေတတ်၊ မိမိလည်း သိအပ်သော သဘောသည် ဝစီဝိညတ်မည်၏။

**ဝိညတ္တိ။** ။တနည်းကား— "ဝိညာပေန္တိ ဧနာ ဝိညာယန္တိ ဝါ ဧနေဟိ အညမညဿ စိတ္တာနိ တောယာတိ ဝိညတ္တိ"။ တောယ၊ ဤ တရားသဘောဖြင့်။ ဧနာ၊ လူတို့သည်။ အညမညဿ၊ အချင်းချင်း၏။ စိတ္တာနိ၊ စိတ်တို့ကို။ ဝိညာပေန္တိ ဝါ၊ သိလည်း သိစေကြကုန်၏။ ဧနေဟိ၊ လူတို့သည်။ အညမညဿ၊ အချင်းချင်း၏။ စိတ္တာနိ၊ စိတ်တို့ကို။ ဝိညာယန္တိ၊ သိအပ်ကုန်၏။ ဣတိတသ္မာ၊ထိုသို့သိစေကြောင်း သိအပ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဝိညတ္တိ၊ ဝိညတ်မည်၏။ ဤဝိညတ်အတွက်ကြောင့် လူတို့သည် အချင်းချင်း စိတ်ဆန္ဒကို သိစေကြကုန်၏။ သိအောင်ပြုကြကုန်၏။ ဤဝိညတ်အတွက်ကြောင့် အချင်းချင်း၏ စိတ်ဆန္ဒကို သိအပ်ကုန်၏။ သိရကုန်၏။ ထိုကြောင့် ဝိညတ်သည် မိမိအလိုဆန္ဒကို သူတပါးတို့အား သိစေခြင်း၏အကြောင်း, သူတပါးတို့၏ အလိုဆန္ဒကို သိအပ်ခြင်း၏အကြောင်း ဖြစ်ပေ၏။

**ကာယဝိညတ္တိ။** ။"သသမ္ဘာရကာယေ ပဝတ္တာ ဝိညတ္တီတိ ကာယဝိညတ္တိ"။ သသမ္ဘာရကာယေ၊ သသမ္ဘာရကာယ၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

**ဝစီဝိညတ္တိ။** ။"စိတ္တဇသဒ္ဒသင်္ခါတာယ ပဝတ္တာ ဝိညတ္တီတိ ဝစီဝိညတ္တိ"။ စိတ္တဇသဒ္ဒသင်္ခါတာယ၊ စိတ္တဇသဒ္ဒဟုဆိုအပ်သော။ ဝါစာယ၊ စကား၌။ ပဝတ္တာ၊ ဖြစ်သော။ ဝိညတ္တိ၊ ဝိညတ်တည်း။ ဣတိတသ္မာ၊ ထို ကြောင့်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။

**စောပနကာယ။** ။အချင်းချင်း တယောက်သည် ဟယောက်၏ စိတ်အလိုဆန္ဒ အမျိုးမျိုးကို သိကြောင်း အမူအရာထူးသည် ရှိ၏။ ထို ကိုယ်၌ဖြစ်သော သိကြောင်း အမူအရာထူးသည် ကာယဝိညတ်မည်၏။ ကို ကာယဝိညတ်ကို"**စောပနကာယ**"ဟူ၍လည်း ခေါ်ဝေါ်အပ်၏။

**စောပနဝါစာ။** ။အချင်းချင်း တယောက်သည် တယောက်၏ စိတ်အလိုဆန္ဒ အမျိုးမျိုးကို သိကြောင်းဖြစ်သော နှုတ်အမူအရာထူးသည် ရှိ၏။ ထိုနှုတ်၌ဖြစ်သော အမူအရာထူးသည် ဝစီဝိညတ်မည်၏။ ထိုဝစီဝိညတ်ကို **စောပနဝါစာ**ဟူ၍လည်း ခေါ်ဝေါ်အပ်၏။

**ကာယဝိညတ်၏သဘော။** ။ထင်ရှားစေအံ့--စိတ်၏အစွမ်းအားဖြင့် တစုံတခု သော ကိုယ်အမူအရာကိုပြုသော ပုဂ္ဂိုလ်အား ထိုထိုကိုယ်အင်္ဂါတို့ကို ထောက်ပံ့ထမ်းဆောင်၍ လှုပ်ရှားစေတတ်ကုန်သော အင်္ဂါမင်္ဂါနုသာရီဖြစ်သော စိတ္တဇဝါယောကလာပ်တို့သည် ထိုထိုကိုယ်အင်္ဂါ တို့နှင့် အပြည့်အနှက် ဖြစ်ပေါ်ကြကုန်၏၊

ထိုသို့ ဝါယောဓာတ် လွန်ကဲသော စိတ္တဇကလာပ်တို့သည် ဖြစ်ပေါ်ကြကုန် သည်ရှိသော်လည်း ထင်ရာကပ်တိုင်း ပေါက်လွှတ် ဖြစ်ပေါ်ကြကုန်သည်မဟုတ်။ ထိုစိတ္တဇကလာပ်နှင့် သဟဇာတ်ဖြစ်သော စောပနကာယ၏ အာနုဘော်ကြောင့် အလုံးစုံသော စိတ္တဇကလာပ်တို့သည် အလိုရှိအပ်သော အရပ်ဌာနဆီသို့ ကိုင်း ညွှတ်ရှေးရှုကြကုန်လျက် ဖြစ်ကြကုန်၏။ ဤသို့ အလိုရှိရာဆီသို့ ဦးညွှတ်၍ စိတ္တဇ ရုပ်တို့၏ ဖြစ်ကြောင်းဖြစ်သော စောပနကာယဓာတ်သည် ကာယဝိညတ်မည်၏။

ဥပမာအားဖြင့် ထင်ရှားစေဦးအံ့--ကာယဝိညတ်သည် ပဲ့သူကြီးနှင့်တူ၏။ စိတ္တဇကလာပ်တို့သည် သင်္ဘောလှေနှင့်တူ၏။ ပဲ့သူကြီးသည် ပဓာနဖြစ်သော နေရာတခု၌ ဟည်၍ တခုသော ပဲ့တက်မကြီးကို မြဲမြံစွာ စွဲကိုင်ပြီးကာ မြစ်ရေ အယဉ်၌သော်၎င်း ပင်လယ်ပြင်၌သော်၎င်း အလိုရှိရာအရပ်သို့ ရှေးရှုပဲ့ဆောင်၍ သင်္ဘောလှေကြီးကို သွားစေ၏။ ရေမျောတိုင်း လေလွှင့်တိုင်း မသွားစေရ။ ဤဥပမာနှင့်အတူ စောပနကာယဟုဆိုအပ်သော ကာယဝိညတ်သည် ဝါယော လွန်ကဲသော စိတ္တဇကလာပ်တို့ကို ပေါက်လွှတ်ဟင်ကိုင်း မဖြစ်စေအပ်။ ပုဂ္ဂိုလ် အလိုရှိရာသို့ ရှေးရှုကိုင်းရှိုင်း၍ ဖြစ်စေ၏။

**ဝိညတ်ရုပ်၏ အသက်တမ်းနှင့် ဖြစ်ပုံ။** ။ဝိညတ်သည် စိတ္တက္ခဏ တချက် စာခန့်မျှသော အသက် ရှိ၏။ သို့ပင် အသက်တိုသော်လည်း စိတ္တဇရုပ်တို့၏ အရင်းမူလ ပဓာနအဖို့၌ တည်၍ စိတ္တဇရုပ်တို့ကို အလိုရှိတိုင်း ပဲ့နိုင်၏။ အလိုရှိတိုင်း စေခိုင်းနိုင်၏။ ဤ၌ လှုပ်ရှားမှု စောပနကာယ ပဲ့ရာသို့ ကိုင်းရှိုင်းမှုဆိုသည်ကား နောက်နောက်၌

ဖြစ်သော ရုပ်ကလာပ်သစ်တို့သည် ရှေးရှေး၌ဖြစ်သော ရုပ်တို့၏ ဖြစ်ရာဌာနမှ တည်ထောင်စုဝေးမြဲသော အခြင်းအရာအားဖြင့် နေရာပြောင်း၍ အဆင့်ဆင့် ဖြစ်ပေါ်မှုပေတည်း။ ထိုစကား မှန်၏။ ရုပ်တရား နာမ်တရားတို့သည် ဖြစ်ပေါ် ဥပါဒ်ရာဌာနမှ ဆံဖျားလောက်မျှသော ဒေသတပါးသို့ မချုပ်ဘဲ ရွှေ့ရှား ပြောင်းသွားသည်ဟူ၍ မရှိမချ။ ရှေးဖြစ်ရင်း ရုပ်ဟောင်းတို့၏ နေရာတခုမှ တခုသော နေရာသစ်၌ ပြောင်း၍ ဥပါဒ်မှုကိုသာ စလနဆိုရသည်။ လှုပ်ရှားမှု ဆိုရသည်။ ဤကား ကာယဝိညတ်၏သဘောတည်း။

**ဝစီဝိညတ်သဘော။**　။ဝစီဝိညတ်၌ တစုံတခုသောစကားကို ရွတ်ဆိုတော့အံ့ဟု ကြောင့်ကြစိုက်သော ပုဂ္ဂိုလ်၏ လည်ချောင်းဌာန ကဏ္ဌဌာန် စသည်တို့၌ တည်ရှိသော ကမ္မဇပထဝီတို့နှင့် ရွတ်ဆိုအံ့ဟု စိမ်သော စိတ်ကြောင့် အသစ်ဖြစ်ပေါ်ကုန်သော ကဏ္ဌဌာန်စသည်တို့၌ ကည်းတော စိတ္တဇ ပထဝီတို့သည် အချင်းချင်း ထိခိုက်ကြကုန်၏။

**ကမ္မဇပထဝီနှင့် စိတ္တဇပထဝီတို့ ထိခိုက်မှုကြောင့် အသံဖြစ်ပေါ်လာပြင်း ။**　ထိုသို့ကမ္မဇပထဝီ၊ စိတ္တဇပထဝီတို့၏ ထိခိုက်မှုကို အရင်းခံသဖြင့် ဌာန် ကရိုဏ်းတို့၏ အကြောင်းဘင့်ဘ ပေါင်းစည်းတော်စပ်မိခြင်း ဖြစ်လေ၏။ ထိုသို့ ဌာန်ကရိုဏ်းတို့၏ ပေါင်းစည်း တော်စပ်မှုကြောင့် ဝစီဃောသ စကားသံဟု ဆိုအပ်သော စိတ္တဇသဒ္ဒသည် ဖြစ်ပေါ်လာ၏။

ဤသို့ ဖြစ်ပေါ်သော စိတ္တဇသဒ္ဒရုပ်၌ စောပနဝါစာဟုဆိုအပ်သော အခြင်း အရာ အမူအရာထူးသည် သဟဇာတ်ဖြစ်၍ ပါရှိ၏။ ထိုစောပနဝါစာကြောင့် စိတ္တဇသဒ္ဒတို့သည် ပေါက်လွှတ်ထင်တိုင်း မြင်မြင်ဝါးဝါး မဖြစ်ကြဘဲ ရွတ်ဆိုသော ပုဂ္ဂိုလ်၏ အလိုအတိုင်း အက္ခရာအထူး ဝဏ္ဏအထူးနှင့် ပြည့်စုံပြီးသစွာ ဖြစ်ပေါ် လာကြကုန်၏။ ကြားသောသူတို့အား အနက်အဓိပ္ပါယ်ကို ပြတတ်သောအက္ခရ- သန္နိပါတ ပုဒ်ပိသေသ, သဒ္ဒါဝိသေသ, နိရုတ္တိဝိသေသတို့ ပြီးပြင်သန့်ရှင်းစွာ ဆောင်ရွက်ကြကုန်၏။

ထိုသို့ အက္ခရာအထူး ဝဏ္ဏအထူး ပုဒ်အထူး သဒ္ဒါအထူးကို ဖြစ်အောင် ပွဲပြင်၍ပေးတတ်သော စိတ္တဇသဒ္ဒ၌ ပါရှိသော စောပနဝါစာ အမူအရာပိသေသ သည် ဝစီဝိညတ်မည်၏။ စိတ္တဇသဒ္ဒသည် သင်္ဘောလှေနှင့်တူ၏။ ဝစီဝိညတ်သည် ပဲ့သူကြီးနှင့်တူ၏ဟူ၍လည်း ဥပမာဟပ်လေဦး။

ကမ္မဇပထဝီတို့နှင့် ခတ်ဘိုးမှုသည် စိတ္တဇပထဝီတို့၏ ကိစ္စပေတည်း။ စိတ္တဇ ပထဝီတို့သည် မြင်မြင်ဝါးဝါး မပေါက်လွှတ်လျှောက်လျှား မခတ်ဘဲ အကြင်သို့

ခတ်လျှင် ပုဂ္ဂိုလ်အလိုရှိအပ်သော ပုဒ်ဗျည်းဖြစ်ပေါ်၏။ ထိုသို့ နေရာတကျ ပဒဝါကျပေါ်ရှိအောင် တီးခတ်စေမှု ထိခိုက်စေမှုသည် ကာယဝိညတ်၏ ကိစ္စပေတည်း။

ပထဝီဓာတ်နှစ်ခုတို့၏ ထိမှု ခတ်မှုကြောင့် ဖြစ်သော စိတ္တဇသဒ္ဒါတို့၏ အတွင်း၌ ပြီးသစွာ အက္ခရာအထူး ပုဒ်အထူး ဝါကျအထူးကို ဖော်မှု ပေါ်စေမှု ပေါ်အောင်စီရင်မှုသည် ဝစီဝိညတ်၏ ကိစ္စပေတည်း။ ဉပမာအားဖြင့် အိုးစည်ကို တီးရာ၌ သားရေဖြင့် ကြက်အပ်သော အိုးစည်၏ မျက်နှာပြင်နှင့် ကမ္မဇပထဝီဓာတ် တူ၏။ တီးခတ်သောလက်နှင့် စိတ္တဇပထဝီဓာတ် တူ၏။ အလိုရှိအပ်သော အသံပေါ်ရှိအောင် တီးခတ်နိုင်သော လက်၏ အမူအရာ အထူးနှင့် ကာယဝိညတ် တူ၏။ ထွက်လာသောအသံ၌ ပါရှိသော အမူအရာအထူးနှင့် ဝစီဝိညတ် တူ၏။ စကားကို ပြောဆိုရာ၌ ကမ္မဇပထဝီ စိတ္တဇပထဝီတို့၏ ထိခိုက်မှု ပါရှိ၏။ ထင်တိုင်း မထိခိုက်စေဘဲ နေရာတကျ အကြောင်းသင့်စွာ ထိခိုက်ပါမှ ပုဒ်အက္ခရာ ပြီးပြင်နိုင်မည်ဖြစ်၍ ထိုသို့ ထိခိုက်ကြရာ၌ နေရာတကျ ထိခိုက်စေရန် စီမံရသော ကာယဝိညတ်ကိစ္စ ပါရှိရပြန်၏။ ထိုကြောင့် စကားပြောဆိုရာတို့၌လည်း ကာယဝိညတ်မကင်းဘဲ ရှိရလေသည်။ ။ဤကား ဝစီဝိညတ်၏ သဘောတည်း။

**ဗောဓနဝိညတ်နှင့် ပဝတ္တနဝိညတ်။** ။"ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ"စသောပါဠိတို့၌ ဝိညာပေတိ ဝိညတ္တိသဒ္ဒါတို့သည် သိစေခြင်း ဗောဓန အနက်ရှိ၏။ "တိက္ခတ္တုံ ဝိညာပေတိ"စသော ပါဠိတို့၌ဖြစ်စေခြင်း ပဝတ္တန အနက်ရှိ၏။ ဤနေရာ၌လည်း ဝိညတ္တိသဒ္ဒါသည် သိစေခြင်း ဗောဓနအနက်, ဖြစ်စေခြင်းပဝတ္တနအနက် နှစ်ပါးလုံးကိုပင် ဟော၏ဟူ၍ ယူသင့်၏။ ဤသို့ အနက်ယူလိုက်သည်ရှိသော် ပုဂ္ဂိုလ်တပါးကို သိစေလိုမှုမကင်းသော အလုံးစုံသော ကိုယ်အင်္ဂါလှုပ်ရှားမှု အမူအရာ ဝိညတ်အမျိုးမျိုး၊ နှုတ်မြွက်မှု အမူအရာ ဝိညတ်အမျိုးမျိုးတို့ကိုလည်း ပဝတ္တန ဝိညတ်ဟူ၍ ဆိုနိုင်ကုန်၏။ ဝိညတ်သည် ဗောဓနဝိညတ်, ပဝတ္တနဝိညတ်ဟူ၍ ၂-ပါးရှိ၏။ ပုဂ္ဂိုလ်၏ သိစေလိုမှုနှင့်စပ်သောဝိညတ်သည် ဗောဓနဝိညတ်မည်၏။ သိစေလိုမှုကား မရှိ၊ အမှတ်မဲ့ သွားမှု, လာမှု, လက်သှုပ်မှု, ခြေသှုပ်မှု, ဦးခေါင်းလှုပ်မှု, မျက်တောင်ခတ်မှုများသည် ဖြစ်စေကာမတ္တမျှ ဖြစ်၍ ပဝတ္တနဝိညတ်မည်၏။

**ဗောဓနဝိညတ်။** ။ဗောဓနဝိညတ်အရာ၌ ကာယဝိညတ်ကိုသိခြင်းမှာ ရှေးဦးပထမ လှုပ်ရှားသော လက်စသည်တို့၏ ရူပါရုံကို စက္ခုဒွါရဝီထိဖြင့် သိအပ်၏။ ထိုနောက်မှ ဤသို့ လက်လှုပ်ရှားလျှင် ဤသို့ ပြုစေလိုသည် စသောအားဖြင့် လက်လှုပ်ရှားမှု၌ပါသော ကာယဝိညတ်ကို မနောဒွါရဝီထိဖြင့်

သိအပ်၏။ စမ်းသပ်၍သိရာ၌ ရှေးဦးစွာလှုပ်ရှားသော လက်စသည်တို့၏ အတွေ့ကို ကာယဝိညတ်ဖြင့် သိအပ်၏။ ထိုနောက်မှ ဤသို့ လှုပ်ရှားလျှင် ဤသို့ ပြုစေလိုသည်စသောအားဖြင့် လက်လှုပ်ရှားမှု၌ပါသော ကာယဝိညတ် အမူအရာကို မနောဒွါရဝီထိဖြင့် သိအပ်၏။ ဤကား ကာယဝိညတ်၏ အဘိုတည်း။

ဝစီဝိညတ်၌ရွတ်ဆိုအပ်သောစကားသံကို သောတဒွါရဝီထိဖြင့် သိအပ်၏။ ထိုနောက်မှ ဤသို့ ပြောဆိုလျှင် ဤသို့ ပြုစေလိုသည်စသောအားဖြင့် နှုတ်သံ, စကားသံတို့၌ပါရှိသော ဝစီဝိညတ်ကို မနောဒွါရဝီထိဖြင့် သိအပ်၏။

ထိုသို့ ပဉ္စဒွါရိကဖြစ်သော စက္ခုဒွါရဝီထိ, ကာယဒွါရဝီထိ, သောတဒွါရဝီထိ တို့ နောက်မှ မနောဒွါရဖြင့်သိအပ်သော ဝိညတ် အမူအရာကို စိတ်တို့၏ အဖြစ်မြန်မှုကြောင့် စက္ခုဒွါရဝီထိဖြင့်ပင် သိအပ်သကဲ့သို့ရှင်း, သောတဒွါရဝီထိဖြင့်ပင် သိအပ်သကဲ့သို့ရှင်း ထင်မှတ်ကြကုန်၏။ ထိုကြောင့်—

“စိတ္တဿ ပန လဟုပရိဝတ္တိတာယ စက္ခုဝိညာဏဝီထိယာ အနန္တရံ မနောဝိညာဏေန ဝိညာတမ္ပိ စလနံ စက္ခုနာ ဒိဋ္ဌံ ဝိယ မညန္တိ အဝိသေသဝိဒုနော” ဟူ၍ မူလဋီကာ၌ ဆို၏။

အနက်ကား—စိတ္တဿ ပန၊ စိတ်၏ကား။ လဟုပရိဝတ္တိတာယ၊ လျင်မြန်သော အပြန်ရှိသည်၏ အဖြစ်ကြောင့်။ စက္ခုဝိညာဏဝီထိယာ၊ စက္ခုဝိညာဏဝီထိ၏။ အနန္တရံ၊ အခြားမဲ့၌။ မနောဝိညာဏေန၊ မနောဝိညာဏ်ဖြင့်။ ဝိညာတမ္ပိ၊ သိအပ်သည်လည်းဖြစ်သော။ စလနံ၊ လှုပ်ရှားမှုအမူအရာထူးကို။ စက္ခုနာ၊ မျက်စိဖြင့်။ ဝါ၊ စက္ခုဒွါရဝီထိဖြင့်။ ဒိဋ္ဌံ ဝိယ၊ မြင်အပ်သကဲ့သို့။ အဝိသေသဝိဒုနော၊ စိတ်တို့၏ ရှေ့နောက်ဖြစ်ပုံ အထူးကို မသိကြကုန်သော သူတို့သည်။ မညန္တိ၊ မှတ်ထင်ကြကုန်၏။

ရှေး၌သိအပ်ဘူးသော အမှတ်သင်္ကေတရှိမှသာလျှင် ဝိညတ်ကို သိနိုင်ယူနိုင်မည်ဖြစ်သောကြောင့် ဝိညတ်ကိုမသိမီ ရှေးက သိမှတ်ဘူးသည်နှင့် ယခု ဝိညတ်အမူအရာကိုပေါင်းစပ်၍ ဆင်ခြင်သော သမ္ဗန္ဓဂဟဏဝီထိများလည်း ဖြစ်သင့်သေး၏။

ထိုဗောဓနဝိညတ်စုသည် မိမိကိုသိသောသူတို့ကိုသာလျှင် သိစေနိုင်၏။ မိမိကိုမှ မသိသောသူတို့ကိုမူ သိစေနိုင်သည် မဟုတ်ချေ။ ထိုစကား မှန်၏။ လူမျိုးတခု၏ ထူးသော ဝိညတ်အမူအရာကို လူမျိုးကွဲတခု၏ရှေ့တွင်ပြသော်လည်း သိမည် မဟုတ်ချေ။ ဝိညတ်ကိုသိသော ဝီထိနောက်မှ ထိုဝိညတ်၏ အနက်သဘောကို သိသော ဝီထိစိတ်ဖြစ်ပေါ်၏။ (ဤဝိညတ်အကြောင်းကို ဝီထိမဉ္ဇရီ၌ အစုံအလင် ကျယ်ဝန်းစွာ ဆိုအပ်လေပြီ။)

## ဝိညတ်ဒွေး၏ အနက်လေးပါး

ဝိညတ္တိယော၊ ဝိညတ်ဒွေးတို့သည်။

( ၁ ) ဝိညာပန လက္ခဏာ=သိစေတတ် သိအပ်သော လက္ခဏာ ရှိကုန်၏။

( ၂ ) အဓိပ္ပါယပ္ပကာသန ရသာ=အလိုဆန္ဒကို ဖော်ပြခြင်း ကိစ္စရှိကုန်၏။

( ၃ ) စလန ဃောသ ဟေတုဘာဝ ပစ္စုပဋ္ဌာနာ=ကိုယ် လှုပ်ခြင်း၊ နှုတ်မြွက်ခြင်းတို့၏ အကြောင်းအဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိကုန်၏။

( ၄ ) စိတ္တဇဘူတ ပဒဋ္ဌာနာ=စိတ္တဇ ဝါယောဓာတ်, စိတ္တဇ ပထဝီဓာတ် တည်းဟူသော မဟာဘုတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။ ။ဝိညတ်ဒွေး ပြီး၏။

**ရူပဿ လဟုတာ** ၌ "လဟုနော ဘာဝေါ လဟုတာ"။ လဟုနော၊ ပေါ့သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ လဟုတာ၊ ပေါ့သည်၏အဖြစ်။ "ရူပဿ လဟုတာ ရူပလဟုတာ"။ ရူပဿ၊ ရုပ်၏။ လဟုတာ၊ ပေါ့သည်၏ အဖြစ်သည်။ ရူပလဟုတာ၊ ရူပလဟုတာမည်၏။ရုပ်တရားတို့၏ပေါ့ပါးမှုသည် ရူပဿ လဟုတာ မည်၏ ဟူလို။

**ရူပဿ မုဒုတာ** ၌ "မုဒုနော ဘာဝေါ မုဒုတာ"။ မုဒုနော၊ နူးညံ့သည်၏။ ဘာဝေါ၊ အဖြစ်တည်း။ မုဒုတာ၊ နူးညံ့သည်၏အဖြစ်။ "ရူပဿ မုဒုတာ ရူပမုဒုတာ"။ရုပ်တရားတို့၏ နူးနူးညံ့ညံ့ဖြစ်သော အမူအရာသည် ရူပဿ မုဒုတာ မည်၏ ဟူလို။

**ရူပဿ ကမ္မညတာ** ၌ "ကမ္မနိ သာဓု ကမ္မညံ"။ ကမ္မနိ၊ အမှုအမျိုးမျိုး၌။ သာဓု၊ ကောင်းသည်တည်း။ ကမ္မညံ၊ အမှုအမျိုးမျိုး၌ ကောင်းသည်။ အမှုအမျိုးမျိုး၌ ကောင်းသော အမှုအမျိုးမျိုးနှင့် လျော်သော အမှုအမျိုးမျိုး၌ ခံ့သော သဘောသည် ကမ္မညမည်၏။ "ကမ္မညဿ ဘာဝေါ ကမ္မညတာ"။ ကမ္မညဿ၊အမှုအမျိုးမျိုး၌ကောင်းသည်၏။ ဘာဝေါ၊အဖြစ်တည်း။ကမ္မညတာ၊ အမှုအမျိုးမျိုး၌ ကောင်းသည်၏အဖြစ်။ "ရူပဿ ကမ္မညတာ ရူပကမ္မညတာ"။ ရုပ်တို့၏ အမှုအမျိုးမျိုး၌ ကောင်းသည်၏အဖြစ်, အမှု၌ ခံ့သည်၏အဖြစ်သည် ရူပကမ္မညတာမည်၏ ဟူလို။

**လဟုတာ စသော ရုပ် ၃-ခုတို့၏သဘော**။ ။ထိုရုပ် ၃-ခုတို့၏ သဘောကို ပြဆိုအံ့—

ရူပဿ လဟုတာသည် မနှံ့နှေးခြင်း လက္ခဏာရှိ၏။
ရူပဿ မုဒုတာသည် မကြမ်းတမ်းခြင်း, မတောင့်တင်းခြင်း လက္ခဏာရှိ၏။
ရူပဿ ကမ္မညတာသည် အမှု၌ ခံ့ခြင်း လက္ခဏာရှိ၏။

ထိုရုပ် ၃-ခုတို့သည် မကွဲမပြား ကသားတည်း ဖြစ်ကြကုန်သော်လည်း ဆန့်ကျင်ဖက်အကြောင်းဟုဆိုအပ်သော 'ဝိရုဒ္ဓပစ္စယ သင့်တင့်လျောက်ပတ်သော အကြောင်းဟုဆိုအပ်သော သပ္ပါယပစ္စယတို့၏ အစွမ်းအားဖြင့် မရောမနှော ကွဲပြားကြသည်၏အဖြစ်ကို ကောင်းစွာသိအပ်၏။

သိစေအံ့—မိမိတို့၏ ရူပကာယခန္ဓာကိုယ်နှင့် ဆန့်ကျင်ဖက်ဖြစ်သော ဥတုကိုငင်း, အာဟာရကိုငင်း, စိတ်အမူအရာကိုငင်း, မှီဝဲကြကုန်သော ပုဂ္ဂိုလ်တို့၏ ကိုယ်၌ တည်ရှိကြကုန်သော ရုပ်ဓာတ်တို့သည် တရံတခါ တကိုယ်လုံးကို ချောက်ချားစေကြကုန်၏။ တခါတခါ တစိတ်တဒေသဖြစ်သော ကိုယ်ခန္ဓာကို တုန်လှုပ်ချောက်ချား စေကုန်၏။ အထူးအားဖြင့် ပထဝီမခမြေဟု ဆိုအပ်သော အာပေါဓာတ်ကို ထကြွသောင်းကျန်းစေကုန်၍ ဤကိုယ်ကြီးကို မသယ်မပိုးနိုင်အောင် လေးလံအောင် ပြုကြကုန်၏။ ဣရိယာပုထ် အပြောင်းအလဲစသည်တို့ကို ပြုရာ၌ ကိုယ်ကာယ၏ လေးလံမှုအတွက်နှင့် ဒုက္ခအမျိုးမျိုးကို ဖြစ်စေကုန်၏။ ထိုအခါတို့၌ ရူပဿ လဟုတာသည် ဖြစ်ခွင့်မရချေ။ ထိုပြင်တဖန် မိမိ၏ရူပကာယနှင့် သင့်တင့်လျောက်ပတ်သော ဥတုကိုသော်ငင်း, အာဟာရကိုသော်ငင်း, စိတ်အမူအရာကိုသော်ငင်း မှီဝဲပြန်သည်ရှိသော် ဆိုအပ်ခဲ့ပြီးသော ဓာတ်ချောက်ချားမှု ဓာတ်သောင်းကျန်းမှုများတို့သည် ပျောက်ငြိမ်းပြန်ကုန်၏။ ကိုယ်ကာယသည် ပေါ့ပေါ့ပါးပါး ဖြစ်၍လာ၏။ ဣရိယာပုထ် အပြောင်းအလဲ စသည်ကို ပြုရာ၌ ကိုယ်ကာယ၏ လေးလံမှုအတွက်နှင့် တစုံတရာ ဒုက္ခဟူ၍ မရှိလေ။ ထိုအခါ၌ မူကား ရူပဿ လဟုတာသည် ဖြစ်ခွင့်ရလေ၏။

ရူပဿ မုဒုတာ, ရူပဿ ကမ္မညတာတို့၌လည်း ဤနည်းနှင့်လျော်စွာသိလေ။

အထူးအားဖြင့် ဝိရုဒ္ဓပစ္စည်းတို့ကြောင့် ဤကိုယ်ခန္ဓာ၌ရှိသော ရုပ်ဓာတ်တို့သည် ချောက်ချားကြကုန်၏။ ကဋ္ဌမခမြေဟု ဆိုအပ်သော ပထဝီဓာတ်ကို ထကြွ သောင်းကျန်း စေကုန်၍ ခြောက်သွေ့သော ထင်းတုံးကြီးများကဲ့သို့ တကိုယ်လုံးကို ခြောက်သွေ့အောင် တောင့်တင်းခိုင်မာအောင် ပြုကြကုန်၏။ ဣရိယာပုထ် အပြောင်းအလဲ စသည်ကိုပြုရာ၌ အင်္ဂါကြီးငယ်တို့သည် ပြတ်ကြကုန်တော့မည်လို ကျိုးကြကုန်တော့မည်လို ဖြစ်စေကုန်ပြီးလျှင် ကိုယ်ကာယ၏ ခိုင်မာတောင့်တင်းမှုအတွက်နှင့် အမျိုးမျိုးသော ဒုက္ခတို့ကို ဖြစ်စေကုန်၏။ ထိုအခါ ရူပဿ မုဒုတာ ဖြစ်ခွင့်မရလေ။ ရူပဿ လဟုတာ၌တွင် ဆိုအပ်သော အဓိပ္ပါယ်နှင့်တူစွာ ရူပဿ မုဒုတာ ဖြစ်နိုင်ခွင့်ကို ခွဲ၍သိလေ။

ရူပဿ ကမ္မညတာအရာ၌ ဝိရုဒ္ဓပစ္စည်းတို့ကြောင့် ဤကိုယ်ခန္ဓာ၌ တည်ရှိကုန်သော ရုပ်ဓာတ်တို့သည် ချောက်ချားကြကုန်၏။ အထူးအားဖြင့် သတ္တမုခမြေဟု ဆိုအပ်သော ဝါယောဓာတ်ကို ထကြွသောင်းကျန်းစေကုန်၏။ ဝါယော

ခေတ်ကို မညီမညွတ်အောင် ပြုကုန်၍ သူခိုးမားမြ ထကြွသောင်းကျန်းသော ပစ္စန္တရစ်တိုင်းကဲ့သို့ တကိုယ်လုံး ချောက်ချားစေကုန်၏။ လေပြတ်ခြင်း, လေထိုးခြင်း,လေငုပ်ခြင်း စသော အခြင်းအရာတို့ကို ဖြစ်စေကုန်၏။ ဣရိယာပုထ်အပြောင်း အလဲကို ပြုရာတို့၌ အမျိုးမျိုးသော ဒုက္ခတို့ကို ဖြစ်စေကုန်၏။ ထိုအခါတို့၌ ရူပဿ ကမ္မညတာ ဖြစ်ခွင့်မရလေ။ တေဇောခေတ် သည်ကား ထိုလဟုတာ,မုဒုတာ,ကမ္မညတာတို့၏ မူလဘူတ အကြောင်းရင်းကြီးပင် ဖြစ်၏။

**လဟုတာစသောရုပ်များ ဝိကာရရုပ် မည်ပုံ။** ။ဤရုပ် ၃-ခုတို့သည် အနာကင်းသောသူတို့၏ ပေါ့ပါးမှုကဲ့သို့ရင်း, နယ်အပ် စိမ်ထုံအပ်ပြီးသော သားရေ၏ နူးညံ့မှုကဲ့သို့ရင်း, အကြိမ်တရာလှော်အပ်ပြီးသော ရွှေစင်၏ အထည်ဝတ္ထုအမျိုးမျိုးကို ပြုလုပ်ရာ၌ ပြေ့ပြေ့ပျောင်းပျောင်း ကောင်းသောအမှုကဲ့သို့ရင်း, ရူပကာယ၏ ဣရိယာပုထ်အပြောင်းအလဲတို့၌ ပေါ့ပါးမှု နူးညံ့မှု, ပြေ့ပြေ့ပျောင်းပျောင်း ကောင်းသောအမှုဟုဆိုအပ်သော အမူအရာအထူးတို့ကို စွဲ၍ ခေါ်ဝေါ်အပ်သော ရုပ်တို့ပေတည်း။ ထိုရုပ်တို့သည် ဝိကာရရုပ်မည်ကုန်၏။ "ဝိသေသာ အာကာရာတိ ဝိကာရာ"။ ဝိသေသာ၊ ထူးကုန်သော။ အာကာရာ၊ ရုပ်အမူအရာတို့ပေတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိကာရာ၊ ဝိကာရမည်ကုန်၏။

## ရူပဿ လဟုတာ၏ အနက်လေးပါး

ရူပဿ လဟုတာ၊ ရူပဿ လဟုတာသည်။

(၁) အဒန္ဓတာ လက္ခဏာ=မနှံ့နှေးခြင်း လက္ခဏာရှိ၏။

(၂) ဂရုဘာဝ ဝိနောဒန ရသာ=လေးလံသည်၏အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

(၃) လဟု ပရိဝတ္တိ ပစ္စုပဋ္ဌာနာ=လျင်လျင်မြန်မြန် ပြန်လှန်ပြောင်းလဲနိုင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) လဟုရူပ ပဒဋ္ဌာနာ=ပေါ့ပါးသော တိဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

## ရူပဿ မုဒုတာ၏ အနက်လေးပါး

ရူပဿ မုဒုတာ၊ ရူပဿ မုဒုတာသည်။

(၁) အထဒ္ဓတာ လက္ခဏာ=မခက်မာခြင်း နူးညံ့ခြင်း လက္ခဏာရှိ၏။

(၂) ထဒ္ဓဘာဝ ဝိနောဒန ရသာ=ခက်မာတောင့်တင်းမှုကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

(၃) အဝိရောဓိ ဘာဝ ပစ္စုပဋ္ဌာနာ=အရာခပ်သိမ်းတို့၌ မဆန့်ကျင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) မုဒုရူပ ပဒဋ္ဌာနာ=နူးညံ့သော တိဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

## ရူပဿ ကမ္မညတာ၏ အနက်လေးပါး

ရူပဿ ကမ္မညတာ၊ ရူပဿ ကမ္မညတာသည်။

(၁) ကမ္မည ဘာဝ လက္ခဏာ=အမှုအမျိုးမျိုး၌ ခံ့ခြင်း ကောင်းခြင်း လက္ခဏာရှိ၏။

(၂) အကမ္မညတာ ဝိနောဒန ရသာ=အမှုအမျိုးမျိုး၌ မခံ့ခြင်း မကောင်းခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။

(၃) အဒုဗ္ဗလတာ ပစ္စုပဋ္ဌာနာ=အားမနည်းခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ကမ္မညရူပ ပဒဋ္ဌာနာ=အမှုအမျိုးမျိုး၌ ခံ့သော တိဇရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။ ၊၊ဝိကာရရုပ် ၃-ခုပြီး၏။

**လက္ခဏရုပ် ၄-ပါး။** ။ဖြစ်ပွါးမှု=ဥပစယ, အစဉ်တည်မှု=သန္တတိ, ရင့်ရော်မှု=ဇရတာ, ပျက်ဆုံးမှု=အနိစ္စတာ၊ ဤလေးပါးသည် လက္ခဏရုပ်လေးပါး မည်၏။ ဤကိုရည်၍—

**(၃၆၈) ဖြစ်ပေါ်,ပွါးမှု၊ ဥပစယ၊ တည်ထသန္တတိ၊ ရင့်ဘိဇရာ၊ ပျက်မှာအနိစ္စ၊ သိကြောင်းမျှ၊ လက္ခဏရုပ် ခေါ်သတည်း။**

ဟူ၍ ဆိုတော်မူ၏။

**ဥပစယ**၌ "စယနံ ပိဏ္ဍဝသေန အဘိနိဗ္ဗတ္တနံ စယော"။ စယနံ၊ ပေါင်းစည်း၍ဖြစ်ခြင်း။ ပိဏ္ဍဝသေန၊ အပေါင်း၏အစွမ်းအားဖြင့်။ အဘိနိဗ္ဗတ္တနံ၊ ဖြစ်ပေါ်ခြင်း။ စယော၊ ပေါင်းစည်း၍ဖြစ်ခြင်း။ "အာဒိတော ဥပရိတော စ စယောတိ ဥပစယော"။ အာဒိတော စ၊ ရှေးဦးအစ၌၎င်း၊ ဥပရိတော စ၊ အထက်အဘို့၌၎င်း။ စယော၊ ပေါင်းစည်း၍ဖြစ်မှုတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပစယော၊ ဥပစယမည်၏။ ရှေးဦးစွာဖြစ်ပေါ်မှု, အထက်၌ဖြစ်ပေါ်မှု ဆိုလိုသည်။ အထက်ဆိုသည်ကား ပဋိသန္ဓေ၏နောက်ကာလကို ဆိုလိုသည်။ ဤဥပစယဟူသောပုဒ်၌ ဥပသဒ္ဒါသည် ပထမအနက်, ဥပရိအနက်ထို့ကို ဟော၏။ ထို့ကြောင့် မူလဋီကာ၌ "ဥပသဒ္ဒေါ ပဌမတ္ထော ဥပရိအတ္ထော စ ဟောတိ"ဟူ၍ ဖွင့်ဆိုတော်မူ၏။

**သန္တတိ**၌ "တနနံ ဝိတ္ထာရဏံ တတိ"။ တနနံ ဝိတ္ထာရဏံ၊ ချဲ့ခြင်း။ တတိ၊ ချဲ့ခြင်း။ "သံ ပုနပ္ပုနံ တတိ သန္တတိ"။ သံ ပုနပ္ပုနံ၊ အဖန်ဖန်။ တတိ၊ ချဲ့ခြင်း

တည်း။ သန္တတိ၊ အမြန်ဖန်ချဲ့ခြင်း။ ဖြစ်ပေါ်စုံလင်ပြီးသော အာယတနတို့၏ အစွန့်ရှည်စွာ ဆက်လက်ဖြစ်ပေါ်မှုသည် သန္တတိမည်၏။

**ဥပစယနှင့် သန္တတိတို့၏သဘောကို** ပြဆိုအံ့—ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေအခိုက်၌ ရုပ်တို့၏ဖြစ်ပေါ်မှုသည် ရှေးဦးစွာဖြစ်ပေါ်မှုဟူသော "ပဌမာဘိနိဗ္ဗတ္တိ" အနက်အားဖြင့် ဥပစယမည်၏။ ထိုပဋိသန္ဓေမှနောက်၌ ကာလအားလျော်စွာ စက္ခု, သောတ, ဃာန, ဇိဝှါတို့၏ လက်ဦးဖြစ်ပေါ်မှုသည် ရှိ၏။ ဤပဋိသန္ဓေနှင့် လက်ဦးစွာ စက္ခုစသည်တို့၏ ဖြစ်ပေါ်မှုစပ်ကြား၌ ရုပ်တို့၏ ဖြစ်ပေါ်မှုသည် အထက်၌ ပွါးခြင်းဟူသော "ဥပရိဝုဍ္ဎိ"အနက်အားဖြင့် ဥပစယမည်၏။ ထိုလက်ဦးစွာ စက္ခုစသည်တို့၏ ဖြစ်ပေါ်သည်မှ နောက်၌ အသက်ရှည်သမျှကာလပတ်လုံး စတုဇရုပ်တရားတို့၏ အစဉ်ဖြစ်ပေါ်မှုသည် သန္တတိမည်၏။

**ဥပစယနှင့် သန္တတိတို့၏ဥပမာ။** ။အဋ္ဌသာလိနီ၌ လက်ယက်တွင်း ဥပမာဖြင့် ဥပစယနှင့်သန္တတိကို—

"နဒီတီရေ ခဏိတကူပသ္မိံ[၁] ဥဒကုဂ္ဂမနကာလော ဝိယ အာစယော နိဗ္ဗတ္တိ၊ ပရိပုဏ္ဏကာလော ဝိယ ဥပစယော ဝဍ္ဎိ၊ အဇ္ဈောတ္ထရိတွာ ဂမနကာလော ဝိယ သန္တတိ ပဝတ္တိ"ဟူ၍ ပြဆို၏။

မြစ်ကမ်းပါး၌ လက်ယက်ရေတွင်းငယ်ကို တူးရာ လက်ဦးရေထွက်သောအခါနှင့် ပဌမာဘိနိဗ္ဗတ္တိ ဥပစယ တူ၏။ ရေပြည့်သောအခါနှင့် ပရိပုဏ္ဏဝဍ္ဎိ ဥပစယ တူ၏။ ရေတွင်းကမ်းပါးကို လျှံ၍ လွှမ်း၍သွားသောအခါနှင့် သန္တတိ တူ၏ဟူလိုသည်။

သံသေဒဇပုဂ္ဂိုလ်၊ ဥပပါတ်ပုဂ္ဂိုလ်မှာ ပဋိသန္ဓေအခိုက်၌ ရုပ်တို့၏ စုံလင်စွာ ဖြစ်ပေါ်မှုသည် ပဌမာဘိနိဗ္ဗတ္တိ, ပရိပုဏ္ဏဝဍ္ဎိအနက်တို့ကြောင့် ဥပစယမည်၏။ ထိုပဋိသန္ဓေမှနောက်၌ တသက်ပန်ကာလပတ်လုံး ရုပ်တို့၏ ဖြစ်ပေါ်မှုသည် သန္တတိမည်၏။

**နိဗ္ဗတ္တိ, ဝဍ္ဎိနှင့် သန္တတိ။** ။ဆိုဖွယ်အထူးကား—တိသမုဋ္ဌာနိက ရုပ်တို့မှာ အသီးအသီး သန္တတိပစ္စုပ္ပန်မည်သည် ရှိကြသည် ဖြစ်၏။ ထိုတွင် တခုတခုသော သမုဋ္ဌာနိကရုပ်၏ ရှေးဦးစွာ ဖြစ်ပေါ်ခြင်း=နိဗ္ဗတ္တိ, ပွါးစီးတိုးတက်ခြင်း=ဝဍ္ဎိ။ အရှည်ဘည်ကွဲ၍ ဖြစ်နေခြင်း=ပဝတ္တိဟူ၍ သုံးပါးသုံးပါးသောအခိုက်တို့သည် ရှိကုန်၏။

[၁]။ ဆဋ္ဌမူ ၃၆၃-၌ 'ခဏတကူပသ္မိံ'ဟုရှိသည်။

ထိုတွင် တခုတခုသောရုပ်အစဉ်၌ သန္တတိ၏ ဦးခေါင်းသဖွယ် ရုပ်တို့၏ ရှေးဦးစွာဖြစ်ပေါ်မှုသည် ရှိ၏။ ထိုရုပ်တို့၏ ရှေးဦးစွာ ဖြစ်ပေါ်မှုသည် နိဗ္ဗတ္တိမည်၏။ ထိုမှနောက်၌ တိုးတက်သောအဘို့၌ တည်သော ရုပ်တို့၏ ဖြစ်ပေါ်ပွါးစီးမှုသည် ဝခိုမည်၏။ ကြီးပွါးမှု စခန်းကုန်ဆုံး၍ တဖန်တိုးပွါးမှုဟူ၍ မရှိဘဲ အစဉ်တည်သည်၏ အစွမ်းအားဖြင့် အဓွန့်ရှည်စွာ ဖြစ်နေမှုသည် ပဝတ္တိမည်၏။

ထိုတွင် နိဗ္ဗတ္တိနှင့် ဝခိုနှစ်ပါးစုံသည် ဥပစယမည်၏။ ပဝတ္တိသည် သန္တတိမည်၏ဟူ၍ စပ်လေ။

အကျဉ်းချုပ်အားဖြင့် လောက၌ ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓ, သဝိညာဏက, အဝိညာဏကရုပ်တို့၏ အဓွန့်ရှည်စွာ ဖြစ်နေမှု ထင်ရှားစွာရှိလျှင် ထိုရုပ်တို့၌ နိဗ္ဗတ္တိ, ဝခို, ပဝတ္တိဟူ၍ ဆိုအပ်ကုန်သော အခိုက်သုံးပါးတို့သည် ရှိကုန်ယည်သာ ဖြစ်၏။ ထိုအခိုက်တို့ကိုရှု၍ ရှိရှိသမျှရုပ်တို့၌ ရှေးဦးစွာ ဖြစ်ပေါ်မှုများသည် ဥပစယမည်၏။ အစဉ်တည်၍ အဓွန့်ရှည်၍ ဖြစ်နေမှုသည် သန္တတိမည်၏ဟူ၍ သိရာ၏။

နည်းပြသက်သေကား—သစ်ပင် မြက်ပင်တို့မှာရင်း, သစ်သီး သစ်ပွင့်တို့မှာပင်း ရှေးဦးစွာ ဖြစ်ပေါ်မှုသည် နိဗ္ဗတ္တိမည်၏။ အမျိုးဇာတိအားလျော်စွာ ကြီးပွါးနိုင်သလောက် ကြီးပွါး၍ဖြစ်နေမှုသည် ဝခိုမည်၏။ ကြီးပွါးနိုင်သော အားကုန်၍ ကြီးပွါးပြီးသောအခါတိုင်း အစဉ်တည်၍ အဓွန့်ရှည်စွာဖြစ်နေမှုသည် ပဝတ္တိမည်၏။ ထို၌ နိဗ္ဗတ္တိနှင့် ဝခိုတို့သည် ဥပစယမည်ကုန်၏။ ပဝတ္တိသည် သန္တတိမည်၏။

## ဥပစယ၏ အနက်လေးပါး

ဥပစယော၊ ဥပစယသည်။

(၁) နိဗ္ဗတ္တ ဝခုန လက္ခဏော=ရှေးဦးစွာဖြစ်ခြင်း, အထက်၌ ပွါးခြင်း လက္ခဏာရှိ၏။

(၂) ဥမ္မုဇ္ဇာပန ရသော=အနာဂတ်အဘို့မှ ထုတ်၍ ရုပ်တို့ကိုပေါ်စေခြင်း, ပေါ်ခြင်း လက္ခဏာရှိ၏။

(၃) ပရိပုဏ္ဏ ဘာဝ ပစ္စုပဋ္ဌာနော=ရုပ်တို့၏ ပြည့်စုံသည်၏ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ဥပစိတ ရူပ ပဒဋ္ဌာနော=အစစွာ ဖြစ်ဆဲသောရုပ်, အထက်၌ပွါးဆဲသောရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

**သန္တတိ၏ အနက်လေးပါး**

သန္တတိ၊ သန္တတိသည်။

(၁) ပဝတ္တိလက္ခဏာ=ရုပ်တို့၏ အစဉ်တည်၍ အစွန့်ရှည်စွာ ဖြစ်နေခြင်း လက္ခဏာရှိ၏။

(၂) အနုပ္ပဗန္ဓန ရသာ=ရှေ့နောက်စပ်တဲ့ အဖန်တလဲလဲ ဖွဲ့ခြင်းကိစ္စ ရှိ၏။

(၃) အနုပစ္ဆေဒ ပစ္စုပဋ္ဌာနာ=ရုပ်တို့၏ အစဉ်မပြတ် ဖြစ်နေခြင်းလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အနုပ္ပဗန္ဓိတ ရူပ ပဒဋ္ဌာနာ=အစဉ်မပြတ် ဖွဲ့စပ်အပ်သော ရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

(ဥပစယနှင့် သန္တတိသည် သဘောအားဖြင့် ရုပ်တို့၏ ဖြစ်မှုဇာတိပင်တည်း။ အစစွာဖြစ်မှု, ပွါး၍ဖြစ်မှု, အစဉ်တည်၍ဖြစ်နေမှု တည်းဟူသော အခိုက်သုံးပါးကို ရည်၍သာလျှင် ဥပစယ, သန္တတိဟူ၍ နှစ်ပါးခွဲ၍ ဟောတော်မူရသည်)။

ဇရတာဥ် "ဇီရဏံ ဇရာ"။ဇီရဏံ၊ ဆွေးမြေ့ အိုမင်း ယိုယွင်း ရင့်ရော်မှု။ ဇရာ၊ ဆွေးမြေ့ အိုမင်း ယိုယွင်း ရင့်ရော်မှု။ ရုပ်တို့၏ရင့်ရော်မှု အိုမင်းမှုသည် ဇရာမည်၏။ ထိုဇရာကိုပင်လျှင် ဇရတာဟူ၍ ဆိုရ၏။

**ဇရတာ၏ အနက်လေးပါး**

ဇရတာ၊ ဇရတာသည်။

(၁) ပရိပါက လက္ခဏာ =ရင့်ခြင်း, အိုခြင်းလက္ခဏာရှိ၏။

(၂) ပဘင်္ဂုနယ ရသာ=ဘင်သို့ရောက်အောင် ပို့ဆောင်ခြင်း ကိစ္စရှိ၏။

(၃) နဝ ဘာဝါပဂမန ပစ္စုပဋ္ဌာနာ=သစ်သစ်လတ်လတ်အဖြစ်မှ ကင်းခြင်းလျှင် ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရိပစ္စန္တ ရူပ ပဒဋ္ဌာနံ=ရင့်ရော်အိုမင်းဆဲ ဖြစ်သော ရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

အနိစ္စတာ ဥ် "ဥပ္ပါဒ ဇရာ ဘင်္ဂေဟိ နိစ္စလကိ န ကမ္ပတီတိ နိစ္စော"။ ဥပ္ပါဒ-ဇရာ ဘင်္ဂေဟိ၊ ဖြစ်မှု, ရင့်မှု ပျက်ဆုံးမှုတို့ကြောင့်။ နိစ္စလတိ န ကမ္ပတိ၊ မတုန်မလှုပ်တတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ နိစ္စော။ နိစ္စမည်၏။ ဖြစ်မှု, ရင့်မှု,ပျက်မှုတို့မှ ကင်းသော အသင်္ခတတရား ကိုရစေ။

“န နိစ္စော အနိစ္စော”။ နိစ္စော၊ နိစ္စသည်။ န၊မဟုတ်။ အနိစ္စော၊ နိစ္စမဟုတ်။ ဝါ၊ ဖြစ်မှု, ရင့်မှု, ပျက်မှုတို့ကြောင့် မလွှပ်ရှားသောတရား မဟုတ်။ ဝါ၊ မြဲသော တရား မဟုတ်။ ဝါ၊ မမြဲ။ ဥပါဒ်, ဌီ,ဘင်တို့ကြောင့် တုန်လှုပ်ပျက်စီး၍နေရသော သင်္ခတတရားစုကို ရစေ။

“အနိစ္စဿ ဘာဝေါ အနိစ္စတာ”။ အနိစ္စဿ၊ မမြဲသောသင်္ခတတရားစု၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ အနိစ္စတာ၊ မမြဲသောတရားစု၏ဖြစ်ကြောင်း။ သင်္ခတတရားတို့၏ မမြဲခြင်း ပျက်စီးခြင်းသဘောကြိယာကို ရစေ။ ထိုမမြဲသော ဓာတ်သဘောသည် အနိစ္စတာ မည်၏။ မရဏလည်း မည်၏။

### အနိစ္စတာ၏ အနက်လေးပါး

အနိစ္စတာ၊ အနိစ္စတာသည်။

(၁) ပရိဘေဒလက္ခဏာ=ထက်ဝန်းကျင်မှ ပျက်စီးခြင်း လက္ခဏာရှိ၏။

(၂) သံသီဒန ရသာ=သင်္ခတတရားတို့ကို စုံးစုံးနစ်အောင် နှစ်ခြင်း နစ်စေခြင်း ကိစ္စရှိ၏။

(၃) ခယဝယ ပစ္စုပဋ္ဌာနာ=ကုန်ဆုံးပြုန်းတီးခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ပရိဘိဇ္ဇမာန ရူပ ပဒဋ္ဌာနာ=ထက်ဝန်းကျင် ဖရိုဖရဲ ပျက်ဆဲဖြစ်သော ရုပ်လျှင် ပဒဋ္ဌာန်ရှိ၏။

**ဥပစယစသည်တို့ လက္ခဏာရုပ်မည်ပုံ။** ။ပြဆိုခဲ့ပြီးသော ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာတို့သည် သင်္ခတတရားတို့၏ အမှတ်လက္ခဏာ, အသင်္ခတတရားတို့ဟူ၍ မှတ်ကြောင်း သိကြောင်း လက္ခဏာ ဖြစ်ကုန်သောကြောင့် လက္ခဏာရုပ်မည်ကုန်၏။ “လက္ခီယန္တိ ဝိနိစ္ဆိယန္တိ ဓမ္မာ ဧတမေ သင်္ခတာတိ ဧတေနာတိ လက္ခဏံ”။ ဧတေန၊ ဤသဘောဖြင့်။ ဧတမေ၊ ဤတရားတို့ကား။ သင်္ခတာ၊ သင်္ခတတို့တည်း။ ဣတိ၊ ဤသို့။ ဓမ္မာ၊ တရားတို့ကို။ လက္ခီယန္တိ၊ မှတ်အပ်ကုန်၏။ ဝိနိစ္ဆိယန္တိ၊ ဆုံးဖြတ်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့မှတ်ကြောင်း ဆုံးဖြတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ လက္ခဏံ၊ လက္ခဏမည်၏။

**သင်္ခတလက္ခဏာ ၃-ပါး။** ။အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း “တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ။ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ” ဟူ၍ သင်္ခတလက္ခဏာသုံးပါးကို ဟောတော်မူ၏။

ဤ၌ "ဥပ္ပါဒေါ ပညာယတိ"ဖြင့် ဥပစယ, သန္တတိ နှစ်ပါးကိုယူ။ "ဝယော ပညာယတိ"ဖြင့် အနိစ္စတာကို ယူ။ "ဌိတဿ အညထတ္တံ ပညာယတိ" ဖြင့် ဇရတာကို ယူလေ။

**အနိပ္ဖန္နမည်ပုံ။** ။အာကာသ အစ။ပ။ အနိစ္စတာ အဆုံးရှိသော ရုပ် ၁၀-တို့သည် နိပ္ဖန္နရုပ်တို့ကဲ့သို့ သဘောအားဖြင့် အသီးအခြား ထင်ရှား မရအပ်ကုန်။ ထိုကြောင့်ပင် အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်ကုန်သည်တို့လည်း မဟုတ်ကုန်။ အကြောင်းလေးပါးတို့ဖြင့် ပြီးစေအပ်သည်လည်း မဟုတ်ကြကုန်။ ထိုကြောင့် အနိပ္ဖန္နရုပ် မည်ကုန်သည်။ "န နိပ္ဖန္နာနီတိ အနိပ္ဖန္နာနိ"။ နိပ္ဖန္နာနိ၊ အကြောင်းလေးပါးတို့ဖြင့် ထင်ရှားပြီးစေအပ်သော ရုပ်တို့သည်။ န၊ မဟုတ်ကုန်။ ဣတိတသ္မာ၊ ထိုကြောင့်။ အနိပ္ဖန္နာနိ၊ အနိပ္ဖန္န မည်ကုန်၏။ ထိုအနိပ္ဖန္နရုပ်တို့သည် ကိုယ်စီကိုယ်စီ သဘောအသီးအသီးဖြင့် ထင်ရှားသောတရားမျိုး မဟုတ်ကြကုန်။ နိပ္ဖန္နရုပ်တို့၏ အမူအရာတို့ကိုစွဲ၍ ခေါ်ဝေါ်အပ်ကုန်သော ရုပ်တို့ပေတည်း။

**အနိပ္ဖန္နရုပ်တို့ထင်ရှားရှိ,မရှိ။** ။ဆိုဖွယ်အထူးကား— ဤအနိပ္ဖန္နရုပ်တို့သည် ဓမ္မသင်္ဂဏီပါဠိတော်၌ ဥဒ္ဒေသ, နိဒ္ဒေသတို့ဖြင့် အသီးအသီးထုတ်၍ ဟောတော်မူအပ်သော ရုပ်တို့ပေတည်း။ သဘောအားဖြင့် ထင်ရှားမရှိကုန်ဟူ၍ငြင်း, ပရမတ္ထအားဖြင့် ထင်ရှားမရှိကုန်ဟူ၍ငြင်း ဆိုခြင်းငှါ မတတ်ကောင်းပေကုန်။ ဝေါဟာရမတ္တမျှ မဟုတ်ကြပေကုန်။ ဝေါဟာရမတ္တကို လွန်၍ သက်သက် ဓမ္မသဘာဝတို့၏ အလားဖြင့် ထင်ရှားပြီးစီးသော ပရမတ္ထအားဖြင့် ထင်ရှားရထိုက်သော တရားတို့ဟူ၍ ဆိုအပ်ပေကုန်၏။ သို့ရာတွင် ဖြစ်ပေါ်မှုနိဗ္ဗတ္တိ လက္ခဏာမှ ကင်းသောကြောင့် အနိပ္ဖန္နရုပ် ခေါ်ဆိုရကုန်သည်။ ပရမတ္ထအားဖြင့် ထင်ရှားမရအပ်သောကြောင့် အနိပ္ဖန္နခေါ်ဆိုရသည် မဟုတ်ကုန်ဟူ၍ မှတ်ရာ၏။ "နိဗ္ဗတ္တိ ဝိရဟာနီတိ အနိပ္ဖန္နာနိ"။ နိဗ္ဗတ္တိဝိရဟာနိ၊ အသီးအခြားဖြစ်ပေါ်မှုကင်းကြကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အနိပ္ဖန္နာနိ၊ အနိပ္ဖန္နမည်ကုန်၏။

(က) ရူပ သမုဒ္ဒေသ ပြီး၏။

## (ခ) ရူပ ဝိဘာဂ

**(၃၆၉) အဇ္ဈတ္တိကာ၊ ပသာဒါ၊ ကြွင်းလေ ဗာဟိရ။**

ဤဖြင့် အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ်တို့ကို ပြဆို၏။

**အဇ္ဈတ္တိက,ဗာဟိရ။** ။စက္ခု။ပ။ကာယ။ ဤပသာဒရုပ်ငါးခုသည် အဇ္ဈတ္တိကရုပ်မည်၏။ ကြွင်းသောရုပ် ၂၃-သည် ဗာဟိရရုပ်မည်၏။

**အဇ္ဈတ္တိက** ၌ "အဓိကော အတ္တာတိ အဇ္ဈတ္တံ"။ အဓိကော၊ အတွင်းဖြစ်သော။ အတ္တာ၊ ငါဟူ၍ထင်မြင်စွဲယူအပ်သော အတ္တတရားတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တမည်၏။ ထိုထိုသတ္တဝါတို့၏ ခန္ဓာအတ္တဘော၌ အကျုံးဝင်သောတရားစုသည် အဇ္ဈတ္တမည်၏။ ထိုအဇ္ဈတ္တတရားစုကိုပင် သတ္တဝါတို့သည် ငါငါဟု ထင်မြင်စွဲလမ်းကြကုန်၏။ အတွင်းပြု၍ သိမ်းပိုက်ကြကုန်၏။ ငါနှင့် တသားတည်း တလုံးတည်း ပြုကြကုန်၏။ ထိုသို့ အတွင်းပြု၍ ငါနှင့် တသားတည်း တလုံးတည်းပြု၍ ထားအပ်သော တရားစုဖြစ်သောကြောင့် သတ္တဝါတို့၏ကိုယ်ခန္ဓာအထည်ဖြစ်၍နေသောတရားသည် အဇ္ဈတ္တမည်လေသည်။

"အဇ္ဈတ္တေ ဝိဒိတော ပါကဋောတိ အဇ္ဈတ္တိကော"။ အဇ္ဈတ္တေ၊ အဇ္ဈတ္တတရားစု၌။ ဝိဒိတော ပါကဋော၊ ထင်ရှားသောတရားတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အဇ္ဈတ္တိကော၊ အဇ္ဈတ္တိကမည်၏။

**အဇ္ဈတ္တိကမည်ခြင်း။** ။သတ္တဝါတို့၏ ကိုယ်ခန္ဓာအတ္တဘော ပြုလုပ်၍ ထားအပ်ကုန်သော အဇ္ဈတ္တတရားတို့တွင် အဇ္ဈတ္တထက် အဇ္ဈတ္တ (အတွင်းထက်အတွင်း)ပြု၍ ထားအပ်သော လွန်လွန်မင်းမင်း တဏှာ၏သိမ်းပိုက်တွယ်တာခြင်းကို ခံရသော တရားစုသည် အဇ္ဈတ္တိကမည်၏။ အတွင်းထက်အတွင်းတရား အဇ္ဈတ္တထက်အဇ္ဈတ္တတရား သိမ်းပိုက်အပ်သည်ထက် သိမ်းပိုက်အပ်သောတရား ချစ်ခင်အပ်သည်ထက် ချစ်ခင်အပ်သောတရား ဆိုလိုသည်။ (အဇ္ဈတ္တိကာယတနခြောက်ပါးကိုရ၏။ ဤ၌ ရုပ်ပိုင်းအရာ၌ ဖြစ်သောကြောင့် ပသာဒရုပ် ငါးခုကို ယူ)။ ထိုအဇ္ဈတ္တိကတရားစုကို အဇ္ဈတ္တသဒ္ဒါနှစ်ခုထပ်၍ အဇ္ဈတ္တအဇ္ဈတ္တဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

**ဗာဟိရ။** ။အဇ္ဈတ္တိကမှတပါးသော ရူပ,သဒ္ဒ စသော တရားတို့သည် ထိုစက္ခု ပသာဒ စသည်တို့ကဲ့သို့ အတွင်းထက်အတွင်းထား၍ သိမ်းပိုက်အပ်သောတရား မဟုတ်။ ပေါ့ပေါ့ရော့ရော့ သိမ်းပိုက်အပ်ကုန်သောကြောင့် ဗာဟိရရုပ်မည်ကုန်၏။ အဇ္ဈတ္တိကကိုထောက်၍ ဗာဟိရဟုဆိုရလေသည်။

**အဇ္ဈတ္တိက,ဗာဟိရရုပ်တို့၏သဘောများ။** ။ဥပမာအားဖြင့် ဤလောက၌ ရွှေ, ငွေ, စိန်, မြ အစရှိသော ရတနာတို့ကို အိမ်၏ပြင်ပ၌ မြှုပ်နှံ၍ ထားအပ်ကုန်သတတ်။ အိုး, ခွက်, ချင်း, တောင်း စသော ဝတ္ထုတို့ကို အိမ်၏အခန်းတွင်း၌ သွင်းထားအပ်ကုန်သတတ်။ ထိုသို့ ထားရာ၌ တစုံတရာအရေးကိစ္စရှိလာလျှင် အိုး ခွက် စသည်တို့ကို စွန့်ကုန်ရာ၏။ စိန်ကျောက်စသည်တို့ကို မစွန့်ကြကုန်ရာ။ လုံခြုံစွာ စောင့်ရှောက်အပ်ကုန်ရာ၏။ ထိုစကားမှန်၏။ ရွှေ,ငွေ,စိန်,မြ စသောရတနာတို့သည် အိမ်၏အပ၌ တည်ကုန်သော်လည်း အတွင်းထက်အတွင်း အရင်းထက်အရင်း ပြု၍ မြဲမြံကြပ်တည်းစွာ တဏှာသိမ်းပိုက်မှုကို ခံကြရသောကြောင့် အတွင်းအသုံးအဆောင် မည်ကုန်၏။ အတွင်းပစ္စည်း မည်ကုန်၏။ အဇ္ဈတ္တပရိဘောဂ မည်ကုန်၏။ အိုးခွက်စသော ဝတ္ထုတို့သည် ကြပ်တည်းစွာ အတွင်းပြု၍ တဏှာသိမ်းပိုက်မှုကို မခံကြရကုန်သော အပ အသုံးအဆောင် မည်ကုန်၏။ အပပစ္စည်း မည်ကုန်၏။ ဗာဟိရပရိဘောဂ မည်ကုန်၏။ ဤဥပမာနှင့် စပ်ဟပ် နှိုးနှော၍ စက္ခုစသည်တို့၏ အဇ္ဈတ္တိကမည်ပုံ ရူပါရုံစသည်တို့၏ ဗာဟိရမည်ပုံကို သိလေ။

**အရေးအကြီးဆုံး သတ္တဝါ၏ အဇ္ဈတ္တတရားများ။** ။စက္ခုစသော အဇ္ဈတ္တိကာယတန တို့သည် သတ္တဝါတခုဖြစ်ရန် လွန်ကဲသောအဆောက်အဦတို့ဖြစ်ကုန်၏။စက္ခု။ပ။ကာယ,မနတို့မရှိကုန်လျှင် သတ္တဝါဟူ၍ မဆိုထိုက်ကုန်ပြီ။ ထင်းတုံး,သစ်သားတုံးတို့နှင့် တတန်းတည်း ဖြစ်ကုန်ရာ၏။ ထိုစက္ခု စသည်တို့မှ ကင်းသော ခန္ဓာ၌လည်း ငါငါဟူ၍ စွဲလမ်းဖွယ် မရှိကုန်ပြီ။ စက္ခု, သောတ စသည်တို့ကြောင့်သာလျှင် မတ်မတ်မားမား သတ္တဝါတခု လုပ်၍ နေကြရကုန်သည်။ ထိုကြောင့် စက္ခု, သောတ စသည်တို့သည် အဇ္ဈတ္တတရားစု၌ ပဓာနတရား ဦးစီးဦးကိုင်တရားတို့ ဖြစ်ကုန်၏။ "ငါတို့မရှိကုန်လျှင် သင်တို့သည် ထင်းတုံးတွေ သစ်သားတုံးတွေနှင့် အတူတူ ဖြစ်ကုန်လိမ့်မည်" ဟူ၍ ဆိုဘိသကဲ့သို့ အဇ္ဈတ္တတရားစုတွင် မောက်မော်သော တရားတို့ ဖြစ်ကုန်၏။ ထိုကြောင့် အဇ္ဈတ္တိကမည်ကုန်၏။

(၃၇၀) ပသာ,ဟမှု၊ ဝတ္ထုယူ၊ ကြွင်းမှု အဝတ္ထု။

ဤဖြင့် ဝတ္ထုရုပ်ခြောက်ပါးကို ပြဆို၏။

**ဝတ္ထုရုပ် ၆-ပါး။** ။ပသာဒရုပ် ၅-ခု၊ ဟဒယရုပ် ၁-ခု။ ဤခြောက်ပါးသည် ဝတ္ထုရုပ်မည်၏။ စိတ်,စေတသိက်တို့၏ မှီရာ တည်ရာ ဖြစ်သောကြောင့် ဝတ္ထုမည်ပေသည်။

**အဝတ္ထုရုပ် ၂၂-ပါး။** ။ဝတ္ထုသဘောကို ပကိဏ်းပိုင်း၌ ဖွင့်ဆိုခဲ့ပြီ။ ဝတ္ထုမဟုတ်သောရုပ် ၂၂-ခုသည် အဝတ္ထုမည်၏။

(၃၇၁) ပသာ,ဝိညတ်၊ ဒွါရမှတ်၊ ကြွင်းလတ် အဒွါရ။

ဤဖြင့် ဒွါရရုပ် ၇-ပါးကို ပြဆို၏။

**ဒွါရရုပ် ၇-ပါး။** ။ပသာဒရုပ် ၅-ခု၊ ဝိညတ်ရုပ် ၂-ခု။ ဤ ၇-ပါးသည် ဒွါရရုပ်မည်၏။ ပသာဒရုပ် ၅-ခုတို့ကို ပဉ္စဒွါရဝီထိစိတ်တို့၏ဖြစ်ရာ အဝ တံခါးပေါက်သဖွယ် ဖြစ်သောကြောင့် ဒွါရဟုဆိုအပ်ကုန်သည်။ ဝိညတ် ၂-ခုတို့ကို ပါဏာတိပါတစသော ကံတို့၏ဖြစ်ရာ တံခါးပေါက်ဝသဖွယ် ဖြစ်သောကြောင့် ဒွါရဟု ဆိုအပ်ကုန်သည်။

ပသာဒရုပ် ၅-ခုသည် ဥပပတ္တိဒွါရမည်၏။ ဝိညတ်ဒွေးသည် ကမ္မဒွါရမည်၏။

**အဒွါရရုပ် ၂၁-ပါး။** ။ဒွါရမဟုတ်သော ၂၁-ပါးသောရုပ်တို့သည် အဒွါရရုပ်မည်ကုန်၏။

(၃၇၂) ပ,ဘာ,ဇီ,ဝေ၊ ဣန္ဒြေ၊ ကြွင်းလေ အနိန္ဒြိယ။

ဤဖြင့် ဣန္ဒြိယရုပ် ၈-ခုကို ပြဆို၏။

**ဣန္ဒြိယရုပ် ၈-ပါး။** ။ပသာဒရုပ် ၅-ခု၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတရုပ် ၁-ခု။ ဤရှစ်ခုသည် ဣန္ဒြိယရုပ်မည်၏။

**အနိန္ဒြိယရုပ် ၂၀။** ။ကြွင်းသောရုပ် ၂၀-သည် အနိန္ဒြိယရုပ်မည်၏။

**ဣန္ဒြိယမည်ပုံ။** ။မိမိတို့အသီးအသီး ဆိုင်ရာဌာနတို့၌ အစိုးရသောကြောင့် ဣန္ဒြိယဆိုပေသည်။ သမုစ္စည်းပိုင်း၌ ထင်ရှားလတ္တံ့။

(၃၇၃) ပသာ,ဂေါစရ၊ ရုပ်ဒွါ၁၊ ဩဠာရိကဝေါ်။

ဤဖြင့် ဩဠာရိကရုပ် ၁၂-ပါးကို ပြဆို၏။

**ဩဠာရိကရုပ် ၁၂-ပါး။** ။ကြမ်းတမ်းသည်ကို ဩဠာရိကဆို၏။ ပသာဒရုပ် ၅-ခု၊ ဂေါစရရုပ် ၇-ခု။ ဤ ၁၂-ပါးသောရုပ်တို့သည် ဩဠာရိကရုပ် မည်၏။ ပထဝီစသော မိမိတို့၏ ပကတိသဘောအားဖြင့် ကြမ်းတမ်းသောကြောင့်လည်း ဩဠာရိကမည်၏။ ပသာဒရုပ်တို့နှင့် ဂေါစရရုပ်တို့၏ ထိခိုက်မှုဟုဆိုအပ်သော ကိစ္စ၏ ရှိ‌ရင်းကြမ်းတမ်းသောကြောင့်လည်း ဩဠာရိကမည်၏။

**သပ္ပဋိဃရုပ်, သန္တိကေရုပ်။** ။ထိုဩဠာရိကရုပ် ၁၂-ပါးကိုပင်လျှင် သပ္ပဋိဃရုပ်ဟူ၍၎င်း၊ သန္တိကေရုပ်ဟူ၍၎င်း ခေါ်ဝေါ်အပ်ကုန်၏။ ထိုကြောင့်—

**(၃၇၄) သပ္ပဋိဃ၊ သန္တိက၊ နာမသုံးမည်ပေ၏။**

ဟူ၍ ဆိုပေသည်။

**သပ္ပဋိဃသ၌** "ပဋိဟနနံ ပဋိဃော"။ ပဋိဟနနံ၊ ထိခိုက်ခြင်း။ ပဋိဃော၊ ထိခိုက်ခြင်း။ ထိခိုက်မှုဟုဆိုအပ်သော ပဋိဃသည်—

(၁) ဝိသယ ဝိသယီ ပဋိဃ။

(၂) မဟာဘူတာနံ အညမည ပဋိဃဟူ၍ ၂-မျိုးရှိ၏။

(၁) ထိုတွင် အာရုံနှင့်ပသာဒဒွါရတို့၏ ထိခိုက်မှုသည် "ဝိသယဝိသယီ ပဋိဃ"မည်၏။

(၂) ရုပ္ပနလက္ခဏာရှိသော မဟာဘုတ်တို့၏ အချင်းချင်းထိခိုက်မှု, ဖိနှိပ်မှု, ကြိတ်ချေမှုများသည် "မဟာဘူတာနံ အညမညပဋိဃ"မည်၏။ ဤလောက၌ တခုနှင့်တခု ထိ၍နေမှု, ငြိတွယ်၍နေမှု, ထမ်းဆောင်၍နေမှု, ဖိစီး၍နေမှု, ပြတ်၍သွားမှု, ကွဲ၍သွားမှု, ကြေ၍သွားမှု, အသံထွက်၍လာမှု, မီးပွင့်၍လာမှု, အရည်ဖြစ်၍လာမှု, အခိုးထ၍လာမှု စသည်များသည် မဟာဘုတ်တို့၏အချင်းချင်းထိခိုက်ကြမှုကြောင့်သာ ဖြစ်ကုန်၏။

"ပဋိဃေန သဟ ပဝတ္တတီတိ သပ္ပဋိဃံ"။ ပဋိဃေန၊ ထိခိုက်မှုနှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သပ္ပဋိဃံ၊ သပ္ပဋိဃ မည်၏။

ဩဠာရိကရုပ် ၁၂-ပါးတို့မှာ ဝိသယဝိသယီပဋိဃ, မဟာဘူတာနံ အညမည ပဋိဃ နှစ်ပါးစလုံးပင် ရှိကြကုန်သဖြင့် သပ္ပဋိဃအမည်ကို ရကြကုန်သည်။

**သန္တိကေ၌** နီးသည်ကို သန္တိကေဟူ၍ ခေါ်ဆို၏။ ထိုရုပ် ၁၂-ပါးတို့သည် အဝေး၌ တည်ကြကုန်သော်လည်း အနီး၌တည်သောရုပ်တို့ကဲ့သို့ လျင်မြန်စွာ အာရုံ၏အဖြစ်ဖြင့် ယူခြင်းငှါ ခံ့ကြကုန်သောကြောင့် သန္တိကေရုပ်မည်ကုန်သည်။ ပရမတ္ထသဘောအားဖြင့် နီးသောရုပ်တို့ ဟူလို။

**သုခုမ,အပ္ပဋိဃ,ဒူရေ။** ။ထိုဩဠာရိကရုပ် ၁၂-ပါးမှ တပါးကုန်သော ရုပ် ၁၆-ခုတို့သည် ပြန်ဘက်အားဖြင့် သုခုမရုပ်, အပ္ပဋိဃရုပ်, ဒူရေရုပ် မည်ကုန်သည်။ ထိုကြောင့်—

**(၃၇၅) ကြွင်း သောဋ္ဌသ၊ သုခုမ၊ အပ္ပဋိဃ ဒူရေ။**

ဟူ၍ ဆိုပေသည်။

ထို ၁၆-ပါးသော ရုပ်တို့သည် ကြမ်းတမ်းသော သဘောကိစ္စမှ ကင်းကြကုန်သောကြောင့် သုခုမရုပ် မည်ကုန်သည်။ ထိခိုက်ခြင်းသဘော မရှိကုန်

သောကြောင့် အပ္ပဋိဃမည်ကုန်သည်။ နီးသောသဘော မရှိသောကြောင့် ဒူရေရုပ် မည်ကုန်သည်။

(၃၇၆) ရုပ်ကမ္မဇ၊ ဋ္ဌာရသ၊ ဥပါဒိန္နပေ။

ဤဖြင့် ကမ္မဇရုပ် ၁၈-ခုတို့၏ ဥပါဒိန္နရုပ်မည်ကြောင်းကို ပြဆို၏။

ဥပါဒိန္န၌ "တဏှာဒိဋ္ဌီဟိ ဘုသံ အာဒီယတိ ပရာမသီယတီတိ ဥပါဒိန္နံ"။ တဏှာဒိဋ္ဌီဟိ၊ တဏှာဒိဋ္ဌိတို့သည်။ ဘုသံ၊ လွန်စွာ။ အာဒီယတိ၊ ယူအပ်၏။ ပရာမသီယတိ၊ စွဲစွဲလမ်းလမ်း သုံးသပ်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပါဒိန္နံ၊ ဥပါဒိန္နမည်၏။ တဏှာဒိဋ္ဌိတို့သည် ပြင်းပြစွာ သိမ်းယူအပ်သောကြောင့် ဥပါဒိန္နမည်၏ ဟူလို။

ဥပါဒိန္နသဒ္ဒါသည် တရံတခါ တကိုယ်လုံး၌ရှိသော စတုဇရုပ်တို့ကို ဟော၏။ တရံတခါ ကမ္မဇရုပ်တို့ကို ဟော၏။ စင်စစ် မုချနိပ္ပရိယာယအားဖြင့်ကား ကမ္မဇရုပ်တို့သာလျှင် ဥပါဒိန္နဟူ၍ ဆိုအပ်ဆိုထိုက်၏။ အဘယ်ကြောင့်နည်းဟူမူ ထိုကမ္မဇရုပ်တို့သာလျှင် သတ္တဝါတို့၏သန္တာန်၌ အမြဲမပြတ် ဖြစ်ကြကုန်၏။ ဤကမ္မဇရုပ်တို့ ရှိခြင်းကြောင့်သာလျှင် သတ္တဝါတကောင်, ပုဂ္ဂိုလ်တယောက် ဟူ၍ ထင်ထင်ရှားရှား ဖြစ်နေရ၏။ ထိုကမ္မဇရုပ်တို့ကိုသာလျှင် "ဤကား ငါတည်း။ ဤကား ငါ့ဥစ္စာတည်း။ ငါပိုင် အထည်ကိုယ်တည်း" အစရှိသည်ဖြင့် တဏှာဒိဋ္ဌိတို့သည် သိမ်းပိုက်စွဲလမ်းအပ်ကုန်၏။ ထို့ကြောင့် နိပ္ပရိယာယအားဖြင့် ကမ္မဇရုပ်တို့ကိုသာလျှင် ဥပါဒိန္နဟူ၍လည်း ဆိုအပ်ကုန်သည်။ ဤအရာ၌လည်း ကမ္မဇရုပ်တို့ကို ဥပါဒိန္နဟူ၍ ဆိုအပ်ပေသည်။

**အနုပါဒိန္န။**　။ကမ္မဇရုပ်မှတပါးသော တိဇရုပ်တို့သည် ဥပါဒိန္နရုပ်တို့မှ ပြန်ဖက်အားဖြင့် အနုပါဒိန္နရုပ် မည်ကုန်၏။

(၃၇၇) အသမ္ပတ္တ၊ ဂါဟက၊ သောတ,စက္ခုဟူ။

(၃၇၈) ရုပ်သမ္ပတ္တ၊ ဂါဟက၊ ဃာန,ဇိ,ကာယူ။

**သမ္ပတ္တ,အသမ္ပတ္တ။**　။ဤဖြင့် စက္ခု, သောတ တို့၏ အသမ္ပတ္တဂါဟကရုပ်မည်ကြောင်း၊ ဃာန,ဇိဝှါ,ကာယ တို့၏ သမ္ပတ္တဂါဟကရုပ် မည်ကြောင်းကို ပြဆို၏။

**သမ္ပတ္တ,အသမ္ပတ္တ အာရုံ။**　။ဝတ္ထု၌ ရောက်၍,ထိ၍,ငြိ၍ ဖြစ်သော အာရုံသည် သမ္ပတ္တအာရုံမည်၏။ တဆံဖျား,နှစ်ဆံဖျားစသည်ဖြင့် ဝတ္ထုနှင့် ကွာခြား၍ဖြစ်သော အာရုံ,ပသာဒသို့ မရောက် မထိသော အာရုံသည် အသမ္ပတ္တအာရုံမည်၏။

**အသမ္ပတ္တဂါဟကရုပ်။** ။စက္ခုနှင့် သောတသည် မိမိတို့ဆီသို့ မရောက်လာ မထိလာ မငြိလာသော အာရုံကိုမှသာ ယူတတ်သောကြောင့် အသမ္ပတ္တဂါဟကရုပ်မည်၏။ "အသမ္ပတ္တံ အတ္တနိ အလဂ္ဂိတံ အာရမ္မဏံ ဂဏှာတီတိ အသမ္ပတ္တဂါဟကံ"။ အသမ္ပတ္တံ၊ မရောက်လာသော။ အတ္တနိ၊ မိမိအပေါ်၌။ အလဂ္ဂိတံ၊ မငြိမကပ်လာသော။ အာရမ္မဏံ၊ အာရုံကို။ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အသမ္ပတ္တဂါဟကံ၊ အသမ္ပတ္တဂါဟကမည်၏။

**သမ္ပတ္တဂါဟကရုပ်။** ။ဃာန, ဇိဝှါ, ကာယ တို့သည် မိမိတို့ဆီသို့ ရောက်လာ ထိလာ ငြိလာသောအာရုံကိုသာ ယူတတ်သောကြောင့် သမ္ပတ္တဂါဟကရုပ် မည်ကုန်၏။ "သမ္ပတ္တံ အတ္တနိ လဂ္ဂိတံ အာရမ္မဏံ ဂဏှာတီတိ သမ္ပတ္တဂါဟကံ"။ သမ္ပတ္တံ၊ ရောက်လာသော။ အတ္တနိ၊ မိမိအပေါ်၌။ လဂ္ဂိတံ၊ ငြိလာ ကပ်လာသော။ အာရမ္မဏံ၊ အာရုံကို။ ဂဏှာတိ၊ယူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ပတ္တဂါဟကံ၊ သမ္ပတ္တဂါဟကမည်၏။

**အသမ္ပတ္တ, သမ္ပတ္တ မည်ခြင်း။** ။အဘယ်ကြောင့် စက္ခုနှင့် သောတသည် အသမ္ပတ္တဂါဟကရုပ် မည်ပါ သနည်း။ ဃာန,ဇိဝှါ,ကာယတို့သည် သမ္ပတ္တဂါဟကရုပ် မည်ပါသနည်း (မေး)။

အကြောင်းထူးရှိပေသောကြောင့်ဟူ၍ (ဖြေ)။ ထင်ရှားစေအံ့—

**အသမ္ပတ္တဂါဟကရုပ်။** ။**စက္ခု**သည် ရူပါရုံကိုယူရာ၌ အရောင်အလင်းတည်းဟူသော အာလောကသည် ကြီးစွာသောမှီရာအကြောင်းကြီးဖြစ်၏။ စက္ခုနှင့်ရူပါရုံတို့သည် အချင်းချင်း ထိကပ်ငြိတွယ်၍ နေခဲ့ပါလျှင် အာလောက၏အခွင့်သည် မရှိ။ ထိုသို့ အာလောကအခွင့် မရှိလျှင် ရူပါရုံကို မယူနိုင်။ ရူပါရုံကို မမြင်ဟူလို။ စက္ခုနှင့် ရူပါရုံတို့သည် အချင်းချင်း မထိမငြိကြကုန်လျှင် အာလောက၏ အခွင့်သည် ရှိ၏။ ထိုသို့ အာလောကအခွင့်ရှိလျှင် ရူပါရုံကို ယူနိုင်၏။ ရူပါရုံကို မြင်၏ဟူလို။ ထိုသို့ အကြောင်းထူးရှိပေသောကြောင့် စက္ခုသည် အသမ္ပတ္တဂါဟက မည်ပေသည်။

**သောတ**သည် သဒ္ဒါရုံကို ယူရာ၌ အပေါက်ဟင်းလင်းတည်းဟူသော အာကာသသည် ကြီးစွာသောမှီရာအကြောင်းကြီး ဖြစ်၏။ သောတနှင့် သဒ္ဒါရုံတို့သည် အချင်းချင်း ထိစပ် ငြိကပ်၍ နေခဲ့ပါလျှင် အာကာသ၏အခွင့်သည် မရှိ။ ထိုသို့ အာကာသအခွင့်မရှိလျှင် သဒ္ဒါရုံကို မယူနိုင်။ သဒ္ဒါရုံကို မကြားရ ဟူလို။

သောတနှင့် သဒ္ဒါရုံတို့သည် အချင်းချင်း မထိ မစပ် မငြိ မကပ်ကြပါကုန်မူကား အာကာသ၏ အခွင့်သည် ရှိ၏။ ထိုသို့ အာကာသအခွင့်ရှိလျှင် သဒ္ဒါရုံကို

ယူနိုင်၏။ အသံကိုကြားရ၏ ဟူလို။ ထိုသို့ အကြောင်းထူး ရှိပေသောကြောင့် သောတသည်လည်း အသမ္ပတ္တဂါဟကရုပ် မည်ပေသည်။ ဤကား အသမ္ပတ္တ ဂါဟကမည်ကြောင်းတည်း။

**သမ္ပတ္တဂါဟကရုပ်။** ။ဃာန သည် ဂန္ဓာရုံကိုယူရာ၌ လေတည်းဟူသော ဝါယော ဓာတ်သည် အားကြီးသော မှီရာအကြောင်းကြီး ဖြစ်၏။ ဝါယောဓာတ် ဆိုသည်ကား ဂန္ဓာရုံကို သယ်ပိုး၍ ဆွဲငင်၍ ဃာနပသာဒသို့ ထိခတ်မိအောင်ဆောင်သော ဝင်သက်လေပေတည်း။ ထိုသို့ ဂန္ဓာရုံကို သယ်ပိုး၍ ဃာနပသာဒသို့ ထိအောင် ငြိအောင် ဆောင်သော ဝင်သက်လေ မရှိလျှင် ဃာနသည် ဂန္ဓာရုံကို မယူနိုင်။ ဝါယောဓာတ် သယ်ပိုး ဆောင်နှင်းအပ်သဖြင့် မိမိအပေါ်၌ ထိလာ ငြိလာသော ဂန္ဓာရုံကိုသာ ယူနိုင်သည်။ ထိုသို့ အကြောင်း ထူးရှိပေသောကြောင့် ဃာနသည် သမ္ပတ္တဂါဟကမည်ပေသည်။

**ဇိဝှါ** သည် ရသာရုံကို ယူရာ၌ အာပေါဓာတ်သည် မှီရာ အကြောင်းကြီး ဖြစ်၏။ အာပေါဓာတ်ဆိုသည်မှာ လျှာပေါ်၌ရှိသော လျှာရည်နှင့် စားအပ် သောက်အပ်သောအခါ၌ပါရှိသောအစာရည်တို့ပေတည်း။ ထိုအာပေါဓာတ်သည် ရသာရုံကို သဟဇာတ်တွဲဆောင်၍ ဇိဝှါပသာဒသို့ ထိအောင်ငြိအောင် သယ်ပိုး အပ်နှင်းပေ၏။ ထိုသို့ အာပေါဓာတ် ဆောင်နှင်းအပ်သဖြင့် မိမိအပေါ်၌ ထိလာငြိလာသော ရသာရုံကိုသာ ယူနိုင်သည်။ ဆိုပြီးသော အကြောင်းတို့မှ ချို့တဲ့သောရသာရုံကို မယူနိုင်ချေ။ ထိုသို့ အကြောင်းထူးရှိပေသောကြောင့် ဇိဝှါသည် သမ္ပတ္တဂါဟကမည်ပေသည်။

**ကာယ**သည် ဖောဋ္ဌဗ္ဗာရုံကိုယူရာ၌ အားရှိသော ပထဝီဓာတ်သည် မှီရာ အကြောင်းကြီးတခု ဖြစ်ပေ၏။ ထိုဗလဝဖြစ်သော ပထဝီဓာတ်သည် ဖောဋ္ဌဗ္ဗာရုံ ကိုစွကို ပြီးစေလျက် ကာယပသာဒသို့ ငြိအောင်ထိအောင် ဟိုက်လာခိုက်လာ၏။ ထိုသို့ ဗလဝပထဝီတည်းဟူသော အကြောင်းကိုရရှိ၍ မိမိအပေါ်၌ ထိလာ ငြိလာသော ဖောဋ္ဌဗ္ဗာရုံကိုသာလျှင် ယူနိုင်ချေ၏။ ဆိုပြီးသော အကြောင်းတို့မှ ချို့တဲ့သော ဖောဋ္ဌဗ္ဗာရုံမျိုးကို မယူနိုင်ချေ။ မိမိအပေါ်သို့ မထိလာမငြိလာ သော်လည်း ဗလဝပထဝီမရှိ၍ ဒုဗ္ဗလပထဝီမျှသာရှိသော မှူမှုန်, လရောင်, ကြယ်ရောင်၌ပါရှိသော ဖောဋ္ဌဗ္ဗာရုံကိုလည်း မယူနိုင်၊ ထိုသို့ အကြောင်းထူး ရှိပေသောကြောင့် ကာယသည် သမ္ပတ္တဂါဟက မည်ပေသည်။

**စက္ခု၏ အသမ္ပတ္တဂါဟကဖြစ်ကြောင်း ထင်ရှားပုံ။** ။တိုစကားရပ်၌ စက္ခု၏ အသမ္ပတ္တဂါဟက ဖြစ်ပုံ သည် လွန်စွာ ထင်ရှား၏။ ထိုစကားမှန်၏။ ထိုစက္ခုသည် မိမိ၏ အနီးဆုံး၌ တည်သော မျက်စိ၏အဆင်းကိုသော်ရင်း, မျက်မှောင်ရင်းကိုရင်း, မျက်ရစ်

မျက်ကွင်းတို့ကိုရင်း, မျက်ခွန်ကိုရင်း မမြင်နိုင်ချေ။ အဝေး၌တည်၍ မထိလာ မငြိလာသော လဝန်း, နေဝန်း, ကြယ်တာရာ စသည်တို့ကိုလည်း မြင်ရ၏။ ဖလ်မှန်ခြားလျက်ရှိသော အဆင်းအမျိုးမျိုးကိုလည်း မြင်ရ၏။ ရှုပါရုံ၏တည်ရာ အရပ်ဒေသကိုလည်း ပိုင်းခြားနိုင်၏။ တခုသော မှန်ပြင်၌ အနည်းငယ်ဝေးကွာသောအရပ်၌ တည်၍ ကြည့်ရှုလျှင် မိမိအဆင်းကို မြင်ရ၏။ မှန်ပြင်၌ မျက်နှာနှင့် ကပ်၍ ထိ၍ ကြည့်လျှင် မမြင်ရပြီ။ ရေပြင်၌ မိမိအရိပ်ကို ကြည့်ရာ၌လည်း ဤနည်းတူ ခပ်ဝေးဝေးက တည်၍ ကြည့်လျှင် မိမိ၏အဆင်းကို မြင်ရ၏။ ရေနှင့် မျက်နှာနှင့် ထိ၍ ကြည့်လျှင် မမြင်ရပြီ။ ဤသို့သော အကြောင်းတို့ကြောင့် စက္ခု၏ အသမ္ပတ္တဂါဟကအဖြစ်သည် ထင်ရှားလေသည်။

သောတ၌ကား အဝေး၌ဖြစ်သော အသံကို တော်တော်ကြာမှပင် ကြားရ၏။ အနောက်အရပ်မှဖြစ်သော အသံသည် အကြား၌ စေတီကြီး, နံရံတံတိုင်းကြီး, တောင်ကြီး စသည်တို့ ခြားနေလျှင် တောင်အရပ်မှ ဖြစ်သောအသံဟူ၍ ရင်း၊ မြောက်အရပ်မှ ဖြစ်သောအသံဟူ၍ရင်း မှတ်ထင်ရ၏။ ထိုကြောင့် သောတ၏ အသမ္ပတ္တဂါဟက ဖြစ်ပုံသည် အဘယ်လိုနည်း ဟူငြားအံ့—

(အဖြေကား)— ဖြစ်ပေါ်လာသော အသံလုံးသည် အနီးအပါး၌တည် သောသူတို့မှာ အစမှအဆုံးတိုင်အောင် ထင်ရှားစွာဖြစ်၏။ သောတပသာဒ၌ ထင်မှုလည်း အားရှိ၏။ ငါသည် ကြား၏ စသောအားဖြင့်ဖြစ်သော သလ္လက္ခဏာ ဝိထိတို့သည် လျင်လျင်မြန်မြန် မပြတ်မလပ် ဖြစ်ကုန်၏။ အဝေး၌ တည်သော သူတို့မှာမူကား ရှေးဦးစွာ မထင်ရှား။ အသံ၏ အလယ်၌သော်ရင်း, အဆုံး၌ သော်ရင်း ထင်ရှား၏။ သောတပသာဒ၌ ထင်မှုသည်လည်း အားနည်း၏။ မှတ်သားသော သလ္လက္ခဏာဝိထိတို့သည်လည်း လျင်လျင်မြန်မြန် မဖြစ်ကြကုန်။ အတော်အတန်ကြာမြင့်မှ ဖြစ်ကုန်၏။ ထိုသို့သော အကြောင်းများကြောင့် မြန်မြန်ကြားရသည်, ကြာမြင့်မှကြားရသည်ဟူ၍ အထူးထူးအထွေထွေ အထင် အမြင် ဖြစ်လေ၏။

ဆိုဦးအံ့—အသံတို့မည်သည် မိမိတို့၏မှီရာဖြစ်သော နိဿယမဟာဘုတ် အဆင့်ဆင့် ဆက်ကာဆက်ကာဖြစ်၍ ဝေးသောအရပ်သို့လည်း သွားကုန်၏။ ဤသို့သွားကြကုန်စဉ် မိမိတို့ရောက်ရာ ရောက်ရာဌာန၌ တည်ရှိကြကုန်သော သူတို့၏ တထောင်သောနား တသောင်းသောနားတို့ကိုလည်း ကြားစေကြကုန်၏။ ကြားလောက်သော သဝနူပစာရ၌ တည်သောသူတို့၏ နားတို့ကိုသာ ကြားစေနိုင်ကုန်သည်။ သဝနူပစာရ၌ မတည်သောသူတို့၏ နားတို့ကိုမူကား မကြားစေနိုင်ကုန်။ လမ်းခရီးအကြား၌ စေတီကြီး,နံရံတံတိုင်းကြီး,တောင်ကြီး စသည်တို့ခြား၍ ဆီး၍နေလျှင် အကြင်အရပ်ဌာန၌ မိမိတို့သွားရန် အာကာသ

လမ်း ပွင့်လျက်ရှိ၏။ ထိုလမ်းခရီးဖြင့် လာကြကုန်၏။ ထိုအခါ တောင်အရပ်မှ သော်၎င်း, မြောက်အရပ်မှသော်၎င်း ဖြာထွက်ကြကုန်၏။ သဝနူပစာရတွင် ရှိသော သူတို့၏နားတို့ကို ကြားစေကုန်၏။ ကြားသောသူတို့သည် တောင်အရပ်က အသံဟူ၍၎င်း, မြောက်အရပ်က အသံဟူ၍၎င်း ထင်မှတ်ကြကုန်၏။ အားနည်းလှသော အသံဖြစ်ပါလျှင် ခြား၍ ဆီး၍ နေသော ထုထယ်ကြီးကို မလွန်ဆန်နိုင်ဘဲ ငြိမ်းစဲခြင်းသို့ ရောက်ကြလေ၏။ ထိုသို့ သွားကြလေကုန်သော အသံတို့သည် အကြင်မျှလောက် သောတပသာဒကို မထိကြမငြိကြကုန်သေး။ ထိုမျှလောက်သော ကာလပတ်လုံး အသမ္ပတ္တသဒ္ဒမည်ကုန်၏။ ထိုအသံတို့သည် သဝနူပစာရ၌ နေသောသူတို့ကို ကြားစေကုန်၏။ အကြင်အသံတို့သည်ကား သောတပသာဒကို ထိကြ ငြိကြကုန်၏။ ထိုအသံတို့သည် သမ္ပတ္တသဒ္ဒ မည်ကုန်၏။ ထိုအသံတို့ကို မကြားရကုန်ပြီ။ ထိုအသံတို့ကလည်း မကြားစေနိုင်ကုန်။ သဒ္ဒသည် အကယ်၍ အသမ္ပတ္တဂါဟကမဟုတ်ငြားအံ့၊ ဝမ်းတွင်း၌တည်ရှိသော မစင်နှင့်, ကျင်ငယ်နှင့်စသည်များကို အပ၌နေ၍ မနံအပ်ကုန်သကဲ့သို့ ဝမ်းတွင်း၌ရှိသော အသံကိုလည်း မကြားအပ်လေရာ။ ထိုသို့ကားမဟုတ်။ သောတသည် အသမ္ပတ္တဂါဟကဖြစ်ပေ၍ ဝမ်းတွင်း၌ တည်ရှိသော အသံများကိုလည်း အပ၌ နေ၍ ကြားအပ်ပေသည်။ ဃာန စသည်တို့၏ သမ္ပတ္တဂါဟကဖြစ်ပုံကား များစွာ ထင်ရှားလေပြီ။

**ဂေါစရဂ္ဂါဟိကရုပ်။** ။ဤပသာဒရုပ် ၅-ခုတို့သည် အာရုံကို ယူတတ်သော ကြောင့်လည်း ဂေါစရဂ္ဂါဟိကရုပ် မည်ကုန်သေး၏။ “ဂေါစရံ ဂဏှာတီတိ ဂေါစရဂ္ဂါဟိကံ”။ ဂေါစရံ၊ အာရုံကို။ ဂဏှာတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂေါစရဂ္ဂါဟိကံ၊ ဂေါစရဂ္ဂါဟိကရုပ်မည်၏။

(၃၇၉) မဟာဘူတ၊ ဝဏ္ဏ,ဂန္ဓာ၊ ရသော ဇာ၊ ရှစ်ဖြာ ဝိနိဗ္ဘော။

ဤဖြင့် အဝိနိဗ္ဘောဂရုပ် ၈-ခုတို့ကို ပြဆို၏။

**အဝိနိဗ္ဘောဂရုပ်။** ။မဟာဘုတ်လေးပါး၊ ရူပါရုံတည်းဟူသော ဝဏ္ဏနှင့် ဂန္ဓ, ရသ, ဩဇာ။ ဤရှစ်ပါးတို့သည် အသီးအသီး ကိုယ်စီ ကိုယ်ငှ ခွဲခြမ်း၍မရအပ်သောကြောင့် “အဝိနိဗ္ဘောဂရုပ်” မည်ကုန်၏။ အသီးအသီး ဖြစ်လေ့မရှိကုန်။ တပေါင်းတည်း တကလာပ်တည်း ဖြစ်လေ့ရှိကုန်သော ရုပ်တို့ ဆိုလိုသည်။

**ဝိနိဗ္ဘောဂရုပ်။** ။“ဝိနိဘုဇ္ဇတီတိ ဝိနိဗ္ဘောဂေါ”။ ဝိနိဘုဇ္ဇတိ၊ ဒေသ, ဌာန, ဥပ္ပတ္တိ,ကာရဏအားဖြင့် ပိုင်းခြားအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိနိဗ္ဘောဂေါ၊ ဝိနိဗ္ဘောဂမည်၏။ တပေါင်းတည်း ဖြစ်လေ့မရှိကုန်

သော ဒေသအားဖြင့်၎င်း,ဌာနအားဖြင့်၎င်း,ဖြစ်ကြောင်းအားဖြင့်၎င်း အသီးအသီး ခွဲခွဲခြမ်းခြမ်း ဖြစ်လေ့ရှိသော တရားစုကို ရစေ။

"န ဝိနိဗ္ဘောဂေါတိ အဝိနိဗ္ဘောဂေါ"။ ဝိနိဗ္ဘောဂေါ၊ အသီးအသီး ခွဲခြမ်းအပ်သောတရားသည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ အဝိနိဗ္ဘောဂေါ၊ အဝိနိဗ္ဘောဂမည်၏။ မူလဋီကာကို စီရင်တော်မူသော အရှင်အာနန္ဒာမထေရ်မြတ်ကား ဂန္ဓ,ရသ,ဩဇာတို့သည် ရံခါ အသီးအသီး ခွဲခြမ်း၍ဖြစ်ကုန်သေး၏။ ထိုကြောင့် မဟာဘုတ်လေးပါး,ဝဏ္ဏ၊ ဤငါးပါးတို့သည်သာလျှင် မုချအားဖြင့် အဝိနိဗ္ဘောဂမည်ကုန်၏ဟူ၍ အလိုရှိတော်မူ၏။ နောက်၌ ထင်ရှားလတ္တံ့။

(၃၀၀) **သနိဒဿန်၊ ဆင်းရုပ်၊ အကျန် အနိဒေါ။**

**သနိဒဿန,အနိဒဿန။** ။ဤဖြင့် ရူပါရုံ၏ သနိဒဿနမည်ကြောင်း, ကြွင်းသောရုပ်တို့၏ အနိဒဿနမည်ကြောင်းကို ပြဆို၏။

**သနိဒဿန**၌ စက္ခုဝိညာဏ်ဖြင့် ဒိဋ္ဌမြင်အပ်သည်၏အဖြစ်သဘောကို နိဒဿနဟူ၍ ဆိုအပ်၏။ "နိဒဿနေန သဟ ဝတ္တတီတိ သနိဒဿနံ"။ နိဒဿနေန၊ မြင်အပ်သည်၏အဖြစ်နှင့်။သဟ၊တကွ။ဝတ္တတိ၊ဖြစ်တတ်၏။ဣတိတသ္မာ၊ထိုကြောင့်။ သနိဒဿနံ၊ သနိဒဿနမည်၏။ ရူပါရုံကို ရစေ။ မြင်အပ်သည်၏ အဖြစ်လည်း ဝဏ္ဏာယတနဓာတ်ပင် ဖြစ်၏။ မြင်အပ်သည်၏အဖြစ်နှင့် တကွသော တရားဟူသည်လည်း ဝဏ္ဏာယတနဓာတ်ပင်ဖြစ်၏။ တရားကိုယ် မကွဲပြီ။ သို့သော်လည်း ထင်ထင်ရှားရှား သိလွယ်စိမ့်သောငှါ မကွဲသော်လည်း ကွဲသကဲ့သို့ တင်စားလှည်းလှဲ၍ ဟောတော်မူအပ်သောအရာ ဖြစ်၏။

**နိဒဿန။** ။တနည်းကား—စက္ခုဝိညာဏ်၏ မြင်ခြင်းကိစ္စကို ဤ၌ နိဒဿနဟူ၍ ဆိုအပ်၏။ "နိဒဿနေန သဟ ဝတ္တတီတိ သနိဒဿနံ"။ နိဒဿနေန၊ မြင်ခြင်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သနိဒဿနံ၊ သနိဒဿနမည်၏။ ရူပါရုံသည် စက္ခုဝိညာဏ်၏ မြင်ခြင်းကိစ္စနှင့် အာရုံ,အာရမ္မဏိကအားဖြင့် တပေါင်းတည်းဖြစ်သောကြောင့် နိဒဿနမည်၏ ဟူလို။ ဤနိဒဿနသဒ္ဒါဖြင့် ပရမတ္ထအစစ်ကို မျက်စိဖြင့်လည်း ဒိဋ္ဌတိုက်ရိုက်မြင်အပ်၏ဟု သိရာ၏။ အချို့တို့သည် ပရမတ္ထဓမ္မကို ပသာဒစက္ခုဖြင့် မမြင်အပ်။ ပညာစက္ခုဖြင့်သာ မြင်အပ်၏ဟူ၍ ဆိုတတ်ကြ၏။

**အဟေတုက မည်ပုံ။** ။ရုပ်တရားတို့သည် ဟိတ်တို့နှင့် မယှဉ်သောကြောင့် **အဟေတုက** လည်း မည်ကုန်၏။

**သပ္ပစ္စယရုပ်။** ။ဧနကအကြောင်းနှင့်တကွ ဖြစ်ရကုန်သောကြောင့် **သပ္ပစ္စယ** လည်း မည်ကုန်၏။

**သန်တ။**　။အကြောင်းတို့သည် ပြုပြင်စီရင်အပ်သောကြောင့် **သန်တ** လည်း မည်ကုန်၏။

**သာသဝ။**　။အာသဝေါတို့၏ အာရုံပြုရာ နယ်နိမိတ်မှ မလွတ်ကြကုန်သောကြောင့် **သာသဝ** လည်း မည်ကုန်၏။

**ကာမာဝစရ။**　။အကနိဋ္ဌ ဗြဟ္မာတို့၏ သန္တာန်မှာ ဖြစ်ကြကုန်သော်လည်း ဘုံအားဖြင့် ကာမာဝစရဘုံနယ်တွင် အကျုံးဝင်ကြကုန်သောကြောင့် **ကာမာဝစရ** မည်ကုန်၏။

**အနာရမ္မဏ။**　။တစုံတခုသော အာရုံကို အာရုံပြုခြင်းငှါ မတတ်နိုင်ကုန်သောကြောင့် **အနာရမ္မဏ** လည်း မည်ကုန်၏။

**အပ္ပဟာတဗ္ဗ။**　။သောတာပတ္တိမဂ် အထက်မဂ်တရားတို့ဖြင့် မပယ်အပ်ကုန်သောကြောင့် **အပ္ပဟာတဗ္ဗ** လည်း မည်ကုန်၏။

( ခ ) ရူပ ဝိဘာဂ ပြီး၏။

---

## (ဂ) ရူပ သမုဋ္ဌာန

**သမုဋ္ဌာန်မည်ပုံနှင့် သမုဋ္ဌာန်လေးပါး။**　။"သမုဋ္ဌဟန္တိ ဇာယန္တိ ဧတေနာတိ သမုဋ္ဌာနံ"။ ဧတေန၊ ဤအကြောင်းတရားဖြင့်။ သမုဋ္ဌဟန္တိ၊ ကောင်းစွာထကြကုန်၏။ ဇာယန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ ဣတိဘသ္မာ၊ ထိုကြောင့်။ သမုဋ္ဌာနံ၊ သမုဋ္ဌာန်မည်၏။ ရုပ်တို့၏ဖြစ်ကြောင်းတရားကိုရစေ။ ထိုသမုဋ္ဌာန်သည် ကံ, စိတ်, ဥတု, အာဟာရဟူ၍ လေးပါးရှိ၏။ ထိုကြောင့်—

(၃၈၁) ကံ,စိတ်,ဥ,အာ၊ ဤလေးဖြာ၊ မှတ်ပါ သမုဋ္ဌာန်။

ဟူ၍ ဆိုပေသည်။

### ကမ္မဇရုပ်

**ရုပ်ကိုဖြစ်စေသည့်ကံ ၂၅။**　။ကံဆိုသည်ကို ပဋ္ဌာန်းကမ္မပစ္စည်းအရာ၌ "နာနာက္ခဏိကာ ကုသလာကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"ဟူ၍ဟောတော်မူအပ်သော နာနာက္ခဏိက အတိတ်စေတနာကံကိုသာ ယူအပ်၏။ ထိုတွင်လည်း အရူပကုသိုလ်စေတနာစုသည် ရုပ်၌တပ်ခြင်းကင်း၍ရူပဝိရာဂဘာဝနာ ဖြစ်ပေသဖြင့်တစုံတခုသောရုပ်ကိုမျှ မဖြစ်စေနိုင်။ ထိုကြောင့် ဤနေရာ၌ အရူပကုသိုလ်စေတနာကို မယူအပ်။

အတိတ်ဖြစ်သော အကုသိုလ်စေတနာ ၁၂၊ ကာမကုသိုလ်စေတနာ ၈-ခု၊ ရူပကုသိုလ်စေတနာ ၅-ခု။ ဤ ၂၅-ပါးသော စေတနာတို့သည်သာလျှင် ကမ္မဇရုပ်ကို ဖြစ်စေနိုင်သောကြောင့် ထိုစေတနာ ၂၅-ခုတို့ကို ဤအရာ၌ ကံဟူ၍ မှတ်ယူအပ်၏။ ထို့ကြောင့်—

(၃၇၂) **ကာ,ရူကု,ကု၊ တိတ်စေ,ဇု၊ ကံဟု မှတ်ယူလေ။**

ဟူ၍ ဆိုပေသည်။

**ကမ္မဇရုပ်တို့၏အစအဦးဖြစ်ပေါ်ခြင်း။** ။ထို ၂၅-ပါးသော နာနာက္ခဏိကကံတို့သည် အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေ၏ဥပါဒ်မှအစပြု၍ ကမ္မဇရုပ်တို့ကို ဖြစ်စေကုန်၏။

**ကမ္မဇရုပ်တို့ ဖြစ်ပေါ်နေပုံ။** ။စိတ်တို့၏ ဥပါဒ်, ဌီ, ဘင်ဟုဆိုအပ်သော ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်တို့ကို ဖြစ်စေကုန်၏။

**ကမ္မဇရုပ်၏ နောက်ဆုံးဖြစ်ပေါ်ခြင်း။** ။စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်အခိုက်၌ နောက်ဆုံးသော ဖြစ်ခြင်းကို ဖြစ်စေကြကုန်၍ ထိုစိတ်၏ ဌီမှစ၍ကား ကမ္မဇရုပ်တို့ကို မဖြစ်စေကုန်။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှအစပြု၍ မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ကြကုန်၏။ ထို့ကြောင့်—

(၃၇၃) **သန္ဓိ ဥ,မှ၊ ခဏ မစဲ၊ တစဉ်တဲ၊ အမြဲ ရုပ်ဖြစ်စေ။**

ဟူ၍ ဆိုပေသည်။

**အရှင်အာနန္ဒာ၏ဝါဒ။** ။ဤအရာ၌ မူလဋီကာဆရာ အရှင်အာနန္ဒာအရှင်၏ အယူကို ပြဆိုဦးအံ့။ အလုံးစုံသော စတုသမုဋ္ဌာနိကရုပ်တို့သည် စိတ်တို့၏ ဥပါဒ်ခဏနှင့်ပြိုင်၍သာ ဖြစ်ကြကုန်၏။ ဘင်ခဏ၌ မဖြစ်ကြကုန်။ အထောက်ကား—"ယဿ ဝါပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ။ နော"။ (ဤကား ယမိုက်ပါဠိတော်ပေတည်း။) ပါဠိတော်၏အဓိပ္ပါယ်ကား—အကြင်ပုဂ္ဂိုလ်မှာ သမုဒယသစ္စာချုပ်ဆဲ၊ ထိုပုဂ္ဂိုလ်မှာ ဒုက္ခသစ္စာဖြစ်ဆဲလော။ ဤသို့မေးသည်ရှိသော် ဖြစ်ဆဲမဟုတ်ကုန်ဟု ဖြေရာ၏။ (ဤကား အဓိပ္ပါယ်တည်း)။

ထိုစတုသမုဋ္ဌာနိကရုပ်တို့သည် စိတ်၏ဘင်ခဏနှင့်သာ ပြိုင်၍ချုပ်ကြကုန်၏။ ဥပါဒ်ခဏနှင့်ပြိုင်၍ မချုပ်ကြကုန်။ အထောက်ကား—"ယဿ ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာ ဓမ္မာ နိရုဇ္ဈန္တီတိ။ နော"။

(ဤကား ယမိုက်ပါဠိတော်တည်း။) ပါဠိတော်၏အဓိပ္ပါယ်ကား— အကြင် ပုဂ္ဂိုလ်မှာ ကုသိုလ်တရား, အကုသိုလ်တရားတို့သည် ဖြစ်ဆဲရှိကုန်၏၊ ထိုပုဂ္ဂိုလ်မှာ အဗျာကတတရားတို့ ချုပ်ဆဲဖြစ်ကုန်သလော။ ဤသို့ မေးသည်ရှိသော် ချုပ်ဆဲမဟုတ်ကုန်ဟု ဖြေရာ၏။

ဤယမိုက်ပါဠိတော်ကို မူလအားကိုးပြု၍ အလုံးစုံသော စတုသမုဋ္ဌာနိက ရုပ်တို့သည် စိတ်၏ဥပါဒ်ခဏ၌သာလျှင် ဖြစ်ကုန်၏။ စိတ်၏ဘင်ခဏနှင့်ပြိုင်၍ သာ ချုပ်ကုန်၏။ စိတ်၏ဥပါဒ်ခဏနှင့်ပြိုင်၍ ရုပ်တို့ ဖြစ်ရိုးမရှိကုန်။ စိတ်၏ ဘင်ခဏနှင့်ပြိုင်၍လည်း ရုပ်တို့ ချုပ်ရိုးမရှိကုန်ဟူ၍ အလိုရှိတော်မူ၏။

ထိုအာနန္ဒာအရှင်၏ လိုရင်းအဓိပ္ပါယ်ကား ရုပ်တရားတို့မည်သည် နှေးသော ဖြစ်ခြင်းရှိကြကုန်၏။ နာမ်တရားတို့သည် လျင်မြန်သောဖြစ်ခြင်း ရှိကြကုန်၏။ ထိုနာမ်တရားတို့၏ ဌီခဏမည်သည်လည်း ရေတွက်လောက်သည် မဟုတ်။ ထိုကြောင့် ရုပ်တရားတို့၏ ခဏပဗန္ဓသည် တပုံတလမ်း တကြောင်း တသွယ် ပေတည်း။ နာမ်တရားတို့၏ ခဏပဗန္ဓသည်လည်း တပုံတလမ်း တကြောင်း တသွယ်ပေတည်း။ အလုံးစုံသော ရုပ်တရားတို့သည် စိတ္တက္ခဏတခုစာ အတိုင်း အရှည်ရှိသော မိမိတို့၏ဥပါဒ်ခဏနှင့်ယှဉ်ကြကုန်လျက် ခဏတိုင်း ခဏတိုင်း မပြတ် မလပ်ဖြစ်ကြကုန်၏။ ပဋိသန္ဓေမှစ၍ အတူတကွ ဖြစ်ကြကုန်သော ရုပ်တရား နာမ်တရားတို့သည် တသက်ပန်ကာလပတ်လုံး ဖြစ်လျှင် အတူဖြစ်ကြကုန်၏။ ပျက်လျှင် အတူပျက်ကြကုန်၏။ ရုပ်နာမ်တို့၏ ဥပါဒ်စွန်း,ဘင်စွန်းတို့သည် ညီမျှကုန်သည်သာဖြစ်၏။ စိတ်၏ဌီခဏ,ဘင်ခဏတို့၌ ရုပ်တရားတို့ ဥပါဒ်ကြကုန်၍ စိတ်၏ဥပါဒ်ခဏ၌ ရုပ်တရားတို့ မချုပ်ကြကုန် ဟူလို။ (ဤကား အရှင်အာနန္ဒာ၏ အလိုတော်ပေတည်း)။ ။ကံပြီး၏။

## စိတ္တဇရုပ်

**ရုပ်ကိုဖြစ်စေတတ်သည့်စိတ်-၇၅။** ။ရုပ်ကို ဖြစ်စေတတ်သော စိတ်တို့သည်ကား အရူပဝိပါက် ၄-ခုနှင့် ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်၍ ကျန်သောစိတ် ၇၅-ပါးတို့ပေတည်း။ ထိုကြောင့်—

**(၃၀၄) အရူ ဘုံရှိ၊ စိတ်သန္ဓိနှင့်၊ ဒွိဝိညာဏ်၊ ရှိဗွာန် ဆုံး စု၊ ကြဉ်မှု ကြွင်းထ၊ သတ်ပဉ္စ၊ တကွစိတ်နှင့်စေ။**

ဟူ၍ ဆို၏။

**ရုပ်ကိုမဖြစ်စေနိုင်သည့်စိတ်များအတွက်အကြောင်းပြ။** ။အရူပဝိပါက် လေးခုတို့သည် တစုံတရာမျှ ရုပ်မရှိသောအရူပဘုံ၌သာ ဖြစ်ရလေသောကြောင့် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်ကုန်။

ဒွေပဉ္စဝိညာဏ် ၁၀-တို့သည် ဈာနင်မှုကင်းဆိတ်သောကြောင့် ထက်ဝန်းကျင်မှ အားနည်း၏။ ထိုကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။ ဤသို့သောသဘောစုကြောင့် အရူပဝိပါက်လေးခုနှင့် ဒွေပဉ္စဝိညာဏ် ၁၀-တို့ကို ဤအရာ၌ ကြဉ်ရလေသည်။

ကျန်သော ၇၅-ပါးသောစိတ်တို့သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်သော စိတ်တို့ပေတည်း။ ထို ၇၅-ပါးသောစိတ်တို့တွင်လည်း အရူပဘုံ၌ဖြစ်နိုင်သော ၄၂-ပါးသောစိတ်တို့သည် ထိုအရူပဘုံ၌ဖြစ်ခိုက် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။ ပဉ္စဝေါကာရဘုံ၌သာလျှင် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကုန်၏။

**ရဟန္တာ၏စုတိစိတ်။** ။ရဟန္တာတို့၏ ပရိနိဗ္ဗာနစုတိစိတ်သည်လည်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ သို့ရာတွင် ဘဝင်ကိစ္စတပ်ခိုက် ရုပ်ကို ဖြစ်စေနိုင်သောကြောင့် စိတ်ရေ ၇၅-ပါးမှ မလျှော့လေပြီ။

**ပဋိသန္ဓေအခိုက် ပဋိသန္ဓေစိတ်။** ။ပဉ္စဝေါကာရပဋိသန္ဓေစိတ် ၁၅-ပါးတို့သည်လည်း ပဋိသန္ဓေအခိုက်၌ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။ သို့သော်လည်း ဘဝင်အခိုက်၌ စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကုန်သောကြောင့် စိတ်ရေ ၇၅-ပါးမှ မလျှော့ပြီ။

ထို ၇၅-ပါးသော စိတ်တို့သည် ပဋိသန္ဓေစိတ်၏ အနန္တရဖြစ်သော ပဌမဘဝင်စိတ်၏ ဥပါဒ်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇရုပ်တို့ကို ဖြစ်စေကုန်၏။ ထိုကြောင့်—

(၃၇) ပဌမဘဝင်၊ အစတင်လျက်၊ အစဉ်မစဲ၊ ဥပါဒ်သဲ၊ အမြဲ ရုပ်ဖြစ်စေ။

ဟူ၍ ဆိုပေသည်။

စိတ္တဇရုပ်တို့သည် ပဌမဘဝင်၏ ဥပါဒ်မှအစပြု၍ စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း မပြတ်မလပ် ဖြစ်ကြကုန်၏။ စုတိစိတ်တိုင်အောင်ပင် ဖြစ်ကြကုန်၏။

**ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်တို့ကို မဖြစ်စေနိုင်ပုံ။** ။ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်တို့ကို မဖြစ်စေနိုင်။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေအခိုက်၌ မဖြစ်ကြကုန်။ ပဋိသန္ဓေကိစ္စ တပ်သော ပဉ္စဝေါကာရပဋိသန္ဓေစိတ် ၁၅-ခုတို့သည် အဘယ်ကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်သနည်း ဟူမူ—အားနည်းလှသောကြောင့် မဖြစ်စေနိုင်ကုန် ဟူ၍ ဖြေဆိုရာ၏။

**စိတ်တို၏ အားရှိသော ကာလနှင့် ရုပ်တို၏အားရှိသော ကာလ။** ။ ယင်ရှားစေအံ့—စိတ်တို မည်သည် ဥပါဒ် အခိုက်၌သာလျှင် အားရှိကြကုန်၏။ အားရှိသည်ဆိုသော်လည်း ပြည့်စုံသောအကြောင်း အခွင့်ကိုရကုန်မှလည်း အားရှိကြကုန်၏။ ရုပ်ဟူရာတို့မည်သည်ကား မိမိတို၏ ဌီခဏ၌သာလျှင် အားရှိကြကုန်၏။ ဥပါဒ်ခဏ, ဘင်ခဏတို့၌ အားမရှိကြကုန်။ ပဋိသန္ဓေစိတ်တို့သည် မိမိနှင့်အတူ ဥပါဒ်၌ သဟဇာတ်ဖြစ်သော အားနည်းလှစွာသော ဝတ္ထုကို မှီကုန်၏။ မှီရာဝတ္ထုသည် အားနည်းလေသဖြင့် မိမိတို့လည်း အားနည်းကြလေကုန်၏။ ထိုသို့အားနည်းမှုကြောင့် ထိုပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅-ခုတို့သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။ ပဉ္စဝေါကာရ ပဋိသန္ဓေ ၁၅-ခုတို့သည် ဥပါဒ်အခိုက် အားရှိသင့်ကုန်သော်လည်း မှီရာဝတ္ထု၏ အားနည်းခြင်းတည်းဟူသော အကြောင်းချို့တဲ့မှုကြောင့် အားမဲ့ကြကုန်၏။ ထိုကြောင့် စိတ္တဇရုပ်တို့ကို မဖြစ်စေနိုင်ကုန် ဟူလိုသည်။

**စိတ်တို့သည် ဥပါဒ်အခိုက်၌သာ ရုပ်ကို ဖြစ်စေနိုင်ပုံ။** ။စိတ်တို့သည် ဥပါဒ်အခိုက်၌သာလျှင် လတ်လတ်လောလောဖြစ်သော အနန္တရပစ္စည်း, အာသေဝနပစ္စည်းအရှိန်အဝေ့ကို ခံစားကြရကုန်၍ အားရှိကြကုန်၏။ ထိုကြောင့် ဥပါဒ်အခိုက်၌သာလျှင် စိတ္တဇရုပ်တို့ကို ဖြစ်စေနိုင်ကုန်သည်။ ဌီအခိုက်, ဘင်အခိုက်တို့၌ကား အားနည်းသဖြင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်။

**ရုပ်တို့သည် ဌီခဏ၌သာ ရုပ်တို့ကိုဖြစ်စေပုံ။** ။ရုပ်ဟူရာတို့သည် မိမိတို၏ ဌီအခိုက်၌ သာလျှင် ဥပတ္ထမ္ဘကဖြစ်သော ဥတု, အာဟာရပစ္စည်း, ပစ္ဆာဇာတပစ္စည်း အရှိန်အဝေ့တို့ကို ခံစားကြရကုန်၍ အားရှိကြကုန်၏။ ထိုကြောင့် မိမိတို၏ဌီခဏ၌သာလျှင် မိမိတို့နှင့် သက်ဆိုင်သောရုပ်တို့ကို ဖြစ်စေနိုင်ကုန်၏။ ( ဥတုဇ, အာဟာရဇ ရုပ်တို့၌ ထင်ရှားလတ္တံ့ )။

**ရဟန္တာတို၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ပုံ။** ။အဘယ်ကြောင့် ရဟန္တာတို၏စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်သနည်းဟူမူ –ရဟန္တာတို၏ စုတိစိတ်သည် ပကတိအားဖြင့် ဝဋ်မြစ်ပြတ်ကင်းပြီးသော သန္တာန်၌ ဖြစ်ရသောကြောင့် အလွန် နူးညံ့ငြိမ်သက်၏။ ထိုပြင် အာယုသင်္ခါရကုန်ဆုံးမှုကြောင့် အားနည်းလှစွာသော သံသရာကြောတွင် အဆုံးစွန်ဖြစ်သော ဝတ္ထုကိုမှီရသဖြင့်လည်း လွန်စွာအားနည်းလည်း အားနည်းလှပြန်၏။ ထိုကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သည် ဟူပေ။

· သ၃၆၆-၃ ၂–၁၅ – ပ-မ-ပ-ႏ-စ

**စုတိစိတ်မှန်သမျှရုပ်ကို မဖြစ်စေဟူသောဝါဒ။** ။မူလဋီကာဆရာ အရှင်အာနန္ဒာ မထေရ်ကား ရဟန္တာတို့၏ စုတိစိတ်သည်သာလျှင် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်သည် မဟုတ်။ အလုံးစုံရှိရှိသမျှသော သတ္တဝါအနန္တတို့၏ စုတိစိတ်သည်လည်း စိတ္တဇရုပ်ကိုမဖြစ်စေနိုင် ဟူ၍ အကိုးအကားဖြစ်သော ယမိုက်ပါဠိတော်တို့ဖြင့် များစွာ ဆိုတော်မူ၏။ သေလည်း သေ၏။ စိတ္တဇရုပ်လည်း ဖြစ်သေး၏ဟူသော အချက်လည်း မသင့်ဟူ၍ ဆို၏။ စုတိစိတ်သည် ရုပ်ကိုဖြစ်စေ၏ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်လည်း တစွန်းတစမျှ မရှိ။ ထိုကြောင့် စုတိစိတ်ဟူသမျှတို့သည် အလျှင်းပင် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ဟူ၍ အလိုတော်ရှိတော်မူ၏။

**စုတိစိတ်မတိုင်မီ ၁-ချက်မြောက်စိတ်က အနုဋီကာဆရာကား မူလဋီကာဆရာ၏ စ၍ ရုပ်ကိုမဖြစ်စေသည်ဟူသောဝါဒ။** ။ စကားမှ အညွန့်တက်ပြန်၍ စုတိစိတ်တခုသာလျှင် ရုပ်ကိုမဖြစ်စေနိုင်သည် မဟုတ်။ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁-ချက်မြောက်သော စိတ်မှစ၍ အလုံးစုံသော စိတ်တို့သည်လည်း စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကုန်ဟူ၍ အလိုရှိတော်မူ၏။

**စုတိစိတ် ရုပ်ကိုမဖြစ်စေပုံ ရှင်းလင်းချက်။** ။ ငါတို့၏ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား စုတိလယ်တီဆရာတော်ကြီး၏ စိတ်၏ စိတ္တဇရုပ်ကို မဖြစ်စေနိုင်ကြောင်းကို ဤသို့ ယုတ္တိပြတော်မူ၏။

ရုပ်တို့၏အစ စိတ္တက္ခဏတချက်ခန့်ကာလသည် ပစ္စည်းပြုကို များစွာ မခံရသေးသဖြင့် အားနည်းလှ၏။ ထိုအတူ ကုန်ခန်းလုဆဲဖြစ်သော ပစ္စည်းအထောက်အပံ့မျှကိုသာ ရ၍ ချုပ်လုကာနီးဖြစ်သော စိတ္တက္ခဏတချက်ခန့်ကာလသည်လည်း လွန်စွာ အားနည်း၏။ ထိုကြောင့် ထိုအစအဦးအားနည်းစဉ် အခိုက်၌တည်သော ဝတ္ထုကို မှီရသော ပဋိသန္ဓေစိတ်သည်လည်း အားနည်းလှသဖြင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ချုပ်လုကာနီးအခိုက်၌တည်၍ အားနည်းလှစွာသော ဝတ္ထုကို မှီရသော စုတိစိတ်သည်လည်း လွန်စွာပင် အားနည်းလှပြန်၏။ ထိုကြောင့် စုတိစိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်ရာဟူ၍ အကြောင်းယုတ္တိနှင့်တကွ ပြဆိုတော်မူ၏။

(၃၈၆) ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာ တည်နိုင်စေ။

**အပ္ပနာဇော ၂၆-တို့ ဣရိယာပုထ်ကိုလည်း ခိုင်စေပုံ။** ။ဤဖြင့် စိတ္တဇရုပ်ကို ဖြစ်စေတတ်သော စိတ်ပေါင်း ၇၅-တို့တွင် အပ္ပနာဇောဆဗ္ဗီသတို့သည် စိတ္တဇရုပ်သက်သက်မျှကိုသာ

ဖြစ်စေနိုင်ကုန်သည် မဟုတ်။ ဣရိယာပုထ်ကိုလည်း ခိုင်စေနိုင်သေးသည်ဟူ၍ ပြဆိုတော်မူ၏။ အပ္ပနာဇော ၂၆-တို့သည် သွားခြင်း=ဂမန, ရပ်တည်ခြင်း=ဌိတ, ထိုင်နေခြင်း=နိသိဒန, လျောင်းခြင်း=သယနဟုဆိုအပ်သော ဣရိယာပုထ်လေးပါးတို့တွင် သွားခြင်းတည်းဟူသော ဂမနဣရိယာပုထ်တခုကိုကြဉ်၍ ကျန် ၃-ပါးသော ဣရိယာပုထ်တို့ကို တည်ခိုင်စေ၏။ အင်္ဂါကြီးငယ်တို့၏ လှုပ်မှု ရွေ့ရှားမှုများသည်ပင် ဝိညတ်နှင့်ကင်း၍ မဖြစ်နိုင်။ သွားခြင်းဣရိယာပုထ်မှာမူကား အထူးဆိုဖွယ် မရှိ။ ဝိညတ်နှင့် အားကြီးစွာ စပ်နွယ်လျက် ရှိနေ၏။ အပ္ပနာဇော ၂၆-ခုတို့သည်လည်း ဝိညတ်ကို ဖြစ်စေနိုင်သည် မဟုတ်ကုန်။ ထို့ကြောင့် ဝိညတ်နှင့်မကင်းသော သွားခြင်း ဂမနဣရိယာပုထ်ကိုမူကား တည်ခိုင်စေနိုင်သည် မဟုတ်ကုန်။ သွားခြင်း ဣရိယာပုထ်သည်လည်း မိမိတို့၏သက်ဆိုင်ရာနယ် မဟုတ်ပေ။ ထို့ကြောင့် ဂမနဣရိယာပုထ်ကို ဤနေရာ၌ ကြဉ်ရပေသည်။ ဣရိယာပုထ် ၃-ပါးတို့ကို တည်ခိုင်စေမှုဆိုသည်ကား ဝိညတ်ကိုဖြစ်စေတတ်သော စိတ်တို့ကြောင့် ဖြစ်ပေါ်မြဲတိုင်းသော ဣရိယာပုထ်ကို လျောကျ၍ မသွားရလေအောင် လှုပ်ရှား၍ မသွားရလေအောင် ထမ်းဆောင်ထားမှု စောင့်ရှောက်၍ထားမှုပေတည်း။ ရပ်၍နေသောသူ, ထိုင်၍နေသောသူတို့မှာ ဇောစိတ်အစဉ်ပြတ်၍ ဘဝင်စိတ်အစဉ် ဖြစ်ပေါ်လာသောအခါ ရှေးကရှိမြဲတိုင်းသော ဣရိယာပုထ်တို့သည် လျောကျဆုတ်နစ်၍ သွားကြကုန်၏။ ဘဝင်စိတ်တို့သည် ထိုဖြစ်မြဲတိုင်းသော ဣရိယာပုထ်တို့ကို တည်ခိုင်စွာရှိအောင် မတတ်နိုင်ကြကုန်။ အပ္ပနာဇောစသည်တို့ ဖြစ်ပေါ်ရာ၌ကား ထိုသို့မဟုတ်ကြကုန်။ ထို အပ္ပနာဇောစသည်တို့ ဖြစ်ပေါ်ကြကုန်သည်ရှိသော် ကိုယ်အင်္ဂါတို့သည် လျောကျဆုတ်နစ်၍ မသွားကြကုန်။ ရှေးတည်မြဲတိုင်း တည်တံ့နိုင်ကြကုန်၏ ဟူလို။

**(၁၇၇) မနောဒွါရာ၊ ဇောကာမာ၊ ဘိညာ သုံးဆဲ့နှစ်။**

**(၁၇၈) ကာယဝါစာ၊ မူအရာ၊ နှစ်ဖြာ ဝိညတ်ဖြစ်။**

**ဝိညတ်ကိုလည်း ဖြစ်စေနိုင်သည့် ရုပ် ၃၂။** ။ဤဖြင့် မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ အဘိညာဉ်ဒွေး၊ ဤ ၃၂-ပါးသောစိတ်တို့သည် ရုပ်ကိုဖြစ်စေတတ်ရုံလည်းမဟုတ်၊ ဣရိယာပုထ်တို့ကို ခိုင်စေတတ်ကာမျှလည်းမဟုတ်၊ ကိုယ်အမူအရာ, နှုတ်အမူအရာတည်းဟူသော ကာယဝိညတ်, ဝစီဝိညတ်များကိုလည်း ဖြစ်စေနိုင်သေး၏ဟူ၍ ပြဆိုတော်မူ၏။ ထိုစိတ်တို့တွင် မနောဒွါရာဝဇ္ဇန်းဆိုသည်ကား မနောဒွါရိကဝိထိ၌ အာဝဇ္ဇန်းကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းစိတ်ပေတည်း။ ပဉ္စဒွါရိကဝိထိစိတ်တို့သည် ဝိညတ်ကို မဖြစ်စေနိုင်ကုန်သောကြောင့် ပဉ္စဒွါရဝိထိ၌ ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းကို ဤ၌မလိုအပ်။ထိုအတူ ကာမဇော ၂၉-ခုကိုလည်း မနောဒွါရ

ဝိထိ၌ဖြစ်သော ကာမဇောတို့ကိုသာ ယူအပ်၏။ ဤစိတ်တို့သည် ဣရိယာပုထ်တို့ကိုလည်း ထောက်ပင့်ကုန်၏။ ဣရိယာပုထ်ဆိုသည်ကား သွားခြင်း, ရပ်ခြင်းစသည်တို့၏ အစွမ်းအားဖြစ်သော ရုပ်တရားတို့ပေတည်း။

(၃၇၉) ဆဲ့သုံးသောမနသ်၊ ပြုံးရယ်တတ်၊ငိုတတ် ဒေါဇောနှစ်။

**ပြုံးရယ်မှုကိုလည်း ဖြစ်စေနိုင်သည့်စိတ်များ။** ။ဤဖြင့် လောဘမူ သောမနဿ လေး၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ် သောမနဿ လေး၊ မဟာကြိယာ သောမနဿ လေး။ ဤ ၁၃-ပါးသောစိတ်တို့သည် စိတ္တဇရုပ်သက်သက်ကို ဖြစ်စေရုံမတ္တလည်း မဟုတ်, ဣရိယာပုထ်ကို တည်ခိုင်စေရုံမတ္တလည်း မဟုတ်, ဝိညတ်ကို ဖြစ်စေရုံမတ္တလည်း မဟုတ်, ပြုံးမှုရယ်မှုကိုလည်း ဖြစ်စေနိုင်ကုန်သေး၏။

**ငိုညည်းမှုကိုလည်း ဖြစ်စေနိုင်သည့် စိတ်များ။** ။ထိုအတူ ဒေါသမူဒွေးသည် ငိုမှု ညည်းတွားမှု ကိုလည်း ဖြစ်စေနိုင်သေး၏ဟူ၍လည်း ပြဆိုတော်မူ၏။ ရယ်မှု,ငိုမှုဆိုသည်လည်း ရုပ်တို့၏ ထူးသောအမူအရာအားဖြင့် ဖြစ်မှုပေတည်း။

**ပြုံးမှု,ငိုမှုတို့ကိုဖြစ်စေသည့်စိတ်များ နှင့် ပုဂ္ဂိုလ်များကို ခွဲပြခြင်း။** ။ ပြုံးရယ်စေတတ်သောစိတ် ၁၃-ခုတို့တွင် ပုထုဇ္ဇန်တို့သည် ရှစ်ပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။ သေက္ခ ပုဂ္ဂိုလ်တို့သည် ခြောက်ပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။ ရဟန္တာတို့သည် ငါးပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။ ဒေါသမူဒွေးသည် ငိုခြင်းကိုဖြစ်စေတတ်သဖြင့် ဒေါသမှ ကင်းကြကုန်သော အနာဂါမ်နှင့်ရဟန္တာတို့သည် အလျှင်းပင် ငိုခြင်းမှ ကင်းကြကုန်ဟု သိသာ၏။

**စိတ္တဇရုပ်သက်သက်ကိုသာ ဖြစ်စေသည့် ရုပ်-၁၉။** ။ဤ၌ ဆိုဖွယ်အထူးကား မနောဓာတ် သုံးပါး၊ တဒါရုံ ကောဒသ၊ ရူပဝိပါက် ငါးပါး။ ဤ ၁၉-ပါးသောစိတ်တို့သည် စိတ္တဇရုပ်သက်သက်မျှကိုသာ ဖြစ်စေနိုင်ကုန်၏။ ဝိညတ်စသည်ကို မဖြစ်စေနိုင်ကုန်။ ဣရိယာပုထ်ကို မတည်ခိုင်စေနိုင်ကုန်။

**စိတ္တဇရုပ်မှတပါး အခြားကိုလည်း ဖြစ်စေနိုင်သည့် စိတ်များ။** ။ အပ္ပနာဇော ၂၆-တို့သည် စိတ္တဇရုပ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။ ဣရိယာပုထ်ကိုလည်း တည်ခိုင်စေနိုင်ကုန်၏။

မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-၂၉၊ အဘိညာဏ်ဒွေး။ ဤ ၃၂-ပါးသော စိတ်တို့သည် စိတ္တဇရုပ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။ ဣရိယာပုထ်ကိုလည်း တည်ခိုင်စေကုန်၏။ ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။

သောမနဿဇော ၁၃-ခုတို့သည် စိတ္တဇရုပ်ကိုလည်း ဖြစ်စေကုန်၏။ ဣရိယာပုထ်ကိုလည်း တည်ခိုင်စေကုန်၏။ ဝိညတ်ကိုလည်း ဖြစ်စေကုန်၏။

ထိုအတူ ဒေါသမူဒွေးတို့သည် ငိုခြင်းကိုလည်း ဖြစ်စေနိုင်ကုန်၏။

စိတ္တဇရုပ်ကို ဖြစ်စေမှုကိစ္စသည် သေးစွာသောကိစ္စဖြစ်၏။ အထက်အထက် ကိစ္စတို့သည် အဆင့်ဆင့် ကြီးကျယ်သောကိစ္စတို့ ဖြစ်ကုန်၏။ အကြင်ဂိုဏ်သည် အထက်အထက်ဖြစ်သော ကိစ္စတို့ကို ရွက်ဆောင်ပေ၏။ ထိုစိတ်သည် အောက်အောက်ဖြစ်သော ကိစ္စငယ်တို့ကိုလည်း ရွက်ဆောင်သည်သာဖြစ်၏။

မနောဓာတ် ၃-ခုစသော ဓာတ်တို့သည် ဝိပါက်တို့သာ ဖြစ်ကြကုန်၍ အရှိန်အဟုန်အားနည်းသောကြောင့် စိတ္တဇရုပ်မျှကိုသာ ဖြစ်စေနိုင်ကုန်သည်။ အထက်အထက် ကိစ္စကြီးတို့ကို မရွက်ဆောင်နိုင်ကြကုန်။ အပ္ပနာဇောတို့သည် အာသေဝနပစ္စည်းကိုရ၍ အရှိန်အဟုန် ရှိပါသော်လည်း ကာမဇောတို့ကဲ့သို့ ရုန့်ရင်းသောစိတ်တို့ မဟုတ်ကြကုန်သဖြင့် ဝိညတ်ကို မဖြစ်စေနိုင်ကြကုန်။ ဤသို့ သိလေ။ ။စိတ်ပြီး၏။

**ဥတုဉ္စ**—ရုပ်ကို ဖြစ်စေတတ်သော ဥတုဆိုသည်ကား စတုသမုဋ္ဌာနိကရုပ်ကလာပ်တို့၌ ပါရှိသော တေဇောဓာတ်ပေတည်း။ "ဥဒတိ ပသဝတီတိ ဥတု"။ ဥဒတိ ပသဝတိ၊ ပွါးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥတု၊ ဥတုမည်၏။

**သီတ,ဥဏှ။** ။ဤလောက၌ ချမ်းမှု, ပူမှု နှစ်ပါးကိုစွဲ၍ သီတဥတု, ဥဏှဥတု ဟူ၍ ခေါ်ဆိုကြ၏။ အဇ္ဈတ္တ, ဗဟိဒ္ဓ, သဝိညာဏက, အဝိညာဏကသန္တာန်၌ရှိသော အချမ်း,အပူဟု ဆိုအပ်သော တေဇောဓာတ်သည်ပင် ဥတုမည်၏ ဟူလို။ ထိုကြောင့်—

(၃၉၀) အချမ်းအပူ၊ နှစ်ဆူအင်္ဂါ၊ တေဇော ဒွိ၊ ၎တ်အိ ဥတုဗေ။

ဟူ၍ ဆိုပေသည်။

**ဥတုဇရုပ်တို့သည် ဋ္ဌီအခိုက်၌သာ ဖြစ်ကြောင်း။** ။ထိုဥတုကို ဓာတ်မီးဟူ၍လည်း ဆိုအပ်၏။ ရုပ်တို့မည်သည် ဋ္ဌီအခိုက်၌သာ အားရှိသောကြောင့် မိမိ၏ဋ္ဌီအခိုက်၌ ဥတုဇရုပ်တို့ကို ဖြစ်စေ၏။ အဇ္ဈတ္တသန္တာန်၌ရှိသော ဥတုသည် အဇ္ဈတ္တ, ဗဟိဒ္ဓဥတုဇရုပ်ကို ဖြစ်စေ၏။ ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုသည် ဗဟိဒ္ဓ,အဇ္ဈတ္တဥတုဇရုပ်ကို ဖြစ်စေ၏။ အဇ္ဈတ္တသန္တာန်၌ ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ဥတုသည် ပဋိသန္ဓေ

စိတ်၏ ဌီအခိုက်၌ မိမိလည်း ဌီသို့ရောက်လေ၏။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဌီအခိုက်နှင့် ညီမျှသော မိမိ၏ဌီခဏ၌ အစပြု၍ ဥတုဇရုပ်တို့ကို ဖြစ်စေသည်။ ခဏတိုင်း ခဏတိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေသည်။ ထို့ကြောင့်—

(၃၉၁) **သန္ဓိ-ဌီမှ၊ စ၍စဉ်စီ၊ မိမိဌီတိုင်း၊ ခဏတိုင်းလျှင်၊ အစဉ်မပြတ်၊ အဇ္ဈတ် ဗဟိဒ်၊ မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။**

ဟူ၍ ဆိုတော်မူသည်။

**ဥတု၏သတ္တိ။** ။အဇ္ဈတ္တသန္တာန်မှာ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဥတုဇရုပ်ကို ဖြစ်စေသည်။ ဗဟိဒ္ဓသန္တာန်မှာမူကား မှတ်သားရန် ပမာဏ မရှိ။ တခုသော ဥတုသည် ဌီပေါင်း ၄၉-ချက်ရှိလေသဖြင့် ၄၉-ဆင့်သော ဥတုဇ ရုပ်တို့ကို ဖြစ်စေနိုင်ရာ၏။ ဤတေဇောတည်းဟူသော ဥတုသည် လွန်စွာသတ္တိဗလ နှင့် ပြည့်စုံသောဓာတ် ဖြစ်၏။ ဤကမ္ဘာလောကကြီးကိုလည်း ဖျက်ဆီးနိုင်၏။ ဤ ကမ္ဘာလောကကြီးကိုလည်း ဖြစ်အောင်ဖန်ဆင်းနိုင်၏။ အဇ္ဈတ္တတေဇော ထက် ဗဟိဒ္ဓတေဇောသည် နယ်ကျယ်၏။ ဤတေဇောဓာတ်အတွင်း၌ သတ္တဝါ တို့သည် နစ်မြုပ်၍နေကြရကုန်၏။ ဤတေဇောဓာတ်အတွက် အသက်ရှင်ကြရ ကုန်၏။ တေဇောဓာတ်အတွက် သေကျေပျက်စီးကြရကုန်၏။ တေဇောဓာတ် ၏ ဥတုဇရုပ်ကလာပ်တို့ကို ပွါးစေမှုကို ခွဲ၍သိလေ။ ။ဥတုပြီး၏။

**အာဟာရ၌**—အဇ္ဈတ္တသန္တာန်၌ရှိသော ဓာတုသမုဋ္ဌာနိက ဩဇာ၊ စားအပ်၊ သောက်အပ်၊ လျက်အပ်သော ဘောဇဉ်စသည်တို့၌ ပါရှိသော ဥတုသမုဋ္ဌာနိက ဗဟိဒ္ဓဩဇာ၊ ဤဩဇာနှစ်ပါးသည် အာဟာရ မည်၏။ ထိုဩဇာနှစ်ပါးတို့သည် အချင်းချင်း ပေါင်းစပ်ဆုံစည်း ဖက်တွဲမိကြသဖြင့် ဌီသို့ရောက်သောအခါ၌ အာဟာရဇရုပ်တို့ကို ဖြစ်စေ၏။ အဇ္ဈတ္တသန္တာန်၌ ခဏတိုင်း ခဏတိုင်း အာဟာ ရဇရုပ်ကို ဖြစ်စေသည်။ ထို့ကြောင့်—

(၃၉၂) **ဗဟိဒ်-အဇ္ဈတ်၊ နှစ်ရပ်ဩဇာ၊ ရောမိခါဋ္ဌ၊ ဌီသို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။**

ဟူ၍ ဆိုပေသည်။

**ဗဟိဒ္ဓဩဇာတို့က အဇ္ဈတ္တအာဟာရဇရုပ်တို့ကို ဖြစ်စေပုံ။** ။အဇ္ဈတ္တဩဇာနှင့် ဗဟိဒ္ဓဩဇာ ရော မိသောအခါဆိုသည်ကား စားအပ်၊ သောက်အပ်သောဝတ္ထုတို့ကို မျိုအပ်သော အခါပေတည်း။ အဇ္ဈောဟရဏကာလ ဟူလို။ ဗဟိဒ္ဓ၌ရှိသော ဘောဇဉ် ခဲဖွယ်၌ရှိသော ဩဇာသည် အဇ္ဈတ္တသန္တာန်၌ အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏ ဟူ၍ အလုံးစုံသော အဋ္ဌကထာတို့၌ ဆိုကုန်၏။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ အဋ္ဌကထာ သမ္မာဒိဋ္ဌိသုတ် ၂၁၃-၌—

ကဗဠီကာရော အာဟာရော တာဝ မုခေ ဌပိတမတ္တောဝ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ ဒန္တဝိစုဏ္ဏိတံ ပန အဇ္ဈောဟရိယမာနံ ကောကံ သိတ္ထံ အဋ္ဌ အဋ္ဌ- ရူပါနိ သမုဋ္ဌာပေတိ[၁]။

အနက်ကား—တာဝ၊ ရှေးဦးစွာ။ ကဗဠီကာရော အာဟာရော၊ ကဗဠီကာရ အာဟာရသည်။ မုခေ၊ ခံတွင်း၌။ ဌပိတမတ္တောဝ၊ ထည့်သွင်းကာမျှ၌ပင်လျှင်။ အဋ္ဌရူပါနိ၊ အဋ္ဌကလာပ်တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဒန္တဝိစုဏ္ဏိတံ ပန၊ သွားဖြင့်ဝါး၍ မုန့်မုန့်ညက်ညက် ချေအပ်ပြီးသည်ရှိသော်ကား။ ကောကံ သိတ္ထံ၊ တခုတခုသော အစာလုံးသည်။ အဋ္ဌအဋ္ဌ ရူပါနိ၊ ရှစ်ပါး ရှစ်ပါးသောရုပ်တို့ကို သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

ဗဟိဒ္ဓဖြစ်သော ကဗဠီကာရသည် ခံတွင်းသို့သွင်းကာမျှ၌ပင် အဋ္ဌကလာပ်ကို ဖြစ်စေ၏။ သွားဖြင့် ဝါးအပ်ပြီးသောအခါ တခုတခုသော အစာလုံးသည် ရှစ်ပါး ရှစ်ပါးသောရုပ်ကို ဖြစ်စေသည် ဟူလို။ ဤအဋ္ဌကထာပါဌ်ဖြင့် ဗဟိဒ္ဓဩဇာတို့၏ အဇ္ဈတ္တသန္တာန်၌ အာဟာရဇရုပ်ကို ဖြစ်စေနိုင်ကြောင်းသည် လွန်စွာထင်ရှား၏။

**အဇ္ဈတ္တဩဇာကသာ အာဟာရဇရုပ်ကို ထိုအဋ္ဌကထာပါဌ်ကို ဖွင့်ပြသော တိုက်ရိုက်ဖြစ်စေသည်ဟူသော ဝါဒ။** ။ မဏိမဉ္ဇူသာဋီကာဆရာ အရှင်ဓမ္မပါလသည်မူကား ဗဟိဒ္ဓဩဇာသည် အာဟာရဇရုပ်ကို မဖြစ်စေနိုင်။ အဇ္ဈတ္တဩဇာသည်သာလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။ ဗဟိဒ္ဓဩဇာသည် အထောက်အပံ့မျှသာဖြစ်၏ ဟူ၍ အလိုရှိတော်မူ၏။ ဗဟိဒ္ဓဩဇာသည် အကယ်၍ ရုပ်ကိုဖြစ်စေငြားအံ့။ ဤသို့ ဖြစ်စေခဲ့ပါလျှင် ဗဟိဒ္ဓဥတုသည် အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန် နှစ်ပါးတို့၌ ဥတုဇရုပ်ကို ဖြစ်စေသကဲ့သို့ ထိုအတူ ထိုဗဟိဒ္ဓဩဇာသည်လည်း အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန် နှစ်ပါးတို့၌ အာဟာရဇရုပ်ကို ဖြစ်စေရာ၏။ ဤသို့ကား မဖြစ်စေ။ အဇ္ဈတ္တသန္တာန်၌သာလျှင် အာဟာရဇရုပ်ကို ရအပ်၏။ ထိုကြောင့် ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တသို့ရောက်သော်လည်း ရုပ်ကို မဖြစ်စေနိုင်သည်သာလျှင် မှန်၏။ စင်စစ်အားဖြင့် အဇ္ဈတ္တဩဇာသည်သာလျှင် အာဟာရဇရုပ်ကို ဖြစ်စေ၏။ ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တဩဇာ၏ အထောက်အပံ့မျှသာ ဖြစ်သည်။ ဤကား အရှင်ဓမ္မပါလ၏ အလိုတော်တည်း။

**အသင့်ယုတ္တိ။** ။စင်စစ်မှတ်ဖွယ်မှာ ဤကိုယ်သန္တာန်၌ရှိသော ဩဇာသည် ၎င်း, ဥတုသည် ၎င်း, လွန်စွာ မွန်မြတ်သိမ်မွေ့ကြကုန်၏။ ထိုကြောင့် ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တသို့ ရောက်လေသည်ရှိသော် အဇ္ဈတ္တဥတုတည်းဟူသော ဓာတ်မီး၏ ချက်ပြုတ်ပေါင်းနွှေးမှုကို ခံရလေ၏။ အဇ္ဈတ္တဩဇာ

---

၁။ ဆဋ္ဌမူ၌ "သမုဋ္ဌာပေတိ ယေဝ" ဟု ရှိသည်။

ကလည်း ကောင်းစွာ ထောက်ပံ့အပ်လေ၏။ ထိုသို့ အဇ္ဈတ္တဥတု ပေါင်းနွေး အပ်သည်ဖြစ်၍ အဇ္ဈတ္တသြဇာ ထောက်ပံ့အပ်သည်ရှိသော် ဤကိုယ်ခန္ဓာ၌ အဆီ အစေး အသွေးအသားတို့ကို ပွါးစေသည်၏အစွမ်းအားဖြင့် ရုပ်တို့ကို ဖြစ်စေ ၏။ ဤကား၊ သင့်သော သဘောယုတ္တိပေတည်း။

မာတရာ ပရိဘုတ္တာဟာရောပိ ဒါရကဿ သရီရံ ဖရိတွာ ရူပံ သမုဋ္ဌာပေတိ။ သရီရေ မက္ခိတာဟာရောပိ ရူပံ သမုဋ္ဌာပေတိ။ (ဝိသုဒ္ဓိမဂ်။)

အနက်ကား—မာတရာ၊ အမိသည်။ ပရိဘုတ္တာဟာရောပိ၊ စားအပ်မျိုအပ် သော အာဟာရသည်လည်း။ ဒါရကဿ၊ ဝမ်းတွင်း၌တည်သော သူငယ်၏။ သရီရံ၊ ကိုယ်ကို။ ဖရိတွာ၊ ပြန့်နှံ့၍။ ရူပံ၊ အာဟာရဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ သရီရေ၊ ကိုယ်၌။ မက္ခိတာဟာရောပိ၊ လိမ်းကျံအပ်သော အာဟာရ သည်လည်း။ ရူပံ၊ အာဟာရဇရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

ဤကိုထောက်၍ အာဟာရတို့သည် မျိုအပ်သောက်အပ်မှသာလျှင် အာ- ဟာရဇရုပ်ကို ဖြစ်စေကုန်သည် မဟုတ်။ ပြင်ပ၌ လိမ်းကျံအပ်သော အာဟာရ တို့သည်လည်း ရုပ်ကို ဖြစ်စေနိုင်ကုန်၏ဟူ၍ သိအပ်၏။ "မုခေ ဌပိတမတ္တော ဧဝ အဋ္ဌရူပါနိ သမုဋ္ဌာပေတိ"ဟူသော ယခင် မဇ္ဈိမနိကာယ်အဋ္ဌကထာစကားကို ထောက်၍လည်း လျှာပေါ်၌ ရောက်ကာမျှပင်သော်လည်း ရုပ်တို့ကို ဖြစ်စေနိုင် ကုန်၏ဟူ၍ သိအပ်၏။ ။အာဟာရပြီး၏။

**သမုဋ္ဌာန်လေးပါးအနက် ဥတုသမုဋ္ဌာန်အားအကြီးဆုံး။** ။ဤသို့ပြဆိုအပ်ပြီး သော သမုဋ္ဌာန် လေးပါးတို့တွင် ဥတုသမုဋ္ဌာန်သည်သာလျှင် လွန်စွာ အားကြီး၏။ လွန်စွာ ပြန့်ကျယ်၏။ ထိုဥတုသည် အလုံးစုံသော သြကာသလောကနှင့် ဗဟိဒ္ဓသင်္ခါရ လောကကြီးကို ပြုပြင်နိုင်၏။ ဖျက်လည်း ဖျက်ဆီးနိုင်၏။ သတ္တလောက၏ အဇ္ဈတ္တအထည်ကိုယ်ကြီးလည်း ဖြစ်ပေ၏။ ထိုဥတုမှတပါးသော သမုဋ္ဌာန် သုံးပါးတို့သည်ကား ဥတု၏ အခြံအရံမျှတို့သာ ဖြစ်ကုန်၏။ ဤမှနောက်၌ ဤ မည်သောရုပ်သည် ဤအကြောင်းကြောင့် ဖြစ်သည်ဟူ၍ ပြဆိုလတ္တံ့။

(၃၉၃) ပသာ,ဘာဝ၊ ဇီ နှင့်-ဟ၊ နဝ ကမ္မဇာ။

ဤဖြင့် ကမ္မဇရုပ်ကေန် ၉-ခုကို ပြဆို၏။

**ကမ္မဇရုပ်ကေန်-၉။** ။ပသာဒရုပ် ၅-ခု၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတရုပ်၊ ဟဒယရုပ်။ ဤရုပ် ၉-ပါးတို့သည် ကံသက်သက်ကြောင့်သာ ဖြစ်ကုန် ၏။ ကမ္မဇ မည်ကုန်၏။ "ကမ္မတော ဇာယန္တီတိ ကမ္မဇာ"။ ကမ္မတော၊ ကံကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကမ္မဇာ၊ ကမ္မဇ

မည်ကုန်၏။ ထိုရုပ် ၉-ခုတို့သည် ကံသက်သက်ကြောင့် ဖြစ်ကုန်လျှင် "ဝိပ္ပ-သန္နာနိ ခေါ တေ အာဝုသော သာရိပုတ္တ ဣန္ဒြိယာနိ။ ကတရေန တ္ဝံ ဧတရဟိ ဝိဟာရေန ဝိဟရသိ"။ (အနက်ကား။) အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိ-ပုတ္တရာ။ တေ၊ သင်၏။ ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့သည်။ ဝိပ္ပသန္နာနိ ခေါ၊ ကြည်လင်တောက်လင်းလေကုန်စွတကား။ တွံ၊ အရှင်သည်။ ဧတရဟိ၊ ယခု။ ကတရေန ဝိဟာရေန၊ အဘယ်သမာပတ်ဖြင့်။ ဝိဟရသိ၊ နေခဲ့ပါသနည်း။ ဤသို့ အဘယ်ကြောင့် ဟောတော်မူပါသနည်း။ ဤပါဠိတော်၌ စက္ခုစသော ဣန္ဒြေတို့၏ကြည်လင်မှုသည် သမာပတ္တိစျာန်စိတ်ကြောင့် ဖြစ်သော ကြည်လင်မှု ဖြစ်၍ ပသာဒတို့သည် စိတ်ကြောင့်လည်း ဖြစ်ကုန်သေးသည် မဟုတ်လော ဟူမူ—စက္ခုစသော ဣန္ဒြေတို့၏ အဆောက်အဦဖြစ်ကုန်သော ဝဏ္ဏဓာတ်တို့သည် သမာ့ပတ်စျာန်စိတ်ကြောင့် အထူးကြည်လင်ကြကုန်၏။ ထိုဝဏ္ဏတို့ကြည်လျှင် ကောဋ္ဌဖြစ်သော စက္ခုစသည်တို့သည် အထူးကြည်လင်ကုန်၏။ သို့ဖြစ်၍ စက္ခုစသော ဣန္ဒြေတို့၏ အဆောက်အဦဖြစ်သော ဝဏ္ဏတို့၏ ကြည်မှုကို ဣန္ဒြေတို့၏ ကြည်မှုဟု တင်စား၍ ဟောတော်မူသော ပါဠိတော်ဖြစ်သည်။ ဣန္ဒြေတို့သည် ကား စိတ်ကြောင့် ဖြစ်ကုန်၏ဟူ၍ ဟောတော်မူရင်းမဟုတ်ဟု ဖြေရာ၏။ မှန်၏။ တခုသောသန္တာန်၌ တစပ်တည်း စပ်ရှက်၍ ဖြစ်ကြကုန်သော စတုဇရုပ်တို့သည် တခုခု ကြည်လင်လျှင် အလုံးစုံ ကြည်လင်ကြကုန်၏။ တခုခု ညှိုးကြုံလျှင် အလုံးစုံ ညှိုးကြုံကြကုန်၏။

**ဥတု,စိတ်,အာဟာရတို့သည် ကမ္မဇရုပ်တို့၏ အထောက်အပံ့။** ။ဥတု, စိတ်, အာဟာရတို့သည်ကား ထိုဆိုပြီး ကမ္မဇရုပ် ၉-ခုတို့၏ အထောက်အပံ့ ဥပတ္ထမ္ဘကပစ္စည်း ဖြစ်ကြကုန်၏။ ကမ္မဇရုပ်တို့သည် ပဒုမာစသော ကြာတို့နှင့် တူကုန်၏။ ကံသည် ကြာမျိုးတို့၏ မျိုးစေ့နှင့်တူ၏။ ဥတုအာဟာရတို့သည် ကြာကိုစောင့်ရှောက်သော ညွန်ရေတို့နှင့် တူကုန်၏။

(၃၉၄) ဝိညတ်ဒွယ၊ စိတ္တဇ၊ သဒ္ဒ-စိတ်, ဥဇာ။

ဤဖြင့် ဝိညတ်ဒွေး၏ စိတ္တဇရုပ်ဖြစ်ကြောင်း၊ သဒ္ဒ၏ စိတ္တောတုဇဖြစ်ကြောင်းကို ပြဆို၏။

**စိတ်သက်သက်ကြောင့်ဖြစ်သောရုပ်-၂။** ။ဝိညတ်ဒွေးသည် စိတ်သက်သက်ကြောင့်ဖြစ်၏။ "စိတ္တဇရုပ်"မည်၏။ "စိတ္တတော ဇာယန္တီတိ စိတ္တဇာ"။ ဤဝိညတ်ဒွေးကို ဓမ္မသင်္ဂဏီပါဠိတော်၌ စိတ္တသဟဘူတရား, စိတ္တာနုပရိဝတ္တိတရားတို့၌ ထည့်သွင်း၍ ဟောတော်မူ၏။

**စိတ်, ဥတုနှစ်ပါးကြောင့်ဖြစ်သော ဒွိဇရုပ်-၁။** ။သဒ္ဒသည် စိတ်ကြောင့်ရင်း, ဥတုကြောင့်ရင်း ဖြစ်၏။ အကြောင်းနှစ်ပါးကြောင့် ဖြစ်သောကြောင့် ဒွိဇမည်၏။ "စိတ္တောတုဇ"မည်၏။ "စိတ္တဥတုတော ဇာယတီတိ စိတ္တောတုဇော"။

**အသံသည် ကံကြောင့် ဖြစ်မဖြစ်။** ။သဒ္ဒသည် စိတ်, ဥတုနှစ်ပါးကြောင့်သာလျှင် ဖြစ်သည်ဟု အဘယ်ကြောင့် ဆိုဘိသနည်း။ သုတ္တနိပါတ်ပါဠိတော် နိမိကဏ္ဍသုတ်၌ "သုဝဏ္ဏတာ၊ အဆင်းလှခြင်း။ သုဿရတာ၊ အသံကောင်းခြင်း။ သုသဏ္ဌာနတာ၊ ပုံပန်းသဏ္ဌာန် ဟန်ပန်ကောင်းခြင်း။ သုရူပတာ၊ ရုပ်ကောင်းခြင်း"။ ဤသို့ကောင်းခြင်းသည် ထူးသောကံကြောင့်ဖြစ်၏ဟူ၍ ဟောတော်မူအပ်သည် မဟုတ်ပါလော။ ထိုပါဠိတော်၌ အသံကောင်းခြင်းသည် ကံကြောင့်ဖြစ်၏ဟူ၍ ဟောတော်မူသဖြင့် အသံတည်းဟူသော သဒ္ဒသည် ကံကြောင့်ဖြစ်သည်လည်း မဟုတ်ပါလော။ ကမ္မဇရုပ်မမည်ကောင်းပါသလောဟူမူ— ထိုသို့ဟောတော်မူအပ်သည်ကား မှန်၏။ ကံအထူးကြောင့် အကြင်သူမှာ အသံကောင်း၏။ အသံ သန့်ရှင်း သာယာ၏။ အသံချိုမြိန်၏။ ထိုသူမှာ အသံကောင်းခြင်း၏ အကြောင်းဖြစ်ကုန်သော ဌာန်, ကရိုဏ်းဖြစ်ထိုက်ကုန်သော ဥပါဒိန္နက ကမ္မဇရုပ်တို့သည် သန့်သန့်ရှင်းရှင်း ချောချောမွေ့မွေ့ ဖြစ်ကြကုန်၏။ ဌာန်အရုပ် ကရိုဏ်းအရုပ်တို့သည် ညီညီညွတ်ညွတ် သားသားနားနား သေသေသတ်သတ် ဖြစ်ကုန်၏။ အသံကိုနှောင့်ရှက်တတ်ကုန်သော လေ, သလိပ် စသည်တို့မှ ကင်းသောသဏ္ဌာန် ရှိကုန်၏။ ထိုကြောင့် ထိုကံထူးရှိသောသူမှာ အသံ ကောင်းလေသည်။ အသံကိုတိုက်ရိုက်ကံကပြုအပ် ဖြစ်စေအပ်သည် မဟုတ်။ အသံကောင်းကြောင်း ဖြစ်သောအရာတို့ကိုသာလျှင် ပြုပြင်အပ်ကုန်၏။ နိမိကဏ္ဍ သုတ္တန်၌ကား အလုံးစုံ သိမ်းကျုံးတော်မူ၍ အသံ ကောင်းခြင်းသည် ကံကြောင့် ဖြစ်သည်ဟု ဟောတော်မူသည်ဟူ၍ မှတ်ရာ၏။

(၃၉၅) လဟုတာဒယော၊ ရုပ်သုံးခု၊ စိတ်,ဥ,ဩဇ,ဇာ။

ဤဖြင့် လဟုတာစသော ရုပ်သုံးခုတို့၏ စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းသုံးပါးတို့ကြောင့် ဖြစ်ကြောင်းကို ပြဆို၏။

**စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်သောတိဇရုပ် ၃။** ။လဟုတာ စသော ရုပ်သုံးခုတို့သည် စိတ်,ဥတု, အာဟာရ သုံးပါးတို့ကြောင့် ဖြစ်သောကြောင့် တိဇချုပ် မည်ကုန်၏။ "စိတ္တောတုဟာရဇ"လည်း မည်ကုန်၏။ "စိတ္တ,ဥတု,အာဟာရတော ဇာယန္တီတိ စိတ္တောတုဟာရဇာ"။

**လဟုတာ စသည်တို့သည် ကံကြောင့်လည်း ဖြစ်,မဖြစ်။** ။လဟုတာ စသော ရုပ် ၃-ပါး တို့ကို
အကြောင်းသုံးပါးတို့ကြောင့်သာ ဖြစ်သည်ဟူ၍ အဘယ်ကြောင့် ဆိုပါသနည်း။ "အပ္ပါဗာဓသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ။ ယဒိဒံ အဝိဟိံသာ" ဟူ၍ သုဘသုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူအပ်သော ပါဠိတော် ရှိသည် မဟုတ်ပါလော။

ထို ပါဠိတော်၌ အနာ ကင်းခြင်းသည် ပါဏာတိပါတဝိရတီကံ, မေတ္တာကံ အဟိံသာ ကံတို့ကြောင့် ဖြစ်သည်ဟူ၍ လာ၏။ အနာကင်းမှု ဆိုသည်လည်း လေးလံခြင်းစသည်ကို ဖြစ်စေတတ်သော ဓာတ်ချောက်ချားမှုမှ ကင်း၍ ညီညွတ် သော သမဓာတ်ကြောင့် ဖြစ်ကြသော လဟုတာစသော ရုပ် ၃-ခုတို့ပေတည်း။ ထိုရုပ် ၃-ခု ရှိပါမှ ကျန်းမာခြင်းဖြစ်၏။ ထိုကြောင့် လဟုတာစသော ရုပ် ၃-ခု တို့သည် ကံကြောင့်လည်း ဖြစ်ကုန်သေးသည် မဟုတ်ပါလော။ ကမ္မဇဟူ၍လည်း ဆိုသင့်သေးသည် မဟုတ်ပါလောဟူမူ ဤသို့ဖြေဆိုရာ၏။ ကမ္မဇ ရုပ်တို့ မည် သည် ရေအပြင်၌ ထည့်အပ်ကုန်သော အကြိမ်တရာ ချက်အပ်သော ဆီတို့ကဲ့သို့ ပကတိသဘောအားဖြင့်ပင်လျှင် ကံအားလျော်စွာ ပေါ့သောတရား,နူးညံ့သော တရား, အမှု၌ ခံ့သောတရားတို့ ဖြစ်ကြပေကုန်၏။ လဟု,မုဒု,ကမ္မညတို့ ဖြစ်ကုန် ၏။ ထိုကြောင့် ထိုကမ္မဇရုပ်တို့မှာ အသီးအခြားပြုလုပ်၍ လဟုတာ စသော အမူအရာထူးများဟူ၍ မရှိကုန်ပြီ။ ထိုသို့ဖြစ်လေသောကြောင့် ကမ္မဇ ရုပ်တို့၏ ကာလပရိစ္ဆေဒကို ဘဝတခုဟုဆိုအပ်သော အဒ္ဓါပစ္စုပ္ပန်ဖြင့် ပိုင်းခြား အပ်၏။ တဘဝမှာမှ ကမ္မဇရုပ်အစဉ် တခုသာ ရှိ၏ ဟူလို။

စိတ်တို့မည်သည်ကား နီဝရဏစသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ သုခ, ဒုက္ခ, ပီတိ,ပဿဒ္ဓိ,သဒ္ဓါ,ပညာ စသည်တို့၏ အားဖြင့်၎င်း၊ အထူးထူးသော ခဏတို့၌ အထူးထူးသော အခိုက်အတန့်တို့နှင့် ယှဉ်ကုန်၏။ဆိုးချည်တခါ သာချည်တလှည့် ဆိုလိုသည်။ ဥတု,အာဟာရတို့သည်လည်း ထို့အတူ သပ္ပါယ,အသပ္ပါယ စသော အပြားအားဖြင့် အထူးထူးသော ခဏတို့၌ အထူးထူးသော အခိုက်အတန့်တို့နှင့် ယှဉ်ကြကုန်၏။ ကောင်းချည်တမျိုး ဆိုးချည်တခါ ဆိုလိုသည်။ ထိုကြောင့် ထိုစိတ်,ဥတု,အာဟာရ တို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့သာလျှင် အထူးထူး သော ခဏတို့၌ လေးမှု,ပေါ့ပါးမှု, နူးညံ့မှု,ကြမ်းတမ်းမှု စသောအားဖြင့် များ သောအမူအရာတို့နှင့် ယှဉ်ကြကုန်၏။ ထိုသို့ဖြစ်လေသောကြောင့် ထိုစိတ္တဇရုပ် စသည်တို့၏ ကာလကို သန္တတိ ပစ္စုပ္ပန်၏ အစွမ်းအားဖြင့်၎င်း, ခဏ ပစ္စုပ္ပန်၏ အစွမ်းအားဖြင့်၎င်း ပိုင်းခြားအပ်၏။ ထိုကြောင့် လဟုတာ စသော ရုပ်၃-ခု တို့သည် မကြာမကြာ ဖောက်ပြန်တတ်သော စိတ္တဇရုပ်စသည်တို့၌သာ ရှိသင့် ကုန်၏။ ကမ္မဇရုပ်တို့၌ မရှိသင့်ကုန်။ ထိုကြောင့် ကမ္မဇ မဟုတ်ကြလေကုန်။

အဝိဟိံသာကံကြောင့်ဖြစ်သော သတ္တဝါတို့သည် အမျိုးမျိုးသော ရောဂါဥပဒ်ကို ဖြစ်စေတတ်ကုန်သော ဥပပီဠက, ဥပဃာတကကံတို့၏ လှုပ်ချောက်ချားခြင်းငှါ မတတ်နိုင်ဖွယ်ရာသော တခဲနက် ပြည့်တင်း သန်မာသော ကိုယ်အင်္ဂါသဏ္ဌာန် ရှိကြကုန်၏။ ထိုကြောင့်ပင်လျှင် ရောဂါဥပဒ်တို့မှ ကင်းရှင်းကြကုန်၏။ ဤအဓိပ္ပါယ်ကို ရည်၍သာလျှင် သုဘသုတ္တန်၌ "အပ္ပါဗာဓသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ။ ယဒိဒံ အဝိဟိံသာ" ဟူ၍ ဟောတော်မူသည်။

အနာကင်းကြောင်း ကျန်းမာကြောင်း ဖြစ်သော လဟုတာစသော ရုပ် ၃-ခုတို့၏ ကံကြောင့်ဖြစ်ကုန်၍ ကမ္မဇရုပ်တို့မည်ကုန်သည်ဟူ၍ ဟောတော်မူလိုရင်း မဟုတ်။ ထိုသို့ ကမ္မဇရုပ်မဟုတ်ကြကုန်သောကြောင့် ဓမ္မသင်္ဂဏီ၌ ထိုရုပ် ၃-ခုတို့ကို ကမ္မဇရုပ်တို့၌ ထည့်သွင်း၍ ဟောတော်မမူအပ်ကုန်သတည်း ဟူ၍ ဖြေဆိုရာ၏။

(၃၉၆) **အဝိနိဗ္ဘော၊ အာကာသံ၊ ကံ,စိတ်,ဥ,ဩဇာ။**

**အကြောင်းလေးပါးကြောင့်ဖြစ်သောစတုဇရုပ်-၉။** ။ဤဖြင့် အဝိနိဗ္ဘောဂ ရုပ်ရှစ်ခု၊အာကာသဓာတ်။ ဤရုပ် ၉-ပါးတို့သည် ကံ,စိတ်,ဥတု,ဩဇာဟု ဆိုအပ်သော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏ဟူ၍ ပြ၏။

ထိုရုပ် ၉-ပါးတို့သည် အကြောင်းလေးပါးတို့ကြောင့် ဖြစ်သောကြောင့် စတုဇရုပ်မည်ကုန်၏။ "စတူဟိ ကာရဏေဟိ ဇာယန္တီတိ စတုဇာ"။ အဝိနိဗ္ဘောဂရုပ်တို့၏ စတုဇဖြစ်ကြောင်းကား ထင်ရှား၏။ အာကာသဓာတ်၏ စတုဇရုပ်ဖြစ်ကြောင်းကား ပရမာဏုမြူတလုံး၌ပင် အရာမက များလှစွာသော ကလာပ်တို့ ပေါင်းစပ်၍ ဖြစ်ကြကုန်၏။ ထိုကြောင့် စတုဇရုပ်ကလာပ်တို့သည် အပေါင်းအစုအားဖြင့် ဖြစ်ကြကုန်သည်ရှိသော် ကလာပ်တို့၏ အကြားအကြားဖြစ်သော ကလာပန္တရ အာကာသဓာတ်သည်လည်း ရှိရ၏။ ထိုကြောင့် အာကာသဓာတ်ကို စတုဇရုပ်ဟု ဆိုရလေသည်။ စတုဇရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်သောကြောင့် **မိမိလည်း** စတုဇရုပ်မည်၏ ဟူလို။

**အနိပ္ဖန္နရုပ် ၆-ပါးတို့၏ ထူးခြားပုံ။** ။စင်စစ်အားဖြင့် အနိပ္ဖန္နရုပ်တို့သည် တစုံတခုသောအကြောင်းဖြင့် ပြီးစေအပ်သော **ရုပ်တို့** မဟုတ်ကြကုန်။ သို့သော်လည်း လက္ခဏာရုပ်မှတပါးသော အနိပ္ဖန္နရုပ် **၆-ခုတို့**သည်ကား စိတ်အစရှိသော အကြောင်းထူးကြောင့် ထင်ရှားသော အမူ**အရာအထူးတို့** ဖြစ်ကုန်သောကြောင့် စိတ္တဇရုပ်စသည်ဖြင့် ဆိုခြင်းငှါ ထိုက်လေ**ကုန်သည်**။

**အကြောင်းလေးပါးတို့ကြောင့် မဖြစ်သောလက္ခဏာရုပ်-၄။**

လက္ခဏာရုပ်လေးခုတို့သည်မူကား ထိုသို့ စိတ် အစရှိသော အကြောင်းတို့ကြောင့် ထင်ရှားသော အမူအရာအထူးတို့ မဟုတ်ကြကုန်။ ထိုကြောင့် ထိုလက္ခဏာရုပ်လေးခုတို့သည် အကြောင်းလေးပါး တို့ကြောင့် ဖြစ်သည် မဟုတ်ကုန်။ စတုဝိမုတ်တို့သာဟူ၍ ဆိုရကုန်၏။ ထိုကြောင့်—

(၃၉၇) **လက္ခဏာ စ၊ ရုပ်လေး ခု၊ စတု ဝိမုတ်သာ။**

ဟူ၍ ဆိုပေသည်။

"စတူဟိ ကာရဏေဟိ ဝိမုတ္တာနီတိ စတုဝိမုတ္တာနိ"။ စတူဟိ ကာရဏေဟိ၊ အကြောင်းလေးပါးတို့မှ။ ဝိမုတ္တာနိ၊ လွတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။ စတုဝိမုတ္တာနိ၊ စတုဝိမုတ်မည်ကုန်၏။

**ဥပစယနှင့်သန္တတိတို့သည် အကြောင်းလေးပါးတို့ကြောင့် ဖြစ်, မဖြစ်။**

ဤအရာ၌ ဆိုဖွယ်ရှိသည်ကား ဇရတာနှင့် အနိစ္စတာတို့ကို အဘိဓမ္မာပါဠိတော်ကြီး၌ပင် တစုံတခုသော အကြောင်းကြောင့် မဖြစ်ကုန်ဟူ၍ "နကုတောစိ သမုဋ္ဌာန" တရားတို့၌ ထည့်သွင်း၍ ဟောတော်မူအပ်ကုန်၏။ ဥပစယနှင့် သန္တတိတို့ကိုကား အကြောင်းလေးပါး တို့ကြောင့် ဖြစ်ထိုက်သော အနေအားဖြင့် "ကုတောစိသမုဋ္ဌာန"တရားတို့၌ ထည့်သွင်း၍ ဟောတော်မူအပ်ကုန်၏။ အဋ္ဌကထာ၌လည်း ထိုဥပစယနှင့်သန္တတိတို့ကို အကြောင်းလေးပါးတို့ကြောင့် ဖြစ်သော စတုဇရုပ်တို့ဟူ၍ ဆိုအပ်ကုန်၏။ ထိုကြောင့် ဥပစယနှင့် သန္တတိတို့ကို အကြောင်းလေးပါးမှလွတ်သော စတုဝိမုတ်ဟူ၍ မဆိုထိုက်ကုန်။ စတုဇဟူ၍သာ ဆိုထိုက်ပါသည် မဟုတ်လော ဟူမူ—ဤသို့ဖြေရာ၏။

ရုပ်ကိုဖြစ်စေတတ်ကုန်သော အကြောင်းသမုဋ္ဌာန်တရားတို့၏ ဖြစ်စေခြင်း ဗျာပါရမည်သည် မိမိတို့ ဖြစ်စေအပ်သော ရုပ်တို့၏ ဥပါဒ်ခဏ၌သာလျှင် ပျံ့နှံ့လျက် ရှိ၏။ ဥပါဒ်မှ နောက်ကာလ၌ မပျံ့နှံ့။ ထိုကြောင့် ထိုဥပါဒ်ခဏ၌ ရအပ်သော ဥပစယ သန္တတိတို့သည် အကြောင်းလေးပါးတို့ကြောင့် ဖြစ်သည်ဟူသော ပရိယာယ်ကို ရထိုက်ကုန်၏။ ဌီအခိုက်, ဘင်အခိုက်တို့၌သာ ရအပ်ကုန်သော ဇရတာနှင့် အနိစ္စတာတို့သည်မူကား အကြောင်းကြောင့် ဖြစ်သည်ဟူသော ပရိယာယ်မျှကိုပင် မရထိုက်ချေ။ ထိုကြောင့် အဘိဓမ္မာပါဠိတော်ကြီး အဋ္ဌကထာကြီးတို့၌ ဥပစယနှင့်သန္တတိတို့ကို စတုဇရုပ်တို့ဟူ၍၎င်း,ဇရတာနှင့်အနိစ္စတာတို့ကို စတုဝိမုတ္တရုပ်တို့ဟူ၍၎င်း ဆိုပေကုန်သည်။

ဆိုဖွယ်တနည်းကား—ဖြစ်ပေါ်ခြင်းသို့ မရောက်သေးကုန်သောတရားတို့မှာ အကြောင်းရှိလျှင် ဖြစ်မည်။ အကြောင်းမရှိလျှင် မဖြစ်ဟူသောသဘောသည်

ရှိ၏။ ဖြစ်လျက်ရှိသော တရားတို့သည်ကား အကြောင်းရှိမှ အိုမည်။ အကြောင်းရှိမှ သေမည် ပျက်မည်။ အကြောင်းမရှိလျှင် မအိုပြီ မသေမပျက်ပြီဟူသော သဘောသည် အလျင်းပင် မရှိချေ။ ထိုကြောင့် ဥပစယနှင့်သန္တတိတို့၏ ဖြစ်မှုသည် အကြောင်းနှင့် စပ်လျက်ရှိ၏။ ဇရတာ အနိစ္စတာတို့၏ ဖြစ်မှုသည် စင်စစ် အကြောင်းနှင့် မစပ်၊ အကြောင်းကို မငဲ့ချေ။ ဤသို့သော ပရိယာယ်အားဖြင့် ဥပစယနှင့် သန္တတိတို့ကို စတုဇတရားတို့၌ ထည့်သွင်းအပ်ကုန်သည်။ ဇရတာနှင့် အနိစ္စတာတို့ကို စတုဝိမုတ်တရားတို့၌ ထည့်သွင်းအပ်ကုန်သည်။ ဤအရာ၌ကား ရှေး၌ပြဆိုခဲ့ပြီးသောအတိုင်း မိမိတို့မှတပါးသော အနိပ္ဖန္နရုပ် ၆-ပါးတို့ကဲ့သို့ စိတ်အစရှိသော အကြောင်းထူးတို့ကြောင့် ထင်ရှားသော အမူအရာထူးတို့ မဟုတ်ကုန်သောကြောင့် စတုဝိမုတ်ဟု ဆိုလေသည်။ သို့ပင်ဖြစ်သော်လည်း ပါဠိတော်နည်း၊ အဋ္ဌကထာနည်းများကို မလွန်ကျူးဘဲ ဥပစယနှင့်သန္တတိတို့ကို စတုဇရုပ်တို့၌ ထည့်သွင်းခြင်းသာလျှင် သင့်လျော် လျောက်ပတ်ပေသည်။

**မှတ်ချက်။** ။ပရမတ္ထသံခိပ်၌ကား အဘိဓမ္မတ္ထသင်္ဂဟကျမ်းလာ စကားအတိုင်း လက္ခဏရုပ်လေးခုတို့ကို စတုဝိမုတ် ဆိုတော်မူသည်။ မိမိ၏ အလိုတော်မူကား ဇရတာနှင့် အနိစ္စတာတို့ကိုသာလျှင် စတုဝိမုတ် ဆိုလို၏။ ဥပစယနှင့်သန္တတိတို့ကိုကား ပါဠိတော်ကြီး၊ အဋ္ဌကထာကြီးတို့ ဆိုသောအတိုင်း စတုဇတို့၌သာ သွင်း၍ ယူတော်မူလို၏။

**ကမ္မဇကောန်-၉၊အနေကန်-၉။** ။ကမ္မဇရုပ်စသည်တို့ကို ပေါင်း၍ ရေတွက်လျှင် ပသာဒရုပ် ၅-ခု၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတ၊ ဟဒယ၊ (ဤကား ကမ္မဇကောန် ၉-ပါးတည်း)။ အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ အာကာသဓာတ်၊ (ဤကား ကမ္မဇရုပ် အနေကန် ၉-ပါးတည်း)။ ကောန်, အနေကန်နှစ်ပါးပေါင်းလျှင် ကမ္မဇရုပ် ၁၈-ရှိ၏။ ထိုကြောင့်—

**(၃၉၈) ကောန်,နေကန်၊ကိုးနှစ်တန်၊ကံ့ဇံ ဋ္ဌာရသ။**

ဟူ၍ ဆိုပေသည်။

**ကမ္မဇ ၂၀ ဟုယူပုံ။** ။ပါဠိတော်နည်းအတိုင်း ဥပစယနှင့်သန္တတိကိုထည့်လျှင် ကမ္မဇရုပ် ၂၀-ရှိ၏။

**စိတ္တဇကောန်-၂၊အနေကန်-၁၃။** ။ဝိညတ်ဒွေးသည် စိတ္တဇရုပ် ကောန်တည်း။ စိတ္တဇရုပ် အနေကန်တို့ကား သဒ္ဒ၊ လဟုတာ-ဒိတ္တယသုံးပါး၊ အဝိနိဗ္ဘောဂရှစ်ပါး၊ အာကာသတို့တည်း။ ပေါင်းလျှင် စိတ္တဇရုပ် ၁၅-ရှိ၏။ ထိုကြောင့်—

**(၃၉၉) နှစ်ခုကောန်၊ နေကန်-တေရ၊ဆဲ့ငါးမျှ၊ စိတ္တသမုဋ္ဌာန်။**

ဟူ၍ ဆိုပေသည်။

**စိတ္တဇ ၁၇ ဟုလည်း ယူပုံ။**　။ထိုတွင် ဥပစယနှင့် သန္တတိကိုထည့်လျှင် စိတ္တဇရုပ် ပေါင်း ၁၇-ပါးရှိ၏။

**ဥတုဇအနေကန်-၁၃။**　။ဥတုဇရုပ် ကေန်မရှိ။ သဒ္ဒ၊ လဟုတာဒိတ္တယသုံးပါး၊ အဝိနိဗ္ဘော ၈ ရှစ်ပါး၊အာကာသ။ ဤ ၁၃-ပါးတို့သည် ဥတုဇတို့မည်ကုန်၏။ ထိုကြောင့်—

**(၄၀၀) ယင်၊နေကန်စုံ၊ဆဲ့သုံးခု၊ ဥတုသမုဋ္ဌာန်။**

ဟူ၍ ဆိုပေသည်။

**ဥတုဇ ၁၅ ဟုလည်းယူပုံ။**　။ထိုတွင် ဥပစယနှင့်သန္တတိကိုထည့်လျှင် ဥတုဇရုပ် ပေါင်း ၁၅-ရှိ၏။

**အာဟာရဇအနေကန်-၁၂။**　။အာဟာရဇရုပ်လည်း ကေန်မရှိ။ လဟုတာဒိတ္တယ သုံးပါး၊ အဝိနိဗ္ဘောဂရှစ်ပါး၊ အာကာသဓာတ်။ ဤ ၁၂-ပါးတို့သည် အာဟာရဇရုပ်မည်ကုန်၏။ ထိုကြောင့်—

**(၄၀၁) တိ,စတု,ဓါ၊ဆဲ့နှစ်မျိုး၊ ဩဇ သမုဋ္ဌာန်။**

ဟူ၍ ဆိုပေသည်။

ထိုတွင် ဥပစယနှင့်သန္တတိကိုထည့်လျှင် အာဟာရဇရုပ်ပေါင်း ၁၄-ရှိ၏။

(ဂ) ရူပ သမုဋ္ဌာန် ပြီး၏။

---

## (ဃ) ရူပ ကလာပ

**ရူပကလာပ,နာမကလာပ။**　။အပေါင်းအစုကို "ကလာပ" ဟူ၍ ခေါ်ဆိုအပ်၏။ရုပ်တို့၏ အပေါင်းအစုသည် ရူပကလာပ မည်၏။ နာမ်တို့၏ အပေါင်းအစုသည် နာမကလာပ မည်၏။

**ကလာပမည်ပုံ။**　။" ကလာပီယန္တိ သမူဟဝသေန သင်္ချာပီယန္တိ ဧတ္ထာတိ ကလာပေါ"။ဧတ္ထ၊ ဤတရားအစု၌။ သမူဟဝသေန၊ ပေါင်းသည်၏ အစွမ်းအားဖြင့်။ ကလာပီယန္တိ သင်္ချာပီယန္တိ၊ ရေတွက်စေအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကလာပေါ၊ ကလာပမည်၏။ ဝါ၊ ကလာပ်မည်၏။

**ကလာပလက္ခဏာ ၄-ပါး။**　။ကလာပ်၏ လက္ခဏာတို့သည် (၁) ဧကုပ္ပါဒ (၂)ဧကနိရောဓ (၃) ဧကနိဿယ (၄) သဟဝုတ္တိ ဟူ၍ လေးပါး ရှိကုန်၏။

**ကေပ္ပါဒ။** ။(၁)"ဧကော ဇာတိသင်္ခါတော ဥပ္ပါဒေါ ဧတေသန္တိ ကေပ္ပါဒါ"။ ဧတေသံ၊ ထိုတရားတို့အား။ ဧကော၊ တခုတည်းသာလျှင်ဖြစ်သော။ ဇာတိသင်္ခါတော၊ ဇာတိဟု ဆိုအပ်သော။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထိုကြောင့်။ကေပ္ပါဒါ၊ ကေပ္ပါဒ မည်ကုန်၏။ တခုတည်းသော ဖြစ်ခြင်းဇာတိရှိသော တရားတို့ ဟူလို။

**ကေနိရောဓ ။** ။(၂)"ဧကော အနိစ္စတာသင်္ခါတော နိရောဓော ဧတေသန္တိ ကေနိရောဓော"။ ဧတေသံ၊ ထိုတရားတို့အား။ ဧကော၊ တခုတည်းသာလျှင် ဖြစ်သော။ အနိစ္စတာသင်္ခါတော၊ အနိစ္စတာဟူ၍ ဆိုအပ်သော။ နိရောဓော၊ချုပ်ဆုံးခြင်းသည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ ထိုကြောင့်။ ကေနိရောဓာ၊ ကေနိရောဓမည်ကုန်၏။ တခုတည်းသောချုပ်ခြင်း အနိစ္စတာရှိသောတရားတို့ ဟူလို။

**မှတ်ချက်။** ။ ဤအရာ၌ ကေသဒ္ဒါသည် တခုဟူသော အရေအတွက် သင်္ချာကိုဟော၏။ ထိုကြောင့် တခုသော ရုပ်ကလာပ်၌ ဇာတိလည်း တခုသာလျှင် ရှိ၏။ အနိစ္စတာလည်း တခုသာလျှင် ရှိ၏ဟူ၍ သိသာ၏။ အချို့တို့ကား ရုပ်ကလာပ်တခု၌ ရုပ်ကိုရေတွက်၍ ရုပ်တခုလျှင် ဇာတိတခု စသည်ဖြင့် ယူကြကုန်၏။ ရုပ်ကလာပ်တခု၌ ဇာတိအများ ရှိ၏။ အနိစ္စတာ အများ ရှိ၏ဟူ၍ ဆိုကြကုန်၏။ ထိုစကားသည် မူလဋီကာနှင့်လည်း မညီ၊ ယုတ္တိလည်း မရှိလေသဖြင့် သင့်သောစကားမဟုတ်။

**ကေနိဿယ။** ။(၃) "ဧကော သမာနော မဟာဘူတသင်္ခါတော နိဿယော ဧတေသန္တိ ကေနိဿယာ"။ဧတေသံ၊ထိုတရားတို့အား။ ဧကော သမာနော၊ တူသော။ မဟာဘူတသင်္ခါတော၊ မဟာဘုတ်ဟူ၍ ဆိုအပ်သော။ နိဿယော၊ မှီရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကေ-နိဿယာ၊ ကေနိဿယမည်ကုန်၏။ (ဤ၌ ကေသဒ္ဒါသည် သမာနအနက်ကိုဟော၏။) မဟာဘုတ်လေးပါး တည်းဟူသော တူသောမှီရာရှိသော တရားတို့ ဟူလို။

**သဟဝုတ္တိ။** ။(၄) "သဟ ဝတ္တန္တီတိ သဟဝုတ္တိနော"။ သဟ၊ အတူတကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သဟဝုတ္တိနော၊သဟဝုတ္တိမည်ကုန်၏။ တပေါင်းတည်းဖြစ်သော တရားတို့ ဟူလို။

ဤသို့လျှင် (၁) တခုတည်းသောဖြစ်ခြင်း (၂) တခုတည်းသောချုပ်ခြင်း (၃) တူသောမှီရာ (၄) တပေါင်းတည်း ဖြစ်ခြင်းဟူ၍ ဆိုအပ်သော လက္ခဏာလေးပါးနှင့် ညီညွတ်သောတရားတို့သည် ကလာပ်မည်ကုန်၏။

## ကမ္မဇကလာပ် ကိုးစည်းကို ပြဆိုပေလတ္တံ့

(၄၀၂) **ဝိနိဗ်ဘ၁င္ဂ၊ ဇီဝိတ၊ ဇ၀ နဝကာ၊**

**ဇီဝိတနဝက ကလာပ်။** ။အဝိနိဗ္ဘောဂရုပ်ရှစ်ခု၊ ဇီဝိတရုပ်။ ဤ ၉-ပါး စုဝေး၍ နေသော ရုပ်ကလာပ်သည် ဇီဝိတနဝက ကလာပ် မည်၏။ "နဝန္နံ သမူဟော နဝကံ"။ နဝန္နံ၊ ရုပ်ကိုးခုတို့၏။ သမူဟော၊ အပေါင်းတည်း။ နဝကံ၊ ရုပ်ကိုးခုတို့၏အပေါင်း။ "ဇီဝိတေန ဥပလက္ခိတံ နဝကန္တိ ဇီဝိတနဝကံ"။ ဇီဝိတေန၊ ဇီဝိတရုပ်ဖြင့်။ ဥပလက္ခိတံ၊ မှတ်အပ်သော။ နဝကံ၊ ရုပ်ကိုးခုတို့၏ အပေါင်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇီဝိတနဝကံ၊ ဇီဝိတနဝကမည်၏။ ဇီဝိတဖြင့် မှတ်အပ်သော ရုပ်ကိုးခုတို့၏အပေါင်း ဟူလို။

**စက္ခုဒသက ကလာပ်စသည်။** ။ဤဇီဝိတနဝက ကလာပ်ကို မူတည်၍ ၎င်း၌ စက္ခုစသည်ကို လောင်းစွက်လျှင် စက္ခုဒသက ကလာပ် စသည် ဖြစ်၏။ ထိုကြောင့်—

(၄၀၃) **ဣန္ဒြိယ၊ ဟဒယ၊ လောင်းပြန်က၊ အင္ဂ ဒသကာ၊**

ဟူ၍ ဆိုပေသည်။

**ဒသက ကလာပ်ပေါင်း ၈-ခု။** ။ဣန္ဒြိယရုပ်၊ ဟဒယရုပ်တို့ကို ဇီဝိတ နဝကကလာပ်၌ လောင်းလေ ဟူလို။

စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက၊ ဣတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသက၊ ဝတ္ထုဒသကအားဖြင့် ဒသကကလာပ် ရှစ်ပါး ရှိ၏။ "ဒသန္နံ သမူဟော ဒသကံ"။ ဒသန္နံ၊ ရုပ်ဆယ်ခုတို့၏။ သမူဟော၊ အပေါင်းတည်း။ ဒသကံ၊ ရုပ်ဆယ်ခုတို့၏အပေါင်း။ "စက္ခုနာ ဥပလက္ခိတံ ဒသကန္တိ စက္ခုဒသကံ"။စက္ခုနာ၊စက္ခုဖြင့်။ ဥပလက္ခိတံ၊ မှတ်အပ်သော။ဒသကံ၊ ရုပ်ဆယ်ခုတို့၏ အပေါင်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဒသကံ၊ စက္ခုဒသကမည်၏။ ဤသို့စသည်ဖြင့် ဝိဂ္ဂြိုဟ်ဆိုလေ။ ။ကမ္မဇကလာပ် ၉-ခု ပြီး၏။

## စိတ္တဇကလာပ်သည် ရှစ်စည်းရှိ၏

(၁) သုဒ္ဓဋ္ဌက ကလာပ်။

(၂) သဒ္ဒနဝက ကလာပ်။

(၃) ကာယဝိညတ္တိနဝက ကလာပ်။

(၄) သဒ္ဒ, ဝစီဝိညတ္တိဒသက ကလာပ်။

ဤကလာပ်လေးစည်းသည် မူလက ကလာပ် လေးစည်းမည်၏။ ဤကို ရည်၍—

**(၄၀၄) အဝိနိဗ္ဘော်၊ ရှစ်ခုသော်၊ ခေါ်ရိုး သုဒ္ဓဋ္ဌာ။**
**(၄၀၅) ယင်းတွင်သဒ်ႇကာ၊ ဝိသုံးဖြာ၊ လောင်းပေါ် လေးမူလ။**

ဟူ၍ ဆိုပေသည်။

အဝိနိဗ္ဘောဂရုပ် ရှစ်ခုသက်သက်သည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။ ယင်းတွင် သဒ္ဒထည့်က သဒ္ဒနဝက ကလာပ်ဖြစ်၏။ ကာယဝိညတ္တိထည့်လျှင် ကာယဝိညတ္တိနဝက ကလာပ်ဖြစ်၏။ သဒ္ဒနှင့် ဝစီဝိညတ္တိကိုထည့်လျှင် သဒ္ဒဝစီဝိညတ္တိဒသက ကလာပ်ဖြစ်၏။ ဤလေးပါးကား စိတ္တဇမူလက ကလာပ်လေးစည်း မည်၏။

**လဟုတာဒိဧကာဒသက ကလာပ်စသည်။** ။ဤမူလက ကလာပ်လေးစည်းတွင် အစဉ်အတိုင်း လဟုတာ. စသော ရုပ် ၃-ခုကိုထည့်လျှင် အောက်ပါအတိုင်း လဟုတာဒိဧကာဒသက ကလာပ် စသည် ဖြစ်၏။

(၅) လဟုတာဒိ ဧကာဒသက ကလာပ်။
(၆) သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်။
(၇) ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်။
(၈) သဒ္ဒ, ဝစီဝိညတ္တိ တေရသက ကလာပ်။

ဤကား မူလက ကလာပ်လေးစည်းမှ လဟုတာစသော ရုပ် ၃-ခုတို့ဖြင့် ပွါး၍ ရအပ်သော စိတ္တဇမူလီ ကလာပ်လေးစည်းတို့ပေတည်း။ ဤကိုရည်၍—

**(၄၀၆) မူလလေးမှာ၊ တာႇလောင်းခါ၊ ရှစ်ဖြာ စိတ္တဇ။**

ဟူ၍ ဆိုပေသည်။

ဤကား စိတ္တဇကလာပ်ပေါင်း ရှစ်စည်းတည်း။

အဘိဓမ္မတ္ထသင်္ဂဟ၌ကား စိတ္တဇကလာပ် ၆-စည်းမျှသာ လာ၏။ (၂) သဒ္ဒနဝက ကလာပ်နှင့် (၆) သဒ္ဒ, လဟုတာဒိ ဒွါဒသက ကလာပ်များ မပါကုန်။

သစ္စသံခိပ်၌ကား စိတ္တဇကလာပ် ၇-စည်းမျှသာ လာ၏။ (၆) သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် မပါ။

ဝစီဝိညတ်မည်သည် သဒ္ဒနှင့်မကင်းကောင်းသောကြောင့် သဒ္ဒ,ဝစီဝိညတ္တိဒသက ကလာပ်သည် သင့်လှစွာ၏။ စိတ်ကြောင့်ဖြစ်သော သဒ္ဒသည် ဝိညတ်နှင့်ကင်း၍ အဘယ်အရာတို့၌ ဖြစ်ပါသနည်းဟူမူ - ဝိသုဒ္ဓိမဂ်၌ “စိတ္တဇော အသာသ-ပဿာသကောဋ္ဌာသောပိ ဩဇာဋ္ဌမကဋ္ဌေ သဒ္ဒေါ စာတိ နဝ” ဟူ၍ လာသည်ကို ထောက်၍ စိတ်ကြောင့်ဖြစ်သော အသက်ရှူသံ, ပင့်သက်ရှိုက်သံများသည်ရင်း

စကားသံမဟုတ်ကုန်သော စိတ်ကြောင့် ဖြစ်ကုန်သော ချေဆတ်သော အသံ, ချောင်းဟန့်သံ,ညည်းညူသံ,ကြို့ထိုးသံများသည်ငင်း ဝိညတ်နှင့်ကင်းသော စိတ္တဇ အသံများပေတည်း။ ထိုကြောင့် စိတ္တဇကလာပ်စုတွင် သဒ္ဒနဝက ကလာပ် ပါရှိလေသည်။ သဒ္ဒနဝကကလာပ်ပါရှိလျှင်လည်း လဟုတာဒိသဒ္ဒဒွါဒသက ကလာပ် ပါရှိသင့်လေတော့သည်သာ ဖြစ်၏။

သစ္စသံခိပ်ဋီကာ နှစ်စောင်တို့တွင် စိတ္တဇဖြစ်သော သဒ္ဒနဝက ကလာပ်ကို ဖွင့်ပြရာတို့၌ ဋီကာဟောင်းဆရာသည် များစွာ စည်းဝေး၍နေသော လူစု၏ အသံသည် ဝေးသောအရပ်ဌာနသို့ရောက်လျှင် ပုဒ်ဗျည်း မကွဲမပြားဘဲ အုတ်အုတ် ကျက်ကျက် ကြွက်ကြွက်စီစီသာ ဖြစ်၏။ ထိုအသံမှာ ဝိညတ်မရှိ။ စိတ္တဇကား ဟုတ်၏။ ထိုကြောင့် စိတ္တဇသဒ္ဒနဝက ကလာပ် သင့်၏ဟူ၍၎င်း၊ ထိုပြင် ကျေးငှက်တို့၏ အသံ, သားသမင်စသည်တို့၏ အသံ, ဘာသာကွဲလူမျိုးခြားတို့၏ စကားသံ များသည်ငင်း၊ ဇာတ်မတူသောသူတို့အား မသိစေနိုင်။ ထိုကြောင့် ဇာတ်မတူ သောသူတို့အပေါ်၌ ဝိညတ်ကင်း၏။ စိတ္တဇသဒ္ဒနဝက ဖြစ်သင့်၏ဟု ဆို၏။ ထိုစကား၌ လူစု လူဝေးကြီး၏ အသံသည် အဝေး၌တည်သော သူတို့အား ပုဒ်ဗျည်းမထင်ရှားသော်လည်း အနီးအနား၌နေသော သူအားမူကား ပုဒ်ဗျည်း ထင်ရှားသည်သာဖြစ်၏။ အနက်အဓိပ္ပါယ်ကို သိစေသည်သာဖြစ်၏။ ထိုကြောင့် ဝိညတ်ကင်း၏ဟူ၍ မဆိုသင့်။ ထိုသို့မယူခဲ့လျှင် အလုံးစုံသော ဝိညတ္တိကစိတ္တဇ စကားသံတို့သည် ဝေးသောသူတို့အား ပုဒ်ဗျည်း မထင်ရှားကြကုန်သည်သာ ဖြစ်၏။ အဓိပ္ပါယ်ကို မသိကြစေကုန်သည်သာ ဖြစ်၏။ ထိုကြောင့် အလုံးစုံ ဝိညတ်ကင်းကြကုန်၏ဟူ၍ အဓိပ္ပါယ်ရောက်လေရာ၏။ သားငှက်စသည်တို့၏ အသံ, ဇာတ်ကွဲသော လူတို့၏စကားသံများသည် လူမျိုးကွဲတို့အား ပုဒ်ဗျည်း မထင်ရှားကြကုန်သော်လည်း ဇာတ်တူအချင်းချင်းတို့အား ပုဒ်ဗျည်းထင်ရှား ကုန်သည် ဖြစ်ကုန်၏။ အဓိပ္ပါယ်ကို သိစေသည်သာ ဖြစ်ကုန်၏။ ထိုကြောင့် ထိုအသံတို့ကို ဝိညတ်ကင်းသောအသံတို့ဟူ၍ မဆိုအပ်ကုန်။

ဋီကာဟောင်းဆရာကား လက်ဖျစ်တီးသောအသံ, လက်ပမ်းခတ်သော အသံများသည် ဝိညတ်ကင်းသော စိတ္တဇသဒ္ဒတို့ ဖြစ်ကုန်၏။ ထိုကြောင့် စိတ္တဇ သဒ္ဒနဝက ကလာပ်သင့်၏ဟူ၍ ဆို၏။ ထိုစကား၌ လက်ဖျစ်တီးသော အသံ စသည်များကား စိတ္တဇသဒ္ဒမဟုတ်။ စိတ္တပစ္စယဥတုဇသံတို့သာတည်း။ စိတ်လျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော အသံပေတည်း။ ထိုကြောင့် ထိုသစ္စသံခိပ်ဋီကာသစ်ဆရာ၏စကား မသင့်။

ထိုကြောင့် ယခင်ပြဆိုအပ်ပြီးကုန်သော ထွက်သက်ရှူသံ, ဝင်သက်ရှိုက်သံ, ချေဆတ်သံ, သမ်းသောအသံ, ချောင်းဟန့်သောအသံ, ကြို့ထိုးသောအသံ

စသည်တို့သာလျှင် ဝိညတ်ကင်းသော စိတ္တဇသဒ္ဒတို့ဟူ၍ မှတ်အပ်ကုန်၏။ ။ စိတ္တဇကလာပ် ရှစ်စည်း ပြီး၏။

**ဥတုဇကလာပ် လေးစည်း ရှိ၏။**

(၁) သုဒ္ဓဋ္ဌက ကလာပ်။

(၂) သဒ္ဒနဝက ကလာပ်။

(၃) လဟုတာဒိဧကာဒသက ကလာပ်။

(၄) သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်။

ဤလေးစည်းသော ဥတုဇကလာပ်တို့တွင် ရှေးကလာပ်နှစ်စည်းသည် မူလက ကလာပ်နှစ်စည်းမည်၏။ နောက်ကလာပ်နှစ်စီးသည် မူလီကလာပ်နှစ်စည်း မည်၏။ သည်ကိုရည်၍—

**(၄၀၇) သုဒ္ဓ,သဒ္ဒ၊ တာယုဥ်က၊ လေး၀ ဥတုဇာ။**

ဟူ၍ ဆိုပေသည်။

ဥတုဇကလာပ်လေးစည်းပြီး၏။

**အာဟာရဇကလာပ်သည် နှစ်စည်း ရှိ၏။**

(၁) သုဒ္ဓဋ္ဌက ကလာပ်။

(၂) လဟုတာဒိ ဧကာဒသက ကလာပ်။

ဤကိုရည်၍—

**(၄၀၈) သုဒ္ဓ,နှင့် တာ၊ ဤနှစ်ဖြာ၊ အာဟာရဇာတည်း။**

ဟူ၍ ဆိုပေသည်။

အာဟာရဇကလာပ် နှစ်စည်း ပြီး၏။

**အဇ္ဈတ္တ၌ ရနိုင်သည့်ကလာပ်ပေါင်း။** ။အပေါင်းအားဖြင့် ကမ္မဇကလာပ် ၉-စည်း၊ စိတ္တဇကလာပ် ၈-စည်း၊ ဥတုဇကလာပ် ၄-စည်း၊ အာဟာရဇကလာပ် နှစ်စည်း။ ပေါင်း ၂၃-စည်းရှိ၏။

**ဗဟိဒ္ဓသန္တာန်၌ ရနိုင်သည့်ကလာပ်ပေါင်း။** ။ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌက, သဒ္ဒနဝကဟု ဆိုအပ်သော ဥတုဇမူလ ကလာပ်နှစ်စည်းကိုသာလျှင် ရအပ်၏။ ထိုကြောင့်—

**(၄၀၉) ဥတုမူလ၊ နှစ်စည်းမျှ၊ ရသည် ဗဟိဒ္ဓါ။**

ဟူ၍ ဆိုပေသည်။

အဘယ်ကြောင့် ဗဟိဒ္ဓသန္တာန်၌ ဥတုဇမူလ ကလာပ်နှစ်စည်းကိုသာ ရအပ်ပါသနည်း။ ဗဟိဒ္ဓသန္တာန်၌လည်း ပေါ့မှု နူးညံ့မှု စသည်တို့ ရှိကုန်သည်မဟုတ်ပါလော။ ထိုကြောင့် လဟုတာဒိတ္တယ ပါရှိသော မူလိဥတုဇ ကလာပ်နှစ်စည်းကိုလည်း ရအပ်သည် မဟုတ်ပါလော ဟူမူ။ မရအပ်ဟု ဖြေ။ ဗဟိဒ္ဓသန္တာန်၌ ပေါ့မှုစသည်များကား မဟာဘုတ်တို့၏ လွန်ကဲမှု ကက်မြက်မှု နုံ့မှုတို့ပေတည်း။ လဟုတာဒိတို့၏ အမှုအရာမဟုတ်။ ထိုကြောင့် လဟုတာဒိပါသော ဥတုဇမူလိ ကလာပ်နှစ်စီးတို့ကို ဗဟိဒ္ဓသန္တာန်၌ မရအပ်လေကုန်သတည်း။

အဇ္ဈတ္တသန္တာန်၌ကား ထိုက်သည်အားလျော်စွာ ၂၃-ပါးသော ကလာပ်တို့ကို ရအပ်ကုန်၏။ ထိုကြောင့်—

**(၄၁၀) နှစ်ဆဲ့သုံးပင်၊ အဇ္ဈတ်ဘွင်၊ ကုန်စင် ရထိုက်စွာ။**

ဟူ၍ ဆိုပေသည်။

**အာကာသနှင့်လက္ခဏာတို့ ရုပ်ကလာပ်တို့၌ မပါကြောင်း။** ။အာကာသဓာတ်နှင့် လက္ခဏာရုပ်လေးခုတို့သည် အဘယ်ကြောင့် ရုပ်ကလာပ်တို့၌ မပါမဝင်လေသနည်းဟူမူ—အာကာသဓာတ်သည် ကလာပ်တို့၏ အကြားမျှသာ ဖြစ်၏။ ဘယ်ကလာပ်၏ အတွင်းမှာမှ ပါဝင်နိုင်သည် မဟုတ်။ ထိုကြောင့် ကလာပ်တို့၌ မပါမဝင်လေသည်။ လက္ခဏာရုပ်တို့သည် ကလာပ်တိုင်းနှင့်ဆိုင်သောကြောင့် ဝိညတ်ရုပ်, ဝိကာရရုပ်တို့ကဲ့သို့ ကလာပ်ကွဲပြား ထူးခြားအောင် မတတ်နိုင်ကြကုန်။ ထိုကြောင့် ကလာပ်တို့၌ မပါမဝင်ကြကုန်သည်။

ဝိညတ်ရုပ်, ဝိကာရရုပ်တို့သည် ကလာပ်တို့ကို ကွဲပြားအောင် အထူးပြုတတ်ကုန်၏။ ထိုကြောင့် ကလာပ်တို့၌ ပါဝင်ကြကုန်သည်။ ကေုပ္ပါဒစသော ပြဆိုအပ်ပြီးသော ကလာပ်အင်္ဂါတို့သည် နိပ္ဖန္နရုပ်တို့၏အတွက်သာ ဖြစ်၏။ အနိပ္ဖန္နရုပ်တို့၏အတွက် မဟုတ်။ အနိပ္ဖန္နရုပ်တို့မှာမူကား ကလာပ်တခုဖြစ်အောင် အထူးပြုနိုင်မှုသည် ကလာပ်၏အင်္ဂါဟူ၍ ဆိုအပ်၏။ ထိုကြောင့် ဝိညတ်ဒွေးနှင့် ဝိကာရရုပ်သုံးခုတို့သည် ကေနိရောဓ စသောအင်္ဂါမှ ချို့ကုန်သော်လည်း ကလာပ်ကွဲပြားအောင် အထူးပြုတတ်သောကြောင့် ကလာပ်အဖွဲ့တွင် ပါဝင်လေကုန်သည်။

(ဃ) ရူပ ကလာပ ပြီး၏။

## (င) ရူပ ပဝတ္တိက္ကမ

ရုပ်တို့၏ဖြစ်စဉ်သည် ရူပပဝတ္တိက္ကမ မည်၏။ ပဋိသန္ဓေလေးမျိုးနှင့်တကွ ပဋိသန္ဓေအခိုက်မှစ၍ ရုပ်တို့၏ဖြစ်စဉ်ကို ပြဆိုပေလတ္တံ့။

**(၄၁၁) ဇလာဗုဇ၊ သံသေဒ၊ အဏ္ဍဇ,ဥပပတ်။**

ဤဖြင့် ပဋိသန္ဓေလေးမျိုးကို ပြဆို၏။

**ပဋိသန္ဓေလေးမျိုး။** ။(၁) ဇလာဗုဇ ပဋိသန္ဓေ (၂) သံသေဒဇ ပဋိသန္ဓေ (၃) အဏ္ဍဇ ပဋိသန္ဓေ (၄) ဩပပါတိက ပဋိသန္ဓေ ဟူ၍ ၄-ပါးရှိ၏။ မဟာသီဟနာဒသုတ်ပါဠိတော်၌ "စတဿော ခေါ ဣမာ, သာရိပုတ္တ ယောနိယော။ ကတမာ စတဿော အဏ္ဍဇာယောနိ, ဇလာဗုဇာယောနိ, သံသေဒဇာယောနိ, ဩပပါတိကာ ယောနိတိ"ဟူ၍ ယောနိလေးပါးကို ဟောတော်မူ၏။ ဤပါဠိတော်ကိုရည်၍ ပဋိသန္ဓေလေးပါးကို ပြဆိုကြကုန်သည်။

(၁) **ဇလာဗုဇ**၌ ကလလရေကြည်ကို ဇလဟူ၍ ဆိုအပ်၏။ "ဇလံ ကလလံ အဝတိ ရက္ခတီတိ ဇလာဗု"။ ဇလံ ကလလံ၊ ကလလရေကြည်ကို။ အဝတိ ရက္ခတိ၊ စောင့်ရှောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇလာဗု၊ ဇလာဗု မည်၏။ ကလလရေကြည်ကို စောင့်ရှောက်တတ်သော သားအိမ်ပဋ္ဌုကို ရစေ။ "ဇလာဗုမှိ ဇာယန္တီတိ ဇလာဗုဇာ"။ ဇလာဗုမှိ၊ သားအိမ်၌။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဇလာဗုဇာ။ ဇလာဗုဇမည်ကုန်၏။ သားအိမ်၌ ပဋိသန္ဓေတည်နေ၍ ဖြစ်ပွါးကြကုန်သော သတ္တဝါတို့ကို ရစေ။ "ဇလာဗုဇာနံ ပဋိသန္ဓိတိ ဇလာဗုဇပဋိသန္ဓိ"။ ဇလာဗုဇာနံ၊ သားအိမ်၌ ဖြစ်ကြကုန်သော သတ္တဝါတို့၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေတည်း။ ဣတိတသ္မာ၊ ထိုကြောင့်၊ ဇလာဗုဇပဋိသန္ဓိ၊ ဇလာဗုဇပဋိသန္ဓေမည်၏။ အမိဝမ်းတိုက် သားအိမ်တွင်း၌ ပဋိသန္ဓေနေသောသူကို ဇလာဗုဇခေါ်သည်။ ထိုဇလာဗုဇကို ဂဗ္ဘသေယျ ဟူ၍လည်း ဆိုအပ်၏။ "ဂဗ္ဘေ သေန္တီတိ ဂဗ္ဘသေယျာ"။ ဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ သေန္တိ၊ ကိန်းတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂဗ္ဘသေယျာ၊ ဂဗ္ဘသေယျမည်ကုန်၏။

(၂) **သံသေဒဇ**၌ "သံသီဒန္တိ ဧတ္ထာတိ သံသေဒေါ"။ ဧတ္ထ၊ ဤဝတ္ထု၌။ သံသီဒန္တိ၊ နစ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့နစ်ရာဖြစ်သော သတ္တိကြောင့်။ သံသေဒေါ၊ သံသေဒမည်၏။ ပဒုမာကြာတိုက်, သစ်ခေါင်း,သစ်ပွေး, သစ်ပွင့် သစ်သီး, ရွှံ့ညွန်, ရေဟောင်း ရေဆွေး အစရှိသော သံသေဒဇသတ္တဝါတို့၏ ဖြစ်ရာ စိုစွတ်စေးညှိသောဌာနများကို ရစေ။ "သံသေဒေ ဇာယန္တီတိ သံသေဒဇာ"။ သံသေဒေ၊ စိုစွတ်စေးညှိသောဌာန၌။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ

တသွာ၊ ထိုကြောင့်။ သံသေဒဇော၊ သံသေဒဇမည်ကုန်၏။ သံသေဒဇပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် သံသေဒဇပဋိသန္ဓေမည်၏။

(၃) **အဏ္ဍဇဋ္ဌ** သတ္တဝါတို့၏ အဥ ကို အဏ္ဍဟူ၍ ဆိုအပ်၏။ "အဏ္ဍေ ဇာ-ယန္တီတိ အဏ္ဍဇာ"။ အဏ္ဍေ၊ အဥ၌။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထို ကြောင့်။ အဏ္ဍဇာ၊ အဏ္ဍဇမည်ကုန်၏။ အဏ္ဍဇသတ္တဝါကိုလည်း ဂဗ္ဘသေယျ ဟူ၍ ဆိုအပ်သေး၏။ ထိုအဏ္ဍဇပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် အဏ္ဍဇပဋိသန္ဓေ မည်၏။

(၄) **ဩပပါတိကဋ္ဌ** "တတော တတော ဥပ္ပတိတွာ ဝိယ ဇာယန္တီတိ ဩပ-ပါတိကာ"။ တတော တတော၊ ထိုထိုဌာနတို့မှ။ ဥပ္ပတိတွာ ဝိယ၊ ပျံ၍လာကြ ကုန်ဘိသကဲ့သို့။ ဇာယန္တိ၊ ဖြစ်ကုန်၏။ဣတိတသ္မာ၊ ထိုကြောင့်။ ဩပပါတိကာ၊ ဩပပါတိကမည်ကုန်၏။ ရုတ်တရက် ကောင်းကင်မှ ပျံ၍ ကျလာဘိသကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်ကို ဩပပါတိကပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။ နတ်ပြည်,ဗြဟ္မာပြည်, ငရဲပြည် စသည်တို့၌ကား ဩပပါတိကပုဂ္ဂိုလ်တို့သည် များ စွာ ထင်ရှားကုန်၏။ ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် ဩပပါတိကပဋိသန္ဓေ မည်၏။

### ကာမဘုံအတွက် ရုပ်ကလပ်တို့ဖြစ်ပုံချုပ်ပုံ

(၄၁၂) **ဇီဝိ-ကြဉ်ထွေ၊ ကမ္မဇော၊သံသေ,ဩပပါ။**

ဤဖြင့် သံသေဒဇပုဂ္ဂိုလ်, ဩပပါတိက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခိုက်၌ ရကောင်းသော ကလာပ်တို့ကို ပြဆို၏။

**သံသေဒဇနှင့် ဩပပါတိကတို့ ပဋိသန္ဓေ အခိုက်၌ရကောင်းသောရုပ်ကလာပ်များ။** ဩပပါတိကပုဂ္ဂိုလ်, သံသေဒဇ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေအခိုက် ဇီဝိတနဝကကလာပ် ကြဉ်သော ကျန် ကမ္မဇကလာပ် ရှစ်စည်းတို့ကို ရအပ်ကုန်၏။ ထိုတွင် ယောကျ်ားဖြစ်လျှင် ပုရိသဘာဝဒသက ကလာပ်ကြဉ်၍ ကမ္မဇကလာပ် ၇-စည်းတို့ကို ရအပ်ကုန်၏။ မိန်းမဖြစ်လျှင် ပုမ္ဘာဝဒသက ကလာပ်ကို ကြဉ်၍ ကမ္မဇကလာပ် ၇-စည်းတို့ကို ရအပ်ကုန်၏။

**ချို့နိုင်သောကလာပ်များ။** ။ဩပပါတိကပုဂ္ဂိုလ်, သံသေဒဇပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေအခိုက်၌ပင် ပြည့်စုံစွာသောဣန္ဒြေတို့ကို ရကြကုန်သည်။ ဤသို့ရအပ်သည်ဆိုသော စကားသည်လည်း ဥက္ကဋ္ဌပရိစ္ဆေဒ အလွန်ဆုံးကို သိမ်းကျုံး၍ဆိုသောစကားသာ ဖြစ်လေသည်။ ရံခါ ရံဖန် ယုတ် လျော့သေးသော ကလာပ်တို့လည်း ရှိကြကုန်သဖြင့် ဩမကပရိစ္ဆေဒနည်း

အားဖြင့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဘာဝဒသကတို့သည် ကံအားလျော်စွာ ရံခါ ချို့ကောင်းကုန်သေး၏။ ထိုကြောင့်—

(၄၁၃) စက်,သော,ဃာ,ဘာ,၊ ဤလေးဖြာ၊ ရံခါ ချို့ကောင်းစွာ။

ဟူ၍ ဆိုပေသည်။

ဤကိုထောက်သဖြင့် ဥပပါတ်ပုဂ္ဂိုလ် သံသေဒဇပုဂ္ဂိုလ်တို့သည် ဇစ္စန္ဓ, ဇာတိဗဓိရ, ဇစ္စာဃာနက, နပုံသက တို့လည်း ရှိကုန်သေး၏ ဟူ၍ သိအပ်ကုန်၏။

ဆိုအပ်ပြီးသော ဒသကလေးပါးတို့ကိုလည်း သုဂတိဇာတ်, ဒုဂ္ဂတိဇာတ် ဖြစ်ကြကုန်သော အဟိတ်သံသေဒဇပုဂ္ဂိုလ်တို့၌သာလျှင် ရံခါ ရံဖန် ရအပ်လေသည်။

သုဂတိဘုံ၌ ဩပပါတိက ပုဂ္ဂိုလ်၏ အဖြစ်ကိုသာ သာမညသိမ်းယံသော ဩမကကံဖြင့် ရအပ်သည် မဟုတ်ချေ။ ထိုကြောင့် သုဂတိဘုံရှိ ဥပပါတ်ပုဂ္ဂိုလ်တို့မှာ စက္ခုစသော ဣန္ဒြေ မချို့ကောင်းကြကုန်။ကမ္ဘာဦးအခါ၌သာလျှင် ဘာဝဒသက ချို့သော ဩပပါတိကပုဂ္ဂိုလ်များ ရှိ၏။ ထိုကြောင့် ဤကမ္ဘာဦးသူတို့ကို ချန်လှပ်၍ သုဂတိဘုံ၌ရှိသော ဥပပါတ်ပုဂ္ဂိုလ်တို့မှာ တစုံတရာသော ဣန္ဒြေ မချို့ကောင်းဟု မှတ်ရာ၏။

ဒုဂ္ဂတိဘုံ၌မူကား ရံခါ ရံဖန် ဥပပါတ်ပုဂ္ဂိုလ်တို့မှာ ကံအားလျော်စွာ စက္ခုဒသက, သောတဒသက, ဘာဝဒသက ဤသုံးပါးသော ဒသကတို့တွင် တပါးပါး ချို့ကောင်း၏။ အခွင့်မသာလျှင် ဒသကသုံးပါးလုံးပင် ချို့ကောင်း၏။

"အဃာနကော ဩပပါတိကော နတ္ထိ"ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် ဃာနဒသကချို့သော ဥပပါတ်ပုဂ္ဂိုလ်ဟူ၍ မရှိစကောင်း။ ဇိဝှါချို့သောပုဂ္ဂိုလ်ဟူ၍ တစုံတရာမျှ မရှိစကောင်းချေ။ မူလဋီကာဆရာ အရှင်အာနန္ဒာမထေရ်ကား ယမိုက်ပါဠိတော်၌ ဃာနနှင့် ဇိဝှါတို့၏ အချင်းချင်း မခွဲမခွါဘဲ ဖြစ်လေ့ရှိသည်ကို ဟောတော်မူအပ်သောကြောင့် ဇိဝှါဒသကသည် အဘယ်ပုဂ္ဂိုလ်မှာ မဆို မချို့စကောင်းသကဲ့သို့ ဃာနဒသကလည်း အဘယ်ပုဂ္ဂိုလ်မှာမဆို မချို့စကောင်းဟူ၍ အလိုရှိတော်မူ၏။ သို့သော်လည်း ဣန္ဒြိယယမိုက် ပါဠိတော်၌ "ယဿ ဝါ ပန ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ။ တဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတီတိ။ အဃာနကာနံ ဣတ္ထီနံ ဥပပဇ္ဇန္တီနံ တာသံ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ။ နော စ တာသံ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ"ဟူ၍၎င်း "ယဿ ဝါ ပန ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိ။ တဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတီတိ။ အဃာနကာနံ ပုရိသာနံ ဥပပဇ္ဇန္တာနံ တေသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတိ။ နော စ တေသံ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ"ဟူ၍၎င်း ဃာနချို့သော အချက်များကို ဟောတော်မူလျက် ရှိသောကြောင့် ရံခါ ရံဖန် ဃာနဒသကသည် ချို့ကောင်းသည်သာဟူ၍ မှတ်အပ်၏။

ဥပပါတ်ပုဂ္ဂိုလ်တို့သည် အင်္ဂါကြီးငယ် အစုံအလင်တို့နှင့်တကွ ပြည့်စုံသော အတ္တဘောဖြင့် ပဋိသန္ဓေယူကြကုန်၏။ နောက်၌ တဖန် တိုးပွါးဖွယ် မရှိပြီ။

သံသေဒဇပုဂ္ဂိုလ်တို့သည်ကား ပဋိသန္ဓေအခိုက်၌ အာယတနတို့သာလျှင် အစုံပါရှိကုန်၏။ အင်္ဂါကြီးငယ်တို့သည်မူကား စုံလင်စွာပ၊ရှိကုန်သည် မဟုတ်။ ပဋိသန္ဓေမှနောက်အဘို့ဖြစ်သော ပဝတ္တိကာလ၌သာလျှင် တဆင့်ဆင့် တိုးပွါး ပြည့်စုံကြကုန်၏။

သံသေဒဇ, ဥပပါတ်တို့၏ ပဋိသန္ဓေအခိုက်၌ ရုပ်ဖြစ်ပေါ်ပုံကိုဆိုသောအခန်း ပြီး၏။

**(၄၁၄) ကာယ, ဘာဝ၊ ဟဒယ၊ ဂဗ္ဘသန္ဓိမှာ။**

ဤဖြင့် ဇလာဗုဇ, အဏ္ဍဇဟု ဆိုအပ်သော ဂဗ္ဘသေယျပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေ အခိုက်၌ ရုပ်ဖြစ်ပေါ်ပုံကို ပြဆို၏။

**ဂဗ္ဘသေယျက ပဋိသန္ဓေအခိုက်၌ ရကောင်းသည့် ရုပ်ကလာပ်များ။**　ဂဗ္ဘသေယျပုဂ္ဂိုလ်၏ ပဋိသန္ဓေအခိုက်၌ ယောကျ်ား ဖြစ်လျှင် ကာယဒသက, ပုမ္ဘာဝဒသက, ဝတ္ထုဒသက ဤကလာပ် သုံးစည်း ရုပ် ၃၀-တို့ကို ရအပ်ကုန်၏။ မိန်းမဖြစ်အံ့—ကာယဒသက,ဣတ္ထိဘာဝ ဒသက, ဝတ္ထုဒသက ဤကလာပ်သုံးစည်း ရုပ် ၃၀-တို့ကို ရအပ်ကုန်၏။ ဤ ပဋိသန္ဓေအခိုက်၌ ရအပ်သော ကလာပ်သုံးစည်း ရုပ် ၃၀-တို့ကို ကလလရေကြည် ဟူ၍ ခေါ်ဆိုအပ်၏။ ကလာပ်သုံးစည်းကို ရအပ်၏ဟူ၍ ဆိုသော်လည်း ဥက္ကဋ္ဌ ပရိစ္ဆေဒနည်းအားဖြင့်သာ ဆိုအပ်ပေသည်။ ရံခါ ရံဖန် ဘာဝဒသကချို့သော နပုန်းများလည်း ရှိသောကြောင့် ထိုဘာဝဒသကကို ကြဉ်၍ ကာယဒသက, ဝတ္ထုဒသက ဤကလာပ်နှစ်စည်းကိုသာလျှင် ရအပ်သည်လည်း ရှိသေး၏။ ထိုကြောင့်—

**(၄၁၅) နပုံဖြစ်လျှင်၊ဘာဝကြဉ်၊ နှစ်ပင် ရသည်သာ။**

ဟူ၍ ဆိုပေသည်။

**(၄၁၆) ရေ,မြုပ်,ခဲတစ်၊ ခက်မဖြစ်၊ ရင့်လစ် ငါးသတ္တာ။**

ဤဖြင့် ဂဗ္ဘသေယျ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေမှစ၍ ရုပ်တို့၏ဖြစ်ပုံ တိုးပွါးပုံ အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်ပုံများကို ပြဆို၏။

**ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ရုပ်ဖြစ်စဉ်။**　။(၁) ကလလရေကြည် ၇-ရက် (၂) ထိုနောက် အဗ္ဗုဒဟု ဆိုအပ်သော အမြှုပ် ၇-ရက် (၃) ထိုနောက် ပေသိဟုဆိုအပ်သော အသားခဲ အသားစိုင် ၇-ရက် (၄) ထိုနောက် ဃနဟုဆိုအပ်သော အသားတစ် ၇-ရက် (၅) ထိုနောက်

ပသာခဟုဆိုအပ်သော ခက်မငါးဖြာ ၇-ရက်၊ ဤသို့လျှင် သတ္တာဟတခုစီ အစဉ် အတိုင်း အဆင့်ဆင့် ဖြစ်ပေါ်ကြကုန်၏။ သဂါထာဝဂ္ဂ ယက္ခသံယုတ်ပါဠိတော်၌ လည်း ဂဗ္ဘသေယျတို့၏ ဖြစ်စဉ်ကို ဤသို့ ဟောတော်မူ၏။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ, လောမာ, နခါပိ စ။

အနက်ကား—ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ရေကြည်သည်။ ဟောတိ၊၏။ ကလလာ၊ ရေကြည်ဖြစ်သော ပထမသတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော ဒုတိ-ယသတ္တာဟ၌။ အဗ္ဗုဒံ၊ အမြှုပ်သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော တတိယသတ္တာဟ၌။ ပေသိ၊ အသားခဲသည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ ပေသိတော၊ အသားခဲသတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော စတုတ္ထသတ္တာဟ၌။ ဃနော၊ မာမာခက်ခက် တခဲနက်သော အသားတစ်သည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဃနာ၊ သားတစ် သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော ပဉ္စမ သတ္တာဟ၌။ ပသာခါ၊ ဦးခေါင်း, ခြေ, လက် ခက်မငါးဖြာတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တတောပရံ၊ ထိုမှနောက်၌။ ကေသာ, လောမာ, နခါပိစ၊ ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်းတို့သည်လည်း။ ဇာယန္တိ၊ ပေါ်ပေါက်ကုန်၏။

**ကလလရေကြည်** သည် ဇာတိဥဏ္ဏာမည်သော သားသတ္တဝါ၏ နူးညံ့သိမ်မွေ့ လှစွာသော အမွေးဖျား၌ ပါရှိသော ဆီလုံးကလေးပမာဏမျှသာ ရှိ၏။ ထိုကြောင့် သံယုတ်အဋ္ဌကထာ၌—

တိလတေလဿ ယထာ ဗိန္ဒု၊ သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ကလလံ သမ္ပဝုစ္စတိ။

ဟူ၍ဆို၏။ အနက်ကား – တိလတေလဿ၊ နှမ်းဆီ၏။ ဗိန္ဒုယထာ၊ အပေါက် အစက်ကလေးကဲ့သို့ငှါး။ အနာဝိလော၊ မနောက်ကြည်လင်သော။ သပ္ပိမဏ္ဍော-ယထာ၊ ထောပတ်ကြည်စက်ကလေးကဲ့သို့ငှါး။ ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊ ဤသို့ အဆင်းသဏ္ဌာန်ရှိ၏ဟူ၍။ ကလလံ၊ ကလလရေကြည်ကို။ သမ္ပဝုစ္စတိ၊ ကောင်းစွာ အပြားအားဖြင့် ဆိုအပ်၏။

ဤစကားရပ်၌ ကလလရေကြည်သည် နှမ်းဆီပေါက်, ထောပတ်ကြည်ပေါက် မျှလောက် ရှိ၏ဟူ၍ ဆိုသောစကားသည် အတန်ငယ် ကြီးရင့်၍လာသော ကလလရေကြည်ကိုသာလျှင် ရည်၍ဆိုသောစကားဖြစ်သည်ဟု မှတ်ရာ၏။ ပဋိ-သန္ဓေအခိုက်၌ ရှိသော ကလာပ်သုံးစည်းမျှသာရှိသော ကလလရေကြည်ကို ရည်၍ ဆိုသောစကား မဟုတ်ပေ။

**ပဋိသန္ဓေတည်စ ကလလရေကြည်၏ အရွယ်။** ။ထိုပဋိသန္ဓေအခါ၌ ရှိသော ကလလရေကြည် သည်ကား ပကတိမျက်စိဖြင့် မြင်လောက်သော အဆင်းသဏ္ဍာန် ရှိမည်မဟုတ်ပေ။ မှန်းခြေအားဖြင့် တိုက်ခန်းအိမ်ခန်းအတွင်းတို့၌ ရောက်လာထိုးလာသော နေစွယ်များတွင် မြင်ရထင်ရသော သွားလာကူးရှက်၍နေသော မြူသည် အဏုမြူမည်၏။ ထိုအဏုမြူ၏ ၃၆-စိတ် စိတ်၍ တစိတ်စာအတိုသည် ပရမာဏုမြူမည်၏။ ထိုပရမာဏုမြူသည် ပကတိလူတို့၏ မျက်စိဖြင့် မြင်နိုင်သောအခွင့်မှ လွန်၏။ နတ်မျက်စိဖြင့်သာ မြင်နိုင်သောမြူဟူ၍ အဋ္ဌကထာတို့၌ ဆို၏။ ထိုဆိုပြီး ပရမာဏုမြူသည် အောက်ထစ် အယုတ်ဆုံးအားဖြင့် ခဏ အဆင့်ဆင့် ဖြစ်ပွါး၍ ဤသို့ ရောက်ဆဲရှိသော ကလာပ်ပေါင်း ၄၉-ခုလောက် ရှိတန်ရာ၏။ ထိုကြောင့် ကလလရေကြည်သည် ပရမာဏုမြူထက်ပင် သေးသိမ်ငယ်နုံ့လေသည်ဟု သိသာပေသည်။

**အဗ္ဗုဒ။** ။ထိုကလလရေကြည်အနေအားဖြင့် တသတ္တာဟဟု ဆိုအပ်သော ၇-ရက်တိုင်တိုင် ဖြစ်လေပြီးသော နောက်၌ အဗ္ဗုဒ မည်သော အမြှုပ်သည် ၇-ရက်တိုင်တိုင် ဖြစ်ပြန်၏။ ထိုအဗ္ဗုဒသည် အသားတို့ကို ဆေး၍ ကြွင်းကျန်နေရစ်သော သားဆေးရေနှင့် တူ၏။

**ပေသိ။** ။အဗ္ဗုဒဖြစ်သော ဒုတိယ သတ္တာဟမှ နောက် တတိယ သတ္တာဟ မြောက်၌ ပေသိမည်သော အသားခဲ အသားစိုင် ဖြစ်၏။ ထိုပေသိမည်သော အသားစိုင်သည် မုံကျွဲသဲအစိုင်နှင့် အလား သဏ္ဍာန်တူ၏။ လွန်စွာ ခက်မာခြင်းသို့ မရောက်သေး။

**ဃန။** ။ပေသိဖြစ်ပြီးသော တတိယသတ္တာဟမှ နောက် စတုတ္ထ သတ္တာဟ မြောက်၌ ဃနမည်သော အသားတစ် ဖြစ်၏။ ထိုဃနမည်သော အသားတစ်သည် ကြက်ဥသဏ္ဍာန်နှင့် တူ၏။ အစွန်းအစမရှိ လုံးလုံး လျောင်း လျောင်း ရှိ၏။ ထိုကြောင့် ယခင်အဋ္ဌကထာ၌—

ယထာ ကုက္ကုဋိယာ အဏ္ဍံ၊ သမန္တံ ပရိမဏ္ဍလံ။
ဧဝံ ဃနဿ သဏ္ဌာနံ၊ နိဗ္ဗတ္တံ ကမ္မပစ္စယာ။

ဟူ၍ဆို၏။ အနက်ကား – ကုက္ကုဋိယာ၊ ကြက်မ၏။ အဏ္ဍံ၊ ဥသည်။ သမန္တံ၊ အစွန်းအစနှင့် တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင် ဝန်းဝိုင်းလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ကမ္မပစ္စယာ၊ ကံဟူသော အကြောင်းကြောင့်။ ဃနဿ၊ ဃနမည်သော သားတစ်၏။ သဏ္ဌာနံ၊ ပုံသဏ္ဍာန်သည်။ သမန္တံ၊ အစွန်းနှင့်တကွ။ ပရိမဏ္ဍလံ၊ ထက်ဝန်းကျင်လုံးလျောင်းသည်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ ဤဃနကို ဥဟူ၍ ဆိုထိုက်၏။

**ခက်မငါးဖြာ။** ။ဃနဖြစ်ပြီးသော စတုတ္ထသတ္တာဟမှနောက် ပဉ္စမသတ္တာဟ မြောက်၌ လက်နှစ်ဖက်, ခြေနှစ်ဖက်, ဦးခေါင်းဟုဆိုအပ်သော ခက်မငါးဖြာ အစွန်းအစငါးခု ပေါ်ပေါက်လာ၏။ ထိုခက်မငါးဖြာကို ပသာခ ဟူ၍ ဆိုအပ်၏။ ထိုပဉ္စပသာခတို့သည် ပေါ်သစ်စအခါ၌ အိုင်းအမာပေါ်ပေါက် ရန် အဖုအထွတ်များနှင့် တူသောကြောင့် ပဉ္စပီဠကဟူ၍လည်း ဆိုအပ်၏။ ထိုကြောင့် သံယုတ်ပါဠိတော်၌ "ပဉ္စမေ ခေါ ဘိက္ခဝေ သတ္တာဟေ ပဉ္စ ပီဠကာ ဇာယန္တိ သဏ္ဍန္တိ ကမ္မတော" ဟူ၍ ဟောတော်မူ၏။ အနက်ကား – ဘိက္ခဝေ၊ တို့။ခေါ၊စင်စစ်။ ပဉ္စမေ သတ္တာဟေ၊ ငါးခုမြောက်သောသတ္တာဟ၌။ပဉ္စ ပီဠကာ၊ ငါးခုသောအဖုအထွတ်တို့သည်။ဇာယန္တိ၊ဖြစ်ပေါ်ကုန်၏။ကမ္မတော၊ကံကြောင့်။ သဏ္ဍန္တိ၊ တည်ကုန်၏။ ပဉ္စပသာခပေါ်ပေါက်သော သတ္တာဟသို့ ရောက်လျှင် ငါးသတ္တာဟရှိလေ၏။ ရက်ပေါင်း ၃၅-ရက် ရှိ၏။ ထိုတွင် ပထမသတ္တာဟစသည် တို့၌ အလွန်တရာနုလှသေးသဖြင့် ပဉ္စပသာခ မပေါ်ပေါက်နိုင်သေးသကဲ့သို့ ဆဋ္ဌ, သတ္တမစသော သတ္တာဟတို့၌လည်း ပဉ္စပသာခတွင်ပါရှိသော ဦးခေါင်းတည်း ဟူသောသီသပသာခ၏ နုလှသေးသောကြောင့် စက္ခုဒသကစသော ရုပ်ကလာပ် တို့လည်း မဖြစ်ပေါ်နိုင်ကုန်သေး။ ထိုကြောင့် စက္ခုဒသကစသည်တို့၏ ပေါ် ပေါက်ရန် အုတ်မြစ်ခံဘိသကဲ့သို့ ဆဋ္ဌသတ္တာဟမှစ၍ ကောဒသမသတ္တာဟတိုင် အောင် တစုံတရာ တိုးပွါးသော ကလာပ်သစ်၏ ဖြစ်ပေါ်မှု မရှိဘဲ ဖြစ်ပြီးသော ပဉ္စပသာခ ရူပကလာပအစဉ်သည်သာလျှင် တဆင့်ထက် တဆင့် ရင့်စေသော အနေအားဖြင့် ဖြစ်ကြကုန်၏။ ကောဒသမ သတ္တာဟသို့တိုင် ရောက်သော အခါ၌ကား သီသပသာခသည် စက္ခုဒသကတို့၏ဖြစ်နိုင်ရန် ခိုင်ခံ့သောအခြေသို့ ရောက်၏။ ထိုကောဒသမအခါ၌သာလျှင် စက္ခုစသော ဒသကကလာပ်လေးပါး တို့သည် တပြိုင်တည်း ဖြစ်ပေါ်ကြကုန်၏။ ထိုကြောင့်—

(၄၁၇) စက်,သော,ဃာ,ဇိ၊ ၅၂လေးလီ၊ ဖြစ်ပြီ ဆဲ့တစ်မှာ။

ဟူ၍ ဆိုပေသည်။

ကထာဝတ္ထုအဋ္ဌကထာ၌ "သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ ဇာယန္တိ" ဟူ၍ ဆို၏။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိ၊ စက္ခု,သောတ,ဃာန,ဇိဝှါဟု ဆိုအပ်ကုန်သော အာယတနလေးပါးတို့သည်။ သတ္တသတ္တတိရတ္တိမှိ၊ ခုနစ်ဆဲ့ ခုနစ်ရက်ဟုဆိုအပ်သော ကောဒသမသတ္တာဟ၌။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။ ဤအဋ္ဌကထာ၌ "သတ္တသတ္တတိရတ္တိမှိ" အရ ၇၇-ရက်ကား တဆဲ့တသတ္တာဟ ပင်တည်း။ ထိုကြောင့် ကောဒသမသတ္တာဟ၌သာ စက္ခုဒသကစသော အာယ- တနလေးပါးတို့၏ ဖြစ်ကြောင်းကို သိသာထင်ရှား၏။ "သတ္တသတ္တတိရတ္တိမှိ" ဆိုခြင်းကြောင့် ကောဒသမသတ္တာဟ၏ အဆုံးဖြစ်သော ၇၇-ရက်မြောက်သော

နေ့၌သာလျှင် စက္ခုဒသကစသည်တို့ ဖြစ်ပေါ်ကုန်၏ဟူ၍ မှတ်အပ်၏။ ကော ဒသမသတ္တာဟ၏ အစဖြစ်သော ၇၀-ရက်နေ့၌ ဖြစ်သည်မဟုတ်ကုန် ဟူလို။

**သတ္တမသတ္တာဟက စ၍ စက္ခုဒသက စသည်တို့ ဖြစ်သည်ဟူသော၀ါဒ။** ။ ဤသို့ ကထာဝတ္ထုအဋ္ဌကထာကြီး စသည် တို့၌ ကောဒသမ သတ္တာဟ၌ သာလျှင် စက္ခုဒသက စသည်တို့ ဖြစ်ပေါ်ကြောင်း ကို ဖွင့်လျက် ထင်ရှားရှိပါသည်ကို ပဋ္ဌာန်းပဋ္ဌာ၀ါရ ပစ္စနိက်အစ ပစ္စယုဒ္ဒါရ၀ါရ ကိုမှ သတိမရ၍ "အာရမ္မဏူပနိဿယ, ကမ္မတ္တိ, ပစ္စယေသု သဗ္ဗေပိ ပစ္စယာ သမောခာနံ ဂစ္ဆန္တိ" ဟူသော သဂြိုဟ်ပါဠိ၌ ပစ္စည်းသွင်းယူပုံကို ကသောက် ကရောက် ကတောင်ချောက်ချား မှားနိုင်သ၍ မှားအောင် ဖွင့်ဆိုသော ဋီကာ ကျော်ဆရာသည် "ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ" ဟူသော စကားဖြင့် စက္ခုဒသက စသည်တို့၏ သတ္တမသတ္တာဟ စသည်၌ ဖြစ်ကြောင်းကို ဖွင့်ဆိုမှား ပလေသည်။ ထိုပြင် ကောဒသမသတ္တာဟ၌ စက္ခုစသည်တို့၏ ဖြစ်ကြောင်းကို အဋ္ဌကထာ၌ဆိုချက် ထင်ရှားစွာရှိပါလျက်နှင့် "ဋီကာကာရမတေန ကောဒသ-မေ သတ္တာဟေ ဝါ" ဟူ၍ မူလဋီကာ၏ အလိုအားဖြင့် ကောဒသမ သတ္တာဟ၌ စက္ခု စသည်တို့ ဖြစ်ကုန်၏ဟူ၍ ဋီကာကျော်ဆရာ ဆိုပြန်လေသည်။ ထိုသို့ ဆိုလေသဖြင့် အဋ္ဌကထာရှင်၏စကား, ဋီကာရှင်၏စကား နှစ်ပါးကိုပင် ဋီကာ ကျော်ဆရာသည် ခြားနားစွာရှိအောင် သဘောမထားမိဘဲ ရှိရလေသည်ဟု သိသာပေသည်။ ထိုပြင် "ကမေန" ဟုရှိသော သံယုတ်မှ သဂြိုဟ်ပါဠိပျက်ကို တွေ့မြင်ရုံမျှနှင့်သော်ငြား၊ ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာမူလကပုဗ္ဗန္တဘာဝစက်, တဏှာ မူလကအပရန္တဘာဝစက် နှစ်ပါးတို့၏ အထူးကို ဖွင့်ဆိုသော သမ္မောအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စကားတို့ကို အယူအဆမှား၍သော်ငြား "ကမေနာတိ စက္ခုဒသကပါတုဘာ၀တော သတ္တာဟာတိက္ကမေန သောတဒသက"[၁] စသည်ဖြင့် စက္ခုဒသကစသည်တို့၏ တခုပြီးမှ တခု သတ္တာဟတခုစီ စဉ်၍ အစဉ်အတိုင်း ဖြစ်ကြောင်းကိုလည်း ဖွင့်ဆိုမှားပြန်ပလေသည်။ "သေသာနိ စတ္တာရိ သတ္တ-သတ္တတိရတ္တိမှိ" ဟူသောအဋ္ဌကထာကြီး၏စကားကို သတိမူမိဟန် မတူချေ။

**သင်္ခေပဝဏ္ဏနာဆရာ၏ အကြောင်း။** ။ဤနေရာ၌ ဋီကာကျော်ဆရာသာလျှင် မှားမှား ယွင်းယွင်း ဖွင့်ဆိုမိလေသည် မဟုတ်။ ဋီကာကျော်ဆရာ၏စကားကို ဘုရားဟောပါဠိတော်နှင့်အတူ ယုံကြည် လေးစားလျက်နေပေသော သံခေပဝဏ္ဏနာဆရာသည်လည်း ဋီကာကျော်ဆရာ

---

၁။ ၁၃၁၂ ခု၊ သုဓမ္မဝတီရိုက် သင်္ခေပဝဏ္ဏနာ ၂၈၂ ၌ "ကမေနာတိ သတ္တာဟာ-တိက္ကန္တက္ကမေန။ စက္ခုဒသကဥ္စ သတ္တမသတ္တာဟေ ပါတုဘာဝတိ။ တတော သတ္တာ-ဟာတိက္ကမေန သောတဒသက"(ဟု ရှိသည်)

ထက် ပိုမိုသာလွန်၍ မှားမှားယွင်းယွင်း ဖွင့်ဆိုမိပြန်လေသည်။ ထိုသံခေပဝဏ္ဏနာ ဆရာသည်—

တတြာယမာဒိ ဘာဝတိ၊ ဏ္ဏွေ ပည့ာသာ ဘိက္ခုနော။
ဏ္ဏွိန္ဒြိယဂ္ဂတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော။

ဟူသော သူတော်တကာတို့၏ လမ်းမကြီးသဖွယ် တွေ့နေကျ ဆောင်ရွက်နေကျဖြစ်သော ဓမ္မပဒပါဠိတော်ကိုမျှ မတွေ့မိ၍ "တတြာယမာဒိ" ဟူသော ကစ္စည်းကျမ်း သန္ဓိပြယုဂ်ကိုပင် မှားမှားယွင်းယွင်း အနက်သမ္ဗန်ခြင်း စသည်ဖြင့် တိမ်းတိမ်းပါးပါး အမှားများသော သုတ္တနိဒ္ဒေသကျမ်းကိုလည်း စီရင်လေသည်။ ထိုသုတ္တနိဒ္ဒေသကျမ်းဖြင့် သံခေပဝဏ္ဏနာ ဆရာသည် သဒ္ဒါအရေးတို့၌ မိမိ၏ "အကောဝိဒတာ" ဟု ဆိုအပ်သော အချက်ကို ဖော်ပြပေ၏။ ထိုပြင် ဤစက္ခုဒသက စသည်တို့၏ ဖြစ်ပုံကို ဖွင့်ဆိုသောနေရာနှင့်တကွ စသင်ငယ်အများတို့ ဟောရိုး ဆိုရိုးဖြစ်သော ဓာတုကထာ ဝတ္ထာန်ကိုမျှ သတိမရလေသောကြောင့် "သောကောတိ ဒေါသော"ဟူ၍ ဖွင့်ဆိုချက် အမှားအယွင်းတို့ဖြင့် ပြွမ်းသော သံခေပဝဏ္ဏနာ ကျမ်းကိုလည်း စီရင်တော်မူ၏။ ထိုသံခေပဝဏ္ဏနာ ကျမ်းဖြင့် သံခေပဝဏ္ဏနာဆရာ၏ အဘိဓမ္မာရေးတို့၌ မိမိ၏ "အကောဝိဒတာ" ကို ဖော်ပြပေ၏ဟူ၍ မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားကြီး မိန့်တော်မူသည်ကို ကြားရဘူး၏။

**ဇစ္စန္ဓပုဂ္ဂိုလ်စသည် မည်တွင်ခြင်း။** ။ဆိုအပ်ပြီးသော စက္ခုစသည်တို့သည် မိမိတို့ဖြစ်ထိုက်ရာ ကောဒသမသတ္တာဟ၌ မဖြစ်မပေါ်လျှင် ပဋိသန္ဓေအခါ၌ပင် ချို့သည် မည်ရကား ထိုစက္ခုစသည်တို့ ချို့သောပုဂ္ဂိုလ်ကို ဇစ္စန္ဓ, ဇာတိဗဓိရ, ဇစ္စာဃာနကဟူ၍ ဆိုအပ်၏။

(၄၁၈) သန္ဓိဥမှာ၊ ကမ္မဇာ၊ ဋ္ဌိမှာ ဥတုဇာ။

**ကမ္မဇရုပ်, ဥတုဇရုပ်တို့စ၍ဖြစ်ချိန်။** ။ပဋိသန္ဓေစိတ်၏ ဥပါဒ်အခိုက်၌ ကမ္မဇရုပ်တို့ စ၍ဖြစ်ပေါ်ကြကုန်၏။ပဋိသန္ဓေစိတ်၏ ဋ္ဌီအခိုက်မှအစပြု၍ ဥတုဇရုပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

"ရူပံ ဥပ္ပါဒက္ခဏေ စ ဘင်္ဂက္ခဏေ စ ဒုဗ္ဗလံ၊ ဋ္ဌိတိက္ခဏေ ဗလဝန္တိ ဋ္ဌိတိက္ခဏေ ရူပံ သမုဋ္ဌာပေတိ" ဟူသော သမ္မောဟဋ္ဌကထာ (စာမျက်နှာ ၂၄) နှင့် အညီ ရုပ်တို့သည် ဥပါဒ်အခိုက်, ဘင်အခိုက်တို့၌ အားနည်း၍ ဋ္ဌီအခိုက် အားရှိကြ၏။ ထိုကြောင့် ဋ္ဌီအခိုက်၌သာ ရုပ်ကို ဖြစ်စေ၏။

---

၁။ ဆဋ္ဌမူ၌ "ဌာနက္ခဏေ" ဟုရှိသည်။

**ဥတုဇရုပ်စ၍ ဖြစ်ပေါ်ချိန်။** ။ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ပြိုင်သော ကလာပ် ၃-စည်းတွင်ပါရှိသော တေဇောဓာတ် ၃-ခုတို့သည် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ မိမိတို့လည်း ဌီသို့ရောက်ကြ၍ အားရှိကြကုန်သောကြောင့် ဥတုဇရုပ်ကို စ၍ ဖြစ်စေကုန်၏။ ထိုကြောင့် ပဋိသန္ဓေ၏ဌီမှစ၍ ဥတုဇရုပ်တို့ ဖြစ်ကုန်၏ဟူ၍ ဆိုပေသည်။ ပဋိသန္ဓေစိတ်၏ ဌီမှစ၍ဖြစ်သော ဥတုဇရုပ်တို့သည် ကမ္မဇကလာပ်တွင် ပါရှိသော ဥတုမှတဆင့် ဖြစ်ပွါးသော ရုပ်တို့ ဖြစ်ကုန်သောကြောင့် ကံ၏မြေး မည်ကုန်၏။ ထိုရုပ်တို့မှလည်း အဆင့်ဆင့် ဥတုဇရုပ်တို့ကို ဖြစ်စေပြန်ကြကုန်၏။

(၄၁၉) **ပဘွင်ဥမှာ၊ စိတ္တဇာ၊ ဟာရာ စိမ့်မျိုမှ။**

ဤဖြင့် စိတ္တဇရုပ် အာဟာရဇရုပ်တို့ စ၍ဖြစ်ရာကို ပြဆို၏။

**စိတ္တဇရုပ် စ၍ဖြစ်ချိန်။** ။ပဋိသန္ဓေစိတ်သည် မှီရာဝတ္ထု အားနည်းလှသဖြင့် မိမိလည်း အားနည်း၏။ ထိုကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်။ ပဋိသန္ဓေ၏ နောက်၌ဖြစ်သော ပထမဘဝင်အစရှိသော စိတ်တို့သည်သာလျှင် အားရှိသောဝတ္ထုကို မှီရသောကြောင့် မိမိတို့လည်း အားရှိကြကုန်၏။ ထိုကြောင့် ထိုပထမဘဝင်အစရှိသော စိတ်တို့သည် စိတ္တဇရုပ်တို့ကို ဖြစ်စေနိုင်ကုန်သည်။ "စိတ္တံ ဌာနက္ခဏေ စ ဘင်္ဂက္ခဏေ စ ဒုဗ္ဗလံ၊ ဥပ္ပါဒက္ခဏေ ဗလဝန္တိ ဥပ္ပါဒက္ခဏေ ရူပံ သမုဋ္ဌာပေတိ"ဟူသော သမ္မောအဋ္ဌကထာ(စာမျက်နှာ ၂၄)နှင့်အညီ စိတ်တို့မည်သည် ဌီခဏ, ဘင်ခဏတို့၌ အားနည်း၍ ဥပါဒ်ခဏ၌သာလျှင် အားရှိ၏။ ထိုကြောင့် စိတ်တို့၏ဥပါဒ်ခဏတို့၌ စိတ္တဇရုပ်တို့သည် ဖြစ်ပေါ်ကုန်၏။

**အာဟာရဇရုပ် စ၍ဖြစ်ချိန်။** ။သတ္တဝါတို့၏သန္တာန်၌ အာဟာရစိမ့်ဝင်သော အခါမှရင်း, မျိုသောအခါမှရင်း အာဟာရဇရုပ်တို့သည် စ၍ ဖြစ်ကြကုန်၏။ ဂဗ္ဘသေယျကပုဂ္ဂိုလ်ဖြစ်လျှင် အသားခဲဟု ဆိုအပ်သော ပေသိအဖြစ်သို့ ရောက်သောအခါ၌သော်ရင်း, အသားတစ်ဟု ဆိုအပ်သော ဃနအဖြစ်သို့ရောက်သောအခါ၌သော်ရင်း အမိသည် စားသောက်အပ်သော အစာတို့သည် အစာအိမ်သို့ ရောက်သောအခါ ပါစကတေဇော ချက်ပြုတ်အပ်သည်ဖြစ်၍ အစာရည်ဟုဆိုအပ်သော ရသဓာတ်အဖြစ်သို့ ရောက်ကြကုန်၏။ ထိုရသဓာတ်အစာရည်တို့သည် သားအိမ်နှင့်တစပ်တည်း တည်၍ နေသော သူငယ်ဝတ္ထု၌ စိုစွတ်စိမ့်ဝင်ကြကုန်၏။ ထိုအခါကာလမှစ၍ ထိုသူငယ်ဒြဗ်၌ အာဟာရဇရုပ်တို့သည် စ၍ ဖြစ်ကြကုန်၏။ ထိုကြောင့် သံယုတ်ပါဠိတော်၌—

ယဉ္စာယံ ဘုဉ္စတိ[1] မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော တိရော[2]။

ဟူ၍ ဟောတော်မူ၏။

အနက်ကား—အဿ၊ ထိုသူငယ်ဝတ္ထု၏။ မာတာ၊ မိခင်သည်။ ယဉ္စ အန္နံ၊ အကြင်ထမင်းအစာကိုငင်း။ ယဉ္စ ပါနံ ၊အကြင်အဖျော်ကိုငင်း။ ယဉ္စဘောဇနံ၊ အကြင်ဘောဇဉ်ကိုငင်း။ ဘုဉ္စတိ၊ စားသောက်သုံးဆောင်၏။ တေန၊ ထိုထမင်း စသော အစာဖြင့်။ မာတုကုစ္ဆိဂတောတိရော၊ အမိဝမ်းတွင်း၌တည်သော။ သော၊ ထိုသူငယ်သည်။ တတ္ထ၊ ထိုအမိဝမ်းတွင်း၌။ ယာပေတိ၊ မျှတတည်နေ၏။

သံသေဒဇပုဂ္ဂိုလ် ဩပပါတိကပုဂ္ဂိုလ်တို့ဖြစ်လျှင် မိမိတို့၏တံထွေးကို မျိုသောအခါမှစ၍သော်ငင်း၊ သို့မဟုတ် တစုံတခုရရှိသော အစာကိုမျိုသောအခါမှ သော်ငင်း အစပြု၍ အာဟာရဇရုပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

**(၄၂၀) စ၍ဖြစ်ပြီး၊မီးလျှံရေယဉ်၊ကဲ့အသွင်၊အစဉ် သွားလေက။**

ဤသို့ ပြဆိုအပ်ပြီးသောအတိုင်း စ၍ဖြစ်ပြီးသော စတုဇရုပ်တို့သည် တတွေတွေ စီးဆင်း၍နေသော မြစ်ရေအယဉ်ကဲ့သို့ငင်း တလက်လက် တောက်၍နေသောမီးတောက်ကဲ့သို့ငင်း မသေမခြင်း အစဉ်ဆက်လက်၍ ဖြစ်ပေါ်ကြကုန်၏။

ဤဖြင့် ရုပ်တို့၏ ချုပ်သောအစဉ်ကို ပြဆို၏။

**(၄၂၁) စုတိကမ္မဇရုပ်၊ အပြိုင်ချုပ်၊ ကျန်ရုပ် သိလေကြ။**

**စတုဇရုပ်တို့၏ ချုပ်စဉ်။** ။ပြဆိုခဲ့ပြီးသော စတုဇရုပ်အစဉ်တို့၏ ချုပ်ကြပုံ အစဉ်ကား—

**ကမ္မဇရုပ် ချုပ်ပုံ။** ။ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ကြကုန်၏။ ရုပ်တို့မည်သည် စိတ္တက္ခဏပေါင်း ၁၇-ချက် အသက်ရှည်ကြကုန်သောကြောင့် စုတိစိတ်နှင့် ပြိုင်၍ချုပ်ရန် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်သောစိတ်၏ ဥပါဒ်ခဏတိုင်ရုံသာ ကမ္မဇရုပ်တို့သည် ဖြစ်ကြကုန်၏။ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သောစိတ်၏ ဌီမှ စ၍ ကမ္မဇရုပ်တို့သည် အသစ်အသစ် မဖြစ်ကြကုန်ပြီဟူလို။

**စိတ္တဇ,အာဟာရဇရုပ်တို့ ချုပ်ပုံ။** ။စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည်မူကား စုတိစိတ်တိုင်အောင်ပင် ဖြစ်ခွင့်ရှိကြကုန်သေးသောကြောင့် စုတိစိတ်၏နောက် စိတ္တက္ခဏ ၁၆-ချက်ခန့်, ၁၅-ချက်ခန့်မျှ

---

၁။ သဂါထာဝဂ္ဂ၊ ဣန္ဒကသုတ်၊ ဆဋ္ဌမူ၂၀၈-၌ "ဘုဉ္စတီ"ရှိသည်။

၂။ ဆဋ္ဌမူ၌ "နရော"ဟု ရှိသည်။

တိုင်မှ ချုပ်ကြကုန်၏။ သူသေကောင်၌ပင်သော်လည်း စိတ္တက္ခဏ ၁၆-ချက်, ၁၅-ချက်ခန့်မျှ အသက်ရှည်၍ နေကြကုန်သေး၏ဟူလို။ ထိုသို့ ကြွင်းနေကြကုန်သော်လည်း စိတ္တက္ခဏ ၁၆-ချက်, ၁၅-ချက်ခန့်တို့သည် လက်ဖျစ်တတွက်ခန့်မျှ ကြာသောကာလ မဟုတ်ကြကုန်၍ မပြောပလောက်ကုန်။ အဗ္ဗောဟာရိကတို့သာ ဖြစ်ကုန်၏။

**ဥတုဇရုပ် ချုပ်ပုံ။** ။ဥတုဇရုပ်တို့သည်ကား ဂဗ္ဘသေယျက, သံသေဒဇတို့ သန္တာန်၌ဖြစ်လျှင် သေ၍ အကောင်ပုပ်ဖြစ်သည်တိုင်အောင် ကြွင်းရစ်ကြကုန်၏။ သတ္တဝါကောင်ဟူသော သညာမှကင်း၍ ဆိုရလျှင် ကမ္ဘာမပျက်မခြင်း ဥတုဇရုပ်အစဉ်တို့သည် မြေကြီးဖြစ်၍ ဆက်လက်ကြလေကုန်၏။ ဥပပါတ်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်လျှင် စုတိမှနောက်၌ မျက်တောင်တခတ်လျှပ်တပြက်ကာလ၌ အလုံးစုံ ဇာတ်သိမ်း ချုပ်ငြိမ်းကြကုန်၏။

ကာမဘုံ၌ ရုပ်ကလာပ်တို့၏ ဖြစ်မှု,ချုပ်မှု အစီအရင် ပြီး၏။

**ရူပဘုံအတွက် ကလာပ် ၁၆-စည်း။** ။ကလာပ်ပေါင်း ၂၃-စည်းတို့တွင် ဃာနဒသက, ဇိဝှါဒသက, ကာယဒသက,ဣတ္ထိဘာဝဒသက, ပုမ္ဘာဝဒသက၊ ဤကမ္မဇကလာပ် ၅-စည်း၊ အာဟာရဇကလာပ် ၂ စည်း။ ဤ ၇-စည်းသော ကလာပ်တို့ကို ကြဉ်၍ ကြွင်းသော ၁၆-စည်းသော ကလာပ်တို့ကို အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ရအပ်ကုန်၏။ ထိုကြောင့်——

(၄၂) **ဃာ,ဇိ,ကာ,ဘာ၊အာဟာရဇ၊ သတ္တကလာပ်၊ကြဉ် သောဋ္ဌသ်၊ ရအပ် ရူပမှာ။**

ဟူ၍ ဆိုတော်မူသည်။

**ရူပဘုံအတွက် ရသည့် ရုပ်ပေါင်း ၂၃။** ။ရုပ်အရေအတွက်အားဖြင့် ဃာန, ဇိဝှါ, ကာယ, ဣတ္ထိဘာဝ, ပုမ္ဘာဝ။ ဤရုပ် ၅-ခုတို့ကို ကြဉ်၍ ၂၃-ပါးသော ရုပ်တို့ကို ရအပ်ကုန်၏။

ဘာဝရုပ် ၂-ခုသည် ကာမရာဂလျှင် အကြောင်းရင်းရှိသော ကာမရာဂနိဒါနကံကြောင့် ဖြစ်ပေါ်သော ရုပ်အထူးတို့ပေတည်း။ ထိုကာမရာဂလျှင် အရင်းရှိသောကံကြောင့် ဖြစ်ပေါ်ရသော ဘာဝရုပ်တို့သည် ထိုကာမရာဂမှ ကင်း၍ ကာမဝိရာဂဘာဝနာကံကြောင့်ဖြစ်သော ရူပဘုံတို့၌ ဖြစ်ပေါ်ခွင့် မရကြကုန်။ထိုကြောင့် ရူပဘုံတို့၌ ဘာဝရုပ်,ဘာဝဒသကတို့ကို မရအပ်ကုန်သတည်း။

ရူပဘုံတို့၌ မျိုအပ် စားအပ်သော အာဟာရကို အကြွင်းမဲ့ ပယ်အပ်သောကြောင့် အာဟာရဇကလာပ်ကိုလည်း မရအပ်ပေ။ ဗဟိဒ္ဓအာဟာရကို မရ

အပ်သဖြင့် ဖြဟ္မာတို့သန္တာန်၌ရှိသော အဇ္ဈတ္တဩဇာသည်လည်း အာဟာရဇ ရုပ်ကို မဖြစ်စေနိုင်။ ထို့ကြောင့်လည်း အာဟာရဇကလာပ်ကို အကြွင်းမဲ့ ရူပဘုံ၌ ပယ်ရလေသည်။

**မူလဋီကာအလို ရူပဘုံအတွက် ရသင့် မရသင့်ရုပ်များ။** ။မူလဋီကာကို စီရင်တော်မူသော အရှင်အာနန္ဒာမထေရ်သည်ကား ရူပဘုံ၌ ရအပ်သော ကလာပ်တို့၌လည်း ဂန္ဓ,ရသ, ဩဇာတို့ကို မရအပ်ကုန်ဟူ၍ ဖွင့်ဆိုတော်မူ၏။ ထို့ကြောင့် ထိုမထေရ်၏အလိုအားဖြင့် စက္ခုဒသကကလာပ်သည် ရူပဘုံ၌ ဒသကမဟုတ်၊ စက္ခုသတ္တက ကလာပ်သာ ဖြစ်ရလေတော့၏။ သောတဒသကစသည်တို့၌လည်း ထိုနည်းတူသိလေ။ ဇီဝိတနဝက ကလာပ်သည်လည်း နဝကမဟုတ်၊ ဇီဝိတဆက္ကကလာပ်သာ ဖြစ်ရလေ၏။

ထိုမူလဋီကာဆရာသည်—

ရူပဓာတုယာ ဥပပတ္တိက္ခဏေ ကတမာနိ ပဉ္စာယတနာနိ ပါတုဘဝန္တိ။ စက္ခာယတနံ, ရူပါယတနံ, သောတာယတနံ, မနာယတနံ, ဓမ္မာယတနံ။

ပဉ္စဓာတုယော ပါတုဘဝန္တိ။ စက္ခုဓာတု, ရူပဓာတု, သောတဓာတု, မနောဝိညာဏဓာတု, ဓမ္မဓာတု။

တယော အာဟာရာ ပါတုဘဝန္တိ။ ဖဿာဟာရော, မနောသဉ္စေတနာဟာရော, ဝိညာဏာဟာရော။

ဤဓမ္မဟဒယဝိဘင်းပါဠိတော်(၄၃၃၊ ၄၃၄)တို့ကို ထောက်၍ ရူပဘုံတို့၌ ဂန္ဓ, ရသ, ဩဇာ တို့၏ မရကြောင်းကို ဖွင့်ဆိုတော်မူ၏။ ဤပါဠိတော်တို့၌ ရူပဘုံမှာ ဖောဋ္ဌဗ္ဗကို ပယ်တော်မူအပ်သော်လည်း ဖောဋ္ဌဗ္ဗကိစ္စကိုသာ ပယ်တော်မူလိုရင်း ဖြစ်၏။ မဟာဘုတ်တို့ကို ပယ်တော်မူလိုရင်းမဟုတ်၊ မဟာဘုတ်တို့မှာ ဖောဋ္ဌဗ္ဗတည်းဟူသော ကိစ္စတပါးကို ဆောင်ရွက်လျက်ရှိသောကြောင့် ရူပဘုံ၌ရှိသော မဟာဘုတ်တို့သည် ထိုဖောဋ္ဌဗ္ဗကိစ္စကို မဆောင်ရွက်ကြကုန်ဟူလို။ ဂန္ဓ, ရသ, ဩဇာတို့မှာမူကား ကိစ္စတပါး မရှိကြကုန်။ ထို့ကြောင့် ထိုဂန္ဓစသည်တို့ကို ရူပဘုံ၌ ဟောတော်မမူခြင်းသည် အလျင်းပင် ရူပဘုံ၌ ရထိုက်သောတရား မဟုတ်သောကြောင့် ဟောတော် မမူအပ်သည်ဟူ၍ သိသာ၏။ ထို့ကြောင့် ရူပဘုံ၌ ဂန္ဓ, ရသ, ဩဇာတို့ကို မရအပ်ကုန်ဟူ၍ မူလဋီကာဆရာ အလိုရှိတော်မူ၏။ မူလဋီကာဆရာ၏ အလိုအားဖြင့် ရူပဘုံ၌ ရုပ်ပေါင်း ၂၀-သာ ဖြစ်သင့်၏။

**(၄၂၃) စက်, သော, ဟ, ဇီ၊ ဤလေးလီ၊ ဖြစ်ညီ သန္ဓိမှာ။**

ဤဖြင့် ရူပဘုံ၌ ပဋိသန္ဓေအခါတွင် ရအပ်သော ကလာပ် ၄ စည်းကို ပြဆို၏။

**ရူပပုဂ္ဂိုလ်တို့အတွက် ကမ္မဇရုပ်များ။** ။ရူပါဝစရပုဂ္ဂိုလ်တို့၏ ဩပပါတိက ပဋိသန္ဓေ အခိုက်၌ စက္ခုဒသက, သောတ ဒသက, ဝတ္ထုဒသက, ဇီဝိတနဝကအားဖြင့် လေးစည်းသော ကမ္မဇ ရုပ်တို့ကို ရအပ်ကုန်၏။မူလဋီကာဆရာ၏ အလိုအားဖြင့် စက္ခုသတ္တကစသည်ဖြင့် ဆိုလေ။

**(၄၂၄) သန္ဓိဋ္ဌိမှ၊ ဥတုဇ၊ ပ ဘွင် စိတ္တဇာ။**

ဤဖြင့် ရူပဘုံ၌ ပဝတ္တိအခါ ရုပ်တို့၏ ဖြစ်ပုံကို ပြဆို၏။

ပဋိသန္ဓေ၏ ဌီမှစ၍ စုတိသည်တိုင်အောင် ပဝတ္တိဟူ၍ မှတ်အပ်၏။ ပဋိသန္ဓေ စိတ်၏ ဌီမှစ၍ ဥတုဇကလာပ်တို့သည် ဖြစ်ကြကုန်၏။ ပထမဘဝင်၏ ဥပါဒ်မှ စ၍ စိတ္တဇကလာပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။

**အသညသတ်ဘုံအတွက် ရသင့်သည့် ရုပ်ကလာပ်များ။** ။အသညသတ်ဘုံ၌ ပဋိ သ န္ဓေ အ ခါ ဇီဝိတနဝက ကလာပ်တခုကို ရအပ်၏။ ဇီဝိတနဝက ကလာပ်သည်ပင် အသည သတ်တို့၏ ပဋိသန္ဓေမည်၏။ ထိုဇီဝိတနဝက ကလာပ် တည်းဟူသော-ပဋိသန္ဓေ၏ ဌီမှစ၍ ဥတုဇကလာပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။ ဥတုဇကလာပ် ၄-စည်းတို့တွင် သဒ္ဒပါသောဥတုဇကလာပ် ၂-စည်းကို ကြဉ်၍ သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒိ ကောဒသက ကလာပ် ဤဥတုဇကလာပ် ၂-စည်းကိုသာလျှင် အသညသတ်ဘုံ၌ ရအပ်၏။ အပေါင်းအားဖြင့် အသညသတ်ဘုံ၌ ဇီဝိတနဝကဟုဆိုအပ်သော ကမ္မဇကလာပ် ၁-စည်း, ဥတုဇကလာပ် ၂-စည်း၊ ဤကလာပ် ၃-စည်းကို သာလျှင် ရအပ်၏။ မူလဋီကာဆရာ အလိုအားဖြင့် ဇီဝိတဆက္ကကလာပ် စသဖြင့် ဆိုလေသည်။ ဤအဓိပ္ပါယ်စုကို ရည်၍—

**(၄၂၅) သဒ္ဒကြဉ်ပေ၊ ဥနှစ်ထွေ၊ ဇီဝေ သုံးကလာပ်။**
**(၄၂၆) သန္ဓိ ပဝတ္တိ၊ ဆိုရိုးသိ၊ မှတ်ဘိ သညသတ်။**

ဟူ၍ဆိုတော်မူ၏။

**အသညသတ်၌ ရအပ်သောရုပ် ၁၇-ပါး။** ။ရုပ်အရေအတွက်အားဖြင့် ပသာဒ ရုပ် ၅-ခု၊ သဒ္ဒရုပ် ၁-ခု၊ ဘာဝရုပ် ၂ ခု၊ ဟဒယရုပ် ၁ ခု၊ ဝိညတ်ဒွေး ။ဤ ၁၁-ပါးသောရုပ်တို့ကိုကြဉ်၍ ၁၇ ပါးသော ရုပ်တို့ကို အသညသတ်ဘုံ၌ ရအပ်ကုန်၏။ မူလဋီကာဆရာ၏ အလိုအားဖြင့်

တဖန် ဂန္ဓ, ရသ, ဩဇာ တို့ကို ကြဉ်ပြန်၍ ၁၄ ပါးသော ရုပ်တို့ကိုသာ ရအပ်ကုန်၏။

**ရူပပုဂ္ဂိုလ်တို့၏ ရုပ်ချုပ်ပုံအစဉ်။** ။ရူပပုဂ္ဂိုလ်တို့သည် ဥပပါတ်တို့သာ ဖြစ်ကြကုန်သောကြောင့် ထိုပုဂ္ဂိုလ်တို့ စုတိကြသောအခါ ဂဗ္ဘသေယျက,သံသေဒဇ ပုဂ္ဂိုလ်တို့မှာကဲ့သို့ ပစ်ချရန် ခန္ဓာဟူ၍ အကြွင်းမရှိကြကုန်ပြီ၊ မီးတောက်ကြီး ငြိမ်းလေဘိသကဲ့သို့ စုတိသည်မှနောက်၌ မျက်တောင်တရက် လျှပ်တပြက်ခဏ၌ပင် အလုံးစုံ ချုပ်ငြိမ်း ကြကုန်၏။ ထိုကြောင့်—

(၄၂၇) ဥပပတ်မှာ၊ စုတေခါ၊ ခန္ဓာ ကြွင်းမရှိ။

ဟူ၍ဆိုတော်မူသည်။

ချုပ်ပုံအစဉ်မှာ ကာမဘုံသားတို့၏ စုတိမှာကဲ့သို့ စုတိစိတ်၏ ရှေ့ ၁၇ ချက်မြောက်သောစိတ်၏ ဌီမှစ၍ ကမ္မဇရုပ်မဖြစ်ကြကုန်။ ထိုစိတ်၏ ဥပါဒ်နှင့်ပြိုင်၍ ဖြစ်ကြကုန်သော ကမ္မဇရုပ်တို့သည် စုတိနှင့်ပြိုင်၍ ချုပ်ကြကုန်၏။ စုတိမှနောက် စိတ္တက္ခဏ ၁၆ ချက် ၁၇ ချက်ခန့်ကာလ၌ စိတ္တဇရုပ်တို့သည် ချုပ်ကြကုန်၏။ စုတိမှနောက် လက်ဖျစ်တတွက် လျှပ်ဘပြက်ကာလ၌ ဥတုဇရုပ်တို့သည် အကြွင်းမဲ့ချုပ်ကြကုန်၏။ ထိုဥပပါတ်ပုဂ္ဂိုလ်တို့၏ စုတိသည်မှ နောက်၌ အပုပ်ကောင်ခန္ဓာဟူ၍ မကြွင်းမကျန်ပြီ။ စုတိသည်မှ နောက်၌ လက်ဖျစ်တတွက်ခန့် လျှပ်တပြက်ခန့်မျှ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အစဉ်ကိုလည်း အပုပ်ကောင်ဟူ၍ မဆိုထိုက်ပြီ။ ကြည့်ရှုနေကြပါကုန်မူကား မီးတောက်၍ တပြိုင်နက်ငြိမ်းခြင်းကဲ့သို့ စုတိသည်နှင့်တပြိုင်နက် တချက်တည်းပင် ချုပ်လေသည် ကွယ်လေသည်ဟူ၍ ထင်မြင်ကုန်ရာ၏။

**ကာမဥပပါတ်ပုဂ္ဂိုလ်တို့၏ စုတိပြီး ရုပ်ကလာပ်တို့ချုပ်စဉ်။** ။ဤရူပဘုံမှာကဲ့သို့ ကာမဘုံ၌ရှိသော ဥပပါတ်ပုဂ္ဂိုလ်တို့၏ စုတိရာ၌လည်း ပြဆိုပြီးသောအတိုင်း ရုပ်ကလာပ်တို့သည် ချုပ်ကြကုန်၏။ ဥပပါတ်ပုဂ္ဂိုလ်တို့၏ ခန္ဓာကိုယ်ကောင်တို့သည် ပဋိသန္ဓေအခိုက်မှစ၍ အချင်းခပ်သိမ်း ကမ္မဇရုပ်တို့ဖြင့် တခဲနက် ပြည့်လျှံ၍ နေကြကုန်၏။ အထူးသဖြင့် ပေါ့ပါးသော ခန္ဓာအထည်တို့သာ ဖြစ်ကြကုန်၏။ ထိုဥပပါတ်ပုဂ္ဂိုလ်တို့၌ ကမ္မဇရုပ်မှတပါးသော ရုပ်တို့သည် ကမ္မဇရုပ်တို့ကို ထောက်ရာတည်ရာပြု၍ ဖြစ်ကြရကုန်၏။ ကမ္မဇရုပ်တို့ကဲ့သို့ အားမရှိကြကုန်။ ထိုကြောင့် ထိုဥပပါတ်ပုဂ္ဂိုလ်တို့ စုတိသောအခါ၌ ကမ္မဇရုပ်တို့ ချုပ်ကြလေကုန်လျှင် ကြွင်းသောရုပ်တို့သည် ထောက်ရာမရ တည်ရာမရ ရှိကြကုန်သဖြင့် ရှည်မြင့်စွာ ဆက်လက်၍ မဖြစ်နိုင်ကြကုန်ဘဲ အတန်ငယ်မျှသာ တည်ဘို့ဖြစ်ပွါး၍ အဆော

တလျှင် ချုပ်ငြိမ်း ဇာတ်သိမ်းကြရကုန်၏။ ထို့ကြောင့် ထိုဥပပါတ်ပုဂ္ဂိုလ်တို့ စုတိလေလျှင် ပစ်ချရာခန္ဓာအကောင်ဟူ၍မကြွင်းမကျန်လေသည်ဟူ၍မှတ်ရာ၏။

**ဋီကာကျော်အလို ဗြဟ္မာတို့ရုပ်ကလာပ် ချုပ်စဉ်။** ။ဤနေရာ၌ ဋီကာကျော်ဆရာသည် "မရဏကာလေ ပန ဗြဟ္မာနံ သရီရနိက္ခေပါဘာဝတော သဗ္ဗေသမ္ပိ တိသမုဋ္ဌာနာနိ ဒွိသမုဋ္ဌာနာနိ စ သဟေဝ နိရုဇ္ဈန္တိ" ဟူ၍ ဗြဟ္မာတို့ စုတိသောအခါ၌ တိသမုဋ္ဌာန်ရုပ်, ဒွိသမုဋ္ဌာန်ရုပ်တို့၏ အတူတကွ တပြိုင်နက် တချက်တည်း ပြိုင်၍ ချုပ်ကြောင်းကို ဖွင့်ဆိုမိမှားလေ၏။ တိသမုဋ္ဌာန်ရုပ် ဒွိသမုဋ္ဌာန်ရုပ်တို့၏ ထိုအခါ၌ တပြိုင်နက် ချုပ်နိုင်ရန် အချက်သည် တစုံတရာမျှ အကြောင်းမရှိချေ။ ပြဆိုပြီးသော အတိုင်းသာလျှင် ချုပ်ကြကုန်၏ ဟူ၍ မှတ်ရာ၏။

**ကာမဘုံ၌ ဇီဝိတနဝကကလာပ်ကို သီးခြားမဆိုပုံ အကြောင်း။** ။ ဤ၌ ဆိုဖွယ်အထူးကား ရူပဘုံ၌ ဇီဝိတနဝကကလာပ်ကို အသီးအခြားထုတ်နုတ်၍ ဆိုဘိသကဲ့သို့ ကာမဘုံ၌ အဘယ့်ကြောင့် ဇီဝိတနဝကကလာပ်ကို အသီးအခြားထုတ်နုတ်၍ ကာလအပိုင်းအခြားနှင့်တကွ မဆိုအပ်ပါသနည်းဟူမူ— ရူပဘုံ၌ အာဟာရတည်းဟူသော အထောက်အပံ့ ဥပတ္ထမ္ဘကလည်း မရှိ။ ဇီဝိတနဝကကလာပ်မှတပါး တခြားသော တကိုယ်လုံးကို ပြန့်နှံ့စေလျက် စောင့်နေသော အနုပါလက ဇီဝိတလည်း မရှိ။ ထို့ကြောင့် ထိုဇီဝိတနဝကသည်ပင်လျှင် ဥပတ္ထမ္ဘက, အနုပါလက အရာနှစ်ပါးတို့၌ တည်၍ ဗြဟ္မာတို့၏ ကိုယ်အလုံးကို ပြန့်နှံ့လျက် စောင့်ရှောက်ပေ၏။ ထို့ကြောင့် ဇီဝိတနဝကကလာပ်သည် ဗြဟ္မာဘုံ၌ ထင်ရှား၍ လွန်စွာ အသုံးဝင်သောတရား ဖြစ်၏။ တွင်ကျယ်သောတရား ဖြစ်၏။ ထို့ကြောင့်ပင်လျှင် ရူပဘုံ၌ အသီးအခြား အထူးအထွေ ပြုလုပ်၍ ဇီဝိတနဝက ကလာပ်ကို ဆိုရ၏။ ကာမဘုံ၌မူကား ဇီဝိတနဝကမှတပါးကုန်သော အာဟာရအစရှိကုန်သော ဥပတ္ထမ္ဘက, အနုပါလကတရားတို့သည် ထင်ရှားစွာရှိကြကုန်၏။ ဇီဝိတနဝက ကလာပ်သည် မထင်ရှားလှချေ။ ထို့ကြောင့် ကာမဘုံ၌ သာမညအရာ၌ ထား၍ ဇီဝိတနဝက ကလာပ်ကို အသီးအခြား မဆိုအပ်သည်ဟူ၍ ယုတ္တိကို ရှာဖွေရာ၏။ နာမရူပပရိစ္ဆေဒကျမ်း၌—

" ဇီဝိတနဝကံ နာမ၊ ရူပလောကေ ဝိသုံ သိယာ "။

ဟူ၍ အရှင်အနုရုဒ္ဓါဆရာ ဆိုတော်မူ၏။

အနက်ကား—ဇီဝိတနဝကံ နာမ၊ ဇီဝိတနဝကမည်သည်။ ရူပလောကေ၊ ရူပဘုံ၌။ ဝိသုံ၊ အသီးအခြား။ သိယာ၊ ဖြစ်ရာ၏။

ဇီဝိတနဝကကလာပ်သည် ရူပဘုံ၌သာ ဖြစ်၏ဟူလို။ ထိုဇီဝိတနဝကသည် ကာမဘုံ၌သော်လည်း စားသောက်သမျှ အာဟာရကို ချက်သော ပါစက

ခေတ်မီး 'ဥသ္မာ'ခေါ်သော ကိုယ်စောင့်ခေတ်မီးတို့၏ အစွမ်းအားဖြင့် ထင်ရှားရှိသည်ပင် ဖြစ်၏။ ထိုကြောင့် "အာယု ဥသ္မာ စ ဝိညာဏံ" စသော ဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူ၏။ (ဤပါဠိတော်ကို အောက်၌ပြဆိုခဲ့ပြီ)။

အာယု။ ။ဤပါဠိတော်၌ "အာယု" ဆိုသည်ကား ပါစကခေတ်မီး, ဥသ္မာခေတ်မီးနှစ်ခုတို့၌ စွဲတည်၍နေသော ဇီဝိတနဝကပင်တည်း။

ဥသ္မာ။ ။"ဥသ္မာ" ဆိုသည်ကား ပါစကခေတ်မီး ကိုယ်စောင့်ခေတ်မီးနှစ်ပါးတို့ပင်တည်း။ ထိုခေတ်မီးနှစ်ပါးတို့၏ ထက်မှု, နုံ့မှု, မညီမညွတ်မှုကြောင့် သတ္တဝါတို့၏ သန္တာန်၌ ဇီဝိတနဝကသည် ညှိုးနွမ်းခြင်း, မညီညွတ်ခြင်း ဖြစ်၏။ ထိုသို့ဖြစ်သည်ကို မကျန်းမမာဟု ခေါ်၏။

**ဇီဝိတနဝကကလာပ်နှင့် ကျန်းမာမှု။** ။ဆိုအပ်ပြီးသော ခေတ်မီးတို့၏ မနုံ့ မထက် ချိန်ဖြင့်စက်သို့ နှစ်ဖက်ညီမျှမှုကြောင့် ထိုခေတ်မီးနှစ်ပါး၌ စွဲတည်၍နေသော ဇီဝိတနဝကသည်လည်း ညီညီညွတ်ညွတ် ရှင်ရှင်လန်းလန်းဖြစ်၏။ ထိုသို့ဖြစ်သည်ကို ကျန်းမာသည် ချမ်းမြေ့သည်ဟု ခေါ်ဆိုကြ၏။ ထိုကြောင့် ထိုဇီဝိတနဝက ကလာပ်သည် အလုံးစုံသော ကိုယ်၌ ပြန့်နှံ့၍တည်ကုန်သော တေဇောကောဋ္ဌာသ,ဝါယောကောဋ္ဌာသတို့နှင့် တပေါင်းတစည်းတည်း တကိုယ်လုံး ပြန့်နှံ့၍တည်၏ ဟူ၍သာလျှင် မှတ်ရာ၏။ ဘယ်အခါကာလ၌ ကာမဘုံတွင် ဇီဝိတနဝကကလာပ် စ၍ ဖြစ်ပေါ်သည်ဟု ကျမ်းဂန်တွင်မရှိချေ။ သို့ရာတွင် ယုတ္တိကိုထောက်စာလျှင် ပါစကတေဇောခေတ်ကို မျှော်ရှု၍အာဟာရဇရုပ် စ၍ ဖြစ်ပေါ်သော သတ္တာဟ၌ပင် ဤဇီဝိတနဝက ကလာပ် စ၍ ဖြစ်ပေါ်သည်ဟူ၍ ယုတ္တိကို ရှာဖွေရာ၏။

(င) ရူပ ပဝတ္တိက္ကမ ပြီး၏။

---

## (စ) နိဗ္ဗာန်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော "နိဗ္ဗာနဒီပနီ"ကျမ်း ရှိလေပြီဖြစ်၍ နိဗ္ဗာန်ကို အကျယ် ရေးသားဖွင့်ဆိုဖွယ် မရှိချေပြီ။ သို့ရာတွင် ဤ၌အကျဉ်း ဖြစ်သော လိုရင်းအဓိပ္ပါယ်ကို ရေးသားပေအံ့။

"နိဗ္ဗာယန္တိ သဗ္ဗေ ဝဋ္ဋဒုက္ခသန္တာပါ ဧတသ္မိန္တိ နိဗ္ဗာနံ"။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဝဋ္ဋဒုက္ခသန္တာပါ၊ ဝဋ်ဆင်းရဲအပူအလောင်တို့သည်။ နိဗ္ဗာယန္တိ၊ လက်စသိမ်း၍ ငြိမ်းကြလေကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဝဋ်ဇာတ်သိမ်း၍ ငြိမ်းရာဖြစ်သောကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။

(စိတ်ပိုင်းအဖွင့်၌လည်း နိဗ္ဗာန်၏ဝိဂ္ဂဟ်ကို ပြဆိုအပ်လေပြီ)။

သံသရာအနန္တ လောကဝဋ်ဗေ့ကြီးသည် အမျိုးမျိုးသောဇာတ်ကို ခင်း၍ ပြရာ ရုပ်သေးစင်ကြီးနှင့် တူ၏။ သတ္တဝါအမျိုးမျိုး, ကမ္ဘာအမျိုးမျိုး ဖြစ်ပေါ် ချုပ်ပျက်၍နေခြင်းသည် ဇာတ်အမျိုးမျိုးထွက်၍နေသည်နှင့် တူ၏။ ထိုဇာတ် အမျိုးမျိုးတို့ကို အကြွင်းမရှိ ရုတ်သိမ်းလိုက်ခြင်းသည် အမျိုးမျိုးဖြစ်မှုမှကင်းရာ ငြိမ်းရာ နိဗ္ဗာန်ကြီးပင်တည်း။ နိဗ္ဗာန်သည် ဒုက္ခဇာတ်၏ လက်စသိမ်းမှု,သံသရာ ၏ လက်စသိမ်းမှု ပေတည်း။ ထိုကြောင့်—

(၄၂၈) ဒုက္ခခံသိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်။

ဟူ၍ ဆိုပေသည်။

## နိဗ္ဗာန်၏ အနက် ၃-ပါး

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။

(၁) သန္တိလက္ခဏံ=ဒုက္ခငြိမ်းခြင်းလက္ခဏာ ရှိ၏။

(၂) ဝဋ္ဋဒုက္ခာပနယန ရသံ=ဝဋ်ဒုက္ခအပေါင်းတို့ကို ပယ်ခြင်းကိစ္စရှိ၏။

(၃) အသင်္ခတတာ ပစ္စုပဋ္ဌာနံ=တစုံတရာသောအကြောင်းဖြင့် မပြုပြင် မစီရင်အပ်သည်၏အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။

**နိဗ္ဗာန်၌ ပဒဋ္ဌာန်မရှိပုံ။** ။နိဗ္ဗာန်မှာ အကြောင်းပဒဋ္ဌာန် မရှိ။ နိဗ္ဗာန်သည် အာရမ္မဏအကြောင်းတရားသာ ဖြစ်၏။ တစုံတရာ မျှ အကျိုးတရားတို့၌ မပါမဝင်ချေ။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် အာရမ္မဏပစ္စည်း, အာရမ္မဏာဓိပတိပစ္စည်းတို့၌ ပါဝင်၏။ တစုံတခုသော ပစ္စည်း၏ အကျိုး ပစ္စယုပ္ပန်ဘက်၌ မပါမဝင်ချေ။ ထိုကြောင့် နိဗ္ဗာန်မှာ ပဒဋ္ဌာန် မရှိလေသတည်း။

ထိုနိဗ္ဗာန်သည် လောက ၂-ပါးမှ အကြွင်းမဲ့ ကျွတ်လွတ်သောကြောင့် လောကုတ္တရာဇာတ်၌ ပါဝင်၏။ ထိုကြောင့် "ကတမေ ဓမ္မာ လောကုတ္တရာ။ စတ္တာရော စ အရိယမဂ္ဂါ၊ စတ္တာရိ စ သာမညဖလာနိ၊ အသင်္ခတာ စ ဓာတု၊ ဣမေ ဓမ္မာ လောကုတ္တရာ" ဟူ၍ အဘိဓမ္မာဝိဘင်း၌ မြတ်စွာဘုရား ဟောတော်မူ၏။ လောကုတ္တရာဓမ္မဇာတ်၌ ပါဝင်သော နိဗ္ဗာန်သည် ပညတ်မျှ မဟုတ်။ စင်စစ် သဘောအသီးအခြားဖြင့် ရအပ်သော ပရမတ္ထဓမ္မပေတည်းဟူ၍ သိသာ၏။

**နိဗ္ဗာန်သည် မျက်မှောက်ပြုအပ်သောတရား။** ။ထိုနိဗ္ဗာန်သည် လေးပါးသော မဂ်ဉာဏ်တို့၏ သစ္ဆိကရဏကိစ္စ ဖြင့် ပစ္စက္ခဒိဋ္ဌ မျက်မှောက်ပြုအပ်သောတရားလည်း ဖြစ်၏။ မျက်စိအမြင်နှင့် ပြည့်စုံသောသူသည် လပြည့်ဝန်းကို မျက်စိဖြင့် ဒိဋ္ဌပစ္စက္ခ မြင်ရဘိသကဲ့သို့ အရိ-ယာပုဂ္ဂိုလ်တို့သည်လည်း မဂ်ဉာဏ်လေးပါးတည်းဟူသော ဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခ မြင်အပ်သောတရား ဖြစ်၏။ စက္ခုမဲ့သော ဇစ္စန္ဓပုဂ္ဂိုလ်တို့သည် လပြည့်ဝန်းကို

ဒိဋ္ဌပစ္စက္ခ မမြင်အပ်သကဲ့သို့ နိဗ္ဗာန်သည် အနုပလဗ္ဘနီယဖြစ်သော ကာလပုဗ္ဗ မဟုတ်။ ပညာဝန္တ ကလျာဏပုထုဇ္ဇန်တို့သည်မူကား အနုမာနအားဖြင့် မြင်အပ်သော တရားလည်း ဖြစ်၏။ သောတာပတ္တိမဂ္ဂဝီထိ၌ ဂေါတြဘုဇောသည်လည်း ဝီထိတူဖြစ်သော မဂ်နှင့်အာရုံမပြားသင့်ရကား ပစ္စက္ခဒိဋ္ဌအားဖြင့် မြင်အပ်သည်ဟူ၍ မှတ်ရာ၏။

**နိဗ္ဗာန်သည် ဘုံ,ဇာတ်စသည်ဖြင့် ကွဲပြားမှုမရှိပုံ။** ။စိတ်အစရှိသော ဓမ္မတို့သည် ဇာတိဓမ္မ ဖြစ်လေသော ကြောင့် ဘုမ္မိ, ဇာတိ, သမ္ပယုတ္တစသော အပြားအားဖြင့်ရင်း၊ ကာလ, ဒိသာ, ဒေသ,ပုဂ္ဂလစသော အပြားအားဖြင့်ရင်း၊ အသီးသီးကွဲပြားလေကုန်ဘိသကဲ့သို့ နိဗ္ဗာန်သည် အဇာတိဓမ္မ အနုပ္ပါဒဓမ္မဖြစ်သောကြောင့် ထိုသို့ ကွဲပြားသော တရား မဟုတ်ပေ။ ထိုနိဗ္ဗာန်သည် သဘောအားဖြင့်ရင်း၊ ဝတ္ထုအားဖြင့်ရင်း တခုတည်းသာလျှင် ဖြစ်၏။ ထင်ရှားစေအံ့—အနမတဂ္ဂ အတိတ်သံသရာ ကမ္ဘာအဆက်ဆက်တို့၌ရင်း၊ ယခုကမ္ဘာ၌ရင်း၊ နောင် လာလတ္တံ့သော အနန္တ အပရိမာဏ အနာဂတ်ကမ္ဘာတို့၌ရင်း ပရိနိဗ္ဗာန်ပြုပြီး ပြုဆဲ ပြုလတ္တံ့ကုန် သော ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာသာဝကတို့၏ နိဗ္ဗာန်သည် မကွဲမပြားဘဲ တခု တည်းသာလျှင် ဖြစ်၏။

**နိဗ္ဗာန်နှင့် အနိဒ္ဒိဿိတဗ္ဗဖြစ်ပုံများ။** ။ဤနိဗ္ဗာန်သည် ဤဘုရားရသော နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် ဤပစ္စေကဗုဒ္ဓါရသော နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် ဤရဟန္တာသာဝကရသော နိဗ္ဗာန်တည်းဟူ၍ ညွှန်ပြခြင်းငှါ မတတ်ကောင်းသော အနိဒ္ဒိဿိတဗ္ဗတရားလည်း ဖြစ်၏။ ထိုကြောင့် မူလပဏ္ဏာသ ဗြဟ္မနိမန္တနိကသုတ်(၄၀၅)၌ "ဝိညာဏံ အနိ- ဒဿနံ အနန္တံ သဗ္ဗတော ပဘံ"ဟူ၍ နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို ဟောတော်မူ၏။ (အနက်ကား) ဝိညာဏံ၊ သခ်တတရားတို့၏ ချုပ်ခြင်းဖြင့် ထင်ရှားစွာ သိအပ် သော တရားတည်း။ အနိဒဿနံ၊ အစွန်းအမြိတ်နိမိတ်မှ ကင်းသဖြင့် ညွှန်ပြ ခြင်းငှါ တတ်ကောင်းရာသော တရားမဟုတ်။ အနန္တံ၊ ရှေ့နောက် အစွန်းနှစ်ပါးမှ ကင်း, ဆုန်းဆခြင်းငှါလည်း မတတ်စကောင်း။ သဗ္ဗတောပဘံ၊ ဝဏ္ဏဒုက္ခတို့နှင့် ဆန့်ကျင်ဖီလာဖြစ်၍ ကောင်းမြတ်အေးချမ်းသော ဂုဏ်ရောင်တို့ဖြင့် အချင်း ခပ်သိမ်း တထိန်ထိန် တပြောင်ပြောင် ထွန်းပ၍နေသော တရားပေတည်း။

**နိဗ္ဗာန်သည် ကာလဝိမုတ်,ဌာနဝိမုတ်ဖြစ်ခြင်း။** ။ထိုနိဗ္ဗာန်သည် အနိဒ္ဒိဿိ- တဗ္ဗဓမ္မ ဖြစ်ပေသော ကြောင့် အနမတဂ္ဂသံသရာ၌ အလုံးစုံသော အရပ်မျက်နှာတို့တွင် ဤအရပ် မျက်နှာ၌ကား မရှိ။ ဤအခါ၌ကား မရှိဟူ၍ ဆိုထိုက်သောတရား မဟုတ်။ အဘယ်ကြောင့်နည်းဟူမူ အရိယာမဂ်တရားကို ပွါးများအားထုတ်ခဲ့ပါလျှင်

အမှတ်မရှိ တခုခုသော ဒေသ,ဌာန,ကာလတို့၌ စင်စစ်ရထိုက် သိထိုက်သော တရားဖြစ်ပေသောကြောင့်တည်း။ ဝိနည်းပါဠိတော်,ဥဒါန်းပါဠိတော်,အင်္ဂုတ္တိုရ်ပါဠိတော်တို့၌လည်း—

"သေယျထာပိ ဘိက္ခဝေ ယာကာစိ လောကေ သဝန္တိယော မဟာသမုဒ္ဒံ အပ္ပေန္တိ။ ယာ စ အန္တလိက္ခာ ဓာရာ ပပတန္တိ။ န တေန မဟာသမုဒ္ဒဿ ဦနတ္တံ ဝါ ပူရတ္တံ ဝါ ပညာယတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ ဗဟူစေပိ ဘိက္ခူ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တိ။ န တေန နိဗ္ဗာနဓာတုယာ ဦနတ္တံ ဝါ ပူရတ္တံ ဝါ ပညာယတိ"ဟူ၍ ဟောတော်မူ၏။

အနက်ကား— ဘိက္ခဝေ၊ တို့။ လောကေ၊ လောက၌။ ယာကာစိ၊ အလုံးစုံကုန်သော။ သဝန္တိယော၊ ချောင်း မြောင်း မူးမြစ်တို့သည်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာသို့။ အပ္ပေန္တိ၊ အရောက်စီးဝင်ကြကုန်၏။ ယာ စ အန္တလိက္ခာဓာရာ၊ အကြင်ကောင်းကင်၌ဖြစ်သော မိုးရေအယဉ်တို့သည်လည်း။ ပပတန္တိ၊ ကျရောက်သက်ဝင်ကြကုန်၏။တေန၊ ထိုချောင်းမြောင်းမူးမြစ်တို့၏ရေ, ကောင်းကင်ရေဖြင့်။ မဟာသမုဒ္ဒဿ၊ မဟာသမုဒ္ဒရာကြီး၏။ ဦနတ္တံ ဝါ၊ ယုတ်လျော့ခြင်းသည်၎င်း။ ပူရတ္တံ ဝါ၊ ပြည့်ခြင်းသည်၎င်း။ န ပညာယတိ ယထာ၊ မထင်သကဲ့သို့။ ဘိက္ခဝေ၊ တို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ဗဟူ၊ များစွာကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ၊ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်။ စေပိ ပရိနိဗ္ဗာယန္တိ၊ အကယ်၍ပင် ပရိနိဗ္ဗာန် ဝင်စံကြစေကုန်ဦးတော့။ တေန၊ ထိုများစွာသော ရဟန်းတော်တို့၏ ပရိနိဗ္ဗာန်စံဝင်မှုကြောင့်။ နိဗ္ဗာနဓာတုယာ၊ အသင်္ခတနိဗ္ဗာန်ဓာတ်၏။ ဦနတ္တံ ဝါ၊ ယုတ်လျော့ခြင်းသည် ၎င်း။ ပူရတ္တံ ဝါ၊ ပြည့်လျှံခြင်းသည်၎င်း။ နတ္ထိ၊ မရှိ။

အင်္ဂုတ္တိုရ်အဋ္ဌကထာစသည်တို့၌လည်း အသင်္ချေတိုင်တိုင် မဟာကပ်ကြီးတို့သည် သုညကမ္ဘာဖြစ်ကြကုန်၍ ဘုရားတဆူမျှ ပွင့်တော်မမူသဖြင့် နိဗ္ဗာန်သို့ ကူးမြောက်သူ မရှိသော်လည်း နိဗ္ဗာန်သည် အချည်းနှီး ဖြစ်လေပြီ,နိဗ္ဗာနဓာတ်သည် ဆုတ်ယုတ်လျော့ပါးလေပြီဟူ၍ ဆိုခြင်းငှါ မထိုက်။ မြတ်စွာဘုရားတို့သည် ပွင့်တော်မူကုန်၍ တရားပွဲကြီး တခုတခု၌ပင်လျှင် အသင်္ချေမျှလောက် အသင်္ချေမျှလောက်ကုန်သော သတ္တဝါတို့သည် အကျွတ်တရားကို ရကုန်၍ ပရိနိဗ္ဗာန်ဝင်စံကြကုန်သော်လည်း နိဗ္ဗာန်သည် အလွန်တရာ စည်ကားသယာလေ၏။ နိဗ္ဗာနဓာတ်သည် ပြည့်လျှံမိုမောက်၍ နေ၏ဟူ၍လည်း ဆိုခြင်းငှါ မထိုက်ဟူ၍ ဖွင့်ဆိုတော်မူကြကုန်၏။ "သဗ္ဗတော ပဘံ"ဟူသော ပါဠိတော်ကို ဖွင့်ဆိုသော ဗြဟ္မနိမန္တနိကသုတ်အဋ္ဌကထာ၌လည်း နိဗ္ဗာန်သည် ထက်ဝန်းကျင်မှ

ဂုဏ်တည်းဟူသော အရောင်တို့ဖြင့် ပြောင်ပြောင်တောက်၍ နေ၏။နိဗ္ဗာနဓာတ်ထက် တောက်ပသောတရား, အရောင်ရှိသောတရား, စင်ကြယ်သောတရား ဖြူဆွသောတရားဟူ၍ တစုံတရာမျှ မရှိ။ ထိုနိဗ္ဗာန်သည် ခပ်သိမ်းသောအရပ်၌ ပင် ရှိ၏။ တစုံတခုသော ဌာန၌ မရှိဟူ၍ မဆိုထိုက်။ အလုံးစုံအနှံ့ အပြား ရှိ၏ဟူ၍ ဖွင့်ဆို၏။ဒုက္ခအမျိုးမျိုးတို့နှင့် ယှဉ်ဖက်၍ ညစ်နွမ်းလှစွာသော သင်္ခတ တရားတို့၏ ဇာတ်သိမ်းမှု ချုပ်ငြိမ်းမှု ဖြစ်ပေသောကြောင့် အမျိုးမျိုးသော ဂုဏ်ပုဒ်တို့ဖြင့် ချီးကျူးဖွင့်ဆိုသော်လည်း နိဗ္ဗာန်၏ ဂုဏ်စုသည် မကုန်မခန်း နိုင်ရာ။

**သဉပါဒိသေသနှင့် အနုပါဒိသေသ။** ။ထိုနိဗ္ဗာန်သည် တပါးတည်းသာ ဖြစ်သော်လည်း ချုပ်ခြင်းသဘောရှိသော တေကာလိကဓမ္မတို့ကို အမှီပြု၍ ထင်ရှားစွာ သိအပ်လေသော တရားဖြစ်သော ကြောင့် နိရုဒ္ဓတေကာလိကဓမ္မတို့၏ အပြားပဘေဒဖြင့် ပြားသည်ဟု တင်စား လျှင် (၁) သဉပါဒိသေသနိဗ္ဗာန် (၂) အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်ပါး ရှိ၏။ ထိုတွင် ဘဝခန္ဓာ သံသရာအကြွင်းအကျန် ရှိနေစဉ်အခါ ပေါက်ရောက်ရ ခံစံကြရသော နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်မည်၏။ ထို့ကြောင့်—

(၄၂၉) **သဉပါဒိ၊ သေသနိ၊ ကြွင်းရှိ ငါးရပ် ခန်။**

ဟူ၍ ဆိုတော်မူပေသည်။

ခန္ဓာကြွင်း ဘဝကြွင်း အလျှင်းမရှိစေဘဲ အဆုံးစွန်သော ပရိနိဗ္ဗာန် ဝင်စံမှု သည် အနုပါဒိသေသနိဗ္ဗာန် မည်၏။ ထို့ကြောင့်—

(၄၃၀) **အနုပါဒိ၊ သေသနိ၊ မရှိ ငါးရပ်ခန်။**

ဟူ၍ ဆိုတော်မူပေသည်။

ဣတိဝုတ်ပါဠိတော် ၂၂၁-၌လည်း "ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော။ ကတမာ ဒွေ၊ သဉပါဒိသေသာ စ နိဗ္ဗာနဓာတု အနုပါဒိသေသာ စ နိဗ္ဗာနဓာတု" စသည်ဖြင့် ဟောတော်မူ၏။

ဝိဂ္ဂိုဟ်ကား—**သဉပါဒိသေသ**၌ "ဉပါဒီယတိ တဏှာဒိဋ္ဌီဟိ ဘုသံ ဂဏှီယ- တီတိ ဉပါဒိ"။ တဏှာဒိဋ္ဌီဟိ၊ တဏှာဒိဋ္ဌိတို့သည်။ ဘုသံ၊ ပြင်းပြစွာ၊ ဉပါဒီယတိ ဂဏှီယတိ၊ စွဲလမ်း၍ယူအပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဉပါဒိ၊ ဉပါဒိမည်၏။ ဉပါဒိန္နခန္ဓာငါးပါးကို ရစေ။ "ဉပါဒိဧဝ ပဟီနေဟိ ကမ္မကိလေသေဟိ သေ- သောတိ သဉပါဒိသေသော"။ ဉပါဒိဧဝ၊ တဏှာဒိဋ္ဌိတို့သည် စွဲလမ်းအပ်သော ဉပါဒိမည်သော ခန္ဓာငါးပါးသည်သာလျှင်။ ပဟီနေဟိ၊ မဂ်ဖြင့်ပယ်အပ်ပြီးကုန် သော။ ကမ္မကိလေသေဟိ၊ကံကိလေသာတို့မှ။ သေသော၊ ကြွင်းကျန်သေးသည်

တည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ ဥပါဒိသေသော၊ ဥပါဒိသေသမည်၏။ မဂ်ဖြင့် ပယ်အပ်ပြီးသော ကံကိလေသာတို့မှ ကြွင်းကျန်လျက်ရှိနေသော ခန္ဓာငါးပါးကို ရစေ။

"သံဝိဇ္ဇတိ တသ္မိံသန္တာနေ ဥပါဒိသေသော ယဿာ အဓိဂတကာလေတိ သဥပါဒိသေသာ"။ ယဿာ၊ အကြင်နိဗ္ဗာနဓာတ်ကို။ အဓိဂတကာလေ၊ရရှိသော အခါ၌။ တသ္မိံသန္တာနေ၊ထိုနိဗ္ဗာန်ကိုရရှိသောပုဂ္ဂိုလ်သန္တာန်၌။ ဥပါဒိသေသော၊ ခန္ဓာအကြွင်းသည်။ သံဝိဇ္ဇတိ၊ ရှိသေး၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဥပါဒိ-သေသာ၊ သဥပါဒိသေသမည်၏။ "သဥပါဒိသေသာ စ သာ နိဗ္ဗာနဓာတု စာတိ သဥပါဒိသေသနိဗ္ဗာနဓာတု" ဟူ၍ ကမ္မဓာရည်း တွဲလေ။

**အနုပါဒိသေသ** ၌ "နတ္ထိ တသ္မိံ သန္တာနေ ဥပါဒိသေသော ယဿာ အဓိဂတကာလေတိ အနုပါဒိသေသာ"။ ယဿာ၊ အကြင်နိဗ္ဗာနဓာတ်ကို။ အဓိဂတကာလေ၊ ရရှိသောအခါ၌။ တသ္မိံသန္တာနေ၊ ထိုနိဗ္ဗာနဓာတ် ရရှိသော ပုဂ္ဂိုလ်၏သန္တာန်၌။ဥပါဒိသေသော၊ ခန္ဓာအကြွင်းသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ ထို့ကြောင့်။ အနုပါဒိသေသာ၊ အနုပါဒိသေသမည်၏။ "အနုပါဒိသေသာ စ သာ နိဗ္ဗာနဓာတု စာတိ အနုပါဒိသေသနိဗ္ဗာနဓာတု" ဟူ၍ ကမ္မဓာရည်း တွဲလေဦး။

ထိုနှစ်ပါးသော နိဗ္ဗာန်တို့တွင် သဥပါဒိသေသနိဗ္ဗာန်သည် ကိလေသာတို့၏ ချုပ်ငြိမ်းမှုဖြစ်၍ **ကိလေသနိဗ္ဗာန်** မည်၏။

အနုပါဒိသေသနိဗ္ဗာန်သည် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဖြစ်သောကြောင့် ခန္ဓနိဗ္ဗာန် မည်၏။

တနည်းကား— သဥပါဒိသေသနိဗ္ဗာန်သည် ဒိဋ္ဌဓမ္မ၌ ရအပ်သောကြောင့် **ဒိဋ္ဌဓမ္မိကနိဗ္ဗာန်** မည်၏။

အနုပါဒိသေသနိဗ္ဗာန်သည် စုတိသည်မှ နောက်၌ ရအပ်သောကြောင့် **သမ္ပရာယိကနိဗ္ဗာန်** မည်၏။

ထို့ကြောင့် ဣတိဝုတ်ပါဠိတော် ၂၂၁-၌—

"ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ သဥပါဒိသေသာ ဘဝနေတ္တိသင်္ခယာ။
အနုပါဒိသေသာ ပန သမ္ပရာယိကာ"။

ဟူ၍ ဟောတော်မူ၏။

မဂ်ခဏ၌ ကိလေသာတို့ ချုပ်ငြိမ်းမှုသည် သဥပါဒိသေသမည်၍ စုတိ၏ အခြားမဲ့၌ ဘဝခန္ဓာသံသရာ၏ ချုပ်ငြိမ်းမှုသည် အနုပါဒိသေသမည်၏။ စုတိ၏

အခြားမဲ့၌ ဖြစ်ပေါ်ကြကုန်သော ပဋိသန္ဓေ ခန္ဓာတို့မည်သည် ကိလေသာတို့ ရှိကြကုန်မှသာလျှင် ဖြစ်ပေါ်ကြကုန်၏။ ကိလေသာတို့ မရှိလျှင် ပဋိသန္ဓေခန္ဓာတို့လည်း မဖြစ်ပေါ်ကြကုန်။ ထို့ကြောင့် ပဋိသန္ဓေခန္ဓာတို့သည် ကိလေသာ ကုန်ဆုံးသည်နှင့်တပြိုင်နက် ကုန်ဆုံးကြကုန်၏ဟူ၍ ဆိုထိုက်ကုန်၏။

**ရဟန္တာတို့၏ ပစ္စုပ္ပန်ခန္ဓာ တည်နေရခြင်း။** ။စုတိတိုင်အောင် ဖြစ်နေကြကုန်သော ပစ္စုပ္ပန် ခန္ဓာအစဉ်သည် မူကား ရဟန္တာပုဂ္ဂိုလ်မှာသော်လည်း ရှေးဘဝအတိတ်က အတိတ်ကိလေသာတို့၏ နိဿန္ဒဖလ အကျိုးဆက်သာ ဖြစ်၏။ သတ္တဝါတို့၏ ဓမ္မတာသိဒ္ဓိဖြစ်၏။ ထို့ကြောင့် ကိလေသာကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်မှာသော်လည်း စုတိသည်တိုင်အောင် မပြတ်မလပ် ဖြစ်၍နေသေးသည် သာတည်း။ စုတိခဏ၌ ထိုပစ္စုပ္ပန်ခန္ဓာအစဉ်၏ ချုပ်ဆုံးမှုသည် ဓမ္မတာနိယာမပေတည်း။ စုတိသည်မှ နောက်၌ တဖန် ဘဝသစ်၏ မဖြစ်မှုသည် ရှိ၏။ ထိုသို့ တဖန်ဘဝသစ်၏ မဖြစ်ပေါ်မှုသည် ကိလေသာချုပ်မှုနှင့် တချက်တည်း ပြီးစီးလေ၏။ ကိလေသာ ချုပ်သည်နှင့်တပြိုင်နက် ချုပ်လေ၏ဟူလို။ ပဋိသန္ဓေ၏ နောက်၌ ဘဝသစ်၏ ချုပ်မှုသက်သက်မျှသာ မဟုတ်သော နောက်နောက်အနာဂတ်၌ အနမတဂ္ဂ အနန္တ အပ္ပမေယျ ဘဝသံသရာ ခန္ဓာအဆက်ဆက်၏ မဖြစ်ပေါ်ခြင်း, ချုပ်ငြိမ်းခြင်း သည်လည်း ကိလေသာ ချုပ်မှုနှင့် တချက်တည်း တလက်စတည်း ပါလေ၏။

**အာကာရအားဖြင့် နိဗ္ဗာန် ၃-မျိုး။** ။ထိုပြင် တပါးတည်းသာဖြစ်သော နိဗ္ဗာန်သည် အခြင်းအရာ အာကာရဘေဒအားဖြင့် (၁) သုညတ နိဗ္ဗာန် (၂) အနိမိတ္တ နိဗ္ဗာန် (၃) အပ္ပဏိဟိတ နိဗ္ဗာန်ဟူ၍ ၃-ပါးရှိပြန်၏။ ဤကိုရည်၍—

(၄၃၁) သုည,နိမိတ်၊ ပဏိဟိတ်၊ ဖြာစိတ် သုံး နိဗ္ဗာန်။

ဟူ၍ ဆိုတော်မူပေသည်။

**သုညတ နိဗ္ဗာန်။** ။အလုံးစုံသော သင်္ခတဓမ္မတို့သည် ပလိဗောဓနှင့်တကွ ရောနှောလျက် ရှိနေကြသောတရားတို့ ဖြစ်ကြကုန်သဖြင့် ကြောင့်ကြမှုအမျိုးမျိုးတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သော တရားတို့သာ တည်း။ ငြိမ်းချမ်းသက်သာခွင့်ကို ပေးစွမ်းနိုင်သော တရားမျိုးမဟုတ်ကြကုန်။ နိဗ္ဗာန်ဓာတ်သည်ကား ထိုသို့မဟုတ် ပလိဗောဓအမျိုးမျိုးမှ ကင်း၍ တစုံတရာ ကြောင့်ကြခြင်းနှင့်ယှဉ်သော တရားမျိုးမဟုတ်။ ပလိဗောဓတို့၏ သုဉ်းရာ ဆိတ်ရာ ဖြစ်၏။ ထို့ကြောင့် သုညတမည်ပေသည်။ "သဗ္ဗပလိဗောဓေဟိ ဝိဝိတ္တတ္တာ သုညတံ"။ သဗ္ဗပလိဗောဓေဟိ၊ အလုံးစုံသော ပလိဗောဓအမျိုးမျိုး

တို့မှ။ ဝိဝိတ္တတ္တာ၊ သည်းဆိတ်လေသောကြောင့်။ သုညတံ၊ သုညတမည်၏။ ဤကိုရည်၍—

(၄၃၂) ပလိဗောဓ၊ ကြောင့်ကြသဖွဲ့၊ ကင်းဆိတ်ညံ၊ နိဗ္ဗာန် သုညတ။

ဟူ၍ ဆိုတော်မူပေသည်။

ထင်ရှားစဉ်းအံ့ – သက္ကာယဒိဋ္ဌိတရားထင်ရှားတင်းလင်းရှိနေခဲ့လျှင် သူမိုက်တို့သန္တာန်၌ အကြင်မျှလောက်ကုန်သော ယုတ်မာညစ်ညမ်းသော အကုသိုလ်ကံတည်းဟူသော ပလိဗောဓ အပါယ်ဘေးတည်းဟူသော ပလိဗောဓတို့သည် ထင်ရှားရှိကြလေကုန်၏။ ပညာရှိတို့၏ သန္တာန်၌ကား ထို အကုသိုလ်ဘေး, အပါယ်ဘေးတို့မှ မိမိကိုယ်ကို လွတ်အောင် စောင့်ရှောက်ခြင်းငှါ အကြင်မျှလောက်ကုန်သော ကလျာဏကမ္မ ပလိဗောဓတို့သည် ထင်ရှားရှိကြလေကုန်၏။ ထိုမျှလောက်ကုန်သော ပါပ ပလိဗောဓ, ကလျာဏ ပလိဗောဓတို့သည် သက္ကာယဒိဋ္ဌိချုပ်လျှင် အလုံးစုံ ချုပ်ငြိမ်းကြလေကုန်၏။ သက္ကာယဒိဋ္ဌိချုပ်ငြိမ်းလျှင် ထိုသက္ကာယမူလဖြစ်သော ပါပပလိဗောဓ, ကလျာဏပလိဗောဓတို့ အတွက်နှင့် အမှုတခု ဂရုစိုက်ဖွယ် မရှိပြီ ဟူလို။ ထိုကြောင့် သက္ကာယဒိဋ္ဌိ၏ ချုပ်ငြိမ်းမှုသည် ထိုပလိဗောဓတို့မှ ကင်းဆိတ်မှု ဖြစ်၏။ သက္ကာယဒိဋ္ဌိချုပ်မှုသည် သုညတနိဗ္ဗာန်မည်၏ ဟူလို။ ထိုအတူ တဏှာတရားထင်ရှား ရှိနေခဲ့လျှင် မိုက်သောပညာရှိတို့၏သန္တာန်၌ တဏှာရာဂလျှင် အကြောင်းရင်းရှိကုန်သော ပါပ ပလိဗောဓ, ကလျာဏပလိဗောဓတို့သည်များစွာထင်ရှားကြကုန်၏။ထိုရာဂလျှင်အကြောင်းရင်းရှိသော ပလိဗောဓအမျိုးမျိုးတို့သည် ရာဂချုပ်လျှင် အလုံးစုံချုပ်ငြိမ်းကြကုန်၏။ ထိုကြောင့် ရာဂချုပ်ငြိမ်းမှုသည် ထိုပလိဗောဓတို့မှ ကင်းဆိတ်မှုဖြစ်၏။ ရာဂချုပ်ငြိမ်းမှုသည် သုညတနိဗ္ဗာန်မည်၏ ဟူလို။ ဒေါသချုပ်ငြိမ်းမှု, မောဟချုပ်ငြိမ်းမှု စသည်တို့၌လည်း အကျယ်သိလေ။　။သုညတပြီး၏။

**အနိမိတ္တနိဗ္ဗာန်။**　။အနိမိတ္တ၌ ဥပါဒ်ခြင်း တည်ခြင်းလျှင် အကြောင်းရင်းရှိသော ရုန့်ရင်းသော အမူအရာသည် နိမိတ္တ(နိမိတ်)မည်၏။ ဤနိမိတ်နှင့် ပြည့်စုံသော သင်္ခတတရားတို့သည် အလုံးစုံသော ကိလေသာမှုတို့၏ တည်ရာ မြေကြီးသဖွယ် ဖြစ်ကြကုန်၏။ ဇရာတရား, မရဏတရားတို့၏ တည်ရာလည်း ဖြစ်ကုန်၏။ မာရ်တရား, ရန်တရားတို့၏ တည်ရာလည်း ဖြစ်ကုန်၏။ အကျိုးမဲ့ဖြစ်ကုန်သော ရောဂါဆိုး, အနာဆိုး အမျိုးမျိုးသော ဘေးဒဏ်တို့၏ ပုန်းအောင်းရာလည်း ဖြစ်ကြကုန်၏။ ထိုကြောင့် ထိုနိမိတ်ရှိသော သင်္ခတတရားတို့ကို မာရဓေယျဟူ၍၎င်း, မစ္စုဓေယျဟူ၍၎င်း, ရောဂီဘူတဟူ၍၎င်း ဆိုအပ်ကုန်၏။

သင်္ခတတရားတို့သည် နိမိတ်ရှိကြကုန်သောကြောင့် ကာလအပြား, ဒိသာအပြား, ဒေသအပြား, သန္တာန်အပြား စသည်တို့ဖြင့် အယုတ်ဟူ၍ရင်း, အမြတ်ဟူ၍ရင်း, အလတ်ဟူ၍ရင်း အသီးသီး ကွဲပြားကြကုန်၏။ နိဗ္ဗာန်တရားသည်မူကား နိမိတ်ရှိသော သင်္ခတဘရားတို့၏ ချုပ်ငြိမ်းမှုဖြစ်သောကြောင့် နိမိတ်ရှိသောတရားမဟုတ်။ ထိုနိဗ္ဗာန်၌ နိမိတ်ခြည်သည် တစုံတခုမရှိ။ ထိုကြောင့် အနိမိတ္တမည်၏။

"နတ္ထိ တသ္မိံ နိမိတ္တန္တိ အနိမိတ္တံ"။ တသ္မိံ၊ ထိုနိဗ္ဗာန်၌။ နိမိတ္တံ၊ နိမိတ်သည်။ နတ္ထိ၊ မရှိ။ ဣတိဘသ္မာ၊ ထိုကြောင့်။ အနိမိတ္တံ၊ အနိမိတ္တမည်၏။ ထိုနိဗ္ဗာန်သည် အနိမိတ္တဓမ္မဖြစ်လေသောကြောင့် ကိလေသာအစရှိသော အကျိုးမဲ့တရားတို့၏ တည်ရာဖြစ်သော နိမိတ္တဓမ္မတို့ကို အတင်းဖျက်ဆီး သတ်ဖြတ်လျက် ထိုကိလေသာ ရောဂါဘေးဘယ အစရှိသော အကျိုးမဲ့တို့၏ မရှိခြင်း ငြိမ်းခြင်းကို ပြီးစီးစေလျက် အမြဲတည်သောတရား ဖြစ်၏။ နိမိတ်မှ ကင်းသောကြောင့် တစုံတခုသော အကျိုးမဲ့ဖြစ်သော ဘေးအပေါင်း ရန်အပေါင်းတို့နှင့် အလျှင်း မဆက်ဆံသောတရားလည်း ဖြစ်ပေ၏။ ထိုကြောင့်—

**(၄၃၃) ဘေးပေါင်းတရံ၊ မဆက်ဆံ၊ နိဗ္ဗာန် နိမိတ္တ။**

ဟူ၍ ဆိုတော်မူပေသည်။

အနိမိတ္တဓမ္မ ဖြစ်ပေသောကြောင့် ကာလဘေဒအားဖြင့်လည်း ပြားသောတရား မဟုတ်။ ဤနိဗ္ဗာန်ဓာတ်သည် ဤမည်သောကမ္ဘာ၌ ပွင့်တော်မူကြကုန်သော အတိတ်ဘုရားသခင်တို့၏ နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် အနာဂတ်ဘုရားသခင်တို့၏ နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် ပစ္စုပ္ပန်ဘုရားသခင်တို့၏ နိဗ္ဗာန်တည်းဟူ၍ ဆိုအပ်သောတရား မဟုတ်။ ဒိသာဘေဒအားဖြင့်လည်း ဤနိဗ္ဗာန်သည် အရှေ့အရပ်၌ရှိသော နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် တောင်အရပ်၌ရှိသော နိဗ္ဗာန်တည်း။ ဤသို့ စသောအားဖြင့်လည်း ပြားသောတရား မဟုတ်။ ဤနိဗ္ဗာန်သည် လူ့ပြည်၌ လူတို့၏နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် နတ်ပြည်၌ နတ်တို့၏နိဗ္ဗာန်တည်း။ ဤနိဗ္ဗာန်သည် ဗြဟ္မာပြည်၌ ဗြဟ္မာတို့၏ နိဗ္ဗာန်တည်းဟူ၍ ဒေသဘေဒ, သန္တာနဘေဒ အားဖြင့်လည်း ပြားသောတရား မဟုတ်။ ဟီန, မဇ္ဈိမ, ပဏီတ အားဖြင့်လည်း ပြားသောတရား မဟုတ်။ ဤနိဗ္ဗာန်သည် သာဝကတို့၏ နိဗ္ဗာန်ဖြစ်၍ ဟီနပေတည်း။ ဤနိဗ္ဗာန်သည် ပစ္စေကဗုဒ္ဓါတို့၏ နိဗ္ဗာန်ဖြစ်၍ မဇ္ဈိမပေတည်း။ ဤနိဗ္ဗာန်သည် သဗ္ဗညုဘုရားရှင်တို့၏ နိဗ္ဗာန်ဖြစ်၍ ပဏီတပေတည်း။ ဤသို့ခွဲ၍ဆိုအပ်သောတရား မဟုတ်ဟူလို။ ။အနိမိတ္တပြီး၏။

**အပ္ပဏိဟိတနိဗ္ဗာန်။** ။**အပ္ပဏိဟိတ** ၌ ပဏိဟိတ, ပဏိဓာန, ပဏိဓိ, ပတ္ထနာ, အာသာ, ဇိဃစ္ဆာ, ပိပါသာ ဟူသော စကားတို့သည် အနက်တူသော စကားတို့ပေတည်း။ "တောင့်တမှု" ဆိုလိုသည်။ သင်္ခတတရား

တို့မည်သည် လက်ရောက် ရအပ်ပါကုန်သော်လည်း ပျက်စီးတတ်သော အနိစ္စဓမ္မဖြစ်ကုန်သောကြောင့် အဖန်ဖန်ရခြင်းငှါ တောင့်တမှုအာသာတည်းဟူသော ဆင်းရဲဒုက္ခကို အဆင့်ဆင့် ပွါးစေကုန်၏။ တောင့်တမှု အာသာတည်းဟူသော ဒုက္ခအဆုံးမည်သည်လည်း သံသရာထဲ၌ တရံတခါမျှ မရှိ။ အလုံးစုံသော ဆင်းရဲဟူသမျှသည် တောင့်တမှု အာသာလျှင် အရင်းမူလ ရှိကြ၏။ တောင့်တမှု အာသာနှင့်တူသော ဆင်းရဲမည်သည် တစုံတရာမျှ မရှိချေ။ နိဗ္ဗာန်တရားသည်မူကား မိမိကိုယ်တိုင်ပင် တောင့်တမှုအာသာကို ပယ်ဖျောက်တတ်သောတရားဖြစ်ပေသောကြောင့် တောင့်တမှုအာသာဟု ဆိုအပ်သော တဏှာတရား, ပဏိဟိတတရားတို့ကို အကြွင်းမဲ့ ဖျက်ဆီးလျက် အမြဲတည်သောတရား ဖြစ်ပေ၏။ ထိုနိဗ္ဗာန်၌ တစုံတရာ တောင့်တမှု အာသာဟူ၍ မရှိပြီ။ အချင်းခပ်သိမ်း တောင့်တမှုမှ ကင်းငြိမ်းပေ၏။ ထိုကြောင့် အပ္ပဏိဟိတ မည်ပေသည်။ “နတ္ထိ တသ္မိံ ပဏိဟိတန္တိ အပ္ပဏိဟိတံ”။ တသ္မိံ၊ ထိုနိဗ္ဗာန်၌။ ပဏိဟိတံ၊ တောင့်တမှုသည်။ နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထိုကြောင့်။ အပ္ပဏိဟိတံ၊အပ္ပဏိဟိတ မည်၏။ အပ္ပဏိဟိတဓမ္မ ဖြစ်ပေသောကြောင့်ပင်လျှင် တစုံတရာတောင့်တမှုဟူ၍ မရှိ၊ တောင့်တမှုမရှိခြင်းကြောင့်ပင်လျှင် အမျိုးမျိုးသော ဒုက္ခတို့မှ ကင်းငြိမ်းသောတရား ဖြစ်၏။ ထိုကြောင့်—

(၄၃၄) **တောင့်တမှုပန်၊ မဆက်ဆံ၊ နိဗ္ဗာန် ပဏိဟိတ။**

ဟူ၍ ဆိုတော်မူပေသည်။

**သုခနှစ်မျိုး။**　။ဆက်၍ဆိုဦးအံ့—သုခသည် (၁) ခံစားအပ်သော=ဝေဒယိတသုခ (၂) ခံစားမှု အမျိုးမျိုးတို့မှ ငြိမ်းသော=သန္တိသုခဟူ၍ နှစ်ပါးရှိ၏။

**ဝေဒယိတသုခ။**　။ထိုတွင် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တို့ကို ရရှိ၍ ခံစား စံစားသည်၏ အစွမ်းအားဖြင့် ဖြစ်သော နှစ်သက်မှု ရွှင်လန်းမှု ပျော်မြူးမှုများသည် ဝေဒယိတသုခ မည်၏။ ထိုဝေဒယိတသုခသည် လျှပ်စစ်ကဲ့သို့၎င်း, ရေ၌ရေးအပ်သော အရေးအသားကဲ့သို့၎င်း, ခဏခြင်းခဏခြင်း ပျက်စီးတတ်သောတရားမျိုး ဖြစ်၏။ အလုံးစုံသော စည်းစိမ်ချမ်းသာ ဟူသမျှတို့သည်လည်း အနိစ္စဓမ္မတို့သာလျှင် ဖြစ်ကြကုန်၏။ ထိုစည်းစိမ်ဟူသမျှတို့သည် အဆင့်ဆင့် တိုးတက်၍ အဆုံးမရှိသော တောင့်တမှု အာသာဒုက္ခတို့ကို တိုးတက်စည်ကားစေနိုင်ကုန်၏။ ထိုကြောင့် ဝေဒယိတသုခမျိုးသည် အာသာဒုက္ခကို တိုးပွါးစေနိုင်သောကြောင့် သုခဟူ၍ မဆိုထိုက်။ စင်စစ်အမှန် ကေန်ဒုက္ခဟူ၍သာ ဆိုထိုက်သောတရား ဖြစ်၏။ ထိုကြောင့် “ယံကိဉ္စိ ဝေဒယိတံ၊ သဗ္ဗံ တံ ဒုက္ခသ္မိံ” ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

**သန္တိသုခ။** ။ဖြစ်ပြီးသောကိလေသာ, ဖြစ်ရန်ရှေးရှုတည်လာသော ကိလေသာတို့မှ ကျွတ်လွတ်မှု၊ အပါယ်ဒုက္ခစသော အမျိုးမျိုးသော ဆင်းရဲတို့မှ ကျွတ်လွတ်မှု၊ ခံစားမှုအမျိုးမျိုးတို့မှ ကျွတ်လွတ်မှုသည် သန္တိသုခမည်၏။ ငြိမ်းသောသုခ ဆိုလိုသည်။ ထိုသန္တိသုခသည်ပင်လျှင် စင်စစ်အားဖြင့် ချမ်းသာသောကြောင့် ဧကန္တသုခမည်၏။ ချမ်းသာမှုအမွေးမလဲ, တသမတ်တည်း တည်ခိုင်သောကြောင့် အစလသုခ မည်၏။ နိဗ္ဗာန်၌ရှိသော ချမ်းသာ သည်ကား ထိုသန္တိသုခကြီးပင်တည်း။ ထိုသန္တိသုခကို မရကြကုန်သော ပုထုဇ္ဇန်တို့သည် လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာစည်းစိမ်တို့ကို ခံစားကြဆဲဖြစ်ကုန်သော်လည်း တဆင့်ထက်တဆင့် တောင့်တမှုအာသာဒုက္ခတို့ဖြင့် ပြည့်လျှံ၍သာ နေကြကုန်၏။ တောင့်တမှုရှိသမျှ ကာလပတ်လုံးလည်း အဝီစိငရဲဘေးစသော အမျိုးမျိုးသော ဘေးရန်တို့သည် မိမိတို့၏ရှေ့ပါး၌ မားမားမတ်မတ် ရပ်တည်လျက်ရှိကြကုန်သည်သာဟူ၍ ဆိုထိုက်ကုန်၏။ ထိုကြောင့် အပ္ပဏိဟိတဟူသော ပုဒ်သည် ဝေဒယိတသုခလျှင် အကြောင်းမူလရှိကုန်သော အလုံးစုံသော အာသာဒုက္ခတို့မှ ချုပ်ငြိမ်းမှု "သန္တိသုခ"ကို ပြတတ်သော နိဗ္ဗာန်၏ ဂုဏ်ပုဒ်ကြီးတခုပင်တည်း။

**သစ္ဆိကရဏ ၂-မျိုး။** ။ဆက်ဦးအံ့—အနမတဂ္ဂသံသရာ၌ အဇ္ဈတ္တသန္တာန်ဝယ် အနုသယဓာတ်အနေအားဖြင့် အမြဲ ကိန်းဝပ်၍လာကုန်သော ကိလေသာဓာတ်တို့၏ မဂ်ခဏ၌ အကြွင်းမဲ့ ချုပ်ဆုံးမှုမည်သည် ရှိ၏။ ထိုသို့ အကြွင်းမဲ့ ချုပ်ဆုံးမှုသည် တခုသော ဓမ္မဓာတ်, တခုသော ပရမတ်ကြီး ပေတည်း။ ခယဋ္ဌ, နိရောဓဋ္ဌသဘောအားဖြင့် ရအပ်သော တရားအသီးအခြား ပေတည်း။ သစ္ဆိကရဏကိစ္စဖြင့် စင်စစ် ရအပ်သောကြောင့် ပညတ်တရား မဟုတ်။ နိဗ္ဗာန်၏ သစ္ဆိကရဏကိစ္စသည် ကာယသစ္ဆိကရဏ, ဉာဏသစ္ဆိကရဏ ဟူ၍ နှစ်ပါးရှိ၏။

**ကာယသစ္ဆိကရဏ။** ။ထိုတွင် အနမတဂ္ဂသံသရာ၌ အဇ္ဈတ္တသန္တာန်ဝယ် အမြဲ မပြတ် ပူလောင်စေလျက် အပူတိုက်၍ လာကြကုန်သော ကိလေသာတရားတို့၏ မဂ်ခဏ၌ အဇ္ဈတ္တသန္တာန်ဝယ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည် ကိုယ်တွေ့ချုပ်ငြိမ်းမှုဖြစ်ပေ၍ ကာယသစ္ဆိကရဏမည်၏။

**ဉာဏသစ္ဆိကရဏ။** ။ထိုသို့ ကိလေသာတို့၏ ချုပ်ငြိမ်းမှုကို ကိုယ်တွေ့ဖြစ်ပြီး၍ တဖန် ဉာဏ်ဖြင့် ဆင်ခြင်ပြန်သည်ရှိသော် ငါ့မှာ ကိလေသာတို့ ချုပ်ငြိမ်းကြပေကုန်ပြီဟူ၍ ဉာဏ်တွေ့ တွေ့၍ သိမြင်ရလေ၏။ ဤသို့ ဉာဏ်တွေ့ သိမြင်မှုသည် ဉာဏသစ္ဆိကရဏမည်၏။

ထိုတွင် ကာယသစ္ဆိကရဏသည် အဆုံးမရှိ အတိုင်းမသိ အနန္တအပရိမာဏ ဖြစ်သော ဝဋ္ဋဒုက္ခကို ကုန်စေ၏။ ဉာဏသစ္ဆိကရဏသည် အနပ္ပကမ်း များပြား လှစွာသော ပီတိသောမနဿတို့ကို ဖြစ်စေ၏။ ပညတ်တရားတို့၌ကား ဤသို့သော သစ္ဆိကရဏမျိုး မရှိလေ။

**နိဗ္ဗာန်သည် တုစ္ဆ,သုညမဟုတ်။** ။ထိုချုပ်ဆုံးမှုသည် သုညတဓမ္မဖြစ်လေ သောကြောင့် ပညာနုံ့သော မန္ဒဗုဒ္ဓိ ပုဂ္ဂိုလ်တို့မှာ ထိုနိဗ္ဗာနဓာတ်သည် အချည်းနှီး အသုံးမကျသော တုစ္ဆ, သုည, နိရတ္ထကဟု မှတ်ထင်သောသညာ ဖြစ်တတ်ချေ၏။ ထိုချုပ်ဆုံးမှုသည် အနိမိတ္တ ဓမ္မ ဖြစ်လေသောကြောင့် မန္ဒဗုဒ္ဓိတို့၏ဉာဏ်၌ ထိုနိဗ္ဗာနဓာတ်သည် အဘာဝမတ္တ မျှသာတည်း။ ပရမတ္ထအားဖြင့် လင်ရှားရှိသော တရားမျိုး မဟုတ်ဟူ၍ မှတ် ထင်သောသညာ ဖြစ်တတ်ချေ၏။ ထိုချုပ်ဆုံးမှုသည် အပ္ပဏိဟိတဓမ္မဖြစ်လေ သောကြောင့် တဏှာ၏အလိုသို့ လိုက်ကြရကုန်သော တဏှာဒါသ တဏှာ့ကျွန် တို့သည် ထိုနိဗ္ဗာန်၌ တစုံတရာ ချမ်းသာမည်သည် မရှိဟူ၍ မှတ်ထင်ကြကုန်၏။

**ကေစိဝါဒ။** ။အကြင်သူတို့သည် ဤသို့ အယူရှိတတ်ကြကုန်၏။ "ပြဆိုခဲ့ပြီး သော ချုပ်ဆုံးမှုနိရောဓသည် နိဗ္ဗာန်မဟုတ်, မရှိခြင်းသက်သက် မျှသာဖြစ်သော အဘာဝပညတ်သာတည်း။ နိဗ္ဗာန်မည်သည် ဂမ္ဘီရစသော များလှစွာသော ဂုဏ်တို့၏တည်ရာ ဖြစ်၏။ အဘာဝမတ္တဖြစ်သော နိရောဓသည် ထိုဂုဏ်တို့၏တည်ရာ မဟုတ်။ "နိဗ္ဗာနံ ပရမံ သုခံ"ဟူ၍ ဟောတော်မူသော ကြောင့် ထိုနိရောဓမတ္တ၌ တစုံတခုသောချမ်းသာမည်သည် ရှိ၏ဟူ၍ မဆိုထိုက်။ ထိုကြောင့် ချုပ်ဆုံးမှုနိရောဓသည် နိဗ္ဗာန်မဟုတ်သော နိရောဓပစ္စယဟုဆိုအပ် သော ချုပ်ဆုံးမှု၏အကြောင်းသည် ရှိ၏။ ထိုနိရောဓပစ္စယ၏ အစွမ်းအားဖြင့် ချုပ်ဆုံးမှုမည်သည် ဖြစ်ရ၏။ ထိုကြောင့် ထိုနိရောဓပစ္စယဟု ဆိုအပ်သော ချုပ်ကြောင်း ငြိမ်းကြောင်းသည်သာလျှင် နိဗ္ဗာန်မည်၏" ဟူ၍ အယူရှိကြ ကုန်၏။

ထိုသူတို့၏စကားကို ဤသို့ ဖြေကြားရာ၏။ နိဗ္ဗာန်၏ဂုဏ်ပုဒ်တို့ဆိုသည်ကား အနန္တဖြစ်သော ဝဋ္ဋဓမ္မတို့၏ ဆန့်ကျင်ဘက်အနေအားဖြင့် ပြီးစီးသော ဂုဏ်ပုဒ် တို့သာတည်း။ အခြားသော ဂုဏ်ပုဒ်တို့ မဟုတ်ကုန်။ ဝဋ္ဋဓမ္မဟုဆိုအပ်ကုန်သော သင်္ခတတရားတို့၌ အကြင်မျှလောက်ကုန်သော မကောင်းသော ဂုဏ်ပုဒ်တို့ကို ရအပ်ကုန်၏။ ထိုဂုဏ်ပုဒ်တို့နှင့် ဆန့်ကျင်ဘက်အားဖြင့် ထိုမျှလောက်ကုန်သော ကောင်းမြတ်သော ဂုဏ်ပုဒ်တို့ကို နိဗ္ဗာနဓာတ်၌ ရအပ်ကုန်၏။ ဥပမာ—တေဘူ မကဝဋ္ဋတရားတို့၌ သင်္ခတဟူသောပုဒ်သည် နိဗ္ဗာန်၌ အသင်္ခတဖြစ်လေ၏။ ရာဂ ဟူသောပုဒ်သည် ဝိရာဂဖြစ်လေ၏။ ဒုက္ခဟူသောပုဒ်သည် သုခဖြစ်လေ၏။ ဥပ္ပါဒဟူသောပုဒ်သည် နိရောဓဖြစ်လေ၏။ ဤသို့စသည်ဖြင့် ဝေဖန်လေ။

ထိုချုပ်ငြိမ်းမှုတည်းဟူသော ခယဓမ္မနိရောဓသည် သီးခြားသော ဓမ္မ၏ အဖြစ်ဖြင့် သိနိုင်ခဲ၍ နက်နဲသောတရား ဖြစ်၏။ ထိုသို့ နက်နဲသောကြောင့်ပင် လျှင် နိရောဓကို ပညတ်ဟူ၍ ချော်ချော်ချွတ်ချွတ် မှတ်မှားကြလေကုန်၏။ ထိုကြောင့် နိဗ္ဗာန်သည် ဂမ္ဘီရစသော များစွာသော ဂုဏ်ပုဒ်တို့၏တည်ရာ ဖြစ်ပေ၏။ သန္တိသုခမည်သည် အလုံးစုံသောဝဋ္ဋတရားတို့၏ ငြိမ်းခြင်းမျှသာတည်း။ ထိုဝဋ္ဋတရားတို့၏ ငြိမ်းခြင်းသည်ပင် စင်စစ် သုခမည်လေသည်။ ထိုကြောင့် "တေသံ ဝူပသမော သုခေါ" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ထိုကြောင့် သန္တိသုခသည် ဝဋ္ဋဒုက္ခ၌ အကျုံးဝင်ကုန်သော အလုံးစုံသော ဝေဒယိတသုခတို့ထက် အဆများစွာ သာလွန်မြင့်မြတ်သော ချမ်းသာကြီးပင် ဟူ၍ ထင်ရှားသိသာ၏။

**နိဗ္ဗာန်ထင်ရှားရှိပုံ။** ။နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် ထင်ရှားရှိကြောင်း သက်သေဖြစ်သော သုတ္တန်ပါဠိတော်၌ကား "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ" စသော ဥဒါန်းပါဠိတော်ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ အဇာတံ၊ မဖြစ်ခြင်းအဇာတသဘောသည်။ အတ္ထိ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိပေ၏။ အဘူတံ၊ မဖြစ်ခြင်း အဘူတသဘောသည်။ အတ္ထိ၊ ရှိပေ၏။ အကတံ၊ မပြုခြင်းအကတသဘောသည်။ အတ္ထိ၊ ရှိပေ၏။ အသင်္ခတံ၊မပြုမပြင်ခြင်း,မစီရင်ခြင်းအသင်္ခတသဘောသည်။ အတ္ထိ၊ရှိပေ၏။ (ဤကားအနက်)

ဤပါဠိတော်၌ ဝိဂ္ဂိုဟ်ကား "အဇနနံ အဇာတံ"။ အဇနနံ၊ မဖြစ်ခြင်း။ အဇာတံ၊ မဖြစ်ခြင်း။ ဇာတိ၏ကုန်ဆုံးခြင်း ဆိုလိုသည်။ "အဘဝနံ အဘူတံ"။ အဘဝနံ၊ မဖြစ်ခြင်း။ အဘူတံ၊ မဖြစ်ခြင်း။ အဘာဝဆိုလိုသည်။ "အကရဏံ အကတံ"။ အကရဏံ၊ တစုံတခု မပြုခြင်း။ အကတံ၊ တစုံတခု မပြုခြင်း။ "အသင်္ခရဏံ အသင်္ခတံ"။ အသင်္ခရဏံ၊ မပြုမပြင် မစီရင်ခြင်း။ အသင်္ခတံ၊ မပြုမပြင် မစီရင်ခြင်း။ ဖြစ်ပေါ်စေခြင်းငှါရင်း၊ တည်တံ့စေခြင်းငှါရင်း အမှုစိုက်ခြင်း ပြုပြင်ခြင်းမှ ကင်းသည်ဟူလို။

အဓိပ္ပါယ်ကား—သင်္ခတတရားတို့မည်သည် အကြောင်းရှိလျှင် ဖြစ်ပေါ်ကြကုန်၏၊ အကြောင်းမရှိလျှင် မဖြစ်ပေါ်ကြကုန်။ **အသင်္ခတတရား** တို့မှာ ဖြစ်ပေါ်ခြင်းရှိသကဲ့သို့ မဖြစ်ပေါ်ခြင်းလည်း ရှိသည်သာဖြစ်၏။ ထိုသင်္ခတတရားတို့၏ မဖြစ်ပေါ်ခြင်းသည် ပရမတ္ထအားဖြင့်ထင်ရှားရှိသည်သာတည်း။ အကယ်၍ သင်္ခတတရားတို့ မဖြစ်ပေါ်ခြင်းဟုဆိုအပ်သော အဇာတသည် အချင်းခပ်သိမ်း မရှိခဲ့၊ ဇာတသာလျှင် ရှိခဲ့သည် ဖြစ်ငြားအံ့။ ဤသို့ဖြစ်လျှင် မိမိသန္တာန်၌ရှိသော ကိလေသာတို့ကို မဖြစ်ပေါ်စိမ့်သောငှါ ကျင့်ကြံအားထုတ်ကြကုန်သော သူတော်ကောင်းတို့၌သော်လည်း ကိလေသာတရားတို့သည် မဖြစ်ပေါ်ဘဲ မနေကြ

ကုန်ရာ။ဖြစ်ပေါ်၍သာ နေကြကုန်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ—အဇာတ မရှိ ဇာတသဘော ရှိသောကြောင့်တည်း။ ထိုအတူ အလုံးစုံသော ဒုစ္စရိုက်တို့ကို မဖြစ်ပေါ်အောင် အားထုတ်မှု၊ ဝဋ္ဋဒုက္ခတို့ကို မဖြစ်ပေါ်အောင် အားထုတ်မှု၊ ပစ္စက္ခဘဝ၌ အလုံးစုံသော ရောဂါဥပဒ်တို့ကို မဖြစ်ပေါ်အောင် အားထုတ်မှု တို့၌လည်း သိလေ။

ဤကဲ့သို့ ဇာတသဘောသာရှိ၍ တဖြည်းဖြည်းဖြစ်၍သာ နေခဲ့ပါကုန်လျှင် ဤလောက၌ သူတော်တကာတို့၏ ကြိုးစားအားထုတ်မှုဟူသမျှတို့သည် အကျိုး မများ အလကားတို့သာ ဖြစ်ကုန်ရာ၏။ ဤသို့သော အနက်သဘောကို ရည် တော်မူ၍ ယခင်ပါဠိတော်၌—"နော စေ တံ ဘိက္ခဝေ အဘဝိဿ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ နယိဓ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယေထ"ဟူ၍ ဟောတော်မူ၏။ (အနက်ကား) ဘိက္ခဝေ၊ တို့။ တံ အဇာတံ၊ ထိုအဇာတသဘောသည်။ တံ အဘူတံ၊ ထိုအဘူတသဘောသည်။ တံ အကတံ၊ ထိုအကတသဘောသည်။ တံ အသင်္ခတံ၊ ထိုအသင်္ခတသဘောသည်။ နော စေ အဘဝိဿ၊ အကယ်၍ မရှိခဲ့သည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ဖြစ်သည်ရှိသော်။ ဣဓ ဇာတဿ၊ ဤဇာတသဘော၏။ ဣဓ ဘူတဿ၊ ဤဘူတသဘော၏။ ဣဓ ကတဿ၊ ဤ ကတသဘော၏။ ဣဓ သင်္ခတဿ၊ ဤ သင်္ခတ သဘော၏။ နိဿရဏံ၊ ထွက်မြောက်မှုမည်သည်။ န ပညာယေထ၊ တစုံတရာမျှ မထင်ခဲ့လေရာ။ စင်စစ်မှုချမူကား အဇာတသဘောသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏။ ထိုကြောင့် မိမိသန္တာန်၌ မဖြစ်စေလိုသော တရားတို့ မဖြစ်ပေါ် အောင် ကျင့်ကြံအားထုတ်လျှင် အလျင်းပင် မဖြစ်ပေါ်ကြကုန်။ ဤသို့ဖြစ်၍ အလုံးစုံသော သူတော်တကာတို့၏ ကျင့်ကြံအားထုတ်မှု ပဋိပတ်တို့သည် အကျိုး ရှိကြကုန်သည်သာ ဖြစ်၏။

ဤအဓိပ္ပါယ်ကို ရည်တော်မူ၍ ယခင်ပါဠိတော်၌ "ယသ္မာ စ ခေါ ဘိက္ခဝေ အတ္ထိ အဇာတံ အဘူတံ အကတံ အသင်္ခတံ။ တသ္မာ ဇာတဿ ဘူတဿ ကတဿ သင်္ခတဿ နိဿရဏံ ပညာယတိ"ဟူ၍ ဟောတော်မူ၏။ (အနက်ကား) ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ ယသ္မာစ၊ အကြင်ကြောင့်လျှင်။ အဇာတံ၊ အဇာတ သဘောသည်။ အဘူတံ၊ အဘူတသဘောသည်။ အကတံ၊ အကတသဘော သည်။ အသင်္ခတံ၊ အသင်္ခတသဘောသည်။ အတ္ထိ၊ ထင်ရှားရှိ၏။ တသ္မာ၊ ထို ကြောင့်။ ဇာတဿ၊ ဇာတသဘော၏။ ဘူတဿ၊ ဘူတသဘော၏။ ကတဿ၊ ကတသဘော၏။ သင်္ခတဿ၊ သင်္ခတသဘော၏။ နိဿရဏံ၊ ထွက်မြောက်မှု သည်။ ပညာယတိ၊ ထင်ရှား၏။ ဤစကားရပ်ဖြင့် "အဝိဇ္ဇာနိရောဓာ သင်္ခါရ-နိရောဓော။ ပ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ"

ဟူ၍ ဟောတော်မူအပ်သော သခ်တမှ ဒုက္ခဝဋ်စု ချုပ်ငြိမ်းမှုသည် ပရမတ္ထအားဖြင့် ထင်ရှားရှိ၏ဟူ၍ ပြဆို၏။

**နိရောဓ ၂-မျိုး။** ။နိရောဓသည် ဇာတနိရောဓ, အဇာတနိရောဓဟူ၍ နှစ်ပါး ရှိ၏။

**ဇာတနိရောဓ။** ။ထိုတွင် ဖြစ်ပေါ်၍ ဥပါဒ်ပြီး၍ ချုပ်ခြင်းသည် ဇာတနိရောဓမည်၏။ မစ္စု, မရဏ, ဘင် ဆိုသည်ကား ထိုဇာတနိရောဓ၏ အမည်တို့ပေတည်း။

**အဇာတနိရောဓ။** ။အဇ္ဈတ္တသန္တာန်၌ အကျုံးဝင်ကုန်သော ကိလေသာစသော တရားတို့၏ ဥပါဒ်သို့မရောက်ဘဲ အကြွင်းမဲ့ ချုပ်ခြင်းသည် အဇာတနိရောဓမည်၏။ တဏှာက္ခယ, ဝိရာဂ, နိရောဓ, နိဗ္ဗာန စသည်တို့ကား ထိုအဇာတနိရောဓ၏ အမည်တို့ပေတည်း။

ဤနိဗ္ဗာန်ကို ဖွင့်ပြသော အရာ၌ကား ဤအဇာတနိရောဓကို လိုအပ်၏။ ဤအဇာတ နိရောဓသည်ပင်လျှင် ပလိဗောဓ အမျိုးမျိုးမှ ကင်းဆိတ်သောကြောင့် သုညတလည်း မည်၏။ နိမိတ်မရှိခြင်းကြောင့် အနိမိတ္တလည်း မည်၏။ တောင့်တမှု အာသာ ပဏိဟိတမှု ကင်းသောကြောင့် အပ္ပဏိဟိတလည်း မည်၏။

( ၈ ) နိဗ္ဗာန် ပြီး၏။

ရုပ်ပိုင်း ဋီကာ ပြီး၏။

# ၇-သမုစ္စည်းပိုင်း ဋီကာ

## (က) အကုသလသင်္ဂဟ

(၄၃၅) ကာမ,ဘဝ၊ ဒိဋ္ဌိ,အဝိဇ္ဇာ၊ ဩဃလေးဖြာ၊ စဉ်ကာ မူလထား။
(၄၃၆) ဩဃ,ယောဂါ၊ အာသဝါ၊ သုံးဖြာ လေးစီပွါး။

ဤဖြင့် ကာမောဃ,ဘဝေါဃ,ဒိဋ္ဌောဃ,အဝိဇ္ဇောဃ တည်းဟူသော ဩဃ လေးပါး။ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ တည်းဟူသော ယောဂလေးပါး။ ကာမာသဝ,ဘဝါသဝ,ဒိဋ္ဌာသဝ,အဝိဇ္ဇာသဝ တည်းဟူသော အာသဝတရား လေးပါးတို့ကို ပြဆို၏။

(၄၃၇) အသေသတ်နှစ်၊ ဖွဲ့ပူးရစ်၊ မှူး,ယစ်, စီး,ထုံ,ငြား။

ဤဖြင့် ဩဃ,ယောဂ,အာသဝတို့၏ သဘောအဓိပ္ပါယ်ကို ပြ၏။ ဩဃသည် အသေသတ်,နှစ်တတ်၏။ ယောဂသည် ဖွဲ့တတ် ပူးတတ် ရစ်ပတ်တတ်၏။ အာသဝသည် ယိုစီးတတ်၏၊ မူးယစ်စေတတ်၏။ ထုံစိမ်တတ်၏ ဟူလို။

### ဩဃလေးပါး

ဩဃ ၌ "အတ္တနိ ပတိတံ ဇနံ အနဿာသိကံ ကတွာ အဇ္ဈောတ္ထရန္တော ဟနတိ မာရေတီတိ ဩဃော"။ အတ္တနိ၊ မိမိ၌။ ပတိတံ၊ ကျရောက်သော။ ဇနံ၊ သတ္တဝါကို။ အနဿာသိကံ ကတွာ၊ သက်သာခွင့်မရှိအောင် ပြု၍။ အဇ္ဈောတ္ထရန္တော၊ လွှမ်းမိုးလျက်။ ဟနတိ မာရေတိ၊ သတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဩဃော၊ ဩဃမည်၏။ ပကတိဖြစ်သော ဝဲဩဃကြီးကို ရစေ။ "အဝဟနနဋ္ဌေန ဒုတ္တရဋ္ဌေန စ ဩဃသဒိသာတိ ဩဃာ"။ အဝဟနနဋ္ဌေန စ၊ အတင်းနှစ်၍ သတ်တတ်သောကြောင့်ရင်း။ ဒုတ္တရဋ္ဌေနစ၊ ကူးမြောက်နိုင်ခဲသဖြင့်ရင်း။ ဩဃ-သဒိသာ၊ ဝဲဩဃကြီးနှင့်တူကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဩဃာ၊ ဩဃတို့ မည်ကုန်၏။ သမုဒ္ဒရာကြီးအတွင်း၌ရှိသော ဝဲဩဃဗွက်ကြီးသည် မိမိအပေါ်၌ ကျရောက်လေသမျှသော သတ္တဝါတို့ကို အတင်းနှစ်၍ သတ်တတ်သကဲ့သို့ရင်း, ကူးမြောက်ခြင်းငှါလည်း ခဲယဉ်းသကဲ့သို့ရင်း ကာမောဃစသော ဩဃကြီးလေးပါးတို့သည် မိမိတို့နှင့် ဆက်ဆံသမျှသော သတ္တဝါတို့ကို ဒုက္ခအတွင်း၌ အတင်းနှစ်၍လည်း သတ်တတ်ကုန်၏၊ ကူးမြောက်ခြင်းငှါလည်း ခဲယဉ်းကြကုန်၏။ ထိုကြောင့် ကာမောဃစသော တရားလေးပါးတို့သည် ပကတိဝဲဩဃကြီးနှင့် တူကြပေကုန်၏။

ထိုကာမောဃ စသည်တို့သည် ဝဲဩဃနှင့်တူကုန်၏ ဆိုသော်လည်း ပကတိ ဝဲဩဃထက်ပင် ဆိုးညစ်ယုတ်မာလှကုန်၏။ ပကတိဝဲဩဃသို့ ကျရောက်သော

သူသည် တဘဝတွင်သာ သေဆုံးရ၏။ ဤဝဲဩဃသို့ ကျရောက် မှုကြောင့် အပါယ်သို့ရောက်ရခြင်း, သံသရာ၌ အမျိုးမျိုးသော ဒုက္ခတို့ကို ခံစားရခြင်းတို့သည်ကား မရှိခဲ့လေ။ ကာမောဃစသည်တို့သည်ကား မိမိတို့နှင့် ဆက်ဆံသောသူတို့ကို တဘဝနှင့် မပြီး, ဘဝအရာနှင့် မပြီး၊ ဘဝများစွာ ကမ္ဘာများစွာ အတင်းနှစ်၍နှစ်၍ သတ်တတ်ကုန်၏။ သံသရာထဲ၌ အမျိုးမျိုးသော ဒုက္ခဝန်ထုပ်တို့ကိုလည်း ပေးကြကုန်၏။ ထိုကြောင့် ကာမောဃစသော ဩဃတို့သည် ပကတိဝဲဩဃထက်ပင် ယုတ်မာဆိုးညစ်လေကုန်သည်။

**ကာမောဃ**။ ။"ကာမောဃော ဩဃောတိ ကာမောဃော"။ ဝိဂ္ဂဟ်ဆိုလေ။ ကာမာဝစရ တရားတို့၌ သာယာတတ်သော တဏှာသည် ကာမောဃမည်၏။

**ဘဝေါဃ**။ ။မဟဂ္ဂုတ်ကုသိုလ်တည်းဟူသော ကမ္မဘဝ, မဟဂ္ဂုတ်ဝိပါက်တည်းဟူသော ဥပပတ္တိဘဝစုကို ဤနေရာ၌ ဘဝဟူ၍ ဆိုအပ်၏။ ထိုဘဝသစ်၌ သာယာတပ်မက်သော တဏှာသည် ဘဝေါဃမည်၏။

**ဒိဋ္ဌောဃ**။ ။အမှတ်မရှိသော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌောဃမည်၏။

**အဝိဇ္ဇောဃ**။ ။အမှတ်မရှိသော မောဟစေတသိက်သည် အဝိဇ္ဇောဃမည်၏။

**ဩဃတရားကိုယ်**။ ။တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ သုံးပါးတို့ပေတည်း။ ။ဩဃပြီး၏။

## ယောဂလေးပါး

**ယောဂ**၌ "ဝဋ္ဋသ္မိံ ဝါ ဘဝယန္တကေ ဝါ သတ္တေ ယောဇေန္တီတိ ယောဂါ"။ ဝဋ္ဋသ္မိံ ဝါ၊ ဝဋ်ဆင်းရဲ၌၎င်း။ ဘဝယန္တကေ ဝါ၊ ဘဝစက်ယန္တရား၌၎င်း။ သတ္တေ၊ သတ္တဝါတို့ကို။ ယောဇေန္တိ၊ ယှဉ်စေတတ်ကုန်၏။ ဝါ၊ ကတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ယောဂါ၊ ယောဂမည်ကုန်၏။ ထမ်းပိုးခွင်၌ မြင်းတို့ကို၎င်း, နွားတို့ကို၎င်း တပ်၍ က၍ ထားကုန်ဘိသကဲ့သို့ ယောဂလေးပါးတို့သည် သတ္တဝါတို့ကို ဝဋ္ဋဒုက္ခ ဘဝစက်ယန္တရားကြီး၌ တပ်၍ က၍ ထားတတ်ကုန်၏။ ကာမယောဂစသည်တို့၌ တရားကိုယ်ကောက်ပုံမှာ ဩဃ၌ ပြဆိုခဲ့ပြီးသော အတိုင်းပင်တည်း။ ။ယောဂပြီး၏။

## အာသဝလေးပါး

**အာသဝ**၌ ရှည်မြင့်စွာ စိမ်ထုံအပ်သော အနက်ကြောင့်၎င်း, မူးယစ်စေတတ်သော အနက်ကြောင့်၎င်း စိမ်ရည်အရက်တို့သည် အာသဝမည်ကုန်၏။

လောဘစသော တရားကိုယ် ၃-ပါးတို့သည်လည်း ရှည်မြင့်စွာလည်း စိမ်ထုံအပ်ကုန်၏။ သတ္တဝါတို့ကိုလည်း ယစ်မူးစေတတ်ကုန်၏။ ထိုကြောင့် စိမ်ရည်အရက်တို့နှင့် တူကုန်၏။ ထိုကြောင့်ပင်လျှင် အာသဝမည်ကုန်၏။

ထင်ရှားစေအံ့—လောက၌ စိမ်ရည်အရက်တို့သည် ခုနစ်ရက်,ရှစ်ရက်စသည်ဖြင့် အိုးတို့၌ စိမ်ထားခြင်းကို ခံကြရကုန်၏။ စိမ်သော အိုးတို့ကိုလည်း မိမိ၏အခိုးအငွေ့တို့ကို စွဲထုံစေကုန်၏။ ဤလောဘစသော အာသဝတို့သည်ကား အနမတဂ္ဂသံသရာ၌ မိမိတို့သည် သတ္တဝါတို့၏ ခန္ဓာအစဉ်တည်းဟူသော သေရည်အိုး၌ အမြဲမပြတ် စိမ်ထားခြင်းကို ခံကြရကုန်၏။ သတ္တဝါတို့၏ ခန္ဓာသန္တာန်ကိုလည်း မိမိတို့၏ အခိုးအငွေ့တို့ကို ထုံစေနိုင်ကုန်၏။ အလုံးစုံသော သတ္တဝါတို့၏သန္တာန်သည် အခါခပ်သိမ်း သေရည်စိမ်သောအိုးတို့ကဲ့သို့ အာသဝတို့ဖြင့် တင်းကျမ်းပြည့်လျှံ၍နေ၏။

အကြင်မျှလောက် အရိယမဂ်တည်းဟူသော ရေစင်ဖြင့် ဆေးလျှော်ခွင့်ကို မရသေး။ ထိုမျှလောက် ကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်သည် မစင်ပုပ်တို့ဖြင့် ပြည့်သော ဘင်တွင်းကြီးကဲ့သို့ ဆေးလျှော်သုတ်သင်ခြင်းငှါ ခဲယဉ်းစွာဖြစ်နေ၏။

ဤလောက၌ စိမ်ရည်အရက်တို့သည် သတ္တဝါတို့ကို မူးယစ်စေသကဲ့သို့ လောဘစသော အာသဝတို့သည် အနမတဂ္ဂသံသရာ၌ သတ္တဝါရှိသမျှတို့ကို မူးယစ်စေကုန်၏။ အရိယမဂ်ကို မရသေးသမျှကာလပတ်လုံး အာသဝတည်းဟူသော အရက်ဖြင့် အမြဲမပြတ် မူးယစ်၍ နေကြကုန်၏။ အာသဝဖြင့် မူးယစ်သော အရက်သမားတို့သာ ဖြစ်ကြကုန်၏။

တနည်းကား—ထိုပြင် ယိုစီးပန်းထွက်တတ်သော အနက်ကြောင့် အိုင်းအမာကြီး၌ရှိသော သွေးပုပ် ပြည်ပုပ်ရည်သည် အာသဝမည်၏။ လောဘစသော တရားသုံးပါးတို့သည်လည်း အိုင်းအမာကြီးမှ ယိုစီးထွက်ကျသော သွေးပုပ်ပြည်ပုပ်တို့နှင့် တူသောကြောင့် အာသဝမည်ကုန်၏။ ကြိုက်ကြိုက်ဆူသော နူနာရှိသောသူ၏ တကိုယ်လုံး၌ရှိသော အိုင်းအနာတို့မှ သွေးပုပ်ပြည်ပုပ်ရည်တို့သည် ယိုစီးကြကုန်၍ ပုဆိုးကြမ်းအဝတ်ပိုင်းတို့ကို ဖျက်ဆီးလေသကဲ့သို့ လောဘစသော အာသဝတရားတို့သည်လည်း ဒွါရခြောက်ပါးတို့မှ ယိုစီးထွက်ကြကုန်ပြီးလျှင် အာရုံခြောက်ပါးတို့ကို ဖျက်ဆီးကြကုန်၏။

တနည်းကား—"အာယတံ သံသာရဒုက္ခံ သဝန္တိ ပသဝန္တိ ဝဍ္ဎေန္တီတိ အာသဝါ"။ အာယတံ၊ ရှည်လျားလှစွာသော။ သံသာရဒုက္ခံ၊ သံသရာဝဋ်ဆင်းရဲကို။ သဝန္တိ ပသဝန္တိ ဝဍ္ဎေန္တိ၊ ပွါးစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာသဝါ၊ အာသဝမည်ကုန်၏။ ရှည်မင်းလှစွာသော သံသရာကို

ရှည်ကြာသည်ထက် ရှည်ကြာအောင် တိုးပွါးစေတတ်သောကြောင့် အာသဝ မည်၏ ဟူလို။

တနည်းကား— "ဘဝတော အာဘဝဂ္ဂါ ဓမ္မတော အာဂေါတြဘုမှာ သဝန္တိ အာရမ္မဏကရဏဝသေန ပဝတ္တန္တီတိ အာသဝါ"။ ဘဝတော၊ ဘဝအား ဖြင့်။ အာဘဝဂ္ဂါ၊ နေဝသညာနာသညာယတနဘဝတိုင်အောင်။ ဓမ္မတော၊ တရား အားဖြင့်။ အာဂေါတြဘုမှာ၊ မဂ်၏ရှေ့သွားဂေါတြဘုတရားတိုင်အောင်။ သဝန္တိ၊ ယိုစီးတတ်ကုန်၏။ အာရမ္မဏကရဏဝသေန၊ အာရုံပြုသည်၏ အစွမ်းအားဖြင့်။ ပဝတ္တန္တိ၊ ဖြစ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာသဝါ၊ အာသဝမည်ကုန်၏။ ဘဝအားဖြင့် နေဝသညာနာသညာယတနတိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘု တိုင်အောင် ယိုစီးတတ်သောကြောင့် အာသဝမည်ကုန်၏ ဟူလို။ ကာမာသဝ စသည်တို့၌ တရားကိုယ်ကောက်ပုံကား ကာမောဃစသည်၌ ဆိုအပ်ပြီးသော အတိုင်းပင် သိလေ။ ။အာသဝပြီး၏။

ဂန္ထလေးပါး

(၄၃၇) ဘိဇ္ဈာကာယ၊ ဗျာပါဒ၊ ကာယ နှစ်ခုံသိ။

(၄၃၉) သီလဗ္ဗတံ၊ ပြာပမာသံ၊ ဣဒံ သစ္စာဘိ။

(၄၄၀) နိဝေသမှု၊ ဂန္ထဒု၊ ဖုထစ် ထုံးဖွဲ့ငြိ။

ဤဖြင့် ဂန္ထလေးပါးသရုပ်နှင့် ဂန္ထ၏အနက်သဘောကို ပြဆို၏။

**ဂန္ထလေးပါး။** ။အဘိဇ္ဈာ ကာယဂန္ထ,ဗျာပါဒ ကာယဂန္ထ,သီလဗ္ဗတပရာမာသ ကာယဂန္ထ, ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ။ ဤကား ဂန္ထ လေးပါးတည်း။ အနက်သဘောကား—အဖုအထစ် အထုံးအဖွဲ့ အငြိအတွယ် တရားတို့ ဆိုလိုသည်။

ဂန္ထ၌ "ဘဝန္တရစုတိယာ သဟ ဘဝန္တရပဋိသန္ဓိံ ဂန္ထေန္တိ ဃဋ္ဋေန္တီတိ ဂန္ထာ"။ ဘဝန္တရစုတိယာ၊ ဘဝတပါး၏စုတိနှင့်။ ဘဝန္တရပဋိသန္ဓိံ၊ ဘဝတပါး၏ ပဋိသန္ဓေကို။ ဂန္ထေန္တိ ဃဋ္ဋေန္တိ၊ စပ်ဆက် ထုံးဖွဲ့တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဂန္ထာ၊ ဂန္ထမည်ကုန်၏။

**ကာယဂန္ထ။** ။ဤအရာ၌ ကာယသဒ္ဒါသည် ရူပကာယ,နာမကာယ နှစ်ပါးစုံ၌ ဖြစ်၏။ "အတီတကာယေန ပစ္စုပ္ပန္နကာယံ ပစ္စုပ္ပန္နကာယေန အနာဂတကာယံ ဂန္ထေတိ ဃဋ္ဋေတီတိ ကာယဂန္ထော"။ အတီတကာယေန၊ အတိတ်ကိုယ်နှင့်။ ပစ္စုပ္ပန္နကာယံ၊ ပစ္စုပ္ပန်ကိုယ်ကို။ ဂန္ထေတိ ဃဋ္ဋေတိ၊ စပ်ဆက် တတ်၏။ ပစ္စုပ္ပန္နကာယေန၊ ပစ္စုပ္ပန်ကိုယ်နှင့်။ အနာဂတကာယံ၊ အနာဂတ်

ကိုယ်ကို။ ဂန္ထေတိ ဃဋ္ဌေတိ၊ စပ်ဆက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ကာယဂန္ထော၊ကာယဂန္ထ မည်၏။

**အဘိဇ္ဈာကာယဂန္ထ**။　။"အဘိဇ္ဈာဝ ကာယဂန္ထောတိ အဘိဇ္ဈာကာယဂန္ထော"စသည်ဖြင့် ဝိဂြိုဟ်ဆိုလေ။ အလုံးစုံသော တဏှာသည် အဘိဇ္ဈာကာယဂန္ထမည်၏။

**ဗျာပါဒကာယဂန္ထ**။　။အလုံးစုံသော ဒေါသသည် ဗျာပါဒကာယဂန္ထ မည်၏။

**သီလဗ္ဗတပရာမာသ** ၌ "ဂေါသီလ, ဂေါဝတာဒိကံ ဒုက္ခတော ဝိမုတ္တိယာ အမဂ္ဂဘူတံယေဝ မဂ္ဂဘူတန္တိ ပရတော အာမသတီတိ သီလဗ္ဗတပရာမာသော"။ ဂေါသီလ, ဂေါဝတာဒိကံ၊ နွားအလေ့, နွားအကျင့်စသည်ကို။ ဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ အမဂ္ဂဘူတံယေဝ၊ အကြောင်းမဟုတ်ဘဲလျက်လျှင်။ မဂ္ဂဘူတန္တိ၊ အကြောင်းဟုတ်၏ဟူ၍။ ပရတော၊ လွန်စွာ။ အာမသတိ၊ သုံးသပ်စွဲလမ်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သီလဗ္ဗတပရာမာသော၊ သီလဗ္ဗတပရာမာသ မည်၏။အကြောင်းမဟုတ်သော နွားအလေ့နွားအကျင့်, ခွေးအလေ့ခွေးအကျင့်စသည်များသည် ဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြောင်း မဂ်ပင်တည်းဟူ၍ ယူသော သဘောသည် သီလဗ္ဗတပရာမာသ မည်၏။ ထိုကြောင့်—

(၄၄၁) အလေ့သီလ၊ ဝတကျင့်မှု၊ နွားခွေးတု၊ အယူ ဝဋ်သုဒ္ဓိ။

ဟူ၍ ဆိုပေသည်။ တရားကိုယ်အားဖြင့် ဒိဋ္ဌိပေတည်း။

**ဣဒံသစ္စာဘိနိဝေသ** ၌ "ဣဒမေဝ သစ္စံ မောဃမညန္တိ အဘိနိဝိသတီတိ ဣဒံသစ္စာဘိနိဝေသော"။ ဣဒမေဝ၊ ဤငါ၏အယူသည်သာလျှင်။ သစ္စံ၊ အမှန်ဆုံးတည်း။ အညံ၊ တပါးသောအယူသည်။ မောဃံ၊ အချည်းနှီး အလကားသာတည်း။ ဣတိ၊ဤသို့။ အဘိနိဝိသတိ၊နှလုံးသွင်းတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ ဣဒံသစ္စာဘိနိဝေသော၊ ဣဒံသစ္စာဘိနိဝေသမည်၏။ ငါ၏အယူသာလျှင် မှန်၏။ အခြားတပါးသော အယူများသည် အမှားတို့သာတည်းဟူ၍ ပြင်းပြင်းထန်ထန် အယူသန်မှုသည် ဣဒံသစ္စာဘိနိဝေသ မည်၏။ ထိုကြောင့်—

(၄၄၂) ဤသာ့နှန်လျှ၊ ဤ၂တပါး၊ အကုန်မှား ခွဲခြား ဃူဒံဘိ။

ဟူ၍ ဆိုတော်မူ၏။ တရားကိုယ်အားဖြင့် ဒိဋ္ဌိတည်း။

ဤဂန္ထလေးပါးတို့သည် တရားကိုယ်အားဖြင့် လောဘ, ဒေါသ, ဒိဋ္ဌိသုံးပါးတို့သာတည်း။　။ဂန္ထ ပြီး၏။

## ဥပါဒါန်လေးပါး

(၄၄၃) **ကာမ, ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တအစုံ ခွဲလမ်းမှု၊ လေးခု ဥပါဒါန်။**

ဤဖြင့် ဥပါဒါန်တရားလေးပါး သရုပ်နှင့် ဥပါဒါန်တို့၏ အနက်သဘောကို ပြဆို၏။

**ဥပါဒါန် လေးပါး။** ။ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်။ ဤကား ဥပါဒါန် လေးပါးတည်း။ ပြင်းထန်စွာ စွဲလမ်းငြိတွယ်တတ်သော တရားမျိုးတည်း။

ဥပါဒါန၌ "ဘုသံ အာဒိယန္တိ အမုဥ္စဂါဟံ ဂဏှန္တိတိ ဥပါဒါနာနိ"။ ဘုသံ၊ ပြင်းထန်စွာ။ အာဒိယန္တိ၊ ယူတတ်ကုန်၏။ အမုဥ္စဂါဟံ၊ မလွတ်သောယူခြင်းကို။ ဂဏှန္တိ၊ ယူတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပါဒါနာနိ၊ ဥပါဒါန်တို့ မည်ကုန်၏။

**ကာမုပါဒါန်။** ။ဝတ္ထုကာမတို့၌ ပြင်းပြစွာ စွဲလမ်း၍ တပ်မက်တပ်သော တဏှာသည် ကာမုပါဒါန်မည်၏။

ဒိဋ္ဌုပါဒါန်။ ။သာသနာတော်ကျမ်း, လောကီကျမ်းတို့၌ ထင်ရှားသော ဒွါသဋ္ဌိ ဒိဋ္ဌိအစရှိသော အလုံးစုံသော ဒိဋ္ဌိဟူသမျှသည် ဒိဋ္ဌုပါဒါန်မည်၏။

**သီလဗ္ဗတုပါဒါန်။** ။ဂေါသီလ, ဂေါဝတ-များသည် သံသရာမှ စင်ကြယ်ကြောင်း ပင်တည်းဟူ၍ စွဲမြဲ၍ ယူခြင်းသည် သီလဗ္ဗတုပါဒါန်မည်၏။

အတ္တဝါဒုပါဒါန်၌ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမစသော အားဖြင့် မှောက်မှောက်မှားမှား မှတ်ထင်အပ်သောသဘောသည် အတ္တမည်၏။ "အတ္တာနံ အဘိဝဒန္တိ စေဝ ဥပါဒိယန္တိ စ သတ္တာ ဧတေနာတိ အတ္တဝါဒုပါဒါနံ"။ ဧတေန၊ ဤတရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္တာနံ၊ ပုဂ္ဂိုလ်သတ္တဝါ တည်းဟူသော အတ္တကို။ အဘိဝဒန္တိ စေဝ၊ စွပ်စွဲ၍ပြောဆိုလည်း ပြောဆိုကြကုန်၏။ ဥပါဒိယန္တိ စ၊ စွဲလမ်း၍ ယူလည်း ယူကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အတ္တဝါဒုပါဒါနံ၊ အတ္တဝါဒုပါဒါန်မည်၏။ အတ္တဝါဒုပါဒါန်ဆိုသည်ကား သက္ကာယဒိဋ္ဌိနှစ်ဆယ်ပင်တည်း။ တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တခုပင်တည်း။

**သက္ကာယဒိဋ္ဌိ ၂၀။** ။သက္ကာယဒိဋ္ဌိနှစ်ဆယ်ဆိုသည်ကား ခန္ဓာငါးပါးတို့တွင် တပါး တပါး၌ လေးပါးလေးပါးသော စွဲလမ်းမှုတို့ကို စွဲ၍ ၂၀-ဖြစ်လေသည်။

"တတ္ထ ကတမာ သက္ကာယဒိဋ္ဌိ။ ဣဓ အဿုတဝါ ပုထုဇ္ဇနော ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ။ အတ္တနိ ဝါ ရူပံ။ ရူပသ္မိံ ဝါ အတ္တာနံ" (ဤကားပါဠိတော်)။အနက်ကား—တတ္ထ၊ထိုစကားရပ်၌။ ကတမာ၊ အဘယ် တရားသည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမည်ပါသနည်း။ ဣဓ၊ ဤလောက၌။ အဿုတဝါ၊ အရိယာသူတော်ကောင်းတို့၏တရားကို မကြားမနာရဘူးသော။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန်သည်။ ရူပံ၊ ရုပ်ကို။ အတ္တတော၊ အတ္တအားဖြင့်။ သမနုပဿတိ၊ သုံးသပ်ထင်မြင်၏။ အတ္တာနံ၊ အတ္တကို။ ရူပဝန္တံ ဝါ၊ ရုပ်ရှိ၏ဟူ၍ လည်း။ သမနုပဿတိ၊ ၏။ အတ္တနိ၊ အတ္တ၌။ ရူပံ ဝါ၊ ရုပ်ကိုလည်း။ သမနုပဿတိ၊ ၏။ ရူပသ္မိံ၊ ရုပ်၌။ အတ္တာနံ ဝါ၊ အတ္တကိုလည်း။ သမနုပဿတိ၊ သုံးသပ်ထင်မြင် ၏။ (ဤကား ရူပက္ခန္ဓာအတွက် ဟောတော်မူသော ဒေသနာတော်ပေတည်း။)

ထိုပါဠိတော်၌ (၁) ရူပံ အတ္တတော သမနုပဿတိ ဟူသောပါဌ်ဖြင့် ရုပ်သည်သာလျှင် အတ္တဟူ၍ စွဲယူပုံကို ပြဆို၏။ (၂) ရူပဝန္တံ ဝါ အတ္တာနံ ဖြင့် ငါ၏အတ္တသည် ရုပ်ရှိ၏ဟူ၍ ယူပုံကို ပြဆို၏။ (၃) အတ္တနိ ဝါ ရူပံ ဖြင့် ရုပ်သည် အတ္တကို စွဲ၍တည်၏ဟူ၍ ယူပုံကို ပြဆို၏။ (၄) ရူပသ္မိံ ဝါ အတ္တာနံ ဟူသော ပါဌ်ဖြင့် အတ္တသည် ရုပ်ကိုစွဲမှီ၍ တည်၏ဟူ၍ ယူပုံကို ပြဆို၏။

ရူပက္ခန္ဓာ၌ အဝင်အပါဖြစ်သော ပထဝီဓာတ်တခုဖြင့် အတ္တစွဲပုံ ၄-ချက်ကို ထင်ရှားစွာ ပြဆိုအံ့—(၁) "ယခုအခါ ငါသည် တောင့်တင်းခက်မာလှ၏။ ယခုအခါ ငါသည် နူးညံ့သိမ်မွေ့လှ၏"ဟူ၍ စွဲလမ်းပြောဆိုမှုသည် ပထဝီဓာတ် ကိုပင် အတ္တစွဲလမ်းသည်မည်၏။ "ရူပံ အတ္တတော သမနုပဿတိ" ပေတည်း။ (၂) "ယခုနေ့ ငါ၏ကိုယ်ခန္ဓာသည် တောင့်တင်းခက်မာ၏။ ယခုနေ့ ငါ၏ ကိုယ်ခန္ဓာသည် နူးညံ့သိမ်မွေ့၏"ဟူ၍ စွဲလမ်းပြောဆိုမှုသည် အတ္တကို ပထဝီ ဓာတ်ရှိ၏ဟူ၍ စွဲလမ်းသည်မည်၏။ "ရူပဝန္တံ ဝါ အတ္တာနံ"ပေတည်း။ (၃) "ယခု နေ့ ခက်ထန်မှုသည် ငါ၌ ရှိ၏။ ယခုနေ့ နူးညံ့မှုသည် ငါ၌ ရှိ၏"ဟူ၍ စွဲလမ်း ပြောဆိုမှုသည် အတ္တအပေါ်၌ ပထဝီဓာတ်ကို စွဲလမ်းသည်မည်၏။ "အတ္တနိ ဝါ ရူပံ"ပေတည်း။ (၄) "ယခုနေ့ ငါသည် ခက်မာသည်အဖြစ်၌ တည်၏။ ယခုနေ့ ငါသည် နူးညံ့သည်အဖြစ်၌ တည်၏"ဟူ၍ စွဲလမ်းပြောဆိုမှုသည် ပထဝီဓာတ် အပေါ်၌ အတ္တကို စွဲလမ်းသည် မည်၏။ "ရူပသ္မိံ ဝါ အတ္တာနံ"ပေတည်း။ ဤကား ပထဝီဓာတ်တခုဖြင့် သက္ကာယဒိဋ္ဌိလေးမျိုး ဖြစ်ပုံတည်း။ ကြွင်းသော ရုပ်တို့၌လည်း ထိုနည်းအတူပင် သိရာ၏။

ဝေဒနာက္ခန္ဓာ၌ (၁) "ငါသည် ချမ်းသာ၏။ ငါသည် ဆင်းရဲ၏။ ငါသည် ခံစား၏"ဟူ၍ စွဲလမ်းပြောဆိုမှုသည် ဝေဒနာကို အတ္တအနေအားဖြင့် ရှုသည် မည်၏။ "ဝေဒနံ အတ္တတော သမနုပဿတိ"ပေတည်း။ (၂) "ယခုနေ့ ငါ၏

ကိုယ်ခန္ဓာသည် ချမ်းသာ၏။ ငါ၏ကိုယ်ခန္ဓာသည် ဆင်းရဲ၏”ဟူ၍ စွဲလမ်းပြော ဆိုမှုသည် အတ္တကို ဝေဒနာရှိ၏ ဟူ၍ စွဲလမ်းသည်မည်၏။ “ဝေဒနာဝန္တံ ဝါ အတ္တာနံ”ပေတည်း။ (၃) “ယခုနေ့ ချမ်းသာမှုသည် ငါ၌ ဖြစ်၏။ ဆင်းရဲမှု သည် ငါ၌ ဖြစ်၏”ဟူ၍ စွဲလမ်းပြောဆိုမှုသည် အတ္တအပေါ်၌ ဝေဒနာကို စွဲလမ်းသည်မည်၏။ “အတ္တနိ ဝါ ဝေဒနံ” ပေတည်း။ (၄) “ယခုနေ့ ငါသည် ချမ်းသာမှု၌ တည်ရ၏၊ ဆင်းရဲမှု၌ တည်ရ၏”ဟူ၍ စွဲလမ်းပြောဆိုမှုသည် ဝေဒနာအပေါ်၌ အတ္တကို စွဲလမ်းသည်မည်၏။ “ဝေဒနာယ ဝါ အတ္တာနံ” ပေ တည်း။ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကိုလည်း ထိုနည်းအတိုင်း သိလေ။

ဝိညာဏက္ခန္ဓာ၌ စက္ခုဝိညာဏ်တခုဖြင့် ဆိုဦးအံ့—

(၁) “ငါသည် မြင်၏”ဟူ၍ စွဲလမ်းပြောဆိုမှုသည် ဝိညာဏ်ကို အတ္တအနေ အားဖြင့် စွဲလမ်းသည်မည်၏။ “ဝိညာဏံ အတ္တတော သမနုပဿတိ”ပေတည်း။

(၂) “ဤမြင်မှုသည် ငါ၏ မြင်မှုပေတည်း” ဟူ၍ စွဲလမ်းပြောဆိုမှုသည် အတ္တကို ဝိညာဏ်ရှိ၏ဟူ၍ စွဲလမ်းသည်မည်၏။ “အတ္တာနံ ဝါ ဝိညာဏဝန္တံ” ပေတည်း။

(၃) “ငါ၏ မြင်မှုသည် ရှိ၏”ဟူ၍ စွဲလမ်း ပြောဆိုမှုသည် အတ္တအပေါ်၌ ဝိညာဏ်ကို စွဲလမ်းသည်မည်၏။ “အတ္တနိ ဝါ ဝိညာဏံ” ပေတည်း။

(၄) “ငါသည် မြင်မှု၌ တည်၏။ ငါသည် မြင်ခြင်းအရာ၌ စွမ်းနိုင်၏” ဟူ၍ စွဲလမ်းပြောဆိုမှုသည် ဝိညာဏ်အပေါ်၌ အတ္တကို စွဲလမ်းသည်မည်၏။ “ဝိညာဏသ္မိံ ဝါ အတ္တာနံ” ပေတည်း။

## သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်ပုံ

ဤနည်းအတိုင်း အလုံးစုံသော ခန္ဓာငါးပါးတို့၌ သိရာ၏။ ခန္ဓာငါးပါး အပေါင်းအားဖြင့်၎င်း,ခန္ဓာတပါးပါးတွင် အစိတ်အစိတ်အားဖြင့်၎င်း သက္ကာယ- ဒိဋ္ဌိဖြစ်ပုံကို သိလေ။ ခန္ဓာငါးပါးတို့ကို အသီးအခြားမပြုဘဲ “ဤကား ငါတည်း, ငါသည် သတ္တဝါတယောက်တည်း။ ငါသည် လူတယောက်တည်း။ ငါသည် နတ်တပါးတည်း၊ ငါသည် ဗြဟ္မာတဆူတည်း၊ ငါသည် သွား၏၊ ငါသည် လာ၏၊ ငါသည် စား၏၊ ငါသည် လျှောင်းစက်၏၊ ငါသည် ထိုင်နေ၏၊ ငါသည် ကွေး ဆန့်၏” စသည်ဖြင့် တပေါင်းတည်းခြုံ၍လည်း အတ္တစွဲလမ်း၏။ ဤသို့ စွဲလမ်းမှု သည်လည်း သက္ကာယဒိဋ္ဌိပင်တည်း။

ပုထုဇ္ဇန်ဖြစ်သော အလုံးစုံသော သတ္တဝါတို့၏ စကားသံတို့သည် အတ္တသို့ ဆိုက်ရောက်သော စကားတို့သာလျှင် များကုန်၏။ အချို့သော စကားတို့သည်

ခန္ဓာငါးပါးကို အတ္တအားဖြင့် စွဲလမ်း၍လော်၏။ အချို့သော စကားတို့သည် ခန္ဓာငါးပါးကို အတ္တ၏ အခြံအရံ အနေအားဖြင့် ပြောဆိုမိကုန်၏၊ အချို့သော စကားတို့သည် ခန္ဓာငါးပါးကို အတ္တ၌မှီ၍ ပြောဆိုမိကုန်၏၊ အချို့သောစကား တို့သည် ခန္ဓာငါးပါးကို အတ္တ၏ မှီရာ ဖြစ်ရာ ဖြစ်၍ ပြောဆိုမိကြကုန်၏၊ တရံ တခါ ခန္ဓာငါးပါးတို့ကို အသီးအခြားစီ ခွဲစိတ်၍ ပြောဆိုမိလေ၏၊ တရံတခါ တပေါင်းတလုံးတည်းပြု၍ ပြောဆိုမိလေ၏။ (ဤကား သက္ကာယဒိဋ္ဌိ၏ အဓိပ္ပါယ် စုတည်း)။

ခန္ဓာ တပါးတပါး၌ သက္ကာယဒိဋ္ဌိ လေးပါး, လေးပါးစီ ရှိလေသဖြင့် ခန္ဓာ ငါးပါးမှာ သက္ကာယဒိဋ္ဌိ ၂၀-ဖြစ်လေသည်။

**အတ္တဝါဒုပါဒါန်။** ။ဤသက္ကာယဒိဋ္ဌိကိုပင် အတ္တဝါဒုပါဒါန် ခေါ်ရလေသည်။

ဥပါဒါန်တရားလေးပါးသည် တရားကိုယ်အားဖြင့် လောဘ, ဒိဋ္ဌိ နှစ်ပါးပင် တည်း။ ။ဥပါဒါန် ပြီး၏။

## နီဝရဏ ၆-ပါး

(၄၄၄) ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန,မိဒ္ဓပ္ပ်။
(၄၄၅) ဥဒ္ဓစ္စ,ကုက္ကု၊ ဝိ,ဝိဇ္ဇာစု ခြောက်ခု နီဝရဏ်။

ဤဖြင့် နီဝရဏတရား ခြောက်ပါးကို ပြဆို၏။

**နီဝရဏ ၆-ပါး။** ။ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ,ဝိစိကိစ္ဆာနီဝရဏ,အဝိဇ္ဇာနီဝရဏ။ ဤကား နီဝရဏ ခြောက်ပါးတည်း။

**နီဝရဏ။** ။"သတ္တာနံ စိတ္တသန္တာနေ ကုသလေ ဓမ္မေ အနုပ္ပန္နေ ဝါ ဥပ္ပါဒေတုံ ဥပ္ပန္နေ ဝါ ဝါသေတုံ အဒတွာ နီဝါရေန္တီတိ နီဝရဏာနိ"။ သတ္တာနံ၊ သတ္တဝါတို့၏။ စိတ္တသန္တာနေ၊ စိတ်အစဉ်၌။ ကုသလေ ဓမ္မေ၊ ကုသိုလ်တရားတို့ကို။ အနုပ္ပန္နေ ဝါ၊ မဖြစ်သေးသည်တို့ကိုလည်း။ ဥပ္ပါဒေတုံ၊ ဖြစ်စိမ့်သောငှါ။ ဥပ္ပန္နေ ဝါ၊ ဖြစ်ပြီးသည်တို့ကိုလည်း။ ဝါသေတုံ၊ အထုံပါခြင်းငှါ။ အဒတွာ၊ အခွင့်မပေးမူ၍။ နီဝါရေန္တိ၊ တားမြစ်ပိတ်ပင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နီဝရဏာနိ၊ နီဝရဏတို့မည်ကုန်၏။ ကုသိုလ်တရားတို့၏ ဖြစ်ရန်အခွင့် ပွါးရန်အခွင့်ကို မပေးဘဲ တားဆီး ကန့်ကွက်တတ်သောတရား ပိတ်ပင်ဖျက်ဆီးတတ်သောတရားတို့သည် နီဝရဏ မည်ကုန်၏ ဟူလို။ ထိုကြောင့်——

(၄၄၆) **တားဆီးကန့်ကွက်၊ ပိတ်ပင်ဖျက်၊ အနက် နီဝရဏ်။**

ဟူ၍ ဆိုတော်မူပေသည်။

**ကာမစ္ဆန္ဒ**ကား အားကြီးသော ရာဂပေတည်း။ ကာမဂုဏ်ငါးပါး၌ သာယာ တပ်မက်သော ပဉ္စကာမဂုဏိကရာဂသည် ကာမစ္ဆန္ဒနီဝရဏ မည်၏။

အလုံးစုံသော ဒေါသသည် ဗျာပါဒနီဝရဏ မည်၏။

**ထိန မိဒ္ဓ** နှစ်ပါးစုံသည် ထိနမိဒ္ဓနီဝရဏ မည်၏။

**ဥဒ္ဓစ္စ ကုက္ကုစ္စ** နှစ်ပါးစုံသည် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ မည်၏။

**ဝိစိကိစ္ဆာ** သည် ဝိစိကိစ္ဆာနီဝရဏ ဖြစ်၏။

**အဝိဇ္ဇာ**သည် အဝိဇ္ဇာနီဝရဏမည်၏။

**ထိနနှင့်မိဒ္ဓ,ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့ကို တွဲ၍ဟောရပုံ။** ။ထိနနှင့် မိဒ္ဓ,ဥဒ္ဓစ္စနှင့် ကုက္ကုစ္စ တရား နှစ်ပါးစုံကို အဘယ်ကြောင့် နီဝရဏတခုတခုပြု၍ ဟောရပါသနည်းဟူမူ—ကိစ္စအားဖြင့်၎င်း,ပစ္စယအားဖြင့်၎င်း, ပဋိပက္ခအားဖြင့်၎င်း တူသောတရားတို့ ဖြစ်ကြပေကုန်သောကြောင့် ထိနနှင့်မိဒ္ဓနှစ်ပါးစုံကို ထိနမိဒ္ဓနီဝရဏဟူ၍၎င်း,ဥဒ္ဓစ္စနှင့် ကုက္ကုစ္စနှစ်ပါးစုံကို ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဟူ၍၎င်း ပေါင်း၍ ဟောတော်မူရသည်ဟု ဖြေရ၏။

ထင်ရှားစေအံ့—ထိနမိဒ္ဓနှစ်ပါးစုံသည် စိတ္တုပ္ပါဒ်တို့၏ တွန့်သည်၏အဖြစ်သို့ ရောက်စေခြင်းကိစ္စ ရှိ၏။ ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးစုံသည် စိတ္တုပ္ပါဒ်တို့၏ မငြိမ်မသက်သည်၏အဖြစ်သို့ ရောက်စေခြင်းကိစ္စ ရှိ၏။ (ဤကား ကိစ္စတူပုံတည်း။)

ထိနမိဒ္ဓနှစ်ပါးစုံသည် ပျင်းရိခြင်း, ကိုယ်လက် တဆန့်ဆန့်ဖြစ်ခြင်းလျှင် အကြောင်းရှိ၏။ ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးစုံသည် ဆွေမျိုးပျက်စီးခြင်း, ဥစ္စာပြုန်းတီးခြင်း စသည်တို့ကြောင့် အထွေထွေ ကြံစည်သော ဝိတက်လျှင် အကြောင်း ရှိ၏။ (ဤကား ပစ္စယတူပုံတည်း။)

ထိနမိဒ္ဓနှစ်ပါးစုံသည် အားထုတ်ခြင်းဝီရိယ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥဒ္ဓစ္စ-ကုက္ကုစ္စနှစ်ပါးစုံသည် ဧကဂ္ဂတာဟု ဆိုအပ်သော သမထ၏ ဆန့်ကျင်ဘက် ဖြစ်၏။ (ဤကား ပဋိပက္ခတူပုံတည်း။)

ဤသို့လျှင် ထိနနှင့်မိဒ္ဓ, ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့သည် ကိစ္စ, ပစ္စယ, ပဋိပက္ခအားဖြင့် တူကြသောကြောင့် နီဝရဏအရာ၌ တပေါင်းတည်း ပေါင်းစုမိကြကုန်သည်။ နီဝရဏခြောက်ပါးသည် တရားကိုယ်အားဖြင့် ရှစ်ပါးရှိ၏။ ။နီဝရဏပြီး၏။

**အနုသယ ၇-ပါး**

(၄၄၇) **ကာမ,ဘဝ၊ ပဋိဃ၊ မာန,ဒိဋ္ဌိမှန်။**

(၄၄၈) **ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ၊ သတ္တာနုသယံ။**

ဤဖြင့် အနုသယခုနစ်ပါးကို ပြဆို၏။

**အနုသယ ၇-ပါး။** ။ကာမရာဂါနုသယ, ဘဝရာဂါနုသယ, ပဋိဃာနုသယ, မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ။ ဤကား အနုသယခုနစ်ပါးတည်း။

**အနုသယ။** ။"အနုသေန္တီတိ အနုသယာ"။ အနုသေန္တိ၊ အစဉ်ကိန်းဝပ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အနုသယာ၊ အနုသယမည်ကုန်၏။ လျောက်ပတ်သောအကြောင်းကို မရလျှင် မဖြစ်ပေါ်ကြကုန်ဘဲ လျောက်ပတ်သော အကြောင်းကိုရလျှင် ဖြစ်လတ္တံ့သောသဘော ရှိကုန်သော တရားတို့သည် အနုသယမည်ကုန်၏။ သတ္တဝါတို့၏သန္တာန်၌ အစဉ်ကိန်းဝပ်၍ နေသော တရားတည်း။ ငုပ်ခေတ် ဝပ်ခေတ် မျိုးစေ့ခေတ်တို့ ပေတည်း။ ထိုကြောင့်—

(၄၄၉) **အစဉ်စွဲကပ်၊ ငုပ်ကိန်းဝပ်၊ မျိုးခေတ် နုသယ်။**

ဟူ၍ ဆိုတော်မူသည်။

အကြင်မျှလောက် မဂ်ကို မရသေး။ ထိုမျှလောက်သော ကာလပတ်လုံး မပယ်မသတ်အပ်သေးကုန်သည်ဖြစ်၍ အကြောင်းအခွင့် သင့်တင့်ညီညွတ်သော အခါ အဖန်ဖန်ဖြစ်ပေါ်ခြင်း သဘောရှိသော တရားတို့ဟူ၍လည်း ဆိုအပ်ကုန်၏။

**အခိုက်အတန့်ကာလသုံးပါး။** ။ထင်ရှားစွာ ဆိုဦးအံ့— ကိလေသာတို့၏ အခိုက်အတန့်တို့သည် (၁) အနုသယအခိုက် (၂) ပရိယုဋ္ဌာနအခိုက် (၃) ဝီတိက္ကမအခိုက်ဟူ၍ ၃-ပါးရှိကုန်၏။

**ဝီတိက္ကမ။** ။(၁) ထိုတွင် ကာမရာဂစသော တရားတို့သည် ဖြစ်ပေါ်သောင်းကျန်းကြကုန်၍ ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို လှုပ်ရှားစေကြကုန်၏။ ပါဏာတိပါတစသော ကံတို့ကို ပြီးမြောက်အောင်မြင်စေကုန်၏။ ထိုသို့ဖြစ်မှုသည် ကိလေသာတို့၏ ဝီတိက္ကမအခိုက်မည်၏။ ကျူးလွန်စော်ကားသော အခိုက်အတန့် ဆိုလိုသည်။

**ပရိယုဋ္ဌာန။** ။(၂) အကြင်ကာမရာဂစသော တရားတို့သည် မနောဒွါရ၌သာ ဇောနှင့် သဟဇာတ်ဖြစ်၍ ဖြစ်ပေါ်ထကြွကြကုန်၏။ ကာယကံစသည်တို့ကိုမူကား မလှုပ်ရှားစေကြကုန်။ ပါဏာတိပါတစသော ကံတို့ကိုလည်း မပြီးမြောက်စေကြကုန်။ ဖြစ်ပေါ်ဥပါဒ်ရုံမျှသာ ရှိကြကုန်၏။ ထိုသို့ဖြစ်မှုသည် ကိလေသာတို့၏ ပရိယုဋ္ဌာနအခိုက် မည်၏။ ထကြွသောင်းကျန်းသောအခိုက် ဆိုလိုသည်။

**အနုသယ။** ။(၃) အကြင်ကာမရာဂစသော တရားတို့သည်မူကား ဇောနှင့် သဟဇာတ်ဖြစ်၍ ဖြစ်ပေါ် ဥပါဒ်ခြင်းသို့ မရောက်ကြကုန်။ ဝါသနာဓာတ်တို့ကဲ့သို့ စိတ်အစဉ်၌ အမြဲကိန်းဝပ်၍ နေကြကုန်၏။ ပရိယုဋ္ဌာန ကိစ္စဖြင့် ထကြွဖြစ်ပေါ်ရန် မျိုးစေ့ဓာတ်တို့သာ ဖြစ်ကြကုန်၏။ သုဘနိမိတ်, ဣဋ္ဌာရုံစသော အာရုံတို့၏ ထင်မှုခိုက်မှုကြုံလာသည်ရှိသော် ထိုမျိုးစေ့ဓာတ် ငုပ်ဓာတ် ဝပ်ဓာတ်တို့၏ အစွမ်းကြောင့် အယောနိသောမနသိကာရဖြင့် ရာဂ စသည်တို့၏ ဖြစ်ပေါ်ရန် ဘဝင်အစဉ်သည် ပြတ်လေ၏။ အာဝဇ္ဇန်း ဖြစ်ပေါ် စေ၏။ ထိုသို့ဖြစ်မှုသည် ထိုကိလေသာတို့၏ အနုသယအခိုက်မည်၏။ ထိုအနုသယ အခိုက်၌ တည်ကြကုန်သော ကာမရာဂစသော တရားတို့သည် အနုသယ မည်ကြပေကုန်၏။

**အနုသယတို့သည် ပရမတ္ထဓမ္မများဖြစ်ပုံ။** ။ထိုအနုသယဓာတ်တို့သည် ပရမတ် မဟုတ်ဘဲ မရှိကြကုန်။ စင်စစ် ပရမတ္ထဓမ္မတို့သာတည်း။ ထိုတရားတို့သည် အကုသိုလ်ဇာတ်သို့ ပါဝင်ကြကုန် သဖြင့် ကုသိုလ်အဗျာကတတို့လည်း မဟုတ်ကြကုန်။ ထိုအနုသယဓာတ်တို့သည် ဖြစ်ပေါ်ခြင်းသို့ရောက်၍ သမ္ပယုတ္တဓမ္မအဖြစ်ဖြင့် မရအပ်ကုန်သောကြောင့် ကုသိုလ်တရား, အဗျာကတတရားတို့နှင့် မဆန့်ကျင်ကြပေကုန်။ တေကာလိက ဓမ္မတို့၏ မှီရာအဖြစ်ဖြင့် တည်ရှိကြကုန်သောကြောင့် ကာလသုံးပါးမှလွတ်သော ကာလဝိမုတ္တတရားတို့လည်း မဟုတ်ကြပေကုန်။ အကြင်အခါ၌ကား အကြောင်း အခွင့်သင့်၍ ပရိယုဋ္ဌာနကိစ္စဖြင့် ဖြစ်ပေါ် ဥပါဒ်ကြကုန်၏။ ထိုအခါ၌ကား သမ္ပယုတ္တဓမ္မ အသီးအခြားအဖြစ်သို့ ရောက်ကြလေကုန်၏။ အာရုံအစရှိသော အာရမ္မဏတရားတို့လည်း ဖြစ်ကြလေကုန်၏။ စင်စစ်အားဖြင့် ဥပါဒ်ခြင်းသို့ မရောက်ကြကုန်ဘဲ စိတ်သန္တာန်၌ ဖြစ်၍နေကြကုန်သော တေကာလိက ကုသလ ဓမ္မ, အကုသလဓမ္မ, အဗျာကတဓမ္မတို့နှင့်တကွ မဆန့်မကျင် သင့်လျော်စွာ ကိန်း ဝပ်၍နေသော ဓမ္မတို့ပေတည်း။

**မဂ်ဖြင့်သာပယ်သတ်နိုင်ပုံ။** ။ထိုဓမ္မတို့ကို မဂ်မှတပါး အခြားသော တရား တို့ဖြင့် ပယ်ခြင်းငှါ မတတ်နိုင်ကြကုန်။ မဂ်ဖြင့် သာလျှင် ပယ်အပ်သတ်အပ်ကုန်၏။ ဥပမာအားဖြင့် အသီးကိုဆောင်နေကြ ဖြစ်သော သစ်ပင်၌ အခြားမဲ့ခြင်းကို ဖြစ်စေတတ်သော အဆိပ်နှင့်တကွသော ဆူးချွန်ဖြင့် ထိုသစ်ပင်ကို ထိုးအပ်သည်ရှိသော် သစ်ပင်တခုလုံး၌ ကိန်းဝပ်၍ နေသော အသီးဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်ကုန်သော အဆီအစေးဓာတ် အသီးမျိုးစေ့ဓာတ်တို့သည် ခြောက်ခန်းလေကုန်၏။အသီး သီးချိန်သို့ ရောက်ပါ သော်လည်း ထိုသစ်ပင်သည် အသီးတို့ကို မသီးစေနိုင်တော့ပြီ။ ထိုအတူ အနု သယနှင့်တကွသော စိတ်သန္တာန်၌ အကြင်အခါ မဂ်ပေါ် ပေါက်လာ၏။ ထိုအခါ

အနုသယဓာတ်သည် အကြွင်းမဲ့ကုန်ခြင်းသို့ ရောက်လေ၏။ ထိုသို့ဖြစ်သည်ကို မဂ်ပယ်သတ်သည်ဟူ၍ ဆိုအပ်၏။ မဂ်ဖြင့် ပယ်သတ်ပြီးသော အနုသယဓာတ်တို့သည် ပရိယုဋ္ဌာနကိစ္စဖြင့် ထကြွဖြစ်ပေါ်ရုံမျှပင် မတတ်နိုင်ကြကုန်။ ဝီတိက္ကမကိစ္စသို့ ရောက်ခြင်းမူကား အလျင်းပင် ဝေးလေကုန်၏။

**မဂ်ပယ်သောကိလေသာတို့သည် တေကာလိက ဇာတ်မျိုးဖြစ်ပုံ။** ။မဂ်သည် ပဟာန ကိစ္စဖြင့် အနုသယအခိုက်၌တည်သော ကိလေသာတို့ကို သတ်ပေ၏။ ထိုမဂ်ပယ်သတ်အပ်သော ကိလေသာတို့ကို အတိတ်ဟူ၍၎င်း, အနာဂတ်ဟူ၍၎င်း, ပစ္စုပ္ပန်ဟူ၍၎င်း မဆိုထိုက်ကုန်။ အဘယ့်ကြောင့်နည်း ဟူမူ — ဖြစ်ပေါ်ခြင်းသို့ မရောက်ကြကုန်ဘဲ အနုသယအခိုက်၌ တည်သော ကိလေသာတို့ ဖြစ်ပေသော ကြောင့်တည်း။ ထိုကြောင့် အဘိဓမ္မာ အဋ္ဌကထာ၌ "မဂ္ဂေါ ယေ ကိလေသေ ပဇဟတိ။တေ အတီတာတိ ဝါ အနာဂတာတိ ဝါ ပစ္စုပ္ပန္နာတိ ဝါ န ဝတ္တဗ္ဗာ"ဟူ၍ ဆို၏။ ထိုသို့ဖြစ်လျှင် မဂ်ပယ်အပ်သော ကိလေသာတို့သည် ကာလသုံးပါးတို့မှ လွတ်သော ကာလဝိမုတ္တတို့လောဟူမူ ထိုသို့လည်း မဆိုထိုက်။ အဘယ့်ကြောင့် နည်းဟူမူ— တေကာလိကဓမ္မတို့၏ မှီရာဖြစ်ပေသဖြင့် တေကာလိကဇာတ်၌ အကျုံးဝင်သောကြောင့်တည်း။

**ပစ္စုပ္ပန်တရားများဟုလည်းဆိုသင့်ကြောင်း။** ။ဆိုဖွယ် တနည်းသော်ကား— ဥပါဒ်, ဌီ, ဘင်သို့ ရောက်ကြကုန်သော ဓမ္မတို့ကိုသာလျှင် စင်စစ်အားဖြင့် တေကာလိက ဓမ္မတို့ဟူ၍ ဆိုထိုက်ကုန်၏။ ဥပါဒ်,ဌီ,ဘင်သို့ မရောက်သေးသော အနုသယဓာတ်တို့ကိုမူကား ပုထုဇ္ဇန်တို့၏ သန္တာန်၌ အမြဲတည်ရှိဆဲ ဖြစ်သော ပစ္စုပ္ပန်တရားတို့ ဟူ၍လည်း ပရိယာယ်အားဖြင့် ဆိုသင့်တန်၏။ထိုကြောင့် ယမိုက်ပါဠိတော်(အနုသယယမိုက် မဟာဝါရ-ဥပ္ပဇ္ဇနဝါရ ၂၇၄)၌"ယဿ ကာမရာဂါနုသယော ဥပ္ပဇ္ဇတိ။ တဿ ပဋိဃာနုသယော ဥပ္ပဇ္ဇတီတိ။ အာမန္တာ' အစရှိသည်ဖြင့် အနုသယတရားတို့၏ ပစ္စုပ္ပန္နကာလိက ဥပ္ပါဒဝါရကိုသာ ဟောတော်မူ၏။ နိရောဓဝါရ, အတီတဝါရ, အနာဂတဝါရတို့ကို မဟောအပ်ကုန်။ ထိုကြောင့် ပရိယာယ်အားဖြင့် အနုသယဓာတ်တို့ကို ပစ္စုပ္ပန္နကာလိကတရားတို့ဟူ၍ ဆိုအပ်ကုန်၏။

**အနုသယဓာတ်တို့ အားရှိပုံအကြောင်းများ။** ။အနုသယဓာတ်တို့၏ သဘောမည်သည် အနမတဂ္ဂဘဝသံသရာ၌ အဖန်တလဲလဲ ပရိယုဋ္ဌာနကိစ္စဖြင့် ဖြစ်ပေါ်ကြကုန်သော ကိလေသာတို့၏ အစွမ်းအားဖြင့် တဆင့်ထက် တဆင့် ခိုင်မြဲခြင်းသို့ ရောက်ကြကုန်၏။ နဂို ပကတိထက်ပင် အဆင့်ဆင့်အားရှိ၍ လာကြကုန်၏။ကိလေသာအဖြစ် များလေ

လေ အနုသယဓာတ် ခိုင်ခံ့၍ အားရှိလေလေဟု ဆိုလိုသည်။ ထိုအနုသယဓာတ်ကို မဂ်၏ ပဟာနသတ္တိမှတပါး တစုံတခုသော အားစွမ်းလုံ့လဝီရိယဖြင့် ပယ်ရှားခြင်းငှါလည်း မတတ်စကောင်း။ အကြင်အခါ၌ အကြောင်းအခွင့် သင့်သဖြင့် အနုသယဓာတ်သည် ပရိယုဋ္ဌာနကိစ္စကို များစွာဆောင်ရွက်ရ၏။ ထိုအခါ ထိုအနုသယဓာတ်သည် အတိုင်းထက် အလွန် အားရှိလေ၏။ အကြင်အခါ၌ အကြောင်းအခွင့်မသာသဖြင့် ပရိယုဋ္ဌာနကိစ္စကို မဆောင်မရွက်ရလေဘဲ ဆန့်ကျင်ဘက်ဖြစ်သော ပဋိပက္ခတရားတို့၏ နှိပ်စက်ခြင်းကို ခံရလေ၏။ ထိုအခါ ထိုအနုသယဓာတ်သည် အားနည်းခြင်းသို့ရောက်လေ၍ ညှိုးညှိုးငယ်ငယ် တည်ရလေ၏။

**ကာမရာဂါနုသယ။** ။ကာမတရားတို့၌ သာယာတတ်သော တဏှာမျိုး ဓာတ်သည် ကာမရာဂါနုသယမည်၏။

**ဘဝရာဂါနုသယ။** ။မဟဂ္ဂုတ်ကုသိုလ်ဝိပါက်တို့၌ တပ်သောတဏှာဓာတ်သည် ဘဝရာဂါနုသယမည်၏။

**ပဋိဃာနုသယ။** ။ဒေါသမျိုးဓာတ်သည် ပဋိဃာနုသယ မည်၏။

**မာနာနုသယ။** ။မာနမျိုးဓာတ်သည် မာနာနုသယမည်၏။

**ဒိဋ္ဌာနုသယ။** ။ဒိဋ္ဌိမျိုးဓာဘ်သည် ဒိဋ္ဌာနုသယမည်၏။

**ဝိစိကိစ္ဆာနုသယ။** ။ဝိစိကိစ္ဆာမျိုးဓာတ်သည် ဝိစိကိစ္ဆာနုသယမည်၏။

**အဝိဇ္ဇာနုသယ။** ။အဝိဇ္ဇာမျိုးဓာတ်သည် အဝိဇ္ဇာနုသယမည်၏။ အနုသယ ၇-ပါးသည် တရားကိုယ်အားဖြင့် ခြောက်ပါးသာရှိ၏။

အနုသယပြီး၏။

## သံယောဇဉ် ၁၀-ပါး

(၄၅၀) **ကာမ,ရူပ၊ အရူပ၊ ရာဂ ပဋိဃံ။**
(၄၅၁) **မာန်,ဒိဋ္ဌ်,သီ,ဝိ,၊ဥဒ်,ဝိဇ္ဇာ၊ဆယ်လီ သံယောဇန်။**

ဤဖြင့် သံယောဇဉ် ၁၀-ပါးကို ပြဆို၏။

**သံယောဇဉ် (၁၀) ပါး (သုတ္တန်နည်း)။** ။ကာမရာဂ သံယောဇဉ်, ရူပရာဂ သံယောဇဉ်, အရူပရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်, မာနသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။ ဤကား သံယောဇဉ် ၁၀ ပါးတည်း။(ဤကား သုတ္တန်၌လာသော သံယောဇဉ် ၁၀-ပါးပေတည်း။)

**အဘိဓမ္မာနည်းအားဖြင့်သော်ကား**—ထိုဆိုပြီးသော သံယောဇဉ် ၁၀-ပါးတို့တွင် ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်။ ဤသုံးပါးကို ပစ်ပယ်၍ ဘဝရာဂသံယောဇဉ်, ဣဿာသံယောဇဉ်, မစ္ဆရိယသံယောဇဉ်၊ ဤသုံးပါးကို ထည့်ရာ၏။ ထိုကြောင့်—

**(၄၅၂) ရူ,ရူ,ဥဒ်,ပစ်၊ ဘဝ တစ်၊ ဣသ်,မစ် နည်းတတန်။**

ဟူ၍ ဆိုတော်မူပေ၏။

**သံယောဇဉ်။**　။"သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ"။ သံယောဇေန္တိ ဗန္ဓန္တိ၊ တုပ်နှောင် ဖွဲ့ချည် တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံယောဇနာနိ၊ သံယောဇဉ် မည်ကုန်၏။ သတ္တဝါတို့ကို သံသရာတည်းဟူသော နှောင်အိမ်ထောင်ကြီးထဲ၌ သံယောဇနိယဖြစ်သော ဝတ္ထုတို့နှင့် တုပ်၍ထားသော တရားတို့ပေတည်း။ နှောင်၍ ဖွဲ့၍ ချည်၍ ထားတတ်သော တရားတို့ပေတည်း။ လက်ထိပ် အမျိုးမျိုး, သံခြေကျင်း အမျိုးမျိုး, ထောင် အမျိုးမျိုး, နှောင်အိမ် အမျိုးမျိုး, နှောင်ကြိုး အမျိုးမျိုးတို့နှင့်တူသော တရားတို့တည်း။ သည်ကိုရည်၍—

**(၄၅၃) ထိပ်ထောင်နှောင်ကြိုး၊ အဘွဲ့မျိုး၊ ဖွင့်ရိုး သံယောဇန်။**

ဟူ၍ ဆိုတော်မူပေသည်။

တဏှာစသောတရားတို့သည် ဖွဲ့နှောင်တတ်သော သံယောဇဉ်တို့ မည်ကုန်၏။ ရူပါရုံစသော အာရုံအမျိုးတို့သည် သံယောဇဉ်၏ နယ်ဖြစ်သောကြောင့် သံယောဇနိယတို့ မည်ကုန်၏။ သံကြိုး, သံထိပ် စသည်တို့ဖြင့် တုပ်နှောင်၍ ထားခြင်းသည် ရော့ရော့ရဲရဲ ရှိသေး၏။ သံယောဇဉ်ကြိုးဖြင့် တုပ်နှောင်၍ ထားအပ်သော သတ္တဝါတို့သည် မရှုသာမရှုကြသာ လွန်စွာကြပ်တည်းလျက် ရှိကြကုန်၏။ သံယောဇနိယတည်းဟူသော ချည်တိုင်၌ သံယောဇဉ်တည်းဟူသော ကြိုးဖြင့် တုပ်နှောင်အပ်ကုန်သောကြောင့် များလှစွာသော သတ္တဝါ အနန္တတို့သည် သံသရာတည်းဟူသော ထောင်ကြီးထဲမှ မလွှဲသာ မထွက်သာ ကြပ်တည်း ကျဉ်းမြောင်းစွာ နေကြရကုန်သတည်း။

သညောဇနိယထမ္ဘမှိ၊ သံယောဇနေဟိ ဗန္ဓိတာ။
သတ္တာ ဒုက္ခာ န မုစ္စန္တိ၊ သံသာရဒ္ဒုဃရေ သဒါ။

သညောဇနိယထမ္ဘမှိ၊ ရွှေငွေရတနာ၊ လယ်ယာမိုးမြေ၊ ခြွေရွေသားမယား စသော သံယောဇနိယတိုင်ကြီး၌။ သံယောဇနေဟိ၊ သံယောဇဉ်ကြိုးတို့ဖြင့်။ ဗန္ဓိတာ၊ ဖွဲ့နှောင်တုပ်ချည်အပ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သဒါ၊ အခါခပ်သိမ်း။ သံသာရဒ္ဒုဃရေ၊ သံသရာတည်းဟူသော နှောင်အိမ်ကြီး၌။

ဒုက္ခာ၊ အမျိုးမျိုးသောဆင်းရဲမှု။ န မုစ္စန္တိ၊ မလွတ်မထွက်နိုင်ကြကုန်။ (ရစနာ ဂါထာ။)

**ဩရမ္ဘာဂိယသံယောဇဉ်။** ။သုတ္တန်နည်း သံယောဇဉ် ၁၀ ပါးတို့တွင် ကာမရာဂသံယောဇဉ်, ဒိဋ္ဌိသံယောဇဉ်, သီလဗ္ဗတပရာမာသ သံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, ဗျာပါဒသံယောဇဉ်။ ဤသံယောဇဉ်ငါးပါးတို့သည် ဩရမ္ဘာဂိယသံယောဇဉ် မည်ကုန်၏။ အဓောဘာဂိယ သံယောဇဉ်လည်း မည်ကုန်၏။

**ဥဒ္ဓံဘာဂိယသံယောဇဉ် ၅။** ။ရူပရာဂသံယောဇဉ်, အရူပရာဂသံယောဇဉ်, မာနသံယောဇဉ်, ဥဒ္ဓစ္စသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်။ ဤသံယောဇဉ်ငါးပါးတို့သည် ဥဒ္ဓံဘာဂိယသံယောဇဉ်မည်ကုန်၏။

**အဓောဘာဂိယ,ဥဒ္ဓံဘာဂိယမည်ပုံများ။** ။အောက်မဂ် ၃-ပါးလျှင် အဘို့ရှိသောကြောင့် အဓောဘာဂိယ သံယောဇဉ် မည်ကုန်၏။ တနည်းကား— ကာမတည်းဟူသော အောက်ဘုံ အဘို့ရှိသောကြောင့် အဓောဘာဂိယသံယောဇဉ် မည်ကုန်၏။ အရဟတ္တမဂ်တည်းဟူသော အထက်မဂ် အဘို့ရှိသောကြောင့် ဥဒ္ဓံဘာဂိယသံယောဇဉ် မည်ကုန်၏။ တနည်းကား—ရူပဘုံ,အရူပဘုံတည်းဟူသော အထက်ဘုံ အဘို့ရှိသောကြောင့် ဥဒ္ဓံဘာဂိယသံယောဇဉ် မည်ကုန်၏။ သုတ္တန်နည်း, အဘိဓမ္မာနည်းနှစ်ပါးလုံးကို ပေါင်း၍ သံယောဇဉ်တရားကိုယ်တို့သည် ကိုးပါးသာလျှင် ရှိကုန်၏။ လောဘ, ဒိဋ္ဌိ, မာန, ဒေါသ, ဣဿာ, မစ္ဆရိယ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဝိဇ္ဇာ။ ဤကိုးပါးတို့တည်း။ ။သံယောဇဉ် ပြီး၏။

(၃၅၃) **ဟိတ်ကြီး-ဒြိ၊ မာန်, ဒိဋ္ဌ်,ဒိ၊ ထိ,ဥဒ်,ဟိ,နောတ်-ဒသ်။**

ဤဖြင့် ကိလေသာ ၁၀-ပါးတို့ကို ပြဆို၏။

**ကိလေသာ ၁၀-ပါး**

**ကိလေသာ ၁၀။** ။လောဘကိလေသာ၊ ထိုအတူ ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက,အနောတ္တပ္ပကိလေသာ။ ဤကား ကိလေသာဆယ်ပါးတည်း။

**ကိလေသ။** ။"စိတ္တံ ကိလေသေန္တိ ဝိဗာဓေန္တိ ဥပတာပေန္တိ စာတိ ကိလေသာ"။ စိတ္တံ၊ စိတ်ကို။ ကိလေသေန္တိ စ၊ ညစ်နွမ်းလည်း ညစ်နွမ်းစေတတ်ကုန်၏။ ဝိဗာဓေန္တိ စ၊ နှိပ်စက်လည်း နှိပ်စက်တတ်ကုန်၏။ ဥပတာပေန္တိ စ၊ ပူပန်လည်း ပူပန်စေတတ်ကုန်၏။ ဣတိ‌ဘသ္မာ၊ ထိုကြောင့်။ ကိလေသာ၊ ကိလေသာ မည်ကုန်၏။ သတ္တဝါတို့၏ စိတ်သန္တာန်ကို ညစ်နွမ်းစေတတ်သော သဘော

ရှိသောတရား, နှိပ်စက်တတ်သော သဘောရှိသောတရား, ပူပန်စေတတ်သော သဘောရှိသောတရားတို့သည် ကိလေသာမည်ကုန်၏ ဟူလို။ ထိုကြောင့်—

**(၄၅၅) ပူပန်ညစ်ကျူ၊ နှိပ်စက်မှု၊ ဆယ်ခု ကိလေမှတ်။**

ဟူ၍ ဆိုတော်မူပေသည်။

တနည်းကား—"ကိလိဿန္တိ မလိနဘာဝံ နိပီဠနဘာဝဥ္စ ဂစ္ဆန္တိ သတ္တာ ဧတေဟီတိ ကိလေသာ"။ သတ္တာ၊ သတ္တဝါတို့သည်။ ဧတေဟိ၊ ထိုတရားတို့ဖြင့်။ ကိလိဿန္တိ၊ ညစ်နွမ်းကြကုန်၏။ မလိနဘာဝဥ္စ၊ အညစ်အကြေးထူထပ်သည်၏ အဖြစ်သို့ရင်း။ နိပီဠနဘာဝဥ္စ၊ ယုတ်ညံ့သည်၏အဖြစ်သို့ရင်း။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ညစ်နွမ်းကြောင်းဖြစ်သောသတ္တိကြောင့်။ ကိလေသာ၊ ကိလေသာမည်ကုန်၏။ သတ္တဝါတို့၏ ညစ်နွမ်းကြောင်းတရား ယုတ်ညံ့ကြောင်းတရားတို့ ဟူလို။ ကိလေသာ ၁၀ ပါးတို့သည် တရားကိုယ်အားဖြင့်လည်း ၁၀-ပါးတို့သာတည်း။

**အကုသလသင်္ဂဟ၌ တရားကိုယ်စစ်ပုံအချုပ်။** ။ဤအကုသလသင်္ဂဟ၌ ကာမသဒ္ဒါ, ဘဝသဒ္ဒါ, အဘိဇ္ဈာသဒ္ဒါပါရှိကုန်သော ကာမာသဝ, ဘဝါသဝ, အဘိဇ္ဈာကာယဂန္ထ စသည်တို့၏ တရားကိုယ်ကား လောဘစေတသိက်ပေတည်း။ ဗျာပါဒဆိုလျှင် ဒေါသ တရားကိုယ်ဟု မှတ်ရာ၏။ သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ, အတ္တသဒ္ဒါတို့ ပါလျှင် ဒိဋ္ဌိတရားကိုယ်ဟု မှတ်ရာ၏။ သည်ကိုရည်၍—

**(၄၅၆) ကာမ, ဘဝ၊ ဆိုသမျှ၊ လောဘ တရားကိုယ်။**

**(၄၅၇) သီ, ဣ, အတ်, မှာ၊ ဒိဋ္ဌိ သာ၊ အဘိဇ်, ဗျာ, လော, ဒေါ ဆို။**

ဟူ၍ ဆိုတော်မူပေသည်။

ဩဃလေးပါးမှာ တရားကိုယ်သုံးပါးရှိ၏ စသောအားဖြင့် အောက်၌ အစဉ်အတိုင်း ပြဆိုခဲ့ပြီ။

ဤ၌ လောဘသည် ကာမောဃ စသောအားဖြင့် အမည်ကိုးပါးရှိ၏။

ဒိဋ္ဌိသည် ဒိဋ္ဌောဃ စသောအားဖြင့် အမည်ရှစ်ပါးရှိ၏။

မောဟသည် အဝိဇ္ဇောဃ စသောအားဖြင့် အမည် ၇-ပါးရှိ၏။

ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာနီဝရဏ စသောအားဖြင့် အမည်လေးပါးရှိ၏။

မာနနှင့်ဥဒ္ဓစ္စတို့သည် မာနာနုသယ, ဥဒ္ဓစ္စနီဝရဏစသောအားဖြင့် အမည်သုံးပါးရှိ၏။

ထိနသည် ထိနမိဒ္ဓနီဝရဏစသောအားဖြင့် အမည်နှစ်ပါးရှိ၏။

ကြွင်းသော ကုက္ကုစ္စ, မိဒ္ဓ, ဝိသာ, မစ္ဆရိယ, အဟိရိက, အနောတ္တပ္ပ၊ ဤ ခြောက်ပါးတို့သည် ထိုက်သည်အားလျော်စွာ အမည်တပါးစီသာလျှင် ရကြကုန်၏။ ပေါင်းလျှင် အကုသိုလ်စေတသိက် ၁၄-ဖြစ်၏။

**အကုသလသင်္ဂဟပုဒ်၌။** ။"ကေန္တာကုသလဇာတိယာနံ ဩဃစတုက္ကာဒီနံ သင်္ဂဟောတိ အကုသလသင်္ဂဟော"။ ကေန္တာ-ကုသလဇာတိယာနံ၊ စင်စစ် အကုသိုလ်ဇာတ်ရှိကုန်သော။ ဩဃစတုက္ကာဒီနံ၊ ဩဃလေးပါးအပေါင်း စသည်တို့ကို။ သင်္ဂဟော၊ ရေတွက်သင်္ဂြိုဟ်ရာအခန်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အကုသလသင်္ဂဟော၊ အကုသလသင်္ဂဟ မည်၏။ ဤသို့ဝိဂြိုဟ်ပြု၍ အကုသလသင်္ဂဟမည်ပုံကို သိလေ။

(က) အကုသလသင်္ဂဟ ပြီး၏။

---

## (ခ) မိဿကသင်္ဂဟ

"ကုသလာ, ကုသလာ, ဗျာကတ မိဿကာနံ ဟေတုဆက္ကာဒီနံ သင်္ဂဟောတိ မိဿကသင်္ဂဟော"။ ကုသလာ, ကုသလာ, ဗျာကတ မိဿကာနံ၊ ကုသိုလ်, အကုသိုလ်, အဗျာကတအားဖြင့် ရောရှက်ကုန်သော။ ဟေတုဆက္ကာဒီနံ၊ ဟိတ်ခြောက်ပါးအပေါင်းစသည်တို့ကို။ သင်္ဂဟော၊ ရေတွက်သင်္ဂြိုဟ်၍ ပြရာအခန်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ မိဿကသင်္ဂဟော၊ မိဿကသင်္ဂဟမည်၏။

**(၄၁၈) ဟိတ်-ခြောက်, အစစ်၊ ဈာန်ခုနစ်၊ ဆဲ့နှစ် မဂ္ဂင်ယူ။**

ဤဖြင့် ဟိတ်ခြောက်ပါး၊ ဈာနင်ခုနစ်ပါး၊ မဂ္ဂင် ၁၂-ပါးရှိကြောင်းကို ပြဆို၏။

ဟိတ်ခြောက်ပါးကို ပကိဏ္ဏကသင်္ဂဟ၌ ဖွင့်ပြအပ်လေပြီ။

### ဈာနင် ၇-ပါး

**ဈာနင် ၇။** ။ဈာနင်ခုနစ်ပါးဆိုသည်ကား ဝေဒနာတခုသည် သောမနဿ-ဈာနင်, ဥပေက္ခာဈာနင်, ဒေါမနဿဈာနင်ဟူ၍ သုံးပါးပြား၏။ ဝိတက်, ဝိစာရ, ပီတိ, ဧကဂ္ဂတာတို့နှင့် ပေါင်းလျှင် ၇-ပါးဖြစ်လေသည်။ တရားကိုယ်အားဖြင့် ဈာနင် ငါးပါးသာလျှင်တည်း။

**ဈာန်မည်ပုံ။** ။"စိုက်စိုက်စူးစူး၊အထူးမြဲမြံ၊ရှုအားသန်၊ ဈာန်ဟုခေါ်သတတ်" ဟူသည်နှင့်အညီ ကောင်းသောအာရုံ, မကောင်းသော အာရုံတို့၌ စိတ်၏ စူးစူးစိုက်စိုက် ရှုမှုသည် ဈာန်မည်၏။ ပါဠာတိပါတိစသော

အကုသိုလ်မှုကိုပြုရာ၌သော်လည်း အာရုံ၌စိတ်၏ စူးစိုက်မှုဟူသော ဈာန်ကိစ္စမရှိလျှင် မပြီးစီးနိုင်ချေ။ ထို့ကြောင့် အကုသိုလ်တို့၌လည်း ဈာန်ပါဝင်ရ၏ဟူ၍ သိရာ၏။

**ဈာန်နှင်မည်ပုံ**။ ။"ဈာနဿ အင်္ဂါနိတိ ဈာနင်္ဂါနိ"ဟူသည်နှင့် အညီ ထိုဈာန်၏အစိတ်အစိတ်ဖြစ်သော အင်္ဂါတို့သည် ဈာနင် မည်ကုန်၏။ ထိုဈာနင် ၇-ပါးတို့တွင် ဒေါမနဿဈာနင်သည် စင်စစ် အကုသလဈာနင်ပေတည်း။ ကြွင်းသော ဈာနင်ခြောက်ပါးတို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတသုံးပါးတို့နှင့်ဆိုင်သော ပကိဏ္ဏကဈာနင်တို့ပေတည်း။ ။ဈာနင်ပြီး၏။

## မဂ္ဂင် ၁၂-ပါး

**မဂ္ဂင်၌**။ ။ခရီးလမ်းကို မဂ္ဂဟူ၍ ဆိုအပ်၏။ စိတ်၏ ဖြောင့်ဖြောင့် သွားရန် ကောက်ကောက်ကွေ့ကွေ့သွားရန် ခရီးစဉ်သည်လည်း ဤနေရာ၌ မဂ်မည်၏။ စိတ်သည် ဖြောင့်မတ်သောခရီးလမ်းဖြင့် ဖြောင့်မတ်စွာသွားလျှင် ကုသိုလ်စသော ကောင်းသောတရားတို့သည် ဖြစ်ပွါးကြကုန်၏။ ကုသိုလ်ဖြစ်ပွါးလျှင် သုဂတိမှစ၍ ဝိဝဋ္ဋနိဗ္ဗာန်တိုင်အောင် ကောင်းသောအကျိုးတို့ကို ခံစံကြရကုန်၏။ အကုသိုလ်ဖြစ်ပွါးလျှင် အပါယ်လေးပါးသို့ရောက်၍ အဖန် တလဲလဲ သံသရာဝဋ်၌ စည်ကားလေ၏။ ထို့ကြောင့် စိတ်၏ဖြောင့်ဖြောင့်သွားရန် ကောက်ကောက်ကွေ့ကွေ့သွားရန်ဖြစ်သော ခရီးလမ်းသည် ပဓာန ပါကဋဖြစ်၍နေ၏။

**မဂ္ဂင်မည်ပုံ**။ ။"မဂ္ဂဿ အင်္ဂါနိတိ မဂ္ဂင်္ဂါနိ"ဟူသည်နှင့်အညီ ခရီးဖြောင့် ခရီးကောက် နှစ်ပါးတို့၏ အင်္ဂါအဆောက်အဦတို့သည် မဂ္ဂင်မည်ကုန်၏။

**မဂ္ဂင် ၁၂-ပါး**။ ။ထိုမဂ္ဂင်တို့သည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ, မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိဟူ၍ ၁၂-ပါးရှိ၏။ ထိုတွင် ရှေ့မဂ္ဂင်ရှစ်ပါးတို့သည် စိတ်၏ ဖြောင့်ဖြောင့်မတ်မတ်သွားရန် လမ်းခရီး၏ အင်္ဂါတို့ပေတည်း။ နောက် မဂ္ဂင်လေးပါးတို့သည် စိတ်၏ ကောက်ကောက်ကွေ့ကွေ့သွားရန် လမ်းခရီး၏ အင်္ဂါတို့ပေတည်း။

**မဂ္ဂင် ၁၂-ပါး တရားကိုယ် ၉**။ ။ဤ မဂ္ဂင် ၁၂-ပါးတို့သည် တရားကိုယ်အားဖြင့် ပညာ, ဝိတက်, ဝိရတီသုံးပါး, သတိ, ဝီရိယ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိဟူ၍ ၉-ပါး ရှိကုန်၏။

ထိုတွင် မိစ္ဆာဒိဋ္ဌိသည် အကုသလမဂ္ဂင်တည်း။ ကြွင်းသော ရှစ်ပါးတို့သည် ပကိဏ္ဏကမဂ္ဂင်တို့ပေတည်း။

**ပါဏာတိပါတတခု၌ ဟိတ်, ဈာနင်, မဂ္ဂင်များ ပါဝင်ပုံ။** ။ပါဏာတိပါတကံတခု၌ ဒေါသ, မောဟဟု ဆိုအပ်သော ဟိတ်နှစ်ပါး ပါရှိ၏။ ဝိတက်, ဝိစာရ, ဒေါမနဿ, ဧကဂ္ဂတာဟုဆိုအပ်သော ဈာနင် ၄-ပါး ပါရှိ၏။ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိဟု ဆိုအပ်သော မဂ္ဂင်သုံးပါး ပါရှိ၏ဟူ၍ သိရာ၏။ ဤသို့သော နည်းဖြင့် ကုသိုလ်,အကုသိုလ်တို့၌၎င်း အဗျာကတတို့၌၎င်း ဟိတ်,ဈာနင်,မဂ္ဂင်တို့ကို သိရာ၏။

ဝိဘင်းပါဠိတော်၌၎င်း, သုတ္တန်ပါဠိတော်၌၎င်း "မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တော, မိစ္ဆာအာဇီဝေါ, မိစ္ဆာသတိ"ဟူ၍လည်း လာရှိကုန်၏။ ထိုမိစ္ဆာဝါစာ စသည်တို့၏ စေတသိက်တရားကိုယ် အသီးအခြားဟူ၍ မရှိကုန်။ ထိုအားလျော်စွာ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကိုသာလျှင် မိစ္ဆာဝါစာ စသည်ဖြင့် ကောက်ယူအပ်ကုန်၏။ ။မဂ္ဂင်ပြီး၏။

## ဣန္ဒြေ ၂၂-ပါး

(၄၅၉) ဒွါရငါးလီ၊ဣတ်,ပု,ဇီ၊မနီ,ဝေ ငါးခု။
(၄၆၀) သဒ်,ဝီ,သ,မာ၊ပဉ်လေးဖြာ၊ဒွိဒွါ,ဣန် အစု။

ဤဖြင့် ဣန္ဒြေ ၂၂-ပါးကို ပြဆို၏။

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ, မနိန္ဒြေ, သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ။ ဤကား ဣန္ဒြေ ၂၂-ပါးတည်း။

ဝေဒနာတခုတည်းသည်ပင်လျှင် ဣန္ဒြေငါးပါးဖြစ်၏။ ပညာတခုတည်းသည်ပင်လျှင် ဣန္ဒြေလေးပါးဖြစ်၏။ ရုပ်ဇီဝိတ, နာမ်ဇီဝိတနှစ်ပါးတို့သည် ဣန္ဒြိယအရာ၌ ဇီဝိတိန္ဒြိယဟူ၍ တပါးတည်းသာ ဖြစ်ကြ၏။

**ဣန္ဒြိယမည်ပုံ။** ။ဣန္ဒြိယ၌ "တေသု တေသု ကိစ္စေသု အတ္တနော အာဓိပစ္စံ ဣန္ဒတိ ကာရေန္တီတိ ဣန္ဒြိယာနိ"။ တေသု တေသု ကိစ္စေသု၊ ထိုထိုကိစ္စတို့၌။ အတ္တနော၊ မိမိ၏။ အာဓိပစ္စံ၊ အစိုးရခြင်းဟု ဆိုအပ်သော။ ဣန္ဒံ၊ ဣန္ဒကို။ ကာရေန္တိ၊ ပြုစေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣန္ဒြိယာနိ၊ ဣန္ဒြိယမည်ကုန်၏။ မိမိနှင့်စပ်သော တရားတို့၏ အပေါ်၌ အသီးအသီးသော ကိစ္စဖြင့် အစိုးရသောတရားတို့သည် ဣန္ဒြိယ

မည်ကုန်၏။ မိမိတို့၏ ဆိုင်ရာဌာန, ဆိုင်ရာကိစ္စတို့၌ သမ္ပယုတ်တရားတို့ကို မိမိတို့အလိုသို့ လိုက်စေနိုင်ကုန်သော တရားဟို ဟူလို။ သမ္ပယုတ်တရားတည်း ဟူသောနယ်၌ အသီးအသီး ဆိုင်ရာဆိုင်ရာ အစိုးရကြကုန်သော တရားဘုရင်တို့ ဆိုလိုသည်။ ထိုကြောင့်——

(၄၆၁) ဆိုင်ရာဌာန၊ နိုးနိုင်ကြ၊ ကိစ္စ ကိုယ်စီ။

ဟူ၍ ဆိုတော်မူပေသည်။

**အစိုးရပုံအသီးသီး။** ။အသီးအသီး ဆိုင်ရာဆိုင်ရာတို့၌ အစိုးရကြပုံကား—

**စက္ခုန္ဒြေသည်။** ။စက္ခုပသာဒ တည်းဟူသော **စက္ခုန္ဒြေသည်** ဒဿနကိစ္စ၌ စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်ကို အစိုးရ၏။ပ။ ကာယပသာဒ တည်းဟူသော **ကာယိန္ဒြေ** သည် ဖုသနကိစ္စ၌ ကာယဝိညာဏ်စိတ္တုပ္ပါဒ်ကို အစိုးရ၏။

**ဣတ္ထိန္ဒြေ။** ။ဣတ္ထိဘာဝရုပ်တည်းဟူသော ဣတ္ထိန္ဒြေသည် ဣတ္ထိသဏ္ဍာန် မိန်းမ အသွင်အပြင် အမူအယူစသော အစွမ်းအားဖြင့်ဖြစ်သော စတု-သမုဋ္ဌာနိကရုပ်အစဉ်ကို အစိုးရ၏။ ထိုဣတ္ထိန္ဒြေရှိသည့် အတွက်ကြောင့် ထိုစတု-သမုဋ္ဌာနိကခန္ဓာအစဉ်သည် မိန်းမတို့၏ ပုံပန်းသဏ္ဍာန်စသည်တို့ဖြင့် တန်းဆာ ဆင်လျက် ရှိနေ၏။ သူငယ်အရွယ်၌တည်သော မိန်းမတို့၌ မိန်းမစိတ်, မိန်းမ ဆန္ဒ, မိန်းမအလိုတို့သည် လွန်စွာ နုံ့လှသေးကုန်၏။ ထိုကြောင့် ငယ်နုလှစွာ သောအရွယ်တို့၌ကား မိန်းမ၏ အမူအယူစသော ဣတ္ထိ အခြင်းအရာတို့သည် များစွာ မထင်ရှားကြပေကုန်။ နုံ့လျက် ဝပ်လျက် ရှိကြလေကုန်၏။

**ပုရိသိန္ဒြေ။** ။ပုမ္ဘာဝ ဟု ဆိုအပ်သော ပုရိသိန္ဒြေသည် ပုရိသသဏ္ဍာန်၌ ယောကျ်ား၏ အသွင်အပြင် အမူအယူစသော အခြင်းအရာ အားဖြင့် ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အစဉ်ကို အစိုးရ၏။ ထိုပုရိသိန္ဒြေ ရှိနေသည့်အတွက်ကြောင့် ထိုစတုသမုဋ္ဌာနိက ခန္ဓာအစဉ်သည် ယောကျ်ားတို့၏ ပုံပန်းသဏ္ဍာန်စသည်တို့ဖြင့် တန်းဆာဆင်လျက် ရှိနေ၏။ ဤသို့စသည်ဖြင့် သိလေ။

**ရုပ်ဇီဝိတိန္ဒြေ** သည် ရုပ်ခန္ဓာအစဉ်၏ နေ့ရက်လနှစ်တို့၏အစဉ်ဖြင့် အခွန့် ရှည်စွာ ဆက်လက်၍ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။

**နာမ်ဇီဝိတိန္ဒြေ** သည် နာမ်ခန္ဓာလေးပါးတို့၏ နေ့ရက်လနှစ်တို့၏အစဉ်ဖြင့် အခွန့်ရှည်စွာ ဆက်လက်ဖြစ်ပေါ်၍ နေကုန်သော သဟဇာတ နာမ်တို့ကို အစိုးရ၏။

**မနိန္ဒြေသည်** ဝိဇာနနကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။

**သုခိန္ဒြေ**စသော ဝေဒနိန္ဒြေ၅-ပါးသည် အာရုံကို ခံစားမှု တည်းဟူသော အာရမ္မဏာနုဘဝနကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။

**သဒ္ဓိန္ဒြေ**သည် အာရုံ၌ကျွတ်လွတ်ခြင်း သက်ဝင်ခြင်းတည်းဟူသော အာရမ္မ-ဏာဓိမုစ္စနကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ယုံကြည်ခြင်းကိစ္စ၌ သမ္ပယုတ် တရားတို့ကို အစိုးရ၏ဟူ၍လည်း ဆိုရ၏။

**ဝီရိယိန္ဒြေ**သည် အမှုအမျိုးမျိုးတို့၌ ရဲရဲဝံ့ဝံ့ မတွန့်မဆုတ်ခြင်းတည်းဟူသော အလီနဝုတ္တိဘာဝကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။

**သတိန္ဒြေ**သည် အာရုံကို အောက်မေ့ခြင်းတည်းဟူသော အာရမ္မဏုပဋ္ဌာန ကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။

**သမာဓိန္ဒြေ**သည် အာရုံ၌ အမြဲတည်တံ့ခြင်းတည်းဟူသော နိစ္စလဋ္ဌိတိကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။

**ပညိန္ဒြေလေးပါး**သည် မတွေ့မဝေခြင်းတည်းဟူသော အသမ္မောဟကိစ္စ၌ သမ္ပယုတ်တရားတို့ကို အစိုးရ၏။ ပညာလျှင် တရားကိုယ်အရင်းရှိသော ဣန္ဒြေ လေးပါးတို့တွင် လောကီစိတ်၌ယှဉ်သော ပညာစေတသိက်ကို ပညိန္ဒြေဟူ၍ မှတ်ရာ၏။ သောတာပတ္တိမဂ်၌ရှိသော ပညာကို အနညာတညဿာမိတိန္ဒြေဟူ၍ မှတ်အပ်၏။ အရဟတ္တဖိုလ်၌ရှိသော ပညာသည် အညာတာဝိန္ဒြေမည်၏။ အလယ်ဖြစ်သော လောကုတ္တရာစိတ်ခြောက်ပါးတို့၌ရှိသော ပညာသည် အညိန္ဒြေ မည်၏။ ထိုကြောင့်—

(၄၆ ) သောတာမဂ်မှာ၊ အနညာ၊ ဆုံးမှာ အညာဝီ။
(၄၆၇) လောကုတ်အလယ်၊ ခြောက်ခုဝယ်၊ အလယ် အညိန်မှီ။

ဟူ၍ ဆိုတော်မူပေသည်။

**အနညာတညဿာမိတိန္ဒြိယ**၌ အနညာတ+ဉ ဿာမိ+ဣတိ+ဣန္ဒြိယ ဟူ၍ ပုဒ်ခွဲရာ၏။ ဝိဂ္ဂဟ်ကား “အညာယိတ္ထာတိ အညာတံ”။အညာယိတ္ထ၊ သိအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အညာတံ၊ အညာတမည်၏။ “န အညာတန္တိ အန-ညာတံ”။ အညာတံ၊ သိအပ်သည်။ န၊ မဟုတ်။ ဣတိတသ္မာ၊ ထိုကြောင့်။ အနညာတံ၊ အနညာတမည်၏။ မသိအပ်သေးသော သစ္စာ ၄-ပါးတရားကိုရစေ။

“အနညာတံ ဉ ဿာမီတိ အနညာတညဿာမိ”။ အနညာတံ၊ မသိအပ်သေး သော သစ္စာလေးပါးတရားကို။ ဉ ဿာမိ၊ သိအောင်ပြုအံ့ဟူ၍ကျင့်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အနညာတညဿာမိ၊ အနညာတညဿာမိမည်၏။ (အာ ချာတ်ပုဒ်ပင်ဖြစ်သော်လည်း သဒ္ဒါအရာ၌ကား ပုဒ်တပါးနှင့် သမာသ်ဖြစ်

သေး၏။ မာခလိဂေါသာလ, ဟေပါယသိက, အညာသိကောဏ္ဍည စသောပုဒ်တို့ ကဲ့သို့တည်း)။

"အနညာတညဿာမီတိ ဧဝံ ပဝတ္တော ဣန္ဒြိယန္တိ အနညာတညဿာမိ-တိန္ဒြိယံ"။ အနညာတညဿာမိ၊ မသိအပ်သေးသော သစ္စာလေးပါးကို သိရ-လတ္တံ့။ ဣတိဧဝံ၊ ဤသို့။ ပဝတ္တော၊ ကျင့်သောပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ဣန္ဒြေတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အနညာတညဿာမိတိန္ဒြိယံ၊ အနညာတညဿာမိ-တိန္ဒြေမည်၏။

ရှေးဦးစွာ သံသရာမှတို့ကို လက္ခဏာရေးသုံးပါးတို့ဖြင့် နှလုံးသွင်းသည်မှစ၍ မသိအပ်သေးသော သစ္စာလေးပါးတရားတို့ကို မသိလျှင် ငါမနေ၊ သိအောင် ကျင့်ကြံအားထုတ်အံ့ဟူ၍ ကြိုးစားလေရာ ထိုကြိုးစားမှု မငြိမ်းမစဲမီပင်လျှင် သောတာပတ္တိမဂ်ကို ရဆဲသောပုဂ္ဂိုလ်၏ ပညာဣန္ဒြေ ဆိုလိုသည်။ စင်စစ်အားဖြင့် သောတာပတ္တိမဂ်နှင့် ယှဉ်သော ပညာပင်တည်း။ သံသရာထဲ၌ တရံ တခါမျှ မသိရဘူး မမြင်ရဘူးသော သစ္စာလေးပါးကို သိအောင်အားထုတ်၍ ရှေးဦးစွာ သိမြင်စလက်သစ် ဝိသေသဂုဏ်ရှိပေသောကြောင့် အနညာတညဿာမိတိန္ဒြိယ ဆိုရလေသည်။

**အညိန္ဒြေ၌** "အာဇာနာတီတိ အညံ"။ အာဇာနာတိ၊ အားကြီးထပ်၍ သိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အညံ၊ အညမည်၏။ "အညံဧဝ ဣန္ဒြိ-ယန္တိ အညိန္ဒြိယံ"။ အညံဧဝ၊ အားကြီးထပ်၍ သိတတ်သော တရားသည်လျှင်။ ဣန္ဒြိယံ၊ ဣန္ဒြိယမည်သည်သာလျှင်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အညိန္ဒြိယံ၊ အညိန္ဒြိယမည်၏။ သောတာပတ္တိမဂ်ဖြင့် မသိအပ်ဘူးသေးသော သစ္စာလေးပါး တရားတို့ကို သိပြီးဖြစ်သော်လည်း ကိလေသာကို ပယ်ခြင်းကိစ္စအတွက် အဆုံးသို့ မရောက်သေးသောကြောင့် သိအပ်ပြီးသော သစ္စာလေးပါးတို့နှင့် နိဗ္ဗာန် တရားတို့ကို အဖန်ဖန်အဆင့်ဆင့် ထပ်၍သိသော အလယ်အရိယာပုဂ္ဂိုလ် ၆-ယောက်၏ ပညာသည် အညိန္ဒြိယမည်၏။ အလယ်၌ရှိသော လောကုတ္တရာ ခြောက်ပါး၌ ယှဉ်သော ပညာပင်တည်း။

**အညာတာဝိန္ဒြေ၌** "အညာယိတ္ထာတိ အညာတာဝီ"။ အညာယိတ္ထ၊ အလုံးစုံ သိအပ်ပြီ။ ဣတိတသ္မာ၊ ထိုကြောင့်။ အညာတာဝီ၊ အညာတာဝီမည်၏။ သိမှုကိစ္စအရာ၌ အပြီးတိုင် ပေါက်ရောက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကို ရစေ။ "အညာ-တာဝိနော ဣန္ဒြိယန္တိ အညာတာဝိန္ဒြိယံ"။ အညာတာဝိနော၊ သိမှုကိစ္စ ပြီးပိုင်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏။ ဣန္ဒြိယံ၊ ဣန္ဒြေတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ အညာတာဝိန္ဒြိယံ၊ အညာတာဝိန္ဒြေမည်၏။ စင်စစ်အားဖြင့် အရဟတ္တဖိုလ်၌ ယှဉ်သောပညာစေတသိက်ပင်တည်း။

**ဣန္ဒြေတို့၏ မှတ်မှားမှုများဖြစ်ပုံနှင့် မှတ်မှားမှုပျောက်ကြောင်းများ။**

ဤ ဣန္ဒြေ ၂၂-ပါးတို့တွင် ရူပဣန္ဒြေစဉ်၌ **။ပသာဒိန္ဒြေငါးခု** တို့သည် ထိုတရားတို့၏ ခေတ်သဘောကို ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် မသိလျှင် သတ္တဝါဟူ၍ရှင်း, ပုဂ္ဂိုလ်ဟူ၍ရှင်း မြဲမြံခိုင်ခံ့စွာ စွဲလမ်းနိုင်စေကုန်၏။ ပရိညာကိစ္စဖြင့် ပိုင်ပိုင်နိုင်နိုင် ထိုးထွင်း၍သိလျှင် သတ္တသညာ, ပုဂ္ဂလသညာတို့မှ ကင်းလွတ်စေနိုင်သော တရားတို့လည်း ဖြစ်ကုန်၏။

**ဇီဝိတိန္ဒြေ**သည် ပသာဒနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၌ အသက်ရှိ၏, ဇီဝရှိ၏၊ ထိုရုပ်ကောင်သည် အရှင်တည်းဟူ၍ မှတ်မှားစေ၍ ဇီဝသညာကို ထူထောင်ပေ၏။ ထိုတရားကို ပရိညာကိစ္စဖြင့် သိအပ်လျှင် ဇီဝသညာကို ပျောက်စေ၏။

ဘာဝရုပ်နှစ်ခုတည်းသော **ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ**တို့သည် ပသာဒနှင့် တကွ ဇီဝရှိနေသော ထိုရုပ်ကောင်ပုဂ္ဂိုလ်၌ ဤကား မိန်းမတည်းဟူ၍ ဣတ္ထိသညာကိုရှင်း, ဤကား ယောကျ်ားတည်းဟူ၍ ပုရိသသညာကိုရှင်း ဖြစ်စေနိုင်ကုန်၏။ အထီးဟူသော အမှတ် အမ-ဟူသောအမှတ်ကို ဖြစ်စေနိုင်ကုန်၏ ဟူလို။ ထိုတရားတို့ကို ပရိညာကိစ္စဖြင့် ပိုင်နိုင်စွာ သိအပ်ကုန်လျှင် ဣတ္ထိသညာ ပုရိသသညာတို့ကို ပျောက်စေနိုင်ကုန်၏။

နာမ်ဣန္ဒြေတို့တွင် **မနိန္ဒြေ**သည် ဤပုဂ္ဂိုလ်သည် သိတတ်သော ပုဂ္ဂိုလ်တည်းဟူ၍ ဝိဇာနနသတ္တိဖြင့် အတ္တသညာကို ခိုင်မြဲသည်ထက် ခိုင်မြဲစေနိုင်၏။ ပရိညာကိစ္စဖြင့် သိအပ်လျှင် ပုဂ္ဂိုလ်၏ သိမှုမဟုတ် ဝိညာဏခေတ်၏ သိမှုပေတည်းဟူ၍ ဝိဇာနနသတ္တိအတွက်နှင့် အတ္တသညာကို လျော့ပါးစေ၏။

**ဝေဒနိန္ဒြေငါးပါး**သည် ဝိဇာနနသတ္တိရှိသော အတ္တသည် သိတတ်ရုံမျှမက သုခဒုက္ခတို့ကို ခံစားနိုင်၏ ခံစားတတ်၏ ဟူ၍ ဝေဒကသညာကို ဖြစ်စေတတ်၏၊ ပရိညာကိစ္စဖြင့် ပိုင်နိုင်စွာသိအပ်လျှင် ဝေဒကသညာကို ပျောက်စေနိုင်၏။

**ဖြူစင်ခြင်းသို့ရောက်စေနိုင်သည့်ဣန္ဒြေများ။**

**။သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါး**တို့သည် အဘ္ဘစသည်ဖြင့် မှတ်မှား၍ ညစ်နွမ်းလျက်ရှိသော အဘို့မှ ထုတ်နုတ်၍ ဖြူစင်ခြင်းသို့ ရောက်စေနိုင်ကုန်၏။ အတ္တသညာစသည်ဖြင့် ထိုထိုအမှတ်မှားမှု အထင်မှားမှု အမြင်မှားမှုတို့ကို ပယ်ဖျောက်ခြင်းငှါ ကျင့်ကြံအားထုတ်ရန် လက်နက်ကြီးတို့လည်း ဖြစ်ကုန်၏။ ထိုသို့ ကျင့်ကြံအားထုတ်သဖြင့် ဖြူစင်သည်၏ အဖြစ်သို့ ရောက်ရာ၌ အစ, အလယ်, အဆုံး သုံးပါးတို့ကို ပြခြင်းငှါ အနညာတညဿာမီတိန္ဒြေစသော လောကုတ္တရာဣန္ဒြေသုံးပါးတို့ကို ဟောတော်မူ၏။ (ဤစကားအစဉ်ဖြင့် ဣန္ဒြေတို့ဖြင့် အတ္တသညာစသည်ကို ဖြစ်စေ၍ ညစ်နွမ်းသော သံသရာဝဋ်ဖြစ်ပုံကိုရှင်း, ဤဣန္ဒြေတို့ဖြင့် ဖြူစင်သော လောကုတ္တရာတရား ဖြစ်ပေါ်ပုံကိုရှင်း ပြဆို၏။)

**ဣန္ဒြေတို့၏တရားကိုယ်အချုပ် ၁၆။** ။ဤဣန္ဒြေ ၂၂-ပါးတို့သည် တရားကိုယ်အားဖြင့် ရုပ်ဣန္ဒြေရှစ်ပါး နာမ်ဣန္ဒြေရှစ်ပါး ဟူ၍ ၁၆-ပါးရှိကုန်၏။ စက္ခု ။ပ။ ကာယ။ ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဇီဝိတ။ ဤကား ရုပ်ဣန္ဒြေတရားကိုယ် ရှစ်ပါးတို့တည်း။ ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ,သတိ,သမာဓိ,ပညာ။ ဤကား နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးတို့တည်း။ ဣန္ဒြေပြီး၏။

## ဗိုလ် ၉-ပါး

(၄၆၄) သဒ်,ဝီ,သ,ခိ၊ ပဉ်,ဟိ,ဩတ္တပ်၊အဟိ, နောတ္တပ်၊ကိုးရှင်ဗိုလ်,ကြံ့နိုင်။

ဤဖြင့် ဗိုလ် ၉-ပါးတို့နှင့် ဗိုလ်အနက်ကို ပြဆို၏။

**ဗိုလ် ၉-ပါး။** ။သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်, ဟိရီဗိုလ်, ဩတ္တပ္ပဗိုလ်, အဟိရိကဗိုလ်, အနောတ္တပ္ပဗိုလ်။ ဤကား ဗိုလ်ကိုးပါးတို့တည်း။

**ဗိုလ်(ဗလ)မည်ပုံ။** ။ကြံ့ခိုင်မြဲမြံသောကြောင့် ဗိုလ်ဟူ၍ ဆိုအပ်ကုန်သည်။ ဗလဠ္ဌ "ဗလီယန္တိ ဥပ္ပန္နေ ပဋိပက္ခဓမ္မေ သဟန္တိ မဒ္ဒန္တီတိ ဗလာနိ"။ ဥပ္ပန္နေ၊ ဖြစ်ပေါ်လာကုန်သော။ ပဋိပက္ခဓမ္မေ၊ ဆန့်ကျင်ဘက်တရားတို့ကို။ ဗလီယန္တိ၊ အားတိုက်ဖိစီးနိုင်ကုန်၏။ သဟန္တိ၊ ခုခံနိုင်ကုန်၏။ မဒ္ဒန္တိ၊ နင်းနယ်ချိုးဖျက်နိုင်ကုန်၏။ ဣတိ၊ ထိုကြောင့်။ ဗလာနိ၊ ဗိုလ်တို့မည်ကုန်၏။ ဤလောက၌ စစ်ဗိုလ်ချုပ်ကြီးတို့သည် ဆန့်ကျင်ဘက်ဖြစ်သော ရန်သူတဘက်သားတို့ကို တတ်စွမ်းနိုင်သလောက် အားတိုက် ဖိစီးကုန်သကဲ့သို့ရှင်း, ခုခံတိုက်ဖျက်ကုန်သကဲ့သို့ရှင်း, အတင်းနှိပ်စက်ကုန်သကဲ့သို့ရှင်း ထိုအတူ ဤအဘိဓမ္မာဗိုလ်တရားတို့သည်လည်း မိမိတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို အားရှိသလောက် ဖိစီးကြကုန်၏။ ခုခံတိုက်ဖျက်ကြကုန်၏။ နင်းနယ်နှိပ်စက်ကြကုန်၏။ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့အတွက်နှင့် တုန်လှုပ်ချောက်ချားခြင်းလည်း မရှိကြကုန်။ မြဲမြံခိုင်ခံ့သော တရားတို့ ဟူလို။

**ဗိုလ်အသီးသီးတို့မြဲမြံခိုင်ခံ့ပုံများ။** ။ထင်ရှားစေအံ့—သဒ္ဓါဗိုလ်သည် မသဒ္ဓါခြင်း မကြည်ညိုခြင်း တည်းဟူသော အသဒ္ဓိယတရားတို့ဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ ဝီရိယဗိုလ်သည် ပျင်းရိခြင်းတည်းဟူသော ကောသဇ္ဇတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ သတိဗိုလ်သည် မေ့လျော့ပေါ့တန်ခြင်းတည်းဟူသော မုဋ္ဌဿစ္စတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိ။ သမာဓိဗိုလ်သည် တုန်လှုပ်ပြန့်လွင့်တတ်သော ဥဒ္ဓစ္စတရားဖြင့် လှုပ်ရှား

ယိမ်းယိုင်ခြင်းမရှိ။ ပညာဗိုလ်သည် မသိမြင် မထင်မလင်းမှုဟု ဆိုအပ်သော အဝိဇ္ဇာတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ ဟိရိဗိုလ်သည် မကောင်းမှုမှ မရှက်ခြင်းတည်းဟူသော အဟိရိကတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်း မရှိ။ ဩတ္တပ္ပဗိုလ်သည် မကောင်းမှုမှ မလန့်ခြင်းတည်းဟူသော အနောတ္တပ္ပတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ အဟိရိကဗိုလ်သည် မကောင်းမှုမှ ရှက်တတ်သော ဟိရိတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ အနောတ္တပ္ပဗိုလ်သည် မကောင်းမှုမှ လန့်ထိတ်တတ်သော ဩတ္တပ္ပတရားဖြင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။

**ဗိုလ်တို့၏တရားကိုယ်။** ။ဤဗိုလ် ၉-ပါးတို့သည် တရားကိုယ်အားဖြင့် ကိုးပါးတို့သာတည်း။ အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ်တို့သည် အကုသိုလ်သက်သက်ဗိုလ်တို့တည်း။ ဟိရိဗိုလ်၊ ဩတ္တပ္ပဗိုလ်၊ သဒ္ဓါဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်။ ဤငါးပါးတို့သည် ကုသိုလ်အဗျာကတဗိုလ်တို့တည်း။ ဝီရိယဗိုလ်၊ သမာဓိဗိုလ်နှစ်ပါးတို့သည် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဗိုလ်တို့တည်း။ ဗိုလ်ပြီး၏။

## အဓိပတိလေးပါး

(၄၆၅) ဆန္ဒ,ဝိ,စိတ်,ဝီ၊ ဓိပတိ၊ မရှိ တူယှဉ်ပြိုင်။

ဤဖြင့် အဓိပတိတရားလေးပါးတို့နှင့် အဓိပတိသဒ္ဒါ၏ အနက်ကို ပြဆို၏။

**အဓိပတိ၄-ပါး။** ။ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ။ ဤကား အဓိပတိ လေးပါးတို့တည်း။ အတူပြိုင်ဘက်မရှိ စိုးမိုးကြီးကဲသော တရားတို့ပေတည်း။ အစိုးရသည်ကို "ပတိ"ဆို၏။ "ဣဿရ" လည်း ဆို၏။ အစိုးရအရှင်သခင် ဟူလိုသည်။

**ဣဿရနှစ်မျိုး။** ။ထိုဣဿရသည် (၁)ဆိုင်ရာဆိုင်ရာ တစိတ်တဒေသ၌ အစိုးရသောပဒေသဣဿရ၊ (၂) အလုံးစုံကိုခြုံ၍ အစိုးရသော သကလဣဿရဟူ၍ နှစ်ပါးအပြား ရှိ၏။

**ဣန္ဒြိယနှင့်အဓိပတိအထူး။** ။ထိုတွင် ဣန္ဒြိယတရားတို့သည် မိမိတို့၏ ပိုင်ရာဆိုင်ရာတို့၌သာ အစိုးရသောကြောင့် ပဒေသဣဿရ မည်ကုန်၏၊ အဓိပတိတို့သည် အစိုးရသော ပြိုင်ဘက်တဦးကို မရှိစေဘဲ အလုံးစုံခြုံ၍ အစိုးရသောကြောင့် သကလဣဿရ မည်ကုန်၏။ တခုသော စိတ္တုပ္ပါဒ်၌ တခုသောတရားသည် အဓိပတိဖြစ်လျှင် မိမိမှတပါး အခြားသော အဓိပတိမရှိလေပြီ၊ မိမိတဦးတည်းသာလျှင် အဓိပတိအရာကို ရ၏ဟူလို။ တခုသော စိတ္တုပ္ပါဒ်၌ သဒ္ဒါသည် ဣန္ဒြိယကိစ္စရှိသော်လည်း ထိုသဒ္ဒါမှတပါးသော

ပညာ, ဝီရိယစသော တရားတို့သည်လည်း ဣန္ဒြိယကိစ္စ ရှိကြကုန်၏။ မိမိတဦး တည်းသာလျှင် ဣန္ဒြိယ ဖြစ်သည်မဟုတ်။ မိမိနှင့် ပြိုင်ဘက် ဣန္ဒြိယတို့ကိုလည်း အခွင့်ပေး၏ ဟူလို။

**အဓိပတိမည်ပုံ။** ။"အဓိကော ပတီတိ အဓိပတိ"။ အဓိကော၊ လွန်ကဲသော။ ပတိ၊ အရှင်သခင်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဓိပတိ၊ အဓိပတိမည်၏။ လွန်ကဲသော အရှင်သခင် တရားဘုရင် တရားစကြဝတေးမင်းကြီး ဟူလို။

ထင်ရှားစေအံ့— "ဆန္ဒဝတော ကိန္နာမ ကမ္မံ န သိဇ္ဈတိ" အစရှိသော နည်းဖြင့် ဆန္ဒအစရှိသည်တို့တွင် တခုတခုသော တရားသည် အဓိပတိကိစ္စတပ်ခဲ့သည် ဖြစ်အံ့။ ထိုအဓိပတိကိစ္စတပ်သော တရားဘုရင်သည် သမ္ပယုတ်တရားတို့ကို ကောင်းသောအမှု မကောင်းသောအမှုတို့၌ အမြဲ ချီးမြှောက်အပ်သော ဦးလည် ရှိစေကုန်လျက် မိမိအလိုသို့သာ လိုက်ပါစေ၏။ သမ္ပယုတ်တရားတို့သည် ထို အဓိပတိတပ်သော တရား၏ အလိုအတိုင်းသာလျှင် မသေ့မလှန် နာခံဆောင်ရွက် ကြရကုန်၏။ ကြီးလှစွာသော ရေအယဉ်သည် ဘေဒ့တိုက်, မြက်, ထင်း စသည် တို့ကို အတင်းမျှောလေဘိသကဲ့သို့ အဓိပတိသည်လည်း သမ္ပယုတ်တရားတို့ကို မိမိ၏အလိုနိုင်ငံတည်းဟူသော ရေယဉ်ကြော၌ အတင်းမျှောလေ၏။

**ဆန္ဒ,စိတ္တ,ဝီမံသတို့ ဣန္ဒြိယကိစ္စလည်း တပ်ကြပုံ။** ။စိတ္တ,ဝီရိယ, ဝီမံသတို့သည် ဣန္ဒြိယကိစ္စလည်း တပ်ကြကုန်၏။ ထိုတရားတို့သည် အဓိပတိကိစ္စတပ်ခိုက် ဣန္ဒြိယကိစ္စကို စွန့်ကြကုန်သလောဟူမူ—ဣန္ဒြိယကိစ္စကိုလည်း မစွန့်ဟူ၍ ဖြေရာ၏။ဣန္ဒြိယကိစ္စကို မစွန့်လျှင် တခုသောစိတ္တုပ္ပါဒ်၌ အခြားသော ဣန္ဒြိယတရားတို့၏ လက်အောက်ခံလည်း ဖြစ်ကြကုန်ရာ၏။ထိုသို့ဖြစ်မှုသည် သင့်အံ့လောဟူမူ— သင့်ပါ၏ဟူ၍ ဖြေရာ၏။ သင့်လျော်ပုံကား—

ဣန္ဒြိယကိစ္စနှင့် အဓိပတိကိစ္စသည် တမျိုးစီဖြစ်၏။ အဓိပတိသည် တရားတို့၏ အသီးအသီးသောကိစ္စကို မငဲ့ဘဲ ကြီးမားသောအားအင်ဖြင့် သမ္ပယုတ်တရားတို့ကို လွှမ်းမိုး၍ ထိုသမ္ပယုတ်တရားတို့ကို အသီးအသီးသောကိစ္စတို့၌ ရှက်ဆောင်စေမှုပေတည်း။ဣန္ဒြိယကိစ္စသည် ဝိဇာနနစသော မိမိတို့၏ ကိစ္စအသီး အသီးတို့ကို အစွဲပြု၍ ကိုယ်စီကိုယ်စီသော ကိစ္စတို့၌ ပိုင်နိုင်မှု အစိုးရမှုပေတည်း။ ဥပမာအားဖြင့် စကြဝတေးမင်းသည် မိမိ ကျွန်တော်မျိုးဖြစ်သော ပုရောဟိတ် ပုဏ္ဏားအထံ၌ အတတ်ပညာကို သင်ကြားရ၏။ ထိုသို့ ပုရောဟိတ်အထံ၌ တပည့်ခံ၍ ပညာသင်မှုအတွက်နှင့် အစိုးရသော စကြဝတေးမင်းမဟုတ်ဟု မဆိုထိုက်။ စကြဝတေးမင်းကိစ္စသည် တမျိုး၊ ပညာသင်မှုကိစ္စသည် တမျိုးပေ

တည်း။ ထိုကြောင့် တခုသောစိတ္တုပ္ပါဒ်၌ ပညာသည် အဓိပတိတပ်ခဲ့အံ့။ ထိုပညာသည် ဣန္ဒြိယကိစ္စကိုလည်း မစွန့်။ သဒ္ဓါစသောတရားတို့၏ ဣန္ဒြိယကိစ္စဖြင့် အစိုးရမှုကိုလည်း မတားမြစ်။ သဒ္ဓါသည် ယုံကြည်ခြင်းတည်းဟူသော သဒ္ဓဟနကိစ္စ၌ ဣန္ဒြိယအစိုးရပြုလုပ်သောအခါ မိမိသည် လက်အောက်ခံယယ်သားအဖြစ်ဖြင့် ပါဝင်သေးသည်သာ ဖြစ်၏။ ထိုသို့ပါဝင်သော်လည်း အဓိပတိကိစ္စ, ဣန္ဒြိယကိစ္စတို့၏ သဘော အသီးအခြားစီ ဖြစ်သောကြောင့် တစုံတရာ အပြစ်မရှိပေ။ အဓိပတိထိုက်သော တရားတခုသည် မိမိနှင့် အားတူအင်မျှ အဓိပတိထိုက်သောတရားတခု၏ ဖြစ်ပေါ်ရန်ကိုမူကား အခွင့်မပေးလေ။ ဣန္ဒြိယကိစ္စနှင့် အစိုးရမှုကိုကား အခွင့်ပေးသည်သာ ဖြစ်၏။ အဓိပတိသည် စကြဝတေးမင်းကြီးနှင့် တူ၏။ ဣန္ဒြိယတို့သည် ပဒေသရာဇ်မင်းငယ်တို့နှင့် တူကုန်၏။

**အဓိပတိတရားကိုယ်။** ။အဓိပတိတရားလေးပါတို့သည် တရားကိုယ်အားဖြင့် ဆန္ဒ, ဝီရိယ, စိတ္တ, ပညာဟူ၍ လေးပါးတို့သာတည်း။

အဓိပတိပြီး၏။

## အာဟာရလေးပါး

(၄၆၆) **ကဗဠီ, ဖဿော၊ မနောသဥ္စေ၊ ဝိညာဏော၊ လေးထွေ အာဟာရ။**

ဤဖြင့် အာဟာရလေးပါးကို ပြဆို၏။

**အာဟာရ ၄-ပါး။** ။ကဗဠီကာရာဟာရ,ဖဿာဟာရ,မနောသဉ္စေတနာဟာရ, ဝိညာဏာဟာရ၊ ဤကား အာဟာရလေးပါးတို့တည်း။

**အာဟာရမည်ပုံ။** ။"အာဟရန္တီတိ အာဟာရာ"။ အာဟရန္တိ၊ လွန်စွာဆောင်တတ်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။အာဟာရာ၊ အာဟာရတို့မည်ကုန်၏။ မိမိနှင့်စပ်ဆိုင်သော အကျိုးတရားတို့ကို လွန်စွာဆောင်တတ် လွန်စွာ အားပေးတတ် လွန်စွာ ကျေးဇူးပြုတတ်သောကြောင့် အာဟာရမည်၏ ဟူလို။ ထိုကြောင့်—

(၄၆၇) **လွန်စွာဆောင်မှု၊ ကျေးဇူးပြု၊ လေးခု အာဟာရ။**

ဟူ၍ ဆိုပေသည်။

လွန်စွာ ဆောင်ပုံကို ပြဆိုအံ့—သလေးမျိုးစေ့,ဂျုံမျိုးစေ့တို့၏ အာနုဘော်မည်သည် အညှောက်ထိုးရုံမျှသာလျှင် ပမာနဖြစ်၏။ ထိုအညှောက်ပေါက်ပြီးနောက်၌ ကောက်ပင် ဂျုံပင်အဖြစ်သို့ ရောက်၍ ငါးလခြောက်လတည်၍ ကြီးပွါးမှု၌ ပထဝီရသ,အာပေါရသတည်းဟူသော မြေဩဇာ ရေဩဇာသာလျှင် ပမာနရှိ၏။ ထိုအတူ ကဗဠီကာရအာဟာရကိုမှီ၍ အသက်ရှင်ကြကုန်သော

ကာမသတ္တဝါတို့၏ ကမ္မအစွမ်းသည် ပဋိသန္ဓေဖြစ်ပေါ်ရုံသာလျှင် ပဓာနဖြစ်၏။ ပဋိသန္ဓေမှနောက် ပဝတ္တိတလျှောက်လုံး၌ အသက်ရှည်သမျှ ကာလပတ်လုံး တည်မှု ကြီးပွါးမှုများ၌ ဥတု, အာဟာရတို့သာလျှင် ပြဋ္ဌာန်းလျက် ရှိကြကုန်၏။ ကမ္မဇရုပ်တို့သည် သေခါနီးတိုင်အောင် အစဉ်မပြတ် ဖြစ်ပေါ်ကုန်၏ ဆိုသော်လည်း ဥတု,အာဟာရတို့၏ အထောက်အပံ့ကို ခံရ၍သာလျှင် ဖြစ်ပွါးကြရကုန်၏။ ဥတု,အာဟာရတို့၏ ထောက်ပံ့မှုကို မခံရလျှင် ထိုသို့ ကြာရှည်စွာ ဖြစ်နိုင်ကြမည် မဟုတ်ကြကုန်။

**ကဗဠီကာရာဟာရ၏ အားကြီးစွာဆောင်ပုံ။** ။ဥတုဟည်းဟူသော ဓေဇော ဓာတ်သည်လည်း ဩဇာတည်းဟူသော အာဟာရ၏ ထောက်ပံ့မှုကို ခံရမှသာလျှင် မိမိ၏ကိစ္စကို ဆောင်ရွက်နိုင်၏။ ဩဇာတည်းဟူသော ဓာတ်ဆီ၏ ထောက်ပံ့မှုကို မခံရလျှင် ဥတုတည်းဟူသော ဓာတ်မီးသည်လည်း တည်တံ့နိုင်မည်မဟုတ်ချေ။ ထိုကြောင့် သတ္တဝါတို့၏ စတုသန္တတိရုပ်အစဉ်သည် ကဗဠီကာရာဟာရတည်းဟူသော ဩဇာ၏ ထောက်ပံ့မှု ဆောင်မှု အားပေးမှုကြောင့်သာလျှင် တသက်ပတ်လုံး ရှည်မြင့်စွာ တည်နိုင်ကုန်၏၊ ဩဇာတည်းဟူသော အထောက်အပံ့ကို မရလျှင် ဤကဲ့သို့ မတည်တံ့နိုင်ရာ။(ဤကား ကဗဠီကာရာဟာရ၏ အားကြီးစွာဆောင်ပုံတည်း။)

**ဖဿာဟာရ၏ အားကြီးစွာ ဆောင်ပုံ။** ။ထိုပြင် ငှက်သတ္တဝါတို့သည်ငှင်း,ခြင်မှက် စသော သတ္တဝါတို့သည်ငှင်း၊ နှုတ်သီးဖြင့် အစာအာဟာရကိုယူ၍ အတ္တဘောကို မွေးမြူကြရကုန်၏။ ထိုသတ္တဝါတို့မှာ နှုတ်သီးမရှိခဲ့လျှင် အစာအာဟာရကိုမသုံးဆောင်ကြရကုန်သဖြင့် စင်စစ် သေကြကုန်ရမည်သာ ဖြစ်ကုန်၏။ ထိုအတူ ဤသတ္တဝါအပေါင်းတို့သည် ဖဿတည်းဟူသော နှုတ်သီးဖြင့် အာရုံတို့၌ပါရှိသော အရသာကို ထုတ်ယူပြီးလျှင် ဝေဒနာဟုဆိုအပ်သော ခံစားမှု အမျိုးမျိုးကို ပြည့်စုံစေကုန်လျက် တဏှာ၏ ပြန့်ပြောကြီးပွါးရန် အခြေအနေသို့သာလျှင် ဆိုက်ရောက်ကြရကုန်၏။ တဏှာ၏ အခြေအနေနှင့်တကွ ကြီးပွါးခြင်းသို့ ရောက်ကြကုန်သဖြင့် ဝဋ္ဋသုံးပါးကို စည်ကား ကြီးကျယ်စေကြကုန်၏။ ထိုသို့ ဝဋ္ဋသုံးပါး၏ ကြီးကျယ်မှုကြောင့် ယခုနေ့ ယခုအချိန်တိုင်အောင် သူသူ ငါငါသတ္တဝါတို့သည် ဝဋ္ဋသုံးပါးတည်းဟူသော ဘုံကြီး၌ မငြိးမငွေ့ မပျင်းမမုန်းနိုင်ကြကုန်ဘဲ တထွေးလုံးလုံး တအုံးအုံးဖြစ်၍ နေကြရကုန်၏။ အကယ်၍ ဖဿမရှိခဲ့ပါလျှင် အာရုံ၏ အရသာကို မယူခဲ့နိုင်ကုန်ရာ။ အာရုံ၏ အရသာကိုမရလျှင် ဝေဒနာတည်းဟူသော ခံစားမှုမဖြစ်ပေါ်ရာ။ ဝေဒနာ မဖြစ်ပေါ်လျှင် တဏှာ၏ဖြစ်ပေါ်ရန်အခွင့်လည်း မရှိလေပြီ။ တဏှာဖြစ်ခွင့်မရှိကလည်း ဝဋ္ဋသုံးပါး၏ စည်ကားကြီးကျယ်မှုမည်သည် မရှိရာ။ ထိုကြောင့် ဝဋ္ဋသုံးပါး၏ စည်ကား ကြီးကျယ်၍နေသော အချက်၊ ဝဋ္ဋသုံးပါး၌

သတ္တဝါတို့သည် မပျင်းနိုင် မမုန်းနိုင်သော အချက်များသည် ဖဿ၏ လက်ချက်တို့ပေတည်းဟူ၍ သိသာ၏။ (ဤကား ဖဿာဟာရ၏ အားကြီးစွာ ဆောင်ပုံတည်း။)

**စေတနာဟာရ၏ အားကြီးစွာ ဆောင်ပုံ။** ။ထိုပြင် ထိုပြဆိုအပ်ပြီးသော ငှက်သတ္တဝါ အစ ရှိသည်တို့သည် အတောင်ဖြင့် ခတ်ကြကုန်လျက် ခရီးအကြား၌ မကျမသက်ဘဲ သစ်တပင်မှသည် သစ်တပင်သို့၊ တောတခုမှသည် တောတခုသို့ လှည့်လည်ကြပြီးလျှင် အတ္တဘောကို ထိန်းကျောင်း မွေးမြူကြကုန်၏။ အကယ်၍ ထိုသတ္တဝါတို့မှာ အတောင်မရှိခဲ့ပါလျှင် မပျံမသွားနိုင်ကြကုန်ဘဲ ငုတ်တုတ် သေကျေခြင်းသို့သာ ရောက်ကြကုန်ရာ၏။ ထိုအတူ ဤသတ္တဝါအပေါင်းတို့သည် အတောင်နှင့်တူသော အားထုတ်ခြင်း လက္ခဏာရှိသော စေတနာဖြင့် စေ့ဆော်တိုက်တွန်း၍ ကံကြီးကံငယ်အသွယ်သွယ်တို့ကို ပြီးမြောက်စေကုန်လျက် ဘဝတခုမှသည် ဘဝတခုသို့၊ ဘုံတခုမှသည် ဘုံတခုသို့ လှည့်လည်ကြကုန်ပြီးလျှင် ယနေ့တိုင်အောင်ပင် ဝဋ်သုံးပါး၌ သွားလာ ကျင်လည်၍ နေကြရကုန်၏။ အကယ်၍ စေတနာမရှိခဲ့ပါမူကား ကမ္မဝဋ်သည် မရှိခဲ့ရာ။ ထိုသို့ ကမ္မဝဋ် မရှိကလည်း ဝိပါကဝဋ်လည်း မရှိခဲ့လေရာ။ ထိုသို့ ဝိပါကဝဋ် မရှိပြန်ကလည်း ထိုဝိပါကဝဋ် အတွင်း၌ ထောက်တည်ကိန်းအောင်း၍နေကြရကုန်သော ကိလေသာဝဋ်တို့လည်း မရှိကြကုန်ရာ။ ဝဋ်သုံးပါးတို့သည် အလျဉ်ပြတ်ကုန်ရာ၏။ ထို့ကြောင့် ဝဋ်သုံးပါး၌ ကျင်လည်၍နေကြရမှုသည် စေတနာဟာရ၏ အတွက်ပင်တည်းဟု သိသာ၏။ (ဤကား စေတနာဟာရ၏ အားကြီးစွာ ဆောင်ပုံတည်း။)

**ဝိညာဏာဟာရ၏ အားကြီးစွာ ဆောင်ပုံ။** ၊ထိုပြင် ထိုငှက်စသော သတ္တဝါတို့သည် မျက်စိဖြင့် ကျက်စားရာ ဌာနဒေသကိုမှတ်၍ သွားလာ ကျက်စားကြရကုန်၏၊ မျက်စိမရှိခဲ့လျှင် တစုံတခုသော စားကျက်ဒေသဌာနကိုလည်း မသိကြကုန်ရာ။ အနီးအပါးတွင်ရှိသော အစာအာဟာရကိုပင် ရအောင် မယူနိုင်ကြကုန်ရာ။ လျှင်မြန်စွာသာလျှင် သေခြင်းသို့ ရောက်ကြကုန်ရာ၏။ ထိုအတူ ဤသတ္တဝါတို့သည် မျက်စိနှင့်တူသော အာရုံကို သိခြင်း ဝိဇာနနသတ္တိရှိသော ဝိညာဏ်ဖြင့် အမျိုးမျိုးသော အာရုံကို ယူနိုင်ကြ ရနိုင်ကြကုန်၏။ ထိုသို့ရရှိသောအာရုံတို့၌ အမျိုးမျိုးသော ဖဿ, ဝေဒနာ, တဏှာတို့ကိုဖြစ်စေကုန်၍ ဝဋ်သုံးပါးကို ဖြည့်စွမ်းကြကုန်၏။ အကယ်၍ ဝိညာဏ်မရှိလျှင် အာရုံကို မယူနိုင်ကုန်ရာ။ အာရုံကို မယူနိုင်ကလည်း ဖဿစသည်တို့ မဖြစ်ကုန်ရာ။ ဖဿစသည်တို့ မဖြစ်ကြကုန်လျှင် ဝဋ်သုံးပါးလည်း ပြတ်ခဲ့ရာ၏။ ထို့ကြောင့် ဝဋ်သုံးပါး၏စည်ကားမှုသည် ဝိညာဏ်၏အတွက်ပင်တည်းဟု သိသာ၏။(ဤကား ဝိညာဏာဟာရ၏အားကြီးစွာ ဆောင်ပုံတည်း။)

**အာဟာရလေးပါး တရားကိုယ်။** ။အာဟာရ လေးပါးတို့သည် တရားကိုယ် အားဖြင့် ဩဇာ, ဖဿ, စေတနာ, ဝိညာဏ် ဟူ၍ လေးပါးတို့သာတည်း။ ရုပ်အာဟာရတပါး နာမ်အာဟာရသုံးပါးတို့တည်း။ ။အာဟာရ ပြီး၏။

(၄၆၈) ပဉ္စဝိညာဉ်၊ ဈာန်နှင် ကြဉ်၊ ဗိုလ်ကြဉ် အဝိရေ။

(၄၆၉) အဟိတ်တွင်-မဂ်၊ဗိုလ်, ဣန္ဒြေ, မဂ်၊ ကောင် ဝိစိကေ။

ဤဖြင့် ဤမည်သောစိတ်တို့၌ ဤမည်သောကိစ္စကို မရအပ်ဟူ၍ ပြဆိုတော်မူ၏။

**ဈာနင်ကိစ္စထိုက်သော စိတ်များ။** ။ဒွေပဉ္စဝိညာဏ် ၁၀-တို့၌ ဈာနင်ထိုက်သောတရားတို့ ပါရှိကုန်သော်လည်း ဈာနင်ကိစ္စကို မရကြကုန်။

အကြောင်းကား — ထိုပဉ္စဝိညာဏ် ၁၀-တို့သည် အားနည်းသောကိစ္စ, အားနည်းသောဌာန, အားနည်းသော ဝတ္ထု ရှိကြကုန်၏။ ရူပါရုံစသည်တို့၌ ကျရောက်ခါမျှတို့သာလျှင် ဖြစ်ကြကုန်၏။ ထိုကြောင့် ထိုပဉ္စဝိညာဏ်တို့ယှဉ်သော ဝေဒနာ, ဧကဂ္ဂတာတို့သည် ဈာနင်ကိစ္စကို မရကြလေကုန်သည်။ ပဉ္စဝိညာဏ် ၁၀-တို့၌ ဈာနင်ကိစ္စကို မရအပ်။ ကြွင်းသောစိတ် ၇၉-ခုတို့၌သာ ဈာနင်ကိစ္စကို ရအပ်၏ ဟူလိုသည်။

**ဗိုလ်ကိစ္စမရသောစိတ်များ။** ။ဝီရိယမယှဉ်သော စိတ် ၁၆-ပါးတို့၌ ဗိုလ်ကိစ္စကို မရအပ်။ အကြောင်းကား — ဝီရိယအထောက်အပံ့မှ ကင်းကုန်သော တရားတို့သည် သမ္ပယုတ်တရားတို့၌ မြဲမြံခိုင်ခံ့သည်၏ အဖြစ်သို့ မရောက်ကြကုန်။ ထိုကြောင့် ဝီရိယမယှဉ်သောစိတ်၌ ဗိုလ်ကိစ္စကို မရအပ်လေသတည်း။ ဗိုလ်ကိစ္စမည်သည် ဝီရိယပြဋ္ဌာန်းလျက်ရှိ၏။ ထိုကြောင့် ဝီရိယယှဉ်သော တရားတို့၌သာ ဗိုလ်ကိစ္စကို ရအပ်ပေသည်။

**မဂ္ဂင်ကိစ္စ မရသောစိတ်များ။** ။အဟိတ်စိတ်တို့၌ မဂ္ဂင်ကိစ္စကို မရအပ်။ အကြောင်းကား — ဟိတ်ကင်းသော တရားတို့မည်သည် ဝဋ်သုံးပါးသို့ ဆိုက်ရောက်ကြောင်း ဝိဝဋ္ဋသို့ ဆိုက်ရောက်ကြောင်း ခရီးကိစ္စ မရှိကြလေကုန်။ ထိုကြောင့် အဟိတ်စိတ်တို့၌ မဂ္ဂင်ကိစ္စကို မရအပ်လေသတည်း။ မဂ္ဂင်ကိစ္စသည် ဟိတ်တရား ပြဋ္ဌာန်းလျက်ရှိ၏။ ထိုကြောင့် သဟိတ်စိတ်၌သာလျှင် မဂ္ဂင်ကိစ္စကို ရအပ်ပေသည်။

**ဗိုလ်, ဣန္ဒြေနှင့် မဂ္ဂင်ကိစ္စမရသော စေတသိက်။** ။ဝိစိကိစ္ဆာ၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် ဗိုလ်ကိစ္စ,ဣန္ဒြေကိစ္စ,မဂ္ဂင်ကိစ္စတို့ကို မရချေ။အကြောင်းကား — ဝိစိကိစ္ဆာ၌

ရှိသော ကေဂ္ဂတာသည် အာရုံကို ဆုံးဖြတ်တတ်သော အဓိမောက္ခနှင့် ကင်း၍ နေ၏။ စင်စစ် ရွေ့ရှားလူးလွန့်တတ်သော အဝိစ္ဆာ၏ နှိပ်စက်ခြင်းကိုလည်း ခံရလေ၏။ ထို့ကြောင့် ကေဂ္ဂတာသည် လွန်စွာ အားနည်းလေ၏။ ထို့ကြောင့်ပင်လျှင် ဗိုလ်ကိစ္စ,ဣန္ဒြေကိစ္စ,မဂ္ဂင်ကိစ္စများကို မတတ်နိုင်ဘဲ ရှိရလေသတည်း။

**အဓိပတိကိစ္စမရသောစိတ်များ။** ။အဟိတ်တရားတို့သည် ဟိတ်မှ ကင်းကြကုန်သောကြောင့် လွန်စွာ အားနည်းကုန်၏။ ထို့ကြောင့် ထိုအဟိတ်တို့သည် အဓိပတိကိစ္စကို မရွက်ဆောင်နိုင်ကြကုန်၊ မောဟမူဒွေးသည် ဟိတ်တပါးရှိသော်လည်း ၎င်းဟိတ်မှာ အဖော်သဟဲမရှိသောကြောင့် အားနည်းသည်သာ ဖြစ်၏။ ထို့ကြောင့် ထိုမောဟမူ ဒွေးတို့သည်လည်း အဓိပတိကိစ္စကို မရွက်ဆောင်နိုင်ကြကုန်။ လောကီဝိပါက်စိတ်တို့သည် အားနည်းသောကိစ္စနှင့် ယှဉ်ကြကုန်သောကြောင့် လွန်စွာနုံ့ကြကုန်၏။ ထို့ကြောင့် ထိုလောကီဝိပါက်တို့သည် အဓိပတိကိစ္စကို မရွက်ဆောင်နိုင်ကြကုန်။

**အဓိပတိကိစ္စရသောစိတ်များ။** ။သမ္ပယုတ်ဟိတ်အားဖြင့်၎င်း, ဇောဟူသောကိစ္စအားဖြင့်၎င်း လွန်စွာအားရှိကြကုန်သော ဒွိဟိတ်ဇော, တိဟိတ်ဇောတို့သည်သာလျှင် အဓိပတိကိစ္စကို ရွက်ဆောင်နိုင်ကြကုန်၏။ ထိုဒွိဟိတ်ဇော,တိဟိတ်ဇောတို့၌သာလျှင် အဓိပတိကိစ္စကို ရအပ်၏ ဟူလို။ ထို့ကြောင့်—

(၄၇၀) ဒွိဟေ,တိ ဟေ၊ ဇောနှစ်ဌေ၊ ရစေ ဓိပတိ။

ဟူ၍ ဆိုတော်မူပေသည်။

ထိုအဓိပတိသဘောသည် တခုသောစိတ္တုပ္ပါဒ်၌ တခုသောတရားသည်သာလျှင် အဓိပတိကိစ္စကို ဆောင်ရွက်၏။ ကြွင်းသော အဓိပတိတရားတို့သည် အဓိပတိကိစ္စကို မရွက်ဆောင်ကြကုန်။ ဤမိဿကသင်္ဂဟ၌ ဈာနင်စသည်တို့၏ တရားကိုယ်များကို အသီးအသီး ပြအပ်လေပြီ။

(ခ) မိဿကသင်္ဂဟ ပြီး၏။

---

## (ဂ) ဗောဓိပက္ခိယသင်္ဂဟ

**ဗောဓိပက္ခိယ** ဟူသောပုဒ်၌ ဝိဂ္ဂြိုဟ်ကား "စတ္တာရိ သစ္စာနိ ဗုဇ္ဈတီတိ ဗောဓိ"။ စတ္တာရိ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ဗုဇ္ဈတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဓိ၊ ဗောဓိမည်၏။ မဂ်လေးပါး၌ ယှဉ်သောပညာကို ရစေ။

မဟာနိဒ္ဒေသပါဠိတော်၌လည်း “ဗောဓိ ဝုစ္စတိ စတူသု မဂ္ဂေသု ဉာဏံ”ဟူ၍ ဟောတော်မူ၏။ အဆောက်အဦ အပင်းအသင်း အဘို့အစု ကောဋ္ဌာသကို “ပက္ခ”ဟူ၍ ဆိုအပ်၏။“ဗောဓိယာ ပက္ခေ ဘဝါတိ ဗောဓိပက္ခိယာ”။ဗောဓိယာ၊ မဂ်ဉာဏ် လေးပါး၏။ ပက္ခေ၊ အဘို့အစု အပင်းအသင်း၌။ ဘဝါ၊ ဖြစ်သော တရားတို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယမည် ကုန်၏။ ဗောဓိပက္ခိယဟူသော အမည်သည် အဓိသီလ, အဓိစိတ္တ, အဓိပညာ တည်းဟူသောသိက္ခာသုံးရပ်တို့၌ အကျုံးဝင်ကုန်သော မြတ်စွာဘုရားသခင်၏ အသီးအခြား သာသနာတော်တရားတို့၏ အမည်ပေတည်း။

“ဗောဓိပက္ခိယာနံ သင်္ဂဟောတိ ဗောဓိပက္ခိယသင်္ဂဟော”။ ဗောဓိပက္ခိယာနံ၊ ဗောဓိပက္ခိယတရားတို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ်ရေတွက်ရာ အခန်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗောဓိပက္ခိယသင်္ဂဟော၊ ဗောဓိပက္ခိယသင်္ဂဟမည်၏။

## သတိပဋ္ဌာန်လေးပါး

(၇၇၁) ကာ, ဝေ, ဒိတ်, ဓမ်၊ နုပဿန်၊ ပဋ္ဌာန် သတိလေး။

ဤဖြင့် သတိပဋ္ဌာန်တရားလေးပါးတို့ကို ပြဆို၏။

**သတိပဋ္ဌာန်လေးပါး**။ ။ကာယာနုပဿနာ သတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်,ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ ဤကား သတိပဋ္ဌာန်တရား လေးပါးတို့တည်း။

**သတိပဋ္ဌာန်၌** “သမ္ပယုတ္တဓမ္မေသု ပမုခါ ပဓာနာ ဟုတွာ ကာယာဒီသု အာရမ္မဏေသု တိဋ္ဌန္တီတိ ပဋ္ဌာနာနိ”။ သမ္ပယုတ္တဓမ္မေသု၊ သမ္ပယုတ်တရားတို့၌။ ပမုခါ၊ အဦးအမှူးတို့သည်။ ပဓာနာ၊ ပြဋ္ဌာန်းကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ကာယာဒီသု အာရမ္မဏေသု၊ကာယစသောအာရုံတို့၌။တိဋ္ဌန္တိ၊တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋ္ဌာနာနိ၊ ပဋ္ဌာနတို့မည်ကုန်၏။ “သတိဧဝ ပဋ္ဌာနာနီတိ သတိပဋ္ဌာနာနိ”။သတိဧဝ၊သတိသည်သာလျှင်။ပဋ္ဌာနာနိ၊ ပဋ္ဌာနတို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်၊ သတိပဋ္ဌာနာနိ၊ သတိပဋ္ဌာန်တို့ မည်ကုန်၏။

**ကာယာနုပဿနာ**။ ။“ကာယေ ကာယာနုပဿီ ဝိဟရတိ”စသော ပါဠိတော်ကို ထောက်၍“ကာယေ အနုပဿနာတိ ကာယာနုပဿနာ” စသည်ဖြင့် ဝိဂ္ဂြိုဟ်ပြုရာ၏။ ကာယေ၊ ရူပကာယ၌။ အနုပဿနာ၊ အဖန်ဖန်ရှုဆင်ခြင်ခြင်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ကာယာနုပဿနာ၊ ကာယာနုပဿနာမည်၏။ ရူပကာယခန္ဓာကိုယ်၌ အဿာသ, ပဿာသ ဟု ဆိုအပ်သော ထွက်သက် ဝင်သက် အစရှိသော အစိတ်အစိတ်ဖြင့်ရင်း, အနိစ္စအစရှိသော အခြင်းအရာအားဖြင့်ရင်း အဖန်ဖန်ရှုဆင်ခြင်မှုသည် ကာယာနုပဿနာမည်၏။

**ဝေဒနာနုပဿနာ**။ ။ကိုးပါးအပြားရှိသော ဝေဒနာတို့၌ ထိုထိုဝေဒနာ၏ အဖြစ်ဖြင့်ရင်း, ဥဒယဗ္ဗယ၏ အစွမ်းအားဖြင့်ရင်း အဖန်ဖန်ရှုဆင်ခြင်မှုသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်မည်၏။

**စိတ္တာနုပဿနာ**။ ။သရာဂစိတ် အစရှိသော တဆယ့်ခြောက်ပါးသော[၁] စိတ်တို့၌ ထိုထိုစိတ်၏ အဖြစ်ဖြင့်ရင်း,ဥဒယဗ္ဗယ၏ အစွမ်းအားဖြင့်ရင်း အဖန်ဖန် ရှုဆင်ခြင်မှုသည် စိတ္တာနုပဿနာသတိပဋ္ဌာန်မည်၏။

**ဓမ္မာနုပဿနာ**။ ။နီဝရဏဓမ္မအစရှိသော ငါးပါးသောတရားတို့၌ ထိုထို တရား၏အဖြစ်ဖြင့်ရင်း, ဥဒယဗ္ဗယ၏ အစွမ်းအားဖြင့်ရင်း အဖန်ဖန် ရှုဆင်ခြင်မှုသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်မည်၏။

**သတိပဋ္ဌာန်အသီးသီးတို့၏အကျိုး**။ ။ကာယာနုပဿနာသတိပဋ္ဌာန်သည် ရုပ-ကာယ၌ တင့်တယ်ဖွယ်ရာ၏, မင်္ဂလာရှိ၏, ကြက်သရေရှိ၏ စသည်ဖြင့် ထင်မှား၍နေသော သုဘသညာ ဝိပလ္လာသကို ပယ်ရှားနိုင်၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်သည် ချမ်းသာ၏ ဟူ၍ မှတ်မှားသော သုခ-သညာ ဝိပလ္လာသကို ပယ်ရှားနိုင်၏။

စိတ္တာနုပဿနာ သတိပဋ္ဌာန်သည် မြဲ၏ဟူ၍ မှတ်မှားသော နိစ္စသညာ-ဝိပလ္လာသကို ပယ်ရှားနိုင်၏။

ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် ငါဟုတ်၏, ပုဂ္ဂိုလ်ဟုတ်၏, သတ္တဝါဟုတ်၏, ဇီဝရှိ၏ စသည်ဖြင့် မှတ်မှားသော အတ္တသညာဝိပလ္လာသကို ပယ်ဖျောက်နိုင်၏။

---

၁။ သရာဂစိတ္တ (=လောဘမူစိတ်), ဝီတရာဂစိတ္တ (=ကုသိုလ်အဗျာကတစိတ်), သဒေါသစိတ္တ (=ဒေါသမူစိတ်), ဝီတဒေါသစိတ္တ (=ကုသိုလ်အဗျာကတစိတ်), သမောဟ စိတ္တ (=မောဟမူစိတ်), ဝီတမောဟစိတ္တ (=ကုသိုလ်အဗျာကတစိတ်), သံခိတ္တစိတ္တ (=ထိန, မိဒ္ဓနှင့် ယှဉ်သောစိတ်), ဝိက္ခိတ္တစိတ္တ (=ဥဒ္ဓစ္စသဟဂုတ်စိတ်), မဟဂ္ဂတစိတ္တ (=ရူပ, အရူပစိတ်), အမဟဂ္ဂတစိတ္တ (=ကာမစိတ်, လောကုတ္တရာစိတ်), သဥတ္တရစိတ္တ (=လောကီစိတ်), အနုတ္တရစိတ္တ (=လောကုတ္တရာစိတ်), သမာဟိတစိတ္တ (=ဥပစာ, အပ္ပနာ အဖြစ်သို့ရောက်သောစိတ်), အသမာဟိတစိတ္တ (=ဥပစာ, အပ္ပနာအဖြစ်သို့မရောက်သော စိတ်), ဝိမုတ္တစိတ္တ (=ကုသိုလ်စိတ်, ဖိုလ်စိတ်), အဝိမုတ္တစိတ္တ (=ကုသိုလ်စိတ်, ဖိုလ်စိတ်တို့မှ ကြွင်းသောစိတ်)တို့ကို ဆိုလိုသည်။ ဝိဘင်္ဂပါဠိတော် မဟာသတိပဋ္ဌာနဝိဘင်း၊ ၂၀၄။ မူလ ပဏ္ဏာသပါဠိတော်၊ ၇၆။ သုတ်မဟာဝါပါဠိတော်၊ ၂၃၇-စသည်တို့နှင့်ဆိုင်ရာ အဋ္ဌကထာ များ၌ရှုပါ။

သတိပဋ္ဌာန်တရားလေးပါးတို့သည် တရားကိုယ်အားဖြင့် သတိစေတသိက် တခုတို့သာတည်း။ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့၏ အဓိပ္ပါယ် အကျယ်ကိုမူကား ငါတို့ကျေးဇူးရှင် ဘုရားကြီး ရေးသားတော်မူအပ်သော ဗောဓိပက္ခိယ ဒီပနီကျမ်းတွင် ရှု၍ သိရာ၏။ မဟာသတိပဋ္ဌာနသုတ်, သတိပဋ္ဌာန ဝိဘင်းပါဠိတော်ကြီး အဋ္ဌကထာကြီးတို့လည်း များစွာရှိကြကုန်၏။ ။သတိ-ပဋ္ဌာန်ပြီး၏။

## သမ္မပ္ပဓာန်လေးပါး

**သမ္မပ္ပဓာန်မည်ပုံ။** ။သမ္မပ္ပဓာန်၌ "သမ္မာ ပဒဟန္တိ ဧတေဟီတိ သမ္မပ္ပဓာ-နာနိ"။ ဧတေဟိ၊ ထိုတရားတို့ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပဒဟန္တိ၊ ကြိုးစားအားထုတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့အားထုတ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမ္မပ္ပဓာနာနိ၊ သမ္မပ္ပဓာန်တို့မည်ကုန်၏။

ဤသမ္မပ္ပဓာန ဟူသောအမည်သည် ဝီရိယ၏ အမည်တည်း။ "ငါ၏ကိုယ်၌ အရိုး,အရေ,အကြော တို့သာလျှင် ကြွင်းလေစေကုန်။ အသားအသွေးတို့သည် ခြောက်ခန်းသော်လည်း ခြောက်ခန်းလေစေကုန်။ သူတော်တကာတို့၏ အားထုတ်မြဲတိုင်းသော လမ်းစဉ်ဖြင့် အားထုတ် ကြိုးစားသည်ရှိသော် လိုရင်းဖြစ်သော တရားထူးကို ရနိုင်၏။ ထိုလိုရင်းပဓာနဖြစ်သော တရားထူးကို မရသမျှ ငါမနေ့,ဝီရိယကို ငါမလျှော့,ဆုတ်နစ်ခြင်းကိုလည်း ငါမပြု, ရှေ့သို့သာလျှင် တိုးတက်၍အားထုတ်ပေအံ့"ဟူ၍ မဆုတ်မနစ် ဖြစ်ပေါ် ရရှင့်သော ဝီရိယသည် သမ္မပ္ပဓာနဝီရိယ မည်၏။

**သမ္မပ္ပဓာန်လုံ့လ ၄-မျိုး။** ။ထိုသမ္မပ္ပဓာနဝီရိယသည် တပါးတည်းဖြစ်သော်လည်း ကိစ္စသိဒ္ဓိအားဖြင့် လေးပါး အပြားရှိ၏၊ ထိုဝီရိယလေးပါးတို့ကား—

(၁) ဖြစ်ပြီးသော ဒုစ္စရိုက်တို့ကို ပယ်ခြင်းအကျိုးငှါ အားထုတ်မှု။

(၂) မဖြစ်သေးသော ဒုစ္စရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု။

(၃) မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်ပေါ်စေရန် အားထုတ်မှု။

(၄) ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့်ပွါးများရန် အားထုတ်မှု။

ဤကား သမ္မပ္ပဓာနဝီရိယလေးပါးတို့ပေတည်း။ ဤကို ရည်၍—

(၄၇၂) **ဒု-ဟောင်းပယ်ပစ်၊ ဒု-သစ်မလာ၊ ဤနှစ်ဖြာ၊ ပြုရာ လုံ့လဒွေး။**

(၄၇၃) **ကု-ဟောင်းမြဲလစ်၊ ကု-သစ်ရဋ္ဌ၊ ဤနှစ်ဖြာ၊ ပြုရာ လုံ့လဒွေး။**

ဟူ၍ ဆိုပေသည်။

ဤသမ္မပ္ပဓာနဝီရိယတို့သည် မရှိလတ္တံ့သော အကျိုးထူးကို မြော်မြင်၍ အကြော,အခြင်,အရိုး,အရေ ကြွင်းစေ၊ အသွေးအသားကုန်ခန်းစေ၊ အသက် ပင် သေလိုကသေစေဟူ၍ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်ကြောင်း တရားတို့ ပေတည်း။ ဤကို ရည်၍—

(၄၇၄) ကြော,ခြင်,ရိုး,ရေ၊ ကြွင်းလေစေ၊ ကုန်စေ သား,အသွေး။

(၄၇၅) အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး။

ဟူ၍ ဆိုပေသည်။

(၁) ထင်ရှားစေဦးအံ့—ဖြစ်ပြီးသော **အကုသိုလ်ဒုစ္စရိုက်တို့ကို ပယ်မှု** ဆို သည်ကား "ဤမည်သောကာလ, ဤမည်သောဌာန၌ ဤမည်သော မကောင်း မှုမျိုးကို ငါပြုမိခဲ့ချေပြီ။ ဤမည်သော အကုသိုလ်မျိုးသည် ငါ၏သန္တာန်မှာ ဖြစ်ဘူးချေသည်။ ထိုအကုသိုလ်မျိုးတို့ကို ငါ၏သန္တာန်၌ လက်ခံ၍ထားခြင်းငှါ မသင့်။ ယခုနေ့မှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် ဖြစ်ခွင့်ကို ငါမပေးအံ့"ဟူ၍ မြော်မြင်ပြီးလျှင် သီလကိုဖြည့်ကျင့်မှု, သမထဝိပဿနာဘာဝနာတို့ကို ပွါးများ မှုတို့၌သာ မြဲမြံစွာ အားထုတ်ကြိုးစားမှုပေတည်း။ ဤဝီရိယကို "ဥပ္ပန္နာနံ ပါပကာနံ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဝါယာမော"ဟူ၍ ဟောတော်မူ အပ်၏။

(၂) **မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်ပေါ်အောင် အားထုတ် မှု**ဆိုသည်ကား မိမိသန္တာန်၌ ဖြစ်ဘူး၏ဟူ၍ မသိအပ်ကုန်သေး သော်လည်း သူတပါးတို့၏ သန္တာန်၌ ဖြစ်ပေါ်လျက် ရှိနေကြသည်ကို တွေ့မြင်ရ ကုန်သော တရားကျမ်းဂန် သုတ္တန်အရပ်ရပ်တို့၌ တွေ့ရှိရသည်လည်း ဖြစ်ကုန်သော အ- ကုသိုလ်ဓမ္မ ပါပတရားယုတ်တို့ကို သိအပ်ကုန်သည်ရှိသော် ဤကဲ့သို့သော ပါပ ဓမ္မမျိုးတို့သည် ငါ၏သန္တာန်၌လည်း ရှိကြကုန်၏။ ငါသည် ထိုသို့ သဘောရှိ သော ပါပဓမ္မတို့မှ မလွတ်သေးသည်သာလျှင် ဖြစ်၏။ အကယ်၍ အကြောင်း အခွင့်ရလျှင် ထိုပါပဓမ္မတို့သည် နက်ဖြန်ခါသော်၎င်း,သန်ဘက်ခါသော်၎င်း,ဤ ဘဝ၌သော်၎င်း, နောင်တမလွန်ဘဝ၌သော်၎င်း ငါ၏ သန္တာန်၌ ဖြစ်ပေါ်ကြ ကုန်လတ္တံ့။ ထိုတရားတို့၏ ဖြစ်ပေါ်ရန် အကြောင်းအခွင့်တို့ကို ရှင်းလင်းစွာ သတ်ဖြတ်ခြင်းသည်သာလျှင် သင့်မြတ်၏ဟူ၍ ဆင်ခြင်ပြီးလျှင် ဆိုခဲ့ပြီးသော အတိုင်း ဘာဝနာမှုစသည်တို့ကို ပွါးများအားထုတ်၍ ထိုအကုသလပါပဓမ္မတို့၏ မူလဗီဇကို သတ်ဖြတ်မှုပေတည်း။ ဤဝီရိယကို "အနုပ္ပန္နာနံ အကုသလာနံ ဓမ္မာနံ အနုပ္ပါဒါယ ဝါယာမော"ဟူ၍ ဟောတော်မူအပ်၏။

(၃) **မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေမှု**ဆိုသည်ကား ဝိသုဒ္ဓိ- တရား ခုနစ်ပါးတို့တွင် "ဤမည်သော ဝိသုဒ္ဓိစခန်းသို့ ငါသည် မရောက်ချေ

သေး။ ဤမည်သော ဝိသုဒ္ဓိကို ငါသည် မရအပ်ချေသေး” ဤသို့ သိမြင်သည်နှင့်တပြိုင်နက် မရောက်သေးသော ဝိသုဒ္ဓိစခန်းသို့ ရောက်အောင်, မရသေးသော ဝိသုဒ္ဓိကို အပိုင်ရရှိအောင် အားထုတ်မှုပေတည်း။ဤဝီရိယကို“အနုပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ ဝါယာမော”ဟူ၍ ဟောတော်မူအပ်၏။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွါးများမှုဆိုသည်ကား “သီလ အစရှိသော အကြင်ကုသိုလ်မျိုးတို့သည် ငါ၏သန္တာန်၌ ဖြစ်ဘူးကြကုန်၏။ ထိုကုသိုလ်တို့သည် နိယာမမည်သော မဂ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ငါ၏ကုသိုလ်တို့ဟူ၍ မဆိုထိုက်ကုန်။ နက်ဖြန်သော်၎င်း, သန်ဘက်သော်၎င်း, ဤဘဝ၌သော်၎င်း, နောင်တမလွန်ဘဝ၌သော်၎င်း အကြောင်းမသင့် အခွင့်မသာလျှင် ပျက်စီးခြင်းသို့ ရောက်ကြကုန်လတ္တံ့” ဤသို့ ဆင်ခြင်၍ မိမိသန္တာန်၌ ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပျက်စီး ဆုတ်ယုတ်ခြင်းသို့ မရောက်စေဘဲ အတိုင်းထက်အလွန် ပွါးများ တိုးတက်အောင် အားထုတ်မှုပေတည်း။ဤဝီရိယကို “ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ ဘိယျောဘာဝါယ ဝါယာမော”ဟူ၍ ဟောတော်မူအပ်၏။

ထိုသမ္မပ္ပဓာနဝီရိယ လေးမျိုးတို့တွင် တပါးတပါးသောဝီရိယသည်ပင် လေးပါးသောကိစ္စတို့ကို ပြီးစေနိုင်ကုန်၏။ သမ္မပ္ပဓာနဝီရိယတခုကို ထူထောင်မိလျှင် လေးပါးလုံး ကိစ္စပြီး၏ ဟူလို။　။သမ္မပ္ပဓာန်ပြီး၏။

## ဣဒ္ဓိပါဒ်လေးပါး

**ဣဒ္ဓိပါဒ်မည်ပုံ။**　။ဣဒ္ဓိပါဒ ၌ “ဣဇ္ဈနံ ဣဒ္ဓိ”။ ဣဇ္ဈနံ၊ ပြည့်စုံပြီးစီးခြင်း။ ဣဒ္ဓိ၊ ပြည့်စုံပြီးစီးခြင်း။ အလိုရှိတိုင်း ပြည့်စုံပြီးစီးမှုသည် ဣဒ္ဓိမည်၏။ ထိုဣဒ္ဓိကို တန်းခိုးဟူ၍လည်း ခေါ်၏။

**လောကုတ္တရာဣဒ္ဓိ (ပြီးစီးထမြောက်မှု) ၄-မျိုး။**　။ပြီးစီးပုံကား—(၁) ပိုင်းခြား၍ သိသင့် သိထိုက်ကုန်သော ပရိညေယျဒုက္ခသစ္စာတရားတို့အပေါ်၌ အလုံးစုံ ပိုင်းခြား၍သိမှု ပရိညာကိစ္စ၏ ပြီးစီးထမြောက်ခြင်း။ (၂) ပယ်သင့်ပယ်ထိုက်သော ပဟာတဗ္ဗ သမုဒယသစ္စာတရားတို့အပေါ်၌ ပယ်မှု ပဟာနကိစ္စ၏ ပြီးစီးထမြောက်ခြင်း။ (၃) မျက်မှောက် ပြုသင့်ပြုထိုက်သော သစ္ဆိကာတဗ္ဗ နိရောဓသစ္စာတရားတို့ အပေါ်၌ မျက်မှောက်ပြုမှု သစ္ဆိကရဏကိစ္စ၏ ပြီးစီးထမြောက်ခြင်း။ (၄) ပွါးများသင့် ပွါးများထိုက်သော ဘာဝေတဗ္ဗ မဂ္ဂသစ္စာတရားတို့အပေါ်၌ ပွါးများမှု ဘာဝနာကိစ္စ၏ ပြီးစီးထမြောက်ခြင်း။ ဤလေးပါးတို့တည်း။ ဤကိုရည်၍—

(၄၇၆) ပရိဉ်,ပဟာန်၊ သစ္ဆိကံ၊ ဘာဝန် ဣဒ္ဓိလေး။

ဟူ၍ ဆို၏။

ပရိညာစသော ကိစ္စလေးပါး၏ ပြီးစီးမှုသည် ဣဒ္ဓိမည်၏။ ဤကား လောကုတ္တရာနှင့်ဆိုင်သော ဣဒ္ဓိပေတည်း။

**ဣဒ္ဓိမည်ပုံတနည်း။** ။တနည်းကား "ဣဇ္ဈတီတိ ဣဒ္ဓိ"။ ဣဇ္ဈတိ၊ ပြီးစီးပြည့်စုံတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိ၊ ဣဒ္ဓိမည်၏။ ပြီးစီးတတ်သောတရားသည် ဣဒ္ဓိမည်၏ ဟူလို။ ဤဣဒ္ဓိဟူသော အမည်သည် ဤသာသနာတော်တွင်း၌ ယောဂီအပေါင်းကို အားထုတ်၍ ပြီးစီးထမြောက်ကြကုန်သော မဟဂ္ဂုတ်တရား လောကုတ္တရာတရားတို့၏ အမည်ပေတည်း။ မဟဂ္ဂုတ်တရား လောကုတ္တရာတရားတို့သည် ဣဒ္ဓိမည်ကုန်၏ ဟူလို။

**ဣဒ္ဓိပါဒ် ၄-ပါး။** ။"ပဇ္ဇတိ ဧတေနာတိ ပါဒေါ"။ဧတေန၊ဤတရားဖြင့်။ပဇ္ဇတိ၊ ရောက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပါဒေါ၊ ပါဒမည်၏။ ရောက်ကြောင်းသည် ပါဒမည်၏။ ထိုပါဒကို အခြေဟူ၍လည်း ဆိုအပ်၏။ ထိုပါဒမည်သော အခြေတရားတို့သည်ကား ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသ လေးပါးတို့ပေတည်း။ ထိုကြောင့်—

(၄၇၇) **ဆန်,ဂီရိယံ၊ စိတ်,ဝီမံ၊ ပြီးရန် ပါဒလေး။**

ဟူ၍ ဆိုတော်မူပေသည်။

ထိုတရားတို့သည် ရောက်ကြောင်း အခြေပါဒဆိုသော်လည်း အခြားသို့ ရောက်ကြောင်း မဟုတ်။ ဣဒ္ဓိမည်သော မဟဂ္ဂုတ်,လောကုတ္တရာတရားတို့သို့ ရောက်ကြောင်း အခြေပါဒတို့ပေတည်း။ ထိုဣဒ္ဓိမည်သော တရားတို့၏ အခြေပါဒတို့ ဟူလို။ ထိုကြောင့် ထိုတရားလေးပါးတို့သည် ဣဒ္ဓိပါဒ=ဣဒ္ဓိပါဒ်မည်ကုန်၏။ "ဣဒ္ဓိယာ ပါဒေါတိ ဣဒ္ဓိပါဒေါ"။ ဣဒ္ဓိယာ၊ ဣဒ္ဓိမည်သော မဟဂ္ဂုတ်,လောကုတ္တရာတရားသို့။ ပါဒေါ၊ ရောက်ကြောင်းအခြေတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိပါဒမည်၏။ "ဆန္ဒောဝ ဣဒ္ဓိပါဒေါတိ ဆန္ဒိဒ္ဓိပါဒေါ"။ဆန္ဒောဝ၊ဆန္ဒသည်ပင်လျှင်။ဣဒ္ဓိပါဒေါ၊ ဣဒ္ဓိပါဒတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဆန္ဒိဒ္ဓိပါဒေါ၊ ဆန္ဒိဒ္ဓိပါဒမည်၏။ ဤနည်းနှင့်အတူ ဝီရိယိဒ္ဓိပါဒ, စိတ္တိဒ္ဓိပါဒ,,ဝီမံသိဒ္ဓိပါဒတို့၌လည်း ဝိဂ္ဂုဟ်ဆိုလေ။

**ဣဒ္ဓိပါဒ်တရားကိုယ်။** ။တရားကိုယ်အားဖြင့် အဓိပတိနှင့် ဣဒ္ဓိပါဒသည် တူ၏။

ဤအရာ၌ ဥတ္တရိမနုဿဓမ္မမည်သော မဟဂ္ဂုတ်,လောကုတ္တရာတရားတို့သည် ပကတိသာမညဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ပညာတို့ဖြင့် ရထိုက်ရောက်ထိုက်သောတရားတို့ မဟုတ်ကြပေကုန်။ အမှတ်မရှိ တစုံတခုသော အနှောင့်အရှက် ပလိဗောဓဖြင့် တားမြစ်ခုခံခြင်းငှါ မတတ်ကောင်းသော အဓိပတိအဖြစ်သို့ ရောက်သော ဆန္ဒစသည်တို့ဖြင့် ရထိုက်ရောက်ထိုက်သော တရားတို့ ဖြစ်ကုန်၏။

ထို့ကြောင့် အဓိပတိထိုက်သော ဆန္ဒစသည်တို့ကိုသာလျှင် ဣဒ္ဓိပါဒမည်ကုန်၏ဟူ၍ မှတ်အပ်ကုန်၏။ ။ဣဒ္ဓိပါဒပြီး၏။

## ဣန္ဒြေငါးပါးနှင့် ဗိုလ်ငါးပါး

(၄၇၈) သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဣန္ဒြေ၊ ဗိုလ်ငါးပါး ဇာနဲ ဗလ။

(၄၇၉) စိတ်ကိုပိုင်နိုင်၊ မြဲကြံ့ခိုင်၊ ဆိုင်ရာ ငါးဌာန။

ဤဖြင့် ဣန္ဒြေငါးပါး, ဗိုလ်ငါးပါးတို့နှင့် ထိုဣန္ဒြေ, ဗိုလ်တို့၏ အနက်ကို ပြဆို၏။

**ဣန္ဒြေ ၅, ဗိုလ် ၅။** ။သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ (ဤကား ဣန္ဒြေငါးပါးတည်း။) သဒ္ဓါဗိုလ်,ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် (ဤကား ဗိုလ်ငါးပါးတည်း။) ဣန္ဒြိယသဒ္ဓါ, ဗလသဒ္ဓါတို့၏ ဝိဂ္ဂဟ်ကို အောက်၌ ပြဆိုခဲ့ပြီ။

**ဣန္ဒြေနှင့် ဗိုလ်တို့၏သဘော။** ။ဤအရာ၌ စိတ်ကို အစိုးတရပိုင်နိုင်သောကြောင့် ဣန္ဒြေမည်၏။တစုံတခုသော တရားဖြင့် မလှုပ်မရှားနိုင် ခံ့ခိုင်သောကြောင့် ဗိုလ်မည်၏။ ထိုဣန္ဒြေငါးပါး, ဗိုလ်ငါးပါးတို့သည် ဆိုင်ရာဌာနတို့၌ အားရှိကြကုန်၏။

**သဒ္ဓါအားရှိသောအရာ။** ။ဆိုင်ရာဌာန၌ အားရှိကြပုံကား—သောတာပတ္တိယင်္ဂတရားလေးပါးတို့၌ သဒ္ဓါသည် လွန်စွာ အားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ဖြင့် လှုပ်ရှားခြင်း မရှိ။ ထို့ကြောင့် ထိုသဒ္ဓါသည် သဒ္ဓိန္ဒြေလည်း မည်၏။ သဒ္ဓါဗိုလ်လည်း မည်၏။

မြတ်စွာဘုရားသည်လည်း "ကတ္ထ ဘိက္ခဝေ သဒ္ဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ။စတူသု သောတာပတ္တိယင်္ဂေသု ဧတ္ထ သဒ္ဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ" ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ ကတ္ထ၊ အဘယ်ဌာန၌။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်ပါသနည်း။ စတူသု၊ လေးပါးကုန်သော။ ဧတ္ထ သောတာပတ္တိယင်္ဂေသု၊ ဤသောတာပတ္တိယင်္ဂတရားတို့၌။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ (ဤကား အနက်။)

သောတာပတ္တိယင်္ဂတရား လေးပါးကား—

(၁) ဗုဒ္ဓေ အဝေစ္စ ပသာဒေါ၊ ဘုရား၌ သက်ဝင်ယုံကြည်ခြင်း။

(၂) ဓမ္မေ အဝေစ္စ ပသာဒေါ၊တရားတော်၌ သက်ဝင်ယုံကြည်ခြင်း။

(၃) သံဃေ အဝေစ္စ ပသာဒေါ၊သံဃာတော်၌ သက်ဝင်ယုံကြည်ခြင်း။

(၄) သိက္ခာယ အဝေစ္စ ပသာဒေါ၊အကျင့်သိက္ခာ၌ သက်ဝင်ယုံကြည်ခြင်း။

ဤလေးပါးတည်း။ သောတာပတ္တိမဂ်ကို ရကြောင်းအင်္ဂါ အဆောက်အဦ ဖြစ်သောကြောင့် သောတာပတ္တိယင် မည်သည်။

**ဝီရိယအားရှိသောအရာ။** ။သမ္မပ္ပဓာန်အရာတို့၌ ဝီရိယသည် လွန်စွာအားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ တစုံတခုသော ဆန့်ကျင်ဘက်တရားဖြင့် လှုပ်ရှားခြင်း မရှိ။ ထိုကြောင့် ထိုဝီရိယသည် ဝီရိယိန္ဒြေ မည်၏။ ဝီရိယဗိုလ်လည်း မည်၏။ မြတ်စွာဘုရားသည်လည်း "ကတ္ထ ဘိက္ခဝေ ဝီရိယိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု သမ္မပ္ပဓာနေသု ဧတ္ထ ဝီရိယိန္ဒြိယံ ဒဋ္ဌဗ္ဗံ" ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ ကတ္ထ၊ အဘယ်အရာဌာန၌။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်ပါသနည်း။ စတူသု၊ လေးပါးကုန်သော၊ ဧတ္ထ သမ္မပ္ပဓာနေသု၊ ဤသမ္မပ္ပဓာန်တို့၌။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ (ဤကား အနက်။)

**သတိအားရှိသောအရာ။** ။သတိပဋ္ဌာန်အရာတို့၌ သတိသည် လွန်စွာအားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ တစုံတခုသော ဆန့်ကျင်ဘက်တရားဖြင့် လှုပ်ရှားခြင်းမရှိ။ ထိုကြောင့် ထိုသတိသည် သတိန္ဒြေ မည်၏။ သတိဗိုလ်လည်း မည်၏။ မြတ်စွာဘုရားသည်လည်း "ကတ္ထ ဘိက္ခဝေ သတိန္ဒြိယံ ဒဋ္ဌဗ္ဗံ။စတူသု သတိပဋ္ဌာနေသု ဧတ္ထ သတိန္ဒြိယံ ဒဋ္ဌဗ္ဗံ" ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ ကတ္ထ၊ အဘယ်အရာဌာန၌။ သတိန္ဒြိယံ၊သတိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်ပါသနည်း။ စတူသု၊ လေးပါးကုန်သော။ ဧတ္ထ သတိပဋ္ဌာနေသု။ ဤသတိပဋ္ဌာန်တို့၌။ သတိန္ဒြိယံ၊ သတိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ (ဤကား အနက်။)

**သမာဓိအားရှိသောအရာ။** ။သမာဓိသည် စတုက္ကနည်းအားဖြင့် ပဌမစသော ဈာန်လေးပါးတို့၌ လွန်စွာအားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ တစုံတခုသော ဆန့်ကျင်ဘက်တရားဖြင့် လှုပ်ရှားခြင်း မရှိ။ ထိုကြောင့် ထိုသမာဓိသည် သမာဓိန္ဒြေမည်၏။ သမာဓိဗိုလ်လည်းမည်၏။ မြတ်စွာဘုရားသည်လည်း "ကတ္ထ ဘိက္ခဝေ သမာဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု ဈာနေသု ဧတ္ထ သမာဓိန္ဒြိယံ ဒဋ္ဌဗ္ဗံ" ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ တို့။ ကတ္ထ၊အဘယ်အရာဌာန၌။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်ပါသနည်း။ စတူသု၊ လေးပါးကုန်သော၊ ဧတ္ထ ဈာနေသု၊ ဤဈာန်တရားတို့၌။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ (ဤကား အနက်။)

**ပညာအားရှိသောအရာ။** ။သစ္စာလေးပါးအရာတို့၌ ပညာသည် လွန်စွာအားရှိ၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ တစုံတခုသော ဆန့်ကျင်ဘက်တရားဖြင့် လှုပ်ရှားခြင်း မရှိ။ ထိုကြောင့် ထိုပညာသည် ပညိန္ဒြေမည်၏။ ပညာဗိုလ်လည်း မည်၏။ မြတ်စွာဘုရားသည်လည်း "ကတ္ထ

ဘိက္ခဝေ ပညိန္ဒြိယံ ဒဋ္ဌဗ္ဗံ၊ စတူသု အရိယသစ္စေသု ဧတ္ထ ပညိန္ဒြိယံ ဒဋ္ဌဗ္ဗံ” ဟူ၍ဟောတော်မူ၏။ ဘိက္ခဝေ။ တို့။ ကတ္ထ၊ အဘယ်အရာဌာနဉ်။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဒဋ္ဌဗ္ဗံ။ ရှုအပ်ပါသနည်း။ စတူသု၊ လေးပါးကုန်သော။ ဧတ္ထအရိယသစ္စေသု၊ ဤအရိယသစ္စာတို့ဉ်။ ပညိန္ဒြိယံ၊ ပညိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ (ဤကား အနက်။) ။ဣန္ဒြေ, ဗိုလ်ပြီး၏။

ပေါဇ္ဈင် ၇-ပါး

(၄၀၀) သတိ,ဓမ္မ၊ ဝိစယ နှင့်၊ ဝိရိ,ပီတိ ၊ ပဿဒ္ဓိ တည်၊မာဓိ, ဥပေက်၊ ဤခုနစ်၊ မှတ်လစ် သမ္ဗောဇ္ဈင်။

ဤဖြင့် ပေါဇ္ဈင် ၇-ပါးကို ပြဆို၏။

**ပေါဇ္ဈင် ၇-ပါး။** ။သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်။ (ဤကား ပေါဇ္ဈင် ၇-ပါးတည်း။)

**သမ္ဗောဇ္ဈင်** ၌ “သမ္ဗောဓိ+အင်္ဂ” ဟူ၍ ပုဒ်ခွဲရာ၏။ “သမန္တတော ဗုဇ္ဈန္တိ တောယာတိ သမ္ဗောဓိ”။ တောယ၊ ဤပညာဖြင့်။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဗုဇ္ဈန္တိ၊ သိတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ဗောဓိ၊ သမ္ဗောဓိ မည်၏၊ မဂ်၌ ယှဉ်သော ဉာဏ်လေးပါးကို ရစေ။ ထိုမဂ်ဉာဏ်သည် သစ္စာလေးပါးကို သိသည်ရှိသော် တဆဲ့ခြောက်ပါးသော အနက်သဘောတို့နှင့် တကွ တပြိုင်နက် တချက်တည်း ထက်ဝန်းကျင်မှ ခြုံ၍ ငုံ၍ သိ၏၊ ထိုကြောင့် သမ္ဗောဓိ မည်ပေသည်။

“သမ္ဗောဓိယာ အင်္ဂေါတိ သမ္ဗောဇ္ဈင်္ဂေါ”။ သမ္ဗောဓိယာ၊ မဂ်ဉာဏ်လေးပါး၏။ အင်္ဂေါ၊ ဖြစ်ပေါ်ကြောင်းအင်္ဂါတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်မည်၏။ မဂ်ဉာဏ်လေးပါးကို လျင်မြန်စွာ ပေါ်ပေါက်စေနိုင်သော အင်္ဂါအဆောက်အဦဖြစ်သော တရားသည် သမ္ဗောဇ္ဈင်မည်၏ ဟူလို။ ထိုကြောင့်—

(၄၀၁) မဂ်ဉာဏ်လေးပါး၊ ပေါဓိအား၊ လျင်လျား ပေါက်ဘို့အင်။

ဟူ၍ ဆိုတော်မူပေသည်။

“သတိဝေ သမ္ဗောဇ္ဈင်္ဂေါတိ သတိသမ္ဗောဇ္ဈင်္ဂေါ”။ သတိဝေ၊ သတိသည် သာလျှင်။ သမ္ဗောဇ္ဈင်္ဂေါ၊ သမ္ဗောဇ္ဈင်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်မည်၏။ ဤနည်းအတူ ဓမ္မဝိစယသမ္ဗောဇ္ဈင် စသည်တို့၌လည်း ဝိဂြိုဟ်ဆိုလေ။

(၁) **သတိသမ္ဗောဇ္ဈင်**သည် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူ၍ ဆိုအပ်သော သတိပဋ္ဌာနိကအာရုံလေးပါးတို့၌ ဘာဝနာကိစ္စဖြင့် ကောင်းစွာ ကြီးပွါးသည် ဖြစ်၍ အစဉ်အတိုင်း အလုံးစုံသော ပမာဒပက္ခကို ဖျက်ဆီးမှုတ်လွင့်လျက် မမေ့ မလျော့ခြင်းတည်းဟူသော အပ္ပမာဒပက္ခကို ပြည့်စုံစေပြီးလျှင် မဂ်ဉာဏ်လေးပါး တည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ်စေ၏။

(၂) **ဓမ္မဝိစယသမ္ဗောဇ္ဈင်**သည် မိမိ၏အာရုံဖြစ်သော သင်္ခါရတရားတို့၌ ဘာဝနာကိစ္စဖြင့် ကောင်းစွာကြီးပွါးသည်ဖြစ်၍ အစဉ်အတိုင်း အလုံးစုံသော တွေဝေမှု သမ္မောဟပက္ခကို ဖျက်ဆီးမှုတ်လွင့်လျက် မတွေမဝေ သိမြင်ထင်လင်းမှု တည်းဟူသော အသမ္မောဟပက္ခကို ပြည့်စုံစေပြီးလျှင် ကိုယ်တိုင် မဂ်ဉာဏ် လေးပါးတည်းဟူသော သမ္ဗောဓိကိစ္စကို ဆောင်ရွက်လျက် ဖြစ်ပေါ်လာ၏။

**ဓမ္မဝိစယ**ဆိုသည်ကား တရားကိုယ်အားဖြင့် ပညာပေတည်း။ "ဝိပဿနာယ ဘူမိဘူတေ အဇ္ဈတ္တဗဟိဒ္ဓါဓမ္မေ ဝိစိနာတိ ဥပပရိက္ခတီတိ ဓမ္မဝိစယော"။ ဝိပဿနာယ၊ ဝိပဿနာ၏။ ဘူမိဘူတေ၊ တည်ရာဘုံဖြစ်ကုန်သော။ အဇ္ဈတ္တ-ဗဟိဒ္ဓါဓမ္မေ၊ အဇ္ဈတ္တတရား, ဗဟိဒ္ဓတရားတို့ကို။ ဝိစိနာတိ ဥပပရိက္ခတိ၊ စူးစမ်း ဆင်ခြင် သက်ဝင်ရှုစားတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဓမ္မဝိစယော၊ ဓမ္မ-ဝိစယမည်၏။

(၃) **ဝီရိယသမ္ဗောဇ္ဈင်**။ ။သမ္မပ္ပဓာနဝီရိယသည်ပင်လျှင် ဝီရိယသမ္ဗောဇ္ဈင် မည်၏။ ထိုဝီရိယသမ္ဗောဇ္ဈင်သည် သမ္မပ္ပဓာနိက တည်းဟူသော အာရုံလေးပါးတို့၌ ဘာဝနာကိစ္စဖြင့် ကောင်းစွာကြီးပွါးလေ သည်ဖြစ်၍ အစဉ်အတိုင်း ကုသိုလ်တရားတို့၌ တွန့်တိုဆုတ်နစ်ခြင်းတည်းဟူသော ကောသဇ္ဇပက္ခကို ဖျက်ဆီးမှုတ်လွင့်လျက် ကုသိုလ်မှုတို့၌ ဦးလေးထိုင်းမှိုင်းခြင်း မရှိ။ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဆောင်ရွက်ကြိုးစားခြင်းတည်းဟူသော ဝီရိယသမ္ပဂ္ဂါဟ-ပက္ခကို ပြည့်စုံစေလျက် မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ် စေ၏။

(၄) **ပီတိသမ္ဗောဇ္ဈင်**သည် ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွါး လေသည်ဖြစ်၍ ကုသိုလ်တရားတို့၌ မပျော်မမွေ့ ပျင်းရိခြင်းတည်းဟူသော အရတိပက္ခအလုံးစုံကို အကုန်ဖျက်ဆီးမှုတ်လွင့်လျက် ကုသိုလ်မှုတို့၌ ပျော်မွေ့ နှစ်သက်ခြင်းတည်းဟူသော ဓမ္မရတိ, ဓမ္မနန္ဒီ, ဓမ္မာရာမပက္ခကို ပြည့်စုံစေလျက် မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ်စေ၏။

(၅) **ပဿဒ္ဓိသမ္ဗောဇ္ဈင်**။ ။ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးစုံသည် ပဿဒ္ဓိ-သမ္ဗောဇ္ဈင် မည်၏။ ထိုပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွါးလေသည်ဖြစ်၍ အလုံးစုံသော

စိတ်၏ပူပန်မှု, တောင့်တင်းမှုအမျိုးမျိုးတို့ကို ဖျက်ဆီးမှုတ်လွှင့်လျက် အလုံးစုံ စိတ်၏ ငြိမ်သက်ခြင်း, အေးမြကြည်သာခြင်းတည်းဟူသော ဝူပသန္တသီတလပက္ခကို ပြည့်စုံစေလျက် မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ်စေ၏။

(၆) **သမာဓိသမ္ဗောဇ္ဈင်သည်** ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွါးလေသည်ဖြစ်၍ အလုံးစုံသောစိတ်၏ မတည်ကြည်မှု လှုပ်ရှားမှုတို့ကို ဖျက်ဆီးမှုတ်လွှင့်လျက် အလုံးစုံ စိတ်၏ တည်ကြည်ခိုင်မြဲမှုတည်းဟူသော ကေဂ္ဂတာပက္ခကို ပြည့်စုံစေလျက် မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ်စေ၏။

(၇) **ဥပေက္ခာသမ္ဗောဇ္ဈင်သည်** ဘာဝနာ၏ အာရုံတို့၌ ကောင်းစွာ ကြီးပွါးလေသည်ဖြစ်၍ စိတ်၏ နှံ့လွန်းခြင်း, ထက်လွန်းခြင်း တည်းဟူသော အဘိုတို့ကို ဖျက်ဆီးမှုတ်လွှင့်လျက် ဘာဝနာအာရုံတို့၌ မလျော့မတင်း စောင်းကြိုးညှင်းဘိသကဲ့သို့ အညီအညွတ် ရှက်ဆောင်မှုတည်းဟူသော သမဝါဟိတပက္ခကို ပြည့်စုံစေလျက် မဂ်ဉာဏ်လေးပါးတည်းဟူသော သမ္ဗောဓိကို ဖြစ်ပေါ်စေ၏။(ဥပေက္ခာသမ္ဗောဇ္ဈင်၏ တရားကိုယ်ကား တတြမဇ္ဈတ္တတာ စေတသိက်ပေတည်း)။ ဤကား သမ္ဗောဇ္ဈင်တရားတို့၏ အသီးအသီး သမ္ဗောဇ္ဈင်မည်သော မဂ်ဉာဏ်ကို ဖြစ်ပေါ်စေကြပုံတည်း။　။သမ္ဗောဇ္ဈင်ပြီး၏။

## မဂ္ဂင်ရှစ်ပါး

**မဂ္ဂင်ရှစ်ပါး** တို့၏ သရုပ်ကား ထင်ရှားပြီ။

**မဂ်,မဂ္ဂင်။**　။သံသရာဝဋ်မှ လွတ်ကြောင်း ထွက်မြောက်ကြောင်းဖြစ်သောကြောင့် မဂ်မည်၏။ ထိုမဂ်၏ အင်္ဂါဖြစ်သောကြောင့် မဂ္ဂင်မည်လေသည်။ သည်ကို ရည်၍—

(၄၈၂) **မဂ္ဂင်အဋ္ဌ၊ထင်ရှားလှ၊ဝဋ်မှ ထွက်ကြောင်းသိ။**

ဟူ၍ ဆိုပေသည်။

**သမ္မာဒိဋ္ဌိ။**　။မဂ္ဂင်ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ၌ “သမ္မာ အဝိပရီတတော ဒဿနံ သမ္မာဒိဋ္ဌိ”။ သမ္မာ၊ ကောင်းစွာ။ အဝိပရီတတော၊ မဖောက်မပြန်သော အားဖြင့်။ ဒဿနံ၊ မြင်ခြင်းသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိမည်၏။ မဖောက်မပြန် အမှန်အားဖြင့်မြင်တတ်သော ပညာကိုရစေ။ထိုသမ္မာဒိဋ္ဌိသည် –

(၁) ဒုက္ခေ ဉာဏံ=ဒုက္ခသစ္စာ၌ မဖောက်မပြန် မြင်မှု။

(၂) ဒုက္ခသမုဒယေ ဉာဏံ=ဒုက္ခသမုဒယသစ္စာ၌ မဖောက်မပြန် မြင်မှု။

(၃) ဒုက္ခနိရောဓေ ဉာဏံ=ဒုက္ခနိရောဓသစ္စာ၌ မဖောက်မပြန် မြင်မှု။

(၄) ဒုက္ခနိရောဓဂါမိနိ ပဋိပဒါယ ဉာဏံ=ဒုက္ခ၏ ချုပ်ကြောင်း အကျင့်ဟု ဆိုအပ်သော မဂ္ဂသစ္စာ၌ မဖောက်မပြန် မြင်မှုဟူ၍ လေးပါးရှိ၏။ လိုရင်း အားဖြင့် သစ္စာလေးပါးကို သိသောပညာ ဆိုလိုသည်။

**သမ္မာသင်္ကပ္ပ။** ။"သမ္မာ သံကပ္ပနံ သမ္မာသင်္ကပ္ပေါ"။ သမ္မာ၊ မဖောက် မပြန်။ သံကပ္ပနံ၊ကြံစည်ခြင်းသည်။ သမ္မာသင်္ကပ္ပေါ၊ သမ္မာ- သင်္ကပ္ပမည်၏။ ဤသမ္မာသင်္ကပ္ပသည် သမ္မာဒိဋ္ဌိမြင်အပ်သော သဘောတို့၌ ထွေထွေလာလာ ကြံစေသည်၏ အစွမ်းအားဖြင့်ရင်း, စီမံသည်၏ အစွမ်းအား ဖြင့်ရင်း ဖြစ်၏။ ထိုသမ္မာသင်္ကပ္ပသည် ပညာနှင့် သဘောတူသောကြောင့် ပညာက္ခန္ဓာ၌ သင်္ဂြိုဟ်အပ်၏။

**သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ** တို့၏ ဝိဂြိုဟ်စသည်များကို စေတသိက် ပိုင်း၌ ပြဆိုအပ်လေပြီ။

**သမ္မာဝါယာမ။** ။" သမ္မာ ဝါယမန္တိ ဧတေနာတိ သမ္မာဝါယာမော "။ ဧတေန၊ ဤတရားဖြင့်။ သမ္မာ၊ မဖောက်မပြန်။ ဝါယမန္တိ၊ အားထုတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ အားထုတ်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ သမ္မာဝါယာမော၊ သမ္မာဝါယာမ မည်၏။ ။သမ္မပ္ပဓာန်ကိစ္စကို ဆောင်ရွက်ပေသော သမ္မပ္ပဓာနဝီရိယသည်ပင်လျှင် သမ္မာဝါယာမ မည်၏။

**သမ္မာသတိ။** ။"သမ္မာ သရန္တိ ဧတာယာတိ သမ္မာသတိ"။ ဧတာယ၊ ဤတရားဖြင့်။ သမ္မာ၊ မဖောက်မပြန်။ သရန္တိ၊ အောက်မေ့ ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္မာသတိ၊ သမ္မာသတိမည်၏။ ။သတိ ပဋ္ဌာန်ကိစ္စကို ရွက်ဆောင်သော သတိစေတသိက်သည်ပင်လျှင် သမ္မာသတိ မည်၏။

**သမ္မာသမာဓိ။** ။"သမ္မာ စိတ္တံ သမာဒဟန္တိ ဧတေနာတိ သမ္မာသမာဓိ"။ ဧတေန၊ ဤတရားဖြင့်။ သမ္မာ၊ မဖောက်မပြန်။ စိတ္တံ၊ စိတ်ကို။ သမာဒဟန္တိ၊ ကောင်းစွာ ထားတတ်ကုန်၏။ဣတိတသ္မာ၊ ထိုကြောင့်။ သမ္မာသမာဓိ၊သမ္မာသမာဓိမည်၏။ ဣန္ဒြိယ,ဗလ,ဗောဇ္ဈင်္ဂကိစ္စတို့ကို ဆောင်ရွက် ပေသော ဧကဂ္ဂတာစေတသိက်သည်ပင်လျှင် သမ္မာသမာဓိမည်၏။

**မဂ္ဂင်ရှစ်ပါးတို့ သာသနာကြီး ၃-ရပ်တို့၌ အကျုံးဝင်ကြပုံ။** ။ဤမဂ္ဂင်ရှစ်ပါး တရားတို့သည် ထိုက်သည့်အားလျော်စွာ သီလက္ခန္ဓ, သမာဓိက္ခန္ဓ,ပညာက္ခန္ဓဟူ၍ ဆိုအပ်သော လိုရင်း သာသနာကြီး သုံးရပ်တို့၌ အကျုံးဝင်ကြလေကုန်၏။

**သီလက္ခန္ဓသာသနာ။** ။အကျုံးဝင်ပုံကား—သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည် သီလဇာတ် ရှိကြကုန်သောကြောင့် သီလက္ခန္ဓသာသနာ၌ အကျုံးဝင်ကြကုန်၏။ ထို့ကြောင့် "ယာ စာဝုသော ဝိသာခ သမ္မာဝါစာ၊ ယော စ သမ္မာကမ္မန္တော၊ ယော စ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ"ဟူ၍ မူလပဏ္ဏာသ စူဠဝေဒလ္လသုတ် ပါဠိတော် ၃၇၅-၌ ဟောတော်မူ၏။

**သမာဓိက္ခန္ဓသာသနာ။** ။သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့သည် အဓိစိတ္တသဘော, သမာဓိသဘော, အပ္ပနာသဘော ရှိကြကုန်သောကြောင့် သမာဓိက္ခန္ဓ၌ အကျုံးဝင်ကြကုန်၏။ ထို့ကြောင့် "ယော စာဝုသော ဝိသာခ သမ္မာဝါယာမော[၁]၊ ယာ စ သမ္မာသတိ၊ ယော စ သမ္မာသမာဓိ။ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ"ဟူ၍ ဟောတော်မူ၏။

**ပညာက္ခန္ဓသာသနာ။** ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့သည်ကား ပညာသဘော ရှိကြကုန်သောကြောင့် ပညာက္ခန္ဓ၌ အကျုံးဝင်ကြကုန်၏။ ထို့ကြောင့် "ယာ စာဝုသော ဝိသာခ သမ္မာဒိဋ္ဌိ[၂]၊ ယော စ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာ"ဟူ၍ ဟောတော်မူ၏။ ဤကား မဂ္ဂင်ရှစ်ပါးတို့၏ သာသနာကြီး ၃-ရပ်တို့၌ အကျုံးဝင်ပုံတည်း။

မဂ္ဂင်၏ သဘောအဓိပ္ပါယ်တို့ကို ငါတို့ကျေးဇူးရှင်ဘုရားကြီး ရေးသားတော်မူအပ်သော "မဂ္ဂင်ဒီပနီ"ကျမ်းမှာ ရှု၍ အကျယ်သိလေကုန်။ ။မဂ္ဂင် ပြီး၏။

**ဗောဓိပက္ခိယအပြား။** ။ဗောဓိပက္ခိယတရားတို့သည် သာမညအားဖြင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် ဟူ၍ ၇-ပါး အပြားရှိကုန်၏။ ဝိသေသအားဖြင့် သတိပဋ္ဌာန် လေးပါး၊ သမ္မပ္ပဓာန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေ ငါးပါး၊ ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင် ရှစ်ပါးဟူ၍ ၃၇-ပါးအပြား ရှိကုန်၏။

**ဗောဓိပက္ခိယတရားကိုယ်။** ။တရားကိုယ်အားဖြင့် သတိ, ဝီရိယ, ဆန္ဒ, စိတ်, ပညာ, သဒ္ဓါ, သမာဓိ(ဧကဂ္ဂတာ), ပီတိ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, တတြမဇ္ဈတ္တတာ, ဝိတက် (သမ္မာသင်္ကပ္ပ), ဝိရတီသုံးပါး အားဖြင့် ၁၅-ပါးရှိကုန်၏။ ဤကိုရည်၍—

(၄၀၃) **သ,ဝီ,ဆန်,စိ၊ပဉ်,သဒ်,ဓိ၊ ဒ်,ပဿ်,တတ်,သင်,တီ။**

ဟူ၍ ဆိုပေသည်။

---

၁။ ဆဋ္ဌမူ၌ 'ယော စ သမ္မာဝါယာမော'ဟု ရှိသည်။

၂။ ဆဋ္ဌမူ၌ 'ယာ စ သမ္မာဒိဋ္ဌိ'ဟု ရှိသည်။

(သင်္ဂိုဟ်၌ ပဿဒ္ဓိနှစ်ပါးကို တပါးတည်းယူ၍ တရားကိုယ် ၁၄-ပါးရှိ၏ဟု ဆို၏။)

**ဗောဓိပက္ခိယကိစ္စတပ်ပုံများ။** ။ထိုတရားကိုယ် ၁၅-ပါးတို့၏ အသီးအသီး ဗောဓိပက္ခိယကိစ္စ တပ်ပုံကို ဆိုအံ့။ ဆန္ဒနှင့် စိတ္တသည် ဣဒ္ဓိပါဒ်ကိစ္စတပ်၏။ ပီတိ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, တတြမဇ္ဈတ္တတာ (ဥပေက္ခာ)တို့သည် ဗောဇ္ဈင်ကိစ္စ တပ်ကုန်၏။ ဝိတက်(သမ္မာသင်္ကပ္ပ), ဝိရတီ သုံးပါးတို့သည် မဂ္ဂင်ကိစ္စ တပ်ကုန်၏။ ဤကား ကိစ္စတခုစီတပ်သော တရား ဆယ်ပါးတို့တည်း။ သည်ကို ရည်၍—

**(၄၇၄) ဆန်,ဒိတ်,ဝီ,ပဿ်၊ တတ်,သင်,တီဟူ၊ ဆယ်ခုမူ၊ မှတ်ယူ ကေ်ကိစ်စီ။**

ဟူ၍ ဆိုပေသည်။

**သဒ္ဓါ**သည် ဣန္ဒြေ, ဗိုလ်အားဖြင့် နှစ်ကိစ္စ တပ်၏။

**သမာဓိ**သည် ဣန္ဒြေ,ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် လေးကိစ္စ တပ်၏။

**ပညာ**သည် ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်အားဖြင့် ငါးကိစ္စ တပ်၏။

**သတိ**သည် သတိပဋ္ဌာန်လေးကိစ္စ။ ဣန္ဒြေ,ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် အားဖြင့် ရှစ်ကိစ္စ တပ်၏။

**ဝီရိယ**သည် သမ္မပ္ပဓာန်လေးကိစ္စ။ ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်,ဗောဇ္ဈင်,မဂ္ဂင်အား ဖြင့် ကိုးကိစ္စ တပ်၏။ သည်ကိုရည်၍—

**(၄၇၅) သဒ္ဓါကား-ဒွိ၊ ဓိ-ယူစတု၊ ငါးနု-ပညာ၊ ရှစ်မှာ-သတိ၊ ဝီရိယကိုး၊ ကိစ္စမျိုး၊ တပ်ရိုး ကျမ်းအညီ။**

ဟူ၍ ဆိုပေသည်။

ဤဗောဓိပက္ခိယတရားတို့သည် မဂ်၏ ရှေ့အဘို့၌ အထူးထူးသောအာရုံရှိကြ ကုန်၍ အထူးထူးသောခဏတို့နှင့် ယှဉ်ကြကုန်၏။ မဂ်ခဏ ဖိုလ်ခဏတို့၌မူကား ကိုးကိစ္စတပ်သော ဝီရိယတခုသည်ပင်လျှင် နိဗ္ဗာန်ကို အာရုံပြု၍ ကိုးပါးသော ဌာနတို့၌ မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို အမြစ်အရင်းနှင့်တကွ သတ်ဖြတ်ဖျက်ဆီးလျက် ကိစ္စကိုးပါးတို့ကို ရွက်ဆောင်လျက် ဖြစ်၏။ ရှစ်ကိစ္စ တပ်သော သတိစသည်တို့သည်လည်း ထိုအတူ ဌာန ရှစ်ပါးစသည်တို့၌ ကိစ္စရှစ်ပါး စသည်တို့ကို ဆောင်ရွက်လျက် ဖြစ်ကြကုန်၏။ ထို့ကြောင့် လောကုတ္တရာစိတ် တို့၌ တခုသောစိတ္တုပ္ပါဒ်၌ပင်လျှင် ဗောဓိပက္ခိယတရားတို့ကို တပြိုင်နက်တချက် တည်း အလုံးစုံ ရအပ်ကုန်၏ ဟူ၍ သိအပ်ကုန်၏။

သီလဝိသုဒ္ဓိအစရှိသော ခြောက်ပါးသော လောကီ ဝိသုဒ္ဓိတို့၏ အစဉ်အား ဖြင့်ဖြစ်သော လောကီကုသိုလ်စိတ္တုပ္ပါဒ် ကြိယာစိတ္တုပ္ပါဒ်တို့ကား ထိုက်သည့် အားလျော်စွာ အထူးထူးသော ခဏတို့၌ အသီးအသီးသော ဗောဓိပက္ခိယ တရားတို့ကို ရအပ်ကုန်၏။ ထို့ကြောင့် ဤ၌ မျက်မှောက်ဘဝ၌ မဂ်ဖိုလ်၏အခြေ ဖြစ်စိမ့်သောငှါ ရည်မှန်း၍ ကျင့်ကြံဖြည့်ဆည်းပူးအပ်ကုန်သော သီလဘာဝနာ တို့၌ပါရှိသော သဒ္ဓါသတိစသော တရားတို့ကို ဗောဓိပက္ခိယတရားတို့၌ သင်္ဂြိုဟ် ရေတွက်အပ်ကုန်၏။ ထိုသဒ္ဓါ, သတိ စသောတရားတို့သည် ဗောဓိပက္ခိယဓမ္မတို့ မည်ကုန်၏ ဟူလို။ ထိုအတူ မဂ်ဖိုလ်တို့၏ အခြေ ဖြစ်စိမ့်သောငှါ ကြိုးစားအပ် ကုန်သော မဟာကုသိုလ်ဈာန်၌ပါရှိသော သဒ္ဓါ, သတိ စသည်တို့သည်လည်း ဗောဓိ ပက္ခိယ မည်ကုန်သည်သာ ဖြစ်၏။

(ဂ) ဗောဓိပက္ခိယသင်္ဂဟ ပြီး၏။

---

## (ဃ) သဗ္ဗသင်္ဂဟ

(၄၈၆) ရုပ်,ဝေ,သည်,သင်,မိဉ်စိညာဉ်,ငါးအင် ခန္ဓာမှန်။

ဤဖြင့် ခန္ဓာငါးပါးကို ပြဆို၏။

**ခန္ဓာငါးပါး။** ။ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာ- ဏက္ခန္ဓာ၊ ဤကား ခန္ဓာငါးပါးတို့တည်း။ "ခန္ဓ"သဒ္ဒါသည် "အစု"ဟူသော "ရာသိ"အနက်ကို ဟော၏။

**ရူပက္ခန္ဓစသည်မည်ပုံများ။** ။"ရူပါနံ ခန္ဓောတိ ရူပက္ခန္ဓော"။ ရူပါနံ၊ရုပ်တရား တို့၏။ ခန္ဓော၊ အစုတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓမည်၏။ ဝေဒနာက္ခန္ဓာ စသည်တို့၌လည်း ဤ နည်းအတိုင်း ဝိဂ္ဂြိုဟ်ဆိုလေ။

**ရူပက္ခန္ဓာ။** ။ဖောက်ပြန်ခြင်း ရုပ္ပနလက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော တရားစုသည် ရူပက္ခန္ဓာ မည်၏။

**ဝေဒနာက္ခန္ဓာ။** ။ခံစားခြင်း ဝေဒယိတလက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ် ဖြင့် သိမ်းဆည်းအပ်သော တရားစုသည် ဝေဒနာက္ခန္ဓာ မည်၏။

**သညာက္ခန္ဓာ။** ။မှတ်ခြင်း သဉ္ဇာနန လက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော တရားစုသည် သညာက္ခန္ဓာ မည်၏။

**သင်္ခါရက္ခန္ဓာ။** ။စီရင်တတ်သော အဘိသင်္ခရဏလက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော တရားစုသည် သင်္ခါရက္ခန္ဓာ မည်၏။

**ဝိညာဏက္ခန္ဓာ။** ။သိခြင်း ဝိဇာနနလက္ခဏာတခု၌ တစုတပုံပြု၍ ဉာဏ်ဖြင့် သိမ်းဆည်းအပ်သော တရားစုသည် ဝိညာဏက္ခန္ဓာမည်၏။

**ခန္ဓာတို့၏ တရားကိုယ်။** ။တရားကိုယ်အားဖြင့် ရုပ် ၂၈-ခုသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာ မည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ,သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။

**သင်္ခါရ၌။** ။"သင်္ခတံ သင်္ခရောန္တီတိ သင်္ခါရာ"။ သင်္ခတံ၊ စီရင်ဖွယ်ရာဟူသမျှကို။ သင်္ခရောန္တိ၊ စီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သင်္ခါရာ၊ သင်္ခါရတို့မည်ကုန်၏။ ဖဿ,စေတနာအစရှိကုန်သော စေတသိက် ၅၀ တို့ကို ရစေ။ ထိုသင်္ခါရမည်သော တရားတို့သည် စက္ခုဒွါရအစရှိသော ဥပပတ္တိဒွါရခြောက်ပါးတို့၌၎င်း, ကာယဒွါရ,ဝစီဒွါရ,မနောဒွါရဟု ဆိုအပ်သော ကမ္မဒွါရသုံးပါးတို့၌၎င်း တပေါင်းတည်း ပေါင်းဆုံစည်းဝေးကြကုန်၍ တွေ့ထိမှု စေ့ဆော်မှုအစရှိသော မိမိတို့၏ အသီးအသီးသော ကိစ္စတို့ဖြင့် မြင်ခြင်း ကြားခြင်းအစရှိကုန်သော အမှုအမျိုးမျိုးတို့ကို၎င်း, ကာယကံ,ဝစီကံ, မနောကံတို့ကို၎င်း, အိပ်ခြင်း,သွားခြင်း,ထိုင်ခြင်း,ရပ်ခြင်း,စားခြင်း, သောက်ခြင်း အစရှိသော အမှုအမျိုးမျိုးတို့ကို၎င်း ရွက်ဆောင်ပြုလုပ်တတ်ကုန်၏။ အထူးထူး အထွေထွေ စီရင်တတ်ကုန်၏။ ထိုကြောင့် ထို ၅၀-သော တရားတို့သည် သင်္ခါရ မည်ပေကုန်သည်။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ "သင်္ခတံ အဘိသင်္ခရောန္တီတိ ခေါ ဘိက္ခဝေ တသ္မာ သင်္ခါရာတိ ဝုစ္စန္တိ"ဟူ၍ ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ သင်္ခတံ၊ စီရင်ပြုလုပ်ဖွယ်ဟူသမျှကို။ အဘိသင်္ခရောန္တိ၊ စီရင်ပြုလုပ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ (ဤကား အနက်)။

စိတ်တခုယုတ် ၉၀-သည် ဝိညာဏက္ခန္ဓာ မည်၏။

**ဝေဒနာနှင့် သညာကိုသာ ခန္ဓာသီးခြားပြု၍ ဟောရကြောင်း။** ။ဤ၌ မေးဖွယ်ရှိသည်ကို ဆိုဦးအံ့။ သင်္ခါရက္ခန္ဓာတို့တွင် လွန်စွာထင်ရှားကုန်သော စေတနာ,ဝိတက်, လောဘ, သဒ္ဓါ, ပညာအစရှိသော တရားတို့ကိုမူကား အသီးအခြား ခန္ဓာတခု ပြုလုပ်၍ ဟောတော်မမူအပ်ကုန်ပဲ ဝေဒနာနှင့် သညာကိုသာလျှင် အဘယ့်

ကြောင့် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာဟူ၍ အသီးအခြား ခန္ဓာတပါးစီပြုလုပ်၍ ဟောတော်မူအပ်ပါသနည်း ဟူမူ ဤသို့ ဖြေဆိုရာ၏။

ဥပမာနှင့်တကွ ဆောင်၍ ပြဆိုအံ့— ဤလောက၌ လိမ်မာလှစွာသော ဆေးဆရာကြီးသည် ဆေးမြစ်အမျိုးမျိုးတို့ကို စုဆောင်း၍ အမှုန့်ပြုမည်ရှိနေရာ ဤဆေးမြစ်တို့သည် ကြီးမားကုန်သော်လည်း နူးညံ့ ကျေညက် လွယ်သော သဘောရှိကုန်၏။ ဤဆေးမြစ်တို့သည် သေးငယ်ကုန်သော်လည်း ခက်မာသော သဘောရှိကုန်၏။ ကျေညက်လွယ်ကြသည် မဟုတ်ကုန်။ ဤသို့ ပိုင်းခြား၍ သိလေသဖြင့် ထိုစုဆောင်း၍ ထားအပ်သော ဆေးမြစ်ပုံထဲမှ ကြမ်းတမ်းခက်မာသော သဘောရှိသော ဆေးမြစ်တို့ကိုသာလျှင် ရှေးဦးစွာ ကောက်ယူ၍ အမှုန့်ဖြစ်အောင် ထောင်းထုကြိတ်နယ်လေ၏။ ကြွင်းသော နူးညံ့ကျေလွယ်သော သဘောရှိသော ဆေးမြစ် ဆေးရွက်တို့ကိုမူကား တပေါင်းတည်းပင်ပြု၍ ထောင်းထုကြိတ်နယ်ခြင်းကို ပြုလေ၏။ ထိုနောက်မှ အမှုန့်အဖြစ်သို့ ရောက်ကုန်ပြီးသော ခက်မာသော ဆေးမြစ်, နူးညံ့သော ဆေးမြစ်မှုန့်တို့ကို ရောနှောပြီးလျှင် ကျောက်ပြင်ပေါ်၌ တင်၍ ကျောက်သွားဖြင့် ညက်စွာကြိတ်၍ ဆေးလုံးတို့ကို ပြုလုပ်လေ၏။ ဤသို့ ပြုလုပ်သည်ရှိသော် မပင်မပန်း ချမ်းချမ်းသာသာပင် ဆေးအဖြစ်သို့ရောက်အောင် တတ်စွမ်းနိုင်လေ၏။

ထိုအတူ အလုံးစုံသော ဉေယျဓမ္မအရာတို့၌ လိမ်မာတော်မူပြီးသော မြတ်စွာဘုရားသည်လည်း နာမ်တရား, ရုပ်တရားတို့၌ လက္ခဏာရေးသုံးပါးသို့ တင်၍ နိစ္စဝိပလ္လာသ, သုခဝိပလ္လာသ, အတ္တဝိပလ္လာသတို့ကို ပယ်ဖျောက်ခြင်း အကျိုးငှါ အားထုတ်ကျင့်ကြံကြကုန်သော နတ်, လူ, ဗြဟ္မာ သတ္တဝါတို့သည် အနု, အရင့်အားဖြင့် ထိုက်သည့်အားလျော်စွာ တရားတို့ကို မခွဲခြမ်းအပ် မဝေဖန်အပ်ကုန်သည်ရှိသော် လွန်စွာ ပင်ပန်းကြကုန်လတ္တံ့၊ တရားထူးကို ရခြင်းငှါ ခဲယဉ်းကြကုန်လတ္တံ့ဟူ၍ မြော်မြင် သိရှိတော်မူသဖြင့် နာမ်တရားတို့တွင် ဝေဒနာ, သညာ, စိတ်တည်းဟူသော တရားသုံးပါးတို့ကို အသီးအခြား ထုတ်နုတ်တော်မူ၍ ခန္ဓာတခု တခုစီ ဖွဲ့ပြီးလျှင် ဟောကြားတော်မူရလေ၏။

သတ္တဝါတို့အား သုခဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် ဝေဒနာသည် အလွန်အကဲဆုံးဖြစ်၏။ ဝေဒနာ၏အတွက် သုခဝိပလ္လာသ ဖြစ်ရသည် ဟူလို။

သတ္တဝါတို့အား အတ္တဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် သညာသည် အလွန်အကဲဆုံး ဖြစ်၏။ သညာ၏အတွက် အတ္တဝိပလ္လာသ ဖြစ်ရသည် ဟူလို။

သတ္တဝါတို့အား နိစ္စဟူ၍ ဖောက်ဖောက်ပြန်ပြန် ထင်စေတတ်သော တရားတို့တွင် စိတ်သည် အလွန်အကဲဆုံးဖြစ်၏။ စိတ်၏အတွက် နိစ္စဝိပလ္လာသ ဖြစ်ရသည်ဟူလို။

**ဝေဒနာကို သီးခြားထုတ်၍ ဟောရပုံ။** ။ထင်ရှားစေဦးအံ့—ငါးအစရှိကုန်သော ရေသူသတ္တဝါတို့သည် ရေများများရှိလျှင် ပျင်းရိခြင်း မင့်ကြကုန်။ ရေမရှိလျှင်မူကား လွန်စွာငြီးငွေ့ခြောက်တတ်ကြကုန်၏။ထို့ပြင် ပျား ပိတုန်းတို့သည် အကြင်တော တောင် ဂနိုင်တို့၌ ပန်းရက် အရသာကို ရကြကုန်၏။ ထိုသို့ ပန်းရက်ကို ရရာဖြစ်သော တော တောင်ဂနိုင်တို့၌ မငြီးငွေ့ဘဲ လွန်စွာ ပျော်မွေ့ကြကုန်၏။ ပန်းရက်ကို မရသော တော တောင် ဂနိုင်တို့၌မူကား မပျော်မမွေ့ လွန်စွာပင် ငြီးငွေ့ကြကုန်၏။ ထိုအတူ ဤသတ္တဝါအပေါင်းတို့အား သုခဟူ၍ အမြဲမှတ်ထင်၍ အားထားအားကိုးအပ်သော အရာတို့တွင် ဝေဒနာနှင့်တူသော အားထားရာ အားကိုးရာမည်သည် မရှိချေ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို သာယာတောင့်တကြကုန်၏ ဆိုသော်လည်း သုခဝေဒနာ အလိုငှါသာလျှင် တောင့်တကြကုန်၏။ ထိုလူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့နှင့်ကင်း၍ သုခဝေဒနာကို ရမည်ဆိုလျှင် ထိုလူ့စည်းစိမ်စသည်တို့ကို တောင့်တ သာယာကြကုန်မည် မဟုတ်။ ထို့မှတပါး ဖဿ စေတနာ အစရှိသောတရား ဝိတက် ဝီရိယ အစရှိသောတရား သဒ္ဓါ ပညာအစရှိသောတရားတို့သည် အဘိသင်္ခရဏကိစ္စဖြင့် ဒိဋ္ဌဓမ္မိက၊ သမ္ပရာယိကဖြစ်သော စီရင်ဖွယ်ဟူသမျှတို့ကို အမျိုးမျိုး စီရင်ကြသော်လည်း လိုရင်းအချုပ်မှာ သုခဝေဒနာ၏အလိုငှါသာလျှင် အဘိသင်္ခရဏကိစ္စဖြင့် စီရင်ကြရကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သုခဝေဒနာ၌ မြော်လင့်သောစိတ်တို့ဖြင့်သာလျှင် အမျိုးမျိုးသော သင်္ခါရကိစ္စတို့ဖြင့် အမျိုးမျိုး စီရင်ကြကုန်သည်။ ထို့ကြောင့် သုခဟုမှတ်ထင်၍ အားကိုးအားထားအပ်သော တရားတို့တွင် ဝေဒနာသည် အထွတ်အထိပ်ဆုံး ဖြစ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုဝေဒနာကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခု ဖွဲ့တော်မူပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူရ၏။

**သညာကိုသီးခြားထုတ်၍ဟောရပုံ။** ။ထို့မှတပါး အလုံးစုံသော သတ္တဝါတို့အား အတ္တဟု မှတ် ထင် စွဲမြဲ၍ အားထား အားကိုးအပ်သော တရားတို့တွင် သညာနှင့်တူသော အားထားရာ အားကိုးရာမည်သည် မရှိ။ ထိုစကား မှန်၏။ ထိုထိုသတ္တဝါ အမျိုးဇာတ်၌ ဖြစ်ကြရကုန်သော သတ္တဝါဟူသမျှတို့၏ မိမိတို့၏ဘာသာအားလျော်စွာ သိသင့်သိထိုက်သော အရာဟူသမျှကို သညာဖြင့် အပြည့်အစုံ အကုန်မှတ်သား၍ သိကြားလိမ္မာသည်၏ အဖြစ်သို့ ရောက်ကုန်၏။ ထိုသို့ သိကြားလိမ္မာသည်၏ အဖြစ်

သို့ ရောက်ကုန်သော သတ္တဝါတို့သည်လည်း "ငါမှတပါးသောသူတို့သည် အကြင် မျှလောက် သိကြကုန်၏။ ငါလည်း ထိုမျှလောက်ပင် သိကျွမ်းနားလည်၏။ အဘယ်သူသည် ငါ့ထက်သာလွန်၍ တတ်မြောက်ပါတော့အံ့နည်း"ဟူ၍ အထင် အမြင် ကြွားမောက်ပြီးလျှင် သိကြားလိမ်မာမှုဟု ဆိုအပ်သော သညာကို အမှန် အမြတ် အတ္တကြီးတခုပြုလုပ်၍ လှည့်လည်သွားလာကြကုန်၏။ ထို့ကြောင့် အတ္တ ဟူ၍ မှတ်ထင်အားကိုးအပ်သော တရားတို့တွင် သညာသည် အထွတ်အထိပ်ဆုံး ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ထိုသညာကို အသီးအခြား ထုတ်နုတ် တော်မူ၍ ခန္ဓာတခုဖွဲ့စည်းပြီးလျှင် ခန္ဓဒေသနာကို ဟောကြားတော်မူ၏။

**ဝိညာဏ်ကိုသီးခြားထုတ်၍ဟောရပုံ။** ။ထိုမှတပါး အလုံးစုံသော သတ္တဝါ အပေါင်းတို့အား နိစ္စဟူ၍ မှတ်ပြီး လျှင် အမြဲအစွဲ အားကိုးအားထားအပ်သော တရားတို့တွင် စိတ်နှင့်တူသော အားကိုးရာ အားထားရာမည်သည် မရှိချေ။ ထိုစကားမှန်၏။ သုခ, ဒုက္ခတို့ကား အမြဲမရှိကုန်။ သုခဖြစ်ခိုက် ဒုက္ခမရှိ၊ ဒုက္ခဖြစ်ခိုက် သုခမရှိ။ သညာလည်းမမြဲ ချေ။ ရံခါရံဖန် မေ့လျော့ပျောက်ပျက်တတ်၏။ ရံခါရံဖန် မမေ့မလျော့ မပျောက် မပျက်တတ်။ ဝီရိယလည်း အမြဲမရှိ။ ရံခါ အားထုတ်၏။ ရံခါ အားမထုတ်။ လောဘလည်း အမြဲမရှိ။ ရံခါ အလိုရှိ၏။ ရံခါ အလိုမရှိ။ သဒ္ဓါလည်း အမြဲမရှိ။ ရံခါ ကြည်ညို၏။ ရံခါ မကြည်ညို။ ပညာလည်း မမြဲ။ ရံခါ သိသင့်သိထိုက် သမျှကို သိ၏၊ ရံခါ သိသင့် သိထိုက်သည်ကိုပင် မသိချေ။ ဤသို့လျှင် စေတသိက်တရားတို့၏ သာမညအားဖြင့် အမြဲမရှိသော သဘောကိုမူကား လောကီသတ္တဝါတို့ပင် ထင်ရှားစွာ သိနိုင်ကြကုန်၏။ စိတ်၏ အမြဲမရှိပုံကို မူကား ထင်ရှားစွာ မသိနိုင်ကြကုန်။ ထိုစိတ်သည် မြဲသော တရားပေ တည်း။ နိစ္စထာဝရ တရားပေတည်း။ နိစ္စတရား ဖြစ်သောကြောင့်သာလျှင် ရံခါ စိတ်ဖြစ်၏။ ရံခါ စိတ်မဖြစ်ဟူ၍ နှစ်ချက်သော ဆိုဖွယ်ကို မရအပ်။ စိတ်သည် အမြဲ ဖြစ်ပေါ်၏ဟူ၍သာ ဆိုအပ်၏။ ထိုစိတ်သည် သတ္တဝါတို့၏ သန္တာန်၌ အမြဲအစွဲဖြစ်လျက် ရံခါ သုခနှင့်ယှဉ်၏။ ရံခါ ဒုက္ခနှင့်ယှဉ်၏။ ရံခါ သဒ္ဓါနှင့်ယှဉ်၏။ ရံခါ ပညာနှင့်ယှဉ်၏ စသည်ဖြင့် မှတ်ထင်ကြကုန်၏။ သတ္တဝါ တို့၏သန္တာန်၌ စိတ်ဓာတ်သည် အမြဲတည်နေသော အသက်တရားကိုယ်ပင်တည်း ဟူ၍လည်း မှတ်ထင်ကြကုန်၏။ ထို့ကြောင့် နိစ္စဟုမှတ်ထင်၍ အားကိုးအားထား အပ်သော တရားတို့တွင် စိတ်သည် အထွတ်အထိပ်ဆုံးဖြစ်၏။ ထို့ကြောင့် ထိုစိတ်ကို အသီးအခြားထုတ်နုတ်တော်မူ၍ ခန္ဓာတခုဖွဲ့ပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူ၏။

ပြဆိုအပ်ပြီးသော စကားရပ်ဖြင့် ဆေးသမားကြီး ဥပမာ၌ ပြအပ်သော ခက်မာကြေခဲသော သဘောရှိသော ဆေးမြစ်တို့ကဲ့သို့ ဝေဒနာ, သညာ, စိတ်တို့

သည် ဝိပဿနာဉာဏ်ဖြင့် ထုထောင်းကြိတ်ချေရာ ကြေညက်ခဲသော တရားတို့ ဖြစ်ကြကုန်၏။ ထို့ကြောင့် ထိုတရားသုံးပါးတို့ကိုသာ အသီးအခြား ထုတ်နုတ်၍ ခန္ဓာ တပါးစီ တပါးစီ ဖွဲ့စည်းတော်မူပြီးလျှင် ခန္ဓဒေသနာကို ဟောဘော်မူလေသည်။ ကြေလွယ် ညက်လွယ်သော ဆေးမြစ်တို့နှင့်တူသော ဖဿအစရှိသော စေတသိက်ငါးဆယ်တို့ကိုမူကား တပေါင်းတစည်းတည်းပြုလုပ်၍ သင်္ခါရက္ခန္ဓာ ဟူသောအမည်ဖြင့် ခန္ဓာတခုတည်းဖွဲ့စည်းပြီးလျှင် ခန္ဓဒေသနာကို ဟောတော်မူရပေသည်ဟူ၍ ဖြေရာ၏။

## ဥပါဒါနက္ခန္ဓာ ၅-ပါး

**(၄၇) လောကီခန္ဓာ၊ သက်သက်မှာ၊ ဥပါဒါနက္ခန်။**

ဤဖြင့် ဥပါဒါနက္ခန္ဓာငါးပါးကို ပြဆို၏။

**ဥပါဒါနက္ခန္ဓာ ၅-ပါး။** ။လောကုတ္တရာမဖက် သက်သက်သော လောကီဖြစ်သော ခန္ဓာ ၅-ပါးသည် ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ မည်၏။ "စတုန္နံ ဥပါဒါနာနံ ဝိသယဘူတာ ခန္ဓာတိ ဥပါဒါနက္ခန္ဓာ"။ စတုန္နံ၊ လေးပါးကုန်သော။ ဥပါဒါနာနံ၊ ဥပါဒါန်တို့၏။ ဝိသယဘူတာ၊ အာရုံဖြစ်၍ဖြစ်ကုန်သော။ ခန္ဓာ၊ခန္ဓာတို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပါဒါနက္ခန္ဓာ၊ ဥပါဒါနက္ခန္ဓာမည်ကုန်၏။

နိဗ္ဗာန်မှတပါး အလုံးစုံသော တရားတို့ကို သိမ်းကျုံး၍ သာသဝ,အနာသဝ ဖြစ်သောတရားတို့ကို ပဉ္စက္ခန္ဓာဟူ၍ ဟောတော်မူ၏။

ဝိပဿနာဉာဏ်၏ တည်ရာဘုံဖြစ်သော တရားတို့ကို သိမ်းကျုံး၍ သာသဝ ဖြစ်သော လောကီတရားတို့ကို ပဉ္စုပါဒါနက္ခန္ဓာဟူ၍ ဟောတော်မူ၏။

## ခန္ဓာငါးပါးတို့၌ အနုစ်သာရကင်းမဲ့ပုံ

**(၄၈) ရေမြှုပ်ပမာ၊ရုပ်ခန္ဓာ၊ဝေဒနာ ရေပွက်ဟန်။**

**(၄၉) တံလှပ်ပမာ၊မှတ်သညာ၊သင်္ခါ ငှက်ပျောစံ။**

**(၅၀) မျက်လှည့်အသွင်၊စိတ်ဝိညာဉ်၊ငါးအင် နှစ်မဲ့ခန်။**

ဤဖြင့် ခန္ဓာငါးပါးတို့၏ ဥပမာကို ပြဆို၏။

ရူပက္ခန္ဓာသည် ရေမြှုပ်နှင့် တူ၏။ ဝေဒနာက္ခန္ဓာသည် ရေပွက်နှင့် တူ၏။ သညာက္ခန္ဓာသည် တံလှပ်နှင့် တူ၏။ သင်္ခါရက္ခန္ဓာသည် ငှက်ပျောတုံးနှင့်တူ၏။ ဝိညာဏက္ခန္ဓာသည် မျက်လှည့်ဆရာနှင့် တူ၏ဟူလို၊ ဤစကားရပ်ကို—

ဖေဏပိဏ္ဍူပမံ ရူပံ၊ ဝေဒနာ ပုဗ္ဗုဠူပမာ။
မရီစိကူပမာ သညာ၊ သင်္ခါရာ ကဒလူပမာ။
မာယူပမဉ္စ ဝိညာဏံ၊ ဒေသိတာဒိစ္စဗန္ဓုနာ။

ဟူသော ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်(၁၁၆)လာ ဂါထာကို ရည်၍ ဆိုတော်မူသည်။ အနက်ကား---ရူပံ၊ ရူပက္ခန္ဓာသည်။ ဖေဏပိဏ္ဍူပမံ၊ ရေမြှုပ်စိုင်ရေမြှုပ်ခဲကြီးနှင့် တူချေ၏။ သညာ၊ သညာက္ခန္ဓာသည်။ မရီစိကူပမာ၊ တံလှပ်နှင့်တူချေ၏။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာတို့သည်။ ကဒလူပမာ၊ ငှက်ပျောတုံးနှင့်တူကုန်၏။ ဝိညာဏဉ္စ၊ ဝိညာဏက္ခန္ဓာသည်မူကား။ မာယူပမံ၊ မျက်လှည့်ရုပ်နှင့်တူ၏။ ဣတိ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊ နေမင်းနွယ်ဖွား မြတ်ဘုရားသည်။ ဒေသိတာ၊ ဟောကြားတော်မူအပ်ကုန်၏။

**ရူပက္ခန္ဓာ။**　။(၁) အဓိပ္ပါယ်အကျဉ်းကား ရေမြှုပ်စိုင်သည် တောင်ကြီးကမ်းကြီးလောက်ပင် ကြီးကျယ်စွာ စုဆောင်း တည်ရှိသော်လည်း တစုံတရာ အနှစ်သာရ မရှိလေသဖြင့် သုံးရန် ဆောင်ရန် မထိုက်၊ ပစ်စွန့်ဖွယ်ရာကြီးသာ ဖြစ်လေသကဲ့သို့ ရူပက္ခန္ဓာကြီးသည်လည်း တစုံတရာ အနှစ်သာရဟူ၍ မရှိ၊ သုံးဆောင်ရန် မထိုက်၊ ပစ်စွန့်ဖွယ်ရာ အကာ အမြှုပ် အတိကြီးသာ ဖြစ်၏။ ရေမြှုပ်စိုင်ကြီးကဲ့သို့ ပျက်စီးလွယ်သော သဘောလည်း ရှိ၏။

**ဝေဒနာက္ခန္ဓာ။**　။(၂) ရေအပြင်၌ အထက်က ကျရောက်သော မိုးရေပေါက်စသည်တို့ကြောင့် ရုတ်တရက် ဖြစ်ပေါ်လာသော ရေကြီးပွင့်ကို ရေပွက်ဟူ၍ ဆို၏။ ထိုရေပွက်သည် မိမိ၏ ဖြစ်ပေါ်ရန် ကျရောက်လာသောကြောင့် ရုတ်တရက်ဖြစ်ပေါ်ပြီးလျှင် ခဏခြင်း ပျက်စီးချုပ်ငြိမ်းခြင်းသို့ ရောက်လေ၏။ တနာရီ နှစ်နာရီစသည်ဖြင့် တခုံတရာသောဌာန၌ အသုံး ချရန်ထားသော်လည်း အရှည် ခံ့ခိုင် တည်တံ့နိုင်သော သဘော မရှိ။ အလေဏတော အဟောသိ သဘောသာ ရှိသကဲ့သို့ ဝေဒနာက္ခန္ဓာသည်လည်း ဒွါရခြောက်ပါးတို့၌ ထိခိုက်လာသော အာရုံခြောက်ပါးတို့ကြောင့် ရုတ်တရက်ဖြစ်ပေါ်သော သဘောတရားပေတည်း။ တနာရီ နှစ်နာရီစသည်ဖြင့် ထား၍ ခံစားရန် အသုံးချရန် ခံ့ခိုင်သော တရားမျိုး မဟုတ်။ ရုတ်တရက်ဖြစ် ရုဘ်တရက်ပျောက်သော သဘောမျိုးတည်း။ တစုံတရာ အားကိုးစရာ မရှိလေသဖြင့် အလေဏတော အဟောသိ တရားမျိုးပေတည်း။

**သညာက္ခန္ဓာ။**　။(၃) ရေ၏အသွင်ဖြင့် ဟန်ဆောင်တတ်သော တံလှပ်သည် သားသမင်တို့ကို ရေထင်အောင် ပြုလုပ်ရုံမျှသာ ဖြစ်၏။ စင်စစ်အားဖြင့် ရေလည်း မဟုတ်။ ရေထင်၍ လိုက်လံရှာဖွေသော တော သားသမင်တို့ကို အမျိုးမျိုးသော ဒုက္ခတို့ကို ပေး၍ သေသည်တိုင်အောင် နှိပ်စက်

လေ၏။ ထိုအတူ သညာက္ခန္ဓာသည် သတ္တဝါအပေါင်းတို့အား ယောကျ်ား ဟုတ်သည် မိန်းမဟုတ်သည် ငါဟုတ်သည် သူတပါးဟုတ်သည် စသောအားဖြင့် အထင်အမျိုးမျိုးတို့ကို ဖြစ်အောင် ပြုလုပ်တတ်၏။ စင်စစ်အားဖြင့် ယောကျ်ား မိန်းမစသည် မဟုတ်။ နာမ်ရုပ်ဓမ္မ သင်္ခါရ အစုအပုံကြီးများ သာတည်း။ ယောကျ်ားမိန်းမစသည်ဖြင့် ထင်ယောင်ထင်မှား နေကြကုန်သော သတ္တဝါ အပေါင်းတို့ကို သညာက္ခန္ဓာသည် မိမိကျွေးဆောင်ပြုလုပ်၍ သံသရာဝဋ်ဆင်းရဲ၌ အတင်းနှိပ်စက်လေ၏။ တဆင့်ထက်တဆင့် ယောကျ်ားမိန်းမ စသော အမှတ် သညာကိုသာ ရင့်စေ၏။

**သင်္ခါရက္ခန္ဓာ။** ။(၄) ငှက်ပျောတုံးသည် ချောချော မွေ့မွေ့သဏ္ဌာန်ဖြင့် ပညာမဲ့သောသတ္တဝါတို့ကို အနှစ်ရှိသော သစ်သားကြီးဟူ၍ ထင်စေ၏။တစုံတရာ အသုံးချ၍ရစကောင်းသော သစ်သားမျိုးဟူ၍ ထင်စေ၏။ စင်စစ်မူကား ထိုငှက်ပျောတုံးသည် အနှစ်သာရ မရှိလေသဖြင့် ငှက်ပျောပင် တခုလုံးကို ပြင်ပမှစ၍ တဆင့်ထက်တဆင့် အနှစ်ကိုရှာသော်လည်း အနှစ်ကို မတွေ့ဘဲ နောက်ဆုံးအခါ အသုံးမကျ အလေဏ္ဏတောသာ ဖြစ်လေသကဲ့သို့ ဖဿ, စေတနာ, ဝိတက်, ဝီရိယ, သဒ္ဓါ, ပညာစသော သင်္ခါရက္ခန္ဓာတို့သည် သတ္တဝါတို့ကို အခိုင်အမြဲ အားကိုးအားထားစရာ အနေအားဖြင့် ထင်စေကုန်၏။ သတ္တဝါ တို့သည်လည်း ဝီရိယ, စေတနာ, ပညာစသည်တို့ကို အားကိုး အားထားကြီး ပြုလုပ်ကြရကုန်၏၊ စင်စစ်မူကား ထိုသင်္ခါရက္ခန္ဓာတို့သည် အနှစ်သာရမရှိကြ ကုန်သောကြောင့် ဖဿ,စေတနာတို့မှစ၍ သေချာစေ့ငုစွာ တခုစီတခုစီ ဝိပဿနာ ဉာဏ်ဖြင့် ရှာဖွေရာ တစုံတရာ အနှစ်ကိုမတွေ့ဘဲ နောက်ဆုံးလက်စသတ်၌ အသုံးမကျ အားကိုးစရာ အားထားစရာ မရ။ အလေဏ္ဏတောသာ ဖြစ်ကုန်၏။

**ဝိညာဏက္ခန္ဓာ။** ။(၅) လိမ်မာသော မျက်လှည့်ဆရာကြီးသည် ရွှေမဟုတ် သော အုတ်ခဲ ကျောက်ခဲ စသည်တို့ကို ရွှေထင်အောင် ပြုလုပ်၍ ပြလေ၏။ ထိုအတူ စိန်ထင်အောင် မြထင်အောင် ရတနာထင်အောင် ပြုလုပ်၍ ပြလေ၏။ စင်စစ်မူကား ထိုမျက်လှည့်ဆရာကြီး ပြုလုပ်အပ်သော မျက်လှည့်ရုပ်သည် ရွှေစစ်မဟုတ်၊ စိန်စစ် မြစစ် ရတနာစစ်မဟုတ်၊ အုတ်ခဲ ကျောက်ခဲတို့သာ ဖြစ်သကဲ့သို့ စက္ခုဝိညာဏ်အစရှိသော **ဝိညာဏက္ခန္ဓာ**တို့သည် ဓာတ်သဘောအားဖြင့် မြင်မှုကို ပုဂ္ဂိုလ်၏မြင်မှု ဟူ၍၎င်း, ပုဂ္ဂိုလ်သည်ပင် မြင်၏ ဟူ၍၎င်း, ဓာတ်သဘောအားဖြင့် ကြားမှုကို ပုဂ္ဂိုလ်၏ကြားမှု ဟူ၍၎င်း, ပုဂ္ဂိုလ်သည်ပင် ကြား၏ ဟူ၍၎င်း, ဓာတ်သဘောအားဖြင့် သိမှုကို ပုဂ္ဂိုလ်၏သိမှု ဟူ၍၎င်း, ပုဂ္ဂိုလ်သည်ပင် သိ၏ ဟူ၍၎င်း, လိမ်လည်လှည့်ဖြား၍ ပြတတ် ချေ၏။ စင်စစ်မှာ ပုဂ္ဂိုလ်၏ အမြင်အသိများ မဟုတ်။ ပုဂ္ဂိုလ်သည်ပင်လျှင် မြင်သည် သိသည် မဟုတ်။ ဒွါရခြောက်ပါးတို့၌ အာရုံခြောက်ပါးတို့၏ ထိခိုက်

မှုကြောင့် ဖြစ်ပေါ်သော ဝိညာဏဓာတ်တို့သာတည်း။ ထိုကြောင့် ဝိညာဏက္ခန္ဓာသည်လည်း သတ္တဝါတို့၏ အထင်အမြင်နှင့် ကွာဝေး၍ အားကိုးစရာ အားထားစရာ မရ။ အလေဏာတောသာ ဖြစ်ချေ၏။

တနည်းဥပမာအားဖြင့် **ရူပက္ခန္ဓာ**သည် သူနာတို့၏ တည်းခိုရာ စရပ်အိုကြီးနှင့် တူ၏၊ **ဝေဒနာက္ခန္ဓာ**သည် အနာရောဂါနှင့် တူ၏၊ **သညာက္ခန္ဓာ**သည် အနာရောဂါကို ထကြွစေတတ်သော သွေး, သည်းခြေ, လေ, သလိပ်အစရှိသော အဇ္ဈတ္တအကြောင်းစုနှင့် တူ၏၊ **သင်္ခါရက္ခန္ဓာ**သည် ထိုအနာကို ထစေတတ်သော အစာအာဟာရ ညှော်ဥတုအစရှိသော ဗဟိဒ္ဓအကြောင်းစုနှင့် တူ၏၊ **ဝိညာဏက္ခန္ဓာ**သည် နာသော ဂိလာနပုဂ္ဂိုလ်နှင့်တူ၏။

တနည်းဥပမာအားဖြင့် **ရူပက္ခန္ဓာ**သည် နှောင်အိမ်ကြီးနှင့် တူ၏။**ဝေဒနာက္ခန္ဓာ**သည် သံခြေကျဉ်းခတ်ခြင်း, ရိုက်နှက်ပုတ်ခတ်ခြင်းတို့နှင့် တူ၏။ **သညာက္ခန္ဓာ**သည် ထောင်သို့ကျရန် ခိုးမှုတိုက်မှုစသော ရာဇဝတ်မှုများနှင့်တူ၏။ **သင်္ခါရက္ခန္ဓာ**သည် ထောင်မှူးယောကျ်ားနှင့် တူ၏။ **ဝိညာဏက္ခန္ဓာ**သည် အပြစ်အားလျော်စွာ ထောင်သို့ ကျလေသောသူနှင့် တူ၏။ ဤသို့စသည်ဖြင့် ခန္ဓာငါးပါးတို့၏ ဥပမာသည် များစွာ၏၊ (ခန္ဓာငါးပါးတို့၏ အကျယ်ကို ကျေးဇူးရှင်ဘုရားကြီး ရေးသားတော်မူအပ်သော ကမ္မဋ္ဌာနဒီပနီကျမ်းမှာ ယူလေ။ အာယတနဓာတ်ဘို့၏ အကျယ်သည်လည်း ထိုကျမ်းမှာပင် ပါရှိလေ၏)။ ။ခန္ဓာပြီး၏။

**အာယတန ၁၂-ပါး**

(၄၉၁) **စက်,သော,ဃာ,ဇိ၊ကာ,မနီ၊အကြည် ခြောက်ဌါရ။**
(၄၉၂) **ရူ,သဒ်,ဂန်,ရံ၊ ဖောဋ်,ဓမ်၊ ခြောက်တန် ဗာဟိရ။**

ဤဖြင့် အာယတန ၁၂-ပါးကို ပြဆို၏။

**အဇ္ဈတ္တိကာယတန ၆-ပါး။** ။စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန။ (ဤကား အဇ္ဈတ္တိကာယတနခြောက်ပါးတည်း။)

**ဗာဟိရာယတန**။ ။ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန ဖောဋ္ဌဗ္ဗာယတန, ဓမ္မာယတန။ (ဤကား ဗာဟိရာယတန ခြောက်ပါးတည်း။)

**အာယတနတို့၏ တရားကိုယ်များ။** ။တရားကိုယ်အားဖြင့် စက္ခုပသာဒသည် စက္ခာယတန မည်၏။ ပ။ ကာယပသာဒသည် ကာယာယတန မည်၏။ စိတ်တခု ယုတ် ၉၀-သည် မနာယတန မည်၏။ ရူပါရုံသည် ရူပါယတန မည်၏။ပ။ ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတန မည်၏။

ဤအရာ၌ စေတသိက်ဒွေပညာသ, သုခုမရုပ်သောဠသ, နိဗ္ဗာန်၊ ဤတရားသုံးမျိုးကိုသာလျှင် ဓမ္မာယတနဟူ၍ ဆိုအပ်၏။ ထိုကြောင့်—

(၄၉၃) **စေ, သုခုမံ၊ မြတ်နိဗ္ဗာန်၊ သုံးဘန် ဓမ်,အရ။**

ဟူ၍ ဆိုပေသည်။

**အာယတနမည်ပုံ။** ။အာယတနပုဒ်၌ ဝိဂ္ဂဟ်ကား—"အာယတန္တိ အတ္တနော ဖလုပ္ပတ္တိယာ ဥဿာဟန္တာဝိယ ဟောန္တီတိ အာယတနာနိ"။ အာယတန္တိ၊ အားထုတ်တတ်ကုန်၏။ အတ္တနော၊ မိမိ၏။ ဖလုပ္ပတ္တိယာ၊ အကျိုးကို ဖြစ်စိမ့်သောငှါ။ ဥဿာဟန္တာဝိယ၊ အားထုတ်ကုန်သကဲ့သို့။ ဟောန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာယတနာနိ၊ အာယတနတို့ မည်ကုန်၏။ မိမိတို့နှင့်ဆိုင်သော အကျိုးတရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်သော တရားတို့သည် အာယတနမည်ကုန်၏ ဟူလို။

**အာယတနသဒ္ဒါ**သည် (၁) လွန်စွာဖြစ်ပွါးရာဟု ဆိုအပ်သော သဉ္ဇာတိဒေသအနက်။ (၂) တည်နေရာဟုဆိုအပ်သော နိဝါသအနက်။ (၃) ပြိုးပြွမ်းရာဟုဆိုအပ်သော အာကရအနက်။ (၄) တကွပေါင်းဆုံ၍ သက်ကျရာဟု ဆိုအပ်သော သမောသရဏအနက်။ (၅) ဖြစ်ကြောင်းဟုဆိုအပ်သော ကာရဏအနက်တို့ကို ဟော၏။

ထိုတွင် အာယတနသဒ္ဒါသည် အဇ္ဈတ္တိကာယတနအရာတို့၌ သဉ္ဇာတိဒေသ, နိဝါသ, အာကရအနက်တို့ကို ဟော၏။ ထင်ရှားစေအံ့—စိတ်စေတသိက်တရားတို့သည် တခုသောဘဝ၌၎င်း, အနမတဂ္ဂသံသရာ၌၎င်း အဖန်ဖန် အတူတကွ ဖြစ်ပွါးကြကုန်သည်ရှိသော် အခြားသော ဒေသဌာနတို့၌ မဖြစ်ကြကုန်။ စက္ခုစသော ဒွါရခြောက်ပါးတို့၌သာလျှင် ဖြစ်ကြကုန်၏။ ထိုဆိုပြီးသော စိတ်စေတသိက်တရားတို့သည် အခဉ်မပြတ် ဆက်လက်ဖြစ်ပွါးသည်၏အစွမ်းအားဖြင့် တည်နေကြကုန်သည်ရှိသော်လည်း အခြား၌ တည်နေကြသည် မဟုတ်ကုန်။ စက္ခုစသော ဒွါရခြောက်ပါးတို့၌သာလျှင် တည်နေကြကုန်၏။ ထိုစိတ်စေတသိက်တို့သည် အနမတဂ္ဂသံသရာ အနန္တသတ္တဝါတို့၌ ဖြန့်ကြဲ၍ထားအပ်ကုန်ဘိသကဲ့သို့ ဖြစ်သော်လည်း အခြား၌ ပြိုးပြွမ်း၍ မဖြစ်ကြကုန်။ စက္ခုစသည်တို့၌သာလျှင် ဖြန့်ကြဲ၍ထားကုန်ဘိသကဲ့သို့ ပြိုးပြွမ်းလျက် ဖြစ်ကုန်၏။ ထိုကြောင့် အဇ္ဈတ္တိကာယတနခြောက်ပါးတို့သည် သဉ္ဇာတိဒေသဠအနက်, နိဝါသဠအနက်, အာကရဠအနက်အားဖြင့် အာယတနတို့ မည်ကုန်၏။

ထိုအာယတနသဒ္ဒါသည် ဗာဟိရာယတနအရာတို့၌ သမောသရဏအနက်ကို ဟော၏။ ထင်ရှားစေအံ့—အစာအာဟာရနှင့် အရိပ်သခ်မ်းကို အလိုရှိကုန်သော ငှက်အပေါင်းတို့သည် ထိုထိုအရပ်ဒေသတို့မှ လာကြကုန်၍ အသီးအပွင့်

အရိပ်အာဝါသတို့နှင့် ပြည့်၍ အေးမြချမ်းသာခြင်းနှင့် ယှဉ်ကုန်သော သစ်ပင်ကြီးတို့၌သာလျှင် တပေါင်းတည်း ကျရောက်ကြကုန်၏။ ထိုသစ်ပင်ကြီးတို့သည် ငှက်အုပ်ငှက်သင်းတို့၏ ကျရာ စုဝေးနားနေရာ ဖြစ်သကဲ့သို့ ထိုအတူ ရူပါရုံစသော ဌာနခြောက်ပါးတို့၌ စိတ်စေတသိက်တို့သည် အာရုံပြုခြင်းအကျိုးငှါ အမြဲမပြတ် ကျရောက်နားနေလာကြကုန်၏။ ထိုရူပါရုံအစရှိသည်တို့သည် စိတ်စေတသိက်တို့၏ ကျရောက်ရာ စုဝေးနားနေရာ ဖြစ်၏။ ထို့ကြောင့် ဗာဟိရာယတနခြောက်ပါးတို့သည် သမောသရဏဋ္ဌအနက်အားဖြင့် အာယတနမည်ကုန်၏။

ထိုအာယတနသဒ္ဒါသည် အဇ္ဈတ္တိကာယတန, ဗာဟိရာယတန နှစ်ပါးစုံတို့၌ ကာရဏအနက်ကို ဟော၏။ ထင်ရှားစေအံ့—အနမတဂ္ဂသံသရာ အနန္တသတ္တဝါတို့၏သန္တာန်၌ စိတ်စေတသိက်တို့၏ အစဉ်မပြတ် ဖြစ်နေခြင်းသည် အဇ္ဈတ္တိကာယတန, ဗာဟိရာယတန နှစ်ပါးတို့ကြောင့်သာလျှင် ဖြစ်၍နေကြကုန်၏။ ထိုအာယတနတို့ မရှိကြကုန်လျှင် စိတ်စေတသိက်တို့သည် ဖြစ်ကြကုန်လိမ့်မည် မဟုတ်ကုန်။ ထို့ကြောင့် အာယတနတို့သည် စိတ်စေတသိက်တို့၏ ဖြစ်ကြောင်းကာရဏတရားတို့ ဖြစ်လေကုန်သည်။

"စက္ခု စ တံ အာယတနဉ္စာတိ စက္ခာယတနံ"။ စက္ခု စ၊ စက္ခုလည်းဟုတ်၏။ တံ၊ ထိုစက္ခုဟူသည်။ အာယတနဉ္စ၊ အာယတနလည်းဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ စက္ခာယတနံ၊ စက္ခာယတနမည်၏။ သောတာယတန စသည်တို့၌လည်း ဤနည်းအတိုင်း ဝိဂြိုဟ်ဆိုလေ။

**အဇ္ဈတ္တိက,ဗာဟိရမည်ပုံ။** ။တဏှာဒိဋ္ဌိတို့ဖြင့် အတွင်းထား၍ သိမ်းပိုက်အပ်သောကြောင့် အဇ္ဈတ္တိကမည်၏။ ထိုအဇ္ဈတ္တိကတရားတို့ကဲ့သို့ များစွာ အားကြီး အတွင်းထား၍ သိမ်းပိုက်မှုမရှိသောကြောင့် ဗာဟိရမည်၏။ (အဇ္ဈတ္တိက, ဗာဟိရတို့၏ သဘောအဓိပ္ပါယ်များကို ရုပ်ပိုင်း၌လည်း ပြအပ်လေပြီ။)

**အာယတန ၁၂-ပါးတို့သည် ကိလေသာ သူပုန်တို့ ခိုပုန်းရာဌာနဖြစ်ပုံ**

(၄၉၄) ရွာပျက်ကြီးနှယ်၊ ရှေ့ခြောက်သွယ်၊ နောက်ဝယ် တပ်ထားပြ။

ဤဖြင့် အဇ္ဈတ္တိကာယတန,ဗာဟိရာယတနတို့၏ ဥပမာကို ပြဆို၏။

**အာယတနတို့၏ ဥပမာ။** ။အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် အအုပ်အချုပ်ကင်းသော ရွာပျက်ကုန်း ရွာဆိုးကုန်းကြီးတွေနှင့် တူကုန်၏။ ရူပါရုံစသော ဗာဟိရာယတနတို့သည် မြို့ရွာတို့ကို တိုက်ဖျက်တတ်သော ထားပြကြီးတွေနှင့် တူကုန်၏ ဟူလို။

"သုညောဂါမောတိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။ ဂါမဃာတကာ စောရာတိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ"။

သဠာယတနသံယုတ်ပါဠိတော် အာသီဝိသောပမသုတ်-၃၇၃။

(အနက်ကား) ဘိက္ခဝေ၊ တို့။ ခေါ၊ စင်စစ်။ သုညောဂါမောတိ၊ ရွာပျက်ကုန်းကြီး ရွာဆိုးကုန်းကြီးဟူသော။ ဧတံ၊ ဤအမည်စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။အဇ္ဈတ္တိကာနံ အာယတနာနံ၊ အဇ္ဈတ္တိကာယတနတို့၏။ အဓိဝစနံ၊ အမည်စကားပေတည်း။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဂါမဃာတကာ စောရာတိ၊ရွာကို ဖျက်ဆီးဘတ်သော သူပုန်ကြီး ထားပြကြီးတို့ဟူသော။ဧတံ၊ ဤအမည်စကားသည်။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဗာဟိရာနံ အာယတနာနံ၊ ဗာဟိရာယတန တို့၏။ အဓိဝစနံ၊ အမည်စကားပေတည်း။

ဤပါဠိတော်ကို ရည်၍ " ရွာပျက်ကြီးနှယ်၊ ရှေခြောက်သွယ်၊ နောက်ဝယ်တပ်ထားပြ" ဟူသော ကဗျာကို ဆိုပေသည်။

**ရွာဆိုးကုန်းကြီးတို့နှင့် တူပုံအကျယ်။** ။ထင်ရှားစေအံ့—ရွာဆိုးကုန်းကြီးတို့သည် အုပ်သူ ချုပ်သူ နေထိုင်သူတို့မှ ကင်းကုန်သဖြင့် တစ္ဆေ မြေဘုတ်ဘီလူးတို့၏ ခိုအောင်း နေထိုင်ရာလည်း ဖြစ်ကုန်၏။ မြွေဆိုး ကင်းဆိုး ကျားဆိုး အစရှိသော အယုတ်ဘမာ သတ္တဝါတို့၏ ခိုအောင်းရာလည်း ဖြစ်ကုန်၏။ သူခိုးထားပြစသော လူဆိုး သူဆိုးတို့၏ ခိုဝင်ပုန်းအောင်းရာလည်း ဖြစ်ကုန်၏။ ထိုရွာဆိုး ကုန်းဆိုးကြီးတို့နှင့် တူစွာ စက္ခာယတနစသော အဇ္ဈတ္တိကာယတနတို့သည် ပြိတ္တာဘဝကိုပေးတတ်သော လောဘစသော ကိလေသာသူပုန်ကြီးတို့၏ ခိုဝင်ပုန်းအောင်းရာလည်း ဖြစ်ကုန်၏။ ငရဲဘဝကို ပေးတတ်သော ဒေါသစသော ကိလေသာ သူပုန်ကြီးတို့၏ ခိုဝင် ပုန်းအောင်းရာလည်း ဖြစ်ကုန်၏။ တိရစ္ဆာန်ဘဝကို ပေးတတ်သော မောဟစသော ကိလေသာ သူပုန်ကြီးတို့၏ ခိုဝင် ပုန်းအောင်းရာလည်း ဖြစ်ကုန်၏။ အမျိုးမျိုးသော ကိလေသာ သူပုန်ကြီးတို့သည် ဤအဇ္ဈတ္တိကာယတန တည်းဟူသော ရွာဆိုးကြီးတို့၌ သာလျှင် ခိုဝင် ပုန်းအောင်းကြကုန်ပြီးလျှင် သူတော်ကောင်းတို့၏ ဥစ္စာရတနာတည်းဟူသော အမွန်အမြတ်ရတနာတို့ကို တိုက်ဖျက် လုယူကြကုန်၏။ ထိုကြောင့် အဇ္ဈတ္တိကာယတနာတို့သည် သူပုန်သူဆိုးတို့ကို လက်ခံသော ဘုံအိမ်ဘုံဆိုင်ကြီးတို့သာ ဖြစ်ကုန်၏။

သုညဂါမသခါတေသု၊ စက္ခုအာဒီသု သဗ္ဗဒါ။
နိဝုဋ္ဌာ ဝိလုပ္ပန္တိ၊ ကိလေသာ သဒ္ဓါနံ ဝရံ။ ။

ရစနာဂါထာ

သုညဂါမသခါတေသု၊ ရွာဆိုး ကုန်းကြီးတို့ဟူ၍ ဆိုအပ်ကုန်သော။ စက္ခု-အာဒီသု၊ စက္ခု အစရှိသော အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၌။ ကိလေသာ၊ ကိလေသာရန်သူကြီးတို့သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နိဝုဋ္ဌာဝ၊ ကိန်းအောင်း ခိုဝင်ကြကုန်၍သာလျှင်။ ဝရံ၊ မြတ်လှစွာသော။ သဒ္ဓါနံ၊ သူတော်ကောင်းတို့၏ ဥစ္စာရတနာများကို။ ဝိလုပ္ပန္တိ၊ အတင်းလုယက်ကြကုန်၏။ (ဤကားအနက်)။

**ထားပြကြီးများနှင့် တူပုံအကျယ်။** ။ထိုမှတပါး ဤလောက၌ ထားပြကြီးတို့သည် မြို့ရွာတို့ကို တိုက်ဖျက်၍ ဥစ္စာရတနာတို့ကိုလည်း ယူဆောင်ကြကုန်၏။ သတ္တဝါတို့ကိုသော်လည်း သတ်ဖြတ်ညှဉ်းဆဲကြကုန်၏။ ထိုထားပြကြီးတို့နှင့် တူစွာ ရူပါရုံ အစရှိသော ဗာဟိရာယတနကြီးတို့သည် စက္ခုအစရှိသော ရွာဆိုးကုန်းကြီးတို့ကို အားကိုးတခု အပေါက်အလမ်းပြုပြီးလျှင် သတ္တဝါတို့ကို အတင်း တိုက်ဖျက်ကြကုန်၏။ ထိုသတ္တဝါတို့၌ ရှိသော သူတော်ဥစ္စာရတနာခုနစ်ပါးတို့ကိုလည်း အတင်း ယူဆောင်ကြကုန်၏။ သတ္တဝါတို့ကိုလည်း သံသရာ တည်းဟူသော ဝဲသြဃကြီးထဲ၌ အတင်း နှစ်၍ သတ်ကြကုန်၏။ ရူပါရုံအစရှိသော ထားပြတို့၏ တိုက်ခြင်းကို ခံကြရကုန်သော သူတို့သည် သူတော်ဥစ္စာရတနာတို့မှ တနေ့တခြား မွဲကြကုန်ပြီးလျှင် သံသရာ ခရီး၌ ဒုက္ခိတသတ္တဝါ၊ ဒလိဒ္ဒသတ္တဝါတို့ သာလျှင် ဖြစ်ကြရကုန်၏။ ဤသံသရာ လောကကြီးသည်လည်း ရူပါရုံ စသော ထားပြကြီးတို့ဖြင့် အသိပ် အနှက် ကြပ်တည်းပြည့်လျှံ၍ နေ၏။ ထိုရူပါရုံစသော ထားပြကြီးတို့သည် နေ့စဉ်မပြတ် အမျိုးမျိုးသော လက်နက်တို့ဖြင့် သတ္တဝါတို့ကို တိုက်ဖျက်ကြကုန်၏။ အထူး ပြုပြင် ခြယ်လယ်မှု များသည် ရူပါရုံ စသော ထားပြကြီးတို့၏ လက်နက် ပြင်မှု မည်ကုန်၏။ ကြပ်ကြပ် ပြုပြင် ခြယ်လယ် စီမံအပ်သော ရူပါရုံ စသည်တို့ ဖြစ်လေလေ ကြပ်ကြပ် စူးရှထက်မြက်သော လက်နက်ကြီးတို့ကို စွဲကိုင်သော ထားပြကြီးတို့ မည်လေလေဟု သိရာ၏။ အလုံးစုံသော သတ္တဝါတို့သည်လည်း နေ့စဉ်ပင် ရူပါရုံ အစရှိသော ထားပြတို့၏ တိုက်မှုကို ခံကြရကုန်၏။ အလွန် ကောင်းမွန် ထက်မြက်သော လက်နက်ရှိသော ထားပြကြီးတို့၏ တိုက်မှုကို ခံရလေလေ သူတော်ဥစ္စာ ရတနာမွဲ၍ ဆင်းရဲကြီးလေလေဟူ၍သိရာ၏။

ဂါမဃာတသခါတေဟိ၊ တိက္ခာဝုဓေဟိ သဗ္ဗဒါ။
ရူပါဒီဟိ တိဟညန္တိ၊ သတ္တာ ရူပါဒိသဉ္ဇိတာ။ ။

ရစနာဂါထာ

ဂါမဃာတသခါတေဟိ၊ ရွာကို တိုက်ဖျက်ဘတ်သော ထားပြကြီးတို့ဟူ၍ ဆိုအပ်ကုန်သော။ တိက္ခာဝုဓေဟိ၊ ထက်မြက်သော လက်နက်ရှိကြကုန်သော။ ရူပါဒီဟိ၊ ရူပါရုံအစရှိသော ဗာဟိရာယတနခြောက်ပါးတို့သည်။ ရူပါဒိသဉ္ဇိတာ၊

ရူပါရုံစသည်တို့၌ တပ်မက်ငြိစွန်း၍ နေကြကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့ကို။ အတိဟညန္တိ၊ အတင်းစီး၍ အားကြီးတိုက်ဖျက် သတ်ဖြတ်ကုန်၏။ (ဤကား အနက်)။ ။အာယတန ပြီး၏။

ဓာတ် ၁၈-ပါး

**ဓာတ် ၁၈-ပါး။** ။ဓာတ်သည်ကား ၁၈-ပါးရှိ၏။ အာယတန ၁၂-ပါးတို့တွင် စိတ်တခုယုတ် ၆၀-တည်းဟူသော မနာယတနတခုကို ဓာတ် ၇-ပါးပြုလျှင် ဓာတ်ပေါင်း ၁၈-ပါး ဖြစ်၏။ ဤကို ရည်၍—

(၄၉၅) **စိတ်မနောဒေ၊ ဓာတ်ခွန်ဝေ၊ တွက်ရေ ဓာတ်ဆဲ့ရှစ်။**

ဟူ၍ ဆိုတော်မူပေသည်။

စက္ခုဓာတ်, သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖောဋ္ဌဗ္ဗဓာတ်,။ စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်, မနောဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်။ ဤကား ဓာတ် ၁၈-ပါးတည်း။

**ဓာတ်မည်ပုံ။** ။"ဓာတု"ဟူသောပုဒ်၌ ဝိဂ္ဂြိုဟ်ကား "နိဿတ္တ နိဇ္ဇီဝဋ္ဌေန ဓာတု"။ နိဿတ္တ နိဇ္ဇီဝဋ္ဌေန၊ သတ္တမဟုတ် ဇီဝမဟုတ်သော အနက်ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ သတ္တဝါတို့၏ အခြင်းအရာ သတ္တဝါတို့၏ ကိစ္စမှကင်းသော နိဿတ္တဋ္ဌအနက်ကြောင့်ရင်း "အသက်ရှင်၏, ဇီဝရှိ၏" ဟူသော သဘောမှကင်းသော နိဇ္ဇီဝဋ္ဌအနက်ကြောင့်ရင်း စက္ခုအစရှိသည်တို့သည် ဓာတ်မည်ကုန်၏ဟူလို။

သတ္တဝါတို့၏ အခြင်းအရာ အာကာရဆိုသည်ကား သတ္တဝါဟူ၍ ထင်မှတ်ဖွယ်ရာ အမူအရာစုပေတည်း။ သတ္တဝါတို့၏ ကိစ္စဆိုသည်ကား သွားခြင်း, လာခြင်း, စားခြင်း, သောက်ခြင်းစသော ကြိယာတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းတည်း။ ထိုသတ္တာကာရ, သတ္တကိစ္စတို့မှ ဆိတ်သုဉ်းသောကြောင့် ဓာတ်မည်ပေ၏။

ဇီဝ ဆိုသည်ကား တခုသောဘဝ၌ မသေသေးသမျှကာလပတ်လုံး အသက်တခုသာ ဖြစ်၏။ သံသရာမပြတ်သမျှကာလပတ်လုံး ဇီဝသည် တခုတည်းသာလျှင် ဖြစ်၏။ သတ္တဝါတို့၏ အသက်ဓာတ်သည် မပျက်မစီး ဘဝပြောင်း၍သာလျှင် ဆက်လက်ဖြစ်ပွါးနေ၏ဟူ၍ မှတ်ထင်ပြောဆိုအပ်သော အရာသည် ဇီဝမည်၏။ ထိုဇီဝမှ ဆိတ်သုဉ်းသောကြောင့်လည်း နိဇ္ဇီဝမည်ပေ၏။

တနည်းကား "အတ္တနော ဝေ သဘာဝံ ဓာရေတီတိ ဓာတု"။ အတ္တနော ဝေ၊ မိမိ၏သာလျှင်။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။

ဣတိတသ္မာ၊ ထိုကြောင့်။ ဓာတု၊ ဓာတ်မည်၏။ တစုံတယောက်သော သတ္တဝါ၏ အလိုသို့ရှိုင်း လူ၏ အလိုသို့ရှိုင်း နတ်၏ အလိုသို့ရှိုင်း ဗြဟ္မာ၏ အလိုသို့ရှိုင်း ဘုရား၏ အလိုသို့ရှိုင်း မလိုက်မပါမူ၍ မိမိ၏ သဘောကိုသာလျှင် တည့်တည့် မတ်မတ် ဆောင်ရွက်တတ်သောကြောင့် ဓာတ်မည်၏ ဟူလို။

ဝေဒနာဓာတ်တခု၌ ဝေဒနာသည် တစုံတယောက်သောသူ၏ အလိုသို့ မလိုက်၊ ခံစားမှုတည်းဟူသော မိမိ၏ ဝေဒယိတသဘောကိုသာလျှင် ရွက်ဆောင်၏။ လူနတ်ဗြဟ္မာသတ္တဝါတို့သည် အကြောင်းမဲ့ ဝေဒနာကို ဖြစ်ပေါ်အောင် မတတ်နိုင်ကြကုန်။ ဖြစ်သောဝေဒနာကို မချုပ်အောင်ပြုခြင်းငှါလည်း မတတ်နိုင်ကြကုန်။ ဝေဒနာဓာတ်သည် ဖြစ်ပေါ်ရန် အကြောင်းရှိလျှင် ဖြစ်ပေါ်၏။ ဖြစ်ပေါ်ပြီးလျှင် ဓမ္မသဘောရှိသည့်အတိုင်း ချုပ်ပျောက်လေ၏။ သတ္တဝါတို့၏ အလိုသို့ တစုံတရာမျှ မလိုက်မပါဘဲ သူ့သဘာဝ အလျောက် အကြောင်းဆိုက် တိုက် လာရောက်တိုင်း ဖြစ်ပေါ်၍နေသော တရားမျိုး ဆိုလိုသည်။ ဤအဓိပ္ပါယ် စုကို ရည်၍ —

(၄၉၆) **သတ္တ-ဇီဝါကင်းစင်ပ၊ ဘာဝ တက်တိုင်းဖြစ်။**

ဟူ၍ ဆိုတော်မူပေသည်။

**စက္ခုဓာတ်စသည်မည်ပုံ။**　။"စက္ခု စ တံ ဓာတု စာတိ စက္ခုဓာတု"။ စက္ခု စ၊ စက္ခုလည်းဟုတ်၏၊ တံ၊ ထိုစက္ခုဟူသည်။ ဓာတု စ၊ ဓာတ်လည်းဟုတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုဓာတု၊ စက္ခုဓာတ်မည်၏။ သောတဓာတုစသည်တို့၌လည်း ဤနည်းအတိုင်း ဝိဂ္ဂဟ်ဆိုလေ။

**အခံဓာတ်။**　။ထိုဓာတ်တို့တွင် စက္ခုဓာတ် ။ပ။ ကာယဓာတ်တို့သည် ထိလာ ခိုက်လာသောအာရုံတို့ကို ခံတတ်သော အခံဓာတ်တို့ပေတည်း။

**အတိုက်ဓာတ်၊**　။ရူပဓာတ်။ပ။ ဖောဋ္ဌဗ္ဗဓာတ်တို့သည် ထိလာတိုက်ခိုက်လာ တတ်သော အထိဓာတ်, အတိုက်ဓာတ်, အခိုက်ဓာတ်တို့ပေ တည်း။

**အပွင့်ဓာတ်။**　။စက္ခုဝိညာဏ်စသောဓာတ်တို့သည် အခံဓာတ်နှင့် အထိအခိုက် ဓာတ်တို့၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်သော ဓာတ်ပွင့်တို့ပေ တည်း။ ထို့ကြောင့် "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" အစရှိသည် ဖြင့် မြတ်စွာဘုရား ဟောတော်မူသည်။

**စက္ခုဓာတ် စသည်တို့အတွက် ဥပမာများ။**　။အင္ဂုကထာ၌ပြအပ်သောဒဋ္ဌဗ္ဗာ- ကာရ ဥပမာအားဖြင့် **စက္ခု ဓာတ်**သည် စည်မျက်နှာပြင်နှင့် တူ၏။ **ရူပဓာတ်**သည် စည်လက်ခတ်နှင့် တူ၏။

**စက္ခုဝိညာဏဓာတ်**သည် စည်မျက်နှာပြင်၌ စည်လက်ခတ်၏ ထိခိုက်မှုကြောင့် ဖြစ်ပေါ်သော စည်သံနှင့် တူ၏။ **တနည်းကား— စက္ခုဓာတ်**သည် မှန်ပြင်နှင့် တူ၏။ **ရူပဓာတ်**သည် ဥပစာတွင်တည်ရှိသော မျက်နှာနှင့် တူ၏။ စက္ခုဝိညာဏ ဓာတ်သည် မှန်ပြင်၌ပေါ်သော မျက်နှာရိပ်နှင့် တူ၏။ (သောတဓာတ်စသည် တို့၌လည်း ဤနည်းကို မှီ၍သိလေ။)

**မနောဓာတ်**သည် ပဉ္စဝိညာဏဓာတ်တို့၏ ရှေ့တော်ပြေး နောက်လိုက်တော် များနှင့် တူ၏။ **ဓမ္မဓာတ်**၌ **ဝေဒနာက္ခန္ဓာ**သည် စူးဝင်တတ်သော မြားနှင့်ငှင်း ငြောင့်တံသင်းနှင့်ငှင်း တူ၏။ **သညာက္ခန္ဓာ**သည် အချည်းနှီး ဆုပ်၍ထားအပ် သော လက်ဆုပ်နှင့်တူ၏။ **သင်္ခါရက္ခန္ဓာ**သည် ပဋိသန္ဓေသို့ရောက်အောင် ပစ်ချ တတ်သောကြောင့် မီးကျီးတွင်းသို့ အတင်းပစ်ချသော ယောကျ်ားနှင့် တူ၏။ **ရူပက္ခန္ဓာ**သည် အထူးထူးသော ဘေးဥပဒ္ဒဝေါတို့၏ အကြောင်းနိမိတ်ဖြစ်သော ကြောင့် သင်ဓုန်းစက်ကြီးနှင့် တူ၏။ **အသင်္ခတနိဗ္ဗာန်**ဟုဆိုအပ်သော **နိရောဓ ဓာတ်**သည် အလွန်တရာအေးမြကြည်လင်လှစွာသော ဘေးမှကင်းရာ သီဒါနုတ် ကန်ကြီးနှင့် တူ၏။

**မနောဝိညာဏဓာတ်**သည် ယူပြီးသောအာရုံကိုလွှတ်၍ အသစ်အသစ်သော အာရုံကို ယူတတ်သောကြောင့် တောမျောက်နှင့်တူ၏။ ဆုံးမခြင်းငှါ ခဲယဉ်း လေသောကြောင့် မြင်းကြမ်း မြင်းဆိုးနှင့်လည်းတူ၏။ ကျချင်ရာဌာန၌ ပေါက် လွှတ် တတ်တိုင်း ကျရောက်တတ်သောကြောင့် ကောင်းကင်သို့မြှောက်၍ပစ်အပ် သော ကျောက်ခဲနှင့် တူ၏။ လောဘ, ဒေါသ အစရှိသော ကိလေသာအမျိုးမျိုး တို့နှင့် ယှဉ်တတ်သောကြောင့် ဇာတ်သူ ဇာတ်သမား သဘင်သမားတို့နှင့်လည်း တူ၏။ ။ဓာတ်ပြီး၏။

**သစ္စာလေးပါး**

(၄၉၇) **ဒုက်,သ,နိ,မဂ်၊ မသွေကွက်၊ လေးချက် မှန်သစ္စာ။**

ဤဖြင့် သစ္စာလေးပါးနှင့် သစ္စာ၏ အနက် ပြဆို၏။

**သစ္စာ၄-ပါး**။ ။ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ။ ဤကား သစ္စာလေးပါးတည်း။

**သစ္စာ ၄-ပါးတရားကိုယ်**။ ။တရားကိုယ်အားဖြင့် လောကီစိတ် ကောသီတိ၊ ၎င်းတို့နှင့် ယှဉ်သော လောဘကြဉ်သော စေ တသိက် ၅၀ ပညာသ, ရုပ်အဋ္ဌဝီသ။ ဤတရားစုသည် **ဒုက္ခသစ္စာ** မည်၏။ လောဘသည် **သမုဒယသစ္စာ**မည်၏။ နိဗ္ဗာန်သည် **နိရောဓသစ္စာ** မည်၏။ မဂ်စိတ် လေးခု၌ယှဉ်သော မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် **မဂ္ဂသစ္စာ**မည်၏။ ထိုကြောင့်—

(၄၉၇) စိတ်, စေ, လောကီ၊ ရှစ်ဥာဝီ၊ ဒုက်ပြီ, သ-တဏှာ။
(၄၉၈) နိမ္မာ နိဗ္ဗာန်၊ အင်ရှစ်တန်၊ အမှန် မဂ္ဂသာ။

ဟူ၍ဆိုတော်မူပေသည်။

**သစ္စဝိမုတ်။**　။မဂ်စိတ်လေးခု၌ စိတ်, စေတသိက်ပေါင်း ၃၇-ရှိ၏။ ယင်းတွင် မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာယူ၍ ကြွင်းစိတ်စေတသိက်ပေါင်း ၂၉-သည်ရင်း, ဖိုလ်စိတ်တို့နှင့် ၎င်းတို့၌ ယှဉ်သော စေတသိက် ၃၆-သည်ရင်း, သစ္စာလေးပါးမှ လွတ်၏။ သစ္စဝိမုတ် မည်၏။

**သစ္စာမည်ပုံ။**　။မဖောက်မပြန် မှန်သောသဘောသည် သစ္စာမည်၏။ "သန္တသဘာဝေါ သစ္စံ"။ သန္တသ၊ မဖောက်မပြန် မှန်သော တရား၏၊ ဘာဝေါ၊ အဖြစ်တည်း။ သစ္စံ၊ မဖောက်မပြန် မှန်သော တရား၏ အဖြစ်။ ပရမတ္ထဓမ္မတို့၏ ဒုက္ခစသောအားဖြင့် မဖောက်မပြန် မှန်ကန်သောသဘောကို ရစေ။

**စက္ခု၏ဒုက္ခဖြစ်ပုံနှင့်ဒုက္ခသုံးပါး။**　။ဒုက္ခသစ္စာတို့တွင် စက္ခု၏ ဒုက္ခသစ္စာဖြစ်ပုံကို ဆိုအံ့ – စက္ခုသည် စင်စစ် ဒုက္ခသဘောရှိ၏။ ထိုစက္ခု၏ ဒုက္ခသဘောသည် ဖောက်ပြန်လေ့ မရှိ။ ထိုစက္ခု၏ ဒုက္ခသဘောသည် တခြားသော သုခသဘောသို့ တရံတခါမျှ ရွေ့လျော၍ မသွားစဘူး။ ထိုစက္ခုနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, ဒုက္ခဒုက္ခတို့ဖြင့် နှိပ်စက်အပ်သည်ကို ဒိဋ္ဌသိမြင်ရသောကြောင့် စက္ခုသည် စင်စစ် ဒုက္ခသဘော ရှိ၏ဟု သိသာပေသည်။

**စက္ခု၏သင်္ခါရဒုက္ခဖြစ်ပုံ။**　။ထင်ရှားစေအံ့—စက္ခုသည် ရူပါဝစရဗြဟ္မာတို့၏ သန္တာန်၌ပင် ဖြစ်သော်လည်း ရှေးဘဝ၌ ဈာနဘာဝနာဟု ဆိုအပ်သော ကြိုးကျယ်လှစွာသောကံကို ပြုပြင်အားထုတ်မှုတည်းဟူသော သင်္ခါရဒုက္ခအမျိုးမျိုးတို့ကို ခံရပြီးမှသာလျှင် ဖြစ်ပေါ်၏။ ထိုသို့သော သင်္ခါရဒုက္ခမျိုးကို မစံမခံလျှင် ဗြဟ္မာ၏ သန္တာန်၌လည်း စက္ခု ဖြစ်ပေါ်နိုင်မည် မဟုတ်။ ကာမဘုံသားတို့၏ သန္တာန်၌ကား စက္ခုကိုရရှိရန်အတွက် ရှေးရှေးဘဝတို့၌ အမျိုးမျိုးသော ကမ္မာဘိသင်္ခရဏဟုဆိုအပ်သော သင်္ခါရဒုက္ခအမျိုးမျိုးတို့ကို ခံရ၏။ ရရှိပြီးသော စက္ခုရှိသော ပုဂ္ဂိုလ်သည်လည်း တသက်ပန် ကာလပတ်လုံး စက္ခုကို တည်တံ့စိမ့်သောငှါ အာဟာရကို ရှာမှီးခြင်း အစရှိသော သင်္ခါရဒုက္ခအမျိုးမျိုး၊ ထိုစက္ခုကို သုတ်သင်မွေးမြူမှု အစရှိသော သင်္ခါရဒုက္ခအမျိုးမျိုးတို့ကို ခံစားရ၏။ ထိုသို့သော သင်္ခါရဒုက္ခတို့ကို ခံစားရသောသူတို့၌သာ ဖြစ်ပေါ်၏။ ထိုသို့သော သင်္ခါရဒုက္ခတို့ကို မခံစားလျှင် မဖြစ်ပေါ်ချေ။ မွေးမြူသဖြင့် တည်ရှိ၍နေသော စက္ခုသည်လည်း အကြောင်း ချို့တဲ့ပြန်သော်ရင်း,

တစ်ံတရာ အန္တရာယ်ဝင်ရောက်လာသည်ရှိသော်ငြား အမှတ်မရှိသော အခါ၌ပင် ပျက်စီးတတ်၏။ ထိုသို့ပင် အမှတ်မဲ့ မပျက်မစီး သော်လည်း သေသောအခါ ကာလ၌ အမြဲပင် ပျက်စီးလေတော့သည်သာ ဖြစ်၏။ တခုတည်းသောဘဝ၌ ပြုပြင်စီရင်ရခြင်းတည်းဟူသော သင်္ခါရဒုက္ခကို ခံကာမျှနှင့်လည်း သင်္ခါရဒုက္ခကို ဆောင်ရွက်မှု ပြီးလေတော့သည် မဟုတ်။ သတ္တဝါတခု ပြုလုပ်၍ နေသမျှ ကာလပတ်လုံး ထိုစက္ခုမရှိလျှင် လူရာဝင်မည် မဟုတ်။ သတ္တဝါအရာ ဝင်မည် မဟုတ်သောကြောင့် ထိုစက္ခုကို သာယာသည့်အတွက် လိုချင် တပ်မက်သည့် အတွက် နောက်ဘဝ၌ စက္ခုကိုရရှိရန် တင်ကြို၍ အမျိုးမျိုးသော ကံကို ပြုလုပ်ခြင်းတည်းဟူသော သင်္ခါရဒုက္ခတို့ကို ခံနိုင်ရ၏။ နောက်ဘဝ၌လည်း စက္ခုကို တည်မြဲ တည်စိမ့်သောငှါ အာဟာရကို ရှာမှီးခြင်းစသော သင်္ခါရဒုက္ခအမျိုးမျိုး၊ စက္ခုကို သုတ်သင် မွေးမြူမှု စသော သင်္ခါရဒုက္ခ အမျိုးမျိုးတို့ကို ခံရကုန်၏။ ဤသို့သောနည်းဖြင့် အနမတဂ္ဂသံသရာကြီး၌ စက္ခုတခုအတွက်နှင့် သင်္ခါရဒုက္ခ နယ်ကြီးသည် ပြီးဆုံးတော့သည်ဟု မရှိ။ အမြဲမပြတ်ပင် သင်္ခါရဒုက္ခကို ခံလျက်သာ နေရတော့၏။ ထိုကြောင့် စက္ခုသည် အတိုင်းမသိသော သင်္ခါရဒုက္ခတို့ဖြင့် သတ္တဝါကို အမြဲ နှိပ်စက်လျက် ရှိနေသည်သာ ဖြစ်၏။(ဤကား စက္ခု၏ သင်္ခါရဒုက္ခဖြစ်ပုံတည်း။)

**စက္ခု၏ ဝိပရိဏာမဒုက္ခဖြစ်ပုံ။** ။ဝိပရိဏာမဒုက္ခ၌ ဤစက္ခုမည်သည် အကြောင်း ချို့တဲ့ခဲ့သည်ရှိသော်ငြား၊ တစ်ံတရာ အန္တရာယ် ရောက်လာခဲ့သည်ရှိသော်ငြား၊ အမှတ်မရှိသော အခါ၌ စင်စစ် ပျက်စီးမည်သာ ဖြစ်၏။ ပျက်စီးခြင်းသဘောရှိ၏။ ထိုကြောင့် ထိုစက္ခု၏ ပျက်စီး၍ သွားမည့် ဘေးမှ ကြောက်လန့်ရလျက်ရှိနေ၏။ ထိုစက္ခု၏ ပျက်စီးတတ်သော ဝိပရိဏာမ သဘောကြောင့် စိုးရိမ်မှု အမျိုးမျိုး၊ ကြောင့်ကြမှု အမျိုးမျိုးတို့နှင့်သာ ယှဉ်လျက် နေရ၏။ ထိုသို့ စက္ခု၌ဝိပရိဏာမသဘောရှိလေသဖြင့် လုံခြုံအောင် စောင့်ရှောက်မှုအမျိုးမျိုးတို့ဖြင့် ပင်ပန်းကြီးစွာခံ၍ စောင့်ရှောက်ရ၏။ ပျက်စီးရန် အကြောင်းနိမိတ်ကို မြင်သည်ရှိသော်ငြား၊ အကြောင်းမညီညွတ်၍ ပျက်စီးဆဲ၌ သော်ငြား၊ ပျက်စီးပြီးသောအခါတို့၌သော်ငြား၊ စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းခြင်း အစရှိသော အမျိုးမျိုးသောဒုက္ခတို့ကို ခံရ၏။ ထိုသို့သော ဒုက္ခမျိုးသည် ဝိပရိဏာမဒုက္ခမည်၏။ ထိုကြောင့် စက္ခုသည် အတိုင်းမသိသော ဝိပရိဏာမဒုက္ခ တို့ဖြင့် သတ္တဝါတို့ကို အမြဲ နှိပ်စက်လျက် ရှိနေသည်သာ ဖြစ်၏။ (ဤကား စက္ခု၏ ဝိပရိဏာမဒုက္ခဖြစ်ပုံတည်း။)

**စက္ခု၏ ဒုက္ခဒုက္ခဖြစ်ပုံ။** ။ထိုဆိုပြီးသော သင်္ခါရဒုက္ခ ဝိပရိဏာမဒုက္ခနှစ်ပါးတို့ နှင့်တကွ ဖြစ်နေသည်ကိုပင် ဒုက္ခဒုက္ခဟူ၍ ဆိုအပ်၏။ ထိုကြောင့် စက္ခုသည် အတိုင်းမသိသော ဒုက္ခဒုက္ခတို့ဖြင့် သတ္တဝါတို့ကို အမြဲ

မပြတ် နှိပ်စက်လျက် ရှိနေသည်သာ ဖြစ်၏။ (ဤကား စက္ခု၏ ဒုက္ခ ဒုက္ခဖြစ်ပုံ တည်း။)

ဤသို့လျှင် စက္ခုသည် သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, ဒုက္ခဒုက္ခဟု ဆိုအပ်ကုန်သော ဒုက္ခကြီးသုံးမျိုးတို့ဖြင့် ထိုစက္ခုနှင့်ပြည့်စုံသော ထိုစက္ခုကိုတွယ်တာ၍ နေသော သတ္တဝါတို့ကို အမြဲမပြတ် နှိပ်စက်လေသည်သာ ဖြစ်၏။ ထိုသို့ စက္ခု၏ ဒုက္ခသဘောသည် မှန်သောသစ္စာသဘော ဖြစ်၏။ ထိုစက္ခု၏ ဒုက္ခသဘောသည် မဖောက်မပြန်ချေ။ ဤစက္ခုနှင့် အတူ အလုံးစုံသော တေဘူမက ဒုက္ခသစ္စာ တရားတို့ကို သိလေ။

**လောဘသည် သမုဒယသစ္စာ ဖြစ်ခြင်း။**　။ထိုပြင် လောဘသည် ဒုက္ခကို ဖြစ်ပွါးစေတတ်သော သမုဒယသဘော ရှိ၏။ ထိုလောဘ၏ ဒုက္ခသမုဒယသဘောသည် စင်စစ် မှန်၏။ မဖောက်မပြန်ချေ။ အကြင်မျှလောက် လောဘကို အကြွင်းမဲ့ မပယ်အပ်သေး။ ထိုမျှလောက် စက္ခုအစရှိသော ဒုက္ခသစ္စာတရားတို့ကို သာယာသေးသည်သာ ဖြစ်၏။ အကြင်မျှလောက် စက္ခုစသည်တို့ဖြစ်ပေါ်ရန် ကံအမျိုးမျိုးတို့ကို စီရင် ပြုလုပ်ကြရကုန်သေး၏။ အကြင်မျှလောက် စက္ခု စသည်တို့ဖြစ်ရန် အကြောင်းကံတို့ကို ပြုကုန်သေး၏။ ထိုမျှလောက်ပင် စက္ခုစသည်တို့သည် ဖြစ်ပေါ်ကုန်သည်သာ ဖြစ်၏။ အကြင်မျှလောက် ထိုစက္ခုစသည်တို့သည် ဖြစ်ပေါ်၍နေကုန်၏။ ထိုမျှလောက်ပင် ပြဆိုအပ်ပြီးသော ဒုက္ခအမျိုးမျိုးတို့မှ မလွတ်ရသေးသည်သာဖြစ်၏။ ထိုကြောင့် လောဘ၏ ဒုက္ခသမုဒယသဘောသည် မဖောက်မပြန်သော သစ္စာသဘော ဖြစ်ပေ၏။

**နိဗ္ဗာန်။**　။ထိုပြင် နိဗ္ဗာန်သည် ဒုက္ခတို့မှ ငြိမ်းခြင်းချုပ်ခြင်း ဒုက္ခနိရောဓသဘောရှိ၏။ ထိုဒုက္ခနိရောဓသဘောသည် မဖောက်မပြန်ချေ။ စက္ခုစသည်တို့သည် အစဉ်မပြတ် ဖြစ်ပွါး၍နေကြကုန်သည်ရှိသော် အမျိုးမျိုးသော ဒုက္ခတို့သည် ဖြစ်၍သာ နေကြကုန်၏။ ထိုစက္ခုစသည်တို့သည် အကြွင်းမဲ့ ချုပ်ကြကုန်လျှင် ပြဆိုအပ်ပြီးသော ဒုက္ခတို့သည် ဖြစ်ပေါ်ရန်အခွင့် မရှိကြကုန်။ ထိုဒုက္ခတို့လည်း ချုပ်လေကုန်တော့သည်သာ ဖြစ်၏။ ထိုစက္ခုစသည်တို့၏ အကြွင်းမဲ့ ချုပ်မှုသည် နိရောဓဓာတ် မြတ်သောနိဗ္ဗာန် မည်၏။ ထိုနိဗ္ဗာန်တည်းဟူသော နိရောဓ၏ ဒုက္ခနိရောဓသဘောသည် မဖောက်မပြန် မှန်သောသစ္စာသဘော ဖြစ်ပေ၏။

**မဂ္ဂသစ္စာ။**　။ထိုပြင် မဂ္ဂင်ရှစ်ပါးတို့၏ ဒုက္ခနိရောဓသို့ ရောက်ကြောင်းဖြစ်သော မဂ္ဂသဘောသည် မဖောက်မပြန် မှန်သောသစ္စာသဘော ဖြစ်၏။ ဒုက္ခ၏အမြစ်မူလဖြစ်သော လောဘကို ပယ်ခြင်းမှတပါး ဒုက္ခတို့မှ လွတ်ကြောင်း

ခရီးမည်သည် မရှိ။ လောဘကို အကြွင်းမဲ့ပယ်မှုသည်သာလျှင် ဒုက္ခတို့မှ လွတ်ကြောင်းဖြစ်၏။ မဂ္ဂင်ရှစ်ပါးတို့သည်လည်း ဖြစ်ပေါ်ကုန်သည်ရှိသော် စင်စစ်လောဘကို ပယ်သတ်ကြကုန်သည်သာ ဖြစ်၏။ ထိုသို့ ပယ်သတ်ခြင်းသည်ပင်လျှင် ဒုက္ခချုပ်ရာ နိရောဓသို့ ရောက်ကြောင်းမဂ် ဖြစ်ပေ၏။ ထိုကြောင့် မဂ္ဂင်ရှစ်ပါးတို့၏ ဒုက္ခနိရောဓမဂ္ဂသဘောသည် မဖောက်မပြန် မှန်သောသစ္စာသဘောဖြစ်ပေ၏။

ထိုသစ္စာလေးပါးတို့ကိုပင်လျှင် "စတ္တာရိ အရိယသစ္စာနိ"အစရှိသော ပါဠိတော်တို့၌ အရိယသစ္စာဟူ၍လည်း ဆိုအပ်ကုန်၏။ ဤအရာ၌ အရိယသဒ္ဒါသည် တစုံတခုသော နည်းနှင့်မှ ဖောက်ပြန်သည် မဟုတ်မူ၍ မဖောက်မပြန်သောအဖြစ်ဖြင့် လွန်ကဲသည်ကို ဟော၏။ အလွန်အကဲ မဖောက်မပြန် ဟူလို။

ထင်ရှားစေအံ့—(၁) **ဒုက္ခသစ္စာ**၌ သက္ကာယ၏နယ်ဖြစ်ကုန်သော အဇ္ဈတ္တတရားတို့သည်သာလျှင် ဒုက္ခအရိယသစ္စာ မည်ကုန်၏။ ထိုစကား မှန်၏။ ထိုအဇ္ဈတ္တတရားတို့သည်သာလျှင် ငါ,ငါဟုမှတ်ထင်သော အသ္မိမာန၏ တည်ရာဖြစ်ကုန်၏။ အကြင်မျှလောက် အသ္မိမာနကို မပယ်အပ်သေး။ ထိုမျှလောက်ပင်ထိုအဇ္ဈတ္တတရားတို့သည် ဒုက္ခကိစ္စကို ဆောင်ရွက်လျက်သာ ရှိနေကြကုန်၏။ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိမှုဟု ဆိုအပ်သော'ဒုက္ခပရိညာ'မည်သည်လည်း အသ္မိမာနကို ပယ်သတ်ရန်အလို့ငှါသာ ဖြစ်၏။ အသ္မိမာနသည်လည်း ထိုအဇ္ဈတ္တတရားတို့၌သာလျှင် ကိန်းအောင်း၍နေ၏။ ထိုအဇ္ဈတ္တတရားတို့၌ ပိုင်ပိုင်နိုင်နိုင် သိအပ်သည်ရှိသော် ဒုက္ခကို အလုံးစုံ သိမှုဟုဆိုအပ်သော ဒုက္ခပရိညာကိစ္စလည်း ပြီးစီးလေ၏။ ထိုကြောင့် အဇ္ဈတ္တတရားတို့သည်သာလျှင် အရိယသစ္စာမည်ကုန်၏။

ဆိုပြီးသော အဓိပ္ပါယ်တို့မှ ပြန်ဘက်အားဖြင့် အဝိညာဏက အနိန္ဒြိယဗဒ္ဓတရားတို့သည်၎င်း၊ မဂ္ဂင်တရားကိုယ် ရှစ်ပါးကြဉ်အပ်သော မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တို့သည်၎င်း ဥဒယဗ္ဗယတို့၏ နှိပ်စက်မှုကို ခံကြရကုန်သောကြောင့်သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခတို့မှ မလွတ်ကြလေကုန်။ ထိုကြောင့် ထိုတရားတို့သည် သာမညအားဖြင့် ဒုက္ခသစ္စာမည်ကုန်၏။

(၂) **သမုဒယသစ္စာ**၌ လောဘသည်သာလျှင် ဒုက္ခသမုဒယအရိယသစ္စာမည်၏။ ထိုလောဘသည် လောဘနှင့်ပြည့်စုံ၍နေသော သတ္တဝါတို့ကို အာရုံအမျိုးမျိုးတို့၌၎င်း၊ မိမိ၌၎င်း တပ်မက်စေ၍ သံသရာဝဋ်ဆင်းရဲ၌ မငြီးမငွေ့အောင်ပြုပေ၏။ ထိုသတ္တဝါတို့သည်လည်း လောဘကို အဖော်သဟဲ အဆွေခင်ပွန်းကြီးတခု ပြုလုပ်ကြကုန်ပြီးလျှင် သံသရာထဲ၌ ပျော်ပျော်ပါးပါး နေကြကုန်၏။ သတ္တဝါတို့မှာ လောဘနှင့်တူသော တပါးသောမိတ်ဆွေ ခင်ပွန်းသည်၎င်း၊ အဖော်သဟဲသည်၎င်း မရှိချေ။ ထိုကြောင့် မြတ်စွာဘုရားသည်လည်း—

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘ္ဘာဝညထာဘာဝံ[၁]၊ သံသာရံ နာတိဝတ္တတိ။

ဟူ၍ ဟောတော်မူ၏။ တဏှာဒုတိယော၊ တဏှာတည်းဟူသော အဖော်သဟဲရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဣတ္ထဘ္ဘာဝံ၊ ဤသို့ဖြစ်နေသောဘဝသို့။ အညထာဘာဝံ၊ တပါးသောအခြင်းအရာဖြင့် ဖြစ်နေသောဘဝသို့။ သံသရံ-သံသရန္တော၊ ကျင်လည်ပြေးသွားလျက်။ ဒီဃမဒ္ဓါနံ၊ ရှည်လျားလှစွာသော အဓွန့်ရှိသော။ သံသာရံ၊ သံသရာကြီးကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်ချေ။ (ဤကား အနက်)။

တဏှာတည်းဟူသော အဖော်သဟဲကို မခွဲမခွါနိုင်သမျှ ကာလပတ်လုံးလည်း ဒုက္ခအမျိုးမျိုးတို့မှ မလွတ်နိုင်ကုန်။ လောဘမှတပါး ဒုက္ခဝဋ်ကိုစီရင်တတ်သော တရားမည်သည်လည်း မရှိ။ ထိုလောဘကို ခွါစွန့်နိုင်သောသူအား တမျိုးတမည် အားဖြင့် ဒုက္ခကိုစွန့်ခွါဖွယ် မရှိ။ အလုံးစုံ ကိစ္စပြီးလေတော့၏။ ထို့ကြောင့် လောဘသည် ဒုက္ခသမုဒယအရိယသစ္စာမည်၏။

ထိုသို့သော အဓိပ္ပါယ်စုမှ ပြန်သဖြင့် လောဘမှ တပါးကုန်သော သာသဝ ကုသိုလ်တရား အကုသိုလ်တရားတို့သည် ဒုက္ခကို ဖြစ်စေတတ်သောကြောင့် သာမညအားဖြင့် ဒုက္ခသမုဒယသစ္စာ မည်ကုန်၏။

ဤအရာ၌ စောဒနာဖွယ် ရှိသည်ကို ဆိုဦးအံ့— ပဋိစ္စသမုပ္ပါဒဒေသနာ စသည်တို့၌ အဝိဇ္ဇာကို အလုံးစုံသောဝဋ်ဒုက္ခ၏ အမြစ်မူလဟူ၍ ဟောတော်မူ အပ်သည် မဟုတ်ပါလော။ ထို့ကြောင့် ထိုအဝိဇ္ဇာကိုလည်း ဒုက္ခသမုဒယ အရိယသစ္စာ၌ သွင်းသင့်သည် မဟုတ်ပါလော။ (ဤကား စောဒနာ)။

အဖြေကိုဆိုအံ့ —ဥပမာအားဖြင့် ဤလောက၌ လိမ်မာလှစွာသော ဥယျာဉ်မှူးသည် ကောင်းမွန်သော မြေ ရေတို့နှင့် ပြည့်စုံသော ဌာနအကွက်အကွင်းကို ရရှိသည်ဖြစ်၍ မိမိဉာဏ်စွမ်းဖြင့် ဥယျာဉ်ပြင် ဥယျာဉ်ပုံပန်းသနစ်များကိုလည်း စီမံ၏။ အထူးထူးသော အသီးမျိုးစေ့ အပွင့်မျိုးစေ့ အရွက်မျိုးစေ့ စသည်တို့ကို လည်း လျော်ရာလျော်ရာတို့၌ စိုက်ပျိုး၏။ နန္ဒဝန်နှင့်သဏ္ဌာန်တူသော ဥယျာဉ်ကြီးတခုကို ပြုလုပ်လေ၏။

ထိုသို့ပြုရာ၌ မြေကြီးသည် ဥယျာဉ်မှူး၏ရင်း, မျိုးစေ့တို့၏ရင်း တည်ရာ ကိစ္စကို ပြီးစီးစေ၏။ မျိုးစေ့တို့သည် အညွန့်အညှောက်ပေါက်ရောက်ခြင်းကိစ္စကို ပြီးစေကုန်၏။ ထိုအလုံးစုံသောကိစ္စတို့ကို ဥယျာဉ်မှူးစီမံအပ်သည်သာဖြစ်ကုန်၏။ ဥယျာဉ်မှူး၏အတွက်ကြောင့် ပြီးစီးသောကိစ္စတို့သာ ဖြစ်ကုန်၏။

---

၁။ ဆဋ္ဌမူအင်္ဂုတ္တရ ၁-၃၁၆ စသည်တို့၌ "ဣတ္ထဘာဝညထာဘာဝံ"ဟု ရှိသည်။

ဥယျာဉ်မှူးသည် မြေကြီး၌ ပြုဖွယ်ကိစ္စ ဟူသမျှတို့ကိုရင်း၊ မျိုးစေ့၌ ပြုဖွယ်ကိစ္စဟူသမျှတို့ကိုရင်း၊ သစ်ပင်တို့၌ ပြုဖွယ်ကိစ္စ ဟူသမျှတို့ကိုရင်း ပြုလုပ်ဆောင်ရွက်ပေ၏။ ထိုဥယျာဉ်၌ ရှိရှိသမျှ အလုံးစုံတို့ကို ငါ၏ဥစ္စာဟူ၍ သိမ်းပိုက်လျက်ရှိပေ၏။ ထိုဥယျာဉ်ကြီးမှ ထွက်ထွက်သမျှ အသီးအနှံ အစရှိသည်တို့ကို အလိုရှိတိုင်း သုံးဆောင်စားသောက်ပေ၏။ ထိုကြောင့် ဤဥယျာဉ်ကြီးကို ဘယ်သူပြုစုပျိုးထောင်ပါသနည်း။ဤဥယျာဉ်ကြီးသည် ဘယ်သူ၏ ဥယျာဉ်ကြီးပါနည်းဟု မေးမြန်းခဲ့သည်ရှိသော် ဥယျာဉ်မှူး ပြုလုပ်အပ်သောဥယျာဉ်။ ဥယျာဉ်မှူး၏ဥယျာဉ်ဟူ၍သာလျှင် ပြောဆိုဖြေကြားရာ၏။ မျိုးစေ့တို့ပြုလုပ်သော ဥယျာဉ် မြေကြီးပြုလုပ်သော ဥယျာဉ် မျိုးစေ့နှင့်မြေကြီးတို့၏ဥယျာဉ်ဟူ၍မဖြေဆိုအပ်။

ထိုစည်ကားကြီးပွါး၍နေသောဥယျာဉ်ကြီး၏ ပြည့်စုံဖြစ်ထွန်းရန်အကြောင်းအဆင့်ဆင့်တို့ကို ရှာကြံအပ်သည်ရှိသော် မြေကြီးကိုသာလျှင် ရှေးဦးစွာ ထုတ်ဖော် ပြောဆိုအပ်၏။

ဤဥပမာဝယ် ဥယျာဉ်မှူးနှင့် တဏှာတူ၏။ မြေကြီးနှင့် အဝိဇ္ဇာတူ၏။ မျိုးစေ့အမျိုးမျိုးနှင့် ကံအမျိုးမျိုးတူ၏။ ဥယျာဉ်ကြီး ဖြစ်ထွန်း စည်ကားနေသည်နှင့် ဒုက္ခသစ္စာသံသရာကြီး ဖြစ်ထွန်းစည်ကားနေမှု တူ၏။ ဥယျာဉ်ကြီးဖြစ်ပွါးနေရာ၌ ပဓာနဇနကကား ဥယျာဉ်မှူး ဖြစ်လေသကဲ့သို့ ဒုက္ခသစ္စာသံသရာကြီး စည်ကားဖြစ်ထွန်း၍နေရာ၌ အကြောင်းမူလပဓာနကား သမုဒယသစ္စာ တဏှာဖြစ်လေသတည်း။

ပဋိစ္စသမုပ္ပါဒဒေသနာသို့ ရောက်သောအခါ အကြောင်းအဆင့်ဆင့် ဆက်လက်သည်၏အစွမ်းအားဖြင့် ဒုက္ခတရားစုတို့၏ ဖြစ်ပွါးမှု, ချုပ်ဆုံးမှု အစီအရင်ကို ဟောတော်မူသောအရာဖြစ်ပေသောကြောင့် အဝိဇ္ဇာသည်သာလျှင် အာဒိမူလပဓာန ဖြစ်လေသည်။ ဤပဋိစ္စသမုပ္ပါဒ်နည်း၌ တဏှာသည် အာဒိမူလပဓာန မဟုတ်ချေ။ မဖောက်မပြန် စင်စစ် မှန်သောသစ္စဒေသနာတော်၌ကား ဒုက္ခတရားတို့ကို ဖြစ်စေတတ်သော လက်သည်တရားကို ညွှန်ပြရာ ဖြစ်လေသောကြောင့် တဏှာသည်သာလျှင် ဇနကပဓာနဖြစ်ပေသည်။ ဤသစ္စဒေသနာတော်၌ အဝိဇ္ဇာသည် ဇနကပဓာနဖြစ်ခွင့် မရှိချေ။ ထိုကြောင့် အဝိဇ္ဇာသည် သမုဒယအရိယသစ္စာဖြစ်ရန် အခွင့်မှ လွတ်ကင်းရလေသည်။ (ဤကား အဖြေတည်း)။

**(၃) ဒုက္ခနိရောဓ အရိယသစ္စာ။** ။ဒုက္ခတို့၏ နောင်တဖန် မဖြစ်လတ္တံ့သော အနုပ္ပါဒ ဓမ္မ သဘော အားဖြင့် ချုပ်မှုတည်းဟူသော အသင်္ခတနိရောဓနိဗ္ဗာန်သည်သာလျှင် ဒုက္ခနိရောဓ အရိယသစ္စာ

မည်၏။ ထိုမှတပါး ကိလေသာတို့၏ တဒင်္ဂအနေအားဖြင့် ချုပ်မှု, ဝိက္ခမ္ဘန အနေအားဖြင့် ချုပ်မှုတို့သည်ကား နိရောဓသစ္စာသာ မည်ကုန်၏။

(၄) **မဂ္ဂအရိယသစ္စာ။** ။ဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သော မဂ်တို့၌ပါသော အဋ္ဌင်္ဂိက မဂ္ဂင်ရှစ်ပါးသည် သာလျှင် မဂ္ဂ အရိယ သစ္စာမည်၏။ မဂ်၏ရှေ့၌ဖြစ်သော လောကီ ဝိသုဒ္ဓိခြောက်ပါးတို့၌ ပါရှိသော မဂ္ဂင်ရှစ်ပါးတို့သည်ကား မဂ္ဂသစ္စာသာ မည်ကုန်၏။

ဤစကားရပ်သည်ကား အရိယသဒ္ဒါဖြင့် အထူးပြု၍ ဆိုထိုက်သော တရား, မဆိုထိုက်သောတရားကို ပြသော စကားရပ်ပေတည်း။

## သစ္စာအနက် ၁၆-ချက်

ဤအရာ၌ သစ္စာအနက် တဆယ့်ခြောက်ချက်ကို အမြွက်မျှ ဆိုဦးအံ့—

ဒုက္ခအရိယသစ္စာ၌ "ဒုက္ခဝေ အရိယသစ္စန္တိ ဒုက္ခအရိယသစ္စံ"ဟူ၍ ဝိဂ္ဂိုဟ် ဆိုလေ၊ နှိပ်စက်ခြင်းပီဠနဋ္ဌ စသော အနက်လေးပါးတို့ဖြင့် ဒုက္ခသစ္စာ၏သဘော ကို သိရာ၏။

### ဒုက္ခသစ္စာ၏ အနက်လေးချက်

(၁) ပီဠနဋ္ဌ=နှိပ်စက်အပ် နှိပ်စက်တတ် နှိပ်စက်ခြင်းသဘော။

(၂) သင်္ခတဋ္ဌ=ပြုပြင်အပ်သော သဘော။

(၃) သန္တာပဋ္ဌ=ပူပန်စေအပ်သော သဘော။

(၄) ဝိပရိဏာမဋ္ဌ=ဖောက်ပြန်ခြင်း သဘော။

ထိုတွင် (၁) **ပီဠနဋ္ဌ**၌ "ပီဠိတဗ္ဗန္တိ ပီဠနံ"။ ပီဠိတဗ္ဗံ၊ နှိပ်စက်အပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပီဠနံ၊ ပီဠနမည်၏။ တနည်းကား-—"ပီဠေတီတိ ပီဠနံ"။ ပီဠေတိ၊ နှိပ်စက်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပီဠနံ၊ ပီဠနမည်၏။ တနည်းကား—"ပီဠိယတေ ပီဠနံ"။ ပီဠိယတေ၊ နှိပ်စက်ခြင်း။ ပီဠနံ၊ နှိပ် စက်ခြင်း။ သဘာဝကို အတ္ထဟူ၍ ဆိုအပ်၏။ "ပီဠနံ အတ္ထော ယဿာတိ ပီဠနတ္ထော"။ ယဿ၊ အကြင်တရားစုအား။ ပီဠနံ၊ နှိပ်စက်အပ်, နှိပ်စက်တတ်, နှိပ်စက်ခြင်းဟုဆိုအပ်သော။ အတ္ထော၊ သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပီဠနဋ္ဌော၊ ပီဠနဋ္ဌမည်၏။ ဒုက္ခတရားစုကို ရစေ။

နှိပ်စက်အပ် နှိပ်စက်တတ် နှိပ်စက်ခြင်းဟုဆိုအပ်သော ပီဠနသဘောသုံးပါး ကို ထင်ရှားစွာပြဆိုအံ့။ တယောက်သော သူဆင်းရဲမ၏ဝမ်းတွင်း၌ ဝမ်းတွင်း ရောဂါ အနာအမျိုးမျိုးစွဲကပ်လျက်ရှိသော တယောက်သောသားသည် ပဋိ

သနွေတည်နေလာ၏။ ထိုသူငယ်သည် အမျိုးမျိုးသောရောဂါတို့ဖြင့် အမြဲ နှိပ်စက်အပ်သောသူ ဖြစ်လေသဖြင့် သုတ်သင်မှု စောင့်ရှောက်မှုအစရှိသော ဒုက္ခအမျိုးမျိုးတို့ဖြင့် မိခင်ကိုလည်း အမြဲနှိပ်စက်တတ်သည်သာ ဖြစ်၏။ ထိုသို့ ဝမ်းတွင်းကပင် အနာရောဂါကပ်လျက်ရှိသော သူငယ်၏အမိဝမ်းတွင်း၌ ပဋိ သနွေတည်လာခြင်းသည် အမိအပေါ်၌ နှိပ်စက်ခြင်းကြီးတခု ဖြစ်လေ၏။

ထိုဥပမာနှင့်တူစွာ စက္ခုအစရှိကုန်သော ဒုက္ခသစ္စာသဘောရှိသော တရား တို့သည် ခယဝယ ဇရာမရဏတို့၏ နှိပ်စက်မှုကို ခံရသောတရားများ ဖြစ်ကုန် သောကြောင့် ဇရာမရဏတို့သည် အမြဲမပြတ် နှိပ်စက်အပ်သော ပီဠနဋ္ဌ တရားတို့သာ ဖြစ်ကုန်၏။ ထိုဇရာမရဏစသည်တို့ဖြင့် နှိပ်စက်အပ်သော တရား တို့သည် ပြုပြင်မှု စောင့်ရှောက်မှု အစရှိသော ဒုက္ခတို့ဖြင့် စက္ခုစသည်တို့နှင့် ပြည့် စုံသော သတ္တဝါကိုလည်း အမြဲမပြတ် နှိပ်စက်လည်း နှိပ်စက်တတ်ကုန်၏။ နှိပ် စက်တတ်သော ပီဠနဋ္ဌတရားတို့သာ ဖြစ်ကုန်၏။ သတ္တဝါတို့၏သန္တာန်၌ ထို စက္ခုစသည်တို့၏ ဖြစ်ပေါ်ခြင်းသည် သတ္တဝါတို့၏အပေါ်မှာ နှိပ်စက်ခြင်းကြီး တခုပင် ဖြစ်၏။ ထိုကြောင့်—

ယော ဘိက္ခဝေ စက္ခုဿ ဥပ္ပါဒေါ, ဌိတိ, အဘိနိဗ္ဗတ္တိ, ပါတုဘာဝေါ၊
ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ။

စသည်ဖြင့် ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခုဿ၊ စက္ခု၏။ ယော ဥပ္ပါဒေါ၊ အကြင်ဖြစ် ခြင်းသည်။ ယာ ဌိတိ၊ အကြင်ဌီအနေအားဖြင့် တည်ခြင်းသည်။ ယာ အဘိ- နိဗ္ဗတ္တိ၊ အကြင်အသစ်အသစ်ဖြစ်ပေါ်ခြင်းသည်၊ ယော ပါတုဘာဝေါ၊ အကြင် ထင်ရှားဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧသော၊ ထိုစက္ခု၏ ဖြစ်ခြင်းများ သည်။ ဒုက္ခဿ၊ ဒုက္ခ၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းမည်၏။ ရောဂါနံ၊ ရောဂါတို့၏။ ဌိတိ၊ တည်ခြင်းမည်၏။ ဇရာမရဏဿ၊ အိုခြင်း သေခြင်း၏။ ပါတုဘာဝေါ၊ ထင်ရှားဖြစ်ပေါ်ခြင်း မည်၏။ (ဤကား အနက်။)

ဤစကားရပ်ဖြင့် ဒုက္ခသစ္စာ၏ နှိပ်စက်အပ်သောသဘော, နှိပ်စက်တတ် သောသဘော, နှိပ်စက်ခြင်းသဘောဟု ဆိုအပ်သော ပီဠနဋ္ဌကို ပြဆို၏။

(၂) သင်္ခတဋ္ဌ၏အဓိပ္ပါယ်ကို သင်္ခါရဒုက္ခတွင် ပြဆိုအပ်ပြီးသောအတိုင်းပင် သိရာ၏။ ဝိဂ္ဂဟ်ကား—"ပစ္စယေဟိ သင်္ခရိယတီတိ သင်္ခတော"။ ပစ္စယေဟိ၊ အကြောင်းတို့ဖြင့်။ သင်္ခရိယတိ၊ စီရင်ပြုပြင်အပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သင်္ခတော၊ သင်္ခတမည်၏။ "သင်္ခတော အတ္ထော ဧတဿာတိ သင်္ခတဋ္ဌော"။ ဧတဿ၊ ထိုတရားအား၊ သင်္ခတော၊ ပြုပြင်စီရင်အပ်သော။ အတ္ထော၊ သဘော

သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ်တဗ္ဗော၊ သမ်တဗ္ဗမည်၏။ ဒုက္ခသစ္စာသည် ပြုပြင်စီရင်အပ်သော သဘောရှိ၏ ဟူလို။

(၃) **သန္တာပဋ္ဌော** "ရာဂဂ္ဂိအာဒီဟိ ဘုသံ တာပီယတီတိ သန္တာပေါ"။ ရာဂဂ္ဂိအာဒီဟိ၊ ရာဂအစရှိသော မီးတဆဲ့တပါးတို့ဖြင့်။ ဘုသံ၊ ပြင်းပြစွာ။ တာပီယတိ၊ ပူပန်စေအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သန္တာပေါ၊ သန္တာပ မည်၏။ "သန္တာပေါ အတ္ထော ဧတဿာတိ သန္တာပဋ္ဌော"။ ဧတဿ၊ ထိုတရား အား။ သန္တာပေါ၊ ပြင်းစွာပူပန်စေအပ်သော။ အတ္ထော၊ သဘောသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သန္တာပဋ္ဌော၊ သန္တာပဋ္ဌမည်၏။ ဒုက္ခ သစ္စာသည် ပြင်းစွာပူပန်စေအပ်သောသဘော ရှိ၏ ဟူလို။

စက္ခုအစရှိသော ဒုက္ခသစ္စာတရားတို့သည် ရာဂမီး, ဒေါသမီး အစရှိသော မီးတဆဲ့တပါးတို့၏ အမြဲ ပွါးရာ လောင်ရာဖြစ်သောကြောင့် ပူပန်စေအပ်သော သဘော ရှိကုန်၏။ ထိုကြောင့် သဠာယတနဝဂ္ဂသံယုတ် အာဒိတ္တပရိယာယ သုတ် ၂၅၁ ၌—

စက္ခု ဘိက္ခဝေ အာဒိတ္တံ။ ကေန အာဒိတ္တံ။ ရာဂဂ္ဂိနာ အာဒိတ္တံ, ဒေါသဂ္ဂိနာ အာဒိတ္တံ။

အစရှိသည်ဖြင့် ဟောတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ စက္ခု၊ စက္ခုကို။ အာဒိတ္တံ၊တောက်လောင်အပ်၏။ကေန၊ အဘယ်တရားသည်။ အာဒိတ္တံ၊ တောက် လောင် အပ်ပါသနည်း။ ရာဂဂ္ဂိနာ၊ ရာဂမီးသည်။ အာဒိတ္တံ၊ တောက်လောင် အပ်၏။ ဒေါသဂ္ဂိနာ၊ ဒေါသမီးသည်။ အာဒိတ္တံ၊ တောက်လောင်အပ်၏။ (ဤကား အနက်။)

(၄) **ဝိပရိဏာမဋ္ဌ**၏ အဓိပ္ပါယ်ကို ဝိပရိဏာမဒုက္ခတွင် ပြဆိုအပ်ပြီးသော အတိုင်း သိရာ၏။ ဝိဂ္ဂဟ်ကား— "ဝိပရိဏာမနံ ဝိပရိဏာမော"။ ဝိပရိဏာမနံ၊ ဖရိုဖရဲ ဖောက်လဲ ဖောက်ပြန်ခြင်း။ ဝိပရိဏာမော၊ ဖရိုဖရဲဖောက်လဲဖောက်ပြန် ခြင်း။ "ဝိပရိဏာမော အတ္ထော ဧတဿာတိ ဝိပရိဏာမဋ္ဌော"။ (အနက်လွယ်ပြီ။) ဒုက္ခသစ္စာသည် ဖရိုဖရဲ ဖောက်လဲဖောက်ပြန် ပျက်စီးခြင်းသဘော ရှိ၏ဟူလို။

ဤနေရာ၌ စောဒနာဖွယ်ကို ဆိုဦးအံ့— အရိယမဂ်သည်လည်း ရှည်မြင့် စွာသော ကာလပတ်လုံး ပါရမီကိစ္စဖြင့် ဆည်းပူးပြုပြင် စီရင်အပ်သောတရား ဖြစ်၏။ အန္တိမဘဝ၌ သီလဝိသုဒ္ဓိအစရှိသော ဘာဝနာကိစ္စဖြင့် ပြုပြင်စီရင် အပ်သောတရားလည်း ဖြစ်၏။ ထိုပြုပြင်စီရင်မှုဟုဆိုအပ်သော သင်္ခါရဒုက္ခဖြင့် သတ္တဝါတို့ကို ပြင်းစွာ နှိပ်စက်တတ်လေသည်သာ ဖြစ်၏။ ထိုကြောင့် သမ်တဋ္ဌ အနေအားဖြင့် အရိယမဂ်သည် ဒုက္ခသစ္စာ၌ သင်္ဂြိုဟ်သင့်သည် မဟုတ်ပါလော။

ထိုမှတပါး ထိုအရိယမဂ်ဖြင့် သခ်တဓမ္မဖြစ်သောကြောင့် ပျက်စီးခြင်း ဝိပရိဏာမသဘောလည်း ရှိပြန်၏။ အမှန်ပင် ပျက်စီးခြင်းသို့ ရောက်ရ၏။ ပျက်စီးခြင်း ဝိပရိဏာမ သဘောရှိလျှင် ထိုဝိပရိဏာမအတွက် စိုးရိမ်ခြင်းအစရှိသော ဝိပရိဏာမဒုက္ခများလည်း ရှိမည်ပင်ဖြစ်၏။ ထိုကြောင့် ဝိပရိဏာမဋ္ဌအားဖြင့်လည်း အရိယမဂ်သည် ဒုက္ခသစ္စာ၌ သင်္ဂြိုဟ်သင့်သည် မဟုတ်ပါလော။ (ဤကား စောဒနာ။)

အဖြေကား— ထိုအရိယမဂ်သည် အလုံးစုံသော ဒုက္ခတို့၏ငြိမ်းမှုတည်း ဟူသော သန္တိသဘောကို ရှက်ဆောင်တတ်သောကြောင့် ဒုက္ခသစ္စာ၌ သွင်း၍ မရေတွက်အပ်။

ထင်ရှားစေအံ့— ထိုအရိယမဂ်သည် ပြဆိုအပ်သော သခ်ါရဒုက္ခကို ခံစားရသောပုဂ္ဂိုလ်၏ သန္တာန်၌ တကြိမ်ဖြစ်ပေါ် လိုက်သည်ရှိသော် အလုံးစုံသော ကိလေသာဇာတ်ကို ဖြတ်တောက်ကုန်ခန်းစေလျက် ဖြစ်ပေါ်ပေ၏။ ချုပ်၍ သွားသော်လည်း အနာဂတ်ဖြစ်သော အနမတဂ္ဂသံသရာ၌ ဝဋ်ဆင်းရဲအမျိုးမျိုးကို ဇာတ်သိမ်း၍ ငြိမ်းစေလျက် ချုပ်လေ၏။ ချုပ်ငြိမ်းသော အနာဂတ် သံသရာ၏ ဝဋ်ဒုက္ခ အမျိုးမျိုးတို့ကို ထောက်စာလျှင် ပြဆိုအပ်သော သခ်ါရဒုက္ခသည် မရေမတွက်လောက် ဖြစ်၏။ အရိယမဂ်ကို ပွားပြင်ရသော သခ်ါရဒုက္ခဟူ၍ပင် အလျှင်း မဆိုထိုက် ဟူပေ။ ထိုအရိယမဂ်သည် ချုပ်ပျက်လေသော်လည်း အတုမရှိသော ဝိမုတ္တိချမ်းသာကြီးကို ပေး၍သာလျှင် ပျက်စီးချုပ်ဆုံးလေ၏။ ထိုကြောင့် ထိုအရိယမဂ်ချုပ်ဆုံးမှုဟုဆိုအပ်သော ဝိပရိဏာမအတွက်နှင့် ပုဂ္ဂိုလ်မှာ တစုံတရာယုတ်လျော့လေသည် ဟူ၍ မရှိ၊ တစုံတရာ စိုးရိမ်ပူဆွေးဖွယ် မရှိ။ ထိုကြောင့် သခ်တဋ္ဌ ဝိပရိဏာမဋ္ဌတို့သည် အရိယမဂ်၌ ရှိ၏ဟူ၍ မဆိုထိုက်ပေ။ ထိုကြောင့်ပင်လျှင် ဒုက္ခသစ္စာ၌ ရေတွက်သင်္ဂြိုဟ်ခြင်းငှါ မထိုက်လေသည်။

လောကီတရားတို့သည်မူကား ဖြစ်ပေါ်ကြကုန်သည်ရှိသော် အမျိုးမျိုးသော သခ်ါရဒုက္ခတို့ဖြင့် အနှိပ်စက်ကို ခံရပြီးမှသာလျှင် ဖြစ်ပေါ်ကြကုန်၏။ ထိုလောကီတရားတို့၏ ဖြစ်ပေါ်မှုကြောင့် တစုံတရာမျှလည်း အကျိုးထူး မရှိ။ ထိုတရားတို့သည် ချုပ်ဆုံးကြကုန်သော်လည်း အမှတ်မဲ့ ချုပ်ဆုံးကြကုန်သည် မဟုတ်ကုန်။ ကြီးလှစွာသော အပူအပန် အပြင်းအထန် ဒုက္ခတို့ကို ပေးပြီးမှသာလျှင် ချုပ်ကြလေကုန်၏။ သင်္ဘောနှိပ်စက်အပေါ်၌ တယောက်သောသူကို ပစ်ချ၍ ပြေးလေသော သူတယောက်ကဲ့သို့ ထိုလောကီတရားတို့သည် သင်္ဘောနှိပ်စက်နှင့် တူသော ဝဋ်ဒုက္ခစက်ယန္တရားကြီးအတွင်းသို့ သတ္တဝါတို့ကို အတင်းပစ်ချပြီးမှ သာလျှင် ချုပ်လေကုန်၏။ ထိုကြောင့် ထိုလောကီတရားတို့သည်သာလျှင် ပီဠနဋ္ဌစသော သဘောတို့ဖြင့် ကေန္တဒုက္ခသစ္စာဟူ၍ ဆိုထိုက်ကုန်သည်။

ဤစကားရပ်ဖြင့် နိဗ္ဗာန်သို့ ရောက်စေရန်အတွက် ပြုပြင်စီရင်မှုဟူသော စကားအမြွက်ဖြင့် ဒုက္ခသစ္စာ၌ သွင်း၍ ယူသင့်၏ဟူသော လျှဉ်းပါးခြင်းကို နှစ်စေ၏။ (ဤကား အရိယမဂ်၏ ဒုက္ခသစ္စာ၌ ဖွင့်သွင်းသင့်သည်မဟုတ်လော ဟူ၍ စောဒနာရာ၌ ဖြေဆိုချက်တည်း။)

**ဒုက္ခသမုဒယမည်ပုံ။** ။ဒုက္ခသမုဒယအရိယသစ္စာ၌ "ဒုက္ခက္ခန္ဓံ သမုဒေတိ ပုနပ္ပုနံ အဗ္ဗောစ္ဆိန္နံ ကတွာ ဥဒယတိ ဥဋ္ဌာပေတီတိ သမုဒယော"။ ဒုက္ခက္ခန္ဓံ၊ ဒုက္ခအစုကို။ သမုဒေတိ၊ ဖြစ်စေတတ်၏။ ပုနပ္ပုနံ၊ အဖန်ဖန်။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မလပ်သည်တို့ကို။ ကတွာ၊ ပြု၍။ ဥဒယတိ ဥဋ္ဌာပေတိ၊ ထွက်ပေါ်ဖြစ်ပွါးစေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဒုက္ခသမုဒယော၊ ဒုက္ခသမုဒယမည်၏။ ဒုက္ခအပေါင်းတို့ကို ဖြစ်ပွါးထွက်ပေါ်စေတတ်သောကြောင့် ဒုက္ခသမုဒယမည်၏ ဟူလို။ ဘဝအသစ်အသစ်ကို ဖြစ်စေတတ်သော ပေါနောဗ္ဘဝိကာတဏှာကိုရစေ။ "ဒုက္ခသမုဒယောဧဝ အရိယသစ္စန္တိ ဒုက္ခသမုဒယအရိယသစ္စံ"။ (အနက်လွယ်ပြီ။)

### ဒုက္ခသမုဒယအရိယသစ္စာ၏ အနက်လေးပါး

(၁) အာယူဟနဋ္ဌ = ဒုက္ခဝဋ္ဋဒုက္ခတို့ကို စုဆောင်း ဆည်းပူးတတ်သော သဘော။

(၂) နိဒါနဋ္ဌ = ဒုက္ခဝဋ္ဋဒုက္ခတို့ကို တရံမစဲ အမြဲပေးအပ် ဆောင်နှင်းတတ်သော သဘော။

(၃) သံယောဂဋ္ဌ = ဒုက္ခဝဋ္ဋ ဒုက္ခမှုနှင့် လွန်စွာယှဉ်တွဲ၍ ပေးတတ်သော သဘော။

(၄) ပလိဗောဓဋ္ဌ = ဒုက္ခလက်မှ မထွက်မလွတ်ရအောင် နှောင့်ရှက်တတ်သော သဘော။

ဤလေးပါးတို့တွင် (၁) **အာယူဟနဋ္ဌ**၌ "ဒုက္ခက္ခန္ဓံ အာယူဟတိ ပရိဗျူဟတီတိ အာယူဟနံ"။ ဒုက္ခက္ခန္ဓံ၊ ဒုက္ခအစုကို။ အာယူဟတိ- ပရိဗျူဟတိ။ ဆည်းပူး စုဆောင်းတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာယူဟနံ၊ အာယူဟနမည်၏။ "အာယူဟနံ အတ္ထော စေတသာတိ အာယူဟနဋ္ဌော"။ (အနက် လွယ်၏။) အဓိပ္ပါယ်ကား—အခြံအရံ အဆောက် အဦနှင့်တကွသော မျက်စိအင်္ဂါ နားအင်္ဂါအစရှိသော ဒုက္ခသစ္စာတရားတို့ကို အနမတဂ္ဂသံသရာတွင် အစဉ်ဖြစ်ပွါးစေခြင်းအမှုသည် ဆည်းပူးခြင်း အာယူဟနမည်၏။ တဏှာမှာ ထိုအာယူဟနသဘောရှိပေ၏။ ဖြစ်ပွါးခြင်းကို အလိုရှိသော တဏှာကြောင့် ဖြစ်ပွါးရသည်ဖြစ်၍ တဏှာသည် ထိုဒုက္ခဝဋ္ဋ ဒုက္ခမှုတရားတို့ကို ဆည်းပူးသည် မည်၏။

(၂) နိဒါနင်္ဂ၌ "နိဒေတိ အနုပ္ပဒါနဝသေန ဘဝံ ပဝတ္တေတီတိ နိဒါနံ"။ နိဒေတိ၊ ဆောင်နှင်းတတ်၏။ အနုပ္ပဒါနဝသေန၊ အားအဆင့်ပေးသည်၏အစွမ်းအားဖြင့် (ထပ်ဆင့်၍ အားပေးသည်၏ အစွမ်းအားဖြင့်)။ ဘဝံ၊ ဘဝကို။ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဒါနံ၊ နိဒါနမည်၏။ နိဒါနနှင့်အတ္ထ တွဲပုံကား လွယ်ပြီ။ တခုတခုသော ဘဝဆုံးပြန်လျှင် စုတိ၏ အခြားမဲ့၌ မျက်တောင်တခတ်စာမျှ ခဏ အပြတ်အလတ်မရှိရလေအောင် ဘဝ သစ်တခုကို အမြဲ ဆက်လက်ထူထောင် ဆောင်နှင်းခြင်းသည် နိဒါနမည်၏။ တဏှာမှာ ထိုနိဒါနသဘောရှိ၏။ ဘဝကိုသာယာသော တဏှာနုသယတန်းလန်း နှင့် စုတိကျလျှင် ဘဝသစ်ဖြစ်ပေါ်သည်ကို ဆောင်နှင်းမှုဆိုသည်။

(၃) သံယောဂင်္ဂ၌ "သံယောဇေတိ ဒုက္ခက္ခန္ဓသ္မိံ ဒဠှံ ဗန္ဓေတီတိ သံယော-ဂေါ"။ သံယောဇေတိ၊ ယှဉ်စေတတ်၏။ ဒုက္ခက္ခန္ဓသ္မိံ၊ ဒုက္ခအစု၌။ ဒဠှံ၊ မြဲမြံစွာ။ ဗန္ဓေတိ၊ ဖွဲ့တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သံယောဂေါ၊ သံယောဂ မည်၏။ အဓိပ္ပါယ်ကား—နွားတို့ကို ချည်တိုင်၌ ခိုင်လှစွာသော ကြိုးတို့ဖြင့် ချည်နှောင်၍ထားဘိသကဲ့သို့ သတ္တဝါတို့၏စိတ်ကို ဘဝခန္ဓာတို့၌ အကြပ်အတည်း အမြဲဖွဲ့နှောင်ခြင်းသည် သံယောဂမည်၏။ နွားနှင့် သတ္တဝါတို့၏စိတ် တူ၏။ ချည်တိုင်နှင့် ဘဝခန္ဓာ တူ၏။ ခိုင်လှစွာသောကြိုးနှင့် တဏှာ တူ၏။ တဏှာမှာ သံယောဂသဘော ရှိ၏။

(၄) ပလိဗောဓင်္ဂ၌ "ဒုက္ခက္ခန္ဓတော မုစ္စနုပါယဿ နိဝရဏဝသေန ပရိ-ဗုန္ဓေတိ ဥပရုန္ဓတီတိ ပလိဗောဓော"။ ဒုက္ခက္ခန္ဓတော၊ ဒုက္ခအစုမှ။ မုစ္စနုပါယဿ၊ ကျွတ်လွတ်ကြောင်း ဥပါယ်တမျဉ်ကို။ နိဝရဏဝသေန၊ ပိတ်ပင်ဆီးတားသည်၏ အစွမ်းအားဖြင့်။ ပရိဗုန္ဓေတိ-ဥပရုန္ဓတိ၊ နှောင့်ရှက်ချုပ်တည်းတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပလိဗောဓော၊ ပလိဗောဓမည်၏။ အဓိပ္ပါယ်ကား— ဒုက္ခဝဋ္ဋ၊ ဒုက္ခမှုတို့မှ ထွက်မြောက်ရန်ဖြစ်သော အကြံအစည် အကြောင်းအရာ တို့ကို ကမြောက်ခွင့်မရစေဘဲ ခဏခြင်း ခဏခြင်း ပျက်ယွင်းအောင် နှောင့်ရှက် မှုသည် ပလိဗောဓမည်၏။ တဏှာမှာ ထိုပလိဗောဓသဘော ရှိ၏။ ။သမုဒယ သစ္စာပြီး၏။

ဒုက္ခနိရောဓမည်ပုံ။ ။ဒုက္ခနိရောဓအရိယသစ္စာ၌ "ဒုက္ခဿ နိရုဇ္ဈနံ အနုပ္ပါဒဓမ္မ တာပတ္တိဝသေန ခိယျနံ ဒုက္ခနိရောဓော"။ဒုက္ခဿ၊ဒုက္ခ၏။ နိရုဇ္ဈနံ၊ချုပ်ခြင်းတည်း။ အနုပ္ပါဒဓမ္မတာပတ္တိဝသေန၊ တဖန် မဖြစ်ပေါ်ခြင်းသို့ ရောက်သည်၏ အစွမ်းအားဖြင့်။ ခိယျနံ၊ ကုန်ခြင်းတည်း။ ဒုက္ခနိရောဓော၊ ဒုက္ခတို့၏ အကြွင်းမဲ့ချုပ်ခြင်း ကုန်ခြင်း။ တနည်းကား—"ဒုက္ခံ နိရုဇ္ဈတိ န ပဝတ္တတိ တေသ္မိန္တိ ဒုက္ခနိရောဓော"။ တေသ္မိံ၊ ထိုနိဗ္ဗာန်၌။ ဒုက္ခံ၊ဒုက္ခသည်။

နိရုဠှတိ၊ ချုပ်ဆုံး၏။ န ပဝတ္တတိ၊ မဖြစ်။ ဣတိတသ္မာ၊ ထိုသို့ဒုက္ခ၏ချုပ်ရာမဖြစ်ရာ ဖြစ်သော သတ္တိကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခနိရောဓမည်၏။ နိဗ္ဗာန်ကို ရစေ။ "ဒုက္ခနိရောဓောဝ အရိယသစ္စန္တိ ဒုက္ခနိရောဓအရိယသစ္စံ"။ (အနက်လွယ်၏။)

**ဒုက္ခနိရောဓ အရိယသစ္စာ၏ အနက်လေးပါး**

(၁) နိဿရဏဋ္ဌ=ဒုက္ခဝဋ်မှ ကျွတ်လွတ် ထွက်မြောက်သောသဘော။

(၂) ဝိဝေကဋ္ဌ =ဒုက္ခအနှောင့်အယှက်မှ ဆိတ်ငြိမ်သောသဘော။

(၃) အသင်္ခတဋ္ဌ=ပြုစုပျိုးထောင်မှုမှ ကင်းလွတ်သောသဘော။

(၄) အမတဋ္ဌ =သေခြင်းမှ ကင်းလွတ်သောသဘော။

ဤလေးပါးတို့တွင် (၁) **နိဿရဏဋ္ဌ** ၌ "ဒုက္ခက္ခန္ဓတော နိဿရတိ ဝိမုစ္စ-တီတိ နိဿရဏံ"။ ဒုက္ခက္ခန္ဓတော၊ ဒုက္ခအစုမှ။ နိဿရတိ ဝိမုစ္စတိ၊ ကျွတ်လွတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဿရဏံ၊ နိဿရဏ မည်၏။ "နိဿရဏံ အတ္ထော ဧတဿာတိ နိဿရဏဋ္ဌော"စသည်ဖြင့်ဝိဂ္ဂဟ်ဆိုလေ။အဓိပ္ပါယ်ကား— အလုံးစုံသော ဒုက္ခဝဋ္ဋတို့မှ ကင်းလွတ်သော သဘောသည် နိဿရဏမည်၏။ လိုရင်းအားဖြင့် တဏှာချုပ်ငြိမ်းမှုပင်တည်း။ ထိုတဏှာချုပ်ငြိမ်းပြီးလျှင်လည်း ဒုက္ခသစ္စာ၌ ပြဆိုအပ်ပြီးသောအတိုင်း အလုံးစုံသော ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့မှ ကျွတ်လွတ်လေတော့သည်သာဖြစ်၏။ နိဗ္ဗာန်မှာ နိဿရဏသဘော ရှိ၏။

(၂) **ဝိဝေကဋ္ဌ** ၌ "ဝဋ္ဋဒုက္ခပလိဗောဓတော ဝိဝိစ္စနံ ဝိဝေကော"။ ဝဋ္ဋဒုက္ခ-ပလိဗောဓတော၊ ဝဋ္ဋဒုက္ခပလိဗောဓမှ။ ဝိဝိစ္စနံ၊ ကင်းဆိတ်မှုတည်း။ ဝိဝေကော၊ ဝဋ္ဋဒုက္ခ ပလိဗောဓမှ ကင်းဆိတ်မှု။ အဓိပ္ပါယ်ကား—တဏှာနှင့် တကွ ထိုထို ဝဋ္ဋဒုက္ခ အနှောင့်အယှက် ပလိဗောဓ အရှုပ်အထွေးတို့မှ အချင်းခပ်သိမ်း ရှင်းလင်းကင်းဆိတ်မှုသည် ဝိဝေကမည်၏။ နိဗ္ဗာန်မှာ ဝိဝေကသဘောရှိ၏။

(၃) **အသင်္ခတဋ္ဌ**၌ "နတ္ထိ သင်္ခတံ ဧတ္ထာတိ အသင်္ခတံ"။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သင်္ခတံ၊ ပြုပြင်စီရင်မှုသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အသင်္ခတံ၊ အသင်္ခတမည်၏။ အဓိပ္ပါယ်ကား— သင်္ခါရဒုက္ခအရာ၌ ပြဆိုအပ်သော ပြုပြင်မှု အမျိုးမျိုးသည် နိဗ္ဗာန်မှာ မရှိ။ နိဗ္ဗာန်မှာ ကံဖြစ်ပေါ်ခြင်း မရှိသောကြောင့် ဖြစ်ပေါ်အောင်လုပ်ဆောင်ရခြင်းလည်း မရှိ။ နိစ္စတရားဖြစ်သောကြောင့် အမြဲ တည်နေရန် ပြုပြင်ဖွယ်လည်း မရှိ။ ဖောက်ပြန် ပျက်စီးခြင်း မရှိသောကြောင့် စိုးရိမ်ဖွယ်ကြောင့်ကြစိုက်ဖွယ်များလည်း မရှိ။ ဤသဘောများသည် အသင်္ခတ မည်၏။ နိဗ္ဗာန်မှာ ထိုအသင်္ခတသဘော ရှိ၏။

(၄) **အမတဋ္ဌ**၌ "နတ္ထိ မတံ ဧတ္ထာတိ အမတံ"။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ မတံ၊ စုတိသေလွန်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုကြောင့်။ အမတံ၊ အမတ

မည်၏။ အဓိပ္ပါယ်ကား — သခ်ါရတရားတို့မှာ ခဏိကမရဏအားဖြင့် သေမှု, သန္တတိမရဏအားဖြင့် သေမှု, သမ္မုတိမရဏအားဖြင့် သေမှုများ ရှိသကဲ့သို့ အသခ်တဖြစ်သော နိဗ္ဗာန်မှာ ထိုသို့သောသေမှုများ မရှိပေ။ ထိုသို့မသေခြင်း ကိုပင်လျှင် အမတ ဆို၏။ နိဗ္ဗာန်မှာ ထိုအမတသဘော ရှိ၏။ ။ဒုက္ခနိရောဓ အရိယသစ္စာ ပြီး၏။

**ဒုက္ခနိရောဓ ဂါမိနီပဋိပဒါအရိယသစ္စာ**၌"ဒုက္ခနိရောဓံ ဂမေတိ သမ္ပာပေတီတိ ဒုက္ခနိရောဓဂါမိနီ"။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ငြိမ်းခြင်းတည်းဟူသောနိဗ္ဗာန်သို့။ ဂမေတိ သမ္ပာပေတိ၊ ရောက်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခနိရောဓ-ဂါမိနီ၊ ဒုက္ခနိရောဓဂါမိနီ မည်၏။ "ပဋိပဇ္ဇိတဗ္ဗာတိ ပဋိပဒါ"။ ပဋိပဇ္ဇိတဗ္ဗာ၊ ကျင့်ကြံအားထုတ်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဋိပဒါ၊ ပဋိပဒါမည်၏။ "ဒုက္ခနိရောဓဂါမိနီ စ သာ ပဋိပဒါ စာတိ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ"။ ဒုက္ခ-နိရောဓဂါမိနီ စ၊ ဒုက္ခ၏ ချုပ်ခြင်းတည်းဟူသော နိဗ္ဗာန်သို့ရောက်စေတတ်သည် လည်းဟုတ်၏။ သာ၊ ထိုဒုက္ခနိရောဓဂါမိနီဟူသည်။ ပဋိပဒါ စ၊ကျင့်ကြံအားထုတ် အပ်သော ပဋိပဒါလည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါမည်၏။ အရိယမဂ်ကိုရစေ။မဂ္ဂအရိယသစ္စာနှင့် ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ အတူတူပင်တည်း။ ဒုက္ခ၏ချုပ်ခြင်းတည်း ဟူသော နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကောင်းတရား ဆိုလိုသည်။

**ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ၏ အနက်လေးပါး**

(၁) နိယျာနဋ္ဌ = ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်ကြောင်း ရောက်ကြောင်းသဘော။

(၂) ဟေတွဋ္ဌ = လောကုတ္တရာတရားတို့၏ကောင်းစွာ ခိုင်ကြည်တည်ခြင်း ကိစ္စကို ပြီးစေနိုင်သောသဘော။

(၃) ဒဿနဋ္ဌ = မြင်ရခဲသော နိဗ္ဗာန်တရားကို မြင်စွမ်းနိုင်သောသဘော။

(၄) အာဓိပတေယျဋ္ဌ = သိက္ခာမှုထွင်၊ သူ့ပြင်မရှိ၊ ကြီးဘိတုလွှတ်၊ အထွတ်အထိပ်ဖြစ်သောသဘော။

ဤလေးပါးတို့တွင် (၁) **နိယျာနဋ္ဌ**၌ "ဝဋ္ဋသောတံ နိဝတ္တေတွာ ဝဋ္ဋပဋိ-သောတံ အဘိမုခံ ကတွာ နိယျန္တိ ဧတေနာတိ နိယျာနံ"။ဧတေန၊ ဤမဂ်ဖြင့်၊ ဝဋ္ဋသောတံ၊ ဝဋ်အယဉ်ကို။ နိဝတ္တေတွာ၊ နစ်စေ၍။ ဝဋ္ဋပဋိသောတံ၊ ဝဋ် အယဉ်၏ အညာရေဆန်သို့။ အဘိမုခံကတွာ၊ ရှေးရှုပြု၍။ နိယျန္တိ၊ ထွက်မြောက် ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိယျာနံ၊ နိယျာနမည်၏။

“နိယျာနံ အတ္ထော တေဿာတိ နိယျာနဋ္ဌော” စသည်ဖြင့် ဝိဂ္ဂဟ်ဆိုလေ။ အဓိပ္ပါယ်ကား—ထွက်မြောက်ကြောင်းဆိုသည်ကား သမုဒယသစ္စာတဏှာကို ချုပ်ငြိမ်းအောင် အားထုတ်မှု ပယောဂပေတည်း။

တဏှာသည် ရုပ်နာမ်ခန္ဓာတရားတို့ကို သုခထင်မှတ်၍ တွယ်တာ၏။ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ခန္ဓာနာမ်ရုပ်တို့၏ ဒုက္ခအစစ်ဖြစ်ကြောင်း ထင်ရှား သိမြင် ပေါ်ပေါက်လာသောအခါ တဏှာချုပ်ငြိမ်း၏။ တဏှာချုပ်လျှင် ဒုက္ခအမြစ် ပြုတ်၍ ဒုက္ခအမျိုးမျိုးတို့မှ ကင်းလွတ်၏။ ချမ်းသာသုခ အစစ်အမှန်ကား တဏှာ ချုပ်ငြိမ်းမှု တခုသာလျှင် ရှိ၏။ တဏှာချုပ်ငြိမ်းမှုမှ တပါး အမြဲ တည်သော ချမ်းသာသုခဟူ၍ တခုမျှ မရှိချေ။ ထိုကြောင့် ဝိပဿနာမဂ်အလုပ် သည် စင်စစ် ဝဋ္ဋဒုက္ခတို့မှ ထွက်မြောက်ကြောင်းဖြစ်၏။ ထိုသဘောကိုပင်လျှင် နိယျာနဋ္ဌဆို၏။ အရိယမဂ်မှာ ထိုနိယျာနသဘောရှိ၏။

(၂) ဟေတွဋ္ဌ ဧဋ္ဌ “သမ္ဗေသံ အရိယဂုဏာနံ သုပ္ပတိဋ္ဌိတဘာဝသာဓနေန ဟိနောတိ ပဝတ္တတီတိ ဟေတု”။ သမ္ဗေသံ၊ အလုံးစုံကုန်သော။ အရိယဂုဏာနံ၊ လောကုတ္တရာမြတ်စွာအထူး ဂုဏ်ကျေးဇူးတို့၏။ သုပ္ပတိဋ္ဌိတ ဘာဝသာခနေန၊ ကောင်းစွာခိုင်ကြည် တည်ခြင်းကိစ္စကို ပြီးစေသဖြင့်။ ဟိနောတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟေတု၊ ဟေတုမည်၏။ “ဟေတု အတ္ထော တေဿာတိ ဟေတုဋ္ဌော”ဟူ၍ ဝိဂ္ဂဟ်ဆို။

ညောင်ပင်ကြီး၏ရေသောက်မြင်တို့သည် ညောင်ပင်ကြီးကို ကြီးပွါးစည်ကား အောင် ကောင်းစွာတည်ရာ၏ အဖြစ်ကို ပြီးစေသကဲ့သို့ မဂ္ဂင်ရှစ်ပါးတို့သည် အလုံးစုံသော အရိယသီလဂုဏ်, သမာဓိဂုဏ် ပညာဂုဏ်တို့ ကြီးပွါးစည်ကား ခိုင်မြဲ အောင် ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေ၏။ ဤသို့ အရိယဂုဏ်ကျေးဇူး တို့၏ ကောင်းစွာတည်ရာ၏ အဖြစ်ကို ပြီးစေခြင်း သဘောသည် ဟေတုမည်၏။ အရိယမဂ်တို့မှာ ထိုဟေတုသဘော ရှိ၏။

(၃) ဒဿနဋ္ဌ ဧဋ္ဌ “နိဗ္ဗာနဿ ဒဿနံ သစ္စိကရဏံ ဒဿနံ”။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ ဒဿနံ၊ မြင်ခြင်း။ သစ္စိကရဏံ၊ မျက်မှောက်ပြုခြင်း။ ဒဿနံ၊ နိဗ္ဗာန် ကိုမြင်ခြင်း မျက်မှောက်ပြုခြင်း။ အဓိပ္ပါယ်ကား ဒိဗ္ဗစက္ခုကိုရသည်ရှိသော် ရှေး၌ တကြိမ်တခါမျှ မမြင်ရဘူးသော နတ်ဘုံနတ်နန်းစသည်တို့ကို မျက်မှောက် ထင် ထင် အလင်းမြင်ရဘိသကဲ့သို့ အနမတဂ္ဂသံသရာ အဆက်ဆက်တို့၌ အိပ်မက် တွင်မျှ မမြင်ရဘူးသော နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အလင်းမြင်မှုသည် ဒဿနမည်၏။ အရိယမဂ်မှာ ထိုဒဿနသဘော ရှိ၏။

(၄) အာဓိပတေယျဋ္ဌ ဧဋ္ဌ “အဓိပတိဘာဝေန ဝိရောစတီတိ အာဓိပတေ- ယျော”။ အဓိပတိဘာဝေန၊ အစိုးရအကြီးအကဲ၏ အဖြစ်ဖြင့်။ ဝိရောစတိ၊

တင့်တယ်တတ်၏။ ဉ္စတိတသ္မာ၊ ထိုကြောင့်။ အာဓိပတေယျော၊ အာဓိပတေယျ မည်၏။အဓိပ္ပါယ်ကား—လောကီဖြစ်သောသီလ,သမာဓိ,ပညာတို့သည် တဏှာ ၏ အုပ်စိုးချက်ကို ခံကြရကုန်၏။ တဏှာ၏ နယ်တွို ပါဝင်ကြရကုန်၏၊ တဏှာ၏ ကျွန်တော်မျိုးတို့ ဖြစ်ကုန်၏။ တဏှာလျှင် အစိုးရသူ အကြီးအကဲရှိကြကုန်၏။ မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သော လောကုတ္တရာ သီလ, သမာဓိ, ပညာ တို့သည်ကား တဏှာကို အကြွင်းမဲ့သတ်နိုင်ကြကုန်၏။ တဏှာ၏ နယ်မှ ကျွတ်လွတ်ကြကုန်၏။ တဏှာ၏ ကျွန်တော်မျိုးများ မဟုတ်ကြကုန်။ မိမိလျှင် အကြီးအကဲ ရှိကြကုန် သည်ဖြစ်၍မိမိကိုယ်ကို မိမိအစိုးရကြကုန်၏။ မိမိအပေါ်၌ အစိုးရသူ အရှင်သခင် မရှိ၊ မိမိကိုယ်ကို မိမိအစိုးရမှုသည်ပင်လျှင် အာဓိပတေယျမည်၏။ အရိယ မဂ်မှာ ထိုအာဓိပတေယျသဘော ရှိ၏။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယာသစ္စာ ပြီး၏။

**သစ္စာလေးပါးကို ဟောတော်မူရခြင်း၏ အကြောင်းကား**—အလုံးစုံသော သတ္တဝါတို့သည် စင်စစ်လျှင် ဒုက္ခတို့မှ စက်ဆုပ်ကြကုန်၏။ ဒုက္ခတို့မှ ကြောက် လန့်ကြကုန်၏။ အကြင်သူတို့သည် မိမိအပေါ်၌ ဒုက္ခကို ဖြစ်စေနိုင်ကုန်၏။ ထိုသူတို့ကို ရန်သူ ရန်ဖက်တို့ဟူ၍ အမြဲ မှတ်ထင်လေ့ရှိကြကုန်၏။ စင်စစ်မှာမူ ထိုသတ္တဝါဟူသမျှတို့သည် ဒုက္ခအစစ်ကိုလည်း မသိကြကုန်။ဒုက္ခအစစ်ကို ဖြစ်စေ တတ်သောအကြောင်းကိုလည်း ကောင်းစွာမသိကြလေကုန်။ထိုကြောင့်ပင်လျှင် ထိုသတ္တဝါဟူသမျှတို့သည် ဒုက္ခတို့မှ မလွတ်ကြကုန်သဖြင့် အကြင်အကြင် အမှု မျိုးတို့ကို ပြုလုပ်အားထုတ်ကြကုန်၏။ ပြုပြုသမျှသော ထိုထိုအမှု အမျိုးမျိုးတို့ သည် မိမိအပေါ်၌ ဒုက္ခဝန်ထုပ်ကြီး လေးသည်ထက်လေးအောင်သာ ပြုတတ် သောအမှုတို့သာလျှင် ဖြစ်၍နေကုန်၏။ ဒုက္ခမှလွတ်ရန် လမ်းစခန်းကို ရှာမှီးကြ ပါကုန်သော်လည်း ဒုက္ခသို့သက်ဆင်းသော လမ်းစခန်းသို့သာလျှင် ကျရောက် လေကုန်၏။ မှချကေန် ဒုက္ခမှန် ဒုက္ခစစ်နှင့်ဒုက္ခကိုဖြစ်စေတတ်သော အကြောင်း အစစ်တို့ကား—အတိတ်,အနာဂတ်,ပစ္စုပ္ပန် ဖြစ်ကုန်သော မိမိကိုယ်ခန္ဓာ အတ္တ ဘော၌ အကျုံးဝင်ကုန်သော တေဘူမက တရားတို့သည် သာလျှင် မိမိတို့၏ ဒုက္ခမှန် ဒုက္ခစစ်တို့ မည်ကုန်၏။ တဏှာသည်သာလျှင် စင်စစ် ဒုက္ခတို့ကို ဖြစ်စေ တတ်သောအကြောင်း အစစ် ဖြစ်ပေ၏။

ထိုအတူ အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာသုခကို အလိုရှိကြကုန်၏။ ချမ်းသာသုခကို တောင့်တမြော်လင့်၍သာ နေကြကုန်၏။ အကြင်သူတို့သည် မိမိအပေါ်၌ ချမ်းသာ သုခကို ဖြစ်စေတတ်ကုန်၏။ ထိုသူတို့သည် မိမိတို့၏ မိတ်ဆွေခင်ပွန်း ချစ်ကျွမ်းဝင်သော အတွင်းသူ အတွင်းသားဟူ၍ မှတ်ထင်လေ့ ရှိကြကုန်၏။ စင်စစ်မှာမူ ထိုသတ္တဝါတို့သည် သုခစစ် သုခမှန်တို့ကိုလည်း မသိ ကြကုန်။ ချမ်းသာသုခကို ရကြောင်းလမ်းခရီးအမှန်ကိုလည်း မသိကြလေကုန်။

ထိုကြောင့်ပင်လျှင် ထိုသတ္တဝါတို့သည် ချမ်းသာသုခကို ရလို ယူလို ခံစားလိုကြ သဖြင့် အကြင်အကြင် အမှုမျိုးတို့ကို ပြုလုပ်အားထုတ်ကြကုန်၏။ ပြုလုပ် အားထုတ်သမျှသော ထိုထိုအမှုမျိုးတို့သည် ချမ်းသာ သုခကို မဖြစ်စေကုန်သည့် ပြင် မိမိအပေါ်၌ ဒုက္ခဝန်ထုပ်ကြီး လေးသည်ထက် လေးအောင်သာ ပြုတတ် ကုန်၏။ ချမ်းသာရန် လမ်းစခန်းကို ရှာမှီးပါကုန်သော်လည်း ဆင်းရဲရန် လမ်း စခန်းသို့သာ ကျရောက်လေကုန်၏။ မှချကေန် ချမ်းသာသုခမှန်နှင့် ချမ်းသာ ကြောင်းလမ်းမှန်တို့မှုကား ဒုက္ခတုံး ဒုက္ခခဲကြီးဖြစ်သော တေဘူမကသင်္ခါရတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုသည်သာလျှင် စင်စစ် ချမ်းသာသုခအစစ် ဖြစ်၏။ ဒုက္ခကို ဖြစ်စေတတ်သော တဏှာသမုဒယကို ပယ်ကြောင်းဖြစ်သော အရိယမဂ်သည် သာလျှင် စင်စစ် ချမ်းသာကြောင်း လမ်းအစစ် ဖြစ်ပေ၏။ ဤသို့သောသဘော တို့ကို ပြတော်မူလိုသဖြင့် သစ္စာလေးပါးတရားတို့ကို မြတ်စွာဘုရား ဟောကြား တော်မူရလေသတည်း။ ။သစ္စာ ပြီး၏။

ဤသင်္ဂဟသည် ပရမတ္ထဓမ္မတို့ကို အကြွင်းမဲ့အားဖြင့် သိမ်းကျုံးရာ သိမ်း ကျုံးကြောင်းဖြစ်သောကြောင့် သဗ္ဗသင်္ဂဟမည်၏။ "သဗ္ဗေသံ အနဝသေသာနံ ပရမတ္ထဓမ္မာနံ သင်္ဂဟောတိ သဗ္ဗသင်္ဂဟော"။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အနဝသေသာနံ၊ အကြွင်းအကျန်မရှိကုန်သော။ ပရမတ္ထဓမ္မာနံ၊ ပရမတ္ထဓမ္မတို့ကို။ သင်္ဂဟော၊ သင်္ဂြိုဟ်ရေတွက်ရာတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဗ္ဗသင်္ဂဟော၊ သဗ္ဗသင်္ဂဟမည်၏။ ရှိရှိသမျှသော ပရမတ္ထဓမ္မတို့ကို ဤသဗ္ဗသင်္ဂဟ၌ သွင်း၍ ရှုဆင်ခြင်သည်ရှိသော် ဤတရားကို ဤမည်သောခန္ဓာ ဆိုထိုက်၏။ ဤတရားကို ဤမည်သောအာယတနဆိုထိုက်၏။ ဤတရားကို ဤမည်သောဓာတ် ဆိုထိုက်၏။ ဤတရားကို ဤမည်သောသစ္စာ ဆိုထိုက်၏ ဟူ၍ သိမြင်ပေလတ္တံ့။

"အတီတာ ဓမ္မာ"စသော တိက်တရား၊ "အဇ္ဈတ္တာ ဓမ္မာ"စသော ဒုက်တရား တို့သည်သာလျှင် ရာသဋ္ဌ အနက်အားဖြင့် ခန္ဓာဟူသောအမည်ကို ရကုန်သော ကြောင့် အတိတ် အနာဂတ်စသည်မှုကင်းသော နိဗ္ဗာန်သည်မူကား ခန္ဓာဟူသော အမည်ကို မရပေ။ ထိုကြောင့် ထိုနိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှ လွတ်လေ၏။

(ဃ) သဗ္ဗသင်္ဂဟ ပြီး၏။

သမုစ္စည်းပိုင်း ဋီကာ ပြီး၏။

# ဂ-ပစ္စည်းပိုင်း ဋီကာ

## ပဋိစ္စသမုပ္ပါဒ်နည်း

**ပဋိစ္စသမုပ္ပါဒ မည်ပုံများ။** ။"ပဋိစ္စ ဖလံ သမုပ္ပဇ္ဇတိ ဧတသ္မာတိ ပဋိစ္စ-သမုပ္ပါဒေါ"။ ဧတသ္မာ၊ ထိုအကြောင်းမှ။ ပဋိစ္စ၊ စွဲ၍။ ဖလံ၊ အကျိုးတရားသည်။ သမုပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ အကျိုးတရား၏ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ မည်၏။ ဤအပါဒါနသာဓနဝိဂ္ဂဟ်ဖြင့် အကြောင်းတရားစုကို ရစေ။

တနည်းကား—"ပစ္စယံ ပဋိစ္စ သမုပ္ပဇ္ဇတီတိ ပဋိစ္စသမုပ္ပါဒေါ"။ ပစ္စယံ၊ အကြောင်းတရားကို။ ပဋိစ္စ၊ စွဲ၍။ သမုပ္ပဇ္ဇတိ၊ ကောင်းစွာ ဖြစ်ပေါ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ မည်၏။ ဤ ကတ္တု-သာဓနဝိဂ္ဂဟ်ဖြင့် သင်္ခါရစသော အကျိုးတရားစုကို ရစေ။

တနည်းကား—"သမုပ္ပဇ္ဇနံ သမုပ္ပါဒေါ"။ သမုပ္ပဇ္ဇနံ၊ ကောင်းစွာဖြစ်ပေါ်ခြင်း။ သမုပ္ပါဒေါ၊ ကောင်းစွာဖြစ်ပေါ်ခြင်း။ "ယထာသကံ ပစ္စယံ ပဋိစ္စ တေန အဝိနာဘာဝီ ဟုတွာ သမုပ္ပါဒေါ ပဋိစ္စသမုပ္ပါဒေါ"။ ယထာသကံ၊ မိမိတို့၏ ဆိုင်ရာပိုင်ရာဖြစ်သော။ ပစ္စယံ၊ အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ တေန၊ ထို အကြောင်းနှင့်။ အဝိနာဘာဝီ၊ မကွေမကွာဖြစ်လေ့ရှိသည်။ ဟုတွာ၊ ဖြစ်၍။ သမုပ္ပါဒေါ၊ကောင်းစွာဖြစ်ခြင်းတည်း။ပဋိစ္စသမုပ္ပါဒေါ၊မိမိတို့ဆိုင်ရာ အကြောင်းကိုစွဲ၍ ထိုအကြောင်းနှင့် မကွေမကွာ ကောင်းစွာဖြစ်ပေါ်ခြင်း။ ဤ ဘာဝ-သာဓနဝိဂ္ဂဟ်၌ အဓိပ္ပါယ်ကား အလုံးစုံ ပစ္စည်းပစ္စယုပ္ပန်ဖြစ်ကုန်သော သင်္ခတ တရားတို့၏ ဆိုင်ရာအကြောင်းနှင့်စပ်၍ ဖြစ်လေ့ရှိသည်၏အဖြစ်ဟု ဆိုအပ်သော အလုံးစုံသော သင်္ခတတရားတို့နှင့် ဆက်ဆံသော သာမညသာခါရဏ သဘော လက္ခဏာတခုသည် ပဋိစ္စသမုပ္ပါဒ် မည်၏။ ဤသို့ သင်္ခတတရားတို့၏ ဆိုင်ရာ ဖြစ်သောအကြောင်းနှင့်စပ်၍ ဖြစ်ပေါ်ခြင်းသဘောကိုပင်လျှင် ဣဒပ္ပစ္စယတာ ဟူ၍ ဆိုအပ်၏။ ဝိသုဒ္ဓိမဂ်၌ ဤဘာဝသာဓနဝိဂ္ဂဟ်၏အနက်သဘောကို ပယ်၏။ သို့သော်လည်း—

ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ။ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ တထာဂတာနံ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ။

အစရှိသည်ဖြင့် ဟောတော်မူအပ်သော (နိဒါနဝဂ္ဂသံယုတ်၊ပစ္စယသုတ် ၂၆၄ စသော) ပါဠိတော် အရပ်ရပ်တို့နှင့်ကား ယခင် ပြဆိုအပ်ခဲ့ပြီးသော ဘာဝသာဓနဝိဂ္ဂြိုဟ်၏သဘောသည် ညီမျှသကဲ့သို့ ရှိ၏။

ယခင်ပါဠိတော်၏အနက်ကား— ဘိက္ခဝေ၊ရဟန်းတို့။ ကတမော စ၊ အဘယ် တရားသည်လျှင်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒ် မည်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ဇရာမရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သာ ဓာတု၊ ထိုဇာတိဟူသောအကြောင်း နှင့်စပ်၍ ဇရာမရဏဟူသော အကျိုး၏ဖြစ်ပေါ်မှုတည်းဟူသော ထို ဓာတ် သဘောသည်။ တထာဂတာနံ၊ မြတ်စွာဘုရားတို့၏။ ဥပ္ပါဒါ ဝါ၊ဖြစ်သည်ရှိသော်ငြားလည်း။ အနုပ္ပါဒါ ဝါ၊မဖြစ်ပေါ်သော်ငြား။ ဋ္ဌိတာဝ၊ တည်ရှိသည်သာလျှင်တည်း။ ဓမ္မဋ္ဌိတတာ၊ သင်္ခတတရားတို့၏ တည်ကြောင်း ဓာတ်သဘောတည်း။ ဓမ္မနိယာမတာ၊ သဘောအားဖြင့် အမြဲတည်သော ဓမ္မနိယာမဓာတ်တည်း။ဣဒပ္ပစ္စယတာ၊ ဤ အကြောင်းရှိမှုကြောင့် ဤ အကျိုးဖြစ်ပေါ်ခြင်း ဓာတ်သဘော တည်း။

လိုရင်းအားဖြင့် ဆိုင်ရာ အကြောင်းရှိလျှင် လျော်သော အကျိုး ဖြစ်ပေါ် ခြင်းတည်းဟူသော ဓမ္မနိယာမဓာတ်သဘောသည် ပဋိစ္စသမုပ္ပါဒ် မည်၏။

**ပဋိစ္စသမုပ္ပန္နမည်သော တရားများ။** ။ဤ ပဋိစ္စသမုပ္ပါဒ လက္ခဏာနှင့် ပြည့်စုံသော အဝိဇ္ဇာစသော သင်္ခတတရားတို့သည် ပဋိစ္စသမုပ္ပန္န မည်ကုန်၏။ ပါဠိတော်ကား—ကတမေ စ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ။ ဇရာမရဏံ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နံ။ပ။ အဝိဇ္ဇာ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ[၁]။ ဤပါဠိတော်တည်း။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ ကတမေ စ၊ အဘယ်တရားတို့သည် လျှင်။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္နတရားမည်ကုန်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇရာမရဏံ၊ ဇရာမရဏသည်။ ပဋိစ္စသမုပ္ပန္နံ၊ ပဋိစ္စသမုပ္ပန္န မည်၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္န မည်၏။

“ပဋိစ္စသမုပ္ပါဒလက္ခဏေန သမ္ပန္နာတိ ပဋိစ္စသမုပ္ပန္နာ”။ ပဋိစ္စသမုပ္ပါဒလက္ခဏေန၊ ပဋိစ္စသမုပ္ပါဒလက္ခဏာနှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သော တရားတို့ တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္န မည်ကုန်၏။

---

၁။ နိဒါနဝဂ္ဂသံယုတ်၊ ပစ္စယသုတ် ၂၆၄(နှင့် မူချင်း အတန်ငယ် ကွဲနေသည်)။

**ပဋိစ္စသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္န နှစ်ပါးအထူးကား။** ။ဆိုင်ရာအကြောင်းရှိလျှင် လျော်သော အကျိုး ၏ ဖြစ်ပေါ်ရန် တည်ရှိသော သဘောသတ္တိသည် ပဋိစ္စသမုပ္ပါဒမည်၏။အကြောင်းကြောင့် ဖြစ်ပေါ်ဥပါဒ်ကြကုန်သော အဝိဇ္ဇာစသော တရားတို့သည် ပဋိစ္စသမုပ္ပန္န မည်ကုန်၏။

သတ္တိသည် ပဋိစ္စသမုပ္ပါဒမည်၏။ ဗျတ္တိသည် ပဋိစ္စသမုပ္ပန္နမည်၏။ ။ ထင်ရှားမဖြစ်ပေါ်သေးဘဲ ဖြစ်စွမ်းနိုင်၏ ပြုစွမ်းနိုင်၏ဟူသော သဘောသည် သတ္တိမည်၏။ ထိုသတ္တိအလျောက် ထင်ရှားစွာ ဖြစ်ပေါ်လာသောသဘော ပြုလာသော သဘောသည် ဗျတ္တိမည်၏။ ဤအဓိပ္ပါယ်စုကား''သမုပ္ပဇ္ဇန်ံ သမုပ္ပါဒေါ''ဟူသော ဘာဝသာဓနေဝိဂ္ဂိုဟ်၏ အဓိပ္ပါယ်စုပေတည်း။

**ပဋိစ္စသဒ္ဒါဖြင့်ပယ်သောဒိဋ္ဌိ ၄။** ။''ပဋိစ္စသမုပ္ပါဒ'' ဟူသောပုဒ်၌ ''ပဋိစ္စ'' သဒ္ဒါဖြင့် (၁) မြဲ၏ဟုယူသော သဿတဒိဋ္ဌိ, (၂) အကြောင်းကင်း၏ဟုယူသော အဟေတုဒိဋ္ဌိ, (၃) မညီမညွတ် ကသောက်ကရောက်ဖြစ်သော အကြောင်းကိုစွဲ၍ ယူသော ဝိသမဟေတုဒိဋ္ဌိ, (၄) မိမိအလိုသို့ လိုက်၏ဟုယူသော ဝသဝတ္တိဝါဒဒိဋ္ဌိတို့ကို ပယ်ရှားတော်မူ၏။

**သမုပ္ပါဒသဒ္ဒါဖြင့်ပယ်သောဒိဋ္ဌိ ၃။** ။''သမုပ္ပါဒ'' သဒ္ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိ,နတ္ထိကဒိဋ္ဌိ, အကိရိယဒိဋ္ဌိတို့ကို ပယ်တော်မူ၏။

**ပဋိစ္စသမုပ္ပါဒသဒ္ဒါဖြင့် ပယ်သောဝါဒ။** ။''ပဋိစ္စသမုပ္ပါဒ'' ဟူသော နှစ်ပုဒ်လုံးဖြင့် ''သတ္တဝါသည် ခံစားတတ်၏။ သတ္တဝါသည် ပြုလုပ်တတ်၏''ဟု ယူသော ''သော ကရောတိ၊ သော ပဋိသံဝေဒေတိ၊ အညော ကရောတိ၊ အညော ပဋိသံဝေဒေတိ''ဟူသောဝါဒကို ပယ်တော်မူ၏။ ရှိရှိသမျှသောတရားတို့သည် သတ္တ, ဇီဝ, ပုဂ္ဂလ, ဣတ္ထိ, ပုရိသများမဟုတ်ကြကုန်။ တော, တောင်, ရေ, မြေ, လ, နေ, နက္ခတ်တို့လည်း မဟုတ်ကြကုန်။ ဆိုင်ရာအကြောင်းကိုစွဲ၍ လျော်သောအကျိုးတရားတို့ ဖြစ်ပေါ်မှုတို့သာတည်း ဟူ၍လည်း ပြတော်မူ၏။

**ပဋိစ္စသမုပ္ပါဒ်ကိုမသိ၍ သံသရာ၌ကျင်လည်ရပုံ။** ။ဤပဋိစ္စသမုပ္ပါဒ ဒေသနာတော်ဖြင့်ပင်လျှင် သတ္တလောက၏ ဖြစ်ပေါ်ပုံကိုလည်း ပြတော်မူ၏။ သတ္တလောက၏ ချုပ်ငြိမ်း၍ ဇာတ်သိမ်းပုံကိုလည်း ပြတော်မူ၏။ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် မဟာသမုဒ္ဒရာအလယ် ဗဟိုဌာန၌ရှိသော ရေကဲ့သို့ နက်ယောင်လည်းထင်၏။ စင်စစ် နက်လည်းနက်နဲ၏။ ဤပဋိစ္စသမုပ္ပါဒ်အချက်ကို ကောင်းစွာမသိကြခြင်း

ကြောင့် ရှိရှိသမျှသော သတ္တဝါတို့သည် ကြွက်ကိုက်သောချည်ထွေး စာပေါင်းသိုက်ထွေး ဖြူဆံမြက်ထွေးကြီးများကဲ့သို့ အစအန ရှာမရကုန်ဘဲ တထွေးလုံးလုံးသာ ရှုပ်ကြကုန်၏၊ ပဋိစ္စသမုပ္ပါဒ် သံသရာဇာတ်ရှုပ်ကို မရှင်းနိုင်ကြကုန်သဖြင့် သတ္တဝါအပေါင်းတို့သည် ထိုသံသရာအရှုပ် ဒုက္ခဝဋ်မြုံ အရှုပ်ခြုံထဲမှ မလွတ်မကင်းဘဲ ရှိကြကုန်သည်။ ထိုကြောင့်—

ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ။ ဧတဿ စာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ[၁] ဧဝ မယံ တန္တာကုလကဇာတာ ဂုဏဂုဏ္ဌိကဇာတာ[၂] မုဉ္ဇပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ သံသာရံ နာတိဝတ္တတိ—

ဟူ၍ ဟောတော်မူသည်။

အနက်ကား—အာနန္ဒ၊ ညီတော်အာနန္ဒာ။ အယံ ပဋိစ္စသမုပ္ပါဒေါ၊ ဤပဋိစ္စသမုပ္ပါဒ်သည်။ ဂမ္ဘီရော စ၊ စင်စစ်နက်လည်းနက်နဲ၏။ ဂမ္ဘီရာဝဘာသော စ၊ စင်စစ် နက်ယောင်လည်းထင်၏။ အာနန္ဒ၊ အာနန္ဒာ။ ဧတဿ စ ဓမ္မဿ၊ ဤပဋိစ္စသမုပ္ပါဒ် တရားမြတ်ကိုလျှင်။ အညာဏာ၊ မသိမမြင် မထင်မလင်းမှုကြောင့်။ အနနုဗောဓာ၊ လျော်စွာသုံးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့စဉ်လောက်။ အယံ ပဇာ၊ ဤသတ္တဝါများအပေါင်းသည်။ တန္တာကုလကဇာတာ၊ ကြွက်ကိုက်သော မြိတ်ဆာချည်ထွေးကြီးကဲ့သို့ဖြစ်၏။ ဂုဏဂုဏ္ဌိကဇာတာ၊ စာပေါင်းသိုက်ထွေးကြီးကဲ့သို့ ဖြစ်နေ၏။ မုဉ္ဇပဗ္ဗဇဘူတာ၊ ဖြူဆံမြက်ထွေး ပြိတ်မြက်ထွေးကြီးကဲ့သို့ ဖြစ်နေ၏။ အပါယံ၊ ကြီးပွါးမှုမရှိသော။ ဒုဂ္ဂတိံ၊ မကောင်းသူတို့လားရာဖြစ်သော။ ဝိနိပါတံ၊ ထောက်ရာတည်ရာမရ ဖရိုဖရဲကျရာဖြစ်သော။ သံသာရံ၊ သံသရာမြုံ အရှုပ်ခြုံကြီးကို။ နာတိဝတ္တတိ၊ မလွန်မြောက်နိုင်။

**သဘောလည်းခက်, အဟောလည်းခက်သောအရာ ၄-မျိုး။** ။သာသနာတော် ဓမ္မ၌ သဘော အားဖြင့်လည်းခက်ခဲ ဟောကြားခြင်းငှါလည်းခက်ခဲသော ဌာနသည် လေးပါးရှိ၏။ လေးပါးကား—

(၁) သစ္စာလေးပါး။

(၂) ပရမတ္ထတရားတို့၏ သတ္တဝါဟူ၍ ထင်မှားစေရန် သတ္တကိစ္စကို ဆောင်ရွက်ပုံ။

(၃) တဘာဝနှင့်တဘာဝကို စပ်ခြင်းတည်းဟူသော ပဋိသန္ဓေတည်နေပုံ။

---

၁။ ဆဋ္ဌမူ၊ မဟာဝဂ္ဂ၊ မဟာနိဒါနသုတ္တ ၄၇-၌ "အညာဏာ"ပုဒ်မပါ။ အနနုဗောဓာ, အပ္ပဋိဝေဓာ ဟုသာပါသည်။

၂။ ကုလဂဏ္ဌိကဇာတာ (ဆဋ္ဌမူ)

(၄) ပစ္စည်း, ပစ္စယုပ္ပန်တို့၏ အကျိုးအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုပုံ တည်းဟူသော ပစ္စယာကာရတည်း။

ဤလေးပါးတို့တွင် ပဋိစ္စသမုပ္ပါဒ်သည် ပစ္စယာကာရသို့ ပါဝင်လေသဖြင့် စင်စစ် နက်နဲခဲယဉ်းသောတရား ဖြစ်ပေ၏။ ထို့ကြောင့်ပင်လျှင် ပဋိစ္စသမုပ္ပါဒ ဝိဘင်း(၁၂၃) ၌ ပဋိစ္စသမုပ္ပါဒ်၏ သဘောအဓိပ္ပါယ်များကို ဖွင့်ဆိုခါနီးတွင်—

ဝတ္တုကာမော အဟံ အဇ္ဇ၊ ပစ္စယာကာရ ဝဏ္ဏနံ။
ပတိဋ္ဌံ နာဓိဂစ္ဆာမိ၊ အဇ္ဈောဂါဠှောဝ သာဂရံ။

ဟူသောဂါထာကို ညည်းညည်းညူညူ ရင့်ရှုကျူးမြွက်တော်မူလျက် အဋ္ဌကထာဆရာတော်ကြီးပင် ကြံတွေးဝေးမှိုင်တော်မူရလေသည်။

အနက်ကား – အဟံ၊ငါသည်။အဇ္ဇ၊ယခု။ ပစ္စယာကာရဝဏ္ဏနံ၊ ပဋိစ္စသမုပ္ပါဒ် အဖွင့်ကို။ ဝတ္တုကာမော၊ အကျယ်တဝင့် ဖွင့်ဆိုလိုပါလျက်။ သာဂရံ၊ ရှစ်သောင်း လေးထောင် နက်ဝှမ်းဆောင်သည့် တောင်ခွေပတ်ချုပ် ရေသမုဒ်သို့။ အဇ္ဈောဂါဠှောဝ၊ ကူးသက်ဆင်းဝင် ယုန်ငယ်သွင်သို့။ ပတိဋ္ဌံ၊ ထောက်ရာတည်ရာကို။ နာဓိဂစ္ဆာမိ၊ မရနိုင်ပါချေတကား။

သို့စင် နက်နဲခက်ခဲသော ပဋိစ္စသမုပ္ပါဒ်၏ အဓိပ္ပါယ်ကို အမြွက်မျှဖွင့်ဆိုအံ့။
၁၂-ပါးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့တွင် အဝိဇ္ဇာ၌—

**ဝိဇ္ဇာ။** ။"စတုသစ္စဓမ္မံ ဝိဒတိ ပါကဋံ ကရောတီတိ ဝိဇ္ဇာ"။ စတုသစ္စဓမ္မံ၊ သစ္စာလေးပါးတရားကို။ ဝိဒတိ၊ သိတတ်၏။ ပါကဋံ၊ ထင်ရှားသည်ကို။ ကရောတိ၊ ပြုတတ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ ဝိဇ္ဇာ၊ဝိဇ္ဇာမည်၏။ပညာကို ရစေ။ နေမင်းသည် ရောင်ခြည်တထောင်ကို ဆောင်လျက် အရှေ့လောကဓာတ်မှ တက်၍လာသည်ရှိသော် အမိုက်မှောင်ကို ပယ်ဖျောက်လျက် ကမ္ဘာလောကကြီး အတွင်း၌ ရှိရှိသမျှသော ဒြပ်အဆောက်အဦတို့ကို လူများအပေါင်းတို့အား ထင်ရှားစွာပြသကဲ့သို့ ဤအတူ သစ္စာလေးပါးကို သိတတ်သော စတုသစ္စဉာဏ်သည် ဖြစ်ပေါ်၍လာသည်ရှိသော် အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်လျက် သစ္စာလေးပါးကို ထင်ရှားအောင်ပြပေ၏။

**အဝိဇ္ဇာ။** ။"ဝိဇ္ဇာပဋိပက္ခာတိ အဝိဇ္ဇာ"။ ဝိဇ္ဇာပဋိပက္ခာ၊ ဝိဇ္ဇာ၏ဆန့်ကျင်ဘက်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာမည်၏။ သစ္စာလေးပါးကို မသိမမြင် မထင်မလင်းအောင် ပြုတတ်သော ပညာတည်းဟူသော ဝိဇ္ဇာ၏ ဆန့်ကျင်ဘက် မောဟကို ရစေ။ ထိုမောဟသည် သစ္စာလေးပါးတို့ကို မသိမမြင် မထင်မလင်းအောင် မှောင်ကြီးချ၍ ထားတတ်၏။ ဤကို ရည်၍—

(၁၀၀) မိုက်မဲ့ခွာလှ၊ မှောင်ကြီးချ၊ မောဟ အဝိဇ္ဇာ။

ဟူ၍ဆိုပေသည်။

ဤအဝိဇ္ဇာသည် (၁-၄) သစ္စာလေးတန် (၅) ပုဗ္ဗန္တ (၆) အပရန္တ (၇) ပုဗ္ဗန္တာပရန္တ (၈) ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပါဒဟူ၍ ဆိုအပ်သော ရှစ်ပါးသော ဌာနတို့၌ မသိမမြင် မထင်မလင်းအောင် ဖုံးလွှမ်းကွယ်ကာတတ်၏။

**အဝိဇ္ဇာအပြား။** ။ဤအဝိဇ္ဇာသည် မသိမမြင် မထင်မလင်းခြင်းတည်းဟူသော အညာဏအဒဿနလက္ခဏာအားဖြင့် တပါးသာဖြစ်၏။ သသင်္ခါရိက, အသင်္ခါရိကအားဖြင့် နှစ်ပါးရှိ၏။ သောမနဿဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာဝေဒနာတို့နှင့် ယှဉ်သောအားဖြင့် သုံးပါးရှိ၏။ ဒုက္ခသစ္စာကို ဖုံးလွှမ်းသော ဒုက္ခစ္ဆာဒနအဝိဇ္ဇာစသော သစ္စစ္ဆာဒနအားဖြင့် လေးပါးရှိ၏။ ဂတိငါးပါး၏အပြစ်ကို ဖုံးလွှမ်းသော ဂတိစ္ဆာဒနအားဖြင့် ငါးပါးရှိ၏။ ဒွါရ အာရုံအားဖြင့် ခြောက်ပါးရှိ၏။ ဤသို့စသည်ဖြင့် အဝိဇ္ဇာသည် များသော အပြားရှိ၏။ ။အဝိဇ္ဇာပြီး၏။

**(၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ။** ။အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရ အမျိုးမျိုးတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည် ဟူရာ၌—လောကီကုသိုလ်စေတနာ, အကုသိုလ်စေတနာတို့သည် သင်္ခါရမည် ကုန်၏။ ထိုကြောင့်—

(၁၀၁) အကုသိုလ်နှင့်၊ကုသိုလ်နှစ်ထွေ၊ စေတနာဝေမှု၊ ကံသုံးဝ၊ မှတ်ကြသင်္ခါရာ။

ဟူ၍ဆိုပေသည်။

**သင်္ခါရ။** ။"သင်္ခတံ ကာယ, ဝစီ, မနောကမ္မံ အဘိသင်္ခရောန္တိ ဧတေဟီတိ သင်္ခါရာ"။ ဧတေဟိ၊ ထိုတရားတို့ဖြင့်။ သင်္ခတံ၊ ပြုပြင်စီရင်အပ်သော။ ကာယ, ဝစီ, မနောကမ္မံ၊ ကာယကံ, ဝစီကံ, မနောကံများကို။ အဘိ-သင်္ခရောန္တိ၊ ပြုစီရင်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ပြုစီရင်ကြောင်းဖြစ်သော သတ္တိကြောင့်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ တရားကိုယ်အားဖြင့် လောကီ ကုသိုလ်,အကုသိုလ်စေတနာများကို ရစေ။ဤစေတနာတို့ဖြင့်ပင်လျှင် အမျိုးမျိုး သော ကာယကံ, ဝစီကံ, မနောကံများကို စီရင်ကြရကုန်သည်။ ထိုစေတနာတို့ အတွက် ကုသိုလ်,အကုသိုလ်များ ဖြစ်ရကုန်သည်။

**သင်္ခါရအပြား။** ။ထိုသင်္ခါရတို့သည်လည်း ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူ၍ သုံးပါးအပြားရှိကုန်၏။ ထိုကြောင့်

(၅၀၂) ပုညာ,ပုည၊အာနေဉ္ဇ၊ သုံး၀ ခွဲစိတ်ဖြာ။

ဟူ၍ ဆိုပေသည်။

ထိုတွင် မဟာကုသိုလ်စေတနာ ၈-ခု၊ ရူပကုသိုလ်စေတနာ ၅-ခု၊ ဤစေတနာ ဆယ့်သုံးခုသည် **ပုညာဘိသင်္ခါရ** မည်၏။

အကုသိုလ်စေတနာ ၁၂-ခုသည် **အပုညာဘိသင်္ခါရ** မည်၏။

အရူပကုသိုလ်စေတနာ ၄-ခုသည် **အာနေဉ္ဇာဘိသင်္ခါရ** မည်၏။

တနည်းအားဖြင့် ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရဟူ၍ ၃-ပါးအပြား ရှိ၏။ ထိုတွင် ဘုံပိုင်း၌ ပြအပ်ပြီးသောအတိုင်း ကာယကံစုသည် ကာယသင်္ခါရ မည်၏။ ဝစီကံစုသည် ဝစီသင်္ခါရမည်၏။ မနောကံစုသည် စိတ္တသင်္ခါရမည်၏။

ပဋိစ္စသမုပ္ပါဒ်နည်းသည် သုတ္တန်နည်း, အဘိဓမ္မာနည်းဟူ၍ နှစ်ပါးအပြား ရှိ၏။

ထိုတွင် **သုတ္တန်နည်း** အားဖြင့် ပြဆိုအပ်ပြီးသော သာသဝ,လောကီယဖြစ်သော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့သည် သင်္ခါရ မည်ကုန်၏။

**အဘိဓမ္မာနည်း**အားဖြင့် အလုံးစုံသော လောကီ,လောကုတ္တရာ ကုသိုလ် စေတနာ အကုသိုလ်စေတနာစုသည် သင်္ခါရမည်၏။

**ကိရိယာစေတနာနှင့် သင်္ခါရ**။　။ကိရိယာစေတနာတို့ကိုကား ဝိဘင်းပါဠိတော် ၌ သင်္ခါရဟူ၍ ဟောတော်မမူအပ်ကုန်။ သံယုတ်ပါဠိတော်၌လည်း—

> ယတော ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ ဟောတိ ဝိဇ္ဇာ ဥပ္ပန္နာ။ သော အဝိဇ္ဇာဝိရာဂါ ဝိဇ္ဇုပ္ပါဒါ နေဝ ပုညာဘိသင်္ခါရံ အဘိသင်္ခရောတိ၊ န အပုညာဘိသင်္ခါရံ န အာနေဉ္ဇာဘိသင်္ခါရံ အဘိသင်္ခရောတိ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား—ဘိက္ခဝေ၊ ရဟန်းတို့။ ယတော ခေါ၊ အကြင်အကြောင်း ကြောင့်။ ဘိက္ခုနော၊ ရဟန်းအား။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပဟီနာ၊ ပယ်အပ် လေပြီးသည်။ ဟောတိ၊ ၏။ ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်လေပြီ။ သော၊ ထိုအဝိဇ္ဇာကို ပယ်ပြီးသော ရဟန်းသည်။ အဝိဇ္ဇာဝိရာဂါ၊ အဝိဇ္ဇာပြယ်ပျောက် ခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ ဝိဇ္ဇာဉာဏ်ဖြစ်ပေါ်ခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ ပုညာဘိသင်္ခါရမှုများကို။ နေဝ အဘိသင်္ခရောတိ၊ မပြုမစီရင်။ အပုညာဘိသင်္ခါရံ၊

အပုညာဘိသင်္ခါရမှုများကိုလည်း။န အဘိသင်္ခရောတိ၊ မပြုမစီရင်။ အာနေဉ္ဇာ-ဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရမှုများကို။ န အဘိသင်္ခရောတိ၊ မပြုမစီရင်။

ဤပါဠိတော်ကား ရဟန္တာပုဂ္ဂိုလ်ကို တိုက်ရိုက်ဟောတော်မူသော ပါဠိတော်တည်း။ ရဟန္တာပုဂ္ဂိုလ်သည် တစုံတရာ သင်္ခါရမှုများ မပြုမလုပ်ဟု ဟောတော်မူသဖြင့် ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်သော ကြိယာများသည် သင်္ခါရပုဒ်တွင် မဝင်နိုင်ဟူ၍ သိသာ၏။

သို့ရာတွင် "န ဟိ ကောစိ ပဋိစ္စသမုပ္ပါဒရဟိတော သင်္ခတဓမ္မော နာမ အတ္ထိ"ဟူသော ပရိဘာသာနှင့်အညီ ပဋိစ္စသမုပ္ပါဒ်မှလွတ်သော သင်္ခတဓမ္မမည်သည် တစုံတရာမျှ မရှိလေသောကြောင့် သင်္ခါရဟူသောပုဒ်၌ ကြိယာကို ထည့်သော်လည်း အမှားမဆိုသင့်ချေ။ ထိုစကား မှန်၏။ ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုကိရိယာစိတ်တို့ဖြင့်ပင်လျှင် အမျိုးမျိုးသော ကာယကံမှု ဝစီကံမှု မနောကံမှုများကို ပြုလုပ်ဆောင်ရွက်ကြရကုန်၏။ သို့ရာတွင် ထိုကြိယာစိတ်တို့သည် အဗျာကတဓမ္မဖြစ်ကုန်သောကြောင့် ပုညာဘိသင်္ခါရစသော အမည်များကိုမူကား မရကြပေကုန်။ ကာယကံမှုစသည်တို့ကို ပြုလုပ်ကြောင်းဖြစ်၍ ကြိယာတို့ကိုလည်း သာမညအားဖြင့် သင်္ခါရဟူ၍ ဆိုထိုက်ကုန်၏။

**အဝိဇ္ဇာရှိသောသူသည်** ဟုတ်မှန်သော အရာတို့ကို ကောင်းစွာ မထင်နိုင် မမြင်နိုင်သဖြင့် ဒုက္ခအတိသာဖြစ်သော တေဘူမက ဝဋ္ဋတရားစု၏ အပြစ်ဒေါသ အာဒီနဝကို မထင်မမြင်နိုင်ချေ။ ကောင်းမြတ်သာယာဖွယ်ဟူ၍သာ မှတ်ထင်လေ၏။ ထိုသို့ အဝိဇ္ဇာမှောင်မိလေသည့်အတွက် တေဘူမက၏ ဒုက္ခအာဒီနဝ အချက်များကို မမြင်နိုင်လေသောကြောင့် ထိုတေဘူမကဝဋ္ဋဒုက္ခ၌ ကျင်လည်ရာ ကျင်လည်ကြောင်းဖြစ်သော သင်္ခါရမှုတို့ကို ပြုရလေတော့သည်။ ဥပမာအားဖြင့် နက်စွာသော ကမ်းပါးချောက်ကြီး၌ တည်ရှိသော နတ်သမီးကို အလိုရှိသဖြင့် တစုံတရာမျှ မြော်မြင်ခြင်းမရှိဘဲ ချောက်တွင်းသို့ ခုန်ဆင်းမိလေသောသူကဲ့သို့ ၎င်း၊ မီးရောင်ကို ခင်မင်၍ မီးတောက်အတွင်းသို့ ဝင်ရောက်သော ပိုးပရံကဲ့သို့ ၎င်း၊ ပျားရည်ဖြင့် လိမ်းကျံအပ်သော သင်ဓုန်းသွားကို လျှာဖြင့် လျက်မှားသောသူကဲ့သို့၎င်း၊ မစင်ပုံကိုကိုင်၍ ကစားသော သူငယ်ကဲ့သို့၎င်း၊ သေလိုသောကြောင့် အဆိပ်ကို စားမိသောသူကဲ့သို့၎င်း၊ မျက်စိလည်၍ တဇ္ဇေမြေဘုတ်တို့၏ မြို့တွင်းသို့ ဝင်မိမှားသောသူကဲ့သို့၎င်း၊ အဝိဇ္ဇာမှောင်ဖြင့် ထက်ဝန်းကျင်ကန်း၍နေသော သူမိုက်သည် အမျိုးမျိုးသော ဒုက္ခတို့ကို ဖြစ်စေတတ်သော သင်္ခါရသုံးပါးတို့ကို ပြုမှားမိပလေသည်။ ထို့ကြောင့်—

မရုပပ္ပါတံ ဒီပစ္စိံ၊ မဓုလိတ္တာသံ လေဟန်။
ဂူထကီဠံ ဝိသံခါဒံ၊ ပိသာစနဂရံ ယထာ။ ။

ဗာလော ကရောတိ သင်္ခါရေ၊ တိဝိဓေ ဒုက္ခဟေတဝေါ။
တသ္မာ သတိ အဝိဇ္ဇာယ၊ ဘာဝတော ဟောတိ ပစ္စယော။

ဟူ၍ အဋ္ဌကထာဆရာရှင် မိန့်တော်မူပေသည်။

အနက်ကား—မရှုပ္ပါတံ၊ နတ်သမီးကိုလို၍ ချောက်တွင်းသို့ ခုန်ဆင်းခြင်းကိုရင်း။ ဒီပစ္စိံ၊ ဆီမီးလျှံသို့ ပိုးပရံဝင်ခြင်းကိုရင်း။ မဝုလိတ္တာသ လေဟာနံ၊ ပျားရည်လူးထား၊ သန်လျက်သွားကို၊ လျှင်လျှားစုံမက်၊ လျှာဖြင့်လျက်ခြင်းကိုရင်း။ ဂူထကိဋံ၊ မစင်ပိုးပြောဲကို ကိုင်ဆောင့်ကစားခြင်းကိုရင်း။ ဝိသံခါဒံ၊စိတ်ပျက်ငြင်ငြို၊ သေချင်လို၍၊ အဆိပ်ကိုစားခြင်းကိုရင်း။ ပိသာစနဂရံ၊ မြေဘုတ်ဘီလူးမြို့သို့ လမ်းလျှောက်ဝင်မှားခြင်းကိုရင်း။ အာရဘတိ ယထာ၊ အားထုတ်လေဘိ သကဲ့သို့။ ဗာလော၊ အဝိဇ္ဇာဖြင့် လွန်စွာမိုက်မှား၍နေသော ပုထုဇ္ဇန်သတ္တဝါစုသည်။ ဒုက္ခဟေတဝေါ၊ ဒုက္ခ၏အကြောင်းဖြစ်ကုန်သော။ တိဝိဓေ သင်္ခါရေ။ သုံးပါးသောသင်္ခါရတို့ကို။ ကရောတိ၊ အားထုတ်ပြုလုပ်လေ၏။ တသ္မာ၊ ထိုကြောင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာသည်။ သတိ၊ ရှိသေးသည်ရှိလတ်သော်။ ဘာဝ·တော၊ သင်္ခါရသုံးပါး ဖြစ်ပွါးခြင်းကြောင့်။ ပစ္စယော၊ သင်္ခါရ၏ အကြောင်းပစ္စည်းဟူ၍။ မတော၊ သိအပ်၏။

ထိုပြင် ပဋ္ဌိသန္ဓေအားဖြင့် ကန်း၍လာသော သူကန်းသည် ရှေ့ဆောင်တုတ်ဆွဲ မရှိဘဲလျက် ခရီးလမ်းကို လျှောက်သွားလေရာ တရံတခါ အခန့်သင့်၍ လမ်းကောင်းလမ်းဖြောင့်ဖြင့် သွားမိလေ၏၊ တရံတခါ လမ်းကောက်လမ်းဆိုးဖြင့် သွားမိလေဘိသကဲ့သို့ ပုထုဇ္ဇန်သတ္တဝါတို့သည် သံသရာတည်းဟူသော ခရီးလမ်း၌ သွားကြကုန်သော သံသရာခရီးသမားတို့ ဖြစ်ကြကုန်၏။ အနမတဂ္ဂ·သံသရာ၌ အဝိဇ္ဇာတည်းဟူသော ကန်းမှုဖြင့် ထက်ဝန်းကျင် ကန်း၍လာကြသောသူတို့လည်း ဖြစ်ကုန်၏။ သစ္စာလေးပါးကို သိတတ်သောဉာဏ်သည် ရှေ့ဆောင်တုတ်ဆွဲသမားနှင့် တူ၏။ ထိုဉာဏ်တည်းဟူသော ရှေ့ဆောင်မှုလည်း ကင်းကြကုန်၏။ ထိုသို့ အဝိဇ္ဇာတည်းဟူသော ကန်းခြင်းဖြင့် ထက်ဝန်းကျင် ကန်းကြကုန်၍ သစ္စပ္ပဋိဝေဓဉာဏ်တည်းဟူသော ရှေ့ဆောင်တုတ်ဆွဲမှု ကင်းကြကုန်သော ပုထုဇ္ဇန်သတ္တဝါ သံသရာခရီးသမားတို့သည် ရံခါရံဖန် အခန့်သင့်၍ ပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရများကိုလည်း ပြုမိကုန်၏။ရံခါရံဖန် အပုညာ·ဘိသင်္ခါရများကိုလည်း ပြုမိကြကုန်၏။ ထိုကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ (၁၄၂)၌—

ယထာပိ နာမ ဇစ္စန္ဓော၊ နရော အပရိဏာယကော။
ကေဒါ ယာတိ မဂ္ဂေန၊ ကုမဂ္ဂေနာပိ^၁ ကေဒါ။

---

၁-ဥမ္မဂ္ဂေနာပိ (ဆဋ္ဌမူ)

သံသာရေ သံသရံ ဗာလော၊ တထာ အပရိဏာယကော။
ကရောတိ ကေဒါ ပုညံ၊ အပုညမပိ ကေဒါ။

ဟူ၍ အဋ္ဌကထာသခင် ဆိုတော်မူသည်။

အနက်ကား—ယထာပိ နာမ၊ဥပမာမည်သည်ကား။ အပရိဏာယကော၊ ရှေ့ဆောင်တုတ်ဆွဲမှုကင်းသော။ ဇစ္စန္ဓော။ ဝမ်းတွင်းကန်းဖြစ်သော။ နရော၊ လူသည်။ ကေဒါ၊ တခါတရံ။ မဂ္ဂေန၊လမ်းမှန်လမ်းကောင်းဖြင့်။ ယာတိ၊ သွားမိ၏။ ကေဒါ၊ တခါတရံ။ ကုမဂ္ဂေနာပိ၊ လမ်းဆိုးလမ်းကောက်ဖြင့်လည်း။ ယာတိ၊ သွားမိ၏။ တထာ၊ ထိုအတူ။ သံသာရေ၊ သံသရာထဲ၌။ သံသရံ သံသ-ရန္တော၊ ကျင်လည်ရသော။ အပရိဏာယကော။ သစ္စပ္ပဋိဝေဓဉာဏ်တည်း ဟူသော ရှေ့ဆောင်တုတ်ဆွဲမှု ကင်းသော။ ဗာလော၊ ပုထုဇ္ဇန်မိုက်သည်။ ကေဒါ၊ တရံတခါ။ ပုညံ၊ ကောင်းမှုကို။ ကရောတိ၊ ပြုမိ၏။ ကေဒါ၊ တရံတခါ။ အပုညံပိ၊ မကောင်းမှုကိုလည်း။ ကရောတိ၊ ပြုမိ၏။

**အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရ ဖြစ်ပုံကား**—ဤ ကိုယ်ခန္ဓာစုသည် ဒုက္ခတုံးဒုက္ခခဲကြီးသာလျှင် အမှန်ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာတည်းဟူသောမှောင်ဓာတ်ကြီး ဖုံးပိတ်ကွယ်ကာ၍ ထားမှုကြောင့် ဒုက္ခအနေအားဖြင့် မထင်မမြင်နိုင်ကြကုန်။ သုခအနေအားဖြင့်သာလျှင် ထင်မြင်ကြကုန်၏။ သုခအနေအားဖြင့်သာလျှင် ထင်မြင်ကြလေသောကြောင့် ငါ့ကိုယ် ငါ့ကိုယ်ဟူ၍ ခင်မင်စွဲလမ်းကြကုန်၏။ ထိုသို့ ခင်မင်စွဲလမ်းမှုကြောင့် ယခု မျက်မြင်ထင်ရှားရှိနေသော ဤပစ္စုပ္ပန် ခန္ဓာကိုယ်အတွက်နှင့် သူ့အသက်ကို သတ်ခြင်းစသော ဒုစ္စရိုက်တရားတို့ကို ပြုမှားကြကုန်၏။ ဤ ဒုစ္စရိုက်ဆယ်ပါး အကုသိုလ်တရားတို့ကိုပင်လျှင် အပုညာဘိသင်္ခါရဆိုရလေသည်။ (ဤကား အဝိဇ္ဇာအတွက် အပုညာ-ဘိသင်္ခါရဖြစ်ပုံအမြွက်တည်း။)

**အဝိဇ္ဇာအတွက် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဖြစ်ပုံမှာကား**—နောင်အနာဂတ်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာစု, နတ်ခန္ဓာစု, ဗြဟ္မာ့ခန္ဓာစု သည်လည်း ဒုက္ခသာလျှင် အမှန်စင်စစ်ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း အဝိဇ္ဇာတည်းဟူသော မှောင်ဓာတ်ကြီး ပိတ်ဆီးကွယ်ကာ၍ထားမှုကြောင့် ဒုက္ခအနေအားဖြင့် မထင်နိုင်မမြင်နိုင်ကြကုန်။ သုခအနေအားဖြင့်သာ ထင်မြင်ကြကုန်၏။ သုခအနေအားဖြင့်သာ ထင်မြင်ကြသောကြောင့် ယခုပစ္စုပ္ပန်ခန္ဓာပျက်ဆုံးလျှင် ကောင်းမြတ်ရာဘုံဘဝတို့၌ အသစ်အသစ်သော လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာ့ခန္ဓာ တို့ကို ရလိုသောကြောင့် ဒါန, သီလ, ဘာဝနာစသော သုစရိုက်ဆယ်ပါး ကုသိုလ်တရားတို့ကို ကြိုးကြိုးစားစား အားထုတ်ကြကုန်၏။ ထိုသုစရိုက်တို့တွင် ကာမကုသိုလ်, ရူပကုသိုလ်တို့ကို ပုညာဘိသင်္ခါရဆိုသည်။ အရူပကုသိုလ်ကို

အာနေဉ္ဇာဘိသင်္ခါရဆိုသည်။ (ဤကား အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံ အမြွက်တည်း။)

ဤအဓိပ္ပါယ်စုကိုရည်၍ ကျေးဇူးရှင်ဘုရားကြီး ရေးသားတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာ၌—

> အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဝှက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျ၍၊ ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ငြိမ်း၊ စည်းစိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိ၍၊ ဂတိနောင်ကို၊ ကောင်းစေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုးစားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု၊ ဘဝနှီးရင်း၊ ပွါးတုံလျှင်းသည်။ ။ဝဋ္ဋခင်းဝဋ္ဋနွယ်ရှည်သတည်း။

ဟူ၍ ဆိုတော်မူသည်။

**ကျေးဇူးပြုပုံများ။** ။အဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား အာရမ္မဏ, ပကတူပနိဿယသတ္တိနှစ်ပါးတို့ဖြင့် ကျေးဇူးပြု၏။ အပုညာဘိသင်္ခါရအား ဟေတု, အာရမ္မဏ, အဓိပတိ[၁], အနန္တရ, သမနန္တရ, သဟဇာတ, အညမည, နိဿယ, ဥပနိဿယ[၂], အာသေဝန, သမ္ပယုတ္တ, အတ္ထိ, နတ္ထိ, ဝိဂတ, အဝိဂတ၊ ဤ ၁၅-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ အာနေဉ္ဇာဘိသင်္ခါရအား ပကတူပနိဿယသတ္တိတပါးဖြင့်သာ ကျေးဇူးပြု၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာပြီး၏။

**(၂) သင်္ခါရပစ္စယာ ဝိညာဏံ။** ။သင်္ခါရပစ္စယာ၊ သင်္ခါရ ဟူသော အကြောင်း ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

**သင်္ခါရအရ။** ။သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟူရာ၌ မဂ်ပယ်အပ်သော အကုသိုလ်ကံ, ပဋိသန္ဓေအခိုက် ဥဒ္ဒစ္စစေတနာ, အဟောသိကံစေတနာစုသည် ကြဉ်သော အလုံးစုံသော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, **အာနေဉ္ဇာဘိသင်္ခါရ**စုသည် ဤနေရာ၌ သင်္ခါရမည်၏။

---

၁။ အာရမ္မဏာဓိပတိကိုယူပါ။

၂။ အာရမ္မဏူပနိဿယ, အနန္တရူပနိဿယတို့ကိုလည်း ယူပါ။

**ဝိညာဏ်မည်ပုံ။** ။ဝိညာဏ်၌ "ဝိဇာနာတီတိ ဝိညာဏံ"။ ဝိဇာနာတိ၊ အထူးသိတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ (တနည်းကား) "ဝိဇာနန္တိ ဧတေနာတိ ဝိညာဏံ"။ ဧတေန၊ ဤတရားဖြင့်။ ဝိဇာနန္တိ၊ အထူးသိကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။

**ဝိညာဏ်အရ။** ။သုတ္တန်နည်းအားဖြင့် လောကီဝိပါက်ဇာတ္တိသသည် ဝိညာဏ်မည်၏။ **အဘိဓမ္မာနည်းအားဖြင့်** ကိရိယာ စိတ်ဝီသသည် ကြဉ်အပ်သော လောကီ လောကုတ္တရာစိတ်ပေါင်း ၆၉-ခုသည် ဝိညာဏ်မည်၏။ ကြိယာစိတ်သည်လည်း ပဋိစ္စသမုပ္ပန္နတရားဖြစ်သောကြောင့်၎င်း၊ ဤဝိညာဏ်အရာ၌ မဂ်စိတ် ဖိုလ်စိတ်များလည်း ပါဝင်လျက်ရှိသောကြောင့်၎င်း၊ ကြိယာစိတ်ကို မကြဉ်ဘဲ စိတ်တခုယုတ်ကိုးဆယ်သည် ဝိညာဏ်မည်၏ဟူ၍ ဆိုသော်လည်း အမှားမဆိုသင့်ပေ။

**(၁၀၃) သန္ဓိ,ပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက် ဝိညာဏာ။**

**ဝိညာဏ် ၂-ပါး။** ။ဤဖြင့် ဝိညာဏ်၏ (၁) ပဋိသန္ဓေဝိညာဏ် (၂) ပဝတ္တိဝိညာဏ်အားဖြင့် နှစ်ပါးရှိကြောင်းကို ပြဆို၏။ သုတ္တန်နည်းကိုရည်၍ ဝိပါက်ဝိညာဏ်ဟု ဆိုပေသည်။

(၁) ပဋိသန္ဓေအခိုက်၌ဖြစ်သော ဝိပါက်ပေါင်း ၁၉-ခုသည် ပဋိသန္ဓေဝိညာဏ်မည်၏။

(၂) ပဝတ္တိအခါ၌ဖြစ်သော ဝိညာဏ်စုသည် ပဝတ္တိဝိညာဏ်မည်၏။

**ပဋိသန္ဓေဝိညာဏ်အမျိုးမျိုး။** ။ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ် နှစ်ပါးတို့တွင် ပဋိသန္ဓေဝိညာဏ်သည် ရုပ်နှင့် ရောသော ရူပမိဿကဝိညာဏ်,ရုပ်နှင့်မရောသော ရူပအမိဿကဝိညာဏ်ဟူ၍ နှစ်ပါးရှိ၏။ ။ကာမဝိညာဏ်, ရူပဝိညာဏ်, အရူပဝိညာဏ်အားဖြင့် သုံးပါး အပြားရှိ၏။ ။အဏ္ဍဇဝိညာဏ်, ဇလာဗုဇဝိညာဏ်, သံသေဒဇဝိညာဏ်, ဩပပါတိကဝိညာဏ်အားဖြင့် လေးပါး အပြားရှိ၏။ ။ဂတိအားဖြင့် ငါးပါး အပြားရှိ၏။ ။ဧကတ္တကာယနာနာတ္တသညီ စသော ဝိညာဏဋ္ဌိတိအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ။သတ္တာဝါသအားဖြင့် ရှစ်ပါး အပြားရှိ၏။ ။မည်သည့်သင်္ခါရကြောင့် မည်သည့်ဝိညာဏ်ဖြစ်သည် ဟူ၍ ခွဲဝေလေဦး။ ဘုံပိုင်း၌ ဝေဖန်အပ်ပြီးသော အတိုင်း ခွဲဝေရာ၏။ မခဲပြီ။

**ကျေးဇူးပြုပုံ။**　။သင်္ခါရ တို့သည် ဝိညာဏ်တို့အား ပကတူပနိဿယသတ္တိ, နာနာက္ခဏိကကမ္မသတ္တိတို့ဖြင့် ကျေးဇူးပြုကြကုန်၏။

သင်္ခါရပစ္စယာ ဝိညာဏံ ပြီး၏။

**( ၃ ) ဝိညာဏပစ္စယာ နာမရူပံ။**　။ဝိညာဏပစ္စယာ၊ ဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ နာမ်ရုပ် သည်။ သမ္ဘဝတိ၊ ဖြစ်၏။

(၅၀၄) **စေတသိက်မူ၊ နာမ်ဟုယူ၊ ရုပ်မူ ကမ္မဇာ။**

ဤဖြင့် နာမ်ရုပ်အရကို ပြဆို၏။

**နာမ်အရ, ရုပ်အရ။**　။ဝိညာဏ်ကို ပစ္စည်းအနေအားဖြင့် ဆိုပြီးဖြစ်၍ နာမရူပ အရာ၌ စေတသိက်တရားတို့ကို နာမ်ဟူ၍ ကောက်ယူရာ၏။　။ကမ္မဇရုပ်စုကို ဤအရာ၌ ရုပ်ဟူ၍ ကောက်ယူရာ၏။

**သုတ္တန်နည်း** အားဖြင့် လောကီဝိညာဏ်စုနှင့် တကွဖြစ်သော ဝေဒနာက္ခန္ဓာ အစရှိသော ခန္ဓာသုံးပါးသည် နာမ်မည်၏။ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်၊ ပဝတ္တိ အခါ၌ စိတ္တဇရုပ်များသည် ရုပ်မည်၏။

**အဘိဓမ္မာနည်း**အားဖြင့် အလုံးစုံသော ကုသိုလ်ဝိညာဏ်, အကုသိုလ်ဝိညာဏ်, ဝိပါက်ဝိညာဏ်တို့နှင့်ယှဉ်သော စေတသိက်ခန္ဓာသုံးပါးသည် နာမ်မည်၏။ ပြဆို အပ်ပြီးသော ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိစိတ္တဇရုပ်များသည် ရုပ်မည်၏။ အဋ္ဌ- ကထာ၌ကား ပစ္စာဇာတပစ္စည်းကိုရသော အလုံးစုံသော စတုသမုဋ္ဌာနိကရုပ်ကို ဤအရာ၌ ရုပ်ဟူ၍ ကောက်ယူတော်မူ၏။

**နာမ် ၂-မျိုး, ရုပ် ၂-မျိုး။**　။ထိုနာမ်ရုပ်သည်လည်း ပဋိသန္ဓေနာမ်, ပဝတ္တိနာမ်, ပဋိသန္ဓေရုပ်, ပဝတ္တိရုပ်ဟူ၍ နှစ်ပါးစီ အပြားရှိ၏။ ထိုကြောင့်—

(၅၀၅) **ဝိညာဏ်နည်းတူ၊ နှစ်မျိုးယူ၊ အတူ ယှဉ်မကွာ။**

ဟူ၍ ဆိုပေသည်။

ဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်ဟူ၍ နှစ်မျိုး ယူရသကဲ့သို့ နာမ်ရုပ်ကိုလည်း ပဋိသန္ဓိ,ပဝတ္တိနှစ်မျိုးခွဲ၍ ယူလေဟူလို။

ပဋိသန္ဓေဝိညာဏ်နှင့်ယှဉ်သော စေတသိက်စုသည် **ပဋိသန္ဓေနာမ်** မည်၏။　။ ပဝတ္တိဝိညာဏ်နှင့်ယှဉ်သော စေတသိက်စုသည် **ပဝတ္တိနာမ်** မည်၏။

ပဋိသန္ဓေကမ္မဇရုပ်သည် **ပဋိသန္ဓေရုပ်** မည်၏။　။ပဝတ္တိစိတ္တဇရုပ်သည် **ပဝတ္တိရုပ်** မည်၏။

နာမ၌ "အာရမ္မဏေ နမတီတိ နာမံ"။ အာရမ္မဏေ၊ အာရုံ၌။ နမတိ၊ ညွတ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နာမံ၊ နာမ်မည်၏။

ရူပ၌ "ရုပ္ပတီတိ ရူပံ"။ ရုပ္ပတိ၊ အချမ်းအပူစသည်တို့ဖြင့် ဖောက်ပြန်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်၊ ရူပံ၊ ရုပ်မည်၏။

ကျေးဇူးပြုပုံများ။ ။ပစ္စည်းတပ်ပုံကား— ဝိပါက်ဝိညာဏ်စုသည် သမ္ပယုတ်ဖြစ်သော စေတသိက်နာမ်အား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤကိုးပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ။ပဋိသန္ဓေဝိညာဏ်သည် ဟဒယဝတ္ထုရုပ်အား ယခင်ကိုးပစ္စည်းတို့တွင် သမ္ပယုတ္တကို နုတ်၊ ဝိပ္ပယုတ္တကို ထည့်၍ ကိုးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ယင်းပဋိသန္ဓေဝိညာဏ်သည် ဟဒယဝတ္ထုမှ တပါးသော ပဋိသန္ဓေကမ္မဇရုပ်တို့အား ယခင် ဒုတိယကိုးပစ္စည်းတို့တွင် အညမညကိုနုတ်၍ ရှစ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ။ဤသို့စသည်ဖြင့် ကျေးဇူးပြုပုံကို သိလေ။

ဝိညာဏပစ္စယာ နာမရူပံ ပြီး၏။

( ၄ ) နာမရူပပစ္စယာ သဠာယတနံ။ ။နာမရူပပစ္စယာ၊ နာမ် ရုပ် ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ အဇ္ဈတ္တိကာယတနခြောက်ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

နာမ်ရုပ်အရ။ ။နာမ် ရုပ် နှစ်ပါးကြောင့် သဠာယတနဖြစ်သည် ဟူရာ၌ နာမ်ရုပ်အရကား ဝိပါက်၌ယှဉ်သော စေတသိက် ၃၅- တည်းဟူသော ခန္ဓာသုံးပါးသည် နာမ်မည်၏။ ကမ္မဇမဟာဘုတ်လေးပါး, စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ, ဇီဝိတ, ဩဇာ။ ဤရုပ် ၁၂- ပါးသည် ရုပ်မည်၏။ ဤနာမ်ရုပ်နှစ်ပါးကြောင့် သဠာယတနဖြစ်ပေါ်ရ၏။

(၃၀၆) သဠာယတနံ၊ ခြောက်ဌါန၊ မန ဝိပါက်သာ။

ဤဖြင့် သဠာယတနသရုပ်ကို ပြဆို၏။

သဠာယတန။ ။စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, လောကီဝိပါက် ၓာတ္တိံသ တည်းဟူသော မနာယတန၊ ဤတရားစုသည် သဠာယတနမည်၏။ ဤအရာ၌ ဝိပါက်စုကိုသာ မနာယတနဟူ၍ ကောက်ယူရသည်။ ။ထိုကြောင့် "မနဝိပါက်သာ" ဟု ဆိုပေသည်။ ။အာယတနသဒ္ဒါ၏ ဝိဂြိုဟ်ကို အောက်၌ ပြအပ်ပြီ။

**ကျေးဇူးပြုပုံများ။** ။ပစ္စည်းတပ်ပုံမှာ—ဝိပါက်စေတသိက် ခန္ဓာ ၃-ပါးတည်းဟူသော နာမ်သည် သဟဇာတ် မနာယတနအား သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤ ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ဤဝိပါက်စေတသိက် ခန္ဓာ ၃-ပါးတို့တွင် အလောဘ, အဒေါသ, အမောဟ သက်သက်ခွဲ၍ ပစ္စည်းတပ်လျှင် ယခင် ၇-တွင် ဟေတုထည့်၍ ၈-ပစ္စည်း တပ်၏။ စေတနာဖြစ်လျှင် သဟဇာတကမ္မကို ထည့်။ ။ဖဿ, စေတနာဖြစ်လျှင် အာဟာရကိုထည့်။ ။ဝိစာရပီတိဖြစ်လျှင် ဈာနကိုထည့်။ ။ဝေဒနာ, ဇီဝိတ, သဒ္ဓါဖြစ်လျှင် ဣန္ဒြိယကိုထည့်။ ။သတိ, ဝီရိယ, ပညာဖြစ်လျှင် ဣန္ဒြိယ, မဂ္ဂကို ထည့်။ ။ဧကဂ္ဂတာဖြစ်လျှင် ဣန္ဒြိယ, ဈာန, မဂ္ဂထည့်၍ ၁၀-ပစ္စည်းတပ်၏။ ဤသို့ သိလေ။

ဝိပါက်စိတ် ဟူသမျှမှာ စေတသိက်ယှဉ်ကို ရှု၍ ပစ္စည်းတပ်ပုံကို သိ။ ပဉ္စဝိညာဏ်မှာ စေတသိက် ၇-သာရသည်ဖြစ်၍ ဟေတု, ဈာန, မဂ္ဂတို့နှင့် မဆိုင်။ ယခင် ၇-ပစ္စည်းတွင် ကမ္မ, အာဟာရ, ဣန္ဒြိယတို့ကို ထိုက်သည်အားလျော်စွာ ထည့်၍ ဝေဖန်လေ။

စတုဝေါကာရဘုံ၌ ပဋိသန္ဓိ,ပဝတ္တိ ၂-ပါး၌ စေတသိက်နာမ်စုသည် မနာယတနအားသာ ပြဆိုခဲ့ပြီးသောအတိုင်း ပစ္စည်းတပ်၏။ ရုပ်မရှိ၍ ရုပ်နှင့် မဆိုင်။

ပဉ္စဝေါကာရ ပဋိသန္ဓေအခါ ဝိပါက်နာမ် စေတသိက်ခန္ဓာ ၃- ပါးတို့သည် ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော မနာယတနအား ဆိုခဲ့ပြီးသောအတိုင်း သဟဇာတ,အညမည,နိဿယ,ဝိပါက,သမ္ပယုတ္တ,အတ္ထိ,အဝိဂတ။ဤ ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေမနာယတနအား ဆိုခဲ့ပြီးသော ၇-တွင် ဝိပါက, သမ္ပယုတ္တကို နုတ်။ ဝိပ္ပယုတ္တကိုထည့်၍ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ ရှေးရှေးသောစိတ်နှင့် တူပြိုင်ဥပါဒ်သော ဟဒယ ဝတ္ထုသည် ဝိပါက်မနာယတနအား နိဿယ,ပုရေဇာတ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၅-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

မဇ္ဈိမာယုကဖြစ်သော ပဉ္စာယတနသည် ပဉ္စဝိညာဏ်မနာယတနအား နိဿယ,ပုရေဇာတ,ဣန္ဒြိယ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ပဉ္စဝေါကာရ ပဋိသန္ဓေအခါ ဝိပါက်စေတသိက်နာမ်ခန္ဓာ ၃-ပါးတို့သည် ပဉ္စာယတနအား သဟဇာတ,နိဿယ,ဝိပါက,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ပဝတ္တိအခါ ၎င်းစေတသိက် ဝိပါက်နာမ်ခန္ဓာ ၃-ပါးတို့သည် ပဥ္စာယတနအား ပစ္ဆာဇာတ,ဝိပ္ပယုတ္တ,အတ္ထိ,အဝိဂတ ၄-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤကား ရုပ်နာမ် ၂-ပါးတို့ ထိုက်သည်အားလျော်စွာ ကျေးဇူးပြုပုံတည်း။

ရုပ်သည် ရုပ်အား ကျေးဇူးပြုပုံကား – မဟာဘုတ်၄-ပါးတို့သည် ကလာပ်တူ ပဥ္စာယတနအား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ ၄ - ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ရုပ်ဇီဝိတသည် ကလာပ်တူပဥ္စာယတနအား ဣန္ဒြိယ,အတ္ထိ,အဝိဂတ ၃-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကာမဘုံ၌ ကဗဠီကာရသည် ကလာပ်တူ ကလာပ်ပြား ပဥ္စာယတနအား အာဟာရ, အတ္ထိ, အဝိဂတ ၃-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ပေါင်းသော် နာမ်ရုပ်သည် သဠာယတနအား ၁၆-ပစ္စည်း တပ်၏။

နာမရူပပစ္စယာ သဠာယတနံ ပြီး၏။

(၅) **သဠာယတနပစ္စယာ ဖဿော။** ။သဠာယတနပစ္စယာ၊ သဠာယတန ဟူသော အကြောင်းကြောင့်။ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

**မနာယတနနှင့်ဖဿ ၆-မျိုး။** ။သဠာယတနကြောင့် ဖဿဖြစ်သည် ဟူရာ၌ သဠာယတနခြောက်ပါးတို့တွင် လောကီဝိပါက် ဗာတ္တိံသ တည်းဟူသော မနာယတနကို စက္ခုဝိညာဏ်။ ပ။ ကာယဝိညာဏ်, မနောဝိညာဏ်ဟူ၍ ဝိညာဏ်ခြောက်ပါးဖြစ်အောင် ဝေဖန်ရာ၏။ ဤ ဝိညာဏ်ခြောက်ပါးနှင့် စပ်ယှဉ်၍ ဖဿကိုလည်း ခြောက်ပါးဖြစ်အောင် ဝေဖန်ရာ၏။ ဝေဖန်ပုံကား— -စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ။ ဤကား ဖဿခြောက်ပါးဝေဖန်ပုံတည်း။ ဤဖဿခြောက်ပါးကိုရည်၍——

(၅၀၇) **ဝိညာဏ်ဓခြောက်ဝ၊ ယှဉ်တုံကြ၊ ဖဿ ဝေဒနာ။**

ဟုဆိုပေသည်။

**ဖဿ, စက္ခုသမ္ဖဿစသည်မည်ပုံ။** ။"သံဖုသတေ သမ္ဖဿော"။ သံဖုသတေ၊ တွေ့ထိခြင်း။ သမ္ဖဿော၊ တွေ့ထိခြင်း။ "စက္ခုဝိညာဏေန သမ္ပယုတ္တော သမ္ဖဿောတိ စက္ခုသမ္ဖဿော"။ စက္ခုဝိညာဏေန၊ စက္ခုဝိညာဏ်နှင့်။ သမ္ပယုတ္တော၊ ယှဉ်သော။ သမ္ဖဿော၊ တွေ့ထိခြင်းတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿမည်၏။

**ဖဿဖြစ်ပေါ်ပုံအဓိပ္ပါယ်အမြွက်ကား။** ။ပကတိဖြစ်သော ဖလ်ကြည့် မှန်ကြည် တို့၌ နေဝန်း လဝန်းအစရှိသော အထည်ဝတ္ထုအမျိုးမျိုးတို့သည် ထင်လာကြကုန်ဘိသကဲ့သို့ ဤကိုယ်ခန္ဓာ၌ရှိသော စက္ခုအစရှိသော ကမ္ဗဇဓာတ်မှန်အကြည်တို့၌လည်း နေဝန်း, လဝန်း, မိုးသံ, လေသံအစရှိသော အာရုံအမျိုးမျိုးတို့သည်လည်း ထင်ကြကုန်၏။ ထင်ကြကုန်သည်ရှိသော် ထင်ရာ ခိုက်ရာဌာနတို့၌ စက္ခုဝိညာဏ်စသော ဝိညာဏ်တို့သည် ထိုက်သင့်သည်အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏။ တိမ်တိုက်နှစ်ခုတို့၏ ထိခိုက်မိရာ၌ လျှပ်ရောင်ဖြစ်သကဲ့သို့၎င်း၊ ကျောက်နှင့်မီးခတ်သံတုံး ထိခိုက်မိရာ၌ မီးတောက်မီးပွါး ပွင့်ပေါ်သကဲ့သို့၎င်း မှတ်ရာ၏။ စက္ခုအစရှိသော အတွင်းဓာတ်မှန်တခု၊ ရူပါရုံအစရှိသော အပအာရုံဓာတ်တခု၊ ထိုဓာတ်နှစ်ပါးတို့၏ ထိခိုက်မှုကြောင့်ဖြစ်သော စက္ခုဝိညာဏ်အစရှိသော ဝိညာဏ်ဓာတ်တခု၊ ထိုဓာတ်သုံးပါးတို့၏ ပေါင်းဆုံစည်းဝေး၍ တွေ့ထိသောအမှုအရာအားဖြင့် ဖြစ်ပေါ်မှုသည် ဖဿမည်ပေ၏။

ထိုကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အစရှိသည်တို့၌ "စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော" စသည်ဖြင့် ဟောတော်မူ၏။ စက္ခုဉ္စ၊ စက္ခုတည်းဟူသော အတွင်းဓာတ်မှန်ကို၎င်း။ ရူပေ စ၊ ရူပါရုံတည်းဟူသော ဗဟိဒ္ဓအာရုံဓာတ်တို့ကို၎င်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်ဓာတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တိဏ္ဏံ၊ စက္ခုပသာဒ,ရူပါရုံ,စက္ခုဝိညာဏ်တည်းဟူသော ဓာတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံစည်းဝေးမိ၍ တွေ့ထိသောအမှုအရာသည်။ဖဿော၊ ဖဿမည်၏။ (ဤကား အနက်)။ သောတသမ္ဖဿစသည်တို့၌လည်း သောတဓာတ်, သဒ္ဒါရုံ, သောတဝိညာဏ်တို့၏ ပေါင်းဆုံစည်းဝေးမိ၍ တွေ့ထိသော အမှုအရာစသည်တို့သည် သောတသမ္ဖဿစသည် မည်ကုန်၏ ဟူ၍ သိလေ။

**ဖဿ၏ဆောင်ရွက်ချက်။** ။ထိုဖဿသည် မိမိနှင့်ပေါင်းဆုံမိသော ရူပါရုံအစရှိသော အာရုံခြောက်ပါးတို့၏ ကောင်းသော ရသဂုဏ်, မကောင်းသောရသဂုဏ်တို့ကို အကုန်ပေါ်တက် ဖွားဖွားထွက်အောင် ကြိတ်နယ်ထိခိုက်၍ ပေးပေ၏။ ကြံညှစ်ယန္တရားစက်သည် ကြံချောင်း၌ရှိသော အရည်တို့ကို အကုန်ပေါ်တက် ဖွားဖွားထွက်အောင် ကြိတ်ဝါးလေဘိသကဲ့သို့တည်း။ ဤအဓိပ္ပါယ်စုကိုရည်၍—

ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပမာပြမူ၊ သိကြွားစက်ရှိန်၊

လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရှပ်ရှပ်ဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နည်သောအား၊ တွေ့ထိငြားက၊ ဤကား ဣဋ္ဌ၊ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ဤမျှကောင်း ဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊ အကုန်ပေါ်ထွက်၊ ရွှန်းရွှန်းတက်၍၊ မက်ဖွယ်မုန်းဖွယ်၊ အနှုန်းချယ်သည်။ ။ခြောက်သွယ်ဖဿ စွမ်းရည်တည်း။

ဟူ၍ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာ၌ စပ်ဆိုတော်မူပေသည်။

**ကျေးဇူးပြုပုံများ။** ။ပစ္စည်းတပ်ပုံမှာ စက္ခာယတနသည် စက္ခုသမ္ဖဿအား နိဿယ, ပုရေဇာတ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သောတာယတန စသည်တို့သည်လည်း သောတသမ္ဖဿစသည်တို့အား ဤနည်းအတိုင်းပင် ခြောက်ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။

မနာယတနတည်းဟူသော ဝိပါက်စိတ်သည် သမ္ပယုတ်ဖြစ်သော မနော သမ္ဖဿအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤကိုးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေ၏[၁]။

သဠာယတနပစ္စယာ ဖဿော ပြီး၏။

(၆) **ဖဿပစ္စယာ ဝေဒနာ။** ။ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်း ကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဖဿကြောင့် ဝေဒနာဖြစ်ပေါ်သည်ဆိုရာ၌ ဖဿသည် အာရုံ၏ ကောင်းသော ရသဂုဏ်, မကောင်းသော ရသဂုဏ်များကို ပေါ်ထွက်အောင် ကြိတ်နယ်သောအားဖြင့် ထိခိုက်၍ပေး၏။ ထိုသို့ ဖဿ ကြိတ်နယ်မှုအတွက် ကြောင့် အာရုံ၏ အရသာကို ခံစားသော ဝေဒနာ ဖြစ်ပေါ်လာသည်ဟု ဆိုလိုသည်။

**ဝေဒနာ ၆-မျိုး။** ။ဝေဒနာကိုလည်း ဖဿ အားလျော်စွာ ခြောက်ပါး ဖြစ် အောင် ဝေဖန်ရာ၏၊ ဝေဖန်ပုံကား—

စက္ခုသမ္ဖဿဇာဝေဒနာ။ပ။ ကာယသမ္ဖဿဇာဝေဒနာ, မနောသမ္ဖဿဇာ- ဝေဒနာ။ ဤကား ဝေဒနာခြောက်ပါး ဝေဖန်ပုံတည်း။ "စက္ခုသမ္ဖဿတော

---

၁။ ဗာဟိရာယတနတို့တွင် ရူပါယတနသည် စက္ခုသမ္ဖဿအား အာရမ္မဏ, ပုရေဇာတ, အတ္ထိ, အဝိဂတဟူသော လေးပစ္စယတို့ဖြင့် ကျေးဇူးပြုကြောင်းကိုရင်း၊ သဒ္ဒါယတနနှင့် သောတသမ္ဖဿစသည်တို့၌လည်း နည်းတူ လေးပစ္စယစီဖြစ်ကြောင်းကိုရင်း ဖြည့်စွက်မှတ်ယူ သင့်၏။ (အဘိ-ဋ္ဌ ၂-၁၆၉ ဥဒ္ဒြုပ်)။

ဇာတာ ဝေဒနာတိ စက္ခုသမ္ဘဿဇာဝေဒနာ”။ စက္ခုသမ္ဘဿတော၊ စက္ခု-သမ္ဘဿကြောင့်။ ဇာတာ၊ ဖြစ်ပေါ်သော။ ဝေဒနာ၊ ဝေဒနာတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ စက္ခုသမ္ဘဿဇာဝေဒနာ၊ စက္ခုသမ္ဘဿဇာဝေဒနာ မည်၏။ သောတသမ္ဘဿဇာဝေဒနာ စသည်တို့၌လည်း ဤနည်းအတိုင်း ဝိဂ္ဂြိုဟ် ဆိုလေ။

အဓိပ္ပါယ်အမြွက်ကား—ဖဿ ခြောက်ပါးတို့သည် မိမိတို့နှင့် တွေ့ထိသော အာရုံခြောက်ပါးတို့၏ အရသာကို မပေါ် ပေါ်အောင် ကြိတ်နယ်၍ ထုတ်ဆောင်၏။ ဖဿအတွက် ပေါ်လာသော အာရုံ၏ အရသာကို ကောင်းလျှင် ကောင်းသည့်အလျောက် မကောင်းလျှင် မကောင်းသည့်အလျောက် ဝေဒနာသည် စောင့်၍ ခံစား၏။ ဝေဒနာသည် အာရုံ၏အရသာကို ခံစားမှု၌ အစိုးရသော အရှင် ဖြစ်ပေ၏။ သာယာဖွယ်ဖြစ်သော ဣဋ္ဌာရုံနှင့်တွေ့လျှင် ရွှင်ရွှင်လန်းလန်း ဝမ်းမြောက်ဝမ်းသာ ခံစားလေ၏။ ထိုအခါ ထိုဝေဒနာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် ဖြစ်လေ၏။ မသာယာဖွယ် မုန်းဖွယ် ရွံဖွယ်သော အနိဋ္ဌာရုံနှင့်တွေ့လျှင် ညှိုးညှိုး နွမ်းနွမ်း မချမ်းမသာ ခံစားလေ၏။ ထိုအခါ ထိုဝေဒနာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ပူပူပင်ပင် မရွှင်မလန်းသော မျက်နှာရှိသည်ဖြစ်၍ ခြောက်ခြောက် သွေ့သွေ့ ညှိုးညှိုး နွမ်းနွမ်း ဖြစ်ရလေ၏။ ချမ်းချမ်းသာသာ ခံစားမှုတည်းဟူသော သုခဝေဒနာကို သတ္တဝါတိုင်းပင် အလိုရှိကြကုန်၏။ ထိုသုခဝေဒနာအတွက် နေ့နေ့ညည ကြောင့်ကြစိုက်၍ အားထုတ်ကြရကုန်၏။ ဤလောက၌ မြင်မြင်သမျှသော သတ္တဝါတို့၏ ကာယကံလှုပ်ရှားမှု, ဝစီကံလှုပ်ရှားမှု ဟူသမျှသည် သုခဝေဒနာအတွက်ကြောင့်သာလျှင် ဖြစ်ရ၏။ သုခဝေဒနာသို့သာ ကိုင်းရှိုင်းလျက်ရှိနေကြ၏။ ထို သုခဝေဒနာသည် သမုဒယသစ္စာတဏှာ၏ အကြောင်းရင်းကြီးဖြစ်၍ ဒုက္ခမူလကြီးဟု ဆိုထိုက်၏။ ချမ်းသာကို အလိုရှိ၍ သုခဝေဒနာကို ဆည်းပူးသမျှ ကာလပတ်လုံး ဒုက္ခအထုပ်အထည်ကြီးကိုသာလျှင် မရ ရကြောင်း ဆည်းပူးလေသည်သာ မည်၏။ ဒုက္ခများအောင် အားထုတ်သည်သာ မည်ချေ၏။ ဤအဓိပ္ပါယ်စုကို ရည်၍—

> ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိတ်နည်သောအား၊ စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မြေမြေတုန်လျက်၊ ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည်၊ အရည်ဓိးဓိး၊ ယိုထွက်စီးသော်၊ ခါတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊ ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦးရှန်းစည်၊ အာရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုဘသုဘာ၊ သာမသာနှင့်၊ ထွေလာများတောင်း၊ ကောင်း မကောင်းလည်း၊ ထောင်းထောင်း ဝေါဝေါ၊ သိထင်ပေါ်၍၊ ကောင်းသော်စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်းနှလုံး၊ စွင့်စွင့်ပြုံး၏၊ မုန်းဖွယ်တွေ့က၊ ခြောက်သွေ့ နွမ်းညှိုး၊

နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊ မရွှင်မလန်း၊ စိတ်ကုန်ခန်း၏၊ ချမ်းသာသုခ၊ တခုမျှ၌၊ လောကအထု၊ အကုန်စု၏၊ ပုပ္ပုရွှရွ၊ မြင်သမျှလည်း၊ သုခဘ္တိချည်း၊ လုံ့လသည်း၏၊ အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ထား၍၊ အမျှားလောက၊ ရှိသမျှကား၊ ဒုက္ခပွါးမှု၊ များစွာပြုသည်။ ။သုခဝေဒနာ စွမ်းရည်တည်း။ ။ဟူ၍ စပ်ဆိုတော်မူသည်။

**၈-ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပုံ။** ။ပစ္စည်းတပ်ပုံမှာ ဖဿသည် သဟဇာတ်ဝေဒနာအား သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ။ ဤ ရှစ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ဖဿပစ္စယာ ဝေဒနာ ပြီး၏။

(၇) **ဝေဒနာပစ္စယာ တဏှာ။** ။ဝေဒနာပစ္စယာ၊ ဝေဒနာ ဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။ ဝေဒနာကြောင့် တဏှာဖြစ်သည်ဆိုရာ၌ ခံစားမှုတည်းဟူသော ဝေဒနာရှိခြင်းကြောင့်သာလျှင် တဏှာဖြစ်ရ၏။ ဝေဒနာခေတ် မရှိလျှင် တဏှာခေတ်လည်း ရှိမည်မဟုတ်။ ဝေဒနာသည် ခံစားရုံမျှသာလျှင်တည်း။ တဏှာသည်ကား ခံစားအပ်သော အာရုံကို စွဲလမ်းသာယာ၏။

**တဏှာ ၆-မျိုး။** ။ထိုတဏှာသည် သာယာစွဲလမ်းအပ်သော အာရုံအားဖြင့် ခြောက်ပါးရှိ၏။ ရူပတဏှာ။ပ။ ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ။ ဤကား တဏှာ ခြောက်ပါးပေတည်း။ ဤကို ရည်၍—

(၁၀၈) ခြောက်ပါးအာရုံ၊ သာယာတုံ၊ ခြောက်စုံ ညစ်တဏှာ။

ဟူ၍ ဆိုပေသည်။

**တဏှာမည်ပုံ။** ။"တဿတိ ပရိတဿတီတိ တဏှာ"။ တဿတိ ပရိတဿတိ၊ ထက်ဝန်းကျင်မှ တောင့်တတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။ တဏှာ၊ တဏှာမည်၏။ အမြဲမပြတ် ငတ်မွတ်ခေါင်းပါး၍ နေသောသူသည် အစာရေစာကို လွန်စွာ တောင့်တဘိသကဲ့သို့ အာရုံခြောက်ပါးဖြင့် သရော တိုက်၍ ဒုဗ္ဘိက္ခန္တရကပ် တိုက်ခြင်းကို အမြဲခံနေရသော တဏှာတရားသည် အာရုံခြောက်ပါးအတွက် ရပ်တည်မရ တောင့်တတတ်လေသည် ဟူလို။

တနည်းကား "တဿန္တိ ပရိတဿန္တိ သတ္တာ ဧတာယာတိ တဏှာ"။ ဧတာယ၊ ဤတရားသဘောဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တဿန္တိ ပရိတဿန္တိ၊ ထက်ဝန်းကျင်မှ တောင့်တတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့တောင့်တကြောင်းဖြစ်သော သတ္တိကြောင့်။ တဏှာ၊ တဏှာမည်၏။

**တဏှာ ၆-ပါး အခ‌ဓိပ္ပါယ်။** ။"ရူပေ တဏှာတိ ရူပတဏှာ"။ ရူပေ၊ ရူပါရုံ၌။ တဏှာ၊ တောင့်တတတ်သော တဏှာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ရူပတဏှာ၊ ရူပတဏှာမည်၏။ သဒ္ဒတဏှာစသည်တို့၌လည်း ဤနည်းအတိုင်း သိလေ။ ရူပါရုံ၌ သာယာသော တဏှာသည် ရူပတဏှာမည်၏။ သဒ္ဒါရုံ၌ သာယာသော တဏှာသည် သဒ္ဒတဏှာမည်၏။ပ။ တဏှာ၏ဆိုင်ရာ ဓမ္မာရုံတို့၌ သာယာတပ်မက်သော တဏှာသည် ဓမ္မတဏှာမည်၏။ ဆိုလိုရင်းမှာ အနမတဂ္ဂဘဝသံသရာအဆက်ဆက်တို့၌ ရူပါရုံတည်းဟူသော အစာရေစာဖြင့် မဝနိုင် တင်းမတိမ်နိုင်ဘဲ တငတ်ထည်း ငတ်၍လာသော တဏှာသည် ရူပတဏှာမည်၏။ ရူပါရုံဆိုလျှင် ခုံခုံမင်မင် ခင်ခင်တွယ်တွယ် စွဲလမ်းတမ်းတကာ မြှော်လင့်ကာနေသော တဏှာကို ဆိုလိုသည်။ပ။ ဓမ္မာရုံတည်းဟူသော အစာရေစာဖြင့် မဝနိုင် တင်းမတိမ်နိုင်ဘဲ တငတ်ထည်း ငတ်၍လာသော တဏှာသည် ဓမ္မတဏှာမည်၏။ သာယာဖွယ်ဓမ္မာရုံဆိုလျှင် ခုံခုံမင်မင် ခင်ခင်တွယ်တွယ် စွဲလမ်းတမ်းတကာ မြှော်လင့်ကာနေသောတဏှာဟူ၍ ဆိုလိုသည်။

**ရူပတဏှာစသည်ဖြစ်ပေါ်ပုံ။** ။"စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော။ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ" ဟူသော ပါဠိတော်နှင့်အညီ ရူပါရုံနှင့် စက္ခုပသာဒနှစ်ပါးတို့၏ အချင်းချင်းထင်မှု ထိခိုက်မှုကြောင့် စက္ခုဝိညာဏဓာတ် ဖြစ်ပေါ်၍လာ၏။ ဆိုပြီးသော တရားသုံးပါးတို့၏ ပေါင်းဆုံ စည်းဝေးမိခြင်းကိုပင်လျှင် စက္ခုသမ္ဖဿဟူ၍ ခေါ်ဆိုအပ်၏။ ထိုစက္ခုသမ္ဖဿ‌ဒ‌တွက်ကြောင့် ရူပါရုံ၏ အရသာကို ခံစားတတ်သော စက္ခုသမ္ဖဿဇာဝေဒနာဓာတ် ဖြစ်ပေါ်၍လာ၏။ ထိုဝေဒနာအတွက်ကြောင့် ဝေဒနာခံစားအပ်သော ရူပါရုံ၌ စွဲလမ်းငြိကပ် တပ်မက်ခင်မင်၍နေသော တဏှာဓာတ် ဖြစ်ပေါ်၍လာ၏။ ထိုတဏှာကို ရူပတဏှာဟူ၍ ဆိုရလေသည်။ သဒ္ဒတဏှာစသည်တို့၏ ဖြစ်ပုံကိုလည်း ဤသို့ အကြောင်းမူလနှင့်တကွ သိရာ၏။

**တဏှာ ၁၀၈။** ။ထိုတဏှာကို မြှောက်ပွါးလျှင် ၁၀၈-ပါးရှိ၏။ "တဏှာအစစ် တရာ့ရှစ်" ဟူ၍လည်း ရှေးဆရာကြီးတို့ ဆိုကြကုန်၏။ မြှောက်ပွါးပုံမှာ ပြဆိုအပ်ပြီးသော တဏှာခြောက်ပါးကို ကာမ, ဘဝ, ဝိဘဝ, သုံးပါးနှင့်မြှောက် ၁၈-ပါးဖြစ်၏။ ထို ၁၈-ပါးကို အဇ္ဈတ္တ,ဗဟိဒ္ဓဟု ဆိုအပ်သော သန္တာန်နှစ်ပါးနှင့်မြှောက်ပြန် ၃၆-ပါးဖြစ်၏။ ထိုသုံးဆဲ့ခြောက်ပါးကို ကာလ ၃-ပါးနှင့်မြှောက်လျှင် ၁၀၈-ဖြစ်၏။ (ဤကား ရှေးဆရာတို့ မြှောက်ပွါးသော နည်းအတိုင်း ပြဆိုအပ်သော တဏှာအစစ် တရာ့ရှစ်ပေတည်း။)[၁]

---

၁။ အဘိ၊ဋ္ဌ-၂—၁၇၁-၌ ဤတဏှာ ၁၀၈ ယူပုံ ပါသည်။

ဆင်းရဲမှု ဒုက္ခဝေဒနာရှိသောသူသည် တဏှာတရားအတွက် ချမ်းသာမှု သုခကို တောင့်တမြော်လင့်ရ၏၊ ချမ်းသာမှုသုခရှိသော သူသည်လည်း ရေနံကို သောက်မိသောန္မားကဲ့သို့ တိုးတက်၍ တောင့်တပူပန်ရပြန်၏။ ဥပေက္ခာဝေဒနာကိုကား ငြိမ်သက်သော သဘောသတ္တိကြောင့် သုခဝေဒနာ၌သွင်း၍ ရေတွက်အပ်၏။

**ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်း။** ။ထိုကြောင့် ဝေဒနာဟူသမျှသည် တဏှာ အား ပကတူပနိဿယ သတ္တိဖြင့် ပစ္စည်းပြုပေ၏။

ဤသို့ဝေဒနာကြောင့် တဏှာဖြစ်ပေါ်မှုကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

> သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရှမ်း၊ အစိမ့်မွမ်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွါး၍၊ ခြောက်ပါး ဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနေး၊ လိုတိုင်းပေးသည့်၊ သေဌေး ရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေ လုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုး နံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဥ္စာရုံနှင့်၊ ခြောက်စုံ ဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်း ဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိမ်မက်တွင်မျှ၊ မမြင်ရဘဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။ ။ခြောက်သင်းတဏှာ စွမ်းရည်တည်း။ ။ဟူ၍ စပ်ဆိုတော်မူသည်။

ဝေဒနာကြောင့် တဏှာဖြစ်သည်ဟူ၍ ဆိုသော်လည်း တဏှာဖြစ်ပေါ်မှုသည် အနုသယဓာတ်နှင့် စပ်လျက် ရှိနေ၏။ အနုသယဓာတ်ခံရှိသော သူ၌သာလျှင် တဏှာဖြစ်ပေါ်၏။ အနုသယဓာတ် ချုပ်ငြိမ်းလေပြီးသော ပုဂ္ဂိုလ်၌မူကား တဏှာမဖြစ်နိုင်။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဝေဒနာအတွက်နှင့် တဏှာဖြစ်ခွင့် မရှိပေ။

ဝေဒနာပစ္စယာ တဏှာ ပြီး၏။

**(၈) တဏှာပစ္စယာ ဥပါဒါနံ။** ။တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်း ကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

**တဏှာရင့်လာသည်ကိုပင် ဥပါဒါန်ဆိုကြောင်း။** ။တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုရာ၌ "ဖွတ်ကြီးလျှင် မိကျောင်း။ မြွေကြီးလျှင်-နဂါး။ တဇ္ဇေကြီးလျှင်-သူရဲ၊ သူရဲကြီးလျှင်-သံဘက်" ဆိုဘိသကဲ့သို့ တဏှာစေတ်မှ တဆင့်တဆင့်ရင့်သန်၍ အပြင်းအထန် စွဲလမ်းမှုကြီး ဖြစ်ပေါ်၍လာ၏။ ထိုသို့ အပြင်းအထန် စွဲလမ်းမှုကိုပင်လျှင် ဥပါဒါန်ဆိုသည်။

**ဥပါဒါန်လေးမျိုး။** ။ထိုဥပါဒါန်သည် သမုစ္စည်းပိုင်း၌ ပြဆိုအပ်ပြီးသော အတိုင်း ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် လေးပါးရှိ၏။ ထိုကြောင့်—

(၁၀၉) ကာမ,ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တ စွဲသန်၊ ဥပါဒါန်၊ လေးတန် သရုပ်ပြ။

ဟူ၍ဆိုပေသည်။

ဥပါဒါနသဒ္ဒါ၏ဝစနတ္ထကို သမုစ္စည်းပိုင်းမှာယူလေ။

**ကာမုပါဒါန်။** ။ထိုလေးပါးတို့တွင် မိမိတို့၏ ကိုယ်ခန္ဓာနှင့် တကွ ပစ္စည်းဥစ္စာ ရတနာရွှေငွေ လယ်မြေ ကျွဲ နွား သားမယားစသော ကာမဝတ္ထု ကာမအာရုံတို့၌ အပြင်းအထန်စွဲလမ်းသော တဏှာကို ကာမုပါဒါန်ခေါ်သည်။

**ကာမုပါဒါန်၆-ပါး။** ။ရူပါရုံ အဆောက်အဦစုမှာ စွဲလမ်းသော ကာမုပါဒါန် သဒ္ဒါရုံ အဆောက်အဦစုမှာ စွဲလမ်းသော ကာမုပါဒါန် စသောအားဖြင့် အာရုံနှင့်ဝေဖန်လျှင် ခြောက်ပါး အပြားရှိ၏။

**ဒိဋ္ဌုပါဒါန်။** ။သုံးပါးသော နိယတမိစ္ဆာဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ အစရှိသော အားဖြင့် မှားမှားယွင်းယွင်း ပြင်းပြင်း ထန်ထန် အစွဲသန်သော မိစ္ဆာဒိဋ္ဌိများကို ဒိဋ္ဌုပါဒါန်ခေါ်သည်။

**သီလဗ္ဗတုပါဒါန်။** ။နွားတို့၏ အလေ့အကျင့် ခွေးတို့၏အလေ့အကျင့်များကို ကျင့်ကြံမှုသည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်စင်ကြယ်စေတတ်သော အကျင့်ဟူ၍ အပြင်းအထန် အစွဲသန်မှုကို သီလဗ္ဗတုပါဒါန်ခေါ်သည်။ မြတ်စွာဘုရားလက်ထက်တော်အခါ ဂေါဝတိကတက္ကဒွန်း ကုက္ကုရဝတိက တက္ကဒွန်းတို့၏ အကျင့်များပေတည်း။

**အတ္တဝါဒုပါဒါန်နှင့်သက္ကာယဒိဋ္ဌိ။** ။ခန္ဓာငါးပါးတို့၌ ငါ,ငါဟူ၍ ပြောကြဆိုကြ စွဲလမ်းကြမှုများကို သက္ကာယ ဒိဋ္ဌိခေါ်သည်။ (သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့ကို ယူလေ)[၁]။

---

၁။ သက္ကာယ ဒိဋ္ဌိ ၂၀-တို့ကို သမုစ္စည်းပိုင်း (၂၀၄-၌)ပြန်ရှုပါ။

ဆင်းရဲမှု ဒုက္ခဝေဒနာရှိသောသူသည် တဏှာတရားအတွက် ချမ်းသာမှု သုခကို တောင့်တမြော်လင့်ရ၏၊ ချမ်းသာမှုသုခရှိသော သူသည်လည်း ရေငန်ကို သောက်မိသောသူ့နွားကဲ့သို့ တိုးတက်၍ တောင့်တပူပန်ရပြန်၏။ ဥပေက္ခာဝေဒနာကိုကား ငြိမ်သက်သော သဘောသတ္တိကြောင့် သုခဝေဒနာ၌သွင်း၍ ရေတွက်အပ်၏။

ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်း။ ။ထိုကြောင့် ဝေဒနာဟူသမျှသည် တဏှာ အား ပကတူပနိဿယ သတ္တိဖြင့် ပစ္စည်းပြုပေ၏။

ဤသို့ဝေဒနာကြောင့် တဏှာဖြစ်ပေါ်မှုကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရှမ်း၊ အစိမ့်မွမ်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွါး၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည့်၊ သေရေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဥ္စာရုံနှင့်၊ ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နှေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိမ်မက်တွင်မျှ၊ မမြင်ရဘဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။ ။ခြောက်သင်းတဏှာ စွမ်းရည်တည်း။ ။ဟူ၍ စပ်ဆိုတော်မူသည်။

ဝေဒနာကြောင့် တဏှာဖြစ်သည်ဟူ၍ ဆိုသော်လည်း တဏှာဖြစ်ပေါ်မှုသည် အနုသယဓာတ်နှင့် စပ်လျက် ရှိနေ၏။ အနုသယဓာတ်ခံရှိသော သူ၌သာလျှင် တဏှာဖြစ်ပေါ်၏။ အနုသယဓာတ် ချုပ်ငြိမ်းလေပြီးသော ပုဂ္ဂိုလ်၌မူကား တဏှာမဖြစ်နိုင်။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဝေဒနာအတွက်နှင့် တဏှာဖြစ်ခွင့် မရှိပေ။

ဝေဒနာပစ္စယာ တဏှာ ပြီး၏။

(၈) တဏှာပစ္စယာ ဥပါဒါနံ။ ။တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

တည်းဟူသော ပရိယေသနဒုက္ခ၏အကြောင်း သမုဒယကြီး ဖြစ်၏။ ဥပါဒါန်သည် ရှာမှီး၍ လက်သို့ရောက်ရှိပြီးသော လောကီအာရုံ ကာမဂုဏ်မှုတို့ကို ယုယုယယ စောင့်ရှောက် ထိန်းသိမ်းရခြင်း တည်းဟူသော အာရက္ခဒုက္ခ၏ အကြောင်းသမုဒယကြီး ဖြစ်၏။

**ကျေးဇူးပြုပုံ။** ။ပစ္စည်းတပ်ပုံမှာ ရှေးဖြစ်သောတဏှာသည် နောက်ဖြစ်သော ကာမုပါဒါန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ တဏှာသည် ကာမုပါဒါန်မှတပါးသော ဥပါဒါန်တရားသုံးပါးတို့အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ[၁]၊ ဤ ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (ဤကား သဟဇာတမျိုးဖြင့် ပစ္စည်းပြုပုံတည်း။) ရှေးဖြစ်သော တဏှာသည် နောက်၌ဖြစ်သော ယခင်ဥပါဒါန် ၃-ပါးတို့အား ပကတူပနိဿယသတ္တိတပါးဖြင့် ကျေးဇူးပြု၏။

တဏှာပစ္စယာ ဥပါဒါနံ ပြီး၏။

**(၉) ဥပါဒါနပစ္စယာ ဘဝေါ။** ။ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။

**ဘဝနှစ်မျိုး။** ။ဥပါဒါန်ကြောင့် ဘဝဖြစ်သည် ဆိုရာ၌—ဘဝသည် (၁) ကမ္မဘဝ (၂) ဥပပတ္တိဘဝအားဖြင့် နှစ်ပါးအပြားရှိ၏။

**ကမ္မဘဝ။** ။ထိုတွင် အကုသလကမ္မပထဆယ်ပါး, ကုသလကမ္မပထဆယ်ပါးသည် ကမ္မဘဝမည်၏။ လောကီဖြစ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာ ထိုစေတနာတို့နှင့် သမ္ပယုတ်ဖြစ်သော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည်၎င်း၊ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိတို့သည်၎င်း ကမ္မဘဝ မည်ကုန်၏ ဟူလို။ ဤကမ္မဘဝကိုရည်၍—

**(၅၁၀) ကုသလာ, ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မ ဘဝသာ။**

ဟူ၍ ဆိုပေသည်။

**ဥပပတ္တိဘဝ။** ။ကံကြောင့်ဖြစ်ကုန်သော လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇရုပ် ဝီသတို့သည် ဥပပတ္တိဘဝ မည်ကုန်၏။ ဤဥပပတ္တိဘဝကိုရည်၍—

---

၁။ အဋ္ဌကထာ၌ သဟ, အည, နိ, သမ်, အတိ, အဝိ, ဟေတု—ဟု အစဉ်ကိုပြ၏။ ဆရာဦးမောင်ကြီးကမူ ၂၄-ပစ္စယအတိုင်း အစဉ်ကျအောင် အဋ္ဌကထာသို့ မလိုက်ဘဲ ပြုဟန်တူပေသည်။

ဆင်းရဲမှု ဒုက္ခဝေဒနာရှိသောသူသည် တဏှာတရားအတွက် ချမ်းသာမှု သုခကို တောင့်တမြော်လင့်ရ၏၊ ချမ်းသာမှုသုခရှိသော သူသည်လည်း ရေငန်ကို သောက်မိသောသူ့ကဲ့သို့ တိုးတက်၍ တောင့်တပူပန်ရပြန်၏။ ဥပေက္ခာဝေဒနာကိုကား ငြိမ်သက်သော သဘောသတ္တိကြောင့် သုခဝေဒနာ၌သွင်း၍ ရေတွက်အပ်၏။

**ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်း။** ။ထိုကြောင့် ဝေဒနာဟူသမျှသည် တဏှာ အား ပကတူပနိဿယသတ္တိဖြင့် ပစ္စည်းပြုပေ၏။

ဤသို့ဝေဒနာကြောင့် တဏှာဖြစ်ပေါ်မှုကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရှမ်း၊ အစိမ့်မွမ်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယဟူသား၊ အချစ်ပွါး၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနှေး၊ လိုတိုင်းပေးသည့်၊ သေဋ္ဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အဆန်းဆန်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏ၊ စသည်အပုံ၊ ပဥ္စာရုံနှင့်၊ ခြောက်စုံဖဿ၊ စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏ၊ ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိမ်မက်တွင်မျှ၊ မမြင်ရဘဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်။ ။ခြောက်သင်းတဏှာ စွမ်းရည်တည်း။ ။ဟူ၍ စပ်ဆိုတော်မူသည်။

ဝေဒနာကြောင့် တဏှာဖြစ်သည်ဟူ၍ ဆိုသော်လည်း တဏှာဖြစ်ပေါ်မှုသည် အနုသယဓာတ်နှင့် စပ်လျက် ရှိနေ၏။ အနုသယဓာတ်ခံရှိသော သူ၌သာလျှင် တဏှာဖြစ်ပေါ်၏။ အနုသယဓာတ် ချုပ်ငြိမ်းလေပြီးသော ပုဂ္ဂိုလ်၌မူကား တဏှာမဖြစ်နိုင်။ ထိုကြောင့် ရဟန္တာပုဂ္ဂိုလ်သန္တာန်၌ ဝေဒနာအတွက်နှင့် တဏှာဖြစ်ခွင့် မရှိပေ။

ဝေဒနာပစ္စယာ တဏှာ ပြီး၏။

(၈) **တဏှာပစ္စယာ ဥပါဒါနံ။** ။တဏှာပစ္စယာ၊ တဏှာဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

**တဏှာရင့်လာသည်ကိုပင် ဥပါဒါန်ဆိုကြောင်း။** ။တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဆိုရာ၌ "ဖွတ်ကြီးလျှင် မိကျောင်း။ မြွေကြီးလျှင်-နဂါး။ တဇ္ဇေကြီးလျှင်-သူရဲ၊ သူရဲကြီးလျှင်-သဘက်" ဆိုဘိသကဲ့သို့ တဏှာဓာတ်မှ တဆင့်တဆင့်ရင့်သန်၍ အပြင်းအထန် စွဲလမ်းမှုကြီး ဖြစ်ပေါ်၍လာ၏။ ထိုသို့ အပြင်းအထန် စွဲလမ်းမှုကိုပင်လျှင် ဥပါဒါန်ဆိုသည်။

**ဥပါဒါန်လေးမျိုး။** ။ထိုဥပါဒါန်သည် သမုစ္စည်းပိုင်း၌ ပြဆိုအပ်ပြီးသော အတိုင်း ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်အားဖြင့် လေးပါးရှိ၏။ ထိုကြောင့်—

(၁၀၉) **ကာမ,ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တ စွဲသန်၊ ဥပါဒါန်၊ လေးတန် သရုပ်ပြ။**

ဟူ၍ဆိုပေသည်။

ဥပါဒါနသဒ္ဒါ၏ဝစနတ္ထကို သမုစ္စည်းပိုင်းမှာယူလေ။

**ကာမုပါဒါန်။** ။ထိုလေးပါးတို့တွင် မိမိတို့၏ ကိုယ်ခန္ဓာနှင့် တကွ ပစ္စည်းဥစ္စာ ရတနာရွှေငွေ လယ်မြေ ကျွဲ နွား သားမယားစသော ကာမဝတ္ထု ကာမအာရုံတို့၌ အပြင်းအထန်စွဲလမ်းသော တဏှာကို ကာမုပါဒါန်ခေါ်သည်။

**ကာမုပါဒါန်၆-ပါး။** ။ရူပါရုံ အဆောက်အဦစုမှာ စွဲလမ်းသော ကာမုပါဒါန် သဒ္ဒါရုံ အဆောက်အဦစုမှာ စွဲလမ်းသော ကာမုပါဒါန် စသောအားဖြင့် အာရုံနှင့်ဝေဖန်လျှင် ခြောက်ပါး အပြားရှိ၏။

**ဒိဋ္ဌုပါဒါန်။** ။သုံးပါးသော နိယတမိစ္ဆာဒိဋ္ဌိကြီး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ အစရှိသော အားဖြင့် မှားမှားယွင်းယွင်း ပြင်းပြင်း ထန်ထန် အစွဲသန်သော မိစ္ဆာဒိဋ္ဌိများကို ဒိဋ္ဌုပါဒါန်ခေါ်သည်။

**သီလဗ္ဗတုပါဒါန်။** ။နွားတို့၏ အလေ့အကျင့် ခွေးတို့၏အလေ့အကျင့်များကို ကျင့်ကြံမှုသည် သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်စင်ကြယ် စေတတ်သော အကျင့်ဟူ၍ အပြင်းအထန် အစွဲသန်မှုကို သီလဗ္ဗတုပါဒါန်ခေါ်သည်။ မြတ်စွာဘုရားလက်ထက်တော်အခါ ဂေါဝတိကတက္ကဒွန်း ကုက္ကုရဝတိက တက္ကဒွန်းတို့၏ အကျင့်များပေတည်း။

**အတ္တဝါဒုပါဒါန်နှင့်သက္ကာယဒိဋ္ဌိ။** ။ခန္ဓာငါးပါးတို့၌ ငါ ငါဟူ၍ ပြောကြဆိုကြ စွဲလမ်းကြမှုများကို သက္ကာယ ဒိဋ္ဌိခေါ်သည်။ (သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့ကို ယူလေ)[၁]။

---

၁။ သက္ကာယ ဒိဋ္ဌိ ၂၀-တို့ကို သမုစ္စည်းပိုင်း (၂၀၄-၌)ပြန်ရှုပါ။

ထိုဥပါဒါန်လေးပါးသည် တဏှာခေတ်လျှင် အရင်းမူလ ပဓာနရှိ၏။ တဏှာရှိခြင်းကြောင့်သာလျှင် အမျိုးမျိုးသော စွဲလမ်းမှုတွေဖြစ်ပေါ်ရ၏။ ထို့ကြောင့် တဏှာကြောင့် ဥပါဒါန်ဖြစ်သည်ဟူ၍ ဟောတော်မူရလေသည်။ သည်ကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

တဏှာခြောက်မည်၊ အရင်းတည်၍၊ အရှည်များလျား၊ အစဉ်ပွါးက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံကို၊ အကုန်နှီးရင်း၊ အစွဲပြင်း၏၊ အသင်းပွါးများ၊ သားမယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမာဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်၊ တဖန်ထို့ပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူမှောက်သည်၊ ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ၊ တစ်ထိုမှ၊ ဂေါသီလကို၊ ဝင့်မှုထုတ်တတ်၊ စွဲထင်မှတ်သည့်၊ သီလဗ္ဗတုပါဒါန်၊ ခန္ဓာငါးပါး၊ တရားအစု၊ ခေတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်၊ အထန်အပြင်း၊ အယူတင်း၍၊ ဝင့်ခင်းဝင့်နွှယ်၊ ဝင့်ပင်လယ်မှ၊ လွတ်ဖွယ်မအား၊ တမားမားသည်။ ။လေးပါးဥပါဒါန် စွမ်းရည်တည်း။ ။ဟူ၍ စပ်ဆိုတော်မူသည်။

**တဏှာနှင့်ဥပါဒါန်ထူးပုံကား** မိုယ်းဦးကျအခါ မြေ၌ ပေါက်သစ်စဖြစ်သော သစ်ပင်ငယ်သည် ထိုနှစ်အတွင်း မြေ၌ စူးစိုက်တွယ်တာသောအမြစ်၏ အင်အားသည် နည်းပါးလှသေးသဖြင့် အခြားနေရာတခုသို့ ပြောင်းရွှေ့သော်လည်း ရနိုင်သေး၏။ ထိုသစ်ပင်ငယ်သည် နှစ်လရှည်ကြာစွာ ထိုနေရာ၌ ကြီးပွါး၍ နေခဲ့လျှင် မြေ၌ စူးစိုက်တွယ်တာသော အမြစ်တို့၏ အင်အား ထက်သန်လှသဖြင့် အရပ်တပါးသို့ ပြောင်းရွှေ့ခြင်းငှါ လွန်စွာ ခဲယဉ်း၍နေ၏။ ဤသစ်ပင်ဥပမာ၌ ပေါက်သစ်စဖြစ်သော သစ်ပင်ငယ်နှင့် တဏှာတရား တူ၏။ အမြစ်တွယ်ပုံ အခြေအနေ မြဲမြံလှသဖြင့် ပြောင်း၍မရနိုင်အောင် စွဲလမ်း၍နေပုံကဲ့သို့ ဥပါဒါန်တရား တူ၏။

တနည်းမှာ—တခုသောအာရုံ၌ ပထမလက်ဦး တည်ထောင်၍ သာယာမှုသည် တဏှာမည်၏။ ထိုအာရုံ၌ အစဉ်မပြတ် ငြိကပ်စွဲလမ်း၍နေမှုသည် ဥပါဒါန်မည်၏။

**တဏှာ, ဥပါဒါန်တို့၏ ဆန့်ကျင်ဘက်များ။** ။တဏှာသည် အလိုနည်းခြင်း တည်းဟူသော အပ္ပိစ္ဆတာဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဥပါဒါန်သည် ရောင့်ရဲလွယ်ခြင်းတည်းဟူသော သန္တောသဂုဏ်၏ ဆန့်ကျင်ဘက်ဖြစ်၏။ တနည်းအားဖြင့် တဏှာသည် လက်သို့ မရောက်သော လောကီအာရုံ ကာမဂုဏ်မှုတို့ကို မရ ရအောင် ကြံဆောင်ရှာမှီးခြင်း

တည်းဟူသော ပရိယေသနဒုက္ခ၏အကြောင်း သမုဒယကြီး ဖြစ်၏။ ဥပါဒါန်သည် ရှာမှီး၍ လက်သို့ရောက်ရှိပြီးသော လောကီအာရုံ ကာမဂုဏ်မှုတို့ကို ယုယုယယ စောင့်ရှောက် ထိန်းသိမ်းရခြင်း တည်းဟူသော အာရက္ခဒုက္ခ၏ အကြောင်းသမုဒယကြီး ဖြစ်၏။

**ကျေးဇူးပြုပုံ။**　။ပစ္စည်းတပ်ပုံမှာ ရှေးဖြစ်သောတဏှာသည် နောက်ဖြစ်သော ကာမုပါဒါန်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ တဏှာသည် ကာမုပါဒါန်မှတပါးသော ဥပါဒါန်တရားသုံးပါးတို့အား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ[1]၊ ဤ ၇-ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ (ဤကား သဟဇာတမျိုးဖြင့် ပစ္စည်းပြုပုံတည်း။) ရှေးဖြစ်သော တဏှာသည် နောက်၌ဖြစ်သော ယခင်ဥပါဒါန် ၃-ပါးတို့အား ပကတူပနိဿယသတ္တိတပါးဖြင့် ကျေးဇူးပြု၏။

တဏှာပစ္စယာ ဥပါဒါနံ ပြီး၏။

**(၉) ဥပါဒါနပစ္စယာ ဘဝေါ။**　။ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။

**ဘဝနှစ်မျိုး။**　။ဥပါဒါန်ကြောင့် ဘဝဖြစ်သည် ဆိုရာ၌— ဘဝသည် (၁) ကမ္မဘဝ (၂) ဥပပတ္တိဘဝအားဖြင့် နှစ်ပါးအပြားရှိ၏။

**ကမ္မဘဝ။**　။ထိုတွင် အကုသလကမ္မပထဆယ်ပါး, ကုသလကမ္မပထဆယ်ပါးသည် ကမ္မဘဝမည်၏။ လောကီဖြစ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာ ထိုစေတနာတို့နှင့် သမ္ပယုတ်ဖြစ်သော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့သည်၎င်း၊ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိတို့သည်၎င်း ကမ္မဘဝ မည်ကုန်၏ ဟူလို။ ဤကမ္မဘဝကိုရည်၍—

(၅၁၀) **ကုသလာ, ကုသလ၊ ကမ္မပထံ၊ ဤနှစ်တန်၊ ကမ္မ ဘဝသာ။**

ဟူ၍ ဆိုပေသည်။

**ဥပပတ္တိဘဝ။**　။ကံကြောင့်ဖြစ်ကုန်သော လောကီဝိပါက် ဗာတ္တိံသ၊ စေတသိက် ပဥ္စတိံသ၊ ကမ္မဇရုပ် ဝီသတို့သည် ဥပပတ္တိဘဝ မည်ကုန်၏။ ဤဥပပတ္တိဘဝကိုရည်၍—

---

၁။ အဋ္ဌကထာ၌ သဟ, အည, နိ, သမ်, အတိ, အဝိ, ဟေတု— ဟု အစဉ်ကိုပြ၏။ ဆရာဦးမောင်ကြီးကမူ ၂၄-ပစ္စယအတိုင်း အစဉ်ကျအောင် အဋ္ဌကထာသို့ မလိုက်ဘဲ ပြဟန်တူပေသည်။

(၅၁၁) ဝိပါကံခန္ဓာ၊ ကဋတ္တာဟု၊ ရူပ်နှာမ်ိစ၊ ဥပပတ္တိသာ။

ဟူ၍ ဆိုပေသည်။

အဘိဓမ္မာနည်းအားဖြင့် လောကုတ္တရာတို့ကိုလည်း ဘဝ၌သွင်း၍ ယူရသေး၏။

**ဘဝ ၉-ပါး။** ။ဥပပတ္တိဘဝကို တဖန် ဝေဖန်ပြန်လျှင် ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝအားဖြင့် ကိုးပါးအပြားရှိ၏။

**တနည်း ဘဝ ၉-ပါး။** ။ထိုပြင် နာနာတ္တကာယ နာနာတ္တသညီဘဝ, နာနာတ္တကာယ ဧကတ္တသညီဘဝ, ဧကတ္တကာယ နာနာတ္တသညီဘဝ, ဧကတ္တကာယ ဧကတ္တသညီဘဝ, အသညီဘဝ, အာကာသာနဉ္စာယတနဘဝ, ဝိညာဏဉ္စာယတနဘဝ, အာကိဉ္စညာယတနဘဝ, နေဝသညီ နာသညီဘဝအားဖြင့်လည်း ကိုးပါးရှိ၏။

**ဘဝမည်ပုံ။** ။ဘဝဟူသောပုဒ်၌ "ဘဝတိ ဝဍ္ဎတိတိ ဘဝေါ"။ ဘဝတိ ဝဍ္ဎတိ၊ ဖြစ်ပေါ်ကြီးပွါးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဘဝေါ၊ ဘဝမည်၏။ ဖြစ်ပေါ်တတ် ကြီးပွါးတတ်သောကြောင့် ဘဝမည်၏ ဟူလို။

တနည်းကား -"ဘဝန္တိ ဇာယန္တိ ဝဍ္ဎန္တိ သုခ,ဒုက္ခာနိ ဧတေနာတိ ဘဝေါ"။ ဧတေန၊ ဤတရားဖြင့်။ သုခဒုက္ခာနိ၊ ချမ်းသာမှု,ဆင်းရဲမှု အမျိုးမျိုးတို့သည်။ ဘဝန္တိ ဇာယန္တိ၊ ဖြစ်လည်းဖြစ်ပေါ် တတ်ကုန်၏။ ဝဍ္ဎန္တိ၊ ကြီးပွါးလည်းကြီးပွါးတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ချမ်းသာ, ဆင်းရဲတို့၏ ဖြစ်ကြောင်း ကြီးပွါးကြောင်းဖြစ်သော သတ္တိကြောင့်။ဘဝေါ၊ဘဝမည်၏။ ။ချမ်းသာမှုအမျိုးမျိုး ဆင်းရဲမှု အမျိုးမျိုးတို့၏ ဖြစ်ပေါ်ကြောင်း ကြီးပွါးကြောင်း ဖြစ်လေသောကြောင့် ဘဝမည်၏ ဟူလို။

**အကုသိုလ်ကမ္မဘဝများပြုရပုံ။** ။ပြဆိုအပ်ပြီးသော ဘဝနှစ်ပါးသည် စွဲလမ်းမှု ဥပါဒါန်ရှိသောကြောင့် သာလျှင် ဖြစ်ပေါ်ရ၏။ ။ကာမဝတ္ထုတို့၌ စွဲလမ်းမှုတည်းဟူသော ကာမုပါဒါန်,မိမိခန္ဓာ၌ ငါ,ငါ ဟူ၍ စွဲလမ်းသော အတ္တဝါဒုပါဒါန်တို့၏အတွက်ကြောင့် မိမိရရှိ၍နေသောပစ္စက္ခ ဘဝတခုကိုငဲ့၍ သူတပါးတို့၏ အသက်ကိုသတ်၍ အသက်မွေးမြူမှုများကို ပြုရလေ၏။ သူ၏ဥစ္စာဘဏ္ဍာတို့ကိုလည်း ခိုးဝှက်ရလေ၏။ ဤသို့ စသောအားဖြင့် အကုသလကမ္မပထဖြစ်သော အကုသိုလ်ကမ္မဘဝတွေကို ပြုရလေ၏။

**ကုသိုလ်ကမ္မဘဝများကို ပြုရပုံ။**    ။စွဲလမ်းမှု ဥပါဒါန် ရှိလေသောကြောင့် ဤဘဝမှ စုတေလျှင် လူကောင်း နတ်ကောင်း ဘဝကောင်းကို ရစိမ့်ငါဟု ရည်မှန်းမြော်လင့်ပြီးလျှင် ဒါန သီလ စသည်တို့ကို ပြုလုပ်ရ၏။    ။ကာမဘုံထက် ချမ်းသာ၍ အသက်ရှည်ကြာသော ရူပါဝစရဘဝများကို မြော်လင့်တောင့်တ စွဲလမ်းလှသဖြင့် မြို့ရွာမှ ခွါရှောင်၍ တောတောင်ဝင်ကာ ဖန်ရည်ဆိုးစွန်း ရသေ့ရဟန်းပြုကာဖြင့် ကသိုဏ်းများကို ပွါးများရ၏။ ဗြဟ္မစိုရ်တရား လေးပါးတို့ကို ပွါးများအားထုတ်ရ၏။    ။ ရူပါဝစရဘုံထက် အသက်ရှည်ကြာ၍ ချမ်းသာသည်ဟု ထင်မြင်စွဲလမ်းသောကြောင့် အရူပဘာဝနာများကို ပွါးရလေ၏။ (ဤကား ဥပါဒါန် အတွက်နှင့် ကုသိုလ်ကမ္မဘဝတွေ ဖြစ်ပေါ်ပုံတည်း)။

**ဘဝအဆင့်ဆင့် အဆက်ဆက် ဖြစ်ပုံ ကျင်လည်ပုံများ။**    ။ပြဆိုအပ်ပြီးသော အကုသိုလ် ကမ္မဘဝ, ကုသိုလ်ကမ္မဘဝတို့ကို ပြုမိလေသောကြောင့် အပါယ်လေးဘုံ၌ အပါယ်ခန္ဓာဟုဆိုအပ်သော ဥပပတ္တိဘဝ အမျိုးမျိုးတို့သည်လည်း ပေါ်ပြန်ကုန်၏။ ကာမသုဂတိ ခုနစ်ဘုံတို့၌ ကာမသုဂတိခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝ အမျိုးမျိုးတို့သည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ ရူပါဝစရဘုံတို့၌ ဗြဟ္မာခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ အရူပလေးဘုံတို့၌ အရူပဗြဟ္မာခန္ဓာဟု ဆိုအပ်သော ဥပပတ္တိဘဝအမျိုးမျိုးတို့သည်လည်း ဖြစ်ပေါ်ရပြန်ကုန်၏။ သီးမျိုး ပွင့်မျိုးကို ဆောင်ကြကုန်သော သစ်ပင်အမျိုးမျိုးတို့သည် မျိုးစေ့ အဆင့်ဆင့်အားဖြင့် တကမ္ဘာပတ်လုံး ဖြစ်ထွန်းဆက်လက်၍ နေကြကုန်သကဲ့သို့ ထိုအတူ အနမတဂ္ဂသံသရာ၌ သတ္တဝါအပေါင်းတို့သည် ဘဝအဆင့်ဆင့်အားဖြင့် တသံသရာလုံး ဖြစ်ပွါး၍နေကြရကုန်၏။ ဘဝဆက်လက်မှု ဆိုသည်ကား ရရှိ၍နေသောဥပပတ္တိဘဝခန္ဓာသည် သစ်ပင်နှင့်တူ၏။ ထိုဘဝ၌ ပြုပြုသမျှသောကုသိုလ်, အကုသိုလ်ဟုဆိုအပ်သော ကမ္မဘဝတို့သည် သစ်ပင်၏အသီးမျိုးတို့နှင့်တူကုန်၏။ ထိုအမျိုးမှတဆင့် ပေါက်ပြန်သော သစ်ပင်တို့ကဲ့သို့ ထိုကမ္မဘဝတို့မှ ဥပပတ္တိဘဝ တဆင့်တိုး၍ ပေါက်ပွါးပြန်၏။ ဤသို့လျှင် မျိုးစေ့ အစဉ်အဆက်အားဖြင့် တကမ္ဘာပတ်လုံး ဆက်လက်ဖြစ်ပွါး၍ နေသော သစ်ပင်များကဲ့သို့ သတ္တဝါတို့သည်လည်း ကမ္မဘဝ အဆင့်ဆင့် ဥပပတ္တိဘဝ အဆက်ဆက်တို့ဖြင့် ဝဋ္ဋမြစ်မူလမပြတ်နိုင်ဘဲ တသံသရာလုံး ဆက်လက်ဖြစ်ပွါး၍သာ နေကြရကုန်သည်။    ။ဤသို့ဘဝနှစ်ပါး၏ ဖြစ်ပွါးဆက်လက်နေမှုသည်လည်း အပြင်းအထန်စွဲလမ်းသော ဥပါဒါန်၏ အတွက်ကြောင့်သာလျှင် ဖြစ်ရ၏။ ထိုကြောင့် ဥပါဒါန်ကြောင့် ဘဝဖြစ်သည်ဟု ဆိုရလေသည်။    ။သည်ကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လက်ာ၌—

စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယဉ်၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ့်အတွက်ကြောင့်၊ သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏။ ။တဖန် နောက်နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြော်လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဉ္စင်္ဂနှင့်၊ အဋ္ဌင်္ဂ၊ ဒသင်္ဂ တည့်၊ လေးလီဗြဟ္မ၊ ဝိဟာရစျာန်၊ ဆယ်တန်ကသိုဏ်း၊ အလှိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ်ဖြာပုည၊ကုသလကို၊ လုံ့လကြိုးစား၊ကောင်းမှုပွါး၍၊ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွါးသည်။ ။နှစ်ပါးဘဝ စွမ်းရည်တည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

**သင်္ခါရနှင့် ကမ္မဘဝ ထူးခြားပုံ။** ။အောက်၌ ပြဆိုအပ်ပြီးသော သင်္ခါရတို့သည်လည်း ကုသိုလ်,အကုသိုလ်တရားတို့ပင်တည်း။ ကမ္မဘဝသည်လည်း ကုသိုလ်ကံ,အကုသိုလ်ကံတို့ဖြစ်၏။ ထိုကြောင့် သင်္ခါရနှင့် ကမ္မဘဝ ဘယ်သို့ထူးသနည်းဟူမူ—အတိတ်ဘဝ၌ဖြစ်သော စေတနာစုကို သင်္ခါရ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော စေတနာစုကို ကမ္မဘဝဟူ၍ ဝေဖန်ရာ၏။ တနည်းလည်း စေတနာသက်သက်သည် သင်္ခါရမည်၏။ စေတနာနှင့် စေတနာသမ္ပယုတ္တ ဘဝဂါမိကတရားစုသည် ကမ္မဘဝ မည်၏။

တနည်းလည်း ဝိညာဏ်သက်သက်၏ အကြောင်းတရားသည် သင်္ခါရမည်၏။ ဝိညာဏ်၏အကြောင်းလည်းဖြစ် အသညီဘဝ၏အကြောင်းလည်း ဖြစ်နိုင်သော တရားသည် ကမ္မဘဝ မည်၏။ ဤသို့ စသည်ဖြင့် သင်္ခါရနှင့် ကမ္မဘဝတို့၏ ထူးပုံကို ကြံစည်ရာ၏။

**ကျေးဇူးပြုပုံများ။** ။ပစ္စည်းတပ်ပုံမှာ—ကာမုပါဒါန်သည် သမ္ပယုတ် ဖြစ်သော ကမ္မဘဝအား ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ၊ ဤခုနစ်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ ကာမုပါဒါန်မှတပါးသော ဥပါဒါန်သုံးပါးတို့သည် သမ္ပယုတ်ဖြစ်သော ကမ္မဘဝအား ယခင် ခုနစ်ပစ္စည်းတွင် ဟေတုကိုနုတ်၊ မဂ္ဂကိုထည့်၍ ခုနစ်ပစ္စယသတ္တိတို့ဖြင့်ပင်လျှင် ကျေးဇူးပြုကုန်၏။ ဥပါဒါန်လေးပါးတို့သည် အခြားမဲ့ ဖြစ်သော ကမ္မဘဝအား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, အာသေဝန, နတ္ထိ, ဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။

ဥပါဒါန်လေးပါးတို့သည် သမ္ပယုတ် မဟုတ်သော ကမ္မဘဝ, ဥပပတ္တိဘဝတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ သာမညအာရုံပြုအပ်သော

ဥပါဒါန်လေးပါးသည် ကမ္မဘဝအား အာရမ္မဏသတ္တိဖြင့် ကျေးဇူး ပြု၏။ အာရမ္မဏာဓိပတိ အနေနှင့် အာရုံပြုအပ်သော ဥပါဒါန် လေးပါး ဖြစ်လျှင် အာရမ္မဏ, အာရမ္မဏာဓိပတိ, အာရမ္မဏူပနိဿယ၊ ဤသုံးပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

ဥပါဒါနပစ္စယာ ဘဝေါ ပြီး၏။

**(၁၀) ဘဝပစ္စယာ ဇာတိ။** ။ဘဝပစ္စယာ၊ ဘ ဝ ဟူ သော အကြောင်း ကြောင့်။ ဇာတိ၊ ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်ပေါ်၏။

**ဇာတိ။** ။ဇာတိဩ "ဇနနံ ဇာတိ"။ ဇနနံ၊ ဖြစ်ခြင်း၊ ဇာတိ၊ ဖြစ်ခြင်း။ ဥပပတ္တိဘဝခန္ဓာတို့၏ ဖြစ်ပေါ်မှုကို ရစေ။

တနည်းကား "ဇာယန္တိ ပါတုဘဝန္တိ ဓမ္မာ ဧတာယာတိ ဇာတိ"။ ဧတာယ၊ ဤတရားသဘောဖြင့်။ ဓမ္မာ၊ သင်္ခါရတရားတို့သည်။ ဇာယန္တိ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ သင်္ခါရတရားတို့၏ ဖြစ်ပေါ် ကြောင်းဖြစ်သောသတ္တိကြောင့်။ ဇာတိ၊ ဇာတိ မည်၏။ ဇာတိသဘောရှိခြင်း ကြောင့် အလုံးစုံသော သတ္တဝါတို့သည် ဖြစ်ပေါ်၍ ဖြစ်ပေါ်၍ နေကြရ ကုန်၏။ သတ္တဝါတို့သည် ဇာတိသဘောသို့သာ မေးတင်ကာ, ဦးညွတ်ကာ ကိုင်းရှိုင်းကာ နေကြကုန်၏။ ဇာတိနယ်တွင်းသို့ သက်ဝင်ကြမှသာလျှင် တရား ကိုယ်ထင်ရှား ဘွားကနဲ ဘွားကနဲ ပေါ်ပေါက်ဖြစ်ပွါးနိုင်ကြကုန်၏။ ထိုကြောင့် ဇာတိကို သတ္တဝါတို့၏ ဖြစ်ပေါ်ကြောင်းတရားဟူ၍ ဆိုရလေသည်။ ကမ္မဘဝ အတွက် ဥပပတ္တိဘဝ ဖြစ်ပေါ်ရ၏။ ထိုဥပပတ္တိဘဝ၏ ရှေးဦးပထမ ဖြစ်ပေါ်မှု သဘောကို ဇာတိဆိုရ၏။ ထိုကြောင့်——

(၅၁၂) ဖြစ်မှု, ရင့်မှု၊ ပျက်ဆုံးမှု၊ ဥပပတ္တိမှာ။

ဟူ၍ ဆိုပေသည်။

**ဇာတိ၏လက္ခဏာစသည်။** ။ထိုဇာတိသည် (၁) ရှေးဦးစွာ ဖြစ်ပေါ်ခြင်း (=ပထမာဘိနိဗ္ဗတ္တိ)လက္ခဏာရှိ၏။ (၂) ရုပ် တရားတို့ကို ဆောင်နှင်းအပ်နှံခြင်း(=နိယျာတန)ရသ ရှိ၏။ (၃) ရုပ် နာမ် တရားတို့ကို ဘွားကနဲပေါ်အောင် ဖော်ထုတ်ခြင်း (=ဥမ္မုဇ္ဇန) ပစ္စုပဋ္ဌာန် ရှိ၏။ (၄) ခန္ဓာငါးပါးလျှင် အကြောင်း ပဒဋ္ဌာန် ရှိ၏။

**ဇာတိအပြား။** ။ဇာတိသည် ဘဝသစ်၏ဇာတိ, သန္တတိဇာတိ, ခဏိကဇာတိ အားဖြင့် သုံးပါး အပြား ရှိ၏။

**ဘဝသစ်ဇာတိ။** ။ထိုသုံးပါးတို့တွင် ဘုံဘဝတခုမှ စုတိပြီးနောက် ထိုထို ဘုံဘဝ၌ အစစွာဖြစ်ပေါ်မှုကို ဘဝသစ်ဇာတိဆိုသည်။ **ပဋိသန္ဓေဇာတိ** ဆိုလိုသည်။

**သန္တတိဇာတိ။** ။ဘဝတခုမှာ တနှစ်အတွင်း တလအတွင်း တရက်အတွင်း တနာရီအတွင်း တထိုင်အတွင်းမှာ ကိုယ်ခန္ဓာ၌ အထူးထူး အထွေထွေ သင်္ခတ တရားတို့၏ အသစ် အသစ် တမျိုးတမျိုး ပြောင်းလဲဖြစ်ပေါ်မှုကို သန္တတိဇာတိ ဆိုသည်။

**ခဏိကဇာတိ။** ။သင်္ခတဓမ္မတို့၏ ခဏငယ်အစဉ်ဖြင့် ချုပ်၍ ချုပ်၍ အသစ် အသစ် ဖြစ်ပေါ်မှုကို ခဏိကဇာတိဆိုသည်။

ဤ ပဋိစ္စ သမုပ္ပါဒ်အရာ၌ကား ပဋိသန္ဓေဇာတိကိုသာ ဆိုလိုရင်းဖြစ်၏။

**ပဋိသန္ဓေဇာတိ ၄-မျိုးစသည်။** ။ထိုဇာတိသည် (၁) ဇလာဗုဇ ဇာတိ (၂) အဏ္ဍဇ ဇာတိ (၃) သံသေဒဇ ဇာတိ (၄) ဩပပါတိကဇာတိအားဖြင့် လေးပါးရှိ၏။ ပဉ္စဝေါကာရဇာတိ, စတုဝေါကာရဇာတိ, ဧကဝေါကာရဇာတိ စသောအားဖြင့်လည်း များလှစွာ၏။ ဘဝကြောင့် ဇာတိဖြစ်ရလေသဖြင့် အနမတဂ္ဂသံသရာ ကမ္ဘာအဆက်ဆက်တို့၌ ကမ္မဘဝ ကျယ်ဝန်းသမျှကာလပတ်လုံး ဇာတိမဆုံးနိုင်။ အသစ်တလဲလဲ ဖြစ်၍ ဖြစ်၍သာ နေ၏။ ကမ္မဘဝ၏ သတ္တိအားလျော်စွာ အထွေထွေအပြားပြား များလှစွာသော ယောနိဂတိတို့၌ ဇာတိဆက်လက်၍သာ နေရလေ၏။ ဤသို့ ဘဝကြောင့် ဇာတိဖြစ်ပုံကို ရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

> ဘဝစွမ်းရေ၊ ကံနှစ်ထွေကြောင့်၊ သဗ္ဗသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလျှင်၊ ကေစတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာစစ်၊ သစ်တလဲလဲ၊ အနဲ့နဲ့လျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွါး၊ အစားစားလျှင်၊ မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်းခိုးထင်, တိမ်၊ ဂုဏ်သိမ်နိမ့်မြင့်၊ အကျင့်ဆိုးကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊ နာနာကာယ၊ ဖြစ်ပြန်ကြသည်။ ။လေးဝဇာတိစွမ်းရည်တည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

**ကျေးဇူးပြုပုံ။** ။ပဋ္ဌာန်းနည်းအားဖြင့် ပစ္စည်းတပ်သောအခါ ဘဝအရ ကမ္မဘဝကိုယူ။ ကမ္မဘဝကြောင့် ဖြစ်ပေါ်သော ရုပ်နာမ်တရားတို့၏ စ၍ဖြစ်ပေါ်မှုကို ဇာတိဟူ၍ ယူ။ ကမ္မဘဝသည် ဇာတိအား ပကတူပနိဿယ, နာနာက္ခဏိကကမ္မ၊ ဤနှစ်ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ကမ္မဘဝနှင့် ဥပပတ္တိဘဝသည် အကြောင်း,အကျိုး ဖြစ်၏။ ကမ္မဘဝသည် ဥပပတ္တိဘဝအား ယခင် ပစ္စယသတ္တိနှစ်ပါးဖြင့် ကျေးဇူးပြု၏ဟူ၍လည်း ဆိုရ သေး၏။

ဘဝပစ္စယာ ဇာတိ ပြီး၏။

(၁၁) ဇာတိပစ္စယာ ဇရာ, မရဏံ, သောက, ဇာတိပစ္စယာ၊ ဇာတိဟူသော ပရိဒေဝ,ဒုက္ခ,ဒေါမနဿု,ပါယာသာ သမ္ဘဝန္တိ။ ။အကြောင်း ကြောင့်။ ဇရာ၊ အိုခြင်း။ မရဏံ၊ သေခြင်း။ သောက၊ စိုးရိမ်ပူဆွေးခြင်း။ ပရိဒေဝ၊ ငိုကြွေးခြင်း။ ဒုက္ခ၊ ဆင်းရဲခြင်း။ ဒေါမနဿ၊ နှလုံးမသာယာခြင်း။ ဥပါယာသာ၊သက်ကြီးရှိုက်တငင်ငင် ပင်ပန်း ခြင်းတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ပေါ်ကုန်၏။

**ဇရာ။** ။ဇာတိကြောင့် ဇရာမရဏ စသည်တို့ ဖြစ်ကုန်၏ဟူရာ၌—ဇရာဆိုသည် ကား သတ္တဝါတို့၏ ရင့်ရော်ဆွေးမြေ့မှု အိုမင်းမှုများပေတည်း။ ။ "ဇီရဏံ ဇရာ"။ ဇီရဏံ၊ ရင့်ရော် ဆွေးမြေ့ခြင်း။ ဇရာ၊ ရင့်ရော်ဆွေးမြေ့ခြင်း။ သတ္တဝါတို့၏ ရင့်ရော် ဆွေးမြေ့မှုကို ရစေ။

တနည်းကား—"ဇီရန္တိ ဇိဏ္ဏဘာဝံ ဂစ္ဆန္တိ ဧတာယာတိ ဇရာ"။ ဧတာယ၊ ဤတရားသဘောဖြင့်။ ဇီရန္တိ၊ အိုမင်းရင့်ရော်ကုန်၏။ ဇိဏ္ဏဘာဝံ၊ အိုမင်း ရင့်ရော်သည်၏အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ရင့်ရော်အိုမင်းကြောင်းဖြစ်သော သတ္တိကြောင့်။ ဇရာ၊ ဇရာမည်၏။ ဇရာ သဘောရှိနေခြင်းကြောင့် အလုံးစုံသော သတ္တဝါတို့သည် ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ဇရာသဘောသို့သာ မေးတင်ကာ ကိုင်းရှိုင်း ဦးညွတ်ကာ နေကြ ကုန်၏။ ဇရာနယ်တွင်းသို့ သက်ဆင်းကြကုန်၍ နဂိုပကတိအတိုင်း မဟုတ်ဘဲ ရင့်ရော်ဆွေးမြေ့ခြင်းသို့သာ ရောက်ရကုန်၏။ အနည်းငယ်မျှ ပကတိအတိုင်း တည်တံ့၍နေခြင်းငှါ မတတ်နိုင်ကြကုန်။ ဖြစ်ပေါ်သမျှသော သတ္တဝါတို့သည် ရင့်ရော်အိုမင်းခြင်း တည်းဟူသော ဇရာတွင်းထဲသို့သာ ဆင်း၍ဆင်း၍ နေကြ ကုန်၏။ ထို့ကြောင့် ဇရာတရားကို သတ္တဝါတို့၏ ရင့်ရော်ဆွေးမြေ့ကြောင်း အိုမင်းကြောင်းဟူ၍ ဆိုရပေသည်။ ဇာတိရှိလျှင် ဇရာတရားလည်း အမြဲ ထက်ကြပ် ပါ၍လာ၏။ အဝိညာဏက, သဝိညာဏက သက်ရှိ, သက်မဲ့ ဝတ္ထု ဟူသမျှတို့သည် ဖြစ်ပေါ်သည်ကစ၍ ယနေ့တမျိုး နက်ဖြန်တမျိုး နံနက်တမျိုး ညဥ့်တမျိုး အိုမင်းခြင်းသို့သာလျှင် သက်ဆင်းလျှောကျ၍ နေကြကုန်၏။

**ဇရာသုံးမျိုး။** ။ထိုဇရာသည် (၁) ဝယောဝုဋ္ဌိဇရာ (၂) သန္တတိဇရာ (၃) ခဏိကဇရာအားဖြင့် သုံးပါးအပြားရှိ၏။

**ဝယောဝုဒ္ဓိဇရာ။** ။ထိုသုံးပါးတို့တွင် ဆံဖြူသွားကြွေ အရေတွန့်လိပ်မှု၊ အကြောပြိုင်းရရိုင်း ခါးကိုင်းကုန်းကွမှုသို့ တိုင်အောင် တဆင့်တဆင့် အသက်အရွယ်ကြီးရင့်မှုသည် ဝယောဝုဒ္ဓိဇရာမည်၏။ ထိုဝယောဝုဒ္ဓိဇရာကို "ပါကဋဇရာ"ဟူ၍ရင်း "ပညတ္တိဇရာ"ဟူ၍ရင်း ဆိုရသေး၏။

**ဝယောဝုဒ္ဓိဇရာ၏ အရွယ်အမျိုးမျိုး။** ။ထိုဝယောဝုဒ္ဓိဇရာသည် ပထမအရွယ်, ဒုတိယအရွယ်,တတိယအရွယ်အားဖြင့် သုံးပါးအပြားရှိ၏။ မန္ဒာဒသကအရွယ်, ခိဍ္ဍာဒသကအရွယ်,ဝဏ္ဏာဒသကအရွယ် စသောအားဖြင့် ဆယ်ပါးအပြားရှိ၏။

**သန္တတိဇရာ။** ။သန္တတိဇရာ ဆိုသည်ကား—သန္တတိဇာတိ၌ ပြဆိုအပ်ပြီးသော အတိုင်း တနှစ်အတွင်း တလအတွင်း တရက်အတွင်း စသည်တို့မှာ ရုပ် နာမ် ခန္ဓာတို့၏ တမျိုးစီတမျိုးစီ အသစ်အသစ်ဖြစ်ပေါ်မှုမှ သျှောသက် ဆုတ်ယုတ်မှုများပေတည်း။ ဥပမာအားဖြင့် ဖျားသောသူမှာ အဖျားတက်လာမှုသည်ကား သန္တတိဇာတိ ပေတည်း။ ထိုအဖျား၏ ကျမှုသည်ကား သန္တတိဇရာ ပေတည်း။

**ခဏိကဇရာ။** ။ခဏိကဇရာဆိုသည်ကား ခဏငယ်အစဉ်အားဖြင့် ဖြစ်ပေါ်၍ နေသော ရုပ်တရား နာမ်တရားတို့၏ ဌီခဏများပေတည်း။

ထိုဇရာသုံးပါးတို့တွင် ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ကား ဝယောဝုဒ္ဓိဇရာသည်သာလျှင် ဟောတော်မူလိုရင်း ဇရာ ဖြစ်၏။ ထို့ကြောင့် ဝိဘင်းပါဠိတော် ၁၄၄-၌—

> တတ္ထ ကတမာ ဇရာ။ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယု-နော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော။ အယံ ဝုစ္စတိ ဇရာ၊

ဟူ၍ ဟောတော်မူ၏။

အနက်ကား—တတ္ထ၊ ထို ဇရာ, မရဏ နှစ်ပါးတို့တွင်။ ဇရာ၊ ဇရာဟူသည်ကား။ ကတမာ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှိ တမှိ သတ္တနိကာယေ၊ ထိုထိုသတ္တဝါမျိုးအပေါင်း၌။ ယာ ဇရာ၊ အကြင် အိုမင်း ရင့်ရော်ခြင်းသည်။ ယာ ဇီရဏတာ၊ အကြင် ဟောင်းနွမ်း မှည့်ယွမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ ခဏ္ဍိစ္စံ၊ အကြင် သွားကျိုးခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ ပါလိစ္စံ၊ အကြင် ဆံဖြူခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယာ ဝလိတ္တစတာ၊ အကြင် အရေတွန့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အာယုနော၊ အသက်၏။ ယာ သံဟာနိ၊ အကြင် ဆုတ်ယုတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣန္ဒြိယာနံ၊ စက္ခု စသော ဣန္ဒြေ

တို့၏။ ယော ပရိပါကော၊ အကြင် ရင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအမှုများကို။ ဇရာ၊ ဇရာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဝယောဝုဒ္ဓိဇရာသည် ရုပ်တရားတို့၏ ကိစ္စသာ ဖြစ်၏။ နာမ်တရားတို့၌ မရှိ။

**ပညတ္တိဇရာဟု ဆိုရပုံ။** ။ဆိုဖွယ်ရှိသည်မှာ ပရမတ္ထသဘောအားဖြင့် ရုပ်တို့အသက်သည် စိတ္တက္ခဏ ၁၇-ချက်မျှသာ ရှိ၏။အတိုးအဆုတ်ဟူ၍ မရှိ။ စိတ္တက္ခဏ ၁၇-ချက်စေ့လျှင် ချုပ်ဆုံးကြလေ၏။ ထို့ကြောင့် ဤရုပ်သည် ထိုရုပ်ထက် အိုသည်ဟူ၍ ပရမတ္ထအားဖြင့် မရှိနိုင်။ပညတ်အားဖြင့်သာလျှင် သွားကျိုးခြင်း, ဆံဖြူခြင်း စသော ဝယောဝုဒ္ဓိဇရာ ဖြစ်ပေါ်ရ၏။ ထို့ကြောင့် "ပညတ္တိဇရာ"ဟူ၍ ဆိုရ၏။ ထိုပညတ္တိဇရာသည် ကြီးရင့်သောသူ၌သာလျှင် ထင်ရှား၍ ငယ်နုပျိုမြစ်သောသူတို့မှာ အဘယ်ကြောင့် မထင်ရှားပါသနည်းဟူမူ ဤသို့ ဖြေဆိုရာ၏။

အကြင် ဂဗ္ဘသေယျကသတ္တဝါသည် ပဌမ ကလလရေကြည်မှစ၍ ရှေးရှေး၌ဖြစ်သော ရုပ်တို့၏ ရင့်ရော် အိုမင်းသောအခိုက်၌ ဖြစ်ပေါ် ပေါက်ပွါးသော ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် မိမိတို့၏ အကြောင်းရင်းဖြစ်သော ဥတု, သြဇာတို့ ရင့်ရော်လျှင် ရင့်ရော်သည်အားလျော်စွာ ဖြစ်ကြရကုန်၏။ ယင်း ဥတု သြဇာတို့သည် ဌီအခိုက်တည်းဟူသော ဇရာကာလ၌သာလျှင် ဥတုဇရုပ်, အာဟာရဇရုပ်တို့ကို ဖြစ်ပွါးစေနိုင်ကုန်၏။ ဖြစ်ပေါ် ပေါက်ပွါးသော ဥတုဇရုပ် အာဟာရဇရုပ်တို့သည်လည်း မိမိတို့၏ အကြောင်းရင်းဖြစ်သော ရုပ်အောက် တဆင့်တဆင့် အားနည်း၍ ချည့်နဲ့ကုန်၏။ ဤနည်းအတိုင်း သားမြေး အစဉ်အဆက် အဆင့်ဆင့် သိလေ။

တခုတည်းသော တေဇောကြောင့်ဖြစ်သော ဥတုဇရုပ်တို့မှာပင်သော်လည်း စောစောစီးစီး သစ်သစ်လတ်လတ် ဌီတုန်းကဖြစ်နှင့်ရသော ဥတုဇရုပ်သည် အတော်ပင် သစ်လွင် နုပျို၏။ အားအင် ရှိ၏။ နောက်ကျသောဌီမှ ဖြစ်ရသော ဥတုဇရုပ်သည် အားနည်း၏။ ချည့်နဲ့၏။ ရုပ်နာ, ရုပ်နုံ ဖြစ်၏။ ဤသို့ စသည်ဖြင့်လည်း အဆင့်ဆင့် သိလေဦး။

ဤသို့ ပြဆိုအပ်ပြီးသော သဘောတို့ကြောင့် အသက် ကြီးရင့်သောအခါ အဆင့်ဆင့် ရင့်ရော် ရင့်ရော်၍လာသော ဥတုနှင့်သြဇာတို့မှ အဆင့်ဆင့် ဖြစ်ရသော ဥတုဇရုပ်, အာဟာရဇရုပ်တို့သည်လည်း ရင့်ရော်သည်ထက် ရင့်ရော်ခြင်း၊ ချည့်နဲ့သည်ထက် ချည့်နဲ့ခြင်းသို့ အဆင့်ဆင့် ရောက်ကြလေကုန်၏။ ထို့ကြောင့် ဟောင်းနွမ်း အိုမင်းသော သူအို၌ အသားအရေနေပုံ,ပုံပန်းသဏ္ဌာန် တည်ပုံ, တမည် တမည် ပြောင်းလဲရလေ၏။ သွားကျိုးဆံဖြူခြင်း, မျက်စိသိမှုန်

ခြင်း, အကြောပြိုင်းရရှိင်းထ၍ ကုန်းကွခြင်းတည်းဟူသော ပါကဋဇရာရုပ်တို့ သာလျှင် ပေါ်ပေါက်လာကုန်၏။ ဤသဘောစုကိုရည်၍ မူလဋီကာ ရူပကဏ္ဍ အဖွင့် ၁၅၇-၌—

ကလလတော ပဘုတိ ပုရိမရူပါနံ ဇရာပတ္တက္ခဏေ ဥပ္ပန္နာနိ ပစ္ဆိမရူပါနိ ပရိပက္ကရူပါနုရူပါနေဝ ဥပ္ပဇ္ဇန္တီတိ သုပရိဏတရူပပရိပက္က- ကာလေ ဥပ္ပန္နာနိ ပစ္ဆိမရူပါနိ ခဏ္ဍိစ္စာဒိသဘာဝါနေဝ ဟောန္တိ[၁]။

ဟူ၍ ဆို၏။

အနက်ကား—ကလလတော၊ ကလလရေကြည် တည်နေသော အခါမှ။ ပဘုတိ၊အစပြု၍။ ပုရိမရူပါနံ၊ ရှေးရှေး၌ဖြစ်ကုန်သော ရုပ်တို့၏။ဇရာပတ္တက္ခဏေ၊ ဇရာသို့ရောက်သောအခိုက်၌။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်သော။ ပစ္ဆိမရူပါနိ၊ နောက် နောက်ဖြစ်သောရုပ်တို့သည်။ ပရိပက္ကရူပါနုရူပါနေဝ၊ ရင့်ခြင်းသို့ရောက်လေ သော အကြောင်းရင်းဖြစ်သော ရုပ်တို့အားလျော်စွာ ရင့်ရော်ချည့်နွဲ့ကြကုန် သည်ဖြစ်၍သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ဥပါဒ်ဖြစ်ပေါ်ကြကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။ သုပရိဏတရူပပရိပက္ကကာလေ၊ အလွန်ရင့်လေပြီးသောရုပ်တို့၏ မှည့်ယွမ်း သော ကာလ၌။ ဥပ္ပန္နာနိ၊ ဖြစ်ကုန်သော။ ပစ္ဆိမရူပါနိ၊ နောက်နောက်ဖြစ် သော ရုပ်တို့သည်။ ခဏ္ဍိစ္စာဒိသဘာဝါနေဝ၊ သွားကျိုးဆံဖြူခြင်းစသော သဘော ရှိကြကုန်သည်သာလျှင် ဟောန္တိ၊ ဖြစ်ကုန်၏။

ကမ္မဇရုပ်အားကြီးသော နတ်တို့မှာမူကား ထိုကဲ့သို့ အိုခြင်းတည်းဟူသော ပါကဋဇရာ မရှိခဲ့လေ။ ဥတုဇ, အာဟာရဇအားကြီးသော သတ္တဝါတို့၌သာလျှင် ပါကဋဇရာ ဖြစ်ပေါ်ရလေသည်။ အဝိညာဏကဖြစ်သော သစ်ပင်,တောတောင် စသည်တို့၌လည်း ထိုအတူ အိုမင်းရင့်ရော်၍ ပါကဋဇရာပေါ် အောင် အဆင့်ဆင့် ရွက်ဆောင်၍ နေပုံကို သိလေ။ အသက်တမ်း တိုရှည်ဖြစ်၍ နေရမှုသည်လည်း ယခင်ပြဆိုအပ်ပြီးသော ဥတုအာဟာရ နှစ်ပါးတို့သာလျှင် အကြောင်းရင်း ရှိကုန်၏။ ဥတုသည် မီးဓာတ်ကြီးတပါး ဖြစ်၏။ ရုပ်ကလာပ်ဟူသမျှတိုင်းမှာ လည်း ထိုမီးဓာတ်နှင့်မကင်း။ ထိုမီးဓာတ်သည် မိမိနှင့်စပ်ဘက်မိသမျှကို မငဲ့ မကွက် လောင်တတ်သောသဘော ရှိ၏။ ထိုကြောင့် ဖြစ်ဖြစ်သမျှသော ရုပ်ကလာပ်စုမှာ မီးအသင့်ပါ၍သာနေ၏။ ပါ၍နေသော မီး၏ လောင်မှုကိုသာ ခံကြရကုန်၏။ ထိုမီးဓာတ်၏ လောင်မြိုက်မှုကြောင့်လည်း အမျိုးမျိုးသော

---

၁။ ဆဋ္ဌမူ၌ကား "ကလလကာလတော ပဘုတိ ပုရိမရူပါနံ ဇရာပတ္တက္ခဏေ ဥပ္ပဇ္ဇ- မာနာနိ ပစ္ဆိမရူပါနိ ပရိပက္ကရူပါနုရူပါနိ ပရိဏတပရိဏတာနိ ဥပ္ပဇ္ဇန္တီတိ အနုက္ကမေန သုပရိ- ဏတရူပပရိပါကကာလေ ဥပ္ပဇ္ဇမာနာနိ ခဏ္ဍိစ္စာဒိသဘာဝါနိ ဥပ္ပဇ္ဇန္တိ"ဟု ရှိသည်။

ရင့်ရော်မှု အိုမင်းမှု ဇရာများ ဖြစ်ရလေ၏။ (ဤကား ဇရာ၌ ဆိုဖွယ်စကား ရပ်တည်း။)

**ဇရာ၏လက္ခဏာ စသည်။**　။ထိုဇရာသည် (၁)ရင့်ရော်ဆွေးမြေ့ခြင်း=ပရိပါက လက္ခဏာရှိ၏။ (၂) သေခြင်းသို့ ရောက်အောင် ရှက်ဆောင်ခြင်း=မရဏူပနယန ရသရှိ၏။ (၃) အရွယ်အဆင်း ကောင်းမွန် ပျိုနုခြင်းကို ဖျက်ဆီးခြင်း=ယောဗ္ဗန ဝိနာသ ပစ္စုပဋ္ဌာန်ရှိ၏။ (၄) ခန္ဓာ တရားလျှင် ပဒဋ္ဌာန်ရှိ၏။ (ဝိဘင်း၊ဋ္ဌ။၉၄-စသည်။)

ထိုဇရာသည် ဇာတိရှိမှသာလျှင် ဖြစ်ပေါ်၏။ ဇာတိမရှိလျှင် တစုံတရာမျှ ဇရာဟူ၍ မရှိနိုင်။ ထိုကြောင့် ဇာတိကြောင့် ဇရာဖြစ်သည်ဟု ဆိုရ၏။ ဇာတိ သည် ဇရာအား အဘိဓမ္မာနည်း ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်။ သုတ္တန် နည်းအားဖြင့် ပကတူပနိဿယပစ္စည်းတပ်၏ဟု ဆိုရပေသည်။　။ဇရာပြီး၏။

မရဏ၌ "မရိယတေ မရဏံ"။ မရိယတေ၊ သေခြင်း။ မရဏံ၊ သေခြင်း။ သေဆုံးမှုကို ရစေ။ တနည်းကား "မရန္တိ သတ္တာ ဧတေနာတိ မရဏံ"။ ဧတေန၊ ဤတရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ မရန္တိ၊ သေကြရကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သေကြောင်းဖြစ်သော သတ္တိကြောင့်။ မရဏံ၊ မရဏ မည်၏။ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် မရဏဓာတ်ကြီး ပိတ်ဆီးဝန်း ဝိုင်းခြင်းကို ခံနေကြရကုန်၏။ မရဏဓာတ်ကြီးဆီသို့သာ အတင်း ပြေးဝင်ကြရ ကုန်၏။ မရဏဓာတ်သို့သာ ကိုင်းရှိုင်းကြရကုန်၏။ မရဏဓာတ်အတွက်ကြောင့် သေ၍မဆုံးနိုင် ရှိနေကြရကုန်၏။ မရဏနိုင်ငံမှ မလွတ်နိုင်သမျှကာလပတ်လုံး သေဘို့သေရန်ကိုသာ မြော်လင့်ကြရကုန်၏။ ထိုကြောင့် မရဏသဘောကို သတ္တဝါတို့၏ သေကြောင်းဟူ၍ ဆိုရလေသည်။

**မရဏ ၃-မျိုး။**　။မရဏသည် **သမ္မုတိမရဏ, သန္တတိမရဏ, ခဏိကမရဏ** အားဖြင့် သုံးပါးအပြားရှိ၏။

ထိုတွင် ပစ္စုပ္ပန်ဖြစ်သော ဘဝ‌ာခု၏ ချုပ်ဆုံးသေပျက်မှုသည် **သမ္မုတိ မရဏမည်၏။**

အကြောင်းအခွင့် ဆိုက်တိုက်သည်အားလျော်စွာ တသုတ်တသုတ် အထူးထူး အထွေထွေ ဖြစ်ပေါ်လာသော ရုပ်အစဉ်နာမ်အစဉ်တို့၏ ချုပ်ဆုံးကွယ်ပျောက် မှုသည် **သန္တတိမရဏမည်၏။**

ခဏငယ်အစဉ်အားဖြင့် ဖြစ်၍နေသော ရုပ်, နာမ်တရားတို့၏ ဘင်အနေ အားဖြင့် ပျက်ဆုံး ချုပ်ကွယ်မှုသည် **ခဏိကမရဏမည်၏။**

**သမ္မုတိမဂ္ဂ ၄-မျိုး။** ။သမ္မုတိမဂ္ဂသည်လည်း ဘုံပိုင်း မဂ္ဂပွတ္တိအခန်းတွင် ပြဆိုအပ်ပြီးသောအတိုင်း အာယုက္ခယမဂ္ဂ စသောအားဖြင့် လေးပါးအပြားရှိ၏။

ပြဆိုအပ်ပြီးသော မဂ္ဂသုံးမျိုးဘို့တွင် ဤပဋ္ဌာနသမ္မုပ္ပါဒ်အရာ၌ကား သမ္မုတိမဂ္ဂကိုသာလျှင် အလိုရှိအပ်၏။ ထို့ကြောင့် ဝိဘင်းပါဠိတော် ၁၄၄-၌—

> တတ္ထ ကတမံ မရဏံ။ ယာ တေသံ တေသံ သတ္တာနံ တမှာ တမှာ သတ္တနိကာယာ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စု မရဏံ ကာလံကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ။ ဣဒံ ဝုစ္စတိ မရဏံ။

ဟူ၍ ဟောတော်မူ၏။

(အနက်ကား) တတ္ထ၊ ထိုဇရာ, မရဏ နှစ်ပါးတို့တွင်။ မရဏံ၊ မရဏဟူသည်။ ကတမံ၊ အဘယ်နည်း။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ တမှာ တမှာ သတ္တနိကာယာ၊ ထိုထိုသတ္တဝါမျိုးအပေါင်းမှ။ ယာ စုတိ၊ အကြင်စုတေခြင်းသည်။ ယာ စဝနတာ၊ အကြင်ရွေ့ပြောင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယော ဘေဒေါ၊ အကြင်ပျက်စီးခြင်းသည်။ ယံ အန္တရဓာနံ၊ အကြင်ကွယ်လွန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ မစ္စု၊ အကြင်သေခြင်းသည်။ ယံ မရဏံ၊ အကြင်အသက်ကို စွန့်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ ခန္ဓာနံ၊ ဧကဝေါကာရ, စတုဝေါကာရ, ပဉ္စဝေါကာရ ငါးခုခန္ဓာတို့၏။ ယော ဘေဒေါ၊ အကြင်ပျက်ဆုံးခြင်းသည်။ ကဠေဝရဿ၊ အသေကောင်ကို။ ယော နိက္ခေပေါ၊ အကြင်ပစ်ချခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ အစဉ်၏။ ယော ဥပစ္ဆေဒေါ၊ အကြင်ပြတ်ဆုံးမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအမှုများကို။ မရဏံ၊ မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**မရဏ၏ လက္ခဏာစသည်။** ။ထိုမရဏသည် (၁) ဘဝတခုမှ ရွေ့ပြောင်းခြင်း= စုတိလက္ခဏာရှိ၏။ (၂) ဘဝတခု၌ စုဆောင်းတွေ့ရှိသမျှသော သက်ရှိ သက်မဲ့အလုံးစုံတို့နှင့် ကွေကွင်း ခွဲခွါရခြင်း=ဝိယောဂရသရှိ၏။ (၃) ရရှိသော ဂတိဟောင်းမှ လွဲပြောင်း၍ နေရခြင်း=ဝိပ္ပဝါသ ပစ္စုပဋ္ဌာန် ရှိ၏။ (၄) ခန္ဓာငါးပါးလျှင် ပဒဋ္ဌာန်ရှိ၏။ (ဝိဘင်း၊ဋ္ဌ၊၉၅စသည်)

ဇာတိရှိသော သတ္တဝါတို့၌သာလျှင် မရဏသဘောရှိရ၏။ ဇာတိမရှိခဲ့လျှင် မရဏ မရှိနိုင်။ ထို့ကြောင့် မရဏသည် ဇာတိကြောင့်ဖြစ်၏ ဟု ဆိုရလေသည်။ ဤသို့လျှင် ဇာတိရှိ၍သာ ဇရာ,မရဏနှစ်ပါးတို့၏ ဖြစ်နေပုံကို ရည်တော်မူ၍ ပဋ္ဌာနသမ္မုပ္ပါဒ်လက်ာ၌—

သန္တေဇာတိ၊ တဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူ နတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရှယ်၊ အလယ်အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စိ၊ သန္တေခါက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲ ရော်မြဲ၊ တသဲသဲတည့်၊ မသဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အင်္ဂဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီးအငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနိုင်၏၊ လေးအင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နှီးနွယ်ရှံ့စည်း၊ တလုံးတည်းလျှင်၊ ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်။ ။ဇရာမရဏစွမ်းရည်တည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

ဇာတိသည် မရဏအား သုတ္တန်နည်းအားဖြင့် ပကတူပနိဿယပစ္စည်းတပ်၏။

**သောကစသော** တရားတို့သည်ကား ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါးတို့၌ မပါမဝင်ကြကုန်။

**အင်္ဂါ**ဆိုသည်ကား အဝိဇ္ဇာရှိခဲ့လျှင် သင်္ခါရ ကေန်ဖြစ်ရသည်။ အဝိဇ္ဇာ မရှိခဲ့လျှင် သင်္ခါရမဖြစ်နိုင်ပြီ။ ဤကဲ့သို့ အကြောင်း,အကျိုး အဖြစ် မြဲသော တရားစုကိုသာ အင်္ဂါဆိုရသည်။ သောက,ပရိဒေဝစသည်တို့ကိုမူကား ထိုကဲ့သို့ အမြဲဖြစ်နိုင်သောတရားတို့ မဟုတ်ကြလေကုန်။ ဗြဟ္မာတို့အား ဇာတိရှိခဲ့သော်လည်း သောက,ပရိဒေဝစသည်တို့ မရှိနိုင်ကုန်။ ထိုအတူ အနာဂါမ်,ရဟန္တာ ပုဂ္ဂိုလ်တို့မှာလည်း ဇာတိပင် ရှိသော်လည်း သောက,ပရိဒေဝစသည်တို့ မဖြစ်နိုင်ကြကုန်။ ထို့ကြောင့် သောက,ပရိဒေဝစသည်တို့ကို ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့၌ ထည့်သွင်း၍ မရေတွက်အပ်ကုန်သတည်း။

ထိုသို့ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ မဟုတ်ခဲ့သည်ရှိသော် ဘယ်အကျိုးငှါ ပဋိစ္စသမုပ္ပါဒ် ဒေသနာတို့၌ ဟောတော်မူအပ်ကုန်ပါသနည်းဟူမူ—ဝဋ္ဋမူလဟု ဆိုအပ်သော ဝဋ္ဋဒုက္ခတရားတို့၏ အကျိုးဆက် အာနိသံသဖလကို ပြခြင်းငှါ ဟောတော်မူ အပ်ကုန်သည်။ အဝိဇ္ဇာ,သင်္ခါရစသော အကြောင်းတရား အကျိုးတရားတို့၏ အစဉ်အားဖြင့် ဆက်လက်ဖြစ်ပွါးကာနှင့် သံသရာရှည်လျား၍ နေမှုမှာ အကျိုး ကို ရှာလိုက်သည်ရှိသော် သောက,ပရိဒေဝစသော ဒုက္ခတရားတို့ ပွါးစီးဘို့သာ ဖြစ်၏။ အပြစ်ဒေါသ အာဒီနဝဖြစ်သော တရားတို့၏ အစုအပုံမျှသာဖြစ်၏ဟူ၍ ပြတော်မူခြင်းငှါသာလျှင် ဟောတော်မူအပ်ကုန်၏ ဟူလို။

**သောက**။ ။သောကစသည်တို့၏ ဝစနတ္ထစသည်တို့ကို ပြဆိုဦးအံ့—"သောစနံ သောကော"။ သောစနံ၊စိုးရိမ်ပူဆွေးခြင်း။သောကော၊ စိုးရိမ်ပူ ဆွေးခြင်း။ဉာတိဗျသနစသော ပျက်စီးခြင်းတရားတို့ကြောင့် စိုးရိမ်ပူဆွေးမှုကို

ရစေ။တနည်းကား "သောစန္တိ စိတ္တပရိဋ္ဌာဟံ ဂစ္ဆန္တိ တေနာတိ သောကော"။ တေန၊ ဤတရားဖြင့်။ သောစန္တိ၊ စိုးရိမ်ပူဆွေးကြရကုန်၏။ စိတ္တပရိဋ္ဌာဟံ၊ စိတ်ပူပန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ ဣတိတသ္မာ၊ ထိုသို့စိုးရိမ်ပူဆွေးကြောင်းဖြစ်သော သတ္တိကြောင့်။သောကော၊သောကမည်၏။ သောကကိုစွက်ရှက်ဆောင်နိုင်သော ဒေါမနဿဝေဒနာဓာတ် ရှိမှုကြောင့် သတ္တဝါတို့သည် လွန်စွာပူဆွေး စိတ်မအေးနိုင်ဘဲ ရှိကြလေကုန်၏။ သောက၏ အတွက် စိတ်၏ပူပန်ခြင်းအမျိုးမျိုးကို ရရှိကြရကုန်၏၊ သောကကင်းသော ပုဂ္ဂိုလ်မှာမူကား တစုံတရာ စိုးရိမ်ပူဆွေးခြင်း မရှိ။ ပကတိ သီဒါရေ၏ပမာ လွန်စွာချမ်းသာခြင်းတည်းဟူသော သောမနဿသုခကို ရနိုင်လေ၏။ ထိုကြောင့် သောကကို ပူဆွေးကြောင်း တရား, စိတ်မအေးနိုင်ကြောင်းတရားဟူ၍ ဆိုရလေသည်။ တရားကိုယ်အားဖြင့် ဒေါမနဿဝေဒနာကို ရ၏။ ဗျသနတရားငါးပါးတို့တွင် တပါးပါးဖြင့် နှိပ်စက်မှုကို ခံရသောပုဂ္ဂိုလ်မှာ သောကတရားဖြစ်ပေါ်လာ၏။ ထိုသောကတရား ဖြစ်ပေါ်လာသောအခါ ထိုပုဂ္ဂိုလ်၏ စိတ်နှလုံးသည် အဆိပ်လူးထားသောမြားဖြင့် ထိုးဆွအပ်လေဘိသကဲ့သို့ငှင်း မီး၌အုံး၍ထားအပ်သော ကြိမ်ညွန့်ကြိမ်ဖူးကဲ့သို့ငှင်း ဖြစ်ရလေ၏။

**ဗျသနတရားငါးပါးဆိုသည်ကား**—(၁)ဉာတိဗျသန=ဆွေမျိုးပျက်စီးခြင်း။ (၂) ဘောဂဗျသန=စည်းစိမ်ဥစ္စာပျက်စီးပြုန်းတီးခြင်း။(၃)ရောဂဗျသန=တခုတခုသောရောဂါဘိစီး နှိပ်စက်၍ ပျက်စီးခြင်း။ (၄) သီလဗျသန=စောင့်ရှောက် ထိန်းသိမ်းအပ်သော သိက္ခာသီလ၏ ပျက်စီးဆုံးရှုံးခြင်း။ (၅) ဒိဋ္ဌိဗျသန=ဖြောင့်မှန်စွာယူအပ်သော သမ္မာဒိဋ္ဌိအယူ၏ ပျက်စီးပြုန်းတီးခြင်း။ (ဤငါးပါးကို ဗျသနတရားငါးပါးဆိုသည်။) ထိုဗျသနတရားငါးပါးတို့တွင် တပါးပါးဖြင့် တွေ့ထိလျှင် စိုးရိမ်ပူဆွေး စိတ်မအေးနိုင်ရန် သောကဖိစီးမှုကို ခံရလေ၏။ ဗျသနတရားငါးပါးသည် သောကဖြစ်ဘို့ရန် အကြောင်းကြီးငါးခု ဖြစ်ပေ၏။ ဗျသနတရားငါးပါးနှင့် တွေ့ကြုံနေသောသူကို "ငါးပါးမှောက်ရှာလေပြီ" ဟူ၍ ဆိုရလေသည်။

သောကသည် အကယ်၍ ဖြစ်ပေါ်လျှင် ဇာတိရှိသောပုဂ္ဂိုလ်၌သာ ဖြစ်ပေါ်ရ၏။ ထိုကြောင့် သောကသည် ဇာတိကြောင့်ဖြစ်၏ဟူ၍ ဆိုသင့်၏။

**သောက၏လက္ခဏာစသည်။** ။ထိုသောကသည် (၁) အဇ္ဈတ္တသန္တာန်၌ လောင်မြိုက်ခြင်း=အန္တော နိဇ္ဈာယနလက္ခဏာ ရှိ၏။ (၂) စိတ်ကို ထက်ဝန်းကျင်မှ ပူလောင်စေခြင်း=စေတသော ပရိနိဇ္ဈာယနရသရှိ၏။ (၃) အဖန်ဖန် စိုးရိမ်ပူဆွေး စိတ်မအေးနိုင်ခြင်း=အနုသောစနပစ္စုပဋ္ဌာန်ရှိ၏။ (၄) ဒေါမနဿသဟဂုတ်စိတ်လျှင် အကြောင်းပဒဋ္ဌာန်ရှိ၏။ (ဝိဘင်း၊ဋ္ဌ၊၉၇ စသည်)

**ပရိဒေဝ၌** "ပရိဒေဝနံ ပရိဒေဝေ၊"။ ပရိဒေဝနံ၊ ငိုကြွေးမြည်တမ်းခြင်း။ ပရိဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်း။ ငိုကြွေးမြည်တမ်းမှုကိုရစေ။ တနည်းကား "တံ တံ ပဝတ္တိံ ပရိကိတ္တေတွာ ဒေဝန္တိ ကန္ဒန္တိ ဧတေနာတိ ပရိဒေဝေါ"။ဧတေန၊ ဤတရားဖြင့်။ သတ္တာ။ သတ္တဝါတို့သည်။ တံ တံ ပဝတ္တိံ၊ ထိုထိုအကြောင်းအရာစုကို။ ပရိကိတ္တေတွာ၊ ပြောကြားဖွဲ့နွဲ့ကြကုန်၍။ ဒေဝန္တိ ကန္ဒန္တိ၊ ငိုကြွေးကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ငိုကြွေးကြောင်းဖြစ်သောသတ္တိကြောင့်။ ပရိဒေဝေါ၊ ပရိဒေဝမည်၏။ ပရိဒေဝတရား ရှိလေသည့်အတွက် သောကဖိစီးမှုကို ခံရသော သူသည် အောင့်အည်း၍ နေခွင့်မရဘဲ ငိုကြွေးမြည်တမ်းရလေ၏။ ပရိဒေဝ တရား၏ တိုက်တွန်းနှိုးဆော်မှုကြောင့် အရှက်အကြောက်ကို မငဲ့ဘဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုကြွေးရလေ၏။ ထို့ကြောင့် ပရိဒေဝကို ငိုကြွေးကြောင်းတရားဟူ၍ ဆိုရ လေသည်။ ငိုကြွေးမှု ဆိုသည်ကား မိမိ၌ ပျက်စီးဆုံးပါးသောအရာစုကို ထုတ် ဖော်မြွက်ကြား၍ ညည်းတွားမြည်းတမ်းမှုပေတည်း။ သူတော်ကောင်းတို့၏ မျက်မှောက်၌ပင်သော်လည်း အရှက်အကြောက်ကို မငဲ့ဘဲ နှုတ်တွင်းမှ ပွက်အံ သော အနိဋ္ဌအသံတို့ဖြင့် မြည်တွန်တောက်တီးကာ ထွေထွေရာရာ ဖော်ပြမြွက် ကြားမှုဟူ၍လည်း ဆိုရ၏။ တရားကိုယ်အားဖြင့် ငိုကြွေးသော အခြင်းအရာ အားဖြင့် ဖြစ်ပေါ်သော ဒေါသမူစိတ်ကြောင့် ဖြစ်သော အနိဋ္ဌာရုံ စိတ္တဇသဒ္ဒရုပ် ပေတည်း။

ထိုပရိဒေဝသည် သောကတည်းဟူသော ငြောင့်ဖြင့် စူးဝင်၍နေသော ပုဂ္ဂိုလ်မှာ ဖြစ်လာတတ်၏။ တဏှာနှင့်ဥပါဒါန်ကဲ့သို့ သောကကြီးလျှင် ပရိဒေဝ ဖြစ်လာ၏။

**ပရိဒေဝလက္ခဏာစသည်။**　။ထိုပရိဒေဝသည် (၁) တောင်တောင် မြောက် မြောက် ဖောက်ဖောက်ပြန်ပြန် မြည်တမ်းခြင်း= လာလပ္ပနလက္ခဏာရှိ၏။ (၂) တစုံတခုသော ဝတ္ထု၏ ဂုဏ်ကျေးဇူးစကားကို သော်၎င်း, အပြစ်စကားကိုသော်၎င်း မြွက်ကြားပြောဖော်ခြင်း=ဂုဏ ဒေါသ ကိတ္တန ရသရှိ၏။ (၃) မရပ်မတည်နိုင်ခြင်း=သမ္ဘမ ပစ္စုပဋ္ဌာန်ရှိ၏။(၄) ဒေါသ သမုဋ္ဌာန-စိတ္တဇ မဟာဘုတ်လျှင် နီးစွာသောအကြောင်းပဒဋ္ဌာန်ရှိ၏။ ပရိဒေဝ သည်လည်း ဇာတိရှိသော ပုဂ္ဂိုလ်၌သာ ဖြစ်ရလေသဖြင့် ဇာတိကြောင့် ဖြစ်၏ ဟူ၍ ဆိုရလေ၏။

ဒုက္ခ၌ "ခမိတုံ ဒုက္ကရန္တိ ဒုက္ခံ"။ ခမိတုံ၊ သည်းခံ၍နေခြင်းငှါ။ ဒုက္ကရံ၊ ခဲယဉ်းလှစွာ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဒုက္ခံ။ ဒုက္ခမည်၏။ ကာယိက- ဒုက္ခဝေဒနာကို ရစေ။ ဒုက္ခဝေဒနာဖြစ်ပေါ်၍ လာလျှင် အလွန်တရာပင် ကျင်နာ ခံခက်လှသဖြင့် သည်းခံဘို့ရန် ခဲယဉ်းကြပ်တည်းလှစွာ၏။ ထို့ကြောင့် "ခမိတုံ ဒုက္ကရံ" ဟူ၍ ဆိုရလေသည်။

**ဒုက္ခဝေဒနာ၏ လက္ခဏာ စသည်။** ။ထို ဒုက္ခဝေဒနာသည် (၁) အနိဋ္ဌ-ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း=အနိဋ္ဌ-ဖောဋ္ဌဗ္ဗာနုဘဝနလက္ခဏာ ရှိ၏။ (၂) မိမိနှင့်တကွဖြစ်သော သမ္ပယုတ်တရားတို့ကို ညှိုးနွမ်း ချည့်နဲ့စေခြင်း=သမ္ပယုတ္တမိလာ ပန ရသ ရှိ၏။ (၃) ကိုယ်ကာယ၌ ကျင်နာခြင်း=ကာယိကာဗာဓပစ္စုပဋ္ဌာန် ရှိ၏။ (၄) ကာယပသာဒလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

**ဒုက္ခ၌ ပါဝင်သည့် အချက်များ။** ။ဒုက္ခသာမညအားဖြင့် သိမ်းကျုံး၍ ရေတွက်လျှင် ဓမ္မစက္ကပဝတ္တန သုတ္တန် စသည်တို့၌ ဟောတော်မူအပ်သောနည်းအတိုင်း ဇာတိသည်လည်း ဒုက္ခ မည်၏။ ဇရာသည်လည်း ဒုက္ခ မည်၏။ နာမှု ဗျာဓိသည်လည်း ဒုက္ခ မည်၏။ မရဏသည်လည်း ဒုက္ခ မည်၏။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဉပါယာသတို့သည်လည်း ဒုက္ခ မည်ကုန်၏။ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းသင်းဆက်ဆံရမှု ဟုဆိုအပ်သော အပ္ပိယသမ္ပယောဂသည်လည်း ဒုက္ခ မည်၏။ ချစ်ခင် စုံမက်နှစ်သက် မြတ်နိုးအပ်သောသူတို့နှင့် ကွေကွင်း ကွဲကွာ၍နေရမှုဟု ဆိုအပ်သော ပိယဝိပ္ပယောဂသည်လည်း ဒုက္ခ မည်၏။ ထိုအပ္ပိယသမ္ပယောဂဒုက္ခ, ပိယ-ဝိပ္ပယောဂဒုက္ခနှစ်ပါးတို့ကို မြော်မြင်တော်မူနိုင်သော မြတ်စွာဘုရားသည် ထိုဒုက္ခစက်ကြီးနှစ်ခုအတွင်းသို့ မဆင်း မဝင်မိ ကြိုတင်၍ သတိပေးတော်မူခြင်း ငှါ—

> "မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
> ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ"။

ဟူ၍ ဓမ္မပဒပါဠိတော် ၁၆-ပိယဝဂ် တယောဇနပဗ္ဗဇိတဝတ္ထု၌ ဟောတော်မူ၏။

အနက်ကား—ပိယေဟိ၊ ချစ်ခင် နှစ်သက် စုံမက် မြတ်နိုးရမည့်သူများနှင့်။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာ သမာဂဉ္ဆိ၊ ပေါင်းဖော် ယှဉ်တွဲ မှီဝဲ ပူးကပ်၍ မနေပါလေလင့်။ အပ္ပိယေဟိ၊ မချစ်လုံးလုံး မုန်းရမည့် သူများနှင့်လည်း။ ကုဒါစနံ၊ တရံတဆစ်မျှ။ မာ သမာဂဉ္ဆိ၊ ပေါင်းဖော်၍မနေပါလေလင့်။ ပိယာနံ၊ ချစ်အပ်သောသူများကို။ အဒဿနံ၊ မတွေ့မမြင်ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှစွာ၏။ အပ္ပိယာနံ၊ မချစ်လုံးလုံး မုန်းစရာဖြစ်သောသူများကို။ ဒဿနဉ္စ၊ တွေ့မြင်ရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲလှစွာ၏။ အလိုရှိသောအရာကို မရခြင်းဟု ဆိုအပ်သော "ယံ ပိစ္ဆံ န လဘတိ"သည်လည်း ဒုက္ခ မည်၏။ အကျဉ်းချုပ်အားဖြင့် ပဉ္စုပါဒါနက္ခန္ဓာတို့သည် စင်စစ် ဒုက္ခကြီးတို့ မည်ကုန်၏။

**ဒေါမနဿ၌** "ဒုမနဿ ဘာဝေါ ဒေါမနဿံ"။ ဒုမနဿ၊ နှလုံး မကောင်းသောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဒေါမနဿံ၊ နှလုံး မကောင်းသောသူ၏ ဖြစ်ကြောင်း။ စေတသိက ဒုက္ခဝေဒနာကို ရစေ။ (စိတ်ပိုင်း ဒေါသမူ စိတ်အဖွင့်တွင်လည်း ဒေါမနဿကို ပြဆိုအပ်လေပြီ)။

**ဒေါမနဿ၏ လက္ခဏာ စသည်။** ။ထို ဒေါမနဿသည် (၁) အနိဋ္ဌာရုံကို ခံစားခြင်း=အနိဋ္ဌာရမ္မဏာနုဘဝန-လက္ခဏာ ရှိ၏။ (၂) ထိုထို၌ကြုံ အလိုလိုသော အနိဋ္ဌရသကို ရှာကြံ၍ အနိဋ္ဌအခြင်း အရာအားဖြင့် ခံစားခြင်း=ယထာ တထာ ဝါ အနိဋ္ဌာကာရ-သမ္ဘောဂ ရသရှိ၏။ (၃) စိတ်တို့၏ ကျင်နာခြင်း=စိတ္တာဗာဓပစ္စုပဋ္ဌာန်ရှိ၏။ (၄) ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။(အဋ္ဌသာလိနီ ဋ္ဌ၊ ၂၉ဂ-စသည်)။

**ဥပါယာသ၌** "ဘုသော အာယာသနံ ဥပါယာသော"။ ဘုသော၊ ပြင်းထန်စွာ။ အာယာသနံ၊ ပင်ပန်းခြင်းတည်း။ ဥပါယာသော၊ ပြင်းထန်စွာ ပင်ပန်းခြင်း။ ပြင်းထန်စွာ ပင်ပန်းခြင်းဆိုသည်ကား ဒေါသမီး လောင်သည့်အတွက် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရုံမျှမက နစ်၍သွားမှု၊ မြော၍သွားမှု၊ သေငယ်သေ၍သွားမှု၊ ရှိုက်ကြီးငင်ကြီးဖြစ်မှုများပေတည်း။ **သောကကြီးလျှင် ပရိဒေဝ, ပရိဒေဝကြီးလျှင် ဥပါယာသ** ဖြစ်၏။ တရားကိုယ်အားဖြင့် ဒေါသစေတသိက် ပင်တည်း။

**သောက, ပရိဒေဝ, ဥပါယာသသုံးပါးတို့၏ အထူးကား** — တခုသော ဆီပူ အိုးကင်း၌ ကြိုက်ကြိုက်ဆူပွက်၍နေသော ဆီများနှင့် သောက တူ၏။ ပွက်ရုံမျှမက ဆူဝေလျှံတက်၍ နေမှုနှင့် ပရိဒေဝ တူ၏။ ကျန်ရစ်သော ဆီပူ၏ အိုးကင်း အတွင်း၌ နစ်၍ ခန်းခြောက်တူးခြစ်မှုနှင့် ဥပါယာသ တူ၏။

**ဥပါယာသ၏ လက္ခဏာ စသည်။** ။ထိုဥပါယာသသည် (၁) ထက်ဝန်းကျင်မှ စိတ်ကို လောင်မြိုက်ခြင်း=စိတ္တပရိဒဟနလက္ခဏာ[၁] ရှိ၏ ။(၂) ရှိုက်ကြီးငင်ကြီး ညည်းတွားမှုကို ပြုခြင်း=နိတ္ထုနန ရသရှိ၏။ (၃) နစ်မြော၍ သွားခြင်း=ဝိသာဒန ပစ္စုပဋ္ဌာန် ရှိ၏။ (၄) ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။ (ဝိဘင်း၊ ဋ္ဌ၊ ၉၉-စသည်)။

---

၁။ ဝိဘင်း၊ဋ္ဌ၊ ၉၉-၌ "ဗျာသတ္တိ လက္ခဏာ"ဟု ပြ၏။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ ၃ ၁၃၅-၌ကား "စိတ္တပရိဒဟန လက္ခဏာ"ဟုပင် ပြဆို၏။

ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည်လည်း ဇာတိရှိသောသူ၌သာ ဖြစ်ပေါ်ခွင့်ကို ရနိုင်ကြကုန်သောကြောင့် ဇာတိကြောင့်ဖြစ်သည်ဟု ဆိုရကုန်၏။ ဇာတိကြောင့် သောကစသော တရားငါးပါးတို့၏ ဖြစ်ပေါ်ပုံကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

သဋ္ဌေဇာတိ၊ ခန္ဓာရှိက၊ ဉာတိဘောဂ၊ စသည်သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ ပကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ရှုတငိုကြွေး၊ သက်မွေးဝန်ထမ်း၊ ပူချမ်းဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊ အလိုက်အလှဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွါးအနန္တ၊ တွေ့ကြုံရသည်။ ။မူလဇာတိ အနှုန်းတည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

ဒုက္ခသက်သက်သာဖြစ်ကြောင်း။ ။ဤသို့လျှင် အဝိဇ္ဇာအစရှိကုန်သော တရားတို့၏ အကြောင်း, အကျိုး ဆက်လက်ဖြစ်ပွါး၍နေသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးသည် စင်စစ်အားဖြင့် သုခဟူ၍ မြူမျှမရှိ ပကတိ ဒုက္ခသက်သက်ကြီးသာ ဖြစ်၍နေ၏။ ပဋိစ္စသမုပ္ပန္နတရားတို့၏ ဆက်လက်ဖြစ်ပေါ်၍ နေသည်ကိုပင် ပညာမျက်စိမှ ကင်းကုန်သော အန္ဓပုထုဇဉ်တို့က ငါ့ကိုယ် ငါ့ဟာ ငါ့သုခဟူ၍ရင်း ငါ့ဥစ္စာဟူ၍ရင်း မှတ်မှားစွဲလမ်း၍ နေကြကုန်၏။ အမြင်မှောက်မှား ဖောက်ပြားချွတ်ယွင်း၍ နေကြကုန်၏။ တစ်ဘဝရာ မိမိတို့နှင့် မသက်မဆိုင်ဘဲ တတ်တိုင်းဖြစ်၍နေသော တရားတို့ကို အချမ်းမဲ့ စွဲလမ်း၍နေကြကုန်၏။ အဝိဇ္ဇာစသည်တို့၏ဖြစ်မှုသည် ဇာတိ, ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသတို့ဖြစ်ရန် အမြဲအမြစ်တွေသာတည်း။ ဇာတိ,ဇရာစသည်သို့ ဆိုက်ရောက်ရုံက ပိုမို၍ အကျိုးထူး မရှိ။ ဇာတိ,ဇရာစသည်တို့ကလည်း စင်စစ် ဒုက္ခကြီးတွေသာတည်း။

ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကို ဒုက္ခစက်ကြီးဟူ၍ ဆိုရ၏။ ထိုဒုက္ခစက်ကြီးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာဟူ၍ မှတ်မှားစွဲလမ်း၍ နေသော သတ္တဝါတို့သည်လည်း ဒုက္ခစက်ကြီးတွင်းသို့ အတင်း သက်ဆင်း၍ နေကြသည် မည်ကုန်၏။ ဒုက္ခစက်သွားတို့၏ ဝါးမူ ကြိတ်မူ နင်းနယ်မှုတို့ကို အတင်းငုံ့ ကာခံ၍ နေကြသည်မည်ကုန်၏။ ။ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ သုခမပါက် သက်သက်ဒုက္ခဖြစ်ပုံကို ရည်တော်မူ၍ "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပေသည်။ (အနက်ကား) ဧဝံ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အဝိဇ္ဇာအစရှိသောတရားတို့၏ အကြောင်း,အကျိုး ဆက်လက်ဖြစ်ပွါး၍ နေပုံအစီအရင်ဖြင့်။ ကေဝလဿ၊ သုခဟူသည် မြူမျှမပါက် သက်သက်သာဖြစ်သော။ ဒုက္ခက္ခန္ဓဿ၊ ဒုက္ခအုံး ဒုက္ခခဲ

ကြီး၏။ သမုဒယော၊ ဖြစ်ပွါးမှုသည်။ ဟောတိ၊ ဖြစ်၏။ ဤပါဠိတော်ကိုရည်၍ ပဋိစ္စသမုပ္ပါဒ်လင်္ကာ၌—

ဝဋ္ဋသံသရာ၊ ရှည်မင်းစွာ၌၊ သုငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ဓာတ်မှုန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလော့၊ အရင်း အဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာ့မရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆဲ့နှစ်ပါး ကို၊ ဤကားလူပင်၊ ဤလျှင်နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ္ဋနွယ်စည်၏၊ ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည်၊ မြူမျှမကွက်၊ သက်သက်ဒုက္ခ၊ ဓာတ်မှုန်ရသည်။ ။ဘဝဤကိုယ်ဖြစ်ထုံးတည်း။

ဟူ၍ စပ်ဆိုတော်မူသည်။

**(၅၁၃) အင်္ဂါ-ဆဲ့နှစ်၊ သုံးဆစ်-ကာလ၊ သုံးဝအစပ်၊ လေးရပ်အလ္လာ၊ ဝဋ္ဋ သုံးဖြာ၊ မှတ်ပါ-မူလဒွေး။**

ဤကဗျာဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီး၌ အင်္ဂါဆဲ့နှစ်ပါး ကာလ သုံးပါး စသည် ရှိကြောင်းကို ပြဆိုတော်မူ၏။

အင်္ဂါ ၁၂-ပါး။ ။အင်္ဂါဆဲ့နှစ်ပါးဟူသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာ တိုက်ရိုက် လာရှိသောအတိုင်း အဝိဇ္ဇာ။ပ။ ဇရာ့မရဏတို့ ပေတည်း။ သောကစသည်တို့ကိုမူကား အင်္ဂါဆဲ့နှစ်ပါး၌ သွင်း၍ မရေတွက်အပ်ကုန်။

သို့ရာတွင် ထိုသောက စသည်တို့၏ ဖြစ်မှုသည် ဇာတိနှင့် မကင်းကြကုန် သောကြောင့် ဇာတိကြောင့် သောက စသည်တို့သည် ဖြစ်ရကုန်၏ဟူ၍လည်း ဆိုထိုက်ပြန်ရကား ထိုသောက စသည်တို့ကို ဇရာ့မရဏတို့နှင့် ပေါင်းပြီးလျှင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတခုဟူ၍ ယူထိုက်ပြန်၏။ ထိုသို့ သောက စသည်တို့ကို ဇရာ့ မရဏ အင်္ဂါ၌ သွင်း၍ ယူလျှင် အထက်သို့လည်း တဖန်ဆင့်၍ ပဋိစ္စသမုပ္ပါဒ် အစဉ်ဆက်နိုင်ပြန်၏။ ဆက်လက်ပုံကား သောက စသည်တို့ဖြင့် ဖိစီးနှိပ်စက်၍ နေသောပုဂ္ဂိုလ်တို့မှာ အာသဝတရားတို့သည် မနေမနား တဖြစ်ပွါးတည်း ဖြစ် ပွါး၍သာ နေကုန်၏။ ထိုသို့ အာသဝတရား ဖြစ်ပွါးလျှင် "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဟူ၍ ဟောတော်မူအပ်သော ပါဠိတော်နှင့်အညီ အဝိဇ္ဇာ တရားတို့သည် ဖြစ်ပွါးကြကုန်၏။ အဝိဇ္ဇာဖြစ်ပွါးလျှင်လည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အစဉ်အတိုင်း အဆင့်ဆင့် ဆက်လက်နိုင်လေ၏။ ဤအဓိပ္ပါယ်ကို ရည်တော်မူ၍—

နာနာဗျသနဖုဋ္ဌဿ၊ သောကာဒီနံ ပဝတ္တိတော။
အဝိဇ္ဇာ့တဏှာ ဝဓုန္တိ၊ ယတော ဝဋ္ဋံ ပဝတ္တတိ။

ဟူ၍ ငါတို့ကျေးဇူးရှင်ဘုရား မိန့်တော်မူ၏။ (အနက်ကား) နာနာ ဗျသနဖုဋ္ဌဿ၊ အမျိုးမျိုးပျက်စီးမှုဟုဆိုအပ်သော ဗျသနတရားတို့၏ တွေ့ထိ နှိပ်စက်အပ်လေသောသူအား။ သောကာဒီနံ၊သောကစသည်တို့၏။ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာတဏှာ၊ အဝိဇ္ဇာနှင့်တဏှာတရားတို့သည်။ ဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ ယတော၊ အကြင်အကြောင်းကြောင့်။ ဝဋ္ဋံ၊ သံသရာဝဋ်သည်။ ပဝတ္တတိ၊ လည်၍ဖြစ်ပြန်လေ၏။

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်လည်း—

ဇရာ,မရဏမုစ္ဆာယ၊ ပီဠိတာန မဘိဏှသော။
အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။

ဟူ၍ မိန့်ဆိုတော်မူ၏။ (အနက်ကား) ဇရာမရဏမုစ္ဆာယ၊ အိုခြင်း,သေခြင်း တွေဝေခြင်းသည်။ ဝါ၊ အိုခြင်း, သေခြင်း, စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းခြင်း သည်လည်း။ အဘိဏှသော၊ မပြတ်မလပ်။ ပီဠိတာနံ၊ နှိပ်စက်ညှဉ်းပန်း အပြင်း ဖမ်းအပ်ကုန်သော သတ္တဝါတို့အား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ သမုပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်လည်း။ ပဝတ္တတိ၊ တဖန် တက်၍ ဆက်လက်ဖြစ်ပွါးပြန်လေ၏။

အင်္ဂါဆိုသည်ကား—ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ အစိတ်အစိတ်သော အဆောက်အဦတရားတို့ပေတည်း။ ။အင်္ဂါ-၁၂-ပါးပြီး၏။

**ကာလသုံးပါး** ဆိုသည်ကား—အတိတ်ကာလ, အနာဂတ်ကာလ, ပစ္စုပ္ပန် ကာလတို့ပေတည်း။

အဝိဇ္ဇာ,သင်္ခါရ နှစ်ပါးတို့သည် အတိတ်ဘဝ၌ အကျုံးဝင်ကြကုန်သော ကြောင့်-အတိတ်ကာလ မည်ကုန်၏။ဇာတိ,ဇရာ မရဏနှစ်ပါးတို့သည် အနာဂတ် ကာလ၌ အကျုံးဝင်ကြကုန်သောကြောင့် အနာဂတ်ကာလ မည်ကုန်၏။ အလယ်၌ရှိသော တရားရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလ၌ အကျုံးဝင်ကြကုန်သော ကြောင့် ပစ္စုပ္ပန်ကာလမည်ကုန်၏။

ဥပမာအားဖြင့် တဦးသော ယောကျ်ားသည် တချောင်းသော လက်ညှိုးဖြင့် သမုဒ္ဒရာရေကို ယူငင်၍ လူအပေါင်းတို့၏ ခံတွင်း၌ ထည့်ပြီးလျှင် သမုဒ္ဒရာ လေးစင်း၌ရှိသော ရေ၏ အရသာသည် လွန်စွာငန်လှသည်ချည်းသာဟူ၍ သိစေဘိသကဲ့သို့၊ ထိုအတူ တရားကို အစိုးရသဖြင့် ဓမ္မရာဇာမည်တော်မူသော တရားမင်းမြတ်စွာဘုရားသည်လည်း "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" အစရှိသော ပါဠိအစဉ်ဖြင့် ပစ္စုပ္ပန်ဘဝတခုကို အကြောင်းအကျိုးနှင့်တကွ ပြည့်စုံစွာ ဟောတော်မူပြီးလျှင် အတိတ်, အနာဂတ်ဖြစ်သော အနမတဂ္ဂ အသင်္ချေယျ

အနန္တဖြစ်သော သံသရာဝဋ်ဆင်းရဲကြီး တပြင်လုံး၏ ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို အကုန်သိမြင်စေတော်မူ၏။

**ပစ္စုပ္ပန်ဘဝတခုကို အပြည့်အစုံ ဟောမှု** မည်သည်ကား ထိုပစ္စုပ္ပန်ဘဝ၏ အကြောင်းကို ပြ၍ ဟောမှု အကျိုးကိုပြ၍ ဟောမှုများပေတည်း။

**အကြောင်းဆိုသည်ကား** အတိတ်ဖြစ်သော ရှေးဘဝက ပြီးစီးနှင့်သော အဝိဇ္ဇာနှင့်သခ်ါရတို့ပေတည်း။ **အကျိုးဆိုသည်ကား** နောင်အနာဂတ်ဘဝ၌ ရရှိဖြစ်ပေါ်လတ္တံ့သော ဇာတိစသည်တို့ပေတည်း။ ဤသို့ ပစ္စုပ္ပန်ဘဝတခုကို အပြည့်အစုံ ဟောတော်မူအပ်သော ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည် အတိတ်ဘဝ အနာဂတ်ဘဝတို့နှင့် ဆက်ဆံလျက်လည်း ရှိပေ၏။

**အတိတ်အကြောင်းကို ဟောရခြင်းအကြောင်း။** ။အဘယ်ကြောင့် မြတ်စွာဘုရားသည် ပစ္စုပ္ပန်ဘဝတခု၏ ဖြစ်ပုံများကို ဟောတော်မူရာဝယ် အတိတ်ဘဝ၌ အကြောင်း, အနာဂတ်ဘဝ၌ အကျိုးများကို ထည့်သွင်း၍ ဟောပြတော်မူအပ်ပါသနည်းဟူမူ အဟေတုကဒိဋ္ဌိ,ဝိသမဟေတုဒိဋ္ဌိ အယူတို့ကို တားမြစ်တော်မူခြင်းငှါ အတိတ်ဘဝ၌ အကြောင်းကို ဟောတော်မူရပေသည်။

**အဟေတုကဒိဋ္ဌိဆိုသည်ကား** သတ္တဝါဟူသမျှတို့သည် တစုံတရာကံစသော အကြောင်းမရှိဘဲ ထင်တိုင်း ပေါက်လွတ် ဖြစ်ပေါ်ကြကုန်၏။ အကြောင်းမရှိဘဲ သံသရာထဲ၌ ညစ်နွမ်းပင်ပန်းကြရကုန်၏။ အကြောင်းမရှိဘဲ အချိန်တန်လျှင် ကျွတ်ကြ လွတ်ကြကုန်၏ဟူ၍ ယူသော အယူပေတည်း။

**ဝိသမဟေတုဒိဋ္ဌိ** ဆိုသည်ကား သတ္တဝါတို့မည်သည် ဗြဟ္မာမင်းဖန်ဆင်း၍ ဖြစ်ကြကုန်၏။ ပဇာပတိနတ်, ဗိဿကြိုးနတ် ဖန်ဆင်း၍ ဖြစ်ကြကုန်၏။ ထာဝရဘုရားဖန်ဆင်း၍ ဖြစ်ကြကုန်၏ဟူ၍ မဟုတ်မမှန် မညီမညွတ် ကတောင်ချောက်ချား အကြောင်းများကို ရှာကြံ၍ သိမြင်ပြောဆိုစွဲလမ်းသော အယူပေတည်း။ ပစ္စုပ္ပန်ဘဝ၏ အကြောင်းကို သေချာစွာ ဖော်ပြလျှင် ထိုအဟေတုကဒိဋ္ဌိ ဝိသမဟေတုဒိဋ္ဌိ တို့ကို တားမြစ်ပယ်ရှားခြင်းကိစ္စ ပြီးစီးလေ၏။ ထိုကြောင့် အတိတ်အကြောင်းတရားကို ဟောကြားတော်မူရပေသည်။

**အနာဂတ်အကျိုးကို ဟောရခြင်းအကြောင်း။** ။ဥစ္ဆေဒဒိဋ္ဌိအယူကို တားမြစ်တော်မူခြင်းငှါ အနာဂတ်၌ အကျိုးတရားကို ဟောကြားတော်မူပေသည်။

**ဥစ္ဆေဒဒိဋ္ဌိဆိုသည်ကား** သတ္တဝါတို့မည်သည် ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်းကျင်လည်သည်ဟူ၍ မရှိ။ သေလျှင် တခါတည်း ပြတ်ဆုံးကြလေကုန်၏။

အနာဂတ်ဘဝ၌ ဇာတိမည်သည် တစုံတရာမျှမရှိဟူ၍ ယူသော ဒိဋ္ဌိပေတည်း။ အနာဂတ်ဘဝ၌ အကျိုးကို သေချာစွာဖော်ပြလျှင် ထိုဥစ္ဆေဒဒိဋ္ဌိကို တားမြစ်ပယ်ရှားခြင်းကိစ္စ ပြီးစီးလေ၏။ ထိုကြောင့် အနာဂတ်ဘဝ၌ အကျိုးကိုထုတ်ပြ၍ ဟောတော်မူရပေသည်။

**အတိတ်အကြောင်းနှင့် အနာဂတ် အကျိုးကို ဟောရခြင်းအကြောင်း။** ။အတိတ်အကြောင်း အနာဂတ်အကျိုး နှစ်ပါးတို့ကို ဟောတော်မူသဖြင့် သဿတဒိဋ္ဌိကို တားမြစ်ပယ်ရှားခြင်းကိစ္စ ပြီးစီးလေ၏။

**သဿတဒိဋ္ဌိဆိုသည်ကား**—အတ္တသည် မြဲ၏။ သတ္တဝါသည် မြဲ၏။ ထိုသတ္တဝါသည် ဘဝတခုမှ ဘဝတခုသို့ ကူးပြောင်းကျင်လည်၍သာ နေ၏။ ထိုသို့ ကူးပြောင်းကျင်လည်မှုသည် အဝိဇ္ဇာစသည်တို့ကြောင့် ဖြစ်သည်လည်း မဟုတ်၊ သတ္တဝါတို့၏ ဓမ္မတာအားလျော်စွာသာလျှင် ကူးပြောင်းကျင်လည်၍ နေ၏။ သတ္တဝါတို့မည်သည် သံသရာမှ ကျွတ်လွတ်သည်ဟူ၍လည်း မရှိဟု ယူသော အယူပေတည်း။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဖြင့် အဝိဇ္ဇာစသော အကြောင်းတို့ကြောင့်သာလျှင် ဝိညာဏ်စသည်တို့၏ ဖြစ်မှုသက်သက်သာ ရှိသည်။ သတ္တဝါတို့၏ဖြစ်မှု သံသရာ၌ကျင်လည်မှုဟူ၍ မရှိဟု ဟောတော်မူသဖြင့် ပြဆိုအပ်ပြီးသော သဿတဒိဋ္ဌိကို တားမြစ်တော်မူ၏။ အဝိဇ္ဇာအစရှိသော အကြောင်းတို့ကြောင့်သာလျှင် ဝိညာဏ်စသည်တို့ ဖြစ်ကြရကုန်သည်။ အကယ်၍ အဝိဇ္ဇာစသောအကြောင်းတို့ မရှိကြကုန်လျှင် ဝိညာဏ်စသည်တို့ ဖြစ်မည်မဟုတ်ကုန်ရာဟု ပဋိစ္စသမုပ္ပါဒ်ဒေသနာ၏ အဓိပ္ပါယ်သွားဖြင့် သတ္တဝါမည်သည် ထာဝရမြဲ၍နေ၏ဟူသော သဿတဒိဋ္ဌိအယူကိုလည်း တားမြစ်ပြန်၏။ ထိုကြောင့် အကြောင်းအကျိုးနှစ်ပါးကို မြတ်စွာဘုရား ဟောတော်မူရပေသည်။

**အဝိဇ္ဇာ, သင်္ခါရမှတပါး ပစ္စုပ္ပန်အကြောင်းများ။** ။ပစ္စုပ္ပန်ဘဝ၏ အတိတ်အကြောင်းတရားကို အဘယ်ကြောင့် အဝိဇ္ဇာနှင့်သင်္ခါရ နှစ်ပါးမျှသာလျှင် ဟောကြားတော်မူပါသနည်း၊ ပစ္စုပ္ပန်ဘဝ၏ အကြောင်းတရားသည် နှစ်ပါးမျှပင် ရှိပါသလော။ ထိုပြင် အကြောင်းများ မရှိကုန်ပြီလော ဟူမူ—ထိုပြင်လည်း ရှိကုန်သေး၏ဟု ဖြေ။ အဘယ်တရားကိုပါနည်းဟူမူ—တဏှာ, ဥပါဒါန်, ကမ္မဘဝတို့ပေတည်း ဟုဖြေ။ ထိုသို့ဖြစ်လျှင် ထိုတဏှာ, ဥပါဒါန်, ကမ္မဘဝတို့ကို အဘယ်ကြောင့် ထုတ်ဖော်၍ ဟောတော်မမူအပ်ကုန်သနည်း ဟူမူ—ထုတ်ဖော်၍ ဟောတော်မမူအပ်ကုန်သော်လည်း အဝိနာဘာဝိဘာဝနည်းအားဖြင့် အပြီးထက်ကြပ် ပါရှိလေသောကြောင့် ဟု ဖြေ။ အပြီးထက်ကြပ်ပါရှိပုံကား—

အဝိဇ္ဇာကိုယူလျှင် ကိလေသဝဋ္ဋအချင်းချင်း တူမျှ၍ မကင်းနိုင်ရကား တဏှာ,ဥပါဒါန်တို့ကိုလည်း ယူခြင်းကိစ္စ ပြီးလေ၏။

သင်္ခါရကိုယူလျှင် ကမ္မဝဋ္ဋအချင်းချင်း တူမျှ၍ မကင်းနိုင်ရကား ကမ္မဘဝ ကိုလည်း ယူခြင်းကိစ္စ ပြီးစီးလေ၏။

ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် "အဝိဇ္ဇာသင်္ခါရဂ္ဂဟဏေန တဏှု-ပါဒါနဘဝါပိ ဂဟိတာ ဘဝန္တိ"ဟူ၍ ဆိုလေသည်။ အနာဂတ်အကျိုးဖြစ်သော ဇာတိ, ဇရာ, မရဏတို့၏ အကြောင်းသည်ကား တဏှာ, ဥပါဒါန်, ဘဝတို့ တည်း၊ ယခင် ပြဆိုအပ်ပြီးသော အဝိနာဘာဝဝီဘာဝ နည်းအားဖြင့် ရေယူခဲ့ပါ ဆိုလျှင် အိုးခွက်ဖလားကို မဆိုသော်လည်း ပါရလေသကဲ့သို့ တဏှာဥပါဒါန် ကိုဆိုလျှင် အဝိဇ္ဇာ ပါလေ၏။ ဘဝကိုဆိုလျှင် သင်္ခါရ ပါလေ၏။ ။ကာလ သုံးပါး ပြီး၏။

**အခြင်းအရာ ၂၀။** ။ပရမတ္ထသံခိပ်ကျမ်းရင်း၌ ဤပဋိစ္စသမုပ္ပါဒ်အရာဝယ် အခြင်းအရာနှစ်ဆယ်ကို အသီးထုတ်ဖော်၍ မပြအပ်သော်လည်း ဤဋီကာကျမ်း၌ ပြဆိုပေအံ့။

ပြဆိုအပ်ပြီးသော အတိတ်အကြောင်းဟု ဆိုအပ်သော အဝိဇ္ဇာ, သင်္ခါရ နှစ်ပါးတွင် မကင်းကောင်းသော တဏှာ, ဥပါဒါန်, ဘဝတို့ကို ထည့်သွင်း၍ ရေတွက်လျှင် အတိတ်အကြောင်းငါးပါး ဖြစ်၏။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဤငါးပါးသည် အတိတ် အကြောင်းကြောင့်ဖြစ်သော ပစ္စုပ္ပန်အကျိုးငါးပါး မည်၏။

တဏှာ, ဥပါဒါန်, ကမ္မဘဝတို့တွင် မကင်းကောင်းသော အဝိဇ္ဇာ, သင်္ခါရတို့ကို ထည့်သွင်း၍ ရေတွက်လျှင် အနာဂတ်အကျိုးကို ပေါ်စေရန် ပစ္စုပ္ပန်အကြောင်း ငါးပါးဖြစ်၏။

အနာဂတ်အကျိုးဖြစ်သော ဇာတိ, ဇရာ, မရဏအင်္ဂါ၌ ဥပပတ္တိဘဝကို ထုတ်ဖော်၍ သိအပ်၏။ ဇာတိ,ဇရာ,မရဏတို့သည်ကား ဥပပတ္တိဘဝ၏ အမှုတို့ သာတည်း။ ဇာတိဆိုလျှင် ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့လည်း ပါဝင်လေကုန် ၏။ ၎င်းတရားတို့ကိုပင်လျှင် ဥပပတ္တိဘဝ ဆိုရသည်။ ထို့ကြောင့် ဇာတိ,ဇရာ, မရဏအရာတို့၌ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာတို့ကို ထုတ်ဖော်၍ ယူရာ၏။ ဤသို့ ယူရသဖြင့် အနာဂတ်အကျိုးတရား ငါးပါး ဖြစ်၏။

ဤသို့ ပြဆိုအပ်ပြီးသော စကားအစဉ်ဖြင့် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,သင်္ခါရ, ကမ္မဘဝ။ ဤငါးပါးတို့သည် အတိတ်အကြောင်း မည်ကုန်၏။

ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။ ဤငါးပါးတို့သည် ပစ္စုပ္ပန် အကျိုး မည်ကုန်၏။ ။အဝိဇ္ဇာ, တဏှာ, ဥပါဒါန်,သင်္ခါရ,ကမ္မဘဝ။ဤငါးပါး တို့သည် ပစ္စုပ္ပန်အကြောင်း မည်ကုန်၏။ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ။ဤငါးပါးတို့သည် အနာဂတ်အကျိုးမည်ကုန်၏။

အတိတ်အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါး အကြောင်းအကျိုး တစုံဖြစ်၏။ ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်အကျိုးငါးပါး အကြောင်း အကျိုးတစုံ ဖြစ်၏။ ပေါင်းလျှင် အခြင်းအရာနှစ်ဆယ် ဖြစ်၏။ အင်္ဂါနှစ်ဆယ် ဟူ၍လည်း ဆိုသင့်၏။ ဤအဓိပ္ပါယ်ကို ရည်၍ ရှင်အနုရုဒ္ဓါဆရာသည်—

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ[၁]။

ဟူ၍ ဆိုတော်မူ၏။ (အနက်ကား) အတီတေ၊ အတိတ်ဘဝ၌။ ပဉ္စဟေတ-ဝေါ၊ အကြောင်းငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ ယခုပစ္စုပ္ပန် ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါးအပေါင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ပဉ္စဟေတဝေါ၊ အကြောင်းငါးပါးတို့သည်။ ဟောန္တိ၊ ဖြစ် ကုန်၏။ အာယတိံ၊ နောင်အနာဂတ်ကာလ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းသည်။ ဟောတိ၊ ဖြစ်၏။

**အစွန် ၃-ပါး။** ။ဤအခြင်းအရာနှစ်ဆယ်ကို ကာလသုံးပါးနှင့် ပိုင်းခြား ရေတွက်လျှင် အတိတ်အကြောင်းငါးပါးသည် အတိတ် ကာလအစွန် မည်၏။ ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်း ငါးပါးတို့ သည် ပစ္စုပ္ပန်ကာလအစွန် မည်ကုန်၏။အနာဂတ်အကျိုးငါးပါးသည် အနာဂတ် ကာလအစွန်မည်၏။ ။ကာလ ပြီး၏။

**အစပ်သုံးပါး။** ။"သုံးဝအစပ်"ဟူသော စကားအရ အစပ်သုံးပါးကို ဆိုအံ့။ သင်္ခါရနှင့် ဝိညာဏ်အကြားမှာ အကြောင်းအကျိုးစပ်သော ဟေတုဖလအစပ် တခု။ ဝေဒနာနှင့် တဏှာအကြားမှာ အကျိုးအကြောင်း စပ်သော ဖလဟေတုအစပ် တခု။ဘဝနှင့် ဇာတိအကြားမှာ အကြောင်းအကျိုး စပ်သော ဟေတုဖလအစပ် တခု။ (ဤကား အစပ်သုံးပါးတည်း)။

ကုသိုလ်,အကုသိုလ်မျိုးကို **ဟေတု**ဆိုသည်။ ဝိပါက်ခန္ဓာ ကဋတ္တာရုပ်များ ကို **ဖလ**ဆိုသည်။

အခြင်းအရာနှစ်ဆယ် ရေတွက်ပုံဖြင့် အစပ်သုံးပါးကို ဆိုလျှင် အတိတ် အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါးအကြားမှာ ဟေတုဖလအစပ် တခု။

---

၁။ ဝိဘင်း၊ဋ္ဌ၊၁၈၂၊ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊၂၃၄-စသည်တို့၌လည်း ပါသည်။

ပစ္စုပ္ပန်အကျိုးငါးပါးနှင့် ပစ္စုပ္ပန်အကြောင်း ငါးပါးအကြားမှာ ဖလဟေတု အစပ် တခု။ ပစ္စုပ္ပန်အကြောင်းငါးပါးနှင့် အနာဂတ်အကျိုး ငါးပါးအကြားမှာ ဟေတုဖလအစပ် တခု။ (ဤကား အစပ်သုံးပါးတည်း)။

ဤအစပ်သုံးပါးကို "တိသန္ဓိ"ဟူ၍ ခေါ်ဆိုကြ၏။ ။သန္ဓိ၌ "သန္ဓိယတေ သန္ဓိ"။ သန္ဓိယတေ၊ စပ်ခြင်း။ သန္ဓိ၊ စပ်ခြင်း။ ဟေတုဖလတို့၏ စပ်ဆက်မှုကို ရစေ။ တနည်းကား "သန္ဓိယန္တိ ဟေတုဖလဓမ္မာ ဧတ္ထာတိ သန္ဓိ"။ ဧတ္ထ၊ ဤနေရာ၌။ ဟေတုဖလဓမ္မာ၊ အကြောင်းတရား, အကျိုးတရားတို့ကို။ သန္ဓိယန္တိ၊ စပ်ဆက်အပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ စပ်ဆက်ရာဖြစ်သော သတ္တိကြောင့်။ သန္ဓိ၊ သန္ဓိမည်၏။ အကြောင်းတရား အကျိုးတရားတို့၏ စပ်ရာဆက်ရာအကြားဌာနကို ရစေ။ ။အစပ်သုံးပါး ပြီး၏။

**အလ္ဘာလေးပါး။** ။"လေးရပ်အလ္ဘာ"ဟူသော စကား၌ အလ္ဘာလေးပါးကို ဆိုအံ့။ အစပ်သုံးပါးရှိလျှင် အထပ်အလ္ဘာ လေးခုရှိရမည်သာ မှန်၏။ အဝိဇ္ဇာနှင့်သင်္ခါရနှစ်ပါးသည် အတိတ် အကြောင်းတလ္ဘာ မည်၏။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ။ ဤငါးပါးသည် ပစ္စုပ္ပန်အကျိုး တလ္ဘာမည်၏။ ။တဏှာ, ဥပါဒါန်, ဘဝ။ ဤသုံးပါးသည် ပစ္စုပ္ပန်အကြောင်းတလ္ဘာမည်၏။ ။ဇာတိ,ဇရာမရဏနှစ်ပါးသည် အနာဂတ်အကျိုး တလ္ဘာ မည်၏။(ဤကား အလ္ဘာလေးပါးတည်း)။

အခြင်းအရာ ၂၀-ရေတွက်ပုံဖြင့် အလ္ဘာလေးပါးကိုဆိုလျှင် အတိတ်အကြောင်းငါးပါးသည် တလ္ဘာ။ ။ပစ္စုပ္ပန်အကျိုး ငါးပါးသည် တလ္ဘာ။ ။ပစ္စုပ္ပန်အကြောင်း ငါးပါးသည် တလ္ဘာ။ ။အနာဂတ်အကျိုး ငါးပါးသည် တလ္ဘာ။ ။ဤသို့ အလ္ဘာလေးပါး ဖြစ်၏။

ဤအလ္ဘာလေးပါးကို "စတု သင်္ခေပ" ဟူ၍ခေါ်ဆိုကြ၏။ သင်္ခေပ၌ "သံခိပီယန္တိ သင်္ဂယှန္တိ ပဓာနဓမ္မာ ဧတ္ထာတိ သင်္ခေပေါ"။ ဧတ္ထ၊ ဤအရာ၌။ ပဓာနဓမ္မာ၊ လိုရင်းပဓာနဖြစ်သောတရားတို့ကို။ သံခိပီယန္တိ သင်္ဂယှန္တိ၊ အကျဉ်းစုချုံး ပေါင်းရုံးရေတွက်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သင်္ခေပေါ၊ သင်္ခေပမည်၏။ ပဓာနတရားတို့ကို အကျဉ်းချုံး၍ ပေါင်းရုံးရေတွက်ရာကို ရစေ။ ။အလ္ဘာလေးပါး ပြီး၏။

**ဝဋ်သုံးပါး။** ။"ဝဋ်သုံးပါး"ဟူသောစကားအရ ဝဋ်သုံးပါးကို ဆိုအံ့ "ဝဋ္ဋ"ဟူသောပုဒ်၌ "ဝဋ္ဋန္တိ ပုနပ္ပုနံ အာဝဋ္ဋန္တီတိ ဝဋ္ဋာနိ"။ဝဋ္ဋန္တိ၊ လည်တတ်ကုန်၏။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ အာဝဋ္ဋန္တိ၊ လှန်စွာလည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝဋ္ဋာနိ၊ ဝဋ်တို့မည်ကုန်၏။ မီးဋ္ဌေ့ ရေဝိုးအစုံ အလင်နှင့် မောင်းတင်၍ ထားအပ်သော မီးရထားစက်, မီးသင်္ဘောစက်,အလုပ်

စက်ကြီးတို့ပမာ မရပ်မနား တသွားတည်းသွား၍ လည်တတ်သောတရားကို ဝဋ်ဟူ၍ဆိုသည်။ ထိုဝဋ်သည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်အားဖြင့် သုံးပါး အပြားရှိ၏။

**ကိလေသဝဋ်။** ။တရားကိုယ်အားဖြင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန် တို့သည် ကိလေသဝဋ်မည်ကုန်၏။

**ကမ္မဝဋ်။** ။သင်္ခါရ, ကမ္မဘဝတို့သည် ကမ္မဝဋ်မည်ကုန်၏။

**ဝိပါကဝဋ်။** ။ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဥပပတ္တိဘဝ, ဇာတိ,ဇရာမရဏ တို့သည် ဝိပါကဝဋ်မည်ကုန်၏။

**သံသရာဝဋ်စက်လည်ပုံ။** ။ကိလေသဝဋ်သည် ကမ္မဝဋ်ကို အစဉ်မပြတ် တွင်တွင် လည်အောင် လှည့်၍ပေးတတ်၏။ ကမ္မဝဋ်သည် ဝိပါကဝဋ်ကို အစဉ်မပြတ် တွင်တွင်လည်အောင် လှည့်၍ပေးတတ်၏။ ထိုဝိပါက ဝဋ်သည် တဖန်ပင် ကိလေသဝဋ်ကို တွင်တွင်လည်အောင် လှည့်၍ပေးပြန်၏။ ဤသို့စသည်ဖြင့် သံသရာစက်ကြီး၏ လည်ပတ်မှုသည် မပြတ်မစဲ အမြဲပင် လည် ပတ်၍နေ၏။

ကိလေသာရှိလျှင် အမျိုးမျိုးသော အမှုတို့ကို ပြုလုပ်ရှက်ဆောင်ရလေ၏။ အမှုအမျိုးမျိုးကို ရှက်ဆောင်လျှင် ကံအမျိုးမျိုးတွေဖြစ်ကုန်၏။ ထိုကြောင့် ကိလေသဝဋ်ရှိလျှင် ကမ္မဝဋ်လည်း အမြဲပင် ရှိ၏ဟူ၍ ဆိုရလေသည်။ ကိလေသ ဝဋ်သည် ကမ္မဝဋ်အား ပစ္စည်းတပ်၏။ ကံတရားစု ရှိပြန်လျှင်လည်း ထိုကံကြောင့် ဖြစ်ပေါ်ရသော ဝိပါက်နာမ်ခန္ဓာအမျိုးမျိုး "ကဋတ္တာရုပ်"ခေါ်သော ကမ္မဇရုပ် အမျိုးမျိုးတို့သည် ဖြစ်ပေါ်ရပြန်ကုန်၏။ ထိုသို့ ဖြစ်ပေါ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကိုပင် ဝိပါကဝဋ်ဟူ၍ ဆိုရလေသည်။ကမ္မဝဋ်သည် ဝိပါကဝဋ်အား ပစ္စည်းတပ်ပြန်၏။

**ဝိပါကဝဋ်** ဆိုသည်ကား ဥပပတ္တိဘဝခန္ဓာ အမျိုးမျိုးတို့ပေတည်း။

**ပပဉ္စတရားသုံးပါး။** ။ထိုဝိပါကဝဋ်ဟုဆိုအပ်သော ဘဝခန္ဓာတို့ ရှိနေကြကုန် လျှင် ထိုဘဝခန္ဓာကို ငါ ငါဟူ၍ စွဲလမ်းမှု, ငါ့ဟာ ငါ့ဟာ ဟူ၍သာယာစွဲလမ်းမှု, ငါသာမြတ်သည် ငါသာတတ်သည် ငါသာနေရာကျသည် စသောအားဖြင့် အထင်မောက်ကြွား၍ နေမှုများတို့သည် ဖြစ်ပေါ်၍လာကြ ကုန်၏။ ။ထိုအမှုများသည်ကား တဏှာ,မာန,ဒိဋ္ဌိတို့ပေတည်း။ ထိုတရားသုံး ပါးတို့ကို သံသရာကျယ်အောင် ချဲ့ထွင် တတ်သော ပပဉ္စတရား **သုံးပါး** ဟူ၍ ဆိုအပ်ကုန်၏။ ထိုပပဉ္စတရားများ ရှိပြန်လျှင် အမျိုးမျိုးသော ကိလေသာတို့ သည် တိုးပွါးပြန်ကုန်၏။ ထိုကြောင့် ဝိပါကဝဋ်သည် ကိလေသဝဋ် အမျိုးမျိုး

တို့ကို တဖန်ဆင့်ကာ ဆင့်ကာ ဖြစ်စေပြန်သည်။ဝိပါကဝဋ္ဋသည် ကိလေသဝဋ္ဋအား ပစ္စည်းတပ်ပြန်၏။

**ဝဋ္ဋစက်လည်ပုံနှင့် သစ်ပင်မျိုးဆက် ပွါးပုံဥပမာ။**　။ထို ဝဋ္ဋသုံးပါးကြောင့်ပင် သံသရာကြီး ဖြစ်၍နေ၏။

သံသရာစက်ကြီး တွင်တွင်လည်၍ နေ၏။ ဥပမာအားဖြင့် သစ်ပင်တို့မှာ တပင်လုံး၌ အနှံ့အပြား တည်ရှိသော အဆီအစေးသည် ရှိ၏။ ထိုအဆီအစေးမှ အသီးအဆံ ဖြစ်ပေါ်လာရ၏၊ ထိုအသီးအဆံမှ တဖန် အပင်သစ် ပေါက်ရောက်လာပြန်၏။ ထိုအပင်မှာ အဆီအစေး ရှိပြန်၏။ ထိုအဆီအစေးမှ အသီးအဆံ ဖြစ်ပြန်၏။ ထိုအသီးအဆံမှ တဖန် အပင်သစ်ကို ဖြစ်စေပြန်၏။ ဤသို့ အဆင့်ဆင့် ဆက်လက်မှုကြောင့် ကမ္ဘာကြီး ကုန်ဆုံးသည်တိုင်အောင် သစ်ပင်မျိုး မပြတ်နိုင်ဘဲ တဆက်တည်း ဆက်လက်ပေါက်ပွါး၍သာ နေဘိသကဲ့သို့ သတ္တဝါတို့သည်လည်း ဝဋ္ဋသုံးပါးတို့၏ အတွက်ကြောင့် တဆက်တည်း ဆက်လက်လည်ပတ်၍ နေကြရကုန်၏။　။သစ်ပင်တွေနှင့် သတ္တဝါတွေ တူကြကုန်၏။ အဆီအစေးနှင့် ကိလေသဝဋ္ဋ တူ၏။ အသီးအဆံနှင့် ကမ္မဝဋ္ဋ တူ၏။ တဖန် ပေါက်သော အပင်နှင့် ဝိပါကဝဋ္ဋ တူ၏။

မြေဥတု, ရေဥတု, လေဥတုစသည်တို့သည် သစ်ပင်၏ အဆီအစေးကို ပွါးစီးများပြားအောင် ကျေးဇူးပြုကာ ဓာတ်ငွေ့ပေး၍ နေဘိသကဲ့သို့ လူ့ကာမဂုဏ် နတ်ကာမဂုဏ် ဗြဟ္မာ့အာရုံများသည် ကိလေသဝဋ္ဋတည်းဟူသော အဆီအစေးကို ပွါးစီးများပြားအောင် ကျေးဇူးပြုကာ ဓာတ်ငွေ့ပေး၍ နေကြကုန်၏။ မြေဥတုစသည်တို့ကြောင့် သစ်ပင်၏ အဆီအစေးသည် ကြီးပွါးချင်တိုင်း ကြီးပွါးခွင့်ရ၍ အသီးအဆံတို့ကို သီးချင်တိုင်း သီး၍ နေဘိသကဲ့သို့ လူ့ကာမဂုဏ်, နတ်ကာမဂုဏ် စသည်တို့ကြောင့် ကိလေသဝဋ္ဋသည်လည်း ကြီးပွါးချင်တိုင်း ကြီးပွါးခွင့်ရ၍ ကမ္မဝဋ္ဋတွေကို ပြုချင်တိုင်း ပြု၍ နေကြကုန်၏။　။ကမ္မဝဋ္ဋတွေကို ပြုချင်တိုင်း ပြု၍ နေလျှင် ဝိပါကဝဋ္ဋတည်းဟူသော ဘဝခန္ဓာတို့သည်လည်း ဖြစ်ပွါးချင်တိုင်း ဖြစ်ပွါး၍ သံသရာတကြောမှာ မျောချင်တိုင်း မျော၍ နေကြကုန်၏။ မီးမြှိုက်ခြင်း စသည်ဖြင့် နှိပ်စက်လျှင် သစ်ပင်မှာရှိသော အဆီအစေးသည် တရွေ့တရွေ့ ခန်းခြောက်၍ အသီးအပွင့်ကို မဖြစ်စေနိုင်ဘိသကဲ့သို့ လူ့ကာမဂုဏ်, နတ်ကာမဂုဏ် စသည်တို့ဖြင့် ကိလေသဝဋ္ဋကို အားပေး အားမြှောက်မပြုဘဲ ဝိပဿနာဉာဏ်ပညာတည်းဟူသော နတ်စက်လောင်မီးကြီးနှင့် မြှိုက်လျှင် ကိလေသဝဋ္ဋသည်လည်း တရွေ့တရွေ့ ခြောက်ခန်း၍ ကမ္မဝဋ္ဋကို မဖြစ်စေနိုင်ရာ။ ကမ္မဝဋ္ဋမဖြစ်လျှင်လည်း ဝိပါကဝဋ္ဋ မဖြစ်ရာ။ ထိုအခါ သံသရာဝဋ္ဋ ဇာတ်သိမ်း၍ ဝဋ္ဋဒုက္ခ အမျိုးမျိုးတို့၏ ငြိမ်းရာ နိဗ္ဗာနဓာတ်ကြီး ပေါ်၍ လာသည်ဟု ဆိုရ၏။　။ဝဋ္ဋသုံးပါး ပြီး၏။

မူလ ၂-ပါး။ ။"မူလဒွေ" ဟူသော စကားအရ မူလနှစ်ပါး ဆိုသည်ကား အဝိဇ္ဇာနှင့် တဏှာတို့ပေတည်း။ "မူလ" ဟူသောပုဒ်၌ "မူလ-ယန္တိ သမ္ဘပ္ပိ ဝဋ္ဋဓမ္မာ တိဋ္ဌန္တိ ဧတ္ထာတိ မူလာနိ"။ ဧတ္ထ၊ ဤတရားနှစ်ပါးတို့၌။ သမ္ဘပ္ပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဝဋ္ဋဓမ္မာ၊ ဝဋ်တရားတို့သည်။ မူလယန္တိ တိဋ္ဌန္တိ၊ တည်ကြကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မူလာနိ၊ မူလတို့မည်ကုန်၏။ ဝဋ်တရားအမျိုးမျိုးတို့၏တည်ရာ အမြစ်မူလတရားတို့ဟူ၍ ဆိုလိုသည်။

"**အဝိဇ္ဇာ**" ဆိုသည်ကား မောဟစေတသိက်ပေတည်း။ ထိုမောဟသည် အကုသိုလ်တို့၏ မူလ အကုသလဟိတ်ကြီးပေတည်း။

"**တဏှာ**" ဆိုသည်ကား လောဘစေတသိက်ပေတည်း။ ထိုလောဘသည် အကုသလဟိတ်ကြီးတပါးပေတည်း။ ထို့ကြောင့် ဤပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး တို့တွင် ဟိတ်ထိုက်သော မူလတရားနှစ်ပါးရှိသည်ဟု ဆိုရပေသည်။

(တနည်းကား) "မူလန္တိ သီသံ"ဟူသည်နှင့်အညီ အဝိဇ္ဇာ တဏှာတို့သည် တရားတို့၏ ဦးခေါင်းနှစ်ခု မည်ကုန်၏။ သတ္တဝါဟူသမျှတို့၌ ဦးခေါင်းအင်္ဂါသည် ပဓာန အချုပ်အချာ ဖြစ်လေသကဲ့သို့ အဝိဇ္ဇာ တဏှာ နှစ်ပါးတို့သည် ဝဋ်တရား အဆက်ဆက်ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် စက်ကြီး၏ ပဓာန အချုပ်အချာ မဟာဦးခေါင်းကြီးတို့ ဖြစ်ပေကုန်၏။ ။မြွေ၏ ဦးခေါင်းကို ဆုပ်ကိုင်မိသော သူ၏ လက်မောင်းကို မြွေ၏ ကိုယ်လျှားရှည်ဖြင့် ရစ်ပတ်မှုကို ခံနေရဘိသကဲ့သို့ ဝဋ်တရားတို့၏ ဦးခေါင်းဖြစ်သော အဝိဇ္ဇာ, တဏှာတို့ကို ဦးခေါင်း ပြုလုပ်၍ နေကြရကုန်သော သတ္တဝါတို့သည် ဝဋ်တရားတည်းဟူသော ကိုယ်လျှားရှည်ကြီး ဖြင့် အထပ်ထပ် ရစ်ပတ်မှုကိုသာ ခံ၍နေကြရကုန်၏။

**ပုဗ္ဗန္တမူလနှင့် အပရန္တမူလ။** ။အဝိဇ္ဇာ, တဏှာ နှစ်ပါးတို့တွင် အဝိဇ္ဇာသည် ရှေးအဘို့၌တည်၍ ပစ္စုပ္ပန်ဘဝကို ရှက်ဆောင် တတ်သောကြောင့် "ပုဗ္ဗန္တမူလ"မည်၏။ ။တဏှာသည် နောက်အစွန်းတည်း ဟူသော အနာဂတ်ဘဝကို ရှက်ဆောင်ချဲ့ထွင်တတ်သောကြောင့်"အပရန္တမူလ" မည်၏။

**ဘဝစက် ၂-ခု။** ။ပဋိစ္စသမုပ္ပါဒ်ကို ထက်ဝက် ခွဲဝေပြန်ရာ၏။ ။အဝိဇ္ဇာမှစ၍ ဝေဒနာတိုင်အောင် ဘဝစက်တခု၊ တဏှာမှစ၍ ဇာတိတိုင် အောင် ဘဝစက်တခု။ ဤသို့ ခွဲဝေရာ၏။ ။အဝိဇ္ဇာ မှ တည် ဦးခေါင်းရှိသော စက်သည် အဝိဇ္ဇာမူလက ပုဗ္ဗန္တဘဝစက်မည်၏။ တဏှာ မှ တည် ဦးခေါင်းရှိသော စက်သည် "တဏှာမူလက အပရန္တဘဝစက်" မည်၏။

**တနည်း ဘဝစက် ၂-ခု။** ။အခြင်းအရာ နှစ်ဆယ် ရေတွက်ပုံဖြင့် ဝေဖန်လျှင် အတိတ်အကြောင်းငါးပါးနှင့် ပစ္စုပ္ပန်အကျိုးငါးပါး တစုံသည် အဝိဇ္ဇာဦးခေါင်းရှိသော "အဝိဇ္ဇာမူလက ပုဗ္ဗန္တ ဘဝစက်" မည်၏။ ပစ္စုပ္ပန် အကြောင်းငါးပါး အနာဂတ်အကျိုး ငါးပါးတစုံသည် တဏှာဦးခေါင်း ရှိသော"တဏှာမူလကအပရန္တဘဝစက်"မည်၏။ရှေ့ဖြစ်သောပုဗ္ဗန္တဘဝစက်သည် ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်တို့နှင့် ဆိုင်သောစက် မည်၏။ အပါယ်ဘုံသို့ သွားလတ္တံ့သောသူတို့၏ စက်လည်း မည်၏။ နောက်ဖြစ်သော အပရန္တစက်သည် တဏှာ စရိုက်ရှိသော သူတို့နှင့် ဆိုင်သောစက် မည်၏။ သုဂတိဘုံသို့ သွားလတ္တံ့သော သူတို့၏ စက်လည်းမည်၏ဟူ၍ အဋ္ဌကထာဆရာ ခွဲဝေတော်မူ၏။

**ပုဗ္ဗန္တဘဝစက်လည်ပုံ။** ။ပြဆိုအပ်ပြီးသော ဘဝစက်နှစ်ခုတို့၏ အသီးအသီး လည်ပတ်ပုံမှာ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ပ။ ဖဿ-ပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ အဝိဇ္ဇာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသည်ဖြင့် အစ,အဆုံးဟူ၍ မရှိ။ တလှည့်တည်း လှည့်ရာ၏။ (ဤကား ပုဗ္ဗန္တဘဝစက်၏ လည်ပုံတည်း။) ဤစက်လည်ပုံမှာ "ဝေဒနာပစ္စယာ အဝိဇ္ဇာ"ဆိုရာ၌ အဝိဇ္ဇာ ဆိုလျှင် တဏှာဥပါဒါန်တို့လည်း ပါဝင်လေ၏။ ပါဝင်ပုံကို အောက်၌ပြဆိုအပ်ပြီ။

**အပရန္တဘဝစက်လည်ပုံ။** ။အပရန္တဘဝစက်၏ လည်ပုံကား "တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာ,မရဏံ။ ဇရာ,မရဏပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ"စသည်ဖြင့် အစ,အဆုံးဟူ၍မရှိ တလှည့်တည်း လှည့်ရာ၏။ ဤစက်၌ "ဇာတိ,ဇရာ,မရဏ"ဆိုလျှင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ ပါဝင်လေကုန်၏။ ထို့ကြောင့် ဇာတိ, ဇရာ, မရဏတို့မှ တဆင့် တဏှာနှင့် ဆက်လက်၍ လည်နိုင်ကြကုန်သည်။

ဤသို့လျှင် ဘိန်းနှစ်ခုတပ်သော ရထားကြီးသည် တသွားတည်းသွား၍ နေလေဘိသကဲ့သို့ ဘဝစက်ကြီးနှစ်ခုဖြင့် အမြဲတပ်၍ ထားအပ်သော သံသရာ ရထားကြီးသည် ဆုံး,စပိုင်းခြား စည်းကမ်းကလနား မရှိ၊ အရပ်အနား မရှိ၊ တသွားတည်း သွား၊ တလည်တည်း လည်၍သာ နေရလေ၏။ ဥပမာ တနည်း အားဖြင့် တောင်ကြိုတောင်ကြား တောင်နံပါးစသော လမ်းကောက် လမ်း ကျဉ်းများသို့ မောင်းနှင်၍သွားရသော မီးရထားကြီးသည် ရှေ့က ခေါင်းတလုံး နောက်ကခေါင်းတလုံးအားဖြင့် ခေါင်းနှစ်လုံးတပ်ပြီးလျှင် တက်တုံ,ဆုတ်တုံ ကွေ့ကောက်တုံဖြင့် တသုန်သုန် သွားလာ၍ နေဘိသကဲ့သို့ အဝိဇ္ဇာတဏှာ တည်းဟူသော ရှေ့ခေါင်း,နောက်ခေါင်း နှစ်လုံးတပ်၍ထားသော ဘဝစက်

ယန္တရား သံသရာ ရထားကြီးသည်လည်း တက်တုံ့ဆုတ်တုံ ကျွဲကောက်ဘုံဖြင့် တသုန်သုန် လှည့်လည်သွားလာ၍သာ နေရလေချေ၏။

ဩဂ္ဂစ္ဆန္တော၀ စုဂ္ဂစ္ဆံ၊ ဒုသီသော အဂ္ဂိကောရထော။
ဇဝံ ဘဝရထော ယာတိ၊ စိရံ သံသာရအဋ္ဌသော။ ။

ရစနာဂါထာ

ဒုသီသော၊ ရှေ့နောက်ခေါင်းနှစ်လုံးတပ်၍ ထားအပ်သော။ အဂ္ဂိကော ရထော၊ မီးရထားကြီးသည်။ ဩဂ္ဂစ္ဆန္တော၊ အောက်သို့ သက်သည်ဖြစ်၍၎င်း။ ဥဂ္ဂစ္ဆံ-ဥဂ္ဂစ္ဆန္တော စ၊ အထက်သို့ တက်သည်ဖြစ်၍၎င်း။ ယာတိဣဝ၊ သွားလေဘိသကဲ့သို့။ ဇဝံ၊ ဤအတူ။ ဒုသီသော၊ အဝိဇ္ဇာနှင့် တဏှာနှစ်ပါး ခေါင်းတပ်၍ ထားအပ်သော။ ဘဝရထော၊ ဘဝတည်းဟူသော ရထားကြီးသည်။ သံသာရ-အဋ္ဌသေ၊ သံသရာတလျှောက် လမ်းကျွဲကောက်ကြီးပေါ်၌။ စိရံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဩဂ္ဂစ္ဆန္တော စ၊ အပါယ်စခန်း အောက်ဖက်လမ်းသို့ ဆင်းသက်သည်ဖြစ်၍၎င်း။ ဥဂ္ဂစ္ဆံ-ဥဂ္ဂစ္ဆန္တော စ၊ သုဂတိစခန်း အထက်လမ်းသို့ တက်သည်ဖြစ်၍၎င်း။ ယာတိ၊ မရပ်မနား တသွားတည်း သွားရလေ၏။ (ဤကား အနက်)။ ။မူလ ၂-ပါးပြီး၏။

ဤ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးသည် အနမတဂ္ဂ သံသရာဘဝ အဆက်ဆက်ကို ခြုံငုံ၍ ဟောတော်မူအပ်သော ဒေသနာတော်ကြီးပေတည်း။ ဤ ဒေသနာတော်၌ ဝိညာဏ်မှစ၍ ဘဝတိုင်အောင် ပုဒ်တို့ဖြင့် ဤပစ္စုပ္ပန်ဘဝ၏ ဖြစ်ပုံကို ပြတော်မူ၏။ အဝိဇ္ဇာ သင်္ခါရပုဒ်တို့ဖြင့် ဤပစ္စုပ္ပန်ဘဝသို့လာရန် ဖြစ်သော အာဂမန သမ္ဘာရအကြောင်းကို ပြတော်မူ၏။ ဇာတိ, ဇရာ, မရဏပုဒ်တို့ဖြင့် နောင်ဖြစ်ပေါ်ရန် ဂတိကို ပြတော်မူ၏။ အတိတ်သံသရာဘဝ အဆက်ဆက်တို့၌လည်း ဤနည်းအတိုင်းသာ ဖြစ်ရ၏။ ဤအချိုးအစားကိုလွန်၍ ဖြစ်ရိုး မရှိ။ သံသရာတမျိုး ပဋိစ္စသမုပ္ပါဒ်စက်တမျိုး မရှိ။ အနာဂတ်သံသရာဘဝ အဆက်ဆက်တို့၌လည်း ဤနည်းအတိုင်းသာလျှင် ဖြစ်ရလိမ့်မည် ဖြစ်၏။ ဤအချိုးအစားကိုလွန်၍ ဖြစ်ရိုး မရှိ။ သံသရာတမျိုး ပဋိစ္စသမုပ္ပါဒ်စက်တမျိုးဟူ၍ မရှိ။ ဤပဋိစ္စသမုပ္ပါဒ်၏ ဆက်လက်ဖြစ်ပေါ်၍ နေမှုကိုပင်လျှင် သံသရာဟူ၍ ခေါ်ဆိုအပ်၏။ ထိုသံသရာမည်သည် ပဋိစ္စသမုပ္ပါဒ်တို့၏ အစီအစဉ်အားဖြင့် ဆက်လက်ဖြစ်ပေါ်၍ နေမှုပေတည်း။ သတ္တဝါတို့၏ အစီအစဉ် ဖြစ်ပေါ်၍နေမှု မဟုတ်။ တရားကိုယ်အားဖြင့် ခန္ဓာ အာယတန ဓာတ်တရားတို့၏ ဆက်လက်ဖြစ်ပေါ်၍နေမှုကြီးကို သံသရာကြီးဟူ၍ ဆိုရလေသည်။ ထိုကြောင့် အဋ္ဌသာ-လိနီ၊ ၄၊ ၁၁-စသည်တို့၌—

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။ ။

ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူသည်။ (အနက်ကား) ခန္ဓာနဉ္စ၊ ခန္ဓာတရားတို့၏၎င်း။ ဓာတု အာယတနာနံ စ၊ ဓာတ်အာယတနတို့၏၎င်း၊ အဗ္ဗောစ္ဆိန္နံ၊ မပြတ်မလတ်။ ဝတ္တမာနာ၊ ဖြစ်၍နေသော။ ပဋိပါဋိ၊ အစီအစဉ်ကို။ သံသာ-ရောတိ၊ သံသရာကြီးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုသို့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ မပြတ် ဆက်လက်၍ ဖြစ်နေမှုသည် သက်သက် ဒုက္ခဖြစ်ဘို့ရန် ထူထောင်၍ထားမှုကြီးသာ ဖြစ်၏။ ဖြစ်ပေါ်သမျှ တရားတို့သည် ဒုက္ခတွင်းသို့ သက်ဆင်းဘို့သာလျှင် ဖြစ်ကုန်၏။ ထိုကြောင့် မြတ်စွာဘုရားသည် နိဒါနဝဂ္ဂသံယုတ်စသည်၌—

ကိစ္ဆံ ဝတာယံ လောကော အာပန္နော ဇာယတိ စ ဇီယျတိ စ
မိယျတိ စ စဝတိ စ ဥပပဇ္ဇတိ စ။

ဟူ၍ ညည်းတွားတော်မူရလေ၏။ အယံ လောကော၊ ဤလောကကြီးသည်။ ကိစ္ဆံ၊ ငြိုငြင်ပင်ပန်းဖွယ်အမျိုးမျိုးသို့။ အာပန္နောဝ၊ ကျရောက်သက်ဆင်း၍ နေခဲ့လေ၏တကား။ အယံ လောကော၊ ဤလောကကြီးသည်။ ဇာယတိ စ၊ တဖြစ်တည်း ဖြစ်၍လည်း နေ၏။ ဇီယျတိ စ၊ တအိုတည်း အို၍လည်း နေ၏။ မိယျတိ စ၊ တသေတည်း သေ၍လည်း နေ၏။ စဝတိ စ၊ တရွှေ့တည်း ရွှေ့လျော စုတိ၍လည်း နေ၏။ ဥပပဇ္ဇတိ စ၊ အဖန်အလဲလဲ တဖြစ်တည်း ဖြစ်ကာဖြစ်ကာ နေရပြန်ပြီ။ ။(ဤကား အနက်။)

သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ဝဇိရာဘိက္ခုနီသံယုတ် ၁၃၇-၌လည်း—

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။ ။

ဟူ၍ ဟောတော်မူ၏။

အနက်ကား—ဟိ၊ စင်စစ်။ ဒုက္ခမေဝ၊ ဒုက္ခတရားစုသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၍နေ၏။ ဒုက္ခံ၊ ဒုက္ခတရားစုသည်။ တိဋ္ဌတိ၊ တည်၍နေ၏။ ဒုက္ခံ၊ ဒုက္ခတရားစုသည်။ ဝေတိ၊ ပျောက်ဆုံး ပျက်စီး၍ နေ၏။ ဒုက္ခာ၊ ဒုက္ခတရားစုကို။ အညတြ၊ ကြဉ်ထား၍။ န သမ္ဘောတိ၊ တစုံတရာဖြစ်သော တရားမရှိ။ ဒုက္ခာ၊ ဒုက္ခတရားစုံမှ။ အညံ၊ တပါးသောတရားမျိုးသည်၊ န နိရုဇ္ဈတိ၊ ချုပ်လည်း မချုပ်။

ဤသို့ ဒုက္ခတို့၏အစုအပုံ ဒုက္ခချုံကြီးတွေကို သေချာစွာ အကြောင်းအကျိုး ဆက်လက်၍ မသိမမြင်နိုင်ကြကုန်သောကြောင့် ထိုဒုက္ခတို့၏ ဖြစ်ပျက်၍နေမှု

ကိုပင် ငါ့ကိုယ် ငါ့ဟာ ငါ၌စွာနှင့် ငါသာမြတ်သည်ဟူ၍ အမျိုးမျိုးစွဲလမ်းမှုတွေ ဖြစ်ကြလေကုန်သည်။ စင်စစ်မှာမူကား ထိုဒုက္ခတို့၏ အစုအပုံ ဒုက္ခချုံကြီး၌ သတ္တဝါဟူ၍ ပြောဆိုစွဲလမ်းဘို့ရာ တစုံတရာမျှ မရှိခဲ့လေ။ ထိုကြောင့် ဝဇိရာ မည်သော ဘိက္ခုနီမသည်ပင်လျှင် သတ္တဝါနှင့်စပ်သောစကားဖြင့် ပြောကြားရန် ခြိမ်းခြောက်ရန် လာသော မာရ်နတ်သားကို အောက်ပါဂါထာဖြင့် ပြန်၍ ခြိမ်းခြောက်လေ၏။

ကိံ နု သတ္တောတိ ပစ္စေသိ၊ မာရ ဒိဋ္ဌိဂတံ နု တေ။
သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓ သတ္တုပလဗ္ဘတိ။

သဂါထာဝဂ္ဂသံယုတ်၊ ဝဇိရာသုတ်-၁၃၇။

မာရ၊ ဟယ်မာရ်နတ်။ ကိံ၊ ဘယ်လိုတရားများကို။ သတ္တောတိ၊ သတ္တဝါ ကောင်ဟူ၍။ ပစ္စေသိ နု၊ သင်ယုံကြည်စွဲလမ်း၍ နေဘိသနည်း။ မာရ၊ ဟယ် မာရ်နတ်။ တေ၊ သင့်အား။ ဒိဋ္ဌိဂတံ နု၊ မှောက်မှားလေဘိ၊ ဒိဋ္ဌိမှောင်လုံးကြီး ဖုံးအုပ်၍နေပြီ မဟုတ်လော။ အယံ၊ ဤသတ္တဝါဟူ၍ မှတ်မှားစရာဖြစ်သော အထည်ကိုယ်ကြီးသည်ကား။ သုဒ္ဓသင်္ခါရပုဉ္ဇော၊ သတ္တဝါတို့နှင့်မစပ်မဖက် သက် သက်သင်္ခါရဓမ္မစုပုံ ရုပ်နာမ်ချုံကြီးသာတည်း။ ဣဓ၊ သက်သက်သင်္ခါရ ဓမ္မစုပုံ ရုပ်နာမ်ချုံကြီးထဲ၌။ သတ္တော၊ သတ္တဝါကောင်ကို။ န ဥပလဗ္ဘတိ။ စင်စစ် မရအပ်လေသည်သာတည်း။ (ဤကား အနက်။)

**ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ရောက်နိုင်ပုံ။** ။ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ်စက်၏ ဖြစ်ပုံကို သတ္တဝါနှင့်မဖက် သက် သက် ကျွတ်ကျွတ်လွတ်လွတ် မြင်နိုင်ပါမူ ယုံမှားခြင်းအမျိုးမျိုး တွေးတောခြင်း အမျိုးမျိုးတို့မှ ကင်းစင်၍ ကင်္ခါဝိတရဏဝိသုဒ္ဓိစခန်းသို့ ပေါက်ရောက်နိုင်လေ၏။ ထိုကြောင့် "ပဋိစ္စဓာတ်၊ သမုပ္ပါဒ်ကို၊ အတပ်ထင်ထင်၊ ပိုင်ပိုင် မြင်က၊ ကင်္ခါ ယုံမှား၊ ဆဲ့ခြောက်ပါးနှင့်၊ ရှစ်ပါးဝိစိ၊ ဒိဋ္ဌိဖြာဖြာ၊ ကင်းစင်ကွာ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ" ဟူ၍ ကမ္မဋ္ဌာန်းပိုင်း၌ မိန့်ဆိုတော်မူလတ္တံ့။

**ပဋိစ္စသမုပ္ပါဒ်ကို သစ္စာဖွဲ့ပုံ။** ။ဤပဋိစ္စသမုပ္ပါဒ်ကြီးတခုလုံးကို ခြုံ၍ သစ္စာဖွဲ့ လျှင် တဏှာနှင့် ကာမုပါဒါန်မှ တပါးသော တရားစုသည် ဒုက္ခသစ္စာမည်၏။ တဏှာနှင့် ကာမုပါဒါန်သည် သမုဒယသစ္စာ မည်၏။ "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ" စသည်ဖြင့် ဟောတော် မူအပ်သောအတိုင်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး၏ အပြီး ချုပ်ငြိမ်းမှုသည် နိရောဓသစ္စာမည်၏။ နိရောဓသစ္စာသို့ရောက်ရန် အကျင့်ကောင်းဖြစ်သော မဂ္ဂင် ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။ (ထိုပြင် အဋ္ဌကထာကြီးများ၌ သစ္စာဖွဲ့ပုံ အမျိုး မျိုးကို ပြဆိုသေး၏။ ကျယ်အံ့စိုး၍ ဤ၌ မဆိုပြီ။)

**နည်းလေးပါး။**　။ဤပဋ္ဌိစ္စသမုပ္ပါဒ်အရာ၌ (၁) ဧကတ္တနည်း (၂) နာနတ္တနည်း (၃) အဗျာပါရနည်း (၄) ဧဝံဓမ္မတာနည်းအားဖြင့် ဤနည်းလေးပါးကို သိရာ၏။

(၁) **ဧကတ္တနည်း။** အကြောင်းအကျိုး နှစ်ပါးတို့၏ ဟေတု-ဖလကိစ္စဖြင့် စပ်လျဉ်း၍နေမှုဟုဆိုအပ်သော သဘောတခုသည် ဧကတ္တနည်းမည်၏။ အဝိဇ္ဇာစသော အကြောင်းတရားစုသည် သင်္ခါရစသောအကျိုးတရားစုနှင့် စပ်လျဉ်း၍နေသော သမ္ဗန္ဓသဘောတခုရှိသည် ဟူလို။　။ဤဧကတ္တနည်းကို အမှန်သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ပျောက်ကင်း၏။ အသိချော်ချွတ်လျှင် သဿတဒိဋ္ဌိ ရောက်လာတတ်၏။

(၂) **နာနတ္တနည်း။** အကြောင်း အကျိုး အဖြစ်ဖြင့် စပ်လျဉ်းကြသော်လည်း သဘောအားဖြင့် အသီးအခြားစီ ကွဲပြားလျက် ရှိနေပုံ သဘောသည် နာနတ္တနည်း မည်၏။ အဝိဇ္ဇာနှင့် သင်္ခါရသည် အကျိုးအကြောင်း အဖြစ်ဖြင့် စပ်လျဉ်းလျက် ရှိနေကြသော်လည်း အဝိဇ္ဇာ၏သဘောသတ္တိသည် တမျိုးတပုံသာ ဖြစ်၏။ သင်္ခါရ၏သဘောသတ္တိသည် တမျိုးတပုံသာ ဖြစ်၏ ဟူလိုသည်။ ဤနာနတ္တနည်းကို အမှန် သိမြင်လျှင် သဿတဒိဋ္ဌိ ကင်းပျောက်၏။ အသိချော်ချွတ်လျှင် ဥစ္ဆေဒဒိဋ္ဌိ ရောက်လာတတ်၏။

(၃) **အဗျာပါရနည်း။** အကြောင်းတရား, အကျိုးတရား နှစ်ခုတို့သည် စပ်လျဉ်းလျက်ရှိနေကြသော်လည်း တခုသောအကြောင်းတရားသည် တခုသော အကျိုးတရားကို ဖြစ်ပွါးစေမည်ဟူ၍ တစုံတရာမျှ သတ္တိဗျာပါရဟူ၍ မရှိ၊ တခုသောအကျိုးတရားကလည်း ဤအကြောင်းကြောင့် ငါဖြစ်ပေါ်မည်ဟူ၍ တစုံတရာမျှ သတ္တိဗျာပါရမရှိပုံ သဘောသည် အဗျာပါရနည်း မည်၏။ အဝိဇ္ဇာနှင့် သင်္ခါရသည် အကျိုးအကြောင်း ဖြစ်ကြသော်လည်း အဝိဇ္ဇာတရားက ငါသည် သင်္ခါရကို ဖြစ်ပွါးစေမည်ဟု သတ္တိဗျာပါရ တစုံတရာမျှမရှိ သင်္ခါရကလည်း ငါသည် အဝိဇ္ဇာကြောင့် ဖြစ်ပေါ်မည်ဟု သတ္တိဗျာပါရ တစုံတရာမျှမရှိ ဟူလို။ ဤအဗျာပါရနည်းကို အမှန်သိလျှင် အတ္တဝါဒုပါဒါန် အတ္တဒိဋ္ဌိ ကင်းပျောက်၏။ အသိအမြင် ချွတ်ချော်လျှင် အကိရိယဒိဋ္ဌိ ရောက်လာတတ်၏။

(၄) **ဧဝံဓမ္မတာနည်း။** အကြောင်းအကျိုး နှစ်ပါးတို့သည် သတ္တိဗျာပါရ ကင်းဆိတ်ကြကုန်သော်လည်း ပေါက်လွတ်တတ်တိုင်း ရောက်တတ်ရာရာ ဖြစ်ချင်ရာတိုင်း ဖြစ်၍နေကြသည် မဟုတ်ကုန်။ သရက်မျိုးစေ့မှ သရက်ပင်သာ ပေါက်ရောက်လာသကဲ့သို့ အကြောင်းအားလျော်စွာသာလျှင် အကျိုးတရား ဖြစ်ပေါ်လာပုံ သဘောသည် ဧဝံဓမ္မတာနည်းမည်၏။ အဝိဇ္ဇာစသော အကြောင်းတရားတို့ကြောင့် သင်္ခါရစသော အကျိုးတရားတို့ သာလျှင် ဖြစ်ပေါ်လာကြ

ကုန်သည်။ တရားတို့၏ ဓမ္မတာသုံးတမ်းကို ကျော်လွန်၍ ဖြစ်ချင်တိုင်း ဖြစ်ကြသည်မဟုတ်ကုန် ဟူလို။ ။ဤဝေမ္မတာနည်းကို အမှန်သိမြင်လျှင် အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိများ ပျောက်ကင်း၏။ အသိအမြင် ချော်ချွတ်လျှင် အဟေတုကဒိဋ္ဌိ, နိယတဒိဋ္ဌိ ရောက်လာတတ်၏။

**ကေတ် နာနာ၊ အဗျာပါ၊ ဓမ္မတာနည်း လေး။**
**ကြောင်းကျိုးနှစ်ဖြာ၊ ဆက်စပ်ရာ၊ ကြံကာ ဥာဏ်ဖြင့်ဆေး။**

ဤနည်း လေးပါးကို ဤပဋိစ္စသမုပ္ပါဒ် အရာမှာသာလျှင် အသုံးပြုရသည် မဟုတ်။ အကြောင်းအကျိုး ဆက်စပ်သမျှသော ဟေတု ဖလ အရာတိုင်းမှာ ပင်လျှင် အသုံးပြုတတ်ရာ၏။

**နည်း ၂-ပါး။** ။ထိုမှတပါး (၁) အနုလောမနည်း (၂) ပဋိလောမနည်း အားဖြင့် နှစ်ပါးသောနည်းကိုလည်း သိရာသေး၏။

**အနုလောမနည်း။** ထိုနှစ်ပါးတို့တွင်— (၁) အကြောင်းမှအစဉ်လိုက်၍ အကျိုးအဆက်ဆက်ကို ဆင့်ကာဆင့်ကာ လိုက်သောနည်းသည် အနုလောမ နည်းမည်၏။ ဥပမာ အဝိဇ္ဇာဖြစ်လျှင် အကျိုးမဲ့ အလေဏာတော အဟောသိကံ ဖြစ်၍ မသွား။ ထိုအဝိဇ္ဇာသည် သင်္ခါရကည်း ဟူသော အကျိုးကို ဖြစ်ပွါး စေသည်။ ထိုသင်္ခါရသည်လည်း ဝိညာဏ်ကို ဖြစ်စေသည်။ ဤသို့ စသည်ဖြင့် အဆင့်ဆင့် အကျိုးဟူသမျှသို့ ရှောက်၍ ဉာဏ်ကို မောင်းနှင်ရာ၏။

(၂) **ပဋိလောမနည်း။** အကျိုးမှ ပြန်၍ အကြောင်း အဆက်ဆက်ကို လှန်ကာ ပြန်ကာ လိုက်သောနည်းသည် ပဋိလောမနည်း မည်၏။ ဥပမာ ဇရာ မရဏသည် အကြောင်းမဲ့သက်သက်ဖြစ်သည်မဟုတ် ဇာတိကြောင့်သာ ဖြစ်ပေါ် ရ၏။ ဇာတိမရှိလျှင် ဇရာမရဏ ဖြစ်မည်မဟုတ်။ ထိုဇာတိသည်လည်း ဘဝ ကြောင့် ဖြစ်ရ၏။ ထိုဘဝသည်လည်း ဥပါဒါန်ကြောင့် ဖြစ်ရ၏။ ဤသို့စသည် ဖြင့် အကြောင်း အဆက်ဆက်သို့ ပြန်ကာ လှန်ကာ ဉာဏ်ကို မောင်းနှင်ရာ၏။

အနုလောမနည်းကို အမှန်သိမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိပျောက်၏။ ။ပဋိလောမ နည်းကို အမှန်သိမြင်လျှင် အဟေတုကဒိဋ္ဌိ ပျောက်၏။

**ပဋိလုံ, အနုလုံ၊ နည်းနှစ်ပုံ၊ ဆန်စုန်ဉာဏ်ရှေ့ပြေး။**

ဤကား ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရာ၌ သိမြင် ကြံစည်ဖွယ်ရာသော အချက်စုများပေတည်း။

**သုတ္တန္တဘာဇနီယ။** ။"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဟူသောပုဒ်မှစ၍အစဉ်အတိုင်း ပြဆိုအပ်ပြီးသော ပဋိစ္စသမုပ္ပါဒ် နည်းကြီးသည် အနမတဂ္ဂ အနန္တသံသရာကြီးတခုလုံးကို ခြုံ၍ ဘုံအမျိုးမျိုး စိတ္တက္ခဏအမျိုးမျိုးတို့၏ အစွမ်းအားဖြင့် မြတ်စွာဘုရား ဟောကြားဝေဖန် စီမံတော်မူအပ်သော သုတ္တန္တဘာဇနီယနည်းကြီးပေတည်း။

**အဘိဓမ္မဘာဇနီယ။** ။တခုသော စိတ္တက္ခဏအခိုက်၌ ပဋိစ္စသမုပ္ပါဒ်စက်ကြီးကို စီရင်ဝေဖန်၍ ပြတော်မူအပ်သော အဘိဓမ္မဘာဇနီယ နည်းများလည်း ရှိကုန်သေး၏။

ထိုအဘိဓမ္မဘာဇနီယဖြစ်သော ပဋိစ္စသမုပ္ပါဒ်ကိုကား လေ့ကျက်ဆောင်ရွက်သူ နည်းပါးလျက် ရှိနေ၏။ ။ထို့ကြောင့် အဘိဓမ္မဘာဇနီယနည်း အားဖြင့် ဝေဖန်တော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အမြွက်မျှ ထုတ်ပြပေဦးအံ့—

> အဝိဇ္ဇာပစ္စယာ သင်္ခါရော။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမံ။နာမပစ္စယာ ဆဋ္ဌာယတနံ။ ဆဋ္ဌာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏံ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ဤဝိဘင်းပါဠိတော် (၁၄၅) ကား လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ် ပထမစိတ်အခိုက်ကို ရည်၍ဟောတော်မူအပ်သော ပါဠိတော်ပေတည်း။

အနက်ကား—အဝိဇ္ဇာပစ္စယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရော၊ လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စေတနာဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည်။ သမ္ဘဝတိ၊ ဖြစ်၏။ သင်္ခါရပစ္စယာ၊ထိုသင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏံ၊ လောဘမူဒိဋ္ဌိသမ္ပယုတ် အကုသိုလ်ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ထိုဝိညာဏ်ဟူသောအကြောင်းကြောင့်။ နာမံ၊ ထိုဝိညာဏ်နှင့်တကွ ဖြစ်သော စေတသိက် နာမ်ခန္ဓာ သုံးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ ထိုနာမ်ခန္ဓာဟူသောအကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊လောဘမူ ဒိဋ္ဌိသမ္ပယုတ်စိတ်ဟု ဆိုအပ်သော ဆဋ္ဌမနာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊ ထိုဆဋ္ဌမနာယတနဟူသောအကြောင်းကြောင့်။ ဖဿော၊ ထိုစိတ်နှင့်ယှဉ်သော ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ထိုဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ထိုဖဿနှင့်ယှဉ်သော ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ထိုဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ သမ္ပယုတ်တဏှာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ ထိုတဏှာ

ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဟု ဆိုအပ်သော ဥပါဒါန်သုံးပါး ဒိဋ္ဌိတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ထိုဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ဥပါဒါန်ကြဉ်သော ဒိဋ္ဌိသမ္ပယုတ် နာမက္ခန္ဓာလေးပါးဟုဆိုအပ်သော ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ထိုဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ နာမ်ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ထိုနာမ်ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ နာမ်၏ ရင့်မှု ဇရာ, နာမ်၏ချုပ်မှု မရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာဟူသည် မြူမျှမဖက်သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခအစု၏။ သမုဒယော၊ ဖြစ်မှုသည်။ ဟောတိ၊ ဖြစ်၏။

**"သင်္ခါရော"ဟု ကေဝုစ်နှင့်ဟောရခြင်း။** ။ဤပဋိစ္စသမုပ္ပါဒ်နည်းသည် တခုတည်းသော ဒိဋ္ဌိဂတ သမ္ပယုတ် စိတ္တက္ခဏတခု၌သာ ဟောတော်မူအပ်သော အဘိဓမ္မာဘာဇနီယနည်း ဖြစ်သောကြောင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရော" ဟူ၍ ကေဝုစ်နှင့် ဟောတော်မူသည်။ စိတ္တက္ခဏတခုမှာ စေတနာတခုသာရှိသောကြောင့် သင်္ခါရောဟူ၍ ကေဝုစ်နှင့်ဟောတော်မူရသည် ဟူလို။

**ဝိညာဏပစ္စယာ နာမံ-ဟု ဟောရပုံ။** ။စိတ္တက္ခဏတခု၌သာ အကျုံးဝင်သော တရားကို သိမ်းကျုံး၍ ယူအပ်သောကြောင့် စိတ်ဖြစ်ရာ ဘုံဘဝ အလုံးစုံနှင့် ဆက်ဆံစေလိုသောကြောင့်ငှင်း၊ "ဝိညာဏပစ္စယာ နာမံ"ဟူ၍ ဟောတော်မူသည်။ "နာမရူပံ"ဟူ၍ ဟောတော်မမူအပ်ပေ။

**ဆဋ္ဌာယတနကိုဟောပုံ။** ။ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်တခုအတွင်းမှာ မနာယတနတခုသာ ဖြစ်သင့်သောကြောင့် "နာမပစ္စယာ ဆဋ္ဌာယတနံ"ဟူ၍ ဟောတော်မူသည်။ "ဆဋ္ဌာယတန"ဆိုသည်ကား ခြောက်ခုမြောက်သော ဆဋ္ဌအာယတန ဆိုလိုသည်။ ခြောက်ခုမြောက်သော အာယတနဆိုသည်ကား မနာယတနပင်တည်း။ သောက အစရှိသည်တို့သည် ဤစိတ္တက္ခဏတခုအခိုက်၌ မဖြစ်နိုင်ကြကုန်။ ထို့ကြောင့် လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ် စိတ္တက္ခဏတခုကိုသာ အဘိဓမ္မာနည်းအားဖြင့် ဝေဖန်၍ ဟောတော်မူအပ်သော ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ သောကစသည်တို့ကို ဟောတော်မမူအပ်ကုန်။ (ဤသို့ အရာအားလျော်စွာ စိစစ်ဆေးကျောရာ၏။)

ထိုမှတပါး မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တက္ခဏတခု အခိုက်၌ အဘိဓမ္မဘာဇနီယနည်းအားဖြင့် ဝေဖန်၍ ဟောတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကိုလည်း ပြဆိုဦးအံ့—

တသ္မိံ သမယေ ကုသလမူလပစ္စယာ သင်္ခါရော။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမံ။ နာမပစ္စယာ ဆဋ္ဌာယတနံ။ ဆဋ္ဌာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ ပသာဒေါ။ ပသာဒပစ္စယာ အဓိမောက္ခော။ အဓိမောက္ခပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏံ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

(ဤကား မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တက္ခဏတခုအခိုက်နှင့် ဝေဖန်၍ ဟောတော်မူအပ်သော အဘိဓမ္မဘာဇနီယ ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်ပေတည်း။)

အနက်ကား—တသ္မိံ သမယေ၊ထိုလောကီကုသိုလ်ဖြစ်သောအခါ၌။ကုသလမူလပစ္စယာ၊ ကုသိုလ်မူလဟူသော အကြောင်းကြောင့်။ သင်္ခါရော၊ ထိုကုသိုလ်မူလနှင့်တကွဖြစ်သော ကုသိုလ်စေတနာဟုဆိုအပ်သော ပုညာဘိသင်္ခါရသည်။ သမ္ဘဝတိ၊ဖြစ်၏။ သင်္ခါရပစ္စယာ၊ထိုပုညာဘိသင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝိညာဏပစ္စယာ၊ ထိုဝိညာဏ်ဟူသော အကြောင်းကြောင့်။ နာမံ၊ ထိုကုသိုလ်ဝိညာဏ်နှင့်ယှဉ်သော စေတသိက်နာမ်ခန္ဓာသုံးပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။ နာမပစ္စယာ၊ ထိုနာမ်ခန္ဓာသုံးပါးဟူသော အကြောင်းကြောင့်။ ဆဋ္ဌာယတနံ၊ ထိုနာမ်ခန္ဓာသုံးပါးနှင့်ယှဉ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်တည်းဟူသော ဆဋ္ဌမနာယတနသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဆဋ္ဌာယတနပစ္စယာ၊ ထိုဆဋ္ဌမနာယတနဟူသော အကြောင်းကြောင့်။ ဖဿော၊ ထိုနှင့်ယှဉ်သော ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ထိုဖဿဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ထိုနှင့်ယှဉ်သော ဝေဒနာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ထိုဝေဒနာဟူသော အကြောင်းကြောင့်။ ပသာဒေါ၊ ထိုဝေဒနာနှင့်ယှဉ်သော ကြည်ညိုယုံကြည်ခြင်း သဒ္ဓါတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ပသာဒပစ္စယာ၊ ထိုသဒ္ဓါဟူသော အကြောင်းကြောင့်။ အဓိမောက္ခော၊ ထိုသဒ္ဓါနှင့်ယှဉ်သော အဓိမောက္ခတရားသည်။ သမ္ဘဝတိ၊ ဖြစ်၏။ အဓိမောက္ခပစ္စယာ၊ ထိုအဓိမောက္ခဟူသော အကြောင်းကြောင့်။ ဘဝေါ၊ အဓိမောက္ခစေတသိက်ကြဉ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် နာမ်ခန္ဓာလေးပါးဟု ဆိုအပ်သော ဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ထိုဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ နာမ်ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ထိုနာမ်ဇာတိဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ နာမ်၏ရင့်ရော်မှု ဇရာ၊ နာမ်၏ချုပ်ဆုံးမှု မရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ သုခဟူသည် မြူမျှ

မဖက် သက်သက်သာဖြစ်သော။ တေသ ဒုက္ခက္ခန္ဓဿ၊ ထိုဒုက္ခအစုအခဲကြီး၏။ သမုဒယော၊ ဖြစ်မှုသည်။ ဟောတိ၊ ဖြစ်၏။

**မဟာကုသိုလ်စိတ်၌ ဤသို့ဟောရပုံ အကြောင်းပြများ။** ။ဤ ပဋိစ္စသမုပ္ပါဒ်နည်းသည် မဟာကုသိုလ်ဉာဏသမ္ပယုတ် စိတ္တက္ခဏတခုအခိုက်၌ ဝေဖန်၍ ဟောတော်မူအပ်သောကြောင့် တဏှာနှင့်မသက်ဆိုင်ပေ။ ထို့ကြောင့် "ဝေဒနာပစ္စယာ ပသာဒေါ" ဟူ၍ ဟောတော်မူသည်။

ဥပါဒါန်နှင့် မသက်ဆိုင်ပြန်သောကြောင့် "ပသာဒပစ္စယာ အဓိမောက္ခော" ဟူ၍ ဟောတော်မူသည်။

ဥပါဒါန်သည် ဥပါဒါန်၏အစားအစာဖြစ်သော ဥပါဒါနိယတရားတို့၌ စွဲစွဲမြဲမြဲ ကျရောက်ဖြစ်ပွါးသကဲ့သို့ အဓိမောက္ခသည်လည်း ကြည်ညိုဖွယ် ယုံကြည်ဖွယ် ဖြစ်သော ပသာဒနိယတရားတို့၌ စွဲစွဲမြဲမြဲ ကျွတ်ကျွတ်လွတ်လွတ် ကျရောက်ဖြစ်ပွါးတတ်ပေသည်။ ထိုသို့ သဘောချင်း နီးနွယ်တူမျှလျက်ရှိနေသောကြောင့် ဥပါဒါန် နေရာတွင် အဓိမောက္ခကို ထည့်သွင်း၍ ဟောတော်မူရလေသည်။ ကုသိုလ်စိတ္တက္ခဏအခိုက်၌ သောကစသည်တို့နှင့် မဆိုင်သောကြောင့် သောကစသည်တို့ကို ဟောတော်မမူအပ်ကုန်။

လောကီတရားတို့၏ ဖြစ်ပွါးမှုသည် ဒုက္ခသက်သက်မျှသာ ဖြစ်၍ ဤမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်၏ အရာ၌လည်း "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ ဟောတော်မူရလေသည်။

လောကုတ္တရာကုသိုလ်စိတ်ကို ဟောတော်မူရာဖြစ်သော အဘိဓမ္မဘာဇနီယ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော် အဆုံးသတ်၌ကား "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ဟူ၍ ဟောတော်မမူလေဘဲ "ဧဝမေတေသံ ဓမ္မာနံ သမုဒယော ဟောတိ" ဟူ၍သာ ဟောတော်မူရလေသည်။ ။အနက်ကား—ဧဝံ၊ ဤသို့၊ ဧတေသံ ဓမ္မာနံ၊ ထိုလောကုတ္တရာတရားတို့၏။ သမုဒယော၊ ဖြစ်မှုသည်။ ဟောတိ၊ ဖြစ်၏။ ။လောကုတ္တရာတရားသည် ဒုက္ခနယ်မှ ကျွတ်လွတ်၏။ ဒုက္ခသစ္စာအဖွဲ့သို့လည်း မပါမဝင်ရ။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်အရာ၌လည်း "ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"ဟူ၍ ဟောခြင်းငှါ ထိုက်သော တရားတို့နယ်မှ လွတ်ပြန်လေသည်။ ဤသို့စသည်ဖြင့် စိတ္တက္ခဏတခုအခိုက်၌ အသီးအသီး ဟောတော်မူအပ်သော အဘိဓမ္မဘာဇနီယ ပဋိစ္စသမုပ္ပါဒ်နည်းကိုလည်း သိရာ၏။

**သံသရာအတွင်း ဝင်လမ်း ဒေသနာ။** ။ပြဆိုအပ်ပြီးသော ပဋိစ္စသမုပ္ပါဒ်နည်းများသည် သံသရာစက် လည်၍နေပုံ သံသရာဝဋ်ဒုက္ခကြီး ဖြစ်၍ နေပုံကိုသာ ပြသော နည်းများပေတည်း။ သံသရာတွင်းသို့ ဝင်လမ်းဒေသနာ သက်ဆင်းလမ်းဒေသနာ ဆိုလိုသည်။

**သံသရာမှ ထွက်လမ်း ဒေသနာ။** ။ဝင်လမ်းရှိလျှင် ထွက်လမ်းရှိရပြန်သကဲ့သို့ ပဋိစ္စသမုပ္ပါဒ်စက်ကြီးမှ ထွက်လမ်း ဒေသနာတော်ကိုလည်း အောက်၌ပါရှိသောအတိုင်း ဟောကြားတော်မူပြန်၏။

> အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော။သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓာ နာမရူပနိရောဓော။ နာမရူပနိရောဓာ သဠာယတနနိရောဓော။ သဠာယတနနိရောဓာ ဖဿနိရောဓော။ ဖဿနိရောဓာ ဝေဒနာနိရောဓော။ ဝေဒနာနိရောဓာ တဏှာနိရောဓော။တဏှာနိရောဓာ ဥပါဒါနနိရောဓော။ဥပါဒါနနိရောဓာ ဘဝနိရောဓော။ ဘဝနိရောဓာ ဇာတိနိရောဓော။ ဇာတိနိရောဓာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (ဥဒါန်းပါဠိတော်)။

အနက်ကား—အဝိဇ္ဇာယတွေဝ၊အဝိဇ္ဇာ၏သာလျှင်။ အသေသဝိရာဂနိရောဓာ၊ အကြွင်းအကျန်မရှိ ချုပ်ငြိမ်းမှုကြောင့်။ သင်္ခါရနိရောဓော၊ ပုညာ, ပုညာ အာနေဉ္ဇဟုဆိုအပ်သော သင်္ခါရသုံးပါးတို့၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ သင်္ခါရနိရောဓာ၊ ထိုသင်္ခါရသုံးပါးတို့၏ ချုပ်ငြိမ်းမှုကြောင့်။ ဝိညာဏနိရောဓော၊ ဘဝအသစ်၊ ပဋိသန္ဓေဝိညာဏ်အသစ်၏ မဖြစ်မပေါ်ဘဲ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဝိညာဏနိရောဓာ၊ ထိုဝိညာဏ်၏ ချုပ်ငြိမ်းမှုကြောင့်။ နာမရူပနိရောဓော၊ နာမ်ရုပ်နှစ်သင်းတို့၏ အကျဉ်းချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ နာမရူပနိရောဓာ၊ နာမ်ရုပ်နှစ်သင်းတို့၏ အကျဉ်းချုပ်ငြိမ်းမှုကြောင့်။ သဠာယတနနိရောဓော၊ အာယတန ခြောက်စုံ၏ အကုန် ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ဖြစ်၏။ သဠာယတနနိရောဓာ၊ အာယတနခြောက်စုံ၏ အကုန်ချုပ်ငြိမ်းမှုကြောင့်။ ဖဿနိရောဓော၊ ဖဿခြောက်စုံ၏ အကုန်ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဖဿနိရောဓာ၊ ဖဿခြောက်စုံ၏ အကုန်ချုပ်ငြိမ်းမှုကြောင့်။ ဝေဒနာနိရောဓော၊ ဝေဒနာခြောက်စုံ၏ အကုန်ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာနိရောဓာ၊ ဝေဒနာခြောက်စုံ၏ အကုန် ချုပ်ငြိမ်းမှုကြောင့်။ တဏှာနိရောဓော၊ တဏှာခြောက်စုံ၏ အကုန်ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။

တဏှာနိရောဓော၊ တဏှာချုပ်ကြောင်းဖြစ်၏ အကုန်ချုပ်ငြိမ်းမှုကြောင့်။ ဥပါဒါနနိရော-ဓော၊ ဥပါဒါန်လေးသင်း၏ အရှင်းချုပ်ငြိမ်းမှုသည်။ ဟောတိ၊ဖြစ်၏။ ဥပါဒါန-နိရောဓာ၊ ဥပါဒါန်လေးသင်း၏ အရှင်းချုပ်ငြိမ်းမှုကြောင့်။ဘဝနိရောဓော၊ ဘဝနှစ်ရပ်၏ အစပြတ်ချုပ်မှုသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ဘဝနှစ်ရပ်၏ အစပြတ် ချုပ်ငြိမ်းမှုကြောင့်။ ဇာတိနိရောဓော၊ ဇာတိ၏ ချုပ်ငြိမ်းမှုသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏ချုပ်ငြိမ်းမှုကြောင့်။ ဇရာမရဏံ၊ အိုခြင်းသေခြင်းသည်၎င်း။ သောက ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာခြင်း, သက်ကြီး ရှိုက်တငင်ငင် ပင်ပန်းခြင်းတို့သည်၎င်း။ နိရုဇ္ဈန္တိ၊ အရှင်း ချုပ်ငြိမ်းကြလေကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ၊ အလုံးစုံသော။ ဧတဿ ဒုက္ခက္ခန္ဓဿ။ ထိုဒုက္ခအစုအပုံ ဒုက္ခချုံကြီး၏။ နိရောဓော၊ ချုပ်ငြိမ်းဆုံးပါးမှုသည်။ ဟောတိ၊ ဖြစ်၏။

**အဝိဇ္ဇာတခု ချုပ်ငြိမ်းမှုပဓာနဖြစ်ပုံ။** ။ဤဒေသနာတော်ကြီး၌ ဟောတော်မူအပ်သော ချုပ်ငြိမ်းမှုအမျိုးမျိုးတို့တွင် အဝိဇ္ဇာ၏ အကြွင်းမဲ့ချုပ်ငြိမ်းမှုတခုသည်သာလျှင် လိုရင်းပဓာန အချုပ်အချာဖြစ်၏။ သင်္ခါရစသည်တို့၏ ချုပ်ငြိမ်းမှုများသည်ကား အဝိဇ္ဇာချုပ်ငြိမ်းမှုမှာ တလုံးတဝတည်း ပါလေ၏။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"စသည်ဖြင့် အင်္ဂါဆဲ့နှစ်ပါး အဆင့်ဆင့် ဆက်လက်၍ ဟောရင်းဒေသနာ ရှိလေသောကြောင့်သာလျှင် "သင်္ခါရနိရောဓော ဝိညာဏနိရောဓော"စသည်ဖြင့် အဆက်ဆက် ဟောတော်မူရလေသည်။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"အစရှိသော အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာသည်ကား ဖြစ်ပေါ်မှုတွေကို ဟောသောတရားဖြစ်၍ တရားကိုယ်လည်း အသီးသီးရ၏။ ဖြစ်ပေါ်မှုတွေကိုလည်း အသီးသီးရ၏။

**ချုပ်ငြိမ်းမှုဆိုသည်ကား နိဗ္ဗာနဓာတ်။** ။"အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂနိရောဓာ" အစရှိသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည်ကား ဖြစ်ပေါ်မှုတွေကို ဟောသော ဒေသနာ မဟုတ်။ ချုပ်ငြိမ်းမှုသက်သက်ကိုသာ ဟောတော်မူသော ဒေသနာဖြစ်လေသောကြောင့် တရားကိုယ်အသီးသီးကိုလည်း မရ။ ချုပ်ငြိမ်းမှုဆိုသည်လည်း တရားကိုယ်အများ မရှိသောကြောင့် ချုပ်ငြိမ်းမှုတခုကိုသာလျှင် ရအပ်၏။ ချုပ်ငြိမ်းမှုဆိုသည်ကား နိဗ္ဗာနဓာတ် နိရောဓဓာတ်ကြီးပေတည်း။

**ညောင်ပင်ဥပမာ။** ။ဥပမာကား—ညောင်မျိုးစေ့ရှိ၍ ညောင်ညှောက်ဖြစ်သည်။ ညောင်ညှောက်မှ ညောင်ပင်ဖြစ်သည်။ ညောင်ပင်မှ ညောင်ကိုင်းဖြစ်သည်။ ညောင်ကိုင်းမှ ညောင်ခက်ဖြစ်သည်။ ညောင်ခက်မှ ညောင်သီးဖြစ်သည်။ ညောင်သီးမှ ညောင်မျိုးစေ့ဖြစ်သည်။ ညောင်မျိုးစေ့မှ

ညောင်ညှောက်ဖြစ်ပြန်သည်။ ဤသို့စသောအားဖြင့် မဆုံးနိုင်အောင် သွားလေ၏။ ထိုသို့သွားရာ၌ ဖြစ်ပေါ်မှုအစိအစဉ် ဖြစ်လေသောကြောင့် အစေ့တခြား အညှောက်တခြား အပင်တခြား စသည်ဖြင့် အသီးသီး ရအပ်ကုန်၏။ ထိုမှ တပါး ညောင်စေ့ချုပ်ဆုံးလျှင် ညောင်ညှောက် ချုပ်ဆုံး၏။ ညောင်ညှောက် ချုပ်ဆုံးလျှင် ညောင်ပင်ချုပ်ဆုံး၏ စသောအားဖြင့် ဆိုလိုလျှင် ဆိုရပါ၏။ သို့ရာတွင် လိုရင်းမှာ ညောင်စေ့ချုပ်ဆုံးလျှင်ပင် အညှောက်စသည်တို့၏ ချုပ်ဆုံးမှုစသည်တို့သည် တပြိုင်တည်း ချုပ်ဆုံးလေကုန်တော့၏။ ဤဥပမာကား – "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသော အနုလောမပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ တရားကိုယ်အသီးသီးကိုရမှု "အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ" စသော ပဋိလောမပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ တရားချုပ်မှုအမျိုးမျိုးဟူ၍ ဆိုလိုလျှင်သာ ဆိုရသည်။ စင်စစ်မှာ အဝိဇ္ဇာချုပ်မှုတခုသာလျှင် လိုရင်းပဓာနဟူ၍ ပြဆိုသော ဥပမာပေတည်း။ အဝိဇ္ဇာချုပ်ငြိမ်းမှုဆိုသည်ကား နိရောဓဓာတ်ခေါ်သော နိဗ္ဗာန်ပေတည်း။

**ဝိဇ္ဇာဟူသည်။** ။အဝိဇ္ဇာကိုချုပ်စေနိုင်သော လက်နက်ကောင်း ဆေးဝါးမန္တရားကောင်းကား ဝိဇ္ဇာတရားပေတည်း။ "ဝိဇ္ဇာ"ဆိုသည်ကား– "တတ္ထ ကတမာ ဝိဇ္ဇာ။ ဒုက္ခေ ဉာဏံ။ ဒုက္ခသမုဒယေ ဉာဏံ။ ဒုက္ခနိရောဓေ ဉာဏံ။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ"ဟူသော ပါဠိတော်နှင့်အညီ သစ္စာလေးပါးတို့၌ ပွင့်ပွင့်လင်းလင်း သိမြင်နိုင်သော ပညာစေတသိက်ပေတည်း။

**အဝိဇ္ဇာနှင့်ဝိဇ္ဇာ။** ။အဝိဇ္ဇာသည် သစ္စာလေးပါးတို့ကို မထင်မမြင်နိုင်အောင် မှောင်ကြီးချ၍ ဖုံးလွှမ်း၏။ ဝိဇ္ဇာသည် ဖုံးလွှမ်းသမျှသော မှောင်ကြီးတွေကို ပယ်ဖျောက်၍ နေအာသန်း လအာသန်းတို့၏ တပြိုင်နက် ပေါ်ထွက်မှုကဲ့သို့ ဖြစ်ပေါ်၍လာ၏။ ညောင်ပင်ကြီး၏ဥပမာ၌ ညောင်စေ့ကို အကြွင်းမဲ့ချုပ်ဆုံးအောင် ဆောင်ရွက်နိုင်လျှင် ညောင်ပင်ဓာတ်သိမ်းရသကဲ့သို့ ထိုအတူ အဝိဇ္ဇာမှောင်ဓာတ်ကြီးကို ဝိဇ္ဇာတည်းဟူသော အလင်းဓာတ်ဖြင့် ပယ်သတ်နိုင်လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည်လည်း လက်စသတ် ချုပ်ငြိမ်းရလေတော့၏။ အဝိဇ္ဇာဓာတ်ကို ဝိဇ္ဇာဓာတ်မှသာလျှင် သတ်ဖြတ်နိုင်သည်။

**မှောင်ဓာတ်ကြီးလေးမျိုးနှင့် ပယ်သတ်မှုများ။** ။သစ္စာလေးပါးတို့၌ လိုက်၍ ဖုံးလွှမ်းသော မှောင်ဓာတ်ကြီးလေးပါးတို့တွင်လည်း ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော မှောင်ဓာတ်ကြီးကို သတ်မှုပယ်ရှားမှုတခုသာလျှင် လိုရင်းဖြစ်ပြန်၏။ ဒုက္ခသစ္စာ၌ ကျ၍နေသော မှောင်လုံးကြီးလွင့်ပါးလျှင် ကြွင်းသော သစ္စာသုံးပါးတို့၌ ကျ၍နေသော မှောင်လုံးကြီးတွေလည်း တချက်ဘည်း လွင့်ပါးရလေကုန်၏။ ထိုစကားမှန်၏။

တေဘူမကလောကီယဖြစ်သော ဒုက္ခတရားတို့၌ ဒုက္ခအချက်ကို မမြင်နိုင်ကြဘဲ ထိုဒုက္ခခဲ ဒုက္ခတုံးတွေကို သာယာ စွဲလမ်းမှုတွေကြောင့်သာလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးဖြစ်၍ နေရ၏။ ထိုကြောင့် ဒုက္ခသစ္စာ၌ ကျရောက်၍နေသော မှောင်လုံးကြီးကို လင်းပါးအောင် ပြုခြင်းတခုသည်သာလျှင် ပဓာနအချုပ်အချာ ဟူ၍ ဆိုခဲ့ပေသတည်း။

**အဝိဇ္ဇာမှောင်ကို ပယ်သတ်နည်းများ။** ။ဒုက္ခသစ္စာ၌ ကျရောက်၍ နေသော မှောင်ကြီးကိုပယ်ရှားမှုဆိုသည်ကား ဒုက္ခတရားတို့၌ ဝိဇ္ဇာခိုရ်အောင် ပြုလုပ်မှုတည်း။ ဝိဇ္ဇာခိုရ်အောင် ပြုလုပ်မှု ဆိုသည်ကား ဒုက္ခတရားတို့၏ အနိစ္စအစစ်ကိုမြင်နိုင်သော "အနိစ္စဝိဇ္ဇာ"၊ ဒုက္ခ အစစ်ကိုမြင်နိုင်သော "ဒုက္ခဝိဇ္ဇာ"၊ အနတ္တအစစ်ကို သိမြင်နိုင်သော "အနတ္တ-ဝိဇ္ဇာ"တို့ကို ပိုင်ပိုင် နိုင်နိုင် ရှိအောင် လုပ်ဆောင်မှုပေတည်း။ ထိုမှတပါး "သောတာပတ္တိမဂ္ဂဝိဇ္ဇာ"၊ "သကဒါဂါမိမဂ္ဂဝိဇ္ဇာ"၊ "အနာဂါမိမဂ္ဂဝိဇ္ဇာ"၊ "အရဟတ္တမဂ္ဂဝိဇ္ဇာ"တို့သို့ ပေါက်ရောက်အောင် ဆန်တက်မှုများပေတည်း။ ဒုက္ခသစ္စာ၌ ဝိဇ္ဇာခိုရ်၍ ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာတရား တနေ့တခြား ပါးရှားသည်ရှိသော် သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ၊ နိရောဓသစ္စာ၌ ဖုံးလွှမ်းသောအဝိဇ္ဇာ၊ မဂ္ဂသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာအားဖြင့် ဤအဝိဇ္ဇာ တရား သုံးပါးတို့သည်လည်း တနေ့တခြား ပါးရှား၍ သွားကြလေကုန်၏။ ဤ အဝိဇ္ဇာသုံးပါးတို့အတွက် အလုပ်တခြား ထူထောင်ဖွယ် မရှိပြီ ဟူလို။

**သယောက်ထားသောမယားနှင့် လင်ဥပမာ။** ။ဥပမာ ဆိုအံ့—ယောကျ်ား တယောက်သည် အလွန် အဆင်းသဏ္ဍာန်ကောင်းသော အလွန် အကျင့် ဆိုးဝါးသော မယားကို ယူလေ၏၊ အလွန် စုံမက်၏၊ မယားကား လင်ကို ကျွန်ကဲ့သို့ စေခိုင်း၏၊ ပစ္စည်းဥစ္စာကို များစွာ ဖြုန်းတီး၏၊ သယောက်လင်မြှောင် အများ ထား၏၊ ထိုယောကျ်ား ကို သတ်လိုသောအကြံ အမြဲ တည်၏။ ထိုသူသည် ထိုကဲ့သို့ အကျင့်ဆိုးဝါးမှုကို အနည်းငယ်မျှ မရိပ်မိ၊ အဆင်းသဏ္ဍာန်အတွက် ဖုံးလွှမ်းမှု အလွန် ကြီး၍ နေ၏။ ရိပ်မိသူ သိသူတို့က ပြောသော်လည်း အယုံမရှိ၊ မယား၏စကားကိုသာ ယုံ၏၊ ပစ္စည်းဥစ္စာ ရှာဖွေလုပ်ကိုင်မှု အလွန် ပင်ပန်း၍ နေ၏၊ မယားကမူကား ပစ္စည်း ဥစ္စာရှာဖွေရမှု ထိုသူလဲ၍ သေစေလို၏၊ ကာလကြာမြင့်လတ်သော် သိသူ မြင်သူတို့က ဒိဋ္ဌသက်သေနှင့်တကွပြ၍ ပြောသောအခါမှ မယား၏ အကျင့်ကို တစတစ သိ၍လာ၏။ ထိုအခါမှစ၍ အထူးနှလုံးထားလတ်သော် ဆယ်စုတွင် တစုခန့် သိ၍လာ၏၊ ၂-စုခန့် ၃-စုခန့် ၄-စုခန့် ထက်ဝက်ခန့် ၆-စုခန့် ၇-စုခန့် ၈-စုခန့် ၉-စုခန့် ၁၀-စုခန့် အကုန်သိ၍လာ၏၊ မိမိအသက်ကိုပင် ကြောင့်ကြ၍ လာ၏၊ အကျင့်ကိုသိမှုနှင့် အချစ်ပြယ်မှုကား တပြိုင်တည်း ပါ၍လာ၏။ "ဤ

မယားသည် ငါ၏ ဒုက္ခတည်း၊ ဤမယားမှ ကျွတ်လွတ်မှုသည် ငါ၏ သုခတည်း” ဟု သိသော ဉာဏ်နှစ်ပါးလည်း အပြီး ပါ၍လာ၏၊ “ဤမယားကို စုံမက်ချစ်ခင်မှုကား ဒုက္ခလမ်းတည်း၊ အပြစ်မြင်မှု စိတ်ကုန်မှုကား သုခလမ်းတည်း”ဟု သိသောဉာဏ်လည်း အပြီး ပါ၍လာ၏။

အနမတဂ္ဂသံသရာ၌ မိမိခန္ဓာဖြစ်၍ လာခဲ့သော ပဋိစ္စသမုပ္ပါဒ် အင်္ဂါဖြစ်သော နာမ်ရုပ်တရားနှစ်ပါးသည် ထိုမယားနှင့် တူ၏။ သဗ္ဗညုဘုရား၏ဒေသနာကို ကြားနာရ၍ ထိုအင်္ဂါတို့တွင် တခုခုသောအင်္ဂါ၌ အာဂန္တုခေတ်သဘော၊ ပဋိစ္စသမုပ္ပါဒ်သဘော၊ အနိစ္စ, ဒုက္ခ, အနတ္တသဘော ထင်မြင်မှုသည် ထိုမယား၌ အပြစ်တင်မှုနှင့် တူ၏။ ထိုထင်မြင်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်တည်း။ ဤထင်မြင်မှုသည်သာလျှင် ဝဋ္ဋဒုက္ခမှ လွတ်လမ်းတည်းဟု သိသော ဉာဏ်လည်း ပေါ်၏။ ထိုအင်္ဂါတို့၌ ဖုံးလွှမ်းသော အဝိဇ္ဇာ တစတစ ပြယ်လေ၏။

ထိုပဋိစ္စသမုပ္ပါဒ်အင်္ဂါဖြစ်သော ရုပ်နာမ်တို့၌ ငါ ငါဟု စွဲလမ်းသော တဏှာသည်လည်း တစတစ ကွာ၍ကျ၏။ ထို ငါ ငါဟု စွဲလမ်းမှုသည် ကေန္တဒုက္ခလမ်းတည်းဟုသိသော ဝိဇ္ဇာဉာဏ်လည်း ပေါ်၍လာ၏။ (သမုဒယသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။) ဤ ငါ ငါဟုထင်မြင်သော အဝိဇ္ဇာ၊ ငါ ငါဟု ထင်မြင် တွယ်တာသော တဏှာ တစတစပြယ်မှုသည် နိရောဓသစ္စာအဘို့တည်း။ ဤ ပြယ်မှုသည်သာ ဒုက္ခ လွတ်မှုဟု သိသော ဉာဏ်လည်း ပေါ်၍ လာ၏။ (နိရောဓသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာပြယ်မှုတည်း။) ထိုနာမ်ရုပ် တရားတို့၌ ထင်မြင်သော သမ္မာဒိဋ္ဌိဝိဇ္ဇာဉာဏ်သည်သာလျှင် ထိုအဝိဇ္ဇာစသော ဝဋ္ဋဒုက္ခတို့မှ လွတ်လမ်းအမှန်ဖြစ်၏ဟု သိသော ဉာဏ်လည်း ပေါ်၍ လာ၏။ (မဂ္ဂသစ္စာကို ဖုံးလွှမ်းသော အဝိဇ္ဇာ ပြယ်ပျောက်မှုတည်း။)

လိုရင်း အဓိပ္ပါယ်ကား—အဝိဇ္ဇာကို ခေတ်ပေါက်အောင် မြင်သော ဉာဏ်, ပဋိစ္စသမုပ္ပါဒ်ဓမ္မဟု မြင်သောဉာဏ်ဖြစ်ပေါ် လာလျှင် အဝိဇ္ဇာကို ငါ ငါဟု ထင်မြင်သော အဝိဇ္ဇာနှင့် ငါ ငါဟု စွဲလမ်းသော သက္ကာယဒိဋ္ဌိ ပြယ်လေ၏။ ထိုအဝိဇ္ဇာကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမြင်သောဉာဏ် ဖြစ်ပေါ်သောအခါ ထိုအဝိဇ္ဇာကို ခင်တွယ်သိမ်းပိုက်သော တဏှာ ပြယ်လေ၏။ ထိုပြယ်မှုစုသည် နိရောဓသစ္စာအဘို့ ဖြစ်၏။ မြင်သောဉာဏ်သည် မဂ္ဂသစ္စာအဘို့ဖြစ်၏ ဟူလိုသည်။ သင်္ခါရ,ဝိညာဏ် စသည်တို့၌လည်း တပါးပါးကို ခေတ်ပေါက်အောင် မြင်ရာ၌ သစ္စာ ၄-ချက် ၄-ချက်စီ ပြီးစီးမှုကို သိလေ။ ဤတွင်၍ ဒုက္ခသစ္စာ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ မှောင်ခေတ်ကို သတ်လိုက်လျှင် နောက်သစ္စာ ၃-ရပ်၌ ဖုံးလွှမ်းသော အဝိဇ္ဇာ ၃-ရပ်ကိုလည်း သတ်ခြင်းကိစ္စ ပြီးစီးကြောင်းကို ပြဆိုသော စကားရပ်တည်း။

ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။

## ပဋ္ဌာန်းနည်း

**မှာထားချက်။** ။နှစ်ဆဲ့လေးပစ္စည်းတို့၏ သရုပ်များကို အမျိုးမျိုး ဝေဖန်၍ "ပစ္စယမဋ္ဌီကျမ်း"၌လည်း ပြဆိုအပ်လေပြီ။ ဖွင့်ဆိုရေးသားရန် အစဉ်ဆိုက်ရောက်၍နေသော ဤပရမတ္ထသံခိပ်ဋီကာကျမ်း၌ကား သဘောအဓိပ္ပါယ်များကို ရေးသားပေအံ့။

**ပဋ္ဌာန်း။** ။"ပဋ္ဌာန"ဟူသောပုဒ်ကိုစွဲ၍ "ပဋ္ဌာန်း"ဟု ခေါ်ဆိုကြလေသည်။ "ပဋ္ဌာန"ဟူသောပုဒ်၌ "ပဋ္ဌပေတိ သင်္ခတဓမ္မေ နာနာပ္ပကာရေဟိ ပစ္စယဘေဒေဟိ ပဝတ္တေတိ ဒေသေတိ ဧတ္ထာတိ ပဋ္ဌာနံ"။ ဧတ္ထ၊ ဤကျမ်းကြီး၌။ သင်္ခတဓမ္မေ၊ သင်္ခတတရားတို့ကို။ နာနာပ္ပကာရေဟိ၊ အထူးထူးအပြားပြားများစွာကုန်သော။ ပစ္စယဘေဒေဟိ၊ ပစ္စည်းအမျိုးမျိုးတို့ဖြင့်။ ပဋ္ဌပေတိ၊ ပညတ်တော်မူ၏။ ပဝတ္တေတိ၊ ဖြစ်စေတော်မူ၏။ ဒေသေတိ၊ ဟောကြားတော်မူ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်၏။ သင်္ခတတရားတို့ကို ပစ္စည်းအမျိုးမျိုးတို့ဖြင့် ဝေဖန်၍ ဟောပြတော်မူရာဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို ရစေ။ "ပဋ္ဌာနေ ဒေသိတော နယော ပဋ္ဌာနနယော"။ ပဋ္ဌာနေ၊ ပဋ္ဌာန်းကျမ်းကြီး၌။ ဒေသိတော၊ ဟောတော်မူအပ်သော။ နယော၊ နည်းတည်း။ ပဋ္ဌာနနယော၊ ပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူအပ်သောနည်း။ "ဟေတုပစ္စယော"စသည်ဖြင့် ဟောတော်မူအပ်သော ပဋ္ဌာန်းနည်းကို ရစေ။

ပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူအပ်သော နှစ်ဆဲ့လေးပစ္စည်းတို့၏ ပစ္စည်းတရား, ပစ္စယုပ္ပန်တရား, ပစ္စနိက်တရားတို့နှင့်တကွ သဘောအဓိပ္ပါယ်များကို ထင်ရှားစွာ ပြဆိုပေအံ့။

**(၅၁၄) ဟေ,အာ,ဓိ,နန်၊ သမနန်၊ သ,အံ,နိ,ဥ,ပူ။**
**(၅၁၅) ပစ်,သေ,ကံ,ပံ၊ ဟာ,ဣန်,ဈာန်၊ မဂ်,သံ, ဝိပ္ပယုတ္တ။**
**(၅၁၆) အတ်,နတ်,ဝိတ၊ အဝိတ၊ ဒွိစ-ပစ္စည်းယူ။**

ဤကဗျာတို့ဖြင့် ပစ္စည်းနှစ်ဆဲ့လေးပါးသရုပ်ကို ဖော်ထုတ်၍ပြတော်မူ၏။

| | | |
|---|---|---|
| (၁) | ဟေတုပစ္စယော | ပစ္စယုပ္ပန် တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုသောတရား။ |
| (၂) | အာရမ္မဏပစ္စယော | အာရုံဖြစ်၍ ကျေးဇူးပြုသောတရား။ |
| (၃) | အဓိပတိပစ္စယော* | ကြီးကဲစိုးမိုး၍ ကျေးဇူးပြုသောတရား။ |
| (၄) | အနန္တရပစ္စယော | အခြားမဲ့ဖြစ်သော နာမ်အား ကျေးဇူးပြုသောတရား။ |

( ၅ ) သမနန္တရပစ္စယော   အခြားမဲ့နာမ်အား ကောင်းစွာ ကျေးဇူးပြုသောတရား။

( ၆ ) သဟဇာတပစ္စယော   အတူတကွဖြစ်၍ ကျေးဇူးပြုသောတရား။

( ၇ ) အညမညပစ္စယော   အချင်းချင်း ပြန်လှန်၍ ကျေးဇူးပြုသောတရား။

( ၈ ) နိဿယပစ္စယော*   မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

( ၉ ) ဥပနိဿယပစ္စယော*   အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

( ၁၀ ) ပုရေဇာတပစ္စယော*   ရှေးဦးဖြစ်နှင့်၍ ကျေးဇူးပြုသောတရား။

( ၁၁ ) ပစ္ဆာဇာတပစ္စယော   နောက်မှဖြစ်၍ ကျေးဇူးပြုသောတရား။

( ၁၂ ) အာသေဝနပစ္စယော   အရှိန်အဟုန် အထုံကိစ္စဖြစ်၍ ကျေးဇူးပြုသောတရား။

( ၁၃ ) ကမ္မပစ္စယော*   အမှုပြီးမြောက်ရန် နှိုးဆော်ခြင်း ကိစ္စဖြင့် ကျေးဇူးပြုသောတရား။

( ၁၄ ) ဝိပါကပစ္စယော   မှည့်ရင့်၍ အဟုန်အရှိန် ငြိမ်းစဲခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

( ၁၅ ) အာဟာရပစ္စယော*   ဆောင်မှု ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောတရား။

( ၁၆ ) ဣန္ဒြိယပစ္စယော*   မိမိတို့၏ အသီးအသီးသော ကိစ္စဖြင့် အစိုးတရ ကျေးဇူးပြုသောတရား။

( ၁၇ ) ဈာနပစ္စယော   ရှုစားခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

( ၁၈ ) မဂ္ဂပစ္စယော   ခရီးလမ်းကိစ္စဖြင့် ကျေးဇူးပြုသော တရား။

( ၁၉ ) သမ္ပယုတ္တပစ္စယော   ယှဉ်ခြင်း (သမ္ပယောဂ) ကိစ္စဖြင့် ကျေးဇူးပြုသော တရား။

( ၂၀ ) ဝိပ္ပယုတ္တပစ္စယော*   မယှဉ်ဘဲ ကျေးဇူးပြုသောတရား။

( ၂၁ ) အတ္ထိပစ္စယော*   ပစ္စယုပ္ပန်ထင်ရှားရှိဆဲ အနေအားဖြင့် ကျေးဇူးပြုသော တရား။

( ၂၂ ) နတ္ထိပစ္စယော   ထင်ရှားမရှိဘဲ ကျေးဇူးပြုသော တရား။

( ၂၃ ) ဝိဂတပစ္စယော ကင်း၍ ကျေးဇူးပြုသော တရား။

( ၂၄ ) အဝိဂတပစ္စယော* မကင်းလေဘဲ ပစ္စယုပ္ပန်ရှိဆဲ အနေအားဖြင့် ကျေးဇူးပြုသောတရား။

ဤနှစ်ဆဲ့လေးပစ္စည်းတို့တွင် * ခယားပွင့် အမှတ်ပါရှိသော ပစ္စည်းများမှာ ပစ္စည်းအပွါး ပါရှိသည်။ ထိုမှတပါးသော ပစ္စည်းများမှာ ပစ္စည်း အပွါး မရှိ ဟု မှတ်ရာ၏။

## ဟေတုပစ္စည်းကို ပြဆိုအံ့

**ဟေတု(ဟိတ်)မည်ပုံ။** ။"ဟေတုပစ္စယ"ဟူသောပုဒ်၌ ဟေတုပုဒ် ပစ္စယပုဒ် ဟူ၍ နှစ်ပုဒ်ခွဲ၍ ဝိဂ္ဂဟ်ဆိုရာ၏။ ဟေတု၌"ဟိနောန္တိ ဝုဒ္ဓိ ဝိရုဠှိ ဝေပုလ္လပတ္တိံဝသေန သုဋ္ဌု ပတိဋ္ဌဟန္တိ သဟဇာတဓမ္မာ ဧတ္ထာတိ ဟေတု"။ ဧတ္ထ၊ ဤဟိတ်တရားစု၌။ သဟဇာတဓမ္မာ။ တကွဖြစ်သော သဟဇာတ်တရားတို့သည်။ ဟိနောန္တိ၊ ကြီးပွါး ခိုင်မြဲခြင်းသို့ ရောက်ကုန်၏။ ဝုဒ္ဓိ ဝိရုဠှိ ဝေပုလ္လ ပတ္တိံဝသေန၊ ကြီးပွါးခြင်း စည်ပင်ခြင်း ပြန့်ပြောခြင်းသို့ရောက်သည်၏ အစွမ်းအားဖြင့်။ သုဋ္ဌု ပတိဋ္ဌဟန္တိ၊ ကောင်းစွာ တည်တံ့နိုင်ကြကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဟေတု၊ ဟိတ်မည်၏။ သမ္ပယုတ်တရားတို့၏ ကြီးပွါးရာ တည်ရာ မှီရာ စည်ပင်ပြန့်ပွါး ကြီးမား ခိုင်မြဲရာဖြစ်သောကြောင့် ဟိတ်မည်၏ ဟူလို။ ကရဏသာဓနဝိဂ္ဂဟ်လည်း ဆိုသင့်သေး၏။ဆိုခဲ့လျှင် သမ္ပယုတ်တရားတို့၏ ကြီးပွါးကြောင်း တည်တံ့ကြောင်း စည်ပင် ပြန့်ပွါး ကြီးမား ခိုင်မြဲကြောင်းဖြစ်သောကြောင့် ဟိတ်မည်၏ဟူ၍ အဓိပ္ပါယ်ယူလေ။

**ရေသောက်မြစ်နှင့် တူပုံ။** ။"ရေသောက်မြစ်နှယ်၊ ကျေးဇူးကြွယ်၊ ကြီးကျယ် ကြောင်းရင်းများ"ဟူသော ပကိဏ်းပိုင်း ကဗျာနှင့်အညီ ဟိတ်ခြောက်ပါးတရားတို့သည် သစ်ပင်ကြီးတို့၏ ရေသောက်မြစ်ကြီးတို့နှင့် တူကုန်၏။ သစ်ပင်ကြီးတို့၏ရေသောက်မြစ်တို့သည် မြေ၌ ထောက်ရာ တည်ရာပြု၍ သစ်ပင်ကြီးတို့ကို ခိုင်မြဲစည်ပင်စေကုန်ဘိသကဲ့သို့ ဟိတ်ခြောက်ပါး တရားတို့သည်လည်း အာရုံတည်းဟူသော မြေပေါ်၌ ထောက်ရာ တည်ရာပြု၍ သမ္ပယုတ်တရားတို့ကို ခိုင်မြဲ စည်ပင်စေကုန်၏။ ရေသောက်မြစ်ရှိနေမှုကြောင့် သစ်ပင်ကြီးတို့သည် အမျိုးမျိုးသော ကြီးပွါးခြင်းဖြင့် ကြီးပွါးနိုင်ကြကုန် သကဲ့သို့ ဟိတ်ခြောက်ပါးတရားရှိခြင်းကြောင့် သဟဇာတ်တရားတို့သည် အမျိုးမျိုးသော ကြီးပွါးခြင်းဖြင့် ကြီးပွါးနိုင်ကြကုန်၏။

**ဟေတုသည် မူလအနက်။** ။ဤအရာ၌ ဟေတုသဒ္ဒါသည် မူလအနက် ရှိ၏ဟု သိရာ၏။

**သံသရာ ၂-မျိုး, ဟိတ် ၂-မျိုး။** ။သုတ္တန်နည်းအားဖြင့် ဟေတုအနက်ကို ပြဆိုရလျှင် သုံးဆဲ့တဘုံသော သံသရာကြီးကို ဒုဂ္ဂတိသံသရာ, သုဂတိသံသရာဟူ၍ နှစ်စုနှစ်ပုံ ခွဲဝေပြီးလျှင် ဟိတ်ခြောက်ပါး တရားတို့ကိုလည်း အကုသိုလ်ဟိတ်, ကုသိုလ်ဟိတ်အားဖြင့် နှစ်ပါး ခွဲဝေရာ၏။ အပါယ်လေးဘုံသည် ဒုဂ္ဂတိသံသရာ မည်၏။ အပါယ်လေးဘုံမှ တပါးသော ဘုံပေါင်း ၂၇ ဘုံသည် သုဂတိသံသရာ မည်၏။

**အကုသိုလ်ဟိတ် ၃, ကုသိုလ်ဟိတ် ၃။** ။လောဘ, ဒေါသ, မောဟ။ ဤသုံးပါးသည် အကုသိုလ်ဟိတ်မည်၏။ အလောဘ, အဒေါသ, အမောဟ။ ဤသုံးပါးသည် ကုသိုလ်ဟိတ် မည်၏။

ဒုဂ္ဂတိသံသရာကြီး၏ ရေသောက်မြစ်ကြီးတွေကား အကုသိုလ်ဟိတ် သုံးပါးတို့ပေတည်း။ သုဂတိသံသရာကြီး၏ ရေသောက်မြစ်ကြီးတွေကား ကုသိုလ်ဟိတ် သုံးပါးတို့ပေတည်း။ အကုသိုလ်ဟိတ်သုံးပါးတို့သည် ထွားထွားကျိုင်းကျိုင်း ကြီးပွါးကြလေလေ ဒုဂ္ဂတိသံသရာကြီး စည်ပင်လေလေ ဖြစ်၏။ ကုသိုလ်ဟိတ် သုံးပါးတို့သည် ထွားထွား ကျိုင်းကျိုင်း ကြီးပွါးကြလေလေ သုဂတိသံသရာကြီး စည်ပင်လေလေ ဖြစ်၏။ အကုသိုလ်ဟိတ်ကြီး ၃-ပါးသည် ဒုဂ္ဂတိသံသရာထဲ၌ မတင့်မတယ် မဖွယ်မရာ လွန်စွာညစ်နွမ်း ပင်ပန်း ဆင်းရဲစေတတ်သော အသီးအပွင့်တွေဖြစ်အောင် ရွက်ဆောင်ပေ၏။ ကုသိုလ်ဟိတ်ကြီးသုံးပါးသည် သုဂတိသံသရာထဲ၌ တင့်တင့် တယ်တယ် ဖွယ်ဖွယ်ရာရာ မင်္ဂလာရှိ၍ ဆန်းဆန်း ကြယ်ကြယ် ချမ်းသာနှစ်သိမ့်ဖွယ်ရာသော အသီးအပွင့်အမျိုးမျိုးတွေကို ရွက်ဆောင်ပေ၏။ အကုသိုလ်ဟိတ်ကြီး သုံးပါးသည် ငရဲဒုက္ခ တိရစ္ဆာန်ဒုက္ခ ပြိတ္တာဒုက္ခ အသုရကာယ်ဒုက္ခတွေကို မရ, ရအောင် စုဆောင်းဆည်းပူးပေ၏။ ကုသိုလ်ဟိတ်ကြီးသုံးပါးသည် လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာ လူ့ပျော်ပွဲ နတ်ပျော်ပွဲ ဗြဟ္မာ့ပျော်ပွဲကြီးတို့ကို မရ, ရအောင် စုဆောင်းဆည်းပူးပေ၏။ ရေသောက်မြစ်ကြီးတွေမရှိလျှင် သစ်ပင်ကြီးတို့သည် အပြီးတိုင် သေဆုံးရလေကုန်ဘိသကဲ့သို့ ဟိတ်ခြောက်ပါးကင်းငြိမ်းလျှင် သံသရာဇာတ်သိမ်းရလေတော့၏။ (ဤကား သုတ္တန်နည်းအားဖြင့် ဟေတုသဘောကို ပြဆိုသော အချက်တည်း။)

"**ပစ္စယ**"သဒ္ဒါသည် "ဥပကာရက" အနက်ရှိ၏။ "ဥပကာရက" ဆိုသည်ကား ကျေးဇူးပြုတတ်သည် ထောက်ပံ့ချီးမြှောက်တတ်သည်ဟု ဆိုလိုသည်။ ကျေးဇူးပြုမှုဆိုသည်ကား မိမိထင်ရှားရှိနေခဲ့လျှင် မိမိနှင့်စပ်ဆိုင်သော တရားတို့သည် မဖြစ်ပေါ်သေးလျှင်လည်း ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ပြီး ရှိလျှင်လည်း တည်တံ့နိုင်ကြကုန်၏။ တည်ပြီးသောတရားတို့သည်လည်း အဆင့်ဆင့် ကြီးပွါး

စည်ပင်ရန် အခြေအနေသို့ ရောက်ကြကုန်၏။ ထိုသဘောမျိုးကို ကျေးဇူးပြုမှု ဆိုသည်။ ပရမတ္ထတရားတို့မှာ ကိုယ်တိုင်အားထုတ်မှု ကြောင့်ကြဗျာပါရစိုက်မှု မည်သည် မရှိကြလေကုန်။ မိမိထင်ရှားရှိနေသည့်အတွက် မိမိနှင့်စပ်ဆိုင်သမျှ သော တရားတို့၏ အင်အားအမျိုးမျိုးနှင့် ပြည့်စုံမှုကိုသာလျှင် မိမိကကျေးဇူး ပြုသည်ဟူ၍ ဆိုရပေသည်။ ဝိဂ္ဂဟ်ကား—"ပဋိစ္စ ဧတိ ဖလံ ပဝတ္တတိ ဧတ-သ္မာတိ ပစ္စယော"။ ဧတသ္မာ၊ ထိုအကြောင်းမှ။ ပဋိစ္စ၊ စွဲ၍။ ဧတိ၊ ဖြစ်တတ် ၏။ ဖလံ၊ အကျိုးတရားသည်။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။ အကျိုးတရားတို့၏ စွဲ၍စွဲ၍ဖြစ်ရာကို "ပစ္စယ"ခေါ်၏ ဟူလို။

**ဟေတုပစ္စယ။** ။"ဟေတု ဟုတွာ ပစ္စယောတိ ဟေတုပစ္စယော"။ ဟေတု၊ အကြောင်းသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြု တတ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဟေတုပစ္စယော၊ ဟေတုပစ္စည်း မည်၏။ ရေသောက်မြစ်ကြီးတို့သဖွယ် ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား သည် "ဟေတုပစ္စည်း"မည်၏ ဟူလို။

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်တို့ကား

(၁) ဟိတ်ခြောက်ပါးသည် ဟေတုပစ္စည်းမည်၏။

(၂) သဟိတ်စိတ် ကေသတ္တတိ၊ စေတသိက် ဒွေပညာသ၊ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

(၃) အဟိတ်စိတ် အဋ္ဌာရသ၊ ၎င်းနှင့်ယှဉ်သော စေတသိက် ဒွါဒသ၊ မောဟမူဒွေး၌ မောဟ၊ အဟိတ် စိတ္တဇရုပ်၊ အဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ် ကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်။ ဤတရားတို့သည် ဟေတုပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**မှာထားချက်။** ။ပစ္စည်း,ပစ္စယုပ္ပန်နှစ်ပါးကို နှုတ်ရကျက်ဆောင်၍ နားလည်အောင်ပြုလျှင် ပဋ္ဌာန်းနည်းအတွက် ကိစ္စတုံးပြီဟု ဆိုရ၏။ ပစ္စနိက်မူကား လိုရင်းမဟုတ်လှ။ ပစ္စယုပ္ပန်မထိုက်သော တရားဟူသမျှ ကို"ပစ္စနိက်"ဟူ၍ ခေါ်ဆိုရလေသည်။

**ဟေတုသည် သဟဇာတ်မျိုး။** ။ဤဟေတုပစ္စည်းသည် သဟဇာတစသော ပစ္စည်းမျိုးရှစ်ပါး[၁] တို့တွင် သဟဇာတပစ္စည်းမျိုး၌ ပါဝင်၏။ မိမိနှင့်အတူတကွ ဖြစ်နိုင်ဘို့ရန် ကျေးဇူးပြုသောပစ္စည်းမျိုးကို သဟဇာတပစ္စည်းမျိုး ခေါ်သည်။ ထိုကြောင့် "မိမိနှင့်မူ၊ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ"ဟူ၍ မိန့်ဆိုပေလတ္တံ့။

**ဟေတုသည်နာမ်ပစ္စည်း။** ။နာမ်ပစ္စည်း, ရုပ်ပစ္စည်း, နာမ်ရုပ်ပစ္စည်းတို့တွင် ဟေတုပစ္စည်းသည် နာမ်သက်သက်ပစ္စည်းဖြစ်၏။ ပစ္စုပ္ပန်အခိုက်၌ ကျေးဇူးပြုသောကြောင့် ပစ္စုပ္ပန်ပစ္စည်းလည်းမည်၏။

ဟိတ်နှင့်ယှဉ်သော စိတ်ပေါင်း ၇၁-ပါးကို **သဟိတ်စိတ်**ဟူ၍ ခေါ်သည်။

**ပစ္စယုပ္ပန်၌ သွင်းရပုံများ။** ။ထိုသဟိတ်စိတ် ၇၁-ပါးသည် ဟိတ်နှင့် သမ္ပယုတ္တ အနေအားဖြင့် အတူတကွ ဖြစ်ရသောကြောင့် ဟိတ်၏ကျေးဇူးပြုမှုကို ခံရလေ၏။ ထိုကြောင့် ပစ္စယုပ္ပန်၌ ပါဝင်ရလေသည်။ ထိုသဟိတ်စိတ် ၇၁-ပါးနှင့်ယှဉ်သော စေတသိက် ၅၂-ပါးကိုလည်း ဟိတ်နှင့် တကွဖြစ်၍ ဟိတ်၏ ကျေးဇူးကို ခံစားရသောကြောင့် ပစ္စယုပ္ပန်၌ သွင်းရလေသည်။

**ပစ္စယုပ္ပန်မည်ပုံ။** ။ကျေးဇူးခံစားရ၍ ပစ္စည်းကြောင့် ဖြစ်ရသော တရားကို "ပစ္စယုပ္ပန်"ဟူ၍ ဆိုရသည်။ "ပစ္စယတော ဥပ္ပန္နာတိ ပစ္စယုပ္ပန္နာ"။ ပစ္စယတော၊ ပစ္စည်းကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော တရားတို့ တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်မည်ကုန်၏။

**ပစ္စနီက်မည်ပုံ။** ။ကျေးဇူးပြုမှုကို မရ၍ ပစ္စယုပ္ပန်မထိုက်သော တရားစုကို "ပစ္စနီက်"ဟူ၍ ဆိုရသည်။ "ပစ္စနီက"သဒ္ဒါသည် ဆန့်ကျင်ဘက်ဟူသော အနက်ကို ဟော၏။

**ပစ္စနီက်၌ သွင်းရပုံ, မသွင်းရပုံများ။** ။ပစ္စည်းတရားကိုယ်ပင် ဖြစ်သော်လည်း ပစ္စယုပ္ပန် မထိုက်လျှင် ပစ္စည်းနှင့် ဆန့်ကျင်သည် မည်၏။ ထိုကြောင့် ပစ္စနီက်၌ သွင်းရ၏။ မောဟမူဒွေ၌ ယှဉ်နေခိုက်ဖြစ်သော မောဟစေတသိက်သည် မိမိကသာ ကျေးဇူးပြုရ၍ ပစ္စည်းသက်သက်ဖြစ်၏။ မိမိကို ဟေတုကိစ္စဖြင့် ပြန်၍ ကျေးဇူးပြုမည့် တရားမရှိ။ ထိုကြောင့် ထိုမောဟမူဒွေ၌ ယှဉ်နေခိုက်ဖြစ်သော မောဟကို ပစ္စနီက်၌ သွင်းရ

၁။ အာရမ္မဏ, သဟဇာတ, ဥပနိဿယ, ဝတ္ထု, ပစ္ဆာဇာတ, ကမ္မ, အာဟာရ, ဣန္ဒြိယ အားဖြင့် ၈-မျိုးဖြစ်သည်။

လေသည်။ လောဘမူ,ဒေါသမူတို့၌ ယှဉ်သောမောဟသည်မူကား မိမိကလည်း ဟေတုသတ္တိဖြင့် သမ္ပယုတ်တရားတို့ကို ကျေးဇူးပြု၏။ မိမိကိုလည်း လောဘ, ဒေါသတို့က ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ထိုကြောင့် ထိုမောဟကို ပစ္စယုပ္ပန်၌ သွင်းခွင့်ရလေသည်။ အဟိတ်စိတ်အဋ္ဌာရသနှင့် ၎င်း၌ယှဉ်သော စေတသိက်ဒွါဒသတို့သည်ကား တရံတခါမျှ ဟိတ်နှင့် မတွေ့ဘူးကြကုန်။ ဟိတ်၏ ကျေးဇူးကို တရံတခါမျှ မခံစားကြရဘူးကုန်။ ထိုကြောင့် ထိုတရားစုကို ပစ္စယုပ္ပန်မထိုက်၍ ပစ္စနိက်၌ သွင်းရလေသည်။

**စိတ္တဇရုပ်။** ။ရုပ်ပစ္စယုပ္ပန်၌ ရုပ်ပိုင်းဝယ် ပြဆိုခဲ့ပြီးသောအတိုင်း စိတ် ၇၅ ပါးကြောင့်ဖြစ်သော ရုပ်များကို "စိတ္တဇရုပ်"ဟူ၍ ခေါ်ရသည်။ ထိုစိတ္တဇရုပ်သည်လည်း သဟိတ်စိတ်ကြောင့်ဖြစ်သော "သဟိတ်စိတ္တဇရုပ်" အဟိတ်စိတ်ကြောင့်ဖြစ်သော "အဟိတ်စိတ္တဇရုပ်"အားဖြင့် နှစ်ပါး ရှိပြန်၏။ ထိုတွင် သဟိတ်စိတ်ကြောင့်ဖြစ်သော သဟိတ်စိတ္တဇရုပ်တို့သည်သာလျှင် ဟိတ်တရားတို့၏ ကျေးဇူးပြုမှုကို ခံစားကြကုန်သဖြင့် ပစ္စယုပ္ပန်၌ ဝင်ကြရကုန်သည်။ အဟိတ်စိတ္တဇရုပ်တို့သည်ကား ဟိတ်၏ ကျေးဇူးကို မခံစားကြရကုန်သောကြောင့် ပစ္စယုပ္ပန် မထိုက် ပစ္စနိက်၌ ဝင်ကြရကုန်သည်။

**ပဋိသန္ဓေကမ္မဇရုပ်။** ။ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော ကမ္မဇရုပ်ကို "ပဋိသန္ဓေကမ္မဇရုပ်" ခေါ်သည်။ ထိုပဋိသန္ဓေကမ္မဇရုပ်သည်လည်း သဟိတ်ပဋိသန္ဓေကမ္မဇရုပ်, အဟိတ်ပဋိသန္ဓေကမ္မဇရုပ်အားဖြင့် နှစ်ပါးရှိပြန်၏။ ထိုနှစ်ပါးတို့တွင် သဟိတ်ပဋိသန္ဓေ ၁၃-ပါးနှင့် အတူတကွဖြစ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့သည်သာလျှင် ဟိတ်၏ ကျေးဇူးကို ခံစံကြရကုန်၏။ ထိုကြောင့် ထိုသဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့ကို ပစ္စယုပ္ပန်၌ သွင်းရကုန်သည်။ အဟိတ်ပဋိသန္ဓေနှစ်ပါးနှင့် အတူတကွဖြစ်သော အဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့သည်မူကား ဟိတ်၏ ကျေးဇူးကို မခံစံကြရကုန်။ ထိုကြောင့် ပစ္စနိက်၌ ဝင်ကြရကုန်သည်။

**ကမ္မဇရုပ်ကို ပဋိသန္ဓေအခိုက်တွင် ဟေတု အစရှိသော သဟဇာတနာမ်ပစ္စည်း ကျေးဇူးပြုရခြင်းအကြောင်း။** ။မျိုးတို့သည် မိမိတို့ကြောင့် ဖြစ်သည်မဟုတ်ဘဲ ကံကြောင့်သာလျှင် ဖြစ်ရသော ကမ္မဇရုပ်ကို ပဋိသန္ဓေအခိုက်မှာ အဘယ်ကြောင့် ကျေးဇူးပြုရပါသနည်းဟူမူ— ပဋိသန္ဓေအခိုက်၌ဖြစ်ရသော ရုပ်နာမ်စုသည် ဘဝသစ်၌ ရုတ်ခနဲ ရောက်လာကြကုန်သော အာဂန္တုဧည့်သည်တို့ဖြစ်လျက် ရှိနေကြကုန်၏။ မိမိတို့၏ ရှေ့၌ဖြစ်၍ နေနှင့်သော အိမ်သည် အဟောင်းတရားများလည်း မရှိကြကုန်။ ဧည့်သည်တို့ မည်သည် တခုသော ဇရပ်စသည်၌ ဆုံမိကြလျှင် ရှေးက တစုံတရာ သိကျွမ်း

ဘူးသည် မဟုတ်ကြကုန်ဘဲ ဆွေမျိုးဉာတကာစသည်ဖြင့် တော်စပ်နိုးနွယ်ဘူးကြသည် မဟုတ်ကုန်ဘဲ လွန်စွာပင် ခင်မင်ကြရကုန်၏။ သွေးနီးစပ်သောသူတို့ကဲ့သို့ အချင်းချင်း အားကိုးအားထား ပြုကြရကုန်၏။ ထိုအတူ ပဋိသန္ဓေအခိုက်၌ဖြစ်သော ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ကမ္မဇရုပ်ခန္ဓာတို့သည် တစုံတရာ စပ်လျဉ်းခြင်း မရှိကြကုန်သော်လည်း ညှော်သည် ဖြစ်နေကြကုန်သောကြောင့် အချင်းချင်း အားကိုးအားထား ပြုကြရကုန်၏။ အချင်းချင်း ငဲ့ကြရကုန်၏။ အချင်းချင်း ပစ္စည်းပြုကြရကုန်၏။ ထိုကြောင့် ဟေတုစသော သဟဇာတနာမ်ပစ္စည်းမျိုးတို့သည် မိမိတို့ကြောင့်ဖြစ်သည် မဟုတ်ဘဲ ကံကြောင့်သာဖြစ်သော ရုပ်တို့ကို ပဋိသန္ဓေအခါ၌ သဟဇာတကိစ္စဖြင့် ပစ္စည်းတပ်ကြရကုန်သည်။

**ပဝတ္တိအခါ၌ ကမ္မဇရုပ်နှင့် နာမ်ခန္ဓာတို့၏ အချင်းချင်း မငဲ့ပုံများ။** ။ ပဝတ္တိအခါ၌မူကား ညှော်သည်ကိစ္စမှ ကျွတ်လွတ်ကြလေကုန်၏။ ကမ္မဇရုပ်ကလည်း နာမ်ခန္ဓာကို မငဲ့ဘဲ မိမိအကြောင်းအားလျော်စွာသာလျှင် ဖြစ်လေ၏။ နာမ်ခန္ဓာကလည်း ကမ္မဇရုပ်ကို မငဲ့ မိမိကြောင့်ဖြစ်သော စိတ္တဇရုပ်ကိုသာ ငဲ့လေ၏။ ပဝတ္တိအခါ၌ နာမ်ခန္ဓာနှင့် ကမ္မဇရုပ်တို့၏ အချင်းချင်းမငဲ့ကြပုံကို နိရောဓသမာပတ် ဝင်စား၍ နေသော ပုဂ္ဂိုလ်မှာ နာမ်ခန္ဓာမရှိဘဲလျက် ကမ္မဇရုပ်ခန္ဓာ၏ အစဉ်မပြတ် ဖြစ်နေပုံကို မြင်၍ သိသာလှ၏။

**ပဝတ္တိအခါ စိတ်သည် စိတ္တဇရုပ်ကိုသာ ငဲ့ပုံ။** ။ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်သည် စိတ္တဇရုပ်ကိုမဖြစ်စေနိုင်။ ထိုကြောင့် မိမိကြောင့်ဖြစ်၍ သားသမီးနှင့်တူသော စိတ္တဇရုပ်ကို ငဲ့စရာမရှိ။ အတူတကွ ဖြစ်သော ညှော်သည်မိတ်ဆွေ ကမ္မဇရုပ်ကိုသာလျှင် ငဲ့ရလေသည်။ ပဝတ္တိအခါ၌မူကား စိတ်သည် စိတ္တဇရုပ်ကိုဖြစ်စေသဖြင့် မိမိမှာငဲ့စရာသားသမီးကို ရလေ၏။ ထိုအခါ၌မူကား မိမိ၏ သားသမီးနှင့်တူသော စိတ္တဇရုပ်ကိုသာ ပစ္စည်းပြုသောအားဖြင့် ငဲ့လေ၏။ မစပ်မဆိုင်သော ကမ္မဇရုပ်ကို အမှုမစိုက်အားနိုင်ဘဲ ကျေးဇူးပြုမှုမှ လက်လွတ်ရလေသည်ဟူ၍လည်း ကြံစည်ရာ၏။

**အသညသတ် ကမ္မဇရုပ်နှင့် ပဝတ္တိကမ္မဇရုပ်ကို ပစ္စနိက်၌ သွင်းရပုံ။** ။အသညသတ်ဘုံ၌ ပဋိသန္ဓေကမ္မဇရုပ် ရှိပါသော်လည်း ထိုကမ္မဇရုပ်နှင့် အတူ ဖြစ်သော ဟိတ်ကို မရလေသောကြောင့် ထိုအသညသတ်ကမ္မဇရုပ်ကို ပစ္စနိက်၌ သွင်းလိုက်ရလေသည်။ ယခင် ပြဆိုအပ်ပြီးသော အဓိပ္ပါယ်ဖြင့် ပဝတ္တိအခါ၌ ရှိရှိသမျှသော ကမ္မဇရုပ်စုကို ပစ္စနိက်၌ သွင်းလိုက်ရပြန်သည်။

**ဗာဟိရ,ဥတုဇ,အာဟာရဇရုပ်တို့ ပစ္စနိက်၌ ပါဝင်ကြရပုံ။** ။တော,တောင်,ရေ, မြေ စသည်တို့၌ ရှိရှိ သမျှသော ရုပ်သည် "ဗာဟိရရုပ်" မည်၏။ အဇ္ဈတ္တသန္တာန်၌ ဥတုကြောင့် ဖြစ်သော ရုပ်သည် "ဥတုဇရုပ်" မည်၏။ ဩဇာကြောင့်ဖြစ်သော ရုပ်သည် "အာဟာရဇရုပ်" မည်၏။

တတ္ထ ဗာဟိရန္တိ ဧတေန အနိန္ဒြိယဗဒ္ဓရူပံ ဒဿေတိ။ ပုန အာဟာရသမုဋ္ဌာနံ ဥတုသမုဋ္ဌာနန္တိ ဧတေဟိ သဗ္ဗံ ဣန္ဒြိယဗဒ္ဓံ အာဟာရဥတုသမုဋ္ဌာနရူပံ။

ပဋ္ဌာန်းမူလဋီကာ (၂၀၆)

ထိုဗာဟိရရုပ်,ဥတုဇရုပ်,အာဟာရဇရုပ်တို့သည်လည်း ဟိတ်ကြောင့်ဖြစ်သည် မဟုတ်ကြကုန်၍ ဟိတ်၏ကျေးဇူးကို မခံစားကြရကုန်။ ထိုကြောင့် ပစ္စနိက်မှာ ပါဝင်ကြရလေကုန်သည်။

**ဘုံအားဖြင့် ခွဲဝေပုံ။** ။ဘုံအားဖြင့် ဟေတုပစ္စည်းကို အသည်သတ်ကြဉ်သော ဘုံ ၃၀-တို့၌ ရအပ်၏။ အလုံးစုံသော ဟိတ်ခြောက်ပါးသည် ကာမဘုံ၌ ပစ္စည်းဖြစ်နိုင်၏။ ဒေါသဟိတ်သည်မူကား ရူပဘုံ,အရူပဘုံတို့၌ ပစ္စည်းမဖြစ်နိုင်။ ကာမဘုံ,ရူပဘုံတို့၌ နာမ်ခန္ဓာ ရုပ်ခန္ဓာတို့ကို ပစ္စည်းတပ်နိုင်၏။ အရူပဘုံ၌ကား နာမ်ခန္ဓာကိုသာ ပစ္စည်းတပ်နိုင်၏။ ရုပ်မရှိသောကြောင့် ရုပ်ခန္ဓာကို ပစ္စည်းမတပ်နိုင်ချေ။

**ပုဂ္ဂိုလ်အားဖြင့် ခွဲဝေပုံ။** ။ပုဂ္ဂိုလ်အားဖြင့် ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်၏။ မဂ်ပုဂ္ဂိုလ် လေးယောက်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့မှာ အကုသိုလ်ဟိတ် သုံးပါးတို့သည် ပစ္စည်းတပ်ခွင့်ကို မရနိုင်ကြကုန်။ အနာဂါမ်ပုဂ္ဂိုလ်၌ ဒေါသသည် ဟေတုပစ္စည်း မတပ်နိုင်။

**စိတ္တုပ္ပါဒ်တခု၌ နာမ်ခန္ဓာ,ရုပ်ခန္ဓာတို့အား ဟေတုပစ္စည်းတပ်ပုံကို ပြဆိုဦးအံ့။**

လောဘမူ ပထမ အသင်္ခါရိကစိတ်ဖြင့် ပြဆိုမည်။ ။ထိုလောဘမူ ပထမ အသင်္ခါရိကစိတ် ဖြစ်ပေါ်သောအခါ စေတသိက်ပေါင်း ၁၉-ပါး ပါရှိ၏။ မိမိ တည်းဟူသော စိတ်ကို ထည့်လျှင် ၂၀-ဖြစ်၏။ ၎င်းနာမ်တရား ၂၀-အပေါင်းကို နာမ်ကလာပ်တခုဟူ၍ ဆိုအပ်၏။ ။ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် စိတ္တဇ ရုပ်ကလာပ်တို့သည်လည်း ဖြစ်ပေါ်ကြကုန်၏။ ။နာမ်ကလာပ် ၂၀-တို့တွင် လောဘ,မောဟအားဖြင့် ဟိတ်တရားနှစ်ပါး ပါရှိ၏။ ။ထိုဟိတ်နှစ်ပါးသည် သဟဇာတ်ဖြစ်သော နာမ် ၁၈-ပါးတို့အား ဟေတုပစ္စည်းတပ်၏။ နာမ် ၁၈-ပါး သည် ပစ္စည်းပြုခံရသောကြောင့် ပစ္စယုပ္ပန်ဖြစ်၏။ ယခင်ဟိတ်နှစ်ပါးသည် မိမိနှင့် အတူဖြစ်သော စိတ္တဇရုပ်တို့အား ဟေတုပစ္စည်း တပ်၏။ စိတ္တဇရုပ်တို့သည်

ပစ္စည်းပြု ခံရသောကြောင့် ပစ္စယုပ္ပန် မည်ကုန်၏။ ။ဟိတ် ၂-ပါးတို့တွင် လောဘကို ပစ္စည်းဆိုလျှင် မောဟသည် ပစ္စယုပ္ပန်ဘက်က နေ၏။ မောဟကို ပစ္စည်းဆိုလျှင် လောဘသည် ပစ္စယုပ္ပန်ဘက်က နေ၏။ ဤသို့ အချင်းချင်းလည်း ဟေတုသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**ပဋိသန္ဓေအခိုက်၌ ဟေတုပစ္စည်းတပ်ပုံကို ဆိုဦးအံ့**—ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ မဟာဝိပါက် သောမနဿ ဉာဏသမ္ပယုတ် ပထမစိတ်ဖြင့် ပြဆိုမည်။ ။ ထိုမဟာဝိပါက် ပထမစိတ်သည် ဂဗ္ဘသေယျကပုဂ္ဂိုလ်၌ ပဋိသန္ဓေကိစ္စဖြင့်ဖြစ်ပေါ် လာသောအခါ မိမိနှင့်အတူ သမ္ပယုတ်တရားပေါင်း ၃၃-ပါး ပါရှိ၏။ မိမိကို ထည့်လျှင် ၃၄-ပါးဖြစ်၏။ ထိုနာမ်ပေါင်း ၃၄-ပါးကို နာမ်ကလာပ်တခု ခေါ်၏။ ထိုပဋိသန္ဓေဝိညာဏ်စိတ်နှင့် တပြိုင်နက် ကမ္မဇကလာပ်သုံးစည်းလည်း ဖြစ်ပေါ် လာ၏။ ယင်းနာမ်ကလာပ်တွင် အလောဘ, အဒေါသ, အမောဟ အားဖြင့် ဟိတ် ၃-ပါး ပါရှိ၏။ ထိုဟိတ် ၃-ပါးသည် သမ္ပယုတ်ဖြစ်သော နာမ် ၃၁-ပါး တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့မှတပါး မိမိနှင့် အတူတကွ သဟ ဇာတ်ဖြစ်သော ကမ္မဇကလာပ် ၃-စည်းတို့အားလည်း ဟေတုသတ္တိဖြင့် ကျေးဇူး ပြု၏။ ကျေးဇူးပြုခံရသော နာမ်ခန္ဓာ ရုပ်ခန္ဓာတို့သည် ဟေတုပစ္စည်း၏ ပစ္စ-ယုပ္ပန်အတွင်းသို့ ဝင်ရောက်ကြရကုန်၏။ ဤသို့စသော အမြွက်ဖြင့် ဟေတု ပစ္စည်း၏ ကျေးဇူးပြုပုံကို အကျယ်ဝေဖန်၍ သိရာ၏။

ဟေတုပစ္စည်း ပြီး၏။

---

## ၂-အာရမ္မဏပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

(၁) အလုံးစုံသော အာရုံခြောက်ပါးသည် အာရမ္မဏပစ္စည်းမည်၏။

(၂) ထိုအာရုံခြောက်ပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုသော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ သည် အာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အဗျာကတ, ဗဟိဒ္ဓ ဖြစ်သော အလုံးစုံသော စတုဇရုပ်သည် အာ ရမ္မဏပစ္စည်း၏ ပစ္စနိက်မည်၏။

**အာရမ္မဏမည်ပုံ။** ။အာရမ္မဏ ဟူသောပုဒ်၌ "အာရမန္တိ စိတ္တစေတသိကာ ဓမ္မာ ဧတ္ထာတိ အာရမ္မဏံ"။ ဧတ္ထ၊ ဤအာရုံခြောက်ပါး၌။ စိတ္တစေတသိကာ၊ စိတ်,စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရားတို့

သည်။ အာရမန္တိ၊ မွေ့လျော်ပျော်ပါးကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ် စေတသိက်တို့၏ မွေ့လျော်ပျော်ပါးရာဖြစ်သော သတ္တိကြောင့်။ အာရမ္မဏံ၊ အာရမ္မဏ မည်၏။ ။စိတ်တို့၏ ပျော်မွေ့ရာဖြစ်သော အာရုံခြောက်ပါးကို ရစေ။ ။အာရုံခြောက်ပါးတို့သည် သီးမျိုးစုံ သစ်ပင်အမျိုးမျိုး။ ပွင့်မျိုးစုံ ပန်းပင်အမျိုးမျိုး။ ရေကန် ရေမြောင်း အမျိုးမျိုး။ ကွေ့ကွေ့ ဖြောင့်ဖြောင့် ထောင့်ချိုး စတုရန်း ခိုနန်းအလှ ဟုဆိုအပ်သော လမ်းသေး လမ်းမြတို့နှင့် ပြည့်စုံသော ဥယျာဉ်ကြီးတွေနှင့် တူကုန်၏။ စိတ်တို့သည် ထိုဥယျာဉ်ကြီး အတွင်း၌ သဘောရှိသောအတိုင်း သွားလာကစားမြူးသော သူတို့နှင့် တူကုန်၏။ ဥယျာဉ်ကြီးတို့သည် လူတို့၏ ပျော်မွေ့ဖွယ်ရာဖြစ်ကုန်သကဲ့သို့ အာရုံခြောက်ပါး တို့သည်လည်း စိတ်တို့၏ ပျော်မွေ့ဖွယ်ရာ ဖြစ်ကြပေကုန်၏။ ။စိတ်တို့မည်သည် တရံတဆစ်မျှ အာရုံနှင့်ကင်း၍ ဖြစ်လေ့မရှိကြကုန်။ ထိုကြောင့် "အာရမ္မဏ-ဝိဇာနနလက္ခဏံ စိတ္တံ" ဟူ၍ ဆိုရလေသည်။

"ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ"

ဟူသော ပကိဏ်းပိုင်း ကဗျာနှင့်အညီ အားနည်းသောသူ အိုမင်းသောသူ တို့သည် ကြိုးတန်းကြိမ်တန်း လက်လှမ်းတောင်ဝှေး စသည်တို့ကို ဆွဲကိုင်မှီတွယ်၍ သွားလာကြဘိသကဲ့သို့ ထိုအတူ စိတ်တို့သည်လည်း အာရုံခြောက်ပါးတည်း ဟူသော ကြိုးတန်းကြိမ်တန်း လက်လှမ်းတောင်ဝှေးများကို ဆွဲကိုင်မှီတွယ်၍ သာလျှင် ဖြစ်ပွါးကြရကုန်၏။ ။ကြိုးတန်းကြိမ်တန်း လက်လှမ်းတောင်ဝှေးတို့ အတွက်ကြောင့် သူနာသူအိုတို့သည် အင်အားရှိကြကုန်သကဲ့သို့ စိတ် စေတသိက် တို့သည်လည်း အာရုံခြောက်ပါးတို့အတွက်ကြောင့် အားအင်ရှိခြင်းသို့ရောက်ကြ ကုန်၏။

(အာရုံခြောက်ပါးတို့၏ စိတ် စေတသိက်တို့အား အာရုံပြုပုံကို ပကိဏ်းပိုင်း အာရမ္မဏသင်္ဂဟ၌ ဝေဖန်သောအတိုင်း သိရာ၏)။

**အာရမ္မဏ၌ ကေန်,အနေကန် ကျေးဇူးပြုပုံများ။** ။ရူပါရုံသည် စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်အား အာရမ္မဏ ပစ္စယသတ္တိဖြင့် ကေန်ကျေးဇူးပြု၏။ ကြွင်းသော မိမိကို အာရုံပြုသမျှသော စိတ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။ပ။ ဖောဋ္ဌဗ္ဗာရုံသည် ကာယ ဝိညာဏ်စိတ္တုပ္ပါဒ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကေန်ကျေးဇူးပြု၏။ကြွင်းသော မိမိကို အာရုံပြုသမျှသော စိတ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။ အပေါင်းအားဖြင့် ကာမဖြစ်သော အာရုံခြောက်ပါးသည် ဒွေပဉ္စဝိညာဏ် တဆယ်, မနောဓာတ် သုံး, တဒါရုံ တဆဲ့တစ်, ဟသိတုပ္ပါဒ် တစ်။ ဤနှစ်ဆဲ့ငါးပါး သော စိတ္တုပ္ပါဒ်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကေန် ကျေးဇူးပြု၏။ ကြွင်း

သော မိမိတို့ကို အာရုံပြုသမျှသော စိတ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။

ဓမ္မာရုံတို့တွင် ပညတ်ဓမ္မာရုံသည် ရူပါဝစရစိတ် တဆဲ့ငါး၊ ပထမ, တတိယ ဖြစ်သော အရူပါဝစရစိတ် ခြောက်ပါး။ ဤနှစ်ဆဲ့တပါးသော စိတ္တုပ္ပါဒ်တို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကေန်ကျေးဇူးပြု၏။ ကြွင်းသော မိမိကိုအာရုံပြုသမျှသော စိတ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။ မဟဂ္ဂုတ်ဓမ္မာရုံသည် ဒုတိယ, စတုတ္ထဖြစ်သော အရူပါဝစရစိတ္တုပ္ပါဒ် ခြောက်ပါးတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကေန်ကျေးဇူးပြု၏။ ကြွင်းသော မိမိကို အာရုံပြုသမျှသော စိတ္တုပ္ပါဒ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။

နိဗ္ဗာန်ဓမ္မာရုံသည် လောကုတ္တရာစိတ္တုပ္ပါဒ်ရှစ်ပါးတို့အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကြွင်းသော မိမိကို အာရုံပြုသမျှသော စိတ္တုပ္ပါဒ်တို့အား အနေကန်အားဖြင့် ကျေးဇူးပြု၏။

ထိုမှတပါး ပစ္စုပ္ပန်ဖြစ်သော ရူပါရုံသည် စက္ခုဒွါရဉ်ဖြစ်သော စိတ်ပေါင်း လေးဆဲ့ခြောက်ပါးတို့အား ပစ္စုပ္ပန်အနေအားဖြင့် အာရမ္မဏပစ္စည်းတင်၏။ ဤသို့စသည်ဖြင့်လည်း ဝေဖန်ရာ၏။

**အကြီးကျယ်ဆုံးပစ္စည်း။**　　။ပဋ္ဌာန်းပစ္စည်း နှစ်ဆဲ့လေးပါးတို့တွင် ဤအာရမ္မဏပစ္စည်းသည် အကြီးအကျယ်ဆုံးသော ပစ္စည်းကြီးဖြစ်၏။ အာရမ္မဏပစ္စည်းမထိုက်သော ပရမတ်တရား, ပညတ်တရားဟူ၍ တစုံတရာမျှ မရှိချေ။

**နိဗ္ဗာန်သည် အာရမ္မဏနှင့် အာရမ္မဏာဓိပတိ၌သာ ပါပုံ။**　　။နိဗ္ဗာန်တရားသည် နှစ်ဆဲ့လေးပစ္စည်းတို့တွင် အာရမ္မဏပစ္စည်းနှင့် အာရမ္မဏာဓိပတိပစ္စည်းတို့မှာသာ ပါဝင်၏။ အခြားပစ္စည်းတို့၌ မပါမဝင်ချေ။ နိဗ္ဗာန်သည် အပစ္စယ,အသင်္ခတတရားဖြစ်၍ တစုံတခုသောပစ္စည်း၏ အကျိုးဖြစ်သော ပစ္စယုပ္ပန်တွင်းသို့လည်း မပါမဝင်ချေ။ တစုံတရာသောနည်းနှင့်မှ ပစ္စယုပ္ပန်ထိုက်သောတရား မဟုတ်။ အကြောင်းကြောင့် ဖြစ်ပေါ်သောတရား မဟုတ်ဟူ၍ ဆိုလိုသည်။ ထိုကြောင့် နိဗ္ဗာန်မှာ ပဒဋ္ဌာန်မရှိဟု ဆိုရလေသည်။ နိဗ္ဗာန်သည် ပစ္စယုပ္ပန်ဖြစ်ထိုက်သည်၊ ပစ္စယုပ္ပန်မဖြစ်ထိုက်ဟု လျှဉ်းပါးဖွယ် မရှိပေရကား နှစ်ဆဲ့လေးပစ္စည်းတို့၏ ပစ္စနိကဉ်၌ သွင်းဖွယ်ကိစ္စမရှိဘဲ ဖြစ်လေသည်။ ရုပ်တရားတို့သည် အနာရမ္မဏတရားဖြစ်၍ အာရုံပြုနိုင်သောတရား မဟုတ်ကုန်ရကား အာရမ္မဏပစ္စယုပ္ပန် မထိုက်၍ အာရမ္မဏပစ္စနိကဉ်၌ ဝင်ကြလေကုန်သည်။

**အာရမ္မဏသည် အာရမ္မဏမျိုး။** ။ဤ အာရမ္မဏပစ္စည်းသည် သဟဇာတမျိုး မဟုတ်၊ အာရမ္မဏမျိုးသာ ဖြစ်၏။

**ကာလအားဖြင့် ခွဲဝေပုံ။** ။ကာလအားဖြင့် ပစ္စုပ္ပန်အားဖြင့်လည်း ကျေးဇူးပြု၏၊ အတိတ်အားဖြင့်လည်း ကျေးဇူးပြု၏၊ အနာဂတ်အားဖြင့်လည်း ကျေးဇူးပြု၏၊ ကာလသုံးပါးမှ လွတ်၍လည်း ကျေးဇူးပြု၏။

**ပစ္စုပ္ပန်အားဖြင့် ကျေးဇူးပြုပုံကား**—စက္ခုဝိညာဏဝီထိတခု၌ ရူပါရုံသည် ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့အား ပစ္စုပ္ပန်အနေအားဖြင့် အာရမ္မဏပစ္စည်း တပ်၏။

**အတိတ်အားဖြင့် ကျေးဇူးပြုပုံကား**—အတိတ်ရူပါရုံကို အာရုံပြု၍ဖြစ်သော သုဒ္ဓမနောဒွါရဝီထိတခု၌ အတိတ်ရူပါရုံသည် မနောဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံး ရှိသော မနောဒွါရိကဝီထိစိတ်တို့အား အတိတ်အနေအားဖြင့် အာရမ္မဏပစ္စည်း တပ်၏။

**အနာဂတ်အားဖြင့် ကျေးဇူးပြုပုံကား**—အနာဂတ်ရူပါရုံကို အာရုံပြု၍ဖြစ်သော သုဒ္ဓမနောဒွါရဝီထိတခု၌ အနာဂတ်ရူပါရုံသည် မနောဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော မနောဒွါရိကဝီထိစိတ်တို့အား အနာဂတ်အနေအားဖြင့် အာရမ္မဏပစ္စည်း တပ်၏။

**ကာလဝိမုတ်အားဖြင့် ကျေးဇူးပြုပုံ။** ။နိဗ္ဗာန်နှင့်ပညတ်သည် ကာလဝိမုတ် မည်၏။ ထိုနိဗ္ဗာန်နှင့်ပညတ်သည် မိမိတို့ကို အာရုံပြုသောစိတ်တို့အား ကာလသုံးပါးမှ လွတ်၍ ကာလဝိမုတ်အားဖြင့် ကျေးဇူးပြု၏။ နိဗ္ဗာန်ကိုအာရုံပြုသော ဝီထိတခု, ပညတ်ကိုအာရုံပြုသော ဝီထိတခုကို ချ၍ ထိုနိဗ္ဗာန်နှင့်ပညတ်တို့သည် မိမိကို အာရုံပြု၍ဖြစ်သော မနောဒွါရာဝဇ္ဇန်းအစ ဇောအဆုံးရှိသော မနောဒွါရိကဝီထိစိတ်တို့အား ကာလဝိမုတ် အားဖြင့် အာရမ္မဏပစ္စည်းတပ်ကုန်၏ဟူ၍ ဝေဖန်လေ။

**ဘုံအားဖြင့်ခွဲဝေပုံ။** ။ဘုံအားဖြင့် ဤအာရမ္မဏပစ္စည်းကို သုံးဆဲ့တဘုံတို့၌ အလုံးစုံ ရအပ်၏။ ဗဟိဒ္ဓ အဝိညာဏက အနိန္ဒြိယဗဒ္ဓ ဖြစ်သော တော, တောင်, သမုဒ္ဒရာ, စကြဝဠာအနန္တတို့၌လည်း ရအပ်ပေ၏။ အာရမ္မဏပစ္စယုပ္ပန်ကိုမူကား အသညသတ်ကြဉ်သော ဘုံသုံးဆယ်၌သာ ရအပ် ၏။ အဇ္ဈတ္တ သဝိညာဏက ဣန္ဒြိယဗဒ္ဓသန္တာန်၌သာ ရအပ်၏။ အာရုံခြောက် ပါးတို့သည် ကာမဘုံ၌ အလုံးစုံ ပစ္စည်းတပ်နိုင်ကုန်၏။ ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာ ရုံတို့သည် အသညသတ်ကြဉ်သော ရူပတဆဲ့ငါးဘုံတို့၌ အာရမ္မဏပစ္စည်း မတပ်နိုင်

ကြကုန်။ ရူပါရုံ။ပ။ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော ငါးပါးသောပဥ္စာရုံတို့သည် အရူပဘုံ၌ အာရမ္မဏပစ္စည်း မတပ်နိုင်ကြကုန်။ အလုံးစုံသော အာရုံခြောက်ပါးတို့သည် အသညသတ်ပုဂ္ဂိုလ်၏သန္တာန်မှာ အာရမ္မဏပစ္စည်း မတပ်နိုင်ကြကုန်။

**ပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပုံ။** ။ပုဂ္ဂိုလ်အားဖြင့် ဤအာရမ္မဏပစ္စည်းကို တဆဲ့နှစ်ယောက်သောပုဂ္ဂိုလ်တို့၌ ရအပ်၏။ ဝေဖန်ပြန်လျှင် ပဥ္စာရုံတို့သည် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၏ သန္တာန်မှာ ပစ္စည်း မတပ်နိုင်ကြကုန်။ နိဗ္ဗာန်တည်းဟူသော ဓမ္မာရုံတခုသည်သာလျှင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၏သန္တာန်မှာ ပစ္စည်းတပ်နိုင်ပေသည်။ နိရောဓသမာပတ်ကို ဝင်စား၍ နေခိုက်ဖြစ်သော အနာဂါမ်,ရဟန္တာတို့၏သန္တာန်မှာ အာရုံခြောက်ပါးတို့သည် အာရမ္မဏပစ္စည်းတပ်ခွင့်ကို မရကြကုန်။

ချာန်ကိုဝင်စား၍နေသော ပုဂ္ဂိုလ်, ဖိုလ်ကိုဝင်စား၍နေသော ပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ပဥ္စာရုံတို့သည် အာရမ္မဏပစ္စည်းတပ်ခွင့်ကို မရကြကုန်။

**နိမိတ်အားဖြင့်ဝေဖန်ပုံ။** ။နိမိတ် ၃ ပါးတို့တွင် ကံကိုအာရုံပြု၍ စုတိခဲ့သော ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့အား ပဥ္စာရုံတို့သည် တရံတခါမျှ အာရမ္မဏပစ္စည်းတပ်ခွင့်ကို မရကြကုန်။ ပြဟ္မာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်တို့အားလည်း ပဥ္စာရုံတို့သည် တစုံတရာမျှ အာရမ္မဏပစ္စည်းတပ်ခွင့်ကို မရကြကုန်။ ဤသို့စသည်ဖြင့်လည်း အထူးထူးအပြားပြား ဝေဖန်ရာ၏။

အာရမ္မဏပစ္စည်း ပြီး၏။

---

## ၃-အဓိပတိပစ္စည်း*

အဓိပတိပစ္စည်းသည် (က) အာရမ္မဏာဓိပတိပစ္စည်း။ (ခ) သဟဇာတာဓိပတိပစ္စည်းအားဖြင့် နှစ်ပါးရှိ၏။

### (က) အာရမ္မဏာဓိပတိပစ္စည်း

#### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) ဣဋ္ဌဖြစ်၍ အလေးအမြတ်ပြုအပ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်၊ ဒေါသမူဒွေ, မောဟမူဒွေ, ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သောစိတ် ရှစ်ဆဲ့လေး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ ကြဉ်သော

စေတသိက် လေးဆဲ့ခုနစ်ခု၊ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စည်း မည်ကုန်၏။

(၂) အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခု၊ ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ, အပ္ပမညာ ကြဉ်သော စေတသိက် လေးဆဲ့ငါး၊ ဤတရားတို့သည် အာရမ္မဏာဓိပတိပစ္စယုပ္ပန် မည်ကုန်၏။

(၃) အလေးအမြတ် မပြုတတ်ခိုက် မပြုတတ်နေ လောကီစိတ် ရှစ်ဆဲ့တစ်၊ ၎င်းနှင့်ယှဉ်သော စေတသိက် ငါးဆဲ့နှစ်၊ အဇ္ဈတ္တဗဟိဒ္ဓ ဖြစ်သော အလုံးစုံသော စတုဇရုပ်၊ ဤတရားတို့သည် အာရမ္မဏာဓိပတိ ပစ္စနိက် မည်ကုန်၏။

"အာရမ္မဏာဓိပတိ"ဟူသောပုဒ်၌ အာရမ္မဏ+အဓိပတိဟူ၍ ပုဒ်ခွဲလေ။ စကြဝတေးမင်းကြီး၏သဖွယ် လွန်လွန်ကဲကဲ အစိုးရသည်ကို အဓိပတိဆို၏။ သမုစ္စည်းပိုင်း၌ အဓိပတိသဒ္ဒါ၏ အနက်ကို ပြဆိုအပ်လေပြီ။ "အာရမ္မဏဉ္စ တံ အာရမ္မဏိကဓမ္မာနံ အဓိပတိ စာတိ အာရမ္မဏာဓိပတိ"။ အာရမ္မဏဉ္စ၊ အာရုံလည်းဟုတ်၏။ တံ၊ ထိုအာရုံဟူသည်။ အာရမ္မဏိကဓမ္မာနံ၊ မိမိကိုအာရုံပြုကြကုန်သော အာရမ္မဏိကနာမ်တရားတို့၏။ အဓိပတိ စ၊ အရှင်သခင်လည်း ဟုတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာရမ္မဏာဓိပတိ၊ အာရမ္မဏာဓိပတိမည်၏။ အရှင်သခင်တို့သည် မိမိ၏ကျွန်တို့ကို မိမိအလိုနိုင်ငံသို့သာ လိုက်စေကုန်ဘိသကဲ့သို့ မိမိအပေါ်၌သာလျှင် အမြဲမပြတ် ကိုင်းရှိုင်းခစားအောင် ပြုနိုင်ကုန်ဘိသကဲ့သို့ အာရမ္မဏာဓိပတိထိုက်သော တရားတို့သည်လည်း မိမိကို အာရုံပြု၍ဖြစ်သော အာရမ္မဏိကနာမ်တရားတို့ကို မိမိအလိုနိုင်ငံသို့သာ လိုက်စေကုန်၏။ မိမိအပေါ်၌သာလျှင် အမြဲအပြတ် ကိုင်းရှိုင်းခစားအောင် ပြုနိုင်ကြကုန်၏။ ထိုသို့ အာရမ္မဏိက နာမ်တရားတို့၏အပေါ်၌ လွန်လွန်ကဲကဲ စိုးမိုး၍ ကြီးကဲနိုင်သော အာရုံမျိုးကို အာရမ္မဏာဓိပတိဆိုသည်။

**အာရမ္မဏာဓိပတိပစ္စယ။** ။"အာရမ္မဏာဓိပတိဘာဝေန ပစ္စယော ဥပကာရကောတိ အာရမ္မဏာဓိပတိပစ္စယော"။အာရမ္မဏာဓိပတိဘာဝေန၊ အာရမ္မဏာဓိပတိအဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာရမ္မဏာဓိပတိပစ္စယော၊ အာရမ္မဏာဓိပတိပစ္စည်းမည်၏။ ဣဋ္ဌ, ဂရုကတ ဖြစ်သော အဓိပတိအာရုံသည် အရှင်သခင်နှင့် တူ၏။ ထိုအဓိပတိအာရုံကို အာရုံပြုသော ပစ္စယုပ္ပန်နာမ်တရားသည် ကျွန်နှင့်တူ၏။ အရှင်သခင်ဖြစ်သော အာရုံဆွဲငင်တိုင်း စိတ်တည်းဟူသော

ကျွန်သည် လိုက်ပါ၍ နေရ၏။ အာရုံတည်းဟူသော အရှင်သခင် ခိုင်းစေတိုင်း ကျွန်တည်းဟူသော စိတ်သည် လုပ်ဆောင်သည်ပိုး၍ နေရ၏။

**အာရမ္မဏာဓိပတိပစ္စည်းတို့၏ လွန်လွန်ကဲကဲ ပစ္စည်းပြုပုံကား**--မဒ္ဒရာဇ်တိုင်းသူ ပဘာဝတီ၏ ရူပါရုံတည်းဟူသော အာရမ္မဏာဓိပတိပစ္စည်းသည် ကုသမင်း၏ စိတ်အစဉ်အား ပစ္စည်းတပ်၍နေ၏။ ပဘာဝတီ၏ရူပါရုံသည် အရှင်သခင်ဖြစ်၍ နေ၏။ ကုသမင်းကြီး၏စိတ်သည် ကျွန်ဖြစ်၍ နေ၏။ ပဘာဝတီ၏ ရူပါရုံအတွက် နှင့် ကုသဝတီနေပြည်တော်ကြီးကိုပင် စွန့်ခွါ၍ ယူဇနာတရာဝေးသောခရီးကို နေ့ချင်းပေါက်အောင် ပြေးရရှာ၏။ ပဘာဝတီ၏ ရူပါရုံခိုင်းစေမှုကြောင့် ပြည်ပိုင် တိုင်းပိုင်ဖြစ်သော ရှင်ဘုရင် ကုသမင်းကြီးပင်လျှက် အိုးတွင်းထဲ၌ ရွှံ့ညှ် အလုံးလုံးနှင့်အိုးတွေကို လုပ်ရ၏။ အိုးဖိုထဲ၌ မီးအပူပူနှင့်အိုးတွေကို ဖုတ်ရလေ၏။ ဤသို့စသည်ဖြင့် ကုသဇာတ်ကြီးတခုလုံးနှင့် ထောက်စာ၍ အာရမ္မဏာဓိပတိပစ္စည်း၏သတ္တိကို သိလေ။

ထိုမှတပါး မြတ်စွာဘုရား၏ ညီတော် နန္ဒမင်းသားကို လက်ထပ် မင်္ဂလာဆောင်မည့် နေ့တွင် ပင်လျှင် နောင်တော်ဘုရားက သပိတ်ကို ထမ်းစေလျှက် ခေါ်ဆောင်၍ သွားရာ ရတ်တရက် နမတော်ဇနပဒကလျာဏီမင်းသမီး သိလေ၍ လျှင်မြန်စွာ အဆောင်တွင်းမှ ထွက်လျှက် လေသာနန်းတံခါးက နေပြီးလျှင် ရွှေလည်ပင်းတော်ကို မော့ကာဖြင့် "တုဝဋ္ဋံ ခေါ အယျပုတ္တ အာဂစ္ဆေယျာသိ"။ (အရှင့်သား လျှင်လျှင်မြန်မြန် ပြန်လာတော်မူခဲ့ပါ) ဟူ၍ မှာထားတော်မူလိုက်သော စကားသံသည် နန္ဒမင်း၏ စိတ်အစဉ်မှာ အာရမ္မဏာဓိပတိသတ္တိဖြင့် ပစ္စည်းတပ်လေ၏။ ဤသို့မှာလိုက်သော သဒ္ဒါရုံစကားသံသည် နန္ဒမင်းသား၏ စိတ်အစဉ်ကို အမြဲပင် နှိုးဆော်တိုက်တွန်းလျှက် နေ၏။ မပြတ်မစဲ အမြဲကြား၍သာ နေ၏။ ထိုသဒ္ဒါရုံတည်းဟူသော သခင်၏ ကျွန် ဖြစ်၍နေ၏။ ထိုကြောင့် ရဟန်းပြုပါသော်လည်း တရားကိုမရနိုင်ဘဲ တမှိုင်တည်း မှိုင်တွေ၍သာ နေရ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးပင်သော်လည်း နန္ဒ၏စိတ်အစဉ်၌ စွဲငြိလျှက် ရှိသော အာရမ္မဏာဓိပတိ ပစ္စည်းအတွက်ကြောင့် လွန်စွာပင် ဂရုစိုက်၍ ကုစားချွေချွတ်တော်မူရ၏။ တာဝတိံသာသို့ပင် နန္ဒကိုခေါ်တော်မူ၍ နတ်သမီးဆေးတို့ဖြင့် ခတ်ပေးတော်မူရလေ၏။

ထိုမှတပါး လူသားတည်းဟူသော ရသာရုံသည် ပေါရိသာဒ၏ စိတ်အစဉ်မှာ ပစ္စည်းတပ်လေ၏။ ထိုကြောင့် တိုင်းပြည်ကြီးကိုပင် စွန့်၍ လူသားအတွက် အရှက်တကွဲ အကျိုးနဲကြီးတွေကို ပြုရလေ၏။ ဤသို့ စသည်ဖြင့် အာရမ္မဏာဓိပတိပစ္စည်း၏ အမှုသွားကို ထင်ရှားစွာ သိရာသတည်း။

ဤအာရမ္မဏာဓိပတိပစ္စည်းသည် အာရမ္မဏပစ္စည်းကြီးမှ အသီးထွက်လာသောပစ္စည်းပေတည်း။ "မြေကြီးလျှင်-နဂါး။ ဖွတ်ကြီးလျှင်-မိကျောင်း" ဆိုသော စကားကဲ့သို့ သာမညအာရုံပြုအောင် ကျေးဇူးပြုရုံမျှမက လွန်လွန်ကဲကဲ စည်းကမ်းကလနားကို ကျော်လွန်၍ အာရုံပြုအောင် ကျေးဇူးပြုသော တရားကို အာရမ္မဏာဓိပတိပစ္စည်း ဆိုရသည်။

**အာရမ္မဏာဓိပတိကို အသေးစိတ်ပြဆိုခြင်း။** ။ပြဆိုအပ်ပြီးသော အာရမ္မဏာဓိပတိပစ္စည်းတရားနှင့်ပစ္စယုပ္ပန်တရားတို့ကို အသီးအသီး ပိုင်းခြား၍ ဝေပုံ ချရန်ကား— ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော လောကီစိတ် ၇၆၊ ၎င်းတို့၌ယှဉ်သော စေတသိက် ၄၇၊ ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ်တို့သည် **လောဘမူစိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့်** ကျေးဇူးပြုကုန်၏။ အလေးအမြတ် ပြုတတ်သော လောဘမူစိတ်သည် အလေးအမြတ် ပြုအပ်သော ယခင်စိတ် ၇၆၊ စေတသိက် ၄၇၊ နိပ္ဖန္နရုပ် ၁၈-တို့ကို အလေးအမြတ်ပြု၏ ဟူလို။

လောကီကုသိုလ် ၁၇၊ ၎င်း၌ယှဉ်သော စေတသိက် ၃၈ တို့သည် ပုထုဇ္ဇန်ပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော **မဟာကုသိုလ်စိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့်** ကျေးဇူးပြုကုန်၏။

လောကုတ္တရာစိတ်ရှစ်ပါးနှင့် နိဗ္ဗာန်တည်းဟူသော အာရမ္မဏာဓိပတိ ပစ္စည်းတို့သည် အရိယာပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော **မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးပါး၊ မဟာကြိယာဉာဏသမ္ပယုတ်လေးပါးတို့အား** အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

သေချာစွာဝေဖန်လျှင် **သောတာပန်၌ ဖြစ်သော မဟာကုသိုလ် သမ္ပယုတ်လေးခု**သည် သောတာပတ္တိမဂ်ဖိုလ်နှင့်နိဗ္ဗာန်ကို အလေးအမြတ် ပြု၏။

**သကဒါဂါမ်၌ ဖြစ်သော မဟာကုသိုလ် သမ္ပယုတ်လေးခု**သည် သကဒါဂါမိ မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို အလေးအမြတ် ပြု၏။ ။**အနာဂါမ်၌ ဖြစ်သော မဟာကုသိုလ်သမ္ပယုတ်လေးခု** သည် အနာဂါမိ မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို အလေးအမြတ် ပြု၏။

**ရဟန္တာပုဂ္ဂိုလ်၌ဖြစ်သော မဟာကြိယာသမ္ပယုတ်လေးခု** သည် အရဟတ္တ မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို အလေးအမြတ်ပြု၏။

နိဗ္ဗာန်တည်းဟူသော အာရမ္မဏာဓိပတိ ပစ္စည်းသည် လောကုတ္တရာစိတ်တို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကေန် ကျေးဇူးပြု၏။

**အာရမ္မဏာဓိပတိကိစ္စထိုက်သော အာရုံတို့သည် အလေးအမြတ်ပြုအပ်သော အာရုံ** မည်ကုန်၏။ ထိုအာရုံစုကို အာရုံပြုသော စိတ်တို့သည် **အလေးအမြတ်ပြုတတ်သောစိတ်မည်ကုန်၏။** ဤစိတ်တို့ကို ရည်၍--

ရှစ်လောဘမူ၊ မဟာ ကု၊ လေးခု ဉာဏ်ကြိယာ။
လောကုတ် ရှစ်ခု၊ ဤစိတ်စု၊ ဂရုပြုတတ်စွာ။

ဟူ၍ ဆိုတော်မူလတ္တံ့။

**အာရမ္မဏာဓိပတိပစ္စည်းမထိုက်သော တရားများ။**　။အာရမ္မဏာဓိပတိပစ္စည်း တရားသရုပ်တို့တွင် အနိပ္ဖန္နရုပ်ဆယ်ပါးတို့ မပါရခြင်း အကြောင်းကား ထိုအနိပ္ဖန္နရုပ်တို့သည် ထင်ထင်ရှားရှား စွဲလမ်းလောက်အောင် သဘောရှိသောတရားတို့ မဟုတ်ကြကုန်။ နိပ္ဖန္နရုပ်ကြီး ဆယ့်ရှစ်ပါးတို့၏ အမူအရာဖြစ်ကြကုန်၏။ ထိုကြောင့် အာရမ္မဏာဓိပတိပစ္စည်း၌ မပါမဝင်နိုင်ကြကုန်။

ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်တို့နှင့် ထိုစိတ်တို့၌ယှဉ်သော ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာစေတသိက်တို့သည်လည်း သာယာစွဲလမ်းအပ်သော ဣဋ္ဌတရားတို့ မဟုတ်ကြလေကုန်။ သတ္တဝါတို့၏ သန္တာန်၌ ပူပန်ဆင်းရဲစေတတ်သော အနိဋ္ဌတရားတို့သာတည်း။ ထိုကြောင့် ထိုနာမ်တရားတို့ကို အာရမ္မဏာဓိပတိပစ္စည်းအတွင်းသို့ မသွင်းဘဲ ကြဉ်ရလေသည်။

ပညတ်တရားတို့မည်သည်လည်း သဘောတရားကိုယ်အားဖြင့် ထင်ရှားစွာ မရှိကြလေကုန်။ အလေးအမြတ်ပြုတတ်သော တရားတို့အား အလေးအမြတ်ပြုရလေအောင် အာရမ္မဏာဓိပတိကိစ္စဖြင့် ကျေးဇူးမပြုနိုင်ကုန်။ ထိုကြောင့် အာရမ္မဏာဓိပတိပစ္စည်း၌ မသွင်းဘဲ ကြဉ်ရလေသည်။

**အာရမ္မဏာဓိပတိပစ္စယုပ္ပန်ထိုက်သော တရားများ။**　။ပစ္စယုပ္ပန်တို့တွင် ပဌာန်းပါဠိတော်ကြီး၌ "ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ"အစရှိသည်ဖြင့် ဒါန,သီလ, ဥပေါသထကမ္မ,ပုဗ္ဗေသုစိဏ္ဏ,ဂေါတြဘု,ဝေါဒါန,မဂ္ဂ,ဖလ, နိဗ္ဗာနတရားတို့ကိုရင်း၊ ရာဂ,ဒိဋ္ဌိ,စက္ခု,သောတ စသည်တို့ကိုရင်း ဆင်ခြင်မှုကိစ္စ သာယာမှုကိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် အာရမ္မဏာဓိပတိပစ္စယုပ္ပန်များကို ဟောတော်မူသောကြောင့် ဆင်ခြင်မှု သာယာမှုကိစ္စအစရှိသည်ကို ရွက်ဆောင်နိုင်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ်

လေးခု၊ လောကုတ္တရာစိတ်ရှစ်ခုတို့ကိုသာလျှင် အာရမ္မဏာဓိပတိပစ္စယုပ္ပန်၌ သွင်းအပ်ကုန်၏။ အခြားသောစိတ်တို့ကို မသွင်းအပ်ပေကုန်။

**အာရမ္မဏာဓိပတိပစ္စယုပ္ပန် မထိုက်သော တရားများ။** ။မဟဂ္ဂုတ်ဇောစိတ်တို့သည် ဈာန်စိတ်များဖြစ်ကြကုန်သော်လည်း ဆင်ခြင်မှု သာယာမှုကိစ္စများကို မဆောင်ရွက်နိုင်ကြကုန်။ ထို့ကြောင့် ပစ္စယုပ္ပန်တို့၌ ပါဝင်ခွင့် မရကြလေကုန်။

အပ္ပမညာစေတသိက်နှစ်ခုတို့သည် ပစ္စယုပ္ပန်ဖြစ်သော မဟာကုသိုလ်စိတ်နှင့် ယှဉ်ကြသော်လည်း အာရုံကွဲလျက် ရှိနေသောကြောင့် ပစ္စယုပ္ပန်၌ မသွင်းဘဲ ကြဉ်ရလေသည်။ အာရုံကွဲပုံကား အပ္ပမညာဒွေသည် ဒုက္ခိတ, သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၏။ အာရမ္မဏာဓိပတိပစ္စည်း၌ကား ပညတ်မပါ၊ ထို့ကြောင့် မိမိနှင့် မဆိုင်လေသဖြင့် ထိုအပ္ပမညာဒွေကို ကြဉ်ရလေသည်။

**ကေန် အနေကန်များ။** ။ပစ္စယုပ္ပန်စိတ်တို့တွင် လောကုတ္တရာစိတ် ရှစ်ခုသည်သာလျှင် ကေန် အာရမ္မဏာဓိပတိပစ္စယုပ္ပန် ဖြစ်နိုင်၏။ ကြွင်းသော လောဘမူစိတ်စသည်တို့သည် ကေန် အာရမ္မဏာဓိပတိပစ္စယုပ္ပန် ထိုက်သော တရားတို့ မဟုတ်ကြလေကုန်။ ရံခါ ရံဖန် အလေးအမြတ်ပြုတတ်ကြကုန်၍ ရံခါရံဖန် အလေးအမြတ် မပြုတတ်ကြလေကုန်။ ထို့ကြောင့် အလေးအမြတ် မပြုတတ်ခိုက်ကို ရည်၍ လောကီစိတ် ၈၁-နှင့် ၎င်းတို့၌ ယှဉ်သော စေတသိက် ၅၂-တို့ကို ပစ္စနိက်၌ သွင်းရလေသည်။

ပစ္စည်းတရားတို့တွင်လည်း နိဗ္ဗာန်တခုသည်သာလျှင် လောကုတ္တရာစိတ်အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကေန် ကျေးဇူးပြုနိုင်သည်။ ကြွင်းသော အာရမ္မဏာဓိပတိပစ္စည်းတို့သည် ကေန်ပစ္စည်းထိုက်သော တရားတို့ မဟုတ်ကြကုန်။ ရံခါ ပစ္စည်းထိုက်၍ ရံခါ ပစ္စည်း မထိုက်ကြလေကုန်။

စိတ်တခုယုတ်ကိုးဆယ်တို့တွင် လောကုတ္တရာစိတ် ရှစ်ခုသည် ကေန် အလေးအမြတ်ပြုတတ်သော အာရမ္မဏာဓိပတိပစ္စယုပ္ပန်စိတ် မည်၏။ လောကီစိတ် ၈၁-ခုတို့တွင် လောဘမူစိတ် ၈-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခုတို့သည် ရံခါ အလေးအမြတ်ပြုတတ်၍ ရံခါ အလေးအမြတ် မပြုတတ်ကုန်။ ရံခါ အာရမ္မဏာဓိပတိပစ္စယုပ္ပန်ဖြစ်၍ ရံခါ အာရမ္မဏာဓိပတိပစ္စယုပ္ပန် မဖြစ်ဟူ၍ ဆိုလိုသည်။

**အာရမ္မဏာဓိပတိပစ္စနိက်သာဖြစ်သော တရားများ။** ။ကြွင်းသော လောကီစိတ် ၆၁-ပါး တို့သည် ဘယ်အခါမှ အလေးအမြတ် မပြုတတ်ကြလေကုန်။အချင်းခပ်သိမ်း အာရမ္မဏာဓိပတိပစ္စနိက်တို့သာ ဖြစ်ကြကုန်၏။

ရုပ်တရားတို့သည် အနာရမ္မဏတရား ဖြစ်ကြကုန်သောကြောင့် အလေးအမြတ်မပြုတတ်ကုန်သဖြင့် အာရမ္မဏာဓိပတိပစ္စနိက်၌ အမြဲ ပါဝင်ရကုန်၏။

**ပုဂ္ဂိုလ်,ကာလ,ဘုံတို့ဖြင့်စိစစ်ပုံ။** ။အာရမ္မဏာဓိပတိကိစ္စသည် ပုဂ္ဂိုလ်၏အစွမ်း, ကာလ၏အစွမ်း, ဘုံဌာန၏ အစွမ်းနှင့် စပ်လျက်ရှိ၏။ ထိုစကား မှန်၏။ တခုသောရူပါရုံသည် တယောက်သောပုဂ္ဂိုလ်မှာ အလေးပြုအပ်ပါသော်လည်း အချို့သော ပုဂ္ဂိုလ်တို့မှာ အလေး အမြတ်မပြုအပ်ပေ။ တရံတခါ၌ အလေးအမြတ်ပြုအပ်သော်လည်း တရံတခါ၌ အလေးအမြတ်မပြုအပ်။ လူ့ဘုံ၌ အလေးအမြတ်ပြုအပ်သော ရူပါရုံပင်ဖြစ်သော်လည်း တာဝတိံသာစသော နတ်ဘုံတို့၌ အလေးအမြတ် မပြုအပ်လေ။ ဤသို့စသည် အကျယ်ဝေဖန်၍ သိရာ၏။

**နိဗ္ဗာန်**တရားသည်မူကား ပုဂ္ဂိုလ်, ကာလ, ဘုံဌာနရွေးချယ်ရန် မရှိ။ နိဗ္ဗာန်အရသာကို အကုန်အစင် သိလေ့ရှိသော လောကုတ္တရာစိတ်မှန်လျှင် ထိုစိတ်အားဧကန် အလေးအမြတ်ပြုအပ်လေတော့သည်သာ ဖြစ်၏။

**ပဋိဘာဂနိမိတ်အာရုံ**သည် စျာန်ကို ပေါက်ရောက်အောင် ဆောင်စွမ်းနိုင်ပါသော်လည်း ပရမတ္ထသဘာဝမဟုတ် ပညတ်ဖြစ်နေသောကြောင့် အာရမ္မဏာဓိပတိကိစ္စကို မရခဲ့လေ။

**လောဘမူစိတ်ရှစ်ခု**သည် ရံခါ စွဲစွဲလမ်းလမ်း တမ်းတမ်းတတ ယုယလေးမြတ်စွာ သာယာသော်လည်း ရံခါ သာမညမျှသာလျှင် သာယာတတ်လေ၏။ ဤသို့စသည်ဖြင့်လည်း သိရာ၏။

**ဘုံအားဖြင့်ဝေဖန်လျှင်——အပါယ်လေးဘုံ**သည် အာရမ္မဏာဓိပတိ ပစ္စည်းထိုက်အံ့ မထင်။ အဘယ့်ကြောင့်နည်းဟူမူ——အပါယ်ခန္ဓာစု အပါယ်ဘုံစုသည် သတ္တဝါတို့ သာယာအပ်သောအာရုံတို့ မဟုတ်ကုန်။ လွန်စွာ ကြောက်လန့်စက်ဆုပ်အပ်သော ဘုံတို့ဖြစ်လေသောကြောင့်တည်း။ သို့ရာတွင် ကံစီမံရာကို ခံရသော မိတ္တဝိန္ဒက၏ သင်ဝုန်းစက်ရဲကို စွဲစွဲလမ်းလမ်း အာရုံပြုမှုရှိပြန်လေသဖြင့် ကံအားလျော်စွာ ရံခါရံဖန်လည်း အပါယ်ခန္ဓာအပါယ်ဘုံများသည် အာရမ္မဏာဓိပတိပစ္စည်း ထိုက်ကောင်း ထိုက်လိမ့်ဦးမည်လားဟု စဉ်းစားကြံစည်ဖွယ်လည်း ရှိပြန်၏။ ထိုသို့ကြံစည်လျှင် ၃၁-ဘုံလုံး၌ အာရမ္မဏာဓိပတိပစ္စည်းကို ရအပ်၏ ဟူ၍ ဆိုရာ၏။

**နတ်ဘုံပြဟ္မာ့ဘုံ၌** ရှိသောတရားတို့သည်မူကား များသောအားဖြင့် အာရမ္မဏာဓိပတိပစ္စည်း ထိုက်ကုန်ရာ၏။

**ပုဂ္ဂိုလ်အားဖြင့်** ၁၂-ယောက်သောပုဂ္ဂိုလ်တို့၌ အာရမ္မဏာဓိပတိပစ္စည်းကို ရအပ်၏။ **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့မှာမူကား** ကေန်အမြဲအားဖြင့် အာရမ္မဏာဓိပတိပစ္စည်းကို ရအပ်ပေ၏။ ကြွင်းသော ပုဂ္ဂိုလ်တို့၌မူကား ရံခါရံဖန် သာလျှင် ရအပ်ရာ၏။ **ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့မှာမူကား** အပ္ပကအားဖြင့်သာလျှင် အာရမ္မဏာဓိပတိပစ္စည်းကို ရအပ်ရာ၏။

**ကာလအားဖြင့်** ဤအာရမ္မဏာဓိပတိပစ္စည်းသည် ရံခါ ကာလသုံးပါး၌ ပစ္စည်းတပ်၍ ရံခါကာလသုံးပါးမှ လွတ်၍ ပစ္စည်းတပ်၏။ **ရုပ်နာမ်တို့သည်** ကာလသုံးပါး၌ ပစ္စည်းတပ်ကုန်၏။ **နိဗ္ဗာန်သည်** ကာလဝိမုတ်ဖြင့် ပစ္စည်းတပ်၏ ဟု သိလေ။

အာရမ္မဏာဓိပတိပစ္စည်းပြီး၏။

---

## (ခ) သဟဇာတာဓိပတိပစ္စည်း

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) သာဓိပတိဇော ငါးဆဲ့နှစ်ခု၌ ရှိသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဟု ဆိုအပ်သော အဓိပတိတရားကိုယ်သုံးပါး, လေးပါးတို့တွင် တပါးပါးသည် သဟဇာတာဓိပတိပစ္စည်း မည်၏။

(၂) အဓိပတိတပ်ခိုက်တပ်နေ အဓိပတိတရားကိုယ်ကြဉ်သော သာဓိပတိ ဇော ငါးဆဲ့နှစ်ခု၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ငါးဆဲ့တစ်၊ သာဓိပတိစိတ္တဇရုပ်။ ဤတရားစုသည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အဓိပတိပစ္စည်းကို မရခိုက် မရနေ ကာမစိတ် ငါးဆယ့်လေး၊ မဟဂ္ဂုတ် ဝိပါက် ကိုးခု၊ စေတသိက် ဒွေပညာသ၊ အဓိပတိတပ်ခိုက်တပ်နေ ထိုအဓိပတိ တပ်နေသောတရား သာဓိပတိစိတ္တဇရုပ်မှ တပါးသော စတုဇရုပ်။ ဤတရားစုသည် သဟဇာတာဓိပတိပစ္စည်း၏ ပစ္စနိက် မည်၏။

**သဟဇာတာဓိပတိပစ္စယမည်ပုံနှင့် တရားကိုယ်။** ။"သဟဇာတဓမ္မေသု အဓိပတိဘာဝေန ပစ္စယော ဥပကာရကောတိ သဟဇာတာဓိပတိပစ္စယော"။ သဟဇာတဓမ္မေသု၊ အတူတကွ

ဖြစ်သော သဟဇာတတရားတို့အပေါ်၌။ အဓိပတိဘာဝေန။ လွန်ကဲစွာအစိုးရသောအားဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သဟဇာတာဓိပတိပစ္စယော၊ သဟဇာတာဓိပတိပစ္စည်းမည်၏။ အတူတကွဖြစ်သော တရားတို့၏အပေါ်၌ လွန်လွန်မင်းမင်း ပြင်းပြင်းထန်ထန် အစိုးရသောအားဖြင့် ကျေးဇူးပြုသောတရားကို သဟဇာတာဓိပတိပစ္စည်းခေါ်၏ ဟူလို။ တရားကိုယ်အားဖြင့်—

ဆန်,ဝီ,စိတ်,ဝိ၊ ဓိပတိ၊ မရှိ တူယှဉ်ပြိုင်။

ဟူသော သမုစ္စည်းပိုင်း ကဗျာနှင့်အညီ တုဘက်ပြိုင်ဘက်မရှိ တရားဘုရင်ကြီးတွေ ဖြစ်ကြပေသော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသတို့ပေတည်း။ ထိုဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့သည်လည်း စိတ္တုပ္ပါဒ်တိုင်းမှာရှိသော ဆန္ဒ, စိတ္တ, ဝီရိယ,ဝီမံသတို့ မဟုတ်ပေကုန်။

"ဒွိဟေ တိဟေ၊ ဇောနှစ်ထွေ၊ ရစေ ဓိပတိ"။

ဟူသော သမုစ္စည်းပိုင်းကဗျာနှင့်အညီ ဇော ၅၅-တို့တွင် ဟသိတုပ္ပါဒ်တည်းဟူသော အဟိတ်ဇော၊ မောဟမူဒွေတည်းဟူသော ဧကဟိတ်ဇောတို့ကို ကြဉ်၍ ကျန်သော ဒွိဟိတ်ဇော, တိဟိတ်ဇော ၅၂-ခုတို့၌ရှိသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ကိုသာလျှင် ဆိုလိုသည်။

**သာဓိပတိမည်ပုံ။** ။ထိုဒွိဟိတ်ဇော,တိဟိတ်ဇော ၅၂-ပါးတို့ကို အဓိပတိကိစ္စနှင့်တကွ ဖြစ်ကြကုန်သောကြောင့် သာဓိပတိဇောဟူ၍ ဆိုရကုန်သည်။ "သဟ အဓိပတိနာ ယာနိ ဝတ္တန္တီတိ သာဓိပတိကာနိ"။ ယာနိ၊ အကြင် ၅၂-ပါးသောဇောစိတ်တို့သည်။ အဓိပတိနာ၊ လွန်လွန်ကဲကဲ အစိုးရခြင်းတည်းဟူသော အဓိပတိကိစ္စနှင့်။ သဟ၊ တကွ။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ သာဓိပတိကာနိ၊ သာဓိပတိကမည်ကုန်၏။

**အဓိပတိတရားကိုယ်တပါးသာ စိုးမိုးလွန်ကဲပုံ။** ။အဓိပတိသဘောသည် စကြဝတေး မင်းကြီးနှင့် တူ၏၊ စကြဝတေးမင်းကြီး၏ အစိုးရမှု မည်သည် လေးကျွန်းအတွင်း၌ မင်းပြိုင်မင်းဘက် မရှိ။ မိမိတယောက်တည်းသာ အစိုးရခြင်းကို ပြုနိုင်ပေ၏။ မိမိနှင့် ဂုဏ်တူ ဩဇာအာဏာတူသော မင်းဟူ၍ မရှိလေ။ ထိုအတူပင် အကြင်စိတ္တုပ္ပါဒ်၌ အဓိပတိတရားကိုယ်သုံးပါးသော်ငြင်း လေးပါးသော်ငြင်း ပါရှိသော်လည်း အကယ်၍ အဓိပတိပစ္စည်းတပ်လျှင် တခုခုသော တရားကသာလျှင် စိုးမိုးလွန်ကဲ၍ ပစ္စည်းတပ်၏။ ကြွင်းသော အဓိပတိတရားကိုယ်များနှင့် သမ္ပယုတ်

တရားတို့သည် ပစ္စယုပ္ပန်ဘက်ကသာ နေကြရကုန်၍ အဓိပတိကိစ္စတပ်သော တရား၏ ကျွန်တော်မျိုးအဖြစ်သို့သာ တိုးလျှိုးဝင်ရောက်ကြရကုန်၏။

[ တိဟိတ်ဇော သုံးဆဲ့လေးခုမှာ အဓိပတိတရားကိုယ် လေးပါး ပါရှိ၏။ ဒွိဟိတ်ဇော တဆယ့်ရှစ်မှာကား ဝီမံသကြဉ်၍ အဓိပတိတရားကိုယ် သုံးပါးသာ ပါရှိ၏။ ပညာကို "ဝီမံသ"ဆိုသည်။ ]

**အဓိပတိကိစ္စတပ်သောတရား၏ ဆောင်ရွက်ချက်။** ။အကြင် စိတ္တုပ္ပါဒ်တခု၌ တခုသော အဓိပတိ တရားကိုယ်သည် အဓိပတိကိစ္စဖြင့် ပစ္စည်းတပ်လျှင် ကြွင်းသော သမ္ပယုတ် တရားတို့သည်လည်း ထိုအဓိပတိပစ္စည်းတပ်သောတရား၏ အလိုသို့သာလျှင် အစဉ်လိုက်ကြရကုန်၏။ ထိုတရားကို မလွန်ဆန်နိုင်ကြကုန်။ အလွန်တရာ ကြီးလှစွာသော ရေအဟုန်သည် ရှိရှိသမျှသော သစ်ရွက်မြက်မှိုက် ဘော့ တိုက်တို့ကို မရှောင်မကွင်း အတင်းတိုက်ဝှေ့၍ လာဘိသကဲ့သို့ ထိုသစ်ရွက် မြက်မှိုက် ဘော့တိုက်ဟူသမျှတို့ကို မိမိအလိုသို့သာလျှင် အတင်းဆောင်ယူ လေဘိသကဲ့သို့ အဓိပတိကိစ္စတပ်သောတရားသည်လည်း မိမိနှင့် သဟဇာတ် ဖြစ်သော နာမ်တရားတို့ကို မရှောင်မကွင်း အတင်းတိုက်ဝှေ့လျက် မိမိအလို သို့သာ လိုက်ပါစေ၏။ မိမိကြောင့် ဖြစ်သော စိတ္တဇရုပ်များကိုလည်း မိမိ အလိုသို့သာ ပါလေအောင် ရွက်ဆောင်လေ၏။

အဓိပတိကိစ္စတပ်သော ဆန္ဒအစရှိသောတရားသည် ကောင်းမှု မကောင်းမှု များကို မပြီးမနေရ ထမြောက်အောင်မြင်စွာ ရွက်ဆောင်ပေ၏။ ဆန္ဒသည် အဓိပတိကိစ္စတပ်၍ ဆန္ဒအစွမ်း ထက်သန်နေလျှင် ထိုဆန္ဒကို အမှူးပဓာနပြု၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည် ပြုလိုသောအမှုကို ပြီးစီးအောင်ရွက်ဆောင်ကြ ကုန်၏။ စိတ်သည် အဓိပတိကိစ္စတပ်၍ စိတ်စွမ်းထက်သန်နေလျှင် ထိုစိတ်ကို အမှူးပဓာနပြု၍ ရုပ်ခန္ဓာ,နာမ်ခန္ဓာတို့သည် တစုံတခုသောအမှုကို ပြီးစီးအောင် ရွက်ဆောင်ကြကုန်၏။ ဝီရိယသည် အဓိပတိကိစ္စတပ်၍ ဝီရိယစွမ်း ထက်သန် နေလျှင် ထိုဝီရိယကို အမှူးပဓာနပြု၍ ရုပ်ခန္ဓာ, နာမ်ခန္ဓာတို့သည် အားထုတ် ဖွယ်ရာသော အမှုကိစ္စကြီးကို ပြီးစီးထမြောက်အောင် ရွက်ဆောင်ကြကုန်၏။ ပညာသည် အဓိပတိကိစ္စတပ်၍ ပညာစွမ်းထက်သန်နေလျှင် ထိုပညာကို အမှူး ပဓာနပြု၍ ရုပ်ခန္ဓာ,နာမ်ခန္ဓာတို့သည် ပညာရေးဌာန လုပ်ဆောင်ဘွယ် ဟူသမျှ တို့ကို ထမြောက်ပြီးစီးအောင် ရွက်ဆောင်ကြကုန်၏။

သုတ္တန်နည်းအားဖြင့် ဆိုရလျှင် ဆန္ဒအဓိပတိတပ်နေသော သူကို အလွန် ဆန္ဒကြီးသောသူ ဟူ၍ ဆိုကြရကုန်၏။ ထိုအတူ အလွန်စိတ်ကြီးသော သူ, အလွန် စိတ်ထက်သော သူ, အလွန် စိတ်စွဲကြီးသောသူ ဟူ၍ ဆိုကြရကုန်၏။

အလွန် လုံ့လကောင်းသောသူ, အလွန် ရဲရင့်သောသူ ဟူ၍ ဆိုကြရကုန်၏။ အလွန်ပညာကြီးသောသူ, အလွန်ပညာထက်မြက်သောသူ, အလွန် ပညာစွဲကြီးသောသူဟူ၍ ဆိုကြရကုန်၏။

"ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ"ဟူသည်နှင့်အညီ အဓိပတိကိစ္စတပ်သောဆန္ဒနှင့် ပြည့်စုံသောသူသည် ဘယ်အမှုမျိုးကို မပြီးဘဲရှိအံ့နည်းဟု အမြွကြိမ်းပသော သဘောရှိ၏။ ဘယ်မျှ ကြီးလေးစွာသောအမှုကြီးပင်ဖြစ်စေကာမူ မလောက်မလေး သေးငယ်သော အမှုကလေးဟူ၍ပင် မှတ်ထင်၏။ ထိုအတူ စိတ္တာဓိပတိ, ဝီရိယာဓိပတိ, ဝီမံသာဓိပတိတပ်သော သူတို့သည်လည်း ကြီးမားထက်သန်သော အဇ္ဈာသယနှင့် ပြည့်စုံကြကုန်၏။ အမှုအမျိုးမျိုးကိုပင် လေးစားမပြု ဂရုမထား လျင်လျားစွာ ဆောင်ရွက်လေ့ရှိကြကုန်၏။ မြင်းမိုရ်တောင်ကြီးကိုပင် ထမ်းပိုးရွက်ဆောင်တော့မည်လောက် အစွမ်းသတ္တိ ထက်သန်၍ နေ၏။

**ပဘာဝတီနှင့် ကုသမင်းဥပမာ။** ။အာရမ္မဏာဓိပတိဖြစ်သော အာရုံကို အာရုံပြု၍ဖြစ်ရသော စိတ္တုပ္ပါဒ်၌ ပါရှိသော ဆန္ဒစသည်တို့သည် "သဟဇာတာဓိပတိကိစ္စ"ကို ဆောင်ရွက်တတ်ကုန်၏။ ပဘာဝတီ၏ ရူပါရုံ တည်းဟူသော "အာရမ္မဏာဓိပတိပစ္စည်း"သည် ကုသမင်း၏ လောဘမူစိတ္တုပ္ပါဒ်အား ပစ္စည်းတပ်လျက် ရှိနေ၏။ ကုသမင်း၏ လောဘမူစိတ္တုပ္ပါဒ်သည်လည်း ပဘာဝတီ၏ ရူပါရုံတည်းဟူသော အဓိပတိအာရုံကို အာရုံပြုရသဖြင့် လွန်စွာ ထက်သန် အားရှိ၍နေ၏။ ထိုလောဘမူ၌ ပါရှိသော ဆန္ဒ, စိတ္တ, ဝီရိယဟုဆိုအပ်သော အဓိပတိတရားကိုယ် ၃-ပါးတို့တွင် တပါးပါးသည် အလှည့်ကျစီ "သဟဇာတာဓိပတိပစ္စည်း"တပ်၍နေ၏။ ထိုကြောင့် ကုသမင်း၏ စိတ်သည် တောင်ပေါ်မှကျဆင်း၍နေသော ရေတမ်းခွန်ကဲ့သို့ ပဘာဝတီ၏ ရူပါရုံ အပေါ်၌သာလျှင် တသွင်သွင် ကျဆင်း၍ နေ၏။ ကုသဝတီနေပြည်တော်ကြီးကိုပင် ရက်ရက် စွန့်ခွါတော်မူနိုင်ပလေ၏။ ထိုစိတ်ကြောင့် ဖြစ်သောရုပ်စုသည် "သာဓိပတိစိတ္တဇရုပ်"မည်၏။ ထို သာဓိပတိစိတ္တဇ ရုပ်များသည် အကြောင်းအားလျော်စွာ အခြားသော စိတ္တဇရုပ်များထက် ထက်သန်၍ အားအင်ရှိစွာ ဖြစ်ပေါ်ကြကုန်၏။ သဟဇာတာဓိပတိနာမ်ဓာတ်၏ လှုံ့ဆော်မှုကြောင့် ကုသမင်း၏ ကိုယ်ကာယတည်းဟူသော ရုပ်ကြီးသည် ယူဇနာ တရာခရီးကိုပင်လျှင် နွေချင်းပေါက် ရောက်နိုင်လေ၏။ ထီးရိပ် နန်းရိပ်၌ ဖွားတော်မူ၍ နူးညံ့သိမ်မွေ့သော ကိုယ်ရှိတော်မူသော ကုသမင်း၏ ရုပ်ခန္ဓာကြီးသည် အဓိပတိနာမ်ဓာတ်၏ လှုံ့ဆော်စေခိုင်းမှုကြောင့် အိုးလုပ်ခြင်း, ဖျာယက်ခြင်း စသော အမှုကြမ်းကြီးတွေကိုပင် ပင်ပန်းသည်ဟု မရေမတွက်၊ ရက်ရက် ရောရော ဆောင်ရွက်ရလေ၏။ ဤသို့ စသည်ဖြင့် သဟဇာတာဓိပတိနာမ်ဓာတ်နှင့် သာဓိပတိစိတ္တဇရုပ်ဓာတ်တို့၏ ဖြစ်ပုံကို အကျယ်ဝေဖန်၍ သိရာ၏။

**ဗုဒ္ဓဘုရား၏ အဆင်းတော်နှင့် ဝက္ကလိဥပမာ။** ။ထိုမှတပါး မြတ်စွာဘုရား၏ အဆင်းတော် တည်းဟူသော အာရမ္မဏာဓိပတိပစ္စည်းသည် ဝက္ကလိ မထေရ်၏ မဟာကုသိုလ်စိတ္တုပ္ပါဒ်အား အာရမ္မဏာဓိပတိပစ္စည်း တပ်သျက် နေ၏။ ဝက္ကလိ၏ မဟာကုသိုလ်စိတ္တုပ္ပါဒ်၌ ပါရှိသော အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးသည် သဟဇာတာ-ဓိပတိပစ္စည်း တပ်၍ နေ၏။ ထို့ကြောင့် ဝက္ကလိမထေရ်သည် ကိုယ်ကျိုး ကိုယ် စီးပွါးအတွက် တော တောင် ထွက်၍ တရားကိုမျှ အားမထုတ်နိုင်ဘဲ မြတ်စွာ ဘုရား၏ အပါးတော်မှာ အမြဲ အစွဲနေ၍ မြတ်စွာဘုရားကိုယ်တော်ကြီးကိုသာ လည်ပင်းတမျှော်မျှော် မော်၍ ကြည့်လျက်သာ နေရ၏။ ဤသို့ စသည်ဖြင့် ကုသိုလ်အများကိုလည်း သိလေဦး။

**သာဓိပတိစိတ္တဇရုပ်နှင့် နိရာဓိပတိစိတ္တဇရုပ်။** ။အဓိပတိနှင့် တကွ ဖြစ်သော စိတ်ကို "သာဓိပတိစိတ်" ဟူ၍ ဆိုသည်။ ထိုသာဓိပတိစိတ်ကြောင့်ဖြစ်သော ရုပ်ကို "သာဓိပတိစိတ္တဇရုပ်" ခေါ်သည်။ "သာဓိပတိစိတ္တတော ဇာယန္တီတိ သာဓိပတိစိတ္တဇာနိ"။ သာဓိပတိ-စိတ္တတော၊ အဓိပတိနှင့်တကွဖြစ်သောစိတ်ကြောင့်။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သာဓိပတိစိတ္တဇာနိ။ သာဓိပတိစိတ္တဇတို့ မည်ကုန်၏။ အဓိပတိနှင့်တကွမဖြစ်သော စိတ်သည် "နိရာဓိပတိစိတ်" မည်၏။ ထိုနိရာဓိပတိ စိတ်ကြောင့်ဖြစ်သော ရုပ်သည် "နိရာဓိပတိစိတ္တဇရုပ်" မည်၏။

**ပစ္စနိက်၌သွင်းရသည့် အကြောင်းများ။** ။အဓိပတိကိစ္စကို ဆောင်ရွက်တတ်သော သာဓိပတိဇော ၅၂-ပါးတို့တွင် မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့၌ပါသော အဓိပတိတရားကိုယ်တို့သည် သာလျှင် အမြဲ နိယတ မုချအားဖြင့် အဓိပတိပစ္စည်း တပ်နိုင်ကြကုန်၏။ ကြွင်းသော ကာမစိတ်တို့၌ရှိသော အဓိပတိတရားကိုယ်တို့သည်မူကား အမြဲ နိယတအားဖြင့် အဓိပတိပစ္စည်း တပ်နိုင်ကြသည် မဟုတ်လေကုန်။ ရံခါ အဓိပတိပစ္စည်း တပ်ကြကုန်၍ ရံခါ အဓိပတိပစ္စည်း မတပ်နိုင်ကြကုန်။ ထို့ကြောင့် အဓိပတိပစ္စည်းမတပ်ခိုက်ကိုရည်၍ **ကာမစိတ်** ၅၄-တို့ကို ပစ္စနိက်၌ သွင်းရလေသည်။

ဇောထိုက်သောတရားတို့မှာသာလျှင် သဟဇာတာဓိပတိကိစ္စကို ရသော ကြောင့် မဟဂ္ဂုတ်ဝိပါက်ကိုးခုတို့ကိုလည်း ပစ္စနိက်၌ သွင်းရလေသည်။

ဝိစိကိစ္ဆာစေတသိက်သည် ကေဟိတ်စိတ်၌သာ အမြဲယှဉ်သောတရားဖြစ်၍ တရံတခါမျှ အဓိပတိကိစ္စနှင့် ကြိုက်ကြုံခွင့် မရလေ၊ အဓိပတိကျေးဇူးကို

မခံစားရလေ။ ထိုကြောင့် ထိုဝိစိကိစ္ဆာကိုလည်း ပစ္စနိက်၌ သွင်းရပြန်လေသည်။

သဟဇာတာဓိပတိပစ္စည်း တပ်သောတရားသည် တပါးတည်းမျှသာ ဖြစ်၏။ တခုသော စိတ္တုပ္ပါဒ်၌ မိမိတပါးတည်းကသာလျှင် အဓိပတိကိစ္စဖြင့် သမ္ပယုတ်တရားတို့ကို ပစ္စည်းပြုရ၏။ မိမိကိုပြန်၍ အဓိပတိကိစ္စဖြင့် ပစ္စည်းပြုမည့်တရားဟူ၍ မရှိ။ ထိုကြောင့် မိမိသည် ပစ္စယုပ္ပန်ဖြစ်ခွင့် မရ။ ထိုကြောင့်ပင်လျှင် **အဓိပတိကိစ္စတပ်ခိုက်ဖြစ်သောတရားကို** ပစ္စနိက်၌ သွင်းရပြန်၏။

အဓိပတိနှင့်တကွဖြစ်သော သာဓိပတိစိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်သည်သာလျှင် ပစ္စယုပ္ပန်၌ ဝင်ခွင့်ရသည်။ **သာဓိပတိစိတ္တဇရုပ် မဟုတ်သောရုပ်တို့**သည်ကား အဓိပတိကိစ္စနှင့် တစုံတရာမျှ မစပ်မဆိုင်သောကြောင့် ပစ္စနိက်၌ ဝင်ကြရလေကုန်သည်။

ပဋိသန္ဓေ အခိုက်၌ သဟဇာတာဓိပတိကိစ္စကို မရ၊ ဇောအခိုက်၌သာ ရသောကြောင့် **ကမ္မဇရုပ်ဟူသမျှသည်** အမြဲ ပစ္စနိက်၌ ဝင်ရလေ၏။

အဇ္ဈတ္တသန္တာန်၌သာ ဤသဟဇာတာဓိပတိပစ္စည်းကို ရအပ်သောကြောင့် **အလုံးစုံသောဗာဟိရရုပ်ဟူသမျှသည်လည်း** ပစ္စနိက်၌ ဝင်ကြရလေ၏။

သဟဇာတာဓိပတိတရားသည် ဥတုဇ,အာဟာရဇတို့အား ကျေးဇူးမပြုနိုင်သောကြောင့် **ထိုဥတုဇ,အာဟာရဇတို့သည်လည်း** ပစ္စနိက်၌ ဝင်ကြရကုန်သည်။

**ဝိပါက်တို့၌ သဟဇာတာဓိပတိကိစ္စမရပုံအကြောင်း။** ။သဟဇာတာဓိပတိကိစ္စကို အဘယ်ကြောင့် ဝိပါက်တို့၌ မရအပ်ကုန်သနည်းဟူငြားအံ့။ သဟဇာတာဓိပတိကိစ္စသည် အလွန်ကြီးကျယ်သော ကိစ္စကြီး ဖြစ်ပေ၏။ ထက်မြက်သန်စွမ်းသော စိတ်တို့၏ အပေါ်၌သာလျှင် ထိုသဟဇာတာဓိပတိကိစ္စကို ရအပ်၏။ ဝိပါက်တို့သည် ရေ၏ အပြင်၌တည်နေသော မှော်မြေးတို့ကဲ့သို့ လွန်စွာ အားနည်းကြကုန်၏။ သန်စွမ်းမှု မရှိကြကုန်။ ထိုကြောင့် အားနည်းချည့်နဲ့လှသော ဝိပါက်စိတ်တို့၌ သဟဇာတာဓိပတိကိစ္စကို မရအပ်လေဘဲ ထက်မြက်သန်စွမ်းသော ဇောစိတ်တို့၌သာလျှင် ရအပ်ပေသည်ဟု ဖြေရာ၏။

**ဖိုလ်စိတ်၌ သဟဇာတာဓိပတိကိစ္စရပုံ။** ။ဖိုလ်စိတ်သည် ဝိပါက်စိတ်ဖြစ်ခဲ့၏။ ထိုသို့ဖြစ်ပါလျက် ဝိပါက်တည်းဟူသောဖိုလ်စိတ်မှာ အဘယ်ကြောင့် သဟဇာတာဓိပတိကိစ္စကို ရအပ်ပြန်ပါသနည်း ဟူငြားအံ့။ ထိုဖိုလ်စိတ်သည် ဝိပါက်ပင်ဖြစ်သော်လည်း ဇောကိစ္စနှင့်

ဖြစ်ရသောကြောင့် ထက်သန်အားရှိလှ၏။ ထို့ကြောင့် ထိုဝိပါက်တည်းဟူသော ဖိုလ်စိတ်မှာ သဟဇာတာဓိပတိကိစ္စကို ရအပ်ပေသည်ဟု ဖြေရာ၏။

**ဖိုလ်စိတ်မှာ ဇောကိစ္စဖြစ်နိုင်ပုံ။** ။အခြားသော ဝိပါက်စိတ်များသည် ဇောကိစ္စမထိုက်မူ၍ ဖိုလ်တည်းဟူသော ဝိပါက်စိတ်သည်သာလျှင် ထူးခြားကွဲလွဲလျက် ဒႉဘယ်ကြောင့် ဇောကိစ္စနှင့် ဖြစ်ရပါသနည်း ဟူငြားအံ့။ ထိုဖိုလ်စိတ်သည် အခြားဝိပါက်များနှင့်မတူဘဲ သတ္တိအထူး ရှိလေသောကြောင့် ဇောကိစ္စနှင့် ဖြစ်ရလေသည်ဟု ဖြေရာ၏။ သတ္တိအထူးဆိုသည်ကား အခြားသောဝိပါက်များသည် ကံကြောင့်ဖြစ်ရသော်လည်း အနန္တရပစ္စည်း,ပစ္စယုပ္ပန်ဖြစ်၍ အကျိုးပေးသော ဝိပါက်တို့ မဟုတ်ကြလေကုန်။ ဘဝခြား၍သော်၎င်း ကမ္မာခြား၍သော်၎င်း အကျိုးပေးသောတရားတို့ ဖြစ်ကြကုန်၏။ ထိုသို့ ကာလကြာမြင့်မှ ဖြစ်ပေါ်ရသော အကျိုးတရားတို့ ဖြစ်ကြကုန်သောကြောင့် အကြောင်းတည်းဟူသောကံ၌ ရှိရှိသမျှသော သတ္တိအမွေအနှစ်တို့ကို မရလိုက်ရှာကြလေကုန်။ အကြောင်းကံဆိုသည်ကား ဇောကိစ္စနှင့်ဖြစ်ရသောစိတ်၌ ပါသော စေတနာပေတည်း။ ထိုဇောစေတနာသည် ကာလကြာမြင့်မှ ဖြစ်ပေါ်သော ဝိပါက်စိတ်တို့အား မိမိဖြစ်ရင်းဇောကိစ္စတည်းဟူသော အမွေအနှစ်များကို မပေးစွမ်းနိုင်ချေ။ ထို့ကြောင့် ဖိုလ်မှတပါးသော ဝိပါက်များသည် ဇောကိစ္စ မတပ်နိုင်ကြလေကုန်။ ဇောကိစ္စ မတပ်နိုင်ကြသဖြင့် လွန်စွာ အားနည်းကြလေကုန်သည်။ ဖိုလ်စိတ်သည်မူကား အကြောင်းဖြစ်သော မဂ်ဇောစေတနာနှင့် ဝီထိတခုတည်း အာရုံတခုတည်း ဖြစ်ရသောတရား ဖြစ်ပေသည်။ အကြောင်းဖြစ်သော မဂ်ဇောစေတနာ၏ အခြားမဲ့၌ အနန္တရပစ္စယုပ္ပန်ဖြစ်၍ အကျိုးပေးရသော တရားလည်း ဖြစ်ရပေသည်။ မဂ်ဇောစေတနာသည် ဖိုလ်စိတ်အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နာနာက္ခဏိကကမ္မ,နတ္ထိ, ဝိဂတ။ ဤ ခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေ၏။ ထို့ကြောင့်—

မဂ်လေးခုမှာ၊ စေတနာ၊ ခြောက်ဖြာပစ္စယ။

ဟူ၍ မိန့်ဆိုတော်မူလတ္တံ့။

လတ်လတ်လောလော ချုပ်သုံး၍သွားလေသော မဂ်ဇောစေတနာသည် မိမိအခြားမဲ့၌ ဖြစ်ရစ်သော မိမိ၏အကျိုးတည်းဟူသော ဖိုလ်စိတ်အား မိမိပိုင်ဆိုင်သော ဇဝနသတ္တိကို ပေးခဲ့နိုင်လေသည်။ မဂ်စိတ်၏ အခြားမဲ့၌ ဖြစ်ရသော ဖိုလ်စိတ်သည်လည်း အကြောင်းဖြစ်သော မဂ်ဇောစေတနာ၏ သတ္တိကို သိမ်းပိုက်ခံယူနိုင်လေသည်။ ထိုသို့ သတ္တိထူးရှိလေသောကြောင့် ဖိုလ်တည်းဟူသော ဝိပါက်စိတ်သည် ဇောကိစ္စနှင့် ဖြစ်ရလေသည်ဟု မှတ်ရာ၏။ မဂ်ဇော

စေတနာ၏ အခါမလစ် အခြားမဲ့၌ အကျိုးပေးမှုကိုရည်၍ တရားတော်၏ ဂုဏ်စုတွင် "အကာလိကော"ဟူသော ဂုဏ်ကြီးကို တသီးတခြား ထုတ်ဖော်ရပေသည်။

**အဟိတ်ဇော,ကေဟိတ်ဇောတို့ အဓိပတိကိစ္စကို မရကြပုံ။** ။အဟိတ်ဇော, ကေဟိတ်ဇောတို့သည် ဇောကိစ္စနှင့်ဖြစ်ကြရပါကုန်လျက် အဘယ်ကြောင့် အဓိပတိကိစ္စကို မရကြပါကုန်သနည်းဟူမူ အဟိတ်ဇောသည် အမြစ်သဖွယ်ဖြစ်သော ဟိတ်တရားမှ ကင်း၍ အားနည်းလှ၏။ ကေဟိတ်ဇော၌ရှိသော မောဟဟိတ်သည် မိမိနှင့် အဖော်အဖက်ဖြစ်သော ဟိတ်တရားတခု၏ ကျေးဇူးပြုကို မခံရသဖြင့် အားနည်းပြန်၏။ ထိုသို့အားနည်းသော ကေဟိတ်နှင့်ယှဉ်သော ကေဟိတ်ဇောသည်လည်း အားနည်းလျက်ပင် ရှိပြန်၏။ မစွမ်းမသန်ဘဲ အားနည်းသော စိတ်တို့အပေါ်၌ အဓိပတိကိစ္စ၏ ဖြစ်ထွန်းပေါ်ပေါက်ရိုး မရှိလေသောကြောင့် အဟိတ်ဇော, ကေဟိတ်ဇောတို့၌ အဓိပတိကိစ္စကို မရအပ်ဟု ဖြေဆိုရာ၏။

**အဓိပတိတရားကိုယ်လေးပါး။** ။အဓိပတိတရားကိုယ်လေးပါးတို့တွင် **ဆန္ဒာဓိပတိ**ဆိုသည်ကား သာဓိပတိဇော ၅၂-ပါး၌ယှဉ်သော ဆန္ဒစေတသိက်တည်း။ **ဝိရိယာဓိပတိ**ဆိုသည်ကား ထိုဇော ၅၂-ပါး၌ယှဉ်သော ဝီရိယစေတသိက်တည်း။ **ဝိမံသာဓိပတိ**ဆိုသည်ကား တိဟိတ်ဇောတို့၌ယှဉ်သော ပညာစေတသိက်တည်း။ **စိတ္တာဓိပတိ**ဆိုသည်ကား သာဓိပတိဇောစိတ် ၅၂-ပင်လျှင်တည်း။

**သဟဇာတာဓိပတိပစ္စည်း အမြဲတပ်, စိတ်ဘခုယုတ်ကိုးဆယ်တို့တွင် မဟဂ္ဂုတ် ရုံခါတပ်, အမြဲမတပ်တရားများ။** ။ ဇော, လောကုတ္တရာဇောတို့သည် အမြဲ သဟဇာတာဓိပတိပစ္စည်း တပ်ကြကုန်၏။ ဒွိဟိတ်ဇော, တိဟိတ်ကာမဇောတို့သည် ရံခါ သဟဇာတာဓိပတိပစ္စည်း တပ်ကုန်၍ ရံခါ ၎င်းပစ္စည်း မတပ်ကြကုန်။ လောကီဝိပါက် ၃၂၊ အာဝဇ္ဇန်း ဒွေ၊ အဟိတ်ဇော, ကေဟိတ်ဇောတို့သည် အချင်းခပ်သိမ်း သဟဇာတာဓိပတိ ပစ္စည်း မတပ်နိုင်ကြကုန်။

**လောဘမူ ပထမစိတ်တခု၌ ဆန္ဒာဓိပတိပစ္စည်းတပ်ပုံကို** ဥဒါဟရဏ်ထုတ်၍ ပြဆိုအံ့။ လောဘမူ ပထမအသင်္ခါရိကစိတ်မှာ စေတသိက် ၁၉-ယှဉ်၏။ စိတ်တခုကိုထည့်လျှင် နာမ်တရားပေါင်း ၂၀-ဖြစ်၏။ ထိုနာမ်တရား ၂၀-ကို နာမ်ကလာပ်တခု ခေါ်၏။ ထိုနာမ်ကလာပ်နှင့်အတူ စိတ္တဇရုပ်ကလာပ် ဖြစ်ပေါ်၏။ ထိုနာမ်ကလာပ် ရုပ်ကလာပ်နှစ်ပါးတို့တွင် ဆန္ဒသည် အဓိပတိပစ္စည်းတပ်၏။ မိမိနှင့် သမ္ပယုတ်ဖြစ်သော နာမ်တရားပေါင်း ၁၉-ပါးသည် ပစ္စယုပ္ပန်ဖြစ်၏။

ထိုစိတ်နှင့်အတူဖြစ်သော စိတ္တဇရုပ်သည် သာဓိပတိစိတ္တဇရုပ်မည်၏။ ထိုသာဓိပတိစိတ္တဇရုပ်သည် ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့စသည်ဖြင့် စိတ္တုပ္ပါဒ်တခုတခု၌ သဟဇာတာဓိပတိပစ္စည်းတပ်ပုံကို သိရာ၏။

**ဘုံအားဖြင့်ဝေဖန်ပုံ။** ။ဘုံအားဖြင့် ဤသဟဇာတာဓိပတိပစ္စည်းကို အသည်းသတ်ကြဉ်သော ဘုံ ၃၀-တို့၌ ရအပ်၏။ ပဉ္စဝေါကာရဘုံ၌ နာမ်ရုပ်နှစ်ပါးသည် သဟဇာတာဓိပတိပစ္စယုပ္ပန်ဖြစ်၏။ စတုဝေါကာရဘုံ၌ သမ္ပယုတ်နာမ်သည်သာလျှင် ပစ္စယုပ္ပန်ဖြစ်နိုင်၏။

**ပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပုံ။** ။ပုဂ္ဂိုလ်အားဖြင့် သဟဇာတာဓိပတိပစ္စည်းကို **တဆယ့်နှစ်ယောက်**သော ပုဂ္ဂိုလ်တို့၌ ရအပ်၏။ **မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့**၌ကား သဟဇာတာဓိပတိပစ္စည်းကို မုချအားဖြင့် ရအပ်၏။ကြွင်းသောပုဂ္ဂိုလ်တို့၌ကား ရံခါသာရ၍ ရံခါ မရအပ်။ **ဈာန်ဝင်စား၍ နေခိုက် ဖိုလ်ဝင်စား၍နေခိုက်**၌မူကား အမြဲပင် သဟဇာတာဓိပတိကိုရအပ်၏။ **နိရောဓသမာပတ်ကို ဝင်စားစဉ်**မူကား သဟဇာတာဓိပတိကို မရအပ်။ ကိစ္စ ၁၄-ပါးတို့တွင် ဇောကိစ္စမှတပါးသော ကိစ္စ ၁၃-ပါးအခိုက်တို့၌လည်း သဟဇာတာဓိပတိကို မရအပ်ပေ။

သဟဇာတာဓိပတိပစ္စည်း ပြီး၏။

ပြဆိုအပ်ပြီးသော ဟေတုပစ္စည်း, အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်းသုံးပါးတို့ကို ရည်တော်မူ၍—

(၅၁၈) *ဟိတ်ခြောက်-ခြောက်အာ၊ မိန်စ်ဖြာ၊ အာဓိ့ သဓိခွဲ။*

(၅၁၉) *ဇုဋ္ဌ-ရုပ်,နာမ်၊ အာဓိ-မှန်၊ လေးတန်-သဓိခွဲ။*

ဟူသော ကဗျာများကို မိန့်ဆိုတော်မူသည်။

အဓိပတိပစ္စည်း ပြီး၏။

---

## ၄-၅-အနန္တရပစ္စည်း,သမနန္တရပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

(၅၂၀) **ခြားမဲ့ရှေ့နာမ်၊ပစ္စည်းနာမ်၊ နောက်နာမ်အား အမြဲ။**

(၁) ရှေးရှေးဖြစ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ၅၂-ပါးသည် အနန္တရပစ္စည်း မည်၏။

(၂) နောက်နောက်ဖြစ်သော အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊စေတ-သိက် ဒွေပညာသသည် အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇရုပ်သည် အနန္တရ ပစ္စည်း၏ ပစ္စနိက်မည်၏။

သမနန္တရပစ္စည်းသည် အနန္တရပစ္စည်းနှင့် အလုံးစုံ တူ၏။

**ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်တူသော ၄-ပစ္စည်း။** ။၂၄-ပစ္စည်းတို့တွင် အနန္တရ, သမနန္တရ,နတ္ထိ, ဝိဂတ အားဖြင့် လေးပစ္စည်းတို့သည် ပစ္စည်း,ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် အလုံးစုံ တူကုန်၏။ ထို့ကြောင့်—

(၅၁၇) **နန်,သမနန်၊နတ်,ဝိတ်၊ လေးတန် အတူတူ။**

ဟူ၍ ဆိုတော်မူသည်။

**အနန္တရမည်ပုံ။** ။အနန္တရပစ္စယ၌ "နတ္ထိ အန္တရံ ဧတဿာတိ အနန္တရော"။ ဧတဿ၊ ထိုစိတ်အား။ အန္တရံ၊ အခြားသည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနန္တရော၊ အနန္တရမည်၏။ "အနန္တရဘာဝေန ပစ္စယော ဥပကာရကောတိ အနန္တရပစ္စယော"။ အနန္တရဘာဝေန၊ အခြားမရှိသည်၏ အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းမည်၏။ အနန္တရ စိတ်အား ကျေးဇူးပြုတတ်သော ရှေးရှေးဖြစ်သော စိတ္တုပ္ပါဒ်ကို အနန္တရပစ္စည်း ခေါ်သည်။

**သမနန္တရမည်ပုံ။** ။သမနန္တရပစ္စယ၌ သံ+အနန္တရ+ပစ္စယဟူ၍ ပုဒ်ခွဲလေ။ "သုဋ္ဌု အနန္တရဘာဝေန ပစ္စယော ဥပကာရကောတိ သမနန္တရပစ္စယော"။ သုဋ္ဌု၊ ကောင်းမွန်စွာ။ အနန္တရဘာဝေန၊ အခြားမရှိသည်၏ အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သမနန္တရပစ္စယော၊ သမနန္တရပစ္စည်း မည်၏။ သမနန္တ-ရပစ္စည်းသည် တရားကိုယ်အားဖြင့် အနန္တရပစ္စည်းနှင့် တူ၏။

**အနန္တရနှင့် သမနန္တရတို့ ကျေးဇူးပြုပုံသတ္တိထူးများ။** ။ကျေးဇူးပြုပုံသဘောအား ဖြင့် မူ ကား အနန္တရ, သမနန္တရတို့သည် ထူးပြားကြကုန်သေး၏။ ထူးပုံကား—ရှေးရှေးဖြစ်သောစိတ်သည် ချုပ်ဆုံးလေသော်လည်း မိမိ၏ နောက်၌ အဆုံးတိုင် စိတ်အစဉ်၏ ပြတ်၍သွားလေအောင် အခွင့်မပေးဘဲ မိမိနှင့် သဘောတူစွာ နာမ်တရား တခုဖြစ်ပေါ်လေအောင် ဆက်လက်သောအားဖြင့် ကျေးဇူးပြုမှုသည် အနန္တရ

ပစ္စည်း၏ သတ္တိပေတည်း။ နောက်စိတ်တပါး ဖြစ်ပေါ်၍လာသော်လည်း တတ်တိုင်းပေါက်လွတ် ရောက်တတ်ရာရာ အမှတ်မဲ့ ဖြစ်ခြင်းကို အခွင့်မပေးဘဲ ကိစ္စဌာနအားလျော်စွာ စိတ္တနိယာမကိစ္စကို ပြီးစီးစေလျက် ရှေ့စိတ်နှင့် အစီအစဉ်လျော်သော စိတ်တပါးဖြစ်ပေါ်လေအောင် ကျေးဇူးပြုမှုသည် သမနန္တရ ပစ္စည်း၏ သတ္တိပေတည်း။ ထိုသို့ အစီအစဉ်အားလျော်စွာ အခြားမဲ့စိတ်ကို ဖြစ်လေအောင် ကျေးဇူးပြုမှုကိုပင် ကောင်းစွာ အခြားမဲ့အားဖြင့် ကျေးဇူးပြုသော သမနန္တရပစ္စည်းဟူ၍ "သံ"သဒ္ဒါဖြင့် အထူးပြုကာ ဟောတော်မူရလေသည်။

**ကာလခြားမှုအတွက် စိစစ်ချက်များ။** ။ဤသို့ အစိပ္ပါယ် ယူသည်ရှိသော် နိရောဓသမာပတ်မှ ထစဖြစ်သော ပုဂ္ဂိုလ်၏စိတ် အသညသတ်ဘုံမှ စုတိ၍ ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်၏ စိတ်များသည် ကာလရှည်ကြာစွာ ပြတ်လတ်၍နေသော ရှေ့စိတ်တို့နှင့် အနန္တရ, သမနန္တရသတ္တိဖြင့် ပစ္စည်းဆက်လက်မှုသည် သင့်လျော်လေ၏။ နိရောဓသမာပတ်သို့ မရောက်မိဖြစ်သော နေဝသညာနာသညာယတနကုသိုလ်နှင့် ကြိယာဇောတို့သည် ကာမဘုံ၌ ၇-ရက်ကြာမြင့်ပြီးမှ ရူပဘုံ၌ အမှတ်မရှိ ကာလကြာပြီးမှ ဖြစ်ပေါ်သော အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်တို့အား အနန္တရ, သမနန္တရသတ္တိဖြင့် အသီးအသီး ကျေးဇူးပြုကုန်၏။ "နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာ နာသညာယတနကုသလံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော" စသည်ဖြင့် ပဋ္ဌာန်းပါဠိတော်ကြီး ပဉ္စဝါရ ၃၆၉-၌ ရှိပေသည်။ အသညသတ်ဘဝသို့ သွားခါနီး စုတိစိတ်နှင့် အသညသတ်ဘဝမှ စုတိ၍ ဘဝတခု၌ ဖြစ်သော ပဋိသန္ဓေစိတ်တို့သည် ကမ္ဘာကြီးငါးရာကြာပြီးမှ အနန္တရ သမနန္တရသတ္တိဖြင့် ပစ္စည်း ဆက်လက်ကြကုန်၏။ ထိုစိတ်တို့၏ အကြား၌ ကမ္ဘာကြီးငါးရာ ခြားသော်လည်း စိတ်တခုမျှ ခြားလျက်မရှိသောကြောင့် အခြားရှိသည်ဟူ၍ မဆိုရပေ။ "အသညသတ္တာ စဝန္တဿ ပုရိမစုတိပစ္ဆိမပဋိသန္ဓီနဉ္စ နိရောဓပ္ပဒိနိရန္တရတာယ ကာလန္တရတာ နတ္ထိတိ ဒဋ္ဌဗ္ဗာ"။ (မူလဋီကာ။၁၇၀)

နိရောဓသမာပတ်မှထသောအရာ အသညသတ်ဘဝမှ စုတိသော အရာတို့၌ ကာလခြားနေလျက်ရှိသောကြောင့် အနန္တရပစ္စည်းနှင့် မဆိုင်ဟူ၍ ဆိုငြားအံ့။ **ကာလဆိုသည်ကား** အဘာဝပညတ်တရားသာ ဖြစ်၏။ တစုံတရာမျှမရှိသော အဘာဝပညတ်သည် တစုံတခုသောတရားကိုမျှ မခြားနိုင်ချေဟု ဖြေရာ၏။ နိရောဓသမာပတ်မှ ထသောအရာ အသညသတ်မှစုတိသောအရာတို့၌ နာမ်မခြားသော်လည်း အစဉ်မပြတ် ရုပ်တွေ ဖြစ်လျက် ရှိနေသောကြောင့် ထိုရုပ်တို့၏ ဖြစ်မှုကိုရည်၍ အခြားရှိသည်မဟုတ်ပါလောဟူမူ။ ရုပ်အစဉ်နှင့် နာမ်အစဉ်သည် တမျိုးစီဖြစ်၏။ တစုံတရာမျှ အနန္တရပစ္စည်းမျိုးနှင့် မစပ်မဆိုင်ကြ။

**နာမ်အချင်းချင်းကျေးဇူးပြုသည့်ပစ္စည်းမျိုး။** ။အနန္တရပစ္စည်းမျိုးသည် နာမ် ချင်းချင်းသာလျှင် ကျေးဇူးပြု သော ပစ္စည်းမျိုးပေတည်း။ နာမ်တခုဖြစ်ပေါ်၍ ခြားနေခဲ့လျှင်သာ ကျော်နင်း၍ ကျေးဇူးမပြုနိုင်ဘဲ ရှိရမည် ဖြစ်၏။ နာမ်တရား အခြားမရှိပါမူကား လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ရုပ်တွေဖြစ်တုံ ပျက်တုံခြားသော်လည်း အခြားရှိသည်ဟု မဆိုရ။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း အထက်က ဖြစ်သော နာမ်သည် ထိုလေးသင်္ချေနှင့် ကမ္ဘာတသိန်းနောက်၌ဖြစ်သော စိတ်အား အနန္တရပစ္စည်းမျိုးဖြင့် ကျေးဇူးပြုလိမ့်မည်သာဖြစ်၏ဟူ၍ ပြဆိုရာ၏။

ဆိုအပ်ပြီးသော အရာတို့၌ ပစ္စည်းဆက်လျှင် နေဝသညာနာသညာယတန ကုသိုလ်ဇောသည် နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်ဇောအား ဇောကိစ္စချင်းချင်း အနန္တရမျိုးဖြင့် ကျေးဇူးပြု၏။နေဝသညာနာသညာယတန ကြိယာဇောနှင့် အရဟတ္တဖိုလ်ဇောကိုလည်း ဆက်လေ။

အသညသတ်ဘဝသို့ မရောက်မီ စုတိစိတ်သည် အသညသတ်ဘဝမှ စုတိပြီး၍ ဖြစ်ပေါ်သော ကာမပဋိသန္ဓေစိတ်အား အနန္တရပစ္စည်းမျိုးဖြင့် ကျေးဇူးပြု၏။

ပြဆိုအပ်ပြီးသောအနန္တရနှင့် သမနန္တရတို့၏ ပစ္စယသတ္တိ ထူးပုံကား ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ပရမတ္ထဒီပနီ ဋီကာကြီး၏ အဓိပ္ပါယ်ပေတည်း။

ပဋ္ဌာန်းမူလဋီကာ (၁၇၀) ၌ ကား တတ္ထ ပုရိမ, ပစ္ဆိမာနံ နိရောဓုပ္ပါဒါနန္တ-ရာဘာဝတော [1] နိရန္တရုပ္ပါဒနသမတ္ထတာ အနန္တရပစ္စယဘာဝေါ။ ရူပဓမ္မာနံ ဝိယ သဏ္ဌာနာဘာဝတော ပစ္စယ,ပစ္စယုပ္ပန္နာနံ သဟာဝဋ္ဌာနာဘာဝတော စ ဣဒမိ-တော ဟေဋ္ဌာ ဥဒ္ဓံ တိရိယန္တိ ဝိဘာဂါဘာဝါ အတ္တနာ ကေတ္တမိဝ ဥပနေတွာ သုဋ္ဌု အနန္တရဘာဝေန ဥပ္ပါဒနသမတ္ထတာ သမနန္တရပစ္စယတာ။

ဟူ၍ အနန္တရနှင့်သမနန္တရတို့၏ ပစ္စယသတ္တိထူးပုံကို တမျိုးပြဆိုတော်မူသေး၏။

ရှေးရှေးသောစိတ္တုပ္ပါဒ်သည် နောက်နောက်ဖြစ်သောစိတ်အား **ပစ္စည်းတပ်ပုံ အမြွက်ကား**—အတိမဟန္တာရုံ စက္ခုဒွါရဝီထိတခု၌ အတီတဘဝင်သည် စလနဘဝင်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ စလနဘဝင်သည် ဥပစ္ဆေဒဘဝင်အား ဥပစ္ဆေဒဘဝင်သည် ပဉ္စဒွါရာဝဇ္ဇန်းအား ပဉ္စဒွါရာဝဇ္ဇန်းသည် စက္ခု-ဝိညာဏ်အား။ပ။ ဝုဋ္ဌောသည် ပထမဇောအား။ပ။ သတ္တမဇောသည် ပထမ

---

[1]။ ဆဋ္ဌမူ၌ "နိုရောဓုပ္ပါဒန္တရာဘာဝတော"ဟုရှိသည်။

တဒါရုံအား, ပထမတဒါရုံသည် ဒုတိယတဒါရုံအား, ဒုတိယတဒါရုံသည် နောက်ဘဝင်အား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့ ဝီထိအစဉ်ဖြင့် ဆက်လက်၍ ပစ္စည်းပြုပုံကို သိရာ၏။

**ကိစ္စအစဉ်အားဖြင့်** ပဋိသန္ဓေကိစ္စသည် ဘဝင်ကိစ္စအား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ဘဝင်ကိစ္စသည် မိမိဘဝင်အချင်းချင်းအားရင်း, အာဝဇ္ဇန်းကိစ္စအားရင်း, စုတိကိစ္စအားရင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ အာဝဇ္ဇန်းကိစ္စသည် ဒဿနကိစ္စအားရင်း ။ပ။ ဖုသနကိစ္စအားရင်း, ဇောကိစ္စအားရင်း, ဘဝင်ကိစ္စအားရင်း, မိမိဟုဆိုအပ်သော အာဝဇ္ဇန်းကိစ္စအားရင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ဒဿနစသော ပဉ္စဝိညာဏ်ကိစ္စသည် သမ္ပဋိစ္ဆိုန်းကိစ္စအားကျေးဇူးပြု၏။ သမ္ပဋိစ္ဆိုန်းကိစ္စသည် သန္တီရဏကိစ္စအား ကျေးဇူးပြု၏။ သန္တီ-ရဏကိစ္စသည် ဝုဋ္ဌောကိစ္စအား ကျေးဇူးပြု၏။ ဝုဋ္ဌောကိစ္စသည် မိမိဟုဆိုအပ်သော ဝုဋ္ဌောကိစ္စအားရင်း, ဇောကိစ္စအားရင်း ဘဝင်ကိစ္စအားရင်း ကျေးဇူးပြု၏။ ဇောကိစ္စသည် မိမိဇောကိစ္စအားရင်း, ဘဝင်ကိစ္စအားရင်း, တဒါရုံကိစ္စအားရင်း, စုတိကိစ္စအားရင်း ကျေးဇူးပြု၏။ တဒါရုံကိစ္စသည် မိမိ တဒါရုံကိစ္စအားရင်း, ဘဝင်ကိစ္စအားရင်း,စုတိကိစ္စအားရင်း ကျေးဇူးပြု၏။ စုတိကိစ္စသည် ပဋိသန္ဓေကိစ္စအား ကျေးဇူးပြု၏။ ရဟန္တာတို့၏ စုတိကိစ္စသည်ကား အနန္တရပစ္စည်းပြုရန် ကိစ္စ မရှိလေပြီ။ ထို့ကြောင့် ရဟန္တာတို့၏ စုတိစိတ်သည် ပစ္စည်းမထိုက် ပစ္စယုပ္ပန်သက်သက်သာ ထိုက်လေသည်။

ပစ္စည်းသက်သက်သာ ထိုက်သောစိတ်ဟူသည်ကား မရှိ။ အနမတဂ္ဂ သံသရာကြီးသည် အစမရှိလေသောကြောင့် အစဆုံးသောစိတ် ဟူ၍လည်း မရှိရာ။ ထိုသို့ အစဆုံးသောစိတ်၏ မရှိခြင်းကြောင့် ပစ္စည်းသက်သက်သာ ထိုက်သောနာမ် ဟူ၍လည်း တစုံတရာမျှ မရှိခဲ့လေ။ အနမတဂ္ဂသံသရာ၌ သတ္တဝါတို့၏စိတ်အစဉ်သည် တရံတခါမျှ နားနေခွင့်မရကြလေကုန်။ မိမိတို့ ထိုက်သက်သောကိစ္စကို ရွက်ဆောင်လုပ်ကိုင်ကြကုန်လျက် အနန္တရပစ္စည်းဆက်၍သာ နေကြရကုန်၏။ နိဗ္ဗာန်သို့ ရောက်မှသာလျှင် အနန္တရပစ္စည်းဆက်မှုကိစ္စ ပြီးဆုံးလေတော့သည်။

ဤအနန္တရပစ္စည်းအရာ၌ ရထိုက်သမျှကို သိမ်းကျုံး ပေါင်းရုံး၍ ရှေ့ရှေ့ဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသသည် ပစ္စည်း၊ နောက်နောက်ဖြစ်သော စိတ်တခုယုတ်ကိုးဆယ် စေတသိက်ဒွေပညာသသည် ပစ္စယုပ္ပန်ဟူ၍ ဆိုရသည်။ အစိတ်အစိတ် ဆိုင်ရာဆိုင်ရာ ခွဲခြမ်း စိတ်ဖြာ၍ ဝေဖန်ရာသေး၏။

**နည်းရစေရန် နမူနာ။** ။လောဘမူ ပထမအသင်္ခါရိကစိတ်၏ အနန္တရပစ္စည်း တပ်မှုနှင့် ၎င်းစိတ်၏နောက်၌ ဖြစ်သော ပစ္စယုပ္ပန် စိတ်များကို နည်းရစေရန် ဖော်ပြပေအံ့။ လောဘမူ ပထမ အသင်္ခါရိက စိတ်သည် အချင်းချင်း လောဘမူ ပထမ အသင်္ခါရိက စိတ်အားငင်း၊ တဒါရုံ ကောဒသအားငင်း၊ မဟဂ္ဂုတ်ဝိပါက် ကိုးခုအားငင်း အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေ၏။ လောဘမူ ပထမ အသင်္ခါရိကစိတ်တခုနောက်မှာ ပစ္စယုပ္ပန် စိတ်ပေါင်း နှစ်ဆဲ့ခုနစ်ပါး ဖြစ်နိုင်၏။

ပစ္စည်းတပ်ပုံကို ဝိထိအစဉ်အားဖြင့် သိရာ၏။ လောဘမူ ပထမ အသင်္ခါ-ရိကဇောကျသောဝိထိ၌ ရှေ့ရှေ့ဖြစ်သော လောဘမူပထမအသင်္ခါရိက ဇောစိတ်သည် နောက်နောက်ဖြစ်သော လောဘမူ ပထမ အသင်္ခါရိက ဇောစိတ်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုလောဘဇော နောင် တဒါရုံကျသော ဝီထိ၌ ထိုလောဘဇောသည် တဒါရုံကောဒသအား အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ။ရူပပုဂ္ဂိုလ် အရူပပုဂ္ဂိုလ်တို့၏ သန္တာန်မှာ ထိုလောဘဇော ကျသောအခါ ထိုလောဘဇောသည် မဟဂ္ဂုတ်ဝိပါက်ကိုးခုအား အနန္တရပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့ စသည်ဖြင့် တခုတခုသော စိတ်၏ အနန္တရ ပစ္စည်းတပ်ပုံနှင့် ပစ္စယုပ္ပန်စိတ်များကို ခြားနားသန့်ရှင်းစွာ သိမှတ်ရာ၏။ ထိုမှ တပါး မိမိ၏ရှေ့၌ဖြစ်သော ပစ္စည်းထိုက်သော စိတ်သရုပ်များကို သေချာစွာ သိရာ၏။ ယခင် ပြဆိုအပ်ပြီးသော လောဘမူ ပထမ အသင်္ခါရိကစိတ်၏ ရှေ့၌ အနန္တရပစ္စည်းတပ်သော စိတ်ကား ဝုဋ္ဌောကိစ္စတပ်သော မနောဒွါရာဝဇ္ဇန်းစိတ် တခုသာတည်း။

**စတုဇရုပ်တို့ ပစ္စနိက်၌ ပါဝင်ကြရပုံ။** ။အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇရုပ်တရားတို့သည် အနန္တရ ပစ္စည်းနှင့် တစုံတရာမျှ မသက်ဆိုင်သောကြောင့် ပစ္စနိက်၌ ဝင်ကြရကုန်သည်။

**ဘုံအားဖြင့်** ပဉ္စဝေါကာရဘုံ စတုဝေါကာရဘုံ၌ ဤ အနန္တရ ပစ္စည်းကို ရအပ်၏။ ကေဝေါကာရဘုံ၌မူကား မရအပ်ပေ။

**ပုဂ္ဂိုလ်အားဖြင့်** တဘဲ့နှစ်ယောက်သောပုဂ္ဂိုလ်တို့၌ ရအပ်၏။

**ကာလအားဖြင့်** ဤအနန္တရပစ္စည်းမျိုးသည် အတိတ်အနေအားဖြင့် ကျေးဇူး ပြုသောကြောင့် အတိတ်ပစ္စည်းမည်၏။

အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်း ပြီး၏။

## ၆-သဟဇာတပစ္စည်း

(၅၂၁) စိတ်,စေ,ဘုတ်ဒု၊ ဝတ္ထုသန္ဓေ၊ ဤလေးမထွေ၊ တစ်လေ သဟဇ။

ဤကဗျာဖြင့် သဟဇာတပစ္စည်းသရုပ်ကို ပြဆိုတော်မူ၏။

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

(၁) အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊စေတသိက် ဒွေပညာ-သ၊ အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇမဟာဘုတ်လေးပါး၊ ပဋိသန္ဓေ တဆဲ့ငါးပါးနှင့် ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်းတပ်သောတရား မည်ကုန်၏။

(၂) အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ-ပညာသ၊ အလုံးစုံသော စတုဇရုပ်၊ ပဋိသန္ဓေနှင့် ဟဒယ ဝတ္ထု။ ဤတရားတို့သည် သဟဇာတပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) ပစ္စနိက် မရှိ။

**သဟဇာတပစ္စယမည်ပုံ။** ။သဟဇာတပစ္စယဌ် "သဟ ဇာယန္တီတိ သဟဇာ-တာ"။ သဟ၊ အတူတကွ။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သဟဇာတာ၊ သဟဇာတ မည်ကုန်၏။ "သဟဇာတဘာဝေန ပစ္စယော ဥပကာရကောတိ သဟဇာတပစ္စယော"။ သဟဇာတဘာဝေန၊အတူတကွဖြစ်သည်၏အဖြစ်ဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ သဟဇာတပစ္စယော၊ သဟဇာတပစ္စည်း မည်၏။ ။သဟဇာတသတ္တိဖြင့် ကျေးဇူးပြုမှုဆိုသည်ကား အကြင်တရားတို့သည် မိမိဖြစ်မှ ဖြစ်ပေါ်နိုင်ကြကုန်၏။ မိမိမဖြစ်လျှင် ဖြစ်ပေါ်ခြင်းငှါ မစွမ်းနိုင်ကြကုန်။ မိမိနှင့် အတူတကွသာလျှင် ဥပါဒ်၍ ဖြစ်ပေါ်ကြကုန်၏။ မိမိ၏ရှေ့၌လည်း မဖြစ်နိုင်ကြကုန်။ မိမိ၏နောက်၌လည်း မဖြစ်ကြကုန်။ ထိုသို့သဘောရှိသော တရားတို့အား မိမိနှင့်အတူဖြစ်ပေါ်စေရန် ကျေးဇူးပြုမှုကို သဟဇာတသတ္တိဆိုသည်။ ဤအဓိပ္ပါယ်ကို ရည်၍—

မိမိနှင့်မူ၊ အတူဖြစ်ရန်၊ ကျေးဇူးသန်၊ အမှန်သဟဇ။

ဟူ၍ ဆိုတော်မူလတ္တံ့။

**သဟဇာတပစ္စည်းတပ်မှု**သည် နာမ်ချင်းချင်းလည်း ပစ္စည်းတပ်၏။နာမ်သည် ရုပ်အားလည်း ပစ္စည်းတပ်၏။ ရုပ်နှင့် နာမ်သည်လည်း အပြန်အလှန် ပစ္စည်းတပ်၏။ ရုပ်သည် ရုပ်ချင်းချင်းအားလည်း ပစ္စည်းတပ်၏။ ရုပ်သည် ရုပ်အားလည်း ပစ္စည်းတပ်၏။

**ကလာပ်တူ နာမ်ချင်းချင်း ပစ္စည်းတပ်မှု** ဆိုသည်ကား တခုသော နာမ်ကလာပ်၌ နာမက္ခန္ဓာလေးပါး ရှိ၏။ ထိုလေးပါးတို့တွင် ခန္ဓာတပါးသည် ပစ္စည်းဖြစ်ခိုက် ကြွင်းသောခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြစ်၏။ ခန္ဓာသုံးပါးသည် ပစ္စည်းဖြစ်ခိုက် ကြွင်းသောခန္ဓာတပါးသည် ပစ္စယုပ္ပန်ဖြစ်၏။ ခန္ဓာနှစ်ပါးသည် ပစ္စည်းဖြစ်ခိုက် ကြွင်းသောခန္ဓာနှစ်ပါးသည် ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့စသည်ဖြင့် နာမ်ချင်းချင်း ပစ္စည်းပြုပုံကို သိရာ၏။

**နာမ်သည် ရုပ်အား သဟဇာတပစ္စည်းတပ်မှု** သည် ကမ္မဇရုပ်အား ပစ္စည်းတပ်မှု၊ စိတ္တဇရုပ်အား ပစ္စည်းတပ်မှုဟူ၍ နှစ်မျိုးရှိ၏။

**ပဋိသန္ဓေအခါ** ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေစိတ်သည် အတူတကွဖြစ်သော ဟဒယဝတ္ထုကြဉ်သော ကမ္မဇရုပ်တို့အား သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ **ပဝတ္တိအခါ** ၌ ပဉ္စဝေါကာရဘုံမှာ နာမ်ခန္ဓာတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးပြု၏။　။ဤသို့ နာမ်က ရုပ်အား ပစ္စည်းတပ်ပုံနှစ်မျိုးကို ရည်တော်မူ၍—

သန္ဓိအခါ၊ ကမ္မဇာ၊ နောက်မှာစိတ္တဇ။

ဟူ၍ ဆိုတော်မူလတ္တံ့။

**ရုပ်နှင့် နာမ်တို့၏ သဟဇာတသတ္တိဖြင့် အပြန်အလှန် ပစ္စည်းတပ်ပုံ** ကား ပဋိသန္ဓေအခါ ပဉ္စဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်သည် အပြန်အလှန် ပစ္စည်းတပ်ကြ၏။ ပဉ္စဝေါကာရပဋိသန္ဓေကို ပစ္စည်းယူခိုက် ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်ဘက်က နေ၏။ ဟဒယဝတ္ထုကို ပစ္စည်းယူခိုက် ပဉ္စဝေါကာရပဋိသန္ဓေသည် ပစ္စယုပ္ပန်ဘက်က နေ၏။ ဤကား အချင်းချင်း အပြန်အလှန် ပစ္စည်းတပ်ပုံတည်း။ ဤအချက်ကို ရည်တော်မူ၍—

ဝတ္ထုနှင့်သန်၊ အပြန်ပြန်၊ သုံးတန်သဟဇ။

ဟူ၍ ဆိုတော်မူလတ္တံ့။

**ရုပ်သည် ရုပ်ချင်းချင်း ပစ္စည်းတပ်ပုံ** ကား ကလာပ်တူသော မဟာဘုတ်လေးပါးသည် အချင်းချင်း ပစ္စည်းတပ်ကြ၏။ "ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။ တယော မဟာဘူတေ ပဋိစ္စ ဧကော မဟာဘူတော" စသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ မဟာဘုတ်တခုကို ပစ္စည်းယူခိုက် သုံးပါးသော မဟာဘုတ်တို့သည် ပစ္စယုပ္ပန်ဘက်က နေကြကုန်၏။ ကြွင်းသော မဟာဘုတ်သုံးပါးတို့ကို ပစ္စည်းယူခိုက် တပါးသော မဟာဘုတ်သည် ပစ္စယုပ္ပန်ဘက်က နေ၏။ မဟာဘုတ်နှစ်ပါးကို ပစ္စည်းယူခိုက် ကြွင်းသောမဟာဘုတ်နှစ်ပါးသည် ပစ္စယုပ္ပန်

ဘက်ကနေ၏။ ကြွင်းသောမဟာဘုတ်နှစ်ပါးကို ပစ္စည်းယူခိုက် ထိုပြင် မဟာဘုတ် နှစ်ပါးသည် ပစ္စယုပ္ပန်ဘက်က နေ၏။

**ရုပ်သည် ရုပ်အား ပစ္စည်းတပ်ပုံကား** မဟာဘုတ်လေးပါးတို့သည် ကလာပ်တူ ဖြစ်သော ဥပါဒါရုပ်တို့အား ပစ္စည်းတပ်ကြကုန်၏။ ။ဤသို့ မဟာဘုတ် လေးပါးတို့က ကလာပ်တူ ဥပါဒါရုပ်တို့အား ပစ္စည်းတပ်မှုကို ရည်တော်မူ၍—

နှစ်ဆဲ့လေးဖြာ၊ ဥပါဒါ၊ မဟာဘုတ်မှုရ။

ဟူ၍ ဆိုတော်မူလတ္တံ့။

**စိတ္တုပ္ပါဒ်တခု၌ သဟဇာတပစ္စည်းတပ်ပုံကို** ပြဆိုအံ့—-လောဘမူ ပ်ထမ စိတ်၌ စေတသိက် ၁၉-ရှိ၏၊ စိတ်ပါထည့်လျှင် နှစ်ဆယ်ဖြစ်၏၊ နာမ်ကလာပ် တခုပေတည်း။ ထိုနာမ်ကလာပ်ဖြစ်သည်နှင့် တပြိုင်နက် စိတ္တဇရုပ်ကလာပ် လည်း ဖြစ်ပေါ်၏။ နာမ်ကလာပ်မှာ ခန္ဓာလေးပါးရှိ၏။ ဝေဒနာက္ခန္ဓာကို ပစ္စည်းယူခိုက် ကြွင်းသောခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြင်၏။ ကြွင်းသော ခန္ဓာ သုံးပါးကို ပစ္စည်းယူခိုက် ဝေဒနာက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့စသည်ဖြင့် နာမ်ချင်းချင်း ပြန်လှန်၍ သဟဇာတပစ္စည်း တပ်ကြ၏။ တနည်းအားဖြင့်— ယခင်နာမ်ကလာပ်တွင် ဖဿကို ပစ္စည်းယူခိုက် ကြွင်းသောနာမ်တရား ၁၉-သည် ပစ္စယုပ္ပန်ဖြစ်၏။ ကြွင်းသော နာမ် ၁၉-ကို ပစ္စည်းယူခိုက် ဖဿသည် ပစ္စယုပ္ပန် ဖြစ်၏။ ဤသို့စသည်ဖြင့် နာမ်တရားတခုတခုကို မူလပစ္စည်းထား၍ အချင်းချင်း လှည့်လည်၍ သဟဇာတပစ္စည်းတပ်ပုံကိုလည်း သိရာ၏။ ယခင်နာမ်ကလာပ် သည် ပစ္စည်းဖြစ်၏။ အတူတကွဖြစ်သော စိတ္တဇရုပ်ကလာပ်သည် ပစ္စယုပ္ပန် ဖြစ်၏။

**ပဋိသန္ဓေအခါ၌ သဟဇာတပစ္စည်းတပ်ပုံကား**—-လူ့ဘုံ၌ မဟာဝိပါက် ပထမစိတ်ဖြင့် ပဋိသန္ဓေနေသော ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ ပဋိသန္ဓေအခိုက်မှာ မဟာဝိပါက် ပထမစိတ်သည် ပဋိသန္ဓေကိစ္စနှင့် ဖြစ်လာ၏။ ထိုစိတ်နှင့်အတူတကွ စေတသိက် ၃၃-ပါးလည်း ဖြစ်ကြ၏။ စိတ်ပါထည့်လျှင် နာမ်ပေါင်း ၃၄-ပါး ဖြစ်၏။ နာမ်ကလာပ်တခုပေတည်း။ ထိုပဋိသန္ဓေစိတ်နှင့်တပြိုင်နက် ကာယ- ဒသက, ဘာဝဒသက, ဝတ္ထုဒသကဟုဆိုအပ်သော ကမ္မဇကလာပ်သုံးစည်း၊ ရုပ်ပေါင်း ၃၀-တို့လည်း ဖြစ်ကြကုန်၏။ ပဋိသန္ဓေဝိညာဏ်ဟုဆိုအပ်သော နာမ် ကလာပ်၌ ခန္ဓာလေးပါး ပါရှိ၏။ ခန္ဓာတပါးကို ပစ္စည်းယူခိုက် ကြွင်းသော ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြစ်၏။ ကြွင်းသော ခန္ဓာသုံးပါးကို ပစ္စည်းယူခိုက် ယခင်ဆိုအပ်သော ခန္ဓာတပါးသည် ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့စသည်ဖြင့် နာမ် အချင်းချင်း သဟဇာတပစ္စည်းတပ်ပုံကို အကျယ်သိရာ၏။ ထိုပဋိသန္ဓေဝိညာဏ် သည် ဟဒယဝတ္ထုရုပ်ကြဉ်သော ကမ္မဇကလာပ်သုံးစည်းတို့အား သဟဇာတ-

ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုကမ္မဇကလာပ်သုံးစည်းသည် ပစ္စယုပ္ပန်ဖြစ်၏။ ပဋိသန္ဓေစိတ္တုပ္ပါဒ်နှင့် ဟဒယဝတ္ထုရုပ်တို့သည်မူကား အချင်းချင်း အပြန်အလှန် ပစ္စည်းတပ်ကြကုန်၏။ ပဋိသန္ဓေစိတ္တုပ္ပါဒ်ကို ပစ္စည်းယူခိုက် ဟဒယဝတ္ထုသည် ပစ္စယုပ္ပန်ဘက်က နေ၏။ ဟဒယဝတ္ထုရုပ်ကို ပစ္စည်းယူခိုက် ပဋိသန္ဓေစိတ္တုပ္ပါဒ် သည် ပစ္စယုပ္ပန်ဘက်က နေ၏။

**တဖက်သတ်ကျေးဇူးပြုပုံအချက်များ။**　။စိတ်နှင့်စိတ္တဇရုပ်တို့သည် သဟဇာတ ဖြစ်ကြကုန်သော်လည်း စိတ်ကသာ လျှင် စိတ္တဇရုပ်အား ကျေးဇူးပြုနိုင်သည်၊ စိတ္တဇရုပ်ကပြန်၍ စိတ်အား ကျေးဇူး မပြုနိုင်။ ပဉ္စဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုကြဉ်သော ကမ္မဇရုပ်တို့သည် သဟဇာတဖြစ်ကြကုန်သော်လည်း ပဉ္စဝေါကာရပဋိသန္ဓေစိတ်ကသာလျှင် ဆိုပြီး ကမ္မဇရုပ်တို့အား ကျေးဇူးပြုနိုင်သည်၊ ဆိုပြီး ကမ္မဇရုပ်တို့က ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်အား ပြန်လှန်၍ ကျေးဇူးမပြုနိုင်ကုန်။

**ကလာပ်တူဖြစ်သော မဟာဘုတ်နှင့် ဥပါဒါရုပ်တို့သည်** သဟဇာတဖြစ်ကြ ကုန်သော်လည်း မဟာဘုတ်တို့ကသာလျှင် ဥပါဒါရုပ်တို့အား ကျေးဇူးပြုနိုင် ကုန်သည်၊ ဥပါဒါရုပ်တို့က ပြန်လှန်၍ မဟာဘုတ်တို့အား ကျေးဇူးမပြုနိုင်ကြ ကုန်။ (ဤကား တဖက်သတ် ကျေးဇူးပြုပုံ အချက်များပေတည်း။)

**အချင်းချင်းကျေးဇူးပြုပုံများ။**　။သဟဇာတဖြစ်သော စိတ်နှင့် စေတသိက်တို့ သည် အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုနိုင် ကြကုန်၏။ သဟဇာတဖြစ်သော ပဉ္စဝေါကာရပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထု ရုပ်တို့သည်လည်း အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုနိုင်ကြကုန်၏။ ကလာပ် တူသော မဟာဘုတ်တို့သည်လည်း အချင်းချင်း ပြန်လှန်၍ ကျေးဇူးပြုနိုင်ကြ ကုန်၏။

**စိတ်က ဥတုဇ,အာဟာရဇတို့အား ပစ္စည်းမပြုပုံ အကြောင်း။**　အဇ္ဈတ္တသန္တာန်၌ စိတ်ဖြစ်ပေါ်သည်နှင့် ။ တပြိုင်နက် ဥတုဇရုပ်, အာဟာရဇရုပ်တို့ သည်လည်း ဥပါဒ်ပြိုင်၍ ဖြစ်ကြကုန်၏။ ထိုဥတုဇ, အာဟာရဇရုပ်တို့အားလည်း သဟဇာတသတ္တိဖြင့် စိတ်က အဘယ် ကြောင့် ပစ္စည်းမပြုနိုင်သနည်း ဟူငြားအံ့။ ထိုဥတုဇ,အာဟာရဇရုပ်တို့သည် စိတ်နှင့်အတူတကွ ဖြစ်ကြကုန်သော်လည်း စိတ်ဖြစ်မှုကြောင့် ဖြစ်ပေါ်ကြသည် မဟုတ်။ မိမိတို့ အကြောင်းအားလျော်စွာသာလျှင် ဖြစ်ပေါ်ကြကုန်၏။ စိတ်နှင့် တစုံတရာမျှ မသက်မဆိုင်ကြလေကုန်။ ထိုကြောင့် စိတ်သည် မစပ်မဆိုင်သော ဥတုဇရုပ်,အာဟာရဇရုပ်တို့အား ကျေးဇူးမပြုနိုင်ခြင်း ဖြစ်သည်ဟု ဖြေဆိုရာ၏။

ပဝတ္တိအခါ၌ဖြစ်သော ကမ္မဇရုပ်တို့အားလည်း စိတ်တို့က ကျေးဇူးမပြုပုံကို ပြဆိုအပ်ပြီးသော နည်းအတိုင်း သိရာ၏။

**သန္တာန်အားဖြင့် ဝေ ဖန်ပုံ။** ။ဤသဟဇာတပစ္စည်းကို အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် နှစ်ပါးလုံး၌ပင် ရအပ်၏။ အဇ္ဈတ္တသန္တာန်၌ကား သဟဇာတပစ္စည်းတပ်ပုံ အချက်များကို စုံလင်စွာ ရအပ်ပေ၏။ ဗဟိဒ္ဓသန္တာန်၌မူကား နာမ်တရားမရှိသောကြောင့် ကလာပ်တူ မဟာဘုတ်ချင်းချင်း ပစ္စည်းပြုသောအချက်၊ မဟာဘုတ်တို့က ဥပါဒါရုပ်တို့အား ပစ္စည်းပြုသော အချက်နှစ်ပါးကိုသာလျှင် ရအပ်ပေ၏။

**ဘုံအားဖြင့်** ၃၁-ဘုံလုံး၌ ဤသဟဇာတပစ္စည်းကို ရအပ်၏။ ပဉ္စဝေါကာရဘုံ၌သာလျှင် သဟဇာတပစ္စည်းတပ်ပုံ အချက်များကို စုံလင်စွာ ရအပ်ပေ၏။ သို့ရာတွင် ပဉ္စဝေါကာရဘုံ၌ စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့၏ဖြစ်ခိုက်တွင် နာမ်ချင်းချင်းသာလျှင် သဟဇာတပစ္စည်း တပ်ကြကုန်၏။ ထိုပဉ္စဝိညာဏ်စိတ်သည် စိတ္တဇရုပ်ကို မဖြစ်စေနိုင်သောကြောင့် စိတ္တဇရုပ်အား ပစ္စည်းပြုရန်ကိစ္စ မရှိလေပြီ။

စတုဝေါကာရဘုံ၌ကား ရုပ်မရှိသောကြောင့် နာမ်ချင်းချင်း အပြန်အလှန် ကျေးဇူးပြုသော သဟဇာတအချက်တခုကိုသာ ရအပ်ပေ၏။

ဧကဝေါကာရဘုံ၌ကား နာမ်မရှိသောကြောင့် ကလာပ်တူ မဟာဘုတ်ချင်းချင်း ကျေးဇူးပြုသောအချက်၊ မဟာဘုတ်တို့က ဥပါဒါရုပ်တို့အား ကျေးဇူးပြုသောအချက် နှစ်ပါးကိုသာ ရအပ်ပေ၏။ ဧကဝေါကာရဘုံ၌ သဟဇာတ ပစ္စည်းတပ်ပုံသည် ဗဟိဒ္ဓသန္တာန်မှာ ပစ္စည်းတပ်ပုံနှင့် ထပ်တူထပ်မျှသာ ဖြစ်၏။

**ပုဂ္ဂိုလ်အားဖြင့်** အလုံးစုံသော ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်ပေ၏။

နိရောဓသမာပတ်ဝင်စား၍နေသော ပုဂ္ဂိုလ်၌ ကလာပ်တူ မဟာဘုတ်ချင်းချင်း ကျေးဇူးပြုသောအချက်၊ မဟာဘုတ်တို့က ဥပါဒါရုပ်တို့အား ကျေးဇူးပြုသောအချက် နှစ်ပါးကိုသာ ရအပ်၏။

ရဟန္တာတို့၏ စုတိအခိုက်၌လည်း ထိုအတူ သဟဇာတအချက် နှစ်ပါးကိုသာ ရအပ်၏။

**ကာလအားဖြင့်** ဤသဟဇာတပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌သာ ကျေးဇူးပြုသော ပစ္စည်းပေတည်း။ သဟဇာတပစ္စည်းမျိုး ဟူသမျှသည် ပစ္စုပ္ပန်ပစ္စည်းချည်းသာ ဖြစ်၏။

**ပစ္စနိက်ရအပ်သေးပုံ။** ။ဤသဟဇာတပစ္စည်း၌ ပစ္စနိက်မရှိဟု ဆိုသော်လည်း တခုမှ တခုထောက်၍ ဆိုလျှင် ပစ္စနိက် ရအပ်ပါသေး၏။ ရပုံကား စိတ်၏ သဟဇာတသတ္တိကို ထောက်၍ ဆိုလျှင် ဥတုဇရုပ်, အာဟာရဇရုပ်, အသညသတ်ကမ္မဇရုပ်, ပဝတ္တိကမ္မဇရုပ်, ဗာဟိရရုပ်တို့သည် ပစ္စနိက်တို့ ဖြစ်ကြကုန်၏။ တခုသောပစ္စည်းတရား၏ ပစ္စယုပ္ပန် မဟုတ်လေသမျှသည် ပစ္စနိက်သာတည်းဟု မှတ်ပြီးလျှင် ပစ္စနိက်ကို ထုတ်တတ်ရာ၏။ ပစ္စနိက်မရှိဆိုသောစကားမှာ ယခင်ပြဆိုအပ်သော ဥတုဇရုပ်တို့၌ မိမိတို့နှင့် အတူဖြစ်သော ကလာပ်တူ မဟာဘုတ်တို့က ကျေးဇူးပြုလျက် ရှိနေသောကြောင့် ပစ္စယုပ္ပန်ဖြစ်နိုင်ကြပြန်သဖြင့် သဟဇာတ် ကလာပ်တူ မဟာဘုတ်ကိုထောက်၍ ပစ္စနိက်အဖြစ်သို့ မရောက်နိုင်ကြလေကုန်။ နိဗ္ဗာန်မှတပါးသော ပရမတ္ထတရားဟူသမျှသည် သဟဇာတပစ္စည်းနှင့် မကင်းကောင်းသောကြောင့် သဟဇာတပစ္စယုပ္ပန်ထိုက်ကြကုန်သဖြင့် သဟဇာတပစ္စည်းမှာ ပစ္စနိက်မရှိဟု ဆိုရလေသည်။

သဟဇာတပစ္စည်း ပြီး၏။

---

## ၇-အညမညပစ္စည်း

(၅၂၂) စိတ်,စေ,ဘုတ်ရု၊ဝတ္ထု၊သန္ဓေ၊ဤလေးထွေ၊တစ်လေ-အဉ်မည။

ဤကဗျာဖြင့် အညမညပစ္စည်းသရုပ်ကို ပြဆိုတော်မူ၏။

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) အချင်းချင်း ပြန်လှန်၍ ကျေးဇူးပြုသော စိတ်တခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ အလုံးစုံသော မဟာဘုတ်လေးပါး၊ ပဋိစ္စဝေါကာရပဋိသန္ဓေတဆဲ့ငါးနှင့်ဟာဒယဝတ္ထု။ ဤတရားတို့သည် အညမညပစ္စည်း မည်ကုန်၏။

(၂) အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ အလုံးစုံသော မဟာဘုတ် လေးပါး၊ ပဉ္စဝေါကာရပဋိသန္ဓေ တဆဲ့ငါးနှင့် ဟာဒယဝတ္ထုတရား။ ဤတရားတို့သည် အညမညပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) နာမက္ခန္ဓာမှ ထောက်အပ်သော အလုံးစုံသော စိတ္တဇရုပ်၊ ဟာဒယဝတ္ထုမှတပါးသော ပဋိသန္ဓေကမ္မဇရုပ်၊ မဟာဘုတ်မှ ထောက်အပ်သော အလုံးစုံသော ဥပါဒါရုပ်။ ဤတရားတို့သည် အညမည ပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**အညမညမည်ပုံ။** ။အညမညပစ္စယ၌ "အညမညံ ထာမဗလာနိ ဝဍ္ဎာပနဝသေန ပစ္စယော ဥပကာရကောတိ အညမညပစ္စယော"။ အညမညံ၊ အချင်းချင်း။ ထာမဗလာနိ၊ အစွမ်းအားတို့ကို။ ဝဍ္ဎာပနဝသေန၊ တိုးပွါးစေသည်၏အစွမ်းဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အညမညပစ္စယော၊ အညမညပစ္စည်းမည်၏။ သစ်ဝါး လှန်ကန် ၃-ခုတို့ကို အရင်းက မထိစေဘဲ အဖျားတွင်သာလျှင် အချင်းချင်းထိစေလျက် သင့်လျော်စွာ **ဝက်ခွ**ထောင်၍ထားရာ တခုသည်တခုအား အဆင့်ဆင့်အားပေးကြကုန်၍ မလည်းမပြိုဘဲ နေကြကုန်ဘိသကဲ့သို့ နာမ်ခန္ဓာချင်းချင်း ကလာပ်တူ မဟာဘုတ်ချင်းချင်း ပဋိသန္ဓေတဆယ့်ငါးနှင့် ဟဒယဝတ္ထုတို့၏အချင်းချင်း အပြန်အလှန် အားအစွမ်းကိုပေးလျက် ကျေးဇူးပြုမှုကို အညမညပစ္စယသတ္တိဟူ၍ ဆိုသည်။

**သဟဇာတနှင့် အညမညအထူး။** ။တကွဖြစ်ခါမျှဖြင့် ကျေးဇူးပြုမှုကား သဟဇာတ၏ သဘောတည်း၊ တကွဖြစ်ရုံမျှတွင် သာမက တပါးသည် တပါးအား ပြန်လှန်၍ ကျေးဇူးပြုမှုသည် အညမည၏ သဘောပေတည်း၊ အညမညပစ္စည်းသည်ကား တမျိုး တသီးတခြား မဟုတ်၊ သဟဇာတပစ္စည်းကြီးထဲက အပြန်အလှန် ကျေးဇူးပြုသောအချက်ကြီး သုံးခုတွင်သာ ကွက်ခြား၍ နယ်အသီးအခြားပြုရသော ပစ္စည်းပေတည်း။

**အညမည၏အချက်ကြီး-၃။** ။အညမညပစ္စည်း၏ အချက်ကြီးသုံးပါးကား— (၁)ပဋိသန္ဓေတဆယ့်ငါးနှင့် ဟဒယဝတ္ထုတို့၏ အပြန်အလှန် ကျေးဇူးပြုသောအချက်တခု (၂) စိတ်စေတသိက်တို့၏ အပြန်အလှန် ကျေးဇူးပြုသောအချက်တခု (၃) ကလာပ်တူ မဟာဘုတ်တို့၏ အချင်းချင်း ကျေးဇူးပြုသောအချက်တခု ဤကား အညမညပစ္စည်းပြုပုံ အချက်ကြီးသုံးခုတို့ပေတည်း။ ဤကိုရည်၍—

ဝတ္ထုနှင့်သန်၊ နာမ် မဟာဘူ၊ ကလာပ် တူ၊ ယှူလေ အဉ်မည။

ဟူ၍ ဆိုတော်မူလတ္တံ့။

**အညမညပစ္စနိက်များ။** ။ဤအချက်ကြီးသုံးခုဖြင့် ပစ္စည်းပြုမခံရသောတရားသည် ပစ္စနိက်၌ဝင်ရလေ၏။ စိတ္တဇရုပ်သည် စိတ်၏ ကျေးဇူးပြုမှုကိုသာခံ၍ မိမိကပြန်လှန်ကာ ကျေးဇူးမပြုနိုင်သောကြောင့် ပစ္စနိက်၌ ဝင်ရလေသည်။ ပဋိသန္ဓေအခါ ဟဒယဝတ္ထုမှတပါးသော ကမ္မဇရုပ်စုသည် ပဋိသန္ဓေဝိညာဏ်၏ ကျေးဇူးပြုမှုကိုသာခံ၍ မိမိတို့က ပြန်လှန်၍ ကျေးဇူးမပြုနိုင်သောကြောင့် ပစ္စနိက်၌ ပါဝင်ရလေသည်။ ဥပါဒါရုပ်စုသည် မဟာဘုတ်တို့၏

ကျေးဇူးပြုမှုကိုသာခံ၍ မိမိတို့က ပြန်လှန်၍ ကျေးဇူးမပြုနိုင်သောကြောင့် ပစ္စနိက်၌ ပါဝင်ရလေသည်။

**အညမညအလုံးစုံ၌ သဟဇာတဖြစ်နိုင်ကြောင်း။** ။သာမညဖြစ်သော မဟာသဟဇာတ ပစ္စည်းကြီးထဲမှ ဝိသေသထုတ်၍ ဆိုရသောကြောင့် သဟဇာတဆိုလျှင် အလုံးစုံ၌ အညမည ပစ္စည်း မပါမဝင်နိုင်ချေ။ အညမညဆိုလျှင် အလုံးစုံ၌ သဟဇာတပစ္စည်း ပါဝင်နိုင်၏။

**သန္တာန်အားဖြင့် ဝေဖန်ပုံ။** ။ဤ အညမညပစ္စည်းကို အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်နှစ်ပါးတို့၌ပင် ရအပ်၏။အဇ္ဈတ္တသန္တာန်၌ အညမည အချက်ကြီးသုံးပါးလုံးကို ရအပ်ပေ၏။ ဗဟိဒ္ဓသန္တာန်၌မူကား ကလာပ်တူမဟာဘုတ်ချင်းချင်း ကျေးဇူးပြုသော အချက်တခုကိုသာ ရအပ်၏။

**ဘုံအားဖြင့်** ၃၁-ဘုံတို့၌ ရအပ်၏။ ပဉ္စဝေါကာရဘုံ၌သာ အညမညအချက်ကြီးသုံးပါးလုံးကို ရအပ်၏။ စတုဝေါကာရဘုံ၌ကား ရုပ်မရှိသောကြောင့် နာမ်ချင်းချင်း ကျေးဇူးပြုသောအချက်တခုကိုသာ ရအပ်၏။ ဧကဝေါကာရဘုံ၌ကား ဗဟိဒ္ဓသန္တာန်မှာကဲ့သို့ မဟာဘုတ်ချင်းချင်း ကျေးဇူးပြုသောအချက်တခုကိုသာ ရအပ်၏။

**ပုဂ္ဂိုလ်အားဖြင့်** ၁၂-ယောက်သောပုဂ္ဂိုလ်တို့၌ ရအပ်၏။ သဟဇာတပစ္စည်း၌ ပြဆိုအပ်ပြီးသော အဓိပ္ပါယ်အတိုင်း အကျယ်ဝေဖန်၍ သိရာ၏။

အညမညပစ္စည်း ပြီး၏။

---

## ဂ-နိဿယပစ္စည်း

**(၅၂၃) သဟဇာတ်စု၊ ဝတ္ထုပုရေ၊ ဤနှစ်ထွေ၊ တပ်လေ နိဿယ။**

ဤကဗျာဖြင့် နိဿယပစ္စည်း၏ ပဘေဒအားဖြင့် သုံးပါး[၁]အပြားရှိကြောင်းကို ပြဆို၏။

---

၁-နိဿယသည် သဟဇာတနိဿယ, ပုရေဇာတနိဿယဟူ၍ ၂-ပါးရှိသည်၊ လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်ရေး (အဖြေနှင့်တကွသော) ပရမတ္ထသံခိပ်ကျမ်း၌ကား(နိဿယပစ္စည်းသည် သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယဟူ၍ ၂-မျိုးရှိသည်) ဟု ပြဆိုတော်မူလေသည်။ ဆရာဦးမောင်ကြီးကမူ (၁) သဟဇာတနိဿယကို တပါးယူပြီးလျှင် ပုရေဇာတနိဿယအတွက် (၂) ဝတ္ထုပုရေဇာတနိဿယ (၃) ဝတ္ထာရမ္မဏပုရေဇာတနိဿယဟူသော အပြား ၂-ပါးနှင့်တကွ "သုံးပါး"ဟု ဆိုဟန်တူလေသည်။

**နိဿယနှစ်မျိုး။** ။နိဿယပစ္စည်းသည် (က) သဟဇာတနိဿယပစ္စည်း (ခ) ပုရေဇာတနိဿယပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် (က) သဟဇာတနိဿယပစ္စည်းသည် ပစ္စည်း,ပစ္စယုပ္ပန် အားဖြင့် ဆိုအပ်ပြီးသော သဟဇာတပစ္စည်းနှင့် အလုံးစုံ တူ၏။

ပစ္စည်းပြပုံသဘောကား ကားပေါင်အငြ္စည်သည် အမျိုးမျိုးသောဆေးရေး ရုပ်စုံတို့အား မှီရာအားဖြင့် ကျေးဇူးပြုဘိသကဲ့သို့ ပစ္စယုပ္ပန်တရားတို့အား မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုမှုကို နိဿယပစ္စယသတ္တိဆိုရသည်။

**သဟဇာတ ပစ္စည်းတပ်လျှင် သဟဇာတနိဿယ အကျုံးဝင်ခွင့်ရပုံ။** ။ နာမ်သည် အချင်းချင်းအား မှီရာအဖြစ်ဖြင့်ကျေးဇူးပြုသည်၊ နာမ်သည် စိတ္တဇရုပ်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေ ၁၅-နှင့် ဟဒယဝတ္ထုသည် အချင်းချင်း မှီရာအဖြစ်ဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုမှတပါးသော ကမ္မဇရုပ်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြု၏။ ကလာပ်တူ မဟာဘုတ်လေးပါးသည် အချင်းချင်း မှီရာအဖြစ်ဖြင့် ကျေးဇူးပြု၏။ မဟာဘုတ်လေးပါးသည် ဥပါဒါရုပ်တို့အား မှီရာ အဖြစ်ဖြင့် ကျေးဇူးပြု၏။ ဤသို့ သဟဇာတပစ္စည်းတပ်သော အချက်တိုင်း မှာပင် သဟဇာတနိဿယပစ္စည်း၏ ပါဝင်ခွင့်ရနိုင်သည်များကို ပိုင်းခြား၍ သိရာ၏။

**နိဿယမည်ပုံ။** ။နိဿယပစ္စယ၌ "နိဿယန္တိ ပစ္စယုပ္ပန္နာ ဓမ္မာ တွောတိ နိဿယော"။ တွေ၊ ဤပစ္စည်းတရား၌။ ပစ္စယုပ္ပန္နာ၊ ပစ္စယုပ္ပန်ဖြစ်ကုန်သော။ ဓမ္မာ၊ သင်္ခတတရားတို့သည်။ နိဿယန္တိ၊ မှီကြရကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဿယော၊ နိဿယမည်၏။ ပစ္စယုပ္ပန်တရား တို့၏ မှီရာဖြစ်သော ပစ္စည်းတရားကို ရစေ။ "နိဿယဘာဝေန ပစ္စယော ဥပကာရကောတိ နိဿယပစ္စယော"။ နိဿယဘာဝေန၊ မှီရာ၏အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ နိဿယပစ္စယော၊ နိဿယပစ္စည်းမည်၏။ မြေကြီးသည် သစ်ပင်တို့၏ မှီရာ ဖြစ်သကဲ့သို့၎င်း၊ ကားပေါင်သည် ဆေးရေးရုပ်အမျိုးမျိုးတို့၏ မှီရာဖြစ်သကဲ့ သို့၎င်း၊ ပစ္စယုပ္ပန်တရားတို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်းသည် နိဿယပစ္စည်းမည်၏ ဟူလို။ (သဟဇာတနိဿယပစ္စည်း၏ အဓိပ္ပါယ်သဘော အချက်များသည် သဟဇာတပစ္စည်း၌ ဆိုအပ်ပြီးသော အဓိပ္ပါယ်သဘောများ နှင့် အတူတူပင် ဖြစ်၏။)

## (ခ) ပုရေဇာတနိဿယပစ္စည်း

ထို ပုရေဇာတနိဿယပစ္စည်းသည်လည်း (၁) ဝတ္ထုပုရေဇာတနိဿယပစ္စည်း, (၂) ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းအားဖြင့် နှစ်ပါးရှိပြန်၏။

ဝတ္ထုပုရေဇာတနိဿယပစ္စည်းကို ရှေးဦးစွာ ပြဆိုအံ့။

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) နာမက္ခန္ဓာတို့၏မှီရာဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းမည်၏။

(၂) ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်ဖြစ်နေ အရူပဝိပါက်လေးခု ကြဉ်သော စိတ် ၈၅-ပါး၊ စေတသိက် ဒွေပဉ္စာသတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) စတုဝေါကာရဘုံ၌ဖြစ်သော စိတ် ၄၆-ပါး၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, အပ္ပမညာဒွေကြဉ်သော စေတသိက် ၄၄၊ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် ၁၅၊ စေတသိက် ၃၅၊ အဇ္ဈတ္တဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇရုပ်၊ ဤတရားတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပုရေဇာတမည်ပုံ။**　။ဝတ္ထုပုရေဇာတနိဿယပုဒ်၌ "ဝတ္ထု" သဒ္ဒါ၏ဝိဂ္ဂဟ်ကို ပကိဏ်းပိုင်း၌ ပြဆိုအပ်ပြီ။ "နိဿယ"သဒ္ဒါ၏ဝိဂ္ဂဟ်ကိုလည်း ပြဆိုအပ်ပေပြီ။ "ပုရေဇာတ"၌ "ပုရေ ဇာယန္တီတိ ပုရေဇာတာ"။ ပုရေ၊ ရှေး၌။ ဇာယန္တိ၊ ဖြစ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ပုရေဇာတာ၊ ပုရေဇာတမည်ကုန်၏။ ရှေး၌ဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးတို့ကို ရစေ။

**ကျေးဇူးပြုပုံများ။**　။ထိုဝတ္ထုရုပ်ခြောက်ပါးတို့သည် ပဉ္စဝေါကာရဘုံ၌ ပဝတ္တိအခါ ရှေးကဖြစ်နှင့်ကြကုန်၍ သတ္တဝိညာဏဓာတ်တို့အား မှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြကုန်၏။ ပုရေဇာတဖြစ်သော စက္ခုဝတ္ထုသည် စက္ခုဝိညာဏဓာတ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ပ။ ပုရေဇာတဖြစ်သော ကာယဝတ္ထုသည် ကာယဝိညာဏဓာတ်အား ပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ အပေါင်းအားဖြင့် ပုရေဇာတဖြစ်သော ပဉ္စဝတ္ထုတို့သည် ပဉ္စဝိညာဏဓာတ်တို့အား အသီးအသီး ကျေးဇူးပြုကြကုန်၏။

ပဉ္စဝိညာဏာ အသမ္ဘိန္နဝတ္ထုကာ အသမ္ဘိန္နာရမ္မဏာ။

ပဉ္စဝိညာဏာ၊စက္ခုဝိညာဏ်အစရှိသော ပဉ္စဝိညာဏဓာတ်တို့သည်။အသမ္ဘိန္နဝတ္ထုကာ၊ မချုပ်သေးသော ဝတ္ထုလျှင်မှီရာဝတ္ထုရှိကြကုန်၏။ အသမ္ဘိန္နာရမ္မဏာ၊ မချုပ်သေးသော အာရုံကို အာရုံပြုကြကုန်၏။

ဤသို့ ဉာဏဝိဘင်း၌ ဟောတော်မူသောကြောင့် ပဋ္ဌဝိညာဏ်တို့သည် ပစ္ဆုပ္ပန်အနေနှင့် ထင်ရှားရှိသေးသော ပဋ္ဌဝတ္ထုတို့ကိုသာ မှီကြကုန်၏။ ပဋ္ဌဝတ္ထုတို့သည် ပဋ္ဌဝိညာဏ်တို့အား မိမိတို့ ထင်ရှားရှိဆဲဟု ဆိုအပ်သော ပစ္ဆုပ္ပန်အားဖြင့် မှီရာဖြစ်၍ ကျေးဇူးပြုကြကုန်၏။ (အတ္ထိပစ္စည်း၌လည်း ဝတ္ထုပုရေဇာတတ္ထိဟူ၍ ဆိုပေလတ္တံ့။ ထင်ရှားရှိဆဲ ပစ္စုပ္ပန်အနေအားဖြင့် ကျေးဇူးပြုသော ပစ္စည်းများကို အတ္ထိပစ္စည်း ဆိုသည်။) ဆိုသို့ ပြဆိုအပ်ပြီးသော အဓိပ္ပါယ်တို့ကြောင့် ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌဝိညာဏဓာတ်တို့၏ ရှေးကဖြစ်နှင့်၍ ပဋ္ဌဝိညာဏဓာတ်တို့၏ ဖြစ်ခိုက်၌လည်း မချုပ်လေသေးဘဲ မှီရာတည်ရာ မြေကြီး၏ပမာဖြင့် ကျေးဇူးပြုနိုင်သော ပဋ္ဌဝတ္ထုတို့ကိုသာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်း မည်ထိုက်ကြောင်းကို သိအပ်ကုန်၏။ ရှေးက ဖြစ်နှင့်ကြကုန်သော်လည်း ပဋ္ဌဝိညာဏ်တို့ ဖြစ်ပေါ်သောအခါ မိမိတို့ ချုပ်လေကြကုန်၍ မှီရာအဖြစ်ဖြင့် ကျေးဇူးမပြုနိုင်သော ပဋ္ဌဝတ္ထုတို့ကိုမူကား ပုရေဇာတနိဿယပစ္စည်းထိုက်သော တရားတို့ဟူ၍ မဆိုထိုက်ကုန်။ ပဋ္ဌဝိညာဏ်တို့၏ ရှေးက ဖြစ်နှင့်ကြကုန်၍ ပဋ္ဌဝိညာဏ်တို့ ဖြစ်ပေါ်သောအခါ မိမိတို့သည် ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိနေကြကုန်သေးသော်လည်း ပဋ္ဌဝိညာဏ်တို့၏ မှီရာနိဿယကိစ္စကို မဆောင်ရွက်နိုင်ကြကုန်ပြန်ပါလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်းဟူ၍ မဆိုထိုက်လေကုန်။

**ဝတ္ထုပုရေဇာတ နိဿယဝိနိစ္ဆယ။** ။ဤသို့ပါဠိတော်ကြီး,အဋ္ဌကထာကြီးတို့၌ ဤမည်သော ပဋ္ဌဝတ္ထုတို့သည်သာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်ကြကုန်၏ဟူ၍ သေချာစွာ နေရာချထား၍ မဆိုကြကုန်သော်လည်း အဘိဓမ္မာဝတာရဋီကာဆရာ၏ လက်ထက်ဆီကမှစ၍ နောက်နောက်ဖြစ်သော ဆရာတို့သည် မန္ဒာယုကဝတ္ထု, အမန္ဒာယုကဝတ္ထု,မဇ္ဈိမာယုကဝတ္ထုဟူ၍ ဝတ္ထုသုံးမျိုး ခွဲဝေတော်မူကြကုန်ပြီးလျှင် မဇ္ဈိမာယုကဖြစ်သော ပဋ္ဌဝတ္ထုတို့သည်သာလျှင် ပဋ္ဌဝိညာဏ်တို့၏ မှီရာဖြစ်ကြကုန်၏။ အခြားသော ပဋ္ဌဝတ္ထုတို့သည် ပဋ္ဌဝိညာဏ်တို့၏ မှီရာမဖြစ်ကြကုန်။ ထို့ကြောင့် မဇ္ဈိမာယုကဖြစ်သော ပဋ္ဌဝတ္ထုတို့သည်သာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်ကြကုန်၏ဟူ၍ သေချာစွာ မိန့်ဆိုတော်မူကြကုန်၏။

**မဇ္ဈိမာယုကပဋ္ဌဝတ္ထု** ဆိုသည်ကား ဝီထိပိုင်းဋီကာ၌ ပြဆိုအပ်ပြီးသောအတိုင်း အတိမဟန္တာရုံဝီထိ၌ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌဝတ္ထု။ မဟန္တာရုံဝီထိ, ပရိတ္တာရုံဝီထိတို့၌ ပဋ္ဌမအတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဋ္ဌဝတ္ထုများပေတည်း။ ထိုမဇ္ဈိမာယုကဖြစ်သော ပဋ္ဌဝတ္ထုတို့သာ် ပဋ္ဌဝိညာဏ်တို့၏ မှီရာဖြစ်ကြကုန်သောကြောင့် ဝတ္ထုပုရေဇာတနိဿယ ဖြစ်ကြကုန်၏ဟူ၍ ဆိုသော်လည်း ရိုးရိုးပဝတ္တိအခါ၌သာ ရည်၍ ဆိုရသည်။

**မရဏာသန္နအခါ၌မူကား** စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆယ့်ခုနစ်ချက်မြောက်သောစိတ်နှင့်အတူ ဥပါဒ်သော ပဉ္စဝတ္ထုတို့သည်သာလျှင် ပဉ္စ-ဝိညာဏ်တို့၏ မှီရာဖြစ်ကြကုန်၍ ဝတ္ထုပုရေဇာတနိဿယမည်ကုန်သည်။ အဘယ်ကြောင့်နည်းဟူမူ ထိုမရဏာသန္နအခါ၌ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် တဆယ့်ခုနစ်ချက်မြောက်သော စိတ်၏ နောက်မှာ ကမ္မဇရုပ်တို့ အလျဉ်းမဖြစ်မပေါ်သောကြောင့်တည်း။

**ပစ္စည်းမတပ်နိုင်သော ပဉ္စဝတ္ထုရုပ်များ။** ။ပြဆိုအပ်ပြီးသော ပဉ္စဝတ္ထုတို့မှ တပါးသော ပဉ္စဝတ္ထုရုပ်ဟူသမျှတို့သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း မတပ်နိုင်ကြလေကုန်။ ထိုပဉ္စဝတ္ထုတို့သည် ကမ္မဇရုပ်ဖြစ်ကြကုန်၍ ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်သော တရားတို့ဖြစ်ကြကုန်၏။ ဖြစ်တိုင်း ဖြစ်တိုင်းလည်း ဝတ္ထုပုရေဇာတနိဿယပစ္စည်းအဖြစ်သို့ မရောက်နိုင်ကြကုန်။ ပဉ္စဒွါရဝီထိဖြစ်သော အခါ၌သာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်းသို့ ရောက်နိုင်ကြကုန်၏။ ပဉ္စဒွါရဝီထိတို့တွင်လည်း စက္ခုဒွါရဝီထိဖြစ်ခိုက် စက္ခုဝတ္ထုတခုသည်သာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်နိုင်၏။ ကြွင်းသော ဝတ္ထုရုပ်လေးပါးတို့သည် ပစ္စည်း မတပ်နိုင်ကုန်။ ပဉ္စဒွါရဝီထိ,မနောဒွါရဝီထိတို့တွင်လည်း ပဉ္စဒွါရဝီထိသည် လွန်စွာ အဖြစ်နည်း၏။ မနောဒွါရဝီထိသည်သာလျှင် များစွာ ဖြစ်နိုင်၏။ ထိုကြောင့် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သော ပဉ္စဝတ္ထုတို့သည် အလွန်တရာ နည်းလှ၏ဟူ၍ သိသာထင်ရှားလှ၏။ ကာမဇောဝါရ,မနောဒွါရဝီထိဖြစ်ခိုက် လောကီ,လောကုတ္တရာအပ္ပနာဇျာန်ဝီထိဖြစ်ခိုက် ဘဝင်ဖြစ်ခိုက်စသည်တို့၌ရှိသော ပဉ္စဝတ္ထုတို့သည်လည်း တစုံတရာမျှ ဝတ္ထုပုရေဇာတနိဿယပစ္စည်းအဖြစ်ကို မရနိုင်ကြကုန်။

ထိုပဉ္စဝတ္ထုတို့၏ ဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်ပုံ သဘောကား မဇ္ဈိ-မာယုကဖြစ်သော ပဉ္စဝတ္ထုသည် ပဉ္စဝိညာဏ်၏ရှေး၌ဖြစ်နှင့်၍ ပုရေဇာတလက္ခ-ဏာနှင့် ညီ၏။ ပဉ္စဝိညာဏ်တို့၏ မှီရာဖြစ်ပြန်၍လည်း နိဿယလက္ခဏာနှင့် ညီ၏။ ထိုကြောင့် ထိုမဇ္ဈိမာယုကဖြစ်သော ပဉ္စဝတ္ထုတို့ကို ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်၏ဟူ၍ ဆိုအပ်ကုန်၏။ မရဏာသန္နအခါ၌ ဝတ္ထုပုရေဇာတနိဿယဖြစ်ပုံကိုလည်း ဤနည်းကိုမှီ၍ သိလေ။

**ဟဒယဝတ္ထုကိုဆိုအံ့။** ဤဟဒယဝတ္ထုကိုမူကား မန္ဒာယုကစသည်ဖြင့် ရွေးချယ်စိစစ်ဖွယ် မလိုပြီ။ ပဋိသန္ဓေအစရှိသော ရှေ့ရှေ့သောစိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုသည် နောက်နောက်သောစိတ်၏ မှီရာဖြစ်၏။ ရှေ့ရှေ့သောစိတ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် နောက်နောက်သောစိတ်အား ဝတ္ထုပုရေဇာတ နိဿယပစ္စည်းတပ်၏။ နောက်နောက်သော စိတ်သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

**ပစ္စည်းတပ်ပုံကား**— ပဋိသန္ဓေစိတ်နှင့်ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းမည်၏။ ပထမဘဝင်စိတ်သည် ဝတ္ထုပုရေဇာတနိဿယ ပစ္စယုပ္ပန်မည်၏။ ဤသို့စသည်ဖြင့် ဝေဖန်၍ ပစ္စည်းတပ်ပုံကို သိရာ၏။

စက္ခုဒွါရအတိမဟန္တာရုံဝီထိတခု၌ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းမည်၏။ စလနဘဝင်သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။ စလနဘဝင်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ပစ္စည်းမည်၏။ ဥပစ္ဆေဒဘဝင်သည် ပစ္စယုပ္ပန်မည်၏။ ဥပစ္ဆေဒဘဝင်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ပစ္စည်းမည်၏။ ပဉ္စဒွါရာဝဇ္ဇန်းသည် ပစ္စယုပ္ပန်မည်၏။ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော မဇ္ဈိမာယုကစက္ခုဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းမည်၏။ စက္ခုဝိညာဏ်စိတ်သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။ စက္ခုဝိညာဏ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ပစ္စည်းမည်၏။ သမ္ပဋိစ္ဆိုန်းစိတ်သည် ပစ္စယုပ္ပန်မည်၏ ။ပ။ ပထမတဒါရုံနှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ပစ္စည်းမည်၏။ ဒုတိယတဒါရုံစိတ်သည် ပစ္စယုပ္ပန်မည်၏။ ဤသို့စသည်ဖြင့် ပဉ္စဝေါကာရဘုံမှာ စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်း ဝတ္ထုပုရေဇာတ နိဿယပစ္စည်း တပ်ပုံကို စိစစ်ဝေဖန်ရာ၏။

**မရဏာသန္နအခါ၌မူကား** စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်တခုကို အလုံးစုံသော မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် ဝိုင်းဝန်းစုအုံ၍ မှီကြကုန်၏။ ထို့ကြောင့် မရဏာသန္နအခါ စုတိစိတ်မှပြန်၍ရေသည်ရှိသော် တဆဲ့ခုနစ်ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုရုပ်တခုသည် များစွာသော စိတ်တို့၏ ဝတ္ထုပုရေဇာတနိဿယပစ္စည်း ဖြစ်၏။ အားနည်းလှစွာသော သူအိုတယောက်၏ အပေါ်မှာ များစွာသော လူအပေါင်းတို့သည် ဝိုင်းဝန်းစုအုံ၍ တက်စီးကြကုန်ဘိသကဲ့သို့ ပြဆိုအပ်ပြီးသော ဟဒယဝတ္ထုသည် မရဏာသန္န အခါ၌ဖြစ်ရ၍ မိမိကပင် အားနည်းလှပါလျက် များစွာသောစိတ်တို့၏ အမှီကိုခံရလေသည်။ ထိုဟဒယဝတ္ထုရုပ်သည် မိမိကိုမှီသော စုတိစိတ်နှင့် ပြိုင်၍ တချက်တည်း ချုပ်လေတော့သည်။ ထိုသို့ ဝတ္ထုရုပ်နှင့် စိတ်တို့၏ တပြိုင်နက်ချုပ်မှုကိုပင် သေလေပြီးဟူ၍ ဆိုရလေတော့သည်။

**နိရောဓသမာပတ်မှ ထသောအခါ** အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ်တို့သည် မိမိတို့၏ရှေး စိတ္တက္ခဏ တချက်ခန့်ကာလ၌ ဥပါဒ်သော ဟဒယဝတ္ထုကို မှီကြကုန်၏။ ဆိုပြီးသော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတနိဿယပစ္စည်းမည်၏။ ဆိုပြီးသော အနာဂါမိဖိုလ်စိတ်, အရဟတ္တဖိုလ်စိတ်တို့သည် ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

**ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည်** သဟဇာတဖြစ်သော ပဋိသန္ဓေစိတ် ပဌမဘဝင်စိတ်တို့၏ မှီရာဖြစ်၏။ ထိုဟဒယဝတ္ထုသည် ပဋိသန္ဓေစိတ်၏ မှီရာဖြစ်သော်လည်း ရှေ့ကဖြစ်နှင့်မှုဟုဆိုအပ်သော ပုရေဇာတလက္ခဏာမရှိသောကြောင့် ပဋိသန္ဓေစိတ်အား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးမပြုနိုင်၊ သဟဇာတနိဿယသတ္တိဖြင့်သာ ကျေးဇူးပြုနိုင်ချေသည်။ မိမိ၏နောက်၌ ဖြစ်သော ပဌမဘဝင်စိတ်အားမူကား ဝတ္ထုပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပေ၏။

**ဝတ္ထုပုရေဇာတပစ္စည်းမတပ်သော ဟဒယဝတ္ထုများ။** ပဋ္ဌိဒ္ဓါရဝီထိ၌ ပဋ္ဌိဒ္ဓါရာဝဇ္ဇန်းနှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုရန်စိတ်မရှိလေ၊ နိရောဓသမာပတ် ဝင်စားရှိနေစဉ်အခါ၌ ဖြစ်ပေါ်သော ဟဒယဝတ္ထုတို့သည်လည်း ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုရန် စိတ်မရှိကြလေကုန်။

**ဟဒယဝတ္ထု၏ ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုပုံအမြွက်။** ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုရုပ်သည် ပဌမဘဝင်၏ ရှေ့၌ဖြစ်သောကြောင့် ပုရေဇာတလက္ခဏာနှင့် ညီ၏။ ထိုပဌမဘဝင်၏ မှီရာဖြစ်သောကြောင့်လည်း နိဿယလက္ခဏာနှင့် ညီပြန်၏။ ထို့ကြောင့် ပဋိသန္ဓေနှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုရုပ်သည် ဝတ္ထုပုရေဇာတနိဿယပစ္စည်း မည်၏။ ပဌမဘဝင်စိတ်သည် ထိုပစ္စည်း၏ ပစ္စယုပ္ပန် မည်၏။ ဤသို့စသည်ဖြင့် ဟဒယဝတ္ထု၏ ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်ပုံကို ဝေဖန်ရာ၏။

**နာမ်တရားတို့သည် ရှေ့ရှေ့ဝတ္ထုများကို မှီရကြောင်း။** အဘယ်ကြောင့် နာမ်တရားတို့သည် မိမိနှင့် အတူဖြစ်သော ဝတ္ထုကို မမှီကြကုန်ဘဲ ရှေ့ရှေ့၌ဖြစ်သော ဝတ္ထုများကိုသာ မှီကြလေကုန်သနည်းဟူမူ ရုပ်တရားတို့မည်သည် ဖြစ်ပေါ် ဥပါဒ်ဆဲခဏ၌ လွန်စွာ အားနည်းကြကုန်၏။ ဌီသို့ရောက်မှသာလျှင် အားစွမ်းနှင့် ပြည့်စုံကြကုန်၏။ ထို့ကြောင့် ဥပါဒ်ဆဲဖြစ်သော ဝတ္ထုရုပ်တို့သည် နာမ်တရားတို့၏ အမှီကို မခံနိုင်ကြကုန်။ ဌီသို့ရောက်ကုန်မှသာလျှင် နာမ်တရားတို့၏အမှီကို ခံနိုင်ကြကုန်သည်။ ဝတ္ထုပုရေဇာတနိဿယပစ္စည်းကိစ္စကို ရွက်ဆောင်နိုင်ကြကုန်သည်။ ။ဤသို့ ပြဆိုအပ်ပြီးသော အဓိပ္ပါယ်စုကြောင့် နာမ်တရားတို့သည် မိမိနှင့် အတူ ဥပါဒ်သော ဝတ္ထုရုပ်တို့ကို မမှီကြကုန်ဘဲ မိမိတို့၏ရှေ့၌ ဖြစ်နှင့်ကြသော ဝတ္ထုရုပ်တို့ကိုသာ မှီကြကုန်သည်ဟူ၍ ပြဆိုရာ၏။

**ပဋိသန္ဓေစိတ်သည် သဟဇာတဟာဒယ ဝတ္ထုကို မှီရခြင်း အကြောင်း။ ။** ထိုသို့ ဖြစ်လျှင် ပဋိသန္ဓေ စိတ်သည် အဘယ်ကြောင့် မိမိနှင့် အတူ ဥပါဒ်သော သဟဇာတဟာဒယဝတ္ထုကို မှီပြန်ပါသနည်းဟူမူ ပဋိသန္ဓေစိတ်သည်မူကား မိမိနှင့် အတူတကွ ဖြစ်ပေါ်သော သဟဇာတ ဟာဒယဝတ္ထုမှ တပါးသော ပုရေဇာတ ဟာဒယဝတ္ထုဟူ၍ တစုံတရာမျှ မရှိချေ။ မိမိသည် အမှီမရှိလျှင် ဖြစ်နိုင်သော တရားလည်း မဟုတ်ပြန်သော ကြောင့် အခန့်သင့်ရှိ၍နေသော သဟဇာတ ဟာဒယဝတ္ထုကိုသာ မှီရလေသည်။ အကယ်၍ မိမိ၏ရှေ့၌ဖြစ်နှင့်သော ပုရေဇာတ ဟာဒယဝတ္ထုရှိပါတမူကား မိမိနှင့် အတူဥပါဒ်သော သဟဇာတ ဟာဒယဝတ္ထုကို မမှီဘဲ ပုရေဇာတ ဟာဒယဝတ္ထုကိုသာ မုချမှီလိမ့်မည်ဖြစ်၏။ ထိုသို့မူကား မရှိခဲ့လေ။ ထိုကြောင့်သာလျှင် သဟဇာတ ဟာဒယဝတ္ထုကို မှီရလေသည်ဟူ၍ ဖြေဆိုရာ၏။

ဘုံအားဖြင့် ဤဝတ္ထုပုရေဇာတနိဿယပစ္စည်းကို ပဉ္စဝေါကာရဘုံတို့၌ သာလျှင် ရအပ်၏။ ဧကဝေါကာရဘုံ စတုဝေါကာရဘုံတို့၌မူကား မရအပ်ချေ။ စတုဝေါကာရဘုံ၌ဖြစ်သော နာမ်တရားတို့သည် မှီရာဖြစ်သော ဝတ္ထုပုရေဇာတ နိဿယပစ္စည်းကို မရကြကုန်ဘဲ ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်ပေါ်နိုင်ကြကုန်၏။ ထိုစတုဝေါကာရဘုံ၌ ဖြစ်သော နာမ်တရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း၏ ပစ္စနိက်တို့ပေတည်း။

ပဉ္စဝေါကာရ ၂၆-ဘုံတို့တွင်လည်း ကာမ ၁၁-ဘုံတို့မှာသာလျှင် အပြည့်အစုံ ဖြစ်သော ဝတ္ထုပုရေဇာတနိဿယပစ္စည်းကို ရအပ်ပေ၏။ ပဉ္စဝေါကာရ ရူပ ၁၅-ဘုံတို့၌မူကား စက္ခု, သောတ, ဟာဒယဝတ္ထုတို့သည်သာလျှင် ပစ္စည်းတပ်နိုင်ကြကုန်၏။ ကြွင်းသော ဝတ္ထုရုပ်သုံးခုတို့ကို မရအပ်ပေကုန်။

ပုဂ္ဂိုလ်အားဖြင့် ဤ ဝတ္ထုပုရေဇာတနိဿယပစ္စည်းကို တဆဲ့နှစ်ယောက်သော ပုဂ္ဂိုလ်တို့၌ရအပ်၏။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့၌ကား ဟာဒယဝတ္ထုတခုသည် သာလျှင် ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်နိုင်၏။ ကြွင်းသော ဝတ္ထုရုပ်ငါးခုတို့ သည်ကား ပစ္စည်းမတပ်နိုင်ချေ။ နိရောဓသမာပတ်ကို ဝင်စားခိုက်ဖြစ်သော အနာဂါမ်,ရဟန္တာတို့၌ကား ဤဝတ္ထုပုရေဇာတနိဿယပစ္စည်းကို မရအပ်။

ကာလအားဖြင့် ဤ ဝတ္ထုပုရေဇာတနိဿယပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြုသော ပစ္စည်း ပေတည်း။ စတုဝေါကာရဘုံ၌ ဖြစ်သော စိတ်နှင့် စေတသိက်တို့သည် ဝတ္ထုရုပ်ကို မမှီကြကုန်၍ ပစ္စနိက်၌ ပါဝင်ကြကုန်သည်။ ပဉ္စဝေါကာရပဋိသန္ဓေစိတ်-၁၅ နှင့် စေတသိက်-၃၅ တို့သည်လည်း သဟာဇာတ ဝတ္ထုကိုသာမှီ၍ ပုရေဇာတဝတ္ထုကို မမှီရကုန်သောကြောင့် ပစ္စနိက်၌ ဝင်ကြရလေကုန်သည်။ အလုံးစုံသော စတုဇရုပ် ဟူသမျှတို့သည်လည်း ဝတ္ထုရုပ်ကို

မှီ၍ ဖြစ်ရသော တရားတို့ မဟုတ်ကြကုန်သောကြောင့် ပစ္စနိက်၌ ပါဝင်ကြရကုန်သည်။

ဝတ္ထုပုရေဇာတနိဿယပစ္စည်း ပြီး၏။

---

## ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) မှီရာ, အာရုံပြုရာဖြစ်သော ပစ္စုပ္ပန်ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း မည်၏။

(၂) ထိုဝတ္ထုကိုမှီ၍ အာရုံပြုသော မနောဒွါရာဝဇ္ဇန်း၊ ကာမဇော-တခုယုတ်သုံးဆယ်၊ တဒါရုံ ကောဒသ၊ အဘိညာဉ် ဒွေ၊ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတိ, အပ္ပမညာကြဉ်သော စေတသိက် လေးဆဲ့လေးပါး။ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

(၃) ဤဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်းကို မရသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက်ဒွေပညာသ၊ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇရုပ်။ ဤတရားစုသည် ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

### ဝတ္ထာရမ္မဏပုရေဇာတနိဿယ အဆုံးအဖြတ်

ဤဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်း၏ အဓိပ္ပါယ်များကို ပဌာနသာရဒီပနီကျမ်း, မဏိသာရမဉ္ဇူကျမ်း, မဏိဒီပကျမ်း စသည်တို့၌ အထူးထူး အပြားပြား များစွာ ဆုံးဖြတ်တော်မူကြကုန်၏။ ။ဤပရမတ္ထသံခိပ် ဋီကာကျမ်း၌ မူကား ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အလိုတော်ကိုသာ ပြဆိုရေးသားပေအံ့။

ယံ ပန ပုရေဇာတံ ဝတ္ထု ယဿ စိတ္တဿ နိဿယော စေဝ ဟောတိ အာရမ္မဏဉ္စ။ တံ တဿ ဝတ္ထာရမ္မဏပုရေဇာတနိဿယော နာမ။ ။

ဤပရမတ္ထဒီပနီ သင်္ဂြိုဟ်မဟာဋီကာပါဠိ(၄၀၁)နှင့် အညီ အကြင်ဝတ္ထုသည် အကြင်စိတ်၏ ရှေ့၌ဖြစ်၍ မှီရာလည်းဖြစ်၏၊ အာရုံပြုရာလည်း ဖြစ်၏၊ ထိုဝတ္ထုသည် ထိုစိတ်အား ဝတ္ထာရမ္မဏပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ ဟူလို။ လိုရင်းကား ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ စိတ်တို့၏ မှီရာလည်းဖြစ်၊ အာရုံပြုရာလည်းဖြစ်သော ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယ ပစ္စည်း တပ်၏ ဆိုလိုသည်။

**ဟဒယဝတ္ထုသည် စိတ်၏ မှီရာနှင့် အာရုံပြုရာဖြစ်ပုံ။** ။ထိုဟဒယဝတ္ထုရုပ်သည် ဘယ်အခါ ကာလ၌ ဘယ်သို့လျှင် စိတ်၏မှီရာလည်းဖြစ် အာရုံပြုရာလည်း ဖြစ်ပါသနည်း ဟူငြားအံ့။ ပစ္စုပ္ပန်ဖြစ်သောဝတ္ထုရုပ်ကို အာရုံပြုပြီးလျှင် အနိစ္စစသည်ဖြင့် ဆင်ခြင်သော အခါ၌၎င်း၊ ထိုဝတ္ထုရုပ်ကို သာယာတပ်မက်ခြင်း စသည် ဖြစ်သောအခါ၌၎င်း၊ ဣဒ္ဓိဝိဓအဘိညာဉ်ကိစ္စဖြင့် ထိုဝတ္ထုရုပ်ကို အာရုံပြု၍ အဓိဋ္ဌာန်သောအခါ၌၎င်း၊ ထိုဝတ္ထုရုပ်သည် ဆင်ခြင်သော ပစ္စဝေက္ခနာဇောစိတ် သာယာသော လောဘမူ ဇောစသော အကုသိုလ်စိတ် အဓိဋ္ဌာန်သော ဇောစိတ်တို့၏ မှီရာလည်းဖြစ်၏။ အာရုံပြုရာလည်းဖြစ်၏။ ထိုစိတ်တို့အား ဝတ္ထာရမ္မဏပုရေဇာတနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ဟူ၍ ဖြေဆိုရာ၏။ ထိုစကားမှန်၏။ ပဋ္ဌာန်းပါဠိတော်၌—

> အဇ္ဈတ္တံ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ အဿာဒေတိ အဘိနန္ဒတိ။ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ။ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတိ။

ဟူ၍ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတပ်သော ဟဒယဝတ္ထုကို ရည်၍ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အနက်ကား—အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုကို။ အနိစ္စတော၊ မမြဲသောအနေအားဖြင့်၎င်း။ ဒုက္ခတော၊ ဆင်းရဲသောအနေအား ဖြင့်၎င်း။ အနတ္တတော၊ အစိုးမရသော အနေအားဖြင့်၎င်း။ ဝိပဿတိ၊ ရှုဆင်ခြင်၏။ အဿာဒေတိ၊ သာယာမှုလည်း သာယာ၏။ အဘိနန္ဒတိ၊ နှစ်သက်မှုလည်း နှစ်သက်၏။ တံ၊ ထိုဟဒယဝတ္ထုကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒိဋ္ဌိ၊ ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယကို ပကတိ ကာလ၌လည်း ရအပ်ကြောင်း။** ။ ဤသို့ ပြဆိုအပ်ပြီးသော သဘော အဓိပ္ပါယ်စု နှင့် ပဋ္ဌာန်းပါဠိတော်ကြီးကို ထောက်လျှင် ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်းကို ပကတိဖြစ်သော ပဝတ္တိအခါ၌လည်း ရအပ်၏ဟူ၍ သိသာထင်ရှားလှ၏။

**ဝတ္ထာရမ္မဏပုရေဇာတနိဿယကို မရဏာသန္န အခါ မှာသာ ရအပ်၏ဟု ယူကြသော ဆရာတို့ဝါဒ။** ။ မဏိသာရမဉ္ဇူ ကျမ်းကို စီရင်တော်မူသော အရှင် အရိယာဝံသမှ စ၍ ဆရာ အစဉ်အဆက်တို့သည်ကား ဤဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို မရဏာ

သန္တအခါ၌ ရအပ်၏ဟူ၍ ခိုင်မြဲစွာ ဆိုတော်မူကြကုန်၏။ သုံးချက်စုပစ္စည်းပြိုင်တို့၌လည်း မရဏာသန္နအခါ၌သာလျှင် ချရိုးပိုရိုးအစဉ် ပြုလုပ်တော်မူကြကုန်၏။ ထိုဆရာကြီးတို့၏အလိုကို ပြဆိုဦးအံ့——

အဘိဓမ္မာအဋ္ဌကထာများ၌ အာဝဇ္ဇန်းနှင့် ကင်း၍ ဝီထိစိတ်တို့၏ဖြစ်မှုကို အလိုမရှိအပ်။ထိုပြင် အာဝဇ္ဇန်းတခုရှိသော ဝီထိ၌ အာရုံသည် ဓမ္မအားဖြင့်ရင်း၊ ကာလအားဖြင့်ရင်း ကွဲပြားမှုကိုလည်း အလိုမရှိအပ်။

ပကတိကာလ၌ စိတ်တို့မည်သည် ကိုယ်စီကိုယ်ငှ အသီးအသီးသော ဝတ္ထုကို မှီကြကုန်၏။ ထိုကြောင့် အကြင်အခါ၌ ပစ္စုပ္ပန်ဖြစ်သော အဇ္ဈတ္တဝတ္ထုကို အာရုံပြု၍ အနိစ္စအစရှိသော ဝိပဿနာဉာဏ်၏ အစွမ်းအားဖြင့်လည်း ဆင်ခြင်ကြကုန်၏။ ဤဝတ္ထုသည် ငါ၏ဥစ္စာတည်းဟူ၍ သာယာသော်လည်း သာယာကြကုန်၏။ ထိုသို့ဖြစ်သောအခါ အကြင်ဝတ္ထုကို အာဝဇ္ဇန်းစိတ်က ဆင်ခြင်အပ်၏၊ အာရုံပြုအပ်၏။ ထိုအာဝဇ္ဇန်းက ဆင်ခြင်အပ် အာရုံပြုအပ်သော ဝတ္ထုကိုပင်လျှင် ဇောစိတ်တို့က ယူ၍ အာရုံပြုကြကုန်၏။ ထိုဇောစိတ်တို့သည် မိမိမိမိတို့၏ မှီရာဝတ္ထုကို အာရုံပြုနိုင်ကြသည် မဟုတ်ကုန်။ ထိုစကားမှန်၏။ ဇောစိတ်တို့သည် အာဝဇ္ဇန်းက အာရုံမပြုအပ်သော မိမိ မိမိတို့၏ မှီရာဖြစ်သော ဝတ္ထုတို့ကိုသော်ရင်း၊ ထိုမှတပါး အမှတ်မရှိသော အာရုံတို့ကိုသော်ရင်း ယူ၍ အာရုံပြုကြကုန်သည်ဖြစ်အံ့။ ထိုသို့ဖြစ်ကုန်လျှင် ထိုဇောစိတ်တို့သည် အာဝဇ္ဇန်းကင်းသော ဇောစိတ်တို့ မည်ခဲ့ကုန်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ အာဝဇ္ဇန်းစိတ်က ဆင်ခြင်အပ် အာရုံပြုအပ်သော အာရုံကို မယူဘဲ တခြားတပါးသော အာရုံကို ယူကြကုန်သောကြောင့်ပေတည်း။ အာဝဇ္ဇန်းကင်းကြရုံမျှသာ မဟုတ်ကြကုန်သေး၊ အာဝဇ္ဇန်းနှင့် အာရုံကွဲသော ဇောစိတ်တို့ဟူ၍လည်း ဆိုထိုက်ပြန်ကုန်၏။ အဘယ်ကြောင့်နည်းဟူမူ အာဝဇ္ဇန်းယူအပ် ဆင်ခြင်အပ်သော အာရုံမဟုတ်လေဘဲ နောက်နောက်မှဖြစ်သော ဝတ္ထုရုပ်တို့ကိုသော်ရင်း သို့မဟုတ် အခြားတပါးသော အာရုံတို့ကိုသော်ရင်း ယူ၍ အာရုံပြုကာ ဖြစ်သောကြောင့်တည်း။

ထိုသို့ပြဆိုအပ်ပြီးသော အဓိပ္ပါယ်စကားရပ်တို့ဖြင့် ပကတိကာလ၌ ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်း၏ ဖြစ်ရန်အကြောင်းသည် တစုံတရာမျှ မရှိနိုင်။ မရဏာသန္နအခါ၌သာလျှင် ဤဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်းကို ရအပ်ပေ၏။ မရဏာသန္နအခါ၌မူကား စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်မှနောက်၌ ကမ္မဇရုပ်တို့၏ မဖြစ်ခြင်းကြောင့် အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည် အကယ်၍ ဟဒယဝတ္ထုကို အာရုံပြုခဲ့ပါလျှင် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တဆဲ့ခုနစ်ချက်မြောက်သောစိတ်နှင့် ဥပါဒ်

ပြိုင်သော ဟဒယဝတ္ထုကို မှီကြကုန်၍ ထိုဟဒယဝတ္ထုကိုပင် အာရုံပြုကြရကုန်၏။ ထိုဟဒယဝတ္ထုသည် အာဝဇ္ဇန်းအစရှိသော မရဏာသန္နဝီထိစိတ်တို့၏ မှီရာလည်း ဖြစ် အာရုံပြုရာလည်းဖြစ်သောကြောင့် ဝတ္ထာရမ္မဏ ပုရေဇာတနိဿယပစ္စည်းကို ရလေ၏။

ဤကဲ့သို့အဓိပ္ပါယ်ယူခဲ့ပါလျှင်မူကား ထိုမရဏာသန္နဇောစိတ်တို့၏ အာဝဇ္ဇန်းကင်းမှု၊ အာရုံကွဲပြားမှုများအတွက်နှင့် တစုံတရာမျှ ပြောဆိုရန် အခွင့်မရှိလေ။ ထိုကြောင့် မရဏာသန္နအခါ၌သာလျှင် ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို ရအပ်၏။ ပကတိပဝတ္တိကာလ၌ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို စင်စစ် မရအပ်ပေ။ (ဤကား ဆရာကြီးတို့၏ အလိုတော်အဓိပ္ပါယ် မူရင်းပေတည်း။)

**မရဏာသန္နအခါမှာသာ ရအပ်၏ဟူသော ဆရာကြီးတို့၏ဝါဒကို စိစစ်ခြင်း။**

ထိုဆရာကြီးတို့၏ဝါဒ၌ စိစစ်ဖွယ်များ ။ ကို ထုတ်ပြပေအံ့။ အာဝဇ္ဇန်းက ဆင်ခြင်အပ်သော ဝတ္ထုကိုယူ၍ အာရုံမပြုဘဲ မိမိ မိမိတို့၏မှီရာဖြစ်သော ဝတ္ထုအသီးအသီးတို့ကို ဇောတို့က အကယ်၍ အာရုံပြုကုန်သည်ဖြစ်အံ့။ ထိုသို့ဖြစ်လျှင် ထိုဇောတို့သည် အာဝဇ္ဇန်းကင်းသည် မည်ကုန်ရာ၏ဟူ၍ယူသော ဆရာတို့၏အယူသည်မသင့်တန်ချေ။ အဘယ်ကြောင့်နည်းဟူမူ အာဝဇ္ဇန်းဆင်ခြင်သောအတိုင်းပင် ဇောတို့ကယူ၍ အာရုံပြုသောကြောင့်တည်း။ ထိုစကားမှန်၏။ အာဝဇ္ဇန်းသည် ဝတ္ထုဟူ၍ပင် ဆင်ခြင်၏။ ထိုအတူ ဇောစိတ်တို့ကလည်း ဝတ္ထုဟူ၍ပင် အာရုံပြုကာ ဇောကြကုန်၏။ တခြားတပါးသော အခြင်းအရာဖြင့် ဇောကြသည် မဟုတ်ပေကုန်။ ထိုကြောင့် ထိုဇောစိတ်တို့မှာ အာဝဇ္ဇန်းကင်းမှုအတွက်နှင့် တစုံတရာ အပြစ်တင်ဖွယ် မရှိပေ။ ပြဆိုအပ်ပြီးသောအတိုင်း အာဝဇ္ဇန်းမကင်းကြကုန်လျှင် အာဝဇ္ဇန်းနှင့် အာရုံ ကွဲပြားကြကုန်၏ဟူ၍လည်း မဆိုထိုက်ပေကုန်။ အဘယ်ကြောင့်နည်းဟူမူ အာဝဇ္ဇန်းက သေသေချာချာ လက်ထောက်၍ "ဤဝတ္ထုကလေးကို အာရုံပြုမည်"၊ ဇောတို့က သေသေချာချာလက်ထောက်၍ "ဤဝတ္ထု ဤဝတ္ထုကလေးများကို အာရုံပြုမည်"ဟူ၍ ဝေဖန်ပိုင်းခြားခြင်းငှါ မတတ်နိုင်ကောင်းသောကြောင့်တည်း။ ထိုစကားမှန်၏။ ခဏတိုင်း ခဏတိုင်း အစဉ်ဖြစ်ပွါး၍ နေမှုဟုဆိုအပ်သော သန္တတိဃန၏အစွမ်းအားဖြင့် တပေါင်းတည်း တဆက်တည်း တသားတည်း တခဲတည်းကဲ့သို့ ရှေ့နောက်မပြတ် တလစပ်ဖြစ်၍နေကြကုန်သော ဝတ္ထုအများတို့တွင် ဤဝတ္ထုကလေးကိုသာ ငါအာရုံပြုမည်ဟူ၍ တခုစီတခုစီ သီးသန့်ကွက်ခြားပြီးလျှင် အာဝဇ္ဇန်းကလည်း ဆင်ခြင်ခြင်းငှါ မတတ်နိုင်။ ဇောတို့ကလည်း ဇောခြင်းငှါ မတတ်နိုင်လေကုန်။ ထိုသို့ အသီးအခြား ကွဲပြားအောင် ခွဲစိတ်ခြင်းငှါ မတတ်ကောင်းသော အရာဌာနဟူသမျှ

တို့၌ အာဝဇ္ဇန်းနှင့် ဇောတို့သည် ဓမ္မအားဖြင့်ရင်း ကာလအားဖြင့်ရင်း အာရုံ ကွဲပြားရိုး မရှိဟူသော အချက်ကိုလည်း သက်သက်ရခြင်းငှါ မထိုက်လေ။

ဤသို့ ပြဆိုအပ်ပြီးသော စကားအစဉ်ဖြင့် ဤဝတ္ထာရမ္မဏပုရေဇာတနိဿယ ပစ္စည်း၏ အစီအရင်ကို ပကတိဖြစ်သော ပဝတ္တိကာလ၌လည်း စင်စစ် ရထိုက်၏ ဟူသော အဓိပ္ပါယ်သည် လုံလောက်စွာ ပြီးစီးလေ၏။

ဆိုဖွယ်တမျိုးကား ပဏ္ဍုပွန်ဖြစ်သော မိမိ၏ ရူပကာယအလုံးစုံကို သိမ်းခြုံ ကာ အာရုံပြု၍ "ရူပံ မေ အနိစ္စံ"အစရှိသည်ဖြင့် "ငါ၏ ရူပကာယကြီးသည် အနိစ္စကြီးပေတည်း။ ဤရူပကာယသည် ငါ၏ ကိုယ်ပိုင်ဥစ္စာကြီးပေတည်း"ဟူ၍ ရှုဆင်ခြင်ကြကုန်လျှင် မိမိ၏ အဇ္ဈတ္တရုပ်ကိုယ်ကြီးမှာ ဤမည်သော ရုပ်သည် ဆင်ခြင်သော စိတ်၏ အာရုံအဖြစ်သို့ မရောက်နိုင်ဟူ၍ ဆိုခြင်းငှါ မထိုက်။ မိမိ၏ အဇ္ဈတ္တတကိုယ်လုံးသည် ဆင်ခြင်သောစိတ်၏ အာရုံအဖြစ်သို့ ရောက် မည်သာလျှင် ဖြစ်၏။ ထိုသို့ အာရုံအဖြစ်သို့ ရောက်သော ရုပ်တို့တွင် အချို့ သော အနိပ္ဖန္နရုပ်စုသည် အာရမ္မဏပစ္စည်းမျှသာ တပ်နိုင်မည် ဖြစ်၏။ အချို့ သော နိပ္ဖန္နရုပ်စုသည် အာရမ္မဏပုရေဇာတသတ္တိဖြင့် ပစ္စည်းတပ်နိုင်မည် ဖြစ်၏။ အချို့သော ဟဒယဝတ္ထုသည် ဝတ္ထာရမ္မဏပုရေဇာတသတ္တိဖြင့် ပစ္စည်းတပ်နိုင် မည် ဖြစ်၏။ ဤသို့ အဓိပ္ပါယ်ယူလျှင် ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း အစီအရင် သည် ကျယ်ဝန်းသန့်ရှင်းစွာ ထင်လင်းလှ၏။ အဘိညာဏ်ဒွေကိုလည်း ဤဝတ္ထာ- ရမ္မဏပစ္စယုပ္ပန်အရာ၌ ထည့်သင့်သည် မထည့်သင့်သည်ဟူ၍ တမင် စကား လုပ်၍ ပြောဖွယ်မရှိ၊ မုချထည့်သင့်သည်သာ ဖြစ်တော့၏။ မရဏာသန္နအခါ၌ သာလျှင် ဤဝတ္ထာရမ္မဏပစ္စည်းကို ရအပ်၏ဟူ၍ အဓိပ္ပါယ်ယူမှုကို အရင်းပြု၍ အလွန်တရာ ကျဉ်းကျဉ်း မြောင်းမြောင်း ကြပ်ကြပ်တည်းတည်းဖြစ်၍ ဉာဏ် ပင်ပန်းကြရကုန်၏။ ယခုထက်တိုင်ပင် ကြွက်ကိုက်သော ချည်ထွေးကဲ့သို့ တရှုပ် ထွေးတည်း ရှုပ်ထွေးကြလေကုန်၏။ အဘိညာဏ်ဒွေကို ပစ္စယုပ္ပန်အရာ၌ ရသင့် မရသင့်ကို တမင်စကားကြီးတခု ဖွင့်၍ ပြောဆိုကြရကုန်၏။

နိစ္စဋ္ဌော ပသတ္တောယေဝ၊ ဇဋ္ဋဥဟာဿ သာသနေ။
တသ္မာ နိစ္စဋ္ဌကာမာဝ၊ ဝိဇဋ္ဋေယျုံ ဇဋ္ဋံ သဒါ။

ရစနာဂါထာ။

ဇဋ္ဋဥဟာဿ၊ အထွေးအရှုပ်ဟူသမျှကို ပယ်တော်မူပြီးသော မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်မြတ်၌။ နိစ္စဋ္ဌော၊ မထွေးမရှုပ် သက်သက်ရှင်းလင်း သည်ကိုသာလျှင်။ ပသတ္တောယေဝ၊ ချီးမွမ်းအပ်ပေသည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ သဒါ၊ အခါခပ်သိမ်း။ နိစ္စဋ္ဌကာမာဝ၊ မထွေးမရှုပ် သက်သက်

ရှင်းလင်းမှုကို လိုလားကြကုန်သည်ဖြစ်၍။ ဧဠ်၊ အရှုပ်အထွေးဟူသမျှကို။ ဝိဇဋ္ဋေယျ၊ ရှင်းလင်းအောင် ဖြေရှင်းနိုင်ကြကုန်ရာ၏။

**ဘုံအားဖြင့်** ဤဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းကို ပဉ္စဝေါကာရဘုံ၌သာလျှင် ရအပ်၏။ စတုဝေါကာရဘုံ့ ဧကဝေါကာရဘုံတို့၌ မရအပ်ပေ။ ပဉ္စဝေါကာရဘုံ၌သော်လည်း ဟဒယဝတ္ထုကို အာရုံပြုသော မနောဒွါရဝီထိအခိုက်၌သာလျှင် ရအပ်၏။ အခြားအခိုက်အတံ့ တို့၌ မရအပ်ပေ။

**ပုဂ္ဂိုလ်အားဖြင့်** မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်ကြဉ်သော ပုဂ္ဂိုလ်ရှစ်ယောက်တို့၌ ရအပ်၏။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် ကေန်အားဖြင့် နိဗ္ဗာန်ကိုသာ အာရုံပြုသောကြောင့် ဤဝတ္ထာရမ္မဏပစ္စည်းနှင့် မဆိုင်ကြလေကုန်။ **ကာလအားဖြင့်** ဤဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းသည် ပစ္စုပ္ပန်ကာလ၌ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

**ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စယုပ္ပန်တွင် မပါသော တရားများ။ ။** ပစ္စယုပ္ပန်တို့တွင် ဣဿာနှင့် အပ္ပမညာတို့သည် အဇ္ဈတ္တကို အာရုံမပြုသောကြောင့် ဤဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း၏ ပစ္စယုပ္ပန်တွင် မပါမဝင်နိုင်ဘဲ ရှိကြလေကုန်သည်။ မစ္ဆရိယသည်လည်း ပေးကမ်းမှုအတွက်နှင့်စပ်၍ ဝန်တိုခြင်းသဘောရှိသောကြောင့် ဟဒယဝတ္ထုနှင့် မသက်ဆိုင်ရကား ဤပစ္စည်း၏ ပစ္စယုပ္ပန်၌ မပါမဝင်ချေ။ ကုက္ကုစ္စသည်လည်း ပြုအပ်ပြီးသော ဒုစ္စရိုက် မပြုခဲ့မိသော သုစရိုက်တို့ကို အာရုံပြု၍ နောင်တဖန် ပူပန်ခြင်းသဘောရှိသောကြောင့် ဤပစ္စယုပ္ပန်၌ မပါမဝင်ချေ။ ဝိရတီသုံးခုတို့ကိုလည်း ဝိရမိတဗ္ဗဝတ္ထုကိုသာ အာရုံပြုကြကုန်သောကြောင့် ဤဟဒယဝတ္ထုနှင့် မဆိုင်သဖြင့် ပစ္စယုပ္ပန်မှ ဖဲကြဉ်အပ်လေကုန်သည်။ ပစ္စနိက်၌ သွင်းပုံကား သိသာပြီ။ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်း ပြီး၏။

နိဿယပစ္စည်း ပြီး၏။

---

## ၉-ဥပနိဿယပစ္စည်း

(၅၂၄) **အာရမ္မဏူ၊ နန္တရူပနှင့်၊ ပကတူပေါ၊ ဤသုံးထွေ၊ ခွဲလေ ဥပနိဿယ။**

ဟူသည်နှင့်အညီ ဥပနိဿယပစ္စည်းသည် အာရမ္မဏူပနိဿယပစ္စည်း, အနန္တရူပနိဿယပစ္စည်း, ပကတူပနိဿယပစ္စည်းအားဖြင့် သုံးပါးအပြားရှိ၏။

**(၅၂၅) အာရမ္မဏူ၊ အဓိပ္ပါ၊ နန္တာ နန္တရ၊**

ဟူသည်နှင့်အညီ အာရမ္မဏူပနိဿယပစ္စည်းသည် အာရမ္မဏာဓိပတိပစ္စည်းနှင့် အလုံးစုံ တူ၏။ အနန္တရူပနိဿယပစ္စည်းသည် အနန္တရပစ္စည်းနှင့် အလုံးစုံ တူ၏။

**ပကတူပနိဿယပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ**

**(၅၂၆) နာမ်,ရုပ်,ပညတ်၊ အဇ္ဈတ်-ဗဟိဒ္ဓါ၊ ကျယ်ဝန်းစွာ၊ သညာ ပကတူပ။**

(၁) ဗလဝဖြစ်သော စိတ် တခုယုတ် ကိုးဆယ် စေတသိက် ဒွေ ပညာသ၊ ရုပ် အဋ္ဌဝီသ၊ အချို့သော ပညတ်။ ဤတရားစုသည် ပကတူပနိဿယပစ္စည်း မည်၏။

(၂) အလုံးစုံသော စိတ် တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ ပညာသ။ ဤတရားစုသည် ပကတူပနိဿယပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အလုံးစုံသော စတုဇရုပ်သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စနိက်မည်၏။

အဓိပ္ပါယ်သဘောကို နောက်မှပြဆိုအံ့—

ဥပနိဿယ၌ "ဗလဝတရော နိဿယောတိ ဥပနိဿယော"။ ဗလဝတရော၊ အားကြီးလှစွာသော။ နိဿယော၊ မှီရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဥပနိဿယော၊ ဥပနိဿယမည်၏။ အားကြီးသောမှီရာကို ဥပနိဿယခေါ်၏ ဟူလို။ ဤအရာ၌ ဥပသဒ္ဒါသည် အားကြီးလှသည်ဟု ဆိုအပ်သော ဗလဝ အနက်ကို ဟော၏။

**နိဿယနှင့် ဥပနိဿယနှစ်ပါး**တို့၏အထူးကို သလေးထမင်းဥပမာဖြင့် ထင်စွာ ပြဆိုအံ့။ သလေးတမင်းဖြစ်ရန် အကြောင်းအမျှားတို့တွင် ထမင်းချက်သမား သည်၎င်း ထမင်းအိုးသည်၎င်း ထင်းသည်၎င်း မီးသည်၎င်း ရှိခဲ့၏။ ထိုထမင်း ချက်သွားစသော အကြောင်းတို့သည် နိဿယပစ္စည်းမျှသာ ဖြစ်ကုန်၏၊ အားကြီးသောမှီရာဟု ဆိုအပ်သော ဥပနိဿယပစ္စည်းမူကား မဖြစ်နိုင်ကြကုန်။ သလေးမျိုးစေ့,သလေးစပါး,လယ်ခင်း,မိုးရေတို့သည်သာလျှင် သလေးထမင်း ၏ ဥပနိဿယပစ္စည်း ဖြစ်နိုင်ကြကုန်၏။ ထိုစကား မှန်၏။ သလေးမျိုးစေ့, သလေးစပါး, လယ်ခင်း, မိုးရေတို့ မရှိကြကုန်လျှင် ထမင်းချက်သမားနှင့် ထမင်းအိုးစသည်တို့သည် သလေးထမင်းဖြစ်အောင် ဘယ်သို့ အစွမ်းထုတ်နိုင်ကြ ကုန်လိမ့်မည်နည်း။ ပြဆိုအပ်ပြီးသော သလေးမျိုးစေ့စသည်တို့၏ ရှိမှုကြောင့် သာလျှင် ထမင်းချက်သမားနှင့် ထမင်းအိုးစသည်တို့သည် သလေးထမင်းဖြစ် အောင် အစွမ်းထုတ်နိုင်ကြလေကုန်သည်။ ထိုဥပမာနှင့်အတူ အကြင်အကြောင်း

မရှိခဲ့ပါလျှင် နိဿယဖြစ်သော မှီရာအကြောင်းတို့ပင်လည်း မရှိနိုင်ကြကုန်။ မှီတတ်သော နိဿိတပစ္စယုပ္ပန်တို့သည်မူကား ဘယ်မှာ ရှိနိုင်တော့မည်နည်း။ ထိုသို့ နိဿယပစ္စည်း၏ အကြောင်းဖြစ်နိုင်သောတရားစုကို နိဿယပစ္စည်းထက်ပင် အားအင်ရှိသောကြောင့် ဥပနိဿယပစ္စည်းဟူ၍ ဆိုရလေသည်။

သာမညမှီရာဖြစ်သောပစ္စည်းသည် နိဿယပစ္စည်းမည်၏။ အားကြီးသော မှီရာဖြစ်သောပစ္စည်းသည် ဥပနိဿယပစ္စည်း မည်၏ဟူ၍ အကျဉ်းအားဖြင့် သိမှတ်လေ။

**အာရမ္မဏူပနိဿယ။** ။ဥပနိဿယပစ္စည်း သုံးမျိုးတို့တွင် သာမညဖြစ်သော အာရုံစုသည် စိတ်,စေတသိက်တို့အား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းငှါ မတတ်နိုင်ကြကုန်။ ဂရုကတ, ဣဋ္ဌဖြစ်သော အဓိပတိအာရုံတို့သည်သာလျှင် အားကြီးသော မှီရာအဖြစ်ဖြင့် စိတ်,စေတသိက်တို့အား ကျေးဇူးပြုနိုင်ကြကုန်သည်။ ထို့ကြောင့် အာရမ္မဏာဓိပတိပစ္စည်းကို ဥပနိဿယ၌သွင်း၍ အာရမ္မဏူပနိဿယပစ္စည်းဟူ၍ ဟောတော်မူရပြန်သည်။

**အနန္တရူပနိဿယ။** ။နောက်နောက်စိတ်ကို ဖြစ်စေရန် ကျေးဇူးပြုသော တရားတို့တွင် အခြားမဲ့ဖြစ်သော အနန္တရရှေ့စိတ်စုသည် အားကြီးသော မှီရာအကြောင်းဖြစ်ပေ၏။ ထို့ကြောင့် အနန္တရပစ္စည်းကို ဥပနိဿယပစ္စည်း၌ သွင်းပြန်၍ အနန္တရူပနိဿယပစ္စည်းဟူ၍ ဟောတော်မူရပြန်သည်။

**ပကတူပနိဿယမည်ပုံ။** ။ပကတူပနိဿယ၌ "ပကတိယာယေဝ ဥပနိဿယောတိ ပကတူပနိဿယော"။ ပကတိယာယေဝ၊ အာရုံအနန္တရတို့နှင့် မရောမဖက် သက်သက် ပကတိသဘောတမျိုးအားဖြင့်သာလျှင်။ ဥပနိဿယော၊ အားကြီးသော မှီရာအကြောင်းပစ္စည်းတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပကတူပနိဿယော၊ ပကတူပနိဿယမည်၏။ အဓိပ္ပါယ်ကား ပြဆိုအပ်ပြီးသော အာရမ္မဏာဓိပတိမျိုး, အနန္တရမျိုးတို့နှင့် မရောမရှက် သက်သက်သဘောတမျိုးအားဖြင့် အားကြီးသောမှီရာဖြစ်သော ပစ္စည်းကို ပကတိသဒ္ဒါဖြင့် အထူးပြု၍ ပကတူပနိဿယပစ္စည်းဟု ဆိုအပ်ပေသည် ဟူလို။ ဤဝိဂ္ဂြိုဟ်ကား "ပကတိယာယေဝ ဝါ ဥပနိဿယော ပကတူပနိဿယော။ အာရမ္မဏာနန္တရေဟိ အသမ္မိဿောတိ အတ္ထော"ဟူသော ပဋ္ဌာန်းအဋ္ဌကထာနှင့်အညီ ဆိုအပ်သော ဝိဂ္ဂြိုဟ်ပေတည်း။

တနည်းကား "ပကတော ဥပနိဿယောတိ ပကတူပနိဿယော"။ ပကတော၊ မိမိသန္တာန်၌ ကောင်းစွာပြုအပ် ဖြစ်စေအပ် မှီဝဲအပ်သော။

ဥပနိဿယော၊ အားကြီးသော မှီရာတည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပကတူပ-နိဿယော၊ ပကတူပနိဿယမည်၏။အဓိပ္ပါယ်ကား သင့်တင့်လျောက်ပတ်သော အခါကာလ၌ အကျိုးဖြစ်သော ပစ္စယုပ္ပန်တရားတို့ စင်စစ် ဖြစ်ပွါးစေရန် ကောင်းစွာပြုအပ် ဖြစ်စေအပ် မှီဝဲအပ်သော အားကြီးသော မှီရာအကြောင်းကို"ပကတ"သဒ္ဒါဖြင့် အထူးပြု၍ ပကတူပနိဿယပစ္စည်းဟု ဆိုအပ်လေသည်။ ဤဝိဂ္ဂဟ်ကား "ပကတော ဥပနိဿယောတိ ပကတူပနိဿယော။ပကတော နာမ အတ္တနော သန္တာနေ ဥပ္ပါဒိတော သဒ္ဓါ,သီလာဒိဥပသေဝိတော ဝါ ဥတု-ဘောဇနာဒိ"ဟူသော ပဋ္ဌာန်းအဋ္ဌကထာ-၃၄၈။ "ပကတော ဥပနိဿယောတိ ပကတူပနိဿယော။ ပကတောတိ စ ယထာကတေ သတိ အနုရူပေ ကာလေ တသ္မိံ သန္တာနေ ကေန္တေန ပစ္စယုပ္ပန္နာ ဓမ္မာ ပါတုဘဝန္တိ၊ တထာ သုဋ္ဌု-ကတောတိ အတ္တော"ဟူသော ပရမတ္ထဒီပနီသဂ္ဂြိုဟ်မဟာဋီကာ-၃၈၉ တို့နှင့်အညီ ဆိုအပ်သော ဝိဂ္ဂြိုဟ်ပေတည်း။

**ပကတူပနိဿယ၏ ပစ္စည်းတပ်ပုံကို** အမြွက်မျှ ပြဆိုအံ့။ ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူအပ်ကုန်သော ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ပတ္ထနာတရားတို့နှင့် တကွ ပဥ္စာနန္တရိယသို့ မရောက်သော အကုသိုလ်တရားတို့သည် ထိုက်သည်အား လျော်စွာ မိမိအဇ္ဈတ္တသန္တာန်၌ စတုဘူမကကုသိုလ်တို့ ဖြစ်ပွါးရန် ပကတူပနိဿ-ယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ပဥ္စာနန္တရိယထိုက်သော အကုသိုလ်တို့သည်မူကား စတုဘူမကကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ကုန်၊ ကာမာဝစရကုသိုလ်အားသာလျှင် ကျေးဇူးပြုနိုင်၏။ အဘယ်ကြောင့်နည်း ဟူမူ—ပဥ္စာနန္တရိယကံထိုက်သော သူ၏သန္တာန်မှာ ရူပကုသိုလ်,အရူပကုသိုလ်, လောကုတ္တရာကုသိုလ်တို့ ဖြစ်ပွါးခြင်းငှါ မတတ်နိုင်ရာသောကြောင့်တည်း။

ပြဆိုအပ်ပြီးသော ရာဂစသော တရားတို့က ကုသိုလ်ဖြစ်ပွါးရန် ကျေးဇူးပြုဟန်ကား—ပညာအဆင်အခြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်ဘူးသော ရာဂစသည်တို့၏ အပြစ်ဒေါသ အာဒီနဝကို သိမြင်၍ ထိုရာဂစသည်တို့ကို ပယ်ဖျောက်ခြင်းငှါ ဒါနကိုသော်လည်း ပြု၏၊ သီလကိုသော်လည်း ဆောက်တည်၏၊ ဘာဝနာကိုသော်လည်း ပွါးများ၏၊ ရူပဈာန်ကို ရအောင်သော်လည်း ကြိုးစား၏၊ အရူပဈာန်ကို ရအောင်သော်လည်း ကြိုးစား၏၊ လောကုတ္တရာကုသိုလ်ဖြစ်သော မဂ်ကိုသော်လည်း ရအောင်ကြိုးစား၏။ ထိုအခါ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ကာမာဝစရစသော ကုသိုလ်တို့သည် ဖြစ်ပွါးကြကုန်၏၊ ထိုကုသိုလ်တို့သည် ရာဂစသည်ကို ဥပနိဿယပစ္စည်းပြု၍ ဖြစ်ကြကုန်သောကြောင့် မိမိသန္တာန်၌ ဖြစ်ဘူးကုန်သော ရာဂအစရှိသည်တို့သည် စတုဘူမက ကုသိုလ်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ပြဆိုအပ်ပြီးသော ရာဂအစရှိသော အကုသိုလ်တရားတို့သည် အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်တို့၌ ထိုက်သည်အားလျော်စွာ ပါဏာတိပါတစသော အကုသိုလ်စိတ်တို့ကို ဖြစ်ပွါးရန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ကာယိကသုခ, ကာယိကဒုက္ခအစရှိကုန်သော အဗျာကတဝိပါက်တရားတို့ကို ဖြစ်ပွါးစေရန်လည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(ဤကား အကုသိုလ်တရားတို့က ကုသိုလ်,အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ပစ္စည်းပြုပုံတည်း။)

ပဌာန်းပါဠိတော်၌ ဟောတော်မူအပ်ကုန်သော သဒ္ဓါ, သီလ, သုတ,စာဂ, ပညာတရားတို့နှင့် တကွသော ကုသိုလ်တရားတို့သည် ထိုက်သည်အားလျော်စွာ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်တို့၌ စတုဘူမကကုသိုလ်တရားတို့ ဖြစ်ပွါးရန် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ရာဂအစရှိသော အကုသိုလ်တရားတို့ ဖြစ်ပွါးရန်လည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ သုခ ဒုက္ခအစရှိသော စတုဘူမက အဗျာကတ ဝိပါက်တရားတို့ ဖြစ်ပွါးရန်လည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ပစ္စည်းပြုပုံအမြွက်ကား သဒ္ဓါတရားရှိသောသူသည် အသင့်ဆင့် ထပ်ကာထပ်ကာ သဒ္ဓါတရားပွါးများလေ့ရှိ၏။ ပညာရှိသောသူသည် အဆင့်ဆင့် ထပ်ကာထပ်ကာ ပညာကို ဆည်းပူးလေ့ရှိ၏။ (ဤကား ကုသိုလ်က ကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံတည်း)။

ဒါနပြုပြီးသျှင် ထိုဒါနကို သာယာ၏၊ ဒါနအတွက် မာနတက်၏၊ ဒါနစေတနာကို ငါဟု စွဲလမ်း၏။ လျော့ကျလေသော ဈာန်ကုသိုလ်အတွက် အပျက်ရှလေ၏၊ ဤသို့စသည်ဖြစ်သောအခါတို့၌ ကုသိုလ်သည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ကုသိုလ်အတွက်ကြောင့် ပစ္စက္ခဘဝ၌ အများတို့၏အကြည်ညိုကိုခံ၍ ချမ်းသာသော ကာယိကဝေဒနာနှင့် ပြည့်စုံရ၏။ တမလွန်ဘဝ၌လည်း ထိုထက်ချမ်းသာစွာ ဖြစ်ရ၏။ ဤသို့စသည်ဖြစ်သောအခါတို့၌ ကုသိုလ်သည် ဝိပါက်အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(ဤကား ကုသိုလ်တရားတို့က ကုသိုလ်, အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံတည်း)။

နိဗ္ဗာန်ကြဉ်အပ်သော အလုံးစုံ စတုဘူမက အဗျာကတတရားစု၌ အကျုံးဝင်ကုန်သော သုခ, ဒုက္ခ, ပုဂ္ဂလ, ဘောဇန, ဥတု, သေနာသန အစရှိသော အဗျာကတတရားတို့သည် ထိုက်သည်အားလျော်စွာ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓ-

သန္တာန်တို့၌ ကုသိုလ်တရား, အကုသိုလ်တရား, အဗျာကတတရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

ပစ္စည်းပြုပုံအမြွက်ကား သူတော်ကောင်းပုဂ္ဂိုလ်ကို မှီဝဲလျှင် ကုသိုလ်တရားဖြစ်ပွါး၏။ သူယုတ်မာပုဂ္ဂိုလ်ကိုမှီဝဲလျှင် အကုသိုလ်တရားဖြစ်ပွါး၏။ ကုသိုလ်, အကုသိုလ်ဖြစ်လျှင် အဗျာကတလည်း ဖြစ်သည်သာဖြစ်၏။ ထိုသို့ ဖြစ်သောအခါ ပုဂ္ဂိုလ်သည် ကုသိုလ်, အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ ထို့အတူ တစုံတခုသော အစာဘောဇဉ်ကို မှီဝဲရခြင်းကြောင့်ရင်း၊ တစုံတခုသောဥတုကို မှီဝဲရခြင်းကြောင့်ရင်း၊ တစုံတခုသောနေရာဌာနကို မှီဝဲရခြင်းကြောင့်ရင်း အကြောင်းအားလျော်စွာ ကုသိုလ်သော်လည်း ဖြစ်ရာ၏၊ အကုသိုလ်သော်လည်း ဖြစ်ရာ၏၊ အဗျာကတသော်လည်း ဖြစ်ရာ၏။ ထိုအခါ ဘောဇန, ဥတု, သေနာသနတို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ အကျယ်အားဖြင့် ဝေဖန်၍ သိလေ။ (ဤကား အဗျာကတတရားတို့က ကုသိုလ်, အကုသိုလ်, အဗျာကတတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုပုံတည်း။)

**ရုပ်တို့ကို ပကတူပနိဿယပစ္စယုပ္ပန်၌ မသွင်းရပုံ။** ။နာမ်ရုပ် ပညတ် ဖြစ်သော တရားတို့သည် နာမ်တရားတို့အားသာလျှင် ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ရုပ်တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ကြကုန်သည်ကို ရည်၍--

"ပကတူတုံ၊ အကြွင်းပုံ၊ လုံးစုံ နာမ်အားသာ"

ဟူ၍ မိန့်ဆိုတော်မူလတ္တံ့။

ဤအရာ၌ စောဒနာဖွယ်ရှိသည်ကား ဤပကတူပနိဿယပစ္စည်း၌ ရုပ်တရားတို့ကို အဘယ့်ကြောင့် ပစ္စယုပ္ပန်၌ သွင်း၍မယူအပ်ပါကုန်သနည်း။ ဗဟိဒ္ဓသန္တာန် မြက် သစ်ပင်စသည်တို့၌တည်သော ရုပ်တရားတို့အား ကြီးပွါး စည်ပင်ခြင်း သီးပွင့်ခြင်းအကျိုးငှါ ပထဝီရသ အာပေါရသ မိုးရေစသည်တို့သည် အားကြီးသော မှီရာဟု ဆိုအပ်သော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည် မဟုတ်ပါလော။ အဇ္ဈတ္တသန္တာန်၌ အနာကင်းသော အာရောဂျရုပ်၊ ကျင်နာသော ဂေလညရုပ်တို့အား ဆေးမြစ် စသည်တို့သည် အားကြီးသော မှီရာဟု ဆိုအပ်သော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည် မဟုတ်ပါလော။ (ဤကား စောဒနာတည်း)။

အဖြေကို ဆိုအံ့ အစဉ်ဟုဆိုအပ်သော သန္တာန်သည် ရုပ်သန္တာန်, နာမ်သန္တာန်ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ရုပ်သန္တာန်သည် တစုံတခု

ကို ပြုလုပ် ဆောင်ရွက် စေ့ဆော်နိုင်သော စေတနာဟူ၍ မရှိ။ အစေတနသဘော သာ ရှိ၏။ ထိုသို့စေတနာမရှိလေသောကြောင့် ရုပ်သန္တာန်မှာ ရှေးအခါကာလ၌ ကောင်းစွာပြုမှု ကောင်းစွာမှီဝဲမှုဟုဆိုအပ်သော "ပကတ" သဘော မရှိ။ ထိုသို့ ပကတသဘော မရှိလျှင် ထို'ပကတ'ဟု ဆိုအပ်သော ဥပနိဿယသတ္တိကြောင့် မိမိဖြစ်ရသည် မဟုတ်ချေ။ ထိုကြောင့် ရုပ်တရားတို့သည် ပကတူပနိဿယ ပစ္စည်း၏ ပစ္စယုပ္ပန်၌ မဝင်ကြရကုန်။

နာမ်အစဉ်သည်မူကား တစုံတခုကို ပြုလုပ် ဆောင်ရွက် စေ့ဆော်နိုင်သော သဘော ရှိ၏။ သစေတနလည်း မည်၏။ ထိုသို့ သစေတန သဘောရှိလေသော ကြောင့် ရှေးအခါကာလ၌ ကောင်းစွာပြုမှု ကောင်းစွာမှီဝဲမှုဟု ဆိုအပ်သော 'ပကတ'သဘောကို နာမ်တရားတို့၏ သန္တာန်၌ ရအပ်ပေ၏။ ထိုသို့ 'ပကတ' သဘောကို ရအပ်လေသောကြောင့်ပင်လျှင် 'ပကတ'တည်းဟူသော ဥပနိဿယ သတ္တိကြောင့် မိမိတို့ဖြစ်နိုင်ကြကုန်၏။ ထိုကြောင့် ပကတူပနိဿယပစ္စည်းကိုရ၍ နာမ်တရားတို့သည် ပကတူပနိဿယပစ္စယုပ္ပန်၌ ပါဝင်နိုင်ကြကုန်သည်။ (ဤကား ဖြေဆိုချက်တည်း။) ပဋ္ဌာန်းမူလဋီကာ-၁၇၅ ၌လည်း ဤသို့သော အနက် အဓိပ္ပါယ်ကို ပြဆိုအပ်လေ၏။

အဘိဓမ္မာနည်းအားဖြင့်သာလျှင် ရုပ်တရားတို့သည် ပကတူပနိဿယပစ္စည်း ကို မရအပ်ကုန်ဟု ဆိုရသည်။ "ဤအကြောင်းရှိလျှင် ဤအကျိုးဖြစ်၏။ ဤ အကြောင်းမရှိလျှင် ဤအကျိုးမရှိ"ဟူ၍ မှတ်သားပြဆိုအပ်သော သုတ္တန် ပရိယာယ်အားဖြင့်မူကား ရုပ်တရားတို့သည်လည်း ပကတူပနိဿယပစ္စည်းကို ရနိုင်ကုန်၏ဟူ၍ ဆိုသင့်လေ၏။ ထိုစကား မှန်၏။ တဆဲ့နှစ်ရာသီတို့တွင် မိဿ ရာသီ၌ တည်သော ဥတုသည် ကံ့ကော်ပန်းပွင့်ရန် ကျေးဇူးပြုပေ၏။ ဤသို့ စသည်ဖြင့် ဆိုလေ။ မိုးရေသည် ညှိုးနွမ်း၍နေသော သစ်ပင်တို့အား စိမ်းလန်းသော ရုပ်သစ်တို့ကို ဖြစ်ပွါးစေရန် ကျေးဇူးပြု၏။ ဆောင်းအခါ၌ သီတတေဇောသည် ရေနံစသော အရည်ဝတ္ထုတို့အား အခဲဖြစ်အောင် ကျေးဇူး ပြု၏။ ဟိမဝန္တာစသည်၌ တည်သော သီတတေဇောသည် ရေကိုပင် အစိုင်အခဲ ဖြစ်အောင် ကျေးဇူးပြု၏။ တေဇောသည် ခိုင်မာသော အစိုင်အခဲဝတ္ထုတွေကို အရေဖြစ်အောင် ကျေးဇူးပြု၏။ ကောင်းမွန်လှစွာသော ဆေးဝါးတို့သည် အဇ္ဈတ္တသန္တာန်၌ ကျင်နာသော ဂေလညရုပ်တို့ကို အနာကင်းရှင်းသော အာရောဂျရုပ်တွေဖြစ်အောင် ကျေးဇူးပြုကုန်၏။ (ဤသို့ စသည်ဖြင့် သုတ္တန် ပရိယာယ်အားဖြင့် ရုပ်တရားတို့၌ ပကတူပနိဿယပစ္စည်းရပုံအချက်ကို ကြံစည် ရာ၏။)

ဘုံအားဖြင့် ဤပကတူပနိဿယပစ္စည်းကို ၃၁-ဘုံတို့၌ ရအပ်ပေ၏။

**ပုဂ္ဂိုလ်အားဖြင့်** ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်၏။ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်နှစ်ပါးလုံးတို့၌ပင် ရအပ်၏။ **ကာလအားဖြင့်** ရံခါ တေကာလိက အားဖြင့် ကျေးဇူးပြု၍ ရံခါ ကာလဝိမုတ်အားဖြင့် ကျေးဇူးပြု၏။ ။ပကတူပနိဿယပစ္စည်း ပြီး၏။

ဥပနိဿယပစ္စည်း ပြီး၏။

---

## ၁၀-ပုရေဇာတပစ္စည်း

**(၅၂၇) ဝတ္ထုပုရေ၊ အာပုရေ၊ နှစ်ထွေ-ပုရေဇ။**

ဟူသည်နှင့်အညီ ပုရေဇာတပစ္စည်းသည် (၁) ဝတ္ထုပုရေဇာတပစ္စည်း, (၂) အာရမ္မဏပုရေဇာတပစ္စည်းအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် ဝတ္ထုပုရေဇာတပစ္စည်းသည် (က) ဝတ္ထုပုရေဇာတပစ္စည်း, (ခ) ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းအားဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါးစုံသည် နိဿယပစ္စည်းအရာ၌ ပြဆိုအပ်ပြီးသော ဝတ္ထုပုရေဇာတနိဿယပစ္စည်း, ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတို့နှင့် အစဉ်အတိုင်း အလုံးစုံ တူကုန်၏။

**အာရမ္မဏပုရေဇာတပစ္စည်းကို ဆိုအံ့--**

**(၁) ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ**

**(၅၂၈) ရုပ်နိပ္ဖန်၊ ပစ္စုပ္ပန်၊ အမှန် အာပုရေ။**

(၁) အာရုံပြုခံသော ပစ္စုပ္ပန် နိပ္ဖန္နရုပ် ၁၈-ပါးသည် အာရမ္မဏပုရေဇာတ ပစ္စည်းမည်၏။

(၂) ပဉ္စဝေါကာရဘုံ၌ ထိုနိပ္ဖန္နရုပ် ၁၈-ပါးကို အာရုံပြုသော ကာမစိတ်-၅၄၊ အဘိညာဉ် ၂၊ အပ္ပမညာ၂ကြဉ်သော စေတသိက် ၅၀။ ဤတရားစုသည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အာရမ္မဏပုရေဇာတပစ္စည်းကို မရသော ဒွေပဉ္စဝိညာဏ် ၁၀-နှင့် မနောဓာတ်သုံးခုကြဉ်သော စိတ် ၇၆-ပါး၊ စေတသိက် ၅၂၊ အလုံးစုံသော စတုဇရုပ်။ ဤတရားစုသည် အာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စနိက်မည်၏။

**အာရမ္မဏပုရေဇာတပစ္စယ၌** "အာရမ္မဏမေဝ ပုရေတရံ ဥပ္ပဇ္ဇိတွာ ဝတ္တမာနဘာဝေန ပစ္စယော ဥပကာရကောတိ အာရမ္မဏပုရေဇာတပစ္စယော"။

အာရမ္မဏမေဝ၊ အာရုံသည်ပင်လျှင်။ ပုရေတရံ၊ ပစ္စယုပ္ပန်တို့၏ရှေးဦးစွာ။ ဥပ္ပဇ္ဇိတွာ၊ ဥပါဒ်ဖြစ်ပေါ်၍။ ဝတ္တမာနဘာဝေန၊ ထင်ရှားရှိဆဲ ဝတ္တမာန်၏ အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာရမ္မဏပုရေဇာတပစ္စယော၊ အာရမ္မဏပုရေဇာတပစ္စည်း မည်၏။

**ပုရေဇာတသည် နိဿယ, ပုရေဇာတ တို့မှ အသီးခွဲထွက်လာကြောင်း။** ဤပုရေဇာတပစ္စည်းသည် နိဿယပစ္စည်း, အာရမ္မဏပစ္စည်းတို့မှ အသီးနယ်ခွဲ၍ ထွက်လာသော ပစ္စည်းပေတည်း။ ထိုစကား မှန်၏။ ဝတ္ထုပုရေဇာတပစ္စည်းသည် နိဿယပစ္စည်းကြီးမှ ထွက်လာ၏။ အာရမ္မဏပုရေဇာတပစ္စည်းသည် အာရမ္မဏပစ္စည်းကြီးမှ ထွက်လာ၏။ မှီရာဖြစ်သော ပစ္စည်းတရား အာရုံဖြစ်သောပစ္စည်းတရားတို့အတွင်းမှ ရှေးဦးစွာဖြစ်နှင့်ခြင်းတည်းဟူသော သဘောအထူးကိုစွဲ၍ ဤပုရေဇာတပစ္စည်းကို ဟောတော်မူရသည်ဟု ဆိုလိုသည်။ ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈-ခုတို့သည် မိမိတို့ကို အာရုံပြုသောစိတ်တို့၏ ရှေးဦးစွာ ဖြစ်နှင့်ကုန်၍ ထိုစိတ်တို့အား အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ပဉ္စဒ္វါရဝီထိ, ပစ္စုပ္ပန်ကို အာရုံပြုသော သုဒ္ဓမနောဒွါရဝီထိတို့ကို ချ၍ ကြည့်လေ။

စက္ခုဒွါရ အတိမဟန္တာရုံဝီထိ တခုဖြင့် ပြဆိုအံ့။ ထိုဝီထိ၌ အတိမဟန္တ ဖြစ်သော ရူပါရုံသည် အတီတဘဝင်နှင့် အတူပြိုင်၍ ဥပါဒ်၏။ ထိုအာရုံသည် ပဉ္စဒ္ဝါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော စက္ခုဒွါရိကဝီထိစိတ်တို့၏ အာရုံပြုကို ခံ၏။ အာရုံပြုကြသော ပဉ္စဒ္ဝါရာဝဇ္ဇန်းအစရှိသော စိတ်တို့သည် အာရုံပြုခံသော ရူပါရုံဖြစ်ပြီးသော နောက် စိတ္တက္ခဏသုံးချက် ခဏငယ်ကိုးချက်စသည် ကြာမြင့်သောကာလ၌သာ ဖြစ်ကြကုန်၏။ ထိုကြောင့် အတိမဟန္တရူပါရုံသည် ပဉ္စဒ္ဝါရာ-ဝဇ္ဇန်းအစရှိသော စက္ခုဒွါရိကဝီထိစိတ်တို့အား အာရမ္မဏ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်လေသည်။ သောတဒွါရဝီထိ စသည်တို့၌လည်း ဤနည်းအတူ သိလေ။

**သဟဇာတ နိပ္ဖန္နရုပ်သည် ရံခါ အာရမ္မဏပစ္စည်းတပ်ကြောင်း။** ဤအရာ၌ နိပ္ဖန္နရုပ် ၁၈-ခုသည် အာရမ္မဏပစ္စည်းတပ်ရာ ပုရေဇာတသာ ဖြစ်သည်။ သဟဇာတမရှိဟု အမြဲယူရန်ရှိသော်လည်း ထိုသို့ အမြဲ မယူမူ၍ ရံခါရံဖန် ပုရေဇာတ မဟုတ်၊ သဟဇာတဖြစ်သော နိပ္ဖန္နရုပ်သည်လည်း အာရမ္မဏပစ္စည်းတပ်၏ဟူ၍ ယူသင့်သေး၏။ ထိုအခါ အာရမ္မဏ သဟဇာတပစ္စည်းဟူ၍ ဆိုသင့်၏။ အဘယ်အခါ၌ သဟဇာတဖြစ်သောရုပ်သည် အာရမ္မဏသတ္တိဖြင့် နာမက္ခန္ဓာအား ကျေးဇူးပြုပါသနည်းဟူမူ—အရာ အထောင်

စသော နိမိတ္တရုပ်ကို ဖန်ဆင်းရာ၌ ဣဒ္ဓိဝိဓအဘိညာဉ်စိတ်သည် မိမိဖြစ်စေအပ်သော မိမိနှင့် အတူတကွဖြစ်သော သဟဇာတနိမိတ္တရုပ်ကို အာရုံပြုနိုင်၏။ ထိုအခါ သဟဇာတရုပ်သည် အာရမ္မဏသတ္တိဖြင့် နာမက္ခန္ဓာအား ကျေးဇူးပြုသည် ဟူလို။ ဤကို ရည်၍ ပဋ္ဌာန်းအနုဋီကာ ပဋ္ဌာဝါရ အနုလောမ အဖွင့် ၃၀၃-၌—

> အဘိညာဉာဏဿ ပန ကဒါစိ သဟဇာတမ္ပိ အာရမ္မဏပစ္စယော ဟောတိယေဝ။

ဟူ၍ မိန့်တော်မူလေသည်။

(အနက်ကား) ပန၊ အထူးကို ဆိုဦးအံ့။ အဘိညာဉာဏဿ၊ ဣဒ္ဓိဝိဓအဘိညာဉ်ဉာဏ်အား။ ကဒါစိ၊ ရံခါရံဖန်။ သဟဇာတမ္ပိ၊ သတ္တ သဟာဿ အစရှိသော နိမိတ္တရုပ်ဟုဆိုအပ်သော သဟဇာတအာရုံသည်လည်း။ အာရမ္မဏပစ္စယော၊ အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင်တည်း။

**အာရမ္မဏ သဟဇာတမျိုးရှိလျက် ဘုရားရှင်မဟောခြင်းအကြောင်း။**

ထိုသို့ပြဆိုအပ်ပြီးသောအတိုင်း အာရမ္မဏသဟဇာတမျိုးရှိပါလျှင် အဘယ်ကြောင့် ပဋ္ဌာန်းပါဠိတော်ကြီး၌ မြတ်စွာဘုရား ဝေဖန်တော်မမူအပ်သနည်းဟူမူ ထိုအာရမ္မဏသဟဇာတသည် အလွန်နည်းလှ၏။ ထင်လည်း မထင်ရှားလှချေ။ ထိုကြောင့် မဝေဖန်အပ်သည်ဟူလို။ ထိုကြောင့် ယခင် အနုဋီကာ ၃၀၃-၌ပင်လျှင်—

> အပ္ပစုရဘာဝတော အပါကဋဘာဝတော စ တံ န ဂဟိတံ။

ဟူ၍ ဖြေဆိုတော်မူ၏။

(အနက်ကား) တံ၊ ထိုအာရမ္မဏသဟဇာတမျိုးကို။ အပ္ပစုရဘာဝတော စ၊ မများသည်၏အဖြစ်ကြောင့်ရင်း။ အပါကဋဘာဝတော စ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်ရင်း။ န ဂဟိတံ၊ ပဋ္ဌာန်းပါဠိတော်၌ မယူအပ်။

**ကာမပဋိသန္ဓေစိတ် အာရမ္မဏပုရေဇာတ ပစ္စည်း မရနိုင်ကြောင်း ရှင်းပြချက်။**

ထို့မှ တပါး ပဋ္ဌာန်း ပါဠိတော်အနန္တရပစ္စည်းအရာ၌ "ပစ္စုပ္ပန္နာရမ္မဏံ ပဋိသန္ဓိစိတ္တံ ပစ္စုပ္ပန္နာရမ္မဏဿ ဘဝင်္ဂဿ အနန္တရပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသည်ကိုထောက်လျှင် ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်, ဂတိနိမိတ်တို့ကိုအာရုံပြု၍ဖြစ်သောအခါ ကာမပဋိသန္ဓေစိတ်သည် အာရမ္မဏပုရေဇာတပစ္စည်းကို ရနိုင်၏ဟူ၍ ယူသင့်လေ၏။ ထိုသို့ပင် ယူသင့်ပြန်ပါသော်လည်း ပုရေဇာတပစ္စည်း၏ ပစ္စနိက်၌ ပဋိသန္ဓေ

စိတ်ကို ထည့်၍ဟောတော်မူပြန်သောကြောင့် ထိုပဋိသန္ဓေစိတ်သည် အာရမ္မဏ-ပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် မဖြစ်ထိုက်။ အာရမ္မဏပုရေဇာတပစ္စည်းကို မရထိုက်ဟု သိသာ၏။ ပဋိသန္ဓေစိတ်၏ အာရမ္မဏပုရေဇာတပစ္စည်းကို မရထိုက်ကြောင်းကိုပြဆိုလတ္တံ့သော အဓိပ္ပါယ်ဖြင့် မူလဋီကာဆရာစသည်တို့ ဖြေကြားတော်မူကြကုန်၏။

> အာရမ္မဏပုရေဇာတံ ဟိ ဝတ္ထုပုရေဇာတေ အဝိဇ္ဇမာနေ န လဗ္ဘတိ။

ပဋ္ဌာန်းမူလဋီကာ။

ဟိ၊ မှန်၏။ ဝတ္ထုပုရေဇာတေ၊ ဝတ္ထုပုရေဇာတပစ္စည်းသည်။ အဝိဇ္ဇမာနေ၊ မရှိသည်ရှိသော်။ အာရမ္မဏပုရေဇာတံ၊ အာရမ္မဏပုရေဇာတပစ္စည်းကို။ န-လဗ္ဘတိ၊ မရအပ်။ (ဤကား အနက်။)

ပဋိသန္ဓေစိတ်သည် ဝတ္ထုပုရေဇာတပစ္စည်းကို မရ။ ဝတ္ထုပုရေဇာတကိုရမှသာလျှင် အာရမ္မဏပုရေဇာတပစ္စည်းကို ရနိုင်သောကြောင့် ဝတ္ထုပုရေဇာတပစ္စည်းမှ ကင်းသော ကာမပဋိသန္ဓေသည် ပစ္စုပ္ပန်နိမိတ်ကိုအာရုံပြုသော်လည်း အာရမ္မဏပုရေဇာတပစ္စည်းကို မရနိုင်လေ။ ထိုသို့ဖြစ်လျှင် ထိုကာမပဋိသန္ဓေစိတ်၏ ပစ္စုပ္ပန်အာရုံကို ဘယ်အာရုံဟူ၍ ဆိုရမည်နည်း ဟူမူ။ ဘဝတပါးက အာရုံဖြစ်၍ ဘဝခြားလေသဖြင့် ထင်ရှားသောအာရုံ မဟုတ်လေသောကြောင့် သာမညအာရုံဟူ၍ ဆိုထိုက်၏။ ထိုအာရုံသည် ကာမပဋိသန္ဓေစိတ်အား အာ-ရမ္မဏပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြုသည်။ အာရမ္မဏပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်ဟူ၍ ဆိုလိုသည်။ ဤအဓိပ္ပါယ်ကိုရည်၍ ဂုဏ်းအဖွင့်အနုဋီကာ ၂၅၆-၌—

> သတိပိ ကဿစိ ပဋိသန္ဓိဝိဘာဝိနော အာရမ္မဏပုရေဇာတေ ဝိဘူတံ ပန ကတွာ အာရမ္မဏကရဏာဘာဝတော အဝိဇ္ဇမာနသဒိသံ။

ဟူ၍ဆို၏။

(အနက်ကား) ပဋိသန္ဓိဝိဘာဝိနော။ ပဋိသန္ဓေကိစ္စဖြင့်ဖြစ်လေ့ရှိသော။ ကဿစိ၊ အချို့သော ကာမဝိပါက်စိတ်၏။ အာရမ္မဏပုရေဇာတေ၊ ရှေး၌ဖြစ်သော ပစ္စုပ္ပန်အာရုံသည်။ သတိပိ၊ ရှိပါသော်လည်း။ ပန၊ စင်စစ်။ ဝိဘူတံ၊ ထင်ရှားသည်ကို။ ကတွာ၊ ပြု၍။ အာရမ္မဏကရဏာဘာဝတော၊ အာရုံပြုမှု၏ မရှိခြင်းကြောင့်။ အဝိဇ္ဇမာနသဒိသံ၊ အာရမ္မဏပုရေဇာတ မရှိသည်နှင့် တူသည်။ ဟောတိ၊ ဖြစ်၏။

**ပစ္စယုပ္ပန်စိတ်ဖြစ်သော အဘိညာဏ်ဒွေအကြောင်း။** ။ပစ္စယုပ္ပန်စိတ်တို့တွင် အဘိညာဉ်ဒွေ ဆိုသည်ကား ပစ္စုပ္ပန်ရူပါရုံအမျိုးမျိုးကို အာရုံပြုသော ဒိဗ္ဗစက္ခုကုသိုလ်, ကြိယာ အဘိညာဉ်။ ပစ္စုပ္ပန်သဒ္ဒါရုံအမျိုးမျိုးကို အာရုံပြုသော ဒိဗ္ဗသောတ ကုသိုလ်, ကြိယာ အဘိညာဉ်။ ပစ္စုပ္ပန်ဖြစ်သော နိမ္မိတရုပ်ကို အာရုံပြုသော ဣဒ္ဓိဝိဓ ကုသိုလ်, ကြိယာ အဘိညာဉ်။ စုတိခါနီးသောသတ္တဝါ, ပဋိသန္ဓေနေပြီးခါစ ဖြစ်သောသတ္တဝါကို ရှုကြည့်ရာ ပစ္စုပ္ပန်ရုပ်တရားလျှင် အာရုံရှိသော ဒိဗ္ဗစက္ခု အဘိညာဉ်ဟု ဆိုအပ်သော စုတူပပါတ ကုသိုလ်,ကြိယာ အဘိညာဉ်တို့ကို ဆိုသည်။ ဆိုပြီးမှတပါးသော အဘိညာဉ်တို့သည် အာရမ္မဏပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန် မဖြစ်နိုင်။

**အပ္ပမညာဒွေ**သည် **ကေန်အားဖြင့်** သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် ဤအာရမ္မဏပုရေဇာတပစ္စည်း၏ ပစ္စယုပ္ပန် မဖြစ်နိုင်ချေ။ ထိုကြောင့် ပစ္စယုပ္ပန်မှ ကြဉ်ရလေသည်။

**မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့ကိုလည်း** အာရမ္မဏပုရေဇာတအာရုံကို အာရုံ မပြုနိုင်ကြကုန်သောကြောင့် ပစ္စယုပ္ပန်မှ ကြဉ်ရလေသည်။

**ဒွေပဉ္စဝိညာဏ်-၁၀**တို့သည် ပစ္စုပ္ပန်ပဉ္စာရုံကို **ကေန်**အာရုံပြုသောကြောင့် ပစ္စယုပ္ပန် မြဲ၏။ ထိုကြောင့် ပစ္စနိက်မှာ မထည့်ဘဲကြဉ်လေသည်။ စိတ်တခု ယုတ် ကိုးဆယ်တို့တွင် ဒွေပဉ္စဝိညာဏ် ၁၀-တို့သည် အမြဲပင် အာရမ္မဏပုရေဇာတ ပစ္စယုပ္ပန် ဖြစ်ကုန်၏။ ဒွေပဉ္စဝိညာဏ် ၁၀-မှတပါးသော **ကာမစိတ် ၄၄နှင့် အဘိညာဉ်ဒွေ**တို့သည် ရံခါ ပစ္စယုပ္ပန်ဖြစ်၍ ရံခါ ပစ္စယုပ္ပန်မဖြစ်ကုန်။ မဟဂ္ဂုတ်စိတ် လောကုတ္တရာစိတ်တို့သည် အချင်းခပ်သိမ်း ပစ္စယုပ္ပန်မဖြစ်ကုန်။

**ဘုံအားဖြင့်** ဤအာရမ္မဏပုရေဇာတပစ္စည်းကို ပဉ္စဝေါကာရဘုံ၌သာလျှင် ရအပ်၏။ စတုဝေါကာရဘုံ ဧကဝေါကာရဘုံတို့၌ မရအပ်။

**ပုဂ္ဂိုလ်အားဖြင့်** မဂ္ဂဋ္ဌာန်လေးယောက်ကြဉ်သော ပုဂ္ဂိုလ်ရှစ်ယောက်တို့၌ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်အနေနှင့်သာ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

ထိုကြောင့် ပဋ္ဌာန်းပါဠိတော်၌—

ပစ္စုပ္ပန္နော ဓမ္မော ပစ္စုပ္ပန္နဿ ဓမ္မဿ ပုရေဇာတပစ္စယေန ပစ္စယော။
အာရမ္မဏပုရေဇာတံ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ သောတံ ဃာနံ, ဇိဝှံ, ကာယံ, ရူပေ, သဒ္ဒေ, ဂန္ဓေ, ရသေ,

ဖောဋ္ဌဗ္ဗေ, ဝတ္ထုံ, ပစ္စုပ္ပန္နေ ခန္ဓေ,အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ပစ္စုပ္ပန္နံ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ။

အစရှိသည်ဖြင့် ပစ္စုပ္ပန္နဝါရကို ဟောတော်မူသည်။ ရှေး၌ဖြစ်၍ ကျေးဇူးပြုသည်ဆိုသော်လည်း အတိတ်မဟုတ်ဟု သိရာ၏။ ။အာရမ္မဏပုရေဇာတပစ္စည်း ပြီး၏။

ပုရေဇာတပစ္စည်း ပြီး၏။

## ၁၁-ပစ္ဆာဇာတပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

(၁) ပဋိသန္ဓေ ဝါကာရဘုံ၌ အရူပဝိပါက်လေးခုကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်ဖြစ်သော စိတ် ၈၅-ခု၊ စေတသိက် ၅၂-သည် ပစ္ဆာဇာတပစ္စည်းမည်၏။

(၂) ပဋိသန္ဓေအစရှိသော ရှေ့ရှေ့သောစိတ်နှင့် အတူဥပါဒ်၍ ဌီသို့ ရောက်ဆဲဖြစ်သော ထိုက်သည်အားလျော်စွာ စတုဇရုပ်စုသည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ပစ္ဆာဇာတ ပစ္စည်းကိုမရသော အဇ္ဈတ္တ,ဗဟိဒ္ဓဖြစ်သော အလုံးစုံသော စတုဇရုပ်၊ ဤတရားစုသည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်မည်၏။

**ပစ္ဆာဇာတပစ္စယ၌** "ပစ္ဆာဇာတော ဟုတွာ ပစ္စယော ဥပကာရကောတိ ပစ္ဆာဇာတပစ္စယော"။ ပစ္ဆာဇာတော၊ ပစ္စယုပ္ပန်၏နောက်မှဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ပစ္ဆာဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စည်းမည်၏။ နောက်မှဖြစ်၍ ရှေ့ကဖြစ်နှင့်သော တရားတို့အား ကျေးဇူးပြုသောပစ္စည်းသည် ပစ္ဆာဇာတ ပစ္စည်းမည်၏။ ပထမဘဝင်အစရှိသော နောက်နောက်ဖြစ်သော စိတ်စေတသိက်တို့သည် သတ္တဝါတို့၏ သန္တာန်၌ ပဋိသန္ဓေအစရှိသော ရှေ့ရှေ့စိတ်တို့နှင့် အတူဥပါဒ်၍ဌီသို့ ရောက်ဆဲဖြစ်သော ရုပ်တို့အား ခိုင်မြဲစွာတည်စေခြင်းငှါ ပစ္ဆာဇာတ သတ္တိဖြင့် ထောက်ပံ့သမှုကျေးဇူးပြု၏ဟု ဆိုလိုသည်။ ဤပစ္ဆာဇာတကိုရည်၍—

(၅၂၉) **သတ္တိရှိနေ၊ ဌီရုပ်တွေအား၊ စိတ်,စေ,နှစ်ဖြာ၊ နောက်နောက်လာ၊ တည်ငှါ-ပစ္ဆာဇ။**

ဟူ၍ ဆိုတော်မူသည်။

**ပစ္ဆာဇာတပစ္စည်း၏ ကျေးဇူးပြုပုံဥပမာ။** ။ဥပမာအားဖြင့် ရှေးက ပေါက်ရောက်ကြီးပွါးနှင့်သော သစ်ပင်ငယ်တို့အား နောက်မှသွန်းလောင်းအပ်သော ရေသည် စည်ပင်ကြီးပွါးစေခြင်းငှါ ကျေးဇူးပြုဘိသကဲ့သို့ ရှေး၌ဖြစ်နှင့်ကြကုန်သော စတုသမုဋ္ဌာနိကရုပ်တရားတို့အား နောက်နောက်မှဖြစ်သော နာမ်တရားတို့သည် စည်ပင်ကြီးပွါးစိမ့်သောငှါလည်း၊ နောင်ထပ်မံ၍ မိမိနှင့်တူသော ရုပ်အစဉ် ဆက်လက်ဖြစ်ပွါးစိမ့်သောငှါလည်း၊ ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုကြလေကုန်သည်။ အဋ္ဌကထာကြီး၌ကား လင်းတငယ်ဥပမာဖြင့်ပြဆို၏။ သစ်ပင်ငယ်ဥပမာ၌ ရှေးကာလ၌ ပေါက်ရောက်ဖြစ်ပွါးနှင့်သော အင်ကြင်းပင်ငယ်တို့သည် နောက်အခါကာလ၌ နှစ်စဉ်မပြတ် ရွာသွန်းသောမိုဃ်းရေ၏ အစွမ်းအားဖြင့် စည်ပင်ကြီးပွါးခြင်းသို့ တဆင့်တဆင့်ရောက်ကြကုန်ပြီးလျှင် ထိုနေရာဌာန၌ မဟာကပ်ဆုံးသည်တိုင်အောင်ပင် အင်ကြင်းမှိုင်ကြီး အင်ကြင်းတောကြီးဖြစ်အောင်ပင် ရှက်ဆောင်နိုင်ကြကုန်၏။ ထိုအတူ ပဋိသန္ဓေခဏမှအစပြု၍ ရှေ့ဖြစ်သောစိတ်တို့အခိုက်၌ ဖြစ်ပေါ်ဥပါဒ်ကြကုန်၍ သတ္တဝါတို့၏ တကိုယ်လုံး၌ တည်ရှိကြကုန်သော ကမ္မဇကာယ, စိတ္တဇကာယ, ဥတုဇကာယ, အာဟာရဇကာယ ရုပ်တရားတို့သည် ထင်ရှားရှိကြကုန်၏။ ထိုစတုသမုဋ္ဌာနိက ရုပ်တရားတို့သည် နောက်၌ဖြစ်ပေါ်ကြကုန်သော ပထမဘဝင်အစရှိသော စိတ်စေတသိက်တို့၏ အစွမ်းအားဖြင့် အဆင့်ဆင့် စည်ပင်ကြီးပွါးခြင်းသို့ ရောက်ကြကုန်ပြီးလျှင် အသက်သေဆုံးသည်တိုင်အောင် အဆင့်ဆင့်သော စတုသမုဋ္ဌာနိကရုပ်တို့ကို ဖြစ်ပေါ်စေခြင်းငှါ ဆောင်ရွက်ကြလေကုန်၏။ နှစ်စဉ်ရွာသွန်းသော မိုဃ်းရေတို့၏ စောင့်ရှောက်မှုကြောင့် ကမ္ဘာဆုံးသည်တိုင်အောင် အင်ကြင်းတောကြီး ဖြစ်လေဘိသကဲ့သို့ ပစ္ဆာဇာတဖြစ်သော နာမ်တရားတို့၏ စောင့်ရှောက်မှုကြောင့် သတ္တဝါတို့၏ စတုသမုဋ္ဌာနိကရူပကာယကြီးသည် မသေမခြင်း မပုပ်မသိုး လတ်လတ်ဆတ်ဆတ် အရှင်ကဲ့သို့ တည်နိုင်လေသည်။

**နောက်နာမ်က ရှေးရုပ်ကို ကျေးဇူးပြုပုံကို စိစစ်ချက်။** ။နောက်၌ဖြစ်သော နာမ်တို့က ရှေးကဖြစ်နှင့်သောရုပ်တို့အား ကျေးဇူးပြု၏ဟုဆိုရာဝယ် ဘယ်မျှလောက် ရှေးကျသောကာလကဖြစ်သော ရုပ်တို့အား ကျေးဇူးပြုပါသနည်းဟု စိစစ်စောကြောဘွယ်ရှိ၏။ ဤအရာ၌ နောက်ဖြစ်သော ပစ္ဆာဇာတစိတ်သည် မိမိ၏အခြားမဲ့၌ဖြစ်သော ရှေ့စိတ်နှင့်ဥပါဒ်ပြိုင်သော ရုပ်တို့အား ကျေးဇူးပြု၏ဟူ၍ ဆိုရိုးပြုကြကုန်၏။ သို့သော်လည်း ပစ္ဆာဇာတစိတ်သည် မိမိ၏ရှေး၌ ရှစ်ခုမြောက်သော စိတ်နှင့်အတူဥပါဒ်သော ရုပ်တို့တိုင်အောင်ပင် ကျေးဇူးပြုနိုင်၏ဟူ၍ ဆိုသင့်၏။ ထိုစကားမှန်၏။ ထိုမျှလောက်သော ကာလသည် ရုပ်တရားတို့၏ တိုးပွါးစည်ပင်

ဆဲကာလမည်၏။ ဆိုပြီးသော ရှစ်ခုမြောက်သောစိတ်မှ ရှေးကာလ၌ဖြစ်သော ရုပ်တို့သည် တိုးပွါးသောအဘို့မှ လျော့ကျ၍ "ဟာယနပက္ခ" ဟုဆိုအပ်သော ဆုတ်ယုတ်သော အဘို့၌ တည်သည်မည်ကုန်၏။ ထိုအခါ ပစ္ဆာဇာတပစ္စည်းသတ္တိဖြင့် တစုံတရာအကျိုးမရှိလေပြီ။ အဓိပ္ပါယ်တနည်းသော်ကား ပစ္ဆာဇာတစိတ်သည် မိမိ၏ ရှေ့တဆဲ့ခြောက်ချက်မြောက်သော သောဠသမစိတ်နှင့်အတူ ဥပါဒ်သော ရုပ်တို့တိုင်အောင်ပင် ကျေးဇူးပြု၏ဟူ၍လည်း ဆိုသင့်၏။ ထိုစကားမှန်၏။ မရဏာသန္နအခါ၌ စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တဆဲ့ခြောက်ခုမြောက်သော စိတ်နှင့်ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် စုတိစိတ်အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုလေဘိသကဲ့သို့ စုတိစိတ်သည်လည်း ထိုဟဒယဝတ္ထုအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်သာဟု သိသာ၏။ ကျေးဇူးမပြုနိုင်ဟူ၍ မဆိုသာချေ။ ဤအချက်ကို ထောက်၍ ပစ္ဆာဇာတဖြစ်သောစိတ်သည် မိမိ၏ရှေ့ တဆဲ့ခြောက်ခုမြောက်သော စိတ်နှင့်အတူဥပါဒ်သော စတုသမုဋ္ဌာနိကရုပ်တို့တိုင်အောင်ပင် ဤအတွင်း၌ ဖြစ်လေသမျှသော ရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုနိုင်၏ဟူ၍ သိသင့်ပေသည်။ ထောက်စရာနှင့်တချက်မှာ ဥပတ္ထမ္ဘနသတ္တိဖြင့် ထောက်ပံ့တတ်သော အာဟာရသည် ကြီးပွါးဆဲအဘို့၌တည်သော ရုပ်တို့ကိုသာလျှင် ထောက်ပံ့နိုင်၏။ ယုတ်လျော့အားနည်းသော အဘို့၌ တည်သော ရုပ်တို့ကိုမူကား ထောက်ပံ့နိုင်သည်မဟုတ်ဟု မဆိုထိုက်ပေ။ စင်စစ်မူကား ထိုဟာယနပက္ခ၌တည်သော ရုပ်တို့အားလည်း ထိုက်သင့်သည်အားလျော်စွာ ဥပတ္ထမ္ဘနသတ္တိဖြင့် ထောက်ပံ့နိုင်သည်သာ ဖြစ်၏။ ထိုအတူပင် ဤပစ္ဆာဇာတပစ္စည်းသည်လည်း တိုးပွါးဆဲ 'ဝဍ္ဎနပက္ခ' ၌တည်သော ရုပ်တို့ကိုသာ ကျေးဇူးပြုနိုင်သည် မဟုတ်၊ ဆုတ်ယုတ်ဆဲ 'ဟာယနပက္ခ' ၌တည်သော ရုပ်တို့အားလည်း ကျေးဇူးပြုနိုင်သည်သာ ဖြစ်၏ဟူ၍ မှတ်အပ်၏။

နာမ်တရားတို့၏ တန်းခိုးအာနုဘော်သည် ပြန့်ကျယ်ကြီးမားသော အစွမ်းသတ္တိရှိ၏။ ထို့ကြောင့် တစိတ်တဒေသ ကိုယ်ခန္ဓာအတွင်းမှာ တည်ရှိသော ဟဒယဝတ္ထုထဲ၌ဖြစ်သော နာမ်တရားတို့သည် တကိုယ်လုံး၌ တည်ရှိသော စတုသမုဋ္ဌာနိကရုပ်တရားတို့အား ကျေးဇူးပြုနိုင်ကြလေကုန်သည်။ ထို့ကြောင့်—

> ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

ဟူ၍ ဟောတော်မူရလေသည်။

**ပဋိသန္ဓေအခိုက်၌ ကမ္မဇရုပ်များသည် ပစ္ဆာဇာတပစ္စည်းကို မရ။** ပဋိသန္ဓေစိတ်သည် မိမိ၏ ရှေး၌ဖြစ်နှင့်သော ရုပ်မရှိခြင်းကြောင့် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ ။ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်နှင့် ဥပါဒ်ပြိုင်သော

ကမ္မဇရုပ်နှင့် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ဖြစ်သော ဥတုဇရုပ်တို့အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုအခါ ဒွိဇရုပ်သာ ရှိသေး၏။ ။ဒုတိယဘဝင်စိတ်သည် ရှေး၌ဖြစ်နှင့်ကုန်သော ကမ္မဇ,ဥတုဇ,စိတ္တဇဟု ဆိုအပ်သော တိဇကာယရုပ်တို့အား ကျေးဇူးပြု၏။ အာဟာရဇရုပ်ဖြစ်ချိန်တန်သောအခါ၌မူကား ပစ္ဆာဇာတစိတ်သည် ပုရေဇာတဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့အား ကျေးဇူးပြု၏။

အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ကား အာဟာရဇရုပ်၏ မရှိခြင်းကြောင့် ပစ္ဆာဇာတစိတ်သည် ပုရေဇာတဖြစ်သော တိဇရုပ်အားသာလျှင် ကျေးဇူးပြုနိုင်၏။

**အရူပဘုံ၌ ဖြစ်သော စိတ်များ** အရူပဘုံ၌ဖြစ်သောစိတ်တို့သည် ထိုဘုံမှာ **ပစ္ဆာဇာတပစ္စည်း မတပ်နိုင်။** ။ ရုပ်မရှိခြင်းကြောင့် ပစ္ဆာဇာတပစ္စည်း မတပ်နိုင်လေ။ ပဉ္စဝေါကာရပဋိသန္ဓေစိတ်သည်လည်း ရှေး၌ဖြစ်နှင့်သော ရုပ်မရှိခြင်းကြောင့် ပစ္ဆာဇာတပစ္စည်း မတပ်နိုင်လေ။

**ပစ္ဆာဇာတပစ္စနိက်များ။** ။အသညသတ်ဘုံ၌မူကား ပစ္ဆာဇာတပစ္စည်းတပ်ရန် နာမ်တရား အလျှင်းပင် မရှိလေ။ ထို့ကြောင့် အသညသတ်ဘုံ၌ဖြစ်သော ရုပ်တို့သည် တော,တောင်,ရေ,မြေစသည်၌ တည်သော ဗဟိဒ္ဓရုပ်များလို ပစ္ဆာဇာတပစ္စည်း၏ ပစ္စနိက်မြဲကုန်၏။

နိရောဓသမာပတ်ဝင်စားသောအခါ နေဝသညာနာသညာယတနအဆုံးဇောနှင့် အတူဥပါဒ်သော စိတ္တဇရုပ်, ထိုခဏမှစ၍ နောက်နောက်ခဏတို့၌ ဖြစ်ကြကုန်သော အနာဂါမိဖိုလ်ဇော,အရဟတ္တဖိုလ်ဇောတို့မဖြစ်မီ ချုပ်နှင့်ကြကုန်သော ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည်လည်း ပစ္ဆာဇာတပစ္စည်းကို မရကုန်သောကြောင့် ပစ္ဆာဇာတပစ္စနိက်၌ ဝင်ကြကုန်၏။

စုတိစိတ်နှင့် အတူဥပါဒ်သော စိတ္တဇ, ဥတုဇ, အာဟာရဇတို့သည်လည်း ပစ္ဆာဇာတပစ္စည်းကို မရကြကုန်။

**ပစ္ဆာဇာတပစ္စယုပ္ပန်ဖြစ်ပည်မထင်သောရုပ်များ။** ။ရုပ်-၂၈-ပါးတို့တွင် အာကာသ,ဝိညတ်ဒွေ့,ဥပစယ, သန္တတိ, အနိစ္စတာရုပ်တို့သည် ပစ္ဆာဇာတပစ္စည်း၏ ပစ္စယုပ္ပန် ဖြစ်အံ့သကဲ့သို့ မထင်။ ထောက်စာရန်သဘောယုတ္တိမှာ **အာကာသ**သည် ပရိစ္ဆေဒလက္ခဏာမျှဖြစ်၍ နာမ်တရားတို့၏ ပစ္ဆာဇာတပစ္စယသတ္တိကို ခံယူရန် အထည်အသား မရှိချေ။ **ဝိညတ်**ဒွေ့သည် မိမိ၏ အကြောင်းဖြစ်သောစိတ်နှင့် အတူပြိုင်၍ချုပ်၏။

**ဥပစယ,သန္တတိတို့သည်ဥပါဒ်သဘောမျှသာဖြစ်၏။အနိစ္စတာသည်ဘင်သဘော** မျှသာဖြစ်၏။

**ပညာရှိဆရာကြီးတို့၏ပစ္ဆာဇာတအစိပ်ပွါယ်အထူး။** ။ဤပစ္ဆာဇာတ ပစ္စည်း အရာ၌ ပြဆိုလတ္တံ့သော သဘောအစိပ်ပွါယ် အထူးကိုလည်း ဆရာကြီးတို့ မိန့်ဆိုတော်မူကြကုန်သေး၏။ ရှေ့စိတ်နှင့်အတူဥပါဒ်၍ ဌီခဏ ဘင်ခဏ အခိုက်သို့ရောက်နှင့်သော ရုပ်စုသည် ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုလတ္တံ့သော နောက်စိတ် မဖြစ်ပေါ်မီကပင် ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့မှုဟုဆိုအပ်သော ကျေးဇူးကို ခံစားနှင့်ရသည်ဟု ဆိုတော်မူကြကုန်၏။ ဥပမာကား ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်သည် ထိုစိတ်၏ဌီအခိုက်၌ နောင်ဖြစ်လတ္တံ့သော ပထမဘဝင်၏ ပစ္ဆာဇာတ-ပစ္စယသတ္တိကို ခံစားနှင့်ရ၏။ ထိုပြင် ပဋိသန္ဓေစိတ်၏ ဌီခဏ၌ဖြစ်သော ဥတုဇရုပ်တို့သည် ထိုစိတ်၏ ဘင်သို့ရောက်လျှင်နောင်ဖြစ်လတ္တံ့သော ပထမဘဝင်၏ ပစ္ဆာဇာတပစ္စယသတ္တိကို ခံစားနှင့်ရ၏ ဟူလိုသည်။ ထိုစကားကို ရှိသေသော အားဖြင့် စဉ်းစားဆင်ခြင်သော် ပစ္ဆာဇာတပစ္စည်းသည် အတ္ထိပစ္စည်း၌ပါဝင် ခဲ့၏။ အတ္ထိပစ္စည်းဆိုသည်လည်း "ပစ္စုပ္ပန္နလက္ခဏေန အတ္ထိဘာဝေန တာဒိ-သဿေဝ ဓမ္မဿ ဥပတ္ထမ္ဘကတ္တေန ဥပကာရကော ဓမ္မောတိ အတ္ထိပစ္စယော" ဟူ၍ ပဋ္ဌာန်းအဋ္ဌကထာကြီး၌ ဆိုသောကြောင့် ပစ္စုပ္ပန်အနေအားဖြင့် ထင်ရှား ရှိဆဲခဏ၌သာ ကျေးဇူးပြုနိုင်၏။ အကယ်၍ ဆရာမြတ်တို့၏ စကားအတိုင်း မိမိမဖြစ်မပေါ်မီက ပစ္စယုပ္ပန်ဖြစ်လတ္တံ့သောရုပ်တို့အား တင်ကြို၍ ပစ္ဆာဇာတ-ပစ္စယသတ္တိကို ပေးရန်လည်း ခက်ခဲစွာ၏။ အကယ်၍ တင်ကြို၍ ပစ္စယုပ္ပန်ဖြစ် လတ္တံ့သော ရုပ်တို့အား ပစ္ဆာဇာတပစ္စယသတ္တိကို ပေးပါမူ အနာဂတ်အားဖြင့် ကျေးဇူးပြုသည် မည်ပြန်ရာ၏။ အတ္ထိပစ္စည်းသဘောနှင့်လည်း ဆန့်ကျင်ခဲ့ရာ၏။ ထို့ကြောင့် ထိုဆရာမြတ်တို့၏စကားကို ခိုင်မြဲစွာရှိလေအောင် အားထုတ်၍ ကြံစည်စူးစမ်းသင့်လေ၏။

ဘုံအားဖြင့် ဤပစ္ဆာဇာတပစ္စည်းကို ပဉ္စဝေါကာရဘုံ၌သာ ရအပ်၏။ စတု-ဝေါကာရ, ဧကဝေါကာရဘုံတို့၌ မရအပ်။

ပုဂ္ဂိုလ်အားဖြင့် တကျိပ်နှစ်ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်၏။ **သန္တာန် အားဖြင့်** အဇ္ဈတ္တသန္တာန်၌သာ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်ဖြစ်၍သာ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

ပစ္ဆာဇာတပစ္စည်း ပြီး၏။

## ၁၂-အာသေဝနပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

(၁) ရှေးရှေးဖြစ်သော လောကီဇော ၄၇-ပါး၊ စေတသိက် ၅၂-ပါးသည် အာသေဝနပစ္စည်းမည်၏။

(၂) ပထမဇော, ဖိုလ်ဇော ကြဉ်သော နောက်နောက်သောဇော ၅၁-ပါး၊ စေတသိက် ၅၂-ပါးသည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) ကာမ ပထမဇော၊အာဝဇ္ဇန်း ဒွေ၊ ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် ဒွေပညာသ၊ အလုံးစုံသော စတုဇရုပ်။ ဤတရားစုသည် အာသေဝန ပစ္စည်း၏ ပစ္စနိက်မည်၏။

**အာသေဝနပစ္စယ**၌ "အာသေဝတိ ပုနပ္ပုနံ ပဝတ္တတီတိ အာသေဝနံ"။ အာသေဝတိ၊ မှီဝဲသမှု အဘုံပြုတတ်၏။ ပုနပ္ပုနံ၊ အဖန်ဖန်။ ပဝတ္တတိ၊ ဆင့်ကာ ဆင့်ကာ ဖြစ်လာတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ အာသေဝနံ၊ အာသေဝနမည်၏။ အဓိပ္ပါယ်ကား ကုသိုလ်အစရှိသော တရားသည် မိမိနှင့် ဇာတ်အားဖြင့် တူမျှသော ပယောဂဖြင့် ပြီးစီးစေအပ်သောတရားမျိုးကို မိမိ၏ အခြားမဲ့ အနန္တရ၌ အဖန်ဖန်ဖြစ်အောင် ကျေးဇူးပြုမှုသည် အာသေဝနသတ္တိ မည်၏။ တနည်းကား မိမိ၏အခြားမဲ့၌ ဖြစ်သောတရားကို မိမိနှင့် သဘောတူ သည်၏အဖြစ်သို့ ရောက်အောင် ကျေးဇူးပြုမှုသည် အာသေဝနသတ္တိမည်၏။ ထိုသို့ ကျေးဇူးပြုမှုကို "ထုံသည်"ဟု ဆိုသည်။ ဥပမာအားဖြင့် တခုသော နံ့သာကြုတ်, နံ့သာသေတ္တာသည် မိမိအတွင်းသို့ ရောက်လာသော အဝတ် အထည် စသော ဝတ္ထုများကို မိမိနှင့်တူစွာ မွေးကြိုင်သင်းပျံ့အောင် ထုံလေဘိ သကဲ့သို့ဘည်း။ ။အဖန်ဖန်ထပ်၍ ဖြစ်အောင် ကျေးဇူးပြုမှု မည်သည်ကား တဆင့်ထက် တဆင့် လေ့လာနိုင်နင်း၍ အားရှိသည်အဖြစ်သို့ ရောက်စေမှုနှင့် တကွ နာမ်အဆင့်ဆင့် ဖြစ်အောင် ကျေးဇူးပြုမှုပေတည်း။ ဥပမာအားဖြင့် သာသနာတော်ကျမ်းဂန်, လောကီကျမ်းဂန်တို့ကို သင်ကြားရာတို့၌ ရှေးရှေး၌ ဖြစ်သော အားထုတ်မှုများသည် နောက်နောက်သင်ကြားအပ်သော ကျမ်းဂန် မှုတို့ကို လွယ်လင့်စွာ လေ့လာနိုင်နင်းအောင် အားထုတ်ဘိသကဲ့သို့ ရှေးရှေး ဖြစ်သော ဇောတို့သည် အခြားမဲ့၌ဖြစ်သော နောက်နောက် ဇောတို့အား ဆောင်ရွက်ဖွယ် ကိစ္စတို့၌ လေ့လာ နိုင်နင်းအောင် အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုပေ၏။ ။ဤသို့လျှင် ဇာတ်တူဖြစ်သော ရှေးရှေးသော စိတ်သည် နောက်စိတ်အား ဇာတ်တူ သဘောတူဖြစ်အောင် အဖန်ဖန် ဖြစ်ပွါးစေခြင်း, ထုံခြင်းကိစ္စဖြင့် ကျေးဇူးပြုသော အာသေဝနပစ္စည်းကို ရည်တော်မူ၍—

(၅၃၀) ဈာနဗောဓိဗောဓိမဂ္ဂ၊ ကုမ္မဂ္ဂိယာ၊ နတ္ထိ၊ ပွါးငါ သေဝန။

ဟူ၍ မိန့်တော်မူသည်။

**အာသေဝနပစ္စယ သတ္တိ ရ,မရ။** ။ရှေ့ရှေ့ဖြစ်သော ကုသိုလ်ဇော, အကုသိုလ်ဇော,ကြိယာဇောတို့၌သာလျှင် အာသေဝနပစ္စယသတ္တိကို ရအပ်၏။

အာဝဇ္ဇန်းဒွေနှင့် အလုံးစုံသော ဝိပါက်စိတ်တို့မှာမူကား အာသေဝနသတ္တိကို မရအပ်။ ထိုစကားမှန်၏။ မနောဒွါရာဝဇ္ဇန်းစိတ်သည် နှစ်ကြိမ် သုံးကြိမ်ထပ်၍ ဖြစ်သော်လည်း အလွန်တရာ အားနည်းသောစိတ် ဖြစ်လေသောကြောင့် တစ်ခုသောပယောဂဖြင့် ပွါးစေခြင်းငှါရင်း ယုတ်လျော့စေခြင်းငှါရင်း ပြုပြင်၍ ရသော စိတ်မဟုတ်။ ထို့ကြောင့် အာဝဇ္ဇန်းဒွေတို့မှာ အာသေဝနသတ္တိကို မရအပ်ဘဲ ရှိလေသည်။ ဝိပါက်အပေါင်းတို့တွင် လောကုတ္တရာဝိပါက်ဟု ဆိုအပ်သော ဖိုလ်စိတ်တို့သည် ဇောကိစ္စနှင့် ဖြစ်လည်း ဖြစ်ကြကုန်၏။ အားထုတ်မှု ပယောဂဖြင့်လည်း ပြီးစီးသောတရားမျိုး ဖြစ်ကြကုန်၏။ ထိုသို့ပင်ဖြစ်ကြကုန်သော်လည်း ထိုဖိုလ်စိတ်တို့သည် မဂ်စေတနာ၏ အာနုဘော်ကြောင့်သာလျှင် ဖြစ်ပေါ်ရသော တရားတို့သာ ဖြစ်ကြကုန်၏။ ထိုမဂ်စေတနာနှင့် ကင်း၍ သက်သက် အသီးအခြား ဖြစ်သော တစ်ခုတစ်ခုသော ပယောဂဖြင့် အလိုလို ထူထောင်ထကြွ၍ ဖြစ်နိုင်သောတရားမျိုး မဟုတ်ကြကုန်။ ထို့ကြောင့် ထိုဖိုလ်စိတ်တို့မှာလည်း အာသေဝနသတ္တိကို မရအပ်ဘဲ ရှိလေသည်။ ကံ၏ အစွမ်းသက်သက်နှင့် ဖြစ်ပေါ်ရကုန်သော လောကီဝိပါက်တို့၌မူကား ဆိုဖွယ်ရာမရှိလေပြီ။

ဇောတ်တူချင်းချင်းအားသာလျှင် အာသေဝနပစ္စည်း တပ်သောကြောင့် မဂ်ဇောသည် နောက်ဖိုလ်ဇောအား အာသေဝနပစ္စည်း မတပ်နိုင်။ ထို့ကြောင့် မဂ်ဇောသည် အာသေဝနပစ္စည်း၏ ပစ္စယုပ္ပန် အမြဲ ထိုက်လေသည်။ ဖိုလ်ဇောကား အာသေဝနပစ္စနိက် မြဲသောတရားပေတည်း။

အာဒိကမ္မိက ဈာန်ဝီထိတို့၌ အာဒိကမ္မိကဈာန်ဇောသည်လည်း အာသေဝနပစ္စယုပ္ပန် မြဲသောတရားပေတည်း။ ။အဆုံးစွန်၌ ဖြစ်ရသော အလုံးစုံသော လောကီဇော ၄၇-ပါးတို့သည် အာသေဝနပစ္စယုပ္ပန်မြဲသော တရားတို့ပေတည်း။

ကာမဇောတို့တွင် ရှေးဦးစွာဖြစ်သောဇောတို့သည် မိမိတို့၏ရှေ့၌ ဇောစိတ် မရှိလေသောကြောင့် အာသေဝနပစ္စယုပ္ပန် မထိုက်။ အာသေဝနပစ္စည်း အမြဲ ထိုက်ကြလေကုန်သည်။

**ပစ္စည်းတပ်ပုံအမြွက်** မှာ ပထမဇောသည် ဒုတိယဇောအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဒုတိယဇောသည် အာသေဝနပစ္စယုပ္ပန် ဖြစ်၏။ ဒုတိယဇောသည် တတိယဇောအား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ဤသို့စသည်ဖြင့် အစဉ်အတိုင်း သိလေ။

**ဘုံကွဲသော်လည်း အာသေဝနပစ္စည်းတပ်ပုံ။** ။ဇာတ်ကွဲပြားလျှင် အာသေဝနပစ္စည်းမတပ်သကဲ့သို့ ဘုံကွဲပြားလျှင် အာသေဝနပစ္စည်း မတပ်ဘဲ ရှိပါသလောဟူမူ ဘုံကွဲသော်လည်း အာသေဝနပစ္စည်း တပ်၏ဟူ၍ ဖြေရာ၏။ ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၌ "ဂေါတြဘု မဂ္ဂဿ ဝေါဒါနံ မဂ္ဂဿ အာသေဝနပစ္စယေန ပစ္စယော။ ပရိတ္တော မဟဂ္ဂတဿ အာသေဝနပစ္စယေန ပစ္စယော" စသည်ဖြင့် ဟောတော်မူ၏။ (အနက်ကား) ဂေါတြဘု၊ ဂေါတြဘုကိစ္စတပ်သော ကာမာဝစရကုသိုလ်စိတ်သည်။ မဂ္ဂဿ၊ မဂ်စိတ်အား။ ဝေါဒါနံ၊ ဝေါဒါန်ကိစ္စတပ်သော ကာမာဝစရကုသိုလ်စိတ်သည်။ မဂ္ဂဿ၊ မဂ်စိတ်အား။ အာသေဝနပစ္စယေန၊ အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုပေ၏။ ပရိတ္တော၊ ကာမတရားသည်။ မဟဂ္ဂတဿ၊ မဟဂ္ဂုတ်တရားအား။ အာသေဝနပစ္စယေန၊ အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုပေ၏။

ဝိထိပိုင်း၌ "သောကုနောင်ဖြစ်၊ သုံးဆယ့်နှစ်၊ ဆယ့်နှစ်ဥကုမှာ။ သောကြိနောင်ရှစ်၊ ဥကြိနှစ်၊ နောက်ဖြစ်ခြောက်ပနာ"ဟူ၍ ဆိုအပ်သော ကဗျာသည်လည်း ဇာတ်မတူသော ကာမာဝစရတရားတို့နှင့် မဟဂ္ဂုတ်လောကုတ္တရာတို့၏ အနန္တရသတ္တိ, အာသေဝနသတ္တိတို့ဖြင့် ကျေးဇူးပြုပုံကို ပြဆို၏။ ယခင်ကဗျာတို့၌ အာသေဝနသတ္တိကို မရသော ဖိုလ်စိတ်နှစ်ဆယ် ပါရှိခဲ့၏။ ထို့ကြောင့် မဟာကုသိုလ်, မဟာကြိယာတို့နှင့် မဟဂ္ဂုတ်, လောကုတ္တရာ တရားတို့၏ အာသေဝနသတ္တိဖြင့် ပစ္စည်းတပ်ပုံကို ကွက်ခြား၍ဆိုရလျှင် မဟာကုသိုလ် ပထမဒွေသည် ၂၀-သော မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာကုသိုလ် တတိယဒွေသည် ကိုးပါးသော မဟဂ္ဂုတ်, လောကုတ္တရာစိတ်တို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

မဟာကြိယာပထမဒွေသည် လေးပါးသော မဟဂ္ဂုတ်စိတ်တို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။ မဟာကြိယာ တတိယဒွေသည် ငါးပါးသော မဟဂ္ဂုတ်စိတ်တို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြု၏။

သောကုနောက်မှာ၊ နှစ်ဆယ်သာ၊နဝ ဥကုမှတ်။

သောကြိနောက်မှာ၊ လေးပါးသာ၊ပဥ္စာ ဥကြိမှတ်။

**ဘုံအားဖြင့်** ဤအာသေဝနပစ္စည်းကို ပဉ္စဝေါကာရဘုံ, စတုဝေါကာရဘုံတို့၌ ရအပ်၏။ ဧကဝေါကာရဘုံ၌ကား နာမ်မရှိသောကြောင့် မရအပ်ပေ။

**ပုဂ္ဂိုလ်အားဖြင့်** မဂ္ဂဋ္ဌာန်လေးယောက်ကြဉ်သော ပုဂ္ဂိုလ်ရှစ်ယောက်တို့၌ ရအပ်၏။ မဂ်ပုဂ္ဂိုလ်လေးယောက်တို့မှာမူကား အာသေဝနပစ္စယုပ္ပန်သက်သက်သာ ရှိ၏။ နိရောဓသမာပတ်ကို ဝင်စားနေသော အနာဂါမ်နှင့် ရဟန္တာတို့မှာလည်း အာသေဝနပစ္စည်းကို မရအပ်။

**သန္တာန်အားဖြင့်** အဇ္ဈတ္တ သဝိညာဏကသန္တာန်၌သာ ရအပ်၏။

**ကာလအားဖြင့်** အတိတ်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

ဤအာသေဝနပစ္စည်းသည် အနန္တရပစ္စည်းကြီးမှ ဇောဌာနတွင် ကွက်ခြား၍ အသီးအခြား ထွက်လာသော ပစ္စည်းပေတည်း။

အာသေဝနပစ္စည်း ပြီး၏။

---

## ၁၃-ကမ္မပစ္စည်း

(၅၃၁) **သဟဇာတ၊ ခဏနာနာ၊ စေတနာ၊ မှတ်ပါ နှစ်ကမ္မ။**

ဟူသည်နှင့် အညီ ကမ္မပစ္စည်းသည် (က) သဟဇာတကမ္မပစ္စည်း၊ (ခ) နာနာက္ခဏိကကမ္မပစ္စည်းအားဖြင့် နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်—

(၅၃၂) **သ-မှာလုံးစုံ၊ နာနာတုံ၊ ကု,ကုန်,အတိတ်ရ။**

ဟူသည်နှင့်အညီ (က) အလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာ တခုယုတ်ကိုးဆယ်သည် သဟဇာတကမ္မပစ္စည်း တပ်၏။ (ခ) အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ၃၃-ပါးသည် နာနာက္ခဏိကကမ္မပစ္စည်း တပ်၏။

### (က) သဟဇာတကမ္မပစ္စည်းကို ဆိုအံ့—

**ပစ္စည်း,ပစ္စယုပ္ပန်, ပစ္စနိက်များ**

(၁) စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာတခုယုတ်ကိုးဆယ်သည် သဟဇာတကမ္မပစ္စည်း မည်၏။

(၂) စိတ်တခုယုတ်ကိုးဆယ်၊ စေတနာကြဉ်သော စေတသိက် ၅၁-ပါး၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားစုသည် သဟဇာတကမ္မပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) စေတနာ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်မှ တပါးသော အလုံးစုံသော ရုပ်။ ဤတရားစုသည် သဟဇာတကမ္မပစ္စည်း၏ ပစ္စနိက်မည်၏။

**ကမ္မပစ္စယဉ္စ** "ကာယင်္ဂ, ဝါစင်္ဂ, စိတ္တင်္ဂါဘိသင်္ခရဏဘူတေန စိတ္တပ္ပယောဂသင်္ခါတေန ကိရိယာဘာဝေန ပစ္စယော ဥပကာရကောတိ ကမ္မပစ္စယော"။ ကာယင်္ဂ, ဝါစင်္ဂ, စိတ္တင်္ဂါဘိသင်္ခရဏဘူတေန၊ ကိုယ်အမှုအရာ, နှုတ်အမှုအရာ, စိတ်အမှုအရာကို ပြုပြင်စီရင်မှုဖြစ်၍ ဖြစ်သော။ စိတ္တပ္ပယောဂသင်္ခါတေန၊ စိတ်၏ ကြောင့်ကြဗျာပါရစိုက်ထုတ်မှုဟု ဆိုအပ်သော။ ကိရိယာဘာဝေန၊ အပြုအမူ၏ အဖြစ်ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည် တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ကမ္မပစ္စယော၊ ကမ္မပစ္စည်း မည်၏။ အဓိပ္ပါယ်ကား တပည့်ကြီး လက်သမားကြီးတို့ကဲ့သို့ မိမိ၏ကိစ္စ, သူတပါးတို့၏ ကိစ္စများကို ပြီးစီးအောင် ကြောင့်ကြောင့်ကြကြ ဗျာပါရစိုက်ထုတ်မှုဖြင့် ကျေးဇူးပြုသောပစ္စည်းသည် ကမ္မပစ္စည်း မည်၏။သမ္ပယုတ်တရားစုနှင့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုသော စေတနာသည် သဟဇာတကမ္မပစ္စည်း မည်၏။

ဤသဟဇာတကမ္မပစ္စည်းသည် သဟဇာတပစ္စည်းကြီးအတွင်းမှ စေတနာ တခု သက်သက်ကိုခွဲထုတ်၍ ဟောအပ်သော ပစ္စည်းပေတည်း။

**ပစ္စည်းပြုပုံကား**—သဟဇာတပစ္စည်းကဲ့သို့ပင်တည်း။

**ပစ္စည်းပြုပုံအမြွက်ကား။**　။လောဘမူ ပထမ အသင်္ခါရိကစိတ်မှာ စေတသိက် တဆဲ့ကိုးနှင့်တကွ နာမ်တရားပေါင်း ၂၀ ရှိ၏။ ထိုနာမ်ကလာပ်တွင် စေတနာစေတသိက်ပါရှိ၏။ ထိုလောဘမူစိတ်ဖြစ်သည်နှင့် တပြိုင်နက် စိတ္တဇရုပ်လည်း ဖြစ်ပေါ်၏။ ထိုသို့ဖြစ်ရာ စေတနာစေတသိက်သည် မိမိနှင့် သမ္ပယုတ်ဖြစ်သော နာမ်တရား တဆဲ့ကိုးပါးတို့အား ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ သဟဇာတဖြစ်သော စိတ္တဇရုပ်အားလည်း ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ ပဋိသန္ဓေအခိုက်၌ကား ပဋိသန္ဓေဝိညာဉ်နှင့် သမ္ပယုတ်ဖြစ်သော စေတနာသည် မိမိနှင့် သမ္ပယုတ်ဖြစ်သော ပဋိသန္ဓေနာမက္ခန္ဓာနှင့် သဟဇာတ် ဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကမ္မသတ္တိဖြင့် ကျေးဇူးပြုပေ၏။ ထိုပြင် အဓိပ္ပါယ်စုကား လွယ်ပြီ။

**ဘုံအားဖြင့်** ဤသဟဇာတကမ္မပစ္စည်းကို အသညသတ်ကြဉ်သော ဘုံ ၃၀ တို့၌ ရအပ်၏။ နာမ်တရားမရှိသော အသညသတ်ဘုံ၌ကား ဤပစ္စည်းကို မရ။

**ပုဂ္ဂိုလ်အားဖြင့်** ၁၂-ယောက်သောပုဂ္ဂိုလ်တို့၌ ရအပ်၏။ နိရောဓသမာပတ်ကို ဝင်စားစဉ်အခိုက်၌ကား ဤပစ္စည်းကို မရ။

**သန္တာန်အားဖြင့်** အဇ္ဈတ္တသန္တာန်၌သာ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်၌ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

သဟဇာတကမ္မပစ္စည်း ပြီး၏။

---

## (ခ) နာနာက္ခဏိကကမ္မပစ္စည်း

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ၃၃-ပါးသည် နာနာက္ခဏိကကမ္မပစ္စည်း မည်၏။

(၂) ဝိပါက် ဆတ္တိံသ၊ စေတသိက် အဋ္ဌတိံသ၊ အလုံးစုံသော ကမ္မဇရုပ်။ ဤတရားစုသည် နာနာက္ခဏိက ကမ္မပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁၊ ကိရိယာစိတ် ၂၀၊ စေတသိက် ၅၂၊ ကမ္မဇရုပ်မှတပါးသော အလုံးစုံသော တိဇရုပ်။ ဤတရားစုသည် နာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စနိက် မည်၏။

**နာနာက္ခဏိကာ၌** "အတ္တနော ပစ္စယုပ္ပန္နဓမ္မပဝတ္တိက္ခဏတော ဝိသုံဘူတေ အတီတေ နာနာခဏေ သိဒ္ဓါတိ နာနာက္ခဏိကာ"။ အတ္တနော၊ မိမိ၏။ ပစ္စယုပ္ပန္နဓမ္မပဝတ္တိက္ခဏတော၊ အကျိုးဖြစ်သော ပစ္စယုပ္ပန်တရား၏ဖြစ်သောကာလမှ။ ဝိသုံဘူတေ၊ အသီးအခြားဖြစ်၍ဖြစ်သော။ အတီတေ၊ အတိတ်ဖြစ်သော။ နာနာခဏေ၊ ခဏအထူးထူး၌။ သိဒ္ဓါ၊ ပြီးစီးလေသည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ နာနာက္ခဏိကာ၊ နာနာက္ခဏိကာ မည်၏။ ပြဆိုအပ်ပြီးသော အတိတ်စေတနာ ၃၃-ပါးတို့ကို ရစေ။ ထို ၃၃-ပါးသော အတိတ်စေတနာတို့သည်သာလျှင် ဘုံပိုင်း၌ ပြဆိုအပ်ပြီးသောအတိုင်း ကံအမျိုးမျိုးဖြစ်ကြကုန်သည်။ ထို နာနာက္ခဏိကကမ္မစေတနာတို့သည်ပင်လျှင် သုံးဆဲ့တဘုံတို့၌ အမျိုးမျိုးသော ဝိပါက်တို့ကို ဖြစ်စေနိုင်ကုန်သည်။ ကမ္မဇရုပ်အမျိုးမျိုးကို ဖြစ်စေနိုင်ကုန်သည်။ နာနာတ္တကာယ နာနာတ္တသညီအစရှိသော ဘဝကိုးပါးကို ဖြစ်စေနိုင်ကုန်သည်။ ဇလာဗုဇအစရှိသော ပဋိသန္ဓေလေးမျိုးကို ဖြစ်စေနိုင်ကုန်သည်။

**စေတနာ၏ သဘောနှစ်မျိုးကို ပြဆိုဦးအံ့။** ။စေတနာမည်သည် ဖြစ်ပေါ်၍ လာသည်ရှိသော် နှစ်ပါးသောကိစ္စကို ဆောင်ရွက်လျက်သာဖြစ်ပေါ်၍ လာ၏။

ကိစ္စနှစ်ပါးကား မိမိနှင့်အတူတကွဖြစ်သော သဟဇာတ်တရားကို စီရင် နှိုးဆော်ခြင်းကိစ္စ၊ နောင် အနာဂတ်ကာလ၌ အကျိုးဝိပါက်နှင့်ကမ္မဇရုပ်များကို ဖြစ်ပေါ်စေခြင်းငှါ မျိုးထားခြင်းကိစ္စများပေတည်း။ ထိုနှစ်ပါးတို့တွင် နောင်အကျိုးဝိပါက်နှင့် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်အောင် မျိုးထားခြင်းကိစ္စကိုမူကား ကုသိုလ်စိတ် အကုသိုလ်စိတ်တို့၌သာ ရအပ်၏။ ထိုမျိုးထားခြင်းကိစ္စကို ဆောင်ရွက်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာ ၃၃-ပါးတို့ကိုပင် နာနာက္ခဏိက စေတနာဟူ၍ ခေါ်ဆိုရလေသည်။

သဟဇာတ်တရားတို့ကို စီရင်ခြင်း, စေ့ဆော်ခြင်းကိစ္စကိုမူကား စိတ်တခုယုတ်ကိုးဆယ်တို့မှာ အလုံးစုံ ရအပ်၏။ ထိုသို့ သဟဇာတ်တရားတို့ကို စီရင်စေ့ဆော်တတ်သောစေတနာကို သဟဇာတကမ္မပစ္စည်းတပ်သော စေတနာဟူ၍ ဆိုအပ်၏။

**ကိစ္စနှစ်ပါးကိုဆောင်သည့် စေတနာမျိုး။** ။ကုသိုလ်,အကုသိုလ်တို့၌ယှဉ်သော စေတနာသည် သဟဇာတ်တရားတို့ကို စီရင်စေ့ဆော်ခြင်း သံဝိဓာနကိစ္စ၊ မျိုးထားခြင်း ဗီဇနိဓာနကိစ္စ နှစ်ပါးစုံကို ဆောင်ရွက်ပေ၏။

**ကိစ္စတပါးကိုသာဆောင်သည့် စေတနာမျိုး။** ။ဝိပါက်စိတ်, ကြိယာစိတ်တို့၌ရှိသော စေတနာသည် မူကား သဟဇာတ်တရားတို့ကို စီရင်နှိုးဆော်ခြင်း သံဝိဓာနကိစ္စတပါးကိုသာလျှင် ရွက်ဆောင်နိုင်၏ဟူ၍ ဝေဖန်၍ သိရာ၏၊ ဥပမာအားဖြင့် မိန်းမနှင့် ယောကျ်ားတို့၏ ပေါင်းဖော်စည်းဝေးခြင်းသည် ကာမသုခကို ခံစားခြင်းကိစ္စ, နောင်အခါ သားသမီးကို ဖြစ်ပွါးစေရန် သားအိမ်အတွင်း၌ မျိုးထားခြင်းကိစ္စ နှစ်ပါးကို ပြီးစေဘိသကဲ့သို့ စေတနာ၏သတ္တိကို သိရာ၏။

**မျိုးထားမှုကိစ္စ။** ။နောင်အခါ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေရန် မျိုးထားမှုဟု ဆိုအပ်သော ဗီဇနိဓာနကိစ္စသည် လျင်မြန်စွာ အကျိုးမပေးတဲ့သေး၊ သရက်မျိုးစေ့ အစရှိသည်တို့သည် သရက်ပင်ပေါ်၌ သရက်သီး၏အတွင်း၌ ရင့်၍နေခြင်း၊ မြေဥတု, ရေဥတုစသည်တို့ကို ငုံလင့်၍ နေခြင်း စသည်တို့ဖြင့် ကြာမြင့်မှ သရက်ပင်တည်းဟူသော အကျိုးကို ဖြစ်ပေါ်စေသကဲ့သို့ ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေရန် အကြောင်းအမျိုးမျိုးတို့နှင့် ပြည့်စုံသောအခါသို့ ကျရောက်ပါမှ ထိုဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တည်းဟူသော အကျိုးတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ထိုနာနာက္ခဏိကဖြစ်သော အတိတ်စေတနာသည် ချုပ်လေပြီး၍ ထင်ရှားမရှိသော်လည်း ထိုမိမိဖြစ်ရာ စိတ်သန္တာန်မှာ နောင်အကြောင်း ပြည့်စုံသောအခါ ထိုက်သက်ရာအကျိုးကို

ဖြစ်ပေါ်စေရန် ဗီဇနိဓာနသတ္တိအထူးကို ထားခဲ့လေ၏။ ထို ဗီဇနိဓာနသတ္တိအထူး၏ ထင်ရှားရှိမှုကြောင့်သာလျှင် အကြောင်းပြည့်စုံသောအခါ အကျိုးတို့သည် ပေါ်ပေါက်၍ လာနိုင်ကြကုန်သည်။ ထိုသတ္တိအထူးသည် ဥပါဒ်, ဌီ, ဘင် အားဖြင့် ထင်ရှားမရှိသော်လည်း အနုသယဓာတ်ကဲ့သို့ ထင်ရှားရှိသည်သာလျှင် ဖြစ်၏။ အနုသယဓာတ်ကို ပညတ်ဟူ၍ မဆိုရသကဲ့သို့ ဤနာနာက္ခဏိကကမ္မပစ္စယသတ္တိကိုလည်း ပညတ်ဟူ၍ မဆိုရပေ။ ပရမတ်တို့၏ သတ္တိအထူးပေတည်းဟူ၍သာလျှင် ချီးမွမ်းထိုက်ပေ၏။ ဤအဓိပ္ပါယ်စုကိုရည်၍ ပဋ္ဌာန်း အဋ္ဌကထာကြီး ၃၇၄-၌—

ကုသလာကုသလံ ဟိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ။ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလံ ကမ္မံ ကရောတိ။ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ။ ယသ္မိံ ပန ခဏေ တံ ကတံ၊ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေ ဝါ[1] ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ။ နိရုဒ္ဓါပိ ဟိ ပုရိမသိပ္ပါဒိကိရိယာဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကိရိယာယ။ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ ဟူ၍ မိန့်ဆို၏။

(အနက်ကား) ဟိ၊ ထင်စွာပြဆိုဦးအံ့။ ကုသလာကုသလံ၊ ကုသိုလ်အကုသိုလ်ဖြစ်သော။ ကမ္မံ၊ ကံသည်။ အတ္တနော၊ မိမိ၏။ ပဝတ္တိက္ခဏေ၊ ဖြစ်ဆဲခဏ၌။ ဖလံ၊ အကျိုးကို။ န ဒေတိ၊ မပေးတဲ့နိုင်သေး။ ယဒိ ဒဒေယျ၊ အကယ်၍ ပေးနိုင်ငြားအံ့။ ဧဝံ၊ ဤသို့ဖြစ်ပါမူကား။ မနုဿော၊ လူသည်။ ဒေဝလောကူပဂံ၊ နတ်ပြည်သို့ကပ်ရောက်ရန်ဖြစ်သော။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ယံ ကမ္မံ၊ အကြင်ကံကို။ ကရောတိ၊ ပြုလေ၏။ တဿ၊ ထိုပြုအပ်သောကုသိုလ်ကံ၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ တသ္မိံယေဝ ခဏေ၊ ထိုကံကိုပြုနေဆဲခဏ၌ပင်လျှင်။ ဒေဝေါ၊ နတ်မင်းကြီးသည်။ ဘဝေယျ၊ ဖြစ်လေရာ၏။ ပန၊ စင်စစ်မူကား။ ယသ္မိံ ခဏေ၊ အကြင်ခဏ၌။ တံ၊ ထိုကံကို။ ကတံ၊ ပြုအပ်၏။ တတော၊ ထိုပြုသောခဏမှ။ အညသ္မိံ ခဏေ၊ အမှတ်မရှိ တပါးသောခဏ၌။ အဝိဇ္ဇမာနမ္ပိ၊ ချုပ်လေပြီးဖြစ်၍ ထင်ရှားမရှိလေသော်လည်း။ ကေဝလံ၊ သက်သက်။ ကဋတ္တာယေဝ၊ ပြုအပ်ဘူးသည်၏အဖြစ်ကြောင့်သာလျှင်။ ဒိဋ္ဌေ ဝါ ဓမ္မေ၊ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌သော်၎င်း။ ဥပပဇ္ဇေ ဝါ၊ အခြားမဲ့ဒုတိယဘဝ၌သော်၎င်း။ အပရေ ဝါ ပရိယာယေ၊ တတိယဘဝ စသောဘဝအဆက်ဆက်၌သော်၎င်း။ အဝသေသပစ္စယသမာယောဂေ၊ ကံမှ ကြွင်းလာသောအကြောင်း

---

[1] ဒိဋ္ဌေဝ ဓမ္မေ (ဆဋ္ဌမူ)

တို့နှင့် ပေါင်းဆုံမိခြင်းသည်။ သတိ၊ ရှိသည်ရှိသော်။ ဖလံ၊ အကျိုးကို။ ဉပ္ပါဒေတိ၊ ဖြစ်စေ၏။ ဟိ၊ ဉပမာဖြင့်ထင်စွာပြဆိုဦးအံ့။ ပုရိမသိပ္ပါဒိကိရိယာ၊ ရှေး၌ဖြစ်နှင့်သော အတတ်ပညာစသည်ကို သင်ကြားမှုကိရိယာ စသည်များ သည်။ နိရုဒ္ဓါပိ၊ ချုပ်လေသော်လည်း။ ကာလန္တရေ၊ ကာလတပါး၌။ ပစ္ဆိမ-သိပ္ပါဒိကိရိယာယ၊ နောက်၌ဖြစ်သော အတတ်ပညာစသည်ကို သင်ကြားခြင်း ကိရိယာစသည်များကို။ ဉပကာရိကာဝိယ၊ ကျေးဇူးပြုလေဘိသကဲ့သို့တည်း။ တသ္မာ၊ ထိုကြောင့်။ နာနာက္ခဏိကကမ္မပစ္စယောတိ၊ နာနာက္ခဏိကကမ္မပစ္စည်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာ၌ကား ကြွေးမြီယူသောဉပမာဖြင့် ပြဆို သေး၏။ ဉပမာကား—အကြင်သူတယောက်သည် တပါးသောသူ၏အထံမှာ ကြွေးမြီကို ယူလေ၏။ ထိုကြွေးယူမှုကိရိယာသည် ကြွေးယူ၍ရလျှင်ရခြင်း ချုပ် လေ၏။ သို့ရာတွင် ကြွေးမြီယူခြင်းကိရိယာကို ပြုအပ်လေသောကြောင့် ထို ကြွေးမြီယူခြင်းကိရိယာသည် နောင် တနှစ်,နှစ်နှစ်စသည်ဖြင့် အချိန်ကျရောက် သောအခါ သူ၏ကြွေးမြီကို ပြန်၍ ပေးဆပ်ရန် အကြောင်းပစ္စည်း ဖြစ်၍ နေ၏။ ထိုကိရိယာ၏ ထင်ရှားရှိနေမှုကြောင့် သူ၏ကြွေးမြီကို မဆပ်ဘဲ မနေရ။ အမြဲ ပေးဆပ်ရမည့်သဘောသို့သာလျှင် သက်လျှောကျရောက်၍နေ၏။ ကြွေးမြီကို ပြန်၍ဆပ်သောအခါ၌ ကြွေးယူခြင်း ကိရိယာရှိမှု,မရှိမှုများသည် ပမာဏ မဟုတ် ချေ။ ကြွေးကို ပြေလည်အောင် ဆပ်ပြီးသောနောက်၌မူကား တစုံတရာ ကြွေးဝန်ဟူ၍ မရှိလေပြီ။ ထို့အတူ မိမိပြုအပ်သောကံသည် နောင်အကြောင်း ညီညွတ်သောအခါ အကျိုးကိုဖြစ်စေရန် မျိုးထားမှုဟုဆိုအပ်သော ဗီဇနိဓာန နာနာက္ခဏိက ကမ္မပစ္စယသတ္တိအထူးကို ထားခဲ့၍ ချုပ်လေ၏။ အကျိုးမပေး သေးသမျှကာလပတ်လုံး ကံကြွေးတင်လေ၏။ ဝဋ္ဋကြွေးတင်သည်ဟူ၍လည်း ဆိုကြကုန်၏။ ထိုသို့ ကံကြွေး ဝဋ္ဋကြွေးရှိခြင်းကြောင့် အကျိုးမပေးဘဲ မနေရ။ စင်စစ်အကျိုးပေးရမည်သာ ဖြစ်၏။ အကျိုးပေးသောအခါ မူလရင်းကံ၏ ရှိမှု,မရှိမှုများသည် လိုရင်းပမာဏ မဟုတ်လေ။ အကျိုးပေးပြီးသောအခါကာလ ၌ကား ကံကြွေး ပြေလည်လေ၏။ ဝဋ္ဋကြွေးပြေလည်လေ၏။ ထိုကံအတွက်နှင့် နောက်မှာ အကျိုးမဖြစ်ပေါ်လာတော့ပြီ။

**ဝေဖန်ပုံအမြွက် (အကုသိုလ်စေတနာများ)။** ။ဤနာနာက္ခဏိက ကမ္မပစ္စည်း ကို ဘုံပိုင်း ကံဝေဖန်ခန်းမှာ ပြဆိုအပ်ပြီးသောအတိုင်း ဝေဖန်တတ်ရာ၏။ ဝေဖန်ပုံအမြွက်မှာ—ဥဒ္ဓစ္စစေတနာ ကြဉ်သော အကုသိုလ်ဖြစ်သော နာနာက္ခဏိကစေတနာ ၁၁-ပါးသည် အပါယ် လေးဘုံတို့၌ ပဋိသန္ဓေအခါ ဉပေက္ခာသန္တီရဏတည်းဟူသော ပဋိသန္ဓေနာမက္ခန္ဓာ

နှင့် ကမ္မဇရုပ်တည်းဟူသော အကျိုးပစ္စယုပ္ပန်များကို ဖြစ်စေရန် ကျေးဇူးပြုပေ၏။ ပဝတ္တိအခါ၌မူကား အလုံးစုံသော အကုသိုလ်ဖြစ်သော နာနာက္ခဏိက စေတနာ ၁၂-ပါးသည် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ အကုသလဝိပါက် နာမက္ခန္ဓာတို့နှင့် ကမ္မဇရုပ်တည်းဟူသော အကျိုးပစ္စယုပ္ပန်များကို ဖြစ်စေရန် ကျေးဇူးပြု၏။ (ဤသို့စသည်ဖြင့် ဝေဖန်လေ။)

**အမြန်ဆုံးအကျိုးပေးသည့် စေတနာ။** ။နာနာက္ခဏိကကမ္မပစ္စည်းတပ်သော စေတနာတို့တွင် ဒိဋ္ဌဓမ္မိ က ဖြစ်၍ အမြန်ဆုံးအကျိုးပေးသော စေတနာသည်မူကား မဂ်လေးခု၌ရှိသော စေတနာပေတည်း။ ထိုစေတနာသည် မိမိ၏အခြားမဲ့၌ ဖိုလ်တည်းဟူသောအကျိုးကို လျင်မြန်စွာ ဖြစ်စေ၏။ ထိုမဂ်လေးခု၌ရှိသော စေတနာသည် ဖိုလ်စိတ်အား အနန္တရ, သမနန္တရ, အနန္တရူပနိဿယ, နာနာက္ခဏိကကမ္မ, နတ္ထိ, ဝိဂတ၊ ဤခြောက်ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပေ၏။ သည်ကိုရည်၍—

**မဂ်လေးခုမှာ၊ စေတနာ၊ ခြောက်ဖြာ ပစ္စယ။**

ဟူ၍ ဆိုတော်မူလတ္တံ့။

ထိုသို့ လောကုတ္တရာတရား၏ အခါမလင့် ချက်ခြင်း လက်ငင်း အကျိုးပေးလေ့ရှိသောကြောင့် တရားတော်၏ဂုဏ်တို့တွင် "အကာလိကော"ဟူ၍ ဂုဏ်ကြီးတခုထည့်သွင်းရလေသည်။ (ဓမ္မော၊ လောကုတ္တရာတရားသည်။ အကာလိကော၊ အခါမလင့် အကျိုးပေးလေ့ရှိ၏။)

**နာနာက္ခဏိကစေတနာတို့၏အကျိုးပေးပုံအမျိုးမျိုး။** ။အချို့သော နာနာက္ခဏိက စေတနာသည် ပစ္စက္ခဘဝ၌ အကျိုးကို ဖြစ်စေနိုင်၏။ အချို့သောနာနာက္ခဏိကစေတနာသည် ဒုတိယဘဝ၌ အကျိုးကို ဖြစ်စေနိုင်၏။ အချို့သောနာနာက္ခဏိကစေတနာသည် တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ အကြားတွင် အခွင့်ရသောဘဝ၌ အကျိုးကို ဖြစ်စေ၏။ ဤနာနာက္ခဏိကစေတနာသည် လေးသချေင်္နှင့်ကမ္ဘာတသိန်းပင် ခြားကွာသော်လည်း အကြောင်းညီညွတ်၍ အခွင့်ရလျှင် အကျိုးပေး၏။

**ဘုံအားဖြင့်** ဤနာနာက္ခဏိကကမ္မပစ္စည်းကို အသညသတ်ကြဉ်သော ဘုံ-၃၀-တို့၌ ရအပ်၏။

**နာနာက္ခဏိကကမ္မပစ္စည်းမတပ်သောစေတနာများ။** ။ဝေဟပ္ဖိုလ်, အကနိဋ္ဌ, နေဝသညာ နာသညာယတနဘုံတို့၌ရှိသော သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်မှာဖြစ်သော ကာမာဝစရကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်စေတနာများသည် နာနာက္ခဏိက ကမ္မပစ္စည်းမတပ်

ဟု ဆိုသင့်၏။ အဘယ်ကြောင့်နည်းဟူမူ ထိုသုံးဘုံတို့၌ ရှိရှိသမျှ အရိယာပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေအားဖြင့် တပါးဘုံသို့ ပြောင်းရွှေ့လေ့ မရှိသောကြောင့်တည်း။ အန္တိမဘဝိကပုဂ္ဂိုလ်၌ဖြစ်သော အကုသိုလ်စေတနာ, လောကီကုသိုလ်စေတနာများသည်လည်း နာနာက္ခဏိကကမ္မပစ္စည်းမတပ်ဟု ဆိုသင့်သေး၏။ ထို့ပြင် အကျိုးပေးလတ္တံ့သော မဟဂ္ဂုတ်ကုသိုလ်စေတနာတခုမှ တပါးသော အားထုတ်ဝင်စားအပ်သမျှသော အသင်္ချေယျ အနန္တဖြစ်သော မဟဂ္ဂုတ်ကုသိုလ်စေတနာများလည်း နာနာက္ခဏိကကမ္မပစ္စည်းမတပ်ဟု ဆိုသင့်သေး၏။

**ပုဂ္ဂိုလ်အားဖြင့်** ဤနာနာက္ခဏိကကမ္မပစ္စည်းကို ရဟန္တာပုဂ္ဂိုလ်ကြဉ်သော ၁၁-ယောက်သောပုဂ္ဂိုလ်တို့၌ ရအပ်၏။ ရဟန္တာပုဂ္ဂိုလ်သန္တာန်မှာ ကုသိုလ်, အကုသိုလ်မရှိသောကြောင့် နာနာက္ခဏိကကမ္မ ပစ္စည်းကို မရအပ်ဟု သိသာ၏။

**သန္တာန်အားဖြင့်** အဇ္ဈတ္တသန္တာန်မှာသာလျှင် ရအပ်၏။

**ကာလအားဖြင့်** အတိတ်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းပေတည်း။

နာနာက္ခဏိကကမ္မပစ္စည်း ပြီး၏။

ကမ္မပစ္စည်း ပြီး၏။

---

## ၁၄-ဝိပါကပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

**(၅၃၃) သုံးဆဲ့ခြောက်တွေ၊ ဝိ-ဒိတ်,စေ၊ မှတ်လေ ဝိပါက။**

(၁) ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါးသည် ဝိပါကပစ္စည်း မည်၏။

(၂) ဝိပါက်စိတ် ၃၆-ပါး၊ စေတသိက် ၃၈-ပါး၊ ဝိညတ်ဒွေ ကြဉ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားစုသည် ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) အကုသိုလ်စိတ် ၁၂၊ ကုသိုလ်စိတ် ၂၁၊ ကြိယာစိတ် ၂၀၊ စေတသိက် ဒွေပညာသ၊ ထိုစိတ်, စေတသိက်တို့ကြောင့် ဖြစ်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်မှ တပါးသော အလုံးစုံသော ကမ္မဇရုပ်၊ အလုံးစုံသော ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ဤတရားစုသည် ဝိပါကပစ္စည်း၏ ပစ္စနိက် မည်၏။

**ဝိပါကပစ္စယ၌** "ဝိပစ္စနဘာဝေန ပစ္စယော ဥပကာရကောတိ ဝိပါကပစ္စယော"။ ဝိပစ္စနဘာဝေန၊ မှည့်ရင့်မှုအရှိန်အားစွမ်း ကုန်ခန်းမှုဖြင့်။ ပစ္စယော

ဥပကာရကော၊ ကျေးဇူးပြုတတ်သည်တည်း။ ဣတိတသ္မာ၊ ထိုကြောင့်။ ဝိပါက ပစ္စယော၊ ဝိပါကပစ္စည်းမည်၏။

**ဗျာပါရမရှိခြင်းနှင့်ငြိမ်သက်နုံ့နှေးခြင်း။** ။အစိပ္ပါယ်ကား ဤလောက၌ အလုံးစုံသော ပွင့်မျိုး သီးမျိုးအပေါင်းတို့သည် ကောင်းစွာမှည့်ရင့်သည်၏ အဖြစ်သို့ ရောက်သောအခါ ရှိသမျှသော အစွမ်းတို့သည် ကုန်ခန်း၍ နုံ့ခြင်း အားနည်းခြင်းသို့ ရောက်ကြလေကုန်၏။ အစွမ်းထုတ်ခြင်း အရှိန်သတ္တိကုန်ဆုံး၍ လုံးလုံး သိမ်မွေ့နုံ့နှေးသောသဘောသို့ ရောက်ကြလေကုန်၏။ ထို့အတူ 'ဝိပါက်စိတ် သည်လည်း ကံမှ ရင့်ကျက်သော တရားများ ဖြစ်ကြကုန်သောကြောင့် တစုံတရာ ကြောင့်ကြ ဗျာပါရစိုက်မှုဟူ၍ မရှိကြလေကုန်။ အလုံးစုံ ထက်ဝန်းကျင်မှ ကုန်ခန်းသော ဗျာပါရ ရှိကြကုန်၍ ငြိမ်သက်သိမ်မွေ့ခြင်း နုံ့နှေးခြင်းသဘောသာ ရှိကြလေကုန်၏။ ထို့ကြောင့် နိရုဿာဟ သန္တဘာဝ ဟူ၍ရင်း, မန္ဒမန္ဒာကာရ ဟူ၍ရင်း ဆိုအပ်ပေသည်။

**ဝိပါက်စိတ်များဖြစ်ပုံမထင်ရှားခြင်း။** ။ထိုသို့ဗျာပါရ မရှိခြင်း ငြိမ်သက်နုံ့နှေးခြင်းသဘော ရှိလေသောကြောင့်ပင် လျှင် ဝိပါက်စိတ်တို့၏ဖြစ်ပုံသည် မထင်မရှားရှိလေသည်။ ထိုစကားမှန်၏။ တည်ဥ္စပတ်လုံး အိပ်၍နေသောသူ၏ သန္တာန်၌ ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တည်းဟူသော အာရုံ ၃-ပါးတို့တွင် တပါးပါးကိုယူ၍ဝိပါက်စိတ်တို့သည် တသွင်တည်း စီး၍ နေသော မြစ်ရေအယဉ်ကဲ့သို့ ဖြစ်ကြကုန်၏။ ထိုသို့ပင်ဖြစ်ကြကုန်သော်လည်း တည်ဥ္စပတ်လုံး ဖြစ်ကြကုန်သော ထိုဝိပါက်စိတ်တို့သည် နံနက်လင်း၍ နိုးသော အခါ၌ တစုံတခုသိနိုင် မှတ်နိုင်သောစိတ်ကို ဖြစ်ပေါ်စေခြင်းငှါ အကြောင်း ပစ္စည်းအဖြင့်သို့ မရောက်ကြကုန်။

ဒွေပဉ္စဝိညာဏ် ၁၀-တည်းဟူသော ဝိပါက်စိတ်တို့သည် အာရုံကိုယူတတ်သော နောက်စိတ်၏ဖြစ်ပေါ်ရန် အနန္တရပစ္စည်းဖြစ်ကြကုန်သော်လည်း မိမိတို့သည် ဝတ္ထုအာရုံတို့၏ ထိခိုက်မှုကြောင့်သာလျှင် ဖြစ်ပေါ်ကြရကုန်၏။ မိမိတို့၏ ကြောင့်ကြဗျာပါရအတွက်နှင့် ဖြစ်ပေါ်နိုင်ကြသည် မဟုတ်ကြလေကုန်။ ထို့ကြောင့် ထိုပဉ္စဝိညာဉ်စိတ်တို့သည်လည်း နိရုဿာဟသန္တဘာဝသဘော မန္ဒမန္ဒာကာရသဘော သာလျှင် ရှိကြကုန်၏။

ထိုသို့ ကြောင့်ကြဗျာပါရ ကင်းဆိတ်မှု, ငြိမ်သက်မှု, နုံ့နှေးမှုဟုဆိုအပ်သော နိရုဿာဟသန္တဘာဝသဘော, မန္ဒမန္ဒာကာရသဘောနှင့် ပြည့်စုံသော ဝိပါက် စိတ်တို့သည် သဟဇာတ်ဖြစ်သော ဝိပါက်နာမက္ခန္ဓာတို့နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မိမိတို့နှင့် သဘောတူစွာ ကြောင့်ကြ ဗျာပါရ ကင်းဆိတ်မှု, ငြိမ်သက်မှု, နုံ့နှေးမှုဟုဆိုအပ်သော နိရုဿာဟသန္တဘာဝသဘောနှင့် ပြည့်စုံ

လေအောင် မန္ဒမန္ဒာကာရသဘောနှင့် ပြည့်စုံလေအောင် ကျေးဇူးပြုတတ်ကြ လေကုန်၏။ ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ ၃၄၉-၌—

နိရုဿာဟသန္တဘာဝေန နိရုဿာဟသန္တဘာဝါယ ဥပကာရကော ဝိပါကဓမ္မော ဝိပါကပစ္စယော။

ဟူ၍ မိန့်တော်မူ၏။

(အနက်ကား)နိရုဿာဟသန္တဘာဝေန၊ကြောင့်ကြဗျာပါရကင်းမှု၊ငြိမ်သက် မှုဖြင့်။ နိရုဿာဟသန္တဘာဝါယ၊ ကြောင့်ကြဗျာပါရကင်းမှု၊ငြိမ်သက်မှုဖြစ်လေ အောင်။ ဥပကာရကော၊ သဟဇာတ်ဖြစ်သောနာမ်ရုပ်တို့အား ကျေးဇူးပြုတတ် သော။ ဝိပါကဓမ္မော၊ ဝိပါက်နာမက္ခန္ဓာတရားသည်။ ဝိပါကပစ္စယော၊ ဝိပါက ပစ္စည်းမည်၏။

ဤအရာ၌ ဥဿာဟဆိုသည်ကား ဝိပါက်ကိုဖြစ်လေအောင် ကြောင့်ကြစိုက်မှု ဗျာပါရ၊ ကိုယ်အမူအရာ နှုတ်အမူအရာစသည်ကို ဖြစ်အောင် ကြောင့်ကြစိုက်မှု ဗျာပါရများကို ဆိုသည်။ ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့၌ ဝိပါက်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှု၊ကိုယ်အမူအရာ နှုတ်အမူအရာစသည်ကိုဖြစ်အောင် ကြောင့်ကြ စိုက်မှုဟုဆိုအပ်သော ဗျာပါရနှစ်ပါးကို ရအပ်၏။

**ကြိယာစိတ်နှင့် ဗျာပါရ။**　။ကြိယာစိတ်တို့၌ မူကား ဝိပါက်ကို ဖြစ်အောင် ကြောင့်ကြစိုက်မှု မရှိ။ ကိုယ်အမူအရာ, နှုတ် အမူအရာ စသည်ကို ဖြစ်အောင်သာ ကြောင့်ကြစိုက်မှု ဗျာပါရရှိလေသည်။ ထို့ကြောင့် ရဟန္တာတို့၏သန္တာန်မှာဖြစ်သော ကြိယာစိတ်တို့သည် ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့ထက် သန္တသဘော ထက်သန်လေသည်။ ဝိပါက်စိတ်တို့မှာ မူကား ပြဆိုအပ်ပြီးသောအတိုင်း ဝိပါက်ကို ဖြစ်အောင် ကြောင့်ကြစိုက်မှု, ကိုယ်အမူအရာ နှုတ်အမူအရာ စသည်ကိုဖြစ်အောင် ကြောင့်ကြစိုက်မှုဟု ဆိုအပ် သော ဗျာပါရနှစ်ပါးလုံးကိုပင် မရအပ်လေ။ ဤအဓိပ္ပါယ်စုကို ရည်တော်မူ၍ ပဋ္ဌာန်းအနုဋီကာ ၂၃၂-၌—

ဥဿာဟောတိ စ ကိရိယမယစိတ္တုပ္ပါဒဿ ပဝတ္တိအာကာရော ဝေဒိတဗ္ဗော၊ ယော ဗျာပါရောတိ ဝုစ္စတိ, န ဝီရိယုဿာဟော။ သွာယံ ယထာ အသမုဋ္ဌိတိတာနုသယာနံ ကိရိယမယစိတ္တုပ္ပါဒေသု သာတိ- သယော လဗ္ဘတိ၊ န တထာ နိရနုသယာနံ။ တတော ဧဝ တေ သန္တသဘာဝါ ဝိပါကုပ္ပါဒနဗျာပါရ ရဟိတာဝ ဟောန္တိ။ ကိရိယမယ- စိတ္တုပ္ပါဒတာယ ပန သဥဿာဟာဝေါတိ တတောပိ ဝိသေသနတ္ထံ "နိရုဿာဟသန္တဘာဝေနာ"တိ ဝုတ္တံ။

ဟူ၍ ဝိပါကပစ္စည်းအရာတွင် ဖွင့်ဆိုတော်မူ၏။

(အနက်ကား) စ၊ မှတ်ဖွယ်အထူးကိုဆိုအံ့။ ဥဿာဟောတိ၊ ဥဿာဟ ဟူသည်ကား။ ကိရိယမယစိတ္တုပ္ပါဒသာ၊ အမူအရာ ကိရိယာနှင့်တကွ ပြီးစီး ဖြစ်ပေါ်သော ကုသိုလ်, အကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်၏။ ပဝတ္တိအာကာရော၊ ဖြစ်ပေါ်ပုံအမူအရာကို။ ဝေဒိတဗ္ဗော၊ သိမှတ်အပ်၏။ ယော၊ အကြင်ဖြစ်ပေါ်ပုံ အမူအရာကို။ ဗျာပါရောတိ၊ ဗျာပါရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝီရိယုဿာဟော၊ ဝီရိယစေတသိက်တည်းဟူသော အားထုတ်မှုသည်။ န၊ မဟုတ်။ သွာယံ၊ ထိုကိရိယမယစိတ္တုပ္ပါဒ်တို့၏ဖြစ်ပုံအမူအရာကို။ အသမုဂ္ဃါတိတာနုသယာနံ၊ မဖျက်ဆီးအပ်သေးသော အနုသယရှိကုန်သော ပုထုဇ္ဇန်သေက္ခပုဂ္ဂိုလ်တို့၏။ ကိရိယမယ-စိတ္တုပ္ပါဒေသု၊ အမူအရာနှင့်တကွ ပြီးစီးဖြစ်ပေါ်သော စိတ္တုပ္ပါဒ်တို့၌။ သာတိ-သယော၊ လွန်ကဲမှုနှင့်တကွ။ လဗ္ဘတိယထာ၊ ရအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ နိရနုသယာနံ၊ အနုသယကင်းကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏။ ကိရိယမယ-စိတ္တုပ္ပါဒေသု၊ အမူအရာနှင့်တကွ ပြီးစီးဖြစ်ပေါ်သောစိတ္တုပ္ပါဒ်တို့၌။ သာတိ-သယော၊ လွန်ကဲမှုနှင့်တကွ။ န လဗ္ဘတိ၊ မရအပ်။ တတောဝေ၊ ထို့ကြောင့် သာလျှင်။ တေ၊ထိုရဟန္တာတို့၏သန္တာန်၌ဖြစ်ကုန်သော ကိရိယမယစိတ်တို့သည်။ သန္တသဘာဝါ၊ ငြိမ်သက်မှုသဘောရှိကြကုန်သည်ဖြစ်၍။ ဝိပါကုပ္ပါဒနဗျာပါရ-ရဟိတာဝ၊ ပဋိသန္ဓေစသော ဝိပါက်ကိုဖြစ်စေနိုင်သောဗျာပါရမှ ကင်းကြကုန် သည်သာလျှင်။ ဟောန္တိ၊ဖြစ်ကုန်၏။ ကိရိယမယစိတ္တုပ္ပါဒတာယ ပန၊ အမူအရာ နှင့်တကွပြီးစီးဖြစ်ပေါ်သော စိတ္တုပ္ပါဒ်၏အဖြစ်ကြောင့်ကား။ သဉဿာဟာဝေ၊ အမူအရာ ကိရိယာနှင့်တကွ ပြီးစီးဖြစ်ပေါ်ခြင်း အခြင်းအရာဟု ဆိုအပ်သော ကြောင့်ကြစိုက်မှုနှင့်တကွ ဖြစ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ တတောပိ၊ ထိုကိရိယမယစိတ္တုပ္ပါဒ်တို့မှလည်း။ ဝိသေသ-နတ္ထံ၊ ဤဝိပါက်စိတ်တို့ကို အထူးပြုခြင်းငှါ။ နိရုဿာဟသန္တဘာဝေနာတိ ဣဒံ၊ နိရုဿာဟသန္တဘာဝေန-ဟူသော ဤစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာ မိန့်ဆို တော်မူအပ်၏။

ဤဝိပါကပစ္စည်းကို အသညသတ်ကြဉ်သော ဘုံ ၃၀-တို့၌ ရအပ်၏။

**ပုဂ္ဂိုလ်အားဖြင့်** ၁၂-ယောက်လုံးမှာပင် ရအပ်၏။

**သန္တာန်အားဖြင့်** အဇ္ဈတ္တသန္တာန်၌သာ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်ဖြစ်၍ မိမိနှင့်အတူ တကွဖြစ်ဖော်ဖြစ်ဖက်တရားတို့ အား ကျေးဇူးပြုတတ်သော ပစ္စည်းပေတည်း။

ဝိပါကပစ္စည်း ပြီး၏။

## ၁၅-အာဟာရပစ္စည်း

**အာဟာရမည်ပုံ။**　။အာဟရတီတိ အာဟာရော။ အာဟရတိ၊ လွန်စွာဆောင်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အာဟာရမည်၏။ မိမိဆိုင်ရာ အကျိုးပစ္စယုပ္ပန်တရားတို့ကို ကြာမြင့်ခိုင်ခံ့စွာ တည်စေခြင်းငှါလည်းကောင်း၊ တည်တံ့နေရုံမျှတွင်မကပဲ တိုးတက်စည်ပင်ပြန့်ပွါးစေခြင်းငှါလည်း လွန်စွာ ဆောင်တတ်, လွန်စွာ အားပေးတတ်, လွန်စွာ ကျေးဇူးပြုတတ်သော တရားများကို အာဟာရဟု ခေါ်သည်။

**အာဟာရ၏ကိစ္စ ၂-မျိုး။**　။အမှန်အားဖြင့် အာဟာရတရားများသည် (၁) ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ပေါ်စေခြင်း ဇနကကိစ္စနှင့် (၂) ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကိစ္စနှစ်မျိုးလုံးကိုပင် ဆောင်ရွက်ကြသည်၊ သို့ပင်ဖြစ်သော်လည်း ဥပတ္ထမ္ဘကကိစ္စသာလျှင် အာဟာရတို့၏ ပဓာနကိစ္စဖြစ်၏။ အာဟာရတရားတိုင်း အမြဲဆောင်ရွက်နိုင်သောကိစ္စ ဖြစ်၏။ ဇနကကိစ္စကိုကား အာဟာရတရားတိုင်း အမြဲဆောင်ရွက်နိုင်ကြသည် မဟုတ်ချေ၊ အာဟာရတို့၏ ပင်ရင်းကိစ္စလည်း မဟုတ်ပေ၊ ရံဖန်ရံခါ အချို့သော အာဟာရတရားများကသာလျှင် ပစ္စယုပ္ပန်တရားတို့ကို ဖြစ်ပေါ်စေခြင်း ဇနကကိစ္စကို ဆောင်ရွက်နိုင်ကုန်၏။ ထို့ကြောင့်—

"**ထောက်ပံ့ခိုင်ဖွယ်၊ ကျေးဇူးကြွယ်၊ လေးသွယ် အာဟာရ**"ဟု မိန့်ဆိုတော်မူသည်။ ပဋ္ဌာန်းအဋ္ဌကထာနှင့် မူလဋီကာတို့၌လည်း ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကကိစ္စသာလျှင် အာဟာရတို့၏ ပဓာနကိစ္စဖြစ်ကြောင်း ဖွင့်ဆိုတော်မူကြပေသည်။

ထိုအာဟာရမည်သော တရားတို့သည်—

"ကဗဠီ,ဖဿော၊ မနောသဉ္စေ၊ ဝိညာဏော၊ လေးထွေ အာဟာရ"ဟူသော သမုစ္စည်းကဗျာနှင့်အညီ လေးပါးအပြားရှိကုန်၏။ ထိုလေးပါးတို့ကား—

(၁) ဩဇရုပ်ဟု ဆိုအပ်သော ကဗဠီကာရ အာဟာရ

(၂) ဖဿစေတသိက်ဟု ဆိုအပ်သော ဖဿာဟာရ

(၃) စေတနာစေတသိက်ဟု ဆိုအပ်သော မနောသဉ္စေတနာဟာရ

(၄) စိတ် ၈၉-ဟု ဆိုအပ်သော ဝိညာဏာဟာရ တို့ ဖြစ်သည်။

**ရုပ်နာမ်အာဟာရ ၂-မျိုး။**　။ထိုလေးပါးတို့တွင် ကဗဠီကာရအာဟာရကို ရုပ်အာဟာရဟု ခေါ်၍ ကျန်သုံးပါးကို နာမ်အာဟာရဟု ခေါ်သည်။ ထိုရုပ်အာဟာရ နာမ်အာဟာရ နှစ်မျိုးလုံးပင် မိမိတို့ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ဇနက,ဥပတ္ထမ္ဘကသတ္တိနှစ်မျိုးတို့ဖြင့် ထိုက်သည့်အားလျော်စွာ ကျေးဇူးပြုကြသည်။

**ရုပ်အာဟာရကျေးဇူးပြုပုံ။** ။စတုသမုဋ္ဌာနိကရုပ်အစဉ်ဖြစ်သော သတ္တဝါတို့၏ ခန္ဓာကိုယ်သည် မွေးဖွားသည့် အချိန်မှစ၍ သေသည်အထိ တသက်ပတ်လုံး ရှည်မြင့်စွာ တည်နေနိုင်ခြင်းမှာ ခဲဖွယ်ဘောဇဉ် စသည့် ကဗဠီကာရအာဟာရကို စားသုံးရခြင်းကြောင့်သာ ဖြစ်ပေသည်။ ၎င်း အာဟာရဟူသော အထောက်အပံ့ကို မရခဲ့သော် ဤကဲ့သို့ တည်နေနိုင်မည် မဟုတ်ပေ။ အမိဝမ်း၌ ကိန်းအောင်းစဉ်ကာလ၌လည်း အမိစားသုံးအပ်သော အာဟာရဓာတ်တို့သည် သူငယ်၏ကိုယ်ကာယအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ခဲ့လေသည်။ ဤသို့အားဖြင့် ရုပ်အာဟာရက စတုသမုဋ္ဌာနိက ခန္ဓာကိုယ်တည်းဟူသော ပစ္စယုပ္ပန်တရားအား ကျေးဇူးပြုပုံမှာ အလွန်ပင် ထင်ရှားလှပေသည်။

**နာမ်အာဟာရများကျေးဇူးပြုပုံ။** ။နာမ် အာဟာရ သုံးပါးတို့တွင် **ဖဿ**သည် အာရုံ၏ အရသာ အကောင်း အဆိုးကို ထုတ်ယူလျက် သမ္ပယုတ်တရားတို့ကို ထိုအာရုံသို့ ရှေးရှုဆောင်၏။ မှန်၏၊ တွေ့ထိခြင်း ဖဿမရှိခဲ့သော် အာရုံ၏ အရသာကို ခံစားခြင်း ဝေဒနာသည် မဖြစ်ပေါ်ပေရာ။ ဝေဒနာမဖြစ်ပေါ်ကလည်း လောဘ, ဒိဋ္ဌိစသော အကုသိုလ်တရားတို့သည်၎င်း သဒ္ဓါ, သတိစသော ကုသိုလ်တရားတို့သည်၎င်း ဖြစ်ပေါ်ရန် အခွင့်မရှိပေ။ ထို့ကြောင့် ဖဿာဟာရသည် အစာကို ယူပေးသော ငှက်သတ္တဝါတို့၏ နှုတ်သီးနှင့် တူပေသည်။

**စေတနာ**သည် သတ္တဝါတို့၏ ကိုယ်မှု နှုတ်မှု စိတ်မှုတို့၌ အားထုတ်ခြင်းကို ဖြစ်စေလျက် သမ္ပယုတ်တရားတို့ကို ဆောင်တား၏။ ကံကြီးကံငယ်အသွယ်သွယ်တို့ကို ပြီးမြောက်စေရန် စေတနာသည် အစဉ်မပြတ် စေ့ဆော်တိုက်တွန်း အားပေးခြင်းကို ပြု၏။ ထို့ကြောင့် စေတနာသည် တနေရာမှ တနေရာသို့ ပျံသန်းသွားလာသော ငှက်တို့၏ အစဉ်မပြတ် လှုပ်ရှားနေသော တောင်ပံနှင့် တူပေသည်။

**ဝိညာဏာဟာရ**ဟု ခေါ်သော စိတ်သည်ကား အာရုံကို ယူမှု သိမှု၌ ရှေ့ဆောင် ရှေ့သွားပြုလျက် သမ္ပယုတ်တရားတို့ကို အာရုံသို့ ဆောင်၏၊ မှန်၏၊ ဝိညာဏ်က အာရုံကို ယူပေးခြင်းကြောင့်သာ တွေ့ထိခြင်း ဖဿ, ခံစားခြင်း ဝေဒနာစသော တရားတို့သည် ဖြစ်ပေါ်ရကုန်၏။ အာရုံကိုယူပေးမည့် ဝိညာဏ် မရှိခဲ့သော် ထို တရားများလည်း ဖြစ်ပေါ်ရန် အခွင့် မရှိပေ။ ထို့ကြောင့် ဝိညာဏာဟာရသည် ပျံသန်းသွားလာရန် အရပ်ကိုညွှန်ပြပေးသည့် ငှက်သတ္တဝါတို့၏ မျက်စိနှင့် တူပေသည်။

ဤသို့လျှင် မိမိတို့ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား အခြား တရားများနှင့် မတူပဲ ထူးကဲသော အကြောင်း အထောက်အပံ့ အနေအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဤတရားလေးပါးတို့ကို အာဟာရဟု ခေါ်ဆိုပေသည်။

ရုပ် အာဟာရ၏ ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ—

(၁) ကဗဠီကာရ အာဟာရဟု ဆိုအပ်သော ဆွမ်းခဲဖွယ် ဘောဇဉ် အစ ရှိသည်၌ တည်သော ဗဟိဒ္ဓ ဩဇာသည် ရုပ်အာဟာရပစ္စည်း မည်၏။

(၂) အာဟာရဇရုပ်တို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် မည်၏။

(၃) စိတ် ၈၉၊ စေတသိက် ၅၂၊ အာဟာရဇရုပ်မှတပါးသော တိဇရုပ်၊ ဤ တရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။"ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တော ဝ သမုဋ္ဌာပေတိ"ဟူသော သင်္ဂြိုဟ်ရုပ်ပိုင်းအဆိုအတိုင်း ခဲဖွယ်ဘောဇဉ်စသည်တို့၌ပါဝင်သော ဗဟိဒ္ဓ ဩဇာသည် စားမျိုလိုက်သောအခါ ခန္ဓာကိုယ်၌ အာဟာရဇ ရုပ်တို့ကို ဖြစ်စေ ရကား ဗဟိဒ္ဓဩဇာသည် ပစ္စည်း အာဟာရဇရုပ်များသည် ပစ္စယုပ္ပန် ဖြစ်၏။ "စားမျိုလိုက်သောအခါ"ဟု ဆိုခြင်းသည်လည်း ယေဘုယျသဘောကို ကြည့်၍ ဆိုခြင်းသာ ဖြစ်၏၊ အမှန်အားဖြင့် အပြင်မှ ဩဇာ အာဟာရသည် တနည်း နည်းဖြင့် ခန္ဓာကိုယ်တွင်းသို့ဝင်သွားလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်ပေသည်။ ထို့ကြောင့် ကိုယ်ပေါ်၌ လိမ်းသုတ်ထားအပ်သော အာဟာရသည်ပင် ရုပ်ကို ဖြစ်စေနိုင်ကြောင်း ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆိုထားပေသည်။

ဤ၌ အထူးမှတ်ဖွယ်ကား ဗဟိဒ္ဓ ဩဇာက အာဟာရဇရုပ်ကို ဖြစ်စေနိုင် ကြောင်းကို များစွာသော အဋ္ဌကထာတို့၌ မိန့်ဆိုထားလေသည်။ သို့ရာတွင် မဇ္ဈိမနိကာယ် သမ္မာဒိဋ္ဌိသုတ် အဖွင့်ဋီကာ၌မူ "ဗဟိဒ္ဓဩဇာသည် အာဟာရဇ ရုပ်တို့ကို မဖြစ်စေနိုင်၊ အဇ္ဈတ္တဩဇာကသာလျှင် ဖြစ်စေနိုင်၏။ ဗဟိဒ္ဓဩဇာ သည် အထောက်အပံ့(ဥပတ္ထမ္ဘက)မျှသာ ဖြစ်၏"ဟု ဋီကာဆရာ ရှင်ဓမ္မပါလက မိန့်ဆိုသွားလေသည်။ သို့သော်လည်း ထိုအဆိုကို ဆရာမြတ်တို့ မနှစ်သက် ကြချေ။

ရုပ် အာဟာရပစ္စည်း၌ ဇနကသတ္တိ, ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုး ရှိရာတွင် အထက်ပါ နည်း၌ ဗဟိဒ္ဓ ဩဇာက အာဟာရဇရုပ်တို့အား ဇနကသတ္တိဖြင့် ကျေးဇူးပြုပုံတမျိုးသာလျှင် ပါဝင်၏။ ထိုနည်းသည် ပဋ္ဌာန်းပါဠိတော် ပဋိစ္စ- ဝါရနှင့်ကား တိုက်ရိုက် ကိုက်ညီပေ၏။ သို့သော်လည်း အဇ္ဈတ္တ ဗဟိဒ္ဓဩဇာ နှစ်မျိုးလုံးက စတုသမုဋ္ဌာနိကရုပ်တို့အား ဇနက, ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးတို့ဖြင့် ထိုက်သည်အားလျော်စွာ ကျေးဇူးပြုနိုင်ပုံကို ပဋ္ဌာန်းအဋ္ဌကထာနှင့် မူလဋီကာ တို့၌ ပြဆိုထားပေသည်။ သို့ဖြစ်၍ ထိုအဆိုနှင့်ကိုက်ညီအောင် ရုပ်အာဟာရ ပစ္စည်း၏ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်များကို အောက်ပါအတိုင်း တနည်း မှတ် သားအပ်ပေသည်။

တနည်း ရုပ်အာဟာရ ပစ္စည်း၏ **ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ**—

(၁) အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာ, ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇဩဇာ၊ ဤတရားတို့သည် ရုပ် အာဟာရပစ္စည်း မည်ကုန်၏။

(၂) ကလာပ်တူ ဩဇာကြဉ်သော, ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

(၃) စိတ် ၈၉၊ စေတသိက် ၅၂၊ ဗာဟိရရုပ်၊ ဤတရားတို့သည် ရုပ်အာဟာရပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။သတ္တဝါတို့၏ ခန္ဓာကိုယ်၌ရှိသော ရုပ်တို့သည် ကမ္မသမုဋ္ဌာနရုပ်, စိတ္တသမုဋ္ဌာနရုပ်, ဥတုသမုဋ္ဌာနရုပ်, အာဟာရသမုဋ္ဌာန ရုပ်ဟူ၍ လေးမျိုးရှိ၏။ ဩဇာသည်လည်း စတုဇရုပ်ဖြစ်ရကား ထိုရုပ်ကလာပ် လေးမျိုးလုံး၌ပင် ပါဝင်လျက်ရှိ၏။ ထိုအဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာသည် ပြင်ပမှ စားမျိုလိုက်သော ဗဟိဒ္ဓဩဇာနှင့် ပေါင်းဆုံမိသောအခါ ကိုယ်တွင်း၌ အာဟာရဇရုပ် အသစ်များကို ဖြစ်ပေါ် ပေါက်ပွါးစေသည့်ပြင် ထို အချိန်၌ထင်ရှားရှိသည့် အခြားသော စတုသမုဋ္ဌာနိက ရုပ်တို့အားလည်း ဥပ-ထ္ထမ္ဘကသတ္တိဖြင့် ထောက်ပံ့အားပေးလေသည်။ ဤသို့လျှင် အဇ္ဈတ္တသန္တာန်၌ ရှိသော စတုသမုဋ္ဌာနိက ဩဇာတည်းဟူသော ပစ္စည်းတရားက ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်တို့အား ဇနက,ဥပတ္ထမ္ဘကသတ္တိနှစ်မျိုးဖြင့် ကျေးဇူးပြုလေသည်။ ဥပမာအားဖြင့် စက္ခု ဒသကကလာပ်၌ရှိသော ဩဇာကို ပစ္စည်းယူခိုက် ၎င်းသည် ပစ္စယုပ္ပန်မဖြစ်နိုင်။ ကျန်ရုပ် ၉-ပါးနှင့် အခြားသော ကလာပ်များသာ ပစ္စယုပ္ပန်ဖြစ်နိုင်၏။ ထို့ကြောင့် "ကလာပ်တူဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်"ဟု ပစ္စယုပ္ပန်၌ ဆိုထားလေသည်။ အခြားသောကလာပ်များ၌လည်း ပစ္စည်းတပ်ပုံကို ဤနည်းတူ သိပါလေ။

**ဗဟိဒ္ဓဩဇာ ပစ္စည်းတပ်ပုံ။** ။ဗဟိဒ္ဓသန္တာန်၌ ရှိသော ဥတုဇဩဇာဟူသည် ခဲဖွယ်ဘောဇဉ်စသည့် အစားအစာများ၌ ပါဝင်သော ဩဇာပင်တည်း။ ထိုဗဟိဒ္ဓဩဇာသည် စားမျိုလိုက်သောအခါ ခန္ဓာကိုယ်၌ အာဟာရဇရုပ်သစ်များကို ဖြစ်ပွါးစေရုံမက ထိုအချိန်၌ ထင်ရှားရှိသည့် စတုသမုဋ္ဌာနိကရုပ်တို့အားလည်း ဥပတ္ထမ္ဘကသတ္တိဖြင့် ခိုင်ခံ့အောင် ထောက်ပံ့ လေသည်။ ဤသို့လျှင် ဗဟိဒ္ဓဩဇာက စတုသမုဋ္ဌာနိကရုပ်တို့အား ပစ္စည်းတပ်

ပုံကို သိပါလေ။ ပစ္စနိက်၌ ဗာဟိရရုပ်ဟူသည် တော တောင် ရေ မြေစသည့် အပြင်ပ လောက၌ သဘာဝအလျောက် တည်ရှိနေသော ဥတုဇရုပ်များပင်တည်း။

ဤ၌ အထူးမှတ်ဖွယ်ကား—အဇ္ဈတ္တဩဇာသည် ရုပ်ကို ဖြစ်စေ၏ဟု ဆိုသော်လည်း ဗဟိဒ္ဓဩဇာဟူသော အထောက်အပံ့ကိုရမှသာ ဖြစ်စေနိုင်၏၊ မရသော် မဖြစ်စေနိုင်။ စတုသမုဋ္ဌာနိက ရုပ်တို့အား ဒဲ့အထောက်အပံ့ပေးရုံသာ တတ်နိုင်၏။ ထို့ကြောင့် အမိဝမ်း၌ အောင်းသောသူငယ်တို့အား အမိစားသောက်အပ်သော အာဟာရမပျံ့နှံ့မီ ကာလအတွင်း၌ အာဟာရဇရုပ်မဖြစ်ပေ။ တိဇရုပ်ကလာပ်များတွင် ပါဝင်သည့် ဩဇာက ထောက်ပံ့ခြင်းကြောင့်သာ သူငယ်တို့၏ ရုပ်ကာယ တိုးတက်ကြီးထွားလာရလေသည်။ ထို့အတူပင် နတ်ဩဇာကို မစားသုံးရမီကာလအတွင်း၌ နတ်ဖြစ်စပုဂ္ဂိုလ်တို့မှာ ကမ္မဇစသော ရုပ်ကလာပ်များတွင် ပါဝင်သည့် တိဇဩဇာကသာလျှင် ၎င်းတို့၏ ကိုယ်ကာယကို ထောက်ပံ့ထားလေသည်။ ကမ္မဇရုပ်ကာယအားကြီးသည့် အချို့သော နတ်, ပြိတ္တာ, ငရဲသားတို့မှာကား ဗဟိဒ္ဓအာဟာရနှင့်ကင်းလျက် အဇ္ဈတ္တဩဇာ သက်သက်ဖြင့်ပင်လျှင် ရှည်မြင့်စွာသော ကာလပတ်လုံး တည်တံ့နိုင်သော ရူပကာယ ရှိကြပေကုန်သည်။

နာမ်အာဟာရပစ္စည်း၌ **ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်**တို့ကား—

(၁) ဖဿ, စေတနာ, ဝိညာဏ်ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် သုံးပါးတို့သည် နာမ်အာဟာရ ပစ္စည်းမည်ကုန်၏။

(၂) စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်မှတပါးသော တိဇရုပ်တို့သည် နာမ်အာဟာရပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။လောဘမူ ပဌမစိတ်ဖြစ်ပေါ်သောအခါ စေတသိက် ၁၉-ပါးနှင့် စိတ္တဇရုပ်တို့သည်လည်း တပြိုင်နက် ဖြစ်ကြကုန်၏။ ထိုသို့ ဖြစ်ရာတွင် ပဌမစိတ်တည်းဟူသော ဝိညာဏ်သည် ပစ္စည်းဖြစ်ခိုက် စေတသိက် ၁၉-နှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်ဖြစ်ကုန်၏။ ဖဿသည် ပစ္စည်းဖြစ်ခိုက် ပဌမစိတ်နှင့်တကွ ကျန်စေတသိက် ၁၈-ပါး စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်ဖြစ်ကုန်၏။ စေတနာပစ္စည်းဖြစ်ခိုက်၌လည်း ဤနည်းတူပင်တည်း။

ပဋိသန္ဓေခဏ၌ကား စိတ္တဇရုပ်များ မရှိသေးသဖြင့် ပဋိသန္ဓေစိတ်တွင် ပါရှိသော ဖဿ, စေတနာ, ဝိညာဏ်တို့သည် ပစ္စည်း၊ ၎င်းတို့နှင့် သမ္ပယုတ်ဖြစ်သော

စိတ် စေတသိက်များနှင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့သည် ပစ္စယုပ္ပန် ဖြစ်ကုန်၏။

ဤသို့လျှင် ပဋ္ဌာန်းနည်း၌ နာမ်အာဟာရသုံးပါးတို့က သဟဇာတ်ဖြစ်သော စိတ်, စေတသိက်, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားသာလျှင် အာဟာရသတ္တိဖြင့် ကျေးဇူးပြုပုံကို ဟောတော်မူသည်၊ ပဋိစ္စသမုပ္ပါဒ်နည်း၌ကား "ဖဿ-ပစ္စယာ ဝေဒနာ"ဟူ၍ ဖဿကြောင့် ဝေဒနာဖြစ်ပုံကိုရင်း၊ "သင်္ခါရပစ္စယာ ဝိညာဏံ"ဟူ၍ စေတနာဟူသော သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်များဖြစ်ပေါ်ပုံကိုရင်း၊ "ဝိညာဏပစ္စယာ နာမရူပံ"ဟူ၍ ဝိညာဏ်ကြောင့် နာမ်ရုပ်တို့ဖြစ်ပေါ်ပုံကိုရင်း ဆက်သွယ်ဟောကြားထားပေသည်။ ထိုအကြောင်းအရာများကို ပဋိစ္စသမုပ္ပါဒ်အဖွင့်၌ အကျယ်ရှင်းလင်း ဖွင့်ပြထားပြီး ဖြစ်ပေသည်။

**အမျိုးအားဖြင့်ခွဲပုံ။** ။ဤအာဟာရပစ္စည်းသည် အမျိုးအားဖြင့် နာမ်အာဟာရသည် သဟဇာတမျိုး၌ ပါဝင်၏။

ရုပ်အာဟာရ၏ ကျေးဇူးပြုပုံမှာ သဟဇာတနှင့် ဆင်ဆင်တူသော်လည်း သဟဇာတစစ်စစ် မဟုတ်ချေ။ သဟဇာတစစ်စစ်ကား မိမိနှင့်အတူဥပါဒ်သော တရားတို့အားသာ ကျေးဇူးပြု၏။ ရုပ်အာဟာရကား ရုပ်တရားဖြစ်၍ ဥပါဒ်ခဏ၌ ကျေးဇူးမပြုနိုင်၊ ဌီခဏသို့ရောက်မှသာ အားရှိသဖြင့် ကျေးဇူးပြုနိုင်သည်။ ထို့ပြင် ဩဇာသည် ကလာပ်တူရုပ်များအားသာမက ကလာပ်ပြားရုပ်တို့အားလည်း ကျေးဇူးပြု၏။ ထို့ကြောင့် ရုပ်အာဟာရ, အာဟာရတ္ထိ, အာဟာရ-အဝိဂတ ၃-ပါးကို သီးခြား အမျိုးခွဲ၍ ပြဆိုကြသည်။ ပရမတ္ထဒီပနီ၌ကား ရုပ်အာဟာရကို "ဥပသဟဇာတ"ဟု ဆိုထားလေသည်။

**ဘုံအားဖြင့်** နာမ်အာဟာရကို အသညသတ်မှ တပါးသော ဘုံ ၃၀-တို့၌ ရအပ်၏။ ရုပ်အာဟာရကိုကား ကာမ ၁၁-ဘုံ၌သာ ရနိုင်သည်။ ရူပဗြဟ္မာတို့၌ ဗဟိဒ္ဓအာဟာရကို စားသုံးခြင်းမရှိသဖြင့် **အာဟာရဇရုပ်များ** မရှိပေ။ အဇ္ဈတ္တ၌ရှိသော တိဇဩဇာသည်လည်း အာဟာရကိစ္စကို ဆောင်ရွက်ခြင်းမရှိ၊ ယင်းသို့မရှိသော်လည်း အပ္ပနာအဆင့်သို့ရောက်သော ကံအထူးကြောင့် ဖြစ်ပေါ်သည့် ရူပဇီဝိတိန္ဒြေနှင့် နာမ်အာဟာရသုံးပါးတို့၏ စောင့်ရှောက်ထောက်ပံ့မှုကြောင့် ထိုရူပဗြဟ္မာတို့ ကိုယ်ခန္ဓာသည် ကမ္ဘာပေါင်းများစွာ တည်တံ့နိုင်ပေသည်။ အရူပဘုံ၌ကား ရုပ်တရားများ လုံးဝမရှိသောကြောင့် ရုပ်အာဟာရ မရနိုင်ကြောင်းမှာ ထင်ရှားပြီးဖြစ်၏။

**ပုဂ္ဂိုလ်အားဖြင့်** အာဟာရပစ္စည်းကို အလုံးစုံတဆဲ့နှစ်ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်၏။

**ကာလ**အားဖြင့် အာဟာရပစ္စည်း ၂-မျိုးလုံးပင် ပစ္စုပ္ပန်ဖြစ်၏။ ရုပ်အာဟာရသည် ဌီခဏသို့ရောက်မှ ကျေးဇူးပြုသော်လည်း ထိုအချိန်၌ ထင်ရှားရှိသောတရားတို့အားသာလျှင် ကျေးဇူးပြုသောကြောင့် ပစ္စုပ္ပန်စစ်စစ်သာ ဖြစ်ပေသည်။

အာဟာရပစ္စည်း ပြီး၏။

---

## ၁၆-ဣန္ဒြိယပစ္စည်း

ဣန္ဒြိယပစ္စည်းသည်—

(က) သဟဇာတိန္ဒြိယ

(ခ) ပုရေဇာတိန္ဒြိယ

(ဂ) ရူပဇီဝိတိန္ဒြိယအားဖြင့် သုံးပါးအပြားရှိ၏။ ထို့ကြောင့်—

**သဟ,ပုရံ၊ ဇီဝိတံ၊ သုံးတန် ဣန္ဒြိယ။**

ဟု ဆိုတော်မူသည်။

### (က) သဟဇာတိန္ဒြိယပစ္စည်း

**ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ**

(၁) ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးသည် သဟဇာတိန္ဒြိယပစ္စည်းမည်၏။

(၂) စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

(၃) ပဝတ္တိကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ဤတရားတို့သည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**သဟဇာတိန္ဒြိယမည်ပုံ။**　　။နာမ်ဣန္ဒြေရှစ်ပါးတို့တွင် စိတ်တည်းဟူသော မနိန္ဒြေသည် အာရုံယူခြင်း သိခြင်းကိစ္စ၌ မိမိနှင့်ယှဉ်သော စေတသိက်များအပေါ်၌ အစိုးရ၏။ မိမိအလိုသို့ လိုက်ပါစေ၏။ ဇီဝိတသည် ကြာမြင့်စွာတည်အောင် စောင့်ရှောက်ခြင်းကိစ္စ၌ မိမိနှင့် သမ္ပယုတ်ဖြစ်သော စိတ် စေတသိက်များအပေါ်၌ အစိုးရ၏။ ဝေဒနာစသော တရားတို့သည်လည်း ထို့အတူပင် ဆိုင်ရာကိစ္စတို့၌ သမ္ပယုတ်တရားများအပေါ်တွင် အစိုးရကြကုန်၏။

စိတ်,စေတသိက်တို့ကို အစိုးရလျှင် ၎င်းတို့ကြောင့် ဖြစ်ပေါ်လာရသော စိတ္တဇရုပ်တို့ကိုလည်း အစိုးရသည်ပင် မည်၏။

ပဋိသန္ဓေစိတ် ဥပါဒ်သောခဏ၌ စိတ္တဇရုပ် မဖြစ်သေး၊ ထို့ကြောင့် ပဋိသန္ဓေစိတ်သည် မိမိနှင့်အတူ ဥပါဒ်သော ပဋိသန္ဓေကမ္မဇရုပ်အားသာလျှင် သဟဇာတိန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုရသည်။ ဤသို့လျှင် မိမိနှင့်အတူ ဖြစ်ပေါ်ဥပါဒ်သော စိတ်,စေတသိက်,စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား ဆိုင်ရာကိစ္စ၌ အစိုးရမှုအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဇီဝိတ, စိတ်,ဝေဒနာစသော တရားရှစ်ပါးကို သဟဇာတိန္ဒြိယပစ္စည်းဟု ခေါ်လေသည်။

**ပစ္စည်းတပ်ပုံ။** ။မဟာကုသိုလ်ပဌမစိတ် ဖြစ်ပေါ်သောအခါ ထိုစိတ်နှင့်တကွ ၎င်း၌ ပါဝင်သော ဇီဝိတ,စိတ်,ဝေဒနာ,သဒ္ဓါ, ဝီရိယ,သတိ, သမာဓိ,ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးသည် သဟဇာတိန္ဒြိယပစ္စည်း၊ ကြွင်းသော စေတသိက် ၃၁-ပါးနှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် ဖြစ်ကုန်၏။

ဉာဏဝိပ္ပယုတ်စိတ်တို့၌ ပစ္စည်းတွင် ပညာမပါ။ အကုသိုလ်စိတ်တို့၌လည်း သဒ္ဓါ,သတိ,ပညာ ဤသုံးပါးကို ကြဉ်၍ ကျန်ငါးပါးသော တရားတို့သာလျှင် ပစ္စည်းတပ်ကုန်၏။

ထို့ပြင် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဧကဂ္ဂတာစေတသိက်ပါရှိသော်လည်း အားနည်းသဖြင့် သမာဓိန္ဒြေမထိုက်ကြောင်းကို သတိပြု မှတ်သားပါလေ။

ပဋိသန္ဓေအခါ၌ ပစ္စယုပ္ပန်တွင် စိတ္တဇရုပ်အစား ပဋိသန္ဓေကမ္မဇရုပ်ကို ထည့်ရုံမျှသာ ထူး၏။ အရူပဘုံ၌ဖြစ်သောအခါ၌လည်း ပစ္စယုပ္ပန်၌ ရုပ်များ မပါချေ။

**ပစ္စနိက်။** ။ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့၏ ဖြစ်ပေါ်မှုသည် စိတ်နှင့်မစပ်၊ ရှေးကံနှင့်သာ စပ်၏။ စိတ်သည် ၎င်းရုပ်များကို အစိုးမရ။ ထို့ကြောင့် ပဝတ္တိကမ္မဇရုပ်များသည် သဟဇာတိန္ဒြိယပစ္စည်း၏ ပစ္စနိက်ဖြစ်ရလေသည်။ ဥတုဇ,အာဟာရဇရုပ်တို့ကို နာမ်ဣန္ဒြေများက အစိုးမရပုံမှာ ထင်ရှားလှပေသည်။

**ဣန္ဒြိယနှင့် အဓိပတိထူးပုံ။** ။ဤ၌ သဟဇာတိန္ဒြိယနှင့် သဟဇာတာဓိပတိတို့ မတူ ထူးခြားပုံကို မှတ်သားအပ်ပေသည်။ စိတ္တုပ္ပါဒ်တခုဖြစ်ပေါ်ချိန်၌ အဓိပတိတရားကိုယ်လေးပါး အားလုံး ပါရှိသော်လည်း ထိုလေးပါးတို့သည် တချိန်တည်း၌ပိုင်၍ အဓိပတိပစ္စည်းမတပ်ကုန်။တပါး

တပ်ခိုက် ကျန်သုံးပါးတို့က နောက်လိုက်သာ ဖြစ်ရကုန်၏။ သဟဇာတိန္ဒြိယ ပစ္စည်းကား ဤသို့မဟုတ်။ တချိန်တည်း တပြိုင်တည်း၌ပင် ဣန္ဒြေတရားကိုယ် ရှစ်ပါး ပါသည့် စိတ်၌ ရှစ်ပါးလုံး ပစ္စည်းတပ်ကုန်၏။ ခုနစ်ပါး ပါသည့် စိတ်၌လည်း ခုနစ်ပါးလုံး ပစ္စည်းတပ်ကုန်၏။

ထို့ပြင် အဓိပတိတရားကိုယ်များ ပါဝင်သော စိတ်တိုင်းလည်း အဓိပတိ ပစ္စည်းမတပ်ချေ။ ဒွိဟိတ်ဇော, တိဟိတ်ဇောတို့၌ရှိသော အဓိပတိတရားလေးပါး တို့သာလျှင် အဓိပတိပစ္စည်းတပ်ကုန်၏၊ ထိုတွင်လည်း မဟဂ္ဂုတ်, လောကုတ္တရာ ဇောတို့သာလျှင် အမြဲ အဓိပတိထိုက်ကုန်၏။ ကာမဇောတို့ကား ရံခါသာ အဓိပတိ ထိုက်၍ ရံခါ မထိုက်ကုန်။

သဟဇာတိန္ဒြိယပစ္စည်း၌ကား မည်သည့်စိတ်တွင်မဆို ပါဝင်သောတရားကိုယ် ရှစ်ပါးတို့သည် ဣန္ဒြိယ သတ္တိရှိကုန်၏။ ၎င်းတို့သည်လည်း အဓိပတိကဲ့သို့ ရံခါ တပ်မဟုတ်ပဲ ထိုစိတ်များဖြစ်ပေါ်သည့်အခါတိုင်း ဣန္ဒြိယပစ္စည်းတပ်ကုန်၏။ ဤကား သဟဇာတိန္ဒြိယနှင့် သဟဇာတာဓိပတိတို့ ထူးခြားပုံတည်း။

## (ခ) ပုရေဇာတိန္ဒြိယပစ္စည်း

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) ပသာဒဝတ္ထုရုပ် ၅-ပါးတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းမည်ကုန်၏။

(၂) ဒွေပဉ္စဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော-စိတ် ၇၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ဤတရားတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပုရေဇာတိန္ဒြိယမည်ပုံ။** ။စက္ခုဒွါရဝီထိဖြစ်ပေါ်သောအခါ ၎င်းဝီထိ၌ ပါဝင်သော စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကို အမှီ သဟဲပြုရ၏။ သောတဒွါရဝီထိစသည်တို့၌ ပါဝင်သည့် သောတဝိညာဏ်စသော စိတ်တို့သည်လည်း သောတစသည့်ဆိုင်ရာ ဝတ္ထုရုပ်တို့ကို အမှီပြု၍ဖြစ်ပေါ်ကြရ သည်။ ဤသို့ ပဉ္စဝိညာဏ်စိတ်တို့က ဆိုင်ရာပဉ္စဝတ္ထုရုပ်တို့ကို အမှီပြု၍ ဖြစ်ပေါ် ရာ၌လည်း မိမိတို့နှင့် ပြိုင်၍ ဥပါဒ်သော ဝတ္ထုရုပ်တို့ကိုရင်း၊ မိမိတို့နောက်မှ ဥပါဒ်သော ဝတ္ထုရုပ်တို့ကိုရင်း အမှီပြုသည်မဟုတ်။ ပဉ္စဝိညာဏ်တို့မဖြစ်မီ ရှေးက ကြိုတင်၍ဖြစ်ပေါ်နှင့်သော ဝတ္ထုရုပ်တို့ကိုသာ အမှီပြုရ၏၊ စက္ခုစသော ပဉ္စ

ဝတ္ထုတို့သည် ကမ္မဇရုပ်များဖြစ်ရကား စိတ်၏ ခဏတိုင်း ခဏတိုင်း၌ ဖြစ်ပေါ် လျက်ရှိကုန်၏။ သို့ဖြစ်၍ ပဉ္စဝိညာဏ်တို့ဖြစ်ပေါ်သည့်အချိန်၌ ရှေးကဖြစ်ပေါ် နှင့်သော ပဉ္စဝတ္ထုရုပ်တို့သည် များစွာပင် ရှိကုန်၏။ ထိုများစွာသောဝတ္ထုရုပ်တို့ အနက်"မဇ္ဈိမာယုက" ဖြစ်၍ အတီအဘဝင်နှင့် ဥပါဒ်ပြိုင်သော ဝတ္ထုတခုကိုသာ ပဉ္စဝိညာဏ်တို့က အမှီပြုကြောင်း အဘိဓမ္မာဝတာရဋီကာ စသော ကျမ်းတို့၌ ဖွင့်ဆိုထား၏။ ဤသို့လျှင် ပဉ္စဝတ္ထုတို့သည် ပစ္စယုပ္ပန်ဖြစ်သော ပဉ္စဝိညာဏ်တို့ မဖြစ်မီ ရှေးကဖြစ်နှင့်၍ ပုရေဇာတ သတ္တိလည်း ရှိကုန်၏။ မြင်ခြင်းစသောဆိုင်ရာ ကိစ္စတို့၌ အစိုးရသဖြင့် ဣန္ဒြိယသတ္တိလည်း ရှိကုန်၏။ ထိုသတ္တိနှစ်မျိုးဖြင့် ကျေးဇူး ပြုတတ်သောကြောင့်ပင် ပုရေဇာတိန္ဒြိယပစ္စည်းဟူသော အမည်ကိုရလေသည်။

**ပစ္စည်းတပ်ပုံ။** ။စက္ခုဒွါရဝီထိ တခုဖြစ်ပေါ်သောအခါ အတီတဘဝင်နှင့် ဥပါဒ် ပြိုင်၍ မဇ္ဈိမာယုကဖြစ်သော စက္ခုပသာဒရုပ်သည် ပုရေဇာတိန္ဒြိယ ပစ္စည်းဖြစ်၍ စက္ခုဝိညာဏ်စိတ်နှင့်ယှဉ်ဘက် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါးတို့သည် ပုရေဇာတိန္ဒြိယ ပစ္စည်း၏ ပစ္စယုပ္ပန်ဖြစ်ကုန်၏။ စက္ခုဝိညာဏ်စိတ်နှင့်ပြိုင်၍ရှင်း၊ ယင်း၏ နောက်မှရှင်း ဖြစ်ပေါ်သော စက္ခုပသာဒရုပ်တို့သည် ပုရေဇာတလည်းမဟုတ်, ဣန္ဒြိယလည်းမဟုတ်သဖြင့် ပစ္စည်းမထိုက်ကုန်၊ ထိုအတူပင် စက္ခုဝိညာဏ်မပေါ်မီဖြစ်နှင့်၍ ပုရေဇာတပင်မှန်သော်လည်း အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော မဇ္ဈိမာယုကစက္ခုဝတ္ထုမှတပါး အခြားသော စက္ခုဝတ္ထုတို့သည်လည်း ပုရေဇာတိန္ဒြိယပစ္စည်းမတပ်ဟု ဆိုသင့်၏။ သောတ ဒွါရဝီထိ၌ စသည်တို့၌လည်း ပစ္စည်းတပ်ပုံကို နည်းတူသိပါလေ။

ထို့ပြင် သတ္တဝါတို့၌ ပဉ္စဒွါရဝီထိများဖြစ်ပေါ်နေသော အချိန်ကား လွန်စွာ နည်း၏။ မနောဒွါရဝီထိဖြစ်နေသောအချိန်ကသာ များ၏။ အိပ်ပျော်နေသော အခါလည်း ဘဝင်စိတ်များသာ အဆက်မပြတ် ဖြစ်ပေါ်နေ၏။ ထိုအချိန်များ၌ လည်း ကမ္မဇရုပ်ဖြစ်သော ပဉ္စဝတ္ထုတို့သည် စိတ်၏ ခဏတိုင်း ခဏတိုင်း အဆက် မပြတ် ဖြစ်ပေါ်လျက်ရှိသည်။ ထိုပဉ္စဝတ္ထုရုပ်အားလုံးသည်လည်း ကျေးဇူးပြု ခံမည့် ပစ္စယုပ္ပန် မရှိသောကြောင့် ပုရေဇာတိန္ဒြိယပစ္စည်း မတပ်ကုန်၊ နိရောဓ သမာပတ်ဝင်စားဆဲ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ပဉ္စဝတ္ထုတို့သည်လည်း ထို့ အတူပင်တည်း။

မရဏာသန္နအခါ ဖြစ်ပေါ်သော ပဉ္စဝိညာဏဝီထိတို့၌ကား စုတိစိတ်မှ ပြန်၍ ရေလျှင် တဆဲ့ခုနစ်ချက်မြောက် စိတ်နှင့် အတူ ဥပါဒ်သော ပဉ္စဝတ္ထုတို့သည် ပုရေဇာတိန္ဒြိယပစ္စည်းဖြစ်၍ ဆိုင်ရာ ပဉ္စဝိညာဏ် အသီးသီးတို့သည် ပစ္စယုပ္ပန် ဖြစ်ကုန်၏။

**ဟဒယသည် ဇ္ဈာနိန္ဒြိယမထိုက်။**　။ဤ၌ ဝတ္ထုရုပ် ခြောက်ပါး ရှိသည့်အနက်မှ ပဉ္စဝတ္ထုတို့သာလျှင် ပုရေဇာတိန္ဒြိယပစ္စည်း တပ်၍ ဟဒယဝတ္ထုကား ပစ္စည်းမတပ်ကြောင်း တွေ့ရှိရသည်။ အဘယ့်ကြောင့် ဟဒယဝတ္ထုသည် ပုရေဇာတိန္ဒြိယပစ္စည်းမတပ်ကြောင်းကို စိစစ်ရန်လိုပေသည်။

အမှန်အားဖြင့် မိမိ၏အခြားမဲ့ ရှေး၌ ဖြစ်သောစိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို အမှီပြု၍ နောက်နောက်သော စိတ်တို့သည် ဖြစ်ပေါ်ရကုန်၏။ ထို့ကြောင့် ဟဒယဝတ္ထုသည် နောက်နောက်သောစိတ်တို့အား ပုရေဇာတသတ္တိ၊ နိဿယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

သို့သော်လည်း ပဉ္စဝတ္ထုတို့သည် မြင်ခြင်းစသောကိစ္စ၌ ဆိုင်ရာ ဝိညာဏ်တို့အား အစိုးရသကဲ့သို့ ဟဒယသည် မိမိကိုမှီသော ဝိညာဏ်တို့အား အစိုးမရ။ ထိုဝိညာဏ်တို့၏ နုံ့ခြင်း ထက်ခြင်းကို မပြုနိုင်၊ ထို့ပြင် ဟဒယဝတ္ထုရုပ်ကို မှီ၍ စိတ်အမျိုးမျိုး ဖြစ်ပေါ်ကြသည်ကို ထောက်လျှင်လည်း ဟဒယဝတ္ထု၏ အစိုးမရပုံမှာ ထင်ရှားလေသည်။ စက္ခုဝတ္ထုသည် မြင်မှုကိစ္စကို ဆောင်ရွက်နိုင်ခြင်းသတ္တိဖြင့် စက္ခုဝိညာဏ်ကိုအစိုးရသည်၊ ထိုနည်းတူ ကျန်သည့် ပသာဒဝတ္ထုတို့ကလည်း သက်ဆိုင်ရာစိတ်တို့ကို အသီးအသီး အစိုးရကြသည်။ သို့ရာတွင် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ပေါ်သော စိတ်များသည် ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆနကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ ဇောကိစ္စ၊ တဒါရုံကိစ္စ စသည်ဖြင့် မိမိတို့နှင့် ဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြသည်၊ ဟဒယဝတ္ထု၏ ညွှန်ကြားအုပ်စိုးမှုအရ ဆောင်ရွက်ကြသည် မဟုတ်ချေ၊ ထိုစိတ်တို့၏ သဘာဝသတ္တိအရသာလျှင် ဆောင်ရွက်ကြခြင်းဖြစ်သည်၊ ထို့ကြောင့် ဟဒယဝတ္ထုသည် ပုရေ-ဇာတိန္ဒြိယပစ္စည်းမတပ်ဟု မှတ်ယူသင့်သည်။ စတုဝေါကာရဘုံ၌ ဟဒယဝတ္ထုနှင့် ကင်းလျက်ပင် မနောဝိညာဏ်စိတ်များ ဖြစ်ပေါ်နိုင်ခြင်းကို ထောက်၍လည်း ဟဒယဝတ္ထု၏ ဣန္ဒြိယသတ္တိမရှိပုံကို သိနိုင်ပေသည်။ ပဉ္စဝိညာဏ်တို့သည်ကား ပဉ္စဝတ္ထုတို့နှင့်ကင်း၍ လုံးဝမဖြစ်ပေါ်နိုင်ကုန်။

## (ဂ) ရူပဇီဝိတိန္ဒြိယပစ္စည်း

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) ပဝတ္တိ၊ ပဋိသန္ဓေအားဖြင့် အလုံးစုံသောရုပ်ဇီဝိတသည် ရူပဇီဝိတိန္ဒြိယပစ္စည်းတပ်သော တရားမည်၏။

(၂) ရုပ်ဇီဝိတ်ကြဉ်သော ကလာပ်တူ ကမ္မဇရုပ်တို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) စိတ် ၈၉၊ စေတသိက် ၅၂၊ ဇီဝိတရုပ်၊စိတ္တဇရုပ်၊ဥတုဇရုပ်၊အာဟာရဇရုပ်၊ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ရူပဇီဝိတိန္ဒြိယပစ္စည်း ခေါ်ပုံ။** ။ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း လေးပါးတို့ကြောင့် ဖြစ်ပေါ်သော ရုပ်လေးမျိုးတို့တွင် စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် မိမိတို့၏ မူလအကြောင်းဖြစ်သောစိတ်, ဥတု, အာဟာရတို့ ထင်ရှားရှိခိုက်၌သာလျှင် တည်နိုင်ကုန်၏။ ဆိုင်ရာအကြောင်းတရားများ ချုပ်ငြိမ်းသွားလျှင် ထိုရုပ်များလည်း ဆက်လက်၍ ဖြစ်ပေါ်ခြင်းငှါ မစွမ်းနိုင်ကုန်၊ ကမ္မဇရုပ်တို့သည်ကား ဤသို့မဟုတ်ပေ၊အတိတ်ဘဝကပြုလုပ်ခဲ့သော ကံဟောင်းကြောင့် ဤဘဝ၌ ကမ္မဇရုပ်တို့သည် ဖြစ်ပေါ်လာကုန်၏။ ထိုကမ္မဇရုပ်တို့သည်လည်း မူလ အကြောင်း ဖြစ်သော အတိတ်ကံနှင့် ကင်းလျက်ပင်လျှင် ထိုကံ၏အရှိန်ကြောင့် အနုစ်တရာ တထောင်စသော ကာလပတ်လုံး အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်ပေါ်၍ မိမိတို့ ရုပ်သက်တမ်းအတိုင်း တည်နေနိုင်ကြကုန်၏။ ဤသို့ မိမိတို့ ရုပ်သက်တမ်းအတိုင်း တည်နိုင်ခြင်းကား ကမ္မဇကလာပ်တိုင်းတွင် ပါဝင်သည့်ဇီဝိတရုပ်က စောင့်ရှောက်ထားခြင်းကြောင့် ဖြစ်ပေသည်၊ ထိုသို့ မိမိနှင့် အတူ တကွဖြစ်သော ကမ္မဇရုပ်တို့ကို ကြာမြင့်စွာတည်အောင် စောင့်ရှောက်လျက် အစိုးရခြင်း ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးပြုတတ်သောကြောင့် ၎င်းဇီဝိတရုပ်ကို ရူပဇီဝိတိန္ဒြိယပစ္စည်းဟု ခေါ်ဆိုပေသည်။ ဇီဝိတရုပ်သည် မိမိကိုယ်တိုင်လည်း ကမ္မဇရုပ် ဖြစ်သည်။

**ပစ္စည်းတပ်ပုံ။** ။ကမ္မဇကလာပ်ကိုးစည်းတို့တွင် စက္ခုဒသကကလာပ်၌ပါသော ဇီဝိတရုပ်သည် ရူပဇီဝိတိန္ဒြိယပစ္စည်းဖြစ်သည်၊ ကျန်သောကလာပ်တူ ကမ္မဇရုပ်ကိုးခုတို့သည် ပစ္စယုပ္ပန်ဖြစ်ကုန်၏။သောတဒသက ကလာပ်စသည်တို့၌လည်း ပစ္စည်းတပ်ပုံကို ဤနည်းတူ သိပါလေ။ ပဝတ္တိအခါ၌ဖြစ်စေ, ပဋိသန္ဓေအခါ၌ ဖြစ်စေ ကမ္မဇကလာပ်များဖြစ်တိုင်း ဇီဝိတရုပ် ပါဝင်၏။ ထို့ကြောင့် "ပဝတ္တိ,ပဋိသန္ဓေအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတ"ဟူ၍ ဆိုသည်။ ထိုရုပ်ဇီဝိတသည် ပစ္စည်းအမြဲဖြစ်ရကား ပစ္စယုပ္ပန်တွင် မပါဝင်နိုင်တော့သဖြင့် ပစ္စနိက်ဖြစ်ရသည်။

**ရူပဇီဝိတိန္ဒြိယသီးခြားပြရပုံ။** ။ရူပဇီဝိတသည် မိမိနှင့်အတူဖြစ်ဖက် ကမ္မဇရုပ်တို့အား ကျေးဇူးပြုသောကြောင့် သဟဇာတိန္ဒြိယတွင် ပါဝင်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ရူပဇီဝိတိန္ဒြိယပစ္စည်းဟု သီးခြားခွဲ၍ ဆိုရပါသနည်းဟု မေးမြန်းဖွယ်ရှိ၏။ အဖြေကား—ဇီဝိတသည် တကွဖြစ်ဖက်ကလာပ်တူ ကမ္မဇရုပ်တို့အား ကျေးဇူးပြုသည်မှန်သော်လည်း သဟဇာတထိုက်သော နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်အခိုက်၌ အထင်အရှား ကျေးဇူးမပြုနိုင်၊ ဌီအခိုက်ကျမှသာ စောင့်ရှောက် ထောက်ပံ့သော အားဖြင့်

ကျေးဇူးပြု၏။ ထို့ကြောင့် သဟဇာတလက္ခဏာမရှိသဖြင့် သဟဇာတိန္ဒြိယတွင် မပါဝင်နိုင်ရကား ဤရူပဇီဝိတိန္ဒြိယပစ္စည်းကို သီးခြားပြဆိုရလေသည်။

**ဘာဝရုပ် ၂-ပါး ဣန္ဒြိယပစ္စည်းမထိုက်ပုံ။** ။သမုစ္စည်းပိုင်းလာ ဣန္ဒြေ ၂၂-ပါး၌ ဣတ္ထိဘာဝရုပ်, ပုမ္ဘာဝရုပ်တို့သည်လည်း ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟူသော အမည်ဖြင့် ပါဝင်ခဲ့သည်။ ဤပဋ္ဌာန်းနည်း၌ကား ထိုဘာဝရုပ် ၂-ပါးတို့သည် ဣန္ဒြိယပစ္စည်းသုံးမျိုးလုံး၌ပင် ပါဝင်ခြင်း မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဘာဝရုပ် ၂-ပါးတို့သည် ဣန္ဒြိယဟူသော အမည်ကို ခံယူထားလျက်နှင့်ပင် ပဋ္ဌာန်းနည်းအားဖြင့် ဣန္ဒြိယပစ္စည်းမတပ်သည်ကို ထူးဆန်းအံ့ဩဖွယ်ရာ တွေ့ရပေသည်။ သို့အတွက် ဘာဝရုပ် ၂-ပါးသည် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း မထိုက်ကြောင်းကို စိစစ်ရန် လိုပေသည်။

**ပစ္စည်းခေါ် ထိုက်သောတရား။** ။ပဋ္ဌာန်းနည်းအားဖြင့် ပစ္စည်းဟူ၍ ခေါ် ဆိုရန် အကြောင်း ၃-ပါး ရှိ၏။ ၎င်းတို့ကား—

(၁) ဇနကသတ္တိဖြင့် ဖြစ်စေခြင်း (၂) ဥပတ္ထမ္ဘကသတ္တိဖြင့် ထောက်ပံ့ခြင်း (၃) အနုပါလနသတ္တိဖြင့် စောင့်ရှောက်ခြင်းတို့ ဖြစ်၏။ ဤသုံးပါးတို့တွင် အနည်းဆုံး တပါးပါးသော သတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရားကိုသာ ပစ္စည်းဟု ခေါ်၏။ ဘာဝရုပ်နှစ်ခုတို့သည်ကား ယင်းသတ္တိ ၃-ပါးတို့တွင် တပါးမျှ မရှိချေ။ မှန်၏၊ အမသတ္တဝါတို့၏ သန္တာန်၌ ဣတ္ထိလိင်, ဣတ္ထိနိမိတ္တစသည်တို့ ဖြစ်ပေါ် လာခြင်းသည် ဣတ္ထိဘာဝရုပ်က ဖြစ်ပေါ် စေသောကြောင့် မဟုတ်ပေ။ ရှေးကံကြောင့်သာ ဖြစ်ပေါ် လာခြင်း ဖြစ်၏။ ထို့ကြောင့် ဘာဝရုပ် ၂-ပါးတို့သည် ဣတ္ထိလိင်, ပုရိသလိင်စသည်တို့အား ဇနကသတ္တိဖြင့် ကျေးဇူးပြုသည်ဟု မဆိုနိုင်ချေ။

ထို့ပြင် ဣတ္ထိလိင်(=မိန်းမတို့၏ အသွင်အပြင်) ဣတ္ထိနိမိတ္တ (=မိန်းမတို့၏ ဟန်အမူအရာ)စသည်တို့သည် အစစ်အမှန်အားဖြင့် ပရမတ္ထတရားများ မဟုတ်၊ ပရမတ္ထတရားတို့ကို အမှီပြု၍ သိမှတ်အပ်သော အခြင်းအရာ (=အာကာရ ပညတ်)မျှသာ ဖြစ်၏။ ပဋ္ဌာန်းနည်း၌ ပညတ်ကို ပစ္စယုပ္ပန်အဖြစ်ဖြင့် မည်သည့် ပစ္စည်း၌မျှ ဟောကြားခြင်း မပြု၊ ထို့ကြောင့် ဘာဝရုပ်တို့က ပညတ်မျှသာ ဖြစ်သော လိင်စသည်တို့အား ဥပတ္ထမ္ဘကသတ္တိ, အနုပါလနသတ္တိတို့ဖြင့်လည်း ကျေးဇူးပြုသည်ဟု မဆိုနိုင်ချေ။ ဤသို့လျှင် ဘာဝရုပ် ၂-ပါးတို့သည် ဣတ္ထိလိင် စသည်တို့အား ပစ္စယသတ္တိသုံးမျိုးတို့ဖြင့် လုံးဝကျေးဇူးမပြုနိုင်သောကြောင့် ဣန္ဒြိယပစ္စည်းမတပ်ဟု မှတ်ယူအပ်ပေသည်။

ထိုမှတပါး ဇီဝိတရုပ်သည် မိမိနှင့် ကလာပ်တူ ကမ္မဇရုပ်တို့အား အနုပါလန သတ္တိဖြင့် ကျေးဇူးပြု၏၊ အာဟာရရုပ်သည် ကလာပ်ပြားရုပ်တို့အား ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြု၏။ ဘာဝရုပ်တို့သည်ကား ဤကဲ့သို့ ကလာပ်တူ ကလာပ်

ပြားရုပ်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။ အကြောင်းကား အစိုးရခြင်း မရှိသောကြောင့်တည်း။

ဤသို့လျှင် ဘာဝရုပ် ၂-ပါးတို့သည် ပဋ္ဌာန်းနည်းအားဖြင့် ဣန္ဒြိယပစ္စည်း မတပ်သော်လည်း ဣန္ဒြိယဟူသော အမည်ကိုကား ခံယူထိုက်၏၊ **အဘယ့်ကြောင့်** ဆိုသော် ၎င်းတို့သည် ဣတ္ထိလိင်စသည်တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။ အတိတ်ကံအားလျော်စွာ အမဖြစ်မည့် သတ္တဝါများ၏သန္တာန်၌ ပဋိသန္ဓေခဏမှစ၍ ဣတ္ထိဘာဝရုပ်သည် ဖြစ်ပေါ်၏။ ထိုဣတ္ထိဘာဝရုပ်၏ အရှိန်အဝါကြောင့်ပင် မိန်းမအသွင်အပြင် အမူအရာစသည်တို့သည် နောက်အခါ၌ ထင်ရှားလာရကုန်၏။ အထီးသတ္တဝါများ၏သန္တာန်၌လည်း ထို့အတူပင် ပုမ္ဘာဝရုပ်၏ အရှိန်အဝါကြောင့် ယောကျ်ားအသွင်အပြင်စသည်တို့ တင်ရှားလာရကုန်၏။ ထိုသို့ ရှေးကံအလျောက် အထီး အမဖြစ်လာရသူတို့၏သန္တာန်၌ လိင်, နိမိတ္တစသည်တို့ တင်ရှားပေါ်လာရန် ဓိမံဘိသကဲ့သို့ ဘာဝရုပ် ၂-ပါးတို့က ကြီးစိုးလွှမ်းမိုးနေသောကြောင့် ၎င်းရုပ် ၂-ပါးကို ဣန္ဒြေဟု အမည် တပ်ရခြင်းဖြစ်ပေသည်။

## ဘုံ, ပုဂ္ဂိုလ်, ကာလတို့ဖြင့် ဝေဖန်ပုံ

ဣန္ဒြိယပစ္စည်း သုံးပျိုးဟိုကို ဘုံအားဖြင့် ဝေဖန်သော် သဟဇာတိန္ဒြေကို အသညသတ်မှတပါးသော ဘုံ ၃၀-တို့၌ ရအပ်၏။ စတုဝေါကာရ လေးဘုံတို့၌ ဖြစ်သောအခါ ပစ္စယုပ္ပန်၌ ရုပ်တရားများ မပါသည်ကိုမူ သတိပြုရာ၏။

ပုရေဇာတိန္ဒြေကို ပဉ္စဝေါကာရ ၂၆-ဘုံတို့၌သာ ရနိုင်၏။ ထိုတွင်လည်း ရူပဗြဟ္မာဘုံတို့၌ ပုရေဇာတိန္ဒြေပစ္စည်းတပ်နိုင်သော တရားတို့သည် စက္ခုဝတ္ထုနှင့် သောတဝတ္ထု ၂-ပါးသာ ရှိ၏။

ရူပဇီဝိတိန္ဒြေကိုကား အရူပလေးဘုံမှတပါး ကျန် ၂၇-ဘုံတို့၌ ရအပ်၏။

**ပုဂ္ဂိုလ်အားဖြင့်** သဟဇာတိန္ဒြေနှင့် ရူပဇီဝိတိန္ဒြေကို အလုံးစုံသော ပုဂ္ဂိုလ် ၁၂-ယောက်တို့၌ ရနိုင်၏။ ပုရေဇာတိန္ဒြေကိုကား မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက်တို့၌ မရအပ်။ ဈာန်ဝင်စားနေသူ, ဖိုလ်ဝင်စားနေသူ, အိပ်ပျော်နေသူ စသည်တို့၌လည်း ပုရေဇာတိန္ဒြေ မရ၊ ပဉ္စဒွါရဝီထိဖြစ်နေဆဲအခိုက်၌သာ ရ၏။ နိရောဓသမာပတ်ဝင်စားဆဲပုဂ္ဂိုလ်မှာကား သဟဇာတိန္ဒြေ, ပုရေဇာတိန္ဒြေ ၂-ပါးလုံး မရနိုင်ပေ။

**ကာလအားဖြင့်** ဣန္ဒြိယပစ္စည်းသုံးမျိုးလုံးသည် ထင်ရှားရှိဆဲ ပစ္စယုပ္ပန်တရားတို့အားသာလျှင် ကျေးဇူးပြုသောကြောင့် ပစ္စုပ္ပန်ကာလ၌ ဖြစ်၏။

ဣန္ဒြိယပစ္စည်း ပြီး၏။

## ၁၇-ဈာနပစ္စည်း

**ဈာန်မည်ပုံ။**　။"အာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ"။ အာရမ္မဏံ၊ အာရုံကို။ ဈာယတိ ဥပနိဇ္ဈာယတိ၊ ကပ်၍ ရှုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဈာနံ၊ ဈာန်မည်၏။ အာရုံကို ကပ်၍ရှုခြင်းဟူသည် အာရုံပေါ်၌ စိတ်စွဲမြဲနေအောင် စူးစူးစိုက်စိုက် ရှုခြင်းပင် ဖြစ်၏။ ယင်းသို့ စူးစူးစိုက်စိုက်ရှုသည့်အခါ အာရုံသည် ပို၍ ထင်ရှားပြတ်သားစွာ ထင်လာသည်။ စိတ်သည်လည်း အခြားအာရုံတပါးသို့ မလွင့်ပါးဘဲ ထိုအာရုံတခုတည်းပေါ်၌ သာလျှင် စွဲမြဲတည်ငြိမ်၍နေ၏။ ထို့ကြောင့် —

"စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်"
ဟု မိန့်ဆိုတော်မူခဲ့သည်။

အဝေးမှနေ၍ မှတ်တိုင်စက်ဝန်း၌ မြားကိုပစ်သွင်းလိုသူသည် မြားကို ငြိမ်သက်တည့်မတ်စွာချိန်၍ စက်ဝန်းကိုလည်း ထင်ရှားအောင်ရှု၍ ပစ်မှသာ စက်ဝန်းကို တည့်တည့်ထိမှန်ရာ၏။ ချုံတွင်းမှနေ၍ သားကောင်ကို ပစ်သော မုဆိုးသည်လည်း မြားကို တည့်မတ်စွာချိန်၍ သားကောင်ကို စူးစိုက်စွာရှုလျက် ပစ်မှသာ ထိုသားကောင်ကို မလွဲမသွေ ထိမှန်ရာ၏။ ထိုနည်းအတူပင် ကုသိုလ်မှု အကုသိုလ်မှုတို့ကို ပြုလုပ်ရာ၌လည်း ဝိတက်စသော ဈာန်အင်္ဂါတို့ဖြင့် စိတ်ကို ငြိမ်သက်အောင်ပြု၍ အာရုံကို စူးစိုက်စွာရှုလျက် ပြုလုပ်ဆောင်ရွက်ရ၏။ သို့မှ သာလျှင် ထိုအမှုများသည် မချွတ်မလွဲ အောင်မြင်ထမြောက်နိုင်၏။ ဤသို့ တစုံတခုသော ကိုယ်မှုနှုတ်မှုစသည်ကို ပြုရာ၌ ထိုအမှုများ ပြီးစီးအောင်မြင်အောင် အာရုံကို စွဲမြဲစူးစိုက်စွာ ရှုခြင်းဟူသော ဈာနကိစ္စဖြင့် ကျေးဇူးပြုတတ်သော တရားများကို ဈာနပစ္စည်းဟု ခေါ်ပေသည်။

**ဈာန်အင်္ဂါ ၅-ပါး ၇-ပါး။**　။အာရုံကို စူးစိုက်စွာရှုခြင်း ဈာနကိစ္စသည် စိတ်တခုတည်း၏ ဆောင်ရွက်မှု မဟုတ်ပေ။ ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟူသော တရားငါးပါးတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့်သာ စိတ်သည် အာရုံကို စူးစိုက်စွာရှုနိုင်ခြင်းဖြစ်၏။ ထို့ကြောင့် တပါးစီ တပါးစီသော ထိုတရားများကို ဈာန်အင်္ဂါ (ဈာန်၏အစိတ်အပိုင်း) ဟု ခေါ်၍ ထိုတရားငါးပါးအပေါင်းကိုမူ ဈာန်ဟု ခေါ်လေသည်။ ဈာန်အင်္ဂါ ငါးပါးတွင် ပါဝင်သော ဝေဒနာအရ ဝေဒနာငါးပါးတို့တွင် သောမနဿ, ဒေါမနဿ, ဥပေက္ခာဝေဒနာ သုံးပါးကိုသာ ယူရ၏။ ကာယဝိညာဏ်ဒွေး၌ ယှဉ်သော သုခ, ဒုက္ခဝေဒနာ ၂-ပါးတို့ကား ဈာနပစ္စည်း မတပ်သဖြင့် ဈာန်အင်္ဂါများတွင် မပါဝင်ပေ။ သို့ဖြစ်၍ ဝေဒနာကို သုံးပါးခွဲ၍ ရေတွက်လျှင် ဈာန်အင်္ဂါ ၇-ပါးဖြစ်၏။

ဝိတက်ဈာနင်သည် ထိနမိဒ္ဓနီဝရဏကို ပယ်ခွင်းရှုံမြိုက်သည်၊ ဝိစာရဈာနင်သည် ဝိစိကိစ္ဆာနီဝရဏကို ပယ်ခွင်းရှုံမြိုက်သည်၊ ပီတိဈာနင်သည် ဗျာပါဒနီဝရဏကို ပယ်ခွင်းရှုံမြိုက်သည်၊ (သုခ)ဝေဒနာဈာနင်သည် ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်ခွင်းရှုံမြိုက်သည်၊ ဧကဂ္ဂတာဈာနင်သည် ကာမစ္ဆန္ဒ နီဝရဏကို ပယ်ခွင်း ရှုံမြိုက်သည်။

ကာမစိတ်တို့၌ရှိသော ဈာန်အင်္ဂါများဖြစ်သည့် ဝိတက်, ဝိစာရ, ပီတိ, (ဝေဒနာ)သုခ, ဧကဂ္ဂတာတို့မှာမူကား စိတ်ကိုအာရုံ၌ စူးစူးစိုက်စိုက် တည်စေမှု ကိစ္စတခုကိုသာ ဆောင်ရွက်နိုင်သည်၊ နီဝရဏတရားတို့ကို ပယ်ခွင်းရှုံမြိုက်နိုင် သည့် သတ္တိမရှိပေ၊ ထို့ကြောင့်လည်း ကာမစိတ်များသည် အာရုံအမျိုးမျိုးသို့ ပြောင်းရွှေ့မှုများ များပြားချေသည်။

**ဈာနပစ္စည်း။** ။အချုပ်အားဖြင့် မှတ်သားဖွယ်ကား မဟဂ္ဂုတ်, လောကုတ္တရာ စိတ်များနှင့်တကွ ပဥ္စဝိညာဏ်ကြဉ်သော ကာမစိတ် ၄၄-ပါး တို့၌ ရှိသော ဈာနင်တရားကိုယ်များသည် ဈာနပစ္စည်းတပ်ကြ၏။ ပဋ္ဌာန်းနည်း အလိုအားဖြင့် ထိုစိတ်များအားလုံးကိုပင် ဈာန်စိတ်ဟု ခေါ်နိုင်၏။ ဒါနမှု ပြုလုပ်ရာ၌ဖြစ်စေ, ပါဏာတိပါတမှုပြုလုပ်ရာ၌ဖြစ်စေ အာရုံကို စူးစိုက်စွာရှုမှု ဈာနကိစ္စ မပါလျှင် ထိုအမှုများ အထမမြောက်နိုင်။ ထို့ကြောင့် အမှုကိစ္စ အမျိုးမျိုး ပြီးမြောက်စေရန် အာရုံတခု၌ စူးစိုက်စွဲမြဲစွာ ရှုခြင်းအားဖြင့် ကျေးဇူးပြုခြင်းသည် ဈာနပစ္စည်း၏ သတ္တိဖြစ်ပေသည်။

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) ဝိတက်,ဝိစာရ, ပီတိ,ဝေဒနာ, ဧကဂ္ဂတာဟူသော ဈာနင်တရားကိုယ် ငါးပါးတို့သည် ဈာနပစ္စည်းတပ်သော တရားမည်ကုန်၏။

(၂) ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇ ရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဤတရားတို့သည် ဈာနပစ္စည်း၏ ပစ္စယုပ္ပန် မည်ကုန်၏။

(၃) ပဝတ္တိကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ဤတရားတို့သည် ဈာန ပစ္စည်း၏ ပစ္စနိက် မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။လောဘမူပဌမစိတ်ဖြစ်ပေါ်သောအခါ ၎င်းနှင့်အတူ စေတ- သိက် ၁၉-ပါး နှင့် ယင်းစိတ်ကြောင့်ဖြစ်ပေါ်သော စိတ္တဇရုပ် တို့သည်လည်း တပြိုင်နက် ဖြစ်ပေါ်ကြ၏။ ထိုစိတ္တုပ္ပါဒ်၌ ဝိတက်,ဝိစာရ,ပီတိ, သောမနဿ (ဝေဒနာ) ဧကဂ္ဂတာဟူသော ဈာနင်တရားကိုယ်ငါးပါးတို့သည်

ဈာနပစ္စည်းဖြစ်၍ ယင်းစိတ်နှင့်တကွ ကျန်စေတသိက် ၁၄ - ပါး၊ ထိုပြင် စိတ္တဇရုပ် တို့သည် ပစ္စယုပ္ပန် ဖြစ်ကုန်၏။ အခြားသော စိတ်တို့၌ ပစ္စည်းတပ်ပုံကိုလည်း နည်းမှီ၍ သိရာ၏။ ဥပေက္ခာသဟဂုတ်စိတ်, ဒေါမနဿသဟဂုတ်စိတ်များ၌ ပီတိမပါဘဲ ဈာနင်လေးပါးသာရှိပုံနှင့် ဝေဒနာပြောင်းရပုံကို သတိပြုရာ၏။

အရူပဘုံ၌ ဖြစ်သောအခါ ပစ္စယုပ္ပန်တွင် စိတ္တဇရုပ်များ မပါပုံနှင့် ပဉ္စဝေါ-ကာရပဋိသန္ဓေခဏ၌ ပဋိသန္ဓေကမ္မဇရုပ်များ ပစ္စယုပ္ပန်ဖြစ်ပုံတို့ကိုမူ ရှေးပစ္စည်း များနည်းတူ သိရာ၏။

ဈာနပစ္စည်းသည် ပုဂ္ဂိုလ်အားဖြင့် နိရောဓသမာပတ်ဝင်စားဆဲ ပုဂ္ဂိုလ်မှ တပါး အလုံးစုံ ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ဖြစ်၏။

ဘုံအားဖြင့် အသညသတ်မှ တပါးသော ဘုံ ၃၀-တို့၌ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်ကာလ၌ဖြစ်၏။

ဈာနပစ္စည်း ပြီး၏။

---

### ၁၈-မဂ္ဂပစ္စည်း

**မဂ္ဂပစ္စည်းခေါ်ပုံ။** ။ပကတိလူတို့သွားလာရာ လမ်းခရီးကို မဂ္ဂဟုခေါ်သည်၊ ထိုပကတိလမ်းခရီးသည် သွားလာသူတို့ကို လိုရာအရပ်သို့ ပို့ဆောင်ပေးသကဲ့သို့ မိမိတို့နှင့်တကွ ဖြစ်ဖက် သဟဇာတ်တရားတို့ကို လိုရာအာရုံ လိုရာကိစ္စသို့ ပို့ဆောင်ပေးနိုင်သောအားဖြင့် ကျေးဇူးပြုတတ်သော တရားတို့ ဖြစ်သောကြောင့် မဂ္ဂ ပစ္စည်းဟု ခေါ်သည်။

**မဂ္ဂင် ၁၂-ပါး။** ။ထိုမဂ္ဂပစ္စည်းထိုက်သောတရားတို့ကား သမုစ္စည်းပိုင်း မိဿ-ကသင်္ဂဟ၌ ပြအပ်သော မဂ္ဂင် ၁၂-ပါးတို့ပင်ဖြစ်၏၊ ထိုမဂ္ဂင် ၁၂-ပါးတို့တွင် ရှေ့မဂ္ဂင်ရှစ်ပါးတို့သည် ကောင်းသော အဘို့သို့ ကောင်းရာသို့ ပို့ဆောင်ပေးတတ်သောကြောင့် သမ္မာမဂ္ဂင်မည်၏၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ ဟူသော နောက်ဆုံး မဂ္ဂင်လေးပါးတို့သည်ကား မကောင်းသောအဘို့သို့ မကောင်းရာသို့ ပို့ဆောင်ပေးတတ်သောကြောင့် မိစ္ဆာ မဂ္ဂင်မည်၏၊ တနည်းအားဖြင့်ဆိုသော် သမ္မာမဂ္ဂင်သည် ကောင်းကျိုးကို ဖြစ်ပွါးစေ၍ ကောင်းရာသုဂတိဘုံများနှင့် နိဗ္ဗာန်သို့ ပို့ဆောင်သည့် လမ်းပင်ဖြစ်သည်၊ မိစ္ဆာမဂ္ဂင်မှာမူကား မကောင်းကျိုးကို ဖြစ်ပွါးစေ၍ ဒုဂ္ဂတိဘဝ အပါယ်လေးပါး တို့သို့ပို့ဆောင်သည့်လမ်းပင်ဖြစ်သည်၊ သမ္မာမဂ္ဂင်တို့သည် လမ်းကောင်း လမ်းမှန် ဖြစ်ကြ၍ မိစ္ဆာမဂ္ဂင်တို့သည် လမ်းလွဲလမ်းမှားဖြစ်ကုန်၏။

**မဂ္ဂင်တရားကိုယ် ၉-ပါး။** ။မဂ္ဂင်-၁၂-ပါးကို တရားကိုယ်ကောက်သော် **သမ္မာမဂ္ဂင်ရှစ်ပါး** တို့သည် အစဉ်အတိုင်း သောဘနစိတ်များတွင် ယှဉ်သော ပညာ, ဝိတက်, ဝိရတီသုံးပါး, ဝီရိယ, သတိ, ဧကဂ္ဂတာ ဟူသော စေတသိက် ၈-ပါးတို့ဖြစ်သည်။

**မိစ္ဆာမဂ္ဂင်လေးပါး** တို့သည်ကား အစဉ်အတိုင်း အကုသိုလ်စိတ်များတွင် ယှဉ်သော ဒိဋ္ဌိ, ဝိတက်, ဝီရိယ, ဧကဂ္ဂတာ ဟူသော စေတသိက်လေးပါးတို့ဖြစ်ကြသည်။

ဝိတက်, ဝီရိယ, ဧကဂ္ဂတာတို့သည် သမ္မာမဂ္ဂင်, မိစ္ဆာမဂ္ဂင် နှစ်ဖက်လုံးတွင် ပါဝင်နေကြ၏၊ ဒိဋ္ဌိသည်ကား မိစ္ဆာမဂ္ဂင်သက်သက်သာဖြစ်၏၊ ထို့ကြောင့် မဂ္ဂင် ၁၂-ပါးတို့သည် တရားကိုယ်အားဖြင့် ၉-ပါးသာ ဖြစ်၏။

### ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ

(၁) ပညာ, ဝိတက်, ဝိရတီသုံးပါး, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုယ် ကိုးပါးသည် မဂ္ဂပစ္စည်းမည်၏။

(၂) သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) အဟိတ်စိတ် ၁၈၊ စေတသိက် ၁၂၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်မှ တပါးသော ကမ္မဇရုပ်များ၊ အဟိတ်စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်။ ဤတရားတို့သည် မဂ္ဂပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။လောဘမူပဌမစိတ်ဖြစ်ပေါ်သောအခါ ၎င်းစိတ္တုပ္ပါဒ်၌ ပါဝင်သော မိစ္ဆာမဂ္ဂင်လေးပါးသည် ပစ္စည်းဖြစ်သည်၊ ၎င်းစိတ်နှင့်တကွ ကျန်စေတသိက် ၁၅-ပါးသည်၎င်း၊ ထိုစိတ်ကြောင့်ဖြစ်ပေါ်သော စိတ္တဇရုပ်တို့သည်၎င်း ပစ္စယုပ္ပန်ဖြစ်ကုန်၏၊ ဒိဋ္ဌိဂတဝိပ္ပယုတ် လောဘမူစိတ်, ဒေါသမူစိတ်, မောဟမူစိတ်တို့၌ကား မိစ္ဆာဒိဋ္ဌိကို ချန်ထား၍ ကျန်မိစ္ဆာမဂ္ဂင်သုံးပါးကိုသာ ရနိုင်၏။

ထိုစိတ်တို့တွင်လည်း ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဧကဂ္ဂတာ စေတသိက်ယှဉ်သော်လည်း အားနည်းလှသောကြောင့် သမာဓိမဂ္ဂင်မထိုက်၊ မဂ္ဂပစ္စည်းမတပ်ဟူ၍ ပရမတ္ထဒီပနီ၌ မိန့်ဆို၏။

သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်သောအခါ သမ္မာမဂ္ဂင်ရှစ်ပါးသည် ပစ္စည်းဖြစ်သည်၊ ၎င်းစိတ်နှင့်တကွ ကျန်စေတသိက် ၂၈-ပါးသည်၎င်း၊ ယင်းစိတ်ကြောင့်ဖြစ်ပေါ်သော စိတ္တဇရုပ်တို့သည်၎င်း ပစ္စယုပ္ပန်ဖြစ်ကုန်၏၊ သောတာပတ္တိမဂ်

ပဌမဈာန်စိတ် ဖြစ်ပေါ်သောအခါ သမ္မာမဂ္ဂင်ရှစ်ပါး အားလုံးပင် ပစ္စည်းဖြစ်သည်၊ ဒုတိယဈာန်စိတ် တတိယ စတုတ္ထ ပဉ္စမဈာန်စိတ်တို့၌ ဝိတက်မပါတော့ချေ။ ဈာန်၏အစွမ်းအားဖြင့် ဝိတက်ကို ပယ်ခဲ့သည်၊ ဝိတက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်၏တရားကိုယ်ဖြစ်သည်၊ ထို့ကြောင့် ဒုတိယမှ ပဉ္စမဈာန်စိတ်အထိ ပစ္စည်းထိုက်သော သမ္မာမဂ္ဂင်မှာ ၇-ပါးသာဖြစ်သည်၊ အခြားသော လောကုတ္တရာစိတ်တို့၌လည်း ပစ္စည်းတပ်ပုံကို ဤနည်းတူ သိရာ၏။

မဟာကုသိုလ်စိတ်တို့၌ကား ဝိရတီသုံးပါးတို့သည် တခါတရံသာ ယှဉ်သောကြောင့် ၎င်းတို့ မပါသည့်အခါ မဂ္ဂင်ငါးပါးဖြစ်၏၊ ၎င်းတို့ ယှဉ်သည့်အခါလည်း တပါးစီသာ ယှဉ်သောကြောင့် တချိန်တည်း၌ အများဆုံး မဂ္ဂင်ခြောက်ပါးသာ ရနိုင်၏။

မဟာဝိပါက် မဟာကြိယာစိတ်များနှင့် မဟဂ္ဂုတ်စိတ်တို့၌ကား ဝိရတီတို့ မယှဉ်သောကြောင့် အများဆုံး မဂ္ဂင်ငါးပါးသာ ပါဝင်သည်၊ ထိုတွင်လည်း ဒုတိယဈာန် စသော စိတ်တို့၌ ဝိတက်မယှဉ်သောကြောင့် သမ္မာသင်္ကပ္ပမဂ္ဂင် လျော့သွားသည်ကို သတိပြုရာ၏။

ပဋိသန္ဓေအခါ ပစ္စည်းတပ်ပုံနှင့် အရူပဘုံ၌ဖြစ်သောအခါ ပစ္စယုပ္ပန်၌ ရုပ်မပါပုံများကို ယခင်ပစ္စည်းများအတိုင်း သိပါလေ။

**ပစ္စနိက်** ၌ အဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်များနှင့်တကွ အလုံးစုံသော ပဝတ္တိကမ္မဇရုပ်တို့သည် ပစ္စနိက်သို့ ဝင်ကုန်၏။

**ပုဂ္ဂိုလ် ဘုံ စသည်ဖြင့် ဝေဖန်ပုံ။** ။မဂ္ဂပစ္စည်းကို ပုဂ္ဂိုလ်**အားဖြင့်** ဝေဖန်သော် နိရောဓသမာပတ် ဝင်စားဆဲ ပုဂ္ဂိုလ်မှတပါး အလုံးစုံ ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ရအပ်၏၊ **ဘုံအားဖြင့်** အသညသတ်ကြဉ်သော ဘုံ ၃၀-တို့၌ ရအပ်၏၊ **ကာလအားဖြင့်** ပစ္စုပ္ပန်ဖြစ်သည်။

မဂ္ဂပစ္စည်း ပြီး၏။

---

### ၁၉-သမ္ပယုတ္တပစ္စည်း

**သမ္ပယုတ္တပစ္စည်းခေါ်ပုံ။** ။ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက ဟု ဆိုအပ်သော အင်္ဂါလေးပါးအပြားအားဖြင့် အညီအညွတ် ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားများကို သမ္ပယုတ္တပစ္စည်းဟု ခေါ်သည်၊ "အညီအညွတ် ယှဉ်သည်"ဟူရာ၌ ထောပတ်, ပျားရည်, သကာ, ဆီဟူသော အရသာလေးမျိုးကို ရောစပ်ထားသော စတုမဓူ၌ ဤကား ထောပတ်အရသာတည်း၊ ဤကား ပျားရည်အရသာတည်းဟု ခွဲခြား၍ မရနိုင်ဘဲ

သကဲ့သို့ အချင်းချင်း ခွဲခြားမရနိုင်လောက်အောင် ပေါင်းစပ် ရောယှက်နေခြင်း ကို ဆိုလိုသည်၊ တပေါင်းတည်း တမျိုးတည်းအဖြစ် (ဧကတ္တ) သို့ ရောက်ရှိခြင်း ကို ဆိုလိုသည်။

**သမ္ပယုတ္တနှင့် သဟဇာတ အထူး။** ။ဤသမ္ပယုတ္တပစ္စည်းသည် သဟဇာတ ပစ္စည်းကဲ့သို့ တပြိုင်နက် အတူတကွ ဖြစ်ပေါ်ရုံမျှဖြင့် ရနိုင်သောပစ္စည်း မဟုတ်ချေ၊ အထက်ပါ သမ္ပယောဂလက္ခဏာ လေးပါးနှင့် ညီညွတ်မှသာလျှင် သမ္ပယုတ္တပစ္စည်းတပ်နိုင်သည်၊ ဥပမာအားဖြင့် ရူပါရုံကို အာရုံပြု၍ လောဘမူ ပဋ္ဌမစိတ်ဖြစ်ပေါ်ရာ၌ စေတသိက် ၁၉-ပါးတို့ သည်လည်း ပါဝင်ကုန်၏၊ ထိုစိတ်နှင့်တပြိုင်တည်းပင် စိတ္တဇရုပ်တို့သည်လည်း ဖြစ်ပေါ်ကုန်၏၊ ထိုတွင် လောဘမူပဋ္ဌမစိတ်နှင့် စေတသိက် ၁၉-ပါးတို့သည် သဘောလက္ခဏာအားဖြင့် တမျိုးစီဖြစ်ကုန်သော်လည်း အထက်ပါလက္ခဏာ လေးပါးတို့ဖြင့် အချင်းချင်း နှီးနှောရောစပ်၍ဖြစ်ကုန်၏၊ တပေါင်းတည်းအဖြစ် သို့ ရောက်လျက် အာရုံ၌ တပ်မက်ခြင်းကိစ္စကို ဆောင်ရွက်ကုန်၏၊ တရားကိုယ် ၂၀-ပါးဖြစ်သော်လည်း အာရုံ၌တပ်မက်ခြင်းတမျိုးတည်းသာဖြစ်၏၊ ထို့ကြောင့် ၎င်းစိတ်နှင့်စေတသိက် ၁၉-ပါးတို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်းအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုရ၏၊ စိတ္တဇရုပ်သည်ကား လောဘမူ ပဋ္ဌမစိတ်နှင့်တပြိုင် နက်ဖြစ်သော်လည်း ရုပ်တရားဖြစ်၍ နာမ်တရားတို့နှင့် ရောယှက်နှီးနှောခြင်းမရှိ ချေ၊ ထို့ကြောင့် လောဘမူ ပဋ္ဌမစိတ်နှင့် စိတ္တဇရုပ်တို့သည် တချိန်တည်း၌ အတူတကွ ဖြစ်တည်ကြရုံမျှသာ ဖြစ်သဖြင့် သဟဇာတပစ္စည်းသာ တပ်၍ သမ္ပ ယုတ္တပစ္စည်း မတပ်နိုင်ချေ။

**နာမ်နှင့်ရုပ် သမ္ပယုတ္တ မဖြစ်။** ။စင်စစ် အားဖြင့် သဘာဝယုတ္တိကို စဉ်းစား စိစစ်လျှင် နာမ်တရားနှင့်ရုပ်တရားတို့ အချင်းချင်း သမ္ပယုတ္တပစ္စည်း မတပ်နိုင်ကြောင်းမှာ လွန်စွာထင်ရှားလှသည်၊ နာမ်နှင့် ရုပ်တို့ သည် တခါတရံ အတူဖြစ်ခြင်း (=ဧကုပ္ပါဒ) တခါတရံ အတူချုပ်ခြင်း (=ဧက နိရောဓ)ရှိနိုင်ငြားသော်လည်း စိတ်သက်နှင့်ရုပ်သက် မတူရကား ဖြစ်ပျက်နှစ်ပါး စုံတူ (=ဧကုပ္ပါဒ,ဧကနိရောဓ) ဟူသော လက္ခဏာနှစ်မျိုးလုံးကိုမူ မရနိုင်ချေ။ ထို့ပြင် ရုပ်တို့တွင် ဝိညတ်ဒွေသည်ဖြစ်ပျက် ၂-ပါးစုံတူ လက္ခဏာကို ရနိုင်ငြား သော်လည်း စိတ်သည် အာရုံကို ယူတတ်သော သာရမ္မဏတရားဖြစ်၍ ရုပ်သည် အာရုံကို မယူတတ်သော အနာရမ္မဏတရားဖြစ်၏၊ ထို့ကြောင့် တူသော အာရုံ ရှိမှုဟူသော ဧကာလမ္ဗဏလက္ခဏာကိုလည်း မရနိုင်ချေ။ စိတ်သည် ဝတ္ထုရုပ် ခြောက်ပါးကို မှီ၍ ဥပါဒါရုပ်တို့သည် မဟာဘုတ်လေးပါးကို မှီကုန်၏၊ မဟာဘုတ် လေးပါးတို့သည်ကား တပါးသည် တပါးကို မှီကုန်၏။ ထို့ကြောင့် စိတ်နှင့်ရုပ်တို့၌

ကေဝတ္ထုကဟူသော လက္ခဏာကိုလည်း မရနိုင်ချေ။ ဤသို့ သမ္ပယောဂလက္ခဏာ လေးပါးမရှိသောကြောင့်ပင် နာမ်နှင့်ရုပ်တို့သည် အချင်းချင်း သမ္ပယုတ္တပစ္စည်း မတပ်ခြင်း ဖြစ်ပေသည်။

**ရုပ်အချင်းချင်း သမ္ပယုတ္တမဖြစ်။** ။ကလာပ်တမျိုးတည်းတွင် ပါဝင်သော ရုပ်တို့သည် အချင်းချင်း ဖြစ်တူပျက်တူပင် ဖြစ်ကြသည်၊ မှီရာမဟာဘုတ်အားဖြင့်လည်း တူကြသည်၊ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးတို့သည်ကား တပါးစီခွဲခြား၍ မရနိုင်အောင်ပင် သဘောအားဖြင့်လည်း ပေါင်းစပ်နှီးနှော၍မိကြကုန်သည်၊ သို့ဖြစ်သော်လည်း အနာရမ္မဏတရားများဖြစ်၍ ကောလမ္ဗဏဟူသော သမ္ပယောဂလက္ခဏာကိုကား မရနိုင်ချေ၊ ထို့ကြောင့် ရုပ် အချင်းချင်းလည်း သမ္ပယုတ္တပစ္စည်းမတပ်ကြောင်းကို မှတ်သားအပ်ပေသည်။

**နာမ်အချင်းချင်းသာ သမ္ပယုတ္တဖြစ်ပုံ။** ။ဤသို့ နာမ်နှင့်ရုပ်သည်ဂင်း, ရုပ် အချင်းချင်းသော်ငင်း သမ္ပယုတ္တ ပစ္စည်းမတပ်နိုင်သောကြောင့် နာမ်ခန္ဓာလေးပါး အချင်းချင်းသာလျှင် သမ္ပ-ယုတ္တပစ္စည်းတပ်ကြောင်း ထင်ရှားလေတော့သည်၊ ထို့ကြောင့် ပစ္စယနိဒ္ဒေသ ပါဠိတော်၌လည်း "စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသည်။

**သမ္ပယုတ္တနှင့် အညမညအထူး။** ။ဤသမ္ပယုတ္တပစ္စည်းသည် အချင်းချင်းအပြန် အလှန် ကျေးဇူးပြုမှုပါသောကြောင့် အညမညပစ္စည်း၏ သတ္တိမျိုးလည်း ရှိ၏၊ သို့သော် အညမညသတ္တိမှာ အချင်းချင်း အပြန်အလှန်ကျေးဇူးပြုရုံမျှသာ ဖြစ်၏၊ သမ္ပယုတ္တပစ္စည်းကား အချင်းချင်း အပြန်အလှန် ကျေးဇူးပြုရုံမျှသာ မဟုတ်မူ၍ သမ္ပယောဂလက္ခဏာလေးပါး တို့ဖြင့် အချင်းချင်း မျှတညီညွတ်စွာ ပေါင်းစပ်ယှဉ်တွဲခြင်းကိုသာ ဆိုလိုသည်၊ အညမညပစ္စည်း၌မူကား မဟာဘုတ် ရုပ်အချင်းချင်းသော်ငင်း, ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့ အပြန်အလှန်အားဖြင့်သော်ငင်း ကျေးဇူးပြု ခြင်းများ ပါဝင်နိုင်သည်၊ ဤသမ္ပယုတ္တပစ္စည်း၌ကား နာမ်ခန္ဓာလေးပါးတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှုတမျိုးသာ ပါဝင်လေသည်။

**ပစ္စည်းသုံးမျိုးအထူး။** ။အချုပ်အားဖြင့် မှတ်သားလွယ်အောင် ဖော်ပြရပါမူ (၁) တပြိုင်နက် အတူတကွဖြစ်ပေါ်သော တရား အားလုံးသည် သဟဇာတပစ္စည်းဖြစ်၏၊ (၂) ထိုတရားများအနက်မှ အချင်း ချင်း အပြန်အလှန် ကျေးဇူးပြုသော တရားများသည်သာလျှင် အညမညပစ္စည်း လည်းဖြစ်၏၊ သဟဇာတပစ္စည်းလည်းဖြစ်၏၊ (၃) ထိုအညမညဖြစ်သော

တရားများအနက်မှ သမ္ပယောဂလက္ခဏာလေးပါးတို့ဖြင့် ညီညွတ်စွာ ပေါင်းစပ်ယှဉ်တွဲနိုင်သည့် နာမ်ခန္ဓာလေးပါးတို့သာလျှင် သမ္ပယုတ္တပစ္စည်းတပ်ပေသည်၊ ဤကား ပစ္စည်းသုံးပါးတို့၏ ထူးခြားပုံ အချုပ်တည်း။ ၆

**ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ**

(၁) စိတ် ၈၉၊ စေတသိက် ၅၂-သည် သမ္ပယုတ္တပစ္စည်းမည်၏။

(၂) စိတ် ၈၉၊ စေတသိက် ၅၂-သည် သမ္ပယုတ္တပစ္စည်း၏ ပစ္စယုပ္ပန်မည်၏။

(၃) ရုပ် ၂၈-ပါးသည် သမ္ပယုတ္တပစ္စည်း၏ ပစ္စနိက်မည်၏။

**ပစ္စည်းတပ်ပုံ သာဓကပြယုဂ်။** ။လောဘမူ ပဌမစိတ်ဖြစ်ပေါ်လာရာ၌ ထိုစိတ်တည်းဟူသော ဝိညာဏက္ခန္ဓာသည် ပစ္စည်း၊ စေတသိက်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြစ်၏၊ တဖန် စေတသိက်ခန္ဓာသုံးပါးကို ပစ္စည်းယူသော် ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်ဖြစ်ပြန်၏၊ ထို့အတူ ဝေဒနာက္ခန္ဓာသည် ပစ္စည်း၊ ကျန်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်စသည်ဖြင့်လည်း သိရာ၏၊ ကိုပြင် ဝိညာဏက္ခန္ဓာ ဝေဒနာက္ခန္ဓာနှစ်ပါးသည် ပစ္စည်း၊ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာနှစ်ပါးသည် ပစ္စယုပ္ပန်စသည်ဖြင့် ခန္ဓာနှစ်ပါးစီတွဲ၍လည်း ပစ္စည်း ပစ္စယုပ္ပန် အပြန်အလှန်ဖြစ်ပုံကို သိရာ၏။

ဤသို့လျှင် ပဋ္ဌာန်းပါဠိတော်၌ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ၊ ဒွေ ခန္ဓာ ဒွိန္နံ ခန္ဓာနံ သမ္ပယုတ္တပစ္စယေန ပစ္စယော" စသည်ဖြင့် သမ္ပယုတ္တပစ္စည်းတပ်ပုံကို ခန္ဓာအနေအားဖြင့်သာ ပြတော်မူသည်၊ ထိုနည်းသည် အသိလွယ်ရန် ပြဆိုခြင်းသာ ဖြစ်ပေသည်၊ စင်စစ်အားဖြင့် လောဘမူ ပဌမစိတ်၌ယှဉ်သော ဖဿစေတသိက်သည် ပစ္စည်း၊ ကျန်စေတသိက် ၁၈-ပါးနှင့် စိတ်သည် ပစ္စယုပ္ပန်စသည်ဖြင့် စေတသိက်တပါးချင်း အနေအားဖြင့်လည်း သမ္ပယုတ္တပစ္စည်းတပ်ပုံကို ပြဆိုနိုင်ခွင့်ရှိပေသည်။

**ပုဂ္ဂိုလ်, ဘုံ, ကာလအားဖြင့် ဝေဖန်ခြင်း**

သမ္ပယုတ္တပစ္စည်းကို **ပုဂ္ဂိုလ်အားဖြင့်** ဝေဖန်သော် (နိရောဓသမာပတ်ဝင်စားဆဲ ပုဂ္ဂိုလ်နှင့် အသညသတ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်တို့မှတပါး) အလုံးစုံ **၁၂-ယောက်သော** ပုဂ္ဂိုလ်တို့၌ ရအပ်၏။

**ဘုံအားဖြင့်** အသညသတ်ကြဉ်သော ဘုံ ၃၀-တို့၌ ရအပ်၏။

**ကာလအားဖြင့်** ပစ္စုပ္ပန်ပစ္စည်းပေတည်း။

သမ္ပယုတ္တပစ္စည်း ပြီး၏။

## ၂၀-ဝိပ္ပယုတ္တပစ္စည်း

**ဝိပ္ပယုတ္တ၏အနက် ၂-မျိုး။** ။ဝိပ္ပယုတ္တဟူသော သဒ္ဒါသည် မရှိခြင်း 'အဘာဝ အနက်နှင့် မရောနှောခြင်း 'ဝိသံသဋ္ဌ'ဟူသော အနက်နှစ်မျိုး၌ ဖြစ်သည်။

ထိုနှစ်မျိုးတို့တွင် "ဒိဋ္ဌိဂတဝိပ္ပယုတ္တံ"စသည့် စကားအသုံးအနှုန်းတို့၌ ပါရှိသော ဝိပ္ပယုတ္တသဒ္ဒါသည် အဘာဝအနက်ကို ဖော်ပြသည်။ ထို့ကြောင့် ဒိဋ္ဌိမရှိသော ဒိဋ္ဌိမပါဝင်သော စိတ်ကို ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဟု ခေါ်ရသည်၊ ဤပဌာန်းပစ္စည်း၌ ပါဝင်သော ဝိပ္ပယုတ္တကား မရောနှောခြင်း 'အသံသဋ္ဌ' အနက်ကို ဖော်ပြ၏၊ သို့ဖြစ်၍ တခုတည်း တစပ်တည်းသော သန္တာန်၌ တချိန်တည်းတွင် ပေါင်းဆုံ တွေ့ဆိုင်မိကြသော်လည်း သမ္ပယောဂလက္ခဏာ လေးပါးအားဖြင့် အချင်းချင်း ရောနှောခြင်း မရှိမူ၍ ကျေးဇူးပြုတတ်သော တရားများကို ဝိပ္ပယုတ္တပစ္စည်းဟု ခေါ်သည်။

ဥပမာအားဖြင့် ချို့,ချဉ်,စပ်,ဖန်, ငန်,ခါးဟူသော အရသာခြောက်မျိုးကို ပေါင်းစပ်၍ စားသောအခါ စားသူ၏လျှာ၌ "ဤကား အချိုတည်း၊ ဤကား အချဉ်တည်း"စသည်ဖြင့် ခွဲခြား၍ သိနိုင်သကဲ့သို့ တပေါင်းတည်း တစပ်တည်း ဖြစ်ပေါ်နေသော ရုပ်တရား နာမ်တရားတို့ကို ပရမတ္ထမျက်စိဖြင့် ကြည့်ရှုသော အခါဝယ် ထိုတရားတို့သည် အချင်းချင်း မရောနှောဘဲ မိမိတို့ဆိုင်ရာ အသီးသီး လက္ခဏာအားဖြင့် ကွဲပြားခြားနားလျက် တည်ရှိနေကြသည်ကို တွေ့ရ၏၊ ယင်းသို့ မရောမယှက် အသီးအခြား ကွဲပြားခြားနားစွာ ယှဉ်တွဲတည်နေခြင်း အားဖြင့်ပင် ထိုတရားတို့သည် အချင်းချင်း ကျေးဇူးပြုလျက်ရှိကြပြန်သည်၊ ဤသို့ မရောယှက်မူ၍ ယှဉ်တွဲနေနိုင်ခြင်းသည်ပင်လျှင် ဝိပ္ပယုတ္တပစ္စည်း၏ သတ္တိ ဖြစ်ပေသည်။

**သမ္ပယုတ္တနှင့် ဝိပ္ပယုတ္တ။** ။ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တပစ္စည်း၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ထို့ကြောင့် ထိုပစ္စည်း နှစ်ပါး၏ သဘောကို နှိုင်းယှဉ်လေ့လာပါက ရုပ်တရား နာမ်တရားတို့၏ ပေါင်းဆုံယှဉ်တွဲနေပုံမှာ—

(၁) အချင်းချင်း ရောနှောလျက် ယှဉ်တွဲနေခြင်း (=သမ္ပယုတ္တ)

(၂) အချင်းချင်း မရောနှောမူ၍ ယှဉ်တွဲနေခြင်း (=ဝိပ္ပယုတ္တ) **ဟူ၍** နှစ်မျိုးရှိကြောင်း တွေ့ရသည်။

ထို့ပြင် တရားအမျိုးအစားအားဖြင့် ခွဲခြားလျှင်လည်း—

(၁) နာမ်အချင်းချင်း ယှဉ်တွဲခြင်း

(၂) ရုပ်အချင်းချင်း ယှဉ်တွဲခြင်း

(၃) နာမ်နှင့်ရုပ်, ရုပ်နှင့်နာမ် အပြန်အလှန် ယှဉ်တွဲခြင်းဟူ၍ သုံးမျိုးရှိပြန်သည်။

**နာမ်အချင်းချင်း ယှဉ်တွဲခြင်း။** ။ထိုယှဉ်တွဲခြင်းသုံးမျိုးတို့တွင် နာမက္ခန္ဓာလေးပါးတို့သည် အချင်းချင်း သမ္ပယောဂလက္ခဏာ ၄-ပါး အားလုံးနှင့် ညီညွတ်စွာ လိုက်လျောပူးပေါင်းလျက် ယှဉ်တွဲကြလျှင် သမ္ပယုတ္တပစ္စည်း၏ ပစ္စည်းနှင့် ပစ္စယုပ္ပန်များအတွင်းသို့ သက်ဝင်ကြလေသည်။

**ရုပ်အချင်းချင်း ယှဉ်တွဲခြင်း။** ။ရုပ်တို့၌ သမ္ပယောဂလက္ခဏာလေးပါးစုံအောင် မရနိုင်သောကြောင့် သမ္ပယုတ္တပစ္စည်း မရနိုင်ချေ။ ထို့ကြောင့် ရုပ်အချင်းချင်းကား ဝိပ္ပယုတ္တစင်စစ်ဖြစ်ကြောင်း ထင်ရှားပြီးဖြစ်သည်၊ သို့ဖြစ်၍ "သမ္ပယုတ်လော, ဝိပ္ပယုတ်လော"ဟု ယုံမှားဖွယ် လုံးဝမရှိသောကြောင့် ရုပ်အချင်းချင်း ဝိပ္ပယုတ္တပစ္စည်းတပ်ကြောင်းကို ဟောကြားရန် မလိုတော့ချေ။

**နာမ်နှင့်ရုပ် ရုပ်နှင့်နာမ် ယှဉ်တွဲခြင်း။** ။နောက်ဆုံးနံပါတ် ၃-အရ နာမ်နှင့်ရုပ်တို့ ယှဉ်တွဲရာ၌ကား မည်သည့်နာမ်နှင့် မည်သည့်ရုပ်တို့ ဝိပ္ပယုတ္တဖြစ်နိုင်ကြောင်းကို စဉ်းစားစိစစ်ဖွယ်ရှိသည်၊ ပထမရှေးဦးစွာ နာမ်ကို ပစ္စည်းဖက်မှထား၍ စဉ်းစားရာ၏၊ ရုပ်လေးမျိုးတို့တွင် ပဝတ္တိအခါ၌ စိတ္တဇရုပ်တို့သည်၎င်း ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့သည်၎င်း နာမက္ခန္ဓာတို့နှင့် တပြိုင်တည်း ဖြစ်ပေါ်ကြကုန်၏၊ ပဝတ္တိအခါ၌ စိတ္တဇရုပ်တို့သည် မိမိတို့ကို ဖြစ်ပေါ်စေသော စိတ်တို့နှင့်အတူ တပြိုင်တည်း ဖြစ်ပေါ်ကြကုန်သည်၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့သည်လည်း ပဋိသန္ဓေဝိပါက်စိတ်တို့နှင့်အတူ တပြိုင်တည်း ဖြစ်ပေါ်ကြကုန်သည်၊ ယင်းသို့ တပြိုင်တည်း ဖြစ်ပေါ်ကြသော သဟဇာတ်တရားများ ဖြစ်ကြသော်လည်း ထိုနာမ်နှင့်ရုပ်တို့သည် သမ္ပယုတ္တမဖြစ်နိုင်ချေ၊ ထို့ကြောင့် နာမက္ခန္ဓာတို့သည် စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်ဟို့အား ဝိပ္ပယုတ္တပစ္စည်းသာလျှင် တပ်နိုင်ကြသည် (သဟဇာတဝိပ္ပယုတ်)။

ထို့ပြင် ပထမဘဝင်အစရှိသော နောက်နောက်သော နာမက္ခန္ဓာတို့က ပဋိသန္ဓေအစရှိသည့် ရှေးရှေးသောစိတ်များနှင့်အတူ ဥပါဒ်ခဲ့၍ ဌီခဏသို့ရောက်သော စတုဇကာယအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ပစ္စည်းနှင့်ပစ္စ-

ယုပ္ပန်တို့သည် နာမ်နှင့်ရုပ်ဖြစ်၍ ဝိပ္ပယုတ္တသတ္တိကို ရနိုင်သည် (ပစ္ဆာဇာတ ဝိပ္ပယုတ်)။

**ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ။** ။ထို့နောက် ရုပ်ကို ပစ္စည်းဘက်၌ထား၍ မည်သည့်ရုပ်တရားတို့က မည်သည့်နာမ်တရားတို့အား ဝိပ္ပယုတ္တ ပစ္စည်းတပ်သင့်ကြောင်းကိုလည်း သိအပ်၏၊ နာမ်တရားဖြစ်သော စိတ် စေတသိက်တို့သည် ပဉ္စဝေါကာရဘုံ၌ စက္ခုအစရှိသော ဝတ္ထုရုပ် ခြောက်ပါးကို အမှီပြု၍ ဖြစ်ပေါ်ကြရကုန်၏၊ သို့ဖြစ်၍ ဝတ္ထုရုပ်ခြောက်ပါးနှင့် နာမက္ခန္ဓာတို့သည် နိဿယ နိဿိတ အဖြစ်ဖြင့် မကင်းနိုင်သော တရားများဖြစ်ကြ၏၊ ယင်းသို့ မကင်းမကွာယှဉ်တွဲနေသော တရားများဖြစ်သော်လည်း နာမ်နှင့်ရုပ်တို့သည် အချင်းချင်း သမ္ပယောဂလက္ခဏာလေးပါးနှင့် ညီညွတ် လိုက်လျောစွာ ရောနှောပေါင်းစပ်မှု မရှိသောကြောင့် သမ္ပယုတ္တကား မဖြစ်နိုင်ချေ၊ ဝိပ္ပယုတ္တသဘောအားဖြင့်သာ ကျေးဇူးပြုကြောင်းကို သိအပ်ပေသည်။

**ဝိပ္ပယုတ္တသုံးမျိုး။** ။ဤသို့လျှင် အထက်ပါအချက်များ အားလုံးကို ခြုံ၍ စိစစ်လိုက်ပါက ဝိပ္ပယုတ္တပစ္စည်းသည် အောက်ပါ အတိုင်း သုံးပါးရှိကြောင်းကို သိရှိနိုင်သည်။

(၁) သဟဇာတဝိပ္ပယုတ်။ ။နာမက္ခန္ဓာလေးပါးတို့က ၎င်းတို့နှင့်အတူ ဥပါဒ်သော စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အားကျေးဇူးပြုသော **သဟဇာတဝိပ္ပယုတ်**။

(၂) ပုရေဇာတဝိပ္ပယုတ်။ ။ဝတ္ထုရုပ် ခြောက်ပါးတို့က ၎င်းတို့ကို မှီသည့် နောက်နောက်သော စိတ်တို့အား ကျေးဇူးပြုသော **ပုရေဇာတ ဝိပ္ပယုတ်**။

(၃) ပစ္ဆာဇာတဝိပ္ပယုတ်။ ။နောက်နောက်သော စိတ်စေတသိက်တို့က ရှေးရှေးသော စိတ်များနှင့်အတူ ဥပါဒ်ခဲ့၍ ဌီခဏသို့ ရောက်သော စတုဇကာယရုပ်အား ကျေးဇူးပြုသော **ပစ္ဆာဇာတဝိပ္ပယုတ်**။

ထို့ကြောင့်—

**(၅၇၁) သဟ,ပစ္ဆာ၊ ဝတ်ပုရေ၊ သုံးတွေ ဝိပ္ပယုတ်။**

ဟု မိန့်ဆိုတော်မူသည်။

## (က) သဟဇာတ ဝိပ္ပယုတ္တပစ္စည်း

### ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်များ

**(၅၇၂) ရုပ်အား နာမ်က၊ နာမ်ကရုပ်အား၊ တစ်တုံဌား၊ နှစ်ပါးသဟထုတ်။**

ဟူသည်နှင့်အညီ နာမ်သည် ရုပ်အား၎င်း၊ ရုပ်သည် နာမ်အား၎င်း သဟဇာတ ဝိပ္ပယုတ္တပစ္စည်းတပ်သည်။

(၁) ရုပ်ကိုဖြစ်စေနိုင်သောစိတ် ၇၅၊ စေတသိက် ၅၂၊ ပဋိသန္ဓေနာမက္ခန္ဓာနှင့်ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်းတပ်သော တရားတို့မည်ကုန်၏။

(၂) စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာနှင့်ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တ ပစ္စည်း၏ ပစ္စယုပ္ပန်မည်ကုန်၏။

(၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာမှတပါး စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်မှတပါးသော ရုပ်အားလုံး။ ဤတရားတို့သည် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စနိက်မည်ကုန်၏။

**ပစ္စည်းတပ်ပုံ။** ။ဤသဟဇာတဝိပ္ပယုတ်သည် စင်စစ်အားဖြင့် ပစ္စည်းသီးခြား မဟုတ်ချေ၊ သဟဇာတပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်များထဲမှ ဝိပ္ပယုတ္တဖြစ်သောနာမ်နှင့် ရုပ်တို့ကို ခွဲ၍ ထုတ်ပြခြင်းသာ ဖြစ်ပေသည်၊ ပဝတ္တိအခါ ရုပ်ကို ဖြစ်စေနိုင်သောစိတ် ၇၅၊စေတသိက် ၅၂-ပါးတို့သည် စိတ္တဇရုပ်တို့အား သဟဇာတဝိပ္ပယုတ်ပစ္စည်းတပ်ကုန်၏၊ ပဋိသန္ဓေအခါ၌ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတဝိပ္ပယုတ်ပစ္စည်းတပ်ကုန်၏၊ ယင်း ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့သည် ၎င်းတို့နှင့် တပြိုင်နက် ဖြစ်ပေါ်သော ဟဒယဝတ္ထုကို အမှီပြု၍၊ ဟဒယဝတ္ထုသည်လည်း ပဋိသန္ဓေနာမက္ခန္ဓာတို့အား သဟဇာတ, အညမည သဘောအားဖြင့် အပြန်အလှန် ကျေးဇူးပြု၏၊ သို့ဖြစ်၍ ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့သည် အပြန်အလှန်အားဖြင့် သဟဇာတဝိပ္ပယုတ္တပစ္စည်း၏ ပစ္စည်းပစ္စယုပ္ပန်များ ဖြစ်ကြသည်။

ထို့ကြောင့်ပင် ပစ္စယနိဒ္ဒေသ၌—

"ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော၊ အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော"ဟု ဟောတော်မူသည်။

စိတ် ၇၉-တွင် ဒွေပဉ္စဝိညာဏ် ၁၀- နှင့် အရူပဝိပါက် လေးပါးတို့သည် ရုပ်ကို မဖြစ်စေနိုင်သောကြောင့် ပစ္စည်းတရားတွင် မပါဝင်ကြပေ၊ ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် တဆယ့်ငါးပါးရှိသော်လည်း ၎င်းတို့သည် ပဋိသန္ဓေကိစ္စမှတပါး ဘဝင်,စုတိစသော ကိစ္စတပ်သည့်အခါ ပစ္စနိက်ဖြစ်ကုန်၏၊ ထို့ကြောင့် ပစ္စနိက်၌ "စိတ် ၇၉"ဟု ဆိုခြင်းဖြစ်သည်။

## (၁) ပုရေဇာတဝိပ္ပယုတ္တပစ္စည်း

ဤပုရေဇာတဝိပ္ပယုတ်သည် နိဿယပစ္စည်းတွင် ပါဝင်ခဲ့သော (၁) ဝတ္ထုပုရေဇာတနိဿယ (၂) ဝတ္ထာရမ္မဏပုရေဇာတနိဿယ နှစ်ပါးကိုနှင့် အလုံးစုံတူ၏၊ ယင်းသို့ တူသော်လည်း လေ့လာသူတို့အတွက် သဘောသရုပ် ပိုမိုကျေညက်စေရန် ပစ္စည်း,ပစ္စယုပ္ပန်, ပစ္စနိက်များကို သိသာရုံ ပြပါဦးအံ့။

### (၁-၁) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း

**ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်များ**

(၁) နာမက္ခန္ဓာတို့၏ မှီရာဖြစ်သော ဝတ္ထုရုပ်ခြောက်ပါးသည် ပစ္စည်း။

(၂) ပဝတ္တိအခါ ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် ဖြစ်နေ အရူပဝိပါက်လေးခုကြဉ်သော စိတ် ၈၅၊ စေတသိက် ၅၂-သည် ပစ္စယုပ္ပန်။

(၃) စတုဝေါကာရဘုံ၌ဖြစ်သော စိတ် ၄၆၊ စေတသိက် ၄၆-ပါး ပဉ္စဝေါကာရပဋိသန္ဓေစိတ် ၁၅-ပါး၊ စေတသိက် ၃၅-ပါး၊ ရုပ် ၂၀။ ဤတရားတို့သည် ပစ္စနိက်ဖြစ်ကုန်၏။

ပစ္စည်းတပ်ပုံကို နိဿယပစ္စည်းတွင် ပြခဲ့သည့်အတိုင်း သိနိုင်လောက်ပြီဖြစ်၏၊ ပဉ္စဝေါကာရပဋိသန္ဓေစိတ်တို့သည် မိမိတို့နှင့် သဟဇာတဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ တပြိုင်နက်ဖြစ်ပေါ်သောကြောင့် ပုရေဇာတပစ္စယုပ္ပန်မဖြစ်နိုင်၊ ထို့ကြောင့် ပစ္စနိက်ဖြစ်လေတော့သည်။

**ဝတ္ထုနှင့် ဝိညာဏ် ဝိပ္ပယုတ်ဖြစ်ပုံ။** ။ဤနေရာ၌ အထူး မှတ်သားဖွယ်ကား စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုတည်းဟူသော ရုပ်ကို မှီလျက် ရူပါရုံတည်းဟူသော ရုပ်ကိုပင် အာရုံပြုကာ ဖြစ်ပေါ်လာသည်၊ ထိုသို့ဖြစ်ပေါ်ရာ၌ ဝတ္ထုနှင့်ဝိညာဏ်သည် နိဿယ နိဿိတအဖြစ်ဖြင့် တတွဲတည်း တစပ်တည်းကဲ့သို့ ဖြစ်၏၊ စက္ခုဝတ္ထုအတွင်းမှပင် စက္ခုဝိညာဏ်သည် ပေါ်လာသကဲ့သို့ ထင်ရ၏၊ ယင်းသို့ ထင်ရသော်လည်း အမှန်အားဖြင့် ဝတ္ထုနှင့်ဝိညာဏ်တို့သည် ရုပ်နှင့် နာမ် ဖြစ်၍ တသီးတခြားစီသာလျှင် တည်နေကုန်၏၊ သမ္ပယောဂလက္ခဏာအားဖြင့် ညီညွတ်စွာ ရောနှော ပေါင်းစပ်ခြင်း မရှိချေ၊ တနည်းအားဖြင့်ဆိုလျှင် သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်သာဖြစ်ကြ၏၊ ထို့ကြောင့် စက္ခုဝတ္ထုသည် စက္ခုဝိညာဏ်အား ဝိပ္ပယုတ္တပစ္စည်းတပ်ကြောင်းကို ဟောကြားတော်မူခြင်းဖြစ်သည်။

ရူပါရုံသည်ကား ပြင်ပမှလည်း ဖြစ်နိုင်သဖြင့် စက္ခုဝိညာဏ်နှင့် တစပ်တည်း တဆက်တည်းမဟုတ်သောကြောင့် သမ္ပယုတ်ဟုရင်း, ဝိပ္ပယုတ်ဟုရင်း ဆိုရန်

အားပေးလျှင် ထင်ရှားရှိဆဲအဖြစ်ဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုခြင်းကို ဆိုပေသည်။ စင်စစ်အားဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုသော တရားနှင့် ကျေးဇူးအပြုခံရသော တရားတို့သည် ကျေးဇူးပြုဆဲကာလ၌ ၂-ပါးစလုံး ထင်ရှားရှိနေကြသည်။ ဤသို့ ပစ္စည်းနှင့် ပစ္စယုပ္ပန်တို့ အတူတကွ ထင်ရှားရှိနေဆဲတွင် ကျေးဇူးပြုမှုကို အတ္ထိပစ္စည်းဟု ခေါ်သည်။

**အတ္ထိပစ္စည်း သတ္တိ ၂-မျိုး။** ။ခဏတ္တယအားဖြင့် ထင်ရှားရှိခြင်းကို အတ္ထိ ဟုဆိုသော်လည်း စင်စစ်အားဖြင့် ဌီခဏ၌ အတ္ထိပစ္စည်း၏ သတ္တိသည် သာလွန်ထင်ရှား၏၊ ဥပါဒ်အခိုက် ဘင်အခိုက်တို့၌မူကား ထင်ရှားရှိသည်ဟု ဆိုရသော်လည်း ဖြစ်ခိုက် ပျက်ခိုက်ဖြစ်၍ တည်ရှိနေကြောင်း မထင်ရှားလှချေ၊ သို့ဖြစ်၍ ဤအတ္ထိပစ္စည်း၌ ဇနကသတ္တိ ဥပတ္ထမ္ဘကသတ္တိ ၂-မျိုးလုံး ထိုက်သင့်သလို ရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိသာလျှင် ပြဋ္ဌာန်းပေသည်၊ မှန်၏၊ ပစ္စည်းတရားတို့မည်သည် ဥပါဒ်အခိုက်၌ ဇနကသတ္တိ ထင်ရှား၍ ဌီအခိုက်၌ ဥပတ္ထမ္ဘကသတ္တိ ထင်ရှားကုန်၏။

**မြေကြီး မြင်းမိုရ်တောင်ဥပမာ။** ။ဤအတ္ထိပစ္စည်းသည် မြက် သစ်ပင်တို့အား ထောက်ပံ့သော မြေကြီးမြင်းမိုရ်တောင်တို့နှင့်တူ၏ ဟု ရှေးဆရာများ ဥပမာပြုကြသည်၊ မြေကြီး မြင်းမိုရ်တောင်တို့သည် မိမိတို့ ထင်ရှားရှိခိုက်၌ မိမိတို့အပေါ်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက်နေသော (ထင်ရှားရှိနေသော) မြက်သစ်ပင်တို့အား စိမ်းရှင်အောင် ထောက်ပံ့သကဲ့သို့ ဤအတ္ထိပစ္စည်းတပ်သော တရားများသည်လည်း မိမိတို့ ထင်ရှားရှိခိုက်ဝယ် မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုပေသည်။

(၅၄၃) **သ, ဝတ်, အာဟူ၊ ပစ်ဟာရူ၊ ခြောက်ဆူ အတ္ထိထုတ်။**

ဟူသည်နှင့်အညီ အတ္ထိပစ္စည်းသည် အောက်ပါအတိုင်း ခြောက်ပါးအပြားရှိသည်။

- (က) သဟဇာတတ္ထိ
- (ခ) ဝတ္ထုပုရေဇာတတ္ထိ
- (ဂ) အာရမ္မဏပုရေဇာတတ္ထိ
- (ဃ) ပစ္ဆာဇာတတ္ထိ
- (င) အာဟာရတ္ထိ
- (စ) ရူပဇီဝိတိန္ဒြိယတ္ထိ

တနည်း၊ သင်္ဂြိုဟ်နှင့်သုံးချက်စုစသော ဥပစာအရကောက်ကျမ်းများ၌ ပုရေဇာတတ္ထိ ၂-မျိုး (ခ နှင့် ဂ)ကို တပေါင်းတည်းပြု၍ အောက်ပါအတိုင်း အတ္ထိပစ္စည်းကို ၅-မျိုးပြဆိုကြသည်။

(က) သဟဇာတတ္ထိ
(ခ) ပုရေဇာတတ္ထိ
(ဂ) ပစ္ဆာဇာတတ္ထိ
(ဃ) အာဟာရတ္ထိ
(င) ဣန္ဒြိယတ္ထိ

## (က) သဟဇာတတ္ထိ

ဤသဟဇာတတ္ထိသည် သဟဇာတပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အလုံးစုံ တူညီ၏။

**ပစ္စည်းတပ်ပုံကား။** ။တပြိုင်နက်ဖြစ်ပေါ်သော စိတ် စေတသိက်အားလုံးတို့သည် အချင်းချင်းအား အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ မိမိတို့ကြောင့်ဖြစ်ပေါ်သော စိတ္တဇရုပ်တို့အားလည်း အတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏၊ ပဋိသန္ဓေ နာမက္ခန္ဓာတို့သည် အတူဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြုကုန်၏၊ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုသည် အချင်းချင်း အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏၊ တပြိုင်နက်ဖြစ်ပေါ်သော မဟာဘုတ်လေးခုတို့သည် အချင်းချင်းအားလည်းကောင်း မိမိတို့နှင့်တပြိုင်နက်ဖြစ်ပေါ်သည့် ဥပါဒါရုပ်တို့အားလည်းကောင်း အတ္ထိကိစ္စဖြင့် ကျေးဇူးပြုကြကုန်သည်။

ဤ၌ ဆိုင်ရာ နာမ်ရုပ်တရားတို့၏ တပေါင်းတည်း အတူတကွဖြစ်ပေါ်ဖက် အနေအားဖြင့် ကျေးဇူးပြုမှုသည် သဟဇာတ သတ္တိဖြစ်၏၊ ၎င်းသဟဇာတ်တရားတို့၏ ဥပါဒ်, ဌီ, ဘင် ခဏတ္တယ ထင်ရှားရှိဆဲအားဖြင့် ထင်ရှားရှိနေမှုသည် အတ္ထိပစ္စည်း၏ သတ္တိဖြစ်သည်၊ ပုရေဇာတတ္ထိ စသည်၌လည်း ဤနည်းတူပင် သတ္တိ ၂-မျိုးကို ခွဲခြား၍ သိရာ၏။

## (ခ) ပုရေဇာတတ္ထိ

ဤပုရေဇာတတ္ထိ ပစ္စည်းသည်—

"ဝတ္ထုပုရေ၊ အာရုံပုရေ၊ နှစ်ထွေ ပုရေဇ"

ဟူသည်နှင့်အညီ (၁) ဝတ္ထုပုရေဇာတ (၂) အာရမ္မဏပုရေဇာတ ဟူသော ပုရေဇာတနှစ်မျိုးနှင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အလုံးစုံတူညီသည်။

## (၁) ဝတ္ထုပုရေဇာတတ္ထိ

**ပစ္စည်းတပ်ပုံကား—**

(၁) မဇ္ဈိမာယုက ဟု ခေါ်အပ်သော ပသာဒရုပ်ငါးခုတို့သည် ပဉ္စ-ဝိညာဏ် စိတ် ၁၀-ပါးတို့အားရင်း

(၂) ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူဥပါဒ်သော ဟဒယ ဝတ္ထုသည် နောက်နောက်ဖြစ်သော မနောဓာတ် မနောဝိညာဏ ဓာတ်တို့အားရင်း

(၃) မရဏာသန္နအခါ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက် စိတ်နှင့် ဥပါဒ်ပြိုင်သော ဟဒယဝတ္ထုသည် စုတိစိတ်တိုင်အောင် သော စိတ်တို့အားရင်း ဝတ္ထုပုရေဇာတတ္ထိသတ္တိဖြင့် ကျေးဇူးပြု ကုန်၏။

## (၂) အာရမ္မဏပုရေဇာတတ္ထိ

ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသတို့သည် ၎င်းတို့ကို အာရုံပြု၍ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့အား **အာရမ္မဏပုရေဇာ တတ္ထိ** သတ္တိဖြင့် ကျေးဇူးပြုကုန်၏၊ မဟန္တာရုံဝီထိ စသည်တို့၌ တဒါရုံ စသည် မဖြစ်ရခြင်း အကြောင်းမှာ အာရုံက ချုပ်နှင့်ပြီးဖြစ်၍ အတ္ထိကိစ္စဖြင့် ကျေးဇူး မပြုသောကြောင့် တဒါရုံစသော စိတ်များ မဖြစ်ပေါ်နိုင်ခြင်းဖြစ်သည်၊ ဤ အချက်ကို ထောက်ခြင်းအားဖြင့် အတ္ထိပစ္စည်း၏ အရေးကြီးပုံကို သိရှိနိုင် ပေသည်။

## (၈) ပစ္ဆာဇာတတ္ထိ

ဤပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အလုံးစုံတူ၏။

**ပစ္စည်းတပ်ပုံကား—**ပထမဘဝင် အစရှိသော နောက် နောက်သော စိတ် ၈၅-ခုတို့သည် ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်၍ ဌီသို့ ရောက်ဆဲ ဖြစ်သောရုပ်တို့အား 'နောက်မှဖြစ်၍ ထင်ရှားရှိဆဲ' (=ပစ္ဆာဇာတတ္ထိ) ကိစ္စဖြင့် ကျေးဇူးပြုကုန်၏၊ ဤ၌ ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်ခဲ့ကြသော ရုပ်တို့သည် နောက်နောက်စိတ်များ ဖြစ်ပေါ်လာသောအခါ ထိုစိတ်များက အတ္ထိသတ္တိဖြင့် ကျေးဇူးပြုခြင်းကို ခံရသဖြင့် အားရှိပုံကို သိရာ၏၊ မိဘတို့သည် သားသမီး ရရှိ လာသောအခါ အားတက်ခြင်းဖြစ်သကဲ့သို့ ပေတည်း။

## (ဃ) အာဟာရတ္ထိ

အာဟာရတ္ထိသည် ရုပ်အာဟာရပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အလုံးစုံ တူ၏၊ (နာမ်အာဟာရကား သဟဇာတမျိုးဖြစ်၍ သဟဇာတတ္ထိ၌ ပါဝင်သွားပြီ)။

**ကျေးဇူးပြုပုံကား**—ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိဆဲဖြစ်သော ကဗဠီကာရဩဇာသည် ဌီခဏသို့ ရောက်ဆဲဖြစ်သော အဇ္ဈတ္တသန္တာန်၌ရှိသော စတုဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြုသည်၊ ဗဟိဒ္ဓဩဇာ အထောက်အပံ့ကို ရသော အဇ္ဈတ္တဩဇာသည်လည်း ဌီသို့ရောက်ဆဲခဏ၌ စတုဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြုလေသည်။

## (င) ဣန္ဒြိယတ္ထိ

ဣန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အလုံးစုံ တူ၏၊ (သဟဇာတိန္ဒြိယသည် သဟဇာတတ္ထိ၌ရင်း, ပုရေဇာတိန္ဒြိယသည် ပုရေဇာ တတ္ထိ၌ရင်း ပါဝင်ပြီးဖြစ်သည်ကို သတိပြုပါ)။

**ပစ္စည်းတပ်ပုံကား**—စက္ခုဒသက ကလာပ်တို့၌ပါသော ပစ္စုပ္ပန်ရုပ်ဇီဝိတသည် မိမိနှင့်ကလာပ်တူဖြစ်သော ကမ္မဇရုပ် ၉-ခုတို့အား ထင်ရှားရှိခြင်း အတ္ထိကိစ္စဖြင့် ကျေးဇူးပြုသည်၊ သောတဒသကစသည့် အခြားသော ကမ္မဇကလာပ်တို့၌လည်း ဤနည်းတူပင်တည်း။

ဤသို့ ဖော်ပြခဲ့ပြီးသော အတ္ထိပစ္စည်းငါးမျိုးကိုကြည့်လျှင် ဤအတ္ထိပစ္စည်း သည် ဟေတု အာရမ္မဏစသော ရှေ့ပစ္စည်းများနှင့် ပစ္စည်းသရုပ် သီးခြားမဟုတ် ချေ၊ ဆိုခဲ့ပြီးသော ပစ္စည်းထည်းမှပင် ပစ္စုပ္ပန်အနေဖြင့် ထင်ရှားတင်းလင်းရှိဆဲ အဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်းတရားမျိုးကို စုပေါင်း၍ပြသော ပစ္စည်းဖြစ် ကြောင်း ထင်ရှားပေသည်။

**နိဗ္ဗာန်သည် အတ္ထိပစ္စည်းမတပ်ပုံ။** ။အတ္ထိပစ္စည်းငါးမျိုး၌ ပါဝင်သောတရား အားလုံးကို တရားကိုယ် ကောက်လျှင် စိတ် စေတသိက် ရုပ်ဟူသော ပရမတ္ထတရားသုံးပါးသာလျှင် ပါဝင်သည်၊ နိဗ္ဗာန် **နှင့်ပညတ်တို့သည် အတ္ထိပစ္စည်း၌ မပါဝင်ကြချေ၊** ထိုတွင် ပညတ်သည် ပရမတ္ထ အားဖြင့် လက်ဆုပ်လက်ကိုင်ရကောင်းသော တရားမဟုတ်၍ အတ္ထိပစ္စည်း၌ မပါ သည်ကို စိစစ်ဖွယ်မရှိချေ။

နိဗ္ဗာန်သည်ကား စိတ် စေတသိက် ရုပ်တို့ကဲ့သို့ပင် ပရမတ္ထတရားတခု ဖြစ်ပါ လျက် အဘယ့်ကြောင့် အတ္ထိပစ္စည်းမတပ်သနည်းဟု မေးမြန်းဖွယ် ရှိပေသည်။

**အခြေကား** ဤပဋ္ဌာန်းနည်း၌ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိခိုက်၌သာ ကျေးဇူးပြုနိုင်၍ ယင်းသို့ ထင်ရှားရှိခိုက် ကျေးဇူးပြုနိုင်သော တရားတို့ကိုသာ အတ္ထိပစ္စည်းဟု ဟောတော်မူသည်၊ နိဗ္ဗာန်သည်ကား ထင်ရှားရှိသောအခိုက်, မရှိသောအခိုက်ဟု နှစ်မျိုးမကွဲချေ၊ အမြဲထင်ရှားရှိနေသော တရားဖြစ်၏၊ ဆိုင်ရာ အာရမ္မဏိကစိတ်တို့အား အချိန်အခါမရွေး ပစ္စည်းတပ်နိုင်သည်သာ ဖြစ်၏၊ ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း၌ မပါဝင်ခြင်းဖြစ်ပေသည်။

ရှင်းလင်းပါဦးအံ့—ပစ္စည်းတခု၏ သတ္တိသည် အခြားသော ဆန့်ကျင်ဘက် ပစ္စည်း၏ သတ္တိကိုထောက်စာလျှင် ပို၍ထင်ရှားသည်၊ အတ္ထိသတ္တိသည် နတ္ထိ ပစ္စည်း၏သတ္တိနှင့် ဆန့်ကျင်ဘက်ဖြစ်သည်၊ နတ္ထိပစ္စည်း၏သဘောကား ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိပြီးနောက် ချုပ်ပျောက်သွား၍ မရှိတော့ခြင်း သဘောဖြစ်သည်။

အတ္ထိ၏သဘောမှာ အကြောင်းဆုံမှသာ ဖြစ်ပေါ်လာသည့်သဘော ဖြစ်သည်၊ထိုအကြောင်းချုပ်ပျောက်လျှင် အတ္ထိသဘောလည်း ချုပ်ပျောက်လေ တော့သည်၊ အတ္ထိနှင့် နတ္ထိတို့သည် ရှေ့နှင့်နောက် တဆက်တည်း မကွဲမကွာ ဖြစ် ပေါ်သည့် သဘာဝများဖြစ်သည်။တနည်းအားဖြင့် အတ္ထိနှင့် နတ္ထိတို့သည် တွဲဖက် ဖြစ်သည်၊ အတ္ထိရှိမှ နတ္ထိရှိသည်၊ နတ္ထိရှိလျှင် အတ္ထိရှိပြီးဟု သိအပ်သည်၊ အတ္ထိ နှင့်နတ္ထိတို့ကား ဆန့်ကျင်ဘက်သဘောအဖြစ်ဖြင့် မကင်းကောင်းသည့် သဘော ၂-ခုဖြစ်သည်၊ အသင်္ခတဓာတ်ဖြစ်သော နိဗ္ဗာန်မှာမူကား အကြောင်းတို့ဖန်တီး မှုကြောင့်ဖြစ်ပေါ်လာအပ်သောတရားမဟုတ်ချေ၊ ထို့ကြောင့် နိဗ္ဗာန်မှာ အတ္ထိ သဘောမရှိ၊အတ္ထိသဘောမရှိသဖြင့် အတ္ထိ၏တွဲဖက် နတ္ထိသဘောလည်း မရှိချေ၊ ထို့ကြောင့် နိဗ္ဗာန်သည် အတ္ထိပစ္စည်း နတ္ထိပစ္စည်းတို့၌ အကျုံးမဝင်ရတော့ချေ။

**ပုဂ္ဂိုလ် ဘုံ ကာလအားဖြင့် ဝေဖန်ပုံ**

အတ္ထိပစ္စည်းကို **ပုဂ္ဂိုလ်အား**ဖြင့် အလုံးစုံ ၁၂-ယောက်သော ပုဂ္ဂိုလ်တို့၌ ၎င်း **ဘုံအား**ဖြင့် အလုံးစုံသော ၃၁- ဘုံတို့၌၎င်း ရအပ်၏၊ **ကာလအားဖြင့်** ပစ္စုပ္ပန်ကာလသာတည်း။

အတ္ထိပစ္စည်း ပြီး၏။

---

**၂၂-နတ္ထိပစ္စည်း**

ဤနတ္ထိပစ္စည်းသည် အတ္ထိပစ္စည်း၏ ဆန့်ကျင်ဖက်ဖြစ်သည်၊ ထို့ကြောင့် 'နဂိုအစကပင် ဘာမျှမရှိခြင်း'တည်းဟူသော 'အဘာဝပညတ်'ကို နတ္ထိပစ္စည်းဟု ဆိုခြင်းမဟုတ်ချေ၊ ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသော နာမ်တရားတို့သည်

နာမ်သက်စေ့၍ ချုပ်ငြိမ်းသွားသဖြင့် နဂိုအစကရှိသော တရားတို့၏ မရှိတော့ခြင်းကိုသာ ဆိုလိုခြင်းဖြစ်သည်၊ ထင်ရှားစေဦးအံ့၊ နာမ်တရားတို့မည်သည် တခုသောသန္တာန်၌ စိတ်နှစ်ပါး သုံးပါး ဖဿနှစ်ပါး သုံးပါး စသည်ဖြင့် တချိန်ထဲ၌ ပြိုင်၍ မဖြစ်နိုင်ကြကုန်၊ တပါးပြီးမှသာ တပါးဖြစ်နိုင်၏၊ သို့ဖြစ်၍ စက္ခုဝိညာဏ ဝီထိ၌ စက္ခုဝိညာဏ်စိတ်ချုပ်သွား၍ မရှိတော့ခြင်းသည် သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်ပေါ်ရန် ကျေးဇူးပြုပေးခြင်း ဖြစ်၏၊ ထို့အတူ သမ္ပဋိစ္ဆိုင်းစိတ် ချုပ်သွားခြင်းသည်လည်း သန္တီရဏစိတ်ဖြစ်ပေါ်ရန် ကျေးဇူးပြုခြင်းပင် ဖြစ်သည်၊ ဤသို့လျှင် ချုပ်လေပြီးသော ရှေးရှေးစိတ်များက နောက်နောက်စိတ်တို့အား ဖြစ်ပေါ်ရန် အခွင့်ပေးသောအားဖြင့် ကျေးဇူးပြုမှုသည် နတ္ထိပစ္စည်း၏ သတ္တိဖြစ်ပေသည်။

**နတ္ထိနှင့်အနန္တရ။**　။နတ္ထိပစ္စည်းသည် အနန္တရပစ္စည်းကဲ့သို့ပင် ရှေးရှေးစိတ်က နောက်နောက်စိတ်အား ကျေးဇူးပြုသောပစ္စည်းဖြစ်သည်၊ ထို့ကြောင့် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် အနန္တရပစ္စည်းနှင့် လုံးဝ တူညီသည်။

ပစ္စယလက္ခဏာအားဖြင့် မိမိ၏အခြားမဲ့၌ စိတ္တနိယာမ အားလျော်စွာ နောက်စိတ်များ ဖြစ်ပေါ်စေရန် ကျေးဇူးပြုမှုသည် အနန္တရပစ္စည်း၏ သတ္တိဖြစ်၏၊ ထိုသို့ နောက်စိတ်များ ဖြစ်ပေါ်ခွင့် ရစေရန်အတွက် ရှေ့စိတ်တို့၏ ချုပ်ပျောက်သွားခြင်းသည် နတ္ထိပစ္စည်း၏သတ္တိဖြစ်သည်၊ ထို့ကြောင့် ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့ငြား ဆီမီး၏ငြိမ်းခြင်းသည် အမှောင်ဖြစ်ရန် ကျေးဇူးပြုသကဲ့သို့ငြား မရှိခြင်းသဘောအားဖြင့် ကျေးဇူးပြုမှုသည် နတ္ထိပစ္စည်းမည်၏ဟူ၍ ရှေးဆရာတို့ ဥပမာပြ၍ မိန့်ဆိုကြကုန်သည်။

နတ္ထိပစ္စည်း ပြီး၏။

---

## ၂၃-ဝိဂတပစ္စည်း

**ဝိဂတပစ္စည်းမည်ပုံ။**　။"ဝိနာသံ ဂတောတိ ဝိဂတော"။ဝိနာသံ၊ကင်းပျောက်ခြင်းသို့။ ဂတော၊ ရောက်လေပြီ။ ဣတိ၊ ထို့ကြောင့်။ ဝိဂတော၊ဝိဂတမည်၏။"ဝိဂတော ဟုတွာ ပစ္စယော ဝိဂတပစ္စယော"။ဝိဂတော၊ ကင်းပျောက်ခြင်းသို့ ရောက်ပြီးသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရားသည်။ ဝိဂတပစ္စယော၊ ဝိဂတပစ္စည်းမည်၏။ ရှေးရှေးသော တရားတို့၏ သဘောသတ္တိများ ကင်းပျောက်သွားခြင်းသည် နောက်နောက် တရားတို့ ဖြစ်ပေါ်ရန် ကျေးဇူးပြုသောကြောင့် ဝိဂတပစ္စည်း မည်ပေသည်။

**နတ္ထိနှင့် ဝိဂတအထူး။** ။နတ္ထိ=မရှိခြင်းနှင့် ဝိဂတ= ကင်းပျောက်သွားခြင်း တို့သည် အဓိပ္ပါယ်အားဖြင့် မကွဲပြားလှချေ၊သို့သော် လည်း ချုပ်ငြိမ်းလေပြီးသော ဆီမီးသည် အမိုက်မှောင် ဖြစ်ပေါ်ရန် အခွင့် ပေးသကဲ့သို့ မိမိ၏မရှိခြင်းမျှဖြင့် နောက်တရားများအား ဖြစ်ပေါ်ရန် ကျေးဇူး ပြုခြင်းသည် နတ္ထိပစ္စည်းမည်၏၊ နေရောင်၏ ကင်းပျောက်ခြင်းသည် လရောင် လင်းရန် ကျေးဇူးပြုသကဲ့သို့ မိမိ၏ သဘောသတ္တိမကင်းပျောက်သေး၍ ဖြစ်ခွင့် မရသေးသော နောက်တရားတို့အား မိမိ၏ သဘောသတ္တိ ကင်းပျောက်ခြင်း အားဖြင့် ဖြစ်ခွင့်ရရန် ကျေးဇူးပြုမှုသည် ဝိဂတပစ္စည်းမည်၏၊ တနည်းအားဖြင့် ချုပ်ပြီးနောက် ဘာမျှမရှိတော့ခြင်းသည် နတ္ထိသဘောဖြစ်သည်၊ ချုပ်ကင်း သွားခြင်းကား ဝိဂတသဘောဖြစ်သည်။ ဤသို့လျှင် ဤနတ္ထိနှင့် ဝိဂတပစ္စည်း နှစ်ပါး၏ ထူးခြားပုံကို မူလဋီကာ၌ ဖွင့်ပြထားပေသည်။

ရှင်းပါဦးအံ့၊ မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် တရားသဘောတခုတည်း၏ အဓိပ္ပါယ်ကိုပင် တရားနာပုဂ္ဂိုလ်၏ နားလည်နိုင်မှု အခြေခံစိတ်ဓာတ်နှင့်လျော် စွာ (ဝေနေယျဇ္ဈာသယအတိုင်း) ဟောတော်မူသည်၊ လိုရင်းသဘောအဓိပ္ပါယ် တူကြငြားသော်လည်း နတ္ထိနှင့် ဝိဂတတို့ကို ခွဲခြား၍ ဟောရာ၌ တရားနာပုဂ္ဂိုလ် အသီးသီးတို့၏ လိုအင်ဆန္ဒအလိုက် ဟောတော်မူခြင်းဖြစ်သည်။

မရှိခြင်း နတ္ထိနှင့် ကင်းပျောက်ခြင်း ဝိဂတတို့မှာ သဒ္ဒါ (စကားလုံး) ထူးကြ ငြားသော်လည်း လိုရင်းအနက်အဓိပ္ပါယ်မှာ တူညီကြသည်၊ အထက်၌ ဖော်ပြ ခဲ့သော ပြယုဂ်၌ ငြိမ်းလေပြီးသော ဆီမီးမရှိပုံမှာ မီးတောက်နှင့်တကွ မီးရောင် ပါမရှိခြင်းကို နတ္ထိ ဟု ဟောတော်မူခဲ့သည်၊ နေရောင်ကင်းပျောက်သွားပုံမှာမူ နေရောင်ပင် ကင်းပျောက် သွားငြားသော်လည်း နေမှာ ပျောက်ပျက်မသွား ချေ၊ ဤကဲ့သို့ကင်းပျောက်၍ မရှိပုံကို ဝိဂတသဒ္ဒါဖြင့် ဟောခဲ့ခြင်းဖြစ်သည်၊ မရှိ ခြင်းဖြင့် ဘယ်လို ကျေးဇူးပြုသလဲ၊ ဘယ်လို မရှိခြင်းမျိုးလဲဟု အမျိုးမျိုးတွေး တောတတ်သည့် လူ့စရိုက်ကို ကြိုတင်တားဆီးကာ ဖြေကြား၍ ဟောတော်မူ ခြင်းဖြစ်သည်၊ ထို့ကြောင့်ပင် မြတ်စွာဘုရား၏ ဗုဒ္ဓ ဂုဏ်တော်သည် အစဉ်အမြဲ ထွန်းဝင်းတောက်ပခဲ့ပေသည်။

အဘာဝမတ္တေန ဥပကာရကတာ ဩကာသဒါနံ နတ္ထိပစ္စယတာ၊ သဘာဝါဝိဂမေန အပ္ပဝတ္တမာနာနံ သဘာဝဝိဂမေန ဥပကာရကတာ ဝိဂတပစ္စယတာ၊ နတ္ထိတာ စ နိရောဓာနန္တရသုညတာ, ဝိဂတတာ နိရော-ဓပ္ပတ္တတာ၊ အယမေတေသံ ဝိသေသော။

(မူလဋီကာ-၁၇၅)

အဘာဝမတ္တေန၊ မရှိခြင်းမျှဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏ အဖြစ်သည်။ ဩကာသဒါနံ၊ နောက်တရားအား ဖြစ်ခွင့်ပေးခြင်းသည်။ နတ္ထိပစ္စယတာ၊ နတ္ထိပစ္စည်း၏ အဖြစ်မည်၏။ သဘာဝါဝိဂမေန၊ ရှေ့တရား၏ သဘောသတ္တိမကင်းသေးခြင်းကြောင့်။ အပ္ပဝတ္တမာနာနံ၊ ဖြစ်ခွင့်မရကုန်သေးသော နောက်တရားတို့အား။ သဘာဝဝိဂမေန၊ သဘောသတ္တိမှကင်းခြင်းအားဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏အဖြစ်သည်။ ဝိဂတပစ္စယတာ၊ ဝိဂတပစ္စည်း၏အဖြစ်မည်၏။ စ၊ ဆက်ဦးအံ့။ နိရောဓာနန္တရသုညတာ၊ ချုပ်ပြီးသည်၏ အခြားမဲ့၌ ကင်းဆိတ်ခြင်းသည်။ နတ္ထိတာ၊ နတ္ထိ၏ အဖြစ်မည်၏။ နိရောဓပ္ပတ္တတာ၊ ချုပ်ခြင်းသို့ ရောက်ခြင်းသည်။ ဝိဂတတာ၊ ဝိဂတ၏အဖြစ်မည်၏။ အယံ၊ ဤသည်ကား။ ဧတေသံ၊ ဤနတ္ထိနှင့် ဝိဂတပစ္စည်းတို့၏။ ဝိသေသော၊ အထူးတည်း။

**တိုက်တွန်းချက်။** ။စင်စစ်အားဖြင့် နာမ်တရားတို့၌ သတ္တိနှင့် သတ္တိဝန္တ(သတ္တိရှိသည့်) တရား ခွဲခြား၍ မရကောင်းရကား စိတ်ချုပ်သွား၍ မရှိတော့လျှင် ၎င်း၏သဘောသတ္တိလည်း တပါတည်း ကင်းပျောက်သွားသည်သာ ဖြစ်ပေသည်၊ သို့ဖြစ်၍ နတ္ထိနှင့် ဝိဂတပစ္စည်းတို့၏ ပစ္စယ လက္ခဏာအထူးကို သာမာန်ပုဂ္ဂိုလ်တို့၏ ဉာဏ်ဖြင့် ခွဲခြားသိမြင်ရန် မလွယ်ကူချေ၊ ယင်းသို့ပင်ဖြစ်သော်လည်း သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သော မြတ်စွာဘုရားသည်ကား အသီး အသီးသော ပစ္စည်းတို့၏ ပစ္စယသတ္တိဟု ဆိုအပ်သော လက္ခဏာအထူးကို ကွဲပြား ခြားနားစွာ သိမြင်တော်မူသောကြောင့် သာလျှင် နှစ်ဆယ့်လေးပါးသော ပစ္စည်းတို့ကို ဟောကြားတော်မူခြင်း ဖြစ်ပေသည်၊ ဤသို့ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကို သက်ဝင်ယုံကြည်သောအားဖြင့် ထိုထိုပစ္စည်းတို့၏ ပစ္စယသတ္တိအထူးကို သိမြင်ရန် လွန်စွာ ကြိုးစား အားထုတ်သင့်ပေသည်။

**အထင်မှားကို ပယ်ခြင်း။** ။ရုပ်တရား နာမ်တရား နှစ်မျိုးတို့တွင် ရုပ်တရားတို့သည် ရှေးရှေးရုပ်များ မချုပ်မီ ရှေးရှေးရုပ်တို့၏ သတ္တိများ မကင်းပျောက်မီပင် နောက်နောက် ရုပ်များ ထပ်ကာထပ်ကာ ပေါ်လာကြသည်၊ ရှေးရှေး ဖြစ်ပေါ်သောရုပ်များ ချုပ်ပျောက်ပြီးမှသာ နောက်နောက်ရုပ်များ ဖြစ်ပေါ်လာခြင်း မဟုတ်သည်ကို သတိပြုအပ်လှပေသည်။ နာမ်တရားတို့သည်ကား ဤသို့ မဟုတ်ချေ၊ ရှေးရှေးနာမ်တရားတို့ ချုပ်မှသာလျှင် နောက်နောက် နာမ်တရားတို့သည် ဖြစ်ပေါ်ကြကုန်သည်၊ နောက်နောက်နာမ်တရားများ ဖြစ်ပေါ်ချိန်၌ ရှေးရှေး နာမ်တရားတို့၏ သဘာဝသတ္တိများလည်း ကင်းပျောက်သွားပြီးဖြစ်ပေသည်၊ တခုသောသန္တာန်

ဝယ် တချိန်ထဲ၌ အမျိုးတူနာမ်တရား နှစ်ပါး သုံးပါး ပြိုင်၍ မဖြစ်နိုင်ချေ၊ လောက၌ အချို့သောသူတို့သည်ကား နောက်စိတ်ဖြစ်ချိန်၌ ရှေ့စိတ်ရှိသေးသကဲ့သို့ မှတ်ထင်ကြကုန်လျက် "စားလဲ ဒီစိတ်၊ သွားလဲ ဒီစိတ်" စသည်ဖြင့် ပြောဆိုကြကုန်၏၊ ဤနတ္ထိပစ္စည်း ဝိဂတပစ္စည်းတို့ဖြင့် ထိုကဲ့သို့သော မှတ်ထင်ခြင်းများကို ပယ်ရှားတော်မူသည်။

ဤဝိဂတပစ္စည်းသည် နတ္ထိပစ္စည်းကဲ့သို့ပင် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက် အားဖြင့်ရင်း၊ ဘုံ, ပုဂ္ဂိုလ်စသည်အားဖြင့်ရင်း အနန္တရပစ္စည်းနှင့် လုံးဝတူညီသည်။

ဝိဂတပစ္စည်း ပြီး၏။

---

## ၂၄-အဝိဂတပစ္စည်း

**အဝိဂတမည်ပုံ။** ။"န ဝိဂတော အဝိဂတော"။ဝိဂတော၊ကင်းပျောက်ခြင်းသို့ ရောက်ပြီးသည်။န၊ မဟုတ်။ အဝိဂတော၊ ကင်းပျောက်ခြင်းသို့ ရောက်ပြီးသည်မဟုတ်။ "အဝိဂတော ဟုတွာ ပစ္စယော အဝိဂတပစ္စယော"။ အဝိဂတော၊ ကင်းပျောက်ခြင်းသို့ မရောက်သေးသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုတတ်သော တရားသည်။ အဝိဂတပစ္စယော၊ အဝိဂတပစ္စည်း မည်၏။

မဟာသမုဒ္ဒရာရေသည် မိမိမကင်းသေး မကုန်ခန်းသေးသမျှ မိမိ၌ တည်ရှိသော ငါး လိပ်စသည်တို့အား နေနိုင်ရန် ကျေးဇူးပြုသကဲ့သို့ ပရမတ္ထတရားတို့သည်လည်း မိမိတို့၏ သဘောလက္ခဏာ မကင်းသေး မချုပ်သေးသမျှ ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုကုန်၏၊ ယင်းသို့ ကျေးဇူးပြုမှုကို အဝိဂတပစ္စည်းဟု ခေါ်သည်၊ အချုပ်မှာ 'မကင်းသဖြင့်' ကျေးဇူးပြုခြင်းသည် အဝိဂတပစ္စည်းပင်တည်း။

**အတ္ထိနှင့် အဝိဂတအထူး။** ။အတ္ထိ(=ထင်ရှားရှိခြင်း)နှင့် အဝိဂတ (=မကင်းသေး မပျောက်သေးခြင်း) တို့သည် လိုရင်းအဓိပ္ပါယ်အားဖြင့် မကွဲပြားချေ၊ ဤပဋ္ဌာန်းနည်း၌ ဥပါဒ်, ဌီ, ဘင်အားဖြင့် ထင်ရှားရှိဆဲ ဖြစ်တည်နေသော ပရမတ္ထတရားတို့သည် မိမိတို့၏ သဘောလက္ခဏာများ ထင်ရှားရှိခြင်းအားဖြင့် ကျေးဇူးပြုမှုသည် အတ္ထိပစ္စည်း မည်၏၊ ထိုပရမတ္ထဓမ္မတို့သည် မိမိတို့၏ သဘောသတ္တိ မကင်းသေး မချုပ်သေးခြင်းအားဖြင့် ကျေးဇူးပြုမှုသည် အဝိဂတပစ္စည်း မည်၏၊ ဤသို့ အတ္ထိနှင့် အဝိဂတပစ္စည်းတို့၏ ထူးပုံကို ပြဆိုထားလေသည်။

ရှင်းပါဦးအံ့၊ အတ္ထိ၏ ကျေးဇူးပြုပုံမှာ ထင်ရှားတည်ရှိနေဆဲ တရားတခုသည် မိမိ၏ မျက်မှောက်ဝယ် ထင်ရှားတည်ရှိနေသည့် အခြားတရားတခုအား မိမိ၏ သတ္တိဖြင့် ထောက်ပံ့ ကျေးဇူးပြုခြင်း ဖြစ်သည်၊ အဝိဂတ၏ ကျေးဇူးပြုပုံမှာမူ သဘာဝအရ ကင်းကွာ၍ မဖြစ်စကောင်းသည့် တရားများသည် တခုက တခုကို ကျေးဇူးပြုခြင်းပင် ဖြစ်သည်။

ဥပမာဆိုသော် ငါးနှင့် ရေကဲ့သို့တည်း၊ ရေသည် မိမိထင်ရှားတည်ရှိနေဆဲတွင် မိမိ၏ မျက်မှောက်ဝယ် တည်ရှိနေသည့် ငါးသတ္တဝါကို အသက်ရှင်ရန် ကျေးဇူးပြုနေသည်၊ ဤသို့ထင်ရှားရှိနေခြင်းသတ္တိဖြင့် ကျေးဇူးပြုပုံကို 'အတ္ထိပစ္စည်း' ဟု ခေါ်သည်၊ ထို့နောက် တနည်းဆိုသော် ငါးသည် ရေနှင့်ကင်းပြီးလျှင် အသက်ရှင်ရန် မဖြစ်စကောင်းပေ၊ ဤတွင် ရေသည် မကင်းစကောင်းသည့် သတ္တိဖြင့် ငါးကို ရှင်သန်အောင် ကျေးဇူးပြုနေသည်၊ ဤသို့ 'မကင်းသည့် သတ္တိဖြင့်' ကျေးဇူးပြုပုံကို 'အဝိဂတ' ပစ္စည်းဟု ဟောတော်မူခဲ့ခြင်း ဖြစ်သည်။

စင်စစ်မှာ ဖြစ်ပုံအခြေအနေတရပ်ကိုပင် စကားပရိယာယ်နည်းအားဖြင့် ဝေဖန်ဟောပြခြင်းဖြစ်သည်၊ ထင်ရှားသည့် ဥပမာတခုကို ထပ်လောင်း၍ ပြရမည်ဆိုသော် မောင်ဖြူနှင့် မောင်မဲတို့ လက်ဝှေ့ထိုးကြရာတွင် မောင်ဖြူက နိုင်သည်၊ သို့မဟုတ်—မောင်မဲက ရှုံးသည်ဟု ပြောရာ၌ အဓိပ္ပါယ်မှာ ထပ်တူပင် ဖြစ်သည်၊ပြောနည်းသာ ကွဲပြားလေသည်၊ 'အတ္ထိ' နှင့် 'အဝိဂတ' တို့မှာလည်း ထိုနည်းတူပင် ဝေါဟာရသာ ကွဲပြား၍ လိုရင်းအဓိပ္ပါယ်မှာမူ ထပ်တူပင် ဖြစ်ပေသည်။

> အတ္ထိတာယ သသဘာဝတော ဥပကာရကတာ အတ္ထိပစ္စယတာ၊ သဘာဝါဝိဂမေန နိရောဓဿ အပ္ပတ္တိယာ ဥပကာရကတာ အဝိဂတပစ္စယ-တာတိ ပစ္စယဘာဝဝိသေသော ဓမ္မာဝိသေသေပိ ဝေဒိတဗ္ဗော။
>
> (မူလဋီကာ ၁၇၅)

အတ္ထိတာယ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်။ သသဘာဝတော၊ မိမိ သဘောအားဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏ အဖြစ်သည်။ အတ္ထိ-ပစ္စယတာ၊ အတ္ထိပစ္စည်း၏ အဖြစ်မည်၏၊ (အတ္ထိပစ္စယသတ္တိမည်၏)။ သဘာ-ဝါဝိဂမေန၊ သဘောမှ မကင်းသေးခြင်းကြောင့်။ နိရောဓဿ၊ ချုပ်ခြင်းသို့။ အပ္ပတ္တိယာ၊ မရောက်သေးခြင်းအားဖြင့်။ ဥပကာရကတာ၊ ကျေးဇူးပြုသည်၏ အဖြစ်သည်။ အဝိဂတပစ္စယတာ၊ အဝိဂတပစ္စည်း၏ အဖြစ်မည်၏၊ (အဝိဂတ ပစ္စယသတ္တိ မည်၏)။ ဣတိ၊ ဤသို့။ ဓမ္မာဝိသေသေပိ၊ ပစ္စည်းနှစ်ပါးလုံး၏ အရကောက်တရားကိုယ်များ အထူးမရှိသော်လည်း။ ပစ္စယဘာဝ ဝိသေသော၊ ပစ္စယသတ္တိအထူးကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

လယ်တီဆရာတော်ကြီးကလည်း"ဝေနေယျသတ္တဝါတို့အား အနက်အဓိပ္ပါယ် အမျိုးမျိုး၌ ယုံမှားခြင်းမရှိစေရန်ငှင်း အသိဉာဏ်သန့်ရှင်းစေရန်ငှင်း ဤဝိဂတ နှင့်အဝိဂတပစ္စည်းနှစ်ပါးကို ဟောတော်မူခြင်းဖြစ်သည်။ စင်စစ်အားဖြင့် အတ္ထိ နှင့် အဝိဂတသည်ငှင်း နတ္ထိနှင့်ဝိဂတသည်ငှင်း အဓိပ္ပါယ်အထူးမရှိ၊ ပရိယာယ် သဒ္ဒါများသာဖြစ်သည်"ဟု မိန့်တော်မူသည်။

## အဝိဂတ ၅-မျိုး

ဤအဝိဂတပစ္စည်းသည် ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်အားဖြင့် အတ္ထိပစ္စည်းနှင့် အလုံးစုံ တူညီ၏၊ ထို့ကြောင့် အတ္ထိပစ္စည်းမှာကဲ့သို့—

(က) သဟဇာတအဝိဂတ

(ခ) ပုရေဇာတအဝိဂတ

(ဂ) ပစ္ဆာဇာတအဝိဂတ

(ဃ) အာဟာရအဝိဂတ

(င) ဣန္ဒြိယအဝိဂတ

ဟူ၍ အဝိဂတပစ္စည်း ငါးမျိုးခွဲခြားလျက် ပစ္စည်းတပ်ပုံနှင့်တကွ ၎င်းတို့၏ သဘောသရုပ်ကို သဟဇာတစသော ပစ္စည်းတို့၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ကျေပြွန်စွာ နားလည်မှတ်သားမိအောင် လေ့လာအားထုတ်ရာသည်။

ဘုံ ပုဂ္ဂိုလ်စသည်ဖြင့် ခွဲပုံမှာလည်း အတ္ထိပစ္စည်းအတိုင်းပင်တည်း။

အဝိဂတပစ္စည်း ပြီး၏။

---

## ၂၄-ပစ္စည်းတို့ကို ၆-မျိုးခွဲ၍ ပြဆိုခြင်း

ပြဆိုခဲ့ပြီးသည့် ဟေတု အာရမ္မဏ အစရှိသော ၂၄-ပါးသော ပစ္စည်းတို့သည် အနန္တနယနှင့် ပြည့်စုံသော ပဋ္ဌာန်းဒေသနာတော်ကြီး၏ အခြေခံဖြစ်သည်၊ သို့ဖြစ်၍ ပဋ္ဌာန်းနည်းကို လေ့လာလိုသော ပုဂ္ဂိုလ်တို့သည် အဆိုပါ ၂၄-ပစ္စည်း တို့၏ သဘောသရုပ်ကို ကျေညက်နိုင်နင်းစွာ လေ့ကျက်ထားရန် လိုအပ်သည်၊ သို့မှသာလျှင် အခဏ်းကဏ္ဍကြီး ၂၄-ခဏ်းတို့ဖြင့် တန်းဆာဆင်အပ်သော ပဋ္ဌာန်း ကျမ်းကြီး၌ ဉာဏ်သက်ဝင်ရန် လွယ်ကူပေမည်၊ ထို့ကြောင့် ယခုအခါ သင်္ဂြိုဟ် ကျမ်း၌ ပြဆိုထားသည့်အတိုင်း ၂၄-ပစ္စည်းတို့ကို ပစ္စည်း,ပစ္စယုပ္ပန်အမျိုးအစား အားလျော်စွာ ၆-မျိုးခွဲ၍ ပြဆိုပါအံ့။

၂၄-ပစ္စည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန်အဖြစ် ပါဝင်သော တရားတို့ကား အချုပ်အားဖြင့် (၁) နာမ် (၂) ရုပ် (၃) ပညတ်အားဖြင့် သုံးမျိုး သုံးစားသာ ဖြစ်သည်၊ ထို့ကြောင့် အလုံးစုံသော ၂၄-ပစ္စည်းတို့ကို ပစ္စည်း, ပစ္စယုပ္ပန်အမျိုးအစားအားဖြင့် တူရာကိုပေါင်း၍ ပိုင်းခြားခွဲဝေလျှင် အောက်ပါအတိုင်း ၆-မျိုးသာရှိသည်၊ ၎င်းတို့ကား—

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း　　၆-ပါး

(၂) နာမ်သည် နာမ်ရုပ်တို့အား ကျေးဇူးပြုသော ပစ္စည်း　　၅-ပါး

(၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း　　၁-ပါး

(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း　　၁-ပါး

(၅) ပညတ် နာမ် ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း　　၂-ပါး

(၆) နာမ်ရုပ် ၂-ပါးစုံသည် နာမ်ရုပ် ၂-ပါးစုံအား ကျေးဇူးပြုသော ပစ္စည်း　　၉-ပါး

တို့ ဖြစ်သည်၊ ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက—

(၅၉၄) နာမ်လျှင် နာမ်အား၊ ခြောက်မျိုးပြား၊ ငါးပါး နာမ်ရုပ်ငှါ။
(၅၉၅) နာမ်လျှင် ရုပ်အား၊ မျိုးတပါး၊ နာမ်အား ရုပ်ကော။
(၅၉၆) ပညတ်နာမ်ရုပ်၊ နာမ်အားဒုက်၊ ဒုက် ဒုက် ကိုးမျိုးသာ-

ဟူ၍ စပ်ဆိုတော်မူခဲ့လေသည်။

အထူးသတိပြုရန်အချက်မှာ ရုပ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်းဟု သီးခြားမရှိပေ၊ သဟဇာတပစ္စည်း အညမညပစ္စည်း စသည်တို့၌ 'စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော'ဟု ဟောကြားထားခဲ့သော်လည်း ထိုပစ္စည်းများ တခုလုံးကိုခြုံ၍ စိစစ်ပါမူ ပစ္စည်းနှင့် ပစ္စယုပ္ပန်နှစ်ဖက်လုံး၌ ရုပ်နာမ်နှစ်ခုပင် အစုံလိုက် ပါနေသည်ကို တွေ့ရသည်၊ ထို့ကြောင့် အထက်၌ ပြဆိုခဲ့သည့်အတိုင်း အမျိုးအစားခွဲပြရာ၌ ရုပ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်းဟု သီးခြားမပါခြင်းပင် ဖြစ်သည်။

## (၁) နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆-ပါး

နာမ်ဖြစ်သော ပစ္စည်းတရားများက နာမ်ဖြစ်သော ပစ္စယုပ္ပန်တရားများအား ကျေးဇူးပြုသော ပစ္စည်း ၆-ပါးတို့ကား—

၁။ အနန္တရ
၂။ သမနန္တရ
၃။ အာသေဝန
၄။ သမ္ပယုတ္တ
၅။ နတ္ထိ
၆။ ဝိဂတ

ပစ္စည်းများ ဖြစ်ကြသည်။ ဤကိုရည်၍ သံခိပ်ကဗျာ၌ "နာမ်လျှင် နာမ်အား၊ ခြောက်မျိုးပြား" ဟု စပ်ဆိုတော်မူသည်။

**အနန္တရ သမနန္တရ နတ္ထိ ဝိဂတ ပစ္စည်း ၄-ပါး။** ။ထိုသို့ နာမ်သည် နာမ်အား ကျေးဇူးပြုရာတွင် ပဋ္ဌာန်ဒွါရာ ဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ္တုပ္ပါဒ်တို့သည် စက္ခုဝိညာဏ် အစရှိသော နောက်နောက်သော စိတ္တုပ္ပါဒ်တို့အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ သတ္တိတို့ဖြင့် ကျေးဇူးပြုကြသည်၊ ထိုပစ္စည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန်နှစ်ပါးစုံတို့သည် နာမ်တရားများသာ ဖြစ်ကြသည်၊ ရုပ်တရားတို့သည်ကား ရှေးရှေးရုပ်ဟောင်းများ မချုပ်မီပင် နောက်နောက်သော ရုပ်သစ်များ ဖြစ်ပေါ်ကြသဖြင့် အနန္တရ စသော ပစ္စည်းများ မတပ်နိုင်ကြပေ။

**အာသေဝနပစ္စည်း။** ။မဂ်ဇော ဖိုလ်ဇောကြဉ်သော ရှေးရှေးသော ဇော စိတ္တုပ္ပါဒ် ပစ္စည်းတရားတို့သည် ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောစိတ္တုပ္ပါဒ် ပစ္စယုပ္ပန်တို့အား အာသေဝနသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည်၊ ထို့ကြောင့် အာသေဝနပစ္စည်းသည်လည်း နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်းပင် ဖြစ်သည်။

**သမ္ပယုတ္တပစ္စည်း။** ။တပြိုင်နက် အတူတကွ ဖြစ်ပေါ်သော စိတ် စေတသိက်တို့သည် အချင်းချင်းအား သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည်၊ ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုကတည်းဟူသော သမ္ပယောဂလက္ခဏာလေးပါးတို့ဖြင့် အညီအညွတ် ပေါင်းစပ်ရောနှောခြင်းသည် နာမ်နှင့် ရုပ်တို့၌၎င်း ရုပ်တရားအချင်းချင်းတို့၌၎င်း မရနိုင်ချေ၊ နာမ်တရား အချင်းချင်း၌သာ ရနိုင်၏၊ ထို့ကြောင့် သမ္ပယုတ္တပစ္စည်းသည်လည်း ပစ္စည်း, ပစ္စယုပ္ပန်နှစ်ပါးလုံး နာမ်တရားသက်သက်သာ ဖြစ်သည်။

## (၂) နာမ်သည် နာမ်ရုပ်တို့အား ကျေးဇူးပြုသော ပစ္စည်း ၅-ပါး

နာမ်ဖြစ်သောပစ္စည်းတရားက နာမ်နှင့်ရုပ်နှစ်ပါးစုံဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသောပစ္စည်း ၅-ပါးတို့ကား—

၁။ ဟေတု
၂။ ကမ္မ
၃။ ဝိပါက
၄။ ဈာန
၅။ မဂ္ဂ

ပစ္စည်းများဖြစ်ကြသည်။ ဤကို ရည်၍ သံခိပ်ကဗျာ၌ 'ငါးပါး နာမ်ရုပ်ငှါ'ဟု စပ်ဆိုတော်မူသည်။

**ဟေတု ဈာန မဂ္ဂ ပစ္စည်းများ။** ။ထိုသို့ နာမ်သည် တပြိုက်နက် နာမ်ရုပ်နှင်ပါး စုံတို့အား ကျေးဇူးပြုရာတွင် ဟိတ် ၆-ပါး, ဈာနင်တရားကိုယ်၅-ပါး, မဂ္ဂင်တရားကိုယ် ၉-ပါးတည်းဟူသောနာမ်ပစ္စည်းတရား တို့သည် မိမိတို့နှင့် တပြိုင်နက် အတူတကွ ဖြစ်ပေါ်သော စိတ်, စေတသိက်, စိတ္တဇ ရုပ်, ပဋိသန္ဓေကမ္မဇရုပ် ဟု ဆိုအပ်သော နာမ်ရုပ်နှစ်ပါးစုံ ပစ္စယုပ္ပန်တရားတို့ အား ဟေတု, ဈာန, မဂ္ဂသတ္တိတို့ဖြင့် အသီးအသီး ကျေးဇူးပြုကြသည်။

**ကမ္မပစ္စည်း။** ။စိတ် ၈၉-ပါးတို့၌ရှိသော စေတနာစေတသိက်တည်းဟူသော နာမ်ပစ္စည်းတရားသည် မိမိနှင့်တပြိုင်နက် အတူတကွဖြစ်ပေါ် သော စိတ်၈၉, စေတသိက် ၅၁, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်ဟု ဆိုအပ်သော နာမ် ရုပ် နှစ်ပါးစုံ ပစ္စယုပ္ပန်တရားတို့အား သဟဇာတကမ္မသတ္တိဖြင့် ကျေးဇူးပြုသည်။

အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ်စေတနာ ၃၃-ပါးတည်းဟူသော နာမ် ပစ္စည်းတရားသည် ဝိပါက်စိတ် ၃၆, စေတသိက် ၃၈, ကမ္မဇရုပ်များဖြစ်သော နာမ် ရုပ်နှစ်ပါးစုံပစ္စယုပ္ပန်တရားတို့အား နာနာက္ခဏိက ကမ္မသတ္တိဖြင့်ကျေးဇူးပြုသည်။

**ဝိပါကပစ္စည်း။** ။ဝိပါက်စိတ် ၃၆, စေတသိက် ၃၈-ပါးဟု ဆိုအပ်သော နာမ် ပစ္စည်းတရားတို့သည် မိမိတို့အချင်းချင်းအားရင်း မိမိတို့နှင့် တပြိုင်နက် အတူတကွဖြစ်ပေါ်သည့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဤကား နာမ်သည် နာမ်ရုပ်နှစ်ပါးစုံတို့အား ကျေးဇူးပြုသော ပစ္စည်း ၅-ပါး တို့တည်း။

## (၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသော ပစ္စည်း ၁-ပါး

နာမ်ဖြစ်သော ပစ္စည်းတရားက ရုပ်ဖြစ်သော ပစ္စယုပ္ပန်တရားအား ကျေးဇူး ပြုသော ပစ္စည်းတပါးကား ပစ္ဆာဇာတပစ္စည်းဖြစ်သည်။ ဤကို ရည်၍ သံခိပ် ကဗျာ၌'နာမ်လျှင် ရုပ်အား၊ မျိုးတပါး'ဟု စပ်ဆိုတော်မူသည်။

**ပစ္ဆာဇာတပစ္စည်း** ဟူသည် နောက်နောက်၌ ဖြစ်ပေါ်သော (အရူပဝိပါက် လေးခုကြဉ်သော) စိတ် ၈၅-ပါးတို့က ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်ခဲ့၍ ဋီခဏ သို့ရောက်ဆဲဖြစ်သော စတုဇရုပ်တို့အား ဥပတ္ထမ္ဘကသတ္တိဖြင့် ထောက်ပံ့သမှု ကျေးဇူးပြုခြင်းပင် ဖြစ်သည်၊ ထို့ကြောင့် ပစ္ဆာဇာတပစ္စည်း၌ ပစ္စည်းတရား သည် နာမ်ဖြစ်၍ ပစ္စယုပ္ပန်မှာ ရုပ်ဖြစ်သည်။

## (၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၁-ပါး

ရုပ်ဖြစ်သော ပစ္စည်းတရားက နာမ်ဖြစ်သော ပစ္စယုပ္ပန်တရားအား ကျေးဇူး ပြုသော ပစ္စည်းတပါးကား ပုရေဇာတ ပစ္စည်းဖြစ်သည်။ ဤကို ရည်၍ သံခိပ် ကဗျာ၌ 'နာမ်အား ရုပ်ကော'ဟု စပ်ဆိုတော်မူသည်။

**ပုရေဇာတပစ္စည်း** သည် ဝတ္ထုပုရေဇာတ အာရမ္မဏပုရေဇာတအားဖြင့် နှစ်ပါးရှိသည်။

**ဝတ္ထုပုရေဇာတ။** ။ထိုနှစ်ပါးတို့တွင် စကျူသေဘတ အစရှိသောဝတ္ထုရုပ် ၆-ပါး တို့သည် ပဝတ္တိအခါ၌ မိမိတို့ကို မှီ၍ဖြစ်ပေါ်သော (အရူပ ဝိပါက်လေးခုကြဉ်သော) စိတ်-၈၅ စေတသိက် ၅၂-ပါးတို့အား ထိုက်သည် အားလျော်စွာ ဝတ္ထုပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုကြသည်။

**အာရမ္မဏပုရေဇာတ။** ။ပစ္စုပ္ပန်ဖြစ်သည့် နိပ္ဖန္နရုပ် ၁၈-ပါးဟု ဆိုအပ်သော အာရုံခြောက်ပါးတို့သည် မိမိတို့ကို အာရုံပြု၍ ဖြစ် ပေါ်သော ကာမစိတ် ၅၄-ပါး အဘိညာဏ်စိတ် ၂-ပါး (အပ္ပမညာကြဉ်သော) စေတသိက် ၅၀-တို့အား ထိုက်သည်အားလျော်စွာ အာရမ္မဏပုရေဇာတ သတ္တိ ဖြင့် ကျေးဇူးပြုကြသည်။

ဤသို့အားဖြင့် ပုရေဇာတ နှစ်မျိုးလုံး၌ပင် ပစ္စည်းတရားမှာ ရုပ်ဖြစ်၍ ပစ္စယုပ္ပန်ကား နာမ်တရားဖြစ်သည်။

## (၅) ပညတ် နာမ် ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၂-ပါး

ပညတ် နာမ် ရုပ်ဖြစ်သော ပစ္စည်းတရားများက နာမ်ဖြစ်သော ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုသော ပစ္စည်း ၂-ပါးကား အာရမ္မဏနှင့် ဥပနိဿယတို့ ဖြစ်သည်။ ဤကို ရည်၍ သံခိပ်ကဗျာ၌ "ပညတ်,နာမ်,ရုပ်၊ နာမ်အားဒုက်"ဟု စပ်ဆိုတော်မူခြင်းဖြစ်သည်။

**အာရမ္မဏပစ္စည်း။** ။ထိုနှစ်ပါးတို့တွင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် အားဖြင့် အလုံးစုံသော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည် စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးဟု ဆိုအပ်သော နာမ်ပစ္စယုပ္ပန်တရားတို့အား **အာရမ္မဏသတ္တိ**ဖြင့် ကျေးဇူးပြုကြသည်။

**ဥပနိဿယသည်** (၁) အာရမ္မဏူပနိဿယ (၂) အနန္တရူပနိဿယ (၃) ပကတူပနိဿယဟူ၍ သုံးပါးရှိသည်။

**အာရမ္မဏူပနိဿယ။** ။ထိုသုံးပါးတို့တွင် အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး (ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ်ကာယဝိညာဏ်ကြဉ်သော) စိတ် ၈၄-ပါးနှင့်(ဝိစိကိစ္ဆာ ဒေါစတုက်ကြဉ်သော) စေတသိက် ၄၇-ပါး နိဗ္ဗာန်တည်းဟူသော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည် အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး မဟာကုသိုလ်စိတ် ၈-ပါး မဟာကိရိယာဉာဏသမ္ပယုတ်စိတ် ၄-ပါး လောကုတ္တရာစိတ် ၈-ပါး စေတသိက် ၄၅-ပါးတည်းဟူသော နာမ်ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**အနန္တရူပနိဿယ။** ။ပဋ္ဌာဒ္ဒါရာဝဇ္ဇန်းအစရှိသော ရှေးရှေးသော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးတည်းဟူသော ပစ္စည်းတရားတို့သည် စက္ခုဝိညာဏ်အစရှိသော နောက်နောက်သော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးတည်းဟူသော ပစ္စယုပ္ပန်တရားတို့အား အနန္တရူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်သည်။

**ပကတူပနိဿယပစ္စည်း။** ။အားကြီးသော (ဗလဝဖြစ်သော) ရှေးရှေးသော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါး ရုပ် ၂၈-ပါး ပစ္စည်းထိုက်သော အချို့သော ပညတ်တည်းဟူသော ပစ္စည်းတရားတို့သည် နောက်နောက်သော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးဟု ဆိုအပ်သော နာမ်ပစ္စယုပ္ပန်တရားတို့အား **ပကတူပနိဿယသတ္တိ**ဖြင့် ကျေးဇူးပြုကုန်၏။

ဤဥပနိဿယပစ္စည်းသုံးမျိုးကို ပေါင်းစုကာ ခြုံ၍ စိစစ်လျှင် ပစ္စည်းဖက်၌ ပညတ်, နာမ်, ရုပ် သုံးမျိုး ပါဝင်၍ ပစ္စယုပ္ပန်ဖက်၌မူကား နာမ်တရားတမျိုးသာ ပါဝင်လေသည်။

### (၆) နာမ်ရုပ် နှစ်ပါးစုံသည် နာမ်ရုပ်နှစ်ပါးစုံအား ကျေးဇူးပြုသော ပစ္စည်း ၉-ပါး

နာမ် ရုပ်နှစ်ပါးစုံဖြစ်သော ပစ္စည်းတရားတို့က နာမ် ရုပ်နှစ်ပါးစုံဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော ပစ္စည်း ၉-ပါးတို့ကား—

၁။ အဓိပတိ

၂။ သဟဇာတ

၃။ အညမည

၄။ နိဿယ

၅။ အာဟာရ

၆။ ဣန္ဒြိယ

၇။ ဝိပ္ပယုတ္တ

၈။ အတ္ထိ

၉။ အဝိဂတ

ပစ္စည်းများ ဖြစ်ကြသည်။ ဤကို ရည်၍ သံခိပ်ကဗျာ၌ 'ဒုက်ဒုက် ကိုးမျိုးသာ' ဟု စပ်ဆိုတော်မူသည်။

**၁။ အဓိပတိပစ္စည်း။** ။ထိုကိုးပါးသော ပစ္စည်းတို့တွင် အဓိပတိသည် (၁) အာရမ္မဏာဓိပတိ (၂) သဟဇာတာဓိပတိအားဖြင့် နှစ်ပါးရှိသည်။

**အာရမ္မဏာဓိပတိ။** ။ထို ၂-ပါးတို့တွင် အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈-ပါး (ဒေါသမူ, မောဟမူ, ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကြဉ်သော) စိတ် ၈၄-ပါး စေတသိက် ၄၇-ပါး နိဗ္ဗာန်တည်းဟူသော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည် အလေး အမြတ်ပြုတတ်သော လောဘမူစိတ် ၈-ပါး မဟာကုသိုလ်စိတ် ၈-ပါး မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ပါး လောကုတ္တရာစိတ် ၈-ပါး စေတသိက် ၄၅-ပါး တည်းဟူသော ပစ္စယုပ္ပန်တရားတို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

**သဟဇာတာဓိပတိ။** ။သာဓိပတိဇောစိတ် ၅၂-ပါး၌ရှိသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တည်းဟူသော အဓိပတိ တရားကိုယ်လေးပါး ပစ္စည်းတရားတို့သည် သာဓိပတိဇော ၅၂-ပါး စေတသိက် ၅၂-ပါး သာဓိပတိစိတ္တဇရုပ်ဟု ဆိုအပ်သော ပစ္စယုပ္ပန်တရားတို့အား သဟဇာတာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤအဓိပတိနှစ်မျိုးကို ပေါင်း၍ယူသော် အဓိပတိပစ္စည်းသည် ပစ္စည်းဖက်တွင်ရင်း ပစ္စယုပ္ပန်ဖက်တွင်ရင်း နာမ်ရုပ်နှစ်ပါးစုံပါဝင်သော ပစ္စည်းဖြစ်ကြောင်း ထင်ရှားပေသည်။

၂။ **သဟဇာတပစ္စည်း၏** ကျေးဇူးပြုပုံသည်—

(၁) စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးတည်းဟူသော နာမက္ခန္ဓာ ၄-ပါး တို့သည် အချင်းချင်းအားရင်း မိမိတို့နှင့် တပြိုင်နက် အတူတကွဖြစ် ပေါ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း ကျေးဇူးပြုခြင်း,

(၂) မဟာဘုတ် ၄-ပါးတို့သည် မိမိတို့အချင်းချင်းအားရင်း၊ မိမိတို့ကိုမှီ၍ ဖြစ်ပေါ်သော ဥပါဒါရုပ်တို့အားရင်း ကျေးဇူးပြုခြင်း,

(၃) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေ နာမက္ခန္ဓာ တို့သည် အချင်းချင်းအား ကျေးဇူးပြုခြင်းဟူ၍ သုံးမျိုးရှိသည်၊ အချုပ်အားဖြင့်မူ ပစ္စည်း, ပစ္စယုပ္ပန် နှစ်ဖက်လုံး၌ပင် နာမ်နှင့်ရုပ် နှစ် ပါးစုံပါဝင်နေပေသည်။

၃။ **အညမညပစ္စည်း၌လည်း**—

(၁) စိတ် ၈၉-ပါး စေတသိက် ၅၂-ပါးဟု ဆိုအပ်သော နာမက္ခန္ဓာ ၄-ပါး တို့၏ အချင်းချင်းအား ကျေးဇူးပြုခြင်း

(၂) မဟာဘုတ် ၄-ပါးတို့၏ အချင်းချင်းအား ကျေးဇူးပြုခြင်း,

(၃) ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုနှင့် ပဋိသန္ဓေ နာမက္ခန္ဓာ တို့၏ အချင်းချင်းအား ကျေးဇူးပြုခြင်း ဟူ၍ ကျေးဇူးပြုပုံ သုံးမျိုး ရှိသည်၊ ထိုသုံးမျိုးတို့ကို စိစစ်လျှင် အညမည ပစ္စည်း၏ ပစ္စည်း, ပစ္စ- ယုပ္ပန် နှစ်မျိုးလုံး၌လည်း နာမ်ရုပ်နှစ်ပါးစုံ ပါဝင်နေပေသည်။

၄။ **နိဿယပစ္စည်း၏** ကျေးဇူးပြုပုံသည်လည်း—

(၁) စိတ် ၈၉-ပါး စေတသိက် ၅၂-ပါး ဟု ဆိုအပ်သော နာမက္ခန္ဓာ ၄-ပါး တို့သည် မိမိတို့ အချင်းချင်းအားရင်း သဟဇာတ်ဖြစ်သော စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အားရင်း **သဟဇာတနိဿယ** သတ္တိဖြင့် ကျေးဇူး ပြုခြင်း

(၂) မဟာဘုတ် ၄-ပါးတို့သည် မိမိတို့ အချင်းချင်းအားရင်း မိမိတို့ကို မှီသော ဥပါဒါရုပ်တို့အားရင်း **သဟဇာတနိဿယ**သတ္တိဖြင့် ကျေးဇူး ပြုခြင်း

(၃) ဝတ္ထုရုပ် ၆-ပါးတို့က (အရူပဝိပါက်လေးခုကြဉ်သော) စိတ် ၈၅-ပါး စေသိက် ၅၂-ပါးတို့အား **ပုရေဇာတနိဿယ**သတ္တိဖြင့် ကျေးဇူး ပြုခြင်း။

ဟူ၍ သုံးမျိုးရှိသည်၊ ထိုသုံးမျိုးတို့ကို စိစစ်လျှင် နိဿယပစ္စည်း၏ ပစ္စည်း,ပစ္စယုပ္ပန် နှစ်ဖက်လုံး၌လည်း နာမ်ရုပ်နှစ်ပါးစုံ ပါဝင်ကြသည်။

၅။ **အာဟာရပစ္စည်းကား—**

(၁) ကဗဠီကာရဟူသော ရုပ်အာဟာရပစ္စည်းတရားသည် စတုသမုဋ္ဌာနိက ကာယရုပ်များဖြစ်သော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုခြင်း

(၂) ဖဿ,စေတနာ, ဝိညာဏ်တည်းဟူသော နာမ်အာဟာရတရားကိုယ် သုံးပါး ပစ္စည်းတရားတို့က မိမိတို့နှင့် သဟဇာတ်ဖြစ်သော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တည်း ဟူသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုခြင်း

ဟူ၍နှစ်မျိုးရှိသည်၊ အာဟာရပစ္စည်း၏ ပစ္စည်းနှင့် ပစ္စယုပ္ပန် နှစ်ဖက်၌ပင် နာမ်ရုပ်နှစ်ပါးစုံပါရှိလေသည်။

၆။ **ဣန္ဒြိယပစ္စည်း** သည်—

(၁) ပသာဒရုပ် ၅-ပါး ပစ္စည်းတရားတို့က ဒွေပဉ္စဝိညာဏ်-၁၀ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတည်းဟူသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော ပုရေဇာတိန္ဒြိယပစ္စည်း။

(၂) ဇီဝိတရုပ်ဟုဆိုအပ်သော ပစ္စည်းတရားက ကလာပ်တူကမ္မဇရုပ် **ကိုး**ပါး ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော ရူပဇီဝိတိန္ဒြိယပစ္စည်း။

(၃) နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး ပစ္စည်းတရားတို့က မိမိတို့နှင့် သဟဇာတ်ဖြစ်သော စိတ် ၈၉-ပါး စေတသိက် ၅၂-ပါး စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုသော သဟဇာတိန္ဒြိယပစ္စည်းဟူ၍ သုံးပါးပြားသည်။

ဣန္ဒြိယပစ္စည်းကို အချုပ်အားဖြင့် စိစစ်သော် ပစ္စည်းနှင့်ပစ္စယုပ္ပန် နှစ်ဖက်၌ပင် နာမ်ရုပ်နှစ်ပါးစုံ ပါရှိလေသည်။

၇။ **ဝိပ္ပယုတ္တပစ္စည်းသည်လည်း—**

(၁) သဟဇာတဝိပ္ပယုတ်

(၂) ပုရေဇာတဝိပ္ပယုတ်

(၃) ပစ္ဆာဇာတဝိပ္ပယုတ်

ဟူ၍ သုံးပါးအပြားရှိသည်။

**သဟဇာတဝိပ္ပယုတ်။** ။(၁) ထိုသုံးပါးတို့တွင် ပဉ္စဝေါကာရ ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထု ဟုဆိုအပ်သော ပစ္စည်းတရားသည် ပဉ္စဝေါကာရ ပဋိသန္ဓေစိတ် ၁၅-ပါး၊ စေတသိက် ၃၅-ပါး ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း ပဉ္စဝေါကာရဘုံ ပဝတ္တိအခါ၌ (ဒွေပဉ္စဝိညာဏ်တဆယ် အရူပဝိပါက်လေးခု ကြဉ်သော) စိတ် ၇၅-ပါး၊ စေတသိက် ၅၂-ပါးတည်းဟူသော ပစ္စည်းတရားတို့သည် မိမိတို့နှင့် သဟဇာတ်ဖြစ်သော စိတ္တဇရုပ် **ပဋိသန္ဓေကမ္မဇရုပ်** ဖြစ်သော ပစ္စယုပ္ပန်တရားတို့အားလည်းကောင်း **သဟဇာတဝိပ္ပယုတ္တ** သတ္တိဖြင့် ကျေးဇူးပြုကြသည်။

**ပုရေဇာတဝိပ္ပယုတ်။** ။(၂) ဝတ္ထုရုပ် ၆ ပါး ပစ္စည်းတရားတို့သည် (အရူပဝိပါက်လေးခု ကြဉ်သော) စိတ် ၈၅-ပါး စေတသိက် ၅၂-ပါးတည်းဟူသော ပစ္စယုပ္ပန်တရားတို့အား **ပုရေဇာတဝိပ္ပယုတ္တ** သတ္တိဖြင့် ကျေးဇူးပြုကြသည်။

**ပစ္ဆာဇာတဝိပ္ပယုတ်။** ။(၃) နောက်နောက်၌ဖြစ်ပေါ်သော (အရူပဝိပါက် လေးခုကြဉ်သော) စိတ် ၈၅-ပါး၊ စေတသိက် ၅၂-ပါး ပစ္စည်းတရားတို့သည် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်ခဲ့၍ ဌီခဏသို့ ရောက်ဆဲဖြစ်သော စတုဇကာယဖြစ်သော ပစ္စယုပ္ပန်တရားတို့အား **ပစ္ဆာဇာတဝိပ္ပယုတ္တ** သတ္တိဖြင့် ကျေးဇူးပြုကြသည်။

ဤဝိပ္ပယုတ္တပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန် နှစ်ဖက်လုံး၌ပင် နာမ်ရုပ်အစုံ ပါကြသည်။

၈-၉။ **အတ္ထိနှင့်အဝိဂတ** ပစ္စည်းတို့ကား ရှေး၌ပြခဲ့ပြီးသည့်အတိုင်း ငါးမျိုးစီ ရှိကြသည်။

ဤဆိုခဲ့ပြီးသော ပစ္စည်းကိုးပါးတို့ကား ပစ္စည်း, ပစ္စယုပ္ပန် နှစ်ဖက်လုံးတွင် နာမ်နှင့်ရုပ်နှစ်ပါးစုံ ပါဝင်ကြသောကြောင့် နာမ်ရုပ်နှစ်ပါးစုံသည် နာမ်ရုပ်နှစ်ပါးစုံအား ကျေးဇူးပြုသော ပစ္စည်းများပင်ဖြစ်သည်။

ဤနည်းအားဖြင့် ၂၄-ပါးသော ပစ္စည်းတို့ကို—

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း,
(၂) နာမ်သည် နာမ်ရုပ်တို့အား ကျေးဇူးပြုသောပစ္စည်း,
(၃) နာမ်သည် ရုပ်အား ကျေးဇူးပြုသောပစ္စည်း,
(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း,
(၅) ပညတ်နာမ်ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသောပစ္စည်း,
(၆) နာမ်ရုပ်နှစ်ပါးတို့သည် နာမ်ရုပ်နှစ်ပါးတို့အား ကျေးဇူးပြုသော ပစ္စည်း-

ဟူ၍ ခြောက်မျိုးခွဲခြားလျက် ပစ္စည်း,ပစ္စယုပ္ပန်တို့ကို ကျေပြွန်အောင် လေ့လာပါက ပဋ္ဌာန်းကျမ်းကြီး၌ ဉာဏ်သက်ဝင်ရန် ခိုင်မာသော အခြေခံကို ရရှိနိုင်မည်ဖြစ်ပေသတည်း။

## အကျဉ်းအားဖြင့် ပစ္စည်း ၄-မျိုး

"အာရမ္မဏူပနိဿယကမ္မတ္ထိပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ"ဟူသော သင်္ဂြိုဟ်နှင့်အညီ အလုံးစုံ ၂၄-ပါးသော ပစ္စည်းတို့သည် အချုပ်အားဖြင့်—

(၁) အာရမ္မဏ

(၂) ဥပနိဿယ

(၃) ကမ္မ

(၄) အတ္ထိ တည်းဟူသော လေးပစ္စည်းတို့၌ အကျုံးဝင်ကုန်၏၊ တနည်းအားဖြင့် ဆိုလျှင် ပစ္စည်းတို့သည် အကျယ်အားဖြင့် ၂၄-ပါး အကျဉ်းအားဖြင့် ၄-ပါးဖြစ်သည်ဟု ဆိုလိုသည်။

ထိုအာရမ္မဏ စသော ပစ္စည်းလေးမျိုးတို့၌ ကျန် ၂၀-သော ပစ္စည်းတို့ အကျုံးဝင်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

**အာရမ္မဏပစ္စည်း၌ အကျုံးဝင်သော ပစ္စည်း ၈-ပါး** ။ ။၁။ အာရမ္မဏာဓိပတိ, **ဝတ္ထာရမ္မဏပုရေဇာတနိဿယ**, **အာရမ္မဏူပနိဿယ**, အာရမ္မဏ **ပုရေဇာတ**,ဝတ္ထာရမ္မဏ ပုရေဇာတ **ဝိပ္ပယုတ်**, အာရမ္မဏ ပုရေဇာ**တတ္ထိ**, အာရမ္မဏပုရေဇာတ**အဝိဂတ**။ ဤခုနစ်ပါးတို့သည် **အာရမ္မဏပစ္စည်း၌** အကျုံးဝင်ကြသည်၊ **အာရမ္မဏနှင့်တကွ** ဤရှစ်ပစ္စည်းကို အာရမ္မဏမျိုး ၈-ပါးဟု ခေါ်ဆိုသည်။

အထက်၌ ဖော်ပြသည့်အတိုင်း အကျဉ်းချုပ်အားဖြင့် အာရမ္မဏပစ္စည်း၌ အကျုံးဝင်နိုင်သော ပစ္စည်း ၈-ပါးတို့မှာ အဓိပတိ, အာရမ္မဏ, ပုရေဇာတ, နိဿယ, ဥပနိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းများဖြစ်ကြသည်။

**ဥပနိဿယ၌ အကျုံးဝင်သော။ ပစ္စည်း ၇-ပါး** ။၂။ အနန္တရ, သမနန္တရ, အာသေဝန, အနန္တရူပနိဿယ, ပကတူပနိဿယ, နတ္ထိ, ဝိဂတ အားဖြင့် ဤခုနစ်ပါးတို့သည် **ဥပနိဿယ** ပစ္စည်း၌ ပါဝင်ကြသည်၊ ဤခုနစ်ပစ္စည်းကိုပင် ဥပနိဿယမျိုး ခုနစ်ပါးဟု ခေါ်သည်။

အထက်ဖော်ပြပါအတိုင်း ဥပနိဿယပစ္စည်း၌ အကျုံးဝင်နိုင်သော ပစ္စည်း ခုနစ်ပါးတို့မှာ အနန္တရ, သမနန္တရ, အာသေဝန, နိဿယ, ဥပနိဿယ, နတ္ထိ, ဝိဂတ ပစ္စည်းများ ဖြစ်ကြသည်။

**ကမ္မပစ္စည်း။** ။၃။ ကာမဝိပါက်အား တပ်သော ဒုဗ္ဗလကမ္မ, ကဋတ္တာရုပ်အား တပ်သော ဗလဝဒုဗ္ဗလကမ္မဟု ဆိုအပ်သော နာနာက္ခဏိက ကမ္မတစိတ်သည် ကမ္မပစ္စည်း၌ ပါဝင်သည်၊ ၎င်းကိုပင် နာနာက္ခဏိက ကမ္မမျိုး တပါးဟု ခေါ်သည်၊ [ကာမဝိပါက်အား တပ်သော ဗလဝကံမှာ ဥပနိဿယ (ပကတူပနိဿယ)တွင် ပါဝင်ခဲ့ပြီးဖြစ်သည်၊ မဟဂ္ဂုတ်လောကုတ္တရာကံဟူသော စေတနာတို့ကား ဒုဗ္ဗလဟု မရှိချေ၊ ဗလဝချည်းသာဖြစ်၍ ပကတူပနိဿယ၌၎င်း အနန္တရူပနိဿယ၌၎င်း ပါဝင်ကြ၏၊ ပကတူပပစ္စယုပ္ပန်တွင် ကမ္မဇရုပ်များ မပါဝင်သောကြောင့် ထိုရုပ်တို့အား တပ်သော ကံဟူသမျှ ဗလဝဖြစ်စေ ဒုဗ္ဗလ ဖြစ်စေ ပကတူပနိဿယပစ္စည်း မထိုက်၊ နာနာက္ခဏိက**ကမ္မ** သက်သက် သာတည်း။]

ကမ္မပစ္စည်းကို အစဉ်အဆက် ဆရာတော်များက သီးခြားပြဆိုခဲ့ခြင်းမှာ နာနာက္ခဏိက ကမ္မပစ္စည်းကို ထင်ရှားစေလို၍ ဖြစ်သည်၊ နာနာက္ခဏိက ကမ္မသတ္တိမှာ အခြားမည်သည့်ပစ္စည်းတို့တွင်မှ အကျုံးမဝင်နိုင်ချေ၊ ထို့ကြောင့်ပင် သီးခြားခွဲထုတ်၍ ပြခဲ့လေသည်။

**အတ္ထိပစ္စည်း၌ အကျုံးဝင်သော ပစ္စည်း ၁၇-ပါး** ။၄။ အတ္ထိပစ္စည်းကား (၁)သဟဇာတတ္ထိ (၂)ပုရေဇာတတ္ထိ, (၃)ပစ္ဆာဇာတတ္ထိ, (၄)အာဟာရတ္ထိ, (၅)ဣန္ဒြိယတ္ထိ ဟူ၍ ငါးမျိုးရှိသည်၊ ထိုတွင်—

(၁) ဟေတု, သဟဇာတာဓိပတိ, သဟဇာတ, အညမည, သဟဇာတနိဿယ, သဟဇာတကမ္မ, ဝိပါက, နာမ်အာဟာရ, သဟဇာတိန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, သဟဇာတဝိပ္ပယုတ္တ, သဟဇာတအဝိဂတ အားဖြင့် ဤ ၁၄-ပါးသော ပစ္စည်းတို့သည် **သဟဇာတတ္ထိ**၌ ပါဝင်ကုန်၏၊ သဟဇာတတ္ထိနှင့်တကွ ဤ ၁၅-ပစ္စည်းကို သဟဇာတမျိုး ၁၅-ပါးဟု ခေါ်သည်။

(၂) ဝတ္ထုပုရေဇာတနိဿယ, ဝတ္ထုပုရေဇာတ, ပုရေဇာတိန္ဒြိယ, ပုရေဇာတဝိပ္ပယုတ်, ပုရေဇာတအဝိဂတ။ ဤ ၅-ပါးတို့သည် **ပုရေဇာတတ္ထိ**၌ ပါဝင်ကုန်၏၊ **ပုရေဇာတတ္ထိ** နှင့်တကွ ဤ ၆-ပစ္စည်းကို ဝတ္ထုပုရေဇာတမျိုး ၆-ပါးဟု ခေါ်သည်။

(၃) ပစ္ဆာဇာတ, ပစ္ဆာဇာတဝိပ္ပယုတ်, ပစ္ဆာဇာတအဝိဂတ။ ဤသုံးပါးတို့သည် ပစ္ဆာဇာတတ္တိ၌ ပါဝင်ကုန်၏၊ ပစ္ဆာဇာတတ္တိနှင့် တကွ ဤလေးပစ္စည်းကိုပစ္ဆာဇာတမျိုးလေးပါးဟု ခေါ်သည်။

(၄) ရုပ်အာဟာရ, အာဟာရအဝိဂတ-ဤနှစ်ပါးတို့သည် **အာဟာရတ္တိ** ၌ ပါဝင်ကုန်၏၊ အာဟာရတ္တိနှင့်တကွ ဤသုံးပစ္စည်းကို ရုပ်အာဟာရမျိုး သုံးပါးဟု ခေါ်သည်။

(၅) ရူပဇီဝိတိန္ဒြိယ, ဣန္ဒြိယအဝိဂတ-ဤနှစ်ပါးတို့သည် **ဣန္ဒြိယတ္တိ** ၌ ပါဝင်ကုန်၏၊ ဣန္ဒြိယတ္တိနှင့်တကွ ဤသုံးပစ္စည်းကို ရူပဇီဝိတိန္ဒြိယမျိုးသုံးပါးဟု ခေါ်သည်။

အထက်၌ပြဆိုခဲ့သည့်အတိုင်း အကျဉ်းချုပ်အားဖြင့် အတ္တိပစ္စည်း၌ အကျုံးဝင်နိုင်သောပစ္စည်း ၁၇-ပါးတို့မှာ ဟေတု, အဓိပတိ, သဟဇာတ, အညမည, နိဿယ, ပုရေဇာတ, ပစ္ဆာဇာတ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတပစ္စည်းများ ဖြစ်ကြသည်။

ဤကား ရှေးအဆက်ဆက်သော ဆရာမြတ်တို့ ပြဆိုခဲ့သည့်အတိုင်း ၂၄-ပစ္စည်းတို့ကို အကျဉ်းအားဖြင့် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိတည်းဟူသော လေးပစ္စည်းတို့၌ သွင်းယူ၍ ပြခဲ့သည့်နည်းပင် ဖြစ်ပေသည်။

## လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထဒီပနီအလို

**လယ်တီဆရာတော်ယူပုံ**။ ။**လယ်တီဆရာတော်ဘုရားကြီးကား** – အထက်ပါ ရှေးဆရာမြတ်တို့၏ နည်းနှင့် အနည်းငယ် ကွဲပြားခြားနားလျက် ကျန်ပစ္စည်း ၂၀-တို့ကို အာရမ္မဏ, ဥပနိဿယ, ကမ္မ,အတ္တိ လေးပစ္စည်းတို့၌ ထည့်သွင်း၍ ပြဆိုတော်မူခဲ့သည်၊ ပရမတ္ထဒီပနီဋီကာ၌ကျေးဇူးရှင် လယ်တီဆရာတော် ထည့်သွင်းပြဆိုပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**အဓိပတိပစ္စည်း**။ ။အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္တိပစ္စည်းတို့မှ တပါး ကျန် ၂၀-သော ပစ္စည်းတို့တွင် အဓိပတိသည် အာရမ္မဏ, ဥပနိဿယ, အတ္တိပစ္စည်းသုံးပါးတို့၌ ပါဝင်နိုင်သည်၊ အဓိပတိသည် အာရမ္မဏာဓိပတိ,သဟဇာတာဓိပတိအားဖြင့် နှစ်မျိုးရှိသည်၊ ထိုနှစ်မျိုးတို့တွင် အာရမ္မဏာဓိပတိသည် **အာရမ္မဏ ဥပနိဿယ အတ္တိ** ပစ္စည်းတို့၌ ပါဝင်သည်၊ သဟဇာတာဓိပတိသည် အတ္တိ ပစ္စည်း၌ ပါဝင်သည်။

**နိဿယပစ္စည်း။**　။နိဿယသည် **အတ္ထိပစ္စည်း** အာရမ္မဏပစ္စည်း ဥပနိဿယ ပစ္စည်းတို့၌ အကျုံးဝင်နိုင်သည်၊ နိဿယပစ္စည်းသုံးမျိုးတို့တွင် သဟဇာတနိဿယ, ဝတ္ထုပုရေဇာတနိဿယနှစ်မျိုးသည် **အတ္ထိပစ္စည်း၌** ပါဝင်သည်၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယကား **အာရမ္မဏ နှင့် အတ္ထိတို့၌ရင်း** တခါတရံ ဥပနိဿယ (အာရမ္မဏူပနိဿယ)၌ရင်း ပါဝင်သည်။

**ပုရေဇာတပစ္စည်း။**　။ပုရေဇာတပစ္စည်းသည် အတ္ထိ အာရမ္မဏ ဥပနိဿယ ပစ္စည်းတို့၌ အကျုံးဝင်နိုင်သည်၊ ပုရေဇာတနှစ်မျိုးတို့တွင် ဝတ္ထုပုရေဇာတသည် **အတ္ထိပစ္စည်း၌** ပါဝင်သည်၊ အာရမ္မဏ ပုရေဇာတကား **အာရမ္မဏ နှင့် အတ္ထိပစ္စည်းတို့၌** ရင်း ရံခါ **ဥပနိဿယ** (အာရမ္မဏူပနိဿယ) ၌ရင်း ပါဝင်သည်။

**ကမ္မပစ္စည်း။**　။ကမ္မပစ္စည်းသည် ဥပနိဿယနှင့် ကမ္မပစ္စည်းတို့၌သာ အကျုံး ဝင်နိုင်သည်၊ ကမ္မပစ္စည်း နှစ်မျိုးတို့တွင် သဟဇာတကမ္မသည် **အတ္ထိ** ပစ္စည်း၌ ပါဝင်သည်၊ နာနာက္ခဏိကကမ္မကား ဗလဝ, ဒုဗ္ဗလ (အားရှိ, အားမဲ့) အားဖြင့် နှစ်မျိုးရှိရာတွင် ဗလဝဖြစ်သော နာနာက္ခဏိက ကမ္မသည် ဥပနိဿယ (ပကတူပနိဿယ)၌ ပါဝင်သည်၊ ဒုဗ္ဗလဖြစ်သော နာနာက္ခဏိက ကမ္မ ကား **ကမ္မပစ္စည်း** သီးခြားဖြစ်သည်။

**အာဟာရနှင့်ဣန္ဒြိယပစ္စည်းများ။**　။အလုံးစုံသော အာဟာရပစ္စည်းနှင့် အလုံး စုံသော ဣန္ဒြိယပစ္စည်းတို့သည် **အတ္ထိ** ပစ္စည်း၌ ပါဝင်ကြသည်။

**ဝိပ္ပယုတ္တပစ္စည်း။**　။ဝိပ္ပယုတ္တပစ္စည်းသည် အတ္ထိ အာရမ္မဏနှင့် ဥပနိဿယ ပစ္စည်းတို့၌ အကျုံးဝင်နိုင်သည်၊ **ဝိပ္ပယုတ္တလေးမျိုးတို့** တွင် သဟဇာတဝိပ္ပယုတ်, ဝတ္ထုပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ်တို့သည် **အတ္ထိပစ္စည်း၌** ပါဝင်ကုန်၏၊ **ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်ကား** အာရမ္မဏ နှင့်အတ္ထိတို့၌ရင်း ရံခါ ဥပနိဿယ(အာရမ္မဏူပနိဿယ)၌ရင်း ပါဝင်သည်။

ဆိုခဲ့ပြီးသည်မှ ကြွင်းသော ၁၇-ပစ္စည်းတို့တွင် ဟေတု, သဟဇာတ,အညမည, ဝိပါက, ဈာန, မဂ္ဂ, သမ္ပယုတ္တ, အဝိဂတအားဖြင့် ရှစ်ပါးတို့သည်ရင်း ပစ္ဆာဇာတ ပစ္စည်းသည်ရင်း အတ္ထိပစ္စည်း၌ ပါဝင်သည်။

အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတအားဖြင့် ငါးပစ္စည်းတို့သည် ဥပနိဿယ(အနန္တရူပနိဿယ)၌ ပါဝင်ကုန်၏။

ဤသို့လျှင် လယ်တီဆရာတော်ဘုရားကြီးသည် တပါးတပါးသောပစ္စည်းကို ပစ္စည်းလေးမျိုးတို့အနက်မှ တမျိုးစီ၌သာ မသွင်းဘဲ ရသင့် ရထိုက်သည် အားလျော်စွာ နှစ်မျိုးသုံးမျိုးသော ပစ္စည်းတို့၌လည်း အသီးအသီးထည့်သွင်း ပြဆိုတော်မူသည်၊ ထို့ကြောင့် ပရမတ္ထသံခိပ်၌——

(၅၉၇) **အာ ဥ က် အတ်၊ လေးရပ်ဤတွင်၊ အကုန်ဝင်၊ ကုန်စင် ခွဲစိတ်ဖြာ။**

ဟု စပ်ဆိုတော်မူသည်။

အတိုချုပ်အားဖြင့် (၁) အလုံးစုံသော သဟဇာတ ၁၅-မျိုး၊ ဥပသဟဇာတ ၂-မျိုး၊ ဝတ္ထုပုရေဇာတ ၆-မျိုး၊ အာရမ္မဏပုရေဇာတ ၃-မျိုး၊ ဝတ္ထာရမ္မဏပုရေဇာတ ၅-မျိုး၊ ပစ္ဆာဇာတ ၄-မျိုးဟူသော ပစ္စုပ္ပန်ပစ္စည်းမျိုးစုသည် အတ္ထိပစ္စည်း၌ အကုန်ဝင်၏။ (၂) အနန္တရအတိတ်မျိုးစုနှင့် ပကတူပနိဿယကြီးသည် ဥပနိဿယ၌ ဝင်၏၊ (၃) အာရမ္မဏကြီးငယ်စုသည် အာရမ္မဏ၌ ဝင်၏။ (၄) နာနာက္ခဏိက အတိတ်စေတနာကံစုသည် ကမ္မ၌ဝင်၏။ (ဤ၌ ရုပ်အာဟာရနှင့် ရုပ်ဇီဝိတိန္ဒြိယ ၂-မျိုးကို သဟဇာတမျိုးနှင့် သဘောနီးစပ်သော ကြောင့် ဥပသဟဇာတဟု ခေါ်သည်။)

## ဋီကာကျော်ဆရာ၏အလို

**ဋီကာကျော်ဖွင့်ပုံ။** ။ဤလေးပစ္စည်းအတွင်းသို့ သွင်းယူပုံနှင့် စပ်လျဉ်း၍ ဋီကာကျော်ဆရာ၏ ဖွင့်ပြပုံကိုလည်း ပြဆိုသင့်ပေသည်၊ ဋီကာကျော်ဆရာကား “အာရမ္မဏူပနိဿယ ကမ္မတ္ထိ ပစ္စယေသု စ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ” ဟူသော ဤဝါကျကို တမျိုးဖွင့်ပြခဲ့လေသည်။

ဖွင့်ပြပုံကား —

ခပ်သိမ်းသော ပရမတ်,ပညတ်,ပစ္စည်း တရားဟူသမျှသည် စိတ်, စေတသိက် တို့၏ အာရုံမျှားသာ ဖြစ်ကြသောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏပစ္စည်း၌ ပါဝင်ကြသည်။

မိမိတို့ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့၏ အားကြီးသော မှီရာအကြောင်းတရား မျှားသာ ဖြစ်ကြသောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် ဥပနိဿယပစ္စည်း၌ ပါဝင်ကြသည်။

တလောကလုံး၏ ဖြစ်ပျက်နေမှုသည် ကံသာလျှင် အရင်းခံရှိသောကြောင့် အလုံးစုံသော ပစ္စည်းတို့သည် ကမ္မပစ္စည်း၌ ပါဝင်ကြသည်။

အလုံးစုံသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်သော်၎င်း သမ္မုတိသစ္စာ အနေအားဖြင့်ပြီးသော်၎င်း ထင်ရှားရှိကြသည်သာဖြစ်၍ အတ္ထိပစ္စည်း၌လည်း ပါဝင်ကြသည်။

ဤသို့အားဖြင့် အာရမ္မဏစသော လေးပစ္စည်းတို့တွင် တပါးစီ တပါးစီ၌ ပင်လျှင် ကျန် ၂၃-ပါးသောပစ္စည်းများ အကျုံးဝင်ကြောင်းကို ဋီကာကျော် ဆရာ ဖွင့်ပြခဲ့လေသည်၊ သို့သော်လည်း ထိုအဆိုကို မြန်မာနိုင်ငံ ဆရာစဉ်ဆက်တို့ မနှစ်သက်သဖြင့် ပယ်ဖျက်တော်မူခဲ့ကြလေသည်။

## ၂၄-ပစ္စည်းတို့ကို ကာလစသည်ဖြင့် ဝေဖန်ခြင်း

ယခုအခါ “ဣတိ တေကာလိကာ ဓမ္မာ ကာလမုတ္တာ စ သမ္ဘဝါ”စသော သင်္ဂြိုဟ်ဂါထာနှင့်အညီ ၂၄-ပစ္စည်းတို့ကို—

၁။ ကာလအားဖြင့်၎င်း
၂။ သန္တာန်အားဖြင့်၎င်း
၃။ သင်္ခတ အသင်္ခတအားဖြင့်၎င်း

ခွဲခြားဝေဖန်၍ ပြဆိုပါဦးအံ့။

## ကာလအားဖြင့်ဝေဖန်ပုံ

**ပစ္စုပ္ပန်ပစ္စည်း ၁၅-ပါး။** ။ရှေးဦးစွာ ကာလအားဖြင့် ဝေဖန်သော် ၂၄-ပစ္စည်း တို့တွင်—

၁။ ဟေတု
၂။ သဟဇာတ
၃။ အညမည
၄။ နိဿယ
၅။ ပုရေဇာတ
၆။ ပစ္ဆာဇာတ
၇။ ဝိပါက
၈။ အာဟာရ
၉။ ဣန္ဒြိယ
၁၀။ ဈာန
၁၁။ မဂ္ဂ
၁၂။ သမ္ပယုတ္တ
၁၃။ ဝိပ္ပယုတ္တ
၁၄။ အတ္ထိ
၁၅။ အဝိဂတ

အားဖြင့် ဤ ၁၅-ပါးသောပစ္စည်းတို့သည် ဥပါဒ်, ဌီ,ဘင်အားဖြင့် ထင်ရှားရှိဆဲ အခိုက်၌သာ ကျေးဇူးပြုသောကြောင့် ပစ္စုပ္ပန်ကာလနှင့်သာ ဆိုင်သော (ပစ္စုပ္ပန္န-ကာလိက) မည်ကုန်၏။

**အတိတ်ပစ္စည်း ၅-ပါး။** ။ ၁။ အနန္တရ
၂။ သမနန္တရ
၃။ အာသေဝန
၄။ နတ္ထိ
၅။ ဝိဂတ

အားဖြင့် ဤ ၅-ပါးသော ပစ္စည်းတို့သည် ပစ္စည်းတရား ချုပ်ပြီးမှသာလျှင် ပစ္စယုပ္ပန် တရားများဖြစ်ပေါ်သောကြောင့် အတိတ်ကာလနှင့်သာ ဆိုင်သော (အတီတ ကာလိက) ပစ္စည်းမည်ကုန်၏။

**ကေကာလိကပစ္စည်း ၂၀။** ။ပစ္စုပ္ပန်ပစ္စည်း ၁၅-ပါးနှင့် အတိတ်ပစ္စည်း ၅-ပါးကို ပေါင်းသော် ကာလတပါးနှင့်သာ ဆိုင်သည့် (ကေကာလိက) ပစ္စည်း ၂၀-ဖြစ်သည်။

**အနာဂတ်ကာလ။** ။အနာဂတ်ကာလနှင့် သက်သက်နှင့်သာဆိုင်သည့်(အနာ-ဂတကာလိက) ပစ္စည်းကား တပါးမျှ မရှိချေ။

**ဒွိကာလိကပစ္စည်း ၁-ပါး။** ။ကျန်လေးပစ္စည်းတို့တွင် ကမ္မပစ္စည်း၌ သဟဇာတ ကမ္မသည် ထင်ရှားရှိဆဲ ပစ္စုပ္ပန် အခိုက်၌ ကျေးဇူးပြုသည်၊ နာနာက္ခဏိကကမ္မသည် ချုပ်ပြီး အတိတ် ပစ္စည်းအဖြစ်ဖြင့် ကျေးဇူး ပြုသည်၊ ထို့ကြောင့် ကမ္မပစ္စည်းကို ပစ္စုပ္ပန် အတိတ် ကာလနှစ်မျိုးနှင့်ဆိုင်သော (ဒွိကာလိက) ပစ္စည်းဟု ခေါ်သည်။

**တေကာလိက ကာလဝိမုတ်ပစ္စည်း ၃-ပါး။** ။ကြွင်းသော ပစ္စည်းသုံးပါးတို့တွင် အာရမ္မဏပစ္စည်းတပ်သော စိတ်, စေတသိက်, ရုပ်တို့သည် ကာလသုံးပါးနှင့်ဆိုင်သော (တေကာလိက)တရားများ ဖြစ်ကြသည်၊ နိဗ္ဗာန်နှင့် ပညတ်တို့သည် ဥပါဒ်, ဌီ,ဘင် မရှိကြသဖြင့် ပစ္စုပ္ပန် အတိတ် အနာဂတ်ဟူသော ကာလသုံးပါးဖြင့် ပိုင်းခြားသတ်မှတ်၍ မရသော (ကာလဝိမုတ်) တရားများဖြစ်ကြသည်။

အဓိပတိနှစ်မျိုးရှိရာတွင် သဟဇာတာဓိပတိသည် ပစ္စုပ္ပန်ခဏ၌သာ ကျေးဇူး ပြုသည်၊ အာရမ္မဏာဓိပတိ၌ကား တေကာလိကဖြစ်သော စိတ်, စေတသိက်, ရုပ် တို့နှင့်တကွ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်တို့သည် ပစ္စည်းတရားအဖြစ် ပါဝင်ကြ သည်။

ဥပနိဿယ၌လည်း အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိကဲ့သို့ တေကာလိက ကာလဝိမုတ် နှစ်မျိုးပင်ဖြစ်သည်၊ အနန္တရူပနိဿယကား အနန္တရနှင့် တူသည်ဖြစ်၍ အတိတ်သက်သက်ဖြစ်သည်၊ ပကတူပနိဿယတွင်မူ တေကာလိကဖြစ်သော စိတ်,စေတသိက်,ရုပ်များနှင့်တကွ ကာလဝိမုတ်ဖြစ်သော ပညတ်တရားတို့သည်လည်း ပစ္စည်းအဖြစ်ဖြင့် ပါဝင်ကြသည်။

ထို့ကြောင့် အချုပ်အားဖြင့်---

(၁) အာရမ္မဏ

(၂) အဓိပတိ

(၃) ဥပနိဿယ

ဟူသော ဤသုံး ပစ္စည်းတို့ကို ရံခါ ကာလသုံးပါးနှင့်ဆိုင်၍ ရံခါ ကာလသုံးပါးမှ လွတ်သော (တေကာလိက ကာလဝိမုတ္တ) ပစ္စည်းများဟု ခေါ်ဆိုပေသည်။

ဤဆိုခဲ့ပြီးသောနည်းဖြင့် ၂၄-ပါးသော ပစ္စည်းတို့တွင်—

| | | |
|---|---|---|
| ၁။ | ဧကကာလိက ပစ္စည်း | ၂၀ |
| ၂။ | ဒွိကာလိက ပစ္စည်း | ၁ |
| ၃။ | တေကာလိက,ကာလဝိမုတ္တပစ္စည်း | ၃ |

ရှိကြောင်း ခွဲခြားမှတ်သားရာသည်။

## သန္တာန်ဖြင့် ဝေဖန်ခြင်း

**အဇ္ဈတ္တဗဟိဒ္ဓသန္တာန်။** ။သန္တာန်အားဖြင့် ဝေဖန်သော် ၂၄-ပစ္စည်းတို့တွင်—

| | |
|---|---|
| ၁။ အာရမ္မဏ | ၆။ ဥပနိဿယ |
| ၂။ အဓိပတိ | ၇။ ပုရေဇာတ |
| ၃။ သဟဇာတ | ၈။ အာဟာရ |
| ၄။ အညမည | ၉။ အတ္ထိ |
| ၅။ နိဿယ | ၁၀။ အဝိဂတ |

တည်းဟူသော ဤဆယ်ပါးသော ပစ္စည်းတို့သည် သက်ရှိသတ္တဝါတို့၏ အတွင်းသန္တာန်၌ရှိသော ရုပ်နာမ်တရားများနှင့်တကွ ပြင်ပ၌တည်ရှိသည့် ဥတုဇောဇဉ် အစရှိသော ဗဟိဒ္ဓတရားများ အားလုံးပင် အကျုံးဝင်သောကြောင့် အဇ္ဈတ္တဗဟိဒ္ဓ (အတွင်း အပြင်) နှစ်ပါးလုံးနှင့်ဆိုင်သော ပစ္စည်းများ ဖြစ်ကြသည်။

**အဇ္ဈတ္တသန္တာန်**။ ။ကျန် ၁၄-ပါးသော ပစ္စည်းတို့မှာမူကား သက်ရှိ သတ္တဝါတို့၏ အတွင်းသန္တာန်၌သာ ကျေးဇူးပြုနိုင်သောကြောင့် အဇ္ဈတ္တပစ္စည်းမည်ကုန်၏၊ ဗဟိဒ္ဓသက်သက်ပစ္စည်းကား မရှိချေ။

## သင်္ခတ နှင့် အသင်္ခတ

**သင်္ခတ**။ ။နာမ်တရား ရုပ်တရားတို့သည် ကံစသော အကြောင်းလေးပါးတို့၏ ပြုပြင်စီမံမှုကို ခံရသောကြောင့် သင်္ခတတရားမည်၏။

**အသင်္ခတ**။ ။နိဗ္ဗာန်နှင့် ပညတ်တို့သည်ကား ကံစသော အကြောင်းလေးပါးတို့၏ ပြုပြင်စီမံမှုကို မခံရသောကြောင့် အသင်္ခတတရား မည်၏။

**သင်္ခတာသင်္ခတ**။ ။၂၄-ပစ္စည်းတို့တွင် အာရမ္မဏ အဓိပတိ ဥပနိဿယ ဤသုံးပါးတို့၏ ပစ္စည်းတရားတို့၌ သင်္ခတ အသင်္ခတ တရားနှစ်မျိုးလုံး အကျုံးဝင်သောကြောင့် ထိုပစ္စည်းသုံးပါးတို့ကို သင်္ခတာသင်္ခတ-ပစ္စည်းဟု ခေါ်သည်။

ကြွင်းသောပစ္စည်း ၂၁-ပါးတို့ကား သင်္ခတတရား တမျိုးသာ ဖြစ်သဖြင့် သင်္ခတပစ္စည်းများသာ ဖြစ်ကြသည်။

ဤကား ၂၄-ပစ္စည်းတို့ကို ကာလစသည်ဖြင့် ခွဲခြားဝေဖန်၍ ပြခြင်းတည်း။

# ပညတ်ပိုင်း

ဤသို့လျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါးတို့၏ သဘောသရုပ်ကိုင်း ထိုတရားတို့၏ ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းအားဖြင့် တပါးနှင့်တပါး ကျေးဇူးပြုပုံ ဆက်သွယ်ပုံတို့ကိုင်း ပြဆိုပြီးနောက် ယခုအခါ ထိုလေးပါးမှ အလွတ်ဖြစ်သည့် ပညတ်တရား၏ သရုပ်အဓိပ္ပါယ်ကို မကျဉ်း မကျယ် ဖွင့်ပြပါဦးအံ့။

(၅၉၈) နက်, နာမ်-ပညတ်၊ နှစ်ပါးမှတ်၊ ခေါ်အပ်, ခေါ်ကြောင်းသိ။

**ပညတ်**။ ။အပြားအားဖြင့်(ဝါ)အမျိုးမျိုးသော အခြင်းအရာအားဖြင့် သိစေအပ် နားလည်အောင် ဖော်ပြအပ်သော အနက်ဒြပ်[1]ကိုင်း ထို အနက်ဒြပ်ကို သိစေနိုင် နားလည်အောင် ဖော်ပြနိုင်သော အမည်နာမ ဝေါဟာရစကားလုံးများကိုင်း 'ပညတ်'(=ပညတ္တိ)ဟု ခေါ်သည်။ (ပညတ်=ပညတ္တိ=သိစေခြင်း၊ ပိုင်းခြား၍ အပြားအားဖြင့် သိစေခြင်း)။

**ပညတ် ၂-မျိုး**။ ။ထိုပညတ်သည်——

၁။ အတ္ထပညတ်

၂။ သဒ္ဒပညတ်

အားဖြင့် နှစ်ပါး အပြားရှိ၏။

**အတ္ထပညတ်**။ ။ထိုပညတ် ၂-ပါးတို့တွင် "လူ, နတ်"စသည်ဖြင့် ပြောဆိုကြရာ၌ ထိုစကားလုံးများဖြင့် သိစေအပ် ဖော်ပြအပ်သော လူကောင် နတ်ကောင်တည်းဟူသော အနက်ဒြပ်တို့သည် အတ္ထပညတ်များ ဖြစ်ကြသည်။

---

၁။ ဒြပ်သည် ပါဠိ ဒဗ္ဗ(သက္ကတ-ဒြဝျ)ဟူသော စကားပင် ဖြစ်သည်၊ သက်ရှိသက်မဲ့ အရာဝတ္ထုကို ဆိုလိုသည်၊ 'အနက်ဒြပ်' ဆိုသည်မှာ 'နွား' ဟူသော အသံကို ကြားလျှင် အနက်အဓိပ္ပါယ်ကို သိအောင် နွားပုံသဏ္ဌာန် နွားဟူသော အရာဝတ္ထု နွားဟူသော ဒြပ်ကို ထင်မြင်လာစေသည်၊ ထို့ကြောင့် ထိုနွားပုံသဏ္ဌာန် နွား၏ကိုယ်ကောင်ကိုပင် အနက်ဒြပ်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

(သ) ဒြဝျ =ဒြဗျ=ဒြပ်

(ပါ) ဒဗ္ဗ=ဒဗ်

**သဒ္ဒပညတ်။** ။ထိုအနက်ဒြဗ်တို့ကို လူမျိုးနှင့် အရပ်ဒေသအလိုက် သိရှိနားလည်အောင် ဖော်ပြတတ်သည့် "လူ, နတ်"အစရှိသော စကားသံကိုမူ သဒ္ဒပညတ်ဟု ခေါ်သည်။

**နာမပညတ်။** ။ထိုစကားသံတို့သည် "ဤအရာဝတ္ထုကို ဤသို့ ခေါ်ဝေါ်အပ်၏"ဟူ၍ ရှေးလူကြီးများ မှည့်ခေါ်သတ်မှတ်ထားအပ်သော အမည်နာမ ဝေါဟာရများဖြစ်ခြင်းကြောင့် သဒ္ဒပညတ်ကို နာမပညတ်ဟုလည်း ခေါ်သည်။

**သဒ္ဒပညတ်များပြားပုံ။** ။ပါဠိဘာသာ မြန်မာဘာသာစသည်ဖြင့် ဘာသာစကားအမျိုးမျိုး ကွဲပြားသည်နှင့်အမျှ အနက်အဓိပ္ပါယ်အသီးအသီးနှင့် ဆိုင်သော အမည်နာမ ဝေါဟာရတို့သည်လည်း ကွဲပြားခြားနားကြလေသည်၊ ထိုကြောင့် အတ္ထပညတ်တခု၌ ၎င်းနှင့်ဆိုင်သော သဒ္ဒပညတ်(ဝါ)နာမပညတ်ပေါင်း များစွာရှိနိုင်သည်၊ တနည်းအားဖြင့် ဆိုလျှင် အတ္ထပညတ်တခုကို နာမပညတ်ပေါင်း များစွာတို့ဖြင့် ဖော်ပြနိုင်ပေသည်။

**အတ္ထပညတ်။ အမျိုးမျိုး** ။လောက၌ သိစရာ ဖော်ပြစရာ အနက်အဓိပ္ပါယ်တို့သည် မရေမတွက်နိုင်အောင် များပြားရကား အတ္ထပညတ်တို့သည်လည်း မရေမတွက်နိုင်အောင် များပြားစွာပင် ရှိပေသည်၊ ထိုအတ္ထပညတ်အမျိုးမျိုးတို့အနက်မှ အမြွက်မျှကို ထုတ်ပြရပါမူ အောက်ပါအတိုင်း ဖြစ်ပေသည်။

(၁) ပထဝီစသော မဟာဘုတ်တို့၏ ကျယ်ပြန့်စွာ အစီအစဉ်တဆက်တည်း စပ်တည်နေပုံကို အစွဲပြု၍ "ဘူမိ=မြေကြီး"ဟူ၍ ခေါ်ဝေါ်သတ်မှတ်ထား၏၊ ၎င်းမဟာဘုတ်တို့၏ မြင့်မောက်စွာ အစီအစဉ်တဆက်တည်း စပ်တည်နေပုံကို အစွဲပြု၍"ပဗ္ဗတ=တောင်"ဟူ၍ ခေါ်ဝေါ်သတ်မှတ်ထားသည်၊ ဤမြေကြီး တောင် စသော အနက်တို့သည် မဟာဘုတ်တို့၏ ဆက်စပ်တည်နေဟန် သဏ္ဌာန်အစဉ်ကိုစွဲ၍ ခေါ်ဝေါ်အပ်သော အနက်များ ဖြစ်ခြင်းကြောင့် သန္တတိပညတ် မည်၏၊ အချုပ်မှာ ရှေ့နောက်စဉ်ဆက် ဖြစ်ကြတည်ကုန်ကြသော အစိတ် အစိတ်တို့ကို တခုတည်းပြု၍ ဤဝတ္ထုသာပင်ဟု ထင်မြင်အပ်သော ပညတ်မျိုးသည် သန္တတိပညတ် မည်၏။

(၂) သစ်သား ရွှံ့ ချည်စသော အရာဝတ္ထု အဆောက်အဦတို့၏ ပေါင်းစုတည်နေပုံ အခြင်းအရာကို အစွဲပြု၍ သမုတ်ထားအပ်သော အိမ်

(=ဂေဟာ), ရထား(=ရထ), အိုး(=ဃဋ), ပုဆိုး(=ပဋ)အစ ရှိသော အနက်တို့သည် **သမူဟပညတ်** များဖြစ်သည်။

(၃) အစိတ်အစိတ်တို့ကို တခုတည်းပြု၍ တမြိုင်နက် ဖြစ်ကြတည်ရှိကြကုန်သော အလုံးအပြား အဝန်းအဝိုင်း အရှည်အတို အကြီးအငယ် စသည်ဖြင့် ထင်မြင်အပ်သောပညတ်မျိုးသည် သဏ္ဍာနပညတ်မည်၏။

(၄) ခန္ဓာငါးပါး ပရမတ္ထတရားတို့ကိုစွဲ၍ သမုတ်ထားအပ်သော ယောကျာ်း (=ပုရိသ),မိန်းမ(=ဣတ္ထိ)အစရှိသော အနက်တို့သည် **သတ္တပညတ်** များဖြစ်သည်၊ ထိုသတ္တပညတ်မှပင် လူ တိရစ္ဆာန် မိန်းမ ယောကျာ်း မင်း ပုဏ္ဏားစသည်ဖြင့် အမျိုးဇာတ်ကိုလိုက်၍ ထပ်ဆင့် ကွဲပြား သွားပြန်သည်။

(၅) လ,နေတို့ စတင်ထွက်ပေါ်ရာအရပ်ကို အရှေ့အရပ် (=ပုဗ္ဗဒိသာ=ပုရတ္ထိမဒိသာ) ဟူ၍၎င်း, ၎င်းတို့၏ ဝင်သွားရာ အရပ်ကို အနောက်အရပ်(=ပစ္ဆိမဒိသာ) ဟူ၍၎င်း မှတ်သားခဲ့ကြသည်၊ ထို့ပြင် နေထွက်စအချိန်ကို နံနက် (=ပုဗ္ဗဏှ) ဟူ၍၎င်း နေဝင်ခါနီးအချိန်ကို ညနေ (သာယန္ဟ) ဟူ၍၎င်း ခေါ်ဝေါ် သတ်မှတ်ခဲ့ကြသည်၊ ဤသို့စသည်ဖြင့် လ, နေ, နက္ခတ်တို့၏ လှည့်လည် သွားလာ နေပုံကို အကြောင်းပြု၍ ခေါ်ဝေါ်သမုတ်အပ်သော **ဒိသာပညတ်**, **ကာလပညတ်** စသည်တို့သည် များစွာ ရှိကုန်၏။

(၆) မဟာဘုတ်တို့၏အချင်းချင်း မထိမစပ်ပဲ ဟင်းလင်းပေါက်ဖြစ်၍ တည်နေပုံအခြင်းအရာကို အကြောင်းပြုလျက် "တွင်း(=ကူပ),လိုဏ်ခေါင်း(=ဂုဟာ)" စသည်ဖြင့် ခေါ်ဝေါ်သမုတ်အပ်သော အနက်တို့သည် **အာကာသပညတ်**များဖြစ်ကြသည်။

(၇) ပထဝီဓာတ်လွန်ကဲသော ရုပ်ကလာပ်စု, အာပေါဓာတ်လွန်ကဲသော ရုပ်ကလာပ်စု စသည်တို့ကိုအစွဲပြု၍ခေါ်ဝေါ်အပ်သော ပထဝီကသိုဏ်း အာပေါကသိုဏ်း စသော ကသိုဏ်း နိမိတ်တို့သည်၎င်း,ပရိကမ္မဘာဝနာ ဥပစာရဘာဝနာ စသည့် ဘာဝနာအထူးကိုစွဲ၍ ခေါ်ဝေါ်အပ်သော ပရိကမ္မနိမိတ် ဥဂ္ဂဟနိမိတ် စသည့် ကမ္မဋ္ဌာန်းအာရုံတို့သည်၎င်း **နိမိတ္တပညတ်**များ ဖြစ်ကြသည်၊ ဤသို့စသည်ဖြင့် အတ္ထပညတ်တို့သည် အလွန်များပြားစွာ ရှိလေသည်။

**ပညတ်သည် ပရမတ်၏အရိပ်အရောင်။** ။ဤဆိုခဲ့ပြီးသော အတ္ထပညတ်အမျိုးမျိုးတို့သည် ပရမတ္ထသဘော အားဖြင့် အမှန်တကယ် ထင်ရှားရှိသော တရားများ မဟုတ်ကြချေ၊ ပရမတ္ထတရားတို့၏ အရိပ်အရောင်များသာဖြစ်ကြသည်၊ သစ်ပင်ကိုအမှီပြု၍ သစ်ပင်ရိပ်ကို သိရသကဲ့သို့ ထိုအတူ စိတ် စေတသိက်စသော ပရမတ္ထတရားတို့ကို အမှီပြု၍သာလျှင် ပညတ်တရားတို့ကို သိမြင်ရခြင်းဖြစ်သည်၊ သစ်ပင်မရှိလျှင် သစ်ပင်ရိပ် မရှိနိုင်သကဲ့သို့ ထိုအတူ ပရမတ္ထတရားတို့နှင့် ကင်း၍ ပညတ်တရား သီးခြား မရှိနိုင်ချေ၊ မြေကြီး တောင် စသည်ဖြင့် ခေါ်ဝေါ်အပ်သော အရာဝတ္ထုတို့၌ ပထဝီ အာပေါစသည့် ရုပ်ပရမတ်တရားများကို ထုတ်ယူလိုက်သောအခါ မြေကြီးဟူ၍ရင်း တောင်ဟူ၍ ရင်း ခေါ်စရာ ဘာမျှမကျန်တော့သည်ကို တွေ့ရလေသည်၊ ယင်းသို့ ပရမတ္ထအားဖြင့် အမှန်တကယ် ထင်ရှားမရှိပါပဲလျက် ထိုထိုအကြောင်းကို စွဲ၍ရင်း ထိုထိုအရာဝတ္ထုများကို ထောက်စာ၍ရင်း ထင်ရှားရှိဘိသကဲ့သို့ အမျိုးမျိုးအဖုံဖုံအားဖြင့် သတ်မှတ်၍ ခေါ်ဝေါ်အပ်သော အရာမှန်သမျှတို့သည် အတ္ထပညတ်များဖြစ်ကြသည်။

**သဒ္ဒပညတ် ၂-မျိုး။** ။သဒ္ဒပညတ်ဟူသည် အချုပ်အားဖြင့် အရာဝတ္ထုတခုခု၏ အမည်နာမဝေါဟာရပင် ဖြစ်သည်။

အရာဝတ္ထုတို့သည် (၁) တကယ်ထင်ရှားရှိသော **ပရမတ္ထ**နှင့် (၂) အကယ်စင်စစ်အားဖြင့် ထင်ရှားမရှိပါပဲလျက် အပေါ် ယံ အပြင်ဘမ်း အမြင်အားဖြင့်သာ ထင်ရှားရှိသည်ဟု ထင်ရသော **ပညတ္တိအတ္ထ**ဟူ၍ နှစ်မျိုးရှိပြန်သည်၊ သို့ဖြစ်၍ (၁) ပရမတ္ထနှင့်ဆိုင်သော **သဒ္ဒပညတ်**နှင့် (၂) ပညတ္တိအတ္ထနှင့် ဆိုင်သော **သဒ္ဒပညတ်**ဟူ၍ နှစ်မျိုးခွဲခြားသင့်ပေသည်။

**ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာနပညတ်။** ။တနည်းအားဖြင့်ဆိုလျှင်(၁)ထင်ရှားရှိသောအနက်ကို ဖော်ပြသည့် ဝိဇ္ဇ-မာန ပညတ်နှင့် (၂) ထင်ရှားမရှိသော အနက်ကိုဖော်ပြသည့် အဝိဇ္ဇမာနပညတ်အားဖြင့် သဒ္ဒပညတ်နှစ်မျိုးရှိကြောင်းကို ခွဲခြားမှတ်သားနိုင်သည်။(ဝိဇ္ဇမာန= ထင်ရှားရှိသော)။

**သဒ္ဒပညတ် ၆-ပါးပြားပုံ။** ။သို့ရာတွင် လောက၌ အဆိုပါ အနက်နှစ်မျိုးကို သီးခြား သတ်သတ်စီအားဖြင့်ရင်း နှစ်မျိုးရောစပ်တွဲဖက်၍ရင်း ခေါ်ဝေါ်သုံးစွဲကြသည်ဖြစ်ရကား ၎င်းတို့အားလုံးကို ခြုံမိစေရန် သဒ္ဒပညတ်ကို အကျယ်အားဖြင့် ၆-မျိုးခွဲ၍ ပြဆိုတော်မူကြသည်၊ ထို့ကြောင့် လယ်တီဆရာတော်ကလည်း—

(၅၉၉) "အဝိဇ္ဇမာနံ၊ ဝိဇ္ဇမာနံ၊ နာမ်ဍ္စနှစ်ပါးသိ၊
(၆၀၀) ပုဒ်ချင်းတဖန်၊ တွဲယှက်ပြန်၊ နာမ်ဍ္စခြောက်ပါး၌"—
ဟူ၍ စပ်ဆိုတော်မူခဲ့ပေသည်။

## သဒ္ဒပညတ် ၆-မျိုး

သဒ္ဒပညတ် ၆-မျိုးတို့ကား အောက်ပါအတိုင်းဖြစ်သည်။

**(၁) ဝိဇ္ဇမာနပညတ်။** ။ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်များကို ဖော်ပြသည့် "ရုပ် ဝေဒနာ သညာ" (=ရူပ ဝေဒနာ သညာ) အစရှိသော ဝေါဟာရများကို ဝိဇ္ဇမာနပညတ်ဟု ခေါ်သည်။

**(၂) အဝိဇ္ဇမာနပညတ်။** ။ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်များကို ဖော်ပြသည့် "မြေကြီး (=ဘူမိ), တောင် (=ပဗ္ဗတ), ဆင် (=ဟတ္ထိ), ခွေး (=သုနက္ခ)" အစရှိသော ဝေါဟာရများကို **အဝိဇ္ဇမာနပညတ်**ဟု ခေါ်သည်။

**(၃) ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။** ။ထင်ရှားရှိသော အနက်ဖြင့် ထင်ရှားမရှိသော အနက်ကို အထူးပြု၍ ဖော်ပြသော ဝေါဟာရများကို **ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်**ဟု ခေါ်သည်၊ ဥပမာ "အဘိညာဉ်ခြောက်ပါးရသူ" (=ဆဠဘိညာ)ဟု ဆိုရာ၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အဘိညာဉ်ခြောက်ပါးဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသည့် "ပုဂ္ဂိုလ်"ဟူသော အနက်ကို အထူးပြု၍ ဖော်ပြထားခြင်းဖြစ်သည်။

**(၄) အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။** ။ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ထင်ရှားရှိသော အနက်ကို အထူးပြု၍ ဖော်ပြသော ဝေါဟာရများကို **အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်**ဟု ခေါ်သည်၊ ဥပမာ "မိန်းမသံ" (=ဣတ္ထိသဒ္ဒ)ဟု ဆိုရာ၌ ထင်ရှားမရှိသည့် "မိန်းမ"ဟူသော အနက်ဖြင့် ထင်ရှားရှိသည့် "အသံ"ဟူသော အနက်ကို အထူးပြု၍ ဖော်ပြထားခြင်းဖြစ်သည်။

**(၅) ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်။** ။ထင်ရှားရှိသော အနက်တခုဖြင့် ထင်ရှားရှိသော အခြားအနက်တခုကိုပင် အထူးပြု၍ ဖော်ပြသော ဝေါဟာရများကို **ဝိဇ္ဇမာနေန ဝိဇ္ဇမာန** ပညတ်ဟု ခေါ်သည်၊ ဥပမာ "စက္ခုဝိညာဉ်" (=စက္ခုဝိညာဏ)ဟု ဆိုရာ၌ စက္ခုပသာဒနှင့် ဝိညာဉ်ဟူသော အနက်နှစ်ပါးလုံးပင် ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားများဖြစ်ကြသည်။

(၆) **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။** ။ထင်ရှားမရှိသော အနက်တခုဖြင့် ထင်ရှားမရှိသော အခြားအနက်တခုကိုပင် အထူးပြု၍ ဖော်ပြသော ဝေါဟာရများကို **အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်** ဟု ခေါ်သည်၊ ဥပမာ"မင်းသား"(=ရာဇပုတ္တ) ဟု ဆိုရာ၌ မင်းနှင့် သားဟူသော အနက်နှစ်ခုလုံးသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အရာများသာ ဖြစ်ကြသည်။

ဤကား သဒ္ဒပညတ် ၆-မျိုးဖြစ်သည်။

ဤမှတပါး ပုဂ္ဂလပညတ် ခန္ဓပညတ် စသည်ဖြင့်၎င်း ဥပါဒါပညတ် ဥပနိဓာပညတ် စသည်ဖြင့်၎င်း ပညတ်အမျိုးမျိုး ခွဲပုံများကို ပုဂ္ဂလပညတ် ပါဠိတော်နှင့် ၎င်းအဋ္ဌကထာတို့၌ ကျယ်ဝန်းစွာ ပြဆိုထားလေသည်၊ အကျယ်ကိုလိုသူများသည် ၎င်းကျမ်းများကို ကြည့်ရှုကြပါလေ။

**ပရမတ္ထသဒ္ဒနှင့် ပညတ္တိသဒ္ဒ။** ။ပညတ်နှစ်မျိုးတို့တွင် သဒ္ဒပညတ် (ဝါ) နာမပညတ်ဟူသည် "လူ နတ်"အစရှိသော စကားသံကို ခေါ်ကြောင်း ရှေး၌ပြဆိုခဲ့ပြီးဖြစ်သည်၊ ထိုသို့ပြဆိုခြင်းမှာ အလွယ်တကူ မှတ်သားနိုင်ရန် အကြမ်းသဘောအားဖြင့် ပြဆိုခြင်းသာဖြစ်သည်၊ အမှန်အားဖြင့်မူကား အသံ (သဒ္ဒ)စစ်စစ်သည် ပရမတ္ထဖြစ်သော ရုပ်တရားတခုဖြစ်၍ ၎င်းကို တိုက်ရိုက်အားဖြင့် သဒ္ဒပညတ်ဟု မခေါ်နိုင်ချေ၊ ထို့ပြင် အသံတို့သည် ထွက်ပေါ်လာတိုင်း အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်သည် မဟုတ်ချေ၊ အက္ခရာ, ပုဒ်(စကားလုံး), ဝါကျများအဖြစ်သို့ ရောက်ရှိမှသာ အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်သည်၊ ပရမတ္ထဖြစ်သော သဒ္ဒရုပ်တို့သည်ကား စိတ္တက္ခဏ ၁၇-ချက် ပြည့်၍ ရုပ်သက်စေ့တိုင်း ချုပ်ပျောက်သွားကြသဖြင့် အက္ခရာ, ပုဒ်, ဝါကျများအဖြစ်သို့ မရောက်နိုင်ပေ၊ ထို့ကြောင့် အနက်အဓိပ္ပါယ် (အတ္ထ)ကို ဖော်ပြနိုင်သော သဒ္ဒပညတ်ဟူသည် ပရမတ္ထတရားဖြစ်သော သဒ္ဒရုပ် စစ်စစ်မဟုတ်ချေ၊ ထိုသဒ္ဒရုပ်ကလာပ်တို့၏ ဖြစ်စဉ် အဆက်ဆက် (သန္တတိ)ကို အမှီပြု၍ အက္ခရာ, ပုဒ်,ဝါကျများအဖြစ်သို့ ရောက်ရှိလာသော ပညတ္တိသဒ္ဒါတမျိုးကိုသာ သဒ္ဒပညတ်ဟု ခေါ်ခြင်းဖြစ်သည်၊ တနည်းအားဖြင့် ပြောရပါမူ သဒ္ဒပညတ်သည် ပရမတ္ထသဒ္ဒ၏ အတုအယောင်မျှသာ ဖြစ်သည်ဟု ဆိုလိုပေသည်။

ဥပမာအားဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းရာ၌ ပထဝီကသိုဏ်းဝန်း အစရှိသော ကသိုဏ်းနိမိတ်များကိုစွဲ၍ ၎င်းတို့၏ အတုအယောင်ဖြစ်သော ပဋိဘာဂနိမိတ်ခေါ် အာရုံတမျိုးသည် ယောဂီပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ ထင်လာသကဲ့သို့ ထို့အတူ အသံတခုခုကို ကြားသောအခါ ထိုကြားအပ်သော ပရမတ္ထသဒ္ဒရုပ်တို့၏ အဆက်ဆက်ကိုစွဲ၍ ၎င်းတို့၏ အတုအယောင်ဖြစ်သော ပညတ္တိသဒ္ဒတမျိုး

သည့် စကားသံကို ကြားရသူ "သုဏန္တပုဂ္ဂိုလ်"တို့၏ စိတ်အစဉ်၌ ထင်လာသည်၊ ထိုပညတ္တိသဒ္ဒသည်သာလျှင် အက္ခရာ, ပုဒ်, ဝါကျအဖြစ်သို့ ရောက်လျက် အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်သည်၊ ထို့ကြောင့် ၎င်းကိုသာလျှင် သဒ္ဒပညတ်ဟူ၍၎င်း နာမပညတ်ဟူ၍၎င်း ခေါ်ဆိုပေသည်။

**သဒ္ဒပညတ်နှင့် လောကသင်္ကေတ။** ။အဆိုပါသဒ္ဒပညတ်သည် အဘယ့်ကြောင့် အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်သနည်း၊ တနည်းဆိုလျှင် သဒ္ဒပညတ်ဖြင့် အနက်အဓိပ္ပါယ်ကို အဘယ့်ကြောင့် နားလည်နိုင်သနည်းဟု မေးဖွယ်ရှိပေသည်။

အဖြေကား——သဒ္ဒပညတ်သည် ရှေးလူကြီးသူမတို့၏ အမှတ်အသား "လောကသင်္ကေတ"ကို အမှီပြု၍ ဖြစ်ပေါ်လာသောကြောင့် အနက်အဓိပ္ပါယ်ကို ဖော်ပြနိုင်ခြင်း ဖြစ်သည်၊ ထိုစကား မှန်၏၊ "ဤအရာကို လူဟုခေါ်သည်၊ ဤအရာကို နွားဟုခေါ်သည်" စသည်ဖြင့် ရှေးလူကြီးများ တီထွင်မှတ်သားထားသည့် လောကသင်္ကေတများ ရှိခြင်းကြောင့်သာလျှင် လူတို့သည် စကားသံများ၏ အနက်အဓိပ္ပါယ်တို့ကို နားလည်ကြခြင်း ဖြစ်သည်၊ ထိုကဲ့သို့သော သင်္ကေတများမရှိခဲ့လျှင် အချင်းချင်း ပြောကြားသည့် စကားကို နားလည်ကြမည် မဟုတ်ချေ၊ ကလေးသူငယ်တို့သည် မိမိတို့ကြားသမျှစကားကို နားမလည်ခြင်းသည်၎င်း လူမျိုးအသီးသီးတို့သည် မိမိတို့မတတ်မြောက်သော ဘာသာခြားစကားကို နားမလည်ခြင်းသည်၎င်း အဆိုပါ သင်္ကေတတို့ကို သိရှိမထားခြင်းကြောင့်ပင် ဖြစ်ပေသည်၊ အချုပ်အားဖြင့်မူ လောကသင်္ကေတနှင့် ကင်း၍ သဒ္ဒပညတ်သည် အနက်အဓိပ္ပါယ်ကို မဖော်ပြနိုင်ဟု ဆိုလိုပေသည်။

**နာမပညတ်ကိုသိပုံ။** ။ယခုအခါ တစုံတခုသော စကားသံကို ကြားသော ပုဂ္ဂိုလ်သည် ထိုအသံနှင့်ဆက်စပ်၍ သိအပ်သော ဝေါဟာရ(နာမပညတ်)နှင့် အနက်အဓိပ္ပါယ်(အတ္ထ)တို့ကို မည်သို့သိရှိနားလည်သနည်း၊ ကြားပြီးနောက် မည်မျှကြာမှ သိရှိနားလည်သနည်းဟူသော အချက်ကို ဆက်လက်၍ ရှင်းလင်းဖော်ပြရန် လိုပေသည်။

**သဒ္ဒပညတ်ကိုသိနားလည်စေသည့် အခြေခံဝီထိလေးမျိုး။** ။ "နွား" ဟူသော စကားအသံကို တစုံတယောက်က ပြောဆိုလိုက်သောအခါ နားထောင်သူ "သုဏန္တပုဂ္ဂိုလ်"၏ သန္တာန်၌ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိ ဖြစ်ပေါ်

လာသည်၊ ထို့နောက် ရုပ်သက်စေ့သဖြင့် ချုပ်ပျောက်သွားသော ထိုအတိတ်သဒ္ဒါရုံကိုပင် အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိတခု ဖြစ်ပေါ်လာပြန်သည်၊ ထို့နောက်မှ နွားဟူသော အမည်နာမ ဝေါဟာရကို သိသော နာမဂ္ဂဟဏဝီထိနှင့် ထိုဝေါဟာရ၏ အနက်ဖြစ်သည့် နွား ဒြပ်ကိုသိသော အတ္ထဂ္ဂဟဏဝီထိတို့သည် အသီးအသီးဖြစ်ပေါ်လာကြသည်။

**သောတဒွါရဝီထိနှင့်တဒနုဝတ္တကဝီထိ။** ။ဤလေးဝီထိတို့တွင် သောတဒွါရဝီထိနှင့် တဒနုဝတ္တက မနောဒွါရဝီထိစိတ်တို့သည် ပရမတ္ထစစ်စစ်ဖြစ်သောသဒ္ဒါရုံကို အာရုံပြုကြသည်၊ ပရမတ္ထသဒ္ဒမည်သည် အက္ခရာ,ပုဒ်, ဝါကျများအဖြစ်သို့ မရောက်ဘဲ ရုပ်သက်စေ့လျှင် ချုပ်ပျောက်သွားကြသည်၊ သို့ဖြစ်၍ ယင်းနှစ်ဝီထိဖြင့် အမည်ဝေါဟာရကိုငင်း အနက်အဓိပ္ပါယ်ကိုငင်း နားမလည်သေးချေ၊ အသံကို ကြားရုံမျှသာ ရှိသေးသည်၊ ထို့ပြင် အက္ခရာအသံတခုသည် အနည်းဆုံး ရဿဖြစ်လျှင် လက်ဖျစ်တတွက်မျှငင်း ဒီဃဖြစ်လျှင် လက်ဖျစ်နှစ်တွက်မျှငင်း ရှည်ကြာ၏၊ ထိုအသံတခုဖြစ်ပေါ်ရာ၌လည်း သဒ္ဒရုပ်ကလာပ် အဆက်ဆက်ပေါင်း မြောက်မြားစွာ ပါဝင်လျက် ရှိသည်၊ ရုပ်ကလာပ်တခု နှစ်ခုမျှဖြင့် အသံမပေါ်လာနိုင်ချေ၊ စိတ်တို့သည်ကား ရုပ်ထက်ပင် သက်တမ်းတိုကြသဖြင့် လက်ဖျစ်တတွက် ကာလအတွင်း၌ပင် ကုဋေတသိန်းမက ဖြစ်ပျက်ကြသည်ဟု ဆိုလေသည်၊ ဆိုခဲ့ပြီးသော အကြောင်းများကို ထောက်၍ နွားဟူ၍ ရွတ်ဆိုလိုက်သောအခါ သာမန်အသံကို ကြားရုံမျှအတွက်ပင်လျှင် သောတဒွါရဝီထိနှင့်တဒနုဝတ္တက မနောဒွါရဝီထိပေါင်း မြောက်မြားစွာ ဆက်၍ဖြစ်ပေါ်ရမည်ကို သိအပ်ပေသည်။

**နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိ။** ။ဤသို့ သာမန်အသံကို ကြားရုံမျှဖြစ်သော ဝီထိစိတ်များဖြစ်ပေါ်ပြီးနောက်၌ ထိုအသံကို အစဉ်လျှောက်၍ "နွား"ဟူသော ဝေါဟာရ(နာမပညတ်)ကိုသိသော နာမဂ္ဂဟဏဝီထိ ဖြစ်ပေါ်လေသည်၊ ထိုနာမဂ္ဂဟဏဝီထိ၌ ပါဝင်သော စိတ်တို့ကား ပရမတ္ထဖြစ်သော သဒ္ဒါရုံစင်စစ်ကို အာရုံမပြုချေ၊ အဆိုပါ သဒ္ဒါရုံ၏ အတုအယောင်ဖြစ်သော နာမပညတ်ကိုသာ အာရုံပြုကြသည်၊ ထိုနာမပညတ်ဖြင့် ဖော်ပြအပ်သော လူကောင်ဒြပ်ကိုမူ စတုတ္ထမြောက်ဖြစ်သည့် အတ္ထဂ္ဂဟဏဝီထိဖြင့် သိရှိနားလည်သည်၊ ၎င်းဝီထိဖြစ်ပေါ်သည့် အခါကျမှသာလျှင် နွားဟူသောစကား၏ အနက်အဓိပ္ပါယ်သည် နားထောင်သူ၏စိတ်၌ ထင်ရှားကွဲပြား၍လာသည်ဟု ဆိုလိုပေသည်၊ ဆိုခဲ့ပြီးသော ဝီထိတို့သည်လည်း တဝီထိနှင့် တဝီထိ တဆက်တည်း ဖြစ်ပေါ်ကြသည်မဟုတ်၊ ကြား၌ ဘဝင်အနည်းငယ်စီ ခြား၍ဖြစ်ပေါ်ကြသည်။

**အက္ခရာသံတခုသာပါသည့် အမည်များ** ဆင်, မြင်း, လူ အစရှိသော အက္ခရာ **အတွက် ဝိထိ ၄-မျိုး။** ။ အသံတခုသာပါသည့် စကားသံဟူသမျှကို ကြားရာ၌ ဆိုခဲ့ပြီးသော နည်းအတိုင်း ဝိထိကျပုံကို သိရာ၏။

**အက္ခရာသံ ၂-ခု ၃-ခု စသည်ပါသော အမည်များ။** ။'ယောကျ်ား' ဟူသော အက္ခရာအသံ နှစ်ခုပါသည့် စကားသံကို ကြားသောအခါ "ယောက်"ဟူသော အသံကို အာရုံပြု၍သောတဒွါရဝိထိ တဒနုဝတ္တကမနောဒွါရဝိထိများ ဖြစ်ပေါ်သည်၊ ထို့အတူ "ကျား"ဟူသော အသံကို အာရုံပြု၍လည်း ၎င်းဝိထိနှစ်မျိုး ဖြစ်ပေါ်သည်၊ ထို့နောက် အဆိုပါ အက္ခရာနှစ်လုံးကို ပေါင်း၍သိသော **သမုဒါယဂ္ဂဟဏဝိထိ** ဖြစ်ပေါ်သည်၊ ထို့နောက်မှ နာမဂ္ဂဟဏဝိထိနှင့် အတ္ထဂ္ဂဟဏဝိထိများ အသီးအသီးဖြစ်ပေါ်ကြသည်၊အက္ခရာအသံ သုံးလုံးစသည်ပါသော စကားသံများကို ကြားရာ၌လည်း အစိတ်အစိတ်ကို အာရုံပြုသောဝိထိများ တိုး၍ တိုး၍ဖြစ်ပေါ်ပုံနှင့် အပေါင်းကို အာရုံပြုသော ဝိထိဖြစ်ပေါ်ပုံကို မှတ်သားကြရာသည်။

> သဒ္ဒံ ပဌမစိတ္တေန[၁]၊ တီတံ ဒုတိယစေတသာ။
>
> နာမံ ဏတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ။
>
> (မဏိသာရမဉ္ဇူသာ၊ ဒု၊ ၄၅၂)

အနက်ကား။ ။သဒ္ဒံ၊ ပစ္စုပ္ပန်သဒ္ဒါရုံကို။ ပဌမစိတ္တေန၊ရှေးဦးစွာ ဖြစ်ပေါ်သော သောတဒွါရိကဝိထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ တီတံ၊အတိတ်ဖြစ်သော သဒ္ဒါရုံကို။ ဒုတိယစေတသာ၊ ဒုတိယမြောက်ဖြစ်သော မနောဒွါရိကဝိထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ နာမံ၊ နာမပညတ် (ဝေါဟာရ)ကို။ တတိယစိတ္တေန၊ တတိယမြောက် မနောဒွါရိကဝိထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။ အတ္ထံ၊ အနက်အဓိပ္ပါယ်ကို။ စတုတ္ထစေတသာ၊ စတုတ္ထမြောက် မနောဒွါရိကဝိထိစိတ်ဖြင့်။ ဇာနာတိ၊ သိ၏။

**သင်္ကေတဂ္ဂဟဏစသော ဝိထိများ။** ။အထက်တွင် ဖော်ပြခဲ့သော ဝိထိအစဉ်သည် သာရတ္ထဒီပနီဋီကာ အဘိဓမ္မာဝတာရအဋ္ဌကထာအစရှိသော ကျမ်းများနှင့်အညီ ပြဆိုခြင်းဖြစ်သည်၊ မဏိ-

---

[၁]။ ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ်သော မဏိသာရမဉ္ဇူသာဋီကာ ဒု ၄၇၂-၌ သဒ္ဒံ ပဌမသောတေန-ဟု ပါရှိသည်။

မဋ္ဌူဋီကာဆရာ ရှင်အရိယဝံသအစရှိသော နောက်ခေတ်ပုဂ္ဂိုလ်တို့သည်ကား နာမဂ္ဂဟဏဝီထိနှင့် အတ္ထဂ္ဂဟဏဝီထိတို့၏ အကြား၌—

(၁) ဤသဒ္ဒါသည် ဤအနက်ကို ဟော၏ဟု ရှေးက မှတ်သားခဲ့သည့် အမှတ်သင်္ကေတကို အာရုံပြုသော သင်္ကေတဂ္ဂဟဏဝီထိ။

(၂) ထိုသင်္ကေတနှင့် ယခုသဒ္ဒကို ဆက်သွယ်၍ယူသော သမ္ဗန္ဓဂ္ဂဟဏဝီထိ။

(၃) ယခုကြားသော သဒ္ဒသည် မိမိမှတ်သားခဲ့ဘူးသော အနက်ကိုပင် ဟောကြောင်း ဆုံးဖြတ်ချက်ချပေးသော ဝိနိစ္ဆယဝီထိများလည်း ဖြစ်သင့်သေးကြောင်း ဖြည့်စွက်၍ မိန့်ဆိုကြသည်။

**ဘာသာပြန်ဝီထိ။** ။ထို့ပြင် ဘာသာခြား စကားသံများကို ကြားရာ၌ ဘာသာခြားဝေါဟာရကို သိသော နာမဂ္ဂဟဏဝီထိဖြစ်ပြီးနောက် မိမိ၏ ဘာသာရင်း ဝေါဟာရသို့ ကူးပြောင်း၍ယူသော (ဘာသာပြန်) နာမဂ္ဂ-ဟဏဝီထိတမျိုးလည်း ဖြစ်ဖွယ်ရှိပေသည်၊ ဝေါဟာရကိုသာ သိ၍ အနက်အဓိပ္ပါယ် နားမလည်သော စကားသံများကို ကြားရာ၌မူ အတ္ထဂ္ဂဟဏဝီထိ ဆက်၍မဖြစ်ဘဲ နာမဂ္ဂဟဏဝီထိဖြင့်သာ အဆုံးသတ်ပေလိမ့်မည်၊ တခါတရံ စကားသံကို ကြားသော်လည်း ဝေါဟာရစကားလုံးကိုပင် ဖမ်းယူမှတ်သား၍ မရသောအခါများ၌ကား နာမဂ္ဂဟဏဝီထိပင် ဖြစ်မည်မဟုတ်တော့ပေ။

**ဝဒန္တပုဂ္ဂိုလ်၌ ဝီထိဖြစ်ပုံ။** ။ဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် အသံတခုကို ကြားသောအခါ ကြားသူ 'သုဏန္တပုဂ္ဂိုလ်'သည် ရှေးဦးစွာ သဒ္ဒပညတ်ဟု ဆိုအပ်သော ဝေါဟာရကို သိပြီးမှသာလျှင် အနက်အဓိပ္ပါယ် (အတ္ထ)ကို နားလည်ကြောင်း ထင်ရှားလေပြီ၊ ထိုစကားသံများကို ပြောသူ 'ဝဒန္တပုဂ္ဂိုလ်'များအတွက်ကား ရှေးဦးစွာ မိမိပြောလိုသော အနက်အဓိပ္ပါယ်များ စိတ်ထဲ၌ ပေါ်လာပြီးမှသာလျှင် ထိုအနက်အဓိပ္ပါယ်နှင့် ဆိုင်သော ဝေါဟာရစကားလုံးများကို စဉ်းစားကြံဆရသည်၊ သို့ဖြစ်၍ ဝဒန္တပုဂ္ဂိုလ်၌ အတ္ထဂ္ဂဟဏဝီထိဖြစ်ပြီးမှ နာမဂ္ဂဟဏဝီထိ ဖြစ်ပေါ်ကြောင်း မှတ်သားအပ်ပေသည်၊ ထို့ကြောင့် လယ်တီဆရာတော်က––

(၆၀၁) "အတ္ထံ နာမံ၊ ဂဟဏံ၊ ဝဒန် စဉ်တိုင်းသိ၊

(၆၀၂) နာမံ အတ္ထံ၊ ဂဟဏံ၊ သုဏန် စဉ်တုင်းသိ"

ဟု ပရမတ္ထသံခိပ်၌ စပ်ဆိုတော်မူခဲ့သည်။

အက္ခရာစာလုံးကို ဖတ်ရှု၍ အနက်အဓိပ္ပါယ်ကို နားလည်ရာ၌ ရှေးဦးစွာ စက္ခုဒွါရဝီထိဖြစ်သည်၊ နောက်လိုက်ဝီထိများကိုကား အသံကို ကြားရာ၌ ပြခဲ့သောနည်းကို မှီး၍ အက္ခရာအနည်းအများအလိုက် ရသင့်သလို ယူရာသည်။

(ဤနာမပညတ်ကို သိရာ၌ ဝီထိကျပုံမှာ ကျယ်ဝန်းနက်နဲလှသည့်ပြင် အယူအဆလည်း အမျိုးမျိုး ကွဲပြားကြသည်၊ ထို့ကြောင့် ဝီထိပိုင်းနှင့် ညှိ၍သဘောပေါက်အောင် ကြိုးစားအပ်လှသည်)။

ပစ္စည်းပိုင်း ဋီကာ ပြီး၏။

**အမှာ**။ ။လယ်တီပဏ္ဍိတ ( ဆရာ ဦးမောင်ကြီး ) သည် ပစ္စည်းပိုင်းတွင် ဝိပါက ပစ္စည်းအထိ ၁၄-ပစ္စည်းမျှသာရေးသားခဲ့သည်။ ထို့ကြောင့် အဘိဓမ္မာ သုတေသီတို့ အကျိုးငှါ ကျန်အာဟာရပစ္စည်းမှ အဝိဂတပစ္စည်း အထိ ၁၀-ပစ္စည်း စသည်တို့ကို ဗုဒ္ဓသာသနာအဖွဲ့မှ လယ်တီဆရာတော် ဘုရားကြီး၏ ပရမတ္ထဒီပနီ စသည်တို့ကိုမှီး၍ ဖြည့်စွက် ရေးသားကာ ထည့်သွင်းပုံနှိပ်လိုက်ခြင်းဖြစ်ပါသည်။

## ပရမတ္ထသံခိပ်ဋီကာ ဒုတိယအုပ်

# မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အံ့ဖွယ်ဖြစ်သောကြောင့် မဟာဘုတ်မည်ပုံ ၁၇၂
အကတ (ဝိဂြိုဟ်) (နိဗ္ဗာန်အရာတွင်) ၂၇၄
အကနိဋ္ဌ (ဝိဂြိုဟ်) ၄၈
အကာလိကဂုဏ်တော် (အဓိပ္ပါယ်) ၅၀၄
အကိရိယသမုဋ္ဌာန်ကုသိုလ်မည်ပုံ ၁၂၃
အကုသလကမ္မပထအရာတွင် သုရာပါနကံကို မဆိုရခြင်းအကြောင်း ၁၀၆
အကုသလကမ္မပထ ၁၀-ပါးလုံး၏ မူလ ရေသောက်မြစ်ကြီး ၁၂၁
အကုသလကမ္မပထ (ခေါ်ပုံ) ၁၀၁
အကုသလကမ္မပထ (တရားကိုယ်) ၁၂၁
အကုသလစျာနင်နှင့် ပကိဏ္ဏကစျာနင် ၂၉၅
အကုသလမဂ္ဂင်နှင့်ပကိဏ္ဏကမဂ္ဂင် ၂၉၆
အကုသလသင်္ဂဟ ၂၇၇
အကုသလသင်္ဂဟ (တရားကိုယ်စစ်ပုံအချုပ်) ၂၉၃
အကုသလသင်္ဂဟ (ဝိဂြိုဟ်) ၂၉၄
အကုသိုလ်ကံချင်းချင်းလည်း သတ်ဖြတ်သေးပုံ ၈၈
အကုသိုလ်က ကုသိုလ်စသည်အား ကျေးဇူးပြုပုံ ၄၈၂
အကုသိုလ်ကမ္မဘဝများပြုရပုံ ၃၈၂
အကုသိုလ်ဂရုကံ ၆-ပါး (သရုပ်နှင့်အဓိပ္ပါယ်) ၈၉
အကုသိုလ်စေတနာ ၁၁-ပါးတို့၏ ပဋိသန္ဓေအကျိုးပေးပုံ ၁၃၄
အကုသိုလ်စေတနာ ၁၂-ပါးတို့၏ •ပဝတ္တိအကျိုးပေးပုံ ၁၃၅

အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကုသိုလ်စေတနာများ (ကျေးဇူးပြုပုံဝေဘန်ချက်) ၅၀၃
အကုသိုလ်သက်သက် ဗိုလ် ၂-ပါး ၃၀၂
အကုသိုလ်ဟိတ်နှင့် ကုသိုလ်ဟိတ် ၄၂၇
အက္ခရာစာလုံးကို ဖတ်ရှုရာ၌ ဝီထိဖြစ်ပုံ ၅၇၉
အက္ခရာသံတခုသာပါသည့် အမည်များ (ဝီထိ ၄-မျိုး) ၅၇၇
အက္ခရာသံ ၂-ခုစသည်ပါသည့် အမည်များ (ဝီထိဖြစ်ပုံ) ၅၇၇
အကြီးအကျယ် ဖောက်ပြန်တတ်သောကြောင့် မဟာဘုတ်မည်ပုံ ၁၇၂
အကြီးအကျယ် မှားယွင်းထင်မြင်စေတတ်သောကြောင့် မဟာဘုတ်မည်ပုံ ၁၇၁
အကြောင်း၄-ပါးတို့ကြောင့်ဖြစ်သော စတုဇရုပ် ၄-ခု ၂၃၆
အကြောင်း ၄-ပါးတို့ကြောင့်မဖြစ်သော လက္ခဏာရုပ် ၄-ခု ၂၃၇
အခုအခံမရှိသောအဇ္ဈာခွင် ၂
အခြင်းအရာ၂၀ (ပဋိစ္စသမုပ္ပါဒ်) ၄၀၃
အဂမနီယဝတ္ထု ၂၀ (သရုပ်) ၁၀၄
အဂမနီယဝတ္ထုကို ဂမနီယဝတ္ထုကြင်၍ သွားလာသူအား ကံထိုက်ပုံ ၁၀၆
အဂ္ဂိနာဘသဃရာ ဟေဋ္ဌာ (မီး,ရေ,လေ ဖျက်ပုံ) ၇၄
အဂ္ဂိမုခမည်သောမြေဥပမာ (တေဇောဓာတ်) ၁၇၃
အင်္ဂါ ၁၂ပါး (ပဋိစ္စသမုပ္ပါဒ်) ၃၉၉
အစလသုခမည်ပုံ (နိဗ္ဗာန်) ၂၇၂

အက္ခရာစဉ် — စာမျက်နှာ

[ အ ]


အစပ် ၃-ပါး (ပဋိစ္စသမုပ္ပါဒ်) ၄၀၄
အဇ္ဈာခွင် ၂
အဇာတ (ဝိဂြိုဟ်) ၂၇၄
အဇာတနိရောဓ (အဓိပ္ပါယ်) ၂၇၆
အဇာတိဓမ္မ အနုပ္ပါဒဓမ္မ (နိဗ္ဗာန်) ၂၆၄
အဇ္ဈတ္တ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) ၂၁၁
အဇ္ဈတ္တသြဇာကသာ ရုပ်ကိုဖြစ်စေသည်
ဟူသောဝါဒ ၂၃၁
အဇ္ဈတ္တသြဇာနှင့်ဗဟိဒ္ဓသြဇာ ၅၁၁
အကုသိုလ်မူလ ၃-ပါးနှင့်ကမ္ဘာပျက်မှု ၆၇
အဇ္ဈတ္တသြဇာသည် ရုပ်ကိုဖြစ်စေပုံ ၅၁၃
အဇ္ဈတ္တဇ္ဈတ္တခေါ်ပုံ ၂၁၁
အဇ္ဈတ္တတရားများ
သတ္တဝါ၌ အရေးကြီးပုံ ၂၁၂
အဇ္ဈတ္တ၌ ရနိုင်သည့်ကလာပ်ပေါင်း ၂၄၄
အဇ္ဈတ္တ ဗဟိဒ္ဓ ၂-ပါးလုံးနှင့်ဆိုင်သော
ပစ္စည်း ၁၀-ပါး ၅၆၇
အဇ္ဈတ္တနှင့်သာဆိုင်သော
ပစ္စည်း ၁၄-ပါး ၅၆၀
အဇ္ဈတ္တိက (ဝိဂြိုဟ်) ၂၁၁
အဇ္ဈတ္တိကနှင့်ဗာဟိရမည်ပုံ ၃၃၃
အဇ္ဈတ္တိကရုပ်နှင့်ဗာဟိရရုပ်
(အဓိပ္ပါယ်) ၂၁၁
အဇ္ဈတ္တိကာယတန
(ရှာဆိုးကြီးနှင့်တူပုံ) ၃၃၃-၄
အဇ္ဈတ္တိကာယတန၌
အာယတန၏အနက် ၃၃၂
အဇ္ဈတ္တိကာယတန ၆-ပါး (အရုပ်) ၃၃၁
အည (ဝိဂြိုဟ်) ၂၉၉
အညမညပစ္စည်း (ကျေးဇူးပြုပုံ) ၅၅၇
အညမည (ပစ္စည်း, ပစ္စယုပ္ပန်, ပစ္စနိက်) ၄၆၃
အညမည၏အချက်ကြီး ၃-ပါး ၄၆၄
အညမညစသော ပစ္စည်း ၃-ပါးအထူး ၅၃၁
အညမညဆိုလျှင်သဟဇာတ
ပါဝင်နိုင်ကြောင်း ၄၆၅
အညမညနှင့်သဟဇာတ (အထူး) ၄၆၄
အညမညနှင့်သမ္ပယုတ္တ (အထူး) ၅၃၁
အညမညပစ္စည်း (သန္တာန်, ဘုံ, ပုဂ္ဂိုလ်
အားဖြင့် ဝေဘန်ပုံ) ၄၆၅
အညမညပစ္စနိက်များ ၄၆၄
အညမညပစ္စယ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) ၄၆၄
အညာတ (ဝိဂြိုဟ်) ၂၉၀
အညာတာဝိန္ဒြိယ
(ဝိဂြိုဟ်နှင့်တရားကိုယ်) ၂၉၉
အညာတာဝီ (ဝိဂြိုဟ်) ၂၉၉
အညိန္ဒြိယ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) ၂၉၉
အဏုမြူ၏သဘော ၂၅၁
အဏ္ဏဇ (ဝိဂြိုဟ်) ၂၄၇
အဏ္ဏဇ ကို ဂဗ္ဘသေယျ-ဟုလည်း
ခေါ်ဆိုအပ်ပုံ ၂၄၇
အတပ္ပါ (ဝိဂြိုဟ်) ၄၇
အတ္တဝါဒုပါဒါန (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) ၂၀၂
အတ္တဝါဒုပါဒါန် (ခေါ်ပုံ) ၂၀၅
အတ္တဝါဒုပါဒါန်နှင့်သက္ကာယဒိဋ္ဌိ ၃၇၉
အတ္ထပညတ် (အဓိပ္ပါယ်) ၅၆၉
အတ္ထိ ၃-မျိုး (အဓိပ္ပါယ်) ၅၃၉
အတ္ထိနှင့်အဝိဂတ (အထူး) ၅၄၀
အတ္ထိပစ္စည်း၏ သတ္တိ ၂-မျိုး ၅၄၀
အတ္ထိပစ္စည်း
(မြေကြီး, မြင်းမိုရ်တောင်ဥပမာ) ၅၄၀
အတ္ထိပစ္စည်း ၅-မျိုး ၅၆၁
အတ္ထိပစ္စည်း ၆-မျိုး ၅၄၀
အတ္ထိပစ္စည်း (ပုဂ္ဂိုလ်, ဘုံ,
ကာလအားဖြင့် ဝေဘန်ပုံ) ၅၄၄
အတ္ထိပစ္စည်း၌ အကျုံးဝင်သော
ပစ္စည်း ၁၇-ပါး ၅၆၁
အတ္ထိပစ္စည်း၌
ပစ္စည်းအားလုံးပါဝင်ကြပုံ ၅၆၅
အတ္ထိပစ္စည်းမည်ပုံ ၅၃၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အတိတ်အကြောင်း ၅-ပါး (ပဋ္ဌိစ္စသမုပ္ပါဒ်) | ၄၀၃ |
| အတိတ်အကြောင်းနှင့် အနာဂတ်အကျိုး | ၄၀၂ |
| အတိတ်အကြောင်းကို ဟောခြင်းအကြောင်း | ၄၀၁ |
| အတိတ်ကမ္မနိမိတ် | ၁၆၀ |
| အတိတ်ပစ္စည်း ၅-ပါး | ၅၆၆ |
| အဒိန္နာဒါန (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၁၀၃ |
| အဒိန္နာဒါန်အင်္ဂါ ၅-ပါး | ၁၀၃ |
| အဒွါရရုပ် ၂၁-ပါး | ၂၁၃ |
| အဓိပတိ (ဝိဂြိုဟ်) | ၃၀၃ |
| အဓိပတိ ၄-ပါး (သရုပ်,အဓိပ္ပါယ်) | ၃၀၂ |
| အဓိပတိ၏သဘော | ၃၀၀ |
| အဓိပတိတပ်သောတရား၏ ဆောင်ရွက်ချက် | ၄၄၆ |
| အဓိပတိကိစ္စ ရ-မရ စိတ်များ | ၃၀၀ |
| အဓိပတိတရားကိုယ် ၁-ပါးသာစိုးမိုးပုံ | ၄၄၅ |
| အဓိပတိတရားကိုယ် ၄-ပါး | ၃၀၄၊၄၅၁၊၅၅၆ |
| အဓိပတိတရားများ (သကလဏ္ဍာဃရမည်ပုံ) | ၃၀၂ |
| အဓိပတိနှင့်ဣန္ဒြိယ (အထူး) | ၃၀၂၊၅၁၆ |
| အဓိပတိပစ္စည်း ၂-မျိုး | ၅၅၆ |
| အဓိပတိပစ္စည်း (ပစ္စည်းသုံးပါး၌ပါဝင်ပုံ) | ၅၆၂ |
| အဓိပတိ (တွင်ပစ္စနိက်၌ သွင်းရသော တရားများအကြောင်း) | ၄၄၀ |
| အဓိပတိသည်စကြာဝတေးမင်းနှင့်တူပုံ | ၃၀၃ |
| အဝေဘာဂိယသံယောဇဉ်မည်ပုံ | ၂၉၂ |
| အဝန္နံ ၃-ပါး (ပဋ္ဌိစ္စသမုပ္ပါဒ်) | ၄၀၄ |
| အနညာတ (ဝိဂြိုဟ်နှင့်အရ) | ၂၉၀ |
| အနညာတညဿာမိ (ဝိဂြိုဟ်) | ၂၉၀ |
| အနညာတညဿာမိတိန္ဒြိယံ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၂၉၉ |
| အနညာတညဿာမိတိန္ဒြိယံ (ပုဒ်ခွဲပုံ) | ၂၉၀ |
| **[ အ ]** | |
| အနန္တရ စသော ပစ္စည်း ၄-ပါး (ကျေးဇူးပြုပုံ) | ၅၅၂ |
| အနန္တရပစ္စယ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၄၅၃ |
| အနန္တရနှင့်သမနန္တရ (သတ္တိအထူး) | ၄၅၃ |
| အနန္တရနှင့်နတ္ထိပစ္စည်း (တူကြပုံ) | ၅၄၅ |
| အနန္တရပစ္စည်း (ကိုဘုံစသည်ဖြင့်ဝေဘန်ပုံ) | ၄၅၇ |
| အနန္တရပစ္စည်း (ကာလခြားမှု စိစစ်ချက်) | ၄၅၄ |
| အနန္တရပစ္စည်းဟပ်ပုံ | ၄၅၅ |
| အနန္တရ (ပစ္စည်း,ပစ္စယုပ္ပန်,ပစ္စနိက်) | ၄၅၂ |
| အနန္တရပစ္စနိက်၌ စတုဇရုပ်များပါဝင်ပုံ | ၄၅၇ |
| အနန္တရူပနိဿယပစ္စည်း (အဓိပ္ပါယ်) | ၄၈၀ |
| အနန္တရူပနိဿယပစ္စည်း (ကျေးဇူးပြုပုံ) | ၅၅၅ |
| အနာဂတ်အကျိုး၅-ပါး (ပဋိစ္စသမုပ္ပါဒ်) | ၄၀၃ |
| အနာဂတ်အကျိုးကို ဟောရခြင်းအကြောင်း | ၄၀၁ |
| အနာဂတကာလိကပစ္စည်း (မရှိပုံ) | ၅၆၆ |
| အနာဂါမ် (ဈာန်မရဘဲ စုတိခြင်းမရှိပုံ) | ၁၄၀ |
| အနာရမ္မဏမည်ပုံ (ရုပ်တရား) | ၂၂၁ |
| အနိစ္စတာ (ဝိဂြိုဟ်) | ၂၀၉ |
| အနိစ္စတာ၏အနက် ၄-ပါး | ၂၀၉ |
| အနိစ္စသီလ (အဓိပ္ပါယ်) | ၁၂၀ |
| အနိစ္စသီလ,နိစ္စသီလ (ကွဲခြားပုံ) | ၁၂၇ |
| အနိန္ဒြိယရုပ် ၂၀ | ၂၁၃ |
| အနိပ္ဖန္န (ဝိဂြိုဟ် ၂-မျိုး) | ၂၁၀ |
| အနိပ္ဖန္နရုပ် ၁၀-ပါး (ဆောင်ပုဒ်) | ၁၉၄ |
| အနိပ္ဖန္နရုပ် (ယင်ရှား ရှိ-မရှိ) | ၂၁၀ |
| အနိပ္ဖန္နရုပ် ၆-ပါး (လူးခြားပုံ) | ၂၃၆ |
| အနိမိတ္တ (ဝိဂြိုဟ်) | ၂၇၀ |
| အနိမိတ္တနိဗ္ဗာန် (အဓိပ္ပါယ်) | ၂၆၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အနုဒ္ဒိဿိကပတ္တိ (အဓိပ္ပါယ်) | ၁၃၂ |
| အနုပါဒိန္နရုပ်မည်ပုံ | ၂၁၅ |
| အနုပါဒိသေသနိဗ္ဗာနဓာတု (ဝိဂြိုဟ်) | ၂၆၇ |
| အနုပါဒိသေသနိဗ္ဗာန်မည်ပုံ | ၂၆၆ |
| အနုပ္ပန္နာနံ အကုသလာနံ အနုပ္ပါဒါယ (အဓိပ္ပါယ်) | ၃၁၂ |
| အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ (အဓိပ္ပါယ်) | ၃၁၂-၃ |
| အနုလောမနည်း (ပဋိစ္စသမုပ္ပါဒ်) | ၄၁၄ |
| အနုသယ (ဝိဂြိုဟ်နှင့်သရုပ်) | ၂၀၇ |
| အနုသယအခိုက် (ကိလေသာဖြစ်ပုံ) | ၂၀၀ |
| အနုသယကိလေသာ (မဂ်ဖြင့်သာ ပယ်သတ်နိုင်ပုံ) | ၂၀၀ |
| အနုသယ (ပရမတ္ထတရားဖြစ်ပုံ) | ၂၀၀ |
| အနုသယဓာတ်များအားရှိပုံ | ၂၀၉ |
| အနောတ္တပ္ပဗိုလ် (မြဲမြံခိုင်ခံ့ပုံ) | ၃၀၂ |
| အန္တရကပ်ခေါ်ပုံ | ၆၆ |
| အဏဏပရိဘောဂ (မည်ပုံ) | ၂၁၂ |
| အပစာယန (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၁၃၀ |
| အပရဂေါယာနကျွန်း (မည်ပုံနှင့်သစ်ပင်မှန်) | ၇ |
| အပရဂေါယာနကျွန်း (အသက်တမ်း) | ၅၀ |
| အပရစေတနာ (အဓိပ္ပါယ်) | ၁၂၅ |
| အပရန္တဘဝစက် (လည်ပုံ) | ၄၀၉ |
| အပရပရိယာယ (ဝိဂြိုဟ်) | ၉၄ |
| အပရပရိယာယဝေဒနီယကံ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၉၅ |
| အပရပရိယာယနှင့် အပရာပရိယ (စိစစ်ချက်) | ၉၄ |
| အပရာဇိတပလ္လင်မြေဦးကိုင် (ရှေးဦးစွာပေါ်လာပုံ) | ၇၂ |
| အပါယဘူမိ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၃၁ |
| အပါယ် ၄-ဘုံကို ပြဆိုခြင်း | ၂၇ |
| အပါယ် ၄-ဘုံ၌ ကုသလဝိပါက်ဖြစ်ပုံ | ၁၃၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အပါယ် ၄-ဘုံသား (နတ်ပြည်၊ ဗြဟ္မာ့ပြည် အဆင့်ဆင့်ရောက်ပုံ) | ၆၀ |
| အပါယ် ၄-ဘုံ (သက်တမ်း) | ၅၉ |
| အပါယ် ၄-ဘုံ၌ သက်တမ်းမမြဲပုံ | ၆၀ |
| အပါယ် ၄-ဘုံသားတို့၏ ပဋိသန္ဓေ | ၅၁ |
| အပါယ်ခင်တို့ ခွဲပြချက် | ၃၁ |
| အပုညာဘိသင်္ခါရ (တရားကိုယ်) | ၃၆၃ |
| အပ္ပဏိဟိတ (ဝိဂြိုဟ်) | ၂၇၁ |
| အပ္ပဏိဟိတနိဗ္ဗာန် (အဓိပ္ပါယ်) | ၂၇၀ |
| အပ္ပနာဇော ၂၆-ခု (ဣရိယာပုထ်ကိုနိုင်စေပုံ) | ၂၂၆ |
| အပ္ပနာဇော (သွားခြင်းဣရိယာပုထ်ကို မခိုင်စေနိုင်ပုံ) | ၂၂၇ |
| အပ္ပမညာဒွေ (အာရမ္မဏပုရေဇာတ ပစ္စယုပ္ပန်၌ မဖြစ်နိုင်ပုံ) | ၄၀၉ |
| အပ္ပမာဏသုဘာ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၄၄ |
| အပ္ပမာဏာဘာ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၄၄ |
| အပ္ပဟာတဗ္ဗမည်ပုံ (ရုပ်တရား) | ၂၂၁ |
| အဗ္ဗုဒ = အမြှုပ် (ဖြစ်ရာကာလနှင့် အဆင်းသဏ္ဌာန်) | ၂၅၁ |
| အဗျာကတ က ကုသိုလ်စသည်အား ကျေးဇူးပြုပုံ | ၄၀၃ |
| အဗျာပါရနည်း (အဓိပ္ပါယ်) | ၄၁၃ |
| အဘိဇ္ဈာ (ဝိဂြိုဟ်နှင့်အဓိပ္ပါယ်) | ၁၁၀ |
| အဘိဇ္ဈာ၏အင်္ဂါ ၂-ပါး | ၁၁၀ |
| အဘိဇ္ဈာကာယဂန္ထ (ဝိဂြိုဟ်) | ၂၀၁ |
| အဘိညာဏ်စေတနာ၏အကျိုး | ၁၄၇ |
